http://www.dhammadownload.com

ဓမ္မဒေါ်တော်

# မဇ္ဈိမပဏ္ဏာသပါဠိတော်မြန်မာပြန်

ကွယ်လွန်သူ မိဘနှစ်ပါး ဖြစ်သော
ဦးအေး+ဒေါ်ခန်းစန်းလွင် - နှင့်
ကွယ်လွန်သူ ညီအကိုဖြစ်သူ
ခေါင်မင်းချမ်းမြေ့ ဆေး - ဆာရည်ရှာ၍
သားကြီး-ကိုဝင်းထွန်းလင်း +
ဓဓေးမြို့သီတာ (ခေတ္တ-ဂျပန်)
သားငယ် ကိုအောင်မြင့်စုံအေး (ခေတ္တ-စင်ကာပူ)

မိသားစု၊ ထောင်းမှု
၁၃၇၂-ခုနှစ်

http://www.dhammadownload.com

http://www.dhammadownload.com

ဆဋ္ဌသံဂါယနာတင် ပိဋကတ်တော်

မဇ္ဈိမနိကာယ်ဝင် သုတ္တန်ပိဋကတ်

# မဇ္ဈိမပဏ္ဏာသပါဠိတော်

## မြန်မာပြန်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်၌ရိုက်နှိပ်သည်။

သာသနာ - ၂၅၄၁ ကောဇာ - ၁၃၅၉ ၁၉၉၈

| အကြိမ် | အုပ်ရေ | ခုနှစ် |
| --- | --- | --- |
| ပထမ | ၃၀၀၀ | ၁၉၆၆ |
| ဒုတိယ | ၃၀၀၀ | ၁၉၉၂ |
| တတိယ | ၁၀၀၀၀ | ၁၉၉၈ |

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန၊
သာသနာရေးဦးစီးဌာန၊ ပုံနှိပ်တိုက်တွင်
ဒုတိယညွှန်ကြားရေးမှူး ဦးညွန့်မောင်
( မှတ်ပုံတင်အမှတ် - ၀၂၄၀၅/၀၂၅၂၇ ) က
ပုံနှိပ်ထုတ်ဝေသည်။

http://www.dhammadownload.com

## မဇ္ဈိမပဏ္ဏာသပါဠိတော် မြန်မာပြန်

# မာတိကာ


| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| | **၁-ဂဟပတိဝဂ်** | |
| ၁။ | ကန္ဒရကသုတ် | ၁ |
| ၂။ | အဋ္ဌကနာဂရသုတ် | ၁၄ |
| ၃။ | သေခသုတ် | ၁၈ |
| ၄။ | ပေါတလိယသုတ် | ၂၅ |
| ၅။ | ဇီဝကသုတ် | ၃၇ |
| ၆။ | ဥပါလိသုတ် | ၄၀ |
| ၇။ | ကုက္ကုရဝတိကသုတ် | ၅၅ |
| ၈။ | အဘယရာဇကုမာရသုတ် | ၆၀ |
| ၉။ | ဗဟုဝေဒနီယသုတ် | ၆၄ |
| ၁၀။ | အပဏ္ဏကသုတ် | ၆၈ |
| | **၂-ဘိက္ခုဝဂ်** | |
| ၁။ | အမ္ဗလဋ္ဌိကရာဟုလောဝါဒသုတ် | ၈၄ |
| ၂။ | မဟာရာဟုလောဝါဒသုတ် | ၉၀ |
| ၃။ | စူဠမာလုကျသုတ် | ၉၆ |
| ၄။ | မဟာမာလုကျသုတ် | ၁၀၂ |
| ၅။ | ဘဒ္ဒါလိသုတ် | ၁၀၈ |
| ၆။ | လဋုကိကောပမသုတ် | ၁၁၉ |
| ၇။ | စာတုမသုတ် | ၁၂၉ |
| ၈။ | နဠကပါနသုတ် | ၁၃၅ |
| ၉။ | ဂေါလိယာနိသုတ် | ၁၄၂ |
| ၁၀။ | ကီဋာဂိရိသုတ် | ၁၄၇ |
| | **၃-ပရိဗ္ဗာဇကဝဂ်** | |
| ၁။ | တေဝိဇ္ဇဝစ္ဆသုတ် | ၁၅၇ |
| ၂။ | အဂ္ဂိဝစ္ဆသုတ် | ၁၅၉ |
| ၃။ | မဟာဝစ္ဆသုတ် | ၁၆၆ |
| ၄။ | ဒီဃနခသုတ် | ၁၇၅ |
| ၅။ | မာဂဏ္ဍိယသုတ် | ၁၇၉ |

http://www.dhammadownload.com



## မဇ္ဈိမပဏ္ဏာသပါဠိတော် မြန်မာပြန်


| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| | **၃-ပရိဗ္ဗာဇကဝဂ်** | |
| ၆။ | ဒီဃနခသုတ် | ၁၉၁ |
| ၇။ | မဟာသကုလုဒါယိသုတ် | ၂၀၅ |
| ၈။ | သမဏမုဏ္ဍိကသုတ် | ၂၂၆ |
| ၉။ | စူဠသကုလုဒါယိသုတ် | ၂၃၃ |
| ၁၀။ | ဝေခနသသုတ် | ၂၄၃ |
| | **၄-ရာဇဝဂ်** | |
| ၁။ | ဃဋီကာရသုတ် | ၂၄၇ |
| ၂။ | ရဋ္ဌပါလသုတ် | ၂၅၅ |
| ၃။ | မဃဒေဝသုတ် | ၂၇၀ |
| ၄။ | မဓုရသုတ် | ၂၇၈ |
| ၅။ | ဗောဓိရာဇကုမာရသုတ် | ၂၈၆ |
| ၆။ | အင်္ဂုလိမာလသုတ် | ၃၀၇ |
| ၇။ | ပိယဇာတိကသုတ် | ၃၁၃ |
| ၈။ | ဗာဟိတိကသုတ် | ၃၁၉ |
| ၉။ | ဓမ္မစေတိယသုတ် | ၃၂၄ |
| ၁၀။ | ကဏ္ဏကတ္ထလသုတ် | ၃၃၁ |
| | **၅-ဗြာဟ္မဏဝဂ်** | |
| ၁။ | ဗြဟ္မာယုသုတ် | ၃၃၈ |
| ၂။ | သေလသုတ် | ၃၅၁ |
| ၃။ | အဿလာယနသုတ် | ၃၅၈ |
| ၄။ | ဃောဋမုခသုတ် | ၃၆၈ |
| ၅။ | စင်္ကီသုတ် | ၃၈၀ |
| ၆။ | ဧသုကာရီသုတ် | ၃၉၃ |
| ၇။ | ဓနဉ္ဇာနိသုတ် | ၄၀၀ |
| ၈။ | ဝါသေဋ္ဌသုတ် | ၄၁၁ |
| ၉။ | သုဘသုတ် | ၄၁၈ |
| ၁၀။ | သင်္ဂါရဝသုတ် | ၄၃၁ |


မဇ္ဈိမပဏ္ဏာသပါဠိတော် မြန်မာပြန် မာတိကာ ပြီး၏။

http://www.dhammadownload.com

# ကြိုတင်သိမှတ်ရန် သင်္ကေတလက္ခဏာများ

" " ဤကဲ့သို့ ကော်မာပြလျှင် ကော်မာအတွင်းရှိ စာပိုဒ်များမှာ ပုဂ္ဂိုလ်တဦးဦး၏ ဆိုလိုသော အခြင်းအရာ 'အာကာရ' ဟု သိမှတ်ရန်။

' ' ဤကဲ့သို့ ကော်မာပြလျှင် ရှေ့က ကပ်လျက်ရှိသောပုဒ်နှင့် အဓိပ္ပါယ်သဘောတူ ဟု သိမှတ်ရန်။

" ' ' "ဤကဲ့သို့ ကော်မာနှစ်ထပ်ပြလျှင် ပုဂ္ဂိုလ်တဦးဦး၏ ဆိုလိုသောစကား အတွင်း၌ အခြားပြောဆိုပုံ စကားတရပ်ရှိနေသည် ဟု သိမှတ်ရန်။

( ) ဤကဲ့သို့ ဘရက်ကက် လက်သည်းကွင်းပြလျှင် ၎င်းအတွင်းရှိ ပုဒ်သည် မူရင်း ပါဠိတော်တွင် တိုက်ရိုက်မလာ၊ မြန်မာအသုံးအနှုန်းအရ ပြည့်စုံစေရန် ဖြည့်စွက်သောပုဒ် ဟု သိမှတ်ရန်။

— ဒက်ခေါ် မျဉ်းတိုကိုပြလျှင် စကားဝါကျ မဆုံးသေး ဟု သိမှတ်ရန်။

[ ] ဤကဲ့သို့ ကွင်းချိပ်ကိုပြလျှင် ၎င်းအတွင်းရှိ စာများမှာ ရှေးနည်းတူ ဆက်လက်ပြု လုပ်ရန် (ဖော်ထုတ်ရွတ်ဆိုရန်) မှာထားသော စကားများ ဖြစ်သည် ဟု သိမှတ်ရန်။

၁-၂-ဤကဲ့သို့ စာသားအတွင်း၌ ဂဏန်းကိုပြလျှင် ၎င်းဂဏန်းရှေ့၌ ကပ်လျက်ရှိသော ပုဒ်၏ အဓိပ္ပါယ်ကို သိလွယ်စေရန် စာမျက်နှာအောက်ခြေတွင် မျဉ်းသားလျက် သီးခြား ဂဏန်း အစဉ်အလိုက် ဖော်ပြထားသည်ဟု သိမှတ်ရန်။ * ဤကဲ့သို့ ချာရပွင့်ပြရာ၌လည်း ထို့အတူပင် မှတ်သားရန်ဖြစ်ပါသည်။

•

http://www.dhammadownload.com

http://www.dhammadownload.com

### မဇ္ဈိမနိကာယ်

# မဇ္ဈိမပဏ္ဏာသပါဠိတော်

# မြန်မာပြန်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၁-ဂဟပတိဝဂ် ၁-ကန္ဒရကသုတ်

၁။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် စမ္ပာမြို့ ဂဂ္ဂရာရေကန်ကမ်းနား၌ များစွာမြတ်သော ရဟန်းသံဃာနှင့်အတူ သီတင်းသုံး နေတော်မူ၏။ ထိုအခါ ဆင်ထိန်း၏သား ပေဿသည်၎င်း ကန္ဒရကပရိဗိုဇ်သည်၎င်း မြတ်စွာဘုရားထံ ချဉ်းကပ်ကြကုန်၏၊ ချဉ်းကပ်ပြီး၍ ဆင်ထိန်း၏သား ပေဿသည် မြတ်စွာဘုရားကို ရှိသေစွာရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်နေ၏။ ကန္ဒရကပရိဗိုဇ်သည်ကား မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆို၏၊ ကန္ဒရကပရိဗိုဇ်သည် ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်စကားကို ပြောဆိုပြီးဆုံးစေပြီးလျှင် တခုသောနေရာ၌ ရပ်ပြီးသော် တိတ်တိတ်ဆိတ်ဆိတ်နေသော ရဟန်းအပေါင်းကို လှည့်လည်ကြည့်ရှုပြီးလျှင် မြတ်စွာဘုရားအား—

"အသျှင်ဂေါတမ အံ့ဖွယ်ရှိပေစွ၊ အသျှင်ဂေါတမ မဖြစ်စဘူးဖြစ်ပေစွ၊ အသျှင်ဂေါတမသည် ရဟန်းအပေါင်းကို အလွန်လျှင် ကောင်းစွာသွန်သင်ထားပေ၏။ ယခုအခါ အသျှင်ဂေါတမသည် ရဟန်းအပေါင်းကို သွန်သင်ထားသကဲ့သို့ပင် အတိတ်ကာလ၌ ပွင့်တော်မူသော ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဘုရားသျှင်တို့သည်လည်း ဤအတိုင်းသာလျှင် ရဟန်းအပေါင်းကို ကောင်းစွာ သွန်သင်တော် မူခဲ့ကြကုန်ပြီ။ အသျှင်ဂေါတမ ယခုအခါ အသျှင်ဂေါတမသည် ရဟန်းအပေါင်းကို သွန်သင်ထားသကဲ့သို့ အနာဂတ်ကာလ၌ ပွင့်တော်မူကြမည့် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဘုရားသျှင်တို့သည်လည်း ဤအတိုင်းသာလျှင် ရဟန်းအပေါင်းကို ကောင်းစွာသွန်သင်တော် မူကြပေကုန်လတ္တံ့"ဟု လျှောက်၏။

http://www.dhammadownload.com



၂။ ကန္ဒရက ဤစကားသည် မှန်၏၊ ကန္ဒရက ဤစကားသည် မှန်၏၊ ယခုအခါ ငါဘုရားသည် ရဟန်းအပေါင်းကို သွန်သင်ထားသကဲ့သို့ပင် အတိတ်ကာလ၌ ပွင့်တော်မူသော ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဘုရားသျှင်တို့သည်လည်း ဤအတိုင်းသာလျှင် ရဟန်းအပေါင်းကို ကောင်းစွာ သွန်သင်တော်မူကြကုန်ပြီ။ ယခုအခါ ငါဘုရားသည် ရဟန်းအပေါင်းကို သွန်သင်ထားသကဲ့သို့ပင် အနာဂတ်ကာလ၌ ပွင့်တော်မူကြမည့် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဘုရားသျှင်တို့သည်လည်း ဤအတိုင်းသာလျှင် ရဟန်းအပေါင်းကို သွန်သင်တော်မူကြပေကုန်လတ္တံ့။

ကန္ဒရက ဤရဟန်းအပေါင်း၌ အာသဝေါကုန်ပြီးသော မဂ်အကျင့်ကိုကျင့်သုံးပြီးသော ပြုဖွယ်ကိစ္စကို ပြုပြီးသော ဝန်ထုပ်ကိုချထားပြီးသော(အရဟတ္တဖိုလ်ဟူသော) ကိုယ်ကျိုး ကိုယ်စီးပွါးကို ရပြီးသော ဘဝသံယောဇဉ် ကုန်ခန်းပြီးသော ကောင်းစွာသိ၍ လွတ်မြောက်ပြီးသော ရဟန္တာဖြစ်ကြသော ရဟန်းတို့လည်း ရှိကြကုန်၏၊ ကန္ဒရက ဤရဟန်းအပေါင်း၌ မြဲသောသီလ မြဲသော အသက်မွေးမှု ရှိကြသော ရင့်ကျက်သောပညာ ရင့်ကျက်သောအသက်မွေးမှု ရှိကြသော ကျင့်ဆဲ 'သေက္ခ'ဖြစ်သော ရဟန်းတို့လည်း ရှိကြကုန်၏၊ ထိုရဟန်းတို့သည် သတိပဋ္ဌာန် လေးပါးတို့၌ ကောင်းစွာ တည်နေသော စိတ်ရှိကြကုန်သည်ဖြစ်၍ နေထိုင်ကြကုန်၏။

အဘယ်လေးပါးတို့နည်းဟူမူ—ကန္ဒရက ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ သမ္ပဇဉ်ဉာဏ် ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်၍ ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍နေ၏။

ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ သမ္ပဇဉ်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်၍ ဝေဒနာတို့၌ ဝေဒနာတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ သမ္ပဇဉ်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်၍ စိတ်၌ စိတ်ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ သမ္ပဇဉ်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်၍ သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏ဟု (မိန့်တော်မူ၏)။

၃။ ဤသို့ မိန့်တော်မူသော် ဆင်ထိန်းသားဖြစ်သော ပေဿသည် မြတ်စွာဘုရားအား— "အသျှင်ဘုရား အံ့ဖွယ်ရှိပေစွ၊ အသျှင်ဘုရား မဖြစ်စဘူးဖြစ်ပေစွ၊ အသျှင်ဘုရား မြတ်စွာဘုရားသည် သတ္တဝါတို့၏ (သန္တာန်၌) ဖြစ်လေသော စင်ကြယ်ရန် စိုးရိမ်ပူပန်ခြင်း ငိုကြွေးခြင်းတို့ကို လွန်မြောက်ရန် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတို့ ချုပ်ငြိမ်းရန် အရိယမဂ်ကိုရရန် နိဗ္ဗာန်ကိုမျက်မှောက်ပြုရန် ဤသတိပဋ္ဌာန်လေးပါးတို့ကို အလွန်လျှင် ကောင်းစွာ ပညတ်ထားတော်မူပါပေ၏။ အသျှင်

http://www.dhammadownload.com



ဘုရား အဝတ်ဖြူဝတ်သည့် လူဖြစ်သော တပည့်တော်တို့ပင်လည်း ရံခါရံခါ ဤသတိပဋ္ဌာန်တရား လေးပါးတို့၌ ကောင်းစွာတည်နေသော စိတ်ရှိကြကုန်သည်ဖြစ်၍ နေထိုင်ကြပါကုန်အံ့။

အသျှင်ဘုရား ဤလောက၌ အကျွန်ုပ်တို့သည် ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ သမ္ပဇဉ်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်၍ ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေကြပါကုန်အံ့။

ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ သမ္ပဇဉ်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်၍ ဝေဒနာတို့၌ ဝေဒနာတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေကြပါကုန်အံ့။

ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ သမ္ပဇဉ်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်၍ စိတ်၌ စိတ်ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေကြပါကုန်အံ့။

ပြင်းစွာ အားထုတ်သော လုံ့လရှိသည်ဖြစ်၍ သမ္ပဇဉ်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်၍ သဘောဘရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေကြပါကုန်အံ့။

အသျှင်ဘုရား အံ့ဖွယ်ရှိပေစွ၊ အသျှင်ဘုရား မဖြစ်စဘူးဖြစ်ပေစွ၊ အသျှင်ဘုရား မြတ်စွာဘုရားသည် ဤသို့ လူတို့၏သန္တာန်၌ ဖြစ်သော ကိလေသာအစုံအလမ်း လူတို့၏သန္တာန်၌ ဖြစ်သော ကိလေသာအရှုပ်အထွေး လူတို့၏သန္တာန်၌ ဖြစ်သော စဉ်းလဲခြင်းသည် ရှိနေသည် ဖြစ်ပါလျက် (ထို)သတ္တဝါတို့၏ အကျိုးစီးပွါးရှိ မရှိကို အလွန်လျှင် သိတော်မူနိုင်ပါပေ၏။ အသျှင်ဘုရား လူတို့သည် ရှုပ်ထွေးလှပါ၏၊ အသျှင်ဘုရား တိရစ္ဆာန်တို့သည် ပေါ်လွင်လှပါ၏။ အသျှင်ဘုရား အကျွန်ုပ်သည် ဆင်ရိုင်းကို သင်ကြားဆုံးမနိုင်သူ ဖြစ်ပါ၏၊ဆင်ရိုင်းသည် စမ္ပာမြို့သို့အသွားအပြန် ပြုလုပ်ရသည့် အချိန်အတွင်း၌ အလုံးစုံသော ထိုစဉ်းလဲကောက်ကျစ်မှုတို့ကို ထင်ရှားစွာ ပြုလုပ်ပြသပါလတ္တံ့။ အသျှင်ဘုရား လူတို့သည်ကား အကျွန်ုပ်တို့၏ ကျေးကျွန် အစေခံ အလုပ်သမားတို့ဟူ၍ ကိုယ်ဖြင့် တမျိုးတဖုံ(ပြု၏)၊ နှုတ်ဖြင့် တမျိုးတဖုံပြောတတ်ကြပါကုန်၏၊ လူတို့၏စိတ်ကား တမျိုးတဖုံသာ ဖြစ်ပါသည်။ အသျှင်ဘုရား အံ့ဖွယ်ရှိပေစွ၊ အသျှင်ဘုရား မဖြစ်စဘူးဖြစ်ပေစွ၊ အသျှင်ဘုရား မြတ်စွာဘုရားသည် ဤသို့ လူ့တယူသန် ဤသို့ လူတို့၏သန္တာန်၌ဖြစ်သော ကိလေသာအစုံအလမ်း လူတို့၏သန္တာန်၌ဖြစ်သော ကိလေသာအရှုပ်အထွေး လူတို့၏သန္တာန်၌ဖြစ်သော စဉ်းလဲခြင်းသည် ရှိနေသည်ဖြစ်ပါလျက် (ထို)သတ္တဝါတို့၏ အကျိုးစီးပွါး ရှိမရှိကို သိတော်မူနိုင်ပါပေ၏၊ အသျှင်ဘုရား လူတို့သည် ရှုပ်ထွေးလှပါ၏၊ အသျှင်ဘုရား တိရစ္ဆာန်တို့သည် ပေါ်လွင်လှပါ၏" ဟု(လျှောက်၏)။

၄။ ပေဿ ဤစကားသည် (သင်ပြောတိုင်း)မှန်ပေ၏၊ ပေဿ ဤစကားသည် (သင်ပြောတိုင်း) မှန်ပေ၏၊ ပေဿ လူတို့သည် ရှုပ်ထွေးလှ၏၊ ပေဿ တိရစ္ဆာန်တို့သည် ပေါ်လွင်လှ၏။ ပေဿ လောက၌ ဤပုဂ္ဂိုလ်လေးမျိုးတို့သည် ထင်ရှား ရှိကုန်၏။ အဘယ်လေးမျိုးတို့နည်းဟူ

http://www.dhammadownload.com



မူ—ပေဿ လောက၌ အချို့သောပုဂ္ဂိုလ်သည် မိမိကိုယ်ကို ပူပန်ဆင်းရဲ စေတတ်၏၊ မိမိကိုယ်ကို ပူပန် ဆင်းရဲစေမှု၌ အဖန်တလဲလဲ ပြုကျင့်အားထုတ်၏။

ပေဿ လောက၌ အချို့သော ပုဂ္ဂိုလ်သည် သူတပါးကို ပူပန်ဆင်းရဲ စေတတ်၏၊သူတပါးကို ပူပန် ဆင်းရဲစေမှု၌ အဖန်တလဲလဲပြုကျင့် အားထုတ်၏။

ပေဿ လောက၌ အချို့သောပုဂ္ဂိုလ်သည် မိမိကိုယ်ကိုလည်း ပူပန် ဆင်းရဲစေတတ်၏၊ မိမိကိုယ်ကို ပူပန်ဆင်းရဲစေမှု၌လည်း အဖန်တလဲလဲပြုကျင့် အားထုတ်၏၊ သူတပါးကိုလည်း ပူပန်ဆင်းရဲစေတတ်၏၊ သူတပါးကို ပူပန်ဆင်းရဲစေမှု၌လည်း အဖန်တလဲလဲ ပြုကျင့်အားထုတ်၏။

ပေဿ လောက၌ အချို့သောပုဂ္ဂိုလ်သည် မိမိကိုယ်ကို ပူပန်ဆင်းရဲစေတတ်သူလည်း မဟုတ်၊ မိမိကိုယ်ကို ပူပန်ဆင်းရဲစေမှု၌ အဖန်တလဲလဲ ပြုကျင့်အားထုတ်သူလည်း မဟုတ်၊ သူတပါးကို ပူပန်ဆင်းရဲစေတတ်သူလည်း မဟုတ်၊ သူတပါးကို ပူပန် ဆင်းရဲစေမှုတို့၌ အဖန်တလဲလဲ ပြုကျင့် အားထုတ်သူလည်း မဟုတ်။ ထိုသူသည် မိမိကိုယ်ကိုလည်း မပူပန် မဆင်းရဲစေတတ် သူတပါးကိုလည်း မပူပန် မဆင်းရဲစေတတ်သည်ဖြစ်၍ မျက်မှောက်သော ကိုယ်၏အဖြစ်၌သာလျှင် ကိလေသာ ဆာလောင်မွတ်သိပ်မှု မရှိသည် ငြိမ်းချမ်းသည် အေးမြသည် ချမ်းသာသုခကို ခံစားရသည်ဖြစ်၍ မြတ်သောကိုယ်ဖြင့် နေထိုင်ရ၏။ ပေဿ ဤပုဂ္ဂိုလ်လေးမျိုးတို့တွင် အဘယ်ပုဂ္ဂိုလ်သည် သင်၏စိတ်ကို နှစ်သိမ့်စေဘိသနည်းဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား မိမိကိုယ်ကို ပူပန်ဆင်းရဲစေတတ်၍ မိမိကိုယ်ကို ပူပန်ဆင်းရဲစေမှု၌ အဖန်တလဲလဲ ပြုကျင့်အားထုတ်သောသူသည်လည်း အကျွန်ုပ်၏စိတ်ကို မနှစ်သိမ့်စေနိုင်ပါ။

အသျှင်ဘုရား သူတပါးကို ပူပန်ဆင်းရဲစေတတ်၍ သူတပါးကို ပူပန်ဆင်းရဲစေမှု၌ အဖန်တလဲလဲပြုကျင့်အားထုတ်သောသူသည်လည်း အကျွန်ုပ်၏စိတ်ကို မနှစ်သိမ့်စေနိုင်ပါ။

အသျှင်ဘုရား မိမိကိုယ်ကို ပူပန်ဆင်းရဲစေတတ်၍ မိမိကိုယ်ကို ပူပန်ဆင်းရဲစေမှု၌ အဖန်တလဲလဲ ပြုကျင့်အားထုတ်သူ ဖြစ်သည့်ပြင် သူတပါးကို ပူပန်ဆင်းရဲစေတတ်၍ သူတပါးကို ပူပန်ဆင်းရဲစေမှု၌ အဖန်တလဲလဲ ပြုကျင့်အားထုတ်သောသူသည်လည်း အကျွန်ုပ်၏ စိတ်ကို မနှစ်သိမ့်စေနိုင်ပါ။

အသျှင်ဘုရား မိမိကိုယ်ကိုလည်း မပူပန်မဆင်းရဲ စေတတ်ပဲ မိမိကိုယ်ကို ပူပန်ဆင်းရဲစေမှု၌ အဖန်တလဲလဲ ပြုကျင့်အားထုတ်သူလည်း မဟုတ်သည့်ပြင် သူတပါးကိုလည်း မပူပန် မဆင်းရဲစေတတ်ပဲ သူတပါး ပူပန်ဆင်းရဲစေမှု၌ အဖန်တလဲလဲ ပြုကျင့်အားထုတ်သူ မဟုတ်သော ပုဂ္ဂိုလ်သည်သာလျှင် မိမိကိုယ်ကိုလည်း မပူပန်မဆင်းရဲစေတတ်ပဲ သူတပါးကိုလည်း မပူပန် မဆင်းရဲစေတတ်သည်ဖြစ်၍ မျက်မှောက်သောကိုယ်၏ အဖြစ်၌သာလျှင် ကိလေသာ ဆာလောင်မွတ်သိပ်မှုမရှိသည် ငြိမ်းချမ်းသည် အေးမြသည် ချမ်းသာသုခကို ခံစားရသည်ဖြစ်၍ မြတ်သော ကိုယ်ဖြင့် နေထိုင်ရ၏။ ဤပုဂ္ဂိုလ်သည်သာလျှင် အကျွန်ုပ်၏စိတ်ကို နှစ်သိမ့်စေနိုင်ပါသည်ဟု (လျှောက်၏)။

၅။ ပေဿ ဤပုဂ္ဂိုလ် သုံးယောက်တို့သည် အဘယ့်ကြောင့် သင့်စိတ်ကို မနှစ်သိမ့်စေနိုင်ဘိသနည်းဟု (မေးတော်မူ၏)။

အသျှင်ဘုရား မိမိကိုယ်ကို ပူပန်ဆင်းရဲစေတတ်၍ မိမိကိုယ်ကိုပူပန်ဆင်းရဲစေမှု၌ အဖန်တလဲလဲ ပြုကျင့် အားထုတ်သောသူသည် ချမ်းသာကို အလိုရှိ၍ ဆင်းရဲကိုစက်ဆုပ်သော မိမိကိုယ်ကိုပူပန်

http://www.dhammadownload.com



ဆင်းရဲစေပါ၏၊ အဖန်တလဲလဲပူပန် ဆင်းရဲစေပါ၏၊ ဤအကြောင်းကြောင့် ဤပုဂ္ဂိုလ်သည် အကျွန်ုပ်၏စိတ်ကို မနှစ်သိမ့်စေနိုင်ပါ။

အသျှင်ဘုရား သူတပါးကို ပူပန်ဆင်းရဲစေတတ်၍ သူတပါးကို ပူပန်ဆင်းရဲစေမှု၌ အဖန်တလဲလဲ ပြုကျင့်အားထုတ်သောသူသည်လည်း ချမ်းသာကိုအလိုရှိ၍ ဆင်းရဲကို စက်ဆုပ်သော သူတပါးကို ပူပန်ဆင်းရဲစေပါ၏၊ အဖန်တလဲလဲ ပူပန် ဆင်းရဲစေပါ၏၊ ဤအကြောင်းကြောင့် ဤပုဂ္ဂိုလ်သည် အကျွန်ုပ်၏စိတ်ကို မနှစ်သိမ့်စေနိုင်ပါ။

အသျှင်ဘုရား မိမိကိုယ်ကိုလည်း ပူပန်ဆင်းရဲစေတတ်၍ မိမိကိုယ်ကို ပူပန်ဆင်းရဲစေမှု၌ အဖန်တလဲလဲပြုကျင့်အားထုတ်သော သူတပါးကိုလည်း ပူပန်ဆင်းရဲစေတတ်၍ သူတပါးကိုပူပန်ဆင်းရဲစေမှု၌ အဖန်တလဲလဲ ပြုကျင့်အားထုတ်သောသူသည်လည်း ချမ်းသာကိုအလိုရှိ၍ ဆင်းရဲကို စက်ဆုပ်သော မိမိကိုယ်ကိုရင်း သူတပါးကိုရင်း ပူပန်ဆင်းရဲစေပါ၏၊ အဖန်တလဲလဲပူပန်ဆင်းရဲစေပါ၏၊ ဤအကြောင်းကြောင့် ဤပုဂ္ဂိုလ်သည် အကျွန်ုပ်၏စိတ်ကို မနှစ်သိမ့်စေနိုင်ပါ။

အသျှင်ဘုရား မိမိကိုယ်ကိုလည်း မပူပန်မဆင်းရဲစေတတ်ပဲ မိမိကိုယ်ကို ပူပန်ဆင်းရဲစေမှု၌ အဖန်တလဲလဲ ပြုကျင့်အားထုတ်သူလည်း မဟုတ်သည့်ပြင် သူတပါးကိုလည်း မပူပန်မဆင်းရဲစေတတ်ပဲ သူတပါးကို ပူပန်ဆင်းရဲစေမှု၌ အဖန်တလဲလဲ ပြုကျင့်အားထုတ်သူမဟုတ်သော ပုဂ္ဂိုလ်သည်ကား မိမိကိုယ်ကိုလည်း မပူပန်မဆင်းရဲစေတတ် သူတပါးကိုလည်း မပူပန်မဆင်းရဲစေတတ်သည်ဖြစ်၍ မျက်မှောက်သောကိုယ်၏အဖြစ်၌သာလျှင် ကိလေသာ ဆာလောင်မွတ်သိပ်ခြင်း မရှိသည် ငြိမ်းချမ်းသည် အေးမြသည် ချမ်းသာသုခကိုခံစားရသည်ဖြစ်၍ မြတ်သောကိုယ်ဖြင့် နေထိုင်ရ၏။ ထိုသူသည် ချမ်းသာကို လိုလား၍ ဆင်းရဲကို စက်ဆုပ်သော မိမိကိုယ်ကိုရင်း သူတပါးကိုရင်း ပူပန်စေသူမဟုတ် ဆင်းရဲစေသူမဟုတ်ပါ ဤအကြောင်းကြောင့် ဤသို့သော ပုဂ္ဂိုလ်သည် အကျွန်ုပ်၏စိတ်ကို နှစ်သိမ့်စေပါ၏။ အသျှင်ဘုရား ယခုအခါ အကျွန်ုပ်တို့ သွားပါကုန်အံ့၊ အကျွန်ုပ်တို့သည် များသောကိစ္စ များသောပြုဖွယ်ရှိပါကုန်၏ဟု (လျှောက်၏)။

ပေဿ ယခုအခါ၌ သွားရန်အချိန်ကို သင်သိ၏၊ (သွားရန်မှာ သင်၏ အလိုအားလျော်စွာ ဖြစ်၏)ဟု (မိန့်တော်မူ၏)။ ထိုအခါ ဆင်ထိန်း၏သား ပေဿသည် မြတ်စွာဘုရား ဟောတော်မူအပ်သော စကားကို ဝမ်းမြောက် ဝမ်းသာ လွန်စွာ နှစ်သက်၍ နေရာမှသကာ မြတ်စွာဘုရားကို ရှိခိုး၍ အရိုအသေပြုပြီးလျှင် ဖဲခွါသွားလေ၏။

၆။ ထိုအခါ မြတ်စွာဘုရားသည် ဆင်ထိန်း၏သား ပေဿ ဖဲခွါသွား၍ မကြာမီ ပင်လျှင် ရဟန်းတို့ကို—

"ရဟန်းတို့ ဆင်ထိန်း၏သား ပေဿသည် ပညာရှိပေ၏၊ ကြီးမြတ်သော ပညာရှိပေ၏၊ ရဟန်းတို့ ဆင်ထိန်း၏သား ပေဿသည် အကယ်၍ ပုဂ္ဂိုလ်လေးယောက်တို့ကို အကျယ် ဝေဖန်၍ ဟောပြီးသည့်တိုင်အောင် တခဏမျှထိုင်နေခဲ့ပါလျှင် များစွာသော အကျိုးစီးပွါးကို ရလေရာ၏၊ ရဟန်းတို့ ဆင်ထိန်း၏သား ပေဿသည် ဤမျှဖြင့်သည်း များစွာသော အကျိုးစီးပွါးကို ရပေပြီ" ဟု မိန့်တော်မူ၏။

http://www.dhammadownload.com



ဘုန်းကြီးတော်မူသောမြတ်စွာဘုရား ပုဂ္ဂိုလ်လေးမျိုးတို့ကို အကျယ်အားဖြင့် ဝေဖန် ဟော ကြားတော်မူရန် အခါတန်ပါပြီ၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား ပုဂ္ဂိုလ်လေးမျိုးတို့ကို အကျယ်အားဖြင့် ဝေဖန်ဟောကြားတော်မူရန် အခါ တန်ပါပြီ၊ ပုဂ္ဂိုလ် လေးမျိုးတို့ကို အကျယ်အားဖြင့် ဝေဖန်ဟောကြားတော်မူမည့် မြတ်စွာဘုရား၏ တရားတော်ကို ကြားနာကြရသည်ရှိသော် ရဟန်းတို့သည် ဆောင်ရွက် မှတ်သားကြရပါကုန်လတ္တံ့ဟု (လျှောက် ကုန်၏)။

ရဟန်းတို့ သို့ဖြစ်လျှင် နာကြား ကြကုန်လော့၊ ကောင်းစွာ နှလုံးသွင်းကြကုန်လော့၊ (ငါဘုရား) ဟောကြားပေအံ့ဟု (မိန့်တော်မူ၏)။ "ကောင်းလှပါပြီ အသျှင်ဘုရား" ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားကုန်၏၊ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော် မူ၏—

၄။ ရဟန်းတို့ မိမိကိုယ်ကို ပူပန်ဆင်းရဲစေတတ်သော မိမိကိုယ်ကို ပူပန် ဆင်းရဲစေမှု၌ အဖန် တလဲလဲ ပြုကျင့်အားထုတ်သော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း—ရဟန်းတို့ ဤလောက၌ အချို့ သော ပုဂ္ဂိုလ်သည် အဝတ်မဝတ်ပဲနေ၏၊ လူ့ အကျင့်ကို စွန့်၍ (ရပ်လျက်ကျင်ကြီး ကျင်ငယ် စွန့်ခြင်း စသည်ကို)ကျင့်၏၊ လက်ဖြင့်(မစင်ကို) သုတ်၏၊ အသျှင် လာလော့ဟုဆိုသူ၏ ဆွမ်းကို မခံ၊ အသျှင် ရပ်လော့ ဆိုသူ၏ ဆွမ်းကို မခံ၊ ရှေးရှု ဆောင်လာသောဆွမ်းကို မခံ၊ ရည်စူး၍ ပြုသော ဆွမ်းကို မခံ၊ ပင့်ဖိတ် ဆွမ်းကို မခံ၊ အိုးဝမှ ခူးဆွမ်းကို မခံ၊ တောင်းဝမှ ခူးဆွမ်းကို မခံ၊ တခါးခုံ ခြား၍ လှူသော ဆွမ်းကို မခံ၊ တုတ်ခြား၍ လှူသော ဆွမ်းကို မခံ၊ ကျည်ပွေ့ခြား၍ လှူသော ဆွမ်းကို မခံ၊ နှစ်ယောက်စားစဉ် လှူသော ဆွမ်းကို မခံ၊ ကိုယ်ဝန်ဆောင် မိန်းမ လှူသော ဆွမ်းကို မခံ၊ နို့တိုက်ဆဲမိန်းမ လှူသော ဆွမ်းကို မခံ၊ ယောကျ်ားနှင့် နှီးနှောနေသော မိန်းမ၏ ဆွမ်းကို မခံ၊ ဆော်ဩ၍ လှူသော ဆွမ်းကို မခံ၊ ခွေးမျှော်ရာ ဆွမ်းကို မခံ၊ ယင်အုံရာ ဆွမ်းကို မခံ၊ ငါးမစား၊ အမဲမစား၊ သေမသောက်၊ အရက်မသောက်၊ ဖွဲ၌မြုပ်သော ဆေးရည်မသောက်၊ တအိမ်၌သာ ဆွမ်းခံ၏၊ တလုပ်သာ စား၏၊ နှစ်အိမ်၌သာ ဆွမ်းခံ၏၊ နှစ်လုပ်သာ စား၏။ပ။ ခုနစ်အိမ်၌သာ ဆွမ်းခံ၏၊ ခုနစ်လုပ်သာ စား၏၊ ခွက်ငယ်တခုဖြင့်လည်း ရောင့်ရဲ၏၊ ခွက်ငယ်နှစ်ခု ဖြင့်လည်း ရောင့်ရဲ၏။ပ။ ခွက်ငယ် ခုနစ်ခုဖြင့်လည်း ရောင့်ရဲ၏၊ တရက်ခြားလည်း အစာစား၏၊ နှစ်ရက်ခြားလည်း အစာစား၏။ပ။ခုနစ်ရက်ခြားလည်း အစာစား၏၊ ဤနည်းဖြင့် ဤသို့ သဘော ရှိသော လဝက်တကြိမ် အစာစားခြင်း အကျင့်ကို ကျင့်နေ၏။

ထိုပုဂ္ဂိုလ်သည် ဟင်းရွက်စိမ်းကိုသော်လည်း စား၏၊ ဆန်စိမ်းကိုသော်လည်း စား၏၊ မြက်သီး ဆန်ကိုသော်လည်း စား၏၊ သားရေပတ်ကိုသော်လည်း စား၏၊ မှော်ကိုသော်လည်း စား၏၊ ဆန်ကွဲ ကိုသော်လည်း စား၏၊ ထမင်းချိုးကိုသော်လည်း စား၏၊ နှမ်းမှုန့်ညက် ကိုသော်လည်း စား၏၊ မြက်ကိုသော်လည်း စား၏၊ နွားချေးကိုသော်လည်း စား၏၊ တောသစ်မြစ် သစ်သီးလျှင် အစာ ရှိသည်ဖြစ်၍ ကြွေကျသော သစ်သီးကို စားလေ့ရှိ၏၊ ထိုပုဂ္ဂိုလ်သည် ပိုက်ဆံလျှော်အဝတ်တို့ကို သော်လည်း ဆောင်၏၊ ပိုက်ဆံလျှော်ဖြင့် ရောနှောရက်သော အဝတ်တို့ကို သော်လည်း ဆောင်၏၊ သူသေကောင် အဝတ်တို့ကိုသော်လည်း ဆောင်၏၊ ပံ့သုကူ အဝတ်တို့ကို သော်လည်း ဆောင်၏၊

http://www.dhammadownload.com



သုစ်ခေါက်အဝတ်တို့ကို သော်လည်း ဆောင်၏၊ သစ်နက်ရေကိုသော်လည်း ဆောင်၏၊ သစ်နက်ရေမျှင် အဝတ်ကိုသော်လည်း ဆောင်၏၊သမန်းမြက် အဝတ်ကိုသော်လည်း ဆောင်၏၊ လျှော်တေအဝတ်ကိုသော်လည်း ဆောင်၏၊ ပျဉ်ချပ် အဝတ်ကိုသော်လည်း ဆောင်၏၊ ဆံခြည်ကမ္ဗလာကိုသော်လည်း ဆောင်၏၊ သားမြီးကမ္ဗလာကိုသော်လည်း ဆောင်၏၊ ခင်ပုပ်ငှက်တောင် အဝတ်ကိုသော်လည်း ဆောင်၏၊ ဆံမုတ်ဆိတ်ကိုသော်လည်း နုတ်၏၊ ဆံမုတ်ဆိတ်နုတ်ခြင်းအမှုကိုသော်လည်း ပြုနေ၏၊ နေရာကိုပယ်၍ မတ်မတ်ရပ်၍သော်လည်း နေ၏၊ ဆောင့်ကြောင့်သော်လည်း ထိုင်၏၊ ဆောင့်ကြောင့်ထိုင်ခြင်း အမှုကိုသော်လည်း ပြုနေ၏၊ ဆူးခင်းပေါ်၌သော်လည်း နေ၏၊ ဆူးအခင်းပေါ်၌ အိပ်၏၊ ညနေချမ်းလျှင် သုံးကြိမ်မြောက် ရေသို့ သက်ဆင်းခြင်း အမှုကိုသော်လည်း ပြုနေ၏။ ဤဆိုအပ်ပြီးသော နည်းဖြင့် ဤသို့သဘောရှိသော များစွာသော ကိုယ်ခန္ဓာကို ပူပန်စေမှု အပန်ဖန်ဆင်းရဲစေမှု၌ အားထုတ်သည်ဖြစ်၍ နေထိုင်၏။ ရဟန်းတို့ ဤပုဂ္ဂိုလ်ကို မိမိကိုယ်ကို ပူပန်ဆင်းရဲစေတတ်သော မိမိကိုယ်ကို ပူပန်ဆင်းရဲစေမှု၌ အဖန်တလဲလဲပြုကျင့် အားထုတ်တတ်သော ပုဂ္ဂိုလ်ဟူ၍ ဆိုရ၏။

၈။ ရဟန်းတို့ သူတပါးကို ပူပန်ဆင်းရဲစေတတ်သော သူတပါးကို ပူပန်ဆင်းရဲ စေမှု၌ အဖန်တလဲလဲ ပြုကျင့်အားထုတ်သော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း—ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် သိုးသတ်သမားဖြစ်၏၊ ဝက်သတ်သမားဖြစ်၏၊ ငှက်သတ်သမားဖြစ်၏၊ သားသတ်သမားဖြစ်၏၊ ကြမ်းကြုတ်၏၊ တံငါသည်ဖြစ်၏၊ သူခိုးဖြစ်၏၊ သူခိုးသတ်သမားဖြစ်၏၊ နွားသတ်သမားဖြစ်၏၊ထောင်ပိုင် အာဏာမှူး အာဏာသားဖြစ်၏၊ ထိုမှတပါး ကြမ်းကြုတ်သော အမှုတို့ကို ပြုလုပ်သူ အားလုံးတို့ပေတည်း။ ရဟန်းတို့ ဤပုဂ္ဂိုလ်မျိုးကို သူတပါးတို့ကို ပူပန်ဆင်းရဲစေတတ်သော သူတပါးတို့ကို ပူပန်ဆင်းရဲစေမှု၌ အဖန်တလဲလဲပြုကျင့် အားထုတ်သော ပုဂ္ဂိုလ်ဟူ၍ ဆိုရ၏။

၉။ ရဟန်းတို့ မိမိကိုယ်ကို ပူပန်ဆင်းရဲစေတတ်သည်ဖြစ်၍ မိမိကိုယ်ကို ပူပန်ဆင်းရဲစေမှု၌ အဖန်တလဲလဲ ပြုကျင့်အားထုတ်သူဖြစ်သည့်ပြင် သူတပါးကိုလည်း ပူပန်ဆင်းရဲစေတတ်သည်ဖြစ်၍ သူတပါးကို ပူပန်ဆင်းရဲစေမှု၌ အဖန်တလဲလဲ ပြုကျင့်အားထုတ်သော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း။ ရဟန်းတို့ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ရေမြေကိုအစိုးရ၍ ထိပ်ထက်၌ အဘိသိက်သွန်းလောင်းအပ်သော ဘုရင်မင်းမြတ်သော်လည်း ဖြစ်၏၊ များစွာသော ဥစ္စာနှစ်ရှိသော ပြဿဟ္မဏမျိုး ပုဏ္ဏားမျိုးသော်လည်း ဖြစ်၏။ ထိုသို့သဘောရှိသော ပုဂ္ဂိုလ်မျိုးသည် မြို့၏ အရှေ့မျက်နှာအရပ်၌ ယဇ်ပူဇော်ရာ အိမ်သစ်ကိုဆောက်လုပ်စေ၍ ဆံမုတ်ဆိတ်ကို ရိတ်ပယ်ပြီးလျှင် ခွါနှင့်တကွသော သစ်နက်ရေကို ဝတ်ရုံပြီးနောက် ထောပတ်ဆီတို့ဖြင့် ကိုယ်ကိုသုတ်လိမ်း၍ သားကောင်ဦးချိုဖြင့် ကျောက်ကုန်းကို အယားဖျောက်သျက် မိဖုရားကြီး ပုရောဟိတ်ပုဏ္ဏားကြီးတို့နှင့်အတူ ယဇ်ပူဇော်ရာ အိမ်သစ်သို့ ဝင်၏။ ထိုမင်းသည် ထိုယဇ်ပူဇော်ရာ အိမ်သစ်၌ နွားချေးစိုဖြင့် လိမ်းကျံထားသည့် အခင်းမရှိသောမြေ၌ အိပ်၏။ အဆင်းအရောင်အားဖြင့် အမိနှင့်တူသော သားငယ်ရှိသော တခုကောင်သောနွားမ၏ နို့တတိုင်မှထွက်သော နို့ရည်ဖြင့် မင်းသည် မျှတ၏၊ ဒုတိယ နို့တိုင်မှထွက်သော နို့ရည်ဖြင့် မိဖုရားကြီးသည် မျှတ၏။ တတိယ နို့တိုင်မှ ထွက်သောနို့ရည်ဖြင့် ပုရောဟိတ်ပုဏ္ဏားကြီးသည် မျှတ၏။ စတုတ္ထနို့တိုင်မှထွက်သော နို့ရည်ဖြင့် မီးပူဇော်၏။ ကြွင်းကျန်သော နို့ရည်ဖြင့် နွားငယ်သည် မျှတရ၏။ ထိုမင်းသည် ဤသို့ မိန့်ဆို၏—

http://www.dhammadownload.com



"ယဇ်ပူဇော်ခြင်းအကျိုးငှါ ဤမျှသော နွားလားတို့ကို သတ်ကြကုန်လော့၊ ယဇ်ပူဇော်ခြင်း အကျိုးငှါ ဤမျှသောနွားပေါက်တို့ကို သတ်ကြကုန်လော့၊ ယဇ်ပူဇော်ခြင်းအကျိုးငှါ ဤမျှသော နွားမတမ်းတို့ကို သတ်ကြကုန်လော့၊ ယဇ်ပူဇော်ခြင်းအကျိုးငှါ ဤမျှသောဆိတ်တို့ကို သတ်ကြကုန်လော့၊ ယဇ်ပူဇော်ခြင်းအကျိုးငှါ ဤမျှသောသိုးတို့ကို သတ်ကြကုန်လော့၊ ယဇ်ပူဇော်ခြင်း အကျိုးငှါ ဤမျှသောမြင်းတို့ကို သတ်ကြကုန်လော့၊ ယဇ်တိုင်အကျိုးငှါ ဤမျှသော သစ်ပင်တို့ကို ခုတ်ဖြတ်ကြကုန်လော့၊ အကာအရံပြုခြင်း ယဇ်မြေပြင်၌ ခင်းခြင်းအလို့ငှါ ဤမျှသော မြေဇာ မြက်တို့ကို ရိတ်ကြကုန်လော့"ဟု (မိန့်ဆို၏)။

ထိုမင်း၏ ကျေးကျွန်အစေခံ အလုပ်သမားတို့သည်လည်း အပြစ်ဒဏ်ဖြင့်ရှင်း ဘေးဖြင့်ရှင်း အခြိမ်းအခြောက် ခံကြရကုန်သည်ဖြစ်၍ မျက်ရည်ပြည့်သော မျက်နှာဖြင့် ငိုကြွေးကုန်လျက် အမှုကြီးငယ်တို့ကို ပြုလုပ်ကြကုန်၏။ ရဟန်းတို့ ဤပုဂ္ဂိုလ်မျိုးကို မိမိကိုယ်ကို ပူပန်ဆင်းရဲစေ တတ်သည်ဖြစ်၍ မိမိကိုယ်ကို ပူပန်ဆင်းရဲစေမှု၌ အဖန်တလဲလဲ ပြုကျင့်အားထုတ်သူဖြစ်သည့်ပြင် သူတပါးကိုလည်း ပူပန်ဆင်းရဲစေတတ်သည်ဖြစ်၍ သူတပါးကို ပူပန်ဆင်းရဲစေမှု၌ အဖန်တလဲလဲ ပြုကျင့်အားထုတ်သော ပုဂ္ဂိုလ်ဟူ၍ ဆိုရ၏။

၁၀။ ရဟန်းတို့ မိမိကိုယ်ကို ပူပန်ဆင်းရဲစေတတ်သူ မဟုတ်သည့်ပြင် မိမိကိုယ်ကို ပူပန် ဆင်းရဲစေမှု၌ အဖန်တလဲလဲ ပြုကျင့်အားထုတ်သူ မဟုတ်သည်သာမက သူတပါးကို ပူပန်ဆင်းရဲစေ တတ်သူ မဟုတ်သည့်ပြင် သူတပါးကို ပူပန်ဆင်းရဲစေမှု၌ အဖန်တလဲလဲ ပြုကျင့်အားမထုတ်သော ပုဂ္ဂိုလ်မျိုးဖြစ်သော မိမိကိုယ်ကိုလည်း မပူပန် မဆင်းရဲစေတတ် သူတပါးကိုလည်း မပူပန်မဆင်းရဲ စေတတ်သောသူဖြစ်၍ မျက်မှောက်အတ္တဘော၌သာလျှင် ကိလေသာ ဆာလောင်မွတ်သိပ်မှု မရှိသည် ငြိမ်းချမ်းသည် အေးမြသည် ချမ်းသာသုခကို ခံစားရသည်ဖြစ်၍ မြတ်သောကိုယ်ဖြင့် နေထိုင်ရသောပုဂ္ဂိုလ်ဟူသည် အဘယ်နည်း။

ရဟန်းတို့ ဤလောက၌ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ'နှင့် ပြည့်စုံတော်မူသော ကောင်းသောစကားကို ဆိုတော်မူတတ်သော လောကကိုသိတော်မူသော ဆုံးမထိုက်သောသူကို ဆုံးမတတ်သည့် အတုမဲ့လွန်မြတ်သော ပုဂ္ဂိုလ်ဖြစ်တော်မူသော နတ်လူတို့၏ဆရာဖြစ်တော်မူသော သစ္စာလေးပါးတရားတို့ကို ကိုယ်တိုင်သိ၍ သူတပါးကို သိစေတော်မူသော ဘုန်းတန်ခိုးကြီးတော် မူသော မြတ်စွာဘုရားသည် ပွင့်တော်မူ၏၊ ထိုမြတ်စွာဘုရားသည် နတ်နှင့်တကွသော မာရ်နတ် နှင့်တကွသော ဗြဟ္မာနှင့်တကွသော ဤသြကာသလောကကိုရှင်း သမဏဗြာဟ္မဏမင်းများ လူများနှင့်တကွသော ဤသတ္တလောကကိုရှင်း ကိုယ်တိုင်ထူးသောဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြု လျက် ဟောကြားတော်မူ၏၊ ထိုမြတ်စွာဘုရားသည် အစ၏ကောင်းခြင်း အလယ်၏ကောင်းခြင်း အဆုံး၏ကောင်းခြင်းရှိသော အနက်နှင့်ပြည့်စုံသော သဒ္ဒါနှင့်ပြည့်စုံသောတရားကို ဟောတော်မူ၏၊ အလုံးစုံ ပြည့်စုံသော စင်ကြယ်သော မြတ်သောအကျင့်ကို ပြတော်မူ၏။

ထိုတရားတော်ကို သူကြွယ်သည်ရှင်း သူကြွယ်သားသည်ရှင်း အခြား ဇာတ်တမျိုးမျိုး၌ ဖြစ်သောသူသည်ရှင်း ကြားနာရ၏၊ ထိုသူသည် ထိုတရားတော်ကို ကြားနာရ၍ မြတ်စွာဘုရား၌ ယုံကြည်မှုကို ရ၏၊ ထိုသူသည် ထိုယုံကြည်မှုကို ရသည်ဖြစ်၍ ဤသို့ ဆင်ခြင်၏— "လူ့ဘောင်၌

http://www.dhammadownload.com



နေ့ရခြင်းသည် ကျဉ်းမြောင်း၏၊ (ကိလေသာ)မြူထရာ လမ်းကြောင်းဖြစ်၏၊ ရဟန်းအဖြစ်သည် လွင်ပြင်နှင့်တူ၏၊ လူ့ဘောင်၌ နေသူသည် ဤမြတ်သောအကျင့်ကို စင်စစ် ပြည့်စုံစွာ စင်စစ် စင်ကြယ်စွာ ခရုသင်းပွတ်သစ်နှင့်တူစွာ ကျင့်ခြင်းငှါ မလွယ်၊ ငါသည် ဆံမုတ်ဆိတ်ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုးသောအဝတ်တို့ကို ဝတ်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရမူ ကောင်းလေစွ”ဟု (ဆင်ခြင်၏)။

ထိုသူသည် နောင်အခါ နည်းသောဥစ္စာစုကို စွန့်၍ဖြစ်စေ များသောဥစ္စာစုကို စွန့်၍ဖြစ်စေ နည်းသောဆွေမျိုးစုကိုစွန့်၍ ဖြစ်စေ များသောဆွေမျိုးစုကိုစွန့်၍ ဖြစ်စေ ဆံမုတ်ဆိတ်ကိုပယ်ပြီး လျှင် ဖန်ရည်ဆိုးသောအဝတ်တို့ကိုဝတ်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၏။

၁၁။ ထိုသူသည် ဤသို့ရဟန်းပြုပြီးသည်ရှိသော် ရဟန်းတို့၏ (ရဟန်းကျင့် ရဟန်းဆက် ဟူသော) သိက္ခာသာဇီဝသို့ ရောက်သည်ဖြစ်၍ အသက်သတ်ခြင်းကိုပယ်၏၊ အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏၊ တုတ်ကိုချထားပြီးဖြစ်၏၊ လက်နက်ကိုချထားပြီးဖြစ်၏၊ ရှက်ခြင်းရှိ၏၊ သနား တတ်၏၊ ခပ်သိမ်းသောသတ္တဝါတို့၏ အစီးအပွါးကို လိုလားလျက်နေ၏။

မပေးသည်ကိုယူခြင်းကိုပယ်၍ မပေးသည်ကိုယူခြင်းမှ ရှောင်ကြဉ်၏၊ ပေးသည်ကိုသာယူ၏၊ ပေးသည်ကိုသာ အလိုရှိ၏၊ မခိုးမဝှက် စင်ကြယ်သောကိုယ်ဖြင့် နေ၏။

မမြတ်သောအကျင့်ကိုပယ်၍ မြတ်သောအကျင့်ကို ကျင့်၏၊ ယုတ်သောအကျင့်ကို ကျင့်လေ့ မရှိ၊ ရွာသူတို့၏အလေ့ဖြစ်သော မေထုန်အကျင့်မှ ရှောင်ကြဉ်၏။

မဟုတ်မမှန် ပြောခြင်းကို ပယ်၍ မဟုတ်မမှန်ပြောခြင်းမှ ရှောင်ကြဉ်၏၊ အမှန်ကိုသာ ဆိုလေ့ ရှိ၏၊ မှန်သောစကားချင်း ဆက်စပ်စေ၏၊ တည်သော စကားရှိ၏၊ ယုံကြည်ထိုက်သော စကား ရှိ၏၊ လောကကို လှည့်စားတတ်သူ မဟုတ်။

ကုန်းစကားကို ပယ်၍ ကုန်းစကားမှ ရှောင်ကြဉ်၏၊ ဤသူတို့ထံမှ နားထောင်၍ (ထိုသူတို့ နှင့်) ဤသူတို့ ကွဲပြားခြင်းငှါ ထိုသူတို့ထံ၌ မပြောတတ်၊ ထိုသူတို့ထံမှ နားထောင်၍ ဤသူတို့နှင့် ထိုသူတို့ ကွဲပြားခြင်းငှါ ဤသူတို့ထံ၌ မပြောတတ်၊ ဤသို့ ကွဲပြားသူတို့ကိုလည်း စေ့စပ်တတ်၏၊ ညီညွတ်သူတို့ကိုလည်း အားပေးတတ်၏၊ ညီညွတ်ခြင်း၌ မွေ့လျော်၏၊ ညီညွတ် ခြင်း၌ ပျော်ပိုက်၏၊ ညီညွတ်ခြင်းကို နှစ်သက်၏၊ ညီညွတ်ခြင်းကို ပြုသော စကားကို ဆိုလေ့ရှိ၏။

ကြမ်းသော စကားကို ပယ်၍ ကြမ်းသောစကားမှ ရှောင်ကြဉ်၏၊ အကြင်စကားသည် အပြစ် ကင်း၏၊ နားချမ်းသာ၏၊ နှစ်လိုဖွယ်ရှိ၏၊ နှလုံးသို့ သက်၏၊ ယဉ်ကျေး၏၊ လူအများ နှစ်သက်၏၊ လူအများ နှစ်ခြိုက်၏၊ ထိုသို့ သဘောရှိသော စကားကိုသာ ဆို၏။

ပြိန်ဖျင်းသော စကားကို ပယ်၍ ပြိန်ဖျင်းသော စကားမှ ရှောင်ကြဉ်၏၊ (သင့်သော) အခါ ၌သာ ဆိုလေ့ရှိ၏၊ ဟုတ်သည်ကိုသာ ဆိုလေ့ရှိ၏၊ အကျိုးနှင့် စပ်သည်ကိုသာ ဆိုလေ့ရှိ၏၊ တရားနှင့် စပ်သည်ကိုသာ ဆိုလေ့ရှိ၏၊ အဆုံးအမနှင့် စပ်သည်ကိုသာ ဆိုလေ့ရှိ၏၊ (သင့်သော)

http://www.dhammadownload.com



အခါ၌ အကြောင်းနှင့် တကွသော အပိုင်းအခြားရှိသော အစီးအပွါးနှင့် စပ်သော မှတ်သား လောက်သော စကားကိုသာ ဆိုလေ့ရှိ၏။

ထိုပုဂ္ဂိုလ်သည် မျိုးစေ့အပေါင်း အပင်အပေါင်းကို ဖျက်ဆီးခြင်းမှ ရှောင်ကြဉ်၏၊ ဆွမ်းတနပ် သာ စားလေ့ရှိ၏၊ ညစာ စားခြင်းမှ ရှောင်ကြဉ်၏၊ နေလွဲစားခြင်းမှ ရှောင်ကြဉ်၏၊ ကခြင်း သီခြင်း တီးမှုတ်ခြင်း (သူတော်ကောင်းတရား၏) ဆူးငြောင့်ဖြစ်သော ပွဲကြည့်ခြင်းမှ ရှောင်ကြဉ် ၏၊ ပန်းပန်ခြင်း နံ့သာခြယ်ခြင်း နံ့သာပျောင်း လိမ်းခြင်းမှ ရှောင်ကြဉ်၏၊ မြင့်သော နေရာ မြတ်သောနေရာမှ ရှောင်ကြဉ်၏၊ ရွှေငွေကို ခံယူခြင်းမှ ရှောင်ကြဉ်၏၊ ကောက်စိမ်းကို ခံယူခြင်းမှ ရှောင်ကြဉ်၏၊ အသားစိမ်းကို ခံယူခြင်းမှ ရှောင်ကြဉ်၏၊ မိန်းမအို မိန်းမပျိုကို ခံယူခြင်းမှ ရှောင်ကြဉ်၏၊ ကျွန်မိန်းမ ကျွန်ယောကျ်ားကို ခံယူခြင်းမှ ရှောင်ကြဉ်၏၊ ဆိတ်နှင့် သိုးကို ခံယူ ခြင်းမှ ရှောင်ကြဉ်၏၊ကြက် ဝက်ကို ခံယူခြင်းမှ ရှောင်ကြဉ်၏၊ဆင် နွား မြင်း မြည်းကို ခံယူခြင်းမှ ရှောင်ကြဉ်၏၊ လယ်နှင့် ယာကို ခံယူခြင်းမှ ရှောင်ကြဉ်၏၊ တမန်အမှု အစေအပါးအမှုကို ဆောင် ရွက်ခြင်းမှ ရှောင်ကြဉ်၏၊ ဝယ်မှု ရောင်းမှုမှ ရှောင်ကြဉ်၏၊ ချိန်စဉ်းလဲ အသပြာစဉ်းလဲ ခြင်တွယ် တိုင်းတာစဉ်းလဲခြင်းမှ ရှောင်ကြဉ်၏၊ တံစိုးယူခြင်း လှည့်ဖြားခြင်း အတုပြုခြင်းတည်းဟူသော ကောက်ကျစ်ခြင်းမှ ရှောင်ကြဉ်၏၊ ဖြတ်ခြင်း သတ်ခြင်း နှောင်ဖွဲ့ခြင်း (ခရီးသွားတို့ကို) လုယက် ခြင်း (ရွာနိဂုံးတို့ကို) ဖျက်ဆီးခြင်း ဓားပြတိုက်ခြင်းမှ ရှောင်ကြဉ်၏။ ထိုရဟန်းသည် ကိုယ်ကို မျှတစေနိုင်ရုံသော သင်္ကန်းဖြင့် ဝမ်းကို မျှတစေနိုင်ရုံသော ဆွမ်းဖြင့် ရောင့်ရဲ၏။ ထိုရဟန်းသည် သွားလေရာရာသို့ (ကိုယ်နှင့်အတူ ပါမြဲပရိက္ခရာမျှသာ ရှိသဖြင့်) တပါတည်း ယူပြီးဖြစ်၍သာလျှင် သွား၏။ ဥပမာသော်ကား အတောင်ရှိသော ငှက်သည် ပျံလေရာရာသို့ မိမိအတောင်သာ ဝန်ရှိသည်ဖြစ်၍ ပျံသကဲ့သို့ ဤအတူ ရဟန်းသည် ကိုယ်ကို မျှတစေနိုင်ရုံသော သင်္ကန်းဖြင့် ဝမ်းကို မျှတစေနိုင်ရုံသော ဆွမ်းဖြင့် ရောင့်ရဲ၏။ ထိုရဟန်းသည် သွားလေရာရာသို့ (ကိုယ်နှင့် အတူ ပါမြဲ ပရိက္ခရာမျှသာ ရှိသဖြင့်) တပါတည်း ယူပြီးဖြစ်၍သာလျှင် သွား၏။ ထိုရဟန်းသည် ဤမြတ်သော သီလအစုနှင့် ပြည့်စုံသည်ဖြစ်၍ အတွင်းအဇ္ဈတ္တသန္တာန်၌ အပြစ်မရှိသော ချမ်းသာကို ခံစားရ၏။

၁၂။ ထိုရဟန်းသည် မျက်စိဖြင့် အဆင်း'ရူပါရုံ'ကို မြင်သော် (မိန်းမ ယောကျ်ားစသော) သဏ္ဌာန်နိမိတ်ကို စွဲယူလေ့မရှိ၊ (လက်ခြေစသော အင်္ဂါ ပြုံးဟန် ရယ်ဟန်စသော အမူအရာ) အမှတ်လက္ခဏာကို စွဲယူလေ့မရှိ၊ အကယ်၍ စက္ခုန္ဒြေကို မစောင့်စည်းပဲ နေလျှင် ယင်း(စက္ခုန္ဒြေ ဟူသော) အကြောင်းကြောင့် မက်မောခြင်း 'အဘိဇ္ဈာ' နှလုံးမသာခြင်း 'ဒေါမနဿ' ဟူသော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ထိုမစောင့်စည်းသူကို လိုက်၍နှိပ်စက်ကုန်ရာ၏၊(ထို့ကြောင့် ရဟန်းသည်) ထိုစက္ခုန္ဒြေကို စောင့်စည်းခြင်းငှါ ကျင့်၏၊ စက္ခုန္ဒြေကို စောင့်ရှောက်၏၊ စက္ခုန္ဒြေ၌ စောင့်စည်းခြင်းသို့ ရောက်၏။ နားဖြင့် အသံ'သဒ္ဒါရုံ'ကို ကြားသော်။ပ။ နှာခေါင်းဖြင့် အနံ့ 'ဂန္ဓာရုံ'ကို နမ်းသော်။ပ။ လျှာဖြင့် အရသာ 'ရသာရုံ'ကို လျက်သော်။ပ။ ကိုယ်ဖြင့် အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ'ကို တွေ့ထိသော်။ပ။

စိတ်ဖြင့် သဘော 'ဓမ္မာရုံ'ကို သိသော် (မိန်းမ ယောကျ်ားစသော) သဏ္ဌာန်နိမိတ်ကို စွဲယူ လေ့မရှိ၊ (လက်ခြေစသော အင်္ဂါ ပြုံးဟန် ရယ်ဟန်စသော အမူအရာ) အမှတ်လက္ခဏာကို စွဲယူလေ့မရှိ၊ အကယ်၍ မနိန္ဒြေကို မစောင့်စည်းပဲ နေလျှင် ယင်း(မနိန္ဒြေဟူသော) အကြောင်း

http://www.dhammadownload.com



ကြောင့် မက်မောခြင်း 'အဘိဇ္ဈာ' နှလုံးမသာခြင်း 'ဒေါမနဿ'ဟူသော ယုတ်ညံ့သော အကုသိုလ် တရားတို့သည် ထိုမစောင့်စည်းသူကို လိုက်၍ နှိပ်စက်ကုန်ရာ၏၊ (ထို့ကြောင့် ရဟန်းသည်) ထို မနိန္ဒြေကို စောင့်စည်းခြင်းငှါ ကျင့်၏၊ မနိန္ဒြေကို စောင့်ရှောက်၏၊ မနိန္ဒြေ၌ စောင့်စည်းခြင်းသို့ ရောက်၏။ ထို(ရဟန်း)သည် ဤမြတ်သော ဣန္ဒြေကို စောင့်စည်းခြင်းနှင့် ပြည့်စုံသည်ဖြစ်၍ မိမိသန္တာန်၌ ကိလေသာနှင့် မရောသော ချမ်းသာကို ခံစား၏။

ထိုရဟန်းသည် ရှေ့သို့ တက်ရာ နောက်သို့ ဆုတ်ရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ တူရူကြည့်ရာ တစောင်းကြည့်ရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ ကွေးရာ ဆန့်ရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ ဒုကုဋ် သပိတ် သင်္ကန်းကို ဆောင်ရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ စားရာ သောက်ရာ ခဲရာ လျက်ရာ ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ ကျင်ကြီးကျင်ငယ် စွန့်ရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ သွားရာ ရပ်ရာ ထိုင်ရာ အိပ်ရာ နိုးရာ ပြောရာ ဆိတ်ဆိတ်နေရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏။

၁၃။ ထိုရဟန်းသည် ဤမြတ်သော သီလအစုနှင့်လည်း ပြည့်စုံသည်ဖြစ်၍ ဤမြတ်သော ရောင့်ရဲခြင်းနှင့်လည်း ပြည့်စုံသည်ဖြစ်၍ ဤမြတ်သော ဣန္ဒြေစောင့်စည်းခြင်းနှင့်လည်း ပြည့်စုံ သည်ဖြစ်၍ ဤမြတ်သော သတိသမ္ပဇဉ်နှင့်လည်း ပြည့်စုံသည်ဖြစ်၍ တော သစ်ပင်ရင်း တောင် ချောက် တောင်ခေါင်းသင်းချိုင်း တောအုပ် လွင်ပြင် ကောက်ရိုးပုံဟူသော ဆိတ်ငြိမ်သော အိပ်ရာ နေရာကို မှီဝဲ၏။

ထိုရဟန်းသည် ဆွမ်းခံရာမှ ပြန်ခဲ့၍ ဆွမ်းစားပြီးနောက် ထက်ဝယ်ဖွဲ့ခွေပြီးလျှင် ကိုယ်ကို ဖြောင့်မတ်စွာ ထား၍ ကမ္မဋ္ဌာန်းသို့ ရှေးရှုသတိကို ဖြစ်စေလျက် ထိုင်၏၊ ထိုရဟန်းသည် (ဥပါဒါနက္ခန္ဓာငါးပါးတည်းဟူသော) လောက၌ မက်မောခြင်း 'အဘိဇ္ဈာ'ကို ပယ်၍ မက်မောခြင်း'အဘိဇ္ဈာ'မှ ကင်းသောစိတ်ဖြင့်နေ၏၊ မက်မောခြင်း'အဘိဇ္ဈာ'မှ စိတ်ကို စင်ကြယ် စေ၏။ ပျက်စီးစေလိုသော ဒေါသကိုပယ်၍ မပျက်စီးစေလိုသော စိတ်ရှိသည်ဖြစ်၍ ခပ်သိမ်းသော သတ္တဝါတို့၏ အစီးအပွါးကို လိုလားလျက်နေ၏၊ ပျက်စီးစေလိုသော ပြစ်မှားမှုမှ စိတ်ကိုစင်ကြယ် စေ၏။ လေးလံထိုင်းမှိုင်းခြင်း'ထိနမိဒ္ဓ'ကိုပယ်၍ လေးလံထိုင်းမှိုင်းခြင်း'ထိနမိဒ္ဓ'မှ ကင်းသည်ဖြစ်၍ အလင်းရောင်ကို မှတ်ခြင်းရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ်ရှိသည်ဖြစ်၍ နေ၏၊ လေးလံထိုင်းမှိုင်းခြင်း'ထိနမိဒ္ဓ'မှ စိတ်ကို စင်ကြယ်စေ၏။ ပျံ့လွင့်ခြင်း'ဥဒ္ဓစ္စ'နောင်တရခြင်း'ကုက္ကုစ္စ' ကိုပယ်၍ အတွင်းသန္တာန်၌ ငြိမ်သက်သောစိတ်ရှိသည်ဖြစ်၍ မပျံ့လွင့်သည်ဖြစ်၍နေ၏၊ပျံ့လွင့်ခြင်း 'ဥဒ္ဓစ္စ' နောင်တရခြင်း'ကုက္ကုစ္စ'မှ စိတ်ကို စင်ကြယ်စေ၏။ ယုံမှားခြင်း'ဝိစိကိစ္ဆာ'ကို ပယ်၍ ယုံမှားခြင်း'ဝိစိကိစ္ဆာ'ကို လွန်မြောက်သည်ဖြစ်၍ ကုသိုလ်တရားတို့၌ သို့လော သို့လော မရှိသည် ဖြစ်၍နေ၏၊ ယုံမှားခြင်း'ဝိစိကိစ္ဆာ'မှ စိတ်ကိုစင်ကြယ်စေ၏။

ထိုရဟန်းသည် စိတ်ညစ်ညူးခြင်းကို ဖြစ်စေတတ်ကုန်သော ပညာ၏ အားနည်းခြင်းကို ပြုတတ်ကုန်သော နီဝရဏတရားငါးပါးတို့ကို ပယ်ဖျောက်၍ ကာမဂုဏ်တို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်ခြင်း'ဝိတက်'နှင့် တကွဖြစ်သော သုံးသပ်ဆင်ခြင် ခြင်း 'ဝိစာရ'နှင့်တကွဖြစ်သော (နီဝရဏ)ဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း'ပီတိ' ချမ်းသာ ခြင်း 'သုခ'ရှိသော ပဌမဈာန်သို့ ရောက်၍နေ၏။

ဝိတက် ဝိစာရငြိမ်းခြင်းကြောင့် မိမိသန္တာန်၌ စိတ်ကိုကြည်လင်စေတတ်သော စိတ်၏ တည်ကြည်ခြင်း'သမာဓိ'ကို ပွါးစေတတ်သော ကြံစည်ခြင်း'ဝိတက်'မရှိသော သုံးသပ်ဆင်ခြင်ခြင်း

http://www.dhammadownload.com



'ဝိစာရ'မရှိသော တည်ကြည်ခြင်း'သမာဓိ'ကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း'ပီတိ' ချမ်းသာခြင်း 'သုခ'ရှိသော ဒုတိယဈာန်သို့ ရောက်၍နေ၏။

နှစ်သိမ့်ခြင်း'ပီတိ'ကိုလည်း မတပ်မက်ခြင်းကြောင့် အောက်မေ့ခြင်း'သတိ' ဆင်ခြင်ခြင်း 'သမ္ပဇဉ်'နှင့် ပြည့်စုံသည်ဖြစ်၍ လျစ်လျူရှုလျက်နေ၏၊ ချမ်းသာခြင်း'သုခ'ကိုလည်း ကိုယ်ဖြင့် ခံစား၏၊ အကြင်တတိယဈာန်ကြောင့် ထိုသူ့ကို "လျစ်လျူရှုသူ သတိရှိသူ ချမ်းသာစွာနေလေ့ ရှိသူ"ဟု အရိယာပုဂ္ဂိုလ်တို့သည် ပြောကြားကုန်၏၊ ထိုတတိယဈာန်သို့ ရောက်၍နေ၏။

ချမ်းသာဆင်းရဲကို ပယ်ခြင်းကြောင့်ရင်း ရှေးဦးကပင်လျှင် ဝမ်းသာခြင်း နှလုံးမသာခြင်းတို့၏ ချုပ်နှင့်ခြင်းကြောင့်ရင်း ဆင်းရဲချမ်းသာမရှိသော လျစ်လျူရှုမှု'ဥပေက္ခာ'ကြောင့် ဖြစ်သော သတိ၏စင်ကြယ်ခြင်းရှိသော စတုတ္ထဈာန်သို့ ရောက်၍နေ၏။

၁၄။ ဤသို့ တည်ကြည်သောစိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိ လတ်သော် ညစ်ညူးခြင်းကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါ အသင့်ဖြစ်လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ထို(ရဟန်း)သည် ရှေး၌ဖြစ်ဘူးသော ဘဝကို အောက်မေ့နိုင်သော 'ပုဗ္ဗေနိဝါသာနုဿတိ' ဉာဏ်အလို့ငှါ စိတ်ကို ရှေးရှုညွတ်စေ၏။ ထို(ရဟန်း)သည် များပြားသော ရှေး၌ဖြစ်ဘူးသောဘဝကို အောက်မေ့နိုင်၏၊ ဤသည်ကား အဘယ်နည်း။

တဘဝကိုရင်း နှစ်ဘဝတို့ကိုရင်း သုံးဘဝတို့ကိုရင်း လေးဘဝတို့ကိုရင်း ငါးဘဝတို့ကိုရင်း ဆယ်ဘဝတို့ကိုရင်း ဘဝနှစ်ဆယ်တို့ကိုရင်း ဘဝသုံးဆယ်တို့ကိုရင်း ဘဝလေးဆယ်တို့ကိုရင်း ဘဝ ငါးဆယ်တို့ကိုရင်း ဘဝတရာကိုရင်း ဘဝတထောင်ကိုရင်း ဘဝတသိန်းကိုရင်း များပြားသော ပျက်ကပ်တို့ကိုရင်း များပြားသော ဖြစ်ကပ်တို့ကိုရင်း များပြားသော ပျက်ကပ်ဖြစ်ကပ်တို့ကိုရင်း "ဤမည်သောဘဝ၌ ငါသည် ဤသို့သော အမည်ရှိခဲ့၏၊ ဤသို့သော အနွယ်ရှိခဲ့၏၊ ဤသို့သော အဆင်းရှိခဲ့၏၊ ဤသို့သော အစာရှိခဲ့၏၊ ဤသို့သော ချမ်းသာဆင်းရဲကို ခံစားခဲ့၏၊ ဤသို့သော အသက်အပိုင်းအခြား ရှိခဲ့၏၊ ထိုငါသည် ထိုဘဝမှသေခဲ့၍ ဤမည်သောဘဝ၌ ဖြစ်ပြန်၏၊ ထိုဘဝ၌လည်း ဤသို့သော အမည်ရှိခဲ့၏၊ ဤသို့သော အနွယ်ရှိခဲ့၏၊ ဤသို့သော အဆင်းရှိခဲ့၏၊ ဤသို့သော အစာရှိခဲ့၏၊ ဤသို့သော ချမ်းသာဆင်းရဲကို ခံစားခဲ့၏၊ ဤသို့သော အသက်အပိုင်း အခြားရှိခဲ့၏၊ ထိုငါသည် ထိုဘဝမှသေခဲ့၍ ဤဘဝ၌ ဖြစ်ပြန်၏" ဟု ဤသို့ အခြင်းအရာနှင့်တကွ ညွှန်ပြဖွယ် အမည်အနွယ်နှင့်တကွ များပြားသော ရှေး၌ဖြစ်ဘူးသောဘဝကို အောက်မေ့၏။

၁၅။ ဤသို့ တည်ကြည်သောစိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိ လတ်သော် ညစ်ညူးခြင်း ကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါ အသင့်ဖြစ်လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ထို(ရဟန်း)သည် သတ္တဝါတို့၏ သေခြင်း ဖြစ်ခြင်းကိုသိသော 'စုတူပပါတ' ဉာဏ်အလို့ငှါ စိတ်ကို ရှေးရှုညွတ်စေ၏၊ ထို(ရဟန်း)သည် အထူးသဖြင့်စင်ကြယ်သော လူတို့၏မျက်စိထက် သာလွန်သော နတ်မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု' ဉာဏ်ဖြင့် သေဆဲသတ္တဝါ ဖြစ်ပေါ်ဆဲသတ္တဝါ ယုတ်သောသတ္တဝါ မြတ်သောသတ္တဝါ အဆင်း လှသောသတ္တဝါ အဆင်းမလှသောသတ္တဝါ ကောင်းသောလားရာရှိသောသတ္တဝါ မကောင်းသော လားရာရှိသောသတ္တဝါတို့ကို မြင်၏၊ ကံအလျောက်ဖြစ်သော သတ္တဝါတို့ကို သိ၏။

http://www.dhammadownload.com



အချင်းတို့ ဤသတ္တဝါတို့သည် ကိုယ်ဖြင့်ပြုသော မကောင်းသောအကျင့်'ကာယဒုစရိုက်'နှင့် ပြည့်စုံကုန်၏၊ နှုတ်ဖြင့်ပြုသော မကောင်းသောအကျင့်'ဝစီဒုစရိုက်'နှင့် ပြည့်စုံကုန်၏၊ စိတ်ဖြင့်ပြုသော မကောင်းသောအကျင့်'မနောဒုစရိုက်'နှင့် ပြည့်စုံကုန်၏၊ အရိယာတို့ကို စွပ်စွဲကုန်၏၊ မှားသောအယူရှိကုန်၏၊ မှားသောအယူဖြင့်ပြုသော ကံရှိကုန်၏၊ ထိုသတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာကင်းသော မကောင်းသဖြင့်လားရာ ဖရိုဖရဲကျရောက်ရာ ငရဲ၌ဖြစ်ပေါ်ကုန်၏။ အချင်းတို့ ဤသတ္တဝါတို့သည်ကား ကိုယ်ဖြင့်ပြုသော ကောင်းသောအကျင့်'ကာယသုစရိုက်'နှင့် ပြည့်စုံကုန်၏၊နှုတ်ဖြင့်ပြုသော ကောင်းသောအကျင့်'ဝစီသုစရိုက်'နှင့် ပြည့်စုံကုန်၏၊ စိတ်ဖြင့်ပြုသော ကောင်းသောအကျင့်'မနောသုစရိုက်'နှင့် ပြည့်စုံကုန်၏၊ အရိယာတို့ကို စွပ်စွဲခြင်းမှ ကင်းကုန်၏၊ မှန်သောအယူရှိကုန်၏၊ မှန်သောအယူဖြင့်ပြုသော ကံရှိကုန်၏၊ ထို(သတ္တဝါ)တို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောလားရာ လူ့ပြည် နတ်ပြည် သုဂတိ၌ ဖြစ်ပေါ်ကုန်၏ဟု ဤသို့လျှင် အထူးသဖြင့်စင်ကြယ်သော လူတို့၏မျက်စိထက် သာလွန်သော နတ်မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု' ဉာဏ်ဖြင့် သေဆဲသတ္တဝါ ဖြစ်ပေါ်ဆဲသတ္တဝါ ယုတ်သောသတ္တဝါ မြတ်သောသတ္တဝါ အဆင်းလှသောသတ္တဝါ အဆင်းမလှသောသတ္တဝါ ကောင်းသော လားရာရှိသောသတ္တဝါ မကောင်းသောလားရာရှိသော သတ္တဝါတို့ကို မြင်၏၊ ကံအလျောက် ဖြစ်သော သတ္တဝါတို့ကို သိ၏။

၁၆။ ဤသို့ တည်ကြည်သောစိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်းကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါ အသင့်ဖြစ်လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ထို (ရဟန်း)သည် အာသဝေါတရားတို့ကို ကုန်စေသော 'အာသဝက္ခယ'ဉာဏ်အလို့ငှါ စိတ်ကို ရှေးရှုညွတ်စေ၏။ ထို(ရဟန်း)သည် ဤကား ဆင်းရဲ'ဒုက္ခ'ဟု ဟုတ်မှန်သောအတိုင်းသိ၏၊ ဤကား ဆင်းရဲဖြစ်ပေါ်ခြင်း၏အကြောင်း 'ဒုက္ခသမုဒယ'ဟု ဟုတ်မှန်သော အတိုင်း သိ၏၊ ဤကား ဆင်းရဲချုပ်ရာ နိဗ္ဗာန် 'ဒုက္ခနိရောဓ' ဟု ဟုတ်မှန်သောအတိုင်း သိ၏၊ ဤကား ဆင်းရဲချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းကျင့်စဉ် 'ဒုက္ခနိရောဓဂါမိနီပဋိပဒါ'ဟု ဟုတ်မှန်သောအတိုင်း သိ၏။ ဤသည်တို့ကား ယိုစီးခြင်း 'အာသဝ' တို့ဟု ဟုတ်မှန်သော အတိုင်း သိ၏၊ဤကား ယိုစီးခြင်း'အာသဝ'တို့ ဖြစ်ပေါ်ခြင်း၏အကြောင်း 'အာသဝသမုဒယ' ဟု ဟုတ်မှန်သောအတိုင်း သိ၏၊ ဤကား ယိုစီးခြင်း 'အာသဝ'တို့ချုပ်ရာ နိဗ္ဗာန် 'အာသဝနိရောဓ'ဟု ဟုတ်မှန်သောအတိုင်း သိ၏၊ ဤကား အာသဝတို့ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းကျင့်စဉ် 'အာသဝနိရောဓဂါမိနီပဋိပဒါ' ဟု ဟုတ်မှန်သော အတိုင်းသိ၏။ ဤသို့ သိသော် ဤသို့မြင်သော် ထို (ရဟန်း)၏စိတ်သည် ကာမာသဝမှလည်း လွတ်မြောက်၏၊ဘဝါသဝမှလည်း လွတ်မြောက်၏၊ အဝိဇ္ဇာသဝမှလည်း လွတ်မြောက်၏၊ လွတ်မြောက်ပြီးလတ်သော် လွတ်မြောက်ခဲ့လေပြီဟု အသိဉာဏ်ဖြစ်ပေါ်၏၊ ''ပဋိသန္ဓေနေမှုကုန်ပြီ၊မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊ (မဂ်)ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ်)ကိစ္စအလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီ''ဟု သိ၏။

ရဟန်းတို့ ဤပုဂ္ဂိုလ်ကို မိမိကိုယ်ကို မပူပန် မဆင်းရဲစေတတ်ပဲ မိမိကိုယ်ကို ပူပန်ဆင်းရဲစေမှု၌ အဖန်တလဲလဲ ပြုကျင့် အားထုတ်သူမဟုတ်သည့်ပြင် သူတပါးတို့အား မပူပန် မဆင်းရဲစေတတ်ပဲ သူတပါးတို့အား ပူပန်ဆင်းရဲစေမှု၌ အဖန်တလဲလဲ ပြုကျင့်အားထုတ်သူမဟုတ်သော ပုဂ္ဂိုလ်ဖြစ်

http://www.dhammadownload.com



သည့်ပြင် မိမိကိုယ်ကိုလည်း မပူပန် မဆင်းရဲစေတတ် သူတပါးကိုလည်း မပူပန် မဆင်းရဲစေတတ် သည်ဖြစ်၍ မျက်မှောက်သောကိုယ်၏အဖြစ်၌သာလျှင် ကိလေသာဆာလောင်မွတ်သိပ်မှုမရှိသည် ငြိမ်းချမ်းသည် အေးမြသည် ချမ်းသာသုခကို ခံစားရသည်ဖြစ်၍ မြတ်သောကိုယ်ဖြင့် နေထိုင်ရသူဟူ၍ဆိုရ၏ဟု မြတ်စွာဘုရားသည် ဤတရားတော်ကို ဟောတော်မူ၏။ ထိုရဟန်းတို့သည် မြတ်စွာဘုရား ဟောတော်မူသော တရားတော်ကို နှစ်သက်ဝမ်းမြောက်ကြကုန်၏။

ရှေးဦးစွာသော ကန္ဒရကသုတ် ပြီး၏။

---

## ၂-အဋ္ဌကနာဂရသုတ်

၁၇။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ အသျှင်အာနန္ဒာသည် ဝေသာလီပြည် ဗေလုဝရွာငယ်၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ အဋ္ဌကမြို့သား ဒသမသူကြွယ်သည် ပါဋလိပုတ်ပြည်သို့ တစုံတခုသော ပြုဖွယ်ကိစ္စဖြင့် ရောက်လာ၏။

ထိုအခါ အဋ္ဌကမြို့သား ဒသမသူကြွယ်သည် ကုက္ကုဋာရာမ်ကျောင်း ရဟန်းတပါးထံသို့ချဉ်းကပ်ပြီးလျှင် ထိုရဟန်းကို ရှိခိုး၍ သင့်တင့် လျောက်ပတ်သော အရပ်၌နေလျက် ထိုရဟန်းအား— "အသျှင်ဘုရား အသျှင်အာနန္ဒာသည် ယခုအခါ အဘယ်အရပ်၌ သီတင်းသုံး နေတော်မူပါသနည်း၊ တပည့်တော်တို့သည် ထိုအသျှင်အာနန္ဒာကို ဖူးမြော်လိုပါကုန်၏"ဟု လျှောက်၏။ သူကြွယ် ဤအသျှင်အာနန္ဒာသည် ဝေသာလီပြည် ဗေလုဝရွာငယ်၌ သီတင်းသုံး နေတော်မူပေ၏ ဟု (မိန့်ဆို၏)။

ထိုအခါ အဋ္ဌကမြို့သား ဒသမသူကြွယ်သည် ပါဋလိပုတ်ပြည်၌ ပြုဖွယ်ကိစ္စကို ပြီးဆုံးစေပြီးနောက် ဝေသာလီပြည် ဗေလုဝရွာငယ် အသျှင်အာနန္ဒာထံသို့ ချဉ်းကပ်၍ အသျှင်အာနန္ဒာကို ရှိသေစွာ ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်နေ၏။

၁၈။ တခုသော နေရာ၌ထိုင်ပြီးသော် အဋ္ဌကမြို့သား ဒသမသူကြွယ်သည် အသျှင်အာနန္ဒာအား—"အသျှင်ဘုရားအာနန္ဒာ သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာသိတော်မူသော ထိုမြတ်စွာဘုရားသည် ဟောကြားထားတော်မူသော (ဤသို့သဘောရှိသော) တရားတခုသည် ရှိပါသလော၊ ယင်းတရား၌ မမေ့ မလျော့ ပြင်းစွာ အားထုတ်လျက် (နိဗ္ဗာန်သို့) စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍ နေသော ရဟန်းအား မလွတ်မြောက်သေးသော စိတ်သည်လည်း လွတ်မြောက်ရ၏၊ မကုန်ခန်းသေးသော အာသဝေါတို့သည်မူလည်း ကုန်ခန်းခြင်းသို့ ရောက်ကုန်၏၊ မရောက်ရသေးသော အတုမဲ့သော ယောဂ၏ကုန်ရာသို့လည်း ရောက်နိုင်၏၊ (ဤသို့ သဘောရှိသော တရားတခုသည် ရှိပါသလော")ဟု လျှောက်၏။

http://www.dhammadownload.com



သူကြွယ် သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာသိတော်မူသော ထိုမြတ်စွာဘုရားသည် ဟောကြားထားတော်မူသော (ဤသို့ သဘောရှိသော) တရားတခုသည် ရှိပေ၏၊ ယင်းတရား၌ မမေ့မလျော့ ပြင်းစွာ အားထုတ်လျက် (နိဗ္ဗာန်သို့) စေလွှတ်သောစိတ်ရှိသည်ဖြစ်၍နေသော ရဟန်းအား မလွတ်မြောက် သေးသောစိတ်သည်လည်း လွတ်မြောက်ရ၏၊ မကုန်ခန်းသေးသော အာသဝေါတို့သည်မူလည်း ကုန်ခန်းခြင်းသို့ ရောက်ကုန်၏၊ မရောက်ရသေးသော အတုမဲ့သော ယောဂ၏ကုန်ရာသို့လည်း ရောက်နိုင်၏၊ ဤသို့ သဘောရှိသော တရားတခုသည် ရှိပေ၏ဟု (မိန့်ဆို၏)။

အသျှင်ဘုရား အာနန္ဒာ သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကိုခံတော်မူထိုက်သော(အလုံးစုံသောတရားတို့ကို) ကိုယ်တိုင်မှန်စွာသိတော်မူသော ထိုမြတ်စွာဘုရားသည် ဟောကြားထားတော်မူသော တရားတခုသည် အဘယ်ပါနည်း၊ ယင်းတရား၌ မမေ့မလျော့ ပြင်းစွာအားထုတ်လျက် (နိဗ္ဗာန်သို့) စေလွှတ်သော စိတ်ရှိသည်ဖြစ်၍နေသော ရဟန်းအား မလွတ်မြောက်သေးသော စိတ်သည်လည်း လွတ်မြောက်ရ၏၊ မကုန်ခန်းသေးသော အာသဝေါတို့သည်မူလည်း ကုန်ခန်းခြင်းသို့ ရောက်ကုန်၏၊ မရောက်ရသေးသော အတုမဲ့သော ယောဂ၏ကုန်ရာသို့လည်း ရောက်နိုင်၏၊ (ဤသို့သဘောရှိသော တရားတခုဟူသည် အဘယ်ပါနည်းဟု လျှောက်၏)။

၁၉။ သူကြွယ် ဤသာသနာတော်၌ ရဟန်းသည် ကာမတို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်ခြင်း 'ဝိတက်' နှင့် တကွဖြစ်သော သုံးသပ်ဆင်ခြင်ခြင်း 'ဝိစာရ' နှင့်တကွဖြစ်သော (နီဝရဏ)ဆိတ်ခြင်းကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ရှိသော ပဌမစျာန်သို့ ရောက်၍နေ၏။ ထိုပုဂ္ဂိုလ်သည် ဤသို့ဆင်ခြင်၏—"ဤပဌမစျာန်သည်သည်း အပြုပြင်ခံတရားဖြစ်၏၊ စေ့ဆော်အားထုတ်မှုကြောင့် ဖြစ်ပေါ်၏၊ ယင်းအပြုပြင်ခံတရား စေ့ဆော်အားထုတ်မှုကြောင့် ဖြစ်သော တရားအားလုံးသည်လည်း အမြဲမရှိ၊ ချုပ်ပျောက်ခြင်း သဘောရှိ၏"ဟု သိ၏။

ထိုရဟန်းသည် ထိုတရား၌တည်လျက် အာသဝေါကုန်ခြင်းသို့ ရောက်၏။ အကယ်၍ အာသဝေါကုန်ခြင်းသို့ မရောက်သေးသည်ဖြစ်အံ့၊ ထိုတရား၌ တပ်မက်ခြင်းဖြင့် ထိုတရား၌ နှစ်သက်ခြင်းဖြင့် အောက်(ကာမ)ဘုံ၌ (ပဋိသန္ဓေ)နေခြင်းအဖို့ရှိကုန်သော သံယောဇဉ်ငါးပါးတို့ ကုန်ခြင်းကြောင့် (ဗြဟ္မာ့ဘုံ၌) ဥပပတ် (ပဋိသန္ဓေ) နေသူဖြစ်၏၊ ထို (ဗြဟ္မာ့)ဘုံ၌ သာ ပရိနိဗ္ဗာန်စံရ၏၊ ထို(ဗြဟ္မာ့)ဘုံမှ ပြန်လည်တတ်သော သဘောမရှိ။

သူကြွယ် ဤတရားသည်လည်း သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် ဟောကြားထားတော်မူသော တရားတခု ဖြစ်ပေ၏၊ယင်းတရား၌ မမေ့မလျော့ ပြင်းစွာအားထုတ်လျက် (နိဗ္ဗာန်သို့) စေလွှတ်သော စိတ်ရှိသည်ဖြစ်၍ နေသောရဟန်းအား မလွတ်မြောက်သေးသော စိတ်သည်လည်း လွတ်မြောက်ရ၏၊ မကုန်ခန်းသေးသော အာသဝေါ တို့သည်မူလည်း ကုန်ခန်းခြင်းသို့ ရောက်ကုန်၏၊ မရောက်ရသေးသော အတုမဲ့ ယောဂကုန်ရာသို့လည်း ရောက်နိုင်၏။ (၁)

http://www.dhammadownload.com



၂၀။ သူကြွယ် နောက်တမျိုးကား ရဟန်းသည် ဝိတက် ဝိစာရ ငြိမ်းခြင်းကြောင့် မိမိသန္တာန်၌ စိတ်ကိုကြည်လင်စေတတ်သော။ပ။ ဒုတိယဈာန်သို့ ရောက်၍နေ၏။ ထိုရဟန်းသည် ဤသို့ ဆင်ခြင်၏—ဤဒုတိယဈာန်သည်လည်း အပြုပြင်ခံ တရားဖြစ်၏၊ စေ့ဆော်အားထုတ်မှုကြောင့် ဖြစ်ပေါ်၏။ပ။ အတုမဲ့ဘေးကင်းရာသို့လည်း ရောက်နိုင်၏ဟု (ဆင်ခြင်၏)။ (၂)

သူကြွယ် နောက်တမျိုးကား ရဟန်းသည် နှစ်သိမ့်ခြင်း 'ပီတိ' ကိုလည်း မတပ်မက်ခြင်းကြောင့်။ပ။ တတိယဈာန်သို့ ရောက်၍နေ၏။ ထိုရဟန်းသည် ဤသို့ဆင်ခြင်၏—ဤ တတိယဈာန်သည်လည်း အပြုပြင်ခံ တရားဖြစ်၏၊ စေ့ဆော်အားထုတ်မှုကြောင့် ဖြစ်ပေါ်၏။ပ။ အတုမဲ့ဘေးကင်းရာသို့လည်း ရောက်နိုင်၏ဟု (ဆင်ခြင်၏)။ (၃)

သူကြွယ် နောက်တမျိုးကား ရဟန်းသည် ချမ်းသာဆင်းရဲကို ပယ်ခြင်းကြောင့်ငှင်း။ပ။ စတုတ္ထဈာန်သို့ ရောက်၍နေ၏။ ထိုရဟန်းသည် ဤသို့ဆင်ခြင်၏—ဤ စတုတ္ထဈာန်သည်လည်း အပြုပြင်ခံတရားဖြစ်၏၊ စေ့ဆော်အားထုတ်မှုကြောင့် ဖြစ်ပေါ်၏။ပ။ အတုမဲ့ ဘေးကင်းရာသို့လည်း ရောက်နိုင်၏ဟု (ဆင်ခြင်၏)။ (၄)

သူကြွယ် နောက်တမျိုးကား ရဟန်းသည် ချမ်းသာစေလိုခြင်း မေတ္တာနှင့် ယှဉ်သော စိတ်ဖြင့် တခုသောအရပ်မျက်နှာကို ပြန့်နှံ့စေ၍နေ၏။ ထို့အတူ နှစ်ခုမြောက် အရပ်မျက်နှာကို။ သုံးခုမြောက် အရပ်မျက်နှာကို။ လေးခုမြောက် အရပ်မျက်နှာကို ပြန့်နှံ့စေ၍နေ၏။ ဤနည်းဖြင့် အထက်အောက်ဖီလာ အရပ်မျက်နှာကို ပြန့်နှံ့စေ၍နေ၏။ အလုံးစုံသော အရပ်မျက်နှာတို့၌ ရှိသော သတ္တဝါအားလုံးကိုမိမိနှင့်အတူပြု၍ သတ္တဝါအားလုံး ပါဝင်သော သတ္တလောကကို ပြန့်ပြောသော မြင့်မြတ်သော အတိုင်းအရှည်မရှိသော ရန်မရှိသော ငြိုငြင်ခြင်းမရှိသော မေတ္တာနှင့်ယှဉ်သော စိတ်ဖြင့် ပြန့်နှံ့စေ၍နေ၏။ ထိုရဟန်းသည် ဤသို့ ဆင်ခြင်၏—"မေတ္တာဟူသော ဤလွတ်မြောက်သော စိတ်သည်လည်း အပြုပြင်ခံ တရားဖြစ်၏၊ စေ့ဆော်အားထုတ်မှုကြောင့် ဖြစ်ပေါ်၏၊ ယင်းအပြုပြင်ခံတရား စေ့ဆော်အားထုတ်မှုကြောင့် ဖြစ်ပေါ်လာသော တရားအားလုံးသည် အမြဲမရှိ ချုပ်ပျောက်ခြင်း သဘောရှိ၏"ဟု သိ၏။ ထို ရဟန်းသည် ထိုတရား၌ တည်လျက်။ပ။ မရောက်ဘူးသေးသော ယောဂကုန်ရာသို့လည်း ရောက်နိုင်၏။ (၅)

သူကြွယ် နောက်တမျိုးကား ရဟန်းသည် သနားခြင်း 'ကရုဏာ' နှင့် တကွဖြစ်သော စိတ်ဖြင့်။ပ။ ဝမ်းမြောက်ခြင်း 'မုဒိတာ' နှင့် တကွဖြစ်သော စိတ်ဖြင့်။ပ။ လျစ်လျူရှုခြင်း 'ဥပေက္ခာ' နှင့် တကွဖြစ်သော စိတ်ဖြင့် တခုသောအရပ်မျက်နှာကို ပြန့်နှံ့စေ၍နေ၏။ ထို့အတူ နှစ်ခုမြောက် အရပ်မျက်နှာကို။ သုံးခုမြောက် အရပ်မျက်နှာကို။ လေးခုမြောက် အရပ်မျက်နှာကို ပြန့်နှံ့စေ၍နေ၏။ ဤနည်းဖြင့် အထက် အောက် ဖီလာ အရပ်မျက်နှာကို ပြန့်နှံ့စေ၍နေ၏။ အလုံးစုံသော အရပ်မျက်နှာတို့၌ရှိသော သတ္တဝါအားလုံးပါဝင်သော သတ္တလောကကို ပြန့်ပြောသော မြင့်မြတ်သော အတိုင်းအရှည်မရှိသော ရန်မရှိသော ငြိုငြင်ခြင်းမရှိသော လျစ်လျူရှုခြင်း 'ဥပေက္ခာ' နှင့် ယှဉ်သော စိတ်ဖြင့် ပြန့်နှံ့စေ၍နေ၏။ ထိုရဟန်းသည် ဤသို့ ဆင်ခြင်၏—"ဥပေက္ခာဟူသော

http://www.dhammadownload.com



ဤလွတ်မြောက်သော စိတ်သည်လည်း အပြုပြင်ခံတရား ဖြစ်၏၊ စေ့ဆော်အားထုတ်မှုကြောင့် ဖြစ်ပေါ်၏၊ ယင်း အပြုပြင်ခံတရား စေ့ဆော် အားထုတ်မှုကြောင့် ဖြစ်ပေါ်လာသော တရားအားလုံးသည် အမြဲမရှိ၊ ချုပ်ပျောက်ခြင်း သဘောရှိ၏ဟု သိ၏။ ထိုရဟန်းသည် ထိုတရား၌ တည်လျက်။ပ။ မရောက်ဘူးသေးသော ယောဂကုန်ရာသို့လည်း ရောက်နိုင်၏။ (၆-၇-၈)

သူကြွယ် နောက်တမျိုးကား ရဟန်းသည် ရူပသညာတို့ကို လုံးဝလွန်မြောက်၍ ပဋိဃသညာတို့ လုံးဝချုပ်သည့်ပြင် နာနတ္တသညာတို့ကို လုံးဝနှလုံးမသွင်းမှု၍ "ကောင်းကင်သည် အဆုံးမရှိ" ဟု (နှလုံးသွင်းလျက်) အာကာသာနဉ္စာယတန သမာပတ်သို့ ရောက်၍နေ၏။ ထိုရဟန်းသည် ဤသို့ ဆင်ခြင်၏—"ဤ အာကာသာနဉ္စာယတနသမာပတ်သည်လည်း အပြုပြင်ခံ တရားဖြစ်၏၊ စေ့ဆော် အားထုတ်မှုကြောင့် ဖြစ်ပေါ်၏၊ ယင်း အပြုပြင်ခံ တရား စေ့ဆော်အားထုတ်မှုကြောင့် ဖြစ်ပေါ်သော တရားအားလုံးသည် အမြဲမရှိ၊ ချုပ်ပျောက်ခြင်း သဘောရှိ၏"ဟု သိ၏။ ထိုရဟန်းသည် ထိုတရား၌ တည်လျက်။ပ။ အထုမဲ့ ယောဂကုန်ရာသို့ ရောက်နိုင်၏။ (၉)

သူကြွယ် နောက်တမျိုးကား ရဟန်းသည် အာကာသာနဉ္စာယတနစျာန်ကို လုံးဝလွန်မြောက်၍"ဝိညာဉ်သည် အဆုံးမရှိ"ဟု နှလုံးသွင်းလျက် ဝိညာဏဉ္စာယတနသမာပတ်သို့ ရောက်၍ နေ၏။ ထိုရဟန်းသည် ဤသို့ ဆင်ခြင်၏—"ဤဝိညာဏဉ္စာယတနသမာပတ်သည်လည်း အပြုပြင်ခံ တရားဖြစ်၏၊ စေ့ဆော်အားထုတ်မှုကြောင့် ဖြစ်ပေါ်၏၊ ယင်းအပြုပြင်ခံတရား စေ့ဆော် အားထုတ်မှုကြောင့် ဖြစ်ပေါ်သော တရားအားလုံးသည် အမြဲမရှိ၊ ချုပ်ပျောက်ခြင်း သဘောရှိ၏"ဟု သိ၏။ ထိုရဟန်းသည် ထိုတရား၌ တည်လျက်။ပ။ အတုမဲ့ ယောဂကုန်ရာသို့ ရောက်နိုင်၏။ (၁၀)

သူကြွယ် နောက်တမျိုးကား ရဟန်းသည် ဝိညာဏဉ္စာယတနစျာန်ကို လုံးဝလွန်မြောက်၍ "တစုံတခုမျှ မရှိ"ဟု (နှလုံးသွင်းလျက်) အာကိဉ္စညာယတနသမာပတ်သို့ ရောက်၍ နေ၏။ ထိုရဟန်းသည် ဤသို့ ဆင်ခြင်၏—"ဤအာကိဉ္စညာယတနသမာပတ်သည်လည်း အပြုပြင်ခံတရား ဖြစ်၏၊ စေ့ဆော်အားထုတ်မှုကြောင့် ဖြစ်ပေါ်၏၊ ယင်းအပြုပြင်ခံတရား စေ့ဆော်အားထုတ်မှု ကြောင့် ဖြစ်ပေါ်သော တရားအားလုံးသည် အမြဲမရှိ၊ ချုပ်ပျောက်ခြင်းသဘောရှိ၏"ဟု သိ၏။

ထိုရဟန်းသည် ထိုတရား၌ တည်လျက် အာသဝေါကုန်ခြင်းသို့ ရောက်၏၊ အကယ်၍ အာသဝေါကုန်ခြင်းသို့ မရောက်သေးသည်ဖြစ်အံ့၊ထိုတရား၌ တပ်မက်ခြင်းဖြင့် ထိုတရား၌ နှစ်သက်ခြင်းဖြင့် အောက် (ကာမဘုံ)၌ (ပဋိသန္ဓေ) နေခြင်း အဘို့ရှိကုန်သော သံယောဇဉ်ငါးပါးတို့ ကုန်ခြင်းကြောင့်(ဗြဟ္မာ့)ဘုံ၌ ဥပပတ် (ပဋိသန္ဓေ)နေသူဖြစ်၏၊ ထို(ဗြဟ္မာ့)ဘုံ၌သာ ပရိနိဗ္ဗာန် စံရ၏၊ ထို(ဗြဟ္မာ့)ဘုံမှ ပြန်လည်တတ်သော သဘောမရှိ။

သူကြွယ် ဤတရားသည်လည်း သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် ဟောကြား တော်မူသော တရားတခုဖြစ်ပေ၏၊ ယင်းတရား၌ မမေ့မလျော့ ပြင်းစွာ အားထုတ်လျက် (နိဗ္ဗာန်သို့) စေလွှတ်သော စိတ်ရှိသည်ဖြစ်၍နေသော ရဟန်းအား မလွတ်မြောက်သေးသော

http://www.dhammadownload.com



စိတ်သည်လည်း လွတ်မြောက်ရ၏၊ မကုန်ခန်းသေးသော အာသဝေါတို့သည်မူလည်း ကုန်ခန်းခြင်းသို့ ရောက်ကုန်၏၊ မရောက်ရသေးသော အတုမဲ့ ယောဂကုန်ရာသို့လည်း ရောက်နိုင်၏ဟု (မိန့်ဆို၏)။ (၁၁)

၂၁။ ဤသို့ မိန့်တော်မူသော် အဋ္ဌကမြို့သား ဒသမသူကြွယ်သည် အသျှင်အာနန္ဒာအား— "အသျှင်ဘုရားအာနန္ဒာ တခုသော ရွှေအိုး၏ မျက်နှာဝကို ရှာသော ယောကျာ်းသည် တကြိမ်တည်းသာလျှင် တဆယ့်တလုံးသော ရွှေအိုးတို့၏ မျက်နှာဝတို့ကို ရရာသကဲ့သို့ ဤအတူသာလျှင် အကျွန်ုပ်သည် တခုသော အမြိုက်နိဗ္ဗာန်တံခါးကို ရှာလျက် တကြိမ်တည်းဖြင့်သာလျှင် တဆယ့်တခုသော အမြိုက်နိဗ္ဗာန်တံခါးတို့ကို ပွင့်များရန် ရရှိပါပြီ။

အသျှင်ဘုရား ယောကျာ်းတယောက်အား တံခါးတဆယ့်တပေါက်ရှိသော အိမ်သည် ရှိရာ၏၊ ထိုယောကျာ်းသည် ထိုအိမ်ကို မီးလောင်သည်ရှိသော် တပေါက်ပေါက်သော တံခါးဖြင့်လည်း မိမိကိုယ်ကို ချမ်းသာအောင် ပြုခြင်းငှါ စွမ်းနိုင်ရာသကဲ့သို့ အသျှင်ဘုရား ဤအတူသာလျှင် တပည့်တော်သည် ဤအမြိုက်နိဗ္ဗာန်တံခါးတဆယ့်တပေါက်တို့တွင် တပေါက်ပေါက်သော အမြိုက်နိဗ္ဗာန်တံခါးဖြင့်ပင် မိမိကိုယ်ကို ချမ်းသာအောင် ပြုခြင်းငှါ စွမ်းနိုင်ပါလတ္တံ့။

အသျှင်ဘုရား သာသနာတော်မှတပါး အခြားအယူဝါဒရှိကြကုန်သော ဤတိတ္ထိတို့သည်ပင် (ဆရာအတွက်) ဆရာစား ဥစ္စာကို ရှာမှီးကြတုံသေး၏၊ တပည့်တော်သည် အသျှင်မြတ်အာနန္ဒာအား ပူဇော်မှုကို အဘယ့်ကြောင့် မပြုပဲ ရှိပါအံ့နည်း"ဟု လျှောက်၏။

ထို့နောက် အဋ္ဌကမြို့သား ဒသမသူကြွယ်သည် ပါဋလိပုတ်ပြည်နှင့် ဝေသာလီပြည်နေ ရဟန်းသံဃာကို စည်းဝေး၍ မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ဖြင့် ရောင့်ရဲသည့်တိုင်အောင် တားမြစ်သည့်တိုင်အောင် မိမိကိုယ်တိုင် လုပ်ကျွေး၏၊ ရဟန်းတပါးတပါးကိုလည်း တစုံစီ တစုံစီသော သက်နှင်းဖြင့် ဖုံးလွှမ်းလှူဒါန်း၏။ အသျှင်အာနန္ဒာကို သုံးထည်သော သင်္ကန်းဖြင့် ဖုံးလွှမ်းလှူဒါန်း၏၊ အသျှင်အာနန္ဒာအတွက် ငါးရာတန်ကျောင်းကို ဆောက်လုပ်စေသတည်း။

နှစ်ခုမြောက် အဋ္ဌကနာဂရသုတ် ပြီး၏။

---

## ၃-သေခသုတ်

၂၂။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သက္ကတိုင်း ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ ကပိလဝတ်ပြည်သား သာကီဝင်မင်းသားတို့မှာ ရဟန်းဖြစ်စေ ပုဏ္ဏားဖြစ်စေ လူဖြစ်စေ တစုံတယောက်မျှ မသုံးဆောင်ရဘူးသေးသော ဆောက်လုပ်ပြီးစ မင်းကွန်းသစ်သည် ရှိလေ၏။ ထိုအခါ ကပိလဝတ်ပြည်သား သာကီဝင်မင်းသားတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကြပြီးလျှင် မြတ်စွာဘုရားကို ရှိသေစွာ ရှိခိုး၍ တခုသော နေရာ၌ ထိုင်ကြပြီးသော် မြတ်စွာဘုရားအား—

"အသျှင်ဘုရား ကပိလဝတ်ပြည်သား သာကီဝင်မင်းသားတို့မှာ ရဟန်းဖြစ်စေ ပုဏ္ဏားဖြစ်စေ လူဖြစ်စေ တစုံတယောက်မျှ မသုံးဆောင်ရဘူးသေးသော ဆောက်လုပ်ပြီးစ မင်းကွန်းသစ်သည်

http://www.dhammadownload.com



ရှိပါ၏၊ အသျှင်ဘုရား မြတ်စွာဘုရားသည် ထိုမင်းကွန်းကို ရှေးဦးစွာ သုံးဆောင်တော်မူပါလော့၊ မြတ်စွာဘုရားသည် ရှေးဦးစွာ သုံးဆောင်တော်မူပြီးသည့်နောက်မှ ကပိလဝတ်ပြည်သား သာကီဝင်မင်းသားတို့ သုံးဆောင်ကြပါကုန်လတ္တံ့၊ ထိုသို့ မြတ်စွာဘုရား ရှေးဦးစွာ သုံးဆောင်တော်မူခြင်းသည် ကပိလဝတ်ပြည်သား သာကီဝင်မင်းသားတို့အား ရှည်မြင့်စွာသော ကာလပတ်လုံး စီးပွါးဖြစ်ခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်ရာပါ၏”ဟု လျှောက်ကုန်၏။

မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေတော်မူခြင်းဖြင့် လက်ခံတော်မူ၏၊ ထိုအခါ ကပိလဝတ်ပြည်သား သာကီဝင်မင်းသားတို့သည် မြတ်စွာဘုရား လက်ခံတော်မူခြင်းကို သိသဖြင့် နေရာမှထကာ မြတ်စွာဘုရားကို ရှိခိုးလျက် အရိုအသေပြုကာ မင်းကွန်းဆီသို့ ချဉ်းကပ်ကြကုန်ပြီး၍ မင်းကွန်း၌ ခင်းနှီးအပြည့်ခင်းခြင်း ထိုင်နေစရာတို့ကို ပြင်ထားခြင်း ရေပြည့်အိုးကြီးကို တည်ထားခြင်း ဆီမီး ထွန်းထားခြင်းတို့ကို ပြုပြီးလျှင် မြတ်စွာဘုရားထံသို့ ချဉ်းကပ် ကြပြန်ကုန်၏၊ ချဉ်းကပ်ပြီး၍ မြတ်စွာဘုရားကို ရှိခိုးလျက် တခုသော နေရာ၌ ရပ်ပြီးသော် ကပိလဝတ်ပြည်သား သာကီဝင်မင်းသားတို့သည် မြတ်စွာဘုရားအား—

“အသျှင်ဘုရား မင်းကွန်း၌ ခင်းနှီးအပြည့်ခင်းပြီးပါပြီ၊ ထိုင်နေစရာတို့ကိုလည်း ပြင်ထားပြီးပါပြီ၊ ရေပြည့်အိုးကြီးကိုလည်း တည်ထားပြီးပါပြီ၊ ဆီ မီးကိုလည်း ထွန်းထားပြီးပါပြီ၊ အသျှင်ဘုရား ယခုအခါ ကြွတော်မူရန် အချိန်ကို မြတ်စွာဘုရား သိတော်မူပါသည်၊ (ကြွရန်မှာ မြတ်စွာဘုရား၏ အလိုအတိုင်းပင် ဖြစ်ပါသည်)ဟု လျှောက်ကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်တော်မူ၍ သပိတ် သင်္ကန်းကို ယူလျက် ရဟန်း သံဃာနှင့်တကွ မင်းကွန်းဆီသို့ ချဉ်းကပ်တော် မူပြီးလျှင် ခြေဆေး တော်မူ၍ မင်းကွန်းသို့ ဝင်ပြီးသော် အလယ်တိုင်ကို မှီလျက် အရှေ့ရပ်သို့ မျက်နှာမူကာ ထိုင်နေတော်မူ၏။

ရဟန်း သံဃာသည်လည်း ခြေဆေး၍ မင်းကွန်းသို့ ဝင်ပြီးသော် အနောက်ဖက် နံရံကို မှီလျက် အရှေ့အရပ်သို့ မျက်နှာမူကာ မြတ်စွာဘုရားကိုသာလျှင် ရှေ့ထား၍ ထိုင်နေ၏။

ကပိလဝတ်ပြည်သား သာကီဝင်မင်းသားတို့သည်လည်း ခြေဆေးကုန်၍ မင်းကွန်းသို့ ဝင်ကုန်ပြီးသော် အရှေ့ဖက် နံရံကို မှီလျက် အနောက်အရပ်သို့ မျက်နှာမူကာ မြတ်စွာဘုရားကိုသာလျှင် ရှေ့ထား၍ ထိုင်နေကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ကပိလဝတ်ပြည်သား သာကီဝင် မင်းသားတို့ကို ကြာမြင့်စွာ ညဥ့်အချိန် ပတ်လုံး တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်စေတော်မူပြီးလျှင် အသျှင်အာနန္ဒာအား— “အာနန္ဒာ ကပိလဝတ်ပြည်သား သာကီဝင်မင်းသားတို့အား သေက္ခတို့၏ အကျင့်ကို ထင်ရှား စေလော့၊ ငါဘုရား ကျောညောင်းတော်မူ၏၊ ငါသည် ကျောဆန့် ဦးအံ့”ဟု မိန့်တော်မူ၏။

“မြတ်စွာဘုရား ကောင်းပါပြီ”ဟူ၍ အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထား၏။ ထိုအခါ မြတ်စွာဘုရားသည် လေးထပ်ခေါက်ထားသော သင်္ကန်းကြီးကို ခင်းပြီး

http://www.dhammadownload.com



လျှင် လကျ်ာနံတောင်းဖြင့် (လကျ်ာ) ခြေတော်၌ (လက်ဝဲ) ခြေတော်ကို စဉ်းငယ်လွန်ကာ တင်ထား၍ အောက်မေ့ခြင်း'သတိ' ဆင်ခြင်ခြင်း'သမ္ပဇဉ်'နှင့် ပြည့်စုံသည်ဖြစ်၍ ထအံ့ဟု အမှတ်သညာကို နှလုံးသွင်းလျက် မြတ်သော အိပ်ခြင်းကို ပြုတော်မူ၏။

၂၃။ ထိုအခါ အသျှင်အာနန္ဒာသည် မဟာနာမ်သာကီဝင်မင်းသားကို မိန့်တော်မူ၏— မဟာနာမ် ဤသာသနာတော်၌ မြတ်စွာဘုရား၏ တပည့်သည် သီလနှင့်ပြည့်စုံ၏၊ ဣန္ဒြေတို့၌ စောင့်စည်းအပ်သော တံခါးရှိ၏၊ ဘောဇဉ်၌ အတိုင်းအရှည်ကိုသိ၏၊ နိုးကြားမှု၌ အားထုတ်၏၊ သူတော်ကောင်း တရားခုနစ်ပါးတို့နှင့် ပြည့်စုံ၏၊ အထူးစင်ကြယ်သော စိတ်၌ အပါအဝင် ဖြစ်ကုန်သော မျက်မှောက်ကိုယ်၌ ချမ်းချမ်းသာသာနေမှု ဖြစ်ကုန်သော ဈာန်လေးပါးတို့ကို အလိုရှိတိုင်း ရသူ မငြိုမငြင်ရသူ မပင်မပန်းရသူဖြစ်၏။

၂၄။ မဟာနာမ် အဘယ်သို့လျှင် မြတ်စွာဘုရား၏ တပည့်သည် သီလနှင့်ပြည့်စုံသနည်း— မဟာနာမ် ဤသာသနာတော်၌ မြတ်စွာဘုရား၏ တပည့်သည် သီလနှင့်ပြည့်စုံ၏၊ ပါတိမောက္ခ သံဝရသီလကို စောင့်ရှောက်လျက်နေ၏၊ အာစာရသီလ ဂေါစရသီလနှင့် ပြည့်စုံ၏၊ အနည်းငယ်မျှသော အပြစ်တို့၌သော်လည်း ကြောက်မက်ဖွယ်ဘေးဟု ရှုလေ့ရှိသည်ဖြစ်၍ သိက္ခာပုဒ်တို့၌ ကောင်းစွာ ဆောက်တည်၍ ကျင့်၏၊ မဟာနာမ် ဤသို့လျှင် မြတ်စွာဘုရား၏ တပည့်သည် သီလနှင့်ပြည့်စုံ၏။ (၁)

မဟာနာမ် အဘယ်သို့လျှင် မြတ်စွာဘုရား၏ တပည့် ဖြစ်သူသည် ဣန္ဒြေတို့၌ စောင့်စည်းအပ်သော တံခါးရှိသနည်း—မဟာနာမ် ဤသာသနာတော်၌ မြတ်စွာဘုရား၏ တပည့်သည် မျက်စိဖြင့် အဆင်း'ရူပါရုံ'ကို မြင်သော်(မိန်းမ ယောကျ်ား စသော) သဏ္ဌာန် နိမိတ်ကို စွဲယူလေ့မရှိ၊ (လက်ခြေ စသော အင်္ဂါ ပြုံးဟန်ရယ်ဟန်စသော)အမူအရာ အမှတ်လက္ခဏာကို စွဲယူလေ့မရှိ၊ (အကယ်၍) စက္ခုန္ဒြေကိုမစောင့်စည်းပဲ နေလျှင် ယင်း (စက္ခုန္ဒြေဟူသော) အကြောင်းကြောင့် မက်မောခြင်း 'အဘိဇ္ဈာ' နှလုံးမသာခြင်း 'ဒေါမနဿ'ဟူသော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ထိုမစောင့်စည်းသူကို လိုက်၍ နှိပ်စက်ကုန်ရာ၏၊ ထို့ကြောင့် ထိုမြတ်စွာဘုရား၏ တပည့်သည် ထိုစက္ခုန္ဒြေကို စောင့်စည်းခြင်းငှါကျင့်၏၊ စက္ခုန္ဒြေကို စောင့်စည်း၏၊ စက္ခုန္ဒြေ၌ စောင့်စည်းခြင်းသို့ ရောက်၏။ နားဖြင့် အသံ'သဒ္ဒါရုံ'ကို ကြားသော်။ပ။ နှာခေါင်းဖြင့် အနံ့'ဂန္ဓာရုံ'ကို နမ်းသော်။ပ။လျှာဖြင့် အရသာ'ရသာရုံ'ကို လျက်သော်။ပ။ ကိုယ်ဖြင့်အတွေ့အထိ 'ဖောဋ္ဌဗ္ဗာရုံ'ကို ထိသော်။ပ။ စိတ်ဖြင့် သဘော 'ဓမ္မာရုံ'ကို သိသော် မိန်းမ ယောကျ်ား စသော သဏ္ဌာန် နိမိတ်ကို စွဲယူလေ့မရှိ၊ (လက်ခြေ စသော အင်္ဂါ ပြုံးဟန် ရယ်ဟန် စသော အမူအရာ) အမှတ်လက္ခဏာကို စွဲယူလေ့မရှိ၊ (အကယ်၍) မနိန္ဒြေကို မစောင့်စည်းပဲနေလျှင် ယင်း(မနိန္ဒြေဟူသော) အကြောင်းကြောင့် မက်မောခြင်း 'အဘိဇ္ဈာ' နှလုံးမသာခြင်း 'ဒေါမနဿ'ဟူသော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ထို မစောင့်စည်းသူကို လိုက်၍ နှိပ်စက်ကုန်ရာ၏၊ (ထို့ကြောင့် ထိုမြတ်စွာဘုရား၏တပည့်သည်) ထိုမနိန္ဒြေကို စောင့်စည်းခြင်းငှါ ကျင့်၏၊ မနိန္ဒြေကို စောင့်စည်း၏၊ မနိန္ဒြေ၌ စောင့်စည်းခြင်းသို့ ရောက်၏။ မဟာနာမ် ဤသို့လျှင် မြတ်စွာဘုရား၏ တပည့်ဖြစ်သူသည် ဣန္ဒြေတို့၌ စောင့်စည်းအပ်သော တံခါးရှိ၏။ (၂)

http://www.dhammadownload.com



မဟာနာမ် အဘယ်သို့လျှင် မြတ်စွာဘုရား၏ တပည့်သည် ဘောဇဉ်၌ အတိုင်း အရှည်ကို သိသနည်း—မဟာနာမ် ဤသာသနာတော်၌ မြတ်စွာဘုရား၏ တပည့်သည် သင့်လျော်သော အကြောင်းအားဖြင့် ဆင်ခြင်၍ အာဟာရကို သုံးဆောင်၏၊ မြူးထူးရန်မဟုတ် မာန်ယစ်ရန် မဟုတ် (အသား)ပြည့်ဖြိုးရန်မဟုတ် (အရေအဆင်း)ကြည်လင်ရန်မဟုတ်၊ ဤကိုယ်သည် တည်တံ့ရန် မျှသာ မျှတရန်မျှသာ ဆာလောင်မွတ်သိပ်ခြင်းကို ပယ်ဖျောက်ရန်မျှသာ မြတ်သောအကျင့်ကို အားထုတ်ရန်မျှသာ အာဟာရကို သုံးဆောင်၏၊ ဤသို့ မှီဝဲခြင်းဖြင့် ဝေဒနာဟောင်းကိုလည်း ပယ်ဖျောက်အံ့၊ ဝေဒနာသစ်ကိုလည်း မဖြစ်စေအံ့၊ ငါ့အား မျှတခြင်းသည်၎င်း အပြစ်မရှိခြင်း သည်၎င်း ချမ်းသာစွာနေရခြင်းသည်၎င်း ဖြစ်လတ္တံ့ဟု အာဟာရကို သုံးဆောင်၏။ မဟာနာမ် ဤသို့လျှင် မြတ်စွာဘုရား၏တပည့်သည် ဘောဇဉ်၌ အတိုင်းအရှည်ကို သိ၏။ (၃)

မဟာနာမ် အဘယ်သို့လျှင် မြတ်စွာဘုရား၏တပည့်သည် နိုးကြားခြင်းကို အားထုတ်သနည်း— မဟာနာမ် ဤသာသနာတော်၌ မြတ်စွာဘုရား၏တပည့်သည် နေ့အခါ၌ စင်္ကြံသွားခြင်း ထိုင်ခြင်းဖြင့် ကုသိုလ်တရားတို့ကို ပိတ်ပင်တတ်သော နီဝရဏတရားတို့မှ စိတ်ကိုသုတ်သင်၏၊ ညဉ့်ဦးယံ၌ စင်္ကြံသွားခြင်း ထိုင်ခြင်းဖြင့် ကုသိုလ်တရားတို့ကို ပိတ်ပင်တတ်သော နီဝရဏတရား တို့မှ စိတ်ကိုသုတ်သင်၏၊ သန်ကောင်ယံ၌ လကျ်ာနံတောင်းဖြင့် (လကျ်ာ)ခြေ၌ (လက်ဝဲ)ခြေကို စဉ်းငယ်လွန်ကာတင်ထား၍ သတိဆင်ခြင်ဉာဏ်နှင့် ပြည့်စုံသည်ဖြစ်၍ ထအံ့ဟု အမှတ်သညာကို နှလုံးသွင်းလျက် မြတ်သောအိပ်ခြင်းကိုပြု၏၊ မိုးသောက်ယံ၌ စောစောထ၍ စင်္ကြံသွားခြင်း ထိုင်ခြင်းဖြင့် ကုသိုလ်တရားတို့ကို ပိတ်ပင်တတ်သော နီဝရဏတရားတို့မှ စိတ်ကိုသုတ်သင်၏၊ မဟာနာမ် ဤသို့လျှင် မြတ်စွာဘုရား၏တပည့်သည် နိုးကြားခြင်းကို အားထုတ်၏။ (၄)

၂၅။ မဟာနာမ် အဘယ်သို့လျှင် မြတ်စွာဘုရား၏တပည့်သည် သူတော်ကောင်းတရား ခုနစ်ပါးတို့နှင့် ပြည့်စုံသနည်း—မဟာနာမ် ဤသာသနာတော်၌ မြတ်စွာဘုရား၏တပည့်သည် ယုံကြည်မှု 'သဒ္ဓါ'တရားနှင့် ပြည့်စုံ၏၊ ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံမည်တော်မူ၏၊ (အလုံးစုံသောတရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသောအကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓမည်တော်မူ၏၊ အသိဉာဏ်'ဝိဇ္ဇာ' အကျင့် 'စရဏ'နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော အကြောင်းကြောင့်လည်း သုဂတမည်တော်မူ၏၊ လောကကို သိတော်မူသော အကြောင်းကြောင့်လည်း လောကဝိဒူ မည်တော်မူ၏၊ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ လွန်မြတ်သော ပုဂ္ဂိုလ်ဖြစ်တော်မူသော အကြောင်းကြောင့်လည်း အနုတ္တရောပုရိသဒမ္မသာရထိ မည်တော်မူ၏၊ နတ်လူတို့၏ဆရာ ဖြစ်တော်မူသော အကြောင်း ကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏ (သစ္စာလေးပါး တရားတို့ကို)ကိုယ်တိုင်သိ၍ သူတပါးတို့ကို သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓမည်တော်မူ၏၊ ဘုန်းတန်ခိုး ကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါမည်တော်မူ၏''ဟု မြတ်စွာဘုရား၏ ဗောဓိ ဉာဏ်ကိုယုံကြည်၏။

ရှက်ဘတ်သူဖြစ်၏၊ကာယဒုစရိုက်ကိုရင်း ဝစီဒုစရိုက်ကိုရင်း မနောဒုစရိုက်ကိုရင်း ရှက်တတ်၏၊ ယုတ်ညံ့သော အကုသိုလ်တရားတို့သို့ ရောက်ခြင်းမှ ရှက်တတ်၏၊ ကြောက်လန့်တတ်သူဖြစ်၏၊

http://www.dhammadownload.com



ကာယဒုစရိုက်မှုရင်း ဝစီဒုစရိုက်မှုရင်း မနောဒုစရိုက်မှုရင်း ကြောက်လန့်တတ်၏၊ ယုတ်ညံ့သော အကုသိုလ်တရားတို့သို့ ရောက်ခြင်းမှ ကြောက်လန့်တတ်၏၊ အကြားအမြင်များ၏၊ အကြားအမြင်ကို ဆောင်၏၊ အကြားအမြင်ကို စုဆောင်း၏၊ အစ၏ကောင်းခြင်း အလယ်၏ကောင်းခြင်း အဆုံး၏ ကောင်းခြင်းရှိကုန်သော အနက်သဒ္ဒါနှင့် ပြည့်စုံသည်ဖြစ်၍ ထက်ဝန်းကျင်ပြည့်စုံလျက် စင်ကြယ် သော မြတ်သောအကျင့်ကို ပြတတ်ကုန်သော တရားတို့ကို များစွာကြားနာဘူးကုန်၏၊ နှုတ်ဖြင့် ဆောင်ဘူးကုန်၏၊ လေ့ကျက်ဘူးကုန်၏၊ စိတ်ဖြင့် ဆင်ခြင်ဘူးကုန်၏၊ ပညာဖြင့် ထိုးထွင်း၍ သိဘူးကုန်၏၊ အကုသိုလ်တရားတို့ကို ပယ်ဖျောက်ခြင်းငှါ ကုသိုလ်တရားတို့ကို ပြည့်စုံစေခြင်းငှါ လုံ့လအားထုတ်သည် ဖြစ်၍နေ၏၊ ကုသိုလ်တရားတို့၌ အားထုတ်နိုင်စွမ်းရှိ၏၊ မြဲမြံသောလုံ့လရှိ၏၊ ဝန်ကိုမချထား၊ အောက်မေ့ခြင်းသတိရှိ၏၊ မြတ်သော သတိပညာနှင့်ပြည့်စုံ၏၊ ကြာမြင့်စွာက ပြုလုပ်ပြောဆိုဘူးသည်ကိုလည်း အောက်မေ့နိုင်၏၊ အဖန်ဖန်အောက်မေ့နိုင်၏၊ ပညာရှိ၏၊ ဖြစ်ပျက် မှုကိုသိစွမ်းနိုင်သော မြတ်သော ဖောက်ထွင်းနိုင်သော ဒုက္ခကင်းရာနိဗ္ဗာန်သို့ ကောင်းစွာရောက် စေတတ်သောပညာနှင့် ပြည့်စုံ၏။ မဟာနာမ် ဤသို့လျှင် မြတ်စွာဘုရား၏တပည့်သည် သူတော် ကောင်းဥစ္စာခုနစ်ပါးတို့နှင့် ပြည့်စုံ၏။ (၅-၁၁)

၂၆။ မဟာနာမ် အဘယ်သို့လျှင် မြတ်စွာဘုရား၏တပည့်သည် အထူးစင်ကြယ်သောစိတ်၌ အပါအဝင်ဖြစ်ကုန်သော မျက်မှောက်ကိုယ်၌ ချမ်းချမ်းသာသာနေမှုဖြစ်ကုန်သော ဈာန်လေးပါး တို့ကို အလိုရှိတိုင်းရသူ မငြိုမငြင်ရသူ မပင်မပန်းရသူ ဖြစ်သနည်း—

မဟာနာမ် ဤသာသနာတော်၌ မြတ်စွာဘုရား၏ တပည့်သည် ကာမတို့မှ ဆိတ်၍ သာလျှင်။ပ။ပဌမဈာန်သို့ ရောက်၍နေ၏။ ဝိတက် ဝိစာရငြိမ်းခြင်းကြောင့် မိမိသန္တာန်၌ စိတ်ကို ကြည်လင်စေတတ်သော။ပ။ဒုတိယဈာန်သို့ ရောက်၍နေ၏။ နှစ်သိမ့်ခြင်း 'ပီတိ' ကိုလည်း မတပ်မက် ခြင်းကြောင့်။ပ။တတိယဈာန်သို့ ရောက်၍နေ၏။ ချမ်းသာ ဆင်းရဲကို ပယ်ခြင်းကြောင့်၎င်း ရှေးဦးကပင်လျှင် ဝမ်းသာခြင်း နှလုံးမသာခြင်းတို့၏ ချုပ်နှင့်ခြင်းကြောင့်၎င်း။ပ။စတုတ္ထဈာန်သို့ ရောက်၍နေ၏။ မဟာနာမ် ဤသို့လျှင် မြတ်စွာဘုရား၏တပည့်သည် အထူးစင်ကြယ်သော စိတ်၌ အပါအဝင်ဖြစ်ကုန်သော မျက်မှောက်ကိုယ်၌ ချမ်းချမ်းသာသာနေမှုဖြစ်ကုန်သော ဈာန်လေးပါး တို့ကို အလိုရှိတိုင်းရသူ မငြိုမငြင်ရသူ မပင်မပန်းရသူဖြစ်၏။ (၁၂-၁၅)

၂၇။ မဟာနာမ် အကြင်ကြောင့် မြတ်စွာဘုရား၏တပည့်သည် ဤသို့ သီလနှင့်ပြည့်စုံ၏၊ ဤသို့ ဣန္ဒြေတို့၌ စောင့်စည်းအပ်သော တံခါးရှိ၏၊ ဤသို့ ဘောဇဉ်၌ အတိုင်းအရှည်ကိုသိ၏၊ ဤသို့ နိုးကြားမှု၌ အားထုတ်၏၊ ဤသို့ သူတော်ကောင်းတရား ခုနစ်ပါးတို့နှင့်ပြည့်စုံ၏၊ ဤသို့ အထူး စင်ကြယ်သော စိတ်၌ အပါအဝင်ဖြစ်ကုန်သော မျက်မှောက်ကိုယ်၌ ချမ်းချမ်းသာသာ နေမှု ဖြစ်ကုန်သော ဈာန်လေးပါးတို့ကို အလိုရှိတိုင်းရသူ မငြိုမငြင်ရသူ မပင်မပန်းရသူဖြစ်၏။ မဟာနာမ် (ထိုကြောင့်) ဤမြတ်စွာဘုရား၏တပည့်ကို သေခအကျင့်မြတ်နှင့် ပြည့်စုံသောသူဟူ၍ ဆိုရ၏။ မပုပ်သော ဥကဲ့သို့ ကိလေသာတို့ဖြင့် ပုပ်ခြင်းမရှိသော ဝိပဿနာဉာဏ်နှင့် ပြည့်စုံသည်ဖြစ်၍ အဝိဇ္ဇာတည်းဟူသော ဥခွံမှဖောက်ခွဲခြင်းငှါ ထိုက်၏၊ သစ္စာလေးပါးကို ထိုးထွင်း၍သိခြင်းငှါ ထိုက်၏၊ အတုမဲ့ယောဂကုန်ရာ နိဗ္ဗာန်ကိုရခြင်းငှါ ထိုက်၏။ မဟာနာမ် ကြက်မ၌ ရှစ်လုံးသော်၎င်း

http://www.dhammadownload.com



ဆယ်လုံးသော်ငှင်း တဆယ့်နှစ်လုံးသော်ငှင်း ဥတို့သည် ရှိကုန်ရာ၏၊ ထိုဥတို့ကို ကြက်မသည် ကောင်းစွာဝပ်အပ်ကုန်၏၊ ထက်ဝန်းကျင်မှ ကောင်းစွာ အငွေ့ပေးအပ်ကုန်၏၊ ထက်ဝန်းကျင်မှ ကောင်းစွာ (ကြက်နံ့ကို)ထုံစေအပ်ကုန်၏၊ ထိုကြက်မအား "ကြက်ငယ်တို့သည် ခြေသည်းဖျား နှုတ်သည်းဖျားဖြင့် ဥခွံကိုဖောက်ခွဲ၍ ချမ်းသာစွာ ထွက်မြောက်ပေါက်ဖွားလာကြပါကုန်မူကား ကောင်းလေစွ"ဟု ဤသို့သော အလိုဆန္ဒသည် မရှိငြားသော်လည်း အမှန်အားဖြင့် ထိုကြက်ငယ်တို့သည် ခြေသည်းဖျား နှုတ်သည်းဖျားဖြင့် ဥခွံကိုဖောက်ခွဲ၍ ချမ်းသာစွာ ထွက်မြောက် ပေါက်ဖွားခြင်းငှါ ထိုက်ကြကုန်သကဲ့သို့ မဟာနာမ် ဤအတူသာလျှင် အကြင့်ကြောင့် မြတ်စွာဘုရား၏တပည့်သည် ဤသို့သီလနှင့် ပြည့်စုံ၏၊ ဤသို့ ဣန္ဒြေတို့၌စောင့်စည်းအပ်သော တံခါးရှိ၏၊ ဤသို့ ဘောဇဉ်၌ အတိုင်းအရှည်ကို သိ၏၊ ဤသို့ နိုးကြားမှု၌ အားထုတ်၏၊ ဤသို့ သူတော်ကောင်းတရား ခုနစ်ပါးနှင့် ပြည့်စုံ၏၊ ဤသို့ အထူးစင်ကြယ်သော စိတ်၌ အပါအဝင်ဖြစ်ကုန်သော မျက်မှောက်ကိုယ်၌ ချမ်းချမ်းသာသာနေမှုဖြစ်ကုန်သော ဈာန်လေးပါးတို့ကို အလိုရှိတိုင်း ရသူ မငြိုမငြင်ရသူ မပင်မပန်းရသူ ဖြစ်၏။ မဟာနာမ် (ထို့ကြောင့်)ဤမြတ်စွာဘုရား၏တပည့်ကို သေခအကျင့်မြတ်နှင့် ပြည့်စုံသောသူတည်း၍ ဆိုရ၏။ မပုပ်သောဥကဲ့သို့ ကိလေသာတို့ဖြင့် ပုပ်ခြင်း မရှိသော ဝိပဿနာဉာဏ်နှင့် ပြည့်စုံသည်ဖြစ်၍ အဝိဇ္ဇာတည်းဟူသော ဥခွံမှ ဖောက်ခွဲခြင်းငှါ ထိုက်၏၊ သစ္စာလေးပါးကို ထိုးထွင်း၍ သိခြင်းငှါ ထိုက်၏၊ အတုမဲ့ ယောဂကုန်ရာ နိဗ္ဗာန်ကို ရခြင်းငှါ ထိုက်၏။

၂၈။ မဟာနာမ် ထိုမြတ်စွာဘုရား၏တပည့်သည် အတုမဲ့သော ဥပေက္ခာကြောင့်ဖြစ်သည့် ဤသတိ၏ စင်ကြယ်ခြင်းကိုသာလျှင် အစွဲပြု၍ များပြားသော ရှေး၌ဖြစ်ဘူးသောဘဝကိုအောက်မေ့နိုင်၏။ ဤသည်တို့ကား အဘယ်နည်း—

တဘဝကိုငှင်း နှစ်ဘဝတို့ကိုငှင်း။ပ။ ဤသို့အခြင်းအရာနှင့်တကွ ညွှန်ပြဖွယ် (အမည်အနွယ်) နှင့်တကွ များပြားသော ရှေး၌ ဖြစ်ဘူးသော ဘဝကို အောက်မေ့နိုင်၏။ ဤ (ပုဗ္ဗေနိဝါသာနုဿတိဉာဏ်)သည်ကား ကြက်ငယ်သည် ဥခွံတွင်းမှ ဖောက်ခွဲထွက်ပေါ်လာသကဲ့သို့ (အဝိဇ္ဇာဥခွံမှ) ထိုသူ၏ ရှေးဦးစွာ (ပဌမ) ဖောက်ခွဲထွက်ပေါ်လာခြင်းဖြစ်၏။ (၁)

မဟာနာမ် ထိုမြတ်စွာဘုရား၏တပည့်သည် အတုမဲ့သော ဥပေက္ခာကြောင့် ဖြစ်သည့် ဤသတိ၏ စင်ကြယ်ခြင်းကိုသာလျှင် အစွဲပြု၍ အထူးသဖြင့် စင်ကြယ်သောလူတို့၏ မျက်စိထက်သာလွန်သော နတ်မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု'ဉာဏ်ဖြင့် သေဆဲသတ္တဝါ ဖြစ်ပေါ်ဆဲသတ္တဝါ ယုတ်သောသတ္တဝါ မြတ်သောသတ္တဝါ အဆင်းလှသောသတ္တဝါ အဆင်းမလှသောသတ္တဝါ ကောင်းသော လားရာရှိသောသတ္တဝါ မကောင်းသော လားရာရှိသောသတ္တဝါတို့ကို (မြင်၏)။ပ။ ကံအားလျော်စွာ ဖြစ်သော သတ္တဝါတို့ကို သိ၏။ ဤ(ဒိဗ္ဗစက္ခုဉာဏ်)သည်ကား ကြက်ငယ်သည် ဥခွံတွင်းမှ ဖောက်ခွဲထွက်ပေါ်လာသကဲ့သို့ (အဝိဇ္ဇာဥခွံမှ) ထိုသူ၏ နှစ်ကြိမ်မြောက် (ဒုတိယ) ဖောက်ခွဲ ထွက်ပေါ်လာခြင်းဖြစ်၏။ (၂)

မဟာနာမ် ထိုမြတ်စွာဘုရား၏တပည့်သည် အတုမဲ့သော ဥပေက္ခာကြောင့်ဖြစ်သည့် ဤသတိ၏ စင်ကြယ်ခြင်းကိုသာလျှင် အစွဲပြု၍ အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါကင်းသော လွတ်မြောက်သော (အရဟတ္တဖိုလ်)စိတ်နှင့် လွတ်မြောက်သော (အရဟတ္တဖိုလ်) ပညာကို ယခုဘဝ၌ပင်လျှင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက်ပြုလျက် ရောက်၍ နေ၏။

http://www.dhammadownload.com



ဤ(အာသဝက္ခယဉာဏ်)သည်ကား ကြက်ငယ်သည် ဥခွံတွင်းမှ ဖောက်ခွဲ ထွက်ပေါ်လာသကဲ့သို့ (အဝိဇ္ဇာဥခွံမှ) ထိုသူ၏ သုံးကြိမ်မြောက် (တတိယ) ဖောက်ခွဲထွက်ပေါ်လာခြင်းဖြစ်၏။ (၃)

၂၉။ မဟာနာမ် မြတ်စွာဘုရား၏တပည့်သည် သီလနှင့် ပြည့်စုံ၏၊ ဤ(သီလနှင့်)ပြည့်စုံခြင်းသည်လည်း ထိုသူ၏ (နိဗ္ဗာန်ရောက်ကြောင်း) စရဏတည်း။ မဟာနာမ် မြတ်စွာဘုရား၏တပည့်သည် ဣန္ဒြေတို့၌ စောင့်စည်းအပ်သော တံခါးရှိ၏၊ ဤ (ဣန္ဒြေတို့ကို စောင့်စည်းခြင်း)သည်လည်း ထိုသူ၏ (နိဗ္ဗာန်ရောက်ကြောင်း)စရဏတည်း။ မဟာနာမ် မြတ်စွာဘုရား၏ တပည့်သည် ဘောဇဉ်၌ အတိုင်းအရှည်ကို သိ၏၊ ဤ(ဘောဇဉ်၌ အတိုင်းအရှည်ကို သိခြင်း)သည်လည်း ထိုသူ၏ (နိဗ္ဗာန်ရောက်ကြောင်း) စရဏတည်း။ မဟာနာမ် ထိုမြတ်စွာဘုရား၏ တပည့်သည် နိုးကြားမှု၌ အားထုတ်၏၊ ဤ(နိုးကြားမှု၌ အားထုတ်ခြင်း)သည်လည်း ထိုသူ၏ (နိဗ္ဗာန်ရောက်ကြောင်း) စရဏတည်း။ မဟာနာမ် မြတ်စွာဘုရား၏တပည့်သည် သူတော်ကောင်းတရား ခုနစ်ပါးတို့နှင့် ပြည့်စုံ၏၊ ဤ(သူတော်ကောင်းတရား ခုနစ်ပါးတို့နှင့် ပြည့်စုံခြင်း) သည်လည်း ထိုသူ၏ (နိဗ္ဗာန်ရောက်ကြောင်း) စရဏတည်း။ မဟာနာမ် မြတ်စွာဘုရား၏တပည့်သည် အထူးစင်ကြယ်သော စိတ်၌ အပါအဝင်ဖြစ်ကုန်သော မျက်မှောက်ကိုယ်၌ ချမ်းချမ်းသာသာနေမှု ဖြစ်ကုန်သော ဈာန်လေးပါးတို့ကို အလိုရှိတိုင်းရသူ မငြိုမငြင်ရသူ မပင်မပန်းရသူ ဖြစ်၏၊ (ဤဈာန်လေးပါးရခြင်း)သည်လည်း ထိုသူ၏(နိဗ္ဗာန်ရောက်ကြောင်း)စရဏတည်း။

မဟာနာမ် မြတ်စွာဘုရား၏တပည့်သည် များပြားသော ရှေး၌ ဖြစ်ဘူးသော ဘဝကို အောက်မေ့၏။ ဤသည်တို့ကား အဘယ်နည်း—တဘဝကိုင်း နှစ်ဘဝတို့ကိုင်း။ပ။ ဤသို့အခြင်းအရာနှင့်တကွ ညွှန်ပြဖွယ် (အမည်အနွယ်)နှင့်တကွ များပြားသော ရှေး၌ ဖြစ်ဘူးသော ဘဝကို အောက်မေ့၏။ ဤ(ပုဗ္ဗေနိဝါသာနုဿတိဉာဏ်)သည်လည်း ထိုသူ၏ ဝိဇ္ဇာဖြစ်၏။

မဟာနာမ် မြတ်စွာဘုရား၏တပည့်သည် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန်သော နတ်မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု'ဉာဏ်ဖြင့် သေဆဲသတ္တဝါ ဖြစ်ပေါ်ဆဲသတ္တဝါ ယုတ်သောသတ္တဝါ မြတ်သောသတ္တဝါ အဆင်းလှသောသတ္တဝါ အဆင်းမလှသောသတ္တဝါ ကောင်းသောလားရာရှိသောသတ္တဝါ မကောင်းသောလားရာရှိသော သတ္တဝါတို့ကို (မြင်၏)။ပ။ ကံအားလျော်စွာဖြစ်သော သတ္တဝါတို့ကိုသိ၏၊ဤ(ဒိဗ္ဗစက္ခုဉာဏ်)သည်လည်း ထိုသူ၏ ဝိဇ္ဇာဖြစ်၏။

မဟာနာမ် မြတ်စွာဘုရား၏တပည့်သည် အာသဝေါတရားတို့၏ကုန်ခြင်းကြောင့် အာသဝေါကင်းသော လွတ်မြောက်သော (အရဟတ္တဖိုလ်)စိတ်နှင့် လွတ်မြောက်သော (အရဟတ္တဖိုလ်) ပညာကို ယခုဘဝ၌ပင်လျှင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက်ပြုလျက် ရောက်၍ နေ၏။ ဤ(အာသဝက္ခယဉာဏ်)သည်လည်း ထိုသူ၏ ဝိဇ္ဇာ ဖြစ်၏။

မဟာနာမ် ဤသို့သဘောရှိသော မြတ်စွာဘုရား၏တပည့်ကို ဝိဇ္ဇာနှင့် ပြည့်စုံသောသူဟူ၍ ငင်း စရဏနှင့်ပြည့်စုံသောသူဟူ၍ငင်း ဝိဇ္ဇာစရဏနှင့်ပြည့်စုံသောဟူ၍ငင်းဆိုရ၏။

http://www.dhammadownload.com



၁၀။ မဟာနာမ် သနကုမာရပြဟ္မာသည်လည်း ဤဂါထာကို ဆို၏—

လူအပေါင်း၌ အကြင်သူတို့သည် အမျိုးအနွယ်ကို အားကိုးလေ့ ရှိကုန်၏၊ (ထိုသူတို့တွင်) မင်းမျိုးသည် မြတ်၏၊ နတ်လူအပေါင်း၌ (အကြင်သူသည်) အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ'နှင့် ပြည့်စုံ၏၊ ထိုသူသည် မြတ်၏ဟု(ဆို၏)။

မဟာနာမ် သနကုမာရပြဟ္မာသည် ထိုဂါထာကို ကောင်းစွာ သီဆိုပေ၏၊ မကောင်းသဖြင့် သီဆိုသည် မဟုတ်ပေ။ ကောင်းစွာ ရွတ်ဆိုပေ၏၊ မကောင်းသဖြင့် ရွတ်ဆိုသည် မဟုတ်ပေ။ အကျိုးနှင့်စပ်ပေ၏၊ အကျိုးနှင့်မစပ်သည် မဟုတ်ပေ။ မြတ်စွာဘုရားသည် သဘောတူတော်မူ၏ဟု (ဆို၏)။

ထိုအခါ မြတ်စွာဘုရားသည် ထတော်မူ၍ အသျှင်အာနန္ဒာအား "အာနန္ဒာ ကောင်းပေစွ၊ ကောင်းပေစွ၊ အာနန္ဒာ သင်သည် ကပိလဝတ်ပြည်သား သာကီဝင်မင်းသားတို့အား သေက္ခပုဂ္ဂိုလ်တို့၏ အကျင့်ကို ကောင်းစွာသာလျှင် ဟောကြားပေ၏" ဟု မိန့်တော်မူ၏။

အသျှင်အာနန္ဒာသည် ဤတရားစကားကို ဟောတော်မူ၏၊ မြတ်စွာဘုရားသည်လည်း ခွင့်ပြုတော်မူ၏၊ ကပိလဝတ်ပြည်သား သာကီဝင်မင်းသားတို့သည် အသျှင်အာနန္ဒာဟောသော တရားတော်ကို နှစ်ခြိုက်ဝမ်းမြောက်ကြကုန်၏။

သုံးခုမြောက် သေခသုတ် ပြီး၏။

---

## ၄-ပေါတလိယသုတ်

၁၁။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည်(မဟီမြစ်၏မြောက်ဖက်) အင်္ဂုတ္တိုင်း အာပဏနိဂုံး၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကိုပြင်ဝတ်၍ သပိတ် သင်္ကန်းကိုယူလျက် အာပဏနိဂုံးသို့ ဆွမ်းအလို့ငှါ ဝင်တော်မူ၏၊ အာပဏနိဂုံး၌ ဆွမ်းအလို့ငှါ လှည့်လည်ပြီး၍ ဆွမ်းခံရွာမှ ဖဲခဲ့ပြီးနောက် တခုသောတောအုပ်သို့ နေ့သန့်စင်ရန် ချဉ်းကပ်၏၊ ထိုတောအုပ်သို့သက်ဝင်၍ တခုသောသစ်ပင်ရင်း၌ နေ့သန့်စင်ရန် ထိုင်တော်မူ၏။

ပေါတလိယသူကြွယ်သည်လည်း ပြည့်စုံသော အဝတ်အရုံ ရှိသည် ဖြစ်၍ ထီးဆောင်းကာ ဘိနပ်စီးလျက် ဥယျောဉ်းပြေ လမ်းလျှောက်လှည့်လည်သော် တောအုပ်ဆီသို့ ချဉ်းကပ်ပြီးလျှင် တောအုပ်အတွင်းသို့ သက်ဝင်၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်လျက် မြတ်စွာဘုရားနှင့် အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆို ပြီးဆုံးစေပြီးနောက် တခုသောနေရာ၌ ရပ်တည်၏၊ တခုသောနေရာ၌ ရပ်နေသော ပေါတလိယ သူကြွယ်အား မြတ်စွာဘုရားသည်"သူကြွယ် နေရာတို့သည် များစွာရှိကုန်၏၊ အလိုရှိမူ ထိုင်လေ့" ဟု မိန့်တော်မူ၏။

http://www.dhammadownload.com



ဤသို့မိန့်တော်မူသော် ပေါတလိယသူကြွယ်သည် "ရဟန်းဂေါတမသည် ငါ့ကို သူကြွယ်ဟူသော အခေါ်အဝေါ်ဖြင့် ခေါ်ဝေါ်ပြောဆိုဘိသည်" ဟု အမျက်ထွက်လျက် နှလုံးမသာသည်ဖြစ်၍ (စကားမပြော) ဆိတ်ဆိတ်နေ၏။

နှစ်ကြိမ်မြောက်လည်း မြတ်စွာဘုရားသည်။ပ။ သုံးကြိမ်မြောက်လည်း မြတ်စွာဘုရားသည် ပေါတလိယသူကြွယ်ကို "သူကြွယ် နေရာတို့သည် များစွာရှိကုန်၏၊ အလိုရှိမူ ထိုင်လော့" ဟု မိန့်တော်မူ၏။ ဤသို့မိန့်တော်မူသော် ပေါတလိယသူကြွယ်သည် "ရဟန်းဂေါတမသည် ငါ့ကို သူကြွယ်ဟူသော အခေါ်အဝေါ်ဖြင့် ခေါ်ဝေါ်ပြောဆိုဘိသည်" ဟု အမျက်ထွက်လျက် နှလုံးမသာသည်ဖြစ်၍ မြတ်စွာဘုရားအား—"အသျှင်ဂေါတမ အသျှင်ဂေါတမသည် အကျွန်ုပ်ကို သူကြွယ်ဟူသော အခေါ်အဝေါ်ဖြင့် ခေါ်ဝေါ်ပြောဆိုခြင်းသည် မသင့်ဘင့် မလျောက်ပတ်ပါ"ဟု လျှောက်၏။

သူကြွယ် သင်၏ အမူအရာ အသွင် အပြင် ပုံပန်းတို့သည် သူကြွယ်ကဲ့သို့ပင် ဖြစ်ပေသည်ဟု (မိန့်တော်မူ၏)။ အသျှင်ဂေါတမ အကျွန်ုပ်သည် ခပ်သိမ်းသော လုပ်မှုကိစ္စတို့ကို ပယ်ထားပြီးပြီ၊ ခပ်သိမ်းသော လူ့အသုံးအနှုန်းတို့ကို ဖြတ်တောက်ထားပြီးပါပြီဟု (လျှောက်၏)။

သူကြွယ် အဘယ်သို့လျှင် သင်သည် ခပ်သိမ်းသော လုပ်မှုကိစ္စတို့ကို ပယ်ထားသနည်း၊ အဘယ်သို့လျှင် ခပ်သိမ်းသောလူ့အသုံးအနှုန်းတို့ကို ဖြတ်တောက်ထားသနည်းဟု(မေးတော်မူ၏)။အသျှင်ဂေါတမ အကျွန်ုပ်မှာရှိသော ဥစ္စာစပါး ငွေ ရွှေအားလုံးကို သားသမီးတို့အား အမွေပေးထားပြီးပြီ။ ထိုဥစ္စာစု၌ အကျွန်ုပ်သည် ဆုံးမခြင်းမရှိ ပြစ်တင်ပြောဆိုခြင်းမရှိပဲ စားလောက်ရုံ ဝတ်လောက်ရုံမျှ အတိုင်းအရှည်ဖြင့်သာ နေပါ၏။ အသျှင်ဂေါတမ ဤသို့လျှင် အကျွန်ုပ်သည် ခပ်သိမ်းသော လုပ်မှုကိစ္စတို့ကို ပယ်ထားပြီးပါပြီ၊ လူ့အသုံးအနှုန်းတို့ကို ဖြတ်တောက်ပြီးပါပြီဟု (လျှောက်၏)။

သူကြွယ် သင်ကား လူ့အသုံးအနှုန်းဖြတ်ပုံကို တမျိုးအားဖြင့် ပြောဆို၏၊ (ငါ)ဘုရား အဆုံးအမ၌ကား လူ့အသုံးအနှုန်း ဖြတ်တောက်ပုံသည် တမျိုးဖြစ်၏ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား အဘယ်သို့လျှင် မြတ်စွာဘုရား အဆုံးအမ၌ လူ့အသုံးအနှုန်း ဖြတ်ပုံဖြစ်ပါ သနည်း၊ တောင်းပန်ပါသည် မြတ်စွာဘုရား မြတ်စွာဘုရား၏ အဆုံးအမတော်၌ လူ့အသုံးအနှုန်း ဖြတ်တောက်မှုဖြစ်ပုံတရားတော်ကို အကျွန်ုပ်အား ဟောကြားတော်မူပါဟု (လျှောက်၏)။

သူကြွယ် သို့ဖြစ်လျှင် နားထောင်လော့၊ ကောင်းစွာ နှလုံးသွင်းလော့၊ ဟောကြားပေအံ့ဟု (မိန့်တော်မူ၏)။ "ကောင်းပါပြီ မြတ်စွာဘုရား"ဟု ပေါတလိယသူကြွယ်သည် မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထား၏။

၃၂။ မြတ်စွာဘုရားသည် ဤဆိုလတ္တံ့သော တရားတော်ကို ဟောတော်မူ၏—သူကြွယ် မြတ်စွာဘုရား၏ အဆုံးအမ၌ ရှစ်ပါးသော ဤတရားတို့သည် လူ့အသုံးအနှုန်းဖြတ်ခြင်းငှါ ဖြစ်ကုန်၏။ အဘယ်ရှစ်ပါးတို့နည်းဟူမူ—

အသက်မသတ်ခြင်းကိုမှီ၍ အသက်သတ်ခြင်းကို ပယ်ရမည် (၁)။

ပေးသောဥစ္စာယူခြင်းကိုမှီ၍ မပေးသောဥစ္စာယူခြင်းကို ပယ်ရမည် (၂)။

http://www.dhammadownload.com



မှန်ကန်သောစကားကိုမှီ၍ မမှန်သောစကားကို ပယ်ရမည် (၃)။

ကုန်းမတိုက်သောစကားကိုမှီ၍ ကုန်းတိုက်သောစကားကို ပယ်ရမည် (၄)။

မတပ်မက် မလိုချင်မှုကိုမှီ၍ တပ်မက်လိုချင်မှုကို ပယ်ရမည် (၅)။

မကဲ့ရဲ့ မချုတ်ချယ်ခြင်းကိုမှီ၍ ကဲ့ရဲ့ချုတ်ချယ်ခြင်းကို ပယ်ရမည် (၆)။

အမျက်မထွက်ခြင်း မပင်ပန်းခြင်းကိုမှီ၍ အမျက်ထွက်ခြင်း ပင်ပန်းခြင်းကို ပယ်ရမည် (၇)။

လွန်စွာမာန်မမူခြင်းကို မှီ၍ လွန်စွာမာန်မူခြင်းကို ပယ်ရမည်။ (၈)

သူကြွယ် အကျဉ်းအားဖြင့် ဟောကြား၍ အကျယ်အားဖြင့် မဝေဖန်ရသေးသော ဤတရားရှစ်ပါးတို့သည် မြတ်စွာဘုရား အဆုံးအမ၌ လူ့အသုံးအနှုန်း ပြတ်ခြင်းငှါ ဖြစ်ကုန်၏ဟု(မိန့်တော်မူ၏)။

အသျှင်ဘုရား အကျဉ်းအားဖြင့် ဟောကြား၍ အကျယ်အားဖြင့် မဝေဖန်ရသေးသော ဤတရား ရှစ်ပါးတို့သည် မြတ်စွာဘုရား အဆုံးအမ၌ လူ့အသုံးအနှုန်း ပြတ်ခြင်းငှါ ဖြစ်ကုန်၏၊ အသျှင်ဘုရား တောင်းပန်ပါ၏၊ မြတ်စွာဘုရားသည် တပည့်တော်အား အစဉ်သနားသည်ကို အကြောင်းပြု၍ ဤ တရားရှစ်ပါးတို့ကို အကျယ်ချဲ့ကာ ဝေဖန်တော်မူပါဟု (လျှောက်၏)။

သူကြွယ် ထိုသို့ဖြစ်လျှင် နားထောင်လော့၊ ကောင်းစွာ နှလုံးသွင်းလော့၊ ဟောပြပေအံ့ဟု (မိန့်တော်မူ၏)။ "အသျှင်ဘုရား ကောင်းပါပြီ"ဟု ပေါတလိယသူကြွယ်သည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထား၏။ မြတ်စွာဘုရားသည် ဤ တရားတော်ကို ဟောတော်မူ၏—

၃၃။ "အသက်မသတ်ခြင်းကို မှီ၍ အသက်သတ်ခြင်းကို ပယ်ရမည်" ဟူသော စကားကို (ငါဘုရား) ဟောထား၏၊ ထိုစကားကို အဘယ်ကို အစွဲပြု၍ ဟောထားသနည်း—သူကြွယ် ဤသာသနာတော်၌ မြတ်စွာဘုရား တပည့်သည် ဤသို့ဆင်ခြင်၏— ငါသည် အကြင် (အနှောင်အဖွဲ့) သံယောဇဉ်တို့၏ အကြောင်းကြောင့် အသက်ကို သတ်လေ့ရှိသူဖြစ်ရာ၏၊ ငါသည် ထို (အနှောင်အဖွဲ့) သံယောဇဉ်တို့ကို ပယ်ခြင်း အကြွင်းမဲ့ ဖြတ်ခြင်းငှါ ကျင့်ကြံနေ၏။ အကယ်၍ ငါသည် အသက်သတ်လေ့ရှိသူ ဖြစ်အံ့၊အသက်သတ်ခြင်း တည်းဟူသော အကြောင်းကြောင့် ငါ့ကို ငါကိုယ်တိုင်လည်း စွပ်စွဲရာ၏၊ အသက်သတ်ခြင်းတည်းဟူသော အကြောင်းကြောင့် ငါ့ကို ပညာရှိသူတော်ကောင်းတို့သည်လည်း ဆင်ခြင် နှိုင်းချိန်ကြကုန်၍ ကဲ့ရဲ့ကုန်ရာ၏၊ အသက်သတ်ခြင်း တည်းဟူသော အကြောင်းကြောင့် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ မကောင်းသော လားရာ ရှိသည်သာ ကေန်ဖြစ်ရမည်။ ဤအသက်သတ်ခြင်းပင်လျှင် (အနှောင်အဖွဲ့) သံယောဇဉ် ဖြစ်၏၊ ဤ အသက်သတ်ခြင်းပင်လျှင် ပိတ်ပင်တားဆီးတတ်သော နီဝရဏဖြစ်၏၊ အသက်သတ်ခြင်း တည်းဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာမည့် အာသဝေါတရား ပင်ပန်းခြင်း ပူပန်ခြင်း တရားတို့သည် အသက်သတ်ခြင်းမှ ရှောင်ကြဉ်သောသူအား မဖြစ်ပေါ်ကြကုန်။ "အသက်မသတ်ခြင်းကို မှီ၍ အသက်သတ်ခြင်းကို ပယ်ရမည်" ဟူသော ထိုစကားကို ဤ (ဆိုခဲ့ပြီးသော) အကြောင်းကို စွဲ၍ ဟောထား၏။

http://www.dhammadownload.com



၃၄။ "ပေးသောဥစ္စာယူခြင်းကို မှီ၍ မပေးသောဥစ္စာယူခြင်းကို ပယ်ရမည်" ဟူသော စကားကို (ငါဘုရား) ဟောထား၏၊ ထိုစကားကို အဘယ်ကို အစွဲပြု၍ ဟောထားသနည်း—သူကြွယ် ဤသာသနာတော်၌ မြတ်စွာဘုရား၏ တပည့်သားသည် ဤသို့ ဆင်ခြင်၏—ငါသည် အကြင် (အနှောင်အဖွဲ့) သံယောဇဉ်တို့၏ အကြောင်းကြောင့် မပေးသောဥစ္စာကို ခိုးယူလေ့ရှိသူ ဖြစ်ရာ၏၊ ငါသည် (ထိုအနှောင်အဖွဲ့) သံယောဇဉ်တို့ကို ပယ်ခြင်းငှါ အကြွင်းမဲ့ဖြတ်ခြင်းငှါ ကျင့်ကြံနေ၏။

အကယ်၍ ငါသည် မပေးသောဥစ္စာကို ခိုးယူလေ့ရှိသူဖြစ်အံ့၊ မပေးသောဥစ္စာကို ခိုးယူခြင်း တည်းဟူသော အကြောင်းကြောင့် ငါ့ကို ငါကိုယ်တိုင်လည်း စွပ်စွဲရာ၏၊ မပေးသော ဥစ္စာကို ခိုးယူခြင်းတည်းဟူသော အကြောင်းကြောင့် ငါ့ကို ပညာရှိ သူတော်ကောင်းတို့သည်လည်း ဆင်ခြင်နှိုင်းချိန်ကြကုန်၍ ကဲ့ရဲ့ကုန်ရာ၏၊ မပေးသောဥစ္စာကို ခိုးယူခြင်းတည်းဟူသော အကြောင်းကြောင့် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ မကောင်းသောလားရာ ရှိသည်သာ ကေန် ဖြစ်ရမည်။

ဤမပေးသော ဥစ္စာကို ခိုးယူခြင်းသည်ပင်လျှင် (အနှောင်အဖွဲ့) သံယောဇဉ်ဖြစ်၏၊ ဤမပေးသော ဥစ္စာကို ခိုးယူခြင်းသည်ပင်လျှင် ပိတ်ပင်တားဆီးတတ်သော နီဝရဏဖြစ်၏၊ မပေးသော ဥစ္စာကို ခိုးယူခြင်းတည်းဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာမည့် အာသဝေါတရား ပင်ပန်းခြင်း ပူပန်ခြင်း တရားတို့သည် မပေးသော ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်သောသူအား မဖြစ်ပေါ်ကြကုန်။ "ပေးသော ဥစ္စာယူခြင်းကိုမှီ၍ မပေးသော ဥစ္စာယူခြင်းကို ပယ်ရမည်' ဟူသော ထိုစကားကို ဤ (ဆိုခဲ့ပြီးသော)အကြောင်းကို အစွဲပြု၍ ဟောထား၏။

၃၅။ "မှန်ကန်သောစကားကို မှီ၍ မမှန်ကန်သော စကားကို ပယ်ရမည်" ဟူသော စကားကို (ငါဘုရား) ဟောထား၏၊ ထိုစကားကို အဘယ်ကို အစွဲပြု၍ ဟောထားသနည်း—သူကြွယ် ဤ သာသနာတော်၌ မြတ်စွာဘုရား၏ တပည့်သားသည် ဤသို့ဆင်ခြင်၏—ငါသည် အကြင် (အနှောင်အဖွဲ့) သံယောဇဉ်တို့၏ အကြောင်းကြောင့် မမှန်ကန်သော စကားကို ပြောဆိုလေ့ရှိသူ ဖြစ်ရာ၏၊ ငါသည် ထို(အနှောင်အဖွဲ့) သံယောဇဉ်တို့ကို ပယ်ခြင်း အကြွင်းမဲ့ဖြတ်ခြင်းငှါ ကျင့်ကြံနေ၏။

အကယ်၍ ငါသည်ပင်လျှင် မမှန်ကန်သော စကားကို ပြောဆိုလေ့ရှိသူဖြစ်အံ့၊ မမှန်ကန်သော စကားကို ပြောဆိုခြင်းတည်းဟူသော အကြောင်းကြောင့် ငါ့ကို ငါကိုယ်တိုင်လည်း စွပ်စွဲရာ၏၊ မမှန်ကန်သောစကားကို ပြောဆိုခြင်းတည်းဟူသော အကြောင်းကြောင့် ငါ့ကို ပညာရှိ သူတော်ကောင်းတို့သည်လည်း ဆင်ခြင်နှိုင်းချိန်ကြကုန်၍ ကဲ့ရဲ့ကုန်ရာ၏။

မမှန်ကန်သော စကားကို ပြောဆိုခြင်းတည်းဟူသော အကြောင်းကြောင့် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ မကောင်းသောလားရာ ရှိသည်သာ ကေန်ဖြစ်ရမည်။ ဤမမှန်ကန်သော စကားကို ပြောဆိုခြင်းသည်ပင်လျှင် (အနှောင်အဖွဲ့) သံယောဇဉ်ဖြစ်၏၊ ဤမမှန်ကန်သော စကားကို ပြောဆိုခြင်းသည်ပင်လျှင် ပိတ်ပင်တားဆီးတတ်သော နီဝရဏ ဖြစ်၏။ မမှန်ကန်သော စကားကို ပြောဆိုခြင်း တည်းဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာမည့် အာသဝေါတရား ပင်ပန်းခြင်း ပူပန်ခြင်းတရားတို့သည် မမှန်ကန်သော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်သော

http://www.dhammadownload.com



သူအား မဖြစ်ပေါ်နိုင်ကုန်။ "မှန်ကန်သောစကားကို မှီ၍ မမှန်ကန်သော စကားကို ပယ်ရမည်" ဟူသော ထိုစကားကို ဤ(ဆိုခဲ့ပြီးသော) အကြောင်းကို အစွဲပြု၍ ဟောထား၏။

၃၆။ "ကုန်းမတိုက်သော စကားကို မှီ၍ ကုန်းတိုက်သောစကားကို ပယ်ရမည်" ဟူသော စကားကို(ငါဘုရား)ဟောထား၏၊ထိုစကားကို အဘယ်ကိုအစွဲပြု၍ ဟောထားသနည်း—သူကြွယ် ဤသာသနာတော်၌ မြတ်စွာဘုရား၏ တပည့်သားသည် ဤသို့ ဆင်ခြင်၏—ငါသည် အကြင် (အနှောင်အဖွဲ့) သံယောဇဉ်တို့၏ အကြောင်းကြောင့် ကုန်းတိုက်သော စကားကို ဆိုသူဖြစ်ရာ၏၊ ငါသည် ထို (အနှောင်အဖွဲ့) သံယောဇဉ်တို့ကို ပယ်ခြင်း အကြင်းမဲ့ ဖြတ်ခြင်းငှါ ကျင့်ကြံနေ၏။

အကယ်၍ ငါသည် ကုန်းတိုက်သောစကားကို ပြောဆိုသူဖြစ်အံ့၊ ကုန်းတိုက်သောစကားကို ပြောဆိုခြင်း တည်းဟူသော အကြောင်းကြောင့် ငါ့ကို ငါကိုယ်တိုင်လည်း စွပ်စွဲရာ၏၊ ကုန်းတိုက်သော စကားကို ပြောဆိုခြင်း တည်းဟူသော အကြောင်းကြောင့် ငါ့ကို ပညာရှိ သူတော်ကောင်းတို့သည်လည်း ဆင်ခြင် နှိုင်းချိန်ကြကုန်၍ ကဲ့ရဲ့ကုန်ရာ၏၊ ကုန်းတိုက်သော စကားကို ပြောဆိုခြင်း တည်းဟူသော အကြောင်းကြောင့် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ မကောင်းသော လားရာ ရှိသည်သာ ဧကန်ဖြစ်ရမည်။

ဤကုန်းတိုက်သော စကားသည် ပင်လျှင် (အနှောင်အဖွဲ့)သံယောဇဉ် ဖြစ်၏၊ ဤကုန်းတိုက်သော စကားသည်ပင်လျှင် ပိတ်ပင်တားဆီးတတ်သော နီဝရဏ ဖြစ်၏။ ကုန်းတိုက်သော စကားကို ပြောဆိုခြင်း တည်းဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာမည့် အာသဝေါတရား ပင်ပန်းခြင်း ပူပန်ခြင်းတရားတို့သည် ကုန်းတိုက်သော စကားမှ ရှောင်ကြဉ်သူအား မဖြစ်ပေါ်နိုင်ကုန်။ "ကုန်းမတိုက်သော စကားကို မှီ၍ ကုန်းတိုက်သော စကားကို ပယ်ရမည်" ဟူသော ထိုစကားကို ဤ(ဆိုခဲ့ပြီးသော)အကြောင်းကို အစွဲပြု၍ ဟောထား၏။

၃၇။ "မတပ်မက် မလိုချင်မှုကို မှီ၍ တပ်မက်လိုချင်မှုကို ပယ်ရမည်" ဟူသော စကားကို (ငါဘုရား) ဟောထား၏။ထိုစကားကို အဘယ်ကို အစွဲပြု၍ ဟောထားသနည်း—သူကြွယ် ဤသာသနာတော်၌ မြတ်စွာဘုရား၏ တပည့်သားသည် ဤသို့ ဆင်ခြင်၏—ငါသည် အကြင် (အနှောင်အဖွဲ့) သံယောဇဉ်တို့၏ အကြောင်းကြောင့် တပ်မက်မှု လိုချင်မှုရှိသူဖြစ်ရာ၏၊ငါသည် ထို(အနှောင်အဖွဲ့)သံယောဇဉ်တို့ကို ပယ်ခြင်း အကြွင်းမဲ့ ဖြတ်ခြင်းငှါကျင့်ကြံနေ၏။

အကယ်၍ ငါသည် တပ်မက်လိုချင်မှု ရှိသူဖြစ်အံ့၊ တပ်မက်လိုချင်မှု တည်းဟူသော အကြောင်းကြောင့် ငါ့ကို ငါကိုယ်တိုင်လည်း စွပ်စွဲရာ၏။ ငါ့ကို တပ်မက်လိုချင်မှု တည်းဟူသော အကြောင်းကြောင့် ပညာရှိ သူတော်ကောင်းတို့သည်လည်း ဆင်ခြင် နှိုင်းချိန်ကြကုန်၍ ကဲ့ရဲ့ကုန်ရာ၏။ တပ်မက်လိုချင်မှု တည်းဟူသော အကြောင်းကြောင့် ကိုယ်ခန္ဓာ ပျက်စီး၍ သေပြီးသည်မှနောက်၌ မကောင်းသော လားရာရှိသည်သာ ဧကန်ဖြစ်ရမည်။

ဤတပ်မက်လိုချင်မှုသည်ပင်လျှင် အနှောင်အဖွဲ့ သံယောဇဉ် ဖြစ်၏၊ ပိတ်ပင်တားဆီးတတ်သော နီဝရဏဖြစ်၏၊ တပ်မက်လိုချင်မှု တည်းဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာမည့်

http://www.dhammadownload.com



အာသဝေါတရား ပင်ပန်းခြင်း ပူပန်ခြင်းတရားတို့သည် တပ်မက်လိုချင်မှုမှ ကြဉ်ရှောင်သောသူအား မဖြစ်ပေါ်နိုင်ကုန်။ "မတပ်မက် မလိုချင်မှုကို မှီ၍ တပ်မက်လိုချင်မှုကို ပယ်ရမည်" ဟူသော ထိုစကားကို ဤ(ဆိုခဲ့ပြီးသော)အကြောင်းကို အစွဲပြု၍ ဟောထား၏။

၃၇။ "မကဲ့ရဲ့ မချုတ်ချယ်ခြင်းကို မှီ၍ ကဲ့ရဲ့ချုတ်ချယ်ခြင်းကို ပယ်ရမည်" ဟူသော စကားကို (ငါဘုရား)ဟောထား၏၊ ထိုစကားကို အဘယ်ကို အစွဲပြု၍ ဟောထားသနည်း—သူကြွယ် ဤသာသနာတော်၌ မြတ်စွာဘုရား၏ တပည့်သားသည် ဤသို့ ဆင်ခြင်၏—ငါသည် အကြင် (အနှောင်အဖွဲ့)သံယောဇဉ်တို့၏ အကြောင်းကြောင့် ကဲ့ရဲ့ချုတ်ချယ်တတ်သော အလေ့ရှိသူ ဖြစ်ရာ၏။

ငါသည် ထို(အနှောင်အဖွဲ့) သံယောဇဉ်တို့ကို ပယ်ခြင်း အကြွင်းမဲ့ ဖြတ်ခြင်းငှါ ကျင့်ကြံနေ၏။ ငါသည် ကဲ့ရဲ့ချုတ်ချယ်တတ်သော အလေ့ရှိသူ ဖြစ်အံ့၊ ကဲ့ရဲ့ချုတ်ချယ်ခြင်း တည်းဟူသော အကြောင်းကြောင့် ငါ့ကို ငါကိုယ်တိုင်လည်း စွပ်စွဲရာ၏။ ငါ့ကို ကဲ့ရဲ့ချုတ်ချယ်ခြင်း တည်းဟူသော အကြောင်းကြောင့် ပညာရှိသူတော်ကောင်းတို့သည်လည်း ဆင်ခြင်နှိုင်းချိန်ကြကုန်၍ ကဲ့ရဲ့ကုန်ရာ၏။ ကဲ့ရဲ့ချုတ်ချယ်ခြင်း တည်းဟူသော အကြောင်းကြောင့် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ မကောင်းသောလားရာ ရှိသည်သာ ဧကန်ဖြစ်ရမည်။

ဤကဲ့ရဲ့ချုတ်ချယ်ခြင်းသည်ပင်လျှင် (အနှောင်အဖွဲ့) သံယောဇဉ်ဖြစ်၏၊ ဤကဲ့ရဲ့ ချုတ်ချယ်ခြင်းသည်ပင်လျှင် ပိတ်ပင်တားဆီးတတ်သော နီဝရဏ ဖြစ်၏၊ ကဲ့ရဲ့ချုတ်ချယ်ခြင်း တည်းဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာမည့် အာသဝေါတရား ပင်ပန်းခြင်း ပူပန်ခြင်း တရားတို့သည် ကဲ့ရဲ့ချုတ်ချယ်လေ့မရှိသူတို့အား မဖြစ်ပေါ်နိုင်ကုန်။ "မကဲ့ရဲ့ မချုတ်ချယ်ခြင်းကို မှီ၍ ကဲ့ရဲ့ချုတ်ချယ်ခြင်းကို ပယ်ရမည်" ဟူသော ထိုစကားကို ဤဆိုခဲ့ပြီးသော အကြောင်းကို အစွဲပြု၍ ဟောထား၏။

၃၈။ "အမျက်မထွက်ခြင်း မပင်ပန်းခြင်းကိုမှီ၍ အမျက်ထွက်ခြင်း ပင်ပန်းခြင်းကို ပယ်ရမည်" ဟူသော စကားကို(ငါဘုရား)ဟောထား၏၊ ထိုစကားကို အဘယ်ကို အစွဲပြု၍ ဟောထားသနည်း—သူကြွယ် ဤသာသနာတော်၌ မြတ်စွာဘုရား၏ တပည့်သားသည် ဤသို့ ဆင်ခြင်၏—ငါသည် အကြင် (အနှောင်အဖွဲ့) သံယောဇဉ်တို့၏ အကြောင်းကြောင့် အမျက်ထွက်လေ့ရှိသူ ပင်ပန်းလေ့ရှိ သူ ဖြစ်ရာ၏။

ငါသည် ထို(အနှောင်အဖွဲ့) သံယောဇဉ်တို့ကို ပယ်ခြင်း အကြွင်းမဲ့ ဖြတ်ခြင်းငှါ ကျင့်ကြံနေ၏။ အကယ်၍ ငါသည် အမျက်ထွက်လေ့ရှိသူ ပင်ပန်းလေ့ရှိသူဖြစ်အံ့၊ ငါ့ကို ငါကိုယ်တိုင်လည်း စွပ်စွဲရာ၏။ ငါ့ကို အမျက်ထွက်ခြင်း ပင်ပန်းခြင်းတည်းဟူသော အကြောင်းကြောင့် ပညာရှိသူတော်ကောင်းတို့သည် လည်း ဆင်ခြင်နှိုင်းချိန်ကြကုန်၍ ကဲ့ရဲ့ကုန်ရာ၏။

အမျက်ထွက်ခြင်း ပင်ပန်းခြင်း တည်းဟူသော အကြောင်းကြောင့် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ မကောင်း သောလားရာ ရှိသည်သာ ဧကန်ဖြစ်ရမည်။ ဤအမျက်ထွက်

http://www.dhammadownload.com



ခြင်း ပင်ပန်းခြင်းသည်ပင်လျှင် (အနှောင်အဖွဲ့)သံယောဇဉ် ဖြစ်၏။ ပိတ်ပင်တားဆီးတတ်သော နီဝရဏဖြစ်၏၊ အမျက်ထွက်ခြင်း ပင်ပန်းခြင်း တည်းဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာမည့် အာသဝေါတရား ပင်ပန်းခြင်း ပူပန်ခြင်း တရားတို့သည် အမျက်ထွက်လေ့မရှိသူ ပင်ပန်းလေ့မရှိသူ အား မဖြစ်ပေါ်နိုင်ကုန်။ "အမျက်မထွက်ခြင်း မပင်ပန်းခြင်းကိုမှီ၍ အမျက်ထွက်ခြင်း ပင်ပန်းခြင်း ကို ပယ်ရမည်" ဟူသော ထိုစကားကို ဤ (ဆိုခဲ့ပြီးသော) အကြောင်းကို အစွဲပြု၍ ဟောထား၏။

၄၀။ "လွန်စွာ မာန်မမူခြင်းကို မှီ၍ လွန်စွာ မာန်မူခြင်းကို ပယ်ရမည်" ဟူသော စကားကို (ငါဘုရား)ဟောထား၏၊ ထိုစကားကို အဘယ်ကို အစွဲပြု၍ ဟောထားသနည်း—သူကြွယ် ဤသာ သနာတော်၌ မြတ်စွာဘုရား၏ တပည့်သားသည် ဤသို့ ဆင်ခြင်၏—ငါသည် အကြင် (အနှောင် အဖွဲ့) သံယောဇဉ်တို့၏ အကြောင်းကြောင့် လွန်စွာ မာန်မူလေ့ရှိသူ ဖြစ်ရာ၏။

ငါသည် ထို(အနှောင်အဖွဲ့) သံယောဇဉ်တို့ကို ပယ်ခြင်း အကြင်းမဲ့ ဖြတ်ခြင်းငှါ ကျင့်ကြံနေ၏။ အကယ်၍ ငါသည် လွန်စွာ မာန်မူခြင်း ရှိသူဖြစ်အံ့၊ လွန်စွာ မာန်မူခြင်း တည်းဟူသော အကြောင်း ကြောင့် ငါ့ကို ငါကိုယ်တိုင်လည်း စွပ်စွဲရာ၏။ ငါ့ကို လွန်စွာ မာန်မူခြင်း တည်းဟူသော အကြောင်း ကြောင့် ပညာရှိသူတော်ကောင်းတို့သည်လည်း ဆင်ခြင်နှိုင်းချိန်ကြကုန်၍ ကဲ့ရဲ့ကုန်ရာ၏။ လွန်စွာ မာန်မူခြင်း တည်းဟူသော အကြောင်းကြောင့် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ မကောင်းသောလားရာ ရှိသည်သာ ကေန်ဖြစ်ရမည်။

ဤလွန်စွာ မာန်မူခြင်းသည်ပင်လျှင် (အနှောင်အဖွဲ့)သံယောဇဉ်ဖြစ်၏၊ ဤလွန်စွာ မာန်မူ ခြင်းသည်ပင်လျှင် ပိတ်ပင်တားဆီးတတ်သော နီဝရဏ ဖြစ်၏၊ လွန်စွာ မာန်မူခြင်း တည်းဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာမည့် အာသဝေါတရား ပင်ပန်းခြင်း ပူပန်ခြင်းတရားတို့သည် လွန်စွာ မာန်မူခြင်းမရှိသူအား မဖြစ်ပေါ်နိုင်ကုန်။ "လွန်စွာ မာန်မမူခြင်းကို မှီ၍ လွန်စွာ မာန်မူခြင်းကို ပယ်ရမည်"ဟူသော ထိုစကားကို ဤဆိုခဲ့ပြီးသော အကြောင်းကို အစွဲပြု၍ ဟောထား၏။

၄၁။ သူကြွယ် အကျဉ်းအားဖြင့် ဟောကြား၍ အကျယ်အားဖြင့် ဝေဖန်ထားသော အကြင် တရား ရှစ်ပါးတို့သည် မြတ်စွာဘုရား အဆုံးအမ၌ လူ့အသုံးအနှုန်းပြတ်ခြင်းငှါ ဖြစ်ကုန်၏။ ထို တရား ရှစ်ပါးတို့ဟူသည် ဤသည်တို့ပင်တည်း။ ထိုမျှလောက် ဖြင့် မြတ်စွာဘုရား အဆုံးအမ၌ အခါခပ်သိမ်း လုံးဝအသုံးအနှုန်း ပြတ်သည် မဟုတ်သေးသည်သာတည်း ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား အဘယ်သို့သော အခြင်းအရာအားဖြင့် မြတ်စွာဘုရား၏ အဆုံးအမ၌ အခါ ခပ်သိမ်း လုံးဝ အသုံးအနှုန်း ပြတ်ခြင်းသည် ဖြစ်ပါသနည်း—အသျှင်ဘုရား တောင်းပန်ပါ၏၊ မြတ်စွာဘုရားသည် မြတ်စွာဘုရား အဆုံးအမ၌ အခါခပ်သိမ်း လုံးဝ အသုံးအနှုန်း ပြတ်ခြင်း ဖြစ်ပုံ တရားတော်ကို အကျွန်ုပ်အား ဟောတော်မူပါ ဟု (လျှောက်၏)။

http://www.dhammadownload.com



သူကြွယ် ထိုသို့ ဖြစ်လျှင် နာလော့၊ ကောင်းစွာ နှလုံးသွင်းလော့၊ ဟောပြောအံ့ ဟု (မိန့်တော်မူ၏)။ "အသျှင်ဘုရား ကောင်းလှပါပြီ" ဟု ပေါတလိယသူကြွယ်သည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထား၏။ မြတ်စွာဘုရားသည် ဤတရားကို ဟောကြားတော်မူ၏။

**ကာမဂုဏ်တို့၏ အပြစ်ကို ဆိုရာစကား**

၄၂။ သူကြွယ် ဥပမာသော်ကား မွတ်သိပ်ဆာလောင်သဖြင့် အားနည်းရှိ နေသော ခွေးသည် နွားတို့ကို သတ်ဖြတ်ရာ စဉ်းဘီဘုန်းအနီး၌ ရှေးရှုတည်နေသည် ဖြစ်ရာ၏။ ကျွမ်းကျင်သော နွားသတ်သမားသည်၎င်း နွားသတ်သမား၏ တပည့်သည်၎င်း ကောင်းစွာ ခြစ်ယူခြင်းဖြင့် ခြစ်ယူထားပြီးသော အသားမရှိသော သွေးသားလိမ်းကျံနေသော အရိုးကို ထိုခွေး၏အနီးသို့ပင် ပစ်ပေးရာ၏။

သူကြွယ် ထိုစကားကို သင်အဘယ်သို့ မှတ်ထင်သနည်း—ထိုခွေးသည် ကောင်းစွာ ခြစ်ယူခြင်းဖြင့် ခြစ်ယူထားပြီးသော အသားမရှိ သွေးသာ လိမ်းကျံနေသော ဤအရိုးကို လျက်သော် မွတ်သိပ်ဆာလောင်သဖြင့် အားနည်းခြင်းကို ပယ်ဖျောက်နိုင်ပါမည်လော ဟု (မေးတော်မူ၏)။ အသျှင်ဘုရား မပယ်ဖျောက်နိုင်ပါ၊ အဘယ်ကြောင့်နည်း၊ အသျှင်ဘုရား ဤအရိုးသည် ကောင်းစွာ ခြစ်ယူခြင်းဖြင့် ခြစ်ယူထားရှိ အသားမရှိ သွေးသာ လိမ်းကျံနေသောကြောင့်တည်း။ အမှန်အားဖြင့် ထိုခွေးသည် ပင်ပန်းရှိ နွမ်းနယ်ရုံမျှသာ ဖြစ်ရာပါ၏ ဟု (လျှောက်၏)။

သူကြွယ် ဤအတူသာလျှင် မြတ်စွာဘုရား၏တပည့်သားသည် ဤသို့ ဆင်ခြင်၏—"ကာမဂုဏ်တို့သည် အရိုးနှင့် တူကုန်၏၊ များစွာ ဆင်းရဲခြင်း ရှိကုန်၏၊ များစွာ ပင်ပန်းခြင်း ရှိကုန်၏၊ ဤကာမဂုဏ်တို့၌ အပြစ်သည် များပြားလှ၏"ဟု မြတ်စွာဘုရားသည် ဟောကြားတော်မူ၏။

ဤသို့ ထိုကာမဂုဏ်ငါးပါးတို့ကို ဟုတ်မှန်သည့်အတိုင်း ကောင်းသောပညာဖြင့် မြင်၍ အထူးထူးသော သဘောရှိသော အထူးထူးသော သဘောကို မှီသော ဥပေက္ခာမျိုးကို ရှောင်ကြဉ်၍ တခုတည်းသော သဘောရှိသော တခုတည်းသော သဘောကို မှီသော အခါခပ်သိမ်း လောကသားများ တပ်မက်စရာ (ကာမဂုဏ်ငါးပါး)တို့ကို စွဲလမ်းခြင်း 'ဆန္ဒရာဂ' အကြွင်းမဲ့ ချုပ်ရာဖြစ်သော ဥပေက္ခာမျိုးကိုသာလျှင် ပွါးများ၏။

၄၃။ သူကြွယ် ဥပမာအားဖြင့် လင်းတသည်၎င်း ဘုံမတီးငှက်သည်၎င်း စွန်ရဲသည်၎င်း သားတစ်ကို ချီ၍ ပျံသွားရာ၏၊ ထိုသားတစ်ကို ချီ၍ပျံသော ငှက်သို့ လင်းတတို့သည်၎င်း ဘုံမတီးငှက်တို့သည်၎င်း စွန်ရဲတို့သည်၎င်း အစဉ်တစိုက် လိုက်ကုန် လိုက်ကုန်၍ ထိုးဆိတ်ကြကုန်ရာ၏၊ သားတစ်ကို လွှတ်ချစေကုန်ရာ၏၊ သူကြွယ် ထိုစကားကို သင်အဘယ်သို့ မှတ်ထင်သနည်း—အကယ်၍ လင်းတသည်၎င်း ဘုံမတီးငှက်သည်၎င်း စွန်ရဲသည်၎င်း ထိုအစာ သားတစ်ကို လျင်စွာသာလျှင် မစွန့်လွှတ်ငြားအံ့၊ ထိုသားတစ်ချီယူသော ငှက်သည် ထိုငှက်အပေါင်းတို့က လုယူ ထိုးဆိတ်ကြခြင်း ဟူသော အကြောင်းကြောင့် သေခြင်းသို့၎င်း သေလောက်သော ဆင်းရဲသို့၎င်း ရောက်ရာသည် မဟုတ်လောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မှန်ပါ၏ (ဟုလျှောက်၏)။

သူကြွယ် ဤအတူသာလျှင် မြတ်စွာဘုရား၏ တပည့်သားသည် ဤသို့ ဆင်ခြင်၏—"ကာမဂုဏ်တို့သည် သားတစ်နှင့် တူကုန်၏၊ များစွာ ဆင်းရဲခြင်းရှိကုန်၏၊ များစွာ ပင်ပန်းခြင်း ရှိကုန်၏၊

http://www.dhammadownload.com



ဤကာမဂုဏ် စည်းစိမ်တို့၌ အပြစ်သည် များပြားလှ၏”ဟု မြတ်စွာဘုရားသည် ဟောကြားတော်မူ၏၊ ဤသို့ ထိုကာမဂုဏ်ဘို့ကို ဟုတ်မှန်သည့်အတိုင်း ကောင်းသောပညာဖြင့်မြင်၍ အထူးထူးသော သဘောရှိသော အထူးထူးသော သဘောကိုမှီသော ဥပေက္ခာမျိုးကို ရှောင်ကြဉ်၍ တခုတည်းသော သဘောရှိသော တခုတည်းသော သဘောကိုမှီသော အခါခပ်သိမ်း လောကသားများ တပ်မက်စရာ (ကာမဂုဏ်ငါးပါး)ဘို့ကို စွဲလမ်းခြင်း ‘ဆန္ဒရာဂ’အကြွင်းမဲ့ ချုပ်ရာဖြစ်သော ထို ဥပေက္ခာမျိုးကိုသာလျှင် ပွါးများ၏။

၄၄။ သူကြွယ် ဥပမာတနည်းသော်ကား ယောကျ်ားသည် တောက်လောင်နေသော မြက်မီးရှူးကို ကိုင်ယူ၍ လေညာသို့ သွားလေရာ၏။ သူကြွယ် ထိုစကားကို သင်အဘယ်သို့ မှတ်ထင်သနည်း—အကယ်၍ ထိုယောကျ်ားသည် တောက်လောင်နေသော ထိုမြက်မီးရှူးကို လျင်မြန်စွာသာလျှင် မစွန့်သွတ်ငြားအံ့၊ ထိုတောက်လောင်နေသော မြက်မီးရှူးသည် ထိုယောကျ်ား၏ လက်ကိုသော်လည်း လောင်ရာ၏၊ လက်ရုံးကိုသော်လည်း လောင်ရာ၏၊ အင်္ဂါကြီးငယ်တခုခုကိုသော်လည်း လောင်ရာ၏၊ ထိုယောကျ်ားသည် ထိုမြက်မီးရှူး လောင်မြိုက်ခြင်း တည်းဟူသော အကြောင်းကြောင့် သေခြင်းသို့သော်၎င်း သေလောက်သော ဆင်းရဲသို့သော်၎င်း ရောက်ရာသည် မဟုတ်လော ဟု (မေးတော်မူ၏)။ အသျှင်ဘုရား မှန်ပါ၏ ဟု (လျှောက်၏)။ သူကြွယ် ဤအတူသာလျှင် မြတ်စွာဘုရား၏ တပည့်သားသည် ဤသို့ ဆင်ခြင်၏—“ကာမဂုဏ်တို့သည် မြက်မီးရှူးနှင့် တူကုန်၏၊ များစွာ ဆင်းရဲခြင်းရှိကုန်၏၊ များစွာ ပင်ပန်းခြင်း ရှိကုန်၏၊ ဤကာမဂုဏ်ဘို့၏ အပြစ်သည် များပြားလှ၏”ဟု မြတ်စွာဘုရားသည် ဟောကြားတော်မူ၏၊ ဤသို့ ဟုတ်မှန်သည့်အတိုင်း ကောင်းသောပညာဖြင့် မြင်၍။ပ။ ဥပေက္ခာမျိုးကိုသာလျှင် ပွါးများ၏။

၄၅။ သူကြွယ် ဥပမာတနည်းသော်ကား ကင်းသော မီးတောက် မီးခိုးရှိကုန်သော ယောကျ်ား၏ အရပ်ဘသူ အတိုင်းအရှည်ရှိကုန်သော မီးကျီးခဲတို့ဖြင့် ပြည့်သော မီးကျီးတွင်းသည် ရှိလေရာ၏။ ထိုအခါ အသက်ရှည်လို မသေလိုသော ချမ်းသာခြင်းကို အလိုရှိသော ဆင်းရဲမှုကို စက်ဆုပ်သော ယောကျ်ားတယောက်သည် ရောက်လာရာ၏။ ထိုယောကျ်ားကို အားရှိကုန်သော ယောကျ်ား နှစ်ယောက်တို့သည် လက်ရုံးတို့ကို အသီးအသီးကိုင်လျက် မီးကျီးတွင်းသို့ ဆွဲငင်ကုန်ရာ၏။

သူကြွယ် ထိုစကားကို သင်အဘယ်သို့ မှတ်ထင်သနည်း။ အမှန်အားဖြင့် ထိုယောကျ်ားသည် ထိုသို့ ဤသို့ ကိုယ်ကို ရုန်းကန်ရာသည် မဟုတ်လော ဟု (မေးတော်မူ၏)။ အသျှင်ဘုရား မှန်ပါ၏၊ အဘယ့်ကြောင့်နည်း၊ အသျှင်ဘုရား ထိုယောကျ်ားသည် “ငါသည် မီးကျီးတွင်းသို့ ကျအံ့၊ ထိုသို့ကျရောက်ခြင်းကြောင့် သေခြင်းသို့သော်၎င်း သေလောက်သော ဆင်းရဲခြင်းသို့သော်၎င်း ရောက်လေရာ၏” ဟု သိသောကြောင့်ပါတည်း ဟု (လျှောက်၏)။

သူကြွယ် ဤအတူသာလျှင် မြတ်စွာဘုရား၏ တပည့်သားသည် ဤသို့ ဆင်ခြင်၏—“ဤကာမဂုဏ်တရားဘို့သည် မီးကျီးတွင်းနှင့် တူကုန်၏၊ များစွာ ဆင်းရဲခြင်း ရှိကုန်၏၊ များစွာ ပင်ပန်းခြင်း ရှိကုန်၏၊ ဤကာမဂုဏ် တရား ငါးပါးတို့၌ အပြစ်သည် များပြားလှ၏” ဟု မြတ်စွာဘုရားသည် ဟောကြားတော်မူ၏၊ ဤသို့ ဟုတ်မှန်သည့်အတိုင်း ကောင်းသောပညာဖြင့် မြင်၍။ပ။ ဥပေက္ခာမျိုးကိုသာလျှင် ပွါးများရာ၏။

http://www.dhammadownload.com



၄၆။ သူကြွယ် ဥပမာတနည်းသော်ကား ယောကျ်ားသည် မွေ့လျော်ဖွယ်သော အရံ မွေ့လျော်ဖွယ်သော တောအုပ် မွေ့လျော်ဖွယ်သော မြေအပြင် မွေ့လျော်ဖွယ်သော ရေကန်ကို အိပ်မက်မြင်မက်ရာ၏၊ ထိုယောကျ်ားသည် နိုးသည်ရှိသော် တစုံတခုကိုမျှ မမြင်မတွေ့ရာသကဲ့သို့ သူကြွယ် ဤအတူသာလျှင် မြတ်စွာဘုရား၏တပည့်သားသည် ဤသို့ ဆင်ခြင်၏—"ကာမဂုဏ်တရားတို့သည် အိပ်မက်နှင့် တူကုန်၏၊ များစွာ ဆင်းရဲခြင်းရှိကုန်၏၊ များစွာ ပင်ပန်းခြင်းရှိကုန်၏၊ ဤကာမဂုဏ်တရားတို့၌ အပြစ်သည် များပြားလှ၏" ဟု မြတ်စွာဘုရားသည် ဟောကြားတော်မူ၏။ပ။ ဥပေက္ခာမျိုးကိုသာလျှင် ပွါးများရာ၏။

၄၇။ သူကြွယ် ဥပမာတနည်းသော်ကား ယောကျ်ားသည် ငှါးရမ်းထားသော ဥစ္စာဖြစ်သော ယာဉ် ယောကျ်ားဖြင့် ထိုက်တန်သော မြတ်သော ပတ္တမြားနားဒောင်းကို ငှါးရမ်း၍ ထိုငှါးရမ်းထားသော ဥစ္စာတို့ဖြင့် ဝတ်ဆင် ပန်းပြလျက် ဈေးတွင်းသို့ သွားရာ၏၊ ထိုယောကျ်ားကို လူအပေါင်းသည် မြင်၍—"အချင်းတို့ ဤယောကျ်ားသည် ဥစ္စာရှိပေစွတကား၊ ဥစ္စာရှိသူတို့သည် ဥစ္စာတို့ကို ဤသို့ပင် ခံစားကြကုန်၏" ဟု ပြောဆိုရာ၏။ ထိုယောကျ်ားကို ဥစ္စာရှင်တို့သည် တွေ့လေရာရာအရပ်၌ သာလျှင် မိမိပိုင် ဥစ္စာတို့ကို ယူကုန်ရာ၏။ သူကြွယ် ထိုစကားကို သင်အဘယ်သို့ မှတ်ထင်သနည်း။ ထိုယောကျ်ားအား တမျိုးတဖုံ ဖြစ်နိုင်ပါမည်လော ဟု (မေးတော်မူ၏)။ အသျှင်ဘုရား ဖြစ်နိုင်ပါ၏၊ အဘယ့်ကြောင့်နည်း။ အသျှင်ဘုရား ဥစ္စာရှင်တို့သည် မိမိပိုင် ဥစ္စာတို့ကို ယူကုန်သောကြောင့်ပါတည်း ဟု (လျှောက်၏)။ သူကြွယ် ဤအတူသာလျှင် မြတ်စွာဘုရား၏ တပည့်သားသည် ဤသို့ ဆင်ခြင်၏—"ကာမဂုဏ်တရားတို့သည် ခဏမျှ ငှါးရမ်းထားသော စည်းစိမ်ဥစ္စာနှင့် တူကုန်၏၊ များစွာ ဆင်းရဲခြင်းရှိကုန်၏၊ များစွာ ပင်ပန်းခြင်း ရှိကုန်၏၊ ဤကာမဂုဏ်တရားတို့၌ အပြစ်သည် များပြားလှ၏" ဟုမြတ်စွာဘုရားသည် ဟောကြားတော်မူ၏။ပ။ ဥပေက္ခာမျိုးကိုသာလျှင် ပွါးများရာ၏။

၄၈။ သူကြွယ် ဥပမာတနည်းသော်ကား ရွာ၏သော်ငြား နိဂုံး၏သော်ငြား မနီးမဝေး၌ ထူထပ်သော တောအုပ်သည် ရှိရာ၏၊ ထိုတောအုပ်၌ သစ်ပင်တပင်သည် ချိုမြိန်ကောင်းမြတ်သော အသီးလည်း ရှိရာ၏၊ များပြားသော အသီးလည်း ရှိရာ၏၊ မြေ၌ ကျွေကျသော တစုံတခုသောအသီးမျှလည်း မရှိရာ။ ထိုအခါ အသီးကို အလိုရှိသည်ဖြစ်၍ အသီးရှာသော ယောကျ်ားသည် အသီးရှာ လှည့် လည်လာရာ၏။ထိုယောကျ်ားသည် ထိုတောအုပ်သို့ သက်ဝင်၍ ချိုမြိန်ကောင်းမြတ်သော အသီးများသော အသီးရှိသော ထိုသစ်ပင်ကိုမြင်လေရာ၏။

ထိုယောကျ်ားအား ဤသို့သော အကြံအစည်သည် ဖြစ်ရာ၏—"ဤသစ်ပင်သည် ချိုမြိန်ကောင်းမြတ်သော အသီးလည်း ရှိ၏၊ များသော အသီးလည်း ရှိ၏၊ မြေ၌ ကျွေကျသော တစုံတခုသော အသီးမျှလည်း မရှိ၊ ငါသည် သစ်ပင်ကိုတက်ရန် နားလည်၏၊ ဤသစ်ပင်ကို တက်၍ အလိုရှိတိုင်းစား၍ ခါးပိုက်ကိုလည်း ပြည့်စေရမူ ကောင်းလေစွ" ဟု(အကြံအစည် ဖြစ်ရာ၏)။ ထိုသူသည် ထိုသစ်ပင်ကိုတက်၍ အလိုရှိတိုင်းလည်း စားရာ၏၊ခါးပိုက်ကိုလည်း ပြည့်စေရာ၏။

ထို့နောက် အသီးကို အလိုရှိသည်ဖြစ်၍ အသီးကိုရှာသော ဒုတိယယောကျ်ားသည် ထက်လှစွာသော ဓားမကိုယူ၍ အသီးရှာ လှည့်လည်လာရာ၏၊ ထိုဒုတိယယောကျ်ားသည် ထိုတောအုပ်သို့ သက်ဝင်၍ ချိုမြိန်သောအသီး များသောအသီးရှိသော ထိုသစ်ပင်ကို မြင်လေရာ၏၊ထိုယောကျ်ား

http://www.dhammadownload.com



အား ဤသို့သော အကြံအစည်ဖြစ်၏ "ဤသစ်ပင်သည် ချိုမြိန်သောအသီးလည်း ရှိ၏၊ များသော အသီးလည်းရှိ၏၊ မြေ၌ ကျွေကျသော တစုံတခုသော အသီးမျှလည်း မရှိ။ ငါသည် သစ်ပင်ကို တက်ရန် နားမလည်၊ ငါသည် ဤသစ်ပင်ကို အရင်းမှ ဖြတ်ပြီးလျှင် အလိုရှိတိုင်းစား၍ ခါးပိုက်ကိုလည်း ပြည့်စေရမူ ကောင်းလေစွ ဟု (အကြံအစည်ဖြစ်၏)။ထိုသူသည် ထိုသစ်ပင်ကို အရင်းက သာလျှင် ဖြတ်လေရာ၏။

သူကြွယ် ထိုစကားကို သင်အဘယ်သို့ မှတ်ထင်သနည်း။ ရှေးဦးစွာ သစ်ပင်တက်သော ဤမည်သော ယောကျ်ားသည် အကယ်၍ လျင်မြန်စွာ မဆင်းသက်ငြားအံ့၊ ထိုသစ်ပင် လဲသည်ရှိသော် ယောကျ်ား၏လက်သည်မူလည်း ကျိုးရာ၏၊ ခြေထောက်သည်မူလည်း ကျိုးရာ၏၊ အင်္ဂါကြီးငယ် တခုခုသည်လည်း ကျိုးပဲ့ပျက်စီးရာ၏။ ထိုရှေးဦးစွာ သစ်ပင် တက်နှင့်သော ယောကျ်ားသည် သစ်ပင်လဲခြင်းကြောင့် သေဆုံးခြင်းသို့ သော်၎င်း သေလောက်သော ဆင်းရဲသို့သော်၎င်း ရောက်ရာသည် မဟုတ်သော ဟု (မေးတော်မူ၏)။ အသျှင်ဘုရား မှန်ပါ၏ (ဟု လျှောက်၏)။

သူကြွယ် ဤအတူသာလျှင် မြတ်စွာဘုရား၏တပည့်သားသည် ဤသို့ဆင်ခြင်၏— "ကာမဂုဏ်တို့သည် ချိုမြိန်ကောင်းမြတ်သော အသီးရှိသော သစ်ပင်နှင့် တူကုန်၏၊ များစွာ ဆင်းရဲခြင်းရှိကုန်၏၊ များစွာ ပင်ပန်းခြင်း ရှိကုန်၏၊ ဤကာမဂုဏ်တို့၌ အပြစ်သည် များပြားလှ၏" ဟု မြတ်စွာဘုရားသည် ဟောကြားတော်မူ၏။

ဤသို့ ဟုတ်မှန်သည့်အတိုင်း ကောင်းသောပညာဖြင့် မြင်၍ အထူးထူးသော သဘောရှိသော အထူးထူးသောသဘောကို မှီသော ဥပေက္ခာမျိုးကို ရှောင်ကြဉ်၍ တခုတည်းသော သဘောရှိသော တခုတည်းသော သဘောကို မှီသော အခါခပ်သိမ်း လောကသားများ တပ်မက်စရာ (ကာမဂုဏ် ငါးပါး) တို့ကို စွဲလန်းခြင်း 'ဆန္ဒရာဂ'အကြွင်းမဲ့ ချုပ်ငြိမ်းရာဖြစ်သော ဥပေက္ခာမျိုးကိုသာလျှင် ပွါးများရာ၏။

၄၉။ သူကြွယ် မြတ်စွာဘုရား၏ တပည့်သားသည် ဤအတုမဲ့သော ဥပေက္ခာကြောင့် ဖြစ်သော သတိ၏ စင်ကြယ်ခြင်းကိုသာလျှင် အစွဲပြု၍ များပြားသော ရှေးကနေခဲ့ဘူးသော ခန္ဓာ အစဉ်ကို အောက်မေ့နိုင်၏၊ ဤရှေး၌ နေဘူးသော ဘဝဟူသည် အဘယ်နည်း။တဘဝကိုင်း နှစ်ဘဝ တို့ကိုင်း။ပ။ ဤသို့ အခြင်းအရာနှင့်တကွ ညွှန်ပြဖွယ် အမည်အနွယ်နှင့်တကွ ရှေးက နေခဲ့ဘူးသော ခန္ဓာအစဉ်ကို အောက်မေ့နိုင်၏။

သူကြွယ် ထိုမြတ်စွာဘုရား၏ တပည့်သားသည် အတုမဲ့သော ဥပေက္ခာကြောင့် ဖြစ်သော သတိ၏စင်ကြယ်ခြင်းကိုသာလျှင် အစွဲပြု၍ လူတို့၏မျက်စိကိုလွန်သော စင်ကြယ်လှစွာသော နတ်မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု'ဉာဏ်ဖြင့် သတ္တဝါအပေါင်းတို့ကို မြင်၏၊ စုတေဆဲသတ္တဝါတို့ကိုင်း ပဋိသန္ဓေနေဆဲသတ္တဝါတို့ကိုင်း ယုတ်သောသတ္တဝါ မြတ်သောသတ္တဝါ အဆင်းလှသောသတ္တဝါ အဆင်းမလှသောသတ္တဝါ ကောင်းသော လားရာရှိသောသတ္တဝါ မကောင်းသော လားရာရှိသော သတ္တဝါ။ပ။ မိမိတို့ ကံအားလျော်စွာ ကပ်ရောက်ကြကုန်သော သတ္တဝါတို့ကို သိမြင်၏။

သူကြွယ် ထိုမြတ်စွာဘုရား၏ တပည့်သားသည် ဤအတုမဲ့သော ဥပေက္ခာကြောင့် ဖြစ်သော သတိ၏ စင်ကြယ်ခြင်းကိုသာလျှင် အစွဲပြု၍ အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါ တရား မရှိသော လွတ်မြောက်သော (အရဟတ္တဖိုလ်)စိတ်နှင့် လွတ်မြောက်သော (အရဟတ္တဖိုလ်)

http://www.dhammadownload.com



ပညာကို ယခုဘဝ၌ပင်လျှင် ကိုယ်ဘိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ပြည့်စုံစေ၍ နေ၏။ သူကြွယ် ဤဆိုအပ်ပြီးသော အတိုင်းအရှည်ဖြင့်သာလျှင် မြတ်စွာဘုရား၏ အဆုံးအမ၌ အခါ ခပ်သိမ်း လုံးဝ အသုံးအနှုန်း ပြတ်ခြင်းသည် ဖြစ်ပေ၏။

၅၀။ သူကြွယ် ထိုစကားကို သင်အဘယ်သို့ မှတ်ထင်သနည်း။ မြတ်စွာဘုရား အဆုံးအမ၌ အခါခပ်သိမ်း လုံးဝ အသုံးအနှုန်း ပြတ်မှု ဖြစ်ပုံ နည်းလမ်းအားဖြင့် အသုံးအနှုန်း ပြတ်ပုံကို သင်သည် မိမိသန္တာန်၌ တွေ့မြင်ပါ၏လော ဟု (မေးတော်မူ၏)။

အသျှင်ဘုရား တပည့်တော်သည် ဘယ်လို အစား ဖြစ်ပါသနည်း၊ မြတ်စွာဘုရား အဆုံးအမ တော်၌ အခါခပ်သိမ်း လုံးဝအသုံးအနှုန်း ပြတ်မှုသည် ဘယ်လိုအစား ဖြစ်ပါမည်နည်း။ အသျှင်ဘုရား တပည့်တော်သည် မြတ်စွာဘုရား၏ အဆုံးအမ တော်၌ အခါခပ်သိမ်း လုံးဝအသုံးအနှုန်းပြတ်ခြင်းမှ ဝေးကွာလှပါ၏။

အသျှင်ဘုရား တပည့်တော်တို့သည် ရှေးအခါက အယူတမျိုးရှိကုန်သော ပရိဗိုဇ်တို့ကို မသိသူ များ ဖြစ်ကုန်လျက် သိသူများဟု အောက်မေ့ခဲ့ကြပါကုန်၏၊ မသိသူများ ဖြစ်ပါလျက် သိသူများအား ကျွေးမွေးထိုက်သော ဘောဇဉ်ကို ကျွေးမွေးခဲ့မိကြပါကုန်၏။ မသိသူများ ဖြစ်ပါလျက် သိသူများ အရာ၌ ထားခဲ့မိကြပါကုန်၏။

အသျှင်ဘုရား တပည့်တော်တို့သည် ရဟန်းတို့ကိုကား သိသူများဖြစ်ကြပါကုန်လျက် မသိသူ များဟု အောက်မေ့ကြပါကုန်၏၊ သိသူများ ဖြစ်ပါလျက် မသိသူများအား ကျွေးမွေးထိုက်သော ဘောဇဉ်ကို ကျွေးမွေးခဲ့မိကြပါကုန်၏၊ သိသူများ ဖြစ်ပါကုန်လျက် မသိသူများ၏ အရာ၌ ထားခဲ့မိကြ ပါကုန်၏။

အသျှင်ဘုရား ယခုအခါ၌ တပည့်တော်တို့သည် အယူတမျိုးရှိကုန်သော ပရိဗိုဇ်တို့ကို မသိသူ များသာ ဖြစ်ကုန်၍ မသိသူများ ဟု သိရပါကုန်တော့အံ့၊ မသိသူများသာ ဖြစ်ကုန်၍ မသိသူများ အား ကျွေးမွေးထိုက်သော ဘောဇဉ်ကို ကျွေးမွေးကြပါကုန်တော့အံ့၊ မသိသူများသာ ဖြစ်ကုန်၍ မသိသူများ၏ အရာ၌ သာလျှင် ထားပါကုန်တော့အံ့။

အသျှင်ဘုရား တပည့်တော်တို့သည် ရဟန်းတို့ကို သိသူများဖြစ်ကုန်၍ သိသူများဟု သိကြရ ကုန်တော့အံ့၊ သိသူများ ဖြစ်ကုန်၍ သိသူများအား ကျွေးမွေးထိုက်သော ဘောဇဉ်ကို ကျွေးမွေးကြ ပါကုန်တော့အံ့၊ သိသူများသာ ဖြစ်ကုန်၍ သိသူများ၏ အရာ၌ ထားကြပါကုန်တော့အံ့။

အသျှင်ဘုရား မြတ်စွာဘုရားသည် အကျွန်ုပ်ကို ရဟန်းတို့၌ ရဟန်းဟု ချစ်ခြင်းကိုရင်း ရဟန်းတို့၌ ရဟန်းဟု ကြည်ညိုခြင်းကိုရင်း ရဟန်းတို့၌ ရဟန်းဟု ရိုသေခြင်းကိုရင်း သိစေတော်မူပါ ပေ၏။

အသျှင်ဘုရား (တရားတော်သည်) အလွန် နှစ်သက်ဖွယ် ရှိပါ၏၊ အသျှင်ဘုရား (တရားတော် သည်) အလွန်နှစ်သက်ဖွယ် ရှိပါ၏၊ အသျှင်ဘုရား ဥပမာသော်ကား မှောက်ထားသော ဝတ္ထုကို လှန်ဘိသကဲ့သို့ရင်း ဖုံးလွှမ်းထားသော ဝတ္ထုကို ဖွင့်လှစ်ဘိသကဲ့သို့ရင်း မျက်စိလည်သောသူအား လမ်းမှန်ကို ပြောကြားဘိသကဲ့သို့ရင်း 'မျက်စိရှိသောသူတို့သည် အဆင်းတို့ကို မြင်ကြလိမ့်မည်'ဟု အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ဆောင်ပြဘိသကဲ့သို့ရင်း အသျှင်ဘုရား ဤအတူသာလျှင်

http://www.dhammadownload.com



မြတ်စွာဘုရားသည် အကြောင်းအမျိုးမျိုးဖြင့် တရားတော်ကို ပြတော်မူ၏၊ အကျွန်ုပ်တို့သည် အသျှင်ဘုရားကို ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါကုန်၏၊ တရားတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါကုန်၏၊ သံဃာတော်ကိုလည်း ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါကုန်၏၊ မြတ်စွာဘုရားသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်သော ဥပါသကာဟု မှတ်တော်မူပါဟု (လျှောက်၏)။

လေးခုမြောက် ပေါတလိယသုတ် ပြီး၏။

---

## ၅-ဇီဝကသုတ်

၅၁။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် အဘယမင်းသား မွေးစားသော ဇီဝက၏ သရက်ဥယျာဉ်၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ အဘယမင်းသား မွေးစားသော ဇီဝကသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား "အသျှင်ဘုရား တပည့်တော်သည် ဤသို့သော စကားကို ကြားဘူးပါ၏— 'ရဟန်းဂေါတမကို ရည်ညွှန်း၍ သတ္တဝါကို သတ်ကြကုန်၏၊ ရည်ညွှန်း၍ ပြုသော မိမိကို စွဲ၍ ပြုသော ထိုအသားကို ရဟန်းဂေါတမသည် သိလျက် သုံးဆောင် စားသောက်၏'ဟု ကြားရပါသည်။ အသျှင်ဘုရား 'ရဟန်းဂေါတမကို ရည်ညွှန်း၍ သတ္တဝါကို သတ်ကြကုန်၏၊ရည်ညွှန်း၍ ပြုသော မိမိကို စွဲ၍ ပြုသော ထိုအသားကို ရဟန်းဂေါတမသည် သိလျက် သုံးဆောင်စားသောက်၏'ဟု ဤသို့ ပြောဆိုသော သူတို့သည် မြတ်စွာဘုရား၏စကားအရ ပြောဆိုသူများ ဖြစ်ကြပါကုန်၏လော၊ မြတ်စွာဘုရားကို မဟုတ်မမှန်သော အားဖြင့် မစွပ်စွဲလည်း ရှိကြပါကုန်၏လော၊ အကြောင်းမှန်ကိုလည်း အကြောင်းမှန်အားလျော်စွာ ပြောကြားကြပါကုန်၏လော၊ မြတ်စွာဘုရား၏ စကားကို လိုက်၍ ပြောဆိုခြင်းသည် သူတပါးကဲ့ရဲ့အပ်သော အကြောင်းရှိသည်ဖြစ်၍ ကဲ့ရဲ့ရာအကြောင်းသည် အနည်းငယ်မျှ မဖြစ်ပါသလော" ဟုလျှောက်၏။

၅၂။ ဇီဝက "ရဟန်းဂေါတမကို ရည်ညွှန်း၍ သတ္တဝါကို သတ်ကြကုန်၏၊ ရည်ညွှန်း၍ ပြုသော မိမိကိုစွဲ၍ပြုသော ထိုအသားကို ရဟန်းဂေါတမသည် သိလျက် သုံးဆောင်စားသောက်၏" ဟု ပြောဆိုကြသော သူတို့သည် ငါ၏ စကားကို လိုက်၍ ပြောဆိုသူများ မဟုတ်ကုန်၊ငါ့ကို မဟုတ်မမှန်သော အားဖြင့် စွပ်စွဲကြကုန်၏။ ဇီဝက သုံးပါးသောအကြောင်းတို့ဖြင့် အသားကို မသုံးဆောင်ကောင်းဟူ၍ ငါဟောကြား၏၊ မြင်ခြင်း ကြားခြင်း ယုံမှားခြင်း ဟူသော ဤသုံးပါးသော အကြောင်းတို့ဖြင့် အသားကို မသုံးဆောင်ကောင်း ဟူ၍ ငါဟောကြား၏။ ဇီဝက သုံးပါးသော အကြောင်းတို့ဖြင့် အသားကို သုံးဆောင်ကောင်း၏ ဟူ၍ ငါဟောကြား၏။ မမြင်ခြင်း မကြားခြင်း ယုံမှားမရှိခြင်း ဟူသော ဤသုံးပါးသော အကြောင်းတို့ဖြင့် အသားကို သုံးဆောင်ကောင်း၏ ဟူ၍ ငါဟောကြား၏။

၅၃။ ဇီဝက ဤသာသနာတော်၌ ရဟန်းသည် တခုခုသော ရွာကိုရင်း နိဂုံးကိုရင်း မှီ၍နေ၏၊ ထိုရဟန်းသည် ချစ်ခြင်း'မေတ္တာ'နှင့် ယှဉ်သောစိတ်ဖြင့် တခုသောအရပ်ကို ပြန့်နှံ့စေ၍နေ၏၊

http://www.dhammadownload.com



ထိုအတူ နှစ်ခုမြောက်အရပ်ကို။ သုံးခုမြောက်အရပ်ကို။ လေးခုမြောက်အရပ်ကို။ ဤနည်းဖြင့် အထက်အောက် ဖီလာ အရပ်ကို ပြန့်နှံ့စေ၍ နေ၏။ အလုံးစုံသော အရပ် အလုံးစုံသောသတ္တဝါတို့၌ မိမိနှင့်တူစွာ သတ္တဝါအားလုံးရှိသော သတ္တလောကကို ပြန့်ပြောသော မြတ်သော အပိုင်းအခြားမရှိသော ရန်မရှိသော ကြောင့်ကြမရှိသော မေတ္တာနှင့် ယှဉ်သောစိတ်ဖြင့် ပြန့်နှံ့စေ၍နေ၏။

ထိုရဟန်းကို သူကြွယ်သည်၎င်း သူကြွယ်၏သားသည်၎င်း ချဉ်းကပ်၍ နက်ဖြန်အတွက် ဆွမ်းစား ပင့်၏၊ ဇီဝက ရဟန်းသည် အလိုရှိသည်ဖြစ်၍ သာလျှင် လက်ခံ၏။ ထိုရဟန်းသည် ထိုညဉ့်ကို လွန်သဖြင့် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်လျက် သပိတ်သင်္ကန်းကိုယူ၍ သူကြွယ်၏၎င်း သူကြွယ်သား၏၎င်း အိမ်သို့ ချဉ်းကပ်ပြီးလျှင် ခင်းထားသောနေရာ၌ ထိုင်နေ၏။ ထိုရဟန်းကို ထိုသူကြွယ်သည်၎င်း ထိုသူကြွယ်၏သားသည်၎င်း မွန်မြတ်သော ဆွမ်းဖြင့် လုပ်ကျွေး၏၊ ထိုရဟန်းအား "ငါ့အား ဤသူကြွယ်သည်၎င်း သူကြွယ်၏သားသည်၎င်း မွန်မြတ်သော ဆွမ်းဖြင့် လုပ်ကျွေးပါမူ ကောင်းလေစွ"ဟု ဤသို့သောအကြံသည် မဖြစ်၊ "ငါ့အား ဤသူကြွယ်သည်၎င်း ဤသူကြွယ်၏သားသည်၎င်း နောင်အခါ၌လည်း ဤသို့သော မွန်မြတ်သော ဆွမ်းဖြင့် လုပ်ကျွေးပါမူ ကောင်းလေစွ" ဟု ဤသို့လည်း ထိုရဟန်းအား အကြံသည်မဖြစ်၊ ထိုရဟန်းသည် ထိုဆွမ်းကို မတပ်မက် မတွေဝေ မစွဲလမ်းမူ၍ အပြစ်ကို ရှုလေ့ရှိသည်ဖြစ်၍ လွတ်မြောက်ကြောင်း အဆင်အခြင် ရှိသည်ဖြစ်၍ သုံးဆောင်၏။

ဇီဝက ထိုစကားကို သင်အဘယ်သို့ မှတ်ထင်သနည်း၊ ထိုရဟန်းသည် ထိုအခါ၌ မိမိဆင်းရဲခြင်းငှါလည်း စေ့ဆော်သလော၊ သူတပါး ဆင်းရဲခြင်းငှါလည်း စေ့ဆော်သလော၊ မိမိသူတပါး နှစ်ဦးလုံး ဆင်းရဲခြင်းငှါလည်း စေ့ဆော်သလော ဟု (မေးတော်မူ၏)။ အသျှင်ဘုရား မစေ့ဆော်ပါ (ဟု လျှောက်၏)။ ဇီဝက ထိုရဟန်းသည် ထိုအခါ၌ အပြစ်မရှိသည်သာလျှင် ဖြစ်သော အာဟာရကို သုံးဆောင်သည် မဟုတ်လော ဟု (မေးတော်မူ၏)။ အသျှင်ဘုရား မှန်ပါသည် (ဟု လျှောက်၏)။ အသျှင်ဘုရား "ဗြဟ္မာသည် မေတ္တာဖြင့် နေလေ့ရှိ၏"ဟူသော ဤစကားကို တပည့်တော် ကြားဘူးပါသည်၊ အသျှင်ဘုရား ထိုဗြဟ္မာကြီးဟူသည် ဤသည်ပင်တည်း ဟု မြတ်စွာဘုရားကို အကျွန်ုပ် မျက်မြင်တွေ့ရပါသည်၊ အသျှင်ဘုရား မြတ်စွာဘုရားသည် မေတ္တာဖြင့် နေလေ့ရှိတော်မူပါပေသည် ဟု (လျှောက်၏)။

ဇီဝက အကြင်ရာဂကြောင့်၎င်း ဒေါသကြောင့်၎င်း မောဟကြောင့်၎င်း ဆင်းရဲဖြစ်ရာ၏၊ ငါဘုရားသည် ထိုရာဂ ဒေါသ မောဟကို ပယ်ပြီးပြီ၊ အမြစ်ကို အကြွင်းမဲ့ ဖြတ်ပြီးပြီ၊ (နှုတ်ပြီးသော) ထန်းပင်ရာကဲ့သို့ ပြုပြီးပြီ၊ (အသစ်)မဖြစ်ခြင်းကို ပြုပြီးပြီ၊ နောင်အခါ ဖြစ်ခြင်းသဘော မရှိတော့ချေ။ ဇီဝက သင်သည် ဤသဘောကို ရည်ရွယ်လျက် အကယ်၍ ပြောဆိုသည်ဖြစ်အံ့၊ "ငါဘုရားသည် သင်၏ ထိုစကားကို ခွင့်ပြု၏" ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား တပည့်တော်သည် ဤသဘောကိုသာလျှင် ရည်ရွယ်၍ ပြောဆိုပါ၏ ဟု (လျှောက်၏)။

၅၄။ ဇီဝက ဤသာသနာတော်၌ ရဟန်းသည် တခုခုသော ရွာကိုင်၎င်း နိဂုံးကို၎င်း အမှီပြု၍ နေ၏၊ ထိုရဟန်းသည် သနားခြင်း 'ကရုဏာ'နှင့် ယှဉ်သော စိတ်ဖြင့်။ပ။ ဝမ်းမြောက်ခြင်း 'မုဒိတာ' နှင့် ယှဉ်သောစိတ်ဖြင့်။ပ။ လျစ်လျူရှုခြင်း 'ဥပေက္ခာ'နှင့် ယှဉ်သော စိတ်ဖြင့် တခုသောအရပ်ကို ပြန့်နှံ့စေ၍နေ၏။ ထို့အတူ နှစ်ခုမြောက် အရပ်ကို။ သုံးခုမြောက် အရပ်ကို။ လေးခုမြောက်အရပ်ကို။ ဤနည်းအားဖြင့် အထက်အောက် ဖီလာအရပ်ကို ပြန့်နှံ့စေ၍ နေ၏၊ အလုံးစုံသော အရပ် အလုံးစုံသော သတ္တဝါတို့၌ မိမိနှင့်တူစွာ သတ္တဝါ အားလုံးရှိသော သတ္တလောကကို ပြန့်ပြောသော

http://www.dhammadownload.com



မြတ်စွာသော အပိုင်းအခြားမရှိသော ရန်မရှိသော ကြောင့်ကြမရှိသော လျစ်လျူရှုခြင်း'ဥပေက္ခာ'နှင့် ယှဉ်သော စိတ်ဖြင့် ပြန့်နှံ့စေ၍ နေ၏။

ထိုရဟန်းကို သူကြွယ်သည်ငှင်း သူကြွယ်၏သားသည်ငှင်း ချဉ်းကပ်၍ နက်ဖြန်အတွက် ဆွမ်း စားပင့်၏၊ ဇီဝက ရဟန်းသည် အလိုရှိသည်ဖြစ်၍သာလျှင် လက်ခံ၏၊ ထိုရဟန်းသည် ထိုညဉ့်ကို လွန်သဖြင့် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်လျက် သပိတ်သင်္ကန်းကိုယူ၍ သူကြွယ်၏ ငှင်း သူကြွယ် သား၏ငှင်း အိမ်သို့ချဉ်းကပ်ပြီးလျှင် ခင်းထားသောနေရာ၌ ထိုင်နေ၏။ ထိုရဟန်းကို ထိုသူကြွယ် သည်ငှင်း သူကြွယ်၏သားသည်ငှင်း မွန်မြတ်သော ဆွမ်းဖြင့် လုပ်ကျွေး၏။ ထိုရဟန်းအား "ငါ့အား ဤသူကြွယ်သည်ငှင်း ဤသူကြွယ်၏သားသည်ငှင်း မွန်မြတ်သောဆွမ်းဖြင့်လုပ်ကျွေးပါမူ ကောင်းလေ စွ" ဟု ဤသို့သောအကြံသည် မဖြစ်၊ ငါ့အား ဤသူကြွယ်သည်ငှင်း ဤသူကြွယ်၏သားသည်ငှင်း နောင်အခါ၌လည်း ဤသို့သော မွန်မြတ်သော ဆွမ်းဖြင့် လုပ်ကျွေးပါမူ ကောင်းလေစွ"ဟု ဤသို့ လည်း ထိုရဟန်းအား အကြံမဖြစ်၊ ထိုရဟန်းသည် ထိုဆွမ်းကို မတပ်မက် မတွေဝေ မစွဲလမ်းမူ၍ အပြစ်ကို ရှုလေ့ရှိသည်ဖြစ်၍ လွတ်မြောက်ကြောင်း အဆင်အခြင်ရှိသည်ဖြစ်၍ သုံးဆောင်၏။

ဇီဝက ထိုစကားကို သင်အဘယ်သို့ မှတ်ထင်သနည်း၊ ထိုရဟန်းသည် ထိုအခါ၌ မိမိဆင်းရဲခြင်း ငှါလည်း စေ့ဆော်သလော၊ သူတပါး ဆင်းရဲခြင်းငှါလည်း စေ့ဆော်သလောမိမိ သူတပါး နှစ်ဦးလုံး ဆင်းရဲခြင်းငှါလည်း စေ့ဆော်သလော ဟု (မေးတော်မူ၏)။ အသျှင်ဘုရား မစေ့ဆော်ပါ (ဟု လျှောက်၏)။ ဇီဝက ထိုရဟန်းသည် ထိုအခါ၌ အပြစ်မရှိသည်သာလျှင် ဖြစ်သော အာဟာရကို သုံးဆောင်သည် မဟုတ်လော ဟု (မေးတော်မူ၏)။ အသျှင်ဘုရား မှန်ပါသည် (ဟု လျှောက်၏)။ အသျှင်ဘုရား "ဗြဟ္မာသည် ဥပေက္ခာဖြင့် နေလေ့ရှိ၏" ဟူသော ဤစကားကို တပည့်တော် ကြားဘူးပါသည်၊ အသျှင်ဘုရား ထိုဗြဟ္မာကြီးဟူသည် ဤသည်ပင်တည်း ဟု မြတ်စွာဘုရားကို အကျွန်ုပ် မျက်မြင်တွေ့ရပါသည်၊ အသျှင်ဘုရား မြတ်စွာဘုရားသည် ဥပေက္ခာဖြင့် နေလေ့ရှိတော်မူ ပါပေသည် ဟု (လျှောက်၏)။

ဇီဝက အကြင်ရာဂကြောင့်ငှင်း ဒေါသကြောင့်ငှင်း မောဟကြောင့်ငှင်း ဆင်းရဲခြင်း မမွေ့ လျော်ခြင်း အမျက်ထွက်ခြင်း ဖြစ်ရာ၏၊ ငါဘုရားသည် ထိုရာဂ ဒေါသ မောဟကို ပယ်ပြီးပြီ၊ အမြစ် ကို အကြွင်းမဲ့ ဖြတ်ပြီးပြီ၊ (နုတ်ပြီးသော) ထန်းပင်ရာကဲ့သို့ ပြုပြီးပြီ၊ (အသစ်)မဖြစ်ခြင်းကို ပြုပြီးပြီ၊ နောင်အခါ ဖြစ်ခြင်း သဘောမရှိတော့ချေ၊ ဇီဝက သင်သည် ဤသဘောကို ရည်ရွယ်၍ အကယ်၍ ပြောဆိုသည်ဖြစ်အံ့၊ "ငါဘုရားသည် သင်၏ ထိုစကားကို ခွင့်ပြု၏"ဟု(မိန့်တော်မူ၏)။အသျှင်ဘုရား တပည့်တော်သည် ဤသဘောကိုသာလျှင် ရည်ရွယ်၍ ပြောဆိုပါ၏ဟု (လျှောက်၏)။

၅၅။ ဇီဝက မြတ်စွာဘုရားကိုငှင်း မြတ်စွာဘုရား၏ တပည့်သားကိုငှင်း ရည်ညွှန်း၍ သတ္တဝါကို သတ်ဖြတ်သည့်ဦးဆဲသော ထိုသူသည် ငါးပါးသော အကြောင်းတို့ဖြင့် များစွာသော မကောင်းမှုကို ဖြစ်ပွါးစေ၏။ သူကြွယ် ထိုသူသည် "သွားကြလေကုန်၊ ဤမည်သော သတ္တဝါကို ဆောင်ယူခဲ့ကြ ကုန်"ဟု ဤသို့ပြောဆိုသော ဤရှေးဦးစွာသော အကြောင်းဖြင့် များစွာသော မကောင်းမှုကို ဖြစ်ပွါးစေ၏။ထိုသူသည် လည်ပင်း၌ ဖွဲ့ချည်၍ အဆောင်ခံရသော သတ္တဝါ၏ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ခံစားရခြင်းဟူသော ဤနှစ်ခုမြောက်သော အကြောင်းဖြင့် များစွာသော မကောင်းမှုကိုဖြစ်ပွါး စေ၏။ ထိုသူသည် "သွားကြကုန်၊ ဤသတ္တဝါကို သတ်ခဲ့ကြလေကုန်"ဟု ဤသို့ ပြောဆိုသော ဤသုံးခုမြောက် အကြောင်းဖြင့် များစွာသော မကောင်းမှုကို ဖြစ်ပွါးစေ၏။ ထိုသူသည် အသတ်ခံ

http://www.dhammadownload.com



ရသော သတ္တဝါ၏ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ခံစားရခြင်းဟူသော ဤလေးခုမြောက် အကြောင်းဖြင့် များစွာသော မကောင်းမှုကို ဖြစ်ပွါးစေ၏။ ထိုသူသည် မြတ်စွာဘုရားကိုင်း မြတ်စွာဘုရား၏ တပည့်သားကိုင်း မအပ်သောအသားမျိုးဖြင့် အရှိန်အစော်မှိစေခြင်း ဟူသော ဤငါးခုမြောက် အကြောင်းဖြင့် များစွာသော မကောင်းမှုကို ဖြစ်ပွါးစေ၏။ ဇီဝက မြတ်စွာဘုရားကိုင်း မြတ်စွာဘုရား၏ တပည့်သားကိုင်း ရည်ညွှန်း၍ သတ္တဝါကို သတ်ဖြတ်ညှဉ်းဆဲသော သူသည် ဤငါးပါးသော အကြောင်းတို့ဖြင့် များစွာသော မကောင်းမှုကို ဖြစ်ပွါးစေ၏။

ဤသို့ မိန့်တော်မူသော် အဘယမင်းသား မွေးစားသော ဇီဝကသည် မြတ်စွာဘုရားအား "အသျှင်ဘုရား အံ့ဖွယ်ရှိပါပေစွ၊ အသျှင်ဘုရား မဖြစ်ဘူးမြဲ ဖြစ်ပါပေစွ၊ အသျှင်ဘုရား အပ်သော အာဟာရကိုသာလျှင် ရဟန်းတော်တို့သည် သုံးဆောင်ကြပေကုန်စွ တကား။ အသျှင်ဘုရား ရဟန်းတော်တို့သည် အပြစ်မရှိသော အာဟာရကိုသာလျှင် သုံးဆောင်ကြပေကုန်စွ တကား။

အသျှင်ဘုရား (တရားတော်သည်) အလွန် နှစ်သက်ဖွယ်ရှိပါပေစွ၊ အသျှင်ဘုရား (တရားတော်သည်) အလွန် နှစ်သက်ဖွယ်ရှိပါပေစွ။ပ။ မြတ်စွာဘုရားသည် တပည့်တော်ကို ယနေ့မှအစပြု၍ အသက်ထက်ဆုံး ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်တတ်သော ဥပါသကာဟူ၍ မှတ်တော်မူပါ" ဟု (လျှောက်ထားလေ၏)။

ငါးခုမြောက် ဇီဝကသုတ် ပြီး၏။

---

## ၆-ဥပါလိသုတ်

၅၆။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် နာဠန္ဒမြို့ ပါဝါရိကသူဌေး၏ သရက်ဥယျာဉ်၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ နာဋ၏သား နိဂဏ္ဌသည် နာဠန္ဒမြို့၌ များစွာသော နိဂဏ္ဌပရိသတ်နှင့် အတူ နေ၏။

ထိုအခါ ဒီဃတပဿီနိဂဏ္ဌသည် နာဠန္ဒမြို့၌ ဆွမ်းအလို့ငှါ လှည့်လည်၍ ဆွမ်းခံရာမှ ဖဲခဲ့ကာ ဆွမ်းစားပြီးနောက် ပါဝါရိကသူဌေး၏ သရက်ဥယျာဉ်(ရှိရာ) မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့် အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆို ပြီးဆုံးစေ၍ တခုသောနေရာ၌ ရပ်နေ၏။ တခုသောနေရာ၌ ရပ်နေသော ဒီဃတပဿီနိဂဏ္ဌကို မြတ်စွာဘုရားသည် "ဒီဃတပဿီ နေရာတို့သည် ရှိကုန်၏၊ အကယ်၍ အလိုရှိမူ ထိုင်လော့" ဟု မိန့်တော်မူ၏။

ဤသို့ မိန့်တော်မူသော် ဒီဃတပဿီနိဂဏ္ဌသည် နိမ့်သောနေရာတခုကို ယူ၍ သင့်လျော်စွာ ထိုင်နေ၏၊ သင့်လျော်စွာ ထိုင်နေပြီးသော ဒီဃတပဿီနိဂဏ္ဌကို မြတ်စွာဘုရားသည် "တပဿီ နာဋ၏သား နိဂဏ္ဌသည် မကောင်းမှုပြုခြင်း၌ မကောင်းမှု ဖြစ်ခြင်း၌ အဘယ်မျှလောက်ကုန်သော ကံတို့ကို ပညတ်သနည်း" ဟု မေးတော်မူ၏။ ငါ့သျှင်ဂေါတမ "ကံ ကံ" ဟု ပညတ်ခြင်းငှါ နာဋ၏သား နိဂဏ္ဌ၏ အလေ့အကျင့်မဟုတ်၊ ငါ့သျှင်ဂေါတမ "ဒဏ် ဒဏ်" ဟု ပညတ်ခြင်းငှါ နာဋ၏သား နိဂဏ္ဌ၏ အလေ့အကျင့်ဖြစ်၏ဟု (လျှောက်၏)။

http://www.dhammadownload.com



တပဿီ နာဋပုတ်၏သားနိဂဏ္ဌသည် မကောင်းမှုပြုခြင်း၌ မကောင်းမှုဖြစ်ခြင်း၌ အဘယ်မျှလောက် ကုန်သော ဒဏ်တို့ကို ပညတ်သနည်း ဟု (မေးတော်မူ၏)။ ငါ့သျှင်ဂေါတမ နာဋပုတ်၏သား နိဂဏ္ဌသည် မကောင်းမှုပြုခြင်း၌ မကောင်းမှု ဖြစ်ခြင်း၌ ဒဏ်သုံးပါးတို့ကို ပညတ်ပါ၏။ အဘယ်သုံးပါးတို့နည်းဟူမူ—ကာယဒဏ် ဝစီဒဏ် မနောဒဏ်တို့တည်း ဟု(လျှောက်၏)။

တပဿီ ကာယဒဏ်ဟူသည် တခြား တပါးသာလော၊ ဝစီဒဏ်ဟူသည် တခြား တပါးသာလော၊ မနောဒဏ်ဟူသည် တခြား တပါးသာလော ဟု (မေးတော်မူ၏)။ ငါ့သျှင်ဂေါတမ ကာယဒဏ်ဟူသည် တခြား တပါးသာတည်း၊ ဝစီဒဏ်ဟူသည် တခြား တပါးသာတည်း။မနောဒဏ်ဟူသည် တခြား တပါးသာတည်း ဟု (လျှောက်၏)။

တပဿီ ဤသို့ ကွဲပြား ထူးခြားကုန်သော ဤဒဏ်သုံးပါးတို့တွင် မကောင်းမှုပြုခြင်း၌ မကောင်းမှု ဖြစ်ခြင်း၌ အဘယ်ဒဏ်ကို အပြစ်အကြီးဆုံးဟူ၍ နာဋပုတ်၏သား နိဂဏ္ဌသည် ပညတ်သနည်း။ ကာယဒဏ်ကိုလော၊ သို့မဟုတ် ဝစီဒဏ်ကိုလော၊ သို့မဟုတ် မနောဒဏ်ကိုလောဟု(မေးတော်မူ၏)။ ငါ့သျှင်ဂေါတမ ဤသို့ ကွဲပြား ထူးခြားကုန်သော ဤဒဏ်သုံးပါးတို့တွင် မကောင်းမှုပြုခြင်း၌ မကောင်းမှုဖြစ်ခြင်း၌ ကာယဒဏ်ကို အပြစ်အကြီးဆုံး ဟူ၍ နာဋပုတ်၏သား နိဂဏ္ဌသည် ပညတ်ပါ၏၊ ဝစီဒဏ်နှင့် မနောဒဏ်ကို ထိုကဲ့သို့ မပညတ်ပါ ဟု (လျှောက်၏)။

တပဿီ "ကာယဒဏ်တည်း"ဟု ဆိုသလော။ငါ့သျှင်ဂေါတမ"ကာယဒဏ်တည်း"ဟု ဆိုပါ၏။ တပဿီ "ကာယဒဏ်တည်း"ဟု ဆိုသလော။ ငါ့သျှင်ဂေါတမ "ကာယဒဏ်တည်း" ဟု ဆိုပါ၏။ တပဿီ "ကာယဒဏ်တည်း"ဟု ဆိုသလော။ ငါ့သျှင်ဂေါတမ "ကာယဒဏ်တည်း" ဟု ဆိုပါ၏။ ဤသို့လျှင် မြတ်စွာဘုရားသည် ဒီဃတပဿီနိဂဏ္ဌကို ဤစကားအရာ၌ သုံးကြိမ်တိုင်အောင် တည်စေတော်မူ၏။

၅၇။ ဤသို့ မိန့်တော်မူသော် ဒီဃတပဿီနိဂဏ္ဌသည် မြတ်စွာဘုရားအား"ငါ့သျှင်ဂေါတမ သင်သည်ကား မကောင်းမှု ပြုခြင်း၌ မကောင်းမှု ဖြစ်ခြင်း၌ အဘယ်မျှလောက်သော ဒဏ်တို့ကို ပညတ်ပါသနည်း"ဟု လျှောက်၏။ တပဿီ "ဒဏ် ဒဏ်"ဟူ၍ ပညတ်ခြင်းငှါ ငါဘုရား၏ အလေ့အကျင့်မဟုတ်။ တပဿီ "ကံ ကံ"ဟူ၍ ပညတ်ခြင်းငှါ ငါဘုရား၏ အလေ့အကျင့် ဖြစ်၏ ဟု (မိန့်တော်မူ၏)။ ငါ့သျှင်ဂေါတမ မကောင်းမှု ပြုခြင်း၌ မကောင်းမှု ဖြစ်ခြင်း၌ အဘယ်မျှလောက်သောကံတို့ကို သင်ပညတ်ပါသနည်း ဟု (လျှောက်၏)။ တပဿီ မကောင်းမှု ပြုခြင်း၌ မကောင်းမှု ဖြစ်ခြင်း၌ ကံသုံးပါးတို့ကို ငါဘုရားပညတ်၏၊ အဘယ်ကံ သုံးပါးတို့နည်းဟူမူ— ကာယကံ ဝစီကံ မနောကံတို့တည်း ဟု (မိန့်တော်မူ၏)။

ငါ့သျှင်ဂေါတမ ကာယကံဟူသည် တခြားတပါးလော၊ ဝစီကံဟူသည် တခြားတပါးလော၊ မနောကံဟူသည် တခြားတပါးလော ဟု (လျှောက်၏)။ တပဿီ ကာယကံဟူသည် တခြား တပါးသာတည်း၊ ဝစီကံဟူသည် တခြားတပါးသာတည်း၊ မနောကံဟူသည် တခြားတပါးသာတည်း ဟု (မိန့်တော်မူ၏)။ ငါ့သျှင်ဂေါတမ ဤသို့ကွဲပြား ထူးခြားကုန်သော ဤကံသုံးပါးတို့တွင် မကောင်းမှုပြုခြင်း၌ မကောင်းမှု ဖြစ်ခြင်း၌ အဘယ်ကံကို အပြစ်အကြီးဆုံးဟူ၍ သင်ပညတ်ပါသနည်း၊ ကာယကံကိုလော၊ သို့မဟုတ် ဝစီကံကိုလော၊ သို့မဟုတ် မနောကံကိုလော ဟု (လျှောက်၏)။ တပဿီ ဤသို့ ကွဲပြား ထူးခြားကုန်သော ဤကံသုံးပါးတို့တွင် မကောင်းမှုပြုခြင်း၌

http://www.dhammadownload.com



မကောင်းမှုပြုခြင်း၌ မနောကံကို အပြစ်အကြီးဆုံးဟု ငါဘုရားပညတ်၏၊ ကာယကံနှင့် ဝစီကိုကံ ထိုကဲ့သို့ မပညတ် ဟု (မိန့်တော်မူ၏)။

ငါ့သျှင်ဂေါတမ "မနောကံတည်း"ဟု ဆိုသလော။ တပဿီ "မနောကံတည်း"ဟု ဆို၏။ ငါ့သျှင်ဂေါတမ "မနောကံတည်း"ဟု ဆိုသလော။ တပဿီ "မနောကံတည်း" ဟု ဆို၏။ ငါ့သျှင်ဂေါတမ "မနောကံတည်း" ဟု ဆိုသလော။ တပဿီ "မနောကံတည်း" ဟု ဆို၏ ဟု (မိန့်တော်မူ၏)။ဤသို့လျှင် ဒီဃတပဿီ နိဂဏ္ဌသည် မြတ်စွာဘုရားကို ဤစကားအရာ၌ သုံးကြိမ်တိုင်အောင်တည်စေ၍ နေရာမှထကာ နာဋပုတ်သား နိဂဏ္ဌထံသို့ ချဉ်းကပ်လေ၏။

၅၈။ ထိုအခါ နာဋပုတ်သား နိဂဏ္ဌသည် ဥပါလိသူကြွယ် အမှူးရှိသော ဗာလကိနိယာရွာသား ပရိသတ်ဖြစ်သော များစွာသော လူပရိသတ်နှင့် အတူနေ၏။ နာဋပုတ်သား နိဂဏ္ဌသည် အဝေးက လာသော ဒီဃတပဿီနိဂဏ္ဌကို မြင်၍ ဒီဃတပဿီနိဂဏ္ဌအား "တပဿီ သင်သည် ယခုနေ့ခင်း ကြောင်တောင်မှာ ဘယ်အရပ်က လာခဲ့သနည်း"ဟု မေး၏။ အသျှင် အကျွန်ုပ်သည် ရဟန်းဂေါတမ ၏ အထံမှ လာခဲ့ပါ၏ဟု (ဆို၏)။

တပဿီ သင့်မှာ ရဟန်းဂေါတမနှင့်အတူ တစုံတခုသော စကား ပြောဟောမှုသည် ဖြစ်ခဲ့ပါ၏ လော ဟု (မေး၏)။ အသျှင် အကျွန်ုပ်မှာ ရဟန်းဂေါတမနှင့်အတူ တစုံတခုသော စကား ပြောဟောမှုသည် ဖြစ်ခဲ့ပါ၏ ဟု (ဆို၏)။

တပဿီ သင့်မှာ ရဟန်းဂေါတမနှင့်အတူ အဘယ်သို့လျှင် စကားပြောဟောမှု ဖြစ်ခဲ့ပါသနည်း ဟု (မေး၏)။ ထိုအခါ ဒီဃတပဿီနိဂဏ္ဌသည် မြတ်စွာဘုရားနှင့်အတူ စကားပြောဟောမှု ဖြစ်ခဲ့သမျှအားလုံးကို နာဋပုတ်သား နိဂဏ္ဌအား ပြောကြားလေ၏။

ဤသို့ ပြောဆိုသော် နာဋပုတ်သား နိဂဏ္ဌသည် ဒီဃတပဿီနိဂဏ္ဌအား "တပဿီ ကောင်းလေစွ ကောင်းလေစွ၊ အကြားအမြင် ဗဟုသုတရှိသော ဆရာ၏ အဆုံးအမကို ကောင်းစွာသာလျှင် သိသောတပည့်၏ ထုံးတမ်းစဉ်လာအတိုင်းသာလျှင် ဒီဃတပဿီနိဂဏ္ဌသည် ရဟန်းဂေါတမအား ပြောကြားခဲ့ပေ၏၊ ဤသို့ ကြီးကြယ်သော ကာယဒဏ်ကို ထောက်၍ သေးငယ်သော မနောဒဏ် သည် အဘယ်မှာ ပြောပလောက်မည်နည်း၊ အမှန်အားဖြင့် ကာယဒဏ်သည်သာလျှင် မကောင်းမှု ပြုခြင်း၌ မကောင်းမှု ဖြစ်ခြင်း၌ ကြီးကြယ်သော အပြစ်ရှိ၏၊ ဝစီဒဏ်နှင့် မနောဒဏ်သည် ထိုကဲ့သို့ မကြီးကျယ် ဟု(ဆို၏)။

၅၉။ ဤသို့ဆိုသော် ဥပါလိသူကြွယ်သည် နာဋပုတ်သား နိဂဏ္ဌကို— "အသျှင်ဘုရား ဒီဃတပဿီသည် ကောင်းလေစွ ကောင်းလေစွ၊ အကြားအမြင် ဗဟုသုတရှိသော ဆရာ၏ အဆုံး အမကို ကောင်းစွာသာလျှင် သိသော တပည့်၏ ထုံးတမ်းစဉ်လာအတိုင်းသာလျှင် တပဿီအသျှင် ကောင်းသည် ရဟန်းဂေါတမအား ပြောကြားခဲ့ပေ၏၊ ဤသို့ ကြီးကျယ်သော ကာယဒဏ်ကို ထောက်ဆ၍ သေးငယ်သော မနောဒဏ်သည် အဘယ်မှာ ပြောပလောက်မည်နည်း။ အမှန်အားဖြင့် ကာယဒဏ်သည်သာလျှင် မကောင်းမှုပြုခြင်း၌ မကောင်းမှု ဖြစ်ခြင်း၌ ကြီးကျယ်သော အပြစ်ရှိ၏၊ ဝစီဒဏ်နှင့် မနောဒဏ်သည် ထိုကဲ့သို့ မကြီးကျယ်။ အသျှင်ဘုရား အကျွန်ုပ် ယခုသွားပါအံ့၊ ဤစကားအရာ၌ ရဟန်းဂေါတမအား အပြစ်တင်ချေပါအံ့။ တပဿီအသျှင်ကောင်းသည် တည်စေ အပ်သကဲ့သို့ ထို့အတူ ရဟန်းဂေါတမသည် အကျွန်ုပ်အား အကယ်၍ တည်စေလတ္တံ့သည် ဖြစ်ငြား

http://www.dhammadownload.com



အံ့၊ အားရှိသော ယောကျာ်းသည် အမွေးရှည်သော သိုးကို အမွေးတို့၌ ကိုင်တွယ်၍ ရှေးရှု ဆွဲငင်ရာသကဲ့သို့ ထက်ဝန်းကျင်မှ ဆွဲငင်ရာသကဲ့သို့ ထိုမှ ဤမှ ဆွဲငင်ရာသကဲ့သို့ ဤအတူသာလျှင် အကျွန်ုပ်သည် ရဟန်းဂေါတမကို မိမိ၏အယူဝါဒဖြင့် ရဟန်းဂေါတမ၏အယူဝါဒကို ရှေးရှုဆွဲငင်ပါအံ့၊ ထက်ဝန်းကျင်မှ ဆွဲငင်ပါအံ့၊ ထိုမှ ဤမှ ဆွဲငင်ပါအံ့။

ဥပမာ တနည်းသော်ကား ခွန်အားရှိသော သေတင်းကုပ်၌ အမှုကိစ္စကို လုပ်သော ယောကျာ်းသည် ကြီးစွာသော သေတင်းကုပ်၌ ခင်းထားသော ဖျာကို နက်လှစွာသော ရေအိုင်၌ ချ၍ အစွန်း၌ ကိုင်လျက် ရှေးရှုဆွဲငင်ရာသကဲ့သို့ရင်း ထက်ဝန်းကျင်မှ ဆွဲငင်ရာသကဲ့သို့ရင်း ထိုမှ ဤမှ မွှေ့ရမ်းဆွဲငင်ရာသကဲ့သို့ရင်း ဤအတူသာလျှင် အကျွန်ုပ်သည် ရဟန်းဂေါတမကို မိမိအယူဝါဒဖြင့် ရဟန်းဂေါတမ၏ အယူဝါဒကို ရှေးရှုဆွဲငင်ပါအံ့၊ ထက်ဝန်းကျင်မှ ဆွဲငင်ပါအံ့၊ ထိုမှ ဤမှ ဆွဲငင်ပါအံ့။

ဥပမာ တနည်းသော်ကား ခွန်အားရှိသော သေသောက်ကြူးသည် ခွက်ကို အစွန်း၌ ကိုင်တွယ်၍ အောက်သို့နှိပ်၍ ပွတ်တိုက်ရာသကဲ့သို့ရင်း အထက်သို့ မြှောက်၍ ပွတ်တိုက်ရာသကဲ့သို့ရင်း ခါတွက်ရာသကဲ့သို့ရင်း ဤအတူသာလျှင် အကျွန်ုပ်သည် ရဟန်းဂေါတမကို မိမိ၏ အယူဝါဒဖြင့် ရဟန်းဂေါတမ၏ အယူဝါဒကို အောက်သို့ နှိပ်၍ ပွတ်တိုက်ပါအံ့၊ အပေါ်သို့ မြှောက်၍ ပွတ်တိုက်ပါအံ့၊ ခါတွက် မွှေ့ရမ်းပါအံ့။

ဥပမာ တနည်းသော်ကား အသက်ခြောက်ဆယ်ရှိ၍ ယုတ်သော အားရှိသော ဆင်ပြောင်ကြီးသည် နက်လှစွာသော လေးထောင့်ရေကန်သို့ သက်ဆင်း၍ သာဏဓောဝိကမည်သော ကစားမျိုးကို ကစားလေရာသကဲ့သို့ ထိုအတူသာလျှင် အကျွန်ုပ်သည် ရဟန်းဂေါတမကို သာဏဓောဝိက ကစားမျိုးနှင့်တူသော ကစားခြင်းကို ကစားပေအံ့။ အသျှင်ဘုရား အကျွန်ုပ် ယခု သွားပါအံ့၊ ဤစကားအရာ၌ ရဟန်းဂေါတမအား အပြစ်တင်ပါချေအံ့ ဟု (ဆို၏)။ သူကြွယ် သင်သွားလော့၊ ဤစကားအရာ၌ ရဟန်းဂေါတမအား အပြစ်တင်ချေလော့။ သူကြွယ် ရဟန်းဂေါတမအား ငါသည် သော်ရင်း ဒီဃတပဿီနိဂဏ္ဌသည်သော်ရင်း သင်သည်သော်ရင်း အပြစ်တင်ရာ၏ ဟု ဆို၏။

၆၀။ ဤသို့ ဆိုသော် ဒီဃတပဿီနိဂဏ္ဌသည် နာဋပုတ္တ၏သား နိဂဏ္ဌအား—"အသျှင်ဘုရား ရဟန်းဂေါတမအား ဥပါလိသူကြွယ် အပြစ်တင်မည်ကို အကျွန်ုပ်မနှစ်သက်ပါ။ အသျှင်ဘုရား ရဟန်းဂေါတမသည် လှည့်ပတ်တတ်ပါ၏၊ စိတ်ညို့၍ လှည့်ပတ်ခြင်းအတတ်ကို တတ်ပါ၏၊ ယင်းအတတ်ဖြင့် အယူတမျိုးရှိသော သူတို့၏ တပည့်တို့ကို ညို့တတ်ပါ၏" ဟု ဆို၏။ တပဿီ ရဟန်းဂေါတမ၏ တပည့်အဖြစ်သို့ ဥပါလိသူကြွယ်ရောက်ရာသော အကြောင်းအခွင့်သည် မရှိ။ ဥပါလိသူကြွယ်၏ တပည့်အဖြစ်သို့ ရဟန်းဂေါတမသာ ရောက်ရာ ဖြစ်နိုင်ရာသော အကြောင်းအခွင့်သည် ရှိ၏။ သူကြွယ် သင်သွားလော့၊ ဤစကားအရာ၌ ရဟန်းဂေါတမအား အပြစ်တင်ချေလော့။ သူကြွယ် ရဟန်းဂေါတမအား ငါသည်သော်ရင်း ဒီဃတပဿီနိဂဏ္ဌသည်သော်ရင်း သင်သည်သော်ရင်း အပြစ်တင်ရာ၏ ဟု (ဆို၏)။

နှစ်ကြိမ်မြောက်လည်း ဒီဃတပဿီနိဂဏ္ဌသည်။ပ။သုံးကြိမ်မြောက်လည်း ဒီဃတပဿီနိဂဏ္ဌသည် နာဋပုတ္တ၏သား နိဂဏ္ဌအား "အသျှင်ဘုရား ရဟန်းဂေါတမအား ဥပါလိသူကြွယ် အပြစ်တင်မည်ကို အကျွန်ုပ်မနှစ်သက်ပါ။ အသျှင်ဘုရား ရဟန်းဂေါတမသည် လှည့်ပတ်တတ်ပါ၏၊ စိတ်ညို့၍ လှည့်ပတ်ခြင်းအတတ်ကို တတ်ပါ၏၊ ယင်း အတတ်ဖြင့် အယူတမျိုးရှိသော သူတို့၏ တပည့်တို့ကို

http://www.dhammadownload.com



ညို့တော်ပါ၏" ဟုဆို၏။ တပဿီ ရဟန်းဂေါတမ၏ တပည့်အဖြစ်သို့ ဥပါလိသူကြွယ် ရောက်ရာသော အကြောင်းအခွင့်သည် မရှိ။ ဥပါလိသူကြွယ်၏တပည့်အဖြစ်သို့ ရဟန်းဂေါတမသာ ရောက်ရာဖြစ်နိုင်ရာသော အကြောင်းအခွင့်သည် ရှိ၏။ သူကြွယ် သင်သွားလော့၊ ဤစကားအရာ၌ ရဟန်းဂေါတမအား အပြစ်တင်ချေလော့။ သူကြွယ် ရဟန်းဂေါတမအား ငါသည်သော်၎င်း ဒီဃတပဿီနိဂဏ္ဌသည်သော်၎င်း အပြစ်တင်ရာ၏ ဟု လွှတ်လိုက်၏။

"အသျှင်ဘုရား ကောင်းပါပြီ" ဟု ဥပါလိသူကြွယ်သည် နာဋပုတ္တ၏သား နိဂဏ္ဌ၏စကားကို ဝန်ခံပြီး၍ နေရာမှထ၍ ရှိခိုးပြီးလျှင် အရှိအသေပြု၍ ပါဝါရိကသူဌေး၏ သရက်ဥယျာဉ်၌ သီတင်းသုံးနေသော မြတ်စွာဘုရားထံသို့ ချဉ်းကပ်၏၊ ချဉ်းကပ်ပြီးသော် ရိုသေစွာ ရှိခိုး၍ သင့်လျော်ရာ၌ ထိုင်ကာ မြတ်စွာဘုရားအား— "အသျှင်ဘုရား ဒီဃတပဿီနိဂဏ္ဌသည် ဤအရပ်သို့ လာပါသလော" ဟု လျှောက်၏။ သူကြွယ် ဒီဃတပဿီနိဂဏ္ဌသည် ဤအရပ်သို့ လာ၏ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား အသျှင်ဘုရားအား ဒီဃတပဿီနိဂဏ္ဌနှင့် တစုံတခုသော စကားပြောဟောမှုသည် ဖြစ်ပါသလော ဟု (လျှောက်၏)။ သူကြွယ် ငါ့အား ဒီဃတပဿီနိဂဏ္ဌနှင့် တစုံတခုသော စကားပြောဟောမှုသည် ဖြစ်ခဲ့၏ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရားအား ဒီဃတပဿီနိဂဏ္ဌနှင့်အတူ အဘယ်သို့လျှင် စကားပြောဟောမှု ဖြစ်ပါသနည်း ဟု (လျှောက်၏)။ ထိုအခါ မြတ်စွာဘုရားသည် ဒီဃတပဿီနိဂဏ္ဌနှင့် အတူ စကားပြောဟောမှု ဖြစ်သမျှအားလုံးကို ဥပါလိသူကြွယ်အား မိန့်ဆို၏။

၆၁။ ဤသို့ မိန့်ဆိုသော် ဥပါလိသူကြွယ်သည် မြတ်စွာဘုရားအား— "အသျှင်ဘုရား တပဿီသည် ကောင်းလေစွ ကောင်းလေစွ၊ အကြားအမြင် ဗဟုသုတရှိသောဆရာ၏ အဆုံးအမကို ကောင်းစွာ သိသကဲ့သို့ သိသော တပည့်၏ ထုံးတမ်းစဉ်လာအတိုင်းသာလျှင် ဒီဃတပဿီနိဂဏ္ဌသည် မြတ်စွာဘုရားအား ပြောကြားပါပေ၏၊ ဤသို့ သဘောရှိသော ဤသို့ ကြီးကျယ်သော ကာယဒဏ်ကို ထောက်ဆ၍ သေးငယ်သော မနောဒဏ်သည် အဘယ်မှာ ပြောပလောက်မည်နည်း။ အမှန်အားဖြင့် ကာယဒဏ်သည်သာလျှင် မကောင်းမှုပြုခြင်း၌ မကောင်းမှုဖြစ်ခြင်း၌ ကြီးကျယ်သော အပြစ်ရှိ၏၊ ဝစီဒဏ်နှင့် မနောဒဏ်သည် ထိုကဲ့သို့ မကြီးကျယ်ဟု (လျှောက်၏)။ သူကြွယ် သင်သည် မှန်ကန်သောသစ္စာ၌ တည်၍ အကယ်၍ ပြောဆိုငြားအံ့၊ ဤအကြောင်းအရာ၌ ငါတို့ စကားဆွေးနွေးမှု ဖြစ်နိုင်ရာ၏ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား အကျွန်ုပ်သည် မှန်ကန်သော သစ္စာ၌ တည်၍ ပြောဆိုပါအံ့၊ ဤအကြောင်းအရာ၌ အကျွန်ုပ်တို့စကား ဆွေးနွေးမှု ဖြစ်ပါစေ ဟု (လျှောက်၏)။

၆၂။ သူကြွယ် ထိုစကားကို သင်အဘယ်သို့ မှတ်ထင်သနည်း။ နိဂဏ္ဌတယောက်သည် အနာနှိပ်စက်နေ၏၊ ဆင်းရဲရောက်၏၊ ပြင်းစွာနာ၏၊ ရေအေးကိုပယ်၍ ရေနွေးကိုသာ သုံးဆောင်လေ့ရှိ၏၊ ထိုနိဂဏ္ဌသည် ရေအေးကို မရသည်ဖြစ်၍ သေသေရာ၏။ သူကြွယ် နာဋပုတ္တ၏သား နိဂဏ္ဌသည် ဤသေသူနိဂဏ္ဌကို အဘယ်အရပ်၌ ဖြစ်၏ဟု ပညတ်သနည်းဟု (မေးတော်မူ၏)။ အသျှင်ဘုရား စိတ်စွဲလမ်း၍ ဖြစ်သော နတ်မည်သည် ရှိပါ၏၊ ထိုနတ်မျိုးတို့၌ ထိုနိဂဏ္ဌသည် ဖြစ်ပါ၏။ ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း။ အသျှင်ဘုရား ထိုသူသည် စိတ်စွဲလမ်း၍ သေသောကြောင့် ပါတည်းဟု (လျှောက်၏)။ သူကြွယ် စဉ်းစားလော့၊ သူကြွယ် စဉ်းစား၍ သင်ပြောလော့၊ သင်၏ ရှေ့စကားနှင့် နောက်စကားသည်၎င်း နောက်စကားနှင့် ရှေ့စကားသည်၎င်း မစပ်ဟပ်မိပဲ ရှိချေ၏။

http://www.dhammadownload.com



သူကြွယ် သင်သည် "အသျှင်ဘုရား အကျွန်ုပ်သည် မှန်ကန်သော သစ္စာ၌ တည်၍ ပြောဆိုပါအံ့၊ ဤအကြောင်းအရာ၌ အကျွန်ုပ်တို့စကား ဆွေးနွေးမှုဖြစ်ပါစေ"ဟု ဤစကားကို ပြောခဲ့သည် မဟုတ်လော ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား မြတ်စွာဘုရားသည် ဤသို့ မိန့်ထားသော်လည်း အမှန်အားဖြင့် မကောင်းမှုပြုခြင်း၌ မကောင်းမှုဖြစ်ခြင်း၌ ကာယဒဏ်သည်သာလျှင် ကြီးကျယ်သော အပြစ်ရှိ၏၊ ဝစီဒဏ်နှင့်မနောဒဏ်သည် ထိုကဲ့သို့ မကြီးကျယ်ပါဟု (လျှောက်၏)။

၆၃။ သူကြွယ် ထိုစကားကို သင်အဘယ်သို့ မှတ်ထင်သနည်း၊ နာဋ၏သား နိဂဏ္ဌသည် စောင့်စည်းခြင်း ၄-မျိုးဖြင့် စောင့်စည်းနေ၏၊ အလုံးစုံသော ရေအေးကို ပယ်၏၊ အလုံးစုံသော မကောင်းမှု တားမြစ်ခြင်းကို အားထုတ်နေ၏၊ အလုံးစုံသော မကောင်းမှုကို တားမြစ်ခြင်းဖြင့် ခါတွက်ထား၏၊ အလုံးစုံသော မကောင်းမှုကို တားမြစ်ခြင်းဖြင့် ပြန့်နှံ့နေ၏။ ထိုနာဋ၏သား နိဂဏ္ဌသည် ရှေ့သို့ သွားသည်ရှိသော် နောက်သို့ ဆုတ်သည်ရှိသော် များစွာသော သတ္တဝါငယ်တို့ကို သေကျေပျက်စီးခြင်းသို့ ရောက်စေ၏။ သူကြွယ် နာဋ၏သား နိဂဏ္ဌသည် ဤသေကျေပျက်စီးခြင်းသို့ ရောက်စေသော သူ၏အကျိုးကို အဘယ်အကျိုးဟု ပညတ်သနည်း ဟု (မေးတော်မူ၏)။ အသျှင်ဘုရား နာဋ၏သား နိဂဏ္ဌသည် စေ့ဆော်ခြင်း 'စေတနာ' မရှိသည်ဖြစ်၍ ကြီးသော အပြစ်ရှိ၏ဟု မပညတ်ပါဟု (လျှောက်၏)။

သူကြွယ် အကယ်၍ စေတနာရှိငြားအံ့၊ အဘယ်သို့ ဖြစ်သနည်းဟု (မေးတော်မူ၏)။ အသျှင်ဘုရား ကြီးသော အပြစ်ရှိပါ၏ ဟု (လျှောက်၏)။ သူကြွယ် စေ့ဆော်မှု 'စေတနာ' ကို နာဋ၏သား နိဂဏ္ဌသည် အဘယ်ဒဏ် ဟု ပညတ်သနည်း ဟု (မေးတော်မူ၏)။ အသျှင်ဘုရား စေ့ဆော်မှု 'စေတနာ' ကို မနောဒဏ် ဟု ပညတ်ပါ၏ဟု (လျှောက်၏)။ သူကြွယ် စဉ်းစားလော့၊ သူကြွယ် စဉ်းစား၍ သင်ပြောကြားလော့။ သင်၏ရှေ့စကားနှင့် နောက်စကားသည်၎င်း နောက်စကားနှင့် ရှေ့စကားသည်၎င်း မစပ်ဟပ်မိပဲ ရှိချေ၏။ သူကြွယ် သင်သည် "အသျှင်ဘုရား အကျွန်ုပ်သည် မှန်ကန်သော သစ္စာ၌ တည်၍ ပြောဆို ပါအံ့၊ ဤအကြောင်းအရာ၌ အကျွန်ုပ်တို့ စကားဆွေးနွေးမှု ဖြစ်ပါစေ"ဟု ဤစကားကို ပြောခဲ့သည် မဟုတ်ပါလော ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား မြတ်စွာဘုရားသည် ဤသို့ မိန့်ကြားသော်လည်း အမှန်အားဖြင့် မကောင်းမှုပြုခြင်း၌ မကောင်းမှု ဖြစ်ခြင်း၌ ကာယဒဏ်သည်သာလျှင် ကြီးကျယ်သော အပြစ်ရှိ၏၊ ဝစီဒဏ်နှင့်မနောဒဏ်သည် ထိုကဲ့သို့ မကြီးကျယ်ပါဟု (လျှောက်၏)။

၆၄။ သူကြွယ် ထိုစကားကို သင်အဘယ်သို့ မှတ်ထင်သနည်း။ ဤနာဠန္ဒမြို့သည် စည်ပင်သည် ဝပြောသည် များစွာသော လူရှိသည် စည်ကားသည် မဟုတ်လော ဟု (မေးတော်မူ၏)။ အသျှင်ဘုရား မှန်ပါ၏၊ ဤနာဠန္ဒမြို့သည် စည်ပင်ပါ၏၊ ဝပြောပါ၏၊ များစွာသော လူရှိပါ၏၊ လူစည်ကားပါ၏ ဟု (လျှောက်၏)။ သူကြွယ် ထိုစကားကို သင်အဘယ်သို့ မှတ်ထင်သနည်း။ ယောကျ်ားတယောက်သည် သန်လျက်မိုး၍ လာရာ၏၊ ထိုယောကျ်ားသည် "ငါသည် ဤနာဠန္ဒမြို့၌ ရှိသမျှသတ္တဝါတို့ကို တခဏခြင်း တမဟုတ်ခြင်းဖြင့် တခုတည်းသော အသားစု အသားပုံ ဖြစ်အောင် ပြုပါအံ့"ဟု ဆိုရာ၏။

သူကြွယ် ထိုစကားကို သင်အဘယ်သို့ မှတ်ထင်သနည်း၊ ထိုယောကျ်ားသည် ဤနာဠန္ဒမြို့၌ ရှိသမျှသတ္တဝါတို့ကို တခဏခြင်း တမဟုတ်ခြင်းဖြင့် တခုတည်းသော အသားစု အသားပုံဖြစ်အောင်

http://www.dhammadownload.com



ပြုခြင်းငှါ စွမ်းနိုင်ပါမည်လောဟု (မေးတော်မူ၏)။ အသျှင်ဘုရား ယောကျ်ားတို့သည် ဆယ်ယောက်ဖြစ်စေ နှစ်ဆယ်ဖြစ်စေ သုံးဆယ်ဖြစ်စေ လေးဆယ်ဖြစ်စေ ငါးဆယ်ဖြစ်စေ ဤနာဠန္ဒမြို့၌ ရှိသမျှ သတ္တဝါတို့ကို တခဏခြင်း တမုဟုတ်ခြင်းဖြင့် တခုတည်းသော အသားစု အသားပုံ ဖြစ်အောင် ပြုခြင်းငှါ မစွမ်းနိုင်ပါကုန်၊ အနည်းငယ်သော တယောက်တည်းသော ယောကျ်ားသည် အဘယ်မှာ ပြောပလောက်ပါမည်နည်း ဟု (လျှောက်၏)။ သူကြွယ် ထိုစကားကို သင်အဘယ်သို့ မှတ်ထင်သနည်း။ တန်ခိုးရှိသော စိတ်တန်ခိုးရှိသည့် အဖြစ်သို့ရောက်သော သမဏသည်သော်၎င်း ဗြာဟ္မဏသည်သော်၎င်း လာရာ၏၊ ထိုသူသည် ငါသည် ဤနာဠန္ဒမြို့ကို တကြိမ်စိတ်ဆိုးကာမျှဖြင့် ပြာဖြစ်အောင် ပြုအံ့ဟု ဆိုရာ၏။

သူကြွယ် ထိုစကားကို သင်အဘယ်သို့ မှတ်ထင်သနည်း။ တန်ခိုးရှိသော စိတ်တန်ခိုးရှိသည့် အဖြစ်သို့ ရောက်သော ထိုသမဏဗြာဟ္မဏသည် ဤနာဠန္ဒမြို့ကို တကြိမ်စိတ်ဆိုးကာမျှဖြင့် ပြာဖြစ်အောင် ပြုခြင်းငှါ စွမ်းနိုင်ရာသလော ဟု (မေးတော်မူ၏)။

အသျှင်ဘုရား နာဠန္ဒမြို့တို့ကို ဆယ်မြို့ဖြစ်စေ နှစ်ဆယ်ဖြစ်စေ သုံးဆယ်ဖြစ်စေ လေးဆယ်ဖြစ်စေ ငါးဆယ်ဖြစ်စေ တန်ခိုးရှိသော စိတ်တန်ခိုးရှိသည့်အဖြစ်သို့ ရောက်သော ထိုသမဏဗြာဟ္မဏသည် တကြိမ်စိတ်ဆိုးကာမျှဖြင့် ပြာဖြစ်အောင် ပြုခြင်းငှါ စွမ်းနိုင်၏။ သေးငယ်သော တခုတည်းသော နာဠန္ဒမြို့ကိုကား အဘယ်မှာ ပြောပလောက်မည်နည်း ဟု (လျှောက်၏)။

သူကြွယ် ထိုသို့ ဖြစ်လျှင် စဉ်းစားလော့၊ သူကြွယ် စဉ်းစား၍ သင်ပြောလော့။ သင်၏ ရှေ့စကားနှင့် နောက်စကားသည်၎င်း နောက်စကားနှင့် ရှေ့စကားသည်၎င်း မစပ်ဟပ်မိပဲ ရှိချေ၏။ သူကြွယ် သင်သည် "အသျှင်ဘုရား အကျွန်ုပ်သည် မှန်ကန်သောသစ္စာ၌ တည်၍ ပြောဆိုပါအံ့၊ ဤအကြောင်းအရာ၌ အကျွန်ုပ်တို့စကား ဆွေးနွေးမှု ဖြစ်ပါစေ"ဟု ဤစကားကို ပြောဆိုခဲ့သည် မဟုတ်ပါလော ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား မြတ်စွာဘုရား ဤသို့ မိန့်ကြားသော်လည်း မကောင်းမှုပြုခြင်း၌ မကောင်းမှု ဖြစ်ခြင်း၌ ကာယဒဏ်သည်သာလျှင် ကြီးကျယ်သောအဖြစ်ရှိ၏၊ ဝစီဒဏ်နှင့် မနောဒဏ်သည် ထိုကဲ့သို့ မကြီးကျယ်ပါ ဟု (လျှောက်၏)။

၆၅။ သူကြွယ် ထိုစကားကို သင်အဘယ်သို့ မှတ်ထင်သနည်း။ သင်သည် ဒဏ္ဍကီတိုင်း ကာလိင်္ဂတိုင်း မဇ္ဈတိုင်း မာတင်္ဂတိုင်းကို တောအတိ ဖြစ်နေသည်ဟု ကြားဘူးပါ၏လော ဟု (မေးတော်မူ၏)။ အသျှင်ဘုရား မှန်ပါသည်၊ ဒဏ္ဍကီတိုင်း ကာလိင်္ဂတိုင်း မဇ္ဈတိုင်း မာတင်္ဂတိုင်းကို တောအတိဖြစ်နေသည်ဟု ကြားဘူးပါ၏ ဟု (လျှောက်၏)။ သူကြွယ် ထိုစကားကို သင်အဘယ်သို့ မှတ်ထင်သနည်း၊ အဘယ်သို့လျှင် သင်ကြားဘူးပါသနည်း၊ အဘယ်အကြောင်းကြောင့် ဒဏ္ဍကီတိုင်း ကာလိင်္ဂတိုင်း မဇ္ဈတိုင်း မာတင်္ဂတိုင်းကို တောအတိ ဖြစ်နေသည်ဟု ကြားဘူးသနည်းဟု (မေးတော်မူ၏)။ အသျှင်ဘုရား အကျွန်ုပ်သည် ရသေ့တို့၏ စိတ်ဆိုးခြင်းကြောင့် ထိုဒဏ္ဍကီတိုင်း ကာလိင်္ဂတိုင်း မာတင်္ဂတိုင်းသည် တောအတိ ဖြစ်နေ၏ ဟု ကြားဘူးပါ၏ဟု (လျှောက်၏)။

သူကြွယ် ထိုသို့ဖြစ်လျှင် စဉ်းစားလော့၊ သူကြွယ် စဉ်းစား၍ သင်ပြောကြားလော့။ သင်၏ ရှေ့စကားနှင့် နောက်စကားသည်၎င်း နောက်စကားနှင့် ရှေ့စကားသည်၎င်း ပစပ်ဟပ်မိပဲ ရှိချေ၏။ သူကြွယ် သင်သည် "အသျှင်ဘုရား အကျွန်ုပ်သည် မှန်ကန်သော သစ္စာ၌ တည်၍ ပြောဆိုပါအံ့၊ ဤအကြောင်းအရာ၌ အကျွန်ုပ်တို့ စကားဆွေးနွေးမှု ဖြစ်ပါစေ"ဟု ဤစကားကို ပြောဆိုခဲ့သည် မဟုတ်ပါလော ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



၆၆။ အသျှင်ဘုရား အကျွန်ုပ်သည် ရှေးဦးစွာသော ဥပမာဖြင့်ပင်လျှင် မြတ်စွာဘုရား၏ စကားကို နှစ်သက်ဝမ်းမြောက်လှပါပြီ၊ သို့သော်လည်း အကျွန်ုပ်သည် မြတ်စွာဘုရား၏ ဤ ဆန်းကြယ်လှစွာသော ပြဿနာဖြေကြားတော်မူခြင်းကို ကြားနာလို၍ မြတ်စွာဘုရားကို ဤ ဆိုခဲ့တိုင်း ဆန့်ကျင်ဘက်ကဲ့သို့ မထိမဲ့မြင် ပြုမိပါ၏။

အသျှင်ဘုရား (တရားတော်သည်)အလွန်နှစ်သက်ဖွယ်ရှိပါ၏၊ အသျှင်ဘုရား (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိပါ၏၊ အသျှင်ဘုရား ဥပမာသော်ကား မှောက်ထားသော ဝတ္ထုကို လှန်ဘိသကဲ့သို့၎င်း ဖုံးလွှမ်းထားသော ဝတ္ထုကို ဖွင့်လှစ်ဘိသကဲ့သို့၎င်း မျက်စိထည်သော သူအား လမ်းမှန်ကို ပြောကြားဘိသကဲ့သို့၎င်း "မျက်စိရှိသော သူတို့သည် အဆင်းတို့ကို မြင်ကြလိမ့်မည်" ဟု အမိုက်မှောင်၌ ဆီမီး တန်ဆောင်ကို ဆောင်ပြဘိသကဲ့သို့၎င်း ဤအတူသာလျှင် မြတ်စွာဘုရားသည် အကြောင်းအမျိုးမျိုးဖြင့် တရားတော်ကို ပြတော်မူ၏၊အကျွန်ုပ်သည် အသျှင်ဂေါတမကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သံဃာတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ မြတ်စွာဘုရားသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်သော ဥပါသကာဟု မှတ်တော်မူပါဟု (လျှောက်၏)။

၆၇။ သူကြွယ် စူးစမ်းဆင်ခြင်၍ ပြုလော့၊ သင်တို့ကဲ့သို့ ထင်ရှားကျော်စောသောသူတို့အား စူးစမ်းဆင်ခြင်၍ ပြုခြင်းသည် ကောင်း၏ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား မြတ်စွာဘုရားသည် အကျွန်ုပ်ကို"သူကြွယ် စူးစမ်း ဆင်ခြင်၍ ပြုလော့၊ သင်တို့ကဲ့သို့ ထင်ရှားကျော်စောသောသူတို့အား စူးစမ်းဆင်ခြင်၍ ပြုခြင်းသည် ကောင်း၏"ဟု မိန့်တော်မူ၏။ ဤစကားဖြင့်လည်း အကျွန်ုပ်သည် မြတ်စွာဘုရားအား အတိုင်းထက်အလွန် ဝမ်းမြောက်ပါ၏၊ နှစ်သက်ပါ၏၊ အသျှင်ဘုရား တပါးသောအယူရှိသော တိတ္ထိဘိသည် အကျွန်ုပ်ကဲ့သို့သောတပည့်ကို ရခဲ့သော် "ဥပါလိမည်သော သူကြွယ်သည် ငါတို့၏တပည့် အဖြစ်သို့ ရောက်၏"ဟု နာလန္ဒာမြို့လုံးကို တံခွန် အောင်လံ စိုက်ဆောင်ကုန်ရာ၏၊ ထိုသို့ ဖြစ်ပါလျက်လည်း မြတ်စွာဘုရားသည် အကျွန်ုပ်ကို "သူကြွယ် စူးစမ်းဆင်ခြင်၍ ပြုလော့၊ သင်တို့ကဲ့သို့ ထင်ရှားကျော်စော သူတို့အား စူးစမ်းဆင်ခြင်၍ ပြုခြင်းသည် ကောင်း၏"ဟု မိန့်တော်မူ၏။ အသျှင်ဘုရား၊ ထိုအကျွန်ုပ်သည် နှစ်ကြိမ်မြောက်လည်း မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သံဃာတော်ကိုလည်း ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါ၏၊ မြတ်စွာဘုရားသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ရတနာသုံးပါးကို ဆည်းကပ်သော ဥပါသကာဟူ၍ မှတ်တော်မူပါဟု (လျှောက်၏)။

၆၈။ သူကြွယ် ရှည်စွာသော နေ့ညဉ့်ပတ်လုံး သင်၏အိမ်သည် နိဂဏ္ဌတို့၏ ရေတွင်းသဖွယ် ဖြစ်ခဲ့သောကြောင့် ကပ်ရောက်လာသော ထိုနိဂဏ္ဌတို့အား ဆွမ်းလှူမည်ကို အောက်မေ့လော့ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား မြတ်စွာဘုရားသည် အကျွန်ုပ်ကို"သူကြွယ် ရှည်စွာသော နေ့ညဉ့်ပတ်လုံး သင်၏ အိမ်သည် နိဂဏ္ဌတို့၏ ရေတွင်းသဖွယ် ဖြစ်ခဲ့သောကြောင့် ကပ်ရောက်လာသော ထိုနိဂဏ္ဌတို့အား ဆွမ်းလှူရမည်ကို အောက်မေ့လော့"ဟု မိန့်တော်မူ၏၊ ဤစကားဖြင့်လည်း မြတ်စွာဘုရားအား အတိုင်းထက်အလွန် ဝမ်းမြောက်ပါ၏၊ နှစ်သက်ပါ၏။ အသျှင်ဘုရား အကျွန်ုပ်သည

http://www.dhammadownload.com



၍စကားကို ကြားဘူးပါသည်—ချဟန်းဂေါတမသည် "ငါ့အား သာလျှင် အလှူကို ပေးလှူအပ်၏၊ တပါးသော သူတို့အား အလှူကို မပေးလှူအပ်၊ ငါ၏ တပည့်သားတို့အားသာလျှင် အလှူကို ပေးလှူအပ်၏၊ တပါးသော သူတို့၏တပည့်သားတို့အား အလှူကို မပေးလှူအပ်၊ငါ့အား လှူသော အလှူသည်သာလျှင် အကျိုးကြီး၏၊ တပါးသောသူတို့အား လှူသော အလှူသည် အကျိုးမကြီး၊ ငါ၏တပည့်သားတို့အား လှူသောအလှူသည်သာလျှင် အကျိုးကြီး၏၊ တပါးသော သူတို့၏ တပည့်သားတို့အား လှူသော အလှူသည် အကျိုးမကြီး"ဟု ဟောတော်မူ၏ ဟူသောစကားကို ကြားဘူးပါသည်၊ ထိုသို့ဖြစ်လျက်လည်း မြတ်စွာဘုရားသည် အကျွန်ုပ်ကို နိဂဏ္ဌတို့၌သည်း ပေးလှူခြင်း၌ ဆောက်တည်စေ၏၊ အသျှင်ဘုရား စင်စစ်သော်ကား အကျွန်ုပ်တို့သည် ထိုအလှူ ပေးခြင်း၌ အခါကာလကို သိပါကုန်အံ့၊ အသျှင်ဘုရား ထိုအကျွန်ုပ်သည် သုံးကြိမ်မြောက်လည်း မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သံဃာတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ မြတ်စွာဘုရားသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ရတနာသုံးပါးကို ဆည်းကပ်သော ဥပါသကာဟူ၍ မှတ်တော်မူပါလော့ ဟု (လျှောက်၏)။

၆၉။ ထိုအခါ မြတ်စွာဘုရားသည် ဥပါသိသူကြွယ်အား အစဉ်အတိုင်းသော တရားစကားကို ဟောတော်မူ၏၊ ဤသည်ကား အဘယ်နည်း၊ ဒါနနှင့်စပ်သောစကားကိုရင်း သီလနှင့်စပ်သော စကားကိုရင်း နတ်ပြည်နှင့်စပ်သော စကားကိုရင်း ကာမဂုဏ်တို့၏ အပြစ်ကိုရင်း ယုတ်ညံ့ ခြင်းကိုရင်း ညစ်ညူးခြင်းကိုရင်း (ကာမဂုဏ်တို့မှ)ထွက်မြောက်ခြင်း၌ အကျိုးကိုရင်း ပြတော်မူ၏။ မြတ်စွာဘုရားသည် ဥပါလိသူကြွယ်၌ သင့်လျော်သောစိတ် နူးညံ့သောစိတ် အပိတ်အပင်'နီဝရဏ' မှ ကင်းသောစိတ် တက်ကြွသောစိတ် ယုံကြည်သောစိတ် ရှိသည်ကို သိတော်မူသောအခါ မြတ်စွာဘုရားတို့၏ ကိုယ်တိုင် ထုတ်ဖော်သိမြင်ပြီးသော 'သာမုက္ကံသိက' တရားဒေသနာတော်ကို ဟောကြားတော်မူလျက် ဆင်းရဲ'ဒုက္ခ'ကိုရင်း ဆင်းရဲဖြစ်ကြောင်း 'သမုဒယ'ကိုရင်း ဆင်းရဲချုပ်ရာ 'နိရောဓ'ကိုရင်း ဆင်းရဲချုပ်ရာသို့ရောက်ကြောင်းသမ်းစဉ်'မဂ္ဂ'ကိုရင်း ပြတော်မူ၏၊ မည်းညစ်ခြင်း ကင်းသော ဖြူစင်သော အဝတ်သည် ဆိုးရည်ကို ကောင်းစွာ ခံယူသကဲ့သို့ ထို့အတူ ဥပါသိသူကြွယ် အား ထိုနေရာ၌ပင်လျှင်"ဖြစ်ခြင်း သဘောရှိသော တရားအလုံးစုံသည် ချုပ်ခြင်းသဘောရှိ၏"ဟု ကိလေသာမြူအညစ်အကြေးကင်းသောမျက်စိ 'သောတာပတ္တိမဂ်ဉာဏ်'သည် ဖြစ်ပေါ်၏၊ထိုအခါ ဥပါသိသူကြွယ်သည် တရားကို မြင်ပြီးသည်ဖြစ်၍ တရားသို့ရောက်ပြီးသည်ဖြစ်၍ တရားကို သိပြီးသည် ဖြစ်၍ တရားသို့ သက်ဝင်ပြီးသည်ဖြစ်၍ ယုံမှားခြင်းကို ကူးမြောက်ပြီးသည်ဖြစ်၍ သို့လော သို့လော (တွေးတောခြင်း) ကင်းပြီးသည်ဖြစ်၍ မြတ်စွာဘုရားသာသနာ၌ ရဲရင့်ခြင်းသို့ ရောက်သည်ဖြစ်၍ သူတပါးကို အားထားယုံကြည်သည် မဟုတ်ပဲ မိမိကိုယ်ဘိုင်ပင် သိမြင်ပြီးသည်ဖြစ်၍ မြတ်စွာဘုရား အား "အသျှင်ဘုရား ယခုအခါ အကျွန်ုပ်တို့ သွားပါကုန်အံ့၊ အကျွန်ုပ်တို့သည် များသောကိစ္စ များသောပြုဖွယ် ရှိပါကုန်၏"ဟုလျှောက်၏။ သူကြွယ် ယခုအခါ၌ သွားရန် အချိန်ကို သင်သိ၏ (သွားရန်မှာ သင်၏ အလိုအဘိုင်းပင်ဖြစ်၏) ဟု (မိန့်တော်မူ၏)။

၇၀။ ထိုအခါ ဥပါသိသူကြွယ်သည် မြတ်စွာဘုရား၏စကားကို နှစ်သက်ဝမ်းမြောက်၍ နေရာမှ ထလျက် မြတ်စွာဘုရားကို ရှိခိုးစွာ ရှိခိုး၍ အရိုအသေပြုကာ မိမိအိမ်သို့ ချဉ်းကပ်ပြီးလျှင် တံခါးစောင့်ကို ပြောဆို၏ "အချင်းတံခါးစောင့် ယနေ့ကစ၍ နိဂဏ္ဌယောကျ်ား နိဂဏ္ဌမိန်းမတို့

http://www.dhammadownload.com



အတွက် တံခါးကို ပိတ်ထား၏၊ မြတ်စွာဘုရား၏ ရဟန်းယောကျ်ား ရဟန်းမိန်းမ ဒါယကာ ဒါယိကာမ တို့အတွက် တံခါးကို ဖွင့်ထား၏၊အကယ်၍ တစုံတယောက်သောနိဂဏ္ဌသည် လာငြားအံ့၊ ထိုနိဂဏ္ဌကို သင်သည် ဤသို့ပြောကြားလော့—"အသျှင် ရပ်ဦးလော့၊ မဝင်ပါလင့်၊ ယနေ့မှ စ၍ ဥပါလိ သူကြွယ်သည် ရဟန်းဂေါတမ၏ တပည့်အဖြစ်သို့ ကပ်ရောက်၏၊ နိဂဏ္ဌယောကျ်ား နိဂဏ္ဌမိန်းမ တို့အတွက် တံခါးကို ပိတ်ထား၏၊ မြတ်စွာဘုရား၏ ရဟန်းယောကျ်ား ရဟန်းမိန်းမ ဒါယကာ ဒါယိကာမတို့အတွက် တံခါးကို ဖွင့်ထား၏။ အသျှင် အသျှင်သည် အကယ်၍ ဆွမ်းအလိုရှိငြားအံ့၊ ဤနေရာ၌သာလျှင် ရပ်ပါလော့၊ဤနေရာ၌ပင်လျှင် အသျှင်တို့အတွက် ဆောင်ယူလာပါကုန်လတ္တံ့" ဟု ဤသို့ ပြောကြားလော့ဟု(ပြောဆို၏)။ "အသျှင် ကောင်းပါပြီ"ဟု တံခါးစောင့်သည် ဥပါလိ သူကြွယ်၏ စကားကို ဝန်ခံ၏။

၇၁။ "ဥပါလိသူကြွယ်သည် ရဟန်းဂေါတမ၏ တပည့်အဖြစ်သို့ ကပ်ရောက်လေပြီတဲ့"ဟု ဒီဃတပဿီနိဂဏ္ဌသည် ကြားလေ၏။ထိုအခါ ဒီဃတပဿီနိဂဏ္ဌသည် နာဋပုတ္တ နိဂဏ္ဌထံသို့ ချဉ်းကပ်၍ နာဋပုတ္တ နိဂဏ္ဌကို "အသျှင် ဥပါလိသူကြွယ်သည် ရဟန်းဂေါတမ၏ တပည့် အဖြစ်သို့ ကပ်ရောက်လေပြီတဲ့"ဟု အကျွန်ုပ် ကြားရပါ၏ဟု ပြောကြား၏။ တပဿီ ဥပါလိ သူကြွယ်သည် ရဟန်းဂေါတမ၏ တပည့်အဖြစ်သို့ ရောက်ရာသော အကြောင်း အခွင့်သည် မရှိ။ ရဟန်းဂေါတမသည်သာ ဥပါလိသူကြွယ်၏ တပည့်အဖြစ်သို့ ရောက်ရာသော အကြောင်းအခွင့် သည် ရှိ၏ ဟု (ပြောဆို၏)။ နှစ်ကြိမ်မြောက်သည်း ဒီဃတပဿီနိဂဏ္ဌသည်။ပ။ သုံးကြိမ် မြောက်သည်း ဒီဃတပဿီနိဂဏ္ဌသည် နာဋပုတ္တ နိဂဏ္ဌကို အသျှင် အကျွန်ုပ်သည် ဤစကားကို ကြားရပါ၏။ပ။ ရဟန်းဂေါတမသည်သာလျှင် ဥပါလိသူကြွယ်၏တပည့်အဖြစ်သို့ ရောက်ရာသော အကြောင်းအခွင့်သည် ရှိ၏ ဟု(ပြောဆို၏)။ အသျှင် ဥပါလိသူကြွယ်သည် ရဟန်းဂေါတမ၏ တပည့်အဖြစ်သို့ ကပ်ရောက်သည် မကပ်ရောက်သည်ကို သိရအောင် အကျွန်ုပ် ယခု သွားပါအံ့ဟု (ဆို၏)။ တပဿီ ဥပါလိသူကြွယ်သည် ရဟန်းဂေါတမ၏ တပည့်အဖြစ်သို့ ကပ်ရောက်သည် မကပ်ရောက်သည်ကို သိရအောင် သင်သွားလော့ဟု (ဆို၏)။

၇၂။ ထိုအခါ ဒီဃတပဿီနိဂဏ္ဌသည် ဥပါလိသူကြွယ်၏အိမ်သို့ ချဉ်းကပ်လေ၏။ တံခါး စောင့်သည် အဝေးကလာသော ဒီဃတပဿီနိဂဏ္ဌကို မြင်လျှင် ဒီဃတပဿီနိဂဏ္ဌအား "အသျှင် ရပ်ဦးလော့၊ မဝင်ပါလင့်၊ ယနေ့မှစ၍ ဥပါလိသူကြွယ်သည် ရဟန်းဂေါတမ၏တပည့်အဖြစ်သို့ ကပ်ရောက်၏၊ နိဂဏ္ဌယောကျ်ား နိဂဏ္ဌမိန်းမတို့အတွက် တံခါးကို ပိတ်ထား၏၊ မြတ်စွာဘုရား၏ ရဟန်းယောကျ်ား ရဟန်းမိန်းမ ဒါယကာ ဒါယိကာမတို့အတွက် တံခါးကို ဖွင့်ထား၏၊အသျှင် အသျှင်တို့သည် အကယ်၍ ဆွမ်းအလိုရှိငြားအံ့၊ ဤနေရာ၌သာလျှင် ရပ်ပါလော့၊ ဤနေရာ၌ ပင်လျှင် အသျှင်တို့အတွက် ဆောင်ယူလာပါကုန်လတ္တံ့" ဟု (ဆို၏)။

"ငါသျှင်တံခါးစောင့် ငါဆွမ်းအလိုမရှိ"ဟု ဆို၍ ထိုအရပ်မှ ပြန်ခဲ့ပြီးလျှင် နာဋပုတ္တ နိဂဏ္ဌ ထံသို့ ချဉ်းကပ်၍ နာဋပုတ္တ နိဂဏ္ဌအား—"အသျှင် ဥပါလိသူကြွယ်သည် ရဟန်းဂေါတမ၏ တပည့်အဖြစ်သို့ ကပ်ရောက်သည်မှာ အမှန်ပင်ဖြစ်၏။ အသျှင် ဥပါလိသူကြွယ်သည် ရဟန်း ဂေါတမအား အပြစ်တင်မည်ကို အကျွန်ုပ်မနှစ်သက်ပါ၊ အသျှင် ရဟန်းဂေါတမသည် လှည့်ပတ် တတ်ပါ၏၊ စိတ်ညို့၍ လှည့်ပတ်ခြင်းအတတ်ကို တတ်ပါ၏၊ ယင်းအတတ်ဖြင့် အယူတပါးမျိုးရှိသော သူတို့၏ တပည့်တို့ကို ညို့တတ်ပါ၏" ဟု ဤသို့ သင့်အား အကျွန်ုပ်သည် တားမြစ်ပါလျက် မရ

http://www.dhammadownload.com



ခဲ့ပါလေတကား။အသျှင် သင်၏ ဥပါလိသူကြွယ်ကို ရဟန်းဂေါတမသည် စိတ်ညို့လှည့်ပတ်ခြင်းဖြင့် လှည့်ပတ်ထားလေပြီတကား” ဟု (ပြောဆို၏)။ တပဿီ ဥပါလိသူကြွယ်သည် ရဟန်းဂေါတမ၏ တပည့်အဖြစ်သို့ ရောက်ရသော အကြောင်းအခွင့်သည် မရှိ၊ ရဟန်းဂေါတမသည်သာ ဥပါလိသူကြွယ်၏ တပည့်အဖြစ်သို့ ရောက်ရသော အကြောင်း အခွင့်သည် ရှိ၏ ဟု (ပြောဆို၏)။

နှစ်ကြိမ်မြောက်လည်း ဒီဃတပဿီနိဂဏ္ဌသည် နာဋပုတ်၏သား နိဂဏ္ဌကို ဤသို့ ပြောကြား၏။ပ။ အမှန်ပင်ဖြစ်ခဲ့၏။ပ။ ရဟန်းဂေါတမသည်သာ ဥပါလိသူကြွယ်၏တပည့်အဖြစ်သို့ ရောက်ရသော အကြောင်းအခွင့်သည် ရှိ၏ ဟု (ပြောဆို၏)။ သုံးကြိမ်မြောက်လည်း ဒီဃတပဿီနိဂဏ္ဌသည် နာဋပုတ်၏သား နိဂဏ္ဌအား ဤစကားကို ပြောဆို၏။ပ။ အမှန်ပင် ဖြစ်ခဲ့၏။ပ။ ရဟန်းဂေါတမသည်သာ ဥပါလိသူကြွယ်၏ တပည့်အဖြစ်သို့ ရောက်ရသော အကြောင်းအခွင့်သည် ရှိ၏ဟု (ပြောဆို၏)။ တပဿီ ဥပါလိသူကြွယ်သည် ရဟန်းဂေါတမ၏ တပည့်အဖြစ်သို့ ကပ်ရောက်သည် မကပ်ရောက်သည်ကို ကိုယ်တိုင်သိရအောင် ယခု ငါသွားချေအံ့ ဟု (ဆို၏)။ထိုအခါ နာဋပုတ်၏သား နိဂဏ္ဌသည် များစွာသော နိဂဏ္ဌပရိသတ်နှင့် အတူ ဥပါလိသူကြွယ်၏အိမ်သို့ ချဉ်းကပ်လေ၏။ တံခါးစောင့်သည် အဝေးမှ လာသော နာဋပုတ်၏သား နိဂဏ္ဌကို မြင်လျှင် နာဋပုတ်၏သား နိဂဏ္ဌအား “အသျှင် ရပ်ဦးလော့၊ မဝင်ပါလင့်၊ ယနေ့မှစ၍ ဥပါလိသူကြွယ်သည် ရဟန်းဂေါတမ၏တပည့်အဖြစ်သို့ ကပ်ရောက်၏၊ နိဂဏ္ဌယောကျ်ား နိဂဏ္ဌမိန်းမတို့ အတွက် တံခါးကို ပိတ်ထား၏၊ မြတ်စွာဘုရား၏ ရဟန်းယောကျ်ား ရဟန်းမိန်းမ ဒါယကာ ဒါယိကာမတို့အတွက် တံခါးကို ဖွင့်ထား၏။ အသျှင် အသျှင်တို့သည် အကယ်၍ ဆွမ်းအလိုရှိကြအံ့၊ ဤနေရာ၌သာ ရပ်ပါလော့၊ ဤနေရာ၌ ပင်လျှင် အသျှင်တို့အတွက် ဆောင်ယူလာပါကုန်လတ္တံ့” ဟု (ပြောကြား၏)၊

အချင်းတံခါးစောင့် သို့ဖြစ်ပါမူ ဥပါလိသူကြွယ်ထံသို့ ချဉ်းကပ်၍ “အသျှင် နာဋပုတ်၏သား နိဂဏ္ဌသည် များစွာသော နိဂဏ္ဌပရိသတ်နှင့် အတူ တံခါးမုတ်၏ ပြင်ပ၌ ရပ်လျက် ရှိပါ၏၊ ထို နာဋပုတ်၏သား နိဂဏ္ဌသည် အသျှင်အား တွေ့မြင်လိုပါသတတ်”ဟု ပြောကြားပါလော့ဟု (ဆို၏)။ “အသျှင် ကောင်းပါပြီ”ဟု တံခါးစောင့်သည် နာဋပုတ်၏သား နိဂဏ္ဌအား ပြန်ပြော၍ ဥပါလိသူကြွယ်ထံသို့ ချဉ်းကပ်ပြီးလျှင် ဥပါလိသူကြွယ်အား—“အသျှင် နာဋပုတ်၏သား နိဂဏ္ဌသည် များစွာသော နိဂဏ္ဌပရိသတ်နှင့်အတူ တံခါးမုတ်ပြင်ပ၌ ရပ်လျက် ရှိပါ၏၊ ထိုနာဋပုတ်၏သား နိဂဏ္ဌသည် အသျှင့်အား တွေ့မြင်လိုပါ၏” ဟု ပြောကြား၏။ အချင်းတံခါးစောင့် သို့ဖြစ်မူ အလယ်တံခါးမုတ်၌ နေရာတို့ကို ခင်းထားလော့ ဟု (ဆို၏)။ “အသျှင် ကောင်းပါပြီ”ဟု တံခါးစောင့်သည် ဥပါလိသူကြွယ်၏ စကားကို ဝန်ခံ၍ အလယ်တံခါးမုတ်၌ နေရာတို့ကို ခင်းထားပြီးလျှင် ဥပါလိသူကြွယ်ထံသို့ ချဉ်းကပ်၍ “အသျှင် အလယ်တံခါးမုတ်၌ နေရာတို့ကို ခင်းထားပြီးပါပြီ၊ သွားရန် အချိန်ကို သင် သိ၏ (သွားရန်မှာ အသျှင်၏အလိုအတိုင်းပင် ဖြစ်၏)” ( ဟု ပြော၏)။

၇၃။ ထိုအခါ ဥပါလိသူကြွယ်သည် အလယ်တံခါးမုတ်သို့ ချဉ်းကပ်၍ ထိုအရပ်ရှိ အဦး အထွတ် အမြတ် အမွန်ဆုံးဖြစ်သော နေရာ၌ ကိုယ်တိုင် ထိုင်ပြီးလျှင် တံခါးစောင့်ကို ခေါ်၍ ပြောဆို၏—အချင်းတံခါးစောင့် သို့ဖြစ်မူ နာဋပုတ်၏သား နိဂဏ္ဌထံသို့ ချဉ်းကပ်၍ အသျှင် အကယ်၍ အလိုရှိပါမူ အတွင်းသို့ ဝင်ခဲ့ပါလော့ဟု ဥပါလိသူကြွယ်သည် ပြောလိုက်ပါ၏ ဟု ပြောကြားလော့ ဟု (ဆို၏)။ “အသျှင် ကောင်းပါပြီ” ဟု တံခါးစောင့်သည် ဥပါလိသူကြွယ်၏ စကားကို ဝန်ခံ၍ နာဋပုတ်၏သား နိဂဏ္ဌထံသို့ ချဉ်းကပ်ပြီးလျှင် ဤစကားကို ပြောဆို၏။“အသျှင် အလိုရှိပါမူ အတွင်းသို့ ဝင်ခဲ့ပါလော့ဟု ဥပါလိသူကြွယ်သည် ပြောလိုက်ပါ၏”ဟု (ပြောဆို၏)။

http://www.dhammadownload.com



ထိုအခါ နာဋပုတ်၏သား နိဂဏ္ဌသည် များစွာသော နိဂဏ္ဌပရိသတ်နှင့် အတူ အလယ်တံခါးမုတ်သို့ ချဉ်းကပ်လေ၏။ ထိုအခါ ဥပါလိသူကြွယ်သည် ရှေးအခါက နာဋပုတ်၏သား နိဂဏ္ဌ အဝေးမှ လာသည်ကို မြင်ရာ အရပ်မှ ခရီးဦးကြိုဆို၍ ထိုအရပ်ရှိ အဦး အထွတ် အမြတ်ဆုံးဖြစ်သော နေရာကို ကိုယ်ဝတ် အပေါ်ရုံဖြင့် ပွတ်တိုက်၍ ဖေးမကိုင်တွယ်၍ ထိုင်နေစေ၏၊ ယခုအခါ၌ကား ထိုသူကြွယ်သည် ထိုအရပ်ရှိ အဦး အထွတ် အမြတ် အမွန်ဆုံးဖြစ်သော နေရာ၌ ကိုယ်တိုင်ထိုင်လျက် နာဋပုတ်၏သား နိဂဏ္ဌကို "အသျှင် နေရာတို့သည် ရှိပါကုန်၏၊ အကယ်၍ အလိုရှိပါမူ ထိုင်ပါလော့" ဟု ဆို၏။

ဤသို့ဆိုသော် နာဋပုတ်၏သား နိဂဏ္ဌသည် ဥပါလိသူကြွယ်အား— "သူကြွယ် သင်ရူးသလော၊ သူကြွယ် သင်မိုက်သလော၊ 'အသျှင် အကျွန်ုပ် သွားပါအံ့၊ ရဟန်းဂေါတမအား အပြစ်တင် ချေပါအံ့' ဟု ဆို၍ သွားပါလျက် များစွာသော ဝါဒအပေါင်းဖြင့် အစွပ်စွဲခံ၍ ပြန်လာခဲ့၏။ သူကြွယ် ဥပမာသော်ကား ဝှေးသင်းသမား ယောကျ်ားတယောက်သည် သွား၍ ဝှေးစေ့အထုတ်ခံရလျက် ပြန်လာရသကဲ့သို့ သူကြွယ် ဥပမာတနည်းသော်ကား မျက်လုံးထုတ်သမား ယောကျ်ားတယောက်သည် သွား၍ မျက်လုံး အထုတ်ခံရလျက် ပြန်လာရသကဲ့သို့ သူကြွယ် သင်သည် ဤဥပမာများအတူ သာလျှင် 'အသျှင် အကျွန်ုပ်သွားပါအံ့၊ ရဟန်းဂေါတမအား အပြစ်တင်ချေပါအံ့' ဟုဆို၍ သွားပါလျက် များစွာသော ဝါဒအပေါင်းဖြင့် အစွပ်စွဲခံ၍ ပြန်လာခဲ့၏၊ သူကြွယ် သင့်ကို ရဟန်းဂေါတမသည် စိတ်ညို့၍ လှည့်ပတ်ခြင်းဖြင့် လှည့်ပတ်ထားချေပြီတကား" ဟု ပြောဆို၏။

၇၄။ အသျှင် စိတ်ညို့၍ လှည့်ပတ်ခြင်းသည် အလွန်ကောင်းမွန်ခြင်း ရှိပါ၏၊ အသျှင် စိတ်ညို့၍ လှည့်ပတ်ခြင်းသည် မွန်မြတ်ခြင်းရှိပါ၏၊ အသျှင် အကျွန်ုပ်၏ ချစ်လှစွာသောဆွေမျိုးသား ချင်းတို့သည် ဤစိတ်ညို့၍ လှည့်ပတ်ခြင်းဖြင့် အညို့ခံရကုန်ငြားအံ့၊ အသျှင် အကျွန်ုပ်၏ ချစ်လှစွာကုန်သော ဆွေမျိုးသားချင်းတို့မှာလည်း ရှည်မြင့်စွာသော ကာလပတ်လုံး စီးပွါးချမ်းသာခြင်းငှါ ဖြစ်ကုန်ရာပါ၏၊ အသျှင် အလုံးစုံသော မင်းတို့သည်လည်း ဤစိတ်ညို့၍ လှည့်ပတ်ခြင်းဖြင့် အညို့ခံရကုန်ငြားအံ့၊ အလုံးစုံသော မင်းတို့မှာလည်း ရှည်မြင့်စွာသော ကာလပတ်လုံး စီးပွါး ချမ်းသာခြင်းငှါ ဖြစ်ကုန်ရာပါ၏။

အသျှင် အလုံးစုံသော ပုဏ္ဏားတို့သည်လည်း။ပ။ ကုန်သည်တို့သည်လည်း။ပ။ ဆင်းရဲသားတို့သည်လည်း ဤစိတ်ညို့၍ လှည့်ပတ်ခြင်းဖြင့် အညို့ခံရကုန်ငြားအံ့၊ အလုံးစုံသော ဆင်းရဲသားတို့မှာလည်း ရှည်မြင့်စွာသောကာလပတ်လုံး စီးပွါးချမ်းသာခြင်းငှါ ဖြစ်ကုန်ရာပါ၏။ အသျှင် နတ် မာရ်နတ် ဗြဟ္မာနှင့်တကွသော ဩကာသလောက အလုံးစုံသည်ငှင်း သမဏဗြာဟ္မဏ နတ်လူနှင့်တကွသော သတ္တလောကသည်ငှင်း ဤစိတ်ညို့၍ လှည့်ပတ်ခြင်းဖြင့် အညို့ခံရကုန်ငြားအံ့၊ နတ် မာရ်နတ် ဗြဟ္မာနှင့် တကွသော ဩကာသလောကမှာငှင်း သမဏဗြာဟ္မဏ နတ်လူနှင့် တကွသော သတ္တလောကမှာငှင်း ရှည်မြင့်စွာသော ကာလပတ်လုံး စီးပွါးချမ်းသာခြင်းငှါ ဖြစ်ကုန်ရာပါ၏။ ထို့ကြောင့်သာလျှင် အသျှင် သင့်အား ဥပမာ ပြုပါအံ့၊ ဤလောက၌ အချို့ကုန်သောပညာရှိယောကျ်ားတို့သည် ဥပမာဖြင့်လည်း စကား၏ အနက်သဘောကို သိကြကုန်၏။

၇၅။ အသျှင် ရှေးကဖြစ်ဘူးသည်ကား အိုမင်းရင့်ရော် ကြီးမြင့်သောအရွယ်သို့ ရောက်ပြီးသော ပုဏ္ဏားတယောက်အား ပျိုမြစ်နုနယ် ငယ်စွာသော ကိုယ်ဝန်အရင့်အမာ သားဖွားခါနီးဖြစ်

http://www.dhammadownload.com



သော မယားသည် ရှိ၏၊ ထိုအခါ ထိုသတို့သမီးငယ်သည် ထိုပုဏ္ဏားအိုကြီးကို “ပုဏ္ဏားအိုကြီး သင်သည် သွားပါချေ၊ ဈေးမှ မျောက်ရုပ်ငယ်ကို ဝယ်၍ ဆောင်ယူခဲ့ပါလော့၊ ယင်းမျောက်ရုပ်ငယ်သည် အကျွန်ုပ်သားငယ်၏ ကစားဖွယ်ဖြစ်လတ္တံ့”ဟု ဆို၏။

ဤသို့ဆိုသည်ရှိသော် ထိုပုဏ္ဏားအိုကြီးသည် ထိုသူငယ်မကို “အိုရှင်မ သားဖွားသည့်တိုင်အောင် ဆိုင်းဦးလော့၊ သင်သည် သားယောကျာ်းကို ဖွားမြင်အံ့၊ သင့်သားငယ်၏ကစားဖွယ်ရာဖြစ်သော မျောက်ထီးရုပ်ကို ဈေးမှ ဝယ်၍ ဆောင်ယူခဲ့ပါအံ့၊ သင်သည် သမီး မိန်းမကို ဖွားမြင်အံ့၊ သင့်သမီးငယ်၏ ကစားဖွယ်ရာဖြစ်သော မျောက်မရုပ်ကို ဈေးမှဝယ်၍ဆောင်ယူခဲ့ပါအံ့”ဟု ဆို၏။

အသျှင် နှစ်ကြိမ်မြောက်လည်း ထိုသတို့သမီးငယ်သည်။ပ။ အသျှင် သုံးကြိမ်မြောက်လည်း ထိုသတို့သမီးငယ်သည် ထိုပုဏ္ဏားအိုကြီးကို “ပုဏ္ဏားအိုကြီး သင်သည် သွားပါချေ၊ ဈေးမှ မျောက်ရုပ်ငယ်ကို ဝယ်၍ ဆောင်ယူခဲ့ပါလော့၊ ယင်းမျောက်ရုပ်ငယ်သည် အကျွန်ုပ်သားငယ်၏ ကစားဖွယ်ဖြစ်လတ္တံ့”ဟု ဆို၏။

အသျှင် ထိုအခါ ထိုပုဏ္ဏားအိုကြီးသည် ထိုသတို့သမီးငယ်၌ တပ်မက်စွဲလမ်းသော စိတ်ရှိသည်ဖြစ်၍ ဈေးမှ မျောက်ရုပ်ငယ်ကို ဝယ်ယူ ဆောင်လာခဲ့၍ ထိုသတို့သမီးငယ်အား “ရှင်မ ဤမျောက်ရုပ်ငယ်ကို ဈေးမှ ဝယ်၍ ဆောင်ယူခဲ့ပြီ၊ ယင်းမျောက်ရုပ်ငယ်သည် သင့်သားငယ်၏ ကစားဖွယ် ဖြစ်လတ္တံ့”ဟု ပြောဆို၏။

အသျှင် ဤသို့ဆိုသော် ထိုသတို့သမီးသည် ထိုပုဏ္ဏားအိုကြီးကို “ပုဏ္ဏားအိုကြီး အသင်သည် သွားပါချေ၊ ဤမျောက်ရုပ်ငယ်ကို ယူဆောင်၍ ရတ္တပါဏိမည်သော ပန်းဆိုးသမား၏ သားထံသို့ ကပ်၍ အဆွေရတ္တပါဏိ ငါသည် ဤမျောက်ရုပ်ငယ်ကို ရိုက်နှက်ဖွပ်လျှော်၍ နှစ်ဖက်လုံး ချောမွေ့အောင်ပြု၍ အဝါရောင်ဆေးဖြင့် ဆိုးထားသည်ကို အလိုရှိ၏ဟူ၍ ပြောဆိုလေ”ဟု ပြောဆို၏။ အသျှင် ထိုအခါ ပုဏ္ဏားအိုကြီးသည် ထိုသတို့သမီးငယ်၌ တပ်မက်စွဲလမ်းသော စိတ်ရှိသည်ဖြစ်၍ ထိုမျောက်ရုပ်ငယ်ကို ယူဆောင်ကာ ရတ္တပါဏိမည်သော ပန်းဆိုးသမားသားထံသို့ ချဉ်းကပ်၍ ရတ္တပါဏိ မည်သော ပန်းဆိုးသမားသားကို “အဆွေရတ္တပါဏိ ငါသည် ဤမျောက်ရုပ်ငယ်ကို ရိုက်နှက်ဖွပ်လျှော်၍ နှစ်ဖက်လုံး ချောမွေ့အောင် ပြု၍ အဝါရောင်ဆေးဖြင့် ဆိုးထားသည်ကို အလိုရှိပါ၏”ဟု ပြောဆို၏။ အသျှင် ဤသို့ပြောဆိုသော် ရတ္တပါဏိမည်သော ပန်းဆိုးသမားသားသည် ထိုပုဏ္ဏားအိုကြီးကို “အသျှင်ပုဏ္ဏားအိုကြီး သင်၏ မျောက်ရုပ်ငယ်သည် အဆိုးကား ခံနိုင်ပါ၏၊ ရိုက်နှက် ဖွပ်လျှော်မှုကို မခံနိုင်ပါ၊ ပွတ်တိုက်ခြင်းကို မခံနိုင်ပါ”ဟု ပြောဆို၏။

အသျှင် ဤအတူသာလျှင် မိုက်ကန်းသော နိဂဏ္ဌတို့၏ အယူဝါဒသည် သူမိုက်တို့၏ အစွဲကိုသာ ခံနိုင်၏၊ ပညာရှိတို့၏ အစွဲကို မခံနိုင်၊ အစီစစ်ကို မခံနိုင်၊ အစမ်းသပ်ကို မခံနိုင်။ အသျှင် ထိုပုဏ္ဏားအိုကြီးသည် နောက်အခါ၌ ပုဆိုးသစ်အစုံကို ယူဆောင်၍ ရတ္တပါဏိမည်သော ပန်းဆိုးသမား၏သားထံသို့ ချဉ်းကပ်၍ ရတ္တပါဏိမည်သော ပန်းဆိုးသမားသားကို “အဆွေရတ္တပါဏိ ငါသည် ဤပုဆိုးသစ်အစုံကို ရိုက်နှက်ဖွပ်လျှော်၍ နှစ်ဖက်လုံး ချောမွေ့အောင် ပြု၍ အဝါရောင်ဆေးဖြင့် ဆိုးထားသည်ကို အလိုရှိ၏”ဟု ပြောဆို၏။ အသျှင် ဤသို့ ပြောဆိုသော် ရတ္တပါဏိမည်သော ပန်းဆိုးသမားသားသည် ထိုပုဏ္ဏားအိုကြီးကို “အသျှင်ပုဏ္ဏားအိုကြီး သင်၏ ဤပုဆိုးအစုံသည် အဆိုးကိုလည်း ခံနိုင်ပါ၏၊ အရိုက်အနှက် အဖွပ်အလျှော်ကိုလည်း ခံနိုင်ပါ၏၊ အပွတ်အတိုက်ကိုလည်း ခံနိုင်ပါ၏”ဟု ပြောဆို၏။

http://www.dhammadownload.com



အသျှင် ဤအဘူသာလျှင် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာသိတော်မူသော ထိုမြတ်စွာဘုရား၏ အဃဝါဒသည် ပညာရှိတို့၏ အစွဲကို ခံနိုင်၏။ သူမိုက်တို့၏အစွဲကို မခံနိုင်၊ အစီစစ်လည်း ခံနိုင်၏၊အစမ်းအသပ်ကိုလည်း ခံနိုင်၏ ဟု (ဆို၏)။

သူကြွယ် သင့်ကို မင်းနှင့်တကွသော ပရိသတ်သည် "ဥပါလိသူကြွယ်သည် နာဋ၏သား နိဂဏ္ဌ၏ တပည့်တည်း"ဟု သိ၏။ သူကြွယ် (ယခုအခါ)သင့်ကို မည်သူ၏ တပည့်ဟု မှတ်ကြရပါ မည်နည်း ဟု (မေး၏)။ ဤသို့ ဆိုသော် ဥပါလိသူကြွယ်သည် နေရာမှ ထ၍ ပခုံးတဖက်၌ ကိုယ်ဝတ်ကိုစံပယ်တင်လျက် မြတ်စွာဘုရား ရှိတော်မူရာအရပ်သို့ လက်အုပ်ချီကာ နာဋ၏သား နိဂဏ္ဌကို "အသျှင် ထိုသို့ဖြစ်မူ အကျွန်ုပ်သည် မည်သူ၏ တပည့်ဖြစ်သည်ကို နားထောင်လော့" ဟု ဆိုလေ၏—

၇၆။ အကျွန်ုပ်သည် မြဲမြံသောပညာရှိတော်မူသော မောဟကင်းဝေးတော်မူပြီးသော ငြောင့်တံသင်းတို့ကို ဖျက်ဆီးတော်မူပြီးသော အောင်ပြီးသော အောင်ပွဲရှိတော်မူသော ဆင်းရဲကင်းဝေးတော်မူပြီးသော ညီမျှသော စိတ်ရှိတော်မူသော ကြီးပွါးသော အကျင့်သီလ ရှိတော်မူသော ကောင်းမြတ်သော ပညာရှိတော်မူသော ရာဂအစရှိသော အဆိပ်ကို လွန်မြောက်တော်မူပြီးသော ရာဂ အညစ်အကြေး ကင်းဝေးတော်မူပြီးသော ထိုမြတ်စွာဘုရား၏ တပည့်ဖြစ်ပေ၏။

အကျွန်ုပ်သည် တွေးတော ယုံမှားခြင်း ကင်းတော်မူသော နှစ်သက်သော စိတ်ရှိတော်မူသော လောကသားတို့ တပ်မက်စရာတို့ကို ပျို့အန်တော်မူပြီးသော မုဒိတာတရားရှိတော်မူသော ပြုပြီးသော ရဟန်းကိစ္စရှိတော်မူသော လူတွင်ထူးကဲ ဖြစ်ပေါက်တည်းသာဖြစ်တော်မူသော အဆုံးဘဝကိုယ်ကာယကို ဆောင်တတ်သော ထူးမြတ်သော လူဖြစ်တော်မူသော ခိုင်းနှိုင်းစရာ ဥပမာရှိတော်မမူသော ကိလေသာမြူချေး ကင်းဝေးတော်မူသော ထိုမြတ်စွာဘုရား၏ တပည့်ဖြစ်ပေ၏။

အကျွန်ုပ်သည် ယုံမှားရှိတော်မမူသော လိမ္မာယဉ်ကျေးတော်မူသော သတ္တဝါတို့၏ ရှေ့ဆောင်တဆူဖြစ်တော်မူသော မြတ်သောရထားထိန်း ဖြစ်တော်မူသော မိမိထက်ကဲလွန်သူ ရှိတော်မမူသော စင်ကြယ်သော တရားရှိတော်မူသော ယုံမှားခြင်း ကင်းတော်မူပြီးသော ပညာတော်ရောင်ဖြင့် ထွန်းပြောင်တောက်ပတော်မူပြီးသော မာန်တံခွန်ကို ကုန်စင်အောင် ဖြတ်တော်မူပြီးသော လုံ့လဝီရိယ ရှိတော်မူသော ထိုမြတ်စွာဘုရား၏ တပည့်ဖြစ်ပေ၏။

အကျွန်ုပ်သည် ခဲရင့်သူတို့ တွင် ပြိုင်ဘက်ကင်းတော်မူသော နှိုင်းယှဉ်အပ်သောသူ ရှိတော်မမူသော နက်နဲသော ဂုဏ်ရှိတော်မူသော အရဟတ္တမဂ်ဉာဏ်သို့ ရောက်တော်မူပြီးသော ဘေးမဲ့ခြင်းကို ပြုတော်မူတတ်သော ဉာဏ်နှင့် ပြည့်စုံတော်မူပြီးသော တရားတော်၌သာ တည်တော်မူသော စောင့်စည်းထားသော ကိုယ်စိတ်ရှိတော်မူသော ရာဂအစရှိသော ကပ်ငြိခြင်းကို လွန်မြောက်တော်မူပြီးသော ကိလေသာရန်အပေါင်းမှ ကောင်းကောင်းကြီး လွန်မြောက်တော်မူပြီးသော ထိုမြတ်စွာဘုရား၏ တပည့်ဖြစ်ပေ၏။

အကျွန်ုပ်သည် အကြောင်းလေးပါးဘို့ဖြင့် အပြစ်ကင်းတော်မူသော ဆိတ်ငြိမ်သော ကျောင်းနေရာ၌သာနေတော်မူသော ကုန်ပြီးသောသံယောဇဉ်ရှိတော်မူသော ခပ်သိမ်းသော

http://www.dhammadownload.com



ဆင်းရဲမှ လွတ်မြောက်တော်မူပြီးသော တိုင်ပင်သင့်သောပညာရှိတော်မူသော ခါတွက်အပ်ပြီးသော ကိလေသာရှိတော်မူသော ချွဲသားပြီးသော မာန်တံခွန်ရှိတော်မူသော ရာဂကင်းတော်မူပြီးသော ယဉ်ကျေးတော်မူပြီးသော ပပဉ္စတရားတို့ကို ပယ်ရှားတော်မူပြီးသော ထိုမြတ်စွာဘုရား၏ တပည့်ဖြစ်ပေ၏။

အကျွန်ုပ်သည် (ဝိပဿီစသော) ဘုရားသျှင်တို့တွင် ခုနစ်ဆူမြောက် ဖြစ်တော်မူသော ကောက်ကျစ်စဉ်းလဲခြင်းမှ ကင်းဝေးတော်မူသော ဝိဇ္ဇာဉာဏ်သုံးပါးနှင့် ပြည့်စုံတော်မူသော မြတ်သောသဗ္ဗညုအဖြစ်သို့ ရောက်တော်မူသော ကိလေသာအညစ်အကြေးတို့ကို ဆေးကြောသုတ်သင်တော်မူပြီးသော ဂါထာဖွဲ့ခြင်း ၌ လိမ္မာတော်မူထသော ကိုယ်စိတ်နှစ်ပါး ငြိမ်းအေးတော်မူပြီးသော သိသင့်သည် ကို သိတော်မူသော ဓမ္မဒါန အလှူတော်ကို ဦးစွာ ပေးလှူတော်မူတတ်သော သည်းခံခြင်းငှါ စွမ်းနိုင်တော်မူသော ထိုမြတ်စွာဘုရား၏ တပည့်ဖြစ်ပေ၏။

အကျွန်ုပ်သည် သူမြတ်ဖြစ်တော်မူသော ပွါးများပြီးသော စိတ်ရှိတော်မူသော ရအပ်ရသင့် ရောက်အပ် ရောက်သင့်သော ဂုဏ်ကျေးဇူးတို့ကို ရတော် ရောက်တော်မူပြီးသော အနက်အဓိပ္ပါယ် သဘာဝတို့ကို အကျယ်ချဲ့၍ ပြတော်မူတတ်သော သတိနှင့် ပြည့်စုံတော်မူသော ထူးသောဉာဏ်ဖြင့် ရှုမြင်တော်မူတတ်သော ကာမဂုဏ်တို့၌ ညွတ်ခြင်း ကင်းတော်မူသော ကာမဂုဏ်တို့၌ တိမ်းခြင်း ကင်းတော်မူသော တဏှာမှ ကင်းဝေးတော်မူသော စိတ်တန်ခိုးရှိသည့် အဖြစ်သို့ ရောက်တော်မူပြီးသော ထိုမြတ်စွာဘုရား၏တပည့် ဖြစ်ပေ၏။

အကျွန်ုပ်သည် ကောင်းစွာ ထင်ရှားကျော်စောတော်မူသော ဈာန်တရားကို ဝင်စားတော်မူလေ့ရှိသော ကိလေသာတို့သို့ အစဉ်မလိုက်သောစိတ်ရှိတော်မူသော ကိလေသာအညစ်အကြေးတို့မှ စင်ကြယ်တော်မူသော ကိလေသာတည်းဟူသော နှောင်ဖွဲ့ခြင်းမှ ကင်းဝေးတော်မူသော အကျိုးစီးပွါးကို ပြုတော်မူသော(ကိလေသာတို့မှ) ကင်းဆိတ်တော်မူသော အထွတ်အထိပ်သို့ရောက်တော်မူပြီးသော သံသရာဝဋ်မှ ကူးမြောက်တော်မူပြီးသော သတ္တဝါတို့ကို သံသရာမှ ကူးမြောက်စေတော်မူတတ်သော ထိုမြတ်စွာဘုရား၏ တပည့် ဖြစ်ပေ၏။

အကျွန်ုပ်သည် ငြိမ်သက်သော ဗွန္ဒေရှိတော်မူသော မြေကြီးပမာ ကြီးကျယ်သောပညာရှိတော်မူသော များမြတ်သော ပညာရှိတော်မူသော ကင်းဝေးသောလောဘရှိတော်မူသော ရှေးဘုရားသျှင်တို့နှင့် တူစွာ လာခြင်း ဖြစ်ခြင်းရှိတော်မူသော ကောင်းသောစကားကိုသာ ဆိုတော်မူတတ်သော တုဘက်ကင်းပြီး တဦးတည်းသော ပုဂ္ဂိုလ်မြတ်ဖြစ်တော်မူသော ပြိုင်ဘက် ကင်းတော်မူသော ကေသရာဇာ ခြင်္သေ့မင်းကဲ့သို့ ရဲတင်းသောစိတ်ရှိတော်မူသော နူးညံ့သိမ်မွေ့သော ပညာရှိတော်မူသော ထိုမြတ်စွာဘုရား၏တပည့် ဖြစ်ပေ၏။

အကျွန်ုပ်သည် ဖြတ်ပြီးသောတဏှာ ရှိတော်မူသော ညေယျဓမ်ငါးပါးကိုသိတော်မူပြီးသော ကင်းပြီးသော ကိလေသာအငွေ့အသက်ရှိတော်မူသော တဏှာဒိဋ္ဌိတို့ဖြင့် မလိမ်းကျံအပ်သော အဝေးမှ ဆောင်ယူ၍ လှူအပ်သော အလှူကို ခံတော်မူထိုက်သော ပူဇော်အပ်သော နတ်ဖြစ်တော်မူသော ပုဂ္ဂိုလ်မှန် ပုဂ္ဂိုလ်မြတ်ဖြစ်တော်မူသော အတုရှိတော်မမူသော လောကအလုံးတွင် အကြီးဆုံးဖြစ်တော်မူသော ရောက်အပ်ရအပ်ပြီးသော အခြံအရံအကျော်အစောရှိတော်မူသော ထိုမြတ်စွာဘုရား၏တပည့် ဖြစ်ပေ၏ဟု (ဆိုလေ၏)။

http://www.dhammadownload.com



၇၇။ သူကြွယ် သင်သည် ရဟန်းဂေါတမ၏ ဤဂုဏ်ကျေးဇူးတို့ကို အဘယ်အခါက ဖွဲ့ဆို သီကုံးထားသနည်း ဟု (မေး၏)။ အသျှင် ဥပမာသော်ကား အသူးထူးသော ပန်းပွင့်ဖြင့် စုပေါင်း ထားသော ပန်းစု ပန်းပုံသည် ရှိလေရာ၏၊ ထိုပန်းပုံကို ပန်းကုံးခြင်း၌ လိမ္မာသော ပန်းသည် သည်ရင်း ထိုပန်းသည်၏ တပည့်သည်ရင်း ဆန်းကြယ်သော ပန်းကုံးကို သီကုံးလေရာသကဲ့သို့ ဤအတူသာလျှင် ထိုမြတ်စွာဘုရားသည် များစွာသော ဂုဏ်ကျေးဇူးရှိတော်မူ၏၊ အရာမက များပြားလှသော ဂုဏ်ကျေးဇူးရှိတော်မူ၏။ အသျှင် ချီးကျူးထိုက်သူ၏ ဂုဏ်ကျေးဇူးကို အဘယ် သူ မချီးကျူးပဲ နေနိုင်ပါအံ့နည်း ဟု (ဆို၏)။ ထိုအခါ မြတ်စွာဘုရားအား ပူဇော်သကာပြု သည်ကို သည်းမခံနိုင်ရကား ထိုနေရာ၌ပင် နာဋပုတ္တ၏သား နိဂဏ္ဌ၏ ခံတွင်းမှ လောလောပူသော သွေးသည် အံထွက်လေ၏။

ခြောက်ခုမြောက် ဥပါလိသုတ် ပြီး၏။

---

## ၇-ကုက္ကုရဝတိကသုတ်

၇၈။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် ကောလိယတိုင်း ဟလိဒ္ဒဝသန မည်သော နိဂုံး၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ ကောလိယ၏သား နွားကျင့် ကျင့်သော ပုဏ္ဏသည်ရင်း အဝတ်မဝတ်သော ခွေးကျင့် ကျင့်သော သေနိယသည်ရင်း မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကြပြီးလျှင် ကောလိယ၏ သား နွားကျင့် ကျင့်သော ပုဏ္ဏသည် ရှိသေစွာ ရှိခိုး၍ တခုသောနေရာ၌ ထိုင်နေ၏။

အဝတ်မဝတ်သော ခွေးကျင့် ကျင့်သော သေနိယသည်ကား မြတ်စွာဘုရားနှင့်အတူ ဝမ်း မြောက်ဝမ်းသာ ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်စကားကို ပြောဆိုပြီးဆုံးစေ၍ ခွေးကဲ့သို့ ခွေ၍ တခုသောနေရာ၌နေ၏။ တခုသောနေရာ၌ ထိုင်နေသော ကောလိယ၏သား နွားကျင့် ကျင့် သော ပုဏ္ဏသည် မြတ်စွာဘုရားကို—

"အသျှင်ဘုရား အဝတ်မဝတ်သော ခွေးကျင့် ကျင့်သော ဤသေနိယသည် ပြုနိုင်ခဲသည်ကို ပြု၏၊ မြေ၌ ပစ်ချထားသော အစာကို စား၏၊ ထိုသေနိယသည် ထိုခွေးကျင့်ကို ရှည်မြင့်စွာသော ကာလပတ်လုံး ပြည့်စုံစွာဆောက်တည်အား၏၊ ထိုသေနိယ၏ လားရာကား အဘယ်ပါနည်း၊ တမ လွန်လောကသည်ကား အဘယ်ပါနည်း"ဟု လျှောက်၏။ ပုဏ္ဏ မသင့်လျော်ချေ၊ ဤပြဿနာ ရှိစေဦးလော့၊ ငါ့ကို ဤပြဿနာကို မမေးသင့်ဟု (မိန့်တော်မူ၏)။ နှစ်ကြိမ်မြောက်လည်း ကောလိယ၏သား နွားကျင့် ကျင့်သောပုဏ္ဏသည်။ပ။ သုံးကြိမ်မြောက်လည်း ကောလိယ၏သား နွားကျင့် ကျင့်သော ပုဏ္ဏသည် မြတ်စွာဘုရားကို—"အသျှင်ဘုရား အဝတ်မဝတ်သော ခွေးကျင့် ကျင့်သော ဤသေနိယသည် ပြုနိုင်ခဲသည်ကို ပြု၏၊ မြေ၌ပစ်ချထားသော အစာကို စား၏၊ ထိုသေနိယသည် ရှည်မြင့်စွာသော ကာလပတ်လုံး ထိုခွေးကျင့်ကို ဆောက်တည်ထား၏၊ ထိုသေနိယ ၏ လားရာကား အဘယ်ပါနည်း၊ တမလွန်လောကသည်ကား အဘယ်ပါနည်း"ဟု လျှောက်၏။

၇၉။ ပုဏ္ဏ ငါသည် သင့်အား "ပုဏ္ဏ မသင့်လျော်ချေ၊ ဤပြဿနာရှိစေဦးလော့၊ ငါ့ကို ဤ ပြဿနာကို မမေးလင့်"ဟု ဆိုသော်လည်း မရခဲ့၊ သို့ဖြစ်၍ သင့်အား ငါဖြေကြားတော့အံ့။ ပုဏ္ဏ

http://www.dhammadownload.com



အချို့သောသူသည် ခွေးကျင့်ကို ပြည့်ပြည့်စုံစုံ မပြတ်မလတ် ပွါးများ၏၊ ခွေးအလေ့အထကို ပြည့်ပြည့်စုံစုံ မပြတ်မလတ် ပွါးများ၏၊ခွေးစိတ်ကို ပြည့်ပြည့်စုံစုံ မပြတ်မလတ် ပွါးများ၏၊ခွေးအမူအရာကို ပြည့်ပြည့်စုံစုံ မပြတ်မလတ် ပွါးများ၏၊ ထိုသူသည် ခွေးကျင့်ကို ပြည့်ပြည့်စုံစုံ မပြတ်မလတ် ပွါးများ၍ ခွေးအလေ့အထကို ပြည့်ပြည့်စုံစုံ မပြတ်မလတ် ပွါးများ၍ ခွေးစိတ်ကို ပြည့်ပြည့်စုံစုံ မပြတ်မလတ် ပွါးများ၍ ခွေး အမူအရာကို ပြည့်ပြည့်စုံစုံ မပြတ်မလတ် ပွါးများ၍ ကိုယ်ခန္ဓာ ပျက်စီး၍ သေပြီးသည်မှနောက်၌ ခွေးတို့၏ အပေါင်းအဖော်အဖြစ်သို့ ရောက်ရလေ၏။ ထိုသူမှာ "ငါသည် ဤအလေ့အထ ဤဝတ် ဤအကျင့် ဤမြတ်သော အကျင့်ဖြင့် ထင်ရှားသော နတ်သော်ငင်း မထင်ရှားသော နတ်သော်ငင်း ဖြစ်ရအံ့"ဟု အကယ်၍ အယူအစွဲရှိငြားအံ့၊ ထိုအယူအစွဲသည် မှားသောအယူအစွဲဖြစ်၏။ ပုဏ္ဏ မှားသောအယူအစွဲရှိသောသူ၏ ငရဲ သို့မဟုတ် တိရစ္ဆာန်မျိုးဟူသော လားရာနှစ်မျိုးတို့တွင် တမျိုးမျိုးသော လားရာကို ငါဆို၏။ ပုဏ္ဏ ဤသို့လျှင် ခွေးကျင့်နှင့် ပြည့်စုံလတ်သော် ခွေးတို့၏ အပေါင်းအဖော်အဖြစ်သို့ ရောက်ရ၏၊ မပြည့်စုံလတ်သော် ငရဲသို့ ရောက်ရ၏ဟု (မိန့်တော်မူ၏)။ ဤသို့ မိန့်ကြားတော်မူလတ်သော် အဝတ်မဝတ်သော ခွေးကျင့် ကျင့်သော သေနိယသည် ငို၏၊ မျက်ရည်ကျ၏။

ထိုအခါ မြတ်စွာဘုရားသည် ကောလိယ၏သား နွားကျင့် ကျင့်သော ပုဏ္ဏကို "ပုဏ္ဏ ငါသည် သင့်အား 'ပုဏ္ဏ မသင့်လျော်ချေ၊ ဤပြဿနာ ရှိစေဦးလော့၊ ငါ့ကို ဤပြဿနာကို မမေးလင့်' ဟု ဆိုသော်လည်း မရခဲ့ချေ" ဟု မိန့်တော်မူ၏။ အသျှင်ဘုရား အကျွန်ုပ်ကို မြတ်စွာဘုရား ဤသို့ မိန့်တော်မူသည်ကို အကျွန်ုပ် မငိုပါ၊ "အသျှင်ဘုရား စင်စစ်အားဖြင့် အကျွန်ုပ်သည် ဤခွေးကျင့်ကို ရှည်မြင့်စွာသောကာလပတ်လုံး ပြည့်ပြည့်စုံစုံ ဆောက်တည်ထားမိပါ၏၊ထို့ကြောင့် ငိုကြွေးမိပါ၏။ အသျှင်ဘုရား ကောလိယ၏သား ဖြစ်သော ဤပုဏ္ဏသည် နွားကျင့် ကျင့်ပါ၏၊ ထိုပုဏ္ဏသည် ရှည်မြင့်စွာသောကာလပတ်လုံး နွားကျင့်ကို ပြည့်ပြည့် စုံစုံ ဆောက်တည်ထားပါ၏၊ ထိုပုဏ္ဏ၏ လားရာကား အဘယ်ပါနည်း၊ တမလွန် လောကသည်ကား အဘယ်ပါနည်း" ဟု လျှောက်၏။ သေနိယ မသင့်လျော်ချေ၊ ဤပြဿနာရှိစေဦးလော့၊ ငါ့ကို ဤပြဿနာကို မမေးလင့် ဟု (မိန့်တော်မူ၏)။ နှစ်ကြိမ်မြောက်လည်း အဝတ်မဝတ်သော သေနိယသည်။ပ။ သုံးကြိမ်မြောက်လည်း အဝတ်မဝတ်သော ခွေးကျင့် ကျင့်သော သေနိယသည် မြတ်စွာဘုရားကို—"အသျှင်ဘုရား ကောလိယ၏သား ဤပုဏ္ဏသည် နွားကျင့် ကျင့်ပါ၏၊ ထိုပုဏ္ဏသည် ရှည်မြင့်စွာသော ကာလပတ်လုံး နွားကျင့်ကို ပြည့်ပြည့်စုံစုံ ဆောက်တည်ထားပါ၏၊ ထိုပုဏ္ဏ၏ လားရာကား အဘယ်ပါနည်း၊ တမလွန်လောကသည်ကား အဘယ်ပါနည်း"ဟု လျှောက်၏။

၈၀။ သေနိယ ငါသည် သင့်အား "သေနိယ မသင့်လျော်ချေ၊ဤပြဿနာရှိစေဦးလော့၊ ငါ့ကို ဤပြဿနာကို မမေးလင့်"ဟု ဆိုသော်လည်း မရခဲ့၊ သို့ဖြစ်၍ သင့်အား ငါဖြေကြားတော့အံ့။ သေနိယ အချို့သောသူသည် နွားကျင့်ကို ပြည့်ပြည့်စုံစုံ မပြတ်မလတ် ပွါးများ၏၊ နွားအလေ့အထကို ပြည့်ပြည့်စုံစုံ မပြတ်မလတ် ပွါးများ၏၊နွားစိတ်ကို ပြည့်ပြည့်စုံစုံ မပြတ်မလတ် ပွါးများ၏၊ နွားအမူအရာကို ပြည့်ပြည့်စုံစုံ မပြတ်မလတ် ပွါးများ၏။

ထိုသူသည် နွားကျင့်ကို ပြည့်ပြည့်စုံစုံ ပွါးများ၍ နွားအလေ့အထကို ပြည့်ပြည့်စုံစုံ မပြတ်မလတ် ပွါးများ၍ နွားစိတ်ကို ပြည့်ပြည့်စုံစုံ မပြတ်မလတ် ပွါးများ၍ နွားအမူအရာကို ပြည့်ပြည့်စုံစုံ မပြတ်မလတ် ပွါးများ၍ ကိုယ်ခန္ဓာ ပျက်စီး၍ သေပြီးသည်မှ နောက်၌ နွားတို့၏ အပေါင်း

http://www.dhammadownload.com



အဖော်အဖြစ်သို့ ရောက်ရ၏၊ ထိုသူမှာ "ငါသည် ဤအလေ့အထ ဤဝတ် ဤအကျင့် ဤမြတ်သော အကျင့်ဖြင့် ထင်ရှားသော နတ်သော်ရင်း မထင်ရှားသော နတ်သော်ရင်း ဖြစ်အံ့" ဟု အကယ်၍ အယူအစွဲရှိငြားအံ့၊ ထိုအယူအစွဲသည် မှားသော အယူအစွဲဖြစ်၏။ သေနိယ မှားသော အယူအစွဲရှိသောသူ၏ ငရဲ သို့မဟုတ် တိရစ္ဆာန်မျိုးဟူသော လားရာနှစ်မျိုးတို့တွင် တမျိုးမျိုးသော လားရာကို ငါဆို၏။ သေနိယ ဤသို့လျှင် နွားအကျင့်နှင့် ပြည့်စုံလတ်သော် နွားတို့၏ အပေါင်းအဖော်အဖြစ်သို့ရောက်ရ၏၊ မပြည့်စုံလတ်သော် ငရဲသို့ ရောက်ရ၏ ဟု (မိန့်တော်မူ၏)။ ဤသို့ မိန့်တော်မူသော် ကောလိယ၏သား နွားကျင့် ကျင့်သော ပုဏ္ဏသည် ငို၏၊ မျက်ရည်ကျ၏။

ထိုအခါ မြတ်စွာဘုရားသည် အဝတ်မဝတ်သော ခွေးကျင့် ကျင့်သော သေနိယကို— "သေနိယ ငါသည် သင့်အား 'သေနိယ မသင့်လျော်ချေ၊ ဤပြဿနာရှိစေဦးလော့၊ ငါ့ကို ဤပြဿနာကို မမေးလင့်' ဟု ဆိုသော်လည်း မရခဲ့ချေ" ဟု မိန့်တော်မူ၏။ အသျှင်ဘုရား အကျွန်ုပ်ကို မြတ်စွာဘုရား ဤသို့ မိန့်ကြားတော်မူသည်ကို အကျွန်ုပ်မငိုပါ၊ အသျှင်ဘုရား စင်စစ်အားဖြင့် အကျွန်ုပ်သည် ဤနွားကျင့်ကို ရှည်မြင့်စွာသော ကာလပတ်လုံး ပြည့်ပြည့်စုံစုံ ဆောက်တည်ထားမိပါ၏၊ ထို့ကြောင့် ငိုကြွေးမိပါ၏၊ အသျှင်ဘုရား တပည့်တော်သည် မြတ်စွာဘုရား၌ ဤသို့ ကြည်ညိုပါ၏၊ အကျွန်ုပ်သည် ဤနွားကျင့်ကို စွန့်နိုင်မည့် အခြင်းအရာအားဖြင့် အဝတ်မဝတ်သော ခွေးကျင့် ကျင့်သော ဤသေနိယသည်လည်း ထိုခွေးကျင့်ကို စွန့်နိုင်မည့်အခြင်းအရာအားဖြင့် မြတ်စွာဘုရားသည် တရားဟောခြင်းငှါ စွမ်းနိုင်၏ဟု (ယုံကြည်ပါ၏)ဟု(လျှောက်၏)။

ပုဏ္ဏ သို့ဖြစ်လျှင် နာလော့၊ ကောင်းစွာ နှလုံးသွင်းလော့၊ ဟောကြားပေအံ့ ဟု (မိန့်တော်မူ၏)။ "အသျှင်ဘုရား ကောင်းပါပြီ" ဟု ကောလိယ၏သား နွားကျင့် ကျင့်သော ပုဏ္ဏသည် မြတ်စွာဘုရား၏ စကားကို ဝန်ခံ၏။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

၈၁။ ပုဏ္ဏ ငါ့ကိုယ်ဘိုင် ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုကာ ဟောကြားထားသော ကံဘို့သည် ဤလေးပါးဘို့တည်း။ အဘယ်လေးပါးတို့နည်း- မည်းညစ်၍ မည်းညစ်သော အကျိုးရှိသောကံ၊ ဖြူစင်၍ ဖြူစင်သော အကျိုးရှိသောကံ၊ အမည်းအဖြူရောသည်ဖြစ်၍ အမည်းအဖြူရောသော အကျိုးရှိသောကံ၊ အမည်းအညစ်လည်းမဟုတ် အဖြူလည်းမဟုတ်သည်ဖြစ်၍ အမည်းအညစ်လည်းမဟုတ် အဖြူလည်းမဟုတ်သော အကျိုးရှိသောကံကုန်ခြင်းကို ဖြစ်စေတတ်သောကံသည်ရှိ၏ (ဤလေးပါးတို့တည်း)။

ပုဏ္ဏ မည်းညစ်၍ မည်းညစ်သောအကျိုးရှိသော ကံဟူသည် အဘယ်နည်း—ပုဏ္ဏ အချို့သောသူသည် ဆင်းရဲသောကိုယ်ဖြင့် ပြုလုပ်မှု 'ကာယသင်္ခါရ' ကိုပြုလုပ်၏၊ ဆင်းရဲသောနှုတ်ဖြင့် ပြုလုပ်မှု 'ဝစီသင်္ခါရ' ကိုပြုလုပ်၏၊ ဆင်းရဲသောစိတ်ဖြင့် ပြုလုပ်မှု 'မနောသင်္ခါရ' ကို ပြုလုပ်၏။ ထိုသူသည် ဆင်းရဲသောကိုယ်ဖြင့် ပြုလုပ်မှုကို ပြုလုပ်သောကြောင့် ဆင်းရဲသောနှုတ်ဖြင့် ပြုလုပ်မှုကိုပြုလုပ်သောကြောင့် ဆင်းရဲသောစိတ်ဖြင့် ပြုလုပ်မှုကို ပြုလုပ်သောကြောင့် ဆင်းရဲသော လောကသို့ ရောက်ရ၏၊ ဆင်းရဲသော လောကသို့ ရောက်ရသော ထိုသူ့ကို ဆင်းရဲသော အတွေ့အထိတို့သည် တွေ့ထိကုန်၏၊ ထိုသူသည် ဆင်းရဲသော အတွေ့အထိတို့ တွေ့ထိသည်ရှိသော် စင်စစ်ဆင်းရဲသော ဝေဒနာကို ခံစားရ၏၊ ငရဲသို့ ကျခံရသော သတ္တဝါတို့ကဲ့သို့တည်း။ ပုဏ္ဏ ဤသို့လျှင် ကံကြောင့် သတ္တဝါ၏ ဖြစ်ပေါ်ခြင်းသည် ဖြစ်၏၊ ပြုလုပ်သောကံကြောင့်သာလျှင် ဖြစ်ပေါ်၍ လာ၏၊ ထိုဖြစ်ပေါ်လာသော သတ္တဝါကို အတွေ့အထိတို့သည် တွေ့ထိကြကုန်၏၊ ပုဏ္ဏ

http://www.dhammadownload.com



ဤသို့သည်း 'သတ္တဝါတို့သည် ကံသာလျှင် အမွေဥစ္စာရှိကုန်၏' ဟူ၍ ငါဟောကြား၏။ ပုဏ္ဏ ဤကံကို မည်းညစ်၍ မည်းညစ်သော အကျိုးရှိသော ကံဟူ၍ ဆိုရ၏။ (၁)

ပုဏ္ဏ ဖြူစင်၍ ဖြူစင်သော အကျိုးရှိသောကံဟူသည် အဘယ်နည်း—ပုဏ္ဏ အချို့သောသူသည် မဆင်းရဲသော ကိုယ်ဖြင့် ပြုလုပ်မှုကို ပြုလုပ်၏၊ မဆင်းရဲသော နှုတ်ဖြင့် ပြုလုပ်မှုကို ပြုလုပ်၏၊ မဆင်းရဲသော စိတ်ဖြင့် ပြုလုပ်မှုကို ပြုလုပ်၏။ ထိုသူသည် ထိုမဆင်းရဲသောကိုယ်ဖြင့် ပြုလုပ်မှုကို ပြုလုပ်သောကြောင့် မဆင်းရဲသောနှုတ်ဖြင့် ပြုလုပ်မှုကိုပြုလုပ်သောကြောင့် မဆင်းရဲသောစိတ်ဖြင့် ပြုလုပ်မှုကို ပြုလုပ်သောကြောင့် မဆင်းရဲသော လောကသို့ ရောက်ရ၏။ မဆင်းရဲသော လောကသို့ရောက်သော ထိုသူ့ကို မဆင်းရဲသော အတွေ့ အထိတို့သည် တွေ့ထိကုန်၏။ ထိုသူသည် မဆင်းရဲသော အတွေ့အထိဖြင့် တွေ့ထိသည်ရှိသော် စင်စစ် ချမ်းသာသော ဝေဒနာကိုခံစားရ၏၊ သုဘကိဏှာဗြဟ္မာတို့ကဲ့သို့တည်း။ ပုဏ္ဏ ဤသို့လျှင် ကံကြောင့်သတ္တဝါ၏ ဖြစ်ပေါ်လာခြင်းသည်ဖြစ်၏။ ပြုလုပ်သောကံကြောင့်သာလျှင် ဖြစ်ပေါ်၍လာ၏။ ထိုဖြစ်ပေါ်လာသော သတ္တဝါကို အတွေ့အထိတို့သည် တွေ့ထိကုန်၏။ ပုဏ္ဏ ဤသို့သည်း 'သတ္တဝါတို့သည် ကံသာလျှင် အမွေဥစ္စာရှိကုန်၏' ဟူ၍ ငါဟောကြား၏။ ပုဏ္ဏ ဤကံကို ဖြူစင်၍ ဖြူစင်သောအကျိုးရှိသော ကံဟူ၍ ဆိုရ၏။ (၂)

ပုဏ္ဏ အမည်းအဖြူ ရောသည်ဖြစ်၍ အမည်းအဖြူရောသော အကျိုးရှိသောကံဟူသည် အဘယ်နည်း— ပုဏ္ဏ အချို့သောသူသည် ဆင်းရဲသောကိုယ်ဖြင့် ပြုလုပ်မှုကိုရင်း မဆင်းရဲသော ကိုယ်ဖြင့် ပြုလုပ်မှုကိုရင်း ပြုလုပ်၏၊ ဆင်းရဲသော နှုတ်ဖြင့် ပြုလုပ်မှုကိုရင်း မဆင်းရဲသောနှုတ်ဖြင့် ပြုလုပ်မှုကိုရင်း ပြုလုပ်၏၊ ဆင်းရဲသောစိတ်ဖြင့် ပြုလုပ်မှုကိုရင်း မဆင်းရဲသောစိတ်ဖြင့် ပြုလုပ်မှုကိုရင်း ပြုလုပ်၏။ ထိုသူသည် ဆင်းရဲသောကိုယ်ဖြင့် ပြုလုပ်မှုကိုရင်း မဆင်းရဲသော ကိုယ်ဖြင့် ပြုလုပ်မှုကိုရင်း ပြုလုပ်သောကြောင့် ဆင်းရဲသောနှုတ်ဖြင့် ပြုလုပ်မှုကိုရင်း မဆင်းရဲသောနှုတ်ဖြင့် ပြုလုပ်မှုကိုရင်း ပြုလုပ်သောကြောင့် ဆင်းရဲသောစိတ်ဖြင့် ပြုလုပ်မှုကိုရင်း မဆင်းရဲသောစိတ်ဖြင့် ပြုလုပ်မှုကိုရင်း ပြုလုပ်သောကြောင့် ဆင်းရဲသည်လည်းဖြစ်သော မဆင်းရဲသည်လည်းဖြစ်သော လောကသို့ ရောက်ရ၏၊ ဆင်းရဲသည်လည်းဖြစ်သော မဆင်းရဲသည်လည်းဖြစ်သော လောကသို့ရောက်ရသော ထိုသူ့ကို ဆင်းရဲသည်လည်းဖြစ်သော မဆင်းရဲသည်လည်းဖြစ်သော အတွေ့အထိတို့သည် တွေ့ထိကြကုန်၏၊ ထိုသူသည် ဆင်းရဲသည်လည်းဖြစ်သော မဆင်းရဲသည်လည်းဖြစ်သော အတွေ့အထိတို့ တွေ့ထိသည်ရှိသော် ချမ်းသာ ဆင်းရဲ ရောပြွမ်းနေသော ဝေဒနာတို့ကို ခံစားရ၏၊ လူနှင့် အချို့သောနတ် အချို့သောဝိနိပါတိက အသုရာတို့ကဲ့သို့တည်း။ ပုဏ္ဏ ဤသို့လျှင် ကံကြောင့် သတ္တဝါ၏ ဖြစ်ပေါ်လာခြင်းသည် ဖြစ်၏၊ ပြုလုပ်သောကံကြောင့် သာလျှင် ဖြစ်ပေါ်၍လာ၏၊ ထိုဖြစ်ပေါ်လာသောသတ္တဝါကို အတွေ့အထိတို့သည် တွေ့ထိကုန်၏။ ပုဏ္ဏ ဤသို့လည်း 'သတ္တဝါတို့သည် ကံသာလျှင် အမွေဥစ္စာရှိကုန်၏' ဟူ၍ ငါဟောကြား၏။ ပုဏ္ဏ ဤကံကို အမည်းအဖြူရောသည်ဖြစ်၍ အမည်းအဖြူရောသော အကျိုးရှိသော ကံဟူ၍ ဆိုရ၏။ (၃)

ပုဏ္ဏ အမည်းအညစ်လည်းမဟုတ် အဖြူလည်းမဟုတ်သည်ဖြစ်၍ အမည်းအညစ်လည်း မဟုတ် အဖြူလည်းမဟုတ်သော အကျိုးရှိသော ကံကုန်ခြင်းကို ဖြစ်စေတတ်သော ကံဟူသည် အဘယ်နည်း—ပုဏ္ဏ မည်းညစ်၍ မည်းညစ်သောအကျိုးရှိသောကံကို ပယ်သတ်ခြင်းငှါ စေ့ဆော်မှု ဖြူစင်၍ ဖြူစင်သောအကျိုးရှိသော ကံကို ပယ်သတ်ခြင်းငှါ စေ့ဆော်မှု အမည်းအဖြူရော

http://www.dhammadownload.com



သည်ဖြစ်၍ အမည်းအဖြူရောသော အကျိုးရှိသောကံကို ပယ်သတ်ခြင်းငှါ စေ့ဆော်မှု၊ ပုဏ္ဏ ဤစေ့ဆော်မှုမျိုးကို အမည်းအညစ်လည်းမဟုတ် အဖြူလည်း မဟုတ်သည်ဖြစ်၍ အမည်း အညစ်လည်းမဟုတ် အဖြူလည်းမဟုတ်သော အကျိုးရှိသော ကံကုန်ခြင်းကို ဖြစ်စေတတ်သော ကံဟူ၍ ဆိုရ၏။ ပုဏ္ဏ ငါ.ကိုယ်ဘိုင် ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုကာ ဟောကြား ထားသော ကံလေးပါးတို့သည် ဤသည်တို့ပင်တည်းဟု (မိန့်တော်မူ၏)။ (၄)

၇၂။ ဤသို့ မိန့်တော်မူသော် နွားအကျင့်ရှိသော ကောလိယ၏သား ပုဏ္ဏသည် မြတ်စွာ ဘုရားကို— "အသျှင်ဘုရား (တရားတော်သည်) အလွန်နှစ်သက်ဖွယ်ရှိပါပေစွ၊ အသျှင်ဘုရား (တရားတော်သည်)အလွန်နှစ်သက်ဖွယ် ရှိပါပေစွ၊ အသျှင်ဘုရား ဥပမာသော်ကား။ပ။အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ရတနာသုံးပါးကို ဆည်းကပ်သော ဥပါသကာဟု မှတ်တော်မူပါ"ဟု လျှောက်၏။ အဝတ်မဝတ်သော ခွေးကျင့် ကျင့်သော သေနိယသည်ကား မြတ်စွာဘုရားကို— "အသျှင်ဘုရား (တရားတော်သည်) အလွန်နှစ်သက်ဖွယ်ရှိပါပေစွ၊ အသျှင်ဘုရား (တရား တော်သည်)အလွန်နှစ်သက်ဖွယ်ရှိပါပေစွ၊ အသျှင်ဘုရား ဥပမာသော်ကား။ပ။ ပြတော်မူပါပေ၏၊ အသျှင်ဘုရား အကျွန်ုပ်သည် မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်ကို လည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သံဃာတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ အသျှင်ဘုရား အကျွန်ုပ်သည် မြတ်စွာဘုရား၏အထံတော်၌ ရှင်အဖြစ်ကို ရလိုပါ၏၊ ရဟန်းအဖြစ်ကို ရလိုပါ၏"ဟု (လျှောက်၏)။

သေနိယ သာသနာတော်မှ တပါးသော အယူရှိသည့်တိတ္ထိဖြစ်ဘူးသူသည် ဤသာသနာတော် 'ဓမ္မဝိနယ'၌ ရှင်အဖြစ်ကိုရလိုမူ ရဟန်းအဖြစ်ကို ရလိုမူ လေးလတို့ပတ်လုံး အစမ်းကျင့်သုံးရ၏၊ လေးလလွန်သောအခါ ရဟန်းဘို့သည် ကြေနပ်သော စိတ်ရှိကြလျှင် ရှင်ပြုပေးကုန်လတ္တံ့၊ ရဟန်း အဖြစ်သို့ မြှင့်တင်ပေးကုန်လတ္တံ့၊သို့သော် ဤအရာ၌ ငါသည်ကား ပုဂ္ဂိုလ်တို့၏ ခြားနားသည့် အဖြစ်ကို သိတော်မူ၏ဟု(မိန့်တော်မူ၏)။

အသျှင်ဘုရား သာသနာတော်မှ တပါးသောအယူရှိသည့် တိတ္ထိဖြစ်ဘူးသောသူသည် ဤ သာသနာတော်'ဓမ္မဝိနယ'၌ အကယ်၍ ရှင်အဖြစ်ကို ရလိုမူ ရဟန်းအဖြစ်ကို ရလိုမူ လေးလတို့ပတ်လုံး အစမ်းကျင့်သုံးကြ၍ လေးလလွန်သောအခါ ရဟန်းတို့သည် ကြေနပ်သော စိတ်ရှိကြလျှင် ရှင်ပြု ပေးကုန်ငြားအံ့၊ရဟန်းအဖြစ်သို့ မြှင့်တင်ပေးကုန်ငြားအံ့၊အကျွန်ုပ်သည် လေးနှစ်တို့ပတ်လုံး အစမ်း ကျင့်သုံးပါမည်၊လေးနှစ်လွန်သောအခါ ရဟန်းတို့သည် ကြေနပ်သောစိတ်ရှိကြလျှင် ရှင်ပြုပေးတော် မူကြပါစေ၊ရဟန်းအဖြစ်သို့ မြှင့်တင်ပေးတော်မူကြပါစေဟု အဝတ်မဝတ်သော ခွေးကျင့် ကျင့်သော သေနိယသည်( လျှောက်၏)။

အဝတ်မဝတ်သော ခွေးကျင့် ကျင့်သော သေနိယသည် မြတ်စွာဘုရားအထံ၌ ရှင်အဖြစ်ကိုရ၏၊ ရဟန်းအဖြစ်ကိုရ၏၊ ရဟန်းဖြစ်၍ မကြာမီ အသျှင်သေနိယသည် တယောက်တည်း ဆိတ်ငြိမ်ရာသို့ ကပ်၍ မမေ့မလျော့ပြင်းစွာအားထုတ်လျက် (နိဗ္ဗာန်သို့)စိတ်ကို စေလွှတ်၍ မကြာမြင့်မီသာလျှင် အကြင်အရဟတ္တဖိုလ်အကျိုးငှါ အမျိုးကောင်းသားဘို့သည် ကောင်းစွာသာလျှင် အိမ်ရာတည်ထောင် လူ၏ဘောင်မှ (ထွက်၍) ရဟန်းဘောင်သို့ ရဟန်းပြုကြကုန်၏၊ အတုမရှိသော မြတ်သောအကျင့်၏ အဆုံးဖြစ်သော ထိုအရဟတ္တဖိုလ်ကို မျက်မှောက်ဘဝ၌ ထူးသော ဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက် ပြုလျက် ရောက်၍ နေ၏၊ "ပဋိသန္ဓေနေမှုကုန်ပြီ၊မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊ မဂ်ကိစ္စကို ပြုပြီး

http://www.dhammadownload.com



ပြီ၊ ဤမင်္ဂကိစ္စအလို့ငှါ တပါးသော ပြုဖွယ်ကိစ္စမရှိတော့ပြီ”ဟု သိ၏၊အသျှင်သေနိယသည် ရဟန္တာတို့ တွင် တပါး (အပါအဝင်)ဖြစ်လေသတည်း။

ခုနစ်ခုမြောက် ကုက္ကုရဝတိကသုတ် ပြီး၏။

---

## ၈-အဘယရာဇကုမာရသုတ်

၈၃။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့အား အစာကျွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ထိုအခါ အဘယမင်းသားသည် နာဋ၏သား နိဂဏ္ဌ ထံသို့ ချဉ်းကပ်ပြီးလျှင် ရှိသေစွာရှိခိုး၍ တခုသောနေရာ၌ ထိုင်နေ၏။ တခုသောနေရာ၌ ထိုင်နေ သော အဘယမင်းသားကို နာဋ၏သား နိဂဏ္ဌသည်—“မင်းသား လာလော့၊ သင်သည် ရဟန်း ဂေါတမကို အပြစ်တင်ချေလော့၊ဤသို့ အပြစ်တင်သော် ‘အဘယမင်းသားသည် ဤသို့တန်ခိုး အာနုဘော်ကြီးသော ရဟန်းဂေါတမကို အပြစ်တင်နိုင်ပေ၏’ ဟု သင်၏ကောင်းသော ကျော်စော သတင်းသည် ပျံ့နှံ့၍ ထွက်လတ္တံ့”ဟု ပြောဆို၏။

အသျှင် အကျွန်ုပ်သည် ဤသို့ တန်ခိုးအာနုဘော်ကြီးသော ရဟန်းဂေါတမကို အဘယ်သို့ အပြစ်တင်ရပါအံ့နည်းဟု (လျှောက်၏)။ မင်းသား လာလော့၊ သင်သည် ရဟန်းဂေါတမထံသို့ ချဉ်းကပ်၍ “အသျှင်ဘုရား မြတ်စွာဘုရားသည် သူတပါးမနှစ်သက်ဖွယ် မနှစ်ခြိုက်ဖွယ်ဖြစ်သော စကားမျိုးကို ပြောဆိုရာ၏”ဟု ဤသို့ ပြောဆိုလော့။သင် ဤသို့ မေးသော် ရဟန်းဂေါတမသည် “မင်းသား မြတ်စွာဘုရားသည် သူတပါးမနှစ်သက်ဖွယ် မနှစ်ခြိုက်ဖွယ်ဖြစ်သော စကားမျိုးကို ပြောဆိုရာ၏”ဟု ဤသို့ အကယ်၍ ပြောဆိုငြားအံ့၊ ထိုရဟန်းဂေါတမကို “အသျှင်ဘုရား ထိုသို့ ဖြစ်လျှင် ပုထုဇဉ်နှင့် အသျှင်ဘုရား၏ ခြားနားမှုသည် အဘယ်မှာ ရှိပါအံ့နည်း။ မှန်ပါ၏၊ ပုထုဇဉ် သည်လည်း သူတပါးမနှစ်သက်ဖွယ် မနှစ်ခြိုက်ဖွယ်ဖြစ်သော စကား မျိုးကို ပြောဆိုရာပါ၏” ဟု သင်ပြောလော့၊ သင်ဤသို့ မေးသော် ရဟန်းဂေါတမသည်“မင်းသား မြတ်စွာဘုရားသည် သူတပါး မနှစ်သက်ဖွယ် မနှစ်ခြိုက်ဖွယ်ဖြစ်သော စကားမျိုးကို မပြောဆိုရာ”ဟု ဤသို့ အကယ်၍ ပြောဆို ငြားအံ့။

ထိုရဟန်းဂေါတမကို “အသျှင်ဘုရား ထိုသို့ ဖြစ်လျှင် အဘယ့်ကြောင့် အသျှင်ဘုရားသည် ဒေဝဒတ်ကို ‘ဒေဝဒတ်သည် အပါယ်သို့ လားမည့်သူတည်း၊ ဒေဝဒတ်သည် ငရဲသို့ ကျမည့်သူတည်း၊ ဒေဝဒတ်သည် ငရဲ၌ တကမ္ဘာလုံးတည်မည့်သူတည်း၊ ဒေဝဒတ်သည် ကုစား၍ မရနိုင်သောသူတည်း’ ဟု ဆိုပါသနည်း၊ အသျှင်ဘုရား၏ ထိုစကားကြောင့် ဒေဝဒတ်သည် အမျက်ထွက်ခြင်း နှလုံးမသာ ယာခြင်းဖြစ်ရာ၏” ဟု သင်ပြောလော့။

မင်းသား ရဟန်းဂေါတမသည် နှစ်ဖက်သောအစွန်းရှိသော ဤပြဿနာကို သင်မေးသည် ရှိသော် နှစ်ဖက်အစွန်းလွတ်အောင် မဖြေနိုင်ရာ၊ အပြစ်ကင်းအောင် မပြောပြနိုင်ရာ၊ ဥပမာသော် ကား ယောကျာ်း၏ လည်မျိုခွ၌ ကပ်ငြိ၍ နေသော သံချူးခွကို ထိုယောကျာ်းသည် ထွေးအံခြင်းငှါ လည်း မတတ်နိုင် မျိုခြင်းငှါလည်း မတတ်နိုင်သကဲ့သို့ မင်းသား ဤအတူသာလျှင် နှစ်ဖက်သော အစွန်းရှိသောဤပြဿနာကို သင်မေးသည်ရှိသော် ရဟန်းဂေါတမသည် နှစ်ဖက် အစွန်းလွတ်

http://www.dhammadownload.com



အောင် မဖြေနိုင်ရာ၊ အပြစ်ကင်းအောင် မပြောပြနိုင်ရာ ဟု (ဆို၏)။ "အသျှင် ကောင်းပါပြီ" ဟု အဘယမင်းသားသည် နာဋပုတ်၏သား နိဂဏ္ဌ၏စကားကို ဝန်ခံ၍ နေရာမှ ထပြီးလျှင် နာဋပုတ်၏သား နိဂဏ္ဌကို ရိုသေစွာ ရှိခိုး၍ အရိုအသေပြုပြီးသော် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေ၏။

၈၄။ တခုသောနေရာ၌ ထိုင်နေသော အဘယမင်းသားအား နေကို မော့ကြည့်၍ "ယနေ့ မြတ်စွာဘုရားကို အပြစ်တင်ဆိုခြင်းငှါ အခါမဟုတ်တော့ပြီ၊ နက်ဖြန် မိမိအိမ်၌သာ ငါသည် မြတ်စွာဘုရားကို အပြစ်တင်တော့အံ့" ဟု အကြံဖြစ်၏။ အကြံဖြစ်ပြီးလျှင် "အသျှင်ဘုရား မြတ်စွာဘုရားသည် နက်ဖြန် နံနက်အတွက် တပည့်တော်၏ ဆွမ်းကို မိမိလျှင် လေးပါးမြောက်ဖြစ်၍ လက်ခံတော်မူပါ" ဟု လျှောက်၏။ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူ၏။ ထိုအခါ အဘယမင်းသားသည် မြတ်စွာဘုရား၏ လက်ခံတော်မူခြင်းကို သိ၍ နေရာမှထကာ မြတ်စွာဘုရားကို ရှိခိုး၍ အရိုအသေပြုပြီးလျှင် ဖဲလေ၏။ ထို့နောက် မြတ်စွာဘုရားသည် ထိုညဉ့်လွန်သဖြင့် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်တော်မူ၍ သပိတ် သင်္ကန်းကို ယူလျက် အဘယမင်းသား၏ အိမ်သို့ ချဉ်းကပ်တော်မူပြီးလျှင် ပြင်ထားသောနေရာ၌ ထိုင်နေတော်မူ၏။ ထိုအခါ အဘယမင်းသာသည် မြတ်စွာဘုရားကို မွန်မြတ်သောခဲဖွယ် ဘောဇဉ်ဖြင့် ရောင့်ရဲသည့်တိုင်အောင် တားမြစ်သည့်တိုင်အောင် မိမိကိုယ်တိုင် လုပ်ကျွေး၏၊ မြတ်စွာဘုရား ဆွမ်းဘုဉ်းပေးပြီး၍ သပိတ်မှ လက်ကိုဖယ်ပြီးသောအခါ အဘယမင်းသားသည် နိမ့်သော ထိုင်ရာတခုကို ယူ၍ သင့်လျော်ရာ၌ ထိုင်နေ၏။

၈၅။ သင့်လျော်ရာ၌ထိုင်နေသော အဘယမင်းသားသည် မြတ်စွာဘုရားကို "အသျှင်ဘုရား မြတ်စွာဘုရားသည် သူတပါးမနှစ်သက်ဖွယ် မနှစ်ခြိုက်ဖွယ်ဖြစ်သော စကားမျိုးကို ပြောဆိုရာပါသလော" ဟုလျှောက်ထား၏။ မင်းသား ဤစကားမျိုးတို့၌ တထစ်ချအားဖြင့် မဖြေကြားနိုင်ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား ဤပြဿနာမေးမှု၌ နိဂဏ္ဌတို့သည် ပျက်စီးကြလေကုန်ပြီ ဟု (လျှောက်၏)။ မင်းသား အဘယ့်ကြောင့် သင်သည် "ဤပြဿနာမေးမှု၌ နိဂဏ္ဌတို့သည် ပျက်စီးကြလေကုန်ပြီ" ဟုဆိုရပါသနည်း ဟု (မေးတော်မူ၏)။ အသျှင်ဘုရား အကျွန်ုပ်သည် နာဋပုတ်၏သား နိဂဏ္ဌထံသို့ ချဉ်းကပ်၍ နာဋပုတ်၏သား နိဂဏ္ဌကို ရိုသေစွာရှိခိုးပြီးလျှင် သင့်လျော်ရာ၌ ထိုင်နေပါ၏၊ အသျှင်ဘုရား သင့်လျော်ရာ၌ ထိုင်နေသော အကျွန်ုပ်ကို နာဋပုတ်၏သား နိဂဏ္ဌသည် မင်းသား လာလော့၊ သင်သည် ရဟန်းဂေါတမကို အပြစ်တင်ချေလော့၊ ဤသို့ အပြစ်တင်သော် "အဘယမင်းသားသည် ဤသို့ တန်ခိုးအာနုဘော်ကြီးသော ရဟန်းဂေါတမကို အပြစ်တင်နိုင်ပေ၏" ဟု သင်၏ ကောင်းသော ကျော်စောသတင်းသည် ပျံ့နှံ့၍ ထွက်လတ္တံ့ ဟု ပြောဆိုပါ၏။

အသျှင်ဘုရား ဤသို့ ပြောဆိုသော် အကျွန်ုပ်သည် နာဋပုတ်၏သား နိဂဏ္ဌကို "အသျှင် အကျွန်ုပ်သည် ဤသို့ တန်ခိုးအာနုဘော်ကြီးသော ရဟန်းဂေါတမကို အဘယ်သို့ အပြစ်တင်ရပါအံ့နည်း" ဟု ဤသို့ ပြောဆို ခဲ့ပါ၏။ မင်းသား လာလော့၊ သင်သည် ရဟန်းဂေါတမထံသို့ ချဉ်းကပ်၍ ရဟန်းဂေါတမကို "အသျှင်ဘုရား မြတ်စွာဘုရားသည် သူတပါး မနှစ်သက်ဖွယ် မနှစ်ခြိုက်ဖွယ်ဖြစ်သော စကားမျိုးကို ပြောဆိုရာပါသလော" ဟု ဤသို့ ပြောဆိုလော့၊ သင် ဤသို့ မေးသော် ရဟန်းဂေါတမသည် "မင်းသား မြတ်စွာဘုရားသည် သူတပါးမနှစ်သက်ဖွယ် မနှစ်ခြိုက်ဖွယ်ဖြစ်သော စကားမျိုးကို ပြောဆိုရာ၏" ဟု အကယ်၍ ပြောဆိုငြားအံ့။

http://www.dhammadownload.com



ထိုရဟန်းဂေါတမကို "အသျှင်ဘုရား ထိုသို့ ဖြစ်လျှင် ပုထုဇဉ်နှင့် အသျှင်ဘုရား ခြားနားမှုသည် အဘယ်မှာ ရှိပါအံ့နည်း၊ မှန်ပါ၏၊ ပုထုဇဉ်သည်လည်း သူတပါး မနှစ်သက်ဖွယ် မနှစ်ခြိုက်ဖွယ် ဖြစ်သော စကားမျိုးကို ပြောဆိုရာပါ၏"ဟု သင် ပြောလော့။ သင် ဤသို့ မေးသော် ရဟန်းဂေါတမသည် "မင်းသား မြတ်စွာဘုရားသည် သူတပါး မနှစ်သက်ဖွယ် မနှစ်ခြိုက်ဖွယ်ဖြစ်သော စကားမျိုးကို မပြောဆိုရာ"ဟု ဤသို့ အကယ်၍ ပြောဆိုငြားအံ့။

ထိုရဟန်းဂေါတမကို "အသျှင်ဘုရား ထိုသို့ ဖြစ်လျှင် အဘယ့်ကြောင့် အသျှင်ဘုရားသည် ဒေဝဒတ်ကို 'ဒေဝဒတ်သည် အပါယ်သို့လားမည့်သူတည်း၊ ဒေဝဒတ်သည် ငရဲသို့ ကျမည့်သူတည်း၊ ဒေဝဒတ်သည် ငရဲ၌ တကမ္ဘာလုံးတည်မည့်သူတည်း၊ ဒေဝဒတ်သည် ကုစား၍ မရနိုင်သောသူတည်း' ဟု ဆိုပါသနည်း၊အသျှင်ဘုရား၏ထိုစကားကြောင့် ဒေဝဒတ်သည် အမျက်ထွက်ခြင်း နှလုံးမသာယာခြင်း ဖြစ်ရ၏" ဟု သင်ပြောလော့။

မင်းသား ရဟန်းဂေါတမသည် နှစ်ဖက် အစွန်းရှိသော ဤပြဿနာကို သင်မေးသည်ရှိသော် နှစ်ဖက်အစွန်းလွတ်အောင် မဖြေနိုင်ရာ၊ အပြစ်ကင်းအောင် မပြောပြနိုင်ရာ၊ ဥပမာသော်ကား ယောကျ်ား၏လည်မျို၌ ကပ်ငြိ၍ နေသော သံဆူးခွကို ထိုယောကျ်ားသည် ထွေးအံခြင်းငှါလည်း မတတ်နိုင်၊ မျိုခြင်းငှါလည်း မတတ်နိုင်သကဲ့သို့ မင်းသား ဤအတူသာလျှင် နှစ်ဖက်အစွန်းရှိသော ဤပြဿနာကို သင်မေးသည်ရှိသော် ရဟန်းဂေါတမသည် နှစ်ဖက် အစွန်းလွတ်အောင် မဖြေနိုင်ရာ၊ အပြစ်ကင်းအောင် မပြောပြနိုင်ရာဟု (ပြောဆိုပါ၏ဟု လျှောက်၏)။

၈၆။ ထိုအခါ၌ ကလေးသူငယ် လူမမယ် ပက်လက်အိပ်တတ်သော အရွယ်သည် အဘယမင်းသား၏ ပေါင်ပေါ်၌ နေ၏။ ထိုအခါ မြတ်စွာဘုရားသည် အဘယမင်းသားကို "မင်းသား ထိုစကားကို သင်အဘယ်သို့ မှတ်ထင်သနည်း၊ ဤကလေးငယ်သည် သင်၏ မေ့လျော့ခြင်းကို အစွဲပြု၍ ငင်း အထိန်း၏ မေ့လျော့ခြင်းကို အစွဲပြု၍ငင်း သစ်သားတို သစ်သားစကိုဖြစ်စေ ကျောက်စရစ် အိုးခြမ်းကွဲကိုဖြစ်စေ အကယ်၍ ခံတွင်း၌ ထည့်သွင်းလေငြားအံ့၊ ထိုကလေးသူငယ်ကို အဘယ်သို့ လျှင် ပြုလုပ်ရာသနည်း"ဟု မေးတော်မူ၏။

အသျှင်ဘုရား ထိုကလေးငယ်၏ပါးစပ်တွင်းရှိ အရာကို အကျွန်ုပ်သည် ထုတ်ဆောင်ရာပါ၏။ အသျှင်ဘုရား အကယ်၍ အစကပင် ထုတ်ဆောင်ခြင်းငှါ မတတ်နိုင်ငြားအံ့ လက်ဝဲလက်ဖြင့် ဦးခေါင်းကို သိမ်းပိုက်၍ လက်ျာလက်ဖြင့် လက်ချောင်းကို ကောက်ကွေး၍ သွေးထွက်ငြားသော်လည်း ထုတ်ရပါတေ အံ့၊ အဘယ့်ကြောင့်ဟူမူ—အသျှင်ဘုရား အကျွန်ုပ်သည် သူငယ်အား အစဉ်သနားခြင်းရှိသောကြောင့် ပါတည်းဟု (လျှောက်၏)။

## စကားခြောက်ခွန်း

မင်းသား ဤအတူပင် မဟုတ်မမှန်၊အကျိုးစီးပွါးနှင့်လည်းမစပ်၊သူတပါးတို့လည်း မနှစ်သက် မနှစ်ခြိုက်၊ထိုစကားမျိုးကို မြတ်စွာဘုရားသည် မပြောမဆို။ (၁)။

ဟုတ်မှန်၏၊အကျိုးစီးပွါးနှင့်ကား မစပ်၊သူတပါးတို့လည်း မနှစ်သက် မနှစ်ခြိုက်၊ ထိုစကားမျိုးကိုလည်း မြတ်စွာဘုရားသည် မပြောမဆို။ (၂)

http://www.dhammadownload.com



ဟုတ်မှန်၏၊ အကျိုးစီးပွါးနှင့်လည်း စပ်၏၊ သူတပါးတို့ကား မနှစ်သက် မနှစ်မြို့က်၊ ထိုစကား မျိုး၌ မြတ်စွာဘုရားသည် အခါအားလျော်စွာ ပြောဆို၏။ (၃)

မဟုတ်မမှန်၊ အကျိုးစီးပွါးနှင့် မစပ်၊ သူတပါးတို့ကား နှစ်သက်၏ နှစ်မြို့က်၏၊ ထိုစကားမျိုးကို လည်း မြတ်စွာဘုရားသည် မပြောမဆို။ (၄)

ဟုတ်မှန်၏၊ အကျိုးစီးပွါးနှင့် မစပ်၊ သူတပါးတို့ကား နှစ်သက်၏ နှစ်မြို့က်၏၊ ထိုစကား မျိုးကိုလည်း မြတ်စွာဘုရားသည် မပြောမဆို။ (၅)

ဟုတ်မှန်၏၊ အကျိုးစီးပွါးနှင့် စပ်၏၊ သူတပါးတို့လည်း နှစ်သက်၏ နှစ်မြို့က်၏၊ ထိုစကား မျိုး၌ မြတ်စွာဘုရားသည် အခါအားလျော်စွာ ပြောဆို၏။ (၆)

ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ မင်းသား မြတ်စွာဘုရားအား သတ္တဝါတို့ကို အစဉ် သနားခြင်း ရှိသောကြောင့်တည်း ဟု (မိန့်တော်မူ၏)။

၈၇။ အသျှင်ဘုရား ပညာရှိမင်းဘို့သည်ရင်း ပညာရှိ ပုဏ္ဏားတို့သည်ရင်း ပညာရှိ သူကြွယ် တို့သည်ရင်း ပညာရှိ ရဟန်းတို့သည်ရင်း ပြဿနာကို စီစဉ်ကုန်၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ် ကြကာ မေးမြန်း ကြကုန်၏။ "အသျှင်ဘုရား အကြင်သူတို့သည် ငါ့ထံသို့ ချဉ်းကပ်၍ ဤသို့ မေးကုန် လတ္တံ့၊ ငါသည် ထိုသူတို့အား ဤသို့ မေးသော် ဤသို့ ဖြေကြားအံ့" ဟု မြတ်စွာဘုရားအား ရှေးဦးမဆွကပင်လျှင် စိတ်ကူးကြံစည်ထားခြင်း ရှိပါသလော၊ သို့မဟုတ် တခဏချင်းဖြင့်ပင် ထိုပြဿနာ၏ အဖြေသည် မြတ်စွာဘုရား၏ ဉာဏ်ထည်းမှာ ထင်မြင်၍ လာပါသလောဟု (လျှောက်၏)။ မင်းသား ထိုသို့ဖြစ်လျှင် ဤအရာ၌ သင်မင်းသားကိုသာလျှင် ပြန်မေးအံ့၊ သင်မင်းသား နှစ်သက်သည့်အတိုင်း ဖြေကြားလော့။

မင်းသား ထိုစကားကို သင်အဘယ်သို့ မှတ်ထင်သနည်း၊ သင်သည် ရထား၏ အစိတ်အပိုင်း အင်္ဂါကြီးငယ်တို့၌ ကျွမ်းကျင်၏လောဟု (မေးတော်မူ၏)။အသျှင်ဘုရား မှန်ပါ၏၊ အကျွန်ုပ်သည် ရထား၏ အစိတ်အပိုင်း အင်္ဂါကြီးငယ်ဘို့၌ ကျွမ်းကျင်ပါ၏ ဟု (လျှောက်၏)။

မင်းသား ထိုစကားကို သင်အဘယ်သို့မှတ်ထင်သနည်း၊ အကြင်သူတို့သည် အသင်မင်းသားသို့ ချဉ်းကပ်ကြကုန်၍ "ရထား၏ ဤအင်္ဂါကြီးငယ် အစိတ်အပိုင်းသည် အဘယ်အမည်ရှိပါသနည်း" ဟု ဤသို့ မေးမြန်းကြကုန်ရာ၏၊ အကြင်သူတို့သည် ငါ့ထံသို့ ချဉ်းကပ်၍ ဤသို့ မေးကုန်လတ္တံ့၊ ငါသည် ထိုသူဘို့အား ဤသို့ မေးသော် ဤသို့ ဖြေအံ့ဟု သင့်မှာ ရှေးဦးမဆွကပင်လျှင် စိတ်ကူး ကြံစည်ထားရှိပါသလော၊ သို့မဟုတ် တခဏချင်းဖြင့်ပင် ထိုပြဿနာ၏ အဖြေသည် သင်၏ ဉာဏ် ထည်းမှာ ထင်မြင်၍ လာရာသလောဟု (မေးတော်မူ၏)။

အသျှင်ဘုရား တပည့်တော်သည် ရထားအတတ် တတ်ပါ၏၊ နားလည်ပါ၏၊ ရထား၏ အင်္ဂါကြီးငယ် အစိတ်အပိုင်းတို့၌ ကျွမ်းကျင်ပါ၏၊ တပည့်တော်သည် ရထား၏အလုံးစုံသော အင်္ဂါ ကြီးငယ် အစိတ်အပိုင်းဘို့ကို ကောင်းစွာ သိထားပါ၏၊ တခဏချင်းဖြင့်ပင် ထိုပြဿနာ၏ အဖြေသည် အကျွန်ုပ်၏ဉာဏ်ထည်းမှာ ထင်မြင်၍ လာရာပါ၏ ဟု (လျှောက်၏)။ မင်းသား ဤအတူပင် ပညာရှိမင်းဘို့သည်ရင်း ပညာရှိ ပုဏ္ဏားတို့သည်ရင်း ပညာရှိသူကြွယ်တို့သည်ရင်း ပညာရှိ ရဟန်းတို့သည်ရင်း ပြဿနာစီစဉ်ကုန်၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကြကာ မေးမြန်းကြကုန်၏၊

http://www.dhammadownload.com



တခဏချင်းဖြင့်ဝင် ထိုပြဿနာ၏ အဖြေသည် မြတ်စွာဘုရား၏ ဉာဏ်ထည်းမှာပင် ထင်မြင်၍ လာ၏။ ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ မင်းသား မြတ်စွာဘုရားသည် ဓမ္မဓာတ် (သဗ္ဗညုတဉာဏ်)ကို ထိုးထွင်း၍ သိထား၏၊ ယင်းဓမ္မဓာတ် (သဗ္ဗညုတဉာဏ်) ကို ထိုးထွင်း၍ သိထားသောကြောင့် တခဏချင်းဖြင့်ပင် ထိုပြဿနာ၏ အဖြေသည် မြတ်စွာဘုရား၏ ဉာဏ်ထည်းမှာ ထင်မြင်၍ လာ၏ဟု (မိန့်တော်မူ၏)။

ဤသို့ မိန့်တော်မူသော် အဘယမင်းသားသည် မြတ်စွာဘုရားကို "အသျှင်ဘုရား (တရားတော်သည်) အလွန်နှစ်သက်ဖွယ်ရှိပါပေစွ၊ အသျှင်ဘုရား (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိပါပေစွ။ပ။အကျွန်ုပ်ကို ယနေ့မှ အစပြု၍ အသက်ထက်ဆုံး ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်တော်သော ဥပါသကာဟူ၍ မှတ်တော်မူပါ"ဟု (လျှောက်၏)။

နှစ်ခုမြောက် အဘယရာဇကုမာရသုတ် ပြီး၏။

---

## ၉-ဗဟုဝေဒနီယသုတ်

၈၈။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ ပဉ္စကင်္ဂလက်သမားကြီးသည် အသျှင်ဥဒါယီထံသို့ ချဉ်းကပ်၍ အလွန်ရှိသေစွာ ရှိခိုးပြီးလျှင် သင့်လျော်ရာ၌ ထိုင်က၊ အသျှင်ဥဒါယီကို "အသျှင်ဥဒါယီ မြတ်စွာဘုရား ဟောထားသော ခံစားမှုတို့သည် အဘယ်မျှလောက် ရှိပါသနည်း" ဟု လျှောက်၏။ "လက်သမားကြီး မြတ်စွာဘုရား ဟောထားသော ခံစားမှုတို့သည် ချမ်းသာခံစားမှု ဆင်းရဲခံစားမှု ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သော ခံစားမှုဟူ၍ သုံးပါးရှိ၏၊ လက်သမားကြီး မြတ်စွာဘုရား ဟောထားသော ခံစားမှုတို့သည် ဤသုံးပါးတို့တည်း" ဟု (မိန့်ဆို၏)။

ဤသို့ မိန့်သော် ပဉ္စကင်္ဂလက်သမားကြီးသည် အသျှင်ဥဒါယီကို "အသျှင်ဥဒါယီ မြတ်စွာဘုရားဟောထားသော ခံစားမှုတို့သည် သုံးပါးတို့မဟုတ်၊ မြတ်စွာဘုရားဟောထားသော ခံစားမှုတို့သည် ချမ်းသာခံစားမှု ဆင်းရဲခံစားမှုဟူ၍ နှစ်ပါးသာတည်း။ အသျှင်ဘုရား ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သောခံစားမှုကို ငြိမ်သက်မွန်မြတ်သော ချမ်းသာဟူ၍ မြတ်စွာဘုရားဟောထားပါ၏"ဟု (လျှောက်၏)။

နှစ်ကြိမ်မြောက်လည်း အသျှင်ဥဒါယီသည် ပဉ္စကင်္ဂလက်သမားကြီးကို "လက်သမားကြီး မြတ်စွာဘုရား ဟောထားသော ခံစားမှုတို့သည် နှစ်ပါးသာမဟုတ်၊ မြတ်စွာဘုရား ဟောထားသော ခံစားမှုတို့သည် ချမ်းသာခံစားမှု ဆင်းရဲခံစားမှု ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သော ခံစားမှုဟူ၍ သုံးပါးရှိ၏၊ လက်သမားကြီး မြတ်စွာဘုရားဟောထားသော ခံစားမှုတို့သည် ဤသုံးပါးတို့တည်း"ဟု (မိန့်ဆို၏)။ နှစ်ကြိမ်မြောက်လည်း ပဉ္စကင်္ဂလက်သမားကြီးသည် အသျှင်ဥဒါယီကို "အသျှင်ဥဒါယီ မြတ်စွာဘုရားဟောထားသော ခံစားမှုတို့သည် သုံးပါးတို့မဟုတ်၊ မြတ်စွာဘုရား ဟောထားသော ခံစားမှုတို့သည် ချမ်းသာခံစားမှု ဆင်းရဲခံစားမှုဟူ၍ နှစ်ပါးသာတည်း။ အသျှင်ဘုရား ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သော ခံစားမှုကို ငြိမ်သက်မွန်မြတ်သော ချမ်းသာဟူ၍ မြတ်စွာဘုရား ဟောထားပါ၏"ဟု (လျှောက်၏)။

http://www.dhammadownload.com



သုံးကြိမ်မြောက်လည်း အသျှင်ဥဒါယီသည် ပဉ္စကင်္ဂလက်သမားကြီးကို "လက်သမားကြီး မြတ်စွာဘုရားဟောထားသော ခံစားမှုတို့သည် နှစ်ပါးသာမဟုတ်၊ မြတ်စွာဘုရား ဟောထားသော ခံစားမှုတို့သည် ချမ်းသာခံစားမှု ဆင်းရဲခံစားမှု ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သော ခံစားမှု ဟူ၍ သုံးပါးရှိ၏၊ လက်သမားကြီး မြတ်စွာဘုရား ဟောထားသော ခံစားမှုတို့သည် ဤသုံးပါးတို့ တည်း"ဟု မိန့်ဆို၏။ သုံးကြိမ်မြောက်လည်း ပဉ္စကင်္ဂလက်သမားကြီးသည် အသျှင်ဥဒါယီကို "အသျှင်ဥဒါယီ မြတ်စွာဘုရားဟောထားသော ခံစားမှုတို့သည် သုံးပါးတို့မဟုတ်၊ မြတ်စွာဘုရား ဟောထားသော ခံစားမှုတို့သည် ချမ်းသာခံစားမှု ဆင်းရဲခံစားမှုဟူ၍ နှစ်ပါးသာတည်း၊ အသျှင်ဘုရား ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သော ခံစားမှုကို ငြိမ်သက်မွန်မြတ်သော ချမ်းသာဟူ၍ မြတ်စွာဘုရား ဟောထားပါ၏"ဟု လျှောက်၏။ အသျှင်ဥဒါယီသည် ပဉ္စကင်္ဂလက်သမားကြီးကို နားလည်စေရန် မတတ်နိုင်၊ ပဉ္စကင်္ဂလက်သမားကြီးသည်လည်း အသျှင်ဥဒါယီကို နားလည်စေရန် မတတ်နိုင်။

၇၉။ အသျှင်အာနန္ဒာသည် ပဉ္စကင်္ဂလက်သမားကြီးနှင့်အတူ အသျှင်ဥဒါယီ၏ ဤစကား ပြောဟောခြင်းကို ကြားလေ၏၊ ထိုသို့ကြားသောအခါ အသျှင်အာနန္ဒာသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ အလွန်ရိုသေစွာ ရှိခိုးပြီးလျှင် သင့်လျော်ရာ၌ ထိုင်ကာ ပဉ္စကင်္ဂလက်သမားကြီးနှင့်အတူ အသျှင်ဥဒါယီ၏ စကားပြောသမျှ အလုံးစုံကို လျှောက်ထား၏။

ဤသို့ လျှောက်ထားသော် မြတ်စွာဘုရားသည် အသျှင်အာနန္ဒာကို "အာနန္ဒာ ပဉ္စကင်္ဂ လက်သမားကြီးသည် ဥဒါယီ၏စကားကို ထင်ရှားရှိသော အကြောင်းဖြစ်လျက် ဝမ်းမမြောက်နိုင်။ ဥဒါယီသည်လည်း ပဉ္စကင်္ဂလက်သမားကြီး၏စကားကို ထင်ရှားရှိသော အကြောင်းဖြစ်လျက် ဝမ်းမမြောက်နိုင်။

အာနန္ဒာ ငါသည် ပရိယာယ်အားဖြင့် နှစ်ပါးသော ခံစားမှုတို့ကိုလည်း သုံးပါးသောခံစားမှု တို့ကိုလည်း ငါးပါးသော ခံစားမှုတို့ကိုလည်း ခြောက်ပါးသော ခံစားမှုတို့ကိုလည်း တဆယ့်ရှစ်ပါး သော ခံစားမှုတို့ကိုလည်း သုံးဆယ့်ခြောက်ပါးသော ခံစားမှုတို့ကိုလည်း တရာ့ရှစ်ပါးသော ခံစားမှု တို့ကိုလည်း ဟောထား၏။

အာနန္ဒာ ဤသို့ ငါသည် တရားတော်ကို ပရိယာယ်အားဖြင့် ဟောကြားထား၏၊ အာနန္ဒာ ဤသို့ ငါသည် တရားတော်ကို ပရိယာယ်အားဖြင့် ဟောကြားထားပါလျက် အကြင်သူတို့သည် အချင်းချင်း ဟောဆိုပြောပြသည်ကို ခွင့်မပြုနိုင်ကုန်ငြားအံ့၊ သဘောမတူနိုင်ကုန်ငြားအံ့၊ ဝမ်း မမြောက်နိုင်ကုန်ငြားအံ့၊ ထိုသူတို့အား ငြင်းခုံခြင်း ခိုက်ရန်ဖြစ်ခြင်း ဆန့်ကျင်ခြင်းသို့ ရောက်ကြကုန် သည်ဖြစ်၍ အချင်းချင်း နှုတ်လှံသိုးကာ နေကြရကုန်သတ္တံ့ဟူသော ဤအကျိုးသည်သာ ကေန် ဖြစ်ရမည်။

အာနန္ဒာ ဤသို့ ငါသည် တရားတော်ကို ပရိယာယ်အားဖြင့် ဟောကြားထား၏၊ အာနန္ဒာ ဤသို့ ပရိယာယ်အားဖြင့် ဟောကြားထားသည်ဖြစ်၍ အကြင်သူတို့သည် အချင်းချင်း ဟောဆို ပြောပြသည်ကို ခွင့်ပြုနိုင်ကုန်ငြားအံ့၊ သဘောတူနိုင်ကုန်ငြားအံ့၊ ဝမ်းမြောက်နိုင်ကုန်ငြားအံ့၊ ထိုလူ တို့အား ညီညွတ်ကုန်သည်ဖြစ်၍ ဝမ်းမြောက်ကုန်သည်ဖြစ်၍ မငြင်းခုံကုန်သည်ဖြစ်၍ နို့နှင့်ရေကဲ့သို့ တပေါင်းတည်းဖြစ်ကုန်၍ အချင်းချင်း ချစ်ခင်နှစ်သက်သော မျက်စိတို့ဖြင့် ရှုကြည့်ကြကုန်လျက် နေကြရကုန်သတ္တံ့ဟူသော ဤသဘောသာ ကေန်ဖြစ်ရမည်။

http://www.dhammadownload.com



၉၀။ အာနန္ဒာ ကာမဂုဏ်တရားတို့သည် ဤငါးပါးတို့တည်း။ အဘယ်ငါးပါးတို့နည်းဟူမူ— စက္ခုဝိညာဏ်ဖြင့် သိအပ်ကုန်သော အလိုရှိအပ် နှစ်သက်အပ် စိတ်နှလုံးကို ပွါးစေတတ် ချစ်မြတ်နိုးအပ်သော သဘောရှိကုန်သော ကာမတရားနှင့် စပ်ယှဉ်ကုန်သော တပ်နှစ်သက်ဖွယ် ဖြစ်ကုန်သော ရူပါရုံတို့သည်၎င်း။ သောတဝိညာဏ်ဖြင့် သိအပ်ကုန်သော။ပ။ သဒ္ဒါရုံတို့သည်၎င်း။ ဃာနဝိညာဏ်ဖြင့် သိအပ်ကုန်သော။ပ။ ဂန္ဓာရုံတို့သည်၎င်း။ ဇိဝှါဝိညာဏ်ဖြင့် သိအပ်ကုန်သော။ပ။ ရသာရုံတို့သည်၎င်း။ ကာယဝိညာဏ်ဖြင့် သိအပ်ကုန်သော အလိုရှိအပ် နှစ်သက်အပ် စိတ်နှလုံးကို ပွါးစေတတ် ချစ်မြတ်နိုးအပ်သော သဘောရှိကုန်သော ကာမတရားနှင့် စပ်ယှဉ်ကုန်သော တပ်နှစ်သက်ဖွယ် ဖြစ်ကုန်သော ဖောဋ္ဌဗ္ဗာရုံတို့သည်၎င်း ရှိကုန်၏၊ အာနန္ဒာ ကာမဂုဏ်တရားတို့ဟူသည် ဤငါးပါးတို့သာတည်း။

အာနန္ဒာ ငါးပါးကုန်သော ဤကာမဂုဏ်တရားတို့ကို အစွဲပြု၍ အကြင်ချမ်းသာခြင်း 'သုခ' ဝမ်းမြောက်ခြင်း 'သောမနဿ'သည် ရှိ၏၊ ဤကိုယ်ချမ်းသာ စိတ်ချမ်းသာကို 'ကာမသုခ'ဟူ၍ ဆိုရ၏။ အာနန္ဒာ "သတ္တဝါတို့သည် ဤမျှလောက်သာ ဖြစ်သော ကိုယ်ချမ်းသာ စိတ်ချမ်းသာကို ခံစားကြရကုန်၏" ဟု တဦးတယောက်က ဤသို့ ဆိုငြားအံ့၊ ထိုသူ၏ ဤစကားကို ငါခွင့်မပြုနိုင်၊ အဘယ့်ကြောင့်နည်း၊ အာနန္ဒာ ဤကာမသုခမှတပါးသော သာလွန်၍ နှစ်သက်ဖွယ်ဖြစ်သော သာလွန်၍ မွန်မြတ်သော သုခရှိသေးသောကြောင့်တည်း။

အာနန္ဒာ ဤသုခမှတပါးသော သာလွန်၍ နှစ်သက်ဖွယ်ဖြစ်သော သာလွန်၍ မွန်မြတ်သော သုခဟူသည် အဘယ်နည်း။ အာနန္ဒာ ဤသာသနာတော်၌ ရဟန်းသည် ကာမတရားတို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင်။ပ။ ပဌမဈာန်သို့ ရောက်၍နေ၏။ အာနန္ဒာ ဤကာမဂုဏ်သုခမှတပါးသော သာလွန်၍ နှစ်သက်ဖွယ်ဖြစ်သော သာလွန်၍ မွန်မြတ်သော သုခဟူသည် ဤသည်ပင်တည်း။ အာနန္ဒာ "သတ္တဝါတို့သည် ဤမျှလောက်သာဖြစ်သော ကိုယ်ချမ်းသာ စိတ်ချမ်းသာကို ခံစားကြရကုန်၏"ဟု တဦးတယောက်က ဤသို့ ဆိုငြားအံ့၊ ထိုသူ၏ ဤစကားကို ငါခွင့်မပြုနိုင်။ အဘယ့်ကြောင့်နည်း၊ အာနန္ဒာ ဤပဌမဈာန်သုခမှတပါးသော သာလွန်၍ နှစ်သက်ဖွယ်ဖြစ်သော သာလွန်၍ မွန်မြတ်သော ကိုယ်ချမ်းသာ စိတ်ချမ်းသာ ရှိသေးသောကြောင့်တည်း။

အာနန္ဒာ ဤပဌမဈာန်သုခမှတပါးသော သာလွန်၍ နှစ်သက်ဖွယ်ဖြစ်သော သာလွန်၍ မွန်မြတ်သော ကိုယ်ချမ်းသာ စိတ်ချမ်းသာသည် အဘယ်နည်း။ အာနန္ဒာ ဤသာသနာတော်၌ ရဟန်းသည် ဝိတက် ဝိစာရတို့၏ အေးငြိမ်းခြင်းကြောင့် ။ပ။ ဒုတိယဈာန်သို့ရောက်၍ နေ၏။ အာနန္ဒာ ထိုပဌမဈာန်သုခမှတပါးသော သာလွန်၍ နှစ်သက်ဖွယ်ဖြစ်သော သာလွန်၍ မွန်မြတ်သော သုခဟူသည် ဤသည်ပင်တည်း။ အာနန္ဒာ တဦးတယောက်က ဤသို့ ဆိုငြားအံ့။ပ။ အာနန္ဒာ ဤဒုတိယဈာန်သုခမှတပါးသော သာလွန်၍ နှစ်သက်ဖွယ်ဖြစ်သော သာလွန်၍ မွန်မြတ်သော သုခဟူသည် အဘယ်နည်း—အာနန္ဒာ ဤသာသနာတော်၌ ရဟန်းသည် ပီတိကို စက်ဆုပ်ခြင်းကြောင့်၎င်း။ပ။ တတိယဈာန်သို့ ရောက်၍နေ၏။ အာနန္ဒာ ထိုဒုတိယဈာန်သုခမှတပါးသော သာလွန်၍ နှစ်သက်ဖွယ်ဖြစ်သော သာလွန်၍ မွန်မြတ်သော သုခဟူသည် ဤသည်ပင်တည်း။ အာနန္ဒာ တဦးတယောက်က ဤသို့ ဆိုငြားအံ့။ပ။

အာနန္ဒာ ဤတတိယဈာန်သုခမှတပါးသော သာလွန်၍ နှစ်သက်ဖွယ်ဖြစ်သော သာလွန်၍ မွန်မြတ်သော သုခဟူသည် အဘယ်နည်း—အာနန္ဒာ ဤသာသနာတော်၌ ရဟန်းသည် သုခဝေဒနာ

http://www.dhammadownload.com



ကို ပယ်ခြင်းကြောင့်။ပ။ စတုတ္ထဈာန်သို့ရောက်၍ နေ၏။ အာနန္ဒာ ထိုတတိယဈာန်သုခမှ တပါးသော သာလွန်၍နှစ်သက်ဖွယ်ဖြစ်သော သာလွန်၍ မွန်မြတ်သော သုခဟူသည် ဤသည်ပင် တည်း။ အာနန္ဒာ တဦးတယောက်က ဤသို့ ဆိုငြားအံ့။ပ။

အာနန္ဒာ ထိုစတုတ္ထဈာန်သုခမှ တပါးသော သာလွန်၍ နှစ်သက်ဖွယ်ဖြစ်သော သာလွန်၍ မွန်မြတ်သော သုခဟူသည် အဘယ်နည်း— အာနန္ဒာ ဤသာသနာတော်၌ ရဟန်းသည် အချင်းခပ်သိမ်း ရုပ်၌ဖြစ်သော ရူပသညာကို လွန်မြောက်ခြင်းကြောင့် ကြမ်းတမ်းသော ပဋိဃ သညာတို့၏ ချုပ်ခြင်းကြောင့် အထူးထူးသောသညာတို့ကို နှလုံးမသွင်းခြင်းကြောင့် "ကောင်းကင် ပညတ်သည် အဆုံးမရှိ"ဟု ပွါးများလျက် အာကာသာနဉ္စာယတနဈာန်သို့ရောက်၍ နေ၏။ အာနန္ဒာ ထိုစတုတ္ထဈာန်သုခမှတပါးသော သာလွန်၍ နှစ်သက်ဖွယ်ဖြစ်သော သာလွန်၍ မွန်မြတ် သော သုခဟူသည် ဤသည်ပင်တည်း။ အာနန္ဒာ တဦးတယောက်က ဤသို့ဆိုငြားအံ့။ပ။

အာနန္ဒာ ဤအာကာသာနဉ္စာယတနဈာန်သုခမှတပါးသော သာလွန်၍ နှစ်သက်ဖွယ်ဖြစ် သော သာလွန်၍ မွန်မြတ်သောသုခဟူသည် အဘယ်နည်း—အာနန္ဒာ ဤသာသနာတော်၌ ရဟန်းသည် အချင်းခပ်သိမ်း အာကာသာနဉ္စာယတနဈာန်ကိုလွန်မြောက်၍ "ပဌမအရူပဝိညာဏ် သည် အဆုံးမရှိ"ဟု ပွါးများပြီးလျှင် ဝိညာဏဉ္စာယတနဈာန်သို့ ရောက်၍နေ၏။ အာနန္ဒာ ထိုအာကာသာနဉ္စာယတနဈာန်သုခမှတပါးသော သာလွန်၍ နှစ်သက်ဖွယ်ဖြစ်သော သာလွန်၍ မွန်မြတ်သော သုခ ဟူသည် ဤသည်ပင်တည်း။ အာနန္ဒာ တဦးတယောက်က ဤသို့ ဆိုငြားအံ့။ပ။

အာနန္ဒာ ဤဝိညာဏဉ္စာယတနဈာန် သုခမှတပါးသော သာလွန်၍ နှစ်သက်ဖွယ်ဖြစ်သော သာလွန်၍ မွန်မြတ်သော သုခဟူသည် အဘယ်နည်း—အာနန္ဒာ ဤသာသနာတော်၌ ရဟန်းသည် အချင်းခပ်သိမ်း ဝိညာဏဉ္စာယတနအရူပဈာန်ကို လွန်မြောက်၍ "တစုံတခု တစိုးတစိမျှ မရှိ"ဟု ပွါးများ၍ အာကိဉ္စညာယတန အရူပဈာန်သို့ ရောက်၍နေ၏။ အာနန္ဒာ ထိုဝိညာဏဉ္စာယတနဈာန် သုခမှတပါးသော သာလွန်၍ နှစ်သက်ဖွယ်ဖြစ်သော သာလွန်၍ မွန်မြတ်သော သုခဟူသည် ဤသည်ပင်တည်း။ အာနန္ဒာ တဦးတယောက်က ဤသို့ ဆိုငြားအံ့။ပ။

အာနန္ဒာ ဤ အာကိဉ္စညာယတနဈာန်သုခမှတပါးသော သာလွန်၍ နှစ်သက်ဖွယ် ဖြစ်သော သာလွန်၍ မွန်မြတ်သော သုခဟူသည် အဘယ်နည်း—အာနန္ဒာ ဤသာသနာတော်၌ ရဟန်းသည် အချင်းခပ်သိမ်း အာကိဉ္စညာယတနတတိယအရူပဈာန်ကို လွန်မြောက်၍ ရှုန္ဒရင်းသော သညာကား မရှိ သိမ်မွေ့သော သညာမရှိသည် မဟုတ်သော နေဝသညာနာသညာယတနဈာန်သို့ ရောက်၍နေ၏။ အာနန္ဒာ ထိုအာကိဉ္စညာယတန ဈာန်သုခမှတပါးသော သာလွန်၍ နှစ်သက်ဖွယ် ဖြစ်သော သာလွန်၍ မွန်မြတ်သော သုခဟူသည် ဤသည်ပင်တည်း။

အာနန္ဒာ "သတ္တဝါတို့သည် ဤမျှလောက်သာဖြစ်သော ကိုယ်ချမ်းသာစိတ်ချမ်းသာကို ခံစား ကြရကုန်၏"ဟု တဦးတယောက်က ဆိုငြားအံ့၊ ထိုသူ၏ ဤစကားကို ငါခွင့်မပြုနိုင်။ထိုသို့ခွင့်မပြု နိုင်ခြင်းသည် အဘယ့်ကြောင့်နည်း—အာနန္ဒာ ဤနေဝသညာနာသညာယတနဈာန် သုခမှတပါး သော သာလွန်၍ နှစ်သက်ဖွယ်ဖြစ်သော သာလွန်၍ မွန်မြတ်သော သုခရှိသေးသောကြောင့်တည်း။ အာနန္ဒာ ဤနေဝသညာနာသညာယတနဈာန်သုခမှတပါးသော သာလွန်၍ နှစ်သက်ဖွယ် ဖြစ်သော သာလွန်၍ မွန်မြတ်သော သုခဟူသည် အဘယ်နည်း—အာနန္ဒာ ဤသာသနာတော်၌ ရဟန်းသည် အချင်းခပ်သိမ်း နေဝသညာနာသညာယတနအရူပဈာန်ကို လွန်မြောက်၍ သညာ

http://www.dhammadownload.com



ဝေဒနာကို၏ ချုပ်ငြိမ်းရာ နိရောဓသမာပတ်ကို ဝင်စားနေနိုင်၏၊ အာနန္ဒာ ထိုနေဝသညာနာသညာယတနစျာန် သုခမှတပါးသော သာလွန်၍ နှစ်သက်ဖွယ်ဖြစ်သော သာလွန်၍ မွန်မြတ်သော သုခဟူသည် ဤသည်ပင်တည်း။

၉၁။ အာနန္ဒာ "မှတ်သားမှု ခံစားမှုတို့၏ ချုပ်ငြိမ်းမှုကို ရဟန်းဂေါတမသည် ဟော၏၊ ထိုမှတ်သားမှု ခံစားမှုတို့၏ ချုပ်ငြိမ်းခြင်းကိုလည်း ချမ်းသာဟူ၍ ပညတ်၏၊ ထိုချမ်းသာသည် အဘယ်နည်း၊ ထိုချမ်းသာသည် အဘယ်သို့နည်း" ဟု အယူအမျိုးမျိုးရှိသော ပရိဗိုဇ်တို့ပြောဆိုရာသော အကြောင်းသည် ရှိ၏။

အာနန္ဒာ ဤသို့ပြောဆိုသော အယူအမျိုးမျိုးရှိသော ပရိဗိုဇ်တို့ကို "ငါ့သျှင်တို့ မြတ်စွာဘုရားသည် ချမ်းသာခံစားမှုကိုသာလျှင် ရည်ရွယ်၍ ချမ်းသာဟု မပညတ်၊ ငါ့သျှင် စင်စစ်သော်ကား အကြင် အကြင်ဌာန၌ အကြင်အကြင်သဘော၌ ချမ်းသာကို ရထိုက်၏၊ ထိုထိုဌာန ထိုထိုသဘောဝကို ချမ်းသာဟု ပညတ်၏" ဟု ဤသို့ပြောဆိုကုန်ရာ၏ ဟု (မိန့်တော်မူ၏)။ မြတ်စွာဘုရားသည် ဤသုတ်ကို ဟောကြားတော်မူ၏။ အသျှင်အာနန္ဒာသည် မြတ်စွာဘုရား၏စကားတော်ကို နှစ်ခြိုက်ဝမ်းမြောက်လေ၏။

ကိုးခုမြောက် ဗဟုဝေဒနီယသုတ် ပြီး၏။

---

## ၁၀-အပဏ္ဏကသုတ်

၉၂။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် များစွာသော ရဟန်းသံဃာနှင့်အတူ ကောသလတိုင်း၌ ဒေသစာရီလှည့်လည်တော်မူလတ်သော် သာလာအမည်ရှိသော ကောသလတိုင်း ပုဏ္ဏားရွာသို့ ရောက်တော်မူ၏။ သာလာရွာသား ပုဏ္ဏားသူကြွယ်တို့သည် ဤသို့ ကြားသိကြလေကုန်၏— "အချင်းတို့ သာကီဝင်မင်းမျိုးမှရဟန်းပြုသော သာကီဝင်မင်းသား ရဟန်းဂေါတမသည် များစွာသောရဟန်းသံဃာနှင့်အတူ ကောသလတိုင်း၌ ဒေသစာရီလှည့်လည်တော်မူရာ သာလာရွာသို့ရောက်တော်မူ၏။ ထိုအသျှင် ဂေါတမ၏ ကောင်းသော ကျော်စောသတင်းသည် ဤသို့ ပြန့်နှံ့၍ ထွက်၏— 'ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏၊ (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော အကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓမည်တော်မူ၏၊ အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ' နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္နမည်တော်မူ၏၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော အကြောင်းကြောင့်လည်း သုဂတမည်တော်မူ၏၊ လောကကို သိတော်မူသော အကြောင်းကြောင့်လည်း လောကဝိဒူမည်တော်မူ၏၊ ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ်ဖြစ်တော်မူသော အကြောင်းကြောင့်လည်း အနုတ္တရော ပုရိသဒမ္မသာရထိ မည်တော်မူ၏၊ နတ်လူတို့၏ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါးတရားတို့ကို) သိစေတော်မူသောအကြောင်းကြောင့်လည်း ဗုဒ္ဓမည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏' ဟု (ပြန့်နှံ့၍ ထွက်၏)။

http://www.dhammadownload.com



ထိုမြတ်စွာဘုရားသည် နတ်နှင့်တကွသော မာရ်နတ်နှင့်တကွသော ဗြဟ္မာနှင့်တကွသော ဤသြကာသလောကကိုရင်း သမဏဗြာဟ္မဏတို့နှင့်တကွသော မင်းများ လူများနှင့်တကွသော သတ္တဝါအပေါင်းကိုရင်း ကိုယ်တိုင်ထူးသောဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုလျက် ဟောကြားတော်မူ၏၊ ထိုမြတ်စွာဘုရားသည် အစ၏ကောင်းခြင်း အလယ်၏ကောင်းခြင်း အဆုံး၏ကောင်းခြင်းရှိသော အနက်နှင့်ပြည့်စုံသော သဒ္ဒါနှင့်ပြည့်စုံသော တရားကိုဟောကြားတော်မူ၏။ အလုံးစုံ ပြည့်စုံသော စင်ကြယ်သော မြတ်သောအကျင့်ကို ပြတော်မူ၏။ ထိုသို့သဘောရှိသော ရဟန္တာ(ပုဂ္ဂိုလ်)တို့ကို ဖူးမြော်ရခြင်းသည် ကောင်းသည်သာတည်း”ဟု (ကြားသိကြကုန်၏)။

ထိုအခါ သာလာရွာသား ပုဏ္ဏားသူကြွယ်တို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကြကုန်လျက် အချို့တို့သည် မြတ်စွာဘုရားကို ရှိခိုး၍ လျှောက်ပတ်သော နေရာ၌ ထိုင်ကုန်၏၊ အချို့တို့သည် မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက် ဝမ်းသာ (နှုတ်ဆက်)ပြောဆိုကုန်၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆိုပြီးဆုံးစေ၍ လျှောက်ပတ်သော နေရာ၌ ထိုင်ကုန်၏၊ အချို့တို့သည် မြတ်စွာဘုရား ရှိရာအရပ်သို့ လက်အုပ်ချီကုန်လျက် လျှောက်ပတ်သော နေရာ၌ ထိုင်ကုန်၏၊ အချို့တို့သည် အမည်အနွယ်ကို ပြောကြားလျက် လျှောက်ပတ်သော နေရာ၌ ထိုင်ကုန်၏၊ အချို့တို့သည် တိတ်ဆိတ်စွာ လျှောက်ပတ်သော နေရာ၌ ထိုင်ကုန်၏။

၉၃။ လျှောက်ပတ်သောနေရာ၌ ထိုင်နေကြကုန်သော သာလာရွာသား ပုဏ္ဏားသူကြွယ်တို့ကို မြတ်စွာဘုရားသည်— “သူကြွယ်တို့ အကြောင်းခိုင်မာသော ယုံကြည်မှုကို ရစေနိုင်သော တစုံတယောက်သော နှစ်သက်သော ဆရာသမားသည် သင်တို့မှာ ရှိသလော” ဟု မိန့်တော်မူ၏။ အသျှင်ဘုရား အကြောင်း ခိုင်မာသော ယုံကြည်မှုကို ရစေနိုင်သော တစုံတယောက်သော နှစ်သက်လောက်သော ဆရာသမားတို့သည် အကျွန်ုပ်တို့မှာ မရှိပါ ဟု (လျှောက်ကြကုန်၏)။ သူကြွယ်တို့ သင်တို့သည် နှစ်သက်လောက်သော ဆရာသမားကို မရကြသော် ကေန်အကျိုးရှိသော ဤအကျင့်တရားကို ကောင်းစွာဆောက်တည်၍ ကျင့်ထိုက်၏။ သူကြွယ်တို့ ကေန် အကျိုးရှိသော အကျင့်တရားကို စွဲယူ ဆောက်တည်ထားသော် ထိုအကျင့်တရားသည် သင်တို့အတွက် ရှည်မြင့်စွာသော ကာလပတ်လုံး စီးပွါးခြင်း ချမ်းသာခြင်းငှါ ဖြစ်လတ္တံ့။ သူကြွယ်တို့ ကေန်အကျိုးရှိသော အကျင့်တရားဟူသည် အဘယ်နည်း—

၉၄။ သူကြွယ်တို့ “ပေးလှူခြင်းသည် အကျိုးမရှိ၊ ယဇ်ကြီးပူဇော်ခြင်းသည် အကျိုးမရှိ၊ ယဇ်ကလေး (ဖုံး)ပူဇော်ခြင်းသည် အကျိုးမရှိ၊ ကောင်းမှုမကောင်းမှုတို့၏ အကျိုးဝိပါက်သည် မရှိ၊ ဤလောကသည် မရှိ၊ တပါးသောလောကသည် မရှိ၊ အမိ၏ကျေးဇူးမရှိ၊ အဖ၏ကျေးဇူးမရှိ၊ သေ၍တဖန် ဖြစ်ပေါ်လာသော သတ္တဝါတို့သည် မရှိကုန်၊ ဤလောကကိုရင်း တပါးသော လောကကိုရင်း ကိုယ်တိုင်ထူးသောဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုလျက် ဟောကြားနိုင်ကုန်သော ညီညွတ်ကုန်သော ကောင်းသော အကျင့်ရှိကုန်သော သမဏဗြာဟ္မဏတို့သည် လောက၌ မရှိကုန်” ဟု ဤသို့ ပြောဆိုယူဆကြကုန်သော အချို့သော သမဏဗြာဟ္မဏတို့သည် ရှိကုန်၏၊ သူကြွယ်တို့ ထိုသမဏဗြာဟ္မဏတို့နှင့် ဖြောင့်ဖြောင့် ဆန့်ကျင်ဘက်ဝါဒရှိကုန်သော အချို့သော သမဏဗြာဟ္မဏတို့သည်— “ပေးလှူခြင်းသည် အကျိုးရှိ၏၊ ယဇ်ကြီးပူဇော်ခြင်းသည် အကျိုးရှိ၏၊ ယဇ်ကလေး (ဖုံး)ပူဇော်ခြင်းသည် အကျိုးရှိ၏၊ ကောင်းမှု မကောင်းမှုတို့၏ အကျိုးဝိပါက်သည် ရှိ၏၊ ဤလောကသည် ရှိ၏၊ တပါးသောလောကသည် ရှိ၏၊ အမိ၏ ကျေးဇူးရှိ၏၊ အဖ၏ကျေးဇူးရှိ၏၊

http://www.dhammadownload.com



သေ၍ တဖန်ဖြစ်ပေါ်သော သတ္တဝါတို့သည် ရှိကုန်၏၊ ဤလောကကိုရှင်း တပါးသော လောကကိုရှင်း ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုလျက် ဟောကြားနိုင်ကုန်သော ညီညွတ်ကုန်သော ကောင်းသောအကျင့်ရှိကုန်သော သမဏဗြာဟ္မဏတို့သည်လည်း ရှိကုန်သည်သာတည်း" ဟု ပြောဆိုကြကုန်၏။ သူကြွယ်တို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ ဤသမဏဗြာဟ္မဏတို့သည် အချင်းချင်း ဖြောင့်ဖြောင့်ဆန့်ကျင်ဘက် ဝါဒရှိကြကုန်သည် မဟုတ်လောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မှန်ပါ၏ ဟု (လျှောက်ကြကုန်၏)။

၉၅။ သူကြွယ်တို့ ထိုအယူနှစ်မျိုးတို့တွင် "ပေးလှူခြင်းသည် အကျိုးမရှိ၊ ယင်ကြီးပူဇော်ခြင်းသည် အကျိုးမရှိ။ပ။ ဤလောကကိုရှင်း တပါးသောလောကကိုရှင်း ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုလျက် ဟောကြားနိုင်ကုန်သော ညီညွတ်ကုန်သော ကောင်းသောအကျင့်ရှိကုန်သော သမဏဗြာဟ္မဏတို့သည် မရှိကုန်"ဟု ဤသို့ ပြောဆိုယူဆကြကုန်သော သမဏဗြာဟ္မဏတို့အား ကာယသုစရိုက် ဝစီသုစရိုက် မနောသုစရိုက်ဤသုံးပါးသော ကုသိုလ်တရားတို့ကို ဖောက်ခွဲဖျက်ဆီး၍ ကာယဒုစရိုက် ဝစီဒုစရိုက် မနောဒုစရိုက် ဤသုံးပါးသော အကုသိုလ်တရားတို့ကို ဆောက်တည်၍ ကျင့်ကြကုန်လတ္တံ့ ဟူသော အပြစ်သာ ကေန်ဖြစ်ရမည်။အဘယ့်ကြောင့်နည်း၊ ထိုအသျှင်သမဏဗြာဟ္မဏတို့သည် အကုသိုလ်တရားတို့၏ အပြစ်ယုတ်ညံ့ပုံ ညစ်ညူးပုံကို မမြင်ကြကုန်၊ ကုသိုလ်တရားတို့၏ အကုသိုလ်မှ ထွက်မြောက်ခြင်း၌ အကျိုးကို ဖြူစင်သော အဖို့ကို မမြင်ကြကုန်သောကြောင့်တည်း။

ထင်ရှားရှိသည်သာလျှင်ဖြစ်သော တမလွန်လောကကို"တမလွန်လောကသည် မရှိ"ဟု ထိုသူမှာ အယူရှိ၏၊ ထိုသူ၏ အယူသည် မှားသောအယူဖြစ်၏၊ ထင်ရှားရှိသည်သာလျှင်ဖြစ်သော တမလွန်လောကကို "တမလွန်လောကသည် မရှိ" ဟု ကြံ၏၊ ထိုသူ၏ ထိုအကြံသည် မှားသော အကြံဖြစ်၏၊ ထင်ရှားရှိသည်သာလျှင်ဖြစ်သော တမလွန်လောကကို "တမလွန်လောကသည် မရှိ" ဟူသော စကားကို ပြောဆို၏၊ ထိုသူ၏ထိုစကားသည် မှားသောစကားဖြစ်၏၊ ထင်ရှားရှိသည်သာလျှင်ဖြစ်သော တမလွန်လောကကို "တမလွန်လောကသည် မရှိ"ဟု ပြောဆို၏။ ဤသူသည် တမလွန်လောကကို သိကြကုန်သော ရဟန္တာအသျှင်တို့အား ဆန့်ကျင်ဘက်ပြု၏။

ထင်ရှားရှိသည်သာလျှင် ဖြစ်သော တမလွန်လောကကို "တမလွန်လောကသည် မရှိ" ဟု သူတပါးကို သိစေ၏၊ ထိုသူ၏ ထိုသိစေခြင်းသည် မသူတော်တရားကို သိစေခြင်းဖြစ်၏၊ ထိုမသူတော်တရားကို သိစေခြင်းဖြင့်လည်း မိမိကိုယ်ကို ချီးမြှောက်၏၊ သူတပါးကို ရှုတ်ချ၏၊ ဤသို့လျှင် ထိုသူမှာ ရှေးမဆွကပင်လျှင် ကောင်းသောသဘောသည် ပယ်ထားပြီး ဖြစ်၏။ မကောင်းသော သဘောသည် ရှေးရှုတည်နေ၏။

ဤမှားသော အယူ မှားသောအကြံ မှားသောစကား အရိယာတို့နှင့် ဆန့်ကျင်ခြင်း မသူတော်တရားကို သိစေခြင်း မိမိကိုယ်ကို ချီးမြှောက်ခြင်း သူတပါးကို ရှုတ်ချခြင်း ဤသို့ များစွာသော ယုတ်မာသော ဤအကုသိုလ်တရားတို့သည် မှားသောအယူဟူသော အကြောင်းကြောင့် ထိုသူမှာ ဖြစ်ပေါ်လာကုန်၏။

သူကြွယ်တို့ ထိုအယူနှစ်မျိုးတို့တွင် ပညာရှိသော ယောကျ်ားတယောက်သည် ဤသို့ ဆင်ခြင်၏—တမလွန်လောကသည် အကယ်၍ မရှိသည်ဖြစ်အံ့၊ ဤသို့ မရှိခဲ့သော် ဤအသျှင်ယောကျ်ားသည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ မိမိကိုယ်ကို ချမ်းသာအောင် ပြုလတ္တံ့။

http://www.dhammadownload.com



တမလွန်လောကသည် အကယ်၍ ရှိသည်ဖြစ်အံ့၊ ထိုသို့ရှိခဲ့ပါမူ ဤအသျှင်ယောကျ်ားသည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာဖြစ်သော ဖရိုဖရဲ ကျရာ ဖြစ်သော ငရဲသို့ရောက်ရလတ္တံ့။

တမလွန်လောကသည် အကယ်၍ မရှိပါနှင့်ဦး ထိုအသျှင်သမဏ ဗြာဟ္မဏတို့၏ စကားသည် မှန်သည်ပင်ဖြစ်ပါစေဦး၊ ထိုသို့ပင် ဖြစ်သော်လည်း ဤအသျှင်ယောကျ်ားပုဂ္ဂိုလ်သည် မျက်မှောက်သော ကိုယ်၏ အဖြစ်၌ပင်လျှင် "သီလမရှိသော မှားသောအယူရှိသော နတ္ထိကဝါဒရှိသော ယောကျ်ားတည်း" ဟု ပညာရှိတို့ အကဲ့ရဲ့ကို ခံရ၏။

တမလွန်လောကသည် အကယ်၍ ရှိသည်သာလျှင်ဖြစ်အံ့၊ ဤသို့ ရှိခဲ့သော် ဤအသျှင်ယောကျ်ားပုဂ္ဂိုလ်သည် မျက်မှောက်သောကိုယ်၏အဖြစ်၌လည်း ပညာရှိတို့ အကဲ့ရဲ့ခံရခြင်း ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌လည်း ချမ်းသာကင်းသော မကောင်းသောလားရာဖြစ်သော ဖရိုဖရဲ ကျရာဖြစ်သော ငရဲသို့ရောက်ရခြင်းအားဖြင့် နှစ်ပါးစုံ ဆုံးရှုံး၏၊ ဤသို့ ထိုသူ၏ မကောင်းသောအားဖြင့် စွဲယူဆောက်ဘည်ထားသော ဤနကန်အကျိုးရှိသော အကျင့်တရားသည် တဖက်သတ် နှံ့၍ တည်၏၊ ကုသိုလ်အရာကို ကြဉ်ရှောင်၏။

၉၆။ သူကြွယ်တို့ ထိုအယူနှစ်မျိုးတို့တွင် "ပေးလှူခြင်း၏ အကျိုးသည် ရှိ၏။ပ။အကြင် သမဏဗြာဟ္မဏတို့သည် ဤပစ္စုပ္ပန်လောကကိုလည်း တမလွန်လောကကိုလည်း ကိုယ်တိုင် ထူးသော ဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုလျက် ဟောကြားကုန်၏"ဟု ဤသို့ပြောဆို ယူဆလေ့ရှိကုန်သော သမဏဗြာဟ္မဏတို့မှာ ကာယဒုစရိုက် ဝစီဒုစရိုက် မနောဒုစရိုက် ဤသုံးပါးသော အကုသိုလ်တရားတို့ကို ဖောက်ခွဲဖျက်ဆီး၍ ကာယသုစရိုက် ဝစီသုစရိုက် မနောသုစရိုက် ဤသုံးပါးသော ကုသိုလ်တရားတို့ကို ဆောက်တည်၍ ကျင့်ကုန်လတ္တံ့ ဟူသော အကျိုးသာ ကေန်ဖြစ်ရမည်။ အဘယ့်ကြောင့်နည်း၊ ထိုအသျှင်သမဏဗြာဟ္မဏတို့သည် အကုသိုလ်တရားတို့၏ အပြစ် ယုတ်ညံ့ပုံ ညစ်ညူးပုံကို မြင်ကြ၍ ကုသိုလ်တရားတို့၏ မကောင်းမှုတို့မှ ထွက်မြောက်ခြင်း၌ အကျိုးကို ဖြူစင်သော အဖို့ကို မြင်ကြကုန်သောကြောင့်တည်း။

ထိုမှတပါး ထင်ရှားရှိသည်သာလျှင်ဖြစ်သော တမလွန်လောကကို "တမလွန်လောကသည် ရှိ၏" ဟု ထိုသူမှာ အယူရှိ၏၊ ထိုသူ၏ ထိုအယူသည် မှန်သောအယူဖြစ်၍ ထင်ရှားရှိသည်သာလျှင်ဖြစ်သော တမလွန်လောကကို "တမလွန်လောကသည် ရှိ၏"ဟု ကြံ၏။ ထိုသူ၏ ထိုအကြံသည် မှန်သောအကြံဖြစ်၏၊ ထင်ရှားရှိသည်သာလျှင်ဖြစ်သော တမလွန်လောကကို "တမလွန်လောကသည် ရှိ၏"ဟူသော စကားကို ဆို၏၊ ထိုသူ၏ ထိုစကားသည် မှန်သောစကားဖြစ်၏။ ထင်ရှားရှိသည်သာလျှင် ဖြစ်သော တမလွန်လောကကို "တမလွန်လောကသည် ရှိ၏" ဟု ပြောဆို၏၊ ဤသူသည် တမလွန်လောကကို သိကုန်သော ရဟန္တာပုဂ္ဂိုလ်တို့အား ဆန့်ကျင်ဘက်မပြုလုပ်၊ ထင်ရှားရှိသည်သာလျှင် ဖြစ်သော တမလွန်လောကကို "တမလွန်လောကသည် ရှိ၏" ဟု သူတပါးကို သိစေ၏၊ ထိုသူ၏ ထိုသိစေခြင်းသည် သူတော်ကောင်းတရားကို သိစေခြင်းဖြစ်၏။ထိုသူတော်ကောင်းတရားကို သိစေခြင်းဖြင့်လည်း မိမိကိုယ်ကို မချီးမြှောက် သူတပါးကို မရှုတ်ချ။ဤသို့လျှင် ထိုသူမှာ ရှေးမဆွကပင်လျှင် မကောင်းသောသဘောသည် ပယ်ထားပြီးဖြစ်၏။ ကောင်းသောသဘောသည် ရှေးရှုတည်နေ၏။

http://www.dhammadownload.com



ဤမှန်ကန်သောအယူ မှန်ကန်သောအကြံ မှန်ကန်သောစကား အရိယာတို့နှင့် မဆန့်ကျင်ခြင်း သူတော်ကောင်းတရားကို သိစေခြင်း မိမိကိုယ်ကို မချီးမြှောက်ခြင်း သူတပါးကို မရှုတ်ချခြင်း ဤသို့ များစွာသော ဤကုသိုလ်တရားတို့သည် မှန်သောအယူဟူသော အကြောင်းကြောင့် ထိုသူမှာ ဖြစ်ပေါ်လာကုန်၏။

သူကြွယ်တို့ ထိုအယူနှစ်မျိုးတို့တွင် ပညာရှိသော ယောကျ်ားသည် ဤသို့ ဆင်ခြင်၏—တမလွန် လောကသည် အကယ်၍ ရှိသည်ဖြစ်အံ့၊ ဤသို့ရှိခဲ့သော် ဤအသျှင်ယောကျ်ားပုဂ္ဂိုလ်သည် ကိုယ်ခန္ဓာ ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသော လားရာ ဖြစ်သော နတ်ပြည်လောကသို့ ရောက်ရ လတ္တံ့။

တမလွန်လောကသည် အကယ်၍ မရှိပါနှင့်ဦး၊ ထိုအသျှင်သမဏဗြာဟ္မဏတို့၏ စကားသည် မှန်သည်ပင် ဖြစ်ပါစေဦး၊ ထိုသို့ဖြစ်သော်လည်း ဤအသျှင်ယောကျ်ားသည် မျက်မှောက်သော ကိုယ်၏ အဖြစ်၌ပင်လျှင်“သီလရှိသော မှန်သောအယူရှိသော ကံ-ကံ၏အကျိုးကို ယုံကြည်သောဝါဒ ရှိသော ယောကျ်ားပုဂ္ဂိုလ်တည်း” ဟု ပညာရှိတို့ အချီးအမွမ်းခံရ၏။

တမလွန်လောကသည် အကယ်၍ ရှိသည်သာလျှင် ဖြစ်အံ့၊ ဤသို့ ရှိခဲ့သော် ဤအသျှင် ယောကျ်ားပုဂ္ဂိုလ်သည် မျက်မှောက်သော ကိုယ်၏အဖြစ်၌ပင်လျှင် ပညာရှိတို့ အချီးအမွမ်းခံရခြင်း ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသောလားရာဖြစ်သော နတ်ပြည်လောကသို့ ရောက်ရခြင်းအားဖြင့် နှစ်ပါးစုံ အောင်မြင်၏။ ဤသို့ ထိုသူ၏ကောင်းစွာ စွဲယူဆောက်တည်ထား သော ဤကေန်အကျိုးရှိသော အကျင့်တရားသည် နှစ်ပါးသောအဖို့ကို နှံ့၍တည်၏၊ အကုသိုလ် အရာကို ကြဉ်ရှောင်၏။

၉၇။ သူကြွယ်တို့ “ပြု သူပြုစေသူ၊ ဖြတ်သူ ဖြတ်စေသူ၊ နှိပ်စက်သူ နှိပ်စက်စေသူ၊ပူဆွေးအောင် ပြုသူ ပြုစေသူ၊ ပင်ပန်းအောင် ပြုသူ ပြုစေသူ၊ တုန်လှုပ်သူ တုန်လှုပ်စေသူ၊ အသက်ကို သတ်သူ (သတ်စေသူ)၊ ခိုးယူသူ (ခိုးယူစေသူ)၊ အိမ်ကိုဖောက်ထွင်းသူ (ဖောက်ထွင်းစေသူ)၊ ရွာကို တိုက်ခိုက်လုယူသူ (တိုက်ခိုက်လုယူစေသူ)၊ တအိမ်တည်းကို တိုက်ခိုက်လုယူသူ (တိုက်ခိုက် လုယူစေသူ)၊ လမ်းခရီး၌ စောင့်၍ လုယက်သူ (လုယက်စေသူ)၊ သူ့မယားကို သွားလာသူ (သွားလာစေသူ)၊ မဟုတ်မမှန်စကားကို ပြောသူ (ပြောစေသူ) များသည် မကောင်းမှုကို ပြုသော်လည်း ပြုသည်မမည်၊ ဤမြေပေါ်ရှိသတ္တဝါတို့ကို သင်တုန်းသွားစက်ဖြင့် တခုတည်းသော အသားစု အသားပုံဖြစ်အောင် အကယ်၍ ပြုစေကာမူ ထိုအကြောင်းကြောင့် မကောင်းမှုမရှိ၊ မကောင်းမှုဖြစ်ခြင်း မရှိ၊အသက်ကိုသတ်လျက် သတ်စေလျက်၊ ဖြတ်လျက် ဖြတ်စေလျက်၊ နှိပ်စက် လျက် နှိပ်စက်စေလျက်၊ ဂင်္ဂါမြစ်၏တောင်ဘက်ကမ်းသို့ အကယ်၍ သွားနေလျှင် ထို(သတ်ခြင်း စသော) အကြောင်းကြောင့် မကောင်းမှု မရှိ၊ မကောင်းမှု ဖြစ်ခြင်း မရှိ။ လှူလျက် လှူစေလျက်၊ ပူဇော်လျက် ပူဇော်စေလျက်၊ ဂင်္ဂါမြစ်၏ မြောက်ဘက်ကမ်းသို့ အကယ်၍ သွားနေလျှင် ထို လှူခြင်းစသော အကြောင်းကြောင့် ကောင်းမှုမရှိ၊ ကောင်းမှု ဖြစ်ခြင်း မရှိ၊ အလှူပေးခြင်း ဣန္ဒြေကို ဆုံးမခြင်း သီလစောင့်စည်းခြင်း အမှန်ဆိုခြင်း တို့ကြောင့် ကောင်းမှုမရှိ၊ ကောင်းမှုဖြစ်ခြင်း မရှိ” ဟု ဤသို့ ပြောဆိုကြဲဆလေ့ရှိကုန်သော အချို့သော သမဏဗြာဟ္မဏတို့သည် ရှိကုန်၏၊ သူကြွယ် တို့ ထိုသမဏဗြာဟ္မဏတို့နှင့် ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်ဝါဒရှိသော အချို့သော သမဏဗြာဟ္မဏ တို့သည်—

http://www.dhammadownload.com



သူကြွယ်တို့ "ပြုသူ ပြုစေသူ၊ ဖြတ်သူ ဖြတ်စေသူ၊ နှိပ်စက်သူ နှိပ်စက်စေသူ၊ ပူဆွေးအောင် ပြုသူ ပြုစေသူ၊ ပင်ပန်းအောင် ပြုသူ ပြုစေသူ၊ တုန်လှုပ်သူ တုန်လှုပ်စေသူ၊ အသက်ကို သတ်သူ (သတ်စေသူ)၊ ခိုးယူသူ (ခိုးယူစေသူ)၊ အိမ်ကိုဖောက်ထွင်းသူ (ဖောက်ထွင်းစေသူ)၊ ရွာကို တိုက်ခိုက်လုယူသူ (တိုက်ခိုက်လုယူစေသူ)၊ တအိမ်တည်းကို တိုက်ခိုက်လုယူသူ(လုယူစေသူ)၊ခရီးလမ်း၌ စောင့်၍ လုယက်သူ (လုယက်စေသူ)၊ သူ့မယားကို သွားလာသူ (သွားလာစေသူ)၊ မဟုတ်မမှန်စကားကို ပြောသူ (ပြောစေသူ) များသည် မကောင်းမှုကို ပြုသော် ပြုသည် မည်၏၊ ဤမြေပေါ်ရှိ သတ္တဝါတို့ကို သင်တုန်းသွားစက်ဖြင့် တခုတည်းသော အသားစု အသားပုံ ဖြစ်အောင် အကယ်၍ပြုအံ့၊ ထိုအကြောင်းကြောင့် မကောင်းမှုသည် ရှိ၏၊ မကောင်းမှုဖြစ်ခြင်းသည် ရှိ၏၊ အသက်ကို သတ်လျက် သတ်စေလျက်၊ဖြတ်လျက် ဖြတ်စေလျက်၊ နှိပ်စက်လျက် နှိပ်စက်စေလျက် ဂင်္ဂါမြစ်၏ တောင်ဘက်ကမ်းသို့ အကယ်၍ သွားနေစေကာမူ ထိုသတ်ခြင်းစသော အကြောင်းကြောင့် မကောင်းမှုသည်ရှိ၏၊မကောင်းမှု ဖြစ်ခြင်းသည်ရှိ၏၊ လှူလျက် လှူစေလျက်၊ ပူဇော်လျက် ပူဇော်စေလျက် ဂင်္ဂါမြစ်၏မြောက်ဘက်ကမ်းသို့ အကယ်၍ သွားနေစေကာမူ ထိုလှူခြင်းစသောအကြောင်းကြောင့် ကောင်းမှုသည် ရှိ၏၊ ကောင်းမှုဖြစ်ခြင်းသည် ရှိ၏၊ အလှူပေးခြင်း ဣန္ဒြေကို ဆုံးမခြင်း သီလစောင့်စည်းခြင်း အမှန်ဆိုခြင်းတို့ကြောင့် ကောင်းမှုသည် ရှိ၏၊ ကောင်းမှုဖြစ်ခြင်းသည် ရှိ၏" ဟု ဤသို့ ပြောဆိုလေ့ရှိကြ၏။ သူကြွယ်တို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ ဤသမဏဗြာဟ္မဏတို့သည် အချင်းချင်း ဖြောင့်ဖြောင့် ဆန့်ကျင်ဘက်ဝါဒ ရှိကြကုန်သည် မဟုတ်လောဟု(မေးတော်မူ၏)။ အသျှင်ဘုရား မှန်ပါ၏ (ဟု လျှောက်ကြကုန်၏)။

၉၈။ သူကြွယ်တို့ ထိုအယူနှစ်မျိုးတို့တွင် "ပြုသူ ပြုစေသူ၊ ဖြတ်သူ ဖြတ်စေသူ၊ နှိပ်စက်သူ နှိပ်စက်စေသူ၊ ပူဆွေးအောင်ပြုသူ ပြုစေသူ၊ ပင်ပန်းအောင်ပြုသူ ပြုစေသူ၊ တုန်လှုပ်သူ တုန်လှုပ်စေသူ၊ အသက်ကို သတ်သူ (သတ်စေသူ)၊ ခိုးယူသူ (ခိုးယူစေသူ)၊ အိမ်ကိုဖောက်ထွင်းသူ (ဖောက်ထွင်းစေသူ)၊ ရွာကို တိုက်ခိုက်လုယူသူ(တိုက်ခိုက်လုယူစေသူ)၊ တအိမ်တည်းကို တိုက်ခိုက်လုယူသူ(တိုက်ခိုက်လုယူစေသူ)၊ခရီးလမ်း၌ စောင့်၍လုယက်သူ(လုယက်စေသူ)၊ သူ့မယားကို သွားလာသူ(သွားလာစေသူ)၊ မဟုတ်မမှန်စကားကို ပြောသူ(ပြောစေသူ) များသည် မကောင်းမှုကို ပြုသော် ပြုသည်မမည်၊ ဤမြေပေါ်ရှိ သတ္တဝါတို့ကို သင်တုန်းသွားစက်ဖြင့် တခုတည်းသော အသားစု အသားပုံ ဖြစ်အောင် အကယ်၍ ပြုစေကာမူ ထိုအကြောင်းကြောင့် မကောင်းမှု မရှိ၊ မကောင်းမှု ဖြစ်ခြင်းမရှိ၊ အသက်ကို သတ်လျက် သတ်စေလျက်၊ ဖြတ်လျက် ဖြတ်စေလျက် ။ပ။ အလှူပေးခြင်း ဣန္ဒြေကို ဆုံးမခြင်း သီလစောင့်စည်းခြင်း အမှန်ဆိုခြင်းတို့ကြောင့် ကောင်းမှု မရှိ၊ ကောင်းမှု ဖြစ်ခြင်း မရှိ"ဟု ပြောဆို ယူဆလေ့ ရှိကြသော သမဏဗြာဟ္မဏတို့အား ကာယသုစရိုက် ဝစီသုစရိုက် မနောသုစရိုက် ဤသုံးပါးသော ကုသိုလ်တရားတို့ကို ဖယ်ခွဲဖျက်ဆီး၍ ကာယဒုစရိုက် ဝစီဒုစရိုက် မနောဒုစရိုက် ဤသုံးပါးသော အကုသိုလ်တရားတို့ကို ဆောက်တည်၍ ကျင့်ကြကုန်လတ္တံ့ဟူသော အပြစ်သည်သာ ကျိန်းဖြစ်ရမည်။ အဘယ့်ကြောင့်နည်း၊ ထိုအသျှင်သမဏဗြာဟ္မဏတို့သည် အကုသိုလ်တရားတို့၏အပြစ် ယုတ်ညံ့ပုံ ညစ်ညူးပုံကို မမြင်ကြကုန်၊ ကုသိုလ်တရားတို့၏ မကောင်းမှုမှ ထွက်မြောက်ခြင်း၌ အကျိုးကို ဖြူစင်သော အဖို့ကို မမြင်ကြကုန်သောကြောင့်တည်း။

http://www.dhammadownload.com



ထင်ရှားရှိသည်သာလျှင် ဖြစ်သော ပြုလုပ်မှုကို"ပြုလုပ်မှုသည် မရှိ"ဟု ထိုသူမှာ အယူရှိ၏၊ ထိုသူ၏ ထိုအယူသည် မှားသောအယူဖြစ်၏။

ထင်ရှားရှိသည်သာလျှင်ဖြစ်သော ပြုလုပ်မှုကို "ပြုလုပ်မှုသည် မရှိ"ဟုကြံ၏၊ ထိုသူ၏ ထိုအကြံသည် မှားသောအကြံ ဖြစ်၏။

ထင်ရှားရှိသည်သာလျှင်ဖြစ်သော ပြုလုပ်မှုကို "ပြုလုပ်မှုသည် မရှိ"ဟူသော စကားကိုပြောဆို၏၊ ထိုသူ၏ထိုစကားသည် မှားသောစကားဖြစ်၏။

ထင်ရှားရှိသည်သာလျှင် ဖြစ်သော ပြုလုပ်မှုကို "ပြုလုပ်မှုသည် မရှိ"ဟု ပြောဆို၏၊ ဤသူသည် ကိရိယဝါဒ အယူရှိကုန်သော ရဟန္တာအသျှင်တို့အား ဆန့်ကျင်ဘက်ပြု၏။

ထင်ရှားရှိသည်သာလျှင်ဖြစ်သော ပြုလုပ်မှုကို "ပြုလုပ်မှုသည် မရှိ"ဟု သူတပါးကို သိစေ၏၊ ထိုသူ၏ သိစေခြင်းသည် မသူတော်တရားကို သိစေခြင်းဖြစ်၏၊ မသူတော်တရားကို သိစေခြင်းဖြင့်လည်း မိမိကိုယ်ကို ချီးမြှောက်၏၊ သူတပါးကို ရှုတ်ချ၏၊ ဤသို့လျှင် ထိုသူမှာ ရှေးမဆွကပင်လျှင် ကောင်းသောသဘောသည် ပယ်ထားပြီး ဖြစ်၏၊ မကောင်းသောသဘောသည်သာ ရှေးရှု တည်နေ၏။

ဤမှားသောအယူ မှားသောအကြံ မှားသောစကား အရိယာတို့နှင့် ဆန့်ကျင်ခြင်း မသူတော်တရားကို သိစေခြင်း မိမိကိုယ်ကို ချီးမြှောက်ခြင်း သူတပါးကို ရှုတ်ချခြင်း ဤသို့များစွာသော ယုတ်မာသော ဤ အကုသိုလ်တရားတို့သည် မှားသောအယူဟူသော အကြောင်းကြောင့် ထိုသူမှာ ဖြစ်ပေါ်လာကုန်၏။ သူကြွယ်တို့ ထိုအယူနှစ်မျိုးတို့တွင် ပညာရှိသော ယောကျ်ားသည် ဤသို့ ဆင်ခြင်၏—ပြုလုပ်မှုသည် အကယ်၍ မရှိသည်ဖြစ်အံ့၊ ဤသို့ မရှိခဲ့သော် ဤအသျှင်ယောကျ်ားသည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ မိမိကိုယ်ကို ချမ်းသာအောင် ပြုလတ္တံ့။ ပြုလုပ်မှုသည် အကယ်၍ ရှိသည်ဖြစ်အံ့ ဤသို့ ရှိခဲ့သော် ဤအသျှင်ယောကျ်ားပုဂ္ဂိုလ်သည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသောလားရာဖြစ်သော ဖရိုဖရဲ ကျရာဖြစ်သော ငရဲသို့ရောက်ရလတ္တံ့။ ပြုလုပ်မှုသည် အကယ်၍ မရှိပါစေနှင့်ဦး၊ ထိုအသျှင်သမဏဗြာဟ္မဏတို့၏ စကားသည် မှန်သည်ပင် ဖြစ်ပါစေဦး၊ ထိုသို့ဖြစ်သော်လည်း ဤအသျှင်ယောကျ်ားပုဂ္ဂိုလ်သည် မျက်မှောက်ဖြစ်သော ကိုယ်၏ အဖြစ်၌ပင်လျှင် "သီလမရှိသော မှားသောအယူရှိသော အကိရိယဝါဒရှိသော ယောကျ်ားပုဂ္ဂိုလ်တည်း" ဟု ပညာရှိတို့ အကဲ့ရဲ့ကို ခံရ၏။

ပြုအပ်သော မကောင်းမှုသည် အကယ်၍ ရှိသည်သာလျှင် ဖြစ်အံ့၊ဤသို့ ရှိခဲ့သော် ဤအသျှင်ယောကျ်ားပုဂ္ဂိုလ်သည် မျက်မှောက်သော ကိုယ်၏ အဖြစ်၌လည်း ပညာရှိတို့ အကဲ့ရဲ့ခံရခြင်း ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌လည်း ချမ်းသာကင်းသော မကောင်းသောလားရာဖြစ်သော ပျက်စီး၍ကျရောက်ရာဖြစ်သော ငရဲသို့ ရောက်ရခြင်းအားဖြင့် နှစ်ပါးစုံ ဆုံးရှုံး၏။ ဤသို့ ထိုသူ၏ မကောင်းသော အားဖြင့် စွဲယူ ဆောက်တည်ထားသော ဤကေန်အကျိုးရှိသော အကျင့်တရားသည် တဖက်သတ်နှံ့၍ တည်၏၊ ကုသိုလ်အရာကို ကြဉ်ရှောင်၏။

၉၉။ သူကြွယ်တို့ ထိုအယူနှစ်မျိုးတို့တွင် "ပြုသူ ပြုစေသူ၊ ဖြတ်သူ ဖြတ်စေသူ၊ နှိပ်စက်သူ နှိပ်စက်စေသူ၊ ပူဆွေးအောင်ပြုသူ ပြုစေသူ၊ ပင်ပန်းအောင်ပြုသူ ပြုစေသူ၊ တုန်လှုပ်သူ တုန်လှုပ်

http://www.dhammadownload.com



စေသူ၊ အသက်ကို သတ်သူ(သတ်စေသူ)၊ ခိုးယူသူ(ခိုးယူစေသူ)၊အိမ်ကို ဖောက်ထွင်းသူ(ဖောက်ထွင်းစေသူ)၊ ရွာကို တိုက်ခိုက်လုယူသူ (တိုက်ခိုက်လုယူစေသူ)၊တအိမ်တည်းကို တိုက်ခိုက်လုယူသူ (တိုက်ခိုက်လုယူစေသူ)၊ လမ်းခရီး၌ စောင့်၍ လုယက်သူ(လုယက်စေသူ)၊သူ့မယားကို သွားလာသူ (သွားလာစေသူ)၊ မဟုတ်မမှန်စကားကို ပြောသူ (ပြောစေသူ)များသည် မကောင်းမှုကို ပြုသော် ပြုသည်မည်၏၊ ဤမြေပေါ်ရှိ သတ္တဝါတို့ကို သင်ဘုန်းသွားစက်ဖြင့် တခုတည်းသော အသားစု အသားပုံဖြစ်အောင် အကယ်၍ ပြုသော် ထိုအကြောင်းကြောင့် မကောင်းမှုသည် ရှိ၏၊ မကောင်းမှုဖြစ်ခြင်းသည် ရှိ၏၊ အသက်ကို သတ်လျက်၊ သတ်စေလျက်၊ဖြတ်လျက် ဖြတ်စေလျက်၊ နှိပ်စက်လျက် နှိပ်စက်စေလျက်၊ ဂင်္ဂါမြစ်၏ တောင်ဘက်ကမ်းသို့ အကယ်၍ သွားနေစေကာမူ ထို(သတ်ခြင်း စသော)အကြောင်းကြောင့် မကောင်းမှုသည် ရှိ၏၊ မကောင်းမှုဖြစ်ခြင်းသည် ရှိ၏၊ လှူလျက် လှူစေလျက် ပူဇော်လျက် ပူဇော်စေလျက် ဂင်္ဂါမြစ်၏ မြောက်ဘက်ကမ်းသို့ အကယ်၍ သွားနေစေကာမူ ထိုလှူခြင်း(စသောအကြောင်း)ကြောင့် ကောင်းမှုသည် ရှိ၏၊ ကောင်းမှုဖြစ်ခြင်း သည်ရှိ၏၊ အလှူပေးခြင်း ဣန္ဒြေကိုဆုံးမခြင်း သီလစောင့်စည်းခြင်း အမှန်ဆိုခြင်းတို့ကြောင့် ကောင်းမှုသည် ရှိ၏၊ ကောင်းမှုဖြစ်ခြင်းသည် ရှိ၏"ဟု ဤသို့ပြောဆိုယူဆကြကုန်သော သမဏဗြာဟ္မဏတို့အား ကာယဒုစရိုက် ဝစီဒုစရိုက် မနောဒုစရိုက် ဤသုံးပါးသော အကုသိုလ်တရားတို့ကို ဖောက်ခွဲဖျက်ဆီး၍ ကာယသုစရိုက် ဝစီသုစရိုက် မနောသုစရိုက် ဤသုံးပါးသော ကုသိုလ်တရားတို့ကို ကျင့်ကုန်လတ္တံ့ဟူသော အကျိုးသည်သာ ကေန်ဖြစ်ရမည်။ အဘယ့်ကြောင့်နည်း၊ ထိုအသျှင်သမဏဗြာဟ္မဏတို့သည် အကုသိုလ်တရားတို့၏ အပြစ် ယုတ်ညံ့ပုံ ညစ်ညူးပုံကို မြင်ကြကုန်၍ ကုသိုလ်တရားတို့၏မကောင်းမှုတို့မှ ထွက်မြောက်ခြင်း၌ အကျိုးကို ဖြူစင်သော အဖို့ကို မြင်ကြကုန်သောကြောင့်တည်း။

ထင်ရှားရှိသည်သာလျှင် ဖြစ်သော ပြုလုပ်မှုကို "ပြုလုပ်မှုသည် ရှိ၏"ဟု ထိုသူမှာ အယူရှိ၏၊ ထိုသူ၏ ထိုအယူသည် မှန်သောအယူဖြစ်၏။ ထင်ရှားရှိသည်သာလျှင် ဖြစ်သော ပြုလုပ်မှုကို "ပြုလုပ်မှုသည် ရှိ၏"ဟု ကြံ၏၊ ထိုသူ၏ ထိုအကြံသည် မှန်သောအကြံဖြစ်၏။ ထင်ရှားရှိသည်သာလျှင်ဖြစ်သော ပြုလုပ်မှုကို "ပြုလုပ်မှုသည် ရှိ၏" ဟူသော စကားကို ပြောဆို၏၊ ထိုသူ၏ ထိုစကားသည် မှန်သောစကားဖြစ်၏။ ထင်ရှားရှိသည်သာလျှင်ဖြစ်သော ပြုလုပ်မှုကို "ပြုလုပ်မှုသည် ရှိ၏"ဟု ပြောဆို၏။ ဤသူသည် ကိရိယဝါဒရှိကုန်သော ရဟန္တာပုဂ္ဂိုလ်တို့အား ဆန့်ကျင်ဘက် မပြုလုပ်။ ထင်ရှားရှိသည်သာလျှင်ဖြစ်သော ပြုလုပ်မှုကို"ပြုလုပ်မှုသည် ရှိ၏"ဟု သူတပါးကို သိစေ၏၊ ထိုသူ၏သိစေခြင်းသည် သူတော်ကောင်းတရားကို သိစေခြင်းဖြစ်၏။

ထိုသူတော်ကောင်းတရားကို သိစေခြင်းဖြင့်လည်း မိမိကိုယ်ကို မချီးမြှောက်၊ သူတပါးကို မရှုတ်ချ။ ဤသို့လျှင် ထိုသူမှာ ရှေးမဆွကပင်လျှင် မကောင်းသောသဘောသည် ပယ်ထားပြီး ဖြစ်၏။ ကောင်းသောသဘောသည် ရှေးရှုတည်၏။ ဤမှန်ကန်သော အယူ ဤမှန်ကန်သော အကြံ ဤမှန်ကန်သော စကား ဤအရိယာတို့နှင့် မဆန့်ကျင်ခြင်း ဤသူတော်ကောင်းတို့ တရားကို သိစေခြင်း မိမိကိုယ်ကို မချီးမြှောက်ခြင်း သူတပါးကို မရှုတ်ချခြင်း ဤသို့ များစွာသော ဤကုသိုလ်တရားတို့သည် မှန်သောအယူဟူသော အကြောင်းကြောင့် ထိုသူမှာ ဖြစ်ပေါ်လာကုန်၏။

http://www.dhammadownload.com



သူကြွယ်တို့ ထိုအယူနှစ်မျိုးတို့တွင် ပညာရှိယောကျ်ားသည် ဤသို့ ဆင်ခြင်၏---ပြုလုပ်မှုသည် အကယ်၍ ရှိသည်သာဖြစ်အံ့၊ ဤသို့ ရှိခဲ့သော် ဤအသျှင်ပုဂ္ဂိုလ်သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာဖြစ်သော နတ်ပြည်လောကသို့ ရောက်လတ္တံ့။

ပြုလုပ်မှုသည် အကယ်၍ မရှိပါနှင့်ဦး၊ ထိုအသျှင်သမဏဗြာဟ္မဏတို့၏ စကားသည် မှန်သည် ဖြစ်ပါစေဦး၊ ထိုသို့ ဖြစ်သော်လည်း ဤအသျှင်ယောကျ်ားပုဂ္ဂိုလ်သည် မျက်မှောက်သော ကိုယ်၏ အဖြစ်၌ပင်လျှင် "သီလရှိသော မှန်သောအယူရှိသော ကိရိယဝါဒရှိသော ယောကျ်ားပုဂ္ဂိုလ် တည်း"ဟု ပညာရှိတို့ အချီးအမွမ်းခံရ၏။

ပြုလုပ်မှုသည် အကယ်၍ ရှိသည်သာလျှင် ဖြစ်အံ့၊ ဤသို့ ရှိခဲ့သော် ဤအသျှင်ယောကျ်ား ပုဂ္ဂိုလ်သည် မျက်မှောက်သော ကိုယ်၏ အဖြစ်၌ပင်လျှင် ပညာရှိတို့ အချီးအမွမ်းခံရခြင်း ကိုယ်ခန္ဓာ ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသောလားရာဖြစ်သော နတ်ပြည်လောကသို့ရောက်ရခြင်း အားဖြင့် နှစ်ပါးစုံအောင်မြင်၏၊ ထိုသို့ ထိုသူ၏ ဤသို့ကောင်းစွာ စွဲယူဆောက်တည်အပ်သော ဤကေန်အကျိုးရှိသော အကျင့်တရားသည် နှစ်ပါးသောအဖို့ကို နှံ့၍တည်၏၊ အကုသိုလ်အရာကို ကြဉ်ရှောင်၏။

၁၀၀။ သူကြွယ်တို့ "သတ္တဝါတို့ ညစ်ညူးရန်အကြောင်း မရှိ၊ အထောက်အပံ့သည် မရှိ၊ အကြောင်း မရှိ အထောက်အပံ့မ ရှိပဲ သတ္တဝါတို့သည် ညစ်ညူးကုန်၏။ သတ္တဝါတို့ စင်ကြယ်ရန် အကြောင်းသည် မရှိ၊အထောက်အပံ့သည် မရှိ၊ အကြောင်းမရှိ အထောက်အပံ့မရှိပဲ သတ္တဝါတို့သည် စင်ကြယ်ကုန်၏။ခွန်အားသည် မရှိ၊လုံ့လသည် မရှိ၊ယောကျ်ားတို့စွမ်းအားသည် မရှိ၊ ယောကျ်ားတို့ အားထုတ်မှုသည် မရှိ၊ အလုံးစုံသောသတ္တဝါ အလုံးစုံသောသက်ရှူသတ္တဝါ အလုံးစုံသော ထင်ရှား ဖြစ်သော သတ္တဝါ အလုံးစုံသော သက်ရှိအရာတို့သည် အစွမ်းမရှိကုန်၊ ခွန်အားမရှိကုန်၊ လုံ့လမရှိကုန်၊ ဖြစ်မြဲအတိုင်း ဆုံစည်းသည့်အတိုင်း သဘာဝအတိုင်း အမျိုးမျိုးဖြစ်ကုန်၍ ဇာတ်အထူးခြောက်မျိုး တို့၌သာလျှင် ချမ်းသာဆင်းရဲကို ခံစားကုန်၏" ဟု ဤသို့ ပြောဆိုယူဆကြကုန်သော အချို့သော သမဏဗြာဟ္မဏတို့သည် ရှိကုန်၏။

သူကြွယ်တို့ ထိုသမဏဗြာဟ္မဏတို့နှင့် ဖြောင့်ဖြောင့်ဆန့်ကျင်ဘက် ဝါဒရှိကြကုန်သော အချို့ သော သမဏဗြာဟ္မဏတို့သည် ရှိကုန်၏၊ ထိုသမဏဗြာဟ္မဏတို့သည် "သတ္တဝါတို့ ညစ်ညူးရန် အကြောင်းသည် ရှိ၏၊ အထောက်အပံ့သည် ရှိ၏၊ အကြောင်းရှိသည်ဖြစ်၍ အထောက်အပံ့ရှိသည် ဖြစ်၍ သတ္တဝါတို့သည် ညစ်ညူးကုန်၏။ သတ္တဝါတို့ စင်ကြယ်ရန် အကြောင်းသည် ရှိ၏၊ အထောက် အပံ့သည် ရှိ၏၊ အကြောင်းရှိသည်ဖြစ်၍ အထောက်အပံ့ရှိသည်ဖြစ်၍ သတ္တဝါတို့သည် စင်ကြယ် ကုန်၏။ ခွန်အားသည် ရှိ၏၊ လုံ့လသည် ရှိ၏၊ ယောကျ်ားတို့စွမ်းအားသည် ရှိ၏၊ ထိုယောကျ်ားတို့ အားထုတ်မှုသည် ရှိ၏၊ အလုံးစုံသောသတ္တဝါ အလုံးစုံသော သက်ရှူသတ္တဝါ အလုံးစုံသော ထင် ရှားဖြစ်သောသတ္တဝါ အလုံးစုံသော သက်ရှိအရာတို့သည် အစွမ်းရှိကုန်၏၊ ခွန်အားရှိကုန်၏၊ လုံ့လ ရှိကုန်၏၊ ဖြစ်မြဲအတိုင်း ဆုံစည်းသည့်အတိုင်း သဘာဝအတိုင်း အမျိုးမျိုး ဖြစ်ကုန်၏၊ ဇာတ်အထူး ခြောက်မျိုးတို့၌သာလျှင် ချမ်းသာဆင်းရဲကို မခံစားကုန်"ဟု ဤသို့ပြောဆိုလေ့ရှိကုန်၏။

သူကြွယ်တို့ ထိုသဘောကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ ဤသမဏဗြာဟ္မဏတို့သည် အချင်းချင်း ဖြောင့်ဖြောင့် ဆန့်ကျင်ဘက် ဝါဒရှိကုန်သည် မဟုတ်လော ဟု (မေးတော်မူ၏)။ အသျှင်ဘုရား မှန်ပါ၏ ဟု (လျှောက်ကြကုန်၏)။

http://www.dhammadownload.com



၁၀၁။ သူကြွယ်တို့ ထိုအယူနှစ်မျိုးတို့တွင် "သတ္တဝါတို့ ညစ်ညူးရန် အကြောင်းသည် မရှိ၊ အထောက်အပံ့သည် မရှိ၊ အကြောင်း မရှိ အထောက်အပံ့ မရှိပဲ သတ္တဝါတို့သည် ညစ်ညူးကုန်၏။ သတ္တဝါတို့ စင်ကြယ်ရန် အကြောင်းသည် မရှိ၊ အထောက်အပံ့သည် မရှိ၊ အကြောင်း မရှိ၊ အထောက်အပံ့မရှိပဲ သတ္တဝါတို့သည် စင်ကြယ်ကုန်၏။ ခွန်အားသည် မရှိ၊ လုံ့လသည် မရှိ၊ ယောကျ်ားတို့ စွမ်းအားသည် မရှိ၊ ယောကျ်ားတို့ အားထုတ်မှုသည် မရှိ၊ အလုံးစုံသောသတ္တဝါ အလုံးစုံသော သက်ချူသတ္တဝါ အလုံးစုံသော ထင်ရှားဖြစ်သောသတ္တဝါ အလုံးစုံသော သက်ရှိအရာတို့သည် အစွမ်းမရှိကုန်၊ ခွန်အားမရှိကုန်၊ လုံ့လမရှိကုန်၊ ဖြစ်မြဲအတိုင်း ဆုံစည်းသည့်အတိုင်း သဘာဝအတိုင်း အမျိုးမျိုးဖြစ်ကုန်၍ ဇာတ်အထူး ခြောက်မျိုးတို့၌သာလျှင် ချမ်းသာဆင်းရဲကို ခံစားကုန်၏"ဟု ဤသို့ပြောဆိုယူဆကြသော သမဏဗြာဟ္မဏတို့အား ကာယသုစရိုက် ဝစီသုစရိုက် မနောသုစရိုက် ဤသုံးပါးသော ကုသိုလ်တရားတို့ကို ဖောက်ခွဲဖျက်ဆီး၍ ကာယဒုစရိုက် ဝစီဒုစရိုက် မနောဒုစရိုက် ဤသုံးပါးသော အကုသိုလ်တရားတို့ကို ဆောက်တည်၍ ကျင့်ကြကုန်လတ္တံ့ ဟူသော အဖြစ်သည်သာ ကေန်ဖြစ်ရမည်။

ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ထိုအသျှင်သမဏဗြာဟ္မဏတို့သည် အကုသိုလ်တရားတို့၏ အပြစ် ယုတ်ညံ့ပုံ ညစ်ညူးပုံကို မမြင်ကြကုန်၊ ကုသိုလ်တရားတို့၏ မကောင်းမှုမှ ထွက်မြောက်ခြင်း၌ အကျိုးကို ဖြူစင်သော အဖို့ကို မမြင်ကြကုန်သောကြောင့်တည်း။ ထင်ရှားရှိသည်သာလျှင်ဖြစ်သော အကြောင်းရင်းကို "အကြောင်းရင်းသည် မရှိ"ဟု ထိုသူမှာ အယူရှိ၏၊ ထိုသူ၏ ထိုအယူသည် မှားသောအယူ ဖြစ်၏။ ထင်ရှားရှိသည်သာလျှင်ဖြစ်သော အကြောင်းရင်းကို "အကြောင်းရင်းသည် မရှိ"ဟု ကြံ၏။ ထိုသူ၏ ထိုအကြံသည် မှားသောအကြံဖြစ်၏။ ထင်ရှားရှိသည်သာလျှင်ဖြစ်သော အကြောင်းရင်းကို "အကြောင်းရင်းသည် မရှိ"ဟူသောစကားကို ပြောဆို၏၊ ထိုသူ၏ထိုစကားသည် မှားသောစကားဖြစ်၏။ ထင်ရှားရှိသည်သာလျှင် ဖြင်သော အကြောင်းရင်းကို "အကြောင်းရင်းသည် မရှိ"ဟု ပြောဆို၏၊ ဤသူသည် အကြောင်းရင်းရှိ၏ ဟူသော ဟေတုဝါဒရှိကြကုန်သော ရဟန္တာအသျှင်တို့အား ဆန့်ကျင်ဘက်ပြု၏။ ထင်ရှားရှိသည်သာလျှင်ဖြစ်သော အကြောင်းရင်းကို "အကြောင်းရင်းသည် မရှိ"ဟု သူတပါးတို့ကို သိစေ၏၊ ထိုသူ၏ သိစေခြင်းသည် မသူတော်တရားကို သိစေခြင်းဖြစ်၏၊ ထိုမသူတော်တရားကို သိစေခြင်းဖြင့်လည်း မိမိကိုယ်ကို ချီးမြှောက်၏၊ သူတပါးကို ရှုတ်ချ၏။ ဤသို့လျှင် ထိုသူမှာ ရှေးမဆွကပင်လျှင် ကောင်းသောသဘောသည် ပယ်သွားပြီးဖြစ်၏၊ မကောင်းသောသဘောသည် ရှေးရှုတည်၏။

ဤမှားသောအယူ မှားသောအကြံ မှားသောစကား အရိယာတို့နှင့် ဆန့်ကျင်ခြင်း မသူတော်တရားကို သိစေခြင်း မိမိကိုယ်ကို ချီးမြှောက်ခြင်း သူတပါးကို ရှုတ်ချခြင်း ဤသို့များစွာသော ယုတ်ညံ့သော ဤအကုသိုလ်တရားတို့သည် မှားသောအယူဟူသော အကြောင်းကြောင့် ထိုသူမှာ ဖြစ်ပေါ်လာကုန်၏။

သူကြွယ်တို့ ထိုအယူနှစ်မျိုးတို့တွင် ပညာရှိယောကျ်ားသည် ဤသို့ ဆင်ခြင်၏—အကြောင်းရင်းသည် အကယ်၍ မရှိသည်ဖြစ်အံ့၊ ဤသို့ မရှိခဲ့သော် ဤအသျှင်ယောကျ်ားပုဂ္ဂိုလ်သည် ကိုယ်ခန္ဓာ ပျက်စီး၍ သေပြီးသည်မှ နောက်၌ မိမိကိုယ်ကို ချမ်းသာအောင် ပြုလတ္တံ့။ အကြောင်းရင်းသည် အကယ်၍ ရှိသည်ဖြစ်အံ့၊ ဤသို့ ရှိခဲ့သော် ဤအသျှင်ယောကျ်ားပုဂ္ဂိုလ်သည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာကင်းသော မကောင်းသော

http://www.dhammadownload.com



လားရာဖြစ်သော ဖရိုဖရဲကျရာဖြစ်သော ငရဲသို့ ရောက်ရလတ္တံ့။ အကြောင်းရင်းသည် အကယ်၍ မရှိပါစေနှင့်ဦး၊ ထိုအသျှင်သမဏဗြာဟ္မဏတို့၏ စကားသည် မှန်သည်ပင် ဖြစ်ပါစေဦး၊ ထိုသို့ ဖြစ်သော်လည်း ဤအသျှင်ယောကျ်ားပုဂ္ဂိုလ်သည် မျက်မှောက်သောကိုယ်၌ အဖြစ်၌ပင်လျှင် "သီလမရှိသော မှားသောအယူရှိသော အကြောင်းရင်း မရှိဟု ယူဆကြကုန်သော ယောကျ်ား ပုဂ္ဂိုလ်တည်း"ဟု ပညာရှိတို့ အကဲ့ရဲ့ခံရ၏။ အကြောင်းရင်းသည် အကယ်၍ ရှိသည်သာလျှင် ဖြစ်အံ့၊ ဤသို့ ရှိခဲ့သော် ဤအသျှင်ယောကျ်ားပုဂ္ဂိုလ်သည် မျက်မှောက်သောကိုယ်၏ အဖြစ်၌ လည်း ပညာရှိတို့ အကဲ့ရဲ့ခံရခြင်း ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌လည်း ချမ်းသာ ကင်းသော မကောင်းသော လားရာဖြစ်သော ဖရိုဖရဲကျရာ ဖြစ်သော ငရဲသို့ရောက်ရခြင်း အားဖြင့် နှစ်ပါးစုံ ဆုံးရှုံး၏။ ဤသို့ ထိုသူ၏ မကောင်းသောအားဖြင့် စွဲယူဆောက်တည်ထားသော ဤကေန်အကျိုးရှိသော အကျင့်တရားသည် တဖက်သတ်နှံ့၍တည်၏၊ ကုသိုလ်အရာကို ကြဉ် ရှောင်၏။

၁၀၂။ သူကြွယ်တို့ ထိုအယူနှစ်မျိုးတို့တွင် "သတ္တဝါတို့ ညစ်ညူးရန် အကြောင်းသည် ရှိ၏၊ အထောက်အပံ့သည် ရှိ၏၊ အကြောင်းရှိသည် ဖြစ်၍ အထောက်အပံ့ရှိသည်ဖြစ်၍ သတ္တဝါတို့သည် ညစ်ညူးကုန်၏။ သတ္တဝါတို့ စင်ကြယ်ရန် အကြောင်းသည် ရှိ၏၊ အထောက်အပံ့သည် ရှိ၏၊ အကြောင်းရှိသည်ဖြစ်၍ အထောက်အပံ့ရှိသည်ဖြစ်၍ သတ္တဝါတို့သည် စင်ကြယ်ကုန်၏၊ ခွန်အား သည် ရှိ၏၊ လုံ့လသည် ရှိ၏၊ ယောကျ်ားတို့စွမ်းအားသည် ရှိ၏၊ ယောကျ်ားတို့အားထုတ်မှုသည် ရှိ၏၊ အလုံးစုံသောသတ္တဝါ အလုံးစုံသောသက်ရှူသတ္တဝါ အလုံးစုံသော ထင်ရှားဖြစ်သော သတ္တဝါ အလုံးစုံသောသက်ရှိအရာတို့သည် အစွမ်းရှိကုန်၏၊ ခွန်အားရှိကုန်၏၊လုံ့လရှိကုန်၏၊ ဖြစ်မြဲအတိုင်း ဆုံစည်းသည့်အတိုင်း သဘာဝအားဖြင့် အမျိုးမျိုးဖြစ်ကုန်၏၊ ဇာတ်အထူးခြောက်မျိုးတို့၌သာလျှင် ချမ်းသာဆင်းရဲကို မခံစားကုန်" ဟု ဤသို့ ပြောဆိုယူဆကြကုန်သော သမဏဗြာဟ္မဏတို့အား ကာယဒုစရိုက် ဝစီဒုစရိုက် မနောဒုစရိုက် ဤ သုံးပါးသောအကုသိုလ်တရားတို့ကို ဖောက်ခွဲဖျက်ဆီး ၍ ကာယ သုစရိုက် ဝစီသုစရိုက် မနောသုစရိုက် ဤသုံးပါးသော ကုသိုလ်တရားတို့ကို ဆောက်တည်၍ ကျင့်ကြကုန်လတ္တံ့ဟူသော အကျိုးသည်သာ ကေန်ဖြစ်ရမည်။ ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ထိုအသျှင်သမဏဗြာဟ္မဏတို့သည် အကုသိုလ်တရားတို့၏ အပြစ် ယုတ်ညံ့ပုံ ညစ်ညူးပုံကို မြင်ကြကုန်၍ ကုသိုလ်တရားတို့၏ မကောင်းမှုတို့မှ ထွက်မြောက်ခြင်း၌ အကျိုးကို ဖြူစင်သောအဖို့ကို မြင်ကြကုန်သောကြောင့်တည်း။

ထင်ရှားရှိသည်သာလျှင်ဖြစ်သော အကြောင်းရင်းကို "အကြောင်းရင်းသည် ရှိ၏"ဟု ထိုသူမှာ အယူရှိ၏၊ထိုသူ၏ ထိုအယူသည် မှန်သောအယူဖြစ်၏။ထင်ရှားရှိသည်သာလျှင်ဖြစ်သော အကြောင်း ရင်းကို "အကြောင်းရင်းသည် ရှိ၏"ဟု ကြံ၏၊ ထိုသူ၏ ထိုအကြံသည် မှန်သောအကြံဖြစ်၏။ ထင်ရှားရှိသည်သာလျှင်ဖြစ်သော အကြောင်းရင်းကို "အကြောင်းရင်းသည် ရှိ၏" ဟူသော စကားကို ပြောဆို၏၊ ထိုသူ၏ ထိုစကားသည် မှန်သောစကားဖြစ်၏။ ထင်ရှားရှိသည်သာလျှင် ဖြစ်သော အကြောင်းရင်းကို "အကြောင်းရင်းသည် ရှိ၏"ဟု ပြောဆို၏၊ ဤသူသည် အကြောင်း ရင်းရှိ၏ ဟူသော ဝါဒရှိကုန်သော ရဟန္တာအသျှင်တို့အား ဆန့်ကျင်ဘက်ကို မပြုလုပ်။ ထင်ရှား ရှိသည်သာလျှင်ဖြစ်သော အကြောင်းရင်းကို "အကြောင်းရင်းသည် ရှိ၏"ဟု သူတပါးကို သိစေ၏၊ ထိုသူ၏ သိစေခြင်းသည် သူတော်ကောင်းတရားကို သိစေခြင်းဖြစ်၏။ ထိုသူတော်ကောင်းတရားကို

http://www.dhammadownload.com



သိစေခြင်းဖြင့်လည်း မိမိကိုယ်ကို မချီးမြှောက်၊ သူတပါးကို မရှုတ်ချ။ ဤသို့လျှင် ထိုသူမှာ ရှေးမဆွကပင်လျှင် မကောင်းသောသဘောသည် ပယ်ထားပြီး ဖြစ်၏၊ ကောင်းသောသဘော သည် ရှေးရှုတည်နေ၏။

ဤမှန်ကန်သောအယူ ဤမှန်ကန်သောအကြံ ဤမှန်ကန်သောစကား ဤအရိယာပုဂ္ဂိုလ်တို့နှင့် မဆန့်ကျင်ခြင်း ဤသူတော်ကောင်းတရားကို သိစေခြင်း ဤမိမိကိုယ်ကို မချီးမြှောက်ခြင်း သူတပါး ကို မရှုတ်ချခြင်း ဤသို့များစွာသော ဤကုသိုလ်တရားတို့သည် မှန်ကန်သော အယူဟူသော အကြောင်းကြောင့် ထိုသူမှာ ဖြစ်ပေါ်လာကုန်၏။ သူကြွယ်တို့ ထိုအယူနှစ်မျိုးတို့တွင် ပညာရှိ ယောကျ်ားသည် ဤသို့ဆင်ခြင်၏—အကြောင်းရင်းသည် အကယ်၍ ရှိသည်ဖြစ်အံ့၊ ဤသို့ရှိခဲ့သော် ဤအသျှင်ယောကျ်ားပုဂ္ဂိုလ်သည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာဖြစ်သော နတ်ပြည်လောကသို့ ရောက်ရလတ္တံ့။

အကြောင်းရင်းသည် အကယ်၍ မရှိပါနှင့်ဦး၊ ထိုအသျှင်သမဏဗြာဟ္မဏတို့၏ စကားသည် မှန်သည်ပင် ဖြစ်ပါစေဦး၊ ထိုသို့ဖြစ်သော်လည်း ဤအသျှင်ယောကျ်ားပုဂ္ဂိုလ်သည် မျက်မှောက် သောကိုယ်၏ အဖြစ်၌ပင်လျှင် "သီလရှိသော မှန်သောအယူရှိသော ဟေတုဝါဒရှိသော ယောကျ်ား ပုဂ္ဂိုလ်တည်း"ဟု ပညာရှိတို့ အချီးမွမ်းကို ခံရ၏။ အကြောင်းရင်းသည် အကယ်၍ ရှိသည်သာလျှင် ဖြစ်အံ့၊ ဤသို့ ရှိခဲ့သော် ဤအသျှင်ယောကျ်ားပုဂ္ဂိုလ်သည် မျက်မှောက်သော ကိုယ်၏ အဖြစ်၌ ပင်လျှင် ပညာရှိတို့ အချီးမွမ်းကိုခံရခြင်း ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသော လားရာဖြစ်သော နတ်ပြည်လောကသို့ ရောက်ရခြင်းအားဖြင့် နှစ်ပါးစုံ အောင်မြင်၏။ ဤသို့ ထိုသူ၏ ကောင်းစွာစွဲယူဆောက်တည်ထားသော ဤကေန်အကျိုးရှိသော အကျင့်တရားသည် နှစ်ပါးသောအဖို့ကို နှံ့၍တည်၏၊ အကုသိုလ်အရာကို ကြဉ်ရှောင်၏။

၁၀၇။ သူကြွယ်တို့"အချင်းခပ်သိမ်း အရူပဗြဟ္မာမည်သည် မရှိ"ဟု ဤသို့ပြောဆိုယူဆလေ့ ရှိကုန်သော အချို့သော သမဏဗြာဟ္မဏတို့သည် ရှိကုန်၏။ သူကြွယ်တို့ ထိုသမဏဗြာဟ္မဏတို့နှင့် ဖြောင့်ဖြောင့်ဆန့်ကျင်ဘက် ဝါဒရှိကုန်သော အချို့သော သမဏဗြာဟ္မဏတို့သည် "အချင်း ခပ်သိမ်း အရူပဗြဟ္မာမည်သည် ရှိ၏" ဟု ဤသို့ ပြောဆိုကြကုန်၏။ သူကြွယ်တို့ ထိုသဘောကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ ဤသမဏဗြာဟ္မဏတို့သည် အချင်းချင်း ဖြောင့်ဖြောင့် ဆန့်ကျင်ဘက်ဝါဒ ရှိကုန်သည် မဟုတ်လော ဟု (မေးတော်မူ၏)။ အသျှင်ဘုရား မှန်ပါ၏ (ဟုလျှောက်ကြကုန်၏)။

သူကြွယ်တို့ ထိုအယူနှစ်မျိုးတို့တွင် ပညာရှိယောကျ်ားသည် ဤသို့ဆင်ခြင်၏—"ထိုအသျှင် သမဏဗြာဟ္မဏတို့သည် 'အချင်းခပ်သိမ်း အရူပဗြဟ္မာသည် မရှိ'ဟု ဤသို့ ပြောဆိုယူဆကြကုန်၏၊ ဤအရာကို ငါမမြင်။ ထိုအသျှင်သမဏဗြာဟ္မဏတို့သည်လည်း 'အချင်းခပ်သိမ်း အရူပဗြဟ္မာမည် သည် ရှိ၏'ဟု ဤသို့ပြောဆိုကြကုန်၏၊ ဤအရာကို ငါမသိ။ စင်စစ်အားဖြင့် ငါသည် မမြင်ပဲ မသိပဲလျက် တဖက်သတ်အားဖြင့် ယူဆ၍ 'ဤငါ၏ စကားသည်သာလျှင် မှန်၏၊ တပါးသူတို့၏ စကားသည် အမှား အချည်းနှီးတည်း'ဟု ဆိုငြားအံ့၊ ထိုဆိုခြင်းသည် မလျှောက်ပတ်ရာ။ 'အချင်း ခပ်သိမ်း အရူပဗြဟ္မာမည်သည် မရှိ'ဟု ဤသို့ပြောဆိုယူဆကြကုန်သော အသျှင်သမဏဗြာဟ္မဏ တို့၏ စကားသည် အကယ်၍ မှန်သည်ဖြစ်အံ့။ ရုပ်ရှိကုန်သော စျာန်စိတ်ဖြင့် ပြီးကုန်သော နတ်ဗြဟ္မာတို့၌ ကေန်ငါဖြစ်ရလတ္တံ့ ဟူသော ဤအကြောင်းကား ရှိ၏။

http://www.dhammadownload.com



ထိုမှတပါး 'အချင်းခပ်သိမ်း ရုပ်မရှိသော အရူပဗြဟ္မာတို့သည် ရှိကုန်၏'ဟု ဤသို့ ပြောဆိုယူဆကြကုန်သော အသျှင်သမဏဗြာဟ္မဏတို့၏ စကားသည်အကယ်၍ မှန်သည်ဖြစ်အံ့၊ ရုပ်မရှိကြကုန်သော အရူပဈာန်သညာဖြင့် ပြီးဆုံးကုန်သော နတ်ဗြဟ္မာတို့၌ ကေန် ငါဖြစ်ရလတ္တံ့, ဟူသော ဤအကြောင်းကား ရှိ၏။ အမှန်အားဖြင့် ရုပ်ဟူသော အကြောင်းကြောင့် တုတ်ကိုကိုင်ခြင်း ဓားကိုကိုင်ခြင်း ငြင်းခုံခြင်း ခိုက်ရန်ဖြစ်ခြင်း ဆန့်ကျင်ဘက်ပြောဆိုခြင်း နင်နင်ဟုဆိုခြင်း ကုန်းချောခြင်း မုသားပြောဆိုခြင်းတို့သည် ထင်ရှားကုန်၏၊ ရုပ်မရှိသော အရူပဗြဟ္မာဘုံ၌ အချင်းခပ်သိမ်း ထိုအလုံးစုံသည် မရှိ"ဟု ဆင်ခြင်၏။ ထိုပညာရှိယောကျ်ားသည် ဤသို့ ပညာဖြင့် ဆင်ခြင်၍ ရုပ်တရားတို့ကိုသာလျှင် ငြီးငွေ့ခြင်းငှါ တပ်ခြင်းကင်းခြင်းငှါ ချုပ်ငြိမ်းခြင်းငှါ ကျင့်၏။

၁၀၄။ သူကြွယ်တို့"အချင်းခပ်သိမ်း ဘဝတို့၏ ချုပ်ငြိမ်းခြင်းသည် မရှိ"ဟု ဤသို့ပြောဆိုယူဆကြကုန်သော အချို့သော သမဏဗြာဟ္မဏတို့သည် ရှိကြကုန်၏။ သူကြွယ်တို့ ထိုသမဏဗြာဟ္မဏတို့နှင့် ဖြောင့်ဖြောင့်ဆန့်ကျင်ဘက် အယူဝါဒရှိကုန်သော အချို့သော သမဏဗြာဟ္မဏတို့သည် "အချင်းခပ်သိမ်း ဘဝတို့၏ချုပ်ငြိမ်းခြင်းသည် ရှိ၏"ဟု ဤသို့ ပြောဆိုကြကုန်၏။ သူကြွယ်တို့ ထိုသဘောကို အဘယ်သို့ မှတ်ထင်ကြကုန်သနည်း၊ ဤသမဏဗြာဟ္မဏတို့သည် အချင်းချင်း ဖြောင့်ဖြောင့်ဆန့်ကျင်ဘက် ဝါဒရှိကြကုန်သည် မဟုတ်ကုန်လော ဟု (မေးတော်မူ၏)။ အသျှင်ဘုရား မှန်ပါ၏ (ဟု လျှောက်ကြကုန်၏)။

သူကြွယ်တို့ ထိုအယူနှစ်မျိုးတို့တွင် ပညာရှိယောကျ်ားသည် ဤသို့ ဆင်ခြင်၏—"ထို အသျှင်သမဏဗြာဟ္မဏတို့သည်'အချင်းခပ်သိမ်း ဘဝတို့၏ ချုပ်ငြိမ်းခြင်းသည် မရှိ'ဟု ဤသို့ပြောဆိုယူဆကြကုန်၏၊ ဤအရာကို ငါမမြင်။ ထိုအသျှင်သမဏဗြာဟ္မဏတို့သည်လည်း 'အချင်းခပ်သိမ်း ဘဝတို့၏ ချုပ်ငြိမ်းခြင်းသည် ရှိ၏'ဟု ဤသို့ ပြောဆိုယူဆကြကုန်၏၊ ဤအရာကို ငါမသိ။ စင်စစ်အားဖြင့် ငါသည် မသိပဲ မမြင်ပဲလျက် တဘက်သတ်အားဖြင့်ယူဆ၍'ဤငါ၏စကားသည်သာလျှင် မှန်၏၊ တပါးသူတို့၏ စကားသည် အမှား အချည်းနှီးသာတည်း'ဟု ပြောဆိုငြားအံ့၊ ထိုသို့ ပြောဆိုခြင်းသည် မလျောက်ပတ်ရာ။ 'အချင်းခပ်သိမ်း ဘဝတို့၏ ချုပ်ငြိမ်းခြင်းသည် မရှိ'ဟု ဤသို့ပြောဆိုသူဆကြကုန်သောအသျှင်သမဏဗြာဟ္မဏတို့၏ စကားသည် အကယ်၍မှန်သည်ဖြစ်အံ့၊ ရုပ်မရှိကြကုန်သော အရူပဈာန်သညာဖြင့် ပြီးကုန်သော နတ်ဗြဟ္မာဘုံ၌ ကေန်ငါဖြစ်ရလတ္တံ့, ဟူသော ဤအကြောင်းကား ရှိ၏။

ထိုမှတပါး 'အချင်းခပ်သိမ်း ဘဝတို့၏ ချုပ်ငြိမ်းခြင်းသည် ရှိ၏'ဟု ဤသို့ ပြောဆိုယူဆကြကုန်သော အသျှင်သမဏဗြာဟ္မဏတို့၏ စကားသည် အကယ်၍ မှန်သည်ဖြစ်အံ့၊ မျက်မှောက်သော ကိုယ်အဖြစ်၌ပင် ထက်ဝန်းကျင် ငြိမ်းအေးရလတ္တံ့, ဟူသော ဤအကြောင်းကား ရှိ၏။ အမှန်အားဖြင့် 'အချင်းခပ်သိမ်း ဘဝတို့၏ချုပ်ငြိမ်းခြင်းသည် မရှိ'ဟု ဤသို့ ပြောဆိုယူဆကြကုန်သော အသျှင်သမဏဗြာဟ္မဏတို့၏ ဤအယူသည် တပ်မက်ခြင်း ရာဂနှင့်တကွ ဖြစ်ခြင်းငှါ နီး၏၊ သံယောဇဉ်နှင့်တကွ ဖြစ်ခြင်းငှါ နီး၏၊ ဝဋ်ဒုက္ခ၌ အလွန်နှစ်သက်ခြင်းငှါ နီး၏၊ ဝဋ်ဒုက္ခ၌ မျှိသိပ်ခြင်းငှါ နီး၏၊ ဝဋ်ဒုက္ခ၌ စွဲလမ်းခြင်းငှါ နီး၏။ 'အချင်းခပ်သိမ်း ဘဝတို့၏ ချုပ်ငြိမ်းခြင်းသည် ရှိ၏'ဟု ဤသို့ ပြောဆိုယူဆကြကုန်သော အသျှင်သမဏဗြာဟ္မဏတို့၏ အယူသည် တပ်မက်ခြင်း 'ရာဂ'နှင့်တကွ မဖြစ်ခြင်းငှါ နီး၏၊ သံယောဇဉ် ကင်းခြင်းငှါ နီး၏၊ ဝဋ်ဒုက္ခ၌ လွန်စွာ နှစ်သက်မှု မရှိခြင်းငှါ နီး၏၊ ဝဋ်ဒုက္ခ၌ မမျှိသိပ်ခြင်းငှါ နီး၏။ ဝဋ်ဒုက္ခ၌ စွဲလမ်းမှု မရှိခြင်းငှါ နီး၏"ဟု ထိုပညာရှိ

http://www.dhammadownload.com



ယောကျ်ားသည် ဤသို့ ပညာဖြင့် ဆင်ခြင်၍ ဘဝတို့ကိုသာလျှင် ငြီးငွေ့ခြင်း၊ တပ်ခြင်း ကင်းခြင်း၊ ချုပ်ငြိမ်းခြင်း၊ ကျင့်၏။

၁၀၅။ သူကြွယ်တို့ လောက၌ ဤပုဂ္ဂိုလ်လေးမျိုးတို့သည် ထင်ရှားရှိကုန်၏။ အဘယ်လေးမျိုးတို့နည်းဟူမူ—သူကြွယ်တို့ လောက၌ အချို့သော ပုဂ္ဂိုလ်သည် မိမိကိုယ်ကို ပူပန်ဆင်းရဲစေတတ်၏၊ မိမိကိုယ်ကို ပူပန်ဆင်းရဲစေမှု၌ အဖန်တလဲလဲ ပြုကျင့်အားထုတ်၏။ သူကြွယ်တို့ လောက၌ အချို့သောပုဂ္ဂိုလ်သည် သူတပါးကို ပူပန်ဆင်းရဲစေတတ်၏၊ သူတပါးကို ပူပန်ဆင်းရဲစေမှု၌ အဖန်တလဲလဲ ပြုကျင့်အားထုတ်၏။ သူကြွယ်တို့ လောက၌ အချို့သောပုဂ္ဂိုလ်သည် မိမိကိုယ်ကိုလည်း ပူပန်ဆင်းရဲစေတတ်၏၊ မိမိကိုယ်ကို ပူပန်ဆင်းရဲစေမှု၌လည်း အဖန်တလဲလဲ ပြုကျင့်အားထုတ်၏၊ သူတပါးကိုလည်း ပူပန်ဆင်းရဲစေတတ်၏၊ သူတပါးကို ပူပန်ဆင်းရဲစေမှု၌လည်း အဖန်တလဲလဲ ပြုကျင့်အားထုတ်၏။ သူကြွယ်တို့ လောက၌ အချို့သောပုဂ္ဂိုလ်သည် မိမိကိုယ်ကို ပူပန်ဆင်းရဲစေတတ်သူလည်း မဟုတ်၊ မိမိကိုယ်ကို ပူပန်ဆင်းရဲစေမှု၌ အဖန်တလဲလဲ ပြုကျင့်အားထုတ်သူလည်း မဟုတ်၊ သူတပါးကို ပူပန်ဆင်းရဲစေတတ်သူလည်း မဟုတ်၊ သူတပါးကို ပူပန်ဆင်းရဲစေမှု၌ အဖန်တလဲလဲ ပြုကျင့်အားထုတ်သူလည်းမဟုတ်၊ ထိုသူသည် မိမိကိုယ်ကိုလည်း မပူပန် မဆင်းရဲစေတတ်၊ သူတပါးကိုလည်း မပူပန်မဆင်းရဲစေတတ်သည်ဖြစ်၍ မျက်မှောက်သော ကိုယ်၏အဖြစ်၌သာလျှင် ကိလေသာ ဆာလောင်မွတ်သိပ်မှု မရှိသည် ငြိမ်းချမ်းသည် အေးမြသည် ချမ်းသာသုခကို ခံစားရသည်ဖြစ်၍ မြတ်သောကိုယ်ဖြင့် နေထိုင်ရ၏။

၁၀၆။ သူကြွယ်တို့ မိမိကိုယ်ကို ပူပန်ဆင်းရဲစေတတ်သော မိမိကိုယ်ကို ပူပန်ဆင်းရဲစေမှု၌ အဖန်တလဲလဲ ပြုကျင့်အားထုတ်သော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း—သူကြွယ်တို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် အဝတ်မဝတ်ပဲ နေ၏၊ လူ့အကျင့်ကို စွန့်၍ (ရပ်လျက် ကျင်ကြီး ကျင်ငယ်စွန့်ခြင်း စသည်ကို) ကျင့်၏၊ လက်ဖြင့် (မစင်ကို) သုတ်၏။ပ။ ဤဆိုအပ်ပြီးသောနည်းဖြင့် ဤသို့သဘောရှိသောများစွာသောကိုယ်ခန္ဓာကို ပူပန်စေမှု အဖန်ဖန်ဆင်းရဲစေမှု၌ အားထုတ်သည် ဖြစ်၍ နေထိုင်၏။ သူကြွယ်တို့ ဤပုဂ္ဂိုလ်ကို မိမိကိုယ်ကို ပူပန်ဆင်းရဲစေတတ်သော မိမိကိုယ်ကို ပူပန်ဆင်းရဲစေမှု၌ အဖန်တလဲလဲ ပြုကျင့်အားထုတ်သော ပုဂ္ဂိုလ်ဟူ၍ ဆိုရ၏။

သူကြွယ်တို့ သူတပါးကို ပူပန်ဆင်းရဲစေတတ်သော သူတပါးကို ပူပန်ဆင်းရဲစေမှု၌ အဖန်တလဲလဲ ပြုကျင့်အားထုတ်သော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း—သူကြွယ်တို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် သိုးသတ်သမားဖြစ်၏၊ ဝက်သတ်သမားဖြစ်၏။ပ။ ထိုမှတပါး ကြမ်းကြုတ်သော အမှုတို့ကို ပြုလုပ်အားထုတ်သူ အားလုံးတည်း။ သူကြွယ်တို့ ဤပုဂ္ဂိုလ်မျိုးကို သူတပါးကို ပူပန်ဆင်းရဲစေတတ်သော သူတပါးတို့ကို ပူပန်ဆင်းရဲစေမှု၌ အဖန်တလဲလဲ ပြုကျင့်အားထုတ်သော ပုဂ္ဂိုလ်ဟူ၍ ဆိုရ၏။

သူကြွယ်တို့ ဤလောက၌ မိမိကိုယ်ကို ပူပန်ဆင်းရဲစေတတ်သည်ဖြစ်၍ မိမိကိုယ်ကို ပူပန်ဆင်းရဲစေမှု၌ အဖန်တလဲလဲ ပြုကျင့်အားထုတ်သူ ဖြစ်သည့်ပြင် သူတပါးကို ပူပန်ဆင်းရဲစေတတ်သည်ဖြစ်၍ သူတပါးကို ပူပန်ဆင်းရဲစေမှု၌လည်း အဖန်တလဲလဲ ပြုကျင့်အားထုတ်သော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း—သူကြွယ်တို့ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ရေမြေကို အစိုးရသည့် ထိပ်ထက်၌ အဘိသိက်သွန်းလောင်းအပ်သော ဘုရင်မင်းမြတ်သော်လည်း ဖြစ်၏။ပ။ ထို(မင်း)၏ ကျေးကျွန်

http://www.dhammadownload.com



အစေအပါး အလုပ်သမားတို့သည်လည်း အပြစ်ဒဏ်ဖြင့် အခြိမ်းအခြောက် ခံကြရကုန်သည်ဖြစ်၍ မျက်ရည်ဖြင့်ပြည့်သော မျက်နှာရှိကြကုန်လျက် ငိုကြွေးကြကုန်လျက် အမှုကြီးငယ်တို့ကို ပြုလုပ်ကြရကုန်၏။ သူကြွယ်ဘို့ ဤပုဂ္ဂိုလ်မျိုးကို မိမိကိုယ်ကို ပူပန်ဆင်းရဲစေတတ်သည်ဖြစ်၍ မိမိကိုယ်ကို ပူပန်ဆင်းရဲစေမှု၌ အဖန်တလဲလဲ ပြုကျင့်အားထုတ်သူဖြစ်သည့်ပြင် သူတပါးကိုလည်း ပူပန်ဆင်းရဲစေတတ်သည်ဖြစ်၍ သူတပါးကို ပူပန်ဆင်းရဲစေမှု၌ အဖန်တလဲလဲ ပြုကျင့်အားထုတ်သော ပုဂ္ဂိုလ်ဟူ၍ ဆိုရ၏။

သူကြွယ်ဘို့ မိမိကိုယ်ကို ပူပန်ဆင်းရဲစေတတ်သူ မဟုတ်သည့်ပြင် မိမိကိုယ်ကို ပူပန်ဆင်းရဲစေမှု၌ အဖန်တလဲလဲ ပြုကျင့်အားထုတ်သူ မဟုတ်သည်သာမက သူတပါးကို ပူပန်ဆင်းရဲစေတတ်သူ မဟုတ်သည့်ပြင် သူတပါးကို ပူပန်ဆင်းရဲစေမှု၌ အဖန်တလဲလဲ ပြုကျင့်အားထုတ်သော ပုဂ္ဂိုလ်မျိုး မဟုတ်သော မိမိကိုယ်ကိုလည်း မပူပန် မဆင်းရဲစေတတ် သူတပါးကိုလည်း မပူပန် မဆင်းရဲစေတတ်သူ ဖြစ်၍ မျက်မှောက် အတ္တဘော၌သာလျှင် ကိလေသာ ဆာလောင်မွတ်သိပ်မှု မရှိသည် ငြိမ်းချမ်းသည် အေးမြသည် ချမ်းသာသုခကို ခံစားရသည်ဖြစ်၍ မြတ်သော ကိုယ်ဖြင့်နေထိုင်ရသော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း။

သူကြွယ်ဘို့ ဤလောက၌ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားသည် ပွင့်တော်မူ၏။ပ။ ထိုရဟန်းသည် စိတ်ညစ်ညူးခြင်းကို ဖြစ်စေတတ်ကုန်သော ပညာ၏အားနည်းခြင်းကို ပြုတတ်ကုန်သော နီဝရဏတရား ငါးပါးတို့ကို ပယ်ဖျောက်၍ ကာမဂုဏ်တို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်ခြင်း 'ဝိတက်'နှင့် တကွ ဖြစ်သော သုံးသပ်ဆင်ခြင်ခြင်း 'ဝိစာရ'နှင့်တကွ ဖြစ်သော (နီဝရဏ) ဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ'ချမ်းသာခြင်း'သုခ'ရှိသော ပဌမစျာန်သို့ ရောက်၍ နေ၏။ ဝိတက်ဝိစာရငြိမ်းခြင်းကြောင့် မိမိသန္တာန်၌ စိတ်ကို ကြည်လင်စေတတ်သော စိတ်၏ တည်ကြည်ခြင်း 'သမာဓိ'ကို ပွါးစေတတ်သော ကြံစည်ခြင်း 'ဝိတက်'မရှိသော သုံးသပ်ဆင်ခြင်ခြင်း 'ဝိစာရ'မရှိသော တည်ကြည်ခြင်း 'သမာဓိ'ကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ'ရှိသော ဒုတိယစျာန်သို့။ပ။ တတိယစျာန်သို့။ပ။ စတုတ္ထစျာန်သို့ ရောက်၍ နေ၏။ ဤသို့ တည်ကြည်သော စိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်း ကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါ အသင့်ဖြစ်လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ထို(ရဟန်း)သည် ရှေး၌ဖြစ်ဘူးသော ဘဝကို အောက်မေ့နိုင်သော 'ပုဗ္ဗေနိဝါသာနုဿတိ' ဉာဏ်အလို့ငှါ စိတ်ကို ရှေးရှုညွတ်စေ၏၊ထို(ရဟန်း)သည် များပြားသော ရှေး၌ ဖြစ်ဘူးသောဘဝကို အောက်မေ့နိုင်၏၊ဤသည်ကား အဘယ်နည်း။တဘဝကိုလည်း နှစ်ဘဝတို့ကိုလည်း။ပ။ ဤသို့ အခြင်းအရာနှင့်တကွ ညွှန်ပြဖွယ် အမည်အနွယ်နှင့်တကွ များပြားသော ရှေး၌ ဖြစ်ဘူးသော ဘဝကို အောက်မေ့၏။

ဤသို့ တည်ကြည်သော စိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်းကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါ အသင့်ဖြစ်လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် သတ္တဝါတို့၏ သေခြင်း ဖြစ်ခြင်းကို သိသော 'စုတူပပါတ'ဉာဏ် အလို့ငှါ စိတ်ကို ရှေးရှုညွတ်စေ၏၊ ထို(ရဟန်း)သည် အထူးသဖြင့် စင်ကြယ်သော လူတို့၏မျက်စိထက် သာလွန်သော နတ်မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခုဉာဏ်'ဖြင့် သေဆဲသတ္တဝါ ဖြစ်ပေါ်ဆဲသတ္တဝါ ယုတ်သောသတ္တဝါ မြတ်သောသတ္တဝါ အဆင်းလှသောသတ္တဝါ အဆင်းမလှ

http://www.dhammadownload.com



သောသတ္တဝါ ကောင်းသော လားရာရှိသော်သတ္တဝါ မကောင်းသော လားရာရှိသော သတ္တဝါတို့ကို မြင်၏။ပ။ ကံအားလျော်က် ဖြစ်သောသတ္တဝါတို့ကို သိ၏။

ဤသို့ တည်ကြည်သောစိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်းကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါ အသင့်ဖြစ်လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် အာသဝေါတရားတို့ကို ကုန်စေသော 'အာသဝက္ခယ'ဉာဏ်အလို့ငှါ စိတ်ကို ရှေးရှုညွှတ်စေ၏။ ထို(ရဟန်း)သည် ဤကား ဆင်းရဲ 'ဒုက္ခ'ဟု ဟုတ်မှန်သော အတိုင်း သိ၏။ပ။ဤကား အာသဝတို့ ချုပ်ရာ(နိဗ္ဗာန်)သို့ရောက်ကြောင်း ကျင့်စဉ် 'အာသဝနိရောဓဂါမိနီပဋိပဒါ'ဟု ဟုတ်မှန်သော အတိုင်းသိ၏၊ ဤသို့သိသော် ဤသို့ မြင်သော် ထို(ရဟန်း)၏ စိတ်သည် ကာမာသဝမှလည်း လွတ်မြောက်၏၊ ဘဝါသဝမှလည်း လွတ်မြောက်၏၊ အဝိဇ္ဇာသဝမှလည်း လွတ်မြောက်၏၊ လွတ်မြောက်ပြီးလတ်သော် လွတ်မြောက်ခဲ့လေပြီဟု အသိဉာဏ် ဖြစ်ပေါ်၏၊ "ပဋိသန္ဓေနေမှုကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊ (မဂ်)ကိစ္စဆို ပြုပြီးပြီ၊ ဤ(မဂ်)ကိစ္စအလို့ငှါ တပါးသောပြုဖွယ်မရှိတော့ပြီ"ဟု သိ၏။

သူကြွယ်တို့ ဤပုဂ္ဂိုလ်ကို မိမိကိုယ်ကို မပူမပန် မဆင်းရဲစေတတ်ပဲ မိမိကိုယ်ကို ပူပန်ဆင်းရဲစေမှု၌ အဖန်တလဲလဲပြုကျင့်အားထုတ်သူ မဟုတ်သည့်ပြင် သူတပါးတို့အား မပူမပန် မဆင်းရဲစေတတ်ပဲ သူတပါးတို့အား ပူပန်ဆင်းရဲစေမှု၌ အဖန်တလဲလဲ ပြုကျင့် အားထုတ်သူ မဟုတ်သော ပုဂ္ဂိုလ်ဖြစ်သည့်ပြင် မိမိကိုယ်ကိုလည်း မပူမပန် မဆင်းရဲစေတတ်ပဲ သူတပါးကိုလည်း မပူမပန် မဆင်းရဲစေတတ်သည် ဖြစ်၍ မျက်မှောက်သော ကိုယ်၏ အဖြစ်၌သာလျှင် ကိလေသာ ဆာလောင်မွတ်သိပ်မှု မရှိသည် ငြိမ်းချမ်းသည် အေးမြသည် ချမ်းသာသုခကို ခံစားရသည် ဖြစ်၍ မြတ်သော ကိုယ်ဖြင့် နေထိုင်ရသူ ဟူ၍ ဆိုရ၏ဟု (မိန့်တော်မူ၏)။

ဤသို့ မိန့်တော်မူသော် သာလာရွာသား ပုဏ္ဏားသူကြွယ်တို့သည် မြတ်စွာဘုရားအား "အသျှင်ဂေါတမ (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိပါပေ၏၊ အသျှင်ဂေါတမ (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိပါပေ၏၊ အသျှင်ဘုရား ဥပမာသော်ကား မှောက်ထားသည်ကို လှန်ဘိသကဲ့သို့ရင်း ဖုံးလွှမ်းထားသည်ကို ဖွင့်လှစ်ဘိသကဲ့သို့ရင်း မျက်စိလည်သောသူအား လမ်းမှန်ကို ပြောကြားဘိသကဲ့သို့ရင်း "မျက်စိအမြင်ရှိသောသူတို့သည် အဆင်းတို့ကို မြင်ကြလိမ့်မည်"ဟု အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ဆောင်ပြဘိသကဲ့သို့ရင်း ဤအတူသာလျှင် အသျှင်ဂေါတမသည် များစွာသော အကြောင်းဖြင့် တရားတော်ကို ပြတော်မူပါပေ၏၊ အကျွန်ုပ်တို့သည် အသျှင်ဂေါတမကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါကုန်၏၊ တရားတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါကုန်၏၊ သံဃာတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါကုန်၏၊ အသျှင်ဂေါတမသည် အကျွန်ုပ်တို့ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ် ဆည်းကပ်သော ဥပါသကာတို့ဟု မှတ်တော်မူပါ"ဟု လျှောက်ကြကုန်၏။

ဆယ်ခုမြောက် အပဏ္ဏကသုတ် ပြီး၏။

## ရှေးဦးစွာသော ဂဟပတိဝဂ် ပြီး၏။

http://www.dhammadownload.com

# ၂-ဘိက္ခုဝဂ်

## ၁-အမ္ဗလဋ္ဌိကရာဟုလောဝါဒသုတ်

၁၀၇။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့ကို အစာ ကျွေး၍ မွေးမြူရာဖြစ်သော ဝေဠုဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ အသျှင်ရာဟုလာသည်လည်း အမ္ဗလဋ္ဌိကကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ညနေချမ်းအချိန်တွင် ကိန်းအောင်းရာမှ ထတော်မူ၍ အမ္ဗလဋ္ဌိကကျောင်း အသျှင်ရာဟုလာထံသို့ ချဉ်းကပ်လေ၏။ အသျှင်ရာဟုလာသည် အဝေးမှ ကြွလာတော်မူသော မြတ်စွာဘုရားကို မြင်၍ နေရာကို ခင်းထား၏၊ ခြေဆေးရေကိုလည်း တည်ထား၏။ မြတ်စွာဘုရားသည် ခင်းထားသောနေရာ၌ ထိုင်ပြီးလျှင် ခြေတို့ကို ဆေးတော်မူ၏။ အသျှင်ရာဟုလာသည်လည်း မြတ်စွာဘုရားကို ရှိသေစွာ ရှိခိုး၍ လျောက်ပတ်သော နေရာ၌ ထိုင်နေ၏။

၁၀၈။ ထိုအခါ မြတ်စွာဘုရားသည် အနည်းငယ်သော ရေကြွင်းရေကျန်ကို ရေအင်တုံ၌ ထား၍ အသျှင်ရာဟုလာကို မိန့်တော်မူ၏ "ရာဟုလာ သင်သည် ဤအနည်းငယ်သော ရေကြွင်းရေကျန်ကို ခြေဆေးရေအင်တုံ၌ ထားသည်ကို မြင်၏လော"ဟု (မေးတော်မူ၏)။ အသျှင်ဘုရား မြင်ပါ၏ဟု (လျှောက်၏)။ ရာဟုလာ သိလျက် ချွတ်ယွင်းသောစကားကို ပြောဆိုရာ၌ အရှက်မရှိသော ရဟန်းတို့အား ရဟန်းတရားသည် ဤအတူ နည်းပါးလှချေ၏။ ထို့နောက် မြတ်စွာဘုရားသည် အနည်းငယ်သော ရေကြွင်းရေကျန်ကို စွန့်တော်မူ၍ အသျှင်ရာဟုလာကို "ရာဟုလာ အနည်းငယ်သော ရေကြွင်း ရေကျန်ကို စွန့်လိုက်သည်ကို မြင်၏လော"ဟု (မေးတော်မူ၏)။ အသျှင်ဘုရား မြင်ပါ၏ ဟု (လျှောက်၏)။ ရာဟုလာ သိလျက် ချွတ်ယွင်းသော စကားကို ပြောဆိုရာ၌ အရှက်မရှိသောရဟန်းတို့အား ရဟန်းတရားသည် ဤအတူ စွန့်ထားပြီးဖြစ်သည်သာတည်း။ ထို့နောက် မြတ်စွာဘုရားသည် ထိုခြေဆေးရေအင်တုံကို မှောက်၍ အသျှင်ရာဟုလာကို "ရာဟုလာ သင်သည် ဤရေအင်တုံကို မှောက်ထားသည်ကို မြင်၏လော"ဟု (မေးတော်မူ၏)။ အသျှင်ဘုရား မြင်ပါ၏ဟု (လျှောက်၏)။ ရာဟုလာ သိလျက် ချွတ်ယွင်းသော စကားကို ပြောဆိုရာ၌ အရှက်မရှိသော ရဟန်းတို့အား ရဟန်းတရားသည် ဤအတူ မှောက်ထားပြီးဖြစ်သည်သာတည်း။ ထို့နောက် မြတ်စွာဘုရားသည် ထိုခြေဆေးရေအင်တုံကို လှန်၍ အသျှင်ရာဟုလာကို "ရာဟုလာ သင်သည် ဤရေအင်တုံကို အချည်းအနှီး ဘာမျှမရှိသည်ကို မြင်၏လော"ဟု(မေးတော်မူ၏)။ အသျှင်ဘုရား မြင်ပါ၏ဟု (လျှောက်၏)။ ရာဟုလာ သိလျက်ချွတ်ယွင်းသောစကားကို ပြောဆိုရာ၌ အရှက်မရှိသော ရဟန်းတို့အား ရဟန်းတရားသည် ဤအတူ အချည်းနှီး ဘာမျှ မရှိသည်သာတည်း။

ရာဟုလာ ဥပမာသော်ကား ရထားလှည်းသန်နှင့်အလားတူ အစွယ်ရှိသော စစ်မြေပြင်သို့ ဝင်ဘူးသော သွားကျိုင်း၍ အမျိုးကောင်းသော မင်းစီးဆင်သည် စစ်မြေပြင်သို့ ရောက်သော် ရှေ့ခြေတို့ဖြင့်လည်း အမှုကိစ္စကို ပြု၏၊ နောက်ခြေတို့ဖြင့်လည်း အမှုကိစ္စကိုပြု၏၊ ရှေ့ ကိုယ်ဖြင့်လည်း အမှုကိစ္စကိုပြု၏၊ နောက်ကိုယ်ဖြင့်လည်း အမှုကိစ္စကိုပြု၏၊ ဦးခေါင်းဖြင့်လည်း အမှုကိစ္စကို ပြု၏၊

http://www.dhammadownload.com



နားရွက်တို့ဖြင့်လည်း အမှုကိစ္စကိုပြု၏၊ အစွယ်တို့ဖြင့်လည်း အမှုကိစ္စကိုပြု၏၊ အမြီးဖြင့်လည်း အမှုကိစ္စကိုပြု၏၊ သို့ရာတွင် နှာမောင်းကိုမူ စောင့်ရှောက်သည်သာတည်း။

ထိုဆင်ပြုလုပ်သောအရာ၌ ဆင်စီးသူရဲအား ဤသို့သောအကြံသည် ဖြစ်၏—"ရထားလှည်းသန်နှင့် အလားတူ အစွယ်ရှိသော စစ်မြေပြင်သို့ ဝင်ဘူးသော ထွားကျိုင်း၍ အမျိုးကောင်းသော ဤမင်းစီးဆင်သည် စစ်မြေပြင်သို့ရောက်သော် ရှေ့ခြေတို့ဖြင့်လည်း အမှုကိစ္စကိုပြု၏၊ နောက်ခြေတို့ဖြင့်လည်း အမှုကိစ္စကို ပြု၏။ပ။အမြီးဖြင့်လည်း အမှုကိစ္စကို ပြု၏။ သို့ရာတွင် နှာမောင်းကိုမူ စောင့်ရှောက်သည်သာတည်း၊ မင်းစီးဆင်သည် အသက်ကိုမူကား မစွန့်နိုင်သေးချေ"ဟု (အကြံဖြစ်၏)။

ရာဟုလာ အကြင်အခါ၌ကား ရထားလှည်းသန်နှင့် အလားတူ အစွယ်ရှိသော စစ်မြေပြင်သို့ ဝင်ဘူးသော ထွားကျိုင်း၍ အမျိုးကောင်းသော မင်းစီးဆင်သည် စစ်မြေပြင်သို့ရောက်သော် ရှေ့ခြေတို့ဖြင့်လည်း အမှုကိစ္စကို ပြု၏၊ နောက်ခြေတို့ဖြင့်လည်း အမှုကိစ္စကို ပြု၏။ပ။ အမြီးဖြင့်လည်း အမှုကိစ္စကို ပြု၏၊နှာမောင်းဖြင့်လည်း အမှုကိစ္စကို ပြု၏၊ထိုဆင်ပြုလုပ်သောအရာ၌ ဆင်စီးသူရဲအား ဤသို့သောအကြံသည် ဖြစ်၏—

"ရထားလှည်းသန်နှင့် အလားတူ အစွယ်ရှိသော စစ်မြေပြင်သို့ဝင်ဘူးသော ထွားကျိုင်း၍ အမျိုးကောင်းသော ဤမင်းစီးဆင်သည် စစ်မြေပြင်သို့ ရောက်သော် ရှေ့ခြေတို့ဖြင့်လည်း အမှုကိစ္စကိုပြု၏၊ နောက်ခြေတို့ဖြင့်လည်း အမှုကိစ္စကိုပြု၏၊ ရှေ့ကိုယ်ဖြင့်လည်း အမှုကိစ္စကို ပြု၏၊ နောက်ကိုယ်ဖြင့်လည်း အမှုကိစ္စကို ပြု၏၊ ဦးခေါင်းဖြင့်လည်း အမှုကိစ္စကို ပြု၏၊ နားရွက်ဖြင့်လည်း အမှုကိစ္စကို ပြု၏၊ အစွယ်တို့ဖြင့်လည်း အမှုကိစ္စကို ပြု၏၊ အမြီးဖြင့်လည်း အမှုကိစ္စကို ပြု၏၊ နှာမောင်းဖြင့်လည်း အမှုကိစ္စကို ပြု၏၊ မင်းစီးဆင်သည် အသက်ကိုပင် စွန့်လွှတ်ထားပြီ။ ယခုအခါ၌ မင်းစီးဆင်မပြုလုပ်သော အမှုမည်သည် တစုံတခုမျှ မရှိတော့ပြီ" ဟု (အကြံဖြစ်၏)။

ရာဟုလာ ဤဥပမာအတူသာလျှင် သိလျက် ချွတ်ယွင်းသော စကားကို ပြောဆိုရာ၌ အရှက်မရှိသော မည်သည့်ရဟန်းအားမဆို မပြုလုပ်သော အကုသိုလ်မကောင်းမှုသည်လည်း တစုံတခုမျှ မရှိပြီဟူ၍ ငါဟော၏၊ ရာဟုလာ ထို့ကြောင့် ဤမှုသာဝါဒ၌ "ရယ်ရွှင်မြူးထူးလို၍ မျှလည်း ချွတ်ယွင်းသော စကားကို မဆိုအံ့"ဟု ဤသို့လျှင် သင်သည် ကျင့်ရမည်။

၁၀၉။ ရာဟုလာ ထိုငါဆိုမည့်စကားကို သင်အဘယ်သို့ မှတ်ထင်သနည်း။ ကြေးမုံ'မှန်'သည် အဘယ်အကျိုးရှိသနည်း ဟု (မေးတော်မူ၏)။ အသျှင်ဘုရား ကြေးမုံ'မှန်'သည် ကြည့်ရှုရခြင်းအကျိုးရှိပါ၏ ဟု (လျှောက်၏)။ ရာဟုလာ ဤဥပမာအတူသာလျှင် ကြည့်ရှု'ဆင်ခြင်'၍ ကြည့်ရှု'ဆင်ခြင်'၍ ကိုယ်အမှုကို ပြုရမည်၊ ကြည့်ရှု'ဆင်ခြင်'၍ ကြည့်ရှု'ဆင်ခြင်'၍ နှုတ်အမှုကို ပြုရမည်၊ ကြည့်ရှု'ဆင်ခြင်'၍ ကြည့်ရှု'ဆင်ခြင်'၍ စိတ်အမှုကို ပြုရမည်။

ရာဟုလာ သင်သည် အကြင်အမှုကို ကိုယ်ဖြင့် ပြုလိုသည်ဖြစ်အံ့၊ ထိုကိုယ်အမှုကို သင်ကြည့်ရှု'ဆင်ခြင်'ရမည်၊ "ငါသည် အကြင်အမှုကို ကိုယ်ဖြင့် ပြုလို၏၊ ငါ၏ ဤကိုယ်အမှုသည် မိမိဆင်းရဲစေခြင်းငှါလည်း ဖြစ်ရာသလော၊ သူတပါးတို့ ဆင်းရဲစေခြင်းငှါလည်း ဖြစ်ရာသလော၊ မိမိ သူတပါး နှစ်ပါးစုံ ဆင်းရဲစေခြင်းငှါလည်း ဖြစ်ရာသလော၊ ဤကိုယ်အမှုသည် အကုသိုလ်လော၊ ဆင်းရဲကို ပွါးစေတတ်သလော၊ဆင်းရဲသော အကျိုးရှိလေသလော"ဟု (ကြည့်ရှုဆင်ခြင်ရမည်)။

http://www.dhammadownload.com



ရာဟုလာ သင်သည် ကြည့်ရှုဆင်ခြင်သော် "ငါသည် အကြင်အမှုကို ကိုယ်ဖြင့် ပြုလို၏၊ ငါ၏ ဤကိုယ်အမှုသည် မိမိကိုယ်ကို ဆင်းရဲစေခြင်းငှါလည်း ဖြစ်ရာ၏၊ သူတပါးကို ဆင်းရဲစေခြင်းငှါလည်း ဖြစ်ရာ၏၊ မိမိသူတပါး နှစ်ပါးစုံကို ဆင်းရဲစေခြင်းငှါလည်း ဖြစ်ရာ၏၊ ဤကိုယ်အမှုသည် အကုသိုလ်တည်း၊ ဆင်းရဲကို ဖြစ်ပွါးစေတတ်၏၊ ဆင်းရဲသော အကျိုးရှိ၏" ဟု အကယ်၍ သိငြားအံ့၊ ရာဟုလာ ဤသို့သဘောရှိသော ကိုယ်အမှုကို သင်သည် စင်စစ် မပြုသင့်။

ရာဟုလာ သင်သည် ကြည့်ရှုဆင်ခြင်သော် "ငါသည် အကြင်အမှုကို ကိုယ်ဖြင့် ပြုလို၏၊ ငါ၏ ဤကိုယ်အမှုသည် မိမိကိုယ်ကို ဆင်းရဲစေခြင်းငှါလည်း မဖြစ်ရာ၊ သူတပါးဆင်းရဲစေခြင်းငှါလည်း မဖြစ်ရာ၊ မိမိသူတပါးနှစ်ပါးစုံ ဆင်းရဲစေခြင်းငှါလည်း မဖြစ်ရာ၊ ဤကိုယ်အမှုသည် ကုသိုလ်တည်း၊ ချမ်းသာမှုကို ဖြစ်ပွါးစေတတ်၏၊ ချမ်းသာသော အကျိုး ရှိ၏" ဟု အကယ်၍ သိငြားအံ့၊ ရာဟုလာ ဤသို့ သဘောရှိသော ကိုယ်အမှုကို သင်သည် ပြုသင့်၏။

ရာဟုလာ သင်သည် ကိုယ်ဖြင့် အမှုကို ပြုနေဆဲ ဖြစ်သော်လည်း ထိုကိုယ်အမှုကို သင်ကြည့်ရှုဆင်ခြင်ရမည်— "ငါသည် အကြင်အမှုကို ကိုယ်ဖြင့်ပြု၏၊ ငါ၏ဤကိုယ်အမှုသည် မိမိဆင်းရဲခြင်းငှါသည်း ဖြစ်ရာသလော၊ သူတပါးဆင်းရဲခြင်းငှါလည်း ဖြစ်ရာသလော၊ မိမိသူတပါး နှစ်ပါးစုံ ဆင်းရဲခြင်းငှါလည်း ဖြစ်ရာသလော၊ ဤကိုယ်အမှုသည် အကုသိုလ်လော၊ ဆင်းရဲကို ပွါးစေတတ်သလော၊ ဆင်းရဲသောအကျိုးရှိလေသလော" ဟု (ကြည့်ရှုဆင်ခြင်ရမည်)။

ရာဟုလာ သင်သည် ကြည့်ရှုဆင်ခြင်သော် "ငါသည် အကြင်အမှုကို ကိုယ်ဖြင့်ပြု၏၊ ငါ၏ ဤကိုယ်အမှုသည် မိမိဆင်းရဲခြင်းငှါလည်း ဖြစ်၏၊ သူတပါးဆင်းရဲခြင်းငှါလည်း ဖြစ်၏၊ မိမိသူတပါး နှစ်ပါးစုံဆင်းရဲခြင်းငှါလည်း ဖြစ်၏၊ ဤကိုယ်အမှုသည် အကုသိုလ်တည်း၊ ဆင်းရဲကို ဖြစ်ပွါးစေတတ်၏၊ ဆင်းရဲသော အကျိုးရှိ၏" ဟု အကယ်၍ သိငြားအံ့၊ ရာဟုလာ ဤသို့ သဘောရှိသော ကိုယ်အမှုကို သင်သည် ရပ်သိမ်းလေလော့။

ရာဟုလာ သင်သည် ကြည့်ရှုဆင်ခြင်သော် "ငါသည် အကြင်အမှုကို ကိုယ်ဖြင့်ပြု၏၊ ငါ၏ ဤကိုယ်အမှုသည် မိမိဆင်းရဲခြင်းငှါလည်း မဖြစ်၊ သူတပါးဆင်းရဲခြင်းငှါလည်း မဖြစ်၊ မိမိသူတပါး နှစ်ပါးစုံ ဆင်းရဲခြင်းငှါလည်း မဖြစ်၊ ဤကိုယ်အမှုသည် ကောင်းမှုကုသိုလ်တည်း၊ ချမ်းသာကို ဖြစ်ပွါးစေတတ်၏၊ ချမ်းသာသော အကျိုးရှိ၏" ဟု အကယ်၍ သိငြားအံ့။ ရာဟုလာ ဤသို့ သဘောရှိသော ကိုယ်အမှုကို သင်သည် ကြိုးပမ်းလေလော့။

ရာဟုလာ သင်သည် ကိုယ်ဖြင့် အမှုကို ပြုပြီးသော်လည်း ထိုကိုယ်အမှုကို သင်ကြည့်ရှုဆင်ခြင်ရမည်— "ငါသည် အကြင်အမှုကို ကိုယ်ဖြင့် ပြုမိပြီ၊ ငါ၏ဤကိုယ်အမှုသည် မိမိဆင်းရဲခြင်းငှါလည်း ဖြစ်ရာသလော၊ သူတပါးဆင်းရဲခြင်းငှါလည်း ဖြစ်ရာသလော၊ မိမိသူတပါး နှစ်ပါးစုံဆင်းရဲခြင်းငှါလည်း ဖြစ်ရာသလော၊ ဤကိုယ်အမှုသည် အကုသိုလ်လော၊ ဆင်းရဲကို ဖြစ်ပွါးစေတတ်သလော၊ ဆင်းရဲသော အကျိုးရှိလေသလော" ဟု (ကြည့်ရှုဆင်ခြင်ရမည်)။

ရာဟုလာ သင်သည် ကြည့်ရှုဆင်ခြင်သော် "ငါသည် အကြင်အမှုကို ကိုယ်ဖြင့်ပြုမိပြီ၊ ငါ၏ ဤကိုယ်အမှုသည် မိမိဆင်းရဲခြင်းငှါလည်း ဖြစ်၏၊ သူတပါးဆင်းရဲခြင်းငှါလည်း ဖြစ်၏၊ မိမိသူတပါး နှစ်ပါးစုံ ဆင်းရဲခြင်းငှါလည်းဖြစ်၏၊ ဤကိုယ်အမှုသည် အကုသိုလ်တည်း၊ ဆင်းရဲကို ဖြစ်ပွါးစေတတ်၏၊ ဆင်းရဲသောအကျိုးရှိ၏" ဟု အကယ်၍ သိငြားအံ့၊ ရာဟုလာ ဤသို့သဘောရှိသော ကိုယ်အမှုကို

http://www.dhammadownload.com



သင်သည် ဆရာ့ထံ၌ဖြစ်စေ ပညာရှိတို့ထံ၌ဖြစ်စေ သီတင်းသုံးဖော်တို့ထံ၌ဖြစ်စေ ပြောကြားရမည်၊ ဖွင့်ပြရမည်၊ ထင်စွာပြုရမည်၊ ပြောကြား၍ ဖွင့်ပြ၍ ထင်စွာပြု၍ နောင်အခါ၌ စောင့်ရှောက်ခြင်းသို့ရောက်ရမည်။

ရာဟုလာ သင်သည် ကြည့်ရှု'ဆင်ခြင်'သော် "ငါသည် အကြင်အမှုကို ကိုယ်ဖြင့်ပြုမိပြီးငါ၏ ဤကိုယ်အမှုသည် မိမိဆင်းရဲခြင်းငှါလည်း မဖြစ်၊သူတပါးဆင်းရဲခြင်းငှါလည်း မဖြစ်၊ မိမိသူတပါး နှစ်ပါးစုံ ဆင်းရဲခြင်းငှါလည်း မဖြစ်၊ ဤကိုယ်အမှုသည် ကုသိုလ်တည်း၊ချမ်းသာကို ဖြစ်ပွါးစေတတ်၏၊ ချမ်းသာသော အကျိုးရှိ၏"ဟု အကယ်၍ သိငြားအံ့၊ ရာဟုလာ သင်သည် ထိုနှစ်သက်ဝမ်းမြောက်ခြင်းဖြင့်သာလျှင် ကုသိုလ်တရားတို့၌ နေ့ရောညဉ့်ပါ ကျင့်ကြံလျက်နေရာ၏။

၁၁၀။ ရာဟုလာ သင်သည် အကြင်အမှုကို နှုတ်ဖြင့် ပြုလိုသည် ဖြစ်အံ့၊ ထိုနှုတ်အမှုကို သင် ကြည့်ရှု'ဆင်ခြင်' ရမည်—"ငါသည် အကြင်အမှုကို နှုတ်ဖြင့် ပြုလို၏၊ ငါ၏ ဤနှုတ်အမှုသည် မိမိ ဆင်းရဲခြင်းငှါလည်း ဖြစ်ရာသလော၊သူတပါးဆင်းရဲခြင်းငှါလည်း ဖြစ်ရာသလော၊မိမိသူတပါး နှစ်ပါး စုံ ဆင်းရဲခြင်းငှါလည်း ဖြစ်ရာသလော၊ ဤနှုတ်အမှုသည် အကုသိုလ်လော၊ ဆင်းရဲကို ဖြစ်ပွါးစေတတ် သလော၊ ဆင်းရဲသော အကျိုးရှိလေသလော"ဟု (ကြည့်ရှုဆင်ခြင်ရမည်)။

ရာဟုလာ သင်သည် ကြည့်ရှု'ဆင်ခြင်'သော် "ငါသည် အကြင်အမှုကို နှုတ်ဖြင့် ပြုလို၏၊ ငါ၏ ဤနှုတ်အမှုသည် မိမိဆင်းရဲခြင်းငှါလည်း ဖြစ်ရာ၏၊ သူတပါးဆင်းရဲခြင်းငှါလည်း ဖြစ်ရာ၏၊ မိမိ သူတပါး နှစ်ပါးစုံ ဆင်းရဲခြင်းငှါလည်း ဖြစ်ရာ၏၊ ဤနှုတ်မှုသည် အကုသိုလ်တည်း၊ ဆင်းရဲကို ဖြစ်ပွါး စေတတ်၏၊ ဆင်းရဲသောအကျိုးရှိ၏"ဟု အကယ်၍ သိငြားအံ့၊ ရာဟုလာ ဤသို့သဘောရှိသော နှုတ်အမှုကို သင်သည် စင်စစ် မပြုသင့်။

ရာဟုလာ သင်သည် ကြည့်ရှု 'ဆင်ခြင်'သော်"ငါသည် အကြင်အမှုကို နှုတ်ဖြင့် ပြုလို၏၊ ငါ၏ ဤနှုတ်အမှုသည် မိမိဆင်းရဲခြင်းငှါလည်း မဖြစ်ရာ၊သူတပါးဆင်းရဲခြင်းငှါလည်း မဖြစ်ရာ၊မိမိ သူတပါး နှစ်ပါးစုံ ဆင်းရဲခြင်းငှါလည်း မဖြစ်ရာ၊ဤနှုတ်အမှုသည် ကုသိုလ်တည်း၊ ချမ်းသာကို ဖြစ်ပွါးစေတတ် ၏၊ ချမ်းသာသော အကျိုးရှိ၏" ဟု အကယ်၍ သိငြားအံ့၊ ရာဟုလာ ဤသို့ သဘောရှိသော နှုတ် အမှုကို သင်သည် ပြုသင့်၏။

ရာဟုလာ သင်သည် နှုတ်အမှုကို ပြုနေဆဲ ဖြစ်သော်လည်း ထိုနှုတ်အမှုကို သင်ကြည့်ရှု'ဆင်ခြင်' ရမည်၊ "ငါသည် အကြင်အမှုကို နှုတ်ဖြင့် ပြုဆဲဖြစ်၏၊ ငါ၏ ဤနှုတ်အမှုသည် မိမိဆင်းရဲခြင်းငှါလည်း ဖြစ်ရာသလော၊ သူတပါး ဆင်းရဲခြင်းငှါလည်း ဖြစ်ရာသလော၊ မိမိသူတပါး နှစ်ပါးစုံ ဆင်းရဲခြင်းငှါ လည်း ဖြစ်ရာသလော၊ ဤနှုတ်အမှုသည် အကုသိုလ်လော၊ ဆင်းရဲကို ဖြစ်ပွါးစေတတ်သလော၊ ဆင်းရဲသော အကျိုးရှိသလော"ဟု (ကြည့်ရှုဆင်ခြင်ရမည်)။

ရာဟုလာ သင်သည် ကြည့်ရှု'ဆင်ခြင်'သော်"ငါသည် အကြင်အမှုကို နှုတ်ဖြင့် ပြုလို၏၊ ငါ၏ ဤနှုတ်အမှုသည် မိမိဆင်းရဲခြင်းငှါလည်း ဖြစ်၏၊သူတပါးဆင်းရဲခြင်းငှါလည်း ဖြစ်၏၊မိမိသူတပါး နှစ်ပါးစုံ ဆင်းရဲခြင်းငှါလည်း ဖြစ်၏၊ဤနှုတ်အမှုသည် အကုသိုလ်တည်း၊ ဆင်းရဲကို ဖြစ်ပွါးစေတတ်၏၊ ဆင်းရဲသော အကျိုးရှိ၏"ဟု အကယ်၍ သိငြားအံ့၊ ရာဟုလာ ဤသို့သဘောရှိသော နှုတ်အမှုကို သင်သည် ရုပ်သိမ်းလေလော့။

http://www.dhammadownload.com



ရာဟုလာ သင်သည် ကြည့်ရှု 'ဆင်ခြင်'သော် "ငါသည် အကြင်အမှုကို နှုတ်ဖြင့် ပြုအံ့၊ ငါ၏ ဤနှုတ်အမှုသည် မိမိဆင်းရဲခြင်းငှါလည်း မဖြစ်၊ သူတပါးဆင်းရဲခြင်းငှါလည်း မဖြစ်၊ မိမိသူတပါး နှစ်ပါးစုံ ဆင်းရဲခြင်းငှါလည်း မဖြစ်၊ ဤနှုတ်အမှုသည် ကုသိုလ်တည်း၊ချမ်းသာကို ဖြစ်ပွါးစေတတ်၏၊ ချမ်းသာသော အကျိုးရှိ၏"ဟု အကယ်၍ သိငြားအံ့၊ ရာဟုလာ ဤသို့သဘောရှိသော နှုတ်အမှုကို သင်သည် ပြုံးပမ်းလေလော့။

ရာဟုလာ သင်သည် နှုတ်အမှုကို ပြုပြီးသော်လည်း ထိုနှုတ်အမှုကို သင်ကြည့်ရှု 'ဆင်ခြင်'ရမည်၊ "ငါသည် အကြင်အမှုကို နှုတ်ဖြင့်ပြုမိပြီ၊ငါ၏ဤနှုတ်အမှုသည် မိမိဆင်းရဲခြင်းငှါလည်းဖြစ်ရာသလော၊ သူတပါး ဆင်းရဲခြင်းငှါလည်း ဖြစ်ရာသလော၊ မိမိသူတပါး နှစ်ပါးစုံ ဆင်းရဲခြင်းငှါလည်း ဖြစ်ရာသလော၊ ဤနှုတ်အမှုသည် အကုသိုလ်လော၊ ဆင်းရဲကို ဖြစ်ပွါးစေတတ်သလော၊ ဆင်းရဲသော အကျိုးရှိလေသလော" ဟု (ကြည့်ရှု ဆင်ခြင်ရမည်)။

ရာဟုလာ သင်သည် ကြည့်ရှု 'ဆင်ခြင်'သော် "ငါသည် အကြင် နှုတ်အမှုကို ပြုမိပြီ၊ ငါ၏ ဤနှုတ်အမှုသည် မိမိဆင်းရဲခြင်းငှါလည်း ဖြစ်၏၊ သူတပါးဆင်းရဲခြင်းငှါလည်း ဖြစ်၏၊ မိမိသူတပါး နှစ်ပါးစုံ ဆင်းရဲခြင်းငှါလည်း ဖြစ်၏၊ ဤနှုတ်အမှုသည် အကုသိုလ်တည်း၊ဆင်းရဲကို ဖြစ်ပွါးစေတတ်၏၊ ဆင်းရဲသော အကျိုးရှိ၏" ဟု အကယ်၍ သိငြားအံ့၊ ရာဟုလာ ဤသို့သဘောရှိသော နှုတ်အမှုကို သင်သည် ဆရာ့ထံ၌ဖြစ်စေ ပညာရှိတို့ထံ၌ဖြစ်စေ သီတင်းသုံးဖော်တို့ထံ၌ဖြစ်စေ ပြောကြားရမည်၊ ဖွင့်ပြရမည်၊ ထင်စွာပြုရမည်၊ ပြောကြား၍ ဖွင့်ပြ၍ ထင်စွာပြု၍ နောင်အခါ၌ စောင့်ရှောက်ခြင်းသို့ ရောက်ရမည်။

ရာဟုလာ သင်သည် ကြည့်ရှု 'ဆင်ခြင်'သော် "ငါသည် နှုတ်ဖြင့် အကြင်အမှုကို ပြုမိပြီ၊ ငါ၏ ဤနှုတ်အမှုသည် မိမိဆင်းရဲခြင်းငှါလည်း မဖြစ်၊ သူတပါးဆင်းရဲခြင်းငှါလည်း မဖြစ်၊ မိမိသူတပါး နှစ်ပါးစုံ ဆင်းရဲခြင်းငှါလည်း မဖြစ်၊ ဤနှုတ်အမှုသည် ကုသိုလ်တည်း၊ချမ်းသာကို ဖြစ်ပွါးစေတတ်၏၊ ချမ်းသာသောအကျိုးရှိ၏"ဟု အကယ်၍ သိငြားအံ့၊ ရာဟုလာ သင်သည် ထိုသို့ နှစ်သက် ဝမ်းမြောက်ခြင်းဖြင့်သာလျှင် ကုသိုလ်တရားတို့၌ နေ့ရောညဉ့်ပါ ကျင့်ကြံလျက်နေရာ၏။

၁၁၁။ ရာဟုလာ သင်သည် အကြင်အမှုကို စိတ်ဖြင့် ပြုလို၏၊ သင်သည် ထိုသို့သဘောရှိသော စိတ်အမှုကို ကြည့်ရှု 'ဆင်ခြင်'ရမည်—"ငါသည် အကြင်အမှုကို စိတ်ဖြင့် ပြုလို၏၊ ငါ၏ ဤစိတ် အမှုသည် မိမိဆင်းရဲခြင်းငှါလည်း ဖြစ်ရာသလော၊ သူတပါး ဆင်းရဲခြင်းငှါလည်း ဖြစ်ရာသလော၊ မိမိ သူတပါး နှစ်ပါးစုံ ဆင်းရဲခြင်းငှါလည်း ဖြစ်ရာသလော၊ ဤစိတ်အမှုသည် အကုသိုလ်လော၊ ဆင်းရဲကိုဖြစ်ပွါးစေတတ်သလော၊ဆင်းရဲသောအကျိုးရှိလေသလော"ဟု (ကြည့်ရှုဆင်ခြင်ရမည်)။

ရာဟုလာ သင်သည် ကြည့်ရှု 'ဆင်ခြင်'သော် "ငါသည် အကြင်အမှုကို စိတ်ဖြင့် ပြုလို၏၊ ငါ၏ ဤစိတ်အမှုသည် မိမိဆင်းရဲခြင်းငှါလည်း ဖြစ်ရာ၏၊ သူတပါးဆင်းရဲခြင်းငှါလည်း ဖြစ်ရာ၏၊ မိမိ သူတပါး နှစ်ပါးစုံ ဆင်းရဲခြင်းငှါလည်း ဖြစ်ရာ၏၊ ဤစိတ်အမှုသည် အကုသိုလ်တည်း၊ ဆင်းရဲကို ဖြစ်ပွါးစေတတ်၏၊ ဆင်းရဲသော အကျိုးရှိ၏"ဟု အကယ်၍ သိငြားအံ့၊ ရာဟုလာ ဤသို့သဘောရှိသော စိတ်အမှုကို သင်သည် စင်စစ် မပြုသင့်။

ရာဟုလာ သင်သည် ကြည့်ရှု 'ဆင်ခြင်'သော် "ငါသည် အကြင်အမှုကို စိတ်ဖြင့် ပြုလို၏၊ ငါ၏ ဤစိတ်အမှုသည် မိမိဆင်းရဲခြင်းငှါလည်း မဖြစ်ရာ၊သူတပါးဆင်းရဲခြင်းငှါလည်း မဖြစ်ရာ၊မိမိ

http://www.dhammadownload.com



သူတပါး နှစ်ပါးစုံ ဆင်းရဲခြင်းငှါလည်း မဖြစ်ရာ၊ ဤစိတ်အမှုသည် ကုသိုလ်တည်း၊ ချမ်းသာကို ဖြစ်ပွါးစေတတ်၏၊ ချမ်းသာသော အကျိုးရှိ၏" ဟု အကယ်၍ သိငြားအံ့၊ ရာဟုလာ ဤသို့ သဘောရှိသော စိတ်အမှုကို သင်သည် ပြုသင့်၏။

ရာဟုလာ သင်သည် စိတ်အမှုကို ပြုနေဆဲ ဖြစ်သော်လည်း ထိုစိတ်အမှုကိုသာလျှင် ကြည့်ရှု 'ဆင်ခြင်'ရမည်၊ "ငါသည် အကြင်အမှုကို စိတ်ဖြင့် ပြုဆဲဖြစ်၏၊ ငါ၏ ဤစိတ်အမှုသည် မိမိ ဆင်းရဲခြင်းငှါလည်း ဖြစ်ရာသလော၊သူတပါး ဆင်းရဲခြင်းငှါလည်း ဖြစ်ရာသလော၊ မိမိသူတပါး နှစ်ပါးစုံ ဆင်းရဲခြင်းငှါလည်း ဖြစ်ရာသလော၊ဤစိတ်အမှုသည် အကုသိုလ်လော၊ ဆင်းရဲကို ဖြစ်ပွါးစေတတ်သလော၊ ဆင်းရဲသော အကျိုးရှိလေသလော" ဟု (ကြည့်ရှုဆင်ခြင်ရမည်)။

ရာဟုလာ သင်သည် ကြည့်ရှု'ဆင်ခြင်'သော် "ငါသည် အကြင်အမှုကို စိတ်ဖြင့် ပြုဆဲဖြစ်၏၊ ငါ၏ဤစိတ်အမှုသည် မိမိဆင်းရဲခြင်းငှါလည်း ဖြစ်၏၊ သူတပါးဆင်းရဲခြင်းငှါလည်း ဖြစ်၏၊ မိမိ သူတပါး နှစ်ပါးစုံ ဆင်းရဲခြင်းငှါလည်း ဖြစ်၏၊ ဤစိတ်အမှုသည် အကုသိုလ်တည်း၊ဆင်းရဲကို ဖြစ်ပွါးစေတတ်၏၊ ဆင်းရဲသော အကျိုးရှိ၏"ဟု အကယ်၍ သိငြားအံ့၊ ရာဟုလာ ဤသို့သဘောရှိသော စိတ်အမှုကို သင်သည် ရှပ်သိမ်းလေလော့။

ရာဟုလာ သင်သည် ကြည့်ရှု 'ဆင်ခြင်'သော် "ငါသည် အကြင်အမှုကို စိတ်ဖြင့် ပြုဆဲဖြစ်၏၊ ငါ၏ဤစိတ်အမှုသည် မိမိဆင်းရဲခြင်းငှါလည်း မဖြစ်၊ သူတပါးဆင်းရဲခြင်းငှါလည်း မဖြစ်၊ မိမိ သူတပါးနှစ်ပါးစုံ ဆင်းရဲခြင်းငှါလည်း မဖြစ်၊ ဤစိတ်အမှုသည် ကုသိုလ်တည်း၊ ချမ်းသာကို ဖြစ်ပွါး စေတတ်၏၊ ချမ်းသာသော အကျိုးရှိ၏"ဟု အကယ်၍ သိငြားအံ့၊ ရာဟုလာ ဤသို့သဘော ရှိသော စိတ်အမှုကို သင်သည် ကြိုးပမ်းလေလော့။

ရာဟုလာ သင်သည် စိတ်အမှုကို ပြုလုပ်ပြီးသော်လည်း ထိုစိတ်အမှုကို သင်သည် ကြည့်ရှု 'ဆင်ခြင်'ရမည်၊ "ငါသည် အကြင်အမှုကို စိတ်ဖြင့် ပြုမိပြီ၊ ငါ၏ဤစိတ်အမှုသည် မိမိဆင်းရဲခြင်းငှါ လည်း ဖြစ်ရာသလော၊ သူတပါး ဆင်းရဲခြင်းငှါလည်း ဖြစ်ရာသလော၊ မိမိသူတပါး နှစ်ပါးစုံ ဆင်းရဲ ခြင်းငှါလည်း ဖြစ်ရာသလော၊ဤစိတ်အမှုသည် အကုသိုလ်လော၊ဆင်းရဲကို ဖြစ်ပွါးစေတတ်သလော၊ ဆင်းရဲသောအကျိုးရှိလေသလော" ဟု (ကြည့်ရှုဆင်ခြင်ရမည်)။

ရာဟုလာ သင်သည် ကြည့်ရှု'ဆင်ခြင်'သော် "ငါသည် အကြင်အမှုကို စိတ်ဖြင့် ပြုမိပြီ၊ ငါ၏ ဤစိတ်အမှုသည် မိမိဆင်းရဲခြင်းငှါလည်း ဖြစ်၏၊ သူတပါးဆင်းရဲခြင်းငှါလည်း ဖြစ်၏၊ မိမိ သူတပါးနှစ်ပါးစုံ ဆင်းရဲခြင်းငှါလည်း ဖြစ်၏၊ ဤစိတ်အမှုသည် အကုသိုလ်တည်း၊ ဆင်းရဲကို ဖြစ်ပွါး စေတတ်၏၊ ဆင်းရဲသော အကျိုးရှိ၏"ဟု အကယ်၍ သိငြားအံ့၊ ရာဟုလာ ဤသို့သဘောရှိသော စိတ်အမှုကို သင်သည် ငြီးငွေ့ရမည်၊ ရှက်ရမည်၊ စက်ဆုပ်ရမည်၊ ငြီးငွေ့၍ ရှက်၍ စက်ဆုပ်၍ နောင် အခါ စောင့်ရှောက်ခြင်းသို့ ရောက်ရမည်။

ရာဟုလာ သင်သည် ကြည့်ရှု'ဆင်ခြင်'သော်"ငါသည် အကြင်အမှုကို စိတ်ဖြင့် ပြုမိ၏၊ ငါ၏ ဤစိတ်အမှုသည် မိမိဆင်းရဲခြင်းငှါလည်း မဖြစ်၊ သူတပါးဖြစ်ရဲခြင်းငှါလည်း မဖြစ်၊ မိမိသူတပါး နှစ်ပါးစုံ ဆင်းရဲခြင်းငှါလည်း မဖြစ်၊ဤစိတ်အမှုသည် ကုသိုလ်တည်း၊ချမ်းသာကို ဖြစ်ပွါးစေတတ်၏၊ ချမ်းသာသောအကျိုးရှိ၏" ဟု အကယ်၍ သိငြားအံ့၊ ရာဟုလာ သင်သည် ထိုနှစ်သက်ဝမ်းမြောက် ခြင်းဖြင့်သာလျှင် ကုသိုလ်တရားတို့၌ နေ့ရော ညဉ့်ပါ ကျင့်ကြံလျက်နေရမည်။

http://www.dhammadownload.com



၁၁၂။ ရာဟုလာ လွန်လေပြီးသောအခါက ကိုယ်အမှုကို သုတ်သင်ခဲ့ကြကုန်သော နှုတ်အမှုကို သုတ်သင်ခဲ့ကြကုန်သော စိတ်အမှုကို သုတ်သင်ခဲ့ကြကုန်သော သမဏဗြာဟ္မဏအားလုံးတို့သည် ဤသို့ ကြည့်ရှု'ဆင်ခြင်'၍ ကြည့်ရှု 'ဆင်ခြင်'၍သာ ကိုယ်အမှုကို သုတ်သင်ခဲ့ကြကုန်၏၊ ကြည့်ရှု 'ဆင်ခြင်'၍ ကြည့်ရှု 'ဆင်ခြင်'၍သာ နှုတ်အမှုကို သုတ်သင်ခဲ့ကြကုန်၏၊ ကြည့်ရှု 'ဆင်ခြင်'၍ ကြည့်ရှု'ဆင်ခြင်'၍သာ စိတ်အမှုကို သုတ်သင်ခဲ့ကြကုန်၏။

ရာဟုလာ လာလတ္တံ့ အနာဂတ် အခါ၌ ကိုယ်အမှုကို သုတ်သင်လတ္တံ့ ဖြစ်ကုန်သော နှုတ်အမှုကို သုတ်သင်လတ္တံ့ ဖြစ်ကုန်သော စိတ်အမှုကို သုတ်သင်လတ္တံ့ ဖြစ်ကုန်သော သမဏဗြာဟ္မဏအားလုံးတို့သည် ဤသို့ ကြည့်ရှု'ဆင်ခြင်'၍ ကြည့်ရှု'ဆင်ခြင်'၍သာ ကိုယ်အမှုကို သုတ်သင်ကြကုန်လတ္တံ့၊ ကြည့်ရှု'ဆင်ခြင်'၍ ကြည့်ရှု'ဆင်ခြင်'၍သာ နှုတ်အမှုကို သုတ်သင်ကြကုန်လတ္တံ့၊ ကြည့်ရှု 'ဆင်ခြင်'၍ ကြည့်ရှု'ဆင်ခြင်'၍သာ စိတ်အမှုကို သုတ်သင်ကြကုန်လတ္တံ့။

ရာဟုလာ ယခုအခါ၌ ကိုယ်အမှုကို သုတ်သင်နေကြကုန်သော နှုတ်အမှုကို သုတ်သင်နေကြကုန်သော စိတ်အမှုကို သုတ်သင်နေကြကုန်သော သမဏဗြာဟ္မဏအားလုံးတို့သည် ဤသို့ ကြည့်ရှု 'ဆင်ခြင်'၍ ကြည့်ရှု 'ဆင်ခြင်'၍သာ ကိုယ်အမှုကို သုတ်သင်နေကြကုန်၏၊ ကြည့်ရှု 'ဆင်ခြင်'၍ ကြည့်ရှု 'ဆင်ခြင်'၍သာ နှုတ်အမှုကို သုတ်သင်နေကြကုန်၏၊ ကြည့်ရှု 'ဆင်ခြင်'၍ ကြည့်ရှု 'ဆင်ခြင်'၍သာ စိတ်အမှုကို သုတ်သင်နေကြကုန်၏။

ရာဟုလာ ထို့ကြောင့် ဤသာသနာတော်၌ "ကြည့်ရှု'ဆင်ခြင်'၍ ကြည့်ရှု'ဆင်ခြင်'၍ ကိုယ်အမှုကို သုတ်သင်အံ့၊ ကြည့်ရှု'ဆင်ခြင်'၍ ကြည့်ရှု'ဆင်ခြင်'၍ နှုတ်အမှုကို သုတ်သင်အံ့၊ ကြည့်ရှု 'ဆင်ခြင်'၍ ကြည့်ရှု'ဆင်ခြင်'၍ စိတ်အမှုကို သုတ်သင်အံ့"ဟု သင်သည် ဤသို့သာ ကျင့်ရမည်ဟု မြတ်စွာဘုရားသည် ဤတရားတော်ကို ဟောကြားတော်မူ၏၊ အသျှင်ရာဟုလာသည် မြတ်စွာဘုရား၏ စကားတော်ကို နှစ်သက်ဝမ်းမြောက်လေ၏။

**ရှေးဦးစွာသော အမ္ဗလဋ္ဌိကရာဟုလောဝါဒသုတ် ပြီး၏။**

---

## ၂-မဟာရာဟုလောဝါဒသုတ်

၁၁၃။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်တော်မူ၍ သပိတ်သင်္ကန်းကို ယူပြီးလျှင် သာဝတ္ထိပြည်သို့ ဆွမ်းအလို့ငှါ ဝင်တော်မူ၏။ အသျှင်ရာဟုလာသည်လည်း နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူပြီးလျှင် မြတ်စွာဘုရား၏နောက်မှ နောက်မှ အစဉ်လိုက်လေ၏။

ထိုအခါ မြတ်စွာဘုရားသည် နောက်သို့ ပြန်ကြည့်တော်မူ၍ အသျှင်ရာဟုလာကို— "ရာဟုလာ အတိတ် အနာဂတ် ပစ္စုပ္ပန်လည်း ဖြစ်သော အတွင်းအဇ္ဈတ္တသန္တာန်၌လည်းဖြစ်သော အပဗဟိဒ္ဓသန္တာန်၌လည်းဖြစ်သော ရုန့်ရင်းကြမ်းတမ်းသည်လည်းဖြစ်သော နူးညံ့သိမ်မွေ့သည်လည်း ဖြစ်သော ယုတ်သည်လည်းဖြစ်သော မြတ်သည်လည်းဖြစ်သော ဝေးသည်လည်းဖြစ်

http://www.dhammadownload.com



သော နီးသည်လည်းဖြစ်သော အကြင်အလုံးစုံသော ရုပ်သည် ရှိ၏၊ထိုအလုံးစုံသောရုပ်သည် ငါ၏ဥစ္စာမဟုတ်၊ ထိုအလုံးစုံသော ရုပ်သည် ငါမဟုတ်၊ ထိုအလုံးစုံသော ရုပ်သည် မိမိကိုယ် အတ္တမဟုတ် ဟု ဤသို့ ထိုရုပ်ကို ဟုတ်မှန်သောအတိုင်း ကောင်းသောပညာဖြင့် ရှုရမည် ဟု (မိန့်တော်မူ၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား ရုပ်ကိုသာလျှင် ရှုရပါမည်လော။ စကားကောင်းကို ဆိုတော်မူတတ်သော မြတ်စွာဘုရား ရုပ်ကိုသာလျှင် ရှုရပါမည်လော ဟု (လျှောက်၏)။ ရာဟုလာ ရုပ်ကိုလည်း ရှုရမည်၊ ဝေဒနာကိုလည်း ရှုရမည်၊ သညာကိုလည်း ရှုရမည်၊သင်္ခါရတို့ကိုလည်း ရှုရမည်၊ ရာဟုလာ ဝိညာဏ်ကိုလည်း ရှုရမည်ဟု (မိန့်တော်မူ၏)။ ထိုအခါ အသျှင်ရာဟုလာသည် "မြတ်စွာဘုရားက မျက်မှောက်တွင် ဆုံးမခြင်းဖြင့် အဆုံးအမခံရသည်ရှိသော် အဘယ်မည်သော သူသည် ယနေ့ရွာသို့ ဆွမ်းအလို့ငှါ ဝင်တော့အံ့နည်း" ဟု နှလုံးပြုလျက် ထိုနေရာမှ ပြန်လှည့်၍ သစ်တပင်ရင်း၌ ထက်ဝယ်ဖွဲ့ခွေ၍ ကိုယ်ကို ဖြောင့်စွာ ထားလျက် ကမ္မဋ္ဌာန်းသို့ ရှေးရှုသတိကို ဖြစ်စေ၍ ထိုင်နေ၏။ အသျှင်သာရိပုတြာသည် သစ်တပင်ရင်း၌ ထက်ဝယ်ဖွဲ့ခွေ၍ ကိုယ်ကို ဖြောင့်စွာထားလျက် ကမ္မဋ္ဌာန်းသို့ ရှေးရှုသတိကိုဖြစ်စေ၍ ထိုင်နေသော အသျှင်ရာဟုလာကိုမြင်၍ "ရာဟုလာ ထွက်သက် ဝင်သက်၌ အောက်မေ့မှုဟူသော အာနာပါနဿတိ ဘာဝနာကို ပွါးများလေလော့။ ရာဟုလာ ထွက်သက်ဝင်သက်၌ အောက်မေ့မှုဟူသော အာနာပါနဿတိဘာဝနာကို ပွါးများစေသည်ရှိသော် အကြိမ်များစွာ လေ့လာသည်ရှိသော် များမြတ်သော အကျိုးရှိ၏၊များမြတ်သော အာနိသင်ရှိ၏" ဟု မိန့်တော်မူ၏။

၁၁၄။ ထို့နောက် အသျှင်ရာဟုလာသည် ညနေချမ်းအချိန်၌ ကိန်းအောင်းရာမှထ၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ အသွန်ရှိသေစွာ ရှိခိုးပြီးလျှင် သင့်လျော်ရာ၌ ထိုင်ပြီးသော် "အသျှင်ဘုရား အာနာပါနဿတိ ဘာဝနာသည် အဘယ်သို့ ပွါးများအပ်သည်ရှိသော် အဘယ်သို့ ကြိမ်ဖန်များစွာ လေ့လာအပ်သည်ရှိသော် များမြတ်သောအကျိုး များမြတ်သောအာနိသင် ရှိပါသနည်း" ဟု လျှောက်၏။ ရာဟုလာ အဇ္ဈတ္တသန္တာန်၌ ဖြစ်သော ကိုယ်ကိုစွဲ၍ ဖြစ်သော ကြမ်းတမ်းသော ကြမ်းတမ်းခြင်းသို့ ရောက်သော အကြင်အလုံးစုံသော ဥပါဒိန္နမည်သော ကံတရားသည် အကျိုးအဖြစ်ဖြင့် ယူအပ်သော ရုပ်တရားသည် ရှိ၏။ ဤဥပါဒိန္န ရုပ်တရားဟူသည် အဘယ်နည်း၊ ဆံပင် အမွေး ခြေသည်း လက်သည်း သွား အရေ အသား အကြော အရိုး ရိုးတွင်းခြင်ဆီ အညို့ နှလုံး အသည်း အမြှေး အဖျဉ်း အဆုတ် အူမ အူသိမ် အစာသစ် အစာဟောင်း ထို့အပြင် အဇ္ဈတ္တသန္တာန်၌ဖြစ်သော ကိုယ်ကို စွဲ၍ဖြစ်သော ကြမ်းတမ်းသော ကြမ်းတမ်းသည်၏အဖြစ်သို့ရောက်သော အခြားအလုံးစုံသော ဥပါဒိန္နရုပ်တရားသည် ရှိ၏၊ ရာဟုလာ ဤဆိုအပ်ပြီးသော အလုံးစုံသော ရုပ်တရားကို အဇ္ဈတ္တသန္တာန်၌ ဖြစ်သော ပထဝီဓာတ်ဟူ၍ ဆိုအပ်ပေ၏။

အမှန်အားဖြင့် အကြင် အဇ္ဈတ္တသန္တာန်၌ ဖြစ်သော ပထဝီဓာတ်သည်၎င်း အကြင်ဗဟိဒ္ဓသန္တာန်၌ ဖြစ်သော ပထဝီဓာတ်သည်၎င်း ရှိ၏၊ ထိုအလုံးစုံသော ပထဝီဓာတ်သည် ပထဝီဓာတ်ချည်းဟူသည်သာတည်း။ "ထိုအလုံးစုံသော ပထဝီဓာတ်သည် ငါ၏ဥစ္စာမဟုတ်၊ ထိုပထဝီဓာတ်သည် ငါမဟုတ်၊ ထိုပထဝီဓာတ်သည် မိမိကိုယ် အတ္တမဟုတ်" ဟူ၍ ဤသို့ ထိုနှစ်ပါးသော ပထဝီဓာတ်ကို မဖောက်မပြန် ဟုတ်မှန်သည့်အတိုင်း ကောင်းစွာ ဝိပဿနာဉာဏ်ဖြင့် ရှုအပ်၏၊ ဤသို့ ထိုပထဝီဓာတ်ကို မဖောက်မပြန် ဟုတ်မှန်သောအတိုင်း ကောင်းစွာ ဝိပဿနာဉာဏ်ဖြင့် ရှုပြီး၍ ပထဝီဓာတ်၌ ငြီးငွေ့၏၊ ပထဝီဓာတ်၌ စိတ်သည် တပ်ခြင်း ကင်း၏။

http://www.dhammadownload.com



၁၁၅။ ရာဟုလာ အာပေါဓာတ်ဟူသည် အဘယ်နည်း—အာပေါဓာတ်သည် အချို့ကား အဇ္ဈတ္တသန္တာန်၌ ဖြစ်၏၊ အချို့ကား ဗဟိဒ္ဓသန္တာန်၌ ဖြစ်၏၊ ရာဟုလာ အဇ္ဈတ္တသန္တာန်၌ ဖြစ်သော အာပေါဓာတ်ဟူသည် အဘယ်နည်း—အဇ္ဈတ္တသန္တာန်၌ဖြစ်သော ကိုယ်ကို စွဲ၍ဖြစ်သော ယိုစီးသော ယိုစီးခြင်းသို့ရောက်သော အကြင်ဥပါဒိန္နဓာတ်သဘောသည် ရှိ၏၊ ဤဥပါဒိန္န ဓာတ်သဘောဟူသည် အဘယ်နည်း၊ သည်းခြေ သလိပ် ပြည် သွေး ချွေး အဆီခဲ မျက်ရည် ဆီကြည် တံထွေး နှပ် အစေး ကျင်ငယ် ထို့အပြင် အဇ္ဈတ္တသန္တာန်၌ ဖြစ်သော ကိုယ်ကို စွဲ၍ဖြစ်သော ယိုစီးသော ယိုစီးခြင်းသို့ရောက်သော အခြားအလုံးစုံသော ဥပါဒိန္နဓာတ်သဘောသည် ရှိ၏၊ ရာဟုလာ ဤသို့သဘောရှိသော ဓာတ်သဘောကို အဇ္ဈတ္တသန္တာန်၌ဖြစ်သော အာပေါဓာတ်ဟူ၍ ဆိုအပ်၏။ အမှန်အားဖြင့် အကြင်အဇ္ဈတ္တသန္တာန်၌ ဖြစ်သော အာပေါဓာတ်သည်ရှိ အကြင်ဗဟိဒ္ဓသန္တာန်၌ ဖြစ်သော အာပေါဓာတ်သည်ရှိ ရှိ၏၊ ဤအလုံးစုံသော အာပေါဓာတ်သည် အာပေါဓာတ်ချင်း တူသည် သာတည်း။ "ထိုအလုံးစုံသော အာပေါဓာတ်သည် ငါ့ပိုင်ဥစ္စာမဟုတ်၊ ထိုအာပေါဓာတ်သည် ငါမဟုတ်၊ ထိုအာပေါဓာတ်သည် မိမိကိုယ်အတ္တမဟုတ်"ဟူ၍ ဤသို့ ထိုအာပေါဓာတ်ကို မဖောက် မပြန် ဟုတ်မှန်သောအတိုင်း ကောင်းစွာ ဝိပဿနာဉာဏ်ဖြင့် ရှုအပ်၏။ ဤသို့ ထိုအာပေါဓာတ်ကို မဖောက်မပြန် ဟုတ်မှန်သောအတိုင်း ကောင်းစွာ ဝိပဿနာဉာဏ်ဖြင့် ရှုပြီး၍ အာပေါဓာတ်၌ ငြီးငွေ့၏၊ အာပေါဓာတ်၌ စိတ်သည် တပ်ခြင်းကင်း၏။

၁၁၆။ ရာဟုလာ တေဇောဓာတ်ဟူသည် အဘယ်နည်း—တေဇောဓာတ်သည် အချို့ကား အဇ္ဈတ္တသန္တာန်၌ ဖြစ်၏၊ အချို့ကား ဗဟိဒ္ဓသန္တာန်၌ ဖြစ်၏။ ရာဟုလာ အဇ္ဈတ္တသန္တာန်၌ ဖြစ်သော တေဇောဓာတ်ဟူသည် အဘယ်နည်း—အဇ္ဈတ္တသန္တာန်၌ ဖြစ်သော ကိုယ်ကိုစွဲ၍ ဖြစ်သော ပူလောင်သော ပူလောင်ခြင်းသို့ရောက်သော အကြင်ဥပါဒိန္နဓာတ်သဘောသည် ရှိ၏၊ ဤဥပါဒိန္န ဓာတ်သဘောဟူသည် အဘယ်နည်း၊ ပူလောင်ကြောင်းဖြစ်သော ပူလောင်တတ်သော ဓာတ်သဘော ရင့်ရော်ဆွေးမြေ့ကြောင်းဖြစ်သော ဓာတ်သဘော ထက်ဝန်းကျင် ပူလောင်ကြောင်း ဖြစ်သော ဓာတ်သဘော စားအပ် သောက်အပ် ခဲအပ် လျက်အပ်သော အစာအာဟာရ ကောင်းစွာ ကြေကျက်ခြင်းသို့ ရောက်ကြောင်းဖြစ်သော ဓာတ်သဘော ထို့အပြင် အဇ္ဈတ္တသန္တာန်၌ ဖြစ်သော ကိုယ်ကိုစွဲ၍ ဖြစ်သော ပူလောင်သော ပူလောင်ခြင်းသို့ရောက်သော အခြားအလုံးစုံသော ဥပါဒိန္န ဓာတ်သဘောသည် ရှိ၏၊ ရာဟုလာ ဤအလုံးစုံသော ဓာတ်သဘောကို အဇ္ဈတ္တသန္တာန်၌ ဖြစ်သော တေဇောဓာတ်ဟူ၍ ဆိုအပ်၏။

အမှန်အားဖြင့် အကြင်အဇ္ဈတ္တသန္တာန်၌ ဖြစ်သော တေဇောဓာတ်သည်ရှိ အကြင်ဗဟိဒ္ဓ သန္တာန်၌ဖြစ်သော တေဇောဓာတ်သည်ရှိ ရှိ၏၊ ထိုအလုံးစုံသော တေဇောဓာတ်သည် တေဇော ဓာတ်ချင်း တူသည်သာတည်း။ "ထိုအလုံးစုံသော တေဇောဓာတ်သည် ငါ့ပိုင်ဥစ္စာမဟုတ်၊ ထို တေဇောဓာတ်သည် ငါမဟုတ်၊ ထိုတေဇောဓာတ်သည် မိမိကိုယ် အတ္တမဟုတ်"ဟူ၍ ဤသို့ ထို တေဇောဓာတ်ကို မဖောက်မပြန် ဟုတ်မှန်သည့်အတိုင်း ကောင်းစွာ ဝိပဿနာဉာဏ်ဖြင့် ရှုအပ်၏၊ ဤသို့ ထိုတေဇောဓာတ်ကို မဖောက်မပြန် ဟုတ်မှန်သည့်အတိုင်း ကောင်းစွာ ဝိပဿနာဉာဏ်ဖြင့် ရှုပြီး၍ တေဇောဓာတ်၌ ငြီးငွေ့၏၊ တေဇောဓာတ်၌ စိတ်သည် တပ်ခြင်းကင်း၏။

၁၁၇။ ရာဟုလာ ဝါယောဓာတ်ဟူသည် အဘယ်နည်း— ဝါယောဓာတ်သည် အချို့ကား အဇ္ဈတ္တသန္တာန်၌ ဖြစ်၏၊အချို့ကား ဗဟိဒ္ဓသန္တာန်၌ ဖြစ်၏။ ရာဟုလာ အဇ္ဈတ္တသန္တာန်၌ ဖြစ်သော

http://www.dhammadownload.com



ဝါယောဓာတ်ဟူသည် အဘယ်နည်း—အဇ္ဈတ္တသန္တာန်၌ ဖြစ်သော ကိုယ်ကို စွဲ၍ဖြစ်သော ထောက်ပံ့ခိုင်မာသော ထောက်ပံ့ခိုင်မာခြင်းသို့ ရောက်သော အကြင်ဥပါဒိန္နဓာတ်သဘောသည် ရှိ၏၊ ဤဥပါဒိန္နဓာတ်သဘောသည် အဘယ်နည်းဟူမူ—အထက်သို့ဆန်တက်သောလေ အောက်သို့ ရှုန်ဆင်းသောလေ ဝမ်း၌တည်သောလေ အူအတွင်း၌ တည်သောလေ အင်္ဂါကြီးငယ်သို့ အစဉ် လျှောက်တတ်သောလေ ထွက်သက် ဝင်သက်လေ ထို့အပြင် အဇ္ဈတ္တသန္တာန်၌ ဖြစ်သော ကိုယ်ကို စွဲ၍ ဖြစ်သော ထောက်ပံ့ခိုင်မာသော ထောက်ပံ့ခိုင်မာခြင်းသို့ရောက်သော အခြားအလုံးစုံသော ဥပါဒိန္နဓာတ်သဘောသည် ရှိ၏၊ ရာဟုလာ ဤအလုံးစုံသော ဓာတ်သဘောကို အဇ္ဈတ္တသန္တာန်၌ ဖြစ်သော ဝါယောဓာတ်ဟူ၍ ဆိုအပ်၏။

အမှန်အားဖြင့် အကြင် အဇ္ဈတ္တသန္တာန်၌ ဖြစ်သော ဝါယောဓာတ်သည်ရင်း အကြင်ဗဟိဒ္ဓသန္တာန်၌ ဖြစ်သော ဝါယောဓာတ်သည်ရင်း ရှိ၏၊ ထိုအလုံးစုံသော ဝါယောဓာတ်သည် ဝါယောဓာတ်ချင်း တူသည်သာတည်း။ "ထိုအလုံးစုံသော ထိုဝါယောဓာတ်သည် ငါ၏ဥစ္စာမဟုတ်၊ ထို ဝါယောဓာတ်သည် ငါမဟုတ်၊ ထိုဝါယောဓာတ်သည် မိမိကိုယ်အတ္တမဟုတ်" ဟူ၍ ဤသို့ ထိုဝါယော ဓာတ်သဘောကို မဖောက်မပြန် ဟုတ်မှန်သည့်အတိုင်း ကောင်းစွာ ဝိပဿနာဉာဏ်ဖြင့် ရှုအပ်၏၊ ဤသို့ ထိုဝါယောဓာတ်ကို မဖောက်မပြန် ဟုတ်မှန်သည့်အတိုင်း ကောင်းစွာ ဝိပဿနာဉာဏ်ပညာ ဖြင့် ရှုပြီး၍ ဝါယောဓာတ်၌ ငြီးငွေ့၏။ ဝါယောဓာတ်၌ စိတ်သည် တပ်ခြင်း ကင်း၏။

၁၁၈။ ရာဟုလာ အာကာသဓာတ် ဟူသည် အဘယ်နည်း—အာကာသဓာတ်သည် အချို့ကား အဇ္ဈတ္တသန္တာန်၌ ဖြစ်၏၊ အချို့ကား ဗဟိဒ္ဓသန္တာန်၌ ဖြစ်၏။ ရာဟုလာ အဇ္ဈတ္တ သန္တာန်၌ ဖြစ်သော အာကာသဓာတ်ဟူသည် အဘယ်နည်း—အဇ္ဈတ္တသန္တာန်၌ ဖြစ်သော ကိုယ်ကို စွဲ၍ ဖြစ်သော မရေးမခြစ်အပ်သော မရေးမခြစ်ခြင်းသို့ ရောက်သော အကြင်ဥပါဒိန္နအာကာသ ဓာတ်သည် ရှိ၏၊ ဤဥပါဒိန္နအာကာသဓာတ်ဟူသည် အဘယ်နည်း—နားပေါက် နှာခေါင်းပေါက် ခံတွင်းပေါက် စားအပ် သောက်အပ် ခဲအပ် လျက်အပ်သော အစာကို မျိုချရာ အပေါက်, စားအပ် သောက်အပ် ခဲအပ် လျက်အပ်သော အစာတည်နေရာအပေါက်, စားအပ် သောက် အပ် ခဲအပ် လျက်အပ်သော အစာ အောက်သို့ထွက်ရာ အပေါက်, ထို့အပြင် အဇ္ဈတ္တသန္တာန်၌ ဖြစ်သော ကိုယ်ကိုစွဲ၍ဖြစ်သော ဟင်းလင်းပြင် ဟင်းလင်းပြင် အဖြစ်သို့ ရောက်သော ကောင်းကင် ကောင်းကင်အဖြစ်သို့ ရောက်သော အပေါက် အပေါက်အဖြစ်သို့ ရောက်သော [အသားအသွေး တို့နှင့် မထိစပ်သော ကိုယ်၌ တည်သော ဤအရာအားလုံးကို အဇ္ဈတ္တသန္တာန်၌ ဖြစ်သော အာကာသဓာတ်ဟူ၍ ဆိုအပ်၏။

အမှန်အားဖြင့် အကြင်အဇ္ဈတ္တသန္တာန်၌ ဖြစ်သော အာကာသဓာတ်သည်ရင်း အကြင် ဗဟိဒ္ဓသန္တာန်၌ ဖြစ်သော အာကာသဓာတ်သည်ရင်း ရှိ၏၊ထိုအလုံးစုံသော အာကာသဓာတ်သည် အာကာသဓာတ်ချင်း တူသည်သာတည်း။ "ထိုအာကာသဓာတ်သည် ငါ၏ဥစ္စာမဟုတ်၊ ထို အာကာသဓာတ်သည် ငါမဟုတ်၊ ထိုအာကာသဓာတ်သည် ငါ၏ကိုယ် အတ္တမဟုတ်" ဟူ၍ ဤသို့ သာလျှင် ထိုအာကာသဓာတ်ကို မဖောက်မပြန် ဟုတ်မှန်သည့်အတိုင်း ကောင်းစွာ ဝိပဿနာ ဉာဏ်ဖြင့် ရှုအပ်၏၊ ဤသို့ ထိုအာကာသဓာတ်ကို မဖောက်မပြန် ဟုတ်မှန်သောအတိုင်း ကောင်းစွာ ဝိပဿနာဉာဏ်ဖြင့် ရှုပြီး၍ အာကာသဓာတ်၌ ငြီးငွေ့၏၊ အာကာသဓာတ်၌ စိတ်သည် တပ်ခြင်း ကင်း၏။

http://www.dhammadownload.com



၁၁၉။ ရာဟုလာ မြေကြီးနှင့်တူစွာ ဘာဝနာကို ပွါးများလော့၊ ရာဟုလာ မြေကြီးနှင့်တူစွာ ဘာဝနာကို ပွါးများသော သင့်အား ဖြစ်ပေါ်လာကုန်သော နှစ်သက်ဖွယ် မနှစ်သက်ဖွယ် အတွေ့တို့သည် စိတ်ကို သိမ်းကျုံး၍ မတည်ကုန်လတ္တံ့။ ရာဟုလာ ဥပမာသော်ကား မြေကြီး၌ စင်ကြယ်သော ဝတ္ထုကိုလည်း ပစ်ချကုန်၏၊ မစင်ကြယ်သော ဝတ္ထုကိုလည်း ပစ်ချကုန်၏၊ ကျင်ကြီးကိုလည်း ပစ်ချကုန်၏၊ ကျင်ငယ်ကိုလည်း ပစ်ချကုန်၏၊ တံထွေးကိုလည်း ပစ်ချကုန်၏၊ ပြည်ကိုလည်း ပစ်ချကုန်၏၊ သွေးကိုလည်း ပစ်ချကုန်၏။ မြေကြီးသည် ထိုစင်ကြယ်သော ဝတ္ထု မစင်ကြယ်သောဝတ္ထုဖြင့် ငြီးငွေ့ရှုံ့ရှာစက်ဆုပ်မှု မဖြစ်။ ရာဟုလာ သင်သည် ဤဥပမာ အတူသာလျှင် မြေကြီးနှင့်တူစွာ ဘာဝနာကို ပွါးများလော့၊ ရာဟုလာ မြေကြီးနှင့်တူစွာ ဘာဝနာကို ပွါးများသော သင့်အား ဖြစ်ပေါ်လာကုန်သော နှစ်သက်ဖွယ် မနှစ်သက်ဖွယ် အတွေ့တို့သည် စိတ်ကို သိမ်းကျုံး၍ မတည်နိုင်ကုန်လတ္တံ့။

ရာဟုလာ ရေနှင့်တူစွာ ဘာဝနာကို ပွါးများလော့၊ ရာဟုလာ ရေနှင့်တူစွာ ဘာဝနာကို ပွါးများသောသင့်အား ဖြစ်ပေါ်လာကုန်သော နှစ်သက်ဖွယ် မနှစ်သက်ဖွယ် အတွေ့တို့သည် စိတ်ကို သိမ်းကျုံး၍ မတည်နိုင်ကုန်လတ္တံ့။ ရာဟုလာ ဥပမာသော်ကား ရေ၌ စင်ကြယ်သော ဝတ္ထုကိုလည်း ဆေးကြောကုန်၏၊ မစင်ကြယ်သော ဝတ္ထုကိုလည်း ဆေးကြောကုန်၏၊ ကျင်ကြီးကိုလည်း ဆေးကြောကုန်၏၊ ကျင်ငယ်ကိုလည်း ဆေးကြောကုန်၏၊ တံထွေးကိုလည်း ဆေးကြောကုန်၏၊ ပြည်ကိုလည်း ဆေးကြောကုန်၏၊ သွေးကိုလည်း ဆေးကြောကုန်၏၊ ရေသည် ထိုစင်ကြယ်သော ဝတ္ထု မစင်ကြယ်သောဝတ္ထုဖြင့် ငြီးငွေ့ရှုံ့ရှာ စက်ဆုပ်မှုမဖြစ်။ ရာဟုလာ ဤဥပမာအတူသာလျှင် သင်သည် ရေနှင့်တူစွာ ဘာဝနာကို ပွါးများလော့၊ ရာဟုလာ ရေနှင့်တူစွာ ဘာဝနာကို ပွါးများသောသင့်အား ဖြစ်ပေါ်လာကုန်သော နှစ်သက်ဖွယ် မနှစ်သက်ဖွယ် အတွေ့တို့သည် စိတ်ကို သိမ်းကျုံး၍ မတည်နိုင်ကုန်လတ္တံ့။

ရာဟုလာ မီးနှင့်တူစွာ ဘာဝနာကို ပွါးများလော့၊ ရာဟုလာ မီးနှင့်တူစွာ ဘာဝနာကို ပွါးများသော သင့်အား ဖြစ်ပေါ်လာကုန်သော နှစ်သက်ဖွယ် မနှစ်သက်ဖွယ် အတွေ့တို့သည် စိတ်ကို သိမ်းကျုံး၍မတည်နိုင်ကုန်လတ္တံ့။ ရာဟုလာ ဥပမာသော်ကား မီးသည် စင်ကြယ်သော ဝတ္ထုကိုလည်း လောင်၏၊ မစင်ကြယ်သော ဝတ္ထုကိုလည်း လောင်၏၊ကျင်ကြီးကိုလည်း လောင်၏၊ ကျင်ငယ်ကိုလည်း လောင်၏၊ တံထွေးကိုလည်း လောင်၏၊ပြည်ကိုလည်း လောင်၏၊ သွေးကိုလည်း လောင်၏၊ မီးသည် ထိုစင်ကြယ်သောဝတ္ထု မစင်ကြယ်သောဝတ္ထုဖြင့် ငြီးငွေ့ရှုံ့ရှာ စက်ဆုပ်မှု မဖြစ်။ ရာဟုလာ ဤဥပမာအတူသာလျှင် သင်သည် မီးနှင့်တူစွာ ဘာဝနာကို ပွါးများလော့၊ ရာဟုလာ မီးနှင့်တူစွာ ဘာဝနာကို ပွါးများသော သင့်အား ဖြစ်ပေါ်လာကုန်သော နှစ်သက်ဖွယ် မနှစ်သက်ဖွယ် အတွေ့တို့သည် စိတ်ကို သိမ်းကျုံး၍ မတည်နိုင်ကုန်လတ္တံ့။

ရာဟုလာ လေနှင့်တူစွာ ဘာဝနာကို ပွါးများလော့၊ ရာဟုလာ လေနှင့်တူစွာ ဘာဝနာကို ပွါးများသောသင့်အား ဖြစ်ပေါ်လာကုန်သော နှစ်သက်ဖွယ် မနှစ်သက်ဖွယ် အတွေ့တို့သည် စိတ်ကို သိမ်းကျုံး၍ မတည်နိုင်ကုန်လတ္တံ့။ ရာဟုလာ ဥပမာသော်ကား လေသည် စင်ကြယ်သော ဝတ္ထုကိုလည်း တိုက်ခတ်၏၊ မစင်ကြယ်သော ဝတ္ထုကိုလည်း တိုက်ခတ်၏၊ ကျင်ကြီးကိုလည်း တိုက်ခတ်၏၊ ကျင်ငယ်ကိုလည်း တိုက်ခတ်၏၊ တံထွေးကိုလည်း တိုက်ခတ်၏၊ ပြည်ကိုလည်း တိုက်ခတ်၏၊ သွေးကိုလည်း တိုက်ခတ်၏၊ လေသည် ထိုစင်ကြယ်သော ဝတ္ထု မစင်ကြယ်သော ဝတ္ထုဖြင့် ငြီးငွေ့ရှုံ့ရှာ စက်ဆုပ်မှုမဖြစ်။ ရာဟုလာ ဤဥပမာအတူသာလျှင် သင်သည် လေနှင့်

http://www.dhammadownload.com



တူစွာ ဘာဝနာကို ပွါးများလော့၊ ရာဟုလာ လေနှင့်တူစွာ ဘာဝနာကို ပွါးများသောသင့်အား ဖြစ်ပေါ်လာကုန်သော နှစ်သက်ဖွယ် မနှစ်သက်ဖွယ် အတွေ့တို့သည် စိတ်ကို သိမ်းကျုံး၍ မတည်နိုင်ကုန်လတ္တံ့။

ရာဟုလာ ကောင်းကင်နှင့်တူစွာ ဘာဝနာကို ပွါးများလော့၊ ရာဟုလာ ကောင်းကင်နှင့်တူစွာဘာဝနာကို ပွါးများသော သင့်အား ဖြစ်ပေါ်လာကုန်သော နှစ်သက်ဖွယ် မနှစ်သက်ဖွယ် အတွေ့တို့သည် စိတ်ကို သိမ်းကျုံး၍ မတည်နိုင်ကုန်လတ္တံ့။ ရာဟုလာ ဥပမာသော်ကား ကောင်းကင်သည် တစုံတခုသော အရပ်၌ မတည်။ ရာဟုလာ ဤဥပမာအတူသာလျှင် သင်သည် ကောင်းကင်နှင့်တူစွာ ဘာဝနာကို ပွါးများလော့။ ရာဟုလာ ကောင်းကင်နှင့်တူစွာ ဘာဝနာကို ပွါးများသော သင့်အား ဖြစ်ပေါ် လာကုန်သော နှစ်သက်ဖွယ် မနှစ်သက်ဖွယ် အတွေ့တို့သည် စိတ်ကို သိမ်းကျုံး၍ မတည်နိုင်ကုန်လတ္တံ့။

၁၂၀။ ရာဟုလာ မေတ္တာဘာဝနာကို ပွါးများလော့၊ ရာဟုလာ မေတ္တာဘာဝနာကို ပွါးများသော သင့်အား အမျက်ထွက်ခြင်း ဗျာပါဒကင်းပျောက်လတ္တံ့။ ရာဟုလာ ကရုဏာဘာဝနာကို ပွါးများလော့၊ ရာဟုလာ ကရုဏာဘာဝနာကို ပွါးများသော သင့်အား ညှဉ်းဆဲမှုကင်းပျောက်လတ္တံ့။ ရာဟုလာ မုဒိတာဘာဝနာကို ပွါးများလော့၊ ရာဟုလာ မုဒိတာဘာဝနာကို ပွါးများသော သင့်အား မပျော်ပိုက်ခြင်း ကင်းပျောက်လတ္တံ့။ ရာဟုလာ ဥပေက္ခာဘာဝနာကို ပွါးများလော့၊ ရာဟုလာ ဥပေက္ခာဘာဝနာကို ပွါးများသော သင့်အား ထိပါးခြင်း ကင်းပျောက်လတ္တံ့။ ရာဟုလာ အသုဘဘာဝနာကို ပွါးများလော့၊ ရာဟုလာ အသုဘဘာဝနာကို ပွါးများသော သင့်အား တပ်နှစ်သက်မှု ရာဂကင်းပျောက်လတ္တံ့။ ရာဟုလာ အနိစ္စသညာဘာဝနာကို ပွါးများလော့၊ ရာဟုလာ အနိစ္စသညာဘာဝနာကို ပွါးများသောသင့်အား ငါဟူသော မာန် မာန ကင်းပျောက်လတ္တံ့။

၁၂၁။ ရာဟုလာ ထွက်သက်ဝင်သက်ကို အောက်မေ့ခြင်း 'အာနာပါနဿတိ' ဘာဝနာကို ပွါးများလော့၊ ရာဟုလာ အာနာပါနဿတိဘာဝနာသည် ပွါးများအပ်သည်ရှိသော် အကြိမ်များစွာ လေ့လာအပ်သည်ရှိသော် သင့်အား များမြတ်သောအကျိုး များမြတ်သောအာနိသင်ရှိ၏။ ရာဟုလာ အာနာပါနဿတိ ဘာဝနာသည် အဘယ်ကဲ့သို့ ပွါးများသည်ရှိသော် အဘယ်ကဲ့သို့ ကြိမ်ဖန်များစွာ လေ့လာသည်ရှိသော် များမြတ်သောအကျိုး များမြတ်သောအာနိသင်ရှိသနည်း။

ရာဟုလာ ဤသာသနာတော်၌ ရဟန်းသည် တောသို့ ကပ်သည် ဖြစ်၍ဖြစ်ရင်း သစ်ပင်ရင်းသို့ ကပ်သည်ဖြစ်၍ဖြစ်ရင်း ဆိတ်ငြိမ်ရာအရပ်သို့ ကပ်သည်ဖြစ်၍ဖြစ်ရင်း တင်ပလ္လင်ခွေ၍ ကိုယ်ကို ဖြောင့်မတ်စွာ ထားပြီးလျှင် ကမ္မဋ္ဌာန်းသို့ ရှေးရှုသတိကိုဖြစ်စေ၍ ထိုင်နေ၏၊ ထိုရဟန်းသည် သတိနှင့်မကင်းမူ၍ သာလျှင် ထွက်သက်ကို ဖြစ်စေ၏၊ သတိနှင့် မကင်းမူ၍သာလျှင် ဝင်သက်ကို ဖြစ်စေ၏။

ရှည်စွာသော ထွက်သက်ကို ဖြစ်စေသည်ရှိသော် ရှည်စွာသော ထွက်သက်ကို ဖြစ်စေ၏ ဟု သိ၏၊ ရှည်စွာသောဝင်သက်ကို ဖြစ်စေသည် ရှိသော် ရှည်စွာသောဝင်သက်ကို ဖြစ်စေ၏ဟု သိ၏၊ တိုသောထွက်သက်ကို ဖြစ်စေသည်ရှိသော် တိုသောထွက်သက်ကို ဖြစ်စေ၏ဟု သိ၏၊ တိုသော ဝင်သက်ကို ဖြစ်စေသည်ရှိသော် တိုသောဝင်သက်ကို ဖြစ်စေ၏ ဟု သိ၏။

အစအလယ်အဆုံးဟူသော အလုံးစုံသော ထွက်သက်အပေါင်းကို ထင်စွာ သိလျက် ထွက်သက်ကို ဖြစ်စေအံ့ဟု ကျင့်၏၊ အစအလယ်အဆုံးဟူသော အလုံးစုံသော ဝင်သက်အပေါင်းကို ထင်စွာ

http://www.dhammadownload.com



သိလျက် ဝင်သက်ကို ဖြစ်စေအံ့ဟု ကျင့်၏၊ ရှုန့်ရင်းသော ကာယသင်္ခါရကို ငြိမ်းစေလျက် ထွက်သက်ကို ဖြစ်စေအံ့ဟု ကျင့်၏၊ ရှုန့်ရင်းသော ကာယသင်္ခါရကို ငြိမ်းစေလျက် ဝင်သက်ကို ဖြစ်စေအံ့ဟု ကျင့်၏။

ပီတိကို ထင်စွာသိလျက် ထွက်သက်ကို ဖြစ်စေအံ့ဟု ကျင့်၏၊ ပီတိကို ထင်စွာသိလျက် ဝင်သက်ကို ဖြစ်စေအံ့ဟု ကျင့်၏။ သုခကို ထင်စွာသိလျက် ထွက်သက်ကို ဖြစ်စေအံ့ဟု ကျင့်၏၊ သုခကို ထင်စွာသိလျက် ဝင်သက်ကို ဖြစ်စေအံ့ဟု ကျင့်၏။ စိတ္တသင်္ခါရကို ထင်စွာသိလျက် ထွက်သက်ကို ဖြစ်စေအံ့ဟု ကျင့်၏၊ စိတ္တသင်္ခါရကို ထင်စွာသိလျက် ဝင်သက်ကို ဖြစ်စေအံ့ဟု ကျင့်၏၊ ရှုန့်ရင်းသော စိတ္တသင်္ခါရကို ငြိမ်းစေလျက် ထွက်သက်ကို ဖြစ်စေအံ့ဟု ကျင့်၏။ ရှုန့်ရင်းသော စိတ္တသင်္ခါရကို ငြိမ်းစေလျက် ဝင်သက်ကို ဖြစ်စေအံ့ဟု ကျင့်၏။

စိတ်ကို ထင်စွာသိလျက် ထွက်သက်ကိုဖြစ်စေအံ့ဟု ကျင့်၏၊ စိတ်ကို ထင်စွာသိလျက် ဝင်သက်ကို ဖြစ်စေအံ့ဟု ကျင့်၏။ စိတ်ကို ဝမ်းမြောက်စေလျက် ထွက်သက်ကို ဖြစ်စေအံ့ဟု ကျင့်၏၊ စိတ်ကို ဝမ်းမြောက်စေလျက် ဝင်သက်ကို ဖြစ်စေအံ့ဟု ကျင့်၏။

စိတ်ကို ကောင်းစွာ အာရုံ၌ ထားလျက် ထွက်သက်ကို ဖြစ်စေအံ့ဟု ကျင့်၏၊ စိတ်ကို ကောင်းစွာ အာရုံ၌ထားလျက် ဝင်သက်ကို ဖြစ်စေအံ့ဟု ကျင့်၏။ စိတ်ကို ကိလေသာမှ လွတ်စေလျက် ထွက်သက်ကို ဖြစ်စေအံ့ဟု ကျင့်၏၊ စိတ်ကို ကိလေသာမှ လွတ်စေလျက် ဝင်သက်ကို ဖြစ်စေအံ့ဟု ကျင့်၏။

အနိစ္စဟု အဖန်တလဲလဲရှုလျက် ထွက်သက်ကိုဖြစ်စေအံ့ဟု ကျင့်၏၊ အနိစ္စဟု အဖန်တလဲလဲ ရှုလျက် ဝင်သက်ကို ဖြစ်စေအံ့ဟု ကျင့်၏။ ရာဂကင်းရာ နိဗ္ဗာန်ကို အဖန်တလဲလဲရှုလျက် ထွက်သက်ကို ဖြစ်စေအံ့ဟု ကျင့်၏၊ ရာဂကင်းရာနိဗ္ဗာန်ကို အဖန်တလဲလဲရှုလျက် ဝင်သက်ကို ဖြစ်စေအံ့ဟု ကျင့်၏။ ရာဂ၏ချုပ်ရာနိဗ္ဗာန်ကို အဖန်တလဲလဲရှုလျက် ထွက်သက်ကို ဖြစ်စေအံ့ဟု ကျင့်၏၊ ရာဂ၏ ချုပ်ရာ နိဗ္ဗာန်ကို အဖန်တလဲလဲရှုလျက် ဝင်သက်ကိုဖြစ်စေအံ့ဟု ကျင့်၏။ ကိလေသာကိုစွန့်ရာ နိဗ္ဗာန် စွန့်တတ်သောမဂ်ကို အဖန်တလဲလဲ ရှုလျက် ထွက်သက်ကို ဖြစ်စေ အံ့ဟု ကျင့်၏၊ ကိလေသာကို စွန့်ရာနိဗ္ဗာန် စွန့်တတ်သောမဂ်ကို အဖန်တလဲလဲ ရှုလျက် ဝင်သက်ကို ဖြစ်စေအံ့ဟု ကျင့်၏။

ရာဟုလာ ဤသို့ ပွါးများထားသော ဤသို့လေ့လာထားသော အာနာပါနဿတိ ဘာဝနာသည် များမြတ်သောအကျိုး များမြတ်သောအာနိသင် ရှိ၏။ ရာဟုလာ အာနာပါနဿတိ ဘာဝနာကို ဤသို့ ပွါးများထားသော ဤသို့ အကြိမ်များစွာ လေ့လာထားသော အဆုံးဖြစ်သော ထွက်သက်ဝင်သက်တို့သည်လည်း ထင်ရှားကုန်၍ သာလျှင် ချုပ်ကုန်၏၊ မထင်ရှားပဲ ချုပ်သည် မဟုတ်ကုန်ဟု မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏။ အသျှင်ရာဟုလာသည် မြတ်စွာဘုရား၏ တရားတော်ကို နှစ်ခြိုက်ဝမ်းမြောက်လေ၏။

နှစ်ခုမြောက် မဟာရာဟုလောဝါဒသုတ် ပြီး၏။

---

## ၃-စူဠမာလုကျသုတ်

၁၂၂။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ ဆိတ်ငြိမ်ရာသို့ကပ်၍ ကိန်းအောင်း

http://www.dhammadownload.com



နေသော အသျှင်မာလုကျပုတ္တမထေရ်အား ဤသို့စိတ်အကြံဖြစ်ပေါ်၏— "လောကသည် မြဲ၏ဟူ၍ရင်း လောကသည် မမြဲဟူ၍ရင်း လောကသည် အဆုံးရှိ၏ဟူ၍ရင်း လောကသည် အဆုံးမရှိဟူ၍ရင်း ထိုအသက်သည်ပင် ထိုကိုယ်တည်းဟူ၍ရင်း အသက်သည်တခြား ကိုယ်သည်တခြားတည်းဟူ၍ရင်း သတ္တဝါသည် သေသည်မှနောက်၌ဖြစ်၏ဟူ၍ရင်း သတ္တဝါသည် သေသည်မှနောက်၌ မဖြစ်ဟူ၍ရင်း သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်လည်း ဖြစ်၏၊ မဖြစ်လည်း မဖြစ်ဟူ၍ရင်း သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်း မဟုတ်၊ မဖြစ်သည်လည်းမဟုတ် ဟူ၍ရင်း မြတ်စွာဘုရား မဟောကြားကုန်သော တန့်ထားကုန်သော ပယ်ထားကုန်သော အယူတို့သည် ရှိကုန်၏၊ ထိုအယူတို့ကို မြတ်စွာဘုရားသည် ငါ့အား ဟောကြားတော်မမူ။ ယင်းအယူတို့ကို ငါ့အား မြတ်စွာဘုရားမဟောကြားခြင်းကို ငါမနှစ်သက်၊ ငါမကြိုက်။ ငါသည် မြတ်စွာဘုရားထံ ချဉ်းကပ်၍ ထိုအကြောင်းကို မေးလျှောက်အံ့၊ အကယ်၍ မြတ်စွာဘုရားသည် 'လောကသည် မြဲ၏ဟူ၍ရင်း လောကသည် မမြဲဟူ၍ရင်း။ပ။ သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်း မဟုတ်၊ မဖြစ်သည်လည်း မဟုတ်' ဟူ၍ရင်း ငါ့အား ဟောကြားငြားအံ့၊ ဤသို့ဟောကြားသော် ငါသည် မြတ်စွာဘုရားအထံတော်၌ မြတ်သောရဟန်းအကျင့်ကို ကျင့်အံ့၊ အကယ်၍ မြတ်စွာဘုရားသည် 'လောကသည် မြဲ၏ဟူ၍ရင်း လောကသည် မမြဲဟူ၍ရင်း။ပ။သတ္တဝါသည် သေပြီးသည်မှ နောက်၌ ဖြစ်သည်လည်း မဟုတ်၊ မဖြစ်သည်လည်း မဟုတ်' ဟူ၍ရင်း ငါ့အား မဟောကြားငြားအံ့၊ ဤသို့ မဟောကြားသော် ငါသည် ရဟန်းသိက္ခာကို စွန့်ပယ်၍ လူထွက်တော့အံ့"ဟု (စိတ်အကြံဖြစ်၏)။

၁၂၃။ ထို့နောက် အသျှင်မာလုကျပုတ္တသည် ညနေချမ်းအချိန်၌ ကိန်းအောင်းရာမှထ၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ အလွန်ရိုသေစွာ ရှိခိုးပြီးလျှင် သင့်လျော်ရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား ဤသို့ လျှောက်ထား၏—

၁၂၄။ အသျှင်ဘုရား ဆိတ်ငြိမ်ရာသို့ကပ်၍ ကိန်းအောင်းသော တပည့်တော်အား ဤသို့ စိတ်အကြံဖြစ်ပါ၏—"လောကသည် မြဲ၏ဟူ၍ရင်း လောကသည် မမြဲဟူ၍ရင်း။ပ။သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်း မဟုတ်၊ မဖြစ်သည်လည်း မဟုတ်"ဟူ၍ရင်း မြတ်စွာဘုရား မဟောကြားကုန်သော တန့်ထားကုန်သော ပယ်ထားကုန်သော အယူတို့သည် ရှိကုန်၏၊ ထိုအယူတို့ကို မြတ်စွာဘုရားသည် ငါ့အား ဟောကြားတော်မမူ။ ယင်းအယူတို့ကို ငါ့အား မြတ်စွာဘုရား မဟောကြားခြင်းကို ငါမနှစ်သက်၊ ငါမကြိုက်၊ ငါသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ထိုအကြောင်းကို မေးလျှောက်အံ့၊ အကယ်၍ မြတ်စွာဘုရားသည် 'လောကသည် မြဲ၏ဟူ၍ရင်း လောကသည် မမြဲဟူ၍ရင်း။ပ။ သတ္တဝါသည် သေပြီးသည်မှနောက်၌ ဖြစ်သည်လည်းမဟုတ်၊ မဖြစ်သည်လည်း မဟုတ်'ဟူ၍ရင်း ငါ့အား ဟောကြားငြားအံ့၊ ဤသို့ဟောကြားသော် ငါသည် မြတ်စွာဘုရားအထံတော်၌ မြတ်သောရဟန်းအကျင့်ကို ကျင့်အံ့၊ အကယ်၍ မြတ်စွာဘုရားသည် 'လောကသည် မြဲ၏ဟူ၍ရင်း လောကသည် မမြဲဟူ၍ရင်း။ပ။ သတ္တဝါသည် သေပြီးသည်မှ နောက်၌ ဖြစ်သည်လည်းမဟုတ်၊ မဖြစ်သည်လည်းမဟုတ် ဟူ၍ရင်း ငါ့အား မဟောကြားငြားအံ့၊ ဤသို့ မဟောကြားသော် ငါသည် ရဟန်းသိက္ခာကိုစွန့်ပယ်၍ လူထွက်တော့အံ့"ဟု စိတ်အကြံဖြစ်ပါ၏။ "လောကသည် မြဲ၏"ဟူ၍ မြတ်စွာဘုရားသည် အကယ်၍ သိတော်မူငြားအံ့၊ မြတ်စွာဘုရားသည် အကျွန်ုပ်အား **"လောကသည် မြဲ၏"** ဟူ၍ ဟောကြားတော်မူပါ၊ "လောကသည်

http://www.dhammadownload.com



မမြဲ"ဟူ၍ မြတ်စွာဘုရားသည် အကယ်၍ သိတော်မူငြားအံ့၊ မြတ်စွာဘုရားသည် "လောကသည် မမြဲ"ဟု အကျွန်ုပ်အား ဟောကြားတော်မူပါ။ "လောကသည် မြဲ၏ဟူ၍ရှင်း လောကသည် မမြဲ" ဟူ၍ ရှင်း မြတ်စွာဘုရားသည် အကယ်၍ သိတော်မမူငြားအံ့၊ မသိသော် မမြင်သော် မသိမမြင်ဟု ဝန်ခံခြင်းသည် ဖြောင့်မတ်သော သဘောဖြစ်၏။

"လောကသည် အဆုံးရှိ၏"ဟု မြတ်စွာဘုရားသည် အကယ်၍ သိသည် ဖြစ်အံ့၊ မြတ်စွာဘုရားသည် "လောကသည် အဆုံးရှိ၏"ဟု အကျွန်ုပ်အား ဟောကြားတော်မူပါ။ "လောကသည် အဆုံးမရှိ"ဟု မြတ်စွာဘုရားသည် အကယ်၍ သိသည်ဖြစ်အံ့၊ မြတ်စွာဘုရားသည် "လောကသည် အဆုံးမရှိ"ဟု အကျွန်ုပ်အား ဟောကြားတော်မူပါ။ "လောကသည် အဆုံးရှိ၏ဟူ၍ ရှင်း လောကသည် အဆုံးမရှိ"ဟူ၍ ရှင်း မြတ်စွာဘုရားသည် အကယ်၍ မသိသည်ဖြစ်အံ့၊ မသိသော် မမြင်သော် ငါမသိ မမြင်ဟု ဝန်ခံခြင်းသည်သာလျှင် ဖြောင့်မတ်သော သဘောဖြစ်၏။ "ထိုအသက်သည်ပင် ထိုကိုယ်တည်း" ဟု မြတ်စွာဘုရားသည် အကယ်၍ သိသည်ဖြစ်အံ့၊ "ထိုအသက်သည်ပင် ထိုကိုယ်တည်း"ဟု မြတ်စွာဘုရားသည် အကျွန်ုပ်အား ဟောကြားတော်မူပါ။ "အသက်သည် တခြား ကိုယ်သည်တခြားတည်း"ဟု မြတ်စွာဘုရားသည် အကယ်၍ သိသည်ဖြစ်အံ့၊ "အသက်သည် တခြား ကိုယ်သည် တခြားတည်း"ဟု မြတ်စွာဘုရားသည် အကျွန်ုပ်အား ဟောကြားတော်မူပါ။ "ထိုအသက်သည်ပင် ထိုကိုယ်တည်းဟူ၍ရှင်း အသက်သည် တခြား ကိုယ်သည် တခြားတည်း" ဟူ၍ရှင်း မြတ်စွာဘုရားသည် အကယ်၍ မသိသည်ဖြစ်အံ့၊ မသိသော် မမြင်သော် မသိ မမြင်ဟု ဝန်ခံခြင်းသည်သာလျှင် ဖြောင့်မတ်သောသဘောဖြစ်၏။ "သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်၏"ဟု မြတ်စွာဘုရားသည် အကယ်၍ သိသည်ဖြစ်အံ့၊ "သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်၏"ဟု မြတ်စွာဘုရားသည် အကျွန်ုပ်အား ဟောကြားတော်မူပါ။ "သတ္တဝါသည် သေသည်မှ နောက်၌ မဖြစ်"ဟု မြတ်စွာဘုရားသည် အကယ်၍ သိသည်ဖြစ်အံ့၊ "သတ္တဝါသည် သေသည်မှ နောက်၌ မဖြစ်"ဟု မြတ်စွာဘုရားသည် အကျွန်ုပ်အား ဟောကြားတော်မူပါ။ "သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်၏ဟူ၍ရှင်း သတ္တဝါသည် သေသည်မှ နောက်၌မဖြစ်"ဟူ၍ရှင်း မြတ်စွာဘုရားသည် အကယ်၍ မသိသည်ဖြစ်အံ့၊ မသိသော် မမြင်သော် မသိ မမြင်ဟု ဝန်ခံခြင်းသည်သာလျှင် ဖြောင့်မတ်သောသဘောဖြစ်၏။ "သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်လည်း ဖြစ်၏၊ ဖြစ်လည်း မဖြစ်"ဟု မြတ်စွာဘုရားသည် အကယ်၍ သိသည်ဖြစ်ငြားအံ့၊ "သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်လည်းဖြစ်၏၊ ဖြစ်လည်းမဖြစ်"ဟု မြတ်စွာဘုရားသည် အကျွန်ုပ်အား ဟောကြားတော်မူပါ။ "သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်သည်လည်းမဟုတ်၊ မဖြစ်သည်လည်း မဟုတ်" ဟု မြတ်စွာဘုရားသည် အကယ်၍ သိသည်ဖြစ်အံ့၊ "သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်သည် လည်းမဟုတ်၊ မဖြစ်သည်လည်း မဟုတ်"ဟု မြတ်စွာဘုရားသည် အကျွန်ုပ်အား ဟောကြားတော် မူပါ။ "သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်လည်းဖြစ်၏ ဖြစ်လည်းမဖြစ်ဟူ၍ရှင်း သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်းမဟုတ်၊ မဖြစ်သည်လည်း မဟုတ်ဟူ၍ ရှင်း မြတ်စွာဘုရားသည် အကယ်၍ မသိသည်ဖြစ်အံ့၊ မသိသော် မမြင်သော် မသိမမြင်ဟု ဝန်ခံခြင်းသည်သာလျှင် ဖြောင့်မတ်သောသဘောဖြစ်၏ဟု (လျှောက်ထား၏)။

၁၂၅။ မာလုကျပုတ္တ ငါသည် သင့်ကို "မာလုကျပုတ္တ သင်လာခဲ့လော့၊ ငါဘုရားအထံ၌ မြတ်သောအကျင့်ကို ကျင့်သုံးလော့၊ 'လောကသည် မြဲ၏ဟူ၍ရှင်း လောကသည် မမြဲဟူ၍ရှင်း လောကသည် အဆုံးရှိ၏ဟူ၍ရှင်း လောကသည် အဆုံးမရှိဟူ၍ရှင်း ထိုအသက်သည်ပင် ထိုကိုယ်တည်း

http://www.dhammadownload.com



ဟူ၍ငင်း အသက်သည်တခြား ကိုယ်သည်တခြားတည်း ဟူ၍ ငင်း သတ္တဝါသည် သေသည်မှ နောက်၌ဖြစ်၏ဟူ၍ ငင်း သတ္တဝါသည် သေသည်မှ နောက်၌ မဖြစ်ဟူ၍ ငင်း သတ္တဝါသည် သေသည်မှ နောက်၌ဖြစ်လည်းဖြစ်၏၊ ဖြစ်လည်း မဖြစ် ဟူ၍ ငင်း သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်သည်လည်း မဟုတ်၊ မဖြစ်သည်လည်း မဟုတ်' ဟူ၍ငင်း သင့်အား ငါဘုရား ဟောကြားအံ့"ဟု ဤသို့ ဆိုခဲ့ဘူးသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မဆိုခဲ့ဘူးပါ(ဟု လျှောက်၏)။

သင်ကလည်း ငါ့ကို "အသျှင်ဘုရား 'လောကသည် မြဲ၏ဟူ၍ငင်း လောကသည် မမြဲဟူ၍ငင်း လောကသည် အဆုံးရှိ၏ဟူ၍ငင်း လောကသည် အဆုံးမရှိ ဟူ၍ ငင်း ထိုအသက်သည်ပင် ထိုကိုယ်တည်းဟူ၍ငင်း အသက်သည်တခြား ကိုယ်သည်တခြားတည်း ဟူ၍ ငင်း သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်၏ဟူ၍ငင်း သတ္တဝါသည် သေသည်မှနောက်၌ မဖြစ် ဟူ၍ ငင်း သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်လည်းဖြစ်၏၊ ဖြစ်လည်းမဖြစ်ဟူ၍ငင်း သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်း မဟုတ်' ဟူ၍ ငင်း အကျွန်ုပ်အား မြတ်စွာဘုရား ဟောကြားပြီးအံ့၊ အကျွန်ုပ်သည် မြတ်စွာဘုရားအထံ၌ မြတ်သော ရဟန်းအကျင့်ကို ကျင့်ပါအံ့"ဟု ဆိုခဲ့ဘူးသလော ဟု (မေးတော်မူ၏)။ အသျှင်ဘုရား မဆိုခဲ့ဘူးပါ (ဟု လျှောက်၏)။

မာလုကျပုတ္တ ဤသို့သျှင် ငါကလည်း သင့်ကို "မာလုကျပုတ္တ သင်လာခဲ့လော့၊ ငါဘုရား အထံ၌ မြတ်သော အကျင့်ကို ကျင့်လော့၊ 'လောကသည် မြဲ၏ဟူ၍ ငင်း လောကသည် မမြဲဟူ၍ ငင်း။ပ။ 'သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်း မဟုတ်မဖြစ်သည်လည်း မဟုတ်'ဟူ၍ ငင်း သင့်အား ငါဘုရားဟောကြားအံ့"ဟု မဆိုခဲ့ဘူးပေ။ သင်ကလည်း ငါ့ကို "အသျှင်ဘုရား 'လောကသည် မြဲ၏ဟူ၍ ငင်း လောကသည် မမြဲ'ဟူ၍ ငင်း။ပ။'သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည် လည်း မဟုတ်၊ မဖြစ်သည်လည်း မဟုတ်' ဟူ၍ ငင်း အကျွန်ုပ်အား မြတ်စွာဘုရား ဟောကြားပြီးအံ့၊ အကျွန်ုပ်သည် မြတ်စွာဘုရားအထံ၌ မြတ်သော ရဟန်းအကျင့်ကို ကျင့်ပါအံ့"ဟူ၍လည်း မဆိုခဲ့ဘူးပေ၊ (မာဃပုရိသ) အချည်းနှီးဖြစ်သောယောကျ်ား ဤသို့ဖြစ်သော် အဘယ်သူ တောင်းပန်သည်ဖြစ်၍ အဘယ်သူ့ကို တို့ပြန်ပြောကြားရမည်နည်း။

၁၂၆။ မာလုကျပုတ္တ "လောကသည် မြဲ၏ဟူ၍ ငင်း လောကသည် မမြဲဟူ၍ ငင်း။ပ။သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်း မဟုတ်၊ မဖြစ်သည်လည်း မဟုတ် ဟူ၍ ငင်း မြတ်စွာဘုရားသည် ငါ့အား မဟောကြားသေးသမျှ ငါသည် မြတ်စွာဘုရားအထံ၌ မြတ်သော ရဟန်းအကျင့်ကို မကျင့်အံ့"ဟု အကြင်သူက ဤသို့ဆိုငြားအံ့၊ မာလုကျပုတ္တ ထိုသူသည် ထိုသို့ မကျင့်ရသေးမီပင် သေလေရာ၏၊ ထိုအကြောင်းကို ဘုရားမဟောထားသည်သာဖြစ်ရာ၏။

မာလုကျပုတ္တ ဥပမာသော်ကား ယောကျ်ားတယောက်သည် ထူထူထဲထဲ လိမ်းကျံထားသော ဆိပ်လူးမြားဖြင့်အပစ်ခံရသည်ဖြစ်ရာ၏၊ထိုယောကျ်ား၏ မိတ်ဆွေခင်ပွန်း ဆွေမျိုးသားချင်းတို့သည် မြားနုတ်တတ်သော ဆေးဆရာကို ပင့်လာကုန်ရာ၏။ ထိုမြားမှန်ခံရသော ယောကျ်ားသည် "မြားပစ်သောယောကျ်ားကို 'မင်းဟူ၍ ငင်း ပုဏ္ဏားဟူ၍ ငင်း ကုန်သည်ဟူ၍ ငင်း သူဆင်းရဲဟူ၍ ငင်း' မသိရသေးသမျှ ငါသည် ဤမြားကို မနုတ်အံ့" ဟု ဆိုရာ၏။

ထိုမြားမှန်ခံရသောယောကျ်ားသည် "မြားပစ်သော ယောကျ်ားကို 'ဤသို့သော အမည်ရှိ၏ ဤသို့သော အနွယ်ရှိ၏'ဟူ၍ မသိရသေးသမျှ ငါသည် ဤမြားကို မနုတ်အံ့"ဟု ဆိုရာ၏။ ထိုမြားမှန်ခံရသော ယောကျ်ားသည် "မြားပစ်သော ယောကျ်ားကို 'မြင့်သောသူဟူ၍ငင်း နိမ့်သော

http://www.dhammadownload.com



သူဟူ၍ ဖြင်း အလတ်ဖြစ်သောသူ'ဟူ၍ ဖြင်း မသိရသေးသမျှ ငါသည် ဤမြှားကို မနုတ်အံ့"ဟုဆိုရာ၏။ ထိုမြှားမှန်ခံရသော ယောကျ်ားသည် "မြှားပစ်သောသောယောကျ်ားကို 'မည်းနက်သောသူဟူ၍ ဖြင်း ရွှေသောသူဟူ၍ ဖြင်း ကြမ်းပိုးကျောက်ကုန်းကဲ့သို့ အဆင်းရှိသောသူ'ဟူ၍ ဖြင်း မသိရသေးသမျှ ငါသည် ဤမြှားကို မနုတ်အံ့"ဟု ဆိုရာ၏။ ထိုမြှားမှန်ခံရသော ယောကျ်ားသည် "မြှားပစ်သော ယောကျ်ားကို 'ဤအမည်ရှိသော ရွာကဟူ၍ ဖြင်း ဤအမည်ရှိသော နိဂုံးကဟူ၍ ဖြင်း ဤအမည်ရှိသော မြို့ကဟူ၍ ဖြင်း' မသိရသေးသမျှ ငါသည် ဤမြှားကို မနုတ်အံ့" ဟုဆိုရာ၏။ ထိုမြှားမှန်ခံရသော ယောကျ်ားသည် "ပစ်သောလေးကို 'လင်းလေးဟူ၍ ဖြင်း ဒူးလေးဟူ၍ဖြင်း' မသိရသေးသမျှ ငါသည် ဤမြှားကို မနုတ်အံ့"ဟု ဆိုရာ၏။ ထိုမြှားမှန်ခံရသော ယောကျ်ားသည်"ပစ်သော ညှို့ကို မုရိုးလျှော်ညှို့ ဖြစ်သည်ကိုဖြင်း ဝါးလျှော်ညှို့ ဖြစ်သည်ကိုဖြင်း အကြောညှို့ ဖြစ်သည်ကိုဖြင်း သင်ပန်းလျှော်ညှို့ ဖြစ်သည်ကိုဖြင်း ဥမ္မန်းနွယ်လျှော်ညှို့ ဖြစ်သည်ကိုဖြင်း မသိရသေးသမျှ ငါသည် ဤမြှားကို မနုတ်အံ့"ဟု ဆိုရာ၏။ ထိုမြှားမှန်ခံရသော ယောကျ်ားသည် ပစ်သော မြှားကို စိုက်ပျိုးမထားသော ချုံမှဖြစ်သော မြှားဟူ၍ဖြင်း စိုက်ပျိုးထားသောချုံမှဖြင်သော မြှားဟူ၍ဖြင်း မသိရသေးသမျှ ငါသည် ဤမြှားကို မနုတ်အံ့"ဟု ဆိုရာ၏။ ထိုမြှားခံရသော ယောကျ်ားသည်"ပစ်သောမြှားကို လင်းတတောင် သို့မဟုတ် ဘုံမတီးငှက်တောင် သို့မဟုတ် စွန်ရဲတောင် သို့မဟုတ် ဥဒေါင်းတောင် သို့မဟုတ် သိထိလဟနုအမည်ရှိသော ငှက်တောင်ဖြင့် မြှားရွက်တပ်ထားသည်"ဟု မသိရသေးသမျှ ငါသည် ဤမြှားကို မနုတ်အံ့ဟု ဆိုရာ၏။ ထိုမြှားမှန်ခံရသော ယောကျ်ားသည် "ပစ်သောမြှားကို နွားကြော သို့မဟုတ် ကျွဲကြော သို့မဟုတ် ဝံကြော သို့မဟုတ် မျောက်ကြောဖြင့် ရစ်ပတ်ထားသည်ဟု မသိရသေးသမျှ ငါသည် ဤမြှားကို မနုတ်အံ့"ဟု ဆိုရာ၏။ ထိုမြှားမှန်ခံရသော ယောကျ်ားသည် ပစ်သောမြှားကို "ပကတေ့သော မြှားဟူ၍ ဖြင်း သို့မဟုတ် သင်တုံးသွား တတ်ထားသော မြှားဟူ၍ ဖြင်း သို့မဟုတ် နားတွင်းသို့ စူးဝင်နိုင်သော မြှားဟူ၍ ဖြင်း သို့မဟုတ် အသွားတပ်သော မြှားဟူ၍ ဖြင်း သို့မဟုတ် လေးသော မြှားဟူ၍ ဖြင်း သို့မဟုတ် ကြာမြင့်မှ ရောက်သော မြှားဟူ၍ ဖြင်း မသိရသေးသမျှ ဤမြှားကို မနုတ်အံ့"ဟု ဆိုရာ၏။ မာလုကျပုတ္တ ထိုသို့မနုတ်ရသေးမီ ထိုယောကျ်ားသေသော် သေရာ၏၊ ထိုအကြောင်းကို ထိုယောကျ်ားသည် မသိနိုင်သည်သာ ဖြစ်လေရာ၏။မာလုကျပုတ္တ ဤဥပမာအတူသာလျှင် အကြင်သူသည်"လောကသည် မြဲ၏ဟူ၍ဖြင်း လောကသည်မမြဲဟူ၍ဖြင်း။ပ။သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်း မဟုတ် မဖြစ်သည်လည်း မဟုတ် ဟူ၍ဖြင်း မြတ်စွာဘုရားသည် ငါ့အား မဟောကြားသေးသမျှ ငါသည် မြတ်စွာဘုရားအထံ၌ မြတ်သောရဟန်း အကျင့်ကို မကျင့်အံ့ဟု ဤသို့ဆိုငြားအံ့၊ မာလုကျပုတ္တ ထိုသို့ မကျင့်ရသေးမီ ထိုပုဂ္ဂိုလ်သေလေရာ၏၊ ထိုအကြောင်းကို ဘုရားမဟောသည်သာ ဖြစ်ရာ၏။

၁၂၇။ မာလုကျပုတ္တ လောကသည် မြဲ၏ဟု အယူရှိလတ်သော် မြတ်သော အကျင့်ကို ကျင့်ခြင်းသည် ဖြစ်နိုင်ရာသလောဟူမူ—ဤသို့အယူရှိသော် မဖြစ်နိုင်။ မာလုကျပုတ္တ လောကသည် မမြဲဟု အယူရှိလတ်သော် မြတ်သောအကျင့်ကို ကျင့်ခြင်းသည် ဖြစ်နိုင်ရာသလောဟူမူ—ဤသို့အယူရှိသော် မဖြစ်နိုင်။ မာလုကျပုတ္တ လောကသည် မြဲ၏ဟုအယူရှိလတ်သော်ဖြင်း လောကသည် မမြဲဟု အယူရှိလတ်သော်ဖြင်း ပဋိသန္ဓေနေရခြင်းသည် ရှိသည်သာတည်း၊ အိုရခြင်းသည် ရှိသည်သာတည်း၊ သေရခြင်းသည် ရှိသည်သာတည်း၊ ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာပင်ပန်းခြင်းတို့သည် ရှိကုန်သည်သာတည်း၊ ယင်းတရားတို့ကို မျက်မှောက်

သော ကိုယ်၏ အဖြစ်၌ပင် ဖျက်ဆီးရမည်ဟု ငါပညတ်၏။ မာလုကျပုတ္တ လောကသည် အဆုံး ရှိ၏ဟု အယူရှိလတ်သော် မြတ်သော အကျင့်ကို ကျင့်ခြင်းသည် ဖြစ်နိုင်ရာသလော ဟူမူ— ဤသို့ အယူရှိသော် မဖြစ်နိုင်။ မာလုကျပုတ္တ လောကသည် အဆုံးမရှိဟု အယူရှိလတ်သော် မြတ်သော အကျင့်ကို ကျင့်ခြင်းသည် ဖြစ်နိုင်ရာသလောဟူမူ— ဤသို့ အယူရှိလတ်သော် မဖြစ်နိုင်။ မာလုကျပုတ္တ လောကသည် အဆုံးရှိ၏ဟု အယူရှိလတ်သော်ငြား လောကသည် အဆုံးမရှိဟု အယူရှိလတ်သော်ငြား ပဋိသန္ဓေဟူသည်နေရခြင်းသည် ရှိသည်သာတည်း၊ အိုရခြင်းသည် ရှိသည်သာ တည်း၊ သေရခြင်းသည် ရှိသည်သာတည်း။ ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲ ခြင်း ပြင်းစွာပင်ပန်းခြင်းတို့သည် ရှိကုန်သည်သာတည်း၊ ယင်းတရားတို့ကို မျက်မှောက်သော ကိုယ် ၏ အဖြစ်၌ပင် ဖျက်ဆီးရမည်ဟု ငါပညတ်၏။

မာလုကျပုတ္တ ထိုအသက်သည်ပင် ထိုကိုယ်တည်းဟု အယူရှိလတ်သော် မြတ်သောအကျင့် ကို ကျင့်ခြင်းသည် ဖြစ်နိုင်ရာသလောဟူမူ—ဤသို့အယူရှိသော် မဖြစ်နိုင်။ မာလုကျပုတ္တ အသက် သည်တခြား ကိုယ်သည်တခြားတည်း ဟုအယူရှိလတ်သော် မြတ်သော အကျင့်ကို ကျင့်ခြင်းသည် ဖြစ်နိုင်ရာသလောဟူမူ—ဤသို့အယူရှိသော် မဖြစ်နိုင်။မာလုကျပုတ္တ ထိုအသက်သည်ပင် ထိုကိုယ် တည်းဟု အယူရှိလတ်သော်ငြား အသက်သည်တခြား ကိုယ်သည်တခြားတည်းဟု အယူရှိလတ် သော်ငြား ပဋိသန္ဓေဟူသည်နေရခြင်းသည် ရှိသည်သာလျှင်တည်း။ပ။ဖျက်ဆီးရမည်ဟု ငါပညတ်၏။ မာလုကျပုတ္တ သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်၏ဟု အယူ ရှိလတ်သော် မြတ်သော အကျင့်ကို ကျင့်ခြင်းသည် ဖြစ်နိုင်ရာသလောဟူမူ—ဤသို့ အယူရှိသော် မဖြစ်နိုင်။ မာလုကျပုတ္တ သတ္တဝါသည် သေသည်မှ နောက်၌ မဖြစ်ဟု အယူရှိလတ်သော် မြတ်သောအကျင့်ကို ကျင့်ခြင်း သည် ဖြစ်နိုင်ရာသလောဟူမူ—ဤသို့ အယူရှိသော် မဖြစ်နိုင်။ မာလုကျပုတ္တ သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်ရာ၏ဟု အယူရှိသော်ငြား သတ္တဝါသည် သေသည်မှ နောက်၌ မဖြစ်ဟု အယူရှိလတ်သော်ငြား ပဋိသန္ဓေဟူသည်နေရခြင်းသည် ရှိသည်သာတည်း။ပ။ ယင်းတရား တို့ကို မျက်မှောက်သောကိုယ်၏ အဖြစ်၌ပင် ဖျက်ဆီးရမည်ဟု ငါပညတ်၏။

မာလုကျပုတ္တ သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်လည်း ဖြစ်၏ ဖြစ်လည်း မဖြစ်ဟု အယူရှိလတ်သော် မြတ်သော အကျင့်ကို ကျင့်သုံးခြင်းသည် ဖြစ်နိုင်ရာသလောဟူမူ—ဤသို့အယူ ရှိသော် မဖြစ်နိုင်။ မာလုကျပုတ္တ သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်သည်လည်း မဟုတ် မဖြစ်သည်လည်းမဟုတ်ဟု အယူရှိလတ်သော် မြတ်သောအကျင့်ကို ကျင့်သုံးခြင်းသည် ဖြစ်နိုင်ရာ သလောဟူမူ—ဤသို့အယူရှိသော် မဖြစ်နိုင်။ မာလုကျပုတ္တ သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်လည်းဖြစ်၏ ဖြစ်လည်းမဖြစ်ဟု အယူရှိလတ်သော်ငြား သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်သည်လည်း မဟုတ်၊ မဖြစ်သည်လည်း မဟုတ်ဟု အယူရှိလတ်သော် မြတ်သောအကျင့်ကို ကျင့်သုံးခြင်းသည် ဖြစ်နိုင်ရာသလောဟူမူ —ဤသို့အယူရှိသော် မဖြစ်နိုင်။ မာလုကျပုတ္တ သတ္တဝါ သည် သေသည်မှနောက်၌ ဖြစ်လည်း ဖြစ်၏၊ ဖြစ်လည်း မဖြစ်ဟု အယူရှိလတ်သော်ငြား သတ္တဝါ သည် သေသည်မှ နောက်၌ ဖြစ်သည်လည်းမဟုတ်၊ မဖြစ်သည်လည်းမဟုတ်ဟု အယူရှိလတ် သော်ငြား ပဋိသန္ဓေဟူသည်နေရခြင်းသည် ရှိသည်သာတည်း။ပ။ ယင်းတရားကို မျက်မှောက်သော ကိုယ်၏အဖြစ်၌ပင် ဖျက်ဆီးရမည်ဟု ငါပညတ်၏။

၁၂၈။ မာလုကျပုတ္တ ထို့ကြောင့် ဤသာသနာတော်၌ သင်သည် ငါမဟောကြားသည်ကို လည်း မဟောကြားသည့်အတိုင်း မှတ်သားလော့၊ ငါဟောကြားသည်ကိုလည်း ဟောကြားသည့်

http://www.dhammadownload.com



အတိုင်း မှတ်သားလော့၊ မာလုကျပုတ္တ ငါမဟောကြားသည်မှာ အဘယ်နည်း— မာလုကျပုတ္တ လောကသည် မြဲ၏ဟု ငါမဟောကြား၊ လောကသည် မမြဲဟု ငါမဟောကြား လောကသည် အဆုံးရှိ၏ဟု ငါမဟောကြား၊ လောကသည် အဆုံးမရှိဟု ငါမဟောကြား၊ ထိုအသက်သည်ပင် ထိုကိုယ်တည်း ဟု ငါမဟောကြား၊အသက်သည် တခြား ကိုယ်သည် တခြားဟု ငါမဟောကြား၊ သတ္တဝါသည် သေသည်မှနောက်၌ဖြစ်၏ဟု ငါမဟောကြား၊ သတ္တဝါသည် သေသည်မှနောက်၌ မဖြစ်ဟု ငါမဟောကြား၊ သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်လည်းဖြစ်၏၊ ဖြစ်လည်း မဖြစ်ဟု ငါမဟောကြား၊ သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်သည်လည်းမဟုတ်၊ မဖြစ်သည်လည်း မဟုတ်ဟု ငါမဟောကြား။ မာလုကျပုတ္တ ထိုအကြောင်းကို အဘယ့်ကြောင့် ငါမဟောကြားသနည်း၊ မာလုကျပုတ္တ ထိုအကြောင်းသည် အကျိုးစီးပွါးနှင့် မစပ်၊မြတ်သော သာသနာတော်၏ အစအနမျှလည်း မဖြစ်၊ ဝဋ်ဆင်းရဲကို ငြီးငွေ့ခြင်းငှါ မဖြစ်နိုင်၊ရာဂကင်းခြင်းငှါ မဖြစ်နိုင်၊ ရာဂချုပ်ခြင်းငှါ မဖြစ်နိုင်၊ကိလေသာမီး ငြိမ်းအေးခြင်းငှါ မဖြစ်နိုင်၊ ထူးသောဉာဏ်ဖြင့် သိခြင်းငှါ မဖြစ်နိုင်၊ သစ္စာလေးပါးကို သိခြင်းငှါ မဖြစ်နိုင်၊ ချုပ်ခြင်းငှါ မဖြစ်နိုင်၊ ထို့ကြောင့် ထိုအကြောင်းအရာကို ငါဘုရားမဟောကြား။

မာလုကျပုတ္တ အဘယ်ကို ငါဘုရားဟောကြားသနည်း—မာလုကျပုတ္တ ဤကား ဆင်းရဲတည်းဟု ငါဘုရားဟောကြား၏၊ဤကား ဆင်းရဲဖြစ်ကြောင်းတည်း ဟု ငါဘုရားဟောကြား၏။ ဤကား ဆင်းရဲချုပ်ရာတည်းဟု ငါဘုရားဟောကြား၏။ ဤကား ဆင်းရဲချုပ်ရာသို့ ရောက်ကြောင်း အကျင့်တည်းဟု ငါဘုရား ဟောကြား၏။ မာလုကျပုတ္တ ထိုတရားကို အဘယ့်ကြောင့် ငါဟောကြားသနည်း—မာလုကျပုတ္တ ထိုတရားသည် အကျိုးစီးပွါးနှင့်စပ်၏၊ ထိုတရားသည် မြတ်သောအကျင့်ဖြစ်သော သာသနာတော်၏ အစအနဖြစ်၏၊ ဝဋ်ဆင်းရဲ၌ ငြီးငွေ့ခြင်းငှါ ရာဂကင်းခြင်းငှါ ရာဂချုပ်ခြင်းငှါ ကိလေသာမီး ငြိမ်းခြင်းငှါ ထူးသောဉာဏ်ဖြင့် သိခြင်းငှါ သစ္စာလေးပါးကို သိခြင်းငှါ ချုပ်ငြိမ်းခြင်းငှါ ဖြစ်၏၊ ထို့ကြောင့် ထိုတရားကို ငါဟောကြား၏။ မာလုကျပုတ္တ ထို့ကြောင့် သာလျှင် သင်တို့သည် ဤငါမဟောကြားသည်ကို မဟောကြားသည့်အတိုင်း မှတ်ကြကုန်လော့၊ငါဟောကြားသည်ကိုလည်း ဟောကြားသည့်အတိုင်း မှတ်သားကြကုန်လော့ဟု မြတ်စွာဘုရားသည် ဤတရားတော်ကို မိန့်ကြားတော်မူ၏။ အသျှင်မာလုကျပုတ္တသည် မြတ်စွာဘုရား၏ တရားတော်ကို နှစ်ခြိုက်ဝမ်းမြောက်လေ၏။

**သုံးခုမြောက် စူဠမာလုကျသုတ် ပြီး၏။**

---

## ၄-မဟာမာလုကျသုတ်

၁၂၉။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို ရဟန်းတို့ ဟု ခေါ်တော်မူ၏။ ရဟန်းတို့က အသျှင်ဘုရားဟု ပြန်ကြားလျှောက်ထားကြကုန်၏။ မြတ်စွာဘုရားသည် "ရဟန်းတို့ သင်တို့သည် ငါဟောကြားထားသော အောက်ဟန်း၌ ဖြစ်စေတတ်သည့် သံယောဇဉ်ငါးပါးတို့ကို မှတ်မိကြကုန်၏လော" ဟု မိန့်တော်မူ၏။

http://www.dhammadownload.com



ဤသို့ မိန့်တော်မူသော် အသျှင်မာလုကျပုတ္တသည် "အသျှင်ဘုရား တပည့်တော်သည် မြတ်စွာဘုရား ဟောကြားထားသော အောက်တန်း၌ ဖြစ်စေတတ်သည့် သံယောဇဉ်ငါးပါးတို့ကို မှတ်သားမိပါ၏"ဟု မြတ်စွာဘုရားအား လျှောက်ထား၏။ မာလုကျပုတ္တ သင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ငါဟောကြားထားသော အောက်တန်း၌ ဖြစ်စေတတ်သည့် သံယောဇဉ်ငါးပါးတို့ကို မှတ်သားမိသနည်း ဟု (မေးတော်မူ၏)။ အသျှင်ဘုရား အကျွန်ုပ်သည် သက္ကာယဒိဋ္ဌိ'မိမိကိုယ်ကောင်၌ ငါဟု စွဲယူမှု'ကို အောက်တန်း၌ ဖြစ်စေတတ်သည့် သံယောဇဉ်ဟု မြတ်စွာဘုရား ဟောထားသည်ကို မှတ်သားမိပါ၏။ အသျှင်ဘုရား အကျွန်ုပ်သည် ဝိစိကိစ္ဆာ 'ယုံမှားမှု'ကို အောက်တန်း၌ ဖြစ်စေတတ်သည့် သံယောဇဉ်ဟု မြတ်စွာဘုရား ဟောထားသည်ကို မှတ်သားမိပါ၏၊ အသျှင်ဘုရား အကျွန်ုပ်သည် သီလဗ္ဗတပရာမာသ'အလေ့အကျင့်တို့၌ အမှားသုံးသပ်မှု'ကို အောက်တန်း၌ ဖြစ်စေတတ်သည့်သံယောဇဉ်ဟု မြတ်စွာဘုရားဟောထားသည်ကို မှတ်သားမိပါ၏၊ အသျှင်ဘုရား အကျွန်ုပ်သည် ကာမစ္ဆန္ဒ 'ကာမဂုဏ်တို့၌ လိုလားမှု' ကို အောက်တန်း၌ ဖြစ်စေတတ်သည့် သံယောဇဉ်ဟု မြတ်စွာဘုရား ဟောထားသည်ကို မှတ်သားမိပါ၏၊ အသျှင်ဘုရား အကျွန်ုပ်သည် ဗျာပါဒ 'ဖျက်ဆီးလိုမှု'ကို အောက်တန်း၌ ဖြစ်စေတတ်သည့် သံယောဇဉ်ဟု မြတ်စွာဘုရားဟောထားသည်ကို မှတ်သားမိပါ၏၊ အသျှင်ဘုရား အကျွန်ုပ်သည် ဤသို့လျှင် မြတ်စွာဘုရား ဟောကြားထားသော အောက်တန်း၌ ဖြစ်စေတတ်သည့် သံယောဇဉ်ငါးပါးတို့ကို မှတ်သားမိပါ၏ဟု (လျှောက်၏)။

မာလုကျပုတ္တ သင်သည် အဘယ်မည်သောသူအား ဤသို့ အောက်တန်း၌ ဖြစ်စေတတ်သည့် သံယောဇဉ်ငါးပါးတို့ကို ငါဟောကြားထားသည်ကို မှတ်သားမိသနည်း။ မာလုကျပုတ္တ အယူတပါးရှိကြသော ပရိဗိုဇ်တို့သည် သူငယ်လျှင် ဥပမာရှိသော ဤဆိုမည့် စွပ်စွဲခြင်းဖြင့် စွပ်စွဲကြကုန်မည်မဟုတ်လော။ မာလုကျပုတ္တ ပက်လက်အိပ်အရွယ် လူမမယ်ဖြစ်သော ကလေးသူငယ်အား ငါ့ကိုယ်ကောင်ဟူ၍မျှလည်း မဖြစ်သေး၊ ထိုသူငယ်အား ငါ့ကိုယ်ကောင်၌ ငါဟု စွဲယူမှုသည်ကား အဘယ်မှာဖြစ်နိုင်အံ့နည်း၊ သို့ရာတွင် ထိုသူငယ်အား ငါ့ကိုယ်ကောင်၌ ငါဟု စွဲယူမှု အကိန်းကား ကိန်းနေသည်သာတည်း။ မာလုကျပုတ္တ ပက်လက်အိပ်အရွယ် လူမမယ်ဖြစ်သော ကလေးသူငယ်အား သဘာဝဓမ္မတို့ ဟူ၍မျှလည်း မဖြစ်သေး၊ ထိုသူငယ်အား သဘာဝဓမ္မတို့၌ ယုံမှားမှု အဘယ်မှာ ဖြစ်နိုင်ပါအံ့နည်း၊ (သို့ရာတွင်)ထိုသူငယ်အား ယုံမှားမှုအကိန်းကား ကိန်းနေသည်သာတည်း။

မာလုကျပုတ္တ ပက်လက်အိပ်အရွယ် လူမမယ်ဖြစ်သော ကလေးသူငယ်အား အလေ့ဟူ၍မျှလည်း မဖြစ်သေး၊ထိုသူငယ်အား အလေ့တို့၌ အလေ့အကျင့်ကို အမှား သုံးသပ်မှုသည် အဘယ်မှာ ဖြစ်နိုင်ပါအံ့နည်း၊ (သို့ရာတွင်)ထိုသူငယ်အား အလေ့အကျင့်တို့၌ အမှား သုံးသပ်မှု အကိန်းကား ကိန်းနေသည်သာတည်း။

မာလုကျပုတ္တ ပက်လက်အိပ်အရွယ် လူမမယ်ဖြစ်သော ကလေးသူငယ်အား ကာမဂုဏ်တို့ဟူ၍မျှလည်း မဖြစ်သေး၊ ထိုသူငယ်အား ကာမဂုဏ်တို့၌ လိုလားမှု အဘယ်မှာ ဖြစ်နိုင်ပါအံ့နည်း၊ (သို့ရာတွင်)ထိုသူငယ်အား ကာမဂုဏ်တို့၌ လိုလားမှု အကိန်းကား ကိန်းနေသည်သာတည်း။

မာလုကျပုတ္တ ပက်လက်အိပ်အရွယ် လူမမယ်ဖြစ်သော ကလေးသူငယ်အား သတ္တဝါတို့ဟူ၍မျှလည်း မဖြစ်သေး၊ ထိုသူငယ်အား သတ္တဝါတို့၌ ဖျက်ဆီးလိုမှု အဘယ်မှာ ဖြစ်နိုင်ပါအံ့နည်း၊ (သို့

http://www.dhammadownload.com



ရာဘွင်)ထိုသူငယ်အား သတ္တဝါတို့၌ ဖျက်ဆီးလိုမှု အကိန်းကား ကိန်းနေသည်သာတည်း။ မာလုကျပုတ္တ အယူတပါးရှိကြသော ပရိဗိုဇ်တို့သည် သူငယ်နှင့်လျှင် ဥပမာရှိသော ဤဆိုခဲ့ပြီးသည့် စွပ်စွဲခြင်းဖြင့် စွပ်စွဲကြကုန်သည် မဟုတ်လောဟု (မေးတော်မူ၏)။

ဤသို့ မိန့်တော်မူသော် အသျှင်အာနန္ဒာသည် "မြတ်စွာဘုရား အောက်တန်း၌ ဖြစ်စေတတ်သည့် သံယောဇဉ်ငါးပါးတို့ကို မြတ်စွာဘုရား ဟောကြားတော်မူဘို့ရန် အခါပါတည်း၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား အောက်တန်း၌ ဖြစ်စေတတ်သည့် သံယောဇဉ် ငါးပါးဘို့ကို မြတ်စွာဘုရား ဟောကြားတော်မူဘို့ရန် အခါပါတည်း၊ မြတ်စွာဘုရားအထံမှ ကြားနာကြရ၍ ရဟန်းတော်တို့သည် မှတ်သားကြရပါကုန်လတ္တံ့"ဟု မြတ်စွာဘုရားအား လျှောက်ထား၏။ အာနန္ဒာ ထိုသို့ဖြစ်မူ နာလော့၊ ကောင်းစွာ နှလုံးသွင်းလော့၊ ဟောကြားပေအံ့ ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား ကောင်းပါပြီ ဟု အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ပြန်၍ လျှောက်ကြား၏။ မြတ်စွာဘုရားသည် ဤသို့မိန့်တော်မူ၏—

၁၃၀။ အာနန္ဒာ အရိယာပုဂ္ဂိုလ်တို့ကို ပညာမျက်စိဖြင့် မမြင်သော အရိယာပုဂ္ဂိုလ်တို့၏ တရား၌ မလိမ္မာသော အရိယာပုဂ္ဂိုလ်တို့၏ တရား၌ မဆုံးမအပ်သေးသော၊ သူတော်ကောင်းတို့ကို မဖူးမြင်သော သူတော်ကောင်းတို့ တရား၌ မလိမ္မာသော သူတော်ကောင်းတို့ တရား၌ မဆုံးမအပ်သေးသော အကြားအမြင်မရှိသော ပုထုဇဉ်ပုဂ္ဂိုလ်သည် မိမိကိုယ်ကောင်၌ ငါဟု စွဲယူမှု မေးရှက်နေသော မိမိကိုယ်ကောင်၌ ငါဟု စွဲယူမှု ဖြစ်၍ နေသော စိတ်ဖြင့် နေထိုင်၏၊ ဖြစ်ပေါ်လာသော သက္ကာယဒိဋ္ဌိ'မိမိကိုယ်ကောင်၌ ငါဟု စွဲယူမှု'၏ ထွက်မြောက်ရာကိုလည်း ဟုတ်တိုင်းမှန်စွာမသိ၊ထို ပုဂ္ဂိုလ်၏ အားစွမ်းရှိနေသော မပယ်ဖျက်ရသေးသော ထိုမိမိကိုယ်ကောင်၌ငါဟု စွဲယူမှုသည် အောက်တန်း၌ဖြစ်စေတတ်သည့် သံယောဇဉ် မည်၏။

ယုံမှားမှု မေးရှက်နေသော ယုံမှားမှု ဖြစ်၍ နေသော စိတ်ဖြင့် နေထိုင်၏၊ ဖြစ်ပေါ်လာသော ဝိစိကိစ္ဆာ 'ယုံမှားမှု'၏ ထွက်မြောက်ရာကိုလည်း ဟုတ်တိုင်းမှန်စွာ မသိ၊ ထိုပုဂ္ဂိုလ်၏ အားစွမ်းရှိနေသော မပယ်ဖျက်ရသေးသော ထိုယုံမှားမှုသည် အောက်တန်း၌ ဖြစ်စေတတ်သည့် သံယောဇဉ် မည်၏။

အလေ့အကျင့်၌ အမှားသုံးသပ်ခြင်း မေးရှက်နေသော အလေ့အကျင့်၌ အမှားသုံးသပ်ခြင်း ဖြစ်၍နေသော စိတ်ဖြင့် နေထိုင်၏၊ ဖြစ်ပေါ်လာသော သီလဗ္ဗတပရာမာသ 'အလေ့အကျင့်၌ အမှားသုံးသပ်မှု'၏ထွက်မြောက်ရာကိုလည်း ဟုတ်တိုင်းမှန်စွာ မသိ၊ထိုပုဂ္ဂိုလ်၏ အားစွမ်းရှိနေသော မပယ်ဖျက်ရသေးသော ထိုအလေ့အကျင့်၌ အမှားသုံးသပ်မှုသည် အောက်တန်း၌ ဖြစ်စေတတ်သည့် သံယောဇဉ် မည်၏။

ကာမဂုဏ်တပ်မက်မှု မေးရှက်နေသော ကာမဂုဏ်တပ်မက်မှု ဖြစ်၍နေသော စိတ်ဖြင့် နေထိုင်၏၊ ဖြစ်ပေါ်လာသော ကာမရာဂ 'ကာမဂုဏ်တပ်မက်မှု'၏ ထွက်မြောက်ရာကိုလည်း ဟုတ်တိုင်းမှန်စွာမသိ၊ ထိုပုဂ္ဂိုလ်၏အားစွမ်းရှိနေသော မပယ်ဖျက်ရသေးသော ထိုကာမဂုဏ်တပ်မက်မှုသည် အောက်တန်း၌ ဖြစ်စေတတ်သည့် သံယောဇဉ် မည်၏။

ဖျက်ဆီးလိုမှု မေးရှက်နေသော ဖျက်ဆီးလိုမှု ဖြစ်၍နေသော စိတ်ဖြင့် နေထိုင်၏၊ ဖြစ်ပေါ်လာသော ဗျာပါဒ 'ဖျက်ဆီးလိုမှု'၏ ထွက်မြောက်ရာကိုလည်း ဟုတ်တိုင်းမှန်စွာ မသိ၊ထိုပုဂ္ဂိုလ်၏

http://www.dhammadownload.com



အားစွမ်းရှိနေသော မပယ်ဖျက်ရသေးသော ဖျက်ဆီးလိုမှုသည် အောက်တန်း၌ ဖြစ်စေတတ်သည့် သံယောဇဉ် မည်၏။

၁၃၁။ အာနန္ဒာ အရိယာပုဂ္ဂိုလ်တို့ကို ပညာမျက်စိဖြင့် မြင်သော အရိယာပုဂ္ဂိုလ်တို့၏ တရား၌ လိမ္မာသော အရိယာပုဂ္ဂိုလ်တို့၏ တရား၌ ဆုံးမအပ်ပြီးသော၊ သူတော်ကောင်းတို့ကို မြင်သော သူတော်ကောင်းတရား၌ လိမ္မာသော သူတော်ကောင်းတို့၏ တရား၌ ဆုံးမအပ်ပြီးသော အကြားအမြင်ရှိသော အရိယာ၏တပည့်သည် မိမိကိုယ်ကောင်၌ ငါဟု စွဲယူမှု မမေ့ရှက်သော မိမိကိုယ်ကောင်၌ ငါဟု စွဲယူမှုမဖြစ်သော စိတ်ဖြင့် နေထိုင်၏၊ ဖြစ်ပေါ်လာသော သက္ကာယဒိဋ္ဌိ မိမိကိုယ်ကောင်၌ ငါဟု စွဲယူမှု၏ ထွက်မြောက်ရာကိုလည်း ဟုတ်တိုင်းမှန်စွာသိ၏၊ ထိုသူအား ထိုသက္ကာယဒိဋ္ဌိ 'မိမိကိုယ်ကောင်၌ ငါဟု စွဲယူမှု'သည် အနုသယနှင့် တကွ ပျောက်ကင်း၏။

ယုံမှားမှု မမေ့ရှက်သော ယုံမှားမှု မဖြစ်သော စိတ်ဖြင့် နေထိုင်၏၊ ဖြစ်ပေါ်လာသော ဝိစိကိစ္ဆာ 'ယုံမှားမှု' ၏ ထွက်မြောက်ရာကိုလည်း ဟုတ်တိုင်းမှန်စွာသိ၏၊ ထိုသူအား ထိုဝိစိကိစ္ဆာ 'ယုံမှားမှု'သည် အနုသယနှင့်တကွ ပျောက်ကင်း၏။

အလေ့အကျင့်၌ အမှားသုံးသပ်မှု မမေ့ရှက်သော အလေ့အကျင့်၌ အမှားသုံးသပ်မှု မဖြစ်သော စိတ်ဖြင့် နေထိုင်၏၊ဖြစ်ပေါ်လာသော သီလဗ္ဗတပရာမာသ'အလေ့အကျင့်၌ အမှားသုံးသပ်မှု၏ ထွက်မြောက်ရာကိုလည်း ဟုတ်တိုင်းမှန်စွာသိ၏၊ ထိုသူအား ထိုသီလဗ္ဗတပရာမာသ 'အလေ့အကျင့်၌ အမှားသုံးသပ်မှု'သည် အနုသယနှင့်တကွ ပျောက်ကင်း၏။

ကာမဂုဏ် တပ်မက်မှု မမေ့ရှက်သော ကာမဂုဏ် တပ်မက်မှု မဖြစ်သော စိတ်ဖြင့် နေထိုင်၏၊ ဖြစ်ပေါ်လာသော ကာမရာဂ'ကာမဂုဏ်တပ်မက်မှု'၏ ထွက်မြောက်ရာကိုလည်း ဟုတ်တိုင်းမှန်စွာသိ၏၊ ထိုသူအား ထိုကာမရာဂ'ကာမဂုဏ်တပ်မက်မှု'သည် အနုသယနှင့်တကွ ပျောက်ကင်း၏။

ဖျက်ဆီးလိုမှု မမေ့ရှက်သော ဖျက်ဆီးလိုမှု မဖြစ်သော စိတ်ဖြင့် နေထိုင်၏၊ ဖြစ်ပေါ်လာသော ဗျာပါဒ 'ဖျက်ဆီးလိုမှု' ၏ ထွက်မြောက်ရာကိုလည်း ဟုတ်တိုင်းမှန်စွာ သိ၏၊ ထိုသူအား ထိုဗျာပါဒ 'ဖျက်ဆီးလိုမှု' သည် အနုသယနှင့်တကွ ပျောက်ကင်း၏။

၁၃၂။ အာနန္ဒာ အောက်တန်း၌ ဖြစ်စေတတ်သည့် သံယောဇဉ် ငါးပါးတို့ကို ပယ်ပျောက်ရန် ဖြစ်သော လမ်းကြောင်းအကျင့်ကို မစွဲယူ မကျင့်ကြံမူ၍ အောက်တန်း၌ ဖြစ်စေတတ်သည့် သံယောဇဉ် ငါးပါးတို့ကို သိနိုင် မြင်နိုင် ပယ်နိုင် သတ်နိုင်ရာသော အကြောင်းသည် မရှိသည်သာတည်း။

အာနန္ဒာ ဥပမာသော်ကား တည်တံ့နေသော အနှစ်ရှိသော သစ်ပင်ကြီး၏ အခွံနှင့်အကာကို မဖြတ်ပဲ အနှစ်ကို ဖြတ်နိုင်ရာသော အကြောင်းသည် မရှိနိုင်သကဲ့သို့ ဤအတူသာလျှင် အောက်တန်း၌ ဖြစ်စေတတ်သည့် သံယောဇဉ် ငါးပါးတို့ကို ပယ်သတ်ရန် ဖြစ်သော လမ်းကြောင်းအကျင့်ကို မစွဲယူ မကျင့်ကြံမူ၍ အောက်တန်း၌ ဖြစ်စေတတ်သည့် သံယောဇဉ်ငါးပါးတို့ကို သိနိုင် မြင်နိုင် ပယ်သတ်နိုင်ရာသော အကြောင်းသည် မရှိသည်သာတည်း။

အာနန္ဒာ အောက်တန်း၌ ဖြစ်စေတတ်သည့် သံယောဇဉ် ငါးပါးတို့ကို ပယ်စွန့်ရန်ဖြစ်သော လမ်းကြောင်းအကျင့်ကို စွဲယူကျင့်ကြံ၍ အောက်တန်း၌ ဖြစ်စေတတ်သည့် သံယောဇဉ်ငါးပါးတို့ကို သိနိုင် မြင်နိုင် ပယ်နိုင်ရာသော အကြောင်းသည် ရှိသည်သာတည်း။

http://www.dhammadownload.com



အာနန္ဒာ ဥပမာသော်ကား တည်ဘဲ့နေသော အနှစ်ရှိသော သစ်ပင်ကြီး၏ အခွံနှင့် အကာကို ဖြတ်ပြီးမှသာလျှင် အနှစ်ကို ဖြတ်နိုင်ရာသော အကြောင်းသည် ရှိနိုင်ရာသကဲ့သို့ ဤအတူသာလျှင် အောက်တန်း၌ ဖြစ်စေတတ်သည့် သံယောဇဉ်ငါးပါးတို့ကို ပယ်စွန့်ရန် ဖြစ်သော လမ်းကြောင်း အကျင့်ကို စွဲယူကျင့်ကြံပြီးမှသာလျှင် အောက်တန်း၌ ဖြစ်စေတတ်သည့် သံယောဇဉ်ငါးပါးတို့ကို သိနိုင် မြင်နိုင် ပယ်စွန့်နိုင်ရာသော အကြောင်းသည် ရှိသည်သာတည်း။

အာနန္ဒာ ဥပမာတနည်းသော်ကား ဂင်္ဂါမြစ်သည် ရေပြည့်၏၊ ကမ်းနှင့်ညီမျှ၏၊ ကျီးငှက် သောက်နိုင်၏၊ ထိုအခါ အားနည်းသော ယောကျ်ားတယောက်သည် "ငါသည် ဂင်္ဂါမြစ်ရေအယဉ်ကို လက်ရုံးဖြင့်ဖြတ်၍ ဖီလာကန့်လန့်ပင် ကမ်းတဖက်သို့ ချမ်းသာစွာ ကူးအံ့"ဟု ဆို၍ လာရာ၏၊ ထို ယောကျ်ားသည် ဂင်္ဂါမြစ်၏ ရေအယဉ်ကို လက်ရုံးဖြင့်ဖြတ်၍ ဖီလာကန့်လန့် ကမ်းတဖက်သို့ ချမ်းသာစွာ ကူးခြင်းငှါ မစွမ်းနိုင်ရာသကဲ့သို့ ဤအတူသာလျှင် မည်သည့်ပုဂ္ဂိုလ်တို့အား မဆို မိမိ ကိုယ်ကောင်ချုပ်ငြိမ်းစိမ့်သောငှါ တရားဟောသည်ရှိသော် စိတ်သည် မသက်ဝင် မကြည်လင်၊ ကောင်းစွာ မတည်၊ လွတ်လွတ်မဝင်၊ ဤသူတို့ကို ထိုအားနည်းသော ယောကျ်ားကဲ့သို့ မှတ်ရမည်။

အာနန္ဒာ ဥပမာသော်ကား ဂင်္ဂါမြစ်သည် ရေပြည့်၏၊ ကမ်းနှင့်ညီမျှ၏၊ ကျီးငှက်သောက်နိုင်၏၊ ထိုအခါ အားကြီးသော ယောကျ်ားတယောက်သည် "ငါသည် ဤဂင်္ဂါမြစ်၏ ရေအယဉ်ကို လက်ရုံး ဖြင့်ဖြတ်၍ ဖီလာကန့်လန့်ပင် ကမ်းတဖက် သို့ ချမ်းသာစွာ ကူးအံ့"ဟု ဆို၍ လာရာ၏။ ထိုယောကျ်ား သည် ဂင်္ဂါမြစ်၏ ရေအယဉ်ကို လက်ရုံးဖြင့်ဖြတ်၍ ဖီလာကန့်လန့် ကမ်းတဖက်သို့ ချမ်းသာစွာ ကူးခြင်းငှါ စွမ်းနိုင်ရာသကဲ့သို့ ဤအတူသာလျှင် မည်သည့်ပုဂ္ဂိုလ်တို့အားမဆို မိမိကိုယ်ကောင် ချုပ်ငြိမ်းစိမ့်သောငှါ တရားဟောသည်ရှိသော် စိတ်သည် သက်ဝင်၏၊ ကြည်လင်၏၊ ကောင်းစွာ တည်၏၊ လွတ်လွတ်ဝင်၏။ ဤသူတို့ကို ထိုအားရှိသော ယောကျ်ားကဲ့သို့ မှတ်ရမည်။

၁၃၃။ အာနန္ဒာ အောက်တန်း၌ ဖြစ်စေတတ်သည့် သံယောဇဉ်ငါးပါးတို့ကို ပယ်စွန့်ရန် လမ်းကြောင်းကား အဘယ်နည်း အကျင့်ကား အဘယ်နည်း။ အာနန္ဒာ ဤသာသနာတော်၌ ရဟန်းသည် ကာမဂုဏ် ကင်းဆိတ်ခြင်းဖြင့် အကုသိုလ်တရားတို့ကို ပယ်ခြင်းကြောင့် အချင်း ခပ်သိမ်း ကိုယ်လေးလံခြင်းတို့၏ ငြိမ်းခြင်းကြောင့် ကာမဂုဏ်တို့မှကင်းဆိတ်၍သာလျှင် အကုသိုလ် တရားတို့မှ ကင်းဆိတ်၍သာလျှင် ဝိတက်နှင့်လည်းတကွ ဝိစာရနှင့်လည်းတကွဖြစ်သော ဆိတ်ငြိမ်မှု ဝိဝေကကြောင့်ဖြစ်သော ပီတိသုခရှိသော ပဌမဈာန်သို့ရောက်၍နေ၏။

ထိုရဟန်းသည် ထိုသမာပတ်၌ ပါဝင်သော ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တရားတို့ကို မမြဲသောအားဖြင့် မချမ်းသာသောအားဖြင့် ရောဂါအားဖြင့် အိုင်းအမာအားဖြင့် မြားငြောင့် အားဖြင့် ဆင်းရဲအားဖြင့် အနာအားဖြင့် သူစိမ်းပြင်ပအားဖြင့် ပျက်စီးတတ်သောအားဖြင့် သတ္တမှ ကင်းသောအားဖြင့် အနှစ်အသားမရှိသောအားဖြင့် ကောင်းစွာရှု၏၊ ထိုရဟန်းသည် ထိုခန္ဓာငါးပါး တို့မှ စိတ်ကို ကွာစေ၏၊ ထိုရဟန်းသည် ထိုခန္ဓာငါးပါးတရားတို့မှ စိတ်ကိုကွာစေ၍ "သင်္ခါရ အားလုံး တို့၏ ငြိမ်းခြင်း ဥပဓိအားလုံးတို့ကို စွန့်လွှတ်ခြင်း တောင့်တမှု ကုန်ခြင်း တပ်မက်မှု ကင်းခြင်း ချုပ်ခြင်း ငြိမ်းခြင်းသည် ငြိမ်သက်၏ မွန်မြတ်၏"ဟု အမြိုက်ဓာတ်သို့စိတ်ကို ရှေးရှုဆောင်၏၊ ထို ရဟန်းသည် ထိုဝိပဿနာ၌ တည်လျက် အာသဝေါ တရားကုန်ခြင်းသို့ ရောက်၏၊ အာသဝေါ ကုန်ခြင်းသို့ အကယ်၍ မရောက်သည်ဖြစ်အံ့၊ ထိုဝိပဿနာတရား၌ တပ်မက်မှုဖြင့် ထိုဝိပဿနာ တရား၌ နှစ်သက်ခြင်းဖြင့် အောက်တန်း၌ ဖြစ်စေတတ်သည့် သံယောဇဉ် ငါးပါးတို့၏ ကုန်ခြင်း

http://www.dhammadownload.com



ကြောင့် ဥပပါတ်ပဋိသန္ဓေနေသော ဖြစ်ရာ၏၊ ထိုဖြစ်ရာ၌ပြည့်စုံလျှင် ပရိနိဗ္ဗာန်ပြုရာ၏၊ ထိုဖြစ်ရာပြည့်မှ ပြန်လည်ခြင်း သဘောမရှိချေ။ အာနန္ဒာ အောက်တန်း၌ ဖြစ်စေတတ်သည့် သံယောဇဉ်ငါးပါးတို့ကို ပယ်စွန့်ရန် ဤသည်ကား လမ်းကြောင်းတည်း၊ ဤသည်ကား အကျင့်တည်း။

အာနန္ဒာ ထိုမှတပါး ဝိတက်ဝိစာရတို့၏ ငြိမ်းခြင်းကြောင့်။ပ။ ဒုတိယဈာန်သို့ ရောက်၍ နေ၏။ပ။ တတိယဈာန်သို့။ပ။ စတုတ္ထဈာန်သို့ ရောက်၍နေ၏၊ ထိုရဟန်းသည် ထိုသမာပတ်၌ ပါဝင်သော ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တရားတို့ကို။ပ။ ထိုဖြစ်ရာပြည့်မှ ပြန်လည်ခြင်း သဘောမရှိတော့ချေ။ အာနန္ဒာ အောက်တန်း၌ ဖြစ်စေတတ်သည့် သံယောဇဉ်ငါးပါးတို့ကို ပယ်စွန့်ရန် ဤသည်ကား လမ်းကြောင်းတည်း၊ ဤသည်ကား အကျင့်တည်း။

အာနန္ဒာ ထိုမှတပါး ရဟန်းသည် ခပ်သိမ်းသော အခြင်းအရာအားဖြင့် ရူပသညာတို့ကို လွန်မြောက်ခြင်းကြောင့် ပဋိဃသညာတို့၏ ချုပ်ငြိမ်းခြင်းကြောင့် အထူးထူးသော သညာတို့ကို နှလုံးမသွင်းမူ၍ "ကောင်းကင်သည် အဆုံးမရှိ"ဟု ပွါးများလျက် အာကာသာနဉ္စာယတနဈာန်သို့ ရောက်၍နေ၏။

ထိုရဟန်းသည် ထိုသမာပတ်၌ ပါဝင်သော ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တရားတို့ကို။ပ။ ထိုဖြစ်ရာပြည့်မှ ပြန်လည်ခြင်းသဘော မရှိတော့ချေ။ အာနန္ဒာ အောက်တန်း၌ ဖြစ်စေတတ်သည့် သံယောဇဉ်ငါးပါးတို့ကို ပယ်စွန့်ရန် ဤသည်ကား လမ်းကြောင်းတည်း၊ဤသည်ကား အကျင့်တည်း။

အာနန္ဒာ ထိုမှတပါး ရဟန်းသည် အလုံးစုံအားဖြင့် အာကာသာနဉ္စာယတနဈာန်ကို လွန်မြောက်၍ "ပဌမာရုပ္ပဝိညာဏ်သည် အဆုံးမရှိ"ဟု စီးဖြန်းလျက် ဝိညာဏဉ္စာယတနဈာန်သို့ ရောက်၍နေ၏၊ ထိုရဟန်းသည် ထိုသမာပတ်၌ ပါဝင်သော ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တရားတို့ကို။ပ။ ထိုဖြစ်ရာပြည့်မှ ပြန်လည်ခြင်း သဘောမရှိတော့ချေ။ အာနန္ဒာ အောက်တန်း၌ ဖြစ်စေတတ်သည့် သံယောဇဉ်ငါးပါးတို့ကို ပယ်စွန့်ရန် ဤသည်ကား လမ်းကြောင်းတည်း၊ ဤသည်ကား အကျင့်တည်း။

အာနန္ဒာ ထိုမှတပါး ရဟန်းသည် ခပ်သိမ်းသော အခြင်းအရာအားဖြင့် ဝိညာဏဉ္စာယတနဈာန်ကို လွန်မြောက်၍ "တစုံတခု စိုးစဉ်းမျှမရှိ"ဟု ပွါးများလျက် အာကိဉ္စညာယတနဈာန်သို့ ရောက်၍ နေ၏။ ထိုရဟန်းသည် ထိုသမာပတ်၌ ပါဝင်သော ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တရားတို့ကို။ပ။ ထိုဖြစ်ရာပြည့်မှ ပြန်လည်ခြင်း သဘောမရှိတော့ချေ။ အာနန္ဒာ အောက်တန်း၌ ဖြစ်စေတတ်သည့် သံယောဇဉ်ငါးပါးတို့ကို ပယ်စွန့်ရန် ဤသည်ကား လမ်းကြောင်းတည်း။ ဤသည်ကား အကျင့်တည်း ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား အောက်တန်း၌ ဖြစ်စေတတ်သည့် သံယောဇဉ်ငါးပါးတို့ကို ပယ်စွန့်ရန် ဤသည်ပင် လမ်းကြောင်း ဤသည်ပင် အကျင့်ဖြစ်ပါမူ ဤသာသနာတော်၌ အဘယ့်ကြောင့် အချို့သော ရဟန်းတို့သည် စေတောဝိမုတ္တိဖြစ်ကုန်၍ အချို့သော ရဟန်းတို့သည် ပညာဝိမုတ္တိဖြစ်ပါကုန်သနည်းဟု (လျှောက်၏)။ အာနန္ဒာ ဤအရာ၌ ဣန္ဒြေထူးခြားသည်၏ အဖြစ်ကို စွဲ၍ ဤသို့ဖြစ်၏ဟု ငါဟော၏ ဟု မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏။ အသျှင်အာနန္ဒာသည် မြတ်စွာဘုရား၏ တရားစကားတော်ကို နှစ်ခြိုက်ဝမ်းမြောက်လေ၏။

ငယ်းခုမြောက် မဟာမာလုကျသုတ် ပြီး၏။

http://www.dhammadownload.com



## ၅-ဘဒ္ဒါလိသုတ်

၁၃၄။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့"ဟု ခေါ်တော်မူ၏။ ထိုရဟန်းတို့သည် "အသျှင်ဘုရား"ဟု မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားကြကုန်၏။ မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏—"ရဟန်းတို့ ငါသည်ကား တထိုင်တည်းသော အစာကို စား၏၊ ရဟန်းတို့ ငါသည် တထိုင်တည်းသော အစာကို စားသည်ရှိသော် အနာကင်းသောအဖြစ်ကိုလည်း ကြောင့်ကြကင်းသောအဖြစ်ကိုလည်း လျင်စွာထနိုင်သော အဖြစ်ကိုလည်း အားရှိသည့် အဖြစ်ကိုလည်း ချမ်းသာစွာ နေရခြင်း ရှိသည်ကိုလည်း သိရ၏။ ရဟန်းတို့ လာကြကုန်လော့၊ သင်တို့လည်း တထိုင်တည်းသော အစာကို စားကြကုန်လော့၊ ရဟန်းတို့ သင်တို့လည်း တထိုင်တည်းသော အစာကို စားကြကုန်သည်ရှိသော် အနာကင်းသော အဖြစ်ကိုလည်း ကြောင့်ကြကင်းသော အဖြစ်ကိုလည်း လျင်စွာထနိုင်သည့် အဖြစ်ကိုလည်း အားရှိသည့် အဖြစ်ကိုလည်း ချမ်းသာစွာ နေရခြင်း ရှိသည့်အဖြစ်ကိုလည်း သိကြကုန်လတ္တံ့"ဟု မိန့်တော်မူ၏။

ဤသို့ မိန့်တော်မူသော် အသျှင်ဘဒ္ဒါလိသည် မြတ်စွာဘုရားအား—"အသျှင်ဘုရား အကျွန်ုပ်သည်ကား တထိုင်တည်းသော အစာကို စားခြင်းငှါ မစွမ်းနိုင်ပါ၊ အသျှင်ဘုရား တထိုင်တည်းသော အစာကို စားခြင်းကို စားသည်ရှိသော် တပည့်တော်အား တွေးတော ယုံမှားမှု ဖြစ်ရပါ၏၊ နှလုံးမသာမှု ဖြစ်ရပါ၏"ဟု လျှောက်၏။ ဘဒ္ဒါလိ ထိုသို့ဖြစ်မူ သင်သည် ဘိတ်ထားရာ အရပ်တို့၌ တစိတ်တဝက်ကို စားပြီးလျှင် တစိတ်တဝက်ကို ဆောင်ယူ၍သော်လည်း စားရာ၏၊ ဘဒ္ဒါလိ ဤသို့ စားသော်လည်း တထိုင်တည်းသော အစာကို စားခြင်းသာဖြစ်၍ မျှတလတ္တံ့ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား ဤသို့ စားခြင်းငှါလည်း အကျွန်ုပ် မစွမ်းနိုင်ပါ၊ အသျှင်ဘုရား ဤသို့ စားသော်လည်း အကျွန်ုပ်အား တွေးတောယုံမှားမှု ဖြစ်ရပါ၏၊ နှလုံးမသာမှု ဖြစ်ရပါ၏ဟု (လျှောက်၏)။ ထိုအခါ မြတ်စွာဘုရား သိက္ခာပုဒ် ပညတ်တော်မူသော ရဟန်းအပေါင်းသည် သိက္ခာကို ဆောက်တည်နေပါလျက် အသျှင်ဘဒ္ဒါလိသည်ကား အားမထုတ်နိုင်ခြင်းကို ပြောကြား၏။ ထိုအခါ အသျှင်ဘဒ္ဒါလိသည် ထိုသုံးလပတ်လုံး မြတ်စွာဘုရားနှင့် လုံးဝ အတွေ့အမြင်မခံတော့ပေ။ မြတ်စွာဘုရားသာသနာတော်၌ သိက္ခာကို မပြည့်ကျင့်သူထို့ကဲ့သို့ ပင်တည်း။

၁၃၅။ ထိုအခါ များစွာသော ရဟန်းတို့သည် "သင်္ကန်းကိစ္စ ပြီးဆုံးလတ်သော် သုံးလလွန်သောအခါ၌ မြတ်စွာဘုရားသည် ဒေသစာရီကြွတော်မူလတ္တံ့"ဟု နှလုံးသွင်းကာ မြတ်စွာဘုရား၏ သင်္ကန်းကိစ္စကို ပြုကြကုန်၏။

ထိုအခါ အသျှင်ဘဒ္ဒါလိသည် ရဟန်းတို့ ရှိရာအရပ်သို့ ချဉ်းကပ်၍ ထိုရဟန်းတို့နှင့်အတူ ထိုင်နေ၏၊ သင့်လျော်ရာ၌ ထိုင်နေသော အသျှင်ဘဒ္ဒါလိကို ထိုရဟန်းတို့က—"ငါ့သျှင်ဘဒ္ဒါလိ မြတ်စွာဘုရား၏ အကျိုးငှါ သင်္ကန်းကိစ္စကိုပြု၍ သင်္ကန်းကိစ္စပြီးဆုံးလတ်သော် သုံးလလွန်သော အခါ၌ မြတ်စွာဘုရားသည် ဒေသစာရီကြွတော်မူလတ္တံ့၊ ငါ့သျှင်ဘဒ္ဒါလိ ငါတို့ တိုက်တွန်း၏၊ ထို

http://www.dhammadownload.com



အပြစ်ကို ကောင်းစွာ နှလုံးသွင်းလော့၊ နောက်မှ သင့်အား အခက်ကြုံခြင်း မဖြစ်စေလင့်"ဟု ပြောဆိုကြကုန်၏။

အသျှင်ဘဒ္ဒါလိသည် "ငါ့သျှင်တို့ ကောင်းပါပြီ"ဟု ထိုရဟန်းတို့အား ပြန်ကြား၍ မြတ်စွာဘုရား ရှိတော်မူရာသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိသေစွာရှိခိုးလျက် သင့်လျော်ရာ၌ ထိုင်နေ၏၊ သင့်လျော်ရာ၌ထိုင်နေပြီးသော် အသျှင်ဘဒ္ဒါလိသည် မြတ်စွာဘုရားအား—"အသျှင်ဘုရား မိုက်သည့်အလျောက် တွေဝေသည့်အလျောက် မလိမ္မာသည့် အလျောက် တပည့်တော်အား အပြစ်သည် လွှမ်းမိုးလျက် ရှိပါ၏၊ မြတ်စွာဘုရား သိက္ခာပုဒ် ပညတ်တော်မူသော် ရဟန်းအပေါင်းသည် သိက္ခာပုဒ်ကို ဆောက်တည်နေပါလျက် တပည့်တော်သည်ကား အားမထုတ်နိုင်ခြင်းကို လျှောက်ထားခဲ့မိပါ၏၊ အသျှင်ဘုရား မြတ်စွာဘုရားသည် ထိုတပည့်တော်၏ အပြစ်ကို နောင်အခါ စောင့်စည်းခြင်းအကျိုးငှါ အပြစ်အားဖြင့် သည်းခံတော်မူပါဘုရား"ဟု လျှောက်၏။

ဘဒ္ဒါလိ သင်သည် မိုက်သည့်အလျောက် တွေဝေသည့်အလျောက် မလိမ္မာသည့်အလျောက် အပြစ်သည် လွှမ်းမိုးခြင်းသို့ရောက်၏၊ ငါ သိက္ခာပုဒ် ပညတ်သည်ရှိသော် ရဟန်းအပေါင်းသည် သိက္ခာပုဒ်ကို ဆောက်တည်နေပါလျက် သင်သည် အားမထုတ်နိုင်ခြင်းကို ပြောကြားဘိ၏။

ဘဒ္ဒါလိ သင်သည် အကြောင်းကိုလည်း မသိနိုင်လေ၊ မြတ်စွာဘုရားသည် သာဝတ္ထိပြည်၌ နေတော်မူ၏၊ မြတ်စွာဘုရားသည်လည်း ငါ့ကို "ဘဒ္ဒါလိမည်သော ရဟန်းသည် မြတ်စွာဘုရား အဆုံးအမ သိက္ခာပုဒ်၌ ဖြည့်ကျင့်ခြင်း မရှိ"ဟု သိတော်မူနိုင်ရာသော ဤအကြောင်းကိုလည်း မသိနိုင်လေ။

ဘဒ္ဒါလိ သင်သည် အကြောင်းကိုမျှလည်း မသိနိုင်လေ၊ များစွာကုန်သော ရဟန်းတို့သည် သာဝတ္ထိပြည်၌ ဝါကပ်ကြကုန်၏၊ ထိုရဟန်းတို့သည်လည်း ငါ့ကို "ဘဒ္ဒါလိမည်သော ရဟန်းသည် မြတ်စွာဘုရား အဆုံးအမ သိက္ခာပုဒ်၌ ဖြည့်ကျင့်ခြင်း မရှိ"ဟု သိနိုင်ကုန်ရာသော ဤအကြောင်းကိုလည်း မသိနိုင်လေ။

ဘဒ္ဒါလိ သင်သည် အကြောင်းကိုမျှလည်း မသိနိုင်လေ၊ များစွာကုန်သော ဘိက္ခုနီမတို့သည် သာဝတ္ထိပြည်၌ ဝါကပ်ကြကုန်၏၊ ထိုဘိက္ခုနီမတို့သည်လည်း ငါ့ကို "ဘဒ္ဒါလိမည်သော ရဟန်းသည် မြတ်စွာဘုရား အဆုံးအမသိက္ခာပုဒ်၌ ဖြည့်ကျင့်ခြင်း မရှိ"ဟု သိနိုင်ကုန်ရာသော ဤအကြောင်းကိုလည်း မသိနိုင်လေ။

ဘဒ္ဒါလိ သင်သည် အကြောင်းကိုမျှလည်း မသိနိုင်လေ၊ များစွာကုန်သော ဥပါသကာတို့သည် သာဝတ္ထိပြည်၌ နေကြကုန်၏၊ ထိုဥပါသကာတို့သည်လည်း ငါ့ကို "ဘဒ္ဒါလိမည်သော ရဟန်းသည် မြတ်စွာဘုရား အဆုံးအမ သိက္ခာပုဒ်၌ ဖြည့်ကျင့်ခြင်း မရှိ"ဟု သိနိုင်ကုန်ရာသော ဤအကြောင်းကိုလည်း မသိနိုင်လေ။

ဘဒ္ဒါလိ သင်သည် အကြောင်းကိုမျှလည်း မသိနိုင်လေ၊ များစွာကုန်သော ဥပါသိကာမတို့သည် သာဝတ္ထိပြည်၌ နေကြကုန်၏၊ ထိုဥပါသိကာမတို့သည်လည်း ငါ့ကို "ဘဒ္ဒါလိမည်သော ရဟန်းသည် မြတ်စွာဘုရား အဆုံးအမ သိက္ခာပုဒ်၌ ဖြည့်ကျင့်ခြင်း မရှိ"ဟု သိနိုင်ကုန်ရာသော ဤအကြောင်းကိုလည်း မသိနိုင်လေ။

http://www.dhammadownload.com



ဘဒ္ဒါလိ သင်သည် အကြောင်းကိုမျှလည်း မသိနိုင်လေ၊ များစွာကုန်သော အသီးသီးသော အယူဝါဒရှိကြကုန်သော ရဟန်းပုဏ္ဏားတို့သည် သာဝတ္ထိပြည်၌ နေကြကုန်၏၊ ထိုအသီးသီးသော အယူဝါဒရှိကုန်သော ရဟန်းပုဏ္ဏားတို့သည်လည်း ငါ့ကို "ရဟန်းဂေါတမ၏ တပည့်ဖြစ်သော မထေရ်တို့တွင် တပါးအဝင်အပါဖြစ်သော ဘဒ္ဒါလိမည်သော ရဟန်းသည် ရဟန်းဂေါတမ၏ အဆုံးအမသိက္ခာပုဒ်၌ ပြည့်ကျင့်ခြင်း မရှိ"ဟု သိနိုင်ရာသော အကြောင်းကိုလည်း မသိနိုင်လေဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား မိုက်သည့်အလျောက် တွေဝေသည့်အလျောက် မသိမှုသည့်အလျောက် အပြစ်သည် တပည့်တော်ကို လွှမ်းမိုးခဲ့ပါ၏၊ မြတ်စွာဘုရား သိက္ခာပုဒ် ပညတ်တော်မူသော် ရဟန်းအပေါင်းသည် သိက္ခာပုဒ်ကို ဆောက်တည်နေပါလျက် တပည့်တော်သည်ကား အားမထုတ်နိုင်ခြင်းကို လျှောက်ထားခဲ့မိပါ၏၊ အသျှင်ဘုရား ထိုအကျွန်ုပ်၏ အပြစ်ကို နောင်အခါ စောင့်စည်းခြင်းအကျိုးငှါ အပြစ်အားဖြင့် သည်းခံတော်မူပါဘုရားဟု (လျှောက်၏)။

ဘဒ္ဒါလိ ကြံအောက်မေ့လော့၊ သင်သည် မိုက်သည့်အလျောက် တွေဝေသည့်အလျောက် မသိမှုသည့်အလျောက် အပြစ်သည် လွှမ်းမိုးခြင်းသို့ ရောက်ခဲ့၏၊ ငါသိက္ခာပုဒ်ပညတ်သော် ရဟန်းအပေါင်းသည် သိက္ခာပုဒ်ကို ဆောက်တည်နေပါလျက် သင်သည် အားမထုတ်နိုင်ခြင်းကို လျှောက်ထားဘိ၏။

၁၃၆။ ဘဒ္ဒါလိ ထိုငါဆိုမည့်စကားကို သင်အဘယ်သို့ မှတ်ထင်သနည်း၊ ဤသာသနာတော်၌ ရဟန်းသည် ရူပကာယ နာမကာယနှစ်ပါးစုံမှ လွတ်မြောက်သော ရဟန်း ဖြစ်၏၊ ထိုရဟန်းကို "ရဟန်း လာခဲ့လော့၊ သင်သည် ညွှန်ပြောင်း၌ ငါ၏တံတားဖြစ်လော့"ဟု ဆိုရာ၏၊ ထိုရဟန်းသည် တံတားဖြစ်ရာသလော၊ ကိုယ်ကိုတခြားသို့သော်လည်း တိမ်းရှောင်သွားရာသလော၊ တံတားမဖြစ်နိုင်ဟူ၍ လည်း ဆိုရာသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မဖြစ်နိုင်ပါ (ဟု လျှောက်၏)။

ဘဒ္ဒါလိ ထိုငါဆိုမည့်စကားကို သင်အဘယ်သို့ မှတ်ထင်သနည်း၊ ဤသာသနာတော်၌ ရဟန်းသည် ပညာဖြင့် ကိလေသာမှ လွတ်မြောက်သူ 'ပညာဝိမုတ္တ' ဖြစ်ရာ၏၊ ခန္ဓာငါးပါး၌ ဝိပဿနာရှု၍ မဂ်ဖိုလ်သို့ရောက်သူ 'ကာယသက္ခိ' ဖြစ်ရာ၏၊ ပညာအမြင်ပြဋ္ဌာန်းသည်ဖြစ်၍ မဂ်ဖိုလ်သို့ရောက်သူ 'ဒိဋ္ဌိပ္ပတ္တ' သဒ္ဓါပြဋ္ဌာန်း၍ ကိလေသာမှ လွတ်သူ 'သဒ္ဓါဝိမုတ္တ' သဒ္ဓါရတနာသို့ အစဉ်လျှောက်ကာ ဝိပဿနာရှု၍ မဂ်ဖိုလ်သို့ရောက်သူ 'ဓမ္မာနုသာရီ' သဒ္ဓါရှေ့သွားရှိသည်ဖြစ်၍ မဂ်ဖိုလ်သို့ ရောက်သူ 'သဒ္ဓါနုသာရီ' ဖြစ်ရာ၏၊ ထိုရဟန်းကို ငါသည် "ရဟန်း လာခဲ့လော့၊ သင်သည် ညွှန်ပြောင်း၌ ငါ၏တံတားဖြစ်လော့"ဟု ဆိုရာ၏။ ထိုရဟန်းသည် တံတားဖြစ်ရာသလော၊ ကိုယ်ကို တခြားသို့သော်လည်း တိမ်းရှောင်သွား ရာသလော၊ တံတားမဖြစ်နိုင်ဟူ၍လည်း ဆိုရာအံ့လော ဟု (မေးတော်မူ၏)။ အသျှင်ဘုရား မဖြစ်နိုင်ပါ(ဟုလျှောက်၏)။

ဘဒ္ဒါလိ ထိုငါဆိုမည့်စကားကို သင်အဘယ်သို့ မှတ်ထင်သနည်း၊ ဘဒ္ဒါလိ သင်သည် ထိုအခါ၌ ရူပကာယ နာမကာယ နှစ်ပါးစုံမှ လွတ်မြောက်သူ ဖြစ်သလော၊ သို့မဟုတ် ပညာဖြင့် ကိလေသာမှ လွတ်မြောက်သူ သို့မဟုတ် ခန္ဓာငါးပါး၌ ဝိပဿနာရှု၍ မဂ်ဖိုလ်သို့ ရောက်သူ သို့မဟုတ် ပညာအမြင် ပြဋ္ဌာန်းသည်ဖြစ်၍ မဂ်ဖိုလ်သို့ ရောက်သူ သို့မဟုတ် သဒ္ဓါပြဋ္ဌာန်း၍ ကိလေသာမှလွတ်သူ သို့မဟုတ် သဒ္ဓါရတနာသို့ အစဉ်လျှောက်ကာ ဝိပဿနာရှု၍ မဂ်ဖိုလ်သို့ရောက်သူ သို့မဟုတ် သဒ္ဓါရှေ့သွား

http://www.dhammadownload.com



ရှသည်ဖြစ်၍ ဤမင်္ဂလပ်သို့ ရောက်သူဖြစ်သလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မဖြစ်နိုင်ပါဟု (လျှောက်၏)။ ဘဒ္ဒါလိ သင်သည် ထိုအခါ၌ အချည်းနှီး ဘာမျှ မရှိ ချွတ်ချော်နေသူ မဟုတ်လော ဟု (မေးတော်မူ၏)။ အသျှင်ဘုရား မှန်ပါ၏ (ဟုလျှောက်၏)။

အသျှင်ဘုရား မိုက်သည့်အလျှောက် တွေဝေသည့် အလျှောက် မလိမ္မာသည့် အလျှောက် တပည့်တော်ကို အပြစ်သည် လွှမ်းမိုးခဲ့ပါ၏၊ မြတ်စွာဘုရား သိက္ခာပုဒ်ပညတ်တော်မူသော် ရဟန်းအပေါင်းသည် သိက္ခာကို ဆောက်တည်နေပါလျက် တပည့်တော်သည် အားမထုတ်နိုင်ခြင်းကို လျှောက်ထားခဲ့မိပါ၏၊ အသျှင်ဘုရား မြတ်စွာဘုရားသည် ထိုအကျွန်ုပ်၏ အပြစ်ကို နောင်အခါ မစောင့်စည်းခြင်း အကျိုးငှါ အပြစ်အားဖြင့် သည်းခံတော်မူပါဘုရားဟု (လျှောက်၏)။ ဘဒ္ဒါလိ အမှန်အားဖြင့် သင်သည် မိုက်သည့်အလျှောက် တွေဝေသည့်အလျှောက် မလိမ္မာသည့်အလျှောက် အပြစ်သည် လွှမ်းမိုးခဲ့၏၊ ငါသိက္ခာပုဒ်ကို ပညတ်သည်ရှိသော် ရဟန်းအပေါင်းသည် သိက္ခာကို ဆောက်တည်နေပါလျက် သင်သည် အားမထုတ်နိုင်ခြင်းကို လျှောက်ထားခဲ့၏။ ဘဒ္ဒါလိ သင်သည် အပြစ်ကို အပြစ်ဟု သိမြင်၍ တရားအားလျော်စွာ ကုစား၏၊ သင်၏ ထိုအပြစ်ကို အပြစ်ဟု ငါတို့လက်ခံကုန်၏။ ဘဒ္ဒါလိ အပြစ်ကို အပြစ်ဟု သိမြင်၍ တရားအားလျော်စွာ ကုစား၏၊ နောက်နောက်အခါ စောင့်စည်းခြင်းသို့ ရောက်၏၊ ဤသို့ စောင့်စည်းခြင်းသို့ ရောက်ခြင်းသည် အရိယာ 'ဘုရား'၏ အဆုံးအမသာသနာ၌ ကြီးပွါးခြင်း တိုးတက်ခြင်း၏ အကြောင်းဖြစ်ပေ၏။

၁၃၇။ ဘဒ္ဒါလိ အချို့သော ရဟန်းသည် မြတ်စွာဘုရားသာသနာတော်၌ သိက္ခာကို ဖြည့်ကျင့်လေ့မရှိ၊ ထိုရဟန်းအား "ငါသည် ဆိတ်ငြိမ်ရာဖြစ်သောကျောင်းသို့ရင်း တောသို့ရင်း သစ်ပင်ရင်းသို့ရင်း တောင်သို့ရင်း ချောက်သို့ရင်း တောင်ခေါင်းသို့ရင်း သုသာန်သို့ရင်း တောအုပ်သို့ရင်း လွင်တီးခေါင်သို့ရင်း ကောက်ရိုးပုံသို့ရင်း ကပ်ရောက်၍ နေရမူ ငါသည် လူတို့၏ ကုသိုလ် ကမ္မပထ တရားထက် လွန်မြတ်သော ကိလေသာကို ဖျက်ဆီးခြင်းငှါ စွမ်းနိုင်သော မြတ်သော ဉာဏ်အမြင်ထူးကို မျက်မှောက်ပြုနိုင်တန်ရာ၏"ဟု ဤသို့ သော အကြံသည် ဖြစ်၏၊ ထိုရဟန်းသည် ဆိတ်ငြိမ်ရာဖြစ်သောကျောင်းသို့ရင်း တောသို့ရင်း သစ်ပင်ရင်းသို့ရင်း တောင်သို့ရင်း ချောက်သို့ရင်း တောင်ခေါင်းသို့ရင်း သုသာန်သို့ရင်း တောအုပ်သို့ရင်း လွင်တီးခေါင်သို့ရင်း ကောက်ရိုးပုံသို့ရင်း ဆည်းကပ်၏၊ ထိုသို့သော အခြင်းအရာဖြင့် ဆိတ်ငြိမ်ရာအရပ်သို့ ကပ်သည်ဖြစ်၍ နေသော ထိုရဟန်းကို မြတ်စွာဘုရားသည်လည်း စွပ်စွဲ၏၊ သိတင်းသုံးဖော် ပညာရှိသူတော်ကောင်းတို့သည်လည်း စိစစ်၍ စွပ်စွဲကုန်၏၊ နတ်တို့သည်လည်း စွပ်စွဲကုန်၏၊ ကိုယ်တိုင်လည်း မိမိကိုယ်ကို စွပ်စွဲ၏။ ထိုရဟန်းသည် မြတ်စွာဘုရား အစွပ်စွဲခံရ၍ သိတင်းသုံးဖော်ပညာရှိသူတော်ကောင်းတို့ စိစစ်ကာ အစွပ်စွဲခံရ၍ နတ်တို့ အစွပ်စွဲခံရ၍ ကိုယ်တိုင်လည်း မိမိကိုယ်ကို စွပ်စွဲသည်ဖြစ်၍ လူတို့၏ ကုသိုလ်ကမ္မပထတရားထက် လွန်မြတ်သော ကိလေသာကို ဖျက်ဆီးခြင်းငှါ စွမ်းနိုင်သော မြတ်သော ဉာဏ်အမြင်ထူးကို မျက်မှောက် မပြုနိုင်။ ထိုသို့ဖြစ်ခြင်းသည် အဘယ်ကြောင့်နည်း ဟူမူ—ဘဒ္ဒါလိ မြတ်စွာဘုရား သာသနာ၌ သိက္ခာကို ဖြည့်ကျင့်လေ့မရှိသော သူအား ဖြစ်မြဲဓမ္မတာအတိုင်း ဤသို့သာဖြစ်ရသောကြောင့်တည်း။

၁၃၈။ ဘဒ္ဒါလိ အချို့သောရဟန်းသည် မြတ်စွာဘုရားသာသနာတော်၌ သိက္ခာကို ဖြည့်ကျင့်လေ့ရှိ၏၊ ထိုရဟန်းအား "ငါသည် ဆိတ်ငြိမ်ရာဖြစ်သော ကျောင်းသို့ရင်း တောသို့ရင်း သစ်ပင်ရင်းသို့ရင်း တောင်သို့ရင်း ချောက်သို့ရင်း တောင်ခေါင်းသို့ရင်း သုသာန်သို့ရင်း တောအုပ်သို့ရင်း လွင်တီးခေါင်သို့ရင်း ကောက်ရိုးပုံသို့ရင်း ချဉ်းကပ်ရမူ ငါသည် လူတို့၏ ကုသိုလ်ကမ္မပထတရားထက်

http://www.dhammadownload.com



လွန်မြတ်သော ကိလေသာကို ဖျက်ဆီးခြင်းငှါ စွမ်းနိုင်သော မြတ်သော ဉာဏ်အမြင်ထူးကို မျက်မှောက်ပြုနိုင် တန်ရာ၏”ဟု ဤသို့သော အကြံ သည် ဖြစ်၏၊ ထိုရဟန်းသည် ဆိတ်ငြိမ်ရာဖြစ်သော ကျောင်းသို့ရင်း တောသို့ရင်း သစ်ပင်ရင်းသို့ရင်း တောင်သို့ရင်း ချောက်သို့ရင်း တောင်ခေါင်းသို့ရင်း သုသာန်သို့ရင်း တောအုပ်သို့ရင်း လွင်တီးခေါင်သို့ရင်း ကောက်ရိုးပုံသို့ရင်း ချဉ်းကပ်၏၊ ထိုသို့သောအခြင်းအရာအားဖြင့် ဆိတ်ငြိမ်ရာအရပ်သို့ကပ်သည်ဖြစ်၍ နေသော ထိုရဟန်းကို မြတ်စွာဘုရားလည်း မစွပ်စွဲ၊ သိတင်းသုံးဖော်ပညာရှိ သူတော်ကောင်းတို့လည်း စီစစ်၍ မစွပ်စွဲကုန်၊ နတ်တို့လည်း မစွပ်စွဲကုန်၊ ကိုယ်တိုင်လည်း မိမိကိုယ်ကိုမစွပ်စွဲ။ ထိုရဟန်းသည် မြတ်စွာဘုရား အစွပ်စွဲမခံရသည်ဖြစ်၍ သိတင်းသုံးဖော် ပညာရှိတို့လည်း စီစစ်ကာ အစွပ်စွဲမခံရသည်ဖြစ်၍ နတ်တို့အစွပ်စွဲကိုလည်း မခံရသည်ဖြစ်၍ ကိုယ်တိုင်လည်း မိမိကိုယ်ကို မစွပ်စွဲသည်ဖြစ်၍ လူတို့၏ ကုသိုလ်ကမ္မပထတရားထက်လွန်မြတ်သော ကိလေသာကို ဖျက်ဆီးခြင်းငှါ စွမ်းနိုင်သော မြတ်သော ဉာဏ်အမြင်ထူးကို မျက်မှောက် ပြုနိုင်၏။

ထိုရဟန်းသည် ကာမဂုဏ်တို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍ သာလျှင် ကြံစည်ခြင်း‘ဝိတက်’နှင့် တကွဖြစ်သော သုံးသပ်ဆင်ခြင်ခြင်း ‘ဝိစာရ’နှင့်တကွဖြစ်သော နီဝရဏဆိတ်ခြင်းကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း ‘ပီတိ’ ချမ်းသာခြင်း ‘သုခ’ ရှိသော ပဌမဈာန်သို့ ရောက်၍ နေ၏။ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း ဟူမူ—ဘဒ္ဒါလိ မြတ်စွာဘုရားသာသနာတော်၌ သိက္ခာကို ကောင်းစွာ ဖြည့်ကျင့်လေ့ရှိသော ရဟန်းအား ဖြစ်မြဲဓမ္မတာအတိုင်း ဤသို့သာ ဖြစ်ရသော ကြောင့်တည်း။

၁၃၉။ ဘဒ္ဒါလိ တဖန်ထို့ပြင်လည်း ဝိတက် ဝိစာရ ငြိမ်းခြင်းကြောင့် မိမိသန္တာန်၌ စိတ်ကို ကြည်လင်စေတတ်သော စိတ်တည်ကြည်ခြင်း ‘သမာဓိ’ကို ပွါးစေတတ်သော ကြံစည်ခြင်း‘ဝိတက်’ မရှိသော သုံးသပ် ဆင်ခြင်ခြင်း ‘ဝိစာရ’ မရှိသော တည်ကြည်ခြင်း ‘သမာဓိ’ကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း ‘ပီတိ’ ချမ်းသာခြင်း ‘သုခ’ ရှိသော ဒုတိယဈာန်သို့ ရောက်၍ နေ၏။ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း ဟူမူ—ဘဒ္ဒါလိ မြတ်စွာဘုရား သာသနာတော်၌ သိက္ခာကို ဖြည့်ကျင့်လေ့ရှိသူအား ဖြစ်မြဲ ဓမ္မတာအတိုင်း ဤ သို့သာဖြစ်ရသောကြောင့်တည်း။

ဘဒ္ဒါလိ တဖန် ထို့ပြင်လည်း ရဟန်းသည် နှစ်သိမ့်ခြင်း‘ပီတိ’ကို စက်ဆုပ်သည်ဖြစ်၍ လျစ်လျူရှုလျက်နေ၏၊ သတိရှိသည်ဖြစ်၍ ပညာအဆင်ခြင်ရှိသည်ဖြစ်၍ ချမ်းသာခြင်း‘သုခ’ကိုလည်းကိုယ်ဖြင့် ခံစား၏၊ အကြင်တတိယဈာန်နှင့် ပြည့်စုံသူကို အရိယာ သူတော်ကောင်း တို့သည် “လျစ်လျူရှုတတ်သူ သတိရှိသူ ချမ်းသာစွာနေလေ့ရှိသူ” ဟူ၍ ချီးကျူးကုန်၏၊ ထိုသို့သဘောရှိသော တတိယဈာန်သို့ရောက်၍ နေ၏။ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်းဟူမူ—ဘဒ္ဒါလိ မြတ်စွာဘုရား သာသနာတော်၌ သိက္ခာကို ဖြည့်ကျင့်လေ့ရှိသူအား ဖြစ်မြဲဓမ္မတာအတိုင်း ဤသို့သာ ဖြစ်ရသော ကြောင့်တည်း။

ဘဒ္ဒါလိ တဖန်ထို့ပြင်လည်း ရဟန်းသည် သုခကို ပယ်ခြင်းကြောင့်ရင်း ဒုက္ခကို ပယ်ခြင်း ကြောင့်ရင်း ရှေးမဆွကသာလျှင် သောမနဿ ဒေါမနဿတို့၏ ချုပ်ငြိမ်းခြင်းကြောင့် သုခ ဒုက္ခ မရှိသော ဥပေက္ခာသည် ဖြစ်စေအပ်သော စင်ကြယ်သော သတိရှိသော စတုတ္ထဈာန်သို့ ရောက်၍ နေ၏။ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း ဟူမူ—မြတ်စွာဘုရား သာသနာတော်၌ သိက္ခာကိုဖြည့်ကျင့်လေ့ရှိသူအား ဖြစ်မြဲဓမ္မတာအတိုင်း ဤသို့သာ ဖြစ်ရသောကြောင့်တည်း။

http://www.dhammadownload.com



ထိုရဟန်းသည် ဤသို့ စိတ်တည်ကြည် သည်ရှိသော် ထက်ဝန်းကျင်မှ စင်ကြယ်သည်ရှိသော် ထက်ဝန်းကျင်မှ ဖြူဖွေးတောက်ပလတ်သော် အပြစ်မရှိလတ်သော် ညစ်ညူးကြောင်းကင်းလတ်သော် နူးညံ့သော အဖြစ်ဖြင့် ဖြစ်လတ်သော် အဘိညာဏ်ပြုမှုကိစ္စ၌ ခံ့လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်သောအဖြစ် သို့ ရောက်လတ်သော် ပုဗ္ဗေနိဝါသာနုဿတိဉာဏ်အကျိုးငှါ စိတ်ကို ရှေးရှုညွှတ်စေ၏။

ထိုရဟန်းသည် များသော အစီအရင်ရှိသော ရှေးကနေခဲ့ဘူးသော ခန္ဓာအစဉ်ကို အောက်မေ့နိုင်၏၊ ဤအောက်မေ့နိုင်သော ခန္ဓာအစဉ် သည် အဘယ်နည်း ဟူမူ—တခုသောဘဝကိုလည်း နှစ်ခုသော ဘဝတို့ကိုလည်း။ပ။ ဤ သို့ အခြင်းအရာ နှင့်တကွ ညွှန်ပြဖွယ် (အမည်အနွယ်)နှင့်တကွ များသော အစီအရင်ရှိသော ရှေးကနေခဲ့ဘူးသော ခန္ဓာအစဉ်ကို အောက်မေ့နိုင်၏။ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း ဟူမူ—ဘဒ္ဒါလိ မြတ်စွာဘုရားသာသနာတော်၌ သိက္ခာကို ဖြည့်ကျင့်လေ့ရှိသူအား ဖြစ်မြဲဓမ္မတာအတိုင်း ဤသို့သာ ဖြစ်ရသောကြောင့်တည်း။

ထိုရဟန်းသည် ဤသို့ စိတ်ဘည်ကြည်လတ်သော် ဤသို့ ထက်ဝန်းကျင်စင်ကြယ်လတ်သော် ထက်ဝန်းကျင်ဖြူဖွေး တောက်ပလတ်သော် အပြစ်မရှိလတ်သော် ညစ်ညူးကြောင်း ကိလေသာမရှိလတ်သော် နူးညံ့သော အဖြစ်ဖြင့် ဖြစ်လတ်သော် အဘိညာဏ်ပြုမှုကိစ္စ၌ ခံ့လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်သောအဖြစ် သို့ ရောက်လတ်သော် သတ္တဝါတို့၏ စုတိပဋိသန္ဓေကို သိသော ဉာဏ်အကျိုးငှါ စိတ်ကို ရှေးရှုညွှတ်စေ၏။

ထိုရဟန်းသည် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိကို လွန်သော နတ်မျက်စိနှင့်တူသော ဒိဗ္ဗစက္ခုဉာဏ် မျက်စိဖြင့် စုတေဆဲသတ္တဝါ ပဋိသန္ဓေနေဆဲသတ္တဝါ အယုတ်ဖြစ်သော သတ္တဝါ အမြတ်ဖြစ်သောသတ္တဝါ အဆင်းလှသောသတ္တဝါ အဆင်းမလှသောသတ္တဝါ ကောင်းသောလားရာရှိသောသတ္တဝါ မကောင်းသောသွားရာရှိသောသတ္တဝါတို့ကို မြင်၏၊ ကံအားလျော်စွာ ကပ်ရောက်ကြသော သတ္တဝါတို့ကို "အချင်းတို့ ဤသတ္တဝါတို့သည် အမှန်အားဖြင့် ကာယဒုစရိုက်နှင့် ပြည့်စုံကြကုန်၏။ပ။ ဖရိုဖရဲကျရာ ငရဲသို့ ကပ်ရောက်ကြရကုန်၏။ အချင်းတို့ ဤသတ္တဝါတို့သည်ကား ကာယသုစရိုက်နှင့် ပြည့်စုံကြကုန်၏။ပ။ ကောင်းမြတ်သူတို့ လားရောက်ရာဖြစ်သော မြတ်သော ရူပါရုံစသည်တို့၏တည်ရာဖြစ်သော နတ်ရွာလောကသို့ ကပ်ရောက်ကြရကုန်၏"ဟု အမှန်အတိုင်း သိ၏။ ဤသို့အထူးသဖြင့် စင်ကြယ်သော လူတို့ မျက်စိကိုလွန်သော နတ်မျက်စိနှင့်တူသော ဒိဗ္ဗစက္ခုဉာဏ်မျက်စိဖြင့်။ပ။ ကံအားလျော်စွာ ကပ်ရောက်ကြရကုန်သော သတ္တဝါတို့ကို အမှန်အတိုင်းသိမြင်၏။ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်းဟူမူ—ဘဒ္ဒါလိ မြတ်စွာဘုရားသာသနာတော်၌ သိက္ခာကို ဖြည့်ကျင့်လေ့ရှိသူအား ဖြစ်မြဲဓမ္မတာအတိုင်း ဤသို့သာဖြစ်ရသောကြောင့်တည်း။

ထိုရဟန်းသည် ဤသို့ စိတ် တည်ကြည်သည်ရှိသော် ထက်ဝန်းကျင်မှ စင်ကြယ်လတ်သော် ဖြူဖွေးသတ်သော် အပြစ်မရှိလတ်သော် ညစ်ညူးကြောင်း 'ဥပက္ကိလေသ' ကင်းဝေးလတ်သော် နူးညံ့သောအဖြစ်ဖြင့် ဖြစ်လတ်သော် ဝိပဿနာအမှု၌ ခံ့လတ်သော် တည်တံ့သတ်သော် မတုန်လှုပ်သောအဖြစ် သို့ ရောက်လတ်သော် အာသဝေါတရားတို့ကုန်ခြင်းငှါ စိတ်ကို ရှေးရှုညွှတ်စေ၏။ ထိုရဟန်းသည် ဤကား ဒုက္ခတည်းဟု မှန်သောအတိုင်း သိ၏၊ ဤကား ဒုက္ခ၏ဖြစ်ကြောင်းတည်းဟု မှန်သောအတိုင်းသိ၏၊ ဤကား ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်တည်းဟု မှန်သောအတိုင်း သိ၏၊

http://www.dhammadownload.com



ဤကား ဒုက္ခချုပ်ရာနိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်တည်းဟု မှန်သောအတိုင်း သိ၏၊ ဤသည်တို့ကား အာသဝေါတရားတို့တည်းဟု မှန်သောအတိုင်း သိ၏၊ ဤကား အာသဝေါတရားတို့၏ ဖြစ်ကြောင်းတည်းဟု မှန်သောအတိုင်း သိ၏၊ ဤကား အာသဝေါတရားတို့ချုပ်ရာနိဗ္ဗာန် တည်းဟု မှန်သောအတိုင်း သိ၏၊ ဤကား အာသဝေါတရားတို့ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်တည်းဟု မှန်သောအတိုင်း သိ၏၊ ဤသို့သိသော် ဤသို့မြင်သော် ထိုရဟန်းအား ကာမာသဝမှလည်း စိတ်သည်လွတ်၏၊ ဘဝါသဝမှလည်း စိတ်သည် လွတ်၏၊ အဝိဇ္ဇာသဝမှလည်း စိတ်သည် လွတ်၏၊ လွတ်ပြီးသည်၌ လွတ်ပြီဟု ဆင်ခြင်ဉာဏ်ဖြစ်၏၊ "ပဋိသန္ဓေနေမှု ကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်(မဂ်)ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ်)ကိစ္စအလို့ငှါ တပါးသော ပြုဖွယ် မရှိပြီ"ဟု သိ၏။ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း ဟူမူ—ဘဒ္ဒါလိ မြတ်စွာဘုရား သာသနာတော်၌ သိက္ခာကို ဖြည့်ကျင့်လေ့ရှိသူအား ဖြစ်မြဲဓမ္မတာအတိုင်း ဤသို့သာ ဖြစ်ရသောကြောင့်တည်း။

၁၄၀။ ဤသို့ မိန့်တော်မူသော် အသျှင်ဘဒ္ဒါလိသည် မြတ်စွာဘုရားအား ဤသို့ လျှောက်ထား၏—"အသျှင်ဘုရား အချို့သော ရဟန်းကို နှိပ်စက်၍ နှိပ်စက်၍ ညှဉ်းပန်းမှုကို ပြုကြသော အကြောင်းကား အဘယ်ပါနည်း၊ အထောက်အပံ့ကား အဘယ်ပါနည်း၊ အသျှင်ဘုရား အချို့သောရဟန်းတို့ကို ထိုသို့သော အခြင်းအရာအားဖြင့် နှိပ်စက်၍ နှိပ်စက်၍ ညှဉ်းပန်းမှုကို မပြုကြသော အကြောင်းကား အဘယ်ပါနည်း၊ အထောက်အပံ့ကား အဘယ်ပါနည်း"ဟု (လျှောက်ထား၏)။

ဘဒ္ဒါလိ အချို့သောရဟန်းသည် မပြတ်အာပတ်သင့်၏၊ အာပတ်များသူဖြစ်၏။ ထိုရဟန်းသည် တပါးသောရဟန်းတို့က ဆိုဆုံးမသည်ရှိသော် အကြောင်းတပါးဖြင့် အကြောင်းတပါးကို ဖုံးလွှမ်း၏၊ အပသို့စကားကို ရောက်စေ၏၊ အမျက်ကိုရင်း ဒေါသကိုရင်း မနှစ်သက်ခြင်းကိုရင်း ထင်စွာပြု၏၊ ကောင်းစွာမကျင့်၊ လျော်စွာမကျင့်၊ အာပတ်မှ ထွက်မြောက်ကြောင်း အကျင့်ကို မကျင့်၊ သံဃာနှစ်သက်သော အမှုကို ပြုပါအံ့ဟု မဆို။ ဘဒ္ဒါလိ ထိုသို့ဖြစ်ရာ၌ ရဟန်းတို့အား ဤသို့ ပြောဆိုခြင်းသည်ဖြစ်၏ "ငါ့သျှင်တို့ ဤရဟန်းသည် မပြတ်အာပတ်သင့်၏၊ အာပတ်များသူဖြစ်၏၊ ထိုရဟန်းသည် တပါးသော ရဟန်းတို့က ဆိုဆုံးမသည်ရှိသော် အကြောင်းတပါးဖြင့် အကြောင်းတပါးကို ဖုံးလွှမ်း၏၊ စကားကို အပသို့ ရောက်စေ၏၊ အမျက်ကိုရင်း ဒေါသကိုရင်း မနှစ်သက်ခြင်းကိုရင်း ထင်စွာပြု၏၊ ကောင်းစွာမကျင့်၊ လျော်စွာမကျင့်၊ အာပတ်မှ ထွက်မြောက်ကြောင်း အကျင့်ကိုမကျင့်၊ သံဃာနှစ်သက်သော အမှုကို ပြုပါအံ့ဟု မဆို။ အသျှင်ဘုရားတို့ တောင်းပန်ပါ၏၊ ဤရဟန်း၏ အဓိကရုဏ်း လျင်စွာမငြိမ်းအေးနိုင်မည့် နည်းလမ်းကို စူးစမ်းကြကုန်လော့"ဟု (ဤသို့ ပြောဆိုခြင်းသည်ဖြစ်၏)။ ဘဒ္ဒါလိ ဤသို့လျှင် ရဟန်းတို့သည် ထိုရဟန်း၏အဓိကရုဏ်း လျင်စွာမငြိမ်းအေးနိုင်မည့် နည်းလမ်းကို စူးစမ်းကြကုန်၏။

၁၄၁။ ဘဒ္ဒါလိ ဤသာသနာတော်၌ အချို့သောရဟန်းသည် မပြတ်အာပတ်သင့်၏၊ အာပတ်များသူဖြစ်၏၊ ထိုရဟန်းသည် တပါးသောရဟန်းတို့က ဆိုဆုံးမသည်ရှိသော် တပါးသော အကြောင်းဖြင့် တပါးသော အကြောင်းကို မဖုံးကွယ်၊ အပသို့စကားကို မရောက်စေ၊ အမျက်ကိုရင်း ဒေါသကိုရင်း မနှစ်သက်ခြင်းကိုရင်း ထင်စွာမပြု၊ ကောင်းစွာ ကျင့်၏၊ လျော်စွာကျင့်၏၊ အာပတ်မှထွက်မြောက်ကြောင်းအကျင့်ကို ကျင့်၏၊ သံဃာနှစ်သက်သောအမှုကို ပြုပါအံ့ဟု ဆို၏။

http://www.dhammadownload.com



ဘဒ္ဒါလိ ထိုသို့ဖြစ်ရာ၌ ရဟန်းတို့အား ဤသို့ပြောဆိုခြင်းသည်ဖြစ်၏—"ငါ့သျှင်တို့ ဤရဟန်းသည် မပြတ် အာပတ်သင့်၏၊ အာပတ်များသူဖြစ်၏၊ ထိုရဟန်းသည် တပါးသော ရဟန်းတို့က ဆိုဆုံးမသည်ရှိသော် တပါးသောအကြောင်းဖြင့် တပါးသော အကြောင်းကို မဖုံးကွယ်၊ အပသို့ စကားကို မရောက်စေ၊အမျက်ကိုရင်း ဒေါသကိုရင်း မနှစ်သက်ခြင်းကိုရင်း ထင်စွာ မပြု၊ကောင်းစွာကျင့်၏၊လျော်စွာကျင့်၏၊အာပတ်မှ ထွက်မြောက်ကြောင်း အကျင့်ကို ကျင့်၏၊သံဃာနှစ်သက်သော အမှုကို ပြုပါအံ့ဟု ဆို၏။ အသျှင်ဘုရားတို့ တောင်းပန်ပါ၏၊ ဤရဟန်း၏အဓိကရုဏ်း လျင်စွာ ငြိမ်းအေးနိုင်မည့် နည်းလမ်းကိုလည်း စူးစမ်းကြကုန်လော့"ဟု (ဤသို့ ပြောဆိုခြင်းသည် ဖြစ်၏)။ ဘဒ္ဒါလိ ဤသို့လျှင် ထိုရဟန်းတို့သည် ထိုရဟန်း၏ အဓိကရုဏ်း လျင်စွာ ငြိမ်းအေးနိုင်မည့်နည်းလမ်းကို စူးစမ်းကြကုန်၏။

၁၄၂။ ဘဒ္ဒါလိ ဤသာသနာတော်၌ ၊ချို့သော ရဟန်းသည် ရံခါသာ အာပတ်သင့်၏၊ အာပတ်များသူ မဟုတ်ပေ။ထိုရဟန်းသည် တပါးသော ရဟန်းတို့က ဆိုဆုံးမသည်ရှိသော် တပါးသော အကြောင်းဖြင့် တပါးသောအကြောင်းကို ဖုံးလွှမ်း၏၊ အပသို့စကားကို ရောက်စေ၏၊အမျက်ကိုရင်း ဒေါသကိုရင်း မနှစ်သက်ခြင်းကိုရင်း ထင်စွာပြု၏၊ ကောင်းစွာမကျင့်၊ လျော်စွာမကျင့်၊ အာပတ်မှထွက်မြောက်ကြောင်း အကျင့်ကို မကျင့်၊သံဃာနှစ်သက်သော အမှုကိုပြုပါအံ့ဟု မဆို။ ဘဒ္ဒါလိ ထိုသို့ဖြစ်ရာ၌ ရဟန်းတို့အား ဤသို့ ပြောဆိုခြင်းသည်ဖြစ်၏—"ငါ့သျှင်တို့ ဤရဟန်းသည် ရံခါသာ အာပတ်သင့်၏၊ အာပတ်များသူ မဟုတ်ပေ၊ ထိုရဟန်းသည် တပါးသော ရဟန်းတို့က ဆိုဆုံးမသည်ရှိသော် တပါးသောအကြောင်းဖြင့် တပါးသော အကြောင်းကို ဖုံးကွယ်၏၊ အပသို့ စကားကို ရောက်စေ၏၊ အမျက်ကိုရင်း ဒေါသကိုရင်း မနှစ်သက်ခြင်းကိုရင်း ထင်စွာပြု၏၊ ကောင်းစွာမကျင့်၊ လျော်စွာမကျင့်၊ အာပတ်မှထွက်မြောက်ကြောင်းအကျင့်ကို မကျင့်၊ သံဃာနှစ်သက်သောအမှုကို ပြုပါအံ့ဟု မဆို။ အသျှင်ဘုရားတို့ တောင်းပန်ပါ၏၊ ဤရဟန်း၏ အဓိကရုဏ်း လျင်စွာမငြိမ်းအေးနိုင်မည့် နည်းလမ်းကို စူးစမ်းကြကုန်လော့"ဟု (ဤသို့ ပြောဆိုခြင်းသည် ဖြစ်၏)။ ဘဒ္ဒါလိ ဤသို့လျှင် ထိုရဟန်းတို့သည် ထိုရဟန်း၏ အဓိကရုဏ်း လျင်စွာမငြိမ်းအေးနိုင်မည့်နည်းလမ်းကို စူးစမ်းကြကုန်၏။

၁၄၃။ ဘဒ္ဒါလိ ဤသာသနာတော်၌ အချို့သော ရဟန်းသည် ရံခါသာ အာပတ်သင့်၏၊ အာပတ်များသူမဟုတ်ပေ။ ထိုရဟန်းသည် တပါးသော ရဟန်းတို့က ဆိုဆုံးမသည်ရှိသော် တပါးသော အကြောင်းဖြင့် တပါးသောအကြောင်းကို မဖုံးကွယ်၊ အပသို့ စကားကို မရောက်စေ၊ အမျက်ကိုရင်း ဒေါသကိုရင်း မနှစ်သက်ခြင်းကိုရင်း ထင်စွာမပြု၊ ကောင်းစွာကျင့်၏၊ လျော်စွာကျင့်၏၊ အာပတ်မှ ထွက်မြောက်ကြောင်းအကျင့်ကို ကျင့်၏၊ သံဃာနှစ်သက်သောအမှုကို ပြုပါအံ့ဟု ဆို၏။

ဘဒ္ဒါလိ ထိုသို့ဖြစ်ရာ၌ ရဟန်းတို့အား ဤသို့ပြောဆိုခြင်းသည်ဖြစ်၏—"ငါ့သျှင်တို့ ဤရဟန်းသည် ရံခါသာ အာပတ်သင့်၏၊ အာပတ်များသူ မဟုတ်ပေ၊ထိုရဟန်းသည် တပါးသောရဟန်းတို့က ဆိုဆုံးမသည်ရှိသော် တပါးသောအကြောင်းဖြင့် တပါးသောအကြောင်းကို မဖုံးကွယ်၊ အပသို့ စကားကို မရောက်စေ၊အမျက်ကိုရင်း ဒေါသကိုရင်း မနှစ်သက်ခြင်းကိုရင်း ထင်စွာမပြု၊ ကောင်းစွာ ကျင့်၏၊ လျော်စွာ ကျင့်၏၊ အာပတ်မှ ထွက်မြောက်ကြောင်း အကျင့်ကို ကျင့်၏၊သံဃာနှစ်သက် သော အမှုကို ပြုပါအံ့ဟု ဆို၏။ အသျှင်ဘုရားတို့ တောင်းပန်ပါ၏၊ ဤရဟန်း၏ အဓိကရုဏ်း

http://www.dhammadownload.com



လျင်စွာ ငြိမ်းအေးနိုင်မည့် နည်းလမ်းကို စုံးစမ်းကြကုန်လော့”ဟု(ဤသို့ ပြောဆိုခြင်းသည်ဖြစ်၏)။ ဘဒ္ဒါလိ ဤသို့လျှင် ထိုရဟန်းတို့သည် ထိုရဟန်း၏ အဓိကရုဏ်း လျင်စွာ ငြိမ်းအေးနိုင်မည့် နည်းလမ်းကို စုံးစမ်းကြကုန်၏။

၁၄၄။ ဘဒ္ဒါလိ ဤသာသနာတော်၌ အချို့သော ရဟန်းသည် ယုံကြည်ကာမျှဖြင့် ချစ်နှစ်သက်ကာမျှဖြင့် ရှက်ဆောင်၏၊ ဘဒ္ဒါလိ ထိုသို့ရှက်ဆောင်ရာ၌ ရဟန်းတို့အား ဤသို့ ပြောဆိုခြင်းသည် ဖြစ်၏— “ငါ့သျှင်တို့ ဤရဟန်းသည် ယုံကြည်ကာမျှဖြင့် ချစ်နှစ်သက်ကာမျှဖြင့် ရှက်ဆောင်၏၊ ငါတို့သည် ဤရဟန်းကို နှိပ်စက်၍ နှိပ်စက်၍ ညှဉ်းပန်းမှုကို အကယ်၍ ပြုကုန်ငြားအံ့၊ ဖြစ်ပေါ်နေသော ယုံကြည်ခြင်းမျှ ချစ်နှစ်သက်ခြင်းမျှသည်လည်း ယုတ်လျော့ရာ၏၊ ထိုယုံကြည်ခြင်းမျှ ချစ်နှစ်သက်ခြင်းမျှမှလည်း မဆုတ်ယုတ်ပါစေလင့်”ဟု (ဤသို့ ပြောဆိုခြင်းသည်ဖြစ်၏)။

ဘဒ္ဒါလိ ဥပမာသော်ကား ယောကျ်ားတယောက်အား မျက်စိတလုံးသာ ရှိရာ၏၊ ထို ယောကျ်ား၏ အဆွေခင်ပွန်း ဆွေမျိုးသားချင်းတို့သည် “ထိုယောကျ်ားအား မျက်စိတလုံးသာ ရှိ၏၊ ထိုမျက်စိတလုံးမှလည်း မဆုတ်ယုတ်ပါစေလင့်”ဟု ထိုမျက်စိတလုံးကိုပင် စောင့်ရှောက်ကုန်ရာ သကဲ့သို့ ဤအတူသာလျှင် အချို့သောရဟန်းသည် ယုံကြည်ကာမျှဖြင့် ချစ်နှစ်သက်ကာမျှဖြင့် ရှက်ဆောင်၏။ဘဒ္ဒါလိ ထိုသို့ ရှက်ဆောင်ရာ၌ ရဟန်းတို့အား ဤသို့ပြောဆိုခြင်းသည်ဖြစ်၏— “ငါ့သျှင်တို့ ဤရဟန်းသည် ယုံကြည်ကာမျှဖြင့် ချစ်နှစ်သက်ကာမျှဖြင့် ရှက်ဆောင်၏၊ အကယ်၍ ငါတို့သည် ဤရဟန်းကို နှိပ်စက်၍ နှိပ်စက်၍ ညှဉ်းပန်းမှုကို ပြုကုန်ငြားအံ့၊ ဖြစ်ပေါ်နေသော ယုံကြည်ခြင်းမျှ ချစ်နှစ်သက်ခြင်းမျှသည်လည်း ယုတ်လျော့ရာ၏၊ ထိုယုံကြည်ခြင်းမျှ ချစ်နှစ်သက်ခြင်းမျှမှလည်း မဆုတ်ယုတ်ပါစေလင့်”ဟု (ဤသို့ပြောဆိုခြင်းဖြစ်ပါ၏)။ ဘဒ္ဒါလိ အချို့သော ရဟန်းကို နှိပ်စက်၍ နှိပ်စက်၍ ညှဉ်းပန်းမှုကို ပြုသောအကြောင်းကား ဤသည်ပင်တည်း၊ အထောက်အပံ့ကား ဤသည် ပင်တည်း။ ဘဒ္ဒါလိ အချို့သော ရဟန်းကို ထိုသို့သော အခြင်းအရာအားဖြင့် နှိပ်စက်၍ နှိပ်စက်၍ ညှဉ်းပန်းမှုကို မပြုကြသော အကြောင်းကား ဤသည်ပင်တည်း၊ အထောက်အပံ့ကား ဤသည်ပင် တည်း ဟု(မိန့်တော်မူ၏)။

၁၄၅။ အသျှင်ဘုရား ရှေးအခါက သိက္ခာပုဒ်များ အလွန်နည်းပါးပါကုန်လျက် များစွာသော ရဟန်းတို့၏ အရဟတ္တဖိုလ်၌ တည်ကြသော အကြောင်းကား အဘယ်ပါနည်း၊ အထောက်အပံ့ကား အဘယ်ပါနည်း၊ အသျှင်ဘုရား ယခုအခါ၌ သိက္ခာပုဒ်များ အလွန်များပါကုန်လျက် အလွန် နည်းပါးသော ရဟန်းတို့၏ အရဟတ္တဖိုလ်၌ တည်ကြသော အကြောင်းကား အဘယ်ပါနည်း၊ အထောက်အပံ့ကား အဘယ်ပါနည်း ဟု(လျှောက်၏)။

ဘဒ္ဒါလိ ဤသို့သာဖြစ်ရ၏၊ သတ္တဝါတို့ ကိုယ်ကျင့်တရား ဆုတ်ယုတ်ကုန်သည်ရှိသော် သူတော်ကောင်းတရား ကွယ်ခါနီး လတ်သော် သိက္ခာပုဒ်တို့သည် များပြားကုန်၏၊ သို့ရာတွင် အလွန်နည်းပါး သော ရဟန်းတို့သည်သာ အရဟတ္တဖိုလ်၌ တည်ကြကုန်၏။ ဘဒ္ဒါလိ အာသဝေါတရားလျှင် တည်ရာရှိကုန်သော အချို့သော (လွန်ကျူးမှု)တရားတို့သည် သံဃာ၌ ထင်ရှားမဖြစ်ပေါ်သေးသမျှ ကာလပတ်လုံး မြတ်စွာဘုရားသည် တပည့်တို့အား သိက္ခာပုဒ်ကို ပညတ်တော်မမူသေး။ ဘဒ္ဒါလိ ဤ(သာသနာတော်)၌ အာသဝေါတရားလျှင် တည်ရာရှိကုန်သော အချို့သော လွန်ကျူးမှု တရားတို့သည် သံဃာ၌ ထင်ရှားဖြစ်ပေါ်လာသောအခါ အာသဝေါတရားလျှင် တည်ရာရှိသော

http://www.dhammadownload.com



ထိုလွန်ကျူးမှု တရားတို့ကို ပယ်ဖျောက်ခြင်း အကျိုးငှါသာလျှင် မြတ်စွာဘုရားသည် တပည့်တို့အား သိက္ခာပုဒ်ကို ပညတ်တော်မူ၏။

ဘဒ္ဒါလိ သံဃာသည် များပြားသောအဖြစ်သို့ မရောက်သေးသမျှကာလပတ်လုံး ဤသာသနာတော်၌ အာသဝေါတရားလျှင် တည်ရာရှိကုန်သော အချို့သောလွန်ကျူးမှု တရားတို့သည် သံဃာ၌ ထင်ရှားမဖြစ်ပေါ်ကုန်သေး။ ဘဒ္ဒါလိ သံဃာများပြားသည်၏ အဖြစ်သို့ ရောက်သောအခါ၌မူကား ဤသာသနာတော်၌ အာသဝေါတရားလျှင် တည်ရာရှိကုန်သော အချို့သော လွန်ကျူးမှု တရားတို့သည် သံဃာ၌ ထင်ရှားဖြစ်ပေါ်လာကုန်၏၊ ထိုအခါ ထိုအာသဝေါတရားလျှင် တည်ရာရှိကုန်သော အချို့သော လွန်ကျူးမှုတရားတို့ကို ပယ်ဖျောက်ရန် အကျိုးငှါသာလျှင် မြတ်စွာဘုရားသည် တပည့်တို့အား သိက္ခာပုဒ်ကို ပညတ်တော်မူ၏။

ဘဒ္ဒါလိ သံဃာသည် လာဘ်ပေါများသည်၏ အဖြစ်သို့ မရောက်သေးသမျှ ကာလပတ်လုံး ဤသာသနာတော်၌ အာသဝေါတရားလျှင် တည်ရာရှိကုန်သော အချို့သော လွန်ကျူးမှုတို့သည် သံဃာ၌ ထင်ရှား မဖြစ်ပေါ်ကုန်သေး၊ အခြံအရံများပြားသည်၏ အဖြစ် အကြားအမြင် များပြားသည်၏အဖြစ် ညဉ့်အပိုင်းအခြားကိုသိသော ရဟန်း များပြားသည်၏ အဖြစ်သို့ မရောက်သေးသမျှ ကာလပတ်လုံး ဤသာသနာတော်၌ အာသဝေါတရားလျှင် တည်ရာရှိကုန်သော အချို့သော လွန်ကျူးမှုတရားတို့သည် သံဃာ၌ ထင်ရှားမဖြစ်ပေါ်ကုန်သေး။

ဘဒ္ဒါလိ သံဃာသည် ညဉ့်အပိုင်းအခြားကို သိသော ရဟန်း များပြားသည်၏ အဖြစ်သို့ ရောက်သောအခါ ဤသာသနာတော်၌ အာသဝေါတရား၏ တည်ရာဖြစ်ကုန်သော အချို့သော လွန်ကျူးမှု တရားတို့သည် သံဃာ၌ ထင်ရှားဖြစ်ပေါ်ကုန်၏၊ ထိုအခါ ထိုအာသဝေါတရားတို့၏ တည်ရာဖြစ်ကုန်သော အချို့သော လွန်ကျူးမှုတရားတို့ကို ပယ်ဖျောက်ရန်အကျိုးငှါသာလျှင် မြတ်စွာဘုရားသည် တပည့်တို့အား သိက္ခာပုဒ်ကို ပညတ်တော်မူ၏။

၁၄၆။ ဘဒ္ဒါလိ သင်တို့အား အာဇာနည်မြင်းငယ် ဥပမာရှိသောတရားကို ငါဟောစဉ်က သင်တို့သည် အနည်းငယ်မျှသာ ဖြစ်ကုန်၏၊ ဘဒ္ဒါလိ ထိုတရားကို သင်မှတ်မိသေး၏လော ဟု (မေးတော်မူ၏)။ အသျှင်ဘုရား မမှတ်မိပါ ဟု (လျှောက်၏)။ဘဒ္ဒါလိ ထိုမမှတ်မိရာ၌ အဘယ် အကြောင်းကို ယုံကြည်ဘိသနည်း ဟု (မေးတော်မူ၏)။ အသျှင်ဘုရား တပည့်တော်သည် မြတ်စွာဘုရား သာသနာတော်၌ ရှည်မြင့်စွာသော ကာလပတ်လုံး သိက္ခာပုဒ်ကို ဖြည့်ကျင့်လေ့ မရှိခဲ့သောကြောင့် ဖြစ်တန်ရာပါ၏ ဟု(လျှောက်၏)။

ဘဒ္ဒါလိ အမှန်အားဖြင့် ဤသည်သာလျှင် အကြောင်း မဟုတ်သေး၊ ဤသည်သာလျှင် အထောက်အပံ့ မဟုတ်သေး။ ဘဒ္ဒါလိ ငါသည် သင့်ကို ရှည်မြင့်စွာသော ကာလပတ်လုံး စိတ်ဖြင့် စိတ်ကို ပိုင်းခြား၍ သိပြီးလျှင် "ဤမဂ်ဖိုလ်မှ အချည်းနှီးသောသူသည် ငါတရားဟောသည်ရှိသော် အရှိအသေပြု၍ နှလုံးသွင်းပြီးလျှင် အလုံးစုံကို စိတ်ဝင်စားကာ နားစိုက်လျက် တရားမနာ" ဟု ပိုင်းခြား၍ သိ၏။ သိရာတွင် သင့်အား ငါသည် အာဇာနည်မြင်းငယ် ဥပမာရှိသော တရားကို ဟောကြားပေအံ့၊ ထိုတရားကို ကောင်းစွာ နာယူလော့၊ ကောင်းစွာ နှလုံးသွင်းလော့၊ ဟောကြားပေအံ့ ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား ကောင်းပါပြီဟု အသျှင်ဘဒ္ဒါလိသည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထား၏။ မြတ်စွာဘုရားသည် ဤသို့ ဟောကြားတော်မူ၏—

http://www.dhammadownload.com



၁၄၇။ ဘဒ္ဒါလိ ဥပမာသော်ကား ကျွမ်းကျင်သော မြင်းဆရာသည် အာဇာနည်မြင်းကောင်းကိုရသည်ရှိသော် ရှေးဦးစွာ ဇက်ခွံ့ရာ၌ ညှဉ်းပန်းမှုကို ပြုစေ၏၊ ထိုဇက်ခွံ့ရာ၌ ညှဉ်းပန်းမှုအပြုခံရသော ထိုအာဇာနည်မြင်းအား အနည်းအကျဉ်းသော ဆိုးသွမ်းမှု ကြမ်းတမ်းမှု လှုပ်ရှားမှုတို့သည် ဖြစ်ပေါ်လာကုန်သည်သာတည်း၊ ထိုသို့ ဖြစ်ခြင်းသည် ရှေး၌ မပြုလုပ်စေခဲ့ဘူးသေးသော ညှဉ်းဆဲမှုကို အပြုခံရသော သတ္တဝါ၏ ထုံးတမ်းအတိုင်းပင်တည်း။ ထိုမြင်းသည် မပြတ် ညှဉ်းဆဲခြင်းဟူသော အကြောင်းကြောင့် အစဉ်အတိုင်း ညှဉ်းဆဲခြင်းဟူသော အကြောင်းကြောင့် ထိုမယဉ်ကျေးသောအရာ၌ ကြမ်းတမ်းမှုသည် ငြိမ်း၏။

ဘဒ္ဒါလိ အကြင်အခါ၌ အာဇာနည်မြင်းကောင်းသည် မပြတ်ညှဉ်းဆဲခြင်းဟူသော အကြောင်းကြောင့် အစဉ်အတိုင်း ညှဉ်းဆဲခြင်းဟူသော အကြောင်းကြောင့် ထိုမယဉ်ကျေးသောအရာ၌ ကြမ်းတမ်းမှုသည် ငြိမ်း၏၊ ထိုမြင်းအာဇာနည်ကို မြင်းဆရာသည် ထို့ထက်အလွန် ယာဉ်တပ်ခြင်း၌ ညှဉ်းဆဲမှုကို ပြုစေပြန်၏၊ ယာဉ်တပ်ခြင်း၌ ညှဉ်းဆဲမှု အပြုခံရသော ထိုမြင်းအား အနည်းအကျဉ်းသော ဆိုးသွမ်းမှု ကြမ်းတမ်းမှု လှုပ်ရှားမှုတို့သည် ဖြစ်ပေါ်လာကုန်သည်သာတည်း၊ ထိုသို့ဖြစ်ခြင်းသည် ရှေး၌ မပြုလုပ်စေခဲ့ဘူးသေးသော ညှဉ်းဆဲမှုကို အပြုခံရသော သတ္တဝါ၏ ထုံးတမ်းအတိုင်းပင်တည်း။ ထိုမြင်းသည် မပြတ်ညှဉ်းဆဲခြင်းဟူသော အကြောင်းကြောင့် အစဉ်အတိုင်း ညှဉ်းဆဲခြင်းဟူသော အကြောင်းကြောင့် ထိုမယဉ်ကျေးသော အရာ၌ ကြမ်းတမ်းမှုသည် ငြိမ်း၏။

ဘဒ္ဒါလိ အကြင်အခါ၌ အာဇာနည်မြင်းကောင်းသည် မပြတ်ညှဉ်းဆဲခြင်း ဟူသော အကြောင်းကြောင့် အစဉ်အတိုင်း ညှဉ်းဆဲခြင်းဟူသော အကြောင်းကြောင့် ထိုမယဉ်ကျေးသော အရာ၌ ကြမ်းတမ်းမှုသည် ငြိမ်း၏။

ထိုမြင်းကို မြင်းဆရာသည် ထို့ထက်အလွန် ညှဉ်းဆဲမှုကို ပြုစေပြန်၏၊ ခုန်လွှားခြင်း၌လည်းကောင်း လုံးနေအောင် ပြေးခြင်း၌လည်းကောင်း ခွါများထောက်၍ ပြေးခြင်း၌လည်းကောင်း ကောင်းစွာ ဆောင်နိုင်ခြင်း၌လည်းကောင်း မထိတ်မလန့် စစ်ပွဲသို့ ဝင်ခြင်း၌လည်းကောင်း မင်းသိစေရန် ဂုဏ်ပြုနိုင်ခြင်း၌လည်းကောင်း ရာဇဝင်တွင်အောင် ဆောင်ရွက်ခြင်း၌လည်းကောင်း အလွန်ဆုံး လျင်မြန်ခြင်း၌လည်းကောင်း အကောင်းဆုံး မြင်းဖြစ်စေခြင်း၌လည်းကောင်း အသိမ်မွေ့ဆုံးသော စကားဖြင့် စေခိုင်းရခြင်း၌လည်းကောင်း ညှဉ်းဆဲမှုကို ပြုစေ၏၊ အလွန်ဆုံး လျင်မြန်ခြင်း၌လည်းကောင်း အကောင်းဆုံးမြင်း ဖြစ်စေခြင်း၌လည်းကောင်း အသိမ်မွေ့ဆုံးစကားဖြင့် စေခိုင်းရခြင်း၌လည်းကောင်း ညှဉ်းပန်းမှု အပြုခံရသော ထိုမြင်းအား အနည်းအကျဉ်းသော ဆိုးသွမ်းမှု ကြမ်းတမ်းမှု လှုပ်ရှားမှုတို့သည် ဖြစ်ပေါ်လာရုန်သည်သာလျှင်တည်း၊ ထိုသို့ဖြစ်ပေါ်ခြင်းသည် ရှေး၌ မပြုလုပ်စေခဲ့ဘူးသော ညှဉ်းပန်းမှုကို အပြုခံရသော သတ္တဝါ၏ ထုံးတမ်းအတိုင်းပင်တည်း။ ထိုမြင်းသည် မပြတ်ညှဉ်းဆဲခြင်းဟူသော အကြောင်းကြောင့် အစဉ်အတိုင်း ညှဉ်းဆဲခြင်းဟူသော အကြောင်းကြောင့် ထိုမယဉ်ကျေးသော အရာ၌ ကြမ်းတမ်းမှုသည် ငြိမ်း၏။

ဘဒ္ဒါလိ အကြင်အခါ၌ အာဇာနည်မြင်းကောင်းသည် မပြတ်ညှဉ်းဆဲခြင်းဟူသော အကြောင်းကြောင့် အစဉ်အတိုင်းညှဉ်းဆဲခြင်းဟူသော အကြောင်းကြောင့် ထိုမယဉ်ကျေးသောအရာ၌ ကြမ်းတမ်းမှုသည် ငြိမ်း၏။ ထိုမြင်းကို မြင်းဆရာသည် ထို့ထက်အလွန် မင်းနှင့်သာ့ ဟိုက်သောအစာကိုရင်း မင်းနှင့်သာ့ထိုက်သော ရေကိုရင်း ကျွေး၏။ ဘဒ္ဒါလိ ဆယ်ပါးကုန်သော ဤအကြောင်းအင်္ဂါတို့နှင့် ပြည့်စုံသော အာဇာနည်မြင်းကောင်းသည် မင်းနှင့်ထိုက်တန်၏၊ မင်းတို့ သုံးဆောင်သင့်၏၊ မင်း၏အင်္ဂါဟူ၍သာ ရေတွက်ခြင်းသို့ရောက်၏။

http://www.dhammadownload.com



ဘဒ္ဒါလိ ဤအတူသာလျှင် ဆယ်ပါးကုန်သောတရားတို့နှင့် ပြည့်စုံသော ရဟန်းသည် အဝေးမှ ဆောင်ယူ၍ လျှုအပ်သော အလှူကို ခံထိုက်၏၊ ဧည့်သည်ဘို့အား ရည်မှတ်၍ ထားသော အလှူကို ခံထိုက်၏၊ မြတ်သော အလှူကို ခံထိုက်၏၊ လက်အုပ်ချီခြင်းကို ခံထိုက်၏၊ သတ္တဝါအပေါင်း၏ ကုသိုလ်မျိုးစေ့တို့ စိုက်ပျိုးရာ အတုမရှိ မြတ်သော လယ်ယာမြေကောင်းသဖွယ်ဖြစ်၏။

ဆယ်ပါးသောတရားတို့ဟူသည် အဘယ်နည်း—ဘဒ္ဒါလိ ဤသာသနာတော်၌ ရဟန်းသည် ရဟန္တာတို့၏ ဥစ္စာဖြစ်သော ကောင်းသောဉာဏ်အမြင်နှင့် ပြည့်စုံ၏၊ ရဟန္တာတို့၏ ဥစ္စာဖြစ်သော ကောင်းသော အကြံနှင့် ပြည့်စုံ၏၊ ရဟန္တာတို့၏ ဥစ္စာဖြစ်သော ကောင်းသောစကားနှင့် ပြည့်စုံ၏၊ ရဟန္တာတို့၏ ဥစ္စာဖြစ်သော ကောင်းသောအမှုပြုခြင်းနှင့် ပြည့်စုံ၏၊ ရဟန္တာတို့၏ဥစ္စာဖြစ်သော ကောင်းသော အသက်မွေးခြင်းနှင့် ပြည့်စုံ၏၊ ရဟန္တာတို့၏ဥစ္စာဖြစ်သော ကောင်းသော အားထုတ်ခြင်းနှင့် ပြည့်စုံ၏၊ရဟန္တာဘို့၏ဥစ္စာဖြစ်သော ကောင်းသောသတိနှင့်ပြည့်စုံ၏၊ ရဟန္တာတို့၏ ဥစ္စာဖြစ်သော တည်ကြည်မှု 'သမာဓိ'နှင့် ပြည့်စုံ၏၊ ရဟန္တာတို့၏ဥစ္စာဖြစ်သော ကောင်းသောဉာဏ်အမြင်နှင့် ပြည့်စုံ၏၊ ရဟန္တာတို့၏ ဥစ္စာဖြစ်သော လွတ်မြောက်ခြင်း 'ဝိမုတ္တိ'နှင့် ပြည့်စုံ၏။

ဘဒ္ဒါလိ ဤဆယ်ပါးသော အင်္ဂါတို့နှင့် ပြည့်စုံသော ရဟန်းသည် အဝေးမှ ဆောင်ယူ၍ လျှုအပ်သော အလှူကိုခံထိုက်၏၊ဧည့်သည် ဘို့အား ရည်မှတ်၍ ထားအပ်သော အလှူကို ခံထိုက်၏၊ မြတ်သော အလှူကို ခံထိုက်၏၊ လက်အုပ်ချီခြင်းကို ခံထိုက်၏၊ သတ္တဝါအပေါင်း၏ ကုသိုလ်မျိုးစေ့တို့ စိုက်ပျိုးရာ အတုမရှိသော လယ်ယာမြေကောင်းဖြစ်ပေ၏ဟု ဆိုရ၏ဟု မြတ်စွာဘုရားသည် ဤတရားတော်ကို ဟောကြားတော်မူ၏။ အသျှင်ဘဒ္ဒါလိသည် မြတ်စွာဘုရား၏တရားစကားတော်ကို နှစ်ခြိုက်ဝမ်းမြောက်လေ၏။

ငါးခုမြောက် ဘဒ္ဒါလိသုတ် ပြီး၏။

---

## ၆-လဋုကိကောပမသုတ်

၁၄၇။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် အင်္ဂုတ္တရာပတိုင်း အာပဏမည်သော နိဂုံး၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် နံနက်အခါ၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူတော်မူပြီးလျှင် အာပဏနိဂုံးသို့ ဆွမ်းအလို့ငှါ ဝင်တော်မူ၏၊ အာပဏနိဂုံးသို့ ဆွမ်းခံလှည့်လည်၍ ဆွမ်းခံရာမှ ဖဲခဲ့ကာ ဆွမ်းစားပြီးနောက် တောအုပ်တခုသို့ နေ့သန့်စင်တော်မူရန် ဝင်ရောက်၍ သစ်တပင်ရင်း၌ နေ့သန့်စင်နေတော်မူ၏။

အသျှင်ဥဒါယီသည်လည်း နံနက်အခါ၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူပြီးလျှင် အာပဏနိဂုံးသို့ ဆွမ်းအလို့ငှါ ဝင်လေ၏၊ အာပဏနိဂုံး၌ ဆွမ်းအလို့ငှါ လှည့်လည်၍ ဆွမ်းခံရာမှ ဖဲခဲ့ကာ ဆွမ်းစားပြီးနောက် ထိုတောအုပ်ရှိရာသို့ နေ့သန့်စင်ရန် ဝင်ရောက်၍ သစ်တပင်ရင်း၌ နေ့သန့်စင်နေလေ၏။

http://www.dhammadownload.com



ထိုအခါ ဆိတ်ငြိမ်ရာသို့ကပ်၍ ကိန်းအောင်းနေသော အသျှင်ဥဒါယီအား "မြတ်စွာဘုရားသည် ငါတို့၏ များစွာသော ဆင်းရဲတရားတို့ကို စင်စစ် ပယ်ဖျောက်တတ်ပါပေ၏၊ မြတ်စွာဘုရားသည် ငါတို့၏ များစွာသော ချမ်းသာတရားတို့ကို စင်စစ် ရွေးရှူဆောင်တတ်ပါပေ၏၊ မြတ်စွာဘုရားသည် ငါတို့၏ များစွာသော အကုသိုလ်တရားတို့ကို စင်စစ် ပယ်ဖျောက်တတ်ပါပေ၏၊ မြတ်စွာဘုရားသည် ငါတို့၏များစွာသော ကုသိုလ်တရားတို့ကို စင်စစ်ရွေးရှူဆောင်တတ်ပါပေ၏"ဟု စိတ်အကြံဖြစ်ပေါ်၏။ ထို့နောက် အသျှင်ဥဒါယီသည် ညချမ်းအခါ ကိန်းအောင်းရာမှ ထလျက် မြတ်စွာဘုရားရှိတော်မူရာသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် သင့်လျော်ရာ၌ ထိုင်နေ၏။

၁၄၉။ သင့်လျော်ရာ၌ ထိုင်နေပြီးသော အသျှင်ဥဒါယီသည် မြတ်စွာဘုရားအား ဤသို့ လျှောက်ထား၏– "အသျှင်ဘုရား ဆိတ်ငြိမ်ရာသို့ကပ်၍ ကိန်းအောင်းနေသော တပည့်တော်အား 'မြတ်စွာဘုရားသည် ငါတို့၏ များစွာသော ဆင်းရဲတရားတို့ကို စင်စစ် ပယ်ဖျောက်တတ်ပါပေ၏၊ မြတ်စွာဘုရားသည် ငါတို့၏ များစွာသော ချမ်းသာတရားတို့ကို စင်စစ် ရွေးရှူဆောင်တတ်ပါပေ၏၊ မြတ်စွာဘုရားသည် ငါတို့၏ များစွာသော အကုသိုလ်တရားတို့ကို စင်စစ် ပယ်ဖျောက်တတ်ပါပေ၏၊ မြတ်စွာဘုရားသည် ငါတို့၏ များစွာသော ကုသိုလ်တရားတို့ကို စင်စစ် ရွေးရှူဆောင်တတ်ပါပေ၏'ဟု ဤသို့သော စိတ်အကြံဖြစ်ပါ၏။ အသျှင်ဘုရား အကျွန်ုပ်တို့သည် ရှေးအခါက ညအခါ၌၎င်း နံနက်အခါ၌၎င်း နေ့နေလွဲအခါ၌၎င်း စားကြပါကုန်၏။

အသျှင်ဘုရား မြတ်စွာဘုရားသည် ရဟန်းတို့ကို 'ရဟန်းတို့ သင်တို့သည် နေလွဲသောအခါ၌ စားခြင်းကို ပယ်စွန့်ကြကုန်လော့'ဟု မိန့်တော်မူခဲ့စဉ်က သဒ္ဓါတရားရှိသော သူကြွယ်တို့သည် နေလွဲသောအခါ၌ မွန်မြတ်သောခဲဖွယ်ဘောဇဉ်ကို ငါတို့အား ပေးလှူကုန်၏၊ ထိုခဲဖွယ်ဘောဇဉ်ကိုလည်း ငါတို့အား ပယ်ရမည်ဟု မြတ်စွာဘုရားဟောတော်မူ၏၊ ထိုခဲဖွယ်ဘောဇဉ်ကိုလည်း ငါတို့အား စွန့်သွတ်ရမည်'ဟု မြတ်စွာဘုရားဟောတော်မူ၏ဟု အကျွန်ုပ်အား စိတ်ပြောင်းလွဲမှု စိတ်ဆင်းရဲမှု ဖြစ်ခဲ့ရပါ၏။ အသျှင်ဘုရား ထိုအကျွန်ုပ်တို့သည် မြတ်စွာဘုရား၌ ချစ်ခြင်း ရိုသေခြင်း ရှက်ခြင်း ကြောက်ခြင်းတို့ကို ကောင်းစွာ ထောက်မြော်ကြလျက် ဤသို့လျှင် ထိုနေ့ နေလွဲအခါ၌ စားခြင်းကို ပယ်စွန့်ကြပါကုန်၏။

အသျှင်ဘုရား ထိုအကျွန်ုပ်တို့သည် ညဉ့်အခါ၌လည်း စားပါကုန်၏၊ နံနက်အခါ၌လည်း စားပါကုန်၏၊ အသျှင်ဘုရား မြတ်စွာဘုရားသည် ရဟန်းတို့ကို 'ရဟန်းတို့ သင်တို့သည် ဤညဉ့်အခါ၌ စားခြင်းကို ပယ်စွန့်ကြကုန်လော့'ဟု မိန့်တော်မူခဲ့စဉ်က 'ငါတို့၏ ဤနှစ်ထပ်သော အစာတို့တွင်သာ လွန်မြတ်သည်ဟု ဆိုရသော ညဉ့်စာကိုလည်း ငါတို့အား ပယ်ရမည်'ဟု မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုမြတ်သော ညဉ့်စာကိုလည်း ငါတို့အား စွန့်ရမည်ဟု မြတ်စွာဘုရား ဟောတော်မူ၏ဟု အကျွန်ုပ်အား စိတ်ပြောင်းလွဲမှု စိတ်ဆင်းရဲမှု ဖြစ်ခဲ့ရပါ၏။

အသျှင်ဘုရား ရှေးကဖြစ်ဘူးသည်မှာ တယောက်သောယောကျ်ားသည် နေ့အခါ၌ ဟင်းလျာကို ရ၍ 'ဤဟင်းလျာကို ထားကြကုန်လော့၊ ညချမ်းအခါ ငါတို့အားလုံး တစုတရုံးတည်း စားကြကုန်အံ့'ဟု ဆို၏။ အသျှင်ဘုရား အထူးပြုပြင်ထားသော ခဲဖွယ်တို့သည် ညဉ့်အခါ၌သာ အားလုံးစုံလင်၍ နေ့အခါ၌ကား အနည်းငယ်သာ ဖြစ်ပါကုန်၏။ အသျှင်ဘုရား ထိုအကျွန်ုပ်တို့သည်

http://www.dhammadownload.com



မြတ်စွာဘုရား၌ ချစ်ခြင်း ရိုသေခြင်း ရှက်ခြင်း ကြောက်ခြင်းတို့ကို ကောင်းစွာ ထောက်မြော် ကြလျက် ဤသို့လျှင် ညဉ့်အခါ၌ စားခြင်းကို ပယ်ခဲ့ကြပါကုန်၏။

အသျှင်ဘုရား ရှေးကဖြစ်ဘူးသည်မှာ ရဟန်းတို့သည် ညဉ့်မှောင်မိုက်၌ ဆွမ်းခံလှည့်လည်ကြ ကုန်သည်ရှိသော် အညစ်အကြေးစွန့်ရာသို့သည်း ဝင်ကြကုန်၏၊ ညွန်တွင်းသို့လည်း ကျကြကုန်၏၊ ဆူးရှိသော တွင်းကိုလည်း နင်းမိကြကုန်၏၊ အိပ်နေသော နွားမကိုလည်း တက်နင်းမိကြကုန်၏၊ ခိုးခဲ့ပြီးသော သူခိုး မခိုးရသေးသော သူခိုးတို့နှင့်လည်း တွေ့ဆုံမိကြကုန်၏၊ မာတုဂါမသည်မူလည်း ထိုရဟန်းကို မေထုန်အကျင့်ဖြင့် ဘိတ်၏၊ 'မေထုန်ကျင့်ရန် ပြောဆို၏'။

အသျှင်ဘုရား ရှေးကဖြစ်ဘူးသည်မှာ တပည့်တော်သည် ညဉ့်မှောင်မိုက်၌ ဆွမ်းအလို့ငှါ လှည့် လည်၏၊ အသျှင်ဘုရား ခွက်ဆေးကျောနေသော မိန်းမတယောက်သည် လျှပ်စစ်ပြက်သောအခိုက်၌ အကျွန်ုပ်ကို မြင်၍ 'အမယ်လေး ကိုယ်ကျိုးနဲ့ပါပေါ့၊ ဘီလူးကြီးပါတကား' ဟု လန့်အော်ပါ၏။

အသျှင်ဘုရား ဤသို့လန့်အော်သော် တပည့်တော်သည် 'နှမ ငါသည် ဘီလူးမဟုတ်ပါ၊ ဆွမ်းရပ်နေသော ရဟန်းပါ'ဟု ထိုမိန်းမကို ပြောဆိုခဲ့ပါ၏၊ ရဟန်းအား မိဖမဲ့လေယောင်တကား၊ ရဟန်းအား မိဖမဲ့လေယောင်တကား၊ ရဟန်း ထက်သန်စွာသော ဓားငယ်ဖြင့် သင်၏ဝမ်းပိုက်ကို ထိုးဖောက်ခြင်းက မြတ်သေး၏၊ ညဉ့်မှောင်မိုက်၌ ဝမ်းဟူသောအကြောင်းကြောင့် ဆွမ်းခံလှည့် လည်ခြင်းသည် မမြတ်သည်သာတည်းဟု ထိုမိန်းမက ဆိုပါ၏။

အသျှင်ဘုရား ထိုအကြောင်းကို ပြန်အောက်မေ့သော အကျွန်ုပ်အား 'မြတ်စွာဘုရားသည် ငါတို့၏ များစွာသော ဆင်းရဲတရားတို့ကို စင်စစ် ပယ်ရှားတော်မူတတ်ပါ၏၊ မြတ်စွာဘုရားသည် ငါတို့၏ များစွာသော ချမ်းသာတရားတို့ကို စင်စစ် ရှေးရှုဆောင်တတ်ပါပေ၏၊ မြတ်စွာ ဘုရားသည် ငါတို့၏ များစွာသော အကုသိုလ်တရားတို့ကို စင်စစ် ပယ်ရှားတတ်ပါပေ၏၊ မြတ်စွာ ဘုရားသည် ငါတို့၏ များစွာသော ကုသိုလ်တရားတို့ကို စင်စစ် ရှေးရှုဆောင်တတ်ပါပေ၏" ဟူ၍ ဤသို့ အကြံဖြစ်ပါ၏ ဟု(လျှောက်၏)။

၁၅၀။ ဥဒါယိ ဤသို့သာ ဖြစ်ကြကုန်၏၊ အချို့သော အချည်းနှီးသော ယောကျ်ားတို့ကို "ဤအရာကို ပယ်ကြကုန်လော့"ဟု ငါကဆိုသည်ရှိသော် ထိုရဟန်းတို့သည် "ဤနည်းနည်းပါးပါး ကလေးမှာ အဘယ်ပြောပလောက်သနည်း၊ ဤရဟန်းသည် ခေါင်းပါးခြင်း၌ ကြောင့်ကြစိုက်လွန်း သည်သာတည်း"ဟု ဆိုကုန်၏။

ထိုရဟန်းတို့သည် ထိုအရာကိုလည်း မစွန့်ကုန်၊ ငါ၌၎င်း သိက္ခာသုံးပါးကို လိုလားသော ရဟန်းတို့၌၎င်း မကျေနပ်မှု ဖြစ်ကြကုန်၏။ ဥဒါယိ ထိုအချည်းနှီးသော ယောကျ်ားတို့အား ထိုနည်းနည်းပါးပါးကလေးသည်ပင် အားကြီးသော အနှောင်အဖွဲ့ မြဲမြံသော အနှောင်အဖွဲ့ ခိုင်ခံ့သော အနှောင်အဖွဲ့ မဆွေးမြေ့သော အနှောင်အဖွဲ့ ဖြစ်၏၊ ကြီးစွာသော သစ်သားတောက် လည်း ဖြစ်နေ၏။

ဥဒါယိ ဥပမာသော်ကား ဘီလိုးငှက်ငယ်သည် နွယ်ပုတ်အနှောင်အဖွဲ့ဖြင့် ဖွဲ့မိသော် ထိုအရပ်၌ သာလျှင် ညှဉ်းဆဲခံရခြင်းသို့၎င်း အဖမ်းခံရခြင်းသို့၎င်း သေဆုံးခြင်းသို့၎င်း ရောက်၏။ ဥဒါယိ "အနှောင်အဖွဲ့ ခံရသဖြင့် ထိုအရပ်၌ပင် ထိုဘီလိုးငှက်ငယ်၏ ညှဉ်းဆဲခံရခြင်း အဖမ်းခံရခြင်း သေဆုံးခြင်းသို့ရောက်ကြောင်းဖြစ်သော နွယ်ပုတ်အနှောင်အဖွဲ့သည်ကား ထိုဘီလိုးငှက်ငယ်အတွက်

http://www.dhammadownload.com .



အားမရှိသော အနှောင်အဖွဲ့ အားနည်းသောအနှောင်အဖွဲ့ ဆွေးမြေ့သောအနှောင်အဖွဲ့ အနှစ်မရှိသောအနှောင်အဖွဲ့သာ ဖြစ်၏”ဟု ဆိုငြားအံ့၊ ထိုသူ၏ ပြောဆိုချက်သည် ကောင်းစွာပြောဆိုခြင်း ဖြစ်ပါသလော ဟု (မေးတော်မူ၏)။ အသျှင်ဘုရား မဖြစ်ပါ၊ အသျှင်ဘုရား အနှောင်အဖွဲ့ခံရသဖြင့် ယိုအရပ်၌ပင် ထိုဘီလုံးငှက်ငယ်၏ ညှဉ်းဆဲခံရခြင်း အဖမ်းခံရခြင်း သေဆုံးရခြင်းသို့ ရောက်ကြောင်းဖြစ်သော နွယ်ပုတ်အနှောင်အဖွဲ့သည်ကား ထိုဘီလုံးငှက်ငယ်အတွက် အားကြီးသော အနှောင်အဖွဲ့ မြဲမြံသောအနှောင်အဖွဲ့ ခိုင်ခံ့သော အနှောင်အဖွဲ့ မဆွေးမမြေ့သော အနှောင်အဖွဲ့ဖြစ်၏၊ ကြီးစွာသော သစ်သားတောက်လည်း ဖြစ်ပါ၏ဟု(လျှောက်၏)။

ဥဒါယိ ဤအတူသာလျှင် ဤသာသနာတော်၌ အချို့သော အချည်းနှီးသော ယောကျ်ားတို့ကို “ဤအရာကို စွန့်ကြကုန်လော့”ဟု ငါက ဆိုသည်ရှိသော် “ဤနည်းနည်းပါးပါး ကလေးမှာ အဘယ်ပြောပလောက်သနည်း၊ ဤရဟန်းသည် ခေါင်းပါးခြင်း၌ ကြောင့်ကြစိုက်လွန်းသည်သာတည်း”ဟု ဆိုကြကုန်၏။ ထိုရဟန်းတို့သည် ထိုအရာကိုလည်း မစွန့်ကုန်၊ ငါ၌၎င်း သိက္ခာသုံးပါးကို လိုလားသော ရဟန်းတို့၌၎င်း မကျေနပ်မှု ဖြစ်ကြကုန်၏။

ဥဒါယိ ထိုအချည်းနှီးသော ယောကျ်ားတို့အား ထိုနည်းနည်းပါးပါးကလေးသည် အားကြီးသော အနှောင်အဖွဲ့ မြဲမြံသော အနှောင်အဖွဲ့ ခိုင်ခံ့သောအနှောင်အဖွဲ့ မဆွေးမြေ့သော အနှောင်အဖွဲ့ဖြစ်၏၊ ကြီးစွာသော သစ်သားတောက်လည်းဖြစ်၏။

၁၅၁။ ဥဒါယိ ဤသာသနာတော်၌ အချို့သော အမျိုးကောင်းသားတို့ကို “ဤအရာကို ပယ်ကြကုန်လော့”ဟု ငါကဆိုသည်ရှိသော် ထိုအမျိုးကောင်းသားတို့သည် “မြတ်စွာဘုရားက ငါတို့အား ပယ်ရမည် စွန့်ရမည်ဟု ဟောထားသော ဤနည်းနည်းပါးပါးကလေးမျှ ဖြစ်သော ပယ်စရာသည် အဘယ်မှာ မပြောပလောက်ပဲ ရှိအံ့နည်း”ဟု ဆိုကြကုန်၏။

ထိုသူတို့သည် ထိုအရာကိုလည်း ပယ်ကြကုန်၏၊ ငါ၌၎င်း သိက္ခာသုံးပါးကို အလိုရှိကြကုန်သော ရဟန်းတို့၌၎င်း မကျေနပ်မှု မဖြစ်ကြကုန်၊ ထိုရဟန်းတို့သည် ထိုအရာကို ပယ်စွန့်ကြ၍ ကြောင့်ကြမစိုက်ကြပဲ မာန်ကျကုန်လျက် သူတပါးပေးသောဝတ္ထုဖြင့် အသက်မွေးကြကာ သားသမင်သဖွယ် စိတ်ထားဖြင့် နေကြကုန်၏၊ ဥဒါယိ ထိုရဟန်းတို့အား ထိုအရာသည် အားမရှိသော အနှောင်အဖွဲ့ အားနည်းသောအနှောင်အဖွဲ့ ဆွေးမြေ့သော အနှောင်အဖွဲ့ အနှစ်မရှိသော အနှောင်အဖွဲ့ဖြစ်၏။

ဥဒါယိ ဥပမာသော်ကား လှည်းသန်နှင့်အလားတူ အစွယ်ရှိသော ထွားကျိုင်း၍ အမျိုးကောင်းသော စစ်မြေပြင်သို့ ဝင်ဘူးသော မင်းစီးဆင်သည် မြဲမြံသော ကြိုးအနှောင်အဖွဲ့တို့ဖြင့် အနှောင်အဖွဲ့ခံရသော် အနည်းငယ်မျှသာ ကိုယ်ကို ညွတ်စေ၍ ထိုအနှောင်အဖွဲ့တို့ကို ဖြတ်လျက် ကောင်းစွာ ဖျက်ဆီး၍ အလိုရှိရာအရပ်သို့ ဖဲသွားလေ၏။

ဥဒါယိ “လှည်းသန်နှင့် အလားတူ အစွယ်ရှိသော ထွားကျိုင်း၍ အမျိုးကောင်းသော စစ်မြေပြင်သို့ ဝင်ဘူးသော မင်းစီးဆင်သည် မြဲမြံသော ကြိုးအနှောင်အဖွဲ့တို့ဖြင့် အနှောင်အဖွဲ့ခံရသော် အနည်းငယ်သာ ကိုယ်ကို ညွတ်စေ၍ ထိုအနှောင်အဖွဲ့ဘို့ကိုဖြတ်၍ ကောင်းစွာ ဖျက်ဆီး၍ အလိုရှိရာ အရပ်သို့ ဖဲထွက်လေရာသော အနှောင်အဖွဲ့သည်ကား ထိုဆင်အတွက် အားရှိသော အနှောင်အဖွဲ့ မြဲမြံသော အနှောင်အဖွဲ့ ခိုင်ခံ့သော အနှောင်အဖွဲ့ မဆွေးမြေ့သော အနှောင်အဖွဲ့ဖြစ်၏၊ ကြီးစွာသော သစ်သားတောက်လည်း ဖြစ်၏”ဟု ဆိုငြားအံ့၊ ထိုသူ၏ ပြောဆိုချက်သည် ကောင်းစွာ ပြောဆိုခြင်းဖြစ်ပါသလော ဟု (မေးတော်မူ၏)။ အသျှင်ဘုရား မဖြစ်ပါ။

http://www.dhammadownload.com



အသျှင်ဘုရား လှည်းသန်နှင့် အလားတူ အစွယ်ရှိသော ထွားကျိုင်း၍ အမျိုးကောင်းသော စစ်မြေမြင်သို့ ဝင်ဘူးသော မင်းစီးဆင်သည် မြဲမြံသော ကြိုးအနှောင်အဖွဲ့တို့ဖြင့် အနှောင်အဖွဲ့ ခံရသော် စဉ်းငယ်သာလျှင် ကိုယ်ကိုညွှတ်စေ၍ ထိုအနှောင်အဖွဲ့တို့ကို ဖြတ်လျက် ကောင်းစွာ ဖျက်ဆီး၍ အလိုရှိရာအရပ်သို့ ဖဲသွားလေရာသော အနှောင်အဖွဲ့သည်ကား အားနည်းသော အနှောင်အဖွဲ့။ပ။ အနှစ်မရှိသော အနှောင်အဖွဲ့ ဖြစ်ပါ၏ဟု (လျှောက်၏)။

ဥဒါယိ ဤအတူသာလျှင် ဤသာသနာတော်၌ အချို့သော အမျိုးကောင်းသားတို့ကို "ဤအရာကို ပယ်စွန့်ကြကုန်လော့"ဟု ငါက ဆိုသည်ရှိသော် ထိုအမျိုးကောင်းသားတို့သည် "မြတ်စွာဘုရားက ငါတို့အား ပယ်ရမည် စွန့်ရမည်ဟု ဟောထားသော ဤနည်းနည်းပါးပါး ကလေးဖြစ်သော ပယ်စရာသည် အဘယ်မှာ မပြောပလောက်ပဲ ရှိအံ့နည်း" ဟု ဆိုကြကုန်၏။

ထိုသူတို့သည် ထိုအရာကိုလည်း ပယ်ကြကုန်၏၊ငါ၌၎င်းသိက္ခာသုံးပါးကို အလိုရှိကြကုန်သော ရဟန်းတို့၌၎င်း မကျေနပ်မှု မဖြစ်ကြကုန်၊ ထိုသူတို့သည် ထိုအရာကို ပယ်စွန့်ကြ၍ ကြောင့်ကြမစိုက်ကြပဲ မာန်ကျကုန်လျက် သူတပါးပေးသောဝတ္ထုဖြင့် အသက်မွေးကြကာ သားသမင်သဖွယ် စိတ်ထားဖြင့် နေကြကုန်၏။ ဥဒါယိ ထိုရဟန်းတို့အား ထိုအရာသည် အားမရှိသော အနှောင်အဖွဲ့ အားနည်းသော အနှောင်အဖွဲ့ ဆွေးမြေ့သော အနှောင်အဖွဲ့ အနှစ်မရှိသော အနှောင်အဖွဲ့ဖြစ်၏။

၁၅၂။ ဥဒါယိ ဥပမာသော်ကား ကိုယ်ပိုင်ဥစ္စာမရှိ၍ စည်းစိမ်ကင်းသော သူဆင်းရဲယောကျ်ားသည် ရှိ၏၊ ထိုယောကျ်ားအား ဖရိုဖရဲပျက်စီး၍ ကျီးတသောသောနေသော စုတ်နုတ်သော အိမ်တဆောင်ရှိ၏၊ ဖရိုဖရဲပျက်စီး၍ ထန်းလျှော်ခက်ထားသော စုတ်နုတ်သော ခံ့ငှင်တခုသည်လည်း ရှိ၏၊ အိုးတလုံး၌ ထည့်ထားသော ညှံ့ဖျင်းသော လူးစပါး ဗူးစေ့ ဖရုံစေ့သည်လည်း ရှိ၏၊ အကျည်းတန်သော မယားတယောက်လည်း ရှိ၏။

ထိုသူဆင်းရဲယောကျ်ားသည် လက်ခြေတို့ကို ဆေးကြောပြီးလျှင် နှစ်သက်ဖွယ်ဘောဇဉ်ကို သုံးဆောင်ပြီးနောက် ချမ်းသောအရိပ်၌ သမထဝိပဿနာကို အားထုတ်ကာ အရံတွင်းမှာနေသော ရဟန်းကို မြင်လေရာ၏။ ထိုသူဆင်းရဲအား "အိုအချင်းတို့ ရဟန်း၏အဖြစ်သည် ချမ်းသာလေစွ၊ အိုအချင်းတို့ ရဟန်း၏အဖြစ်သည် အနာကင်းလေစွ၊ ငါသည် ဆံမုတ်ဆိတ်ကိုပယ်၍ ဖန်ရည်ဆိုးသောအဝတ်တို့ကို ဝတ်ရုံ၍ အိမ်ရာထောင်သော လူ့ဘောင်မှ အိမ်ရာမထောင်သော ရဟန်းဘောင်၌ ရဟန်းပြုရမူ ထိုသူမျိုး ဖြစ်လေရာ၏" ဟု အကြံဖြစ်၏။

ထိုသူဆင်းရဲယောကျ်ားသည် ဖရိုဖရဲ ပျက်စီး၍ ကျီးတသောသောနေသော စုတ်နုတ်သော အိမ်တဆောင်ကို စွန့်ပယ်၍၎င်း ဖရိုဖရဲပျက်စီး၍ ထန်းလျှော်ခက်ထားသော စုတ်နုတ်သောခံ့ငှင် တခုကို ပယ်စွန့်၍၎င်း အိုးတလုံး၌ ထည့်ထားသော ညှံ့ဖျင်းသော လူးစပါး ဗူးစေ့ ဖရုံစေ့ကို ပယ်စွန့်၍၎င်း အကျည်းတန်သော မယားတယောက်ကို ပယ်စွန့်၍၎င်း ဆံမုတ်ဆိတ်ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုးသော အဝတ်သင်္ကန်းတို့ကို ဝတ်ရုံ၍ အိမ်ရာထောင်သော လူ့ဘောင်မှ အိမ်ရာမထောင် သော ရဟန်းဘောင်၌ ရဟန်း ပြုခြင်းငှါ မတတ်နိုင်လေရာ။

ဥဒါယိ "ဖရိုဖရဲ ပျက်စီး၍ ကျီးတသောသောနေသော စုတ်နုတ်သော အိမ်တဆောင်ကို ပယ်၍၎င်း ဖရိုဖရဲ ပျက်စီး၍ ထန်းလျှော်ခက်ထားသော စုတ်နုတ်သော ခံ့ငှင်တခုကို ပယ်စွန့်၍၎င်း အိုးတလုံး၌ ထည့်ထားသော ညှံ့ဖျင်းသော လူးစပါး ဗူးစေ့ ဖရုံစေ့ကို ပယ်စွန့်၍၎င်း အကျည်းတန်

http://www.dhammadownload.com



သော မယားတယောက်ကို ပယ်စွန့်၍ရှင်း ဆံမုတ်ဆိတ်ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုးသော အဝတ်သင်္ကန်းတို့ကို ဝတ်ရုံ၍ လူ့ဘောင်မှ ရဟန်းဘောင်၌ ထိုယောကျ်ား ရဟန်းပြုရန် မတတ်နိုင်အောင် နှောင်ဖွဲ့သားသော အနှောင်အဖွဲ့ကား ထိုယောကျ်ားအတွက် အားမရှိသော အနှောင်အဖွဲ့ အားနည်းသော အနှောင်အဖွဲ့ ဆွေးမြေ့သော အနှောင်အဖွဲ့ မမြဲမြံသော အနှောင်အဖွဲ့ အနှစ်မရှိသော အနှောင်အဖွဲ့သာ ဖြစ်၏”ဟု ဆိုငြားအံ့၊ ထိုသူ၏ ဆိုခြင်းသည် ကောင်းစွာဆိုခြင်း ဖြစ်ပါသလော ဟု (မေးတော်မူ၏)။ အသျှင်ဘုရား မဖြစ်ပါ။

အသျှင်ဘုရား ဖရိုဖရဲ ပျက်စီး၍ ကျိုးတသောသောနေသော စုတ်နုတ်သော အိမ်တဆောင်ကို ပယ်စွန့်၍ရှင်း ဖရိုဖရဲ ပျက်စီး၍ ထုန်းလျှော်ခက်ထားသော စုတ်နုတ်သော ခံ့ငှင်တခုကို ပယ်စွန့်၍ရှင်း အိုးတလုံး၌ ထည့်ထားသော ညှံ့ဖျင်းသော လူးစပါး ဗူးစေ့ ဖရုံစေ့ကို ပယ်စွန့်၍ရှင်း အကျည်းတန်သော မယားတယောက်ကို ပယ်စွန့်၍ရှင်း ဆံမုတ်ဆိတ်ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုးသော အဝတ်သင်္ကန်းတို့ကို ဝတ်ရုံ၍ လူ့ဘောင်မှ ရဟန်းဘောင်၌ ထိုယောကျ်ား ရဟန်းပြုခြင်းငှါ မစွမ်းနိုင်အောင် နှောင်ဖွဲ့ထားသော အနှောင်အဖွဲ့ကား ထိုသူအတွက် အားရှိသော အနှောင်အဖွဲ့ မြဲမြံသော အနှောင်အဖွဲ့ ခိုင်ခံ့သော အနှောင်အဖွဲ့ မဆွေးမြေ့သော အနှောင်အဖွဲ့ ဖြစ်၏၊ ကြီးစွာသော သစ်သားတောက်သည်း ဖြစ်ပါ၏ ဟု (လျှောက်၏)။

ဥဒါယိ ဤအတူသာလျှင် အချို့သော အချည်းနှီးသော ယောကျ်ားတို့ကို “ဤအရာကို ပယ်စွန့်ကြကုန်လော့”ဟု ငါကဆိုသည်ရှိသော် “ဤနည်းနည်းပါးပါးကလေးမှာ အဘယ်ပြောပလောက်သနည်း၊ ဤရဟန်းသည် ခေါင်းပါးခြင်း၌ ကြောင့်ကြစိုက်လွန်းသည်သာတည်း”ဟု ဆိုကုန်၏။ ထိုရဟန်းတို့သည် ထိုအရာကိုလည်း မစွန့်ကြကုန်၊ ငါ၌ရှင်း သိက္ခာသုံးပါးကို လိုလားသော ရဟန်းတို့၌ရှင်း မကျေနပ်မှု ဖြစ်ကြကုန်၏။ ဥဒါယိ ထိုအချည်းနှီးသော ယောကျ်ားတို့အား ထိုနည်းနည်းပါးပါးကလေးသည် အားကြီးသော အနှောင်အဖွဲ့ မြဲမြံသောအနှောင်အဖွဲ့ ခိုင်ခံ့သော အနှောင်အဖွဲ့ မဆွေးမြေ့သော အနှောင်အဖွဲ့ ဖြစ်ပါ၏၊ ကြီးစွာသော သစ်သားတောက်လည်း ဖြစ်ပါ၏။

၁၅၃။ ဥဒါယိ ဥပမာသော်ကား ကြွယ်ဝသော များသောဥစ္စာရှိသော များသောစည်းစိမ်ရှိသော အရာမကသော ရွှေနိက္ခအပေါင်း အရာမကသော စပါးအပေါင်း အရာမကသော လယ်မြေအပေါင်း အရာမကသော ယာမြေအပေါင်း အရာမကသော မယားအပေါင်း အရာမကသော ကျွန်ယောကျ်ားအပေါင်း အရာမကသော ကျွန်မိန်းမအပေါင်းတို့ကို ဆည်းပူးထားသော သူကြွယ်သည်သော်ရှင်း သူကြွယ်၏သားသည်သော်ရှင်း ရှိ၏။ ထိုသူကြွယ် သို့မဟုတ် သူကြွယ်၏သားသည် လက်ခြေတို့ကို ဆေးကြောပြီးလျှင် နှစ်သက်ဖွယ်ဘောဇဉ်ကို သုံးဆောင်ပြီးနောက် ချမ်းသော အရိပ်၌ သမထဝိပဿနာကို အားထုတ်ကာ အခံ့အတွင်းမှာ နေသော ရဟန်းကို မြင်လေရာ၏။

ထိုသူကြွယ် သို့မဟုတ် သူကြွယ်၏သားအား “အချင်းတို့ ရဟန်း၏အဖြစ်သည် ချမ်းသာလေစွတကား၊ အချင်းတို့ ရဟန်း၏အဖြစ်သည် အနာကင်းလေစွကကား၊ ငါသည် ဆံမုတ်ဆိတ်ကိုပယ်ပြီးလျှင် ဖန်ရည်ဆိုးသော အဝတ်သင်္ကန်းကို ဝတ်ရုံ၍ လူ့ဘောင်မှ ရဟန်းဘောင်၌ ရဟန်းပြုရမူ ထိုသူမျိုး ဖြစ်သေရာ၏” ဟု အကြံ ဖြစ်ရာ၏။

ထိုသူကြွယ် သို့မဟုတ် သူကြွယ်၏သားသည် အရာမကသော ရွှေနိက္ခအပေါင်း အရာမကသော စပါးအပေါင်း အရာမကသော လယ်မြေအပေါင်း အရာမကသော ယာမြေအပေါင်း အရာ

http://www.dhammadownload.com



မကာသော မယားအပေါင်း အရာမကသော ကျွန်ယောကျ်ားအပေါင်း အရာမကသော ကျွန်မိန်းမအပေါင်းတို့ကိုပယ်၍ ဆံမုတ်ဆိတ်ကို ရိတ်ပယ်ပြီးလျှင် ဖန်ရည်ဆိုးသော အဝတ်သင်္ကန်းတို့ကို ဝတ်ရုံလျက် လူ့ဘောင်မှ ရဟန်းဘောင်၌ ရဟန်းပြုခြင်းငှါ စွမ်းနိုင်လေရာ၏။

ဥဒါယိ "အရာမကသော ရွှေနိက္ခအပေါင်း အရာမကသော စပါးအပေါင်း အရာမကသော လယ်မြေအပေါင်း အရာမကသော ယာမြေအပေါင်း အရာမကသော မယားအပေါင်း အရာမကသော ကျွန်ယောကျ်ားအပေါင်း အရာမကသော ကျွန်မိန်းမအပေါင်းတို့ကို ပယ်စွန့်၍ ဆံမုတ်ဆိတ်ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုးသော အဝတ်သင်္ကန်းတို့ကို ဝတ်ရုံလျက် လူ့ဘောင်မှ ရဟန်းဘောင်၌ ထိုသူကြွယ် သို့မဟုတ် သူကြွယ်၏သား ရဟန်းပြုခြင်းငှါ စွမ်းနိုင်အောင် နှောင်ဖွဲ့ထားသော အနှောင်အဖွဲ့ကား ထိုသူကြွယ် သို့မဟုတ် သူကြွယ်၏သားအတွက် အားရှိသောအနှောင်အဖွဲ့ မြဲမြံသော အနှောင်အဖွဲ့ မဆွေးမြေ့သော အနှောင်အဖွဲ့ဖြစ်၏၊ ကြီးစွာသော သစ်သားတောက်လည်း ဖြစ်၏ဟု ဆိုငြားအံ့။ ထိုသူ၏ဆိုခြင်းသည် ကောင်းစွာဆိုခြင်း ဖြစ်ပါသလော ဟု (မေးတော်မူ၏)။ အသျှင်ဘုရား မဖြစ်ပါ။

အသျှင်ဘုရား အရာမကသော ရွှေနိက္ခအပေါင်း အရာမကသော စပါးအပေါင်း အရာမကသော လယ်မြေအပေါင်း အရာမကသော ယာမြေအပေါင်း အရာမကသော မယားအပေါင်း အရာမကသော ကျွန်ယောကျ်ားအပေါင်း အရာမကသော ကျွန်မိန်းမအပေါင်းတို့ကို ပယ်စွန့်၍ ဆံမုတ်ဆိတ်ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုးသော အဝတ်သင်္ကန်းတို့ကို ဝတ်ရုံလျက် လူ့ဘောင်မှ ရဟန်းဘောင်၌ ထိုသူကြွယ် သို့မဟုတ် သူကြွယ်၏သား ရဟန်းပြုခြင်းငှါ စွမ်းနိုင်အောင် နှောင်ဖွဲ့ထားသော အနှောင်အဖွဲ့ကား ထိုသူကြွယ် သို့မဟုတ် သူကြွယ်၏သားအတွက် အားမရှိသော အနှောင်အဖွဲ့ အားနည်းသော အနှောင်အဖွဲ့ ဆွေးမြေ့သောအနှောင်အဖွဲ့ အနှစ်မရှိသော အနှောင်အဖွဲ့ ဖြစ်ပါ၏ဟု (လျှောက်၏)။

ဥဒါယိ ဤအတူသာလျှင် အချို့သော အမျိုးကောင်းသားတို့ကို "ဤအရာကို ပယ်စွန့်ကြကုန်လော့" ဟု ငါက ဆိုသည်ရှိသော် ထိုအမျိုးကောင်းသားတို့သည် "မြတ်စွာဘုရားက ငါတို့အား ပယ်ရမည် စွန့်ရမည်ဟု ဟောသော ဤနည်းနည်းပါးပါးကလေးမျှ ဖြစ်သော ပယ်စရာသည် အဘယ်မှာ မပြောပလောက်ပဲ ရှိအံ့နည်း" ဟု ဆိုကြကုန်၏။

ထိုအမျိုးကောင်းသားတို့သည် ထိုအရာကိုလည်း ပယ်စွန့်ကြကုန်၏၊ ငါ၌ရင်း သိက္ခာသုံးပါးကို အလိုရှိကြကုန်သော ရဟန်းတို့၌ရင်း မကျေနပ်မှု မဖြစ်ကြကုန်။ ထိုသူတို့သည် ထိုအရာကို ပယ်စွန့်ကြ၍ ကြောင့်ကြမစိုက်ပဲ မာန်ကျကုန်လျက် သူတပါးပေးသော ဝတ္ထုဖြင့် အသက်မွေးကြကာ သားသမင်သဖွယ် စိတ်ဘားဖြင့် နေကြကုန်၏၊ ဥဒါယိ ထိုရဟန်းတို့အား ထိုအရာသည် အားမရှိသော အနှောင်အဖွဲ့ အားနည်းသော အနှောင်အဖွဲ့ ဆွေးမြေ့သော အနှောင်အဖွဲ့ အနှစ်မရှိသော အနှောင်အဖွဲ့ ဖြစ်ပေ၏။

၁၅၄။ ဥဒါယိ လေးယောက်ကုန်သော ဤပုဂ္ဂိုလ်တို့သည် လောက၌ ထင်ထင်ရှားရှား ရှိကုန်၏၊ အဘယ်လေးယောက်တို့နည်းဟူမူ—ဥဒါယိ အချို့သော ပုဂ္ဂိုလ်သည် ဥပဓိ 'ခန္ဓာငါးပါး' ကို ပယ်ခြင်းငှါ ဥပဓိ 'ခန္ဓာငါးပါး' ကို စွန့်ခြင်းငှါ ကျင့်ကြံ၏။ ဥပဓိ 'ခန္ဓုပဓိစသော ဥပဓိလေးပါး' ကို ပယ်ခြင်းငှါ ဥပဓိ 'ခန္ဓုပဓိစသော ဥပဓိလေးပါး' ကို စွန့်လွှတ်ခြင်းငှါ ကျင့်ကြံသော ထိုပုဂ္ဂိုလ်ကို ဥပဓိနှင့် စပ်ယှဉ်ကုန်သော စိတ်ကူးခြင်း ကြံစည်ခြင်းတို့သည် လွှမ်းမိုးလာကုန်၏။ ထိုပုဂ္ဂိုလ်သည်

http://www.dhammadownload.com



ထိုဥပဓိနှင့် စပ်ယှဉ်ကုန်သော စိတ်ကူးခြင်း ကြံစည်ခြင်းတို့ကို လက်ခံ၏၊ မစွန့်လွှတ် မပယ်ဖျောက်၊ ပျောက်ကင်းအောင် မပြု၊ တဖန်မဖြစ်ခြင်းသို့ မရောက်စေ။ ဥဒါယိ ငါသည် ဤသို့သဘောရှိသော ပုဂ္ဂိုလ်ကို ဥပဓိနှင့်ယှဉ်သူ ဟူ၍ ဟောကြား၏၊ ဥပဓိနှင့် မယှဉ်သူဟူ၍ မဟောကြား။ ထိုသို့ မဟောကြားခြင်းသည် အဘယ့်ကြောင့်နည်း၊ ဥဒါယိ ငါသည် ဤပုဂ္ဂိုလ်၌ ဣန္ဒြေထူးခြားသည့် အဖြစ်ကို သိသောကြောင့်တည်း။

ဥဒါယိ ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် ဥပဓိကိုပယ်ခြင်းငှါ ဥပဓိကိုစွန့်ခြင်းငှါ ကျင့်ကြ၏၊ ဥပဓိ ို ပယ်ခြင်းငှါ ဥပဓိကို စွန့်ခြင်းငှါ ကျင့်ကြသော ထိုပုဂ္ဂိုလ်ကို ဥပဓိနှင့် စပ်ယှဉ်ကုန်သော စိတ်ကူးခြင်း ကြံစည်ခြင်းတို့သည် လွှမ်းမိုးလာကုန်၏။ ထိုပုဂ္ဂိုလ်သည် ဥပဓိနှင့် စပ်ယှဉ်သော စိတ်ကူးခြင်း ကြံစည်ခြင်းတို့ကို လက်မခံ၊ စွန့်လွှတ်၏၊ ပယ်ဖျောက်၏၊ ပျောက်ကင်းအောင် ပြု၏၊ တဖန်မဖြစ်ခြင်းသို့ ရောက်စေ၏။

ဥဒါယိ ငါသည် ဤသို့သဘောရှိသော ပုဂ္ဂိုလ်ကိုလည်း ဥပဓိနှင့် ယှဉ်သူဟူ၍ ဟောကြား၏၊ ဥပဓိနှင့်မယှဉ်သူဟူ၍ မဟောကြား။ ထိုသို့မဟောကြားခြင်းသည် အဘယ့်ကြောင့်နည်း၊ ဥဒါယိ ငါသည် ဤပုဂ္ဂိုလ်၌ ဣန္ဒြေထူးခြားသည့် အဖြစ်ကို သိသောကြောင့်တည်း။

ဥဒါယိ ဤသာသနာတော်၌ အချို့သောပုဂ္ဂိုလ်သည် ဥပဓိကိုပယ်ခြင်းငှါ ဥပဓိကိုစွန့်ခြင်းငှါ ကျင့်၏၊ ဥပဓိကိုပယ်ခြင်းငှါ ဥပဓိကိုစွန့်ခြင်းငှါ ကျင့်သော ထိုပုဂ္ဂိုလ်ကို တရံတခါ သတိမေ့လျော့ခြင်းကြောင့် ဥပဓိနှင့် စပ်ယှဉ်ကုန်သော စိတ်ကူးခြင်း ကြံစည်ခြင်းတို့သည် လွှမ်းမိုးလာကုန်၏၊ ဥဒါယိ သတိဖြစ်ခြင်းသည် နှေး၏၊ စင်စစ် ထိုစိတ်ကူးခြင်း ကြံစည်ခြင်းကို လျင်စွာသာလျှင် စွန့်လွှတ်၏၊ ပယ်ဖျောက်၏၊ ပျောက်ကင်းအောင်ပြု၏၊ တဖန်မဖြစ်ခြင်းသို့ ရောက်စေ၏။

ဥဒါယိ ဥပမာသော်ကား ယောကျ်ားတယောက်သည် တနေ့ပတ်လုံး လောလောပူသော သံအိုးခင်း၌ နှစ်ပေါက် သုံးပေါက်သော ရေတို့ကို ချရာ၏။ ဥဒါယိ ရေပေါက်တို့၏ ကျခြင်းသည် နှေး၏၊ စင်စစ် ထိုရေပေါက်သည် လျင်စွာသာလျှင် ကုန်ခန်းခြင်းသို့ရောက်သကဲ့သို့ ဤအတူသာလျှင် ဤသာသနာတော်၌ အချို့သောပုဂ္ဂိုလ်သည် ဥပဓိကို ပယ်ခြင်းငှါ ဥပဓိကိုစွန့်ခြင်းငှါ ကျင့်ကြ၏။

ဥပဓိကို ပယ်ခြင်းငှါ ဥပဓိကို စွန့်ခြင်းငှါ ကျင့်သော ထိုပုဂ္ဂိုလ်ကို တရံတခါ သတိမေ့လျော့ခြင်းကြောင့် ဥပဓိနှင့်စပ်ယှဉ်ကုန်သော စိတ်ကူးခြင်း ကြံစည်ခြင်းတို့သည် လွှမ်းမိုးလာကုန်၏၊ သတိဖြစ်ခြင်းသည် နှေး၏၊ စင်စစ် ထိုစိတ်ကူးခြင်း ကြံစည်ခြင်းကို လျင်စွာသာလျှင် စွန့်လွှတ်၏၊ ပယ်ဖျောက်၏၊ ပျောက်ကင်းအောင် ပြု၏၊ တဖန် မဖြစ်ခြင်းသို့ ရောက်စေ၏။ ဥဒါယိ ငါသည် ဤသို့သဘောရှိသောပုဂ္ဂိုလ်ကိုလည်း ဥပဓိနှင့်ယှဉ်သူဟူ၍ဟောကြား၏၊ ဥပဓိနှင့်မယှဉ်သူဟူ၍ မဟောကြား။ ထိုသို့မဟောကြားခြင်းသည် အဘယ့်ကြောင့်နည်း၊ ဥဒါယိ ငါသည် ဤပုဂ္ဂိုလ်၌ ဣန္ဒြေထူးခြားသည့် အဖြစ်ကို သိသောကြောင့်တည်း။

ဥဒါယိ ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် ဥပဓိသည် ဒုက္ခ၏အကြောင်းရင်းတည်းဟု ဤသို့သိ၍ ဥပဓိကင်း၏၊ ဥပဓိကုန်ရာ၌ စိတ်သက်ဝင်၏။ ဥဒါယိ ဤသို့သဘောရှိသော ပုဂ္ဂိုလ်ကို ဥပဓိနှင့်မယှဉ်သူဟူ၍ ဟောကြား၏၊ ဥပဓိနှင့်ယှဉ်သူဟူ၍ မဟောကြား။ ထိုသို့မဟောကြားခြင်းသည် အဘယ့်ကြောင့်နည်း၊ ဥဒါယိ ငါသည် ဤပုဂ္ဂိုလ်၌ ဣန္ဒြေထူးခြားသည့် အဖြစ်ကို သိသောကြောင့်တည်း။ ဥဒါယိ လေးယောက်ကုန်သော ဤပုဂ္ဂိုလ်တို့သည် လောက၌ ထင်ရှား ရှိကုန်၏။

http://www.dhammadownload.com



၁၅၅။ ဥဒါယိ ဤငါးပါးသော ကာမဂုဏ်တို့သည် ရှိကုန်၏။ အဘယ်ငါးပါးတို့နည်းဟူမူ— စက္ခုဝိညာဏ်ဖြင့် သိအပ်ကုန်သော အလိုရှိအပ် နှစ်သက်အပ် စိတ်နှလုံးကို ပွါးစေတတ်ကုန်သော ချစ်အပ်သောသဘော ကာမနှင့် စပ်ယှဉ်ကုန်သော တပ်နှစ်သက်ဖွယ် ဖြစ်ကုန်သော ရူပါရုံတို့သည်ရင်း သောတဝိညာဏ်ဖြင့် သိအပ်ကုန်သော။ပ။ သဒ္ဒါရုံတို့သည်ရင်း ဃာနဝိညာဏ်ဖြင့် သိအပ်ကုန်သော။ပ။ ဂန္ဓာရုံတို့သည်ရင်း ဇိဝှါဝိညာဏ်ဖြင့် သိအပ်ကုန်သော။ပ။ ရသာရုံတို့သည်ရင်း ကာယဝိညာဏ်ဖြင့် သိအပ်ကုန်သော အလိုရှိအပ် နှစ်သက်အပ် စိတ်နှလုံးကို ပွါးစေတတ်ကုန်သော ချစ်အပ်သောသဘော ကာမနှင့်စပ်ယှဉ်သောသဘော တပ်နှစ်သက်အပ်သော သဘောရှိကုန်သော ဖောဋ္ဌဗ္ဗာရုံတို့သည်ရင်း ရှိကြကုန်၏။ ဥဒါယိ အမှန်အားဖြင့် ကာမဂုဏ်တရားတို့ကား ဤငါးပါးတို့တည်း။

ဥဒါယိ ဤငါးပါးသော ကာမဂုဏ်တို့ကို စွဲ၍ အကြင် သုခ သောမနဿသည် ဖြစ်၏၊ ဤသို့ သဘောရှိသော သုခကို ကာမသုခဟူ၍ မစင်နှင့်တူသော သုခဟူ၍ ပုထုဇဉ်သုခဟူ၍ အရိယာမဟုတ်သူတို့၏ သုခဟူ၍ ဆိုရ၏၊ မမှီဝဲအပ် မပွါးများအပ် မလေ့လာအပ်၊ ထိုသုခမှ ကြောက်အပ်၏ဟူ၍ ငါဟော၏။

၁၅၆။ ဥဒါယိ ဤသာသနာတော်၌ ရဟန်းသည် ကာမတရားတို့မှ ဆိတ်၍သာလျှင်။ပ။ ပဌမဈာန်သို့ရောက်၍ နေ၏။ ဝိတက်ဝိစာရတို့၏ ငြိမ်းခြင်းကြောင့်။ပ။ ဒုတိယဈာန်သို့ ရောက်၍ နေ၏။ ပီတိ၏ ငြိမ်းခြင်းကြောင့်လည်း။ပ။ တတိယဈာန်သို့ ရောက်၍နေ၏။ သုခကိုပယ်ခြင်းကြောင့်လည်း။ပ။ စတုတ္ထဈာန်သို့ ရောက်၍ နေ၏။ ဤသို့သဘောရှိသော သုခကို ကာမမှ လွတ်မြောက်နေသော သုခဟူ၍ ကင်းဆိတ်သောသုခဟူ၍ ငြိမ်းအေးသောသုခဟူ၍ ကောင်းစွာသိမှုကို ဖြစ်စေနိုင်သော သုခဟူ၍ ဆိုရ၏၊ မှီဝဲအပ်၏၊ ပွါးများအပ်၏၊ လေ့လာအပ်၏၊ ထိုသုခမျိုးမှ မကြောက်အပ်ဟု ငါဟော၏။

ဥဒါယိ ဤသာသနာတော်၌ ရဟန်းသည် ကာမတရားတို့မှ ဆိတ်၍သာလျှင်။ပ။ ပဌမဈာန်သို့ ရောက်၍နေ၏။ ဥဒါယိ ဤပဌမဈာန်ကို တုန်လှုပ်တတ်သော တရားဟူ၍ ငါဟော၏၊ ထိုပဌမဈာန်၌ အဘယ်သည် တုန်လှုပ်တတ်သနည်း၊ ထိုပဌမဈာန်၌ ဝိတက်ဝိစာရတို့သည် မချုပ်သေးကုန်၊ ထိုပဌမဈာန်၌ ဤဝိတက်ဝိစာရသည်ပင် ထိုပဌမဈာန်၌ တုန်လှုပ်တတ်သော တရားဖြစ်ပေ၏။ ဥဒါယိ ဤသာသနာတော်၌ ရဟန်းသည် ဝိတက်ဝိစာရတို့၏ ငြိမ်းခြင်းကြောင့်။ပ။ ဒုတိယဈာန်သို့ ရောက်၍နေ၏။ ဥဒါယိ ဤဒုတိယဈာန်ကိုလည်း တုန်လှုပ်တတ်သော တရားဟူ၍ ငါဟော၏။ ထိုဒုတိယဈာန်၌ အဘယ်သည် တုန်လှုပ်တတ်သနည်း။ ထိုဒုတိယဈာန်၌ ပီတိသုခသည် မချုပ်သေး၊ ဤပီတိသုခသည်ပင်လျှင် ဒုတိယဈာန်၌ တုန်လှုပ်တတ်သော တရားဖြစ်ပေ၏။

ဥဒါယိ ဤသာသနာတော်၌ ရဟန်းသည် ပီတိကို စက်ဆုပ်ခြင်းကြောင့်လည်း။ပ။ တတိယဈာန်သို့ ရောက်၍ နေ၏။ ဥဒါယိ ဤတတိယဈာန်ကိုလည်း တုန်လှုပ်တတ်သော တရားဟူ၍ ငါဟော၏။ ထိုတတိယဈာန်၌ အဘယ်သည် တုန်လှုပ်တတ်သနည်း၊ ထိုတတိယဈာန်၌ ဥပေက္ခာသုခသည် မချုပ်သေး၊ ဤဥပေက္ခာသုခသည်ပင်လျှင် ထိုတတိယဈာန်၌ တုန်လှုပ်တတ်သော တရားဖြစ်ပေ၏။ ဥဒါယိ ဤသာသနာတော်၌ ရဟန်းသည် သုခကို ပယ်ခြင်းကြောင့်လည်း။ပ။ စတုတ္ထဈာန်သို့ ရောက်၍နေ၏။ ဥဒါယိ ဤစတုတ္ထဈာန်ကို မတုန်လှုပ် တတ်သော တရားဟူ၍ ငါဟော၏။

http://www.dhammadownload.com



ဥဒါယိ ဤသာသနာတော်၌ ရဟန်းသည် ကာမတရားတို့မှ ဆိတ်၍သာလျှင်။ပ။ ပဌမဈာန်သို့ ရောက်၍ နေ၏။ ဥဒါယိ ဤပဌမဈာန်ကို ငြိတွယ်သင့်သော တရားမဟုတ်ဟု ငါဟော၏၊ ပယ်စွန့်ကြကုန်ဟု ငါဟော၏၊ လွန်မြောက်ကြကုန်ဟု ငါဟော၏။ ထိုပဌမဈာန်ကို လွန်မြောက်ကြောင်း တရားကား အဘယ်နည်း—ဥဒါယိ ဤသာသနာတော်၌ ရဟန်းသည် ဝိတက်ဝိစာရတို့၏ ငြိမ်းခြင်းကြောင့်။ပ။ဒုတိယဈာန်သို့ရောက်၍နေ၏၊ဤဒုတိယဈာန်တရားသည် ထိုပဌမဈာန်သုခကိုလွန်မြောက်ကြောင်း တရားတည်း။ ဥဒါယိ ဤဒုတိယဈာန်ကိုသည်း ငြိတွယ်သင့်သောတရား မဟုတ်ဟု ငါဟော၏၊ ပယ်စွန့်ကြကုန်ဟု ငါဟော၏၊ လွန်မြောက်ကြကုန်ဟု ငါဟော၏။ ထိုဒုတိယဈာန်ကို လွန်မြောက်ကြောင်း တရားကား အဘယ်နည်း—ဥဒါယိ ဤသာသနာတော်၌ ရဟန်းသည် ပီတိကို စက်ဆုပ်ခြင်းကြောင့်၎င်း။ပ။ တတိယဈာန်သို့ ရောက်၍ နေ၏။ ဤတတိယဈာန်သည် ထိုဒုတိယဈာန်ကိုလွန်မြောက်ကြောင်း တရားတည်း။ ဥဒါယိ ဤတတိယဈာန်ကိုလည်း ငြိတွယ်သင့်သော တရားမဟုတ်ဟု ငါဟော၏၊ ပယ်စွန့်ကြကုန်ဟု ငါဟော၏၊ လွန်မြောက်ကြကုန်ဟု ငါဟော၏။ ထိုတတိယဈာန်ကို လွန်မြောက်ကြောင်း တရားကား အဘယ်နည်း—ဥဒါယိ ဤသာသနာတော်၌ ရဟန်းသည် သုခကိုပယ်ခြင်းကြောင့်လည်း။ပ။စတုတ္ထဈာန်သို့ ရောက်၍ နေ၏၊ဤစတုတ္ထဈာန်သည် ထိုတတိယဈာန်ကို လွန်မြောက်ကြောင်း တရားတည်း။ ဥဒါယိ ဤစတုတ္ထဈာန်ကိုလည်း ငြိတွယ်သင့်သော တရားမဟုတ်ဟု ငါဟော၏၊ ပယ်စွန့်ကြကုန်ဟု ငါဟော၏၊ လွန်မြောက်ကြကုန်ဟု ငါဟော၏။ ထိုစတုတ္ထဈာန်ကို လွန်မြောက်ကြောင်း တရားကား အဘယ်နည်း—ဥဒါယိ ဤသာသနာတော်၌ ရဟန်းသည် အချင်းခပ်သိမ်း ရူပသညာတို့ကို လွန်မြောက်ခြင်းကြောင့် ပဋိဃသညာတို့၏ ချုပ်ခြင်းကြောင့် အထူးထူးသော သညာတို့ကို နှလုံးမသွင်းခြင်းကြောင့် "ကောင်းကင်ပညတ်သည် အဆုံးမရှိ"ဟု စီးဖြန်းလျက် အာကာသာနဉ္စာယတနဈာန်သို့ ရောက်၍ နေ၏။

ဤအာကာသာနဉ္စာယတနဈာန်သည် ထိုစတုတ္ထဈာန်ကို လွန်မြောက်ကြောင်း တရားတည်း။ ဥဒါယိ ဤအာကာသာနဉ္စာယတနဈာန်ကိုလည်း ငြိတွယ်သင့်သော တရားမဟုတ်ဟု ငါဟော၏၊ ပယ်စွန့်ကြကုန်ဟု ငါဟော၏၊ လွန်မြောက်ကြကုန်ဟု ငါဟော၏။ ထိုအာကာသာနဉ္စာယတနဈာန်ကို လွန်မြောက်ကြောင်းတရားကား အဘယ်နည်း—ဥဒါယိ ဤသာသနာတော်၌ ရဟန်းသည် အချင်းခပ်သိမ်း အာကာသာနဉ္စာယတနဈာန်ကို လွန်မြောက်၍ "ဝိညာဏ်သည် အဆုံးမရှိ"ဟု စီးဖြန်းလျက် ဝိညာဏဉ္စာယတနဈာန်သို့ ရောက်၍နေ၏၊ ဤဝိညာဏဉ္စာယတနဈာန်သည် ထိုအာကာသာနဉ္စာယတနဈာန်ကို လွန်မြောက်ကြောင်းတရားတည်း။ ဥဒါယိ ဤဝိညာဏဉ္စာယတနဈာန်ကိုလည်း ငြိတွယ်သင့်သောတရားမဟုတ်ဟု ငါဟော၏၊ ပယ်စွန့်ကြကုန်ဟု ငါဟော၏၊ လွန်မြောက်ကြကုန်ဟု ငါဟော၏။ ထိုဝိညာဏဉ္စာယတနဈာန်ကို လွန်မြောက်ကြောင်းတရားကား အဘယ်နည်း—ဥဒါယိ ဤသာသနာတော်၌ ရဟန်းသည် ခပ်သိမ်းသော အခြင်းအရာအားဖြင့် ဝိညာဏဉ္စာယတနဈာန်ကို လွန်မြောက်၍ "စိုးစဉ်းမျှ အကြွင်းမရှိ"ဟု စီးဖြန်းလျက် အာကိဉ္စညာယတနဈာန်သို့ရောက်၍နေ၏။ ဤအာကိဉ္စညာယတနဈာန်သည် ထိုဝိညာဏဉ္စာယတနဈာန်ကို လွန်မြောက်ကြောင်း တရားတည်း။

ဥဒါယိ ဤအာကိဉ္စညာယတနဈာန်ကိုလည်း ငြိတွယ်သင့်သော တရားမဟုတ်ဟု ငါဟော၏၊ ပယ်စွန့်ကြကုန်ဟု ငါဟော၏၊ လွန်မြောက်ကြကုန်ဟု ငါဟော၏။ ထိုအာကိဉ္စညာယတနဈာန်ကို လွန်မြောက်ကြောင်းတရားကား အဘယ်နည်း—ဥဒါယိ ဤသာသနာတော်၌ ရဟန်းသည်

http://www.dhammadownload.com



ခပ်သိမ်းသော အခြင်းအရာအားဖြင့် အာကိဉ္စညာယတနစျာန်ကို လွန်မြောက်၍ နေဝသညာနာသညာယတနစျာန်သို့ရောက်၍ နေ၏။ ဤနေဝသညာနာသညာယတနစျာန်သည် ထိုအာကိဉ္စညာယတနစျာန်ကို လွန်မြောက်ကြောင်းတရားတည်း။

ဥဒါယိ ဤနေဝသညာနာသညာယတနစျာန်ကိုလည်း ငြိုဘွယ်သင့်သော တရားမဟုတ်ဟု ငါဟော၏၊ ပယ်စွန့်ကြကုန်ဟု ငါဟော၏၊ လွန်မြောက်ကြကုန်ဟု ငါဟော၏။ ထိုနေဝသညာနာသညာယတနစျာန်ကို လွန်မြောက်ကြောင်းတရားကား အဘယ်နည်း—ဥဒါယိ ဤသာသနာ၌ ရဟန်းသည် ခပ်သိမ်းသော အခြင်းအရာအားဖြင့် နေဝသညာနာသညာယတနစျာန်ကို လွန်မြောက်၍ သညာဝေဒနာဘ၏ ချုပ်ရာ နိရောဓသမာပတ်သို့ ရောက်၍နေ၏။ ဤတရားကား နေဝသညာနာသညာယတနစျာန်ကို လွန်မြောက်ကြောင်း တရားတည်း။ ဥဒါယိ ဤသို့လျှင် နေဝသညာနာသညာယတနစျာန်ကိုလည်း ပယ်ရမည်ဟု ငါဟော၏။ ဥဒါယိ မပယ်ရဟု ငါဟောသော ကြီးကြီးငယ်ငယ်သော သံယောဇဉ်ကို သင်မြင်သလော ဟု(မေးတော်မူ၏)။ အသျှင်ဘုရား မမြင်ပါဟု (လျှောက်၏)။

မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏။ အသျှင်ဥဒါယိသည် မြတ်စွာဘုရား၏ တရားတော်ကို နှစ်ခြိုက်ဝမ်းမြောက်လေ၏။

ခြောက်ခုမြောက် လဋုကိကောပမသုတ် ပြီး၏။

---

## ၇-စာတုမသုတ်

၁၅၇။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် စာတုမရွာ ရှစ်ရှားတော၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ အသျှင်သာရိပုတြာအသျှင်မဟာမောဂ္ဂလာန် အမှူးရှိကုန်သော ငါးရာသော ရဟန်းတို့သည် မြတ်စွာဘုရားကို ဖူးမြင်ရန် စာတုမရွာသို့ ရောက်လာကြကုန်၏။ထိုဧည့်သည် ရဟန်းတို့သည် ကျောင်းနေရဟန်းတို့နှင့် အတူ ဝမ်းမြောက်ဝမ်းသာ စကားပြောကြားကုန်သည်ရှိသော် ကျောင်းအိပ်ရာ နေရာတို့ကို ခင်းကုန်သည်ရှိသော် သပိတ်သင်္ကန်းတို့ကို သိုမှီးသိမ်းဆည်းကုန်သည်ရှိသော် ကျယ်သောအသံ ဆူညံသောအသံတို့သည် ဖြစ်ကုန်၏။

ထိုအခါ မြတ်စွာဘုရားသည်—"အာနန္ဒာ ငါးသည်များ ငါးရောင်းရာ၌ကဲ့သို့ ဤကျယ်လောင်သောအသံ ဆူညံသောအသံတို့ကား အဘယ်အသံတို့နည်း"ဟု အသျှင်အာနန္ဒာကို (မေးတော်မူ၏)။ အသျှင်ဘုရား အသျှင်သာရိပုတြာ အသျှင်မောဂ္ဂလာန် အမှူးရှိကုန်သော ဤငါးရာသော ရဟန်းတို့သည် မြတ်စွာဘုရားကို ဖူးမြင်ရန် စာတုမရွာသို့ ရောက်လာကြပါကုန်၏။ ထိုဧည့်သည်ရဟန်းတို့သည် ကျောင်းနေရဟန်းတို့နှင့် အတူ ဝမ်းမြောက်ဝမ်းသာ စကားပြောဆို ကြကုန်သည်ဖြစ်၍ ကျောင်းအိပ်ရာ နေရာတို့ကို ခင်းကြကုန်သည်ဖြစ်၍ သပိတ်သင်္ကန်းတို့ကို သိုမှီးသိမ်းဆည်းကြကုန်သည်ဖြစ်၍ ကျယ်လောင်သောအသံ ဆူညံသော အသံတို့ဖြစ်ကြပါကုန်၏ဟု (လျှောက်၏)။

အာနန္ဒာ သို့ဖြစ်ပါမူ ငါ၏စကားဖြင့် "မြတ်စွာဘုရားသည် အသျှင်ဘုရားတို့ကို ခေါ်တော်မူ၏" ဟု ထိုရဟန်းတို့ကို ခေါ်ချေလော့ဟု (မိန့်တော်မူ၏)။ "အသျှင်ဘုရား

http://www.dhammadownload.com



ကောင်းပါပြီ"ဟု အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထား၍ ထိုရဟန်းတို့ထံသို့ ချဉ်းကပ်ပြီးလျှင် "အသျှင်ဘုရားတို့ကို မြတ်စွာဘုရား ခေါ်တော်မူ၏"ဟု ထိုရဟန်းတို့ကို ဤသို့ ပြောကြားလေ၏။

"ငါ့သျှင် ကောင်းပါပြီ"ဟု ထိုရဟန်းတို့သည် အသျှင်အာနန္ဒာအား ပြန်ကြားလျှောက်ထားကြ၍ မြတ်စွာဘုရားထံတော်သို့ ချဉ်းကပ်ပြီးလျှင် အလွန်ရိုသေစွာ ရှိခိုး၍ သင့်လျော်ရာ၌ ထိုင်နေကြကုန်၏၊ သင့်လျော်ရာ၌ ထိုင်နေကြသော ထိုညွှန်သည့်ရဟန်းတို့ကို မြတ်စွာဘုရားသည် "ရဟန်းတို့ သင်တို့သည် အဘယ့်ကြောင့် တံငါသည်များ ငါးရောင်းရာ၌ကဲ့သို့ ကျယ်သောအသံ ဆူညံသောအသံရှိကြကုန်သနည်း"ဟု မိန့်တော်မူ၏။

အသျှင်ဘုရား အသျှင်သာရိပုတြာ အသျှင်မောဂ္ဂလာန် အမှူးရှိကုန်သော ဤငါးရာသော ရဟန်းတို့သည် မြတ်စွာဘုရားကို ဖူးမြင်ရန် စာတုမရွာသို့ ရောက်လာကြပါကုန်၏။ ထိုညွှန်သည့်ရဟန်းတို့သည် ကျောင်းနေရဟန်းတို့နှင့် ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကားပြောကြားကြကုန်သည်ဖြစ်၍ အိပ်ရာနေရာတို့ကို ခင်းကြကုန်သည်ဖြစ်၍ သပိတ်သင်္ကန်းကို သိမ်းဆည်းကြကုန်သည်ဖြစ်၍ ကျယ်လောင်သောအသံ ဆူညံသောအသံ ရှိကြပါကုန်၏ဟု (လျှောက်ကြကုန်၏)။

ရဟန်းတို့ သွားကြကုန်၊ သင်တို့ကို နှင်ထုတ်၏၊ သင်တို့သည် ငါ၏ အထံ၌ မနေသင့်ဟု (မိန့်တော်မူ၏)။ "အသျှင်ဘုရား ကောင်းပါပြီ"ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထားကြ၍ နေရာမှထကာ ရိုသေစွာ ရှိခိုးပြီးလျှင် အရိုအသေပြု၍ ကျောင်း အိပ်ရာနေရာကို သိမ်းဆည်းပြီးလျှင် သပိတ်သင်္ကန်းကိုယူကာ ဖဲသွားကြလေကုန်၏။

၁၅၇။ ထိုအခါ စာတုမရွာ၌ နေကြကုန်သော သာကီဝင်မင်းတို့သည် မင်းကွန်း၌ တစုံတခုသော ပြုဖွယ်ကိစ္စဖြင့် စည်းဝေးကြကုန်၏။ စာတုမရွာ၌ နေကြကုန်သော သာကီဝင်မင်းတို့သည် အဝေးမှ ကြွလာကုန်သော ထိုရဟန်းတို့ကို မြင်ကြကုန်၏၊ မြင်ကြ၍ ထိုရဟန်းတို့ထံသို့ ချဉ်းကပ်ကြပြီးလျှင် "အသျှင်ဘုရားတို့ ယခုအဘယ်အရပ်သို့ ကြွတော်မူကုန်အံ့နည်း" ဟု ထိုရဟန်းတို့ကို မေးလျှောက်ကြကုန်၏။ ငါ့သျှင်ဒါယကာတို့ မြတ်စွာဘုရားသည် ရဟန်းအပေါင်းကို နှင်ထုတ်တော်မူ၏ဟု (ပြောကြကုန်၏)။ အသျှင်ဘုရားတို့ ထိုသို့ဖြစ်ပါမူ တခဏမျှ ဆိုင်းငံ့နေတော်မူကြပါကုန်ဦးလော့၊ တပည့်တော်တို့သည် မြတ်စွာဘုရားကို ကျေနပ်စေခြင်းငှါ စွမ်းနိုင်ကောင်း စွမ်းနိုင်ကြပါလိမ့်မည်ဟု (လျှောက်ကြကုန်၏)။ "ငါ့သျှင်ဒါယကာတို့ ကောင်းပြီ"ဟု ထိုရဟန်းတို့သည် စာတုမရွာသား သာကီဝင်မင်းတို့အား ပြန်ကြားပြောဆိုကြကုန်၏။

ထိုအခါ စာတုမရွာသား သာကီဝင်မင်းတို့သည် မြတ်စွာဘုရားရှိတော်မူရာသို့ ချဉ်းကပ်ကြ၍ ရိုသေစွာ ရှိခိုးကြပြီးလျှင် သင့်လျော်ရာ၌ ထိုင်နေကြကုန်၏၊ ထိုင်နေကြပြီးသော် စာတုမရွာသား သာကီဝင်မင်းတို့သည် မြတ်စွာဘုရားကို "အသျှင်ဘုရား မြတ်စွာဘုရားသည် ရဟန်းအပေါင်းကို ကျေနပ်တော်မူပါလော့၊ အသျှင်ဘုရား မြတ်စွာဘုရားသည် ရဟန်းအပေါင်းကို ဆုံးမတော်မူပါလော့၊ အသျှင်ဘုရား မြတ်စွာဘုရားသည် ရှေးအခါက ရဟန်းအပေါင်းကို ချီးမြှောက်တော်မူသကဲ့သို့

http://www.dhammadownload.com



ဤအတူ မြတ်စွာဘုရားသည် ယခုအခါ၌လည်း ရဟန်းအပေါင်းကို ချီးမြှောက်တော်မူပါလော့၊ အသျှင်ဘုရား ဤရဟန်းအပေါင်း၌ ရဟန်းပြု၍မကြာသေးကုန်သော ယခုမှ ဤသာသနာတော်သို့ ရောက်လာကြကုန်သော အသစ်ဖြစ်သော ရဟန်းတို့သည် ရှိပါကုန်၏၊ ထိုအသစ်ဖြစ်သော ရဟန်းတို့သည် မြတ်စွာဘုရားကို မဖူးမြင်ကြရကုန်သည်ရှိသော် စိတ်ပြောင်းလွဲခြင်း စိတ်ဖောက်ပြန်ခြင်း ဖြစ်ရာပါ၏၊ အသျှင်ဘုရား ဥပမာသော်ကား နုနယ်သော မျိုးသစ်ပင်တို့သည် ရေကို မရကုန်သည်ရှိသော် ပြောင်းလွဲခြင်း ဖောက်ပြန်ခြင်း ဖြစ်ရာသကဲ့သို့ အသျှင်ဘုရား ဤအတူ သာလျှင် ဤရဟန်းအပေါင်း၌ ရဟန်းပြု၍ မကြာသေးကုန်သော ယခုမှ ဤသာသနာတော်သို့ ရောက်လာကြကုန်သော အသစ်ဖြစ်သော ရဟန်းတို့သည် ရှိပါကုန်၏၊ ထိုအသစ်ဖြစ်သော ရဟန်းတို့ သည် မြတ်စွာဘုရားကို မဖူးမြင်ကြရကုန်သည်ရှိသော် စိတ်ပြောင်းလွဲခြင်း စိတ်ဖောက်ပြန်ခြင်းဖြစ်ရာ ပါ၏။ အသျှင်ဘုရား ဥပမာတနည်းသော်ကား နုနယ်သော နွားငယ်သည် အမိကို မမြင်ရသည် ရှိသော် စိတ်ပြောင်းလွဲခြင်း စိတ်ဖောက်ပြန်ခြင်း ဖြစ်ရာသကဲ့သို့ အသျှင်ဘုရား ဤအတူသာလျှင် ဤရဟန်းအပေါင်း၌ ရဟန်းပြု၍ မကြာသေးသော ယခုမှ ဤသာသနာတော်သို့ ရောက်လာကြကုန် သော အသစ်ဖြစ်သော ရဟန်းတို့ သည် ရှိပါကုန်၏၊ ထိုအသစ်ဖြစ်သော ရဟန်းတို့သည် မြတ်စွာဘုရား ကို မဖူးမြင်ကြရကုန်သည်ရှိသော် စိတ်ပြောင်းလွဲခြင်း စိတ်ဖောက်ပြန်ခြင်း ဖြစ်ရာပါ၏။ အသျှင် ဘုရား မြတ်စွာဘုရားသည် ရဟန်းအပေါင်းကို ကျေနပ်တော်မူပါလော့၊ အသျှင်ဘုရား မြတ်စွာဘုရား သည် ရဟန်းအပေါင်းကို ပြောဆို ဆုံးမတော်မူပါလော့၊ အသျှင်ဘုရား မြတ်စွာဘုရားသည် ရှေးအခါက ရဟန်းအပေါင်းကို ချီးမြှောက်တော်မူသကဲ့သို့ ဤအတူ မြတ်စွာဘုရားသည် ယခုအခါ၌လည်း ရဟန်းအပေါင်းကို ချီးမြှောက်တော်မူပါလော့”ဟု လျှောက်ကြကုန်၏။

၁၅၉။ ထိုအခါ သဟမ္ပတိဗြဟ္မာသည် မိမိစိတ်ဖြင့် မြတ်စွာဘုရား၏ စိတ်အကြံကို သိ၍ အားရှိသောယောကျ်ားသည် ကွေး၍ ထားသော လက်မောင်းကို ဆန့်ဘန်းသကဲ့သို့ရင်း ဆန့်တန်း၍ ထားသော လက်မောင်းကို ကွေးသကဲ့သို့ရင်း ဤအတူသာလျှင် ဗြဟ္မာ့ပြည်၌ ကွယ်ခဲ့၍ မြတ်စွာဘုရား၏ ရှေ့တော်၌ ထင်ရှားဖြစ်ပေါ်လာ၏။ ထိုအခါ သဟမ္ပတိဗြဟ္မာသည် လက်ဝဲ တဖက် ပခုံးထက်၌ ကိုယ်ဝတ်စမှယ်တင်သည်ကို ပြု၍ မြတ်စွာဘုရား ရှိတော်မူရာ အရပ်သို့ လက်အုပ်ကို ညွှတ်စေ၍ မြတ်စွာဘုရားအား— “အသျှင်ဘုရား မြတ်စွာဘုရားသည် ရဟန်းအပေါင်း ကို ကျေနပ်တော်မူပါလော့၊ အသျှင်ဘုရား မြတ်စွာဘုရားသည် ရဟန်းအပေါင်းကို ပြောဆို ဆုံးမ တော်မူပါလော့၊ အသျှင်ဘုရား မြတ်စွာဘုရားသည် ရှေးအခါက ရဟန်းအပေါင်းကို ချီးမြှောက် တော်မူပါလော့၊ ရဟန်းအပေါင်းကို ချီးမြှောက်တော်မူပါလော့။ တော်မူသကဲ့သို့ ဤအတူ ယခုအခါ၌လည်း ရဟန်းအပေါင်းကို ချီးမြှောက်တော်မူပါလော့။ အသျှင်ဘုရား ဤရဟန်းအပေါင်း၌ ရဟန်းပြု၍ မကြာသေးကုန်သော ယခုမှ ဤသာသနာတော်သို့ ရောက်လာကြကုန်သော အသစ်ဖြစ်သော ရဟန်းတို့သည် ရှိပါကုန်၏၊ ထိုအသစ်ဖြစ်သော ရဟန်း တို့သည် မြတ်စွာဘုရားကို မဖူးမြင်ကြရကုန်သည်ရှိသော် စိတ်ပြောင်းလွဲခြင်း စိတ်ဖောက်ပြန်ခြင်း ဖြစ်ရာပါ၏။ အသျှင်ဘုရား ဥပမာသော်ကား နုနယ်သော မျိုးသစ်ပင်တို့သည် ရေကို မရကုန်သည် ရှိသော် ပြောင်းလွဲခြင်း ဖောက်ပြန်ခြင်း ဖြစ်ရာသကဲ့သို့ အသျှင်ဘုရား ဤအတူသာလျှင် ဤ ရဟန်းအပေါင်း၌ ရဟန်းပြု၍ မကြာသေးကုန်သော ယခုမှ ဤသာသနာတော်သို့ ရောက်လာ ကုန်သော အသစ်ဖြစ်သော ရဟန်းတို့သည် ရှိပါကုန်၏၊ ထိုအသစ်ဖြစ်သော ရဟန်းတို့သည် မြတ်စွာဘုရားကို မဖူးမြင်ကြရကုန်သည်ရှိသော် စိတ်ပြောင်းလွဲခြင်း စိတ်ဖောက်ပြန်ခြင်း ဖြစ်ရာ ပါ၏။

http://www.dhammadownload.com



အသျှင်ဘုရား ဥပမာတနည်းသော်ကား နှနယ်သော နို့စို့နွားငယ်သည် အမိကို မမြင်ရသည် ရှိသော် စိတ်ပြောင်းလွဲခြင်း စိတ်ဖောက်ပြန်ခြင်း ဖြစ်ရာသကဲ့သို့ အသျှင်ဘုရား ဤအတူသာလျှင် ဤရဟန်းအပေါင်း၌ ရဟန်းပြု၍ မကြာသေးကုန်သော ယခုမှ ဤသာသနာတော်သို့ ရောက်လာကြကုန်သော အသစ်ဖြစ်သော ရဟန်းတို့သည် ရှိပါကုန်၏၊ ထိုအသစ်ဖြစ်သော ရဟန်းတို့သည် မြတ်စွာဘုရားကို မဖူးမြင်ကြရကုန်သည်ရှိသော် စိတ်ပြောင်းလွဲခြင်း စိတ်ဖောက်ပြန်ခြင်း ဖြစ်ရာပါ၏။ အသျှင်ဘုရား မြတ်စွာဘုရားသည် ရဟန်းအပေါင်းကို ကျေနပ်တော်မူပါလော့၊ အသျှင်ဘုရား မြတ်စွာဘုရားသည် ရဟန်းအပေါင်းကို ပြောဆိုဆုံးမတော်မူပါလော့၊ အသျှင်ဘုရား မြတ်စွာဘုရားသည် ရှေးအခါက ရဟန်းအပေါင်းကို ချီးမြှောက်တော်မူသကဲ့သို့ ဤအတူ မြတ်စွာဘုရားသည် ယခုအခါ၌လည်း ရဟန်းအပေါင်းကို ချီးမြှောက်တော်မူပါလော့"ဟု လျှောက်လေ၏။

၁၆၀။ စာတုမရွာသား သာကီဝင်မင်းသားတို့သည်၎င်း သဟမ္ပတိဗြဟ္မာသည်၎င်း မြတ်စွာဘုရားကို မျိုးသစ်ပင်ငယ် ဥပမာဖြင့်၎င်း နွားငယ်ဥပမာဖြင့်၎င်း ကျေနပ်စိမ့်သောငှါ စွမ်းနိုင်ကြလေကုန်၏။ ထိုအခါ အသျှင်မဟာမောဂ္ဂလာန်မထေရ်သည် ရဟန်းတို့ကို "ငါ့သျှင်တို့ ထကြကုန်လော့၊ သပိတ်သင်္ကန်းကို ယူကြကုန်လော့၊ မြတ်စွာဘုရားကို စာတုမရွာသား သာကီဝင်မင်းသားတို့သည်၎င်း သဟမ္ပတိဗြဟ္မာသည်၎င်း မျိုးသစ်ပင်ငယ်ဥပမာဖြင့်၎င်း နွားငယ်ဥပမာဖြင့်၎င်း ကျေနပ်စေပြီ"ဟု မိန့်တော်မူ၏။

"ငါ့သျှင် ကောင်းပါပြီ" ဟု ထိုရဟန်းတို့သည် အသျှင်မဟာမောဂ္ဂလာန်အား ပြန်ကြား လျှောက်ထားကြကုန်၍ နေရာမှ ထကြပြီးလျှင် သပိတ်သင်္ကန်းကို ယူကြကာ မြတ်စွာဘုရားရှိတော်မူရာ အရပ်သို့ ချဉ်းကပ်ကြကုန်၍ ရှိသေစွာ ရှိခိုးပြီးလျှင် သင့်လျော်ရာ၌ ထိုင်ကြကုန်၏၊ သင့်လျော်ရာ၌ ထိုင်နေသော အသျှင်သာရိပုတြာကို မြတ်စွာဘုရားသည် "သာရိပုတြာ ရဟန်းအပေါင်းကို ငါနှင်ထုတ်စဉ်က သင့်အား အဘယ်သို့သော စိတ်အကြံဖြစ်လေသနည်း"ဟု မေးတော်မူ၏။

အသျှင်ဘုရား အကျွန်ုပ်အား "မြတ်စွာဘုရားသည် ရဟန်းအပေါင်းကို နှင်ထုတ်တော်မူပြီ၊ ယခုအခါ မြတ်စွာဘုရားသည် ကြောင့်ကြမဲ့ မျက်မှောက်သော ကိုယ်၏အဖြစ်၌ ချမ်းသာစွာ နေခြင်းကို အားထုတ်တော်မူလျက် နေတော်မူလတ္တံ့၊ ယခုအခါ ငါတို့သည်လည်း ကြောင့်ကြမဲ့ မျက်မှောက်သောကိုယ်၏ အဖြစ်၌ ချမ်းသာစွာ နေထိုင်မှုကို အားထုတ်ကုန်လျက် နေကြကုန်တော့အံ့"ဟု ဤသို့ အကြံဖြစ်ပါ၏ဟု(လျှောက်၏)။သာရိပုတြာ သင်ဆိုင်းငံ့ဦးလော့၊ သာရိပုတြာ မျက်မှောက်သော ကိုယ်၏အဖြစ်၌ ချမ်းသာစွာနေခြင်းကို သင်ဆိုင်းငံ့ဦးလော့ ဟု(မိန့်တော်မူ၏)။

ထို့နောက် မြတ်စွာဘုရားသည် အသျှင်မဟာမောဂ္ဂလာန်ကို "မောဂ္ဂလာန် ရဟန်းအပေါင်းကို ငါနှင်ထုတ်စဉ်က သင့်အား အဘယ်သို့သော စိတ်အကြံဖြစ်လေသနည်း"ဟု (မေးတော်မူ၏)။ အသျှင်ဘုရား အကျွန်ုပ်အား "မြတ်စွာဘုရားသည် ရဟန်းအပေါင်းကို နှင်ထုတ်တော်မူပြီ၊ ယခုအခါ မြတ်စွာဘုရားသည် ကြောင့်ကြမဲ့ မျက်မှောက်သော ကိုယ်၏အဖြစ်၌ ချမ်းသာစွာ နေတော်မူခြင်းကို အားထုတ်လျက် နေတော်မူလတ္တံ့၊ ယခုအခါ ငါသည်၎င်း အသျှင်သာရိပုတြာသည်၎င်း ရဟန်းအပေါင်းကို ဆောင်ကြကုန်တော့အံ့"ဟု ဤသို့သော အကြံဖြစ်ပါ၏ဟု (လျှောက်၏)။

မောဂ္ဂလာန် ကောင်းပေစွ ကောင်းပေစွ၊ မောဂ္ဂလာန် ငါသည်၎င်း သာရိပုတြာ မောဂ္ဂလာန် တို့သည်၎င်း ရဟန်းအပေါင်းကို ဆောင်ကြကုန်အံ့ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



၁၆၁။ ထို့နောက် မြတ်စွာဘုရားသည် ရဟန်းတို့ကို မိန့်တော်မူ၏—ရဟန်းတို့ ရေသို့သက်ဆင်းသောသူ၌ လေးပါးသော ဘေးတို့သည် မချွတ်ဖြစ်ရကုန်မည်။ အဘယ်လေးပါးတို့နည်းဟူမူ— လှိုင်းတံပိုးဘေး မိကျောင်းဘေး ဝဲဘေး ငါးမာရ်ဘေးတို့တည်း။ ရဟန်းတို့ ရေသို့သက်ဆင်းသောသူ၌ လေးပါးကုန်သော ဤဘေးတို့သည် မချွတ်ဖြစ်ရကုန်မည်။ ရဟန်းတို့ ဤအတူသာလျှင် ဤသာသနာတော်၌ လူ့ဘောင်မှ ရဟန်းဘောင်၌ ရဟန်းပြုသော အချို့သော ပုဂ္ဂိုလ်၌ လေးပါးသော ဤဘေးတို့သည် မချွတ်ဖြစ်ရကုန်မည်။ အဘယ်လေးပါးတို့နည်းဟူမူ—လှိုင်းတံပိုးဘေး မိကျောင်းဘေး ဝဲဘေး ငါးမာရ်ဘေးတို့တည်း။

၁၆၂။ ရဟန်းတို့ လှိုင်းတံပိုးဘေးဟူသည် အဘယ်နည်း—ရဟန်းတို့ ဤသာသနာတော်၌ အချို့သော အမျိုးကောင်းသားသည် "ပဋိသန္ဓေနေခြင်း အိုခြင်း သေခြင်း ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာပင်ပန်းခြင်းတို့၌ နစ်မြုပ်နေရ၏၊ ဒုက္ခတွင်း၌ နစ်မြုပ်နေရ၏၊ ဒုက္ခ အနှိပ်စက်ခံနေရ၏၊ ဤဆင်းရဲတုံး သက်သက်ကို ဆုံးအောင် ပြုနိုင်မှုသည် ထင်ကောင်းတန်ရာ၏" ဟု ကြံ၍ သဒ္ဓါတရားဖြင့် လူ့ဘောင်မှ ရဟန်းဘောင်၌ ရဟန်းပြု၏။ ထိုသို့သော အခြင်းအရာ အားဖြင့် ရဟန်းပြုသော ထိုရဟန်းကို သီတင်းသုံးဖော်တို့သည် "သင်သည် ဤသို့ ရှေ့သို့တက်ရမည်၊ သင်သည် ဤသို့ နောက်သို့ ဆုတ်ရမည်၊ သင်သည် ဤသို့ တူရူကြည့်ရမည်၊ သင်သည် ဤသို့ တစောင်း ကြည့်ရမည်၊ သင်သည် ဤသို့ ကွေးရမည်၊ သင်သည် ဤသို့ ဆန့်ရမည်၊ သင်သည် ဤသို့ ဒုကုဋ် သပိတ်သင်္ကန်းကို ဆောင်ရမည်" ဟု သွန်သင်ဆုံးမကြကုန်၏။ ထိုရဟန်းအား "ရှေးလူဖြစ်စဉ်အခါက ငါတို့သည် သူတပါးတို့ကို သွန်သင် ဆုံးမကြကုန်၏၊ ငါတို့၏ သားလောက် မြေးလောက်သာ ရှိကြကုန်သော ဤရဟန်းတို့သည်ကား ငါတို့ကို သွန်သင်ဆုံးမ ထိုက်သည်ဟု မှတ်ထင်နေကြကုန်၏" ဟု ဤသို့သော အကြံဖြစ်၏။ ထိုရဟန်းသည် ရဟန်းသိက္ခာကို စွန့်ပယ်၍ လူထွက်၏။ ရဟန်းတို့ ဤရဟန်းကို ဤသို့ သဘောရှိသော လှိုင်းတံပိုးဘေးကို ကြောက်သည်ဖြစ်၍ ရဟန်းသိက္ခာကို စွန့်ပယ်၍ လူထွက်သော ပုဂ္ဂိုလ်ဟု ဆိုရ၏။ ရဟန်းတို့ လှိုင်းတံပိုးဘေးဟူသော ဤအမည်သည် ပြင်းထန်သော အမျက်ဒေါသ၏အမည်တည်း။

၁၆၃။ ရဟန်းတို့ မိကျောင်းဘေးဟူသည် အဘယ်နည်း—ရဟန်းတို့ အချို့သော အမျိုးကောင်းသားသည် "ပဋိသန္ဓေနေခြင်း အိုခြင်း သေခြင်း ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာပင်ပန်းခြင်းတို့၌ နစ်မြုပ်နေရ၏၊ ဒုက္ခတွင်း၌ နစ်မြုပ်နေရ၏၊ ဒုက္ခအနှိပ်စက်ခံနေရ၏၊ ဤဆင်းရဲတုံး သက်သက်ကို ဆုံးအောင်ပြုနိုင်မှုသည် ထင်ကောင်းတန်ရာ၏" ဟု ကြံ၍ သဒ္ဓါတရားဖြင့် လူ့ဘောင်မှ ရဟန်းဘောင်၌ ရဟန်းပြု၏။ ထိုသို့သော အခြင်းအရာဖြင့် ရဟန်းပြုသော ထိုရဟန်းကို သီတင်းသုံးဖော်တို့သည် "ဤအစာကို သင်ခဲရ စားရမည်၊ ဤအစာကို သင်မခဲရ မစားရ၊ ဤအစာကို သင်သုံးဆောင်ရမည်၊ ဤအစာကို သင်မသုံးဆောင်ရ၊ ဤလျက်ဖွယ်ကို သင်လျက်ရမည်၊ ဤလျက်ဖွယ်ကို သင်မလျက်ရ၊ ဤသောက်ဖွယ်ကို သင်သောက်ရမည်၊ ဤသောက်ဖွယ်ကို သင်မသောက်ရ၊ အပ်သော ခဲဖွယ်ကို သင်ခဲရ စားရမည်၊ မအပ်သောခဲဖွယ်ကို သင်မခဲရ မစားရ၊ အပ်သော သုံးဆောင်ဖွယ်တို့ကို သင်သုံးဆောင်ရမည်၊ မအပ်သော သုံးဆောင်ဖွယ်တို့ကို သင်မသုံးဆောင်ရ၊ အပ်သော လျက်ဖွယ်ကို သင်လျက်ရမည်၊ မအပ်သော လျက်ဖွယ်ကို သင်မလျက်ရ၊ အပ်သော သောက်ဖွယ်ကို သင်သောက်ရမည်၊ မအပ်သော သောက်ဖွယ်ကို သင်မသောက်ရ၊ နံနက်ကာလ၌ သင်ခဲရ စားရမည်၊ နေလွဲကာလ၌ သင်မခဲရ မစားရ၊ နံနက်

http://www.dhammadownload.com



ကာလ၌ သင်သုံးဆောင်ရမည်၊နေလွဲကာလ၌ သင်မသုံးဆောင်ရ၊ နံနက်ကာလ၌ သင်လျက်ရမည်၊ နေလွဲကာလ၌ သင်မလျက်ရ၊ နံနက်ကာလ၌ သင်သောက်ရမည်၊ နေလွဲကာလ၌ သင်မသောက်ရ” ဟူ၍ သွန်သင်ဆုံးမကြကုန်၏။

ထိုရဟန်းအား “ရှေးလူဖြစ်စဉ်အခါက ငါတို့သည် အလိုရှိရာကို ခဲရ စားရကုန်၏၊ အလိုမရှိရာကို မခဲရ မစားရကုန်၊ အလိုရှိရာကို သုံးဆောင်ရကုန်၏၊ အလိုမရှိရာကို မသုံးဆောင်ရကုန်၊ အလိုရှိရာကို လျက်ရကုန်၏၊ အလိုမရှိရာကို မလျက်ရကုန်၊ အလိုရှိရာကို သောက်ရကုန်၏၊ အလိုမရှိရာကို မသောက်ရကုန်၊ အပ်သည်ကိုလည်း ခဲရ စားရကုန်၏၊ မအပ်သည်ကိုလည်း ခဲရစားရကုန်၏၊အပ်သည်ကိုလည်း သုံးဆောင်ရကုန်၏၊ မအပ်သည်ကိုလည်း သုံးဆောင်ရကုန်၏၊ အပ်သည်ကိုလည်း လျက်ရကုန်၏၊ မအပ်သည်ကိုလည်း လျက်ရကုန်၏၊ အပ်သည်ကိုလည်း သောက်ရကုန်၏၊ မအပ်သည်ကိုလည်း သောက်ရကုန်၏။

နံနက်ကာလ၌လည်း ခဲရ စားရကုန်၏၊နေလွဲကာလ၌လည်း ခဲရ စားရကုန်၏၊နံနက်ကာလ၌လည်း သုံးဆောင်ရကုန်၏၊ နေလွဲကာလ၌လည်း သုံးဆောင်ရကုန်၏၊ နံနက်ကာလ၌လည်း လျက်ရကုန်၏၊နေလွဲကာလ၌လည်း လျက်ရကုန်၏၊နံနက်ကာလ၌လည်း သောက်ရကုန်၏၊ နေလွဲကာလ၌လည်း သောက်ရကုန်၏၊ သဒ္ဓါတရားရှိကြသော သူကြွယ်တို့သည် နေ့အခါ နေလွဲအခါ၌ မွန်မြတ်လှစွာသော ခဲဖွယ်ဘောဇဉ်ကိုလည်း ငါတို့အား ပေးလှူကြကုန်၏၊ ထိုခဲဖွယ်ဘောဇဉ်၌လည်း ဤရဟန်းတို့သည် နှုတ်ပိတ်မှုကို ပြုကြလေယောင်တကား”ဟု ဤသို့ အကြံဖြစ်၏။ ထိုရဟန်းသည် သိက္ခာကို စွန့်လွှတ်၍ လူထွက်၏၊ ရဟန်းတို့ ဤရဟန်းကို မိကျောင်းဘေးကို ကြောက်သဖြင့် ရဟန်းသိက္ခာကို စွန့်လွှတ်၍ လူထွက်သောပုဂ္ဂိုလ်ဟူ၍ ဆိုရ၏။ ရဟန်းတို့ မိကျောင်းဘေး ဟူသော ဤအမည်သည် ဝမ်းရေးကို ကြောင့်ကြစိုက်ခြင်း၏ အမည်တည်း။

၁၆၄။ ရဟန်းတို့ ဝဲဘေးဟူသည် အဘယ်နည်း—ရဟန်းတို့ ဤသာသနာတော်၌ အချို့သော အမျိုးကောင်းသားသည် “ပဋိသန္ဓေနေခြင်း အိုခြင်း သေခြင်း ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာပင်ပန်းခြင်းတို့၌ နစ်မြုပ်နေရ၏၊ ဒုက္ခတွင်း၌ နစ်မြုပ်နေရ၏၊ ဒုက္ခအနှိပ်စက်ခံနေရ၏၊ ဤဆင်းရဲတုံးသက်သက်ကို ဆုံးအောင်ပြုနိုင်မှုသည် ထင်ကောင်းတန်ရာ၏”ဟု သဒ္ဓါတရားဖြင့် လူ့ဘောင်မှ ရဟန်းဘောင်၌ ရဟန်းပြု၏။ ထိုသူသည် ဤသို့ ရဟန်းပြုပြီးသော် နံနက်အခါ၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကိုယူ၍ ကိုယ်ကိုရင်း နှုတ်ကိုရင်း မစောင့်စည်းပဲ သာလျှင် သတိမထားပဲ ဣန္ဒြေတို့ကို မစောင့်စည်းပဲ ရွာသို့ဖြစ်စေ နိဂုံးသို့ဖြစ်စေ ဆွမ်းအလို့ငှါ ဝင်၏။ ထိုရဟန်းသည် ရွာနိဂုံးတို့၌ ကာမဂုဏ်ငါးပါးတို့ဖြင့် ပြည့်စုံကုံလုံလျက် စံစားနေသော သူကြွယ်ကိုသော်ရင်း သူကြွယ်၏သားကိုသော်ရင်း မြင်လေ၏။

ထိုရဟန်းအား “ငါတို့သည် ရှေးလူဖြစ်စဉ်အခါက ငါးပါးသောကာမဂုဏ်တို့နှင့် ပြည့်စုံကုံလုံလျက် စံစားခဲ့ဘူးကုန်၏၊ ငါ၏အိမ်၌ စည်းစိမ်ချမ်းသာတို့သည် ရှိကုန်သည်သာတည်း၊ စည်းစိမ်ချမ်းသာတို့ကို စံစားခြင်းငှါရင်း ကောင်းမှုကုသိုလ်တို့ကို ပြုခြင်းငှါရင်း တတ်ကောင်းသည်သာတည်း”ဟု ဤသို့ အကြံဖြစ်၏။ ထိုရဟန်းသည် သိက္ခာကို စွန့်လွှတ်၍ လူထွက်၏။ ရဟန်းတို့ ဤရဟန်းကို ဝဲဘေးမှ ကြောက်သဖြင့် ရဟန်းသိက္ခာကိုစွန့်လွှတ်၍ လူထွက်သော ပုဂ္ဂိုလ်ဟူ၍ ဆိုရ၏။ရဟန်းတို့ ဝဲဘေးဟူသော ဤအမည်သည် ငါးပါးကုန်သော ကာမဂုဏ်တို့၏ အမည်တည်း။

http://www.dhammadownload.com



၁၆၅။ ရဟန်းတို့ ငါးမာန်းဘေးဟူသည် အဘယ်နည်း—ရဟန်းတို့ ဤသာသနာတော်၌ အချို့သော အမျိုးကောင်းသားသည် "ပဋိသန္ဓေနေခြင်း အိုခြင်း သေခြင်း ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာ ပင်ပန်းခြင်းတို့၌ နစ်မြုပ်နေရ၏၊ ဒုက္ခတွင်း၌ နစ်မြုပ်နေရ၏၊ ဒုက္ခအနှိပ်စက်ခံနေရ၏၊ ဤဆင်းရဲတုံးသက်သက်ကို ဆုံးအောင်ပြုနိုင်မှုသည် ထင်ကောင်းတန်ရာ၏" ဟု သဒ္ဓါတရားဖြင့် လူ့ဘောင်မှ ရဟန်းဘောင်၌ ရဟန်းပြု၏၊ ထိုအမျိုးကောင်းသားသည် ဤသို့ ရဟန်းပြုပြီးသော် နံနက်အခါ၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူ၍ ကိုယ်ကိုရင်း နှုတ်ကိုရင်း မစောင့်စည်းပဲသာလျှင် သတိမထားပဲ ဣန္ဒြေတို့ကို မစောင့်စည်းပဲ ရွာသို့ဖြစ်စေ နိဂုံးသို့ဖြစ်စေ ဆွမ်းအလို့ငှါ ဝင်၏။ ထိုရဟန်းသည် ထိုရွာနိဂုံးတို့၌ သေသေသပ်သပ် ကျစ်ကျစ်လစ်လစ် ဝတ်ရုံမထားသော မာတုဂါမကို မြင်လေ၏၊ သေသေသပ်သပ် ကျစ်ကျစ်လစ်လစ် ဝတ်ရုံမထားသော မာတုဂါမကို မြင်သော် ထိုသူ၏စိတ်ကို တပ်နှစ်သက်မှု 'ရာဂ' သည် ဖျက်ဆီး၏၊ ထိုရဟန်းသည် ရာဂအဖျက်ဆီး ခံရသောစိတ်ကြောင့် ရဟန်းသိက္ခာကို စွန့်လွှတ်၍ လူထွက်၏။ ရဟန်းတို့ ဤသို့ သဘောရှိသော ရဟန်းကို ငါးမာန်းဘေးမှ ကြောက်သဖြင့် ရဟန်းသိက္ခာကို စွန့်လွှတ်၍ လူထွက်သောပုဂ္ဂိုလ်ဟု ဆိုရ၏။ ရဟန်းတို့ ငါးမာန်းဘေးဟူသော ဤအမည်သည် မာတုဂါမ၏ အမည်တည်း။ရဟန်းဘို့ ဤသာသနာတော်၌ လူ့ဘောင်မှ ရဟန်းဘောင်၌ ရဟန်းပြုသော အချို့သောပုဂ္ဂိုလ်အား ဤဘေးလေးပါးတို့သည် မချွတ်ဖြစ်ရကုန်မည်ဟု မြတ်စွာဘုရားသည် ဤသုတ်ကို ဟောတော်မူ၏။ ထိုရဟန်းဘို့သည် မြတ်စွာဘုရား၏စကားတော်ကို နှစ်ခြိုက်ဝမ်းမြောက်ကြကုန်၏။

ခုနစ်ခုမြောက် စာတုမသုတ် ပြီး၏။

## ၈-နဠကပါနသုတ်

၁၆၆။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် ကောသလတိုင်း နဠကပါနရွာ ပေါက်တော၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ အသျှင်အနုရုဒ္ဓါ အသျှင်ဘဒ္ဒိယ အသျှင်ကိမိလ အသျှင်ဘဂု အသျှင်ကောဏ္ဍည အသျှင်ရေဝတ အသျှင်အာနန္ဒာ ဤသို့ ထင်ရှား ထင်ရှားကုန်သော များစွာကုန်သော အမျိုးကောင်းသားဘို့သည် မြတ်စွာဘုရားကို ရည်စူး၍ သဒ္ဓါတရားဖြင့် လူ့ဘောင်မှ ရဟန်းဘောင်၌ ရဟန်းပြုကြကုန်၏၊ ထို့မှတပါး ထင်ရှား ထင်ရှားကုန်သော အခြား အမျိုးကောင်းသားဘို့သည်လည်း ရဟန်းဘောင်၌ ရဟန်းပြုကြကုန်၏။ ထိုအခါ၌ မြတ်စွာဘုရားသည် ရဟန်းအပေါင်းခြံရံလျက် လွင်တီးခေါင်၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ထိုအမျိုးသားတို့ကို အစွဲပြု၍ "ရဟန်းတို့ အကြင် အမျိုးကောင်းသားတို့သည် ငါ့ကို ရည်စူး၍ သဒ္ဓါတရားဖြင့် လူ့ဘောင်မှ ရဟန်းဘောင်၌ ရဟန်းပြုကြကုန်၏။ အသို့နည်း၊ ထိုရဟန်းတို့သည် ဤမြတ်သောအကျင့်၌ မွေ့လျော်ကြကုန်၏လော" ဟု ရဟန်းတို့ကို မိန့်တော်မူ၏။

ဤသို့ မိန့်တော်မူသော် ထိုရဟန်းဘို့သည် ဆိတ်ဆိတ်နေကြကုန်၏။ နှစ်ကြိမ်မြောက်လည်း မြတ်စွာဘုရားသည် ထိုအမျိုးကောင်းသားဘို့ကို အစွဲပြု၍ "ရဟန်းတို့ အကြင်အမျိုးကောင်းသားတို့သည် ငါ့ကိုရည်စူး၍ သဒ္ဓါတရားဖြင့် လူ့ဘောင်မှ ရဟန်းဘောင်၌ ရဟန်းပြုကြကုန်၏။ အသို့နည်း၊ ထိုရဟန်းတို့သည် ဤမြတ်သောအကျင့်၌ မွေ့လျော်ကြကုန်၏လော" ဟု ရဟန်းတို့ကို မိန့်တော်မူ၏။ နှစ်ကြိမ်မြောက်လည်း ထိုရဟန်းတို့သည် ဆိတ်ဆိတ်နေကြကုန်၏။ သုံးကြိမ်

http://www.dhammadownload.com



မြောက်လည်း မြတ်စွာဘုရားသည် ထိုအမျိုးကောင်းသားတို့ကို အစဲပြု၍ "ရဟန်းတို့ အကြင် အမျိုးကောင်းသားတို့သည် ငါ့ကိုရည်စူး၍ သဒ္ဓါတရားဖြင့် လူ့ဘောင်မှ ရဟန်းဘောင်သို့ ရဟန်း ပြုကြကုန်၏။ အသို့နည်း၊ ထိုရဟန်းတို့သည် ဤမြတ်သောအကျင့်၌ မွေ့လျော်ကြကုန်၏လော"ဟု ရဟန်းတို့ကို မိန့်တော်မူ၏။ သုံးကြိမ်မြောက်လည်း ထိုရဟန်းတို့သည် ဆိတ်ဆိတ်နေကြကုန်၏။

၁၆၇။ ထိုအခါ မြတ်စွာဘုရားအား "ငါသည် ထိုအမျိုးကောင်းသားတို့ကို တိုက်ရိုက်မေးရမူ ကောင်းလေရာ၏" ဟု အကြံတော် ဖြစ်၏။ ထိုအခါ မြတ်စွာဘုရားသည် "အနုရုဒ္ဓါတို့ အသို့နည်း၊ သင်တို့သည် မြတ်သောအကျင့်၌ မွေ့လျော်ကြကုန်၏လော"ဟု အသျှင်အနုရုဒ္ဓါကို မိန့်တော်မူ၏။ အသျှင်ဘုရား အကျွန်ုပ်တို့သည် မြတ်သောအကျင့်၌ စင်စစ် မွေ့လျော်ကြပါကုန်၏ ဟု (လျှောက်၏)။ အနုရုဒ္ဓါတို့ ကောင်းပေစွ ကောင်းပေစွ၊ အနုရုဒ္ဓါတို့ သဒ္ဓါတရားဖြင့် လူ့ဘောင်မှ ရဟန်းဘောင်သို့ ရဟန်းပြုကြကုန်သော အမျိုးကောင်းသား ဖြစ်သော သင်တို့အား မြတ်သော အကျင့်၌ မွေ့လျော်ခြင်းသည် သင့်မြတ်လှ၏၊ အနုရုဒ္ဓါတို့ သင်တို့သည် ကောင်းမြတ်သော ပဌမ အရွယ်နှင့် ပြည့်စုံကုန်လျက် မည်းနက်သော ဆံရှိကုန်သည်ဖြစ်၍ ကာမဂုဏ်တို့ကို သုံးဆောင် ခံစား သင့်ကုန်ရာ၏။ အနုရုဒ္ဓါတို့ သင်တို့သည် ထိုကောင်းမြတ်သော ပဌမအရွယ်နှင့် ပြည့်စုံကုန်သည်ဖြစ်၍ မည်းနက်သောဆံရှိသည်သာ ဖြစ်ပါကုန်လျက်လည်း လူ့ဘောင်မှ ရဟန်းဘောင်သို့ ရဟန်းပြုကြ ကုန်ဘိ၏။

အနုရုဒ္ဓါတို့ သင်တို့သည် မင်းနှိပ်စက် ပို့ဆောင်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ရဟန်းပြုကြ သည် မဟုတ်ကုန်၊ ခိုးသူ နှိပ်စက်ပို့ဆောင်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ရဟန်းပြုကြသည် မဟုတ်ကုန်၊ ကြွေးမြီနှိပ်စက်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ရဟန်းပြုကြသည် မဟုတ်ကုန်၊ ဘေးရန် နှိပ်စက်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ရဟန်းပြုကြသည် မဟုတ်ကုန်၊ အသက်မွေးမှုကြပ်တည်း၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ရဟန်းပြုကြသည် မဟုတ်ကုန်၊ စင်စစ်သော်ကား ငါသည် ပဋိသန္ဓေ နေခြင်း အိုခြင်း သေခြင်း ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာပင်ပန်း ခြင်းတို့၌ နစ်မြုပ်နေရ၏၊ ဒုက္ခတွင်း၌ နစ်မြုပ်နေရ၏၊ ဒုက္ခအနှိပ်စက် ခံနေရ၏၊ ဤဆင်းရဲတုံး သက် သက်ကို ဆုံးအောင်ပြုနိုင်မှုသည်လည်း ထင်ကောင်းတန်ရာ၏ဟု သဒ္ဓါတရားဖြင့် လူ့ဘောင်မှ ရဟန်းဘောင်သို့ ရဟန်းပြုကြသည် မဟုတ်ကုန်လောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မှန်ပါ၏ (ဟု လျှောက်ကြကုန်၏)။

အနုရုဒ္ဓါတို့ ဤသို့ ရဟန်းပြုသော အမျိုးကောင်းသားသည် အဘယ်အမှုကို ပြုသင့်သနည်း— အနုရုဒ္ဓါတို့ ကာမဂုဏ်တရားတို့မှ ကင်းဆိတ်သော အကုသိုလ်တရားတို့မှ ကင်းဆိတ်သော ပီတိသုခကိုဖြစ်စေ ထို့ထက်သာလွန်မွန်မြတ်သော တပါးသောချမ်းသာကိုဖြစ်စေ မရငြားအံ့။ အဘိဇ္ဈာ သည်လည်း ထိုသူ၏စိတ်ကို သိမ်းကျုံး၍တည်၏၊ ဗျာပါဒသည်လည်း စိတ်ကို သိမ်းကျုံး၍ တည်၏၊ ထိနမိဒ္ဓသည်လည်း စိတ်ကို သိမ်းကျုံး၍ တည်၏၊ ဥဒ္ဓစ္စကုက္ကုစ္စသည်လည်း စိတ်ကို သိမ်းကျုံး၍ တည်၏၊ ဝိစိကိစ္ဆာသည်လည်း စိတ်ကို သိမ်းကျုံး၍ တည်၏၊ မမွေ့မလျော်ခြင်းသည်လည်း စိတ်ကို သိမ်းကျုံး၍ တည်၏၊ ပျင်းရိခြင်းသည်လည်း စိတ်ကို သိမ်းကျုံး၍ တည်၏၊ အနုရုဒ္ဓါတို့ ထိုသူသည် ကာမဂုဏ်တရားတို့မှ ကင်းဆိတ်သော အကုသိုလ်တရားတို့မှ ကင်းဆိတ်သော ပီတိသုခကိုဖြစ်စေ ထို့ ထက် သာလွန်မွန်မြတ်သော တပါးသော ချမ်းသာကိုဖြစ်စေ မရနိုင်။

အနုရုဒ္ဓါတို့ ကာမဂုဏ်တရားတို့မှ ကင်းဆိတ်သော အကုသိုလ်တရားတို့မှ ကင်းဆိတ်သော ပီတိသုခကိုဖြစ်စေ ထို့ထက် သာလွန် မွန်မြတ်သော တပါးသော ချမ်းသာကိုဖြစ်စေ ရငြားအံ့။

http://www.dhammadownload.com



အဘိဇ္ဈာသည်လည်း ထိုသူ၏စိတ်ကို သိမ်းကျုံး၍ မတည်နိုင်၊ ဗျာပါဒသည်လည်း စိတ်ကို သိမ်းကျုံး၍ မတည်နိုင်၊ ထိနမိဒ္ဓသည်လည်း စိတ်ကိုသိမ်းကျုံး၍ မတည်နိုင်၊ ဥဒ္ဓစ္စကုက္ကုစ္စသည်လည်း စိတ်ကိုသိမ်းကျုံး၍ မတည်နိုင်၊ ဝိစိကိစ္ဆာသည်လည်း စိတ်ကိုသိမ်းကျုံး၍ မတည်နိုင်၊ မမွေ့လျော်ခြင်း သည်လည်း စိတ်ကိုသိမ်းကျုံး၍ မတည်နိုင်၊ ပျင်းရိခြင်းသည်လည်း စိတ်ကိုသိမ်းကျုံး၍ မတည်နိုင်။ အနုရုဒ္ဓါတို့ ထိုသူသည် ကာမဂုဏ်တရားတို့မှ ကင်းဆိတ်သော အကုသိုလ်တရားတို့မှ ကင်းဆိတ်သော ပီတိသုခကိုငင်း ထို့ထက်သာလွန်မွန်မြတ်သော တပါးသော ချမ်းသာကိုငင်း ရနိုင်၏။

၁၆၇။ အနုရုဒ္ဓါတို့ ငါ့အပေါ်၌ သင်တို့ အဘယ်ကဲ့သို့ မှတ်ထင်သနည်း— "ညစ်ညူးစေတတ်ကုန်သော တဖန်ဘဝသစ်ကိုဖြစ်စေတတ်ကုန်သော ပူလောင်ခြင်းနှင့်တကွ ဖြစ်ကုန်သော ဆင်းရဲကျိုးကို ဖြစ်စေတတ်ကုန်သော နောင်အခါ၌ ပဋိသန္ဓေနေမှု အိုမှု သေမှုကို ဖြစ်စေတတ်ကုန်သော အာသဝေါတရားတို့ကို မြတ်စွာဘုရားသည် မပယ်ရသေး။ ထို့ကြောင့် မြတ်စွာဘုရားသည် အချို့ကို ဆင်ခြင်၍ မှီဝဲ၏၊ အချို့ကို ဆင်ခြင်၍ သည်းခံ၏၊ အချို့ကို ဆင်ခြင်၍ ကြဉ်ရှောင်၏၊ အချို့ကို ဆင်ခြင်၍ ပယ်ဖျောက်၏"ဟု ထင်လေသလော"ဟု (မေးတော်မူ၏)။

အသျှင်ဘုရား "ညစ်ညူးစေတတ်ကုန်သော တဖန်ဘဝသစ်ကို ဖြစ်စေတတ်ကုန်သော ပူလောင်ခြင်းနှင့်တကွ ဖြစ်ကုန်သော ဆင်းရဲကျိုးကို ဖြစ်စေတတ်ကုန်သော နောင်အခါ၌ ပဋိသန္ဓေ နေမှု အိုမှု သေမှုကို ဖြစ်စေတတ်ကုန်သော အာသဝေါတရားတို့ကို မြတ်စွာဘုရားသည် မပယ်ရသေး။ ထို့ကြောင့် မြတ်စွာဘုရားသည် အချို့ကို ဆင်ခြင်၍ မှီဝဲ၏၊ အချို့ကို ဆင်ခြင်၍ သည်းခံ၏၊ အချို့ကို ဆင်ခြင်၍ ကြဉ်ရှောင်၏၊ အချို့ကို ဆင်ခြင်၍ ပယ်ဖျောက်၏"ဟု ဤသို့ မြတ်စွာဘုရားအပေါ်၌ အကျွန်ုပ်တို့ မထင်ပါ။

အသျှင်ဘုရား "ညစ်ညူးစေတတ်ကုန်သော တဖန်ဘဝသစ်ကို ဖြစ်စေတတ်ကုန်သော ပူလောင်ခြင်းနှင့်တကွဖြစ်ကုန်သော ဆင်းရဲကျိုးကို ဖြစ်စေတတ်ကုန်သော နောင်အခါ၌ ပဋိသန္ဓေ နေမှု အိုမှု သေမှုကို ဖြစ်စေတတ်ကုန်သော အာသဝေါတရားတို့ကို မြတ်စွာဘုရားသည် ပယ်ပြီး ဖြစ်ကုန်၏။ ထို့ကြောင့် မြတ်စွာဘုရားသည် အချို့ကို ဆင်ခြင်၍ မှီဝဲ၏၊ အချို့ကို ဆင်ခြင်၍ သည်းခံ၏၊ အချို့ကို ဆင်ခြင်၍ ကြဉ်ရှောင်၏၊ အချို့ကို ဆင်ခြင်၍ ပယ်ဖျောက်၏"ဟု မြတ်စွာဘုရား အပေါ်၌ အကျွန်ုပ်တို့ ထင်ပါကုန်၏ ဟု(လျှောက်၏)။

အနုရုဒ္ဓါတို့ ကောင်းပေစွ ကောင်းပေစွ၊ အနုရုဒ္ဓါတို့ မြတ်စွာဘုရားအား ညစ်ညူးစေတတ်ကုန်သော တဖန်ဘဝသစ်ကို ဖြစ်စေတတ်ကုန်သော ပူလောင်ခြင်းနှင့် တကွ ဖြစ်ကုန်သော ဆင်းရဲကျိုးကို ဖြစ်စေတတ်ကုန်သော နောင်အခါ၌ ပဋိသန္ဓေနေမှု အိုမှု သေမှုကို ဖြစ်စေတတ်ကုန်သော အာသဝေါတရားတို့သည် ပယ်ပြီးဖြစ်ကုန်၏၊ အမြစ်ပြတ်ပြီး ဖြစ်ကုန်၏၊ ထန်းပင်ငုတ်ကဲ့သို့ ပြုပြီး ဖြစ်ကုန်၏၊ တဖန် မဖြစ်အောင် ပြုပြီး ဖြစ်ကုန်၏၊ နောင်တဖန် ဖြစ်ပေါ်ခြင်းသဘောမရှိတော့ချေ။ အနုရုဒ္ဓါတို့ ဥပမာသော်ကား လည်ဆစ်ပြတ်ပြီးသော ထန်းပင်သည် တဖန် ကြီးပွါးစည်ပင်ခြင်းငှါ မထိုက်သကဲ့သို့ ဤအတူသာလျှင် မြတ်စွာဘုရားသည် ညစ်ညူးစေတတ်ကုန်သော တဖန် ဘဝသစ်ကို ဖြစ်စေတတ်ကုန်သော ပူလောင်ခြင်းနှင့် တကွ ဖြစ်ကုန်သော ဆင်းရဲကျိုး ကိုဖြစ်စေတတ်ကုန်သော နောင်အခါ၌ ပဋိသန္ဓေနေမှု အိုမှု သေမှုကို ဖြစ်စေတတ်ကုန်သော အာသဝေါတရားတို့သည် ပယ်ပြီး ဖြစ်ကုန်၏၊ အမြစ်ပြတ်ပြီး ဖြစ်ကုန်၏၊ ထန်းပင်ငုတ်ကဲ့သို့ ပြုပြီး ဖြစ်ကုန်၏၊ တဖန် မဖြစ်အောင် ပြုပြီးဖြစ်ကုန်၏၊ နောင်တဖန် ဖြစ်ခြင်း သဘောမရှိတော့ချေ။ ထို့ကြောင့် မြတ်စွာဘုရားသည်

http://www.dhammadownload.com



အချို့ကို ဆင်ခြင်၍ မှီဝဲ၏၊ အချို့ကို ဆင်ခြင်၍ သည်းခံ၏၊ အချို့ကို ဆင်ခြင်၍ ကြဉ်ရှောင်၏၊ အချို့ကို ဆင်ခြင်၍ ပယ်ဖျောက်၏။

အနုရုဒ္ဓါတို့ ထိုငါဆိုမည့်စကားကို အဘယ်သို့ မှတ်ထင်ဘိသနည်း၊ အဘယ်သို့ အကျိုးထူးကို ကောင်းစွာမြင်၍ မြတ်စွာဘုရားသည် ကွယ်လွန်ကုန်ပြီးသော သေဆုံးကုန်ပြီးသော တပည့်သာဝက တို့ကို ဤမည်သော သူသည် ဤမည်သောဘဝ၌ ဖြစ်၏၊ ဤမည်သောသူသည် ဤမည်သောဘဝ၌ ဖြစ်၏ ဟု ပဋိသန္ဓေတည်နေမှု ဖြစ်ပေါ်မှုတို့၌ ဟောကြားဘိသနည်း။ အသျှင်ဘုရား အကျွန်ုပ် တို့အား တရားဓမ္မဟူသမျှတို့သည် မြတ်စွာဘုရားလျှင် အမှန်မူလရှိကြပါကုန်၏၊ မြတ်စွာဘုရား လျှင် ရှေ့ဆောင်ရှိကြပါကုန်၏၊ မြတ်စွာဘုရားလျှင် လည်းလျှောင်းရာ ရှိကြပါကုန်၏၊အသျှင်ဘုရား တောင်းပန်ပါ၏၊ ထိုဟောတော်မူအပ်သော ,တရားတော်၏အနက်သည် ဘုရားသျှင်အားသာလျှင် ထင်ရှားတော်မူပါစေလော့။ မြတ်စွာဘုရား၏ အထံတော်မှ ကြားနာကြ၍ ရဟန်းတော်တို့သည် ဆောင်ကြပါကုန်လတ္တံ့ ဟု (လျှောက်ကုန်၏)။

အနုရုဒ္ဓါတို့ မြတ်စွာဘုရားသည် လူအများအံ့ဩစေခြင်းငှါရင်း လူအများချီးမွမ်းစေခြင်းငှါ ရင်း လာဘ်ပူဇော်သကာ အကျော်အစောဟူသော အကျိုးငှါရင်း 'လူအပေါင်းသည် ဤသို့ငါ့ကို သိစေသတည်း'ဟူ၍ရင်း ကွယ်လွန်ကုန်ပြီးသော သေဆုံးကုန်ပြီးသော တပည့်သာဝကတို့ကို ဤမည်သော သူသည် ဤမည်သောဘဝ၌ ဖြစ်၏၊ ဤမည်သောသူသည် ဤမည်သောဘဝ၌ဖြစ်၏ ဟု ပဋိသန္ဓေတည်နေဖြစ်ပေါ်မှုတို့၌ မဟောကြား။ အနုရုဒ္ဓါတို့ သဒ္ဓါတရားရှိကုန်သော များစွာ နှစ်သက်ခြင်း ဝမ်းမြောက်ခြင်းရှိကုန်သော အမျိုးကောင်းသားတို့သည် ရှိကုန်၏၊ ထိုအမျိုး ကောင်းသားတို့သည် ထိုတရားကို ကြားနာကြရကုန်သည်ရှိသော် ထိုအကျိုးငှါ စိတ်ကို ညွတ်စေ ကုန်လတ္တံ့၊ အနုရုဒ္ဓါတို့ ထိုအမျိုးကောင်းသားတို့အား ထိုစိတ်ညွတ်စေမှုသည် ရှည်မြင့်စွာသော ကာလပတ်လုံး စီးပွါးခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်၏။

၁၆၉။ အနုရုဒ္ဓါတို့ ဤသာသနာတော်၌ ရဟန်းသည် "သေလွန်ပြီးဖြစ်သော ဤမည်သော ရဟန်းကို အရဟတ္တဖိုလ်၌ တည်၏"ဟူ၍ မြတ်စွာဘုရား ဟောကြားထားသည်ကို ကြားသိရသော ရဟန်းသည် ထိုသေလွန်သောအသျှင်ကို "ထိုအသျှင်သည် ဤသို့ သီလရှိ၏ဟူ၍ရင်း ဤသို့ တရား အကျင့်ရှိ၏ဟူ၍ရင်း ဤသို့ ပညာရှိ၏ဟူ၍ရင်း ဤသို့ နေလေ့ရှိ၏ဟူ၍ရင်း ဤသို့ ကိလေသာမှ လွတ်၏"ဟူ၍ရင်း ကိုယ်တိုင်လည်း တွေ့မြင်ဘူး၏၊ အဆင့်စကားလည်း ကြားဘူး၏။ ထိုတွေ့မြင် ကြားသိဘူးသော ရဟန်းသည် ထိုကွယ်လွန်သော ရဟန်း၏ သဒ္ဓါ သီလ သုတ စာဂ ပညာတို့ကို အောက်မေ့လျက် ထိုသဒ္ဓါစသည်ဖြစ်ခြင်းအကျိုးငှါ စိတ်ကို ညွတ်စေ၏။ အနုရုဒ္ဓါတို့ ဤသို့လည်း ရဟန်းအား ချမ်းသာစွာ နေရခြင်းသည် ဖြစ်၏။

အနုရုဒ္ဓါတို့ ဤသာသနာတော်၌ ရဟန်းသည် "သေလွန်ပြီးဖြစ်သော ဤမည်သော ရဟန်းကို 'အောက်အဖို့၌ ဖြစ်စေတတ်သော သံယောဇဉ် ငါးပါးကုန်ခြင်းကြောင့် ဗြဟ္မာ့ပြည်၌ ဖြစ်၏၊ ထို ဗြဟ္မာ့ပြည်၌ ပရိနိဗ္ဗာန်စံ၏၊ ထိုဗြဟ္မာ့ပြည်မှ ပြန်လည်ဆုတ်နစ်ခြင်းသဘော မရှိတော့ပြီ'ဟူ၍" မြတ်စွာဘုရား ဟောကြားထားသည်ကို ကြားသိရသော ရဟန်းသည် ထိုကွယ်လွန်သော အသျှင်ကို "ထိုအသျှင်သည် ဤသို့ သီလရှိ၏ဟူ၍ရင်း ဤသို့ တရားအကျင့်ရှိ၏။ပ။ ဤသို့ ပညာရှိ၏၊ ဤသို့ နေလေ့ရှိ၏၊ ဤသို့ ကိလေသာမှ လွတ်၏"ဟူ၍ရင်း ကိုယ်တိုင်လည်း တွေ့မြင်ဘူး၏၊ တဆင့်

http://www.dhammadownload.com



စကားလည်း ကြားဘူး၏။ ထိုတွေ့မြင် ကြားသိဘူးသော ရဟန်းသည် ထိုကွယ်လွန်သော ရဟန်း၏ သဒ္ဓါ သီလ သုတ စာဂ ပညာတို့ကို အောက်မေ့လျက် ထိုသဒ္ဓါ စသည်ဖြစ်ခြင်းအကျိုးငှါ စိတ်ကို ညွတ်စေ၏။ အနုရုဒ္ဓါတို့ ဤသို့လည်း ရဟန်းအား ချမ်းသာစွာနေရခြင်းသည် ဖြစ်၏။

အနုရုဒ္ဓါတို့ ဤသာသနာတော်၌ ရဟန်းသည် "သေလွန်ပြီး ဖြစ်သော ဤမည်သော ရဟန်းကို 'သုံးပါးသော သံယောဇဉ်တို့၏ ကုန်ခြင်းကြောင့် ရာဂ ဒေါသ မောဟတို့၏ခေါင်းပါးခြင်းကြောင့် တကြိမ်မျှသာ ဤလူ့ရွာလောကသို့လာ၍ ဆင်းရဲ၏အဆုံးကို ပြုလတ္တံ့ဖြစ်သော သကဒါဂါမိ ပုဂ္ဂိုလ်'ဟူ၍" မြတ်စွာဘုရား ဟောကြားထားသည်ကို ကြားသိရသော ရဟန်းသည် ထိုသေလွန်သောအသျှင်ကို "ထိုအသျှင်သည် ဤသို့ သီလရှိ၏ဟူ၍ရင်း ဤသို့ တရား အကျင့်ရှိ၏။ပ။ ဤသို့ ပညာရှိ၏၊ ဤသို့ နေလေ့ရှိ၏၊ဤသို့ ကိလေသာမှ လွတ်၏"ဟူ၍ရင်း ကိုယ်တိုင်လည်း တွေ့မြင်ဘူး၏၊ အဆင့်စကားလည်း ကြားဘူး၏။ ထိုတွေ့မြင် ကြားသိဘူးသော ရဟန်းသည် ထိုကွယ်လွန်သော ရဟန်း၏ သဒ္ဓါ သီလ သုတ စာဂ ပညာတို့ကို အောက်မေ့လျက် ထိုသဒ္ဓါစသည် ဖြစ်ခြင်းအကျိုးငှါ စိတ်ကို ညွတ်စေ၏။ အနုရုဒ္ဓါတို့ ဤသို့လည်း ရဟန်းအား ချမ်းသာစွာ နေရခြင်းသည် ဖြစ်၏။

အနုရုဒ္ဓါတို့ ဤသာသနာတော်၌ ရဟန်းသည် "သေလွန်ပြီးဖြစ်သော ဤမည်သော ရဟန်းကို 'သုံးပါးသောသံယောဇဉ်တို့၏ ကုန်ခြင်းကြောင့် ဖရိုဖရဲ ကျခြင်းသဘောမရှိသော ကိန်းသေ မြဲသော အထက်မဂ် အထက်ဖိုလ်လျှင် လည်းလျောင်းရာရှိသော သောတာပန်ပုဂ္ဂိုလ်'ဟူ၍" မြတ်စွာဘုရား ဟောကြားထားသည်ကို ကြားသိရသော ရဟန်းသည် ထိုသေလွန်သော အသျှင်ကို "ထိုအသျှင်သည် ဤသို့ သီလရှိ၏ဟူ၍ရင်း ဤသို့ တရားအကျင့်ရှိ၏ဟူ၍ရင်း။ပ။ ဤသို့ပညာရှိ၏၊ ဤသို့နေလေ့ရှိ၏၊ ဤသို့ ကိလေသာမှ လွတ်၏"ဟူ၍ရင်း ကိုယ်တိုင်လည်း တွေ့မြင်ဘူး၏၊ အဆင့်စကားလည်း ကြားဘူး၏၊ ထိုတွေ့မြင် ကြားသိဘူးသော ရဟန်းသည် ထိုသေလွန်သော ရဟန်း၏ သဒ္ဓါ သီလ သုတ စာဂ ပညာတို့ကို အောက်မေ့လျက် ထိုသဒ္ဓါစသည် ဖြစ်ခြင်းအကျိုးငှါ စိတ်ကို ညွတ်စေ၏။ အနုရုဒ္ဓါတို့ ဤသို့လည်း ရဟန်းအား ချမ်းသာစွာနေရခြင်းသည် ဖြစ်၏။

၁၇၀။ အနုရုဒ္ဓါတို့ ဤသာသနာတော်၌ ဘိက္ခုနီမသည် "သေလွန်ပြီးဖြစ်သော ဤမည်သော ဘိက္ခုနီမကို အရဟတ္တဖိုလ်၌ တည်၏"ဟူ၍ မြတ်စွာဘုရား ဟောကြားထားသည်ကို ကြားသိရသော ဘိက္ခုနီမသည် ထိုသေလွန်သော အသျှင်မကို "ထိုအသျှင်မသည် ဤသို့ သီလရှိ၏ဟူ၍ရင်း ဤသို့ တရားအကျင့်ရှိ၏ဟူ၍ရင်း ဤသို့ ပညာရှိ၏ဟူ၍ရင်း ဤသို့ နေလေ့ရှိ၏ဟူ၍ရင်း ဤသို့ကိလေသာမှ လွတ်၏"ဟူ၍ရင်း ကိုယ်တိုင်လည်း တွေ့မြင်ဘူး၏၊ အဆင့်စကားလည်း ကြားဘူး၏။ ထိုတွေ့မြင် ကြားသိဘူးသော ဘိက္ခုနီမသည် ထိုသေလွန်သောဘိက္ခုနီမ၏ သဒ္ဓါ သီလ သုတ စာဂ ပညာတို့ကို အောက်မေ့လျက် ထိုသဒ္ဓါစသည် ဖြစ်ခြင်းအကျိုးငှါ စိတ်ကို ညွတ်စေ၏။ အနုရုဒ္ဓါတို့ ဤသို့လည်း ဘိက္ခုနီမအား ချမ်းသာစွာ နေရခြင်းသည် ဖြစ်၏။

အနုရုဒ္ဓါတို့ ဤသာသနာတော်၌ ဘိက္ခုနီမသည် "သေလွန်ပြီး ဖြစ်သော ဤမည်သော ဘိက္ခုနီမကို 'အောက်အဖို့၌ ဖြစ်စေတတ်သော သံယောဇဉ် ငါးပါးတို့၏ ကုန်ခြင်းကြောင့် ဗြဟ္မာ့ပြည်၌ဖြစ်၏၊ထိုဗြဟ္မာ့ပြည်၌ ပရိနိဗ္ဗာန်စံ၏၊ထိုဗြဟ္မာ့ပြည်မှ ပြန်လည်ဆုတ်နစ်ခြင်း သဘောမရှိ'ဟူ၍" မြတ်စွာဘုရား ဟောကြားထားသည်ကို ကြားသိရသော ဘိက္ခုနီမသည် ထိုသေလွန်သောဘိက္ခုနီမ

http://www.dhammadownload.com



ကို "ထိုညီမသည် ဤသို့ သီလရှိ၏ဟူ၍၎င်း ဤသို့ တရားအကျင့်ရှိ၏။ပ။ ဤသို့ ပညာရှိ၏၊ဤသို့ နေလေ့ရှိ၏၊ ဤသို့ ကိလေသာမှ လွတ်၏"ဟူ၍၎င်း ကိုယ်တိုင်လည်း တွေ့မြင်ဘူး၏၊ အဆင့်စကား လည်း ကြားဘူး၏။ ထိုတွေ့မြင်ကြားသိဘူးသော ဘိက္ခုနီမသည် ထိုသေလွန်သော ဘိက္ခုနီမ၏ သဒ္ဓါ သီလ သုတ စာဂ ပညာတို့ကို အောက်မေ့လျက် သဒ္ဓါစသည်ဖြစ်ခြင်းအကျိုးငှါ စိတ်ကို ညွှတ်စေ၏။ အနုရုဒ္ဓါတို့ ဤသို့လည်း ဘိက္ခုနီမအား ချမ်းသာစွာ နေရခြင်းသည် ဖြစ်၏။

အနုရုဒ္ဓါတို့ ဤသာသနာတော်၌ ဘိက္ခုနီမသည် "သေလွန်ပြီးဖြစ်သော ဤမည်သော ဘိက္ခုနီမကို 'သုံးပါးသော သံယောဇဉ်တို့၏ ကုန်ခြင်းကြောင့် ရာဂ ဒေါသ မောဟတို့၏ခေါင်းပါးခြင်း ကြောင့် တကြိမ်မျှသာ ဤလူ့ရွာလောကသို့လာ၍ ဆင်းရဲ၏အဆုံးကို ပြုလတ္တံ့ဖြစ်သော သကဒါ ဂါမိပုဂ္ဂိုလ်'ဟူ၍" မြတ်စွာဘုရား ဟောကြားထားသည်ကို ကြားသိရသော ဘိက္ခုနီမသည် ထိုသေ လွန်သော ဘိက္ခုနီမကို "ထိုညီမသည် ဤသို့ သီလရှိ၏ဟူ၍၎င်း ဤသို့ တရားအကျင့် ရှိ၏။ပ။ ဤသို့ ပညာရှိ၏၊ ဤသို့ နေလေ့ရှိ၏၊ ဤသို့ ကိလေသာမှ လွတ်၏"ဟူ၍၎င်း ကိုယ်တိုင်လည်း တွေ့ မြင်ဘူး၏၊အဆင့်စကားလည်း ကြားဘူး၏၊ ထိုတွေ့မြင်ကြားသိဘူးသော ဘိက္ခုနီမသည် ထိုသေလွန် သောဘိက္ခုနီမ၏ သဒ္ဓါ သီလ သုတ စာဂ ပညာတို့ကို အောက်မေ့လျက် ထိုသဒ္ဓါစသည်ဖြစ်ခြင်း အကျိုးငှါ စိတ်ကို ညွှတ်စေ၏။ အနုရုဒ္ဓါတို့ ဤသို့လည်း ဘိက္ခုနီမအား ချမ်းသာစွာ နေရခြင်းသည် ဖြစ်၏။

အနုရုဒ္ဓါတို့ ဤသာသနာတော်၌ ဘိက္ခုနီမသည် "သေလွန်ပြီးဖြစ်သော ဤမည်သော ဘိက္ခုနီမ ကို 'သုံးပါးသော သံယောဇဉ်တို့၏ ကုန်ခြင်းကြောင့် ဖရိုဖရဲ ကျခြင်း သဘောမရှိသော ကိန်းသေ မြဲသော အထက်မဂ် အထက်ဖိုလ်လျှင် လည်းလျောင်းရာရှိသော သောတာပန်ပုဂ္ဂိုလ်'ဟူ၍" မြတ်စွာ ဘုရား ဟောကြားထားသည်ကို ကြားသိရသော ဘိက္ခုနီမသည် ထိုသေလွန်သော ဘိက္ခုနီမကို "ထို ညီမသည် ဤသို့ သီလရှိ၏ဟူ၍၎င်း ဤသို့ တရားအကျင့်ရှိ၏ဟူ၍၎င်း ဤသို့ပညာရှိ၏ဟူ၍၎င်း ဤသို့ နေလေ့ရှိ၏ ဟူ၍၎င်း ဤသို့ ကိလေသာမှ လွတ်၏"ဟူ၍၎င်း ကိုယ်တိုင်လည်း တွေ့မြင်ဘူး၏၊အဆင့် စကားလည်း ကြားဘူး၏။ ထိုတွေ့မြင်ကြားသိဘူးသော ဘိက္ခုနီမသည် ထိုသေလွန်သော ဘိက္ခုနီမ ၏ သဒ္ဓါ သီလ သုတ စာဂ ပညာတို့ကို အောက်မေ့လျက် ထိုသဒ္ဓါစသည်ဖြစ်ခြင်းအကျိုးငှါ စိတ်ကို ညွှတ်စေ၏။ အနုရုဒ္ဓါတို့ ဤသို့လည်း ဘိက္ခုနီမအား ချမ်းသာစွာနေရခြင်းသည် ဖြစ်၏။

၁၇၁။ အနုရုဒ္ဓါတို့ ဤသာသနာတော်၌ ဥပါသကာသည် "သေလွန်ပြီးဖြစ်သော ဤမည်သော ဥပါသကာကို 'အောက်အဖို့၌ ဖြစ်စေတတ်သော သံယောဇဉ်ငါးပါးတို့၏ ကုန်ခြင်းကြောင့် ဗြဟ္မာ့ ပြည်၌ ဖြစ်၏၊ ထိုဗြဟ္မာ့ပြည်၌ ပရိနိဗ္ဗာန်စံ၏၊ ထိုဗြဟ္မာ့ပြည်မှ ပြန်လည် ဆုတ်နစ်ခြင်း သဘောမရှိ'ဟူ၍" မြတ်စွာဘုရား ဟောကြားထားသည်ကို ကြားသိရသော ဥပါသကာသည် ထိုသေလွန်သော ဥပါသကာကို "ထိုအသျှင်သည် ဤသို့ သီလရှိ၏ဟူ၍၎င်း ဤသို့ တရားအကျင့်ရှိ၏ဟူ၍၎င်း ဤသို့ ပညာရှိ၏ဟူ၍၎င်း ဤသို့နေလေ့ရှိ၏"ဟူ၍၎င်း ဤသို့ကိလေသာမှ လွတ်၏ဟူ၍၎င်း ကိုယ်တိုင်လည်း တွေ့မြင်ဘူး၏၊ အဆင့်စကားလည်း ကြားဘူး၏၊ ထိုတွေ့မြင် ကြားသိဘူးသော ဥပါသကာသည် ထိုသေလွန်သော ဥပါသကာ၏ သဒ္ဓါ သီလ သုတ စာဂ ပညာတို့ကို အောက်မေ့လျက် ထိုသဒ္ဓါစသည် ဖြစ်ခြင်းအကျိုးငှါ စိတ်ကို ညွှတ်စေ၏။ အနုရုဒ္ဓါတို့ ဤသို့လည်း ဥပါသကာအား ချမ်းသာစွာ နေရခြင်းသည် ဖြစ်၏။

http://www.dhammadownload.com



အနုရုဒ္ဓါတို့ ဤသာသနာတော်၌ ဥပါသကာသည် "သေလွန်ပြီးဖြစ်သော ဤမည်သော ဥပါသကာကို 'သုံးပါးသော သံယောဇဉ်တို့၏ ကုန်ခြင်းကြောင့် ရာဂ ဒေါသ မောဟတို့၏ ခေါင်းပါးခြင်းကြောင့် တကြိမ်သာလျှင် ဤလူ့ရွာလောကသို့လာ၍ ဒုက္ခ၏အဆုံးကို ပြုလတ္တံ့သော သကဒါဂါမိပုဂ္ဂိုလ်'ဟူ၍" မြတ်စွာဘုရား ဟောကြားထားသည်ကို ကြားသိရသော ဥပါသကာသည် ထိုသေလွန်သော ဥပါသကာကို "ထိုအသျှင်သည် ဤသို့ သီလရှိ၏ဟူ၍ရှင်း. ဤသို့ တရားအကျင့်ရှိ၏ဟူ၍ရှင်း ဤသို့ ပညာရှိ၏ဟူ၍ရှင်း ဤသို့ နေလေ့ရှိ၏ ဟူ၍ရှင်း ဤသို့ ကိလေသာမှ လွတ်၏" ဟူ၍ရှင်း ကိုယ်ဘိုင်လည်း တွေ့မြင်ဘူး၏၊ အဆင့်စကားလည်း ကြားဘူး၏။ ထိုတွေ့မြင် ကြားသိဘူးသော ဥပါသကာသည် ထိုသေလွန်သော ဥပါသကာ၏ သဒ္ဓါ သီလ သုတ စာဂ ပညာတို့ကို အောက်မေ့သျက် ထိုသဒ္ဓါစသည်ဖြစ်ခြင်း အကျိုးငှါ စိတ်ကို ညွတ်စေ၏။ အနုရုဒ္ဓါတို့ ဤသို့လည်း ဥပါသကာအား ချမ်းသာစွာ နေရခြင်းသည် ဖြစ်၏။

အနုရုဒ္ဓါတို့ ဤသာသနာတော်၌ ဥပါသကာသည် "သေလွန်ပြီးဖြစ်သော ဤမည်သော ဥပါသကာကို 'သုံးပါးသော သံယောဇဉ်တို့၏ ကုန်ခြင်းကြောင့် ဖရိုဖရဲကျခြင်းသဘောမရှိသော ကိန်းသေမြဲသော အထက်မဂ် အထက်ဖိုလ်လျှင် လည်းလျောင်းရာရှိသော သောတာပန်ပုဂ္ဂိုလ်'ဟူ၍" မြတ်စွာဘုရား ဟောကြားထားသည်ကို ကြားသိရသော ဥပါသကာသည် ထိုသေလွန်သောဥပါသကာကို "ထိုအသျှင်သည် ဤသို့ သီလရှိ၏ဟူ၍ရှင်း ဤသို့ တရားအကျင့်ရှိ၏ဟူ၍ရှင်း ဤသို့ ပညာရှိ၏ဟူ၍ရှင်း ဤသို့နေလေ့ရှိ၏ဟူ၍ရှင်း ဤသို့ကိလေသာမှ လွတ်၏"ဟူ၍ရှင်း ကိုယ်တိုင်လည်း တွေ့မြင်ဘူး၏၊ အဆင့်စကားလည်း ကြားဘူး၏။ ထိုတွေ့မြင် ကြားသိဘူးသော ဥပါသကာသည် ထိုသေလွန်သော ဥပါသကာ၏ သဒ္ဓါ သီလ သုတ စာဂ ပညာတို့ကို အောက်မေ့လျက် ထိုသဒ္ဓါစသည် ဖြစ်ခြင်းအကျိုးငှါ စိတ်ကို ညွတ်စေ၏။ အနုရုဒ္ဓါတို့ ဤသို့လည်း ဥပါသကာအား ချမ်းသာစွာ နေရခြင်းသည် ဖြစ်၏။

၁၇၂။ အနုရုဒ္ဓါတို့ ဤသာသနာတော်၌ ဥပါသိကာမသည် "သေလွန်ပြီးဖြစ်သော ဤမည်သော ဥပါသိကာမကို 'အောက်အဖို့၌ ဖြစ်စေတတ်သော သံယောဇဉ်ငါးပါးတို့၏ကုန်ခြင်းကြောင့် ဗြဟ္မာ့ပြည်၌ ဖြစ်၏၊ ထိုဗြဟ္မာ့ပြည်၌ ပရိနိဗ္ဗာန်စံ၏၊ ထိုဗြဟ္မာ့ပြည်မှ ပြန်လည်ဆုတ်နစ်ခြင်း သဘောမရှိ'ဟူ၍" မြတ်စွာဘုရား ဟောကြားထားသည်ကို ကြားသိရသော ဥပါသိကာမသည် ထိုသေလွန်သော ဥပါသိကာမကို "ထိုညီမသည် ဤသို့ သီလရှိ၏ဟူ၍ရှင်း ဤသို့ တရားအကျင့်ရှိ၏ဟူ၍ရှင်း ဤသို့ ပညာရှိ၏ဟူ၍ရှင်း ဤသို့နေလေ့ရှိ၏ဟူ၍ရှင်း ဤသို့ကိလေသာမှ လွတ်၏"ဟူ၍ရှင်း ကိုယ်တိုင်လည်း တွေ့မြင်ဘူး၏၊ အဆင့်စကားလည်း ကြားဘူး၏။ ထိုတွေ့မြင် ကြားသိဘူးသော ဥပါသိကာမသည် ထိုသေလွန်သော ဥပါသိကာမ၏ သဒ္ဓါ သီလ သုတ စာဂ ပညာတို့ကို အောက်မေ့လျက် ထိုသဒ္ဓါစသည်ဖြစ်ခြင်း အကျိုးငှါ စိတ်ကို ညွတ်စေ၏။ အနုရုဒ္ဓါတို့ ဤသို့လည်း ဥပါသိကာမအား ချမ်းသာစွာနေရခြင်းသည် ဖြစ်၏။

အနုရုဒ္ဓါတို့ ဤသာသနာတော်၌ ဥပါသိကာမသည် "သေလွန်ပြီးဖြစ်သော ဤမည်သော ဥပါသိကာမကို 'သုံးပါးသော သံယောဇဉ်တို့၏ ကုန်ခြင်းကြောင့် ရာဂ ဒေါသ မောဟတို့၏ ခေါင်းပါးခြင်းကြောင့် တကြိမ်မျှသာ ဤလူ့ရွာ လောကသို့လာ၍ ဒုက္ခ၏အဆုံးကို ပြုလတ္တံ့သော သကဒါဂါမိပုဂ္ဂိုလ်' ဟူ၍" မြတ်စွာဘုရား ဟောကြားထားသည်ကို ကြားသိရသော ဥပါသိကာမသည် ထိုသေလွန်သော ဥပါသိကာမကို "ထိုညီမသည် ဤသို့ သီလရှိ၏ဟူ၍ရှင်း ဤသို့ တရားအကျင့်ရှိ၏

http://www.dhammadownload.com



ဟူ၍ရင်း ဤသို့ ပညာရှိ၏ဟူ၍ရင်း ဤသို့ နေလေ့ရှိ၏ဟူ၍ရင်း ဤသို့ ကိလေသာမှ လွတ်၏"ဟူ၍ရင်း ကိုယ်တိုင်လည်း တွေ့မြင်ဘူး၏၊ အဆင့်စကားလည်း ကြားဘူး၏၊ ထိုတွေ့မြင်ကြားသိဘူးသော ဥပါသိကာမသည် ထိုသေလွန်သော ဥပါသိကာမ၏ သဒ္ဓါ သီလ သုတ စာဂ ပညာတို့ကို အောက်မေ့လျက် ထိုသဒ္ဓါစသည်ဖြစ်ခြင်းအကျိုးငှါ စိတ်ကို ညွတ်စေ၏။ အနုရုဒ္ဓါတို့ ဤသို့လည်း ဥပါသိကာမအား ချမ်းသာစွာ နေရခြင်းသည် ဖြစ်၏။

အနုရုဒ္ဓါတို့ ဤသာသနာတော်၌ ဥပါသိကာမသည် "သေလွန်ပြီး ဖြစ်သော ဤမည်သော ဥပါသိကာမကို 'သုံးပါးသော သံယောဇဉ်တို့၏ ကုန်ခြင်းကြောင့် ဖရိုဖရဲ ကျခြင်းသဘောမရှိသော ကိန်းသေမြဲသော အထက်မဂ် အထက်ဖိုလ်လျှင် လည်းလျောင်းရာရှိသော သောတာပန်ပုဂ္ဂိုလ်'ဟူ၍" မြတ်စွာဘုရား ဟောကြားထားသည်ကို ကြားသိရသော ဥပါသိကာမသည် ထိုသေလွန်သော ဥပါသိကာမကို "ထိုညီမသည် ဤသို့ သီလရှိ၏ဟူ၍ရင်း ဤသို့ တရားအကျင့်ရှိ၏ဟူ၍ရင်း ဤသို့ ပညာရှိ၏ဟူ၍ရင်း ဤသို့ နေလေ့ရှိ၏ဟူ၍ရင်း ဤသို့ ကိလေသာမှ လွတ်၏"ဟူ၍ရင်း ကိုယ်တိုင်လည်း တွေ့မြင်ဘူး၏၊ အဆင့်စကားလည်း ကြားဘူး၏။ ထိုတွေ့မြင် ကြားသိဘူးသော ဥပါသိကာမသည် ထိုသေလွန်သော ဥပါသိကာမ၏ သဒ္ဓါ သီလ သုတ စာဂ ပညာတို့ကို အောက်မေ့လျက် ထိုသဒ္ဓါစသည်ဖြစ်ခြင်း အကျိုးငှါ စိတ်ကို ညွတ်စေ၏။ အနုရုဒ္ဓါတို့ ဤသို့လည်း ဥပါသိကာမအား ချမ်းသာစွာနေရခြင်းသည် ဖြစ်၏။

အနုရုဒ္ဓါတို့ ဤသို့သျှင် မြတ်စွာဘုရားသည် လူအများ အံ့ဩစေခြင်းငှါရင်း လူအများ ချီးမွမ်းစေခြင်းငှါရင်း လာဘ်ပူဇော်သက္ကာ အကျော်အစောဟူသော အကျိုးငှါရင်း မဟောကြား။ 'ဤသို့ လူအပေါင်းသည် ငါ့ကို သိစေသတည်း'ဟူ၍ရင်း ကွယ်လွန်ကြကုန်ပြီးသော သေလွန်ကုန်ပြီးသော တပည့်သာဝကတို့ကို "ဤမည်သော သူသည် ဤမည်သောဘဝ၌ ဖြစ်၏၊ ဤမည်သော သူသည် ဤမည်သောဘဝ၌ ဖြစ်၏"ဟု မဟောကြား။ အနုရုဒ္ဓါတို့ သဒ္ဓါတရားရှိကုန်သော များစွာ နှစ်သက်ခြင်း ဝမ်းမြောက်ခြင်းရှိကုန်သော အမျိုးကောင်းသားတို့သည် ရှိကြကုန်၏၊ ထိုအမျိုးကောင်းသားတို့သည် ထိုတရားကို ကြားနာကြရကုန်သည် ရှိသော် ထိုအကျိုးငှါ စိတ်ကို ညွတ်စေကုန်၏။ အနုရုဒ္ဓါတို့ ထိုအမျိုးကောင်းသားတို့အား ထိုစိတ်ညွတ်စေမှုသည် ရှည်မြင့်စွာသော ကာလပတ်လုံး စီးပွါးချမ်းသာခြင်းငှါဖြစ်၏ဟု မြတ်စွာဘုရားသည် ဤသုတ်ကို ဟောတော်မူ၏။ အသျှင်အနုရုဒ္ဓါသည် မြတ်စွာဘုရား၏ဘုရားစကားကို နှစ်ခြိုက်ဝမ်းမြောက်လေ၏။

**ရှစ်ခုမြောက် နဠကပါနသုတ် ပြီး၏။**

---

## ၉-ဂေါလိယာနိသုတ်

၁၇၃။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့ကို အစာကျွေး၍ မွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ လျော့ပါးသော အကျင့်ရှိသော ဂေါလိယာနိ မည်သော တောကျောင်းနေရဟန်းသည် တစုံတခုသော ပွဲဖွယ်ကိစ္စဖြင့် သံဃာ့အလယ်သို့ ဆိုက်

http://www.dhammadownload.com



ရောက်လာ၏။ထိုအခါ အသျှင်သာရိပုတြာသည် ဂေါလိယာနိရဟန်းကို အကြောင်းပြု၍ ရဟန်းတို့ကို (ဤသို့) မိန့်တော်မူ၏—

ငါ့သျှင်တို့ သံဃာ့ဘောင်သို့ ရောက်၍ သံဃာ့ဘောင်၌ နေသော တောကျောင်းနေရဟန်းသည် သီတင်းသုံးဖော်တို့၌ ရိုသေလေးစားခြင်းရှိသည် ဖြစ်ရာ၏။ ငါ့သျှင်တို့ သံဃာ့ဘောင်သို့ ရောက်၍ သံဃာ့ဘောင်၌ နေသော တောကျောင်းနေ ရဟန်းသည် အကယ်၍ သီတင်းသုံးဖော်တို့၌ ရိုသေလေးစားခြင်း မရှိငြားအံ့။ ထိုရဟန်းအား "သီတင်းသုံးဖော်တို့၌ ရိုသေလေးစားခြင်း မရှိသော ဤအသျှင်အား တယောက်တည်း တောကျောင်း၌ ကိုယ်စိုး ကိုယ်ပိုင်နေသဖြင့် အဘယ်အကျိုးရှိအံ့နည်း"ဟု ပြောဆိုဖွယ်ရာတို့ ဖြစ်တတ်ကုန်၏။ ထို့ကြောင့် သံဃာ့ဘောင်သို့ ရောက်၍ သံဃာ့ဘောင်၌ နေသော တောကျောင်းနေရဟန်းသည် သီတင်းသုံးဖော်တို့၌ ရိုသေလေးစားခြင်း ရှိသည် ဖြစ်ရာ၏။ (၁)

ငါ့သျှင်တို့ သံဃာ့ဘောင်သို့ရောက်၍ သံဃာ့ဘောင်၌ နေသော တောကျောင်းနေရဟန်းသည် "ဤသို့ခနလျှင် မထေရ်ကြီးရဟန်းတို့ကို တိုးဝှေ့၍ နေရာလည်း မရောက်၊ သီတင်းငယ်ရဟန်းတို့ကို နေရာဖြင့် တားမြစ်ရာလည်း မရောက်"ဟု နေရာ၌ လိမ္မာသည် ဖြစ်ရာ၏။ ငါ့သျှင်တို့ သံဃာ့ဘောင်သို့ ရောက်၍ သံဃာဘောင်၌နေသော တောကျောင်းနေရဟန်းသည် အကယ်၍ နေရာ၌ မလိမ္မာငြားအံ့။ ထိုရဟန်းအား "နေရာ၌ လိမ္မာခြင်းမရှိသော ဤအသျှင်အား တယောက်တည်း တောကျောင်း၌ ကိုယ်စိုး ကိုယ်ပိုင်နေသဖြင့် အဘယ်အကျိုးရှိအံ့နည်း"ဟု ပြောဆိုဖွယ်ရာတို့ ဖြစ်တတ်ကုန်၏။ထို့ကြောင့် သံဃာ့ဘောင်သို့ရောက်၍ သံဃာ့ဘောင်၌ နေသော တောကျောင်းနေ ရဟန်းသည် နေရာ၌ လိမ္မာသည် ဖြစ်ရာ၏။ (၂)

ငါ့သျှင်တို့ သံဃာ့ဘောင်သို့ ရောက်၍ သံဃာ့ဘောင်၌ နေသော တောကျောင်းနေရဟန်းသည် ဝတ်ကြီးဝတ်ငယ်ကို ဖြည့်ကျင့်ခြင်းဟူသော 'အာဘိသမာစာရိက' ကျင့်ဝတ်ကိုလည်း သိရမည်။ ငါ့သျှင်တို့ သံဃာ့ဘောင်သို့ရောက်၍ သံဃာ့ဘောင်၌နေသော တောကျောင်းနေရဟန်းသည် အကယ်၍ ဝတ်ကြီး ဝတ်ငယ်ကို ဖြည့်ကျင့်ခြင်းဟူသော 'အာဘိသမာစာရိက' ကျင့်ဝတ်ကို မသိငြားအံ့။ ထိုရဟန်းအား "ဝတ်ကြီး ဝတ်ငယ်ကို ဖြည့်ကျင့်ခြင်းဟူသော 'အာဘိသမာစာရိက' ကျင့်ဝတ်ကို မသိသော ဤအသျှင်အား တယောက်တည်း တောကျောင်း၌ ကိုယ်စိုးကိုယ်ပိုင် နေသဖြင့် အဘယ်အကျိုးရှိအံ့နည်း" ဟု ပြောဆိုဖွယ်ရာတို့သည် ဖြစ်တတ်ကုန်၏။ ထို့ကြောင့် သံဃာ့ဘောင်သို့ရောက်၍ သံဃာ့ဘောင်၌နေသော တောကျောင်းနေရဟန်းသည် ဝတ်ကြီးဝတ်ငယ်ကို ဖြည့်ကျင့်ခြင်းဟူသော 'အာဘိသမာစာရိက' ကျင့်ဝတ်ကိုလည်း သိရမည်။ (၃)

ငါ့သျှင်တို့ သံဃာ့ဘောင်သို့ ရောက်၍ သံဃာ့ဘောင်၌နေသော တောကျောင်းနေရဟန်းသည် အလွန်စောစွာ ရွာသို့ မဝင်အပ်၊ နေမြင့်မှ မပြန်အပ်။ ငါ့သျှင်တို့ သံဃာ့ဘောင်သို့ ရောက်၍ သံဃာ့ဘောင်၌ နေသော တောကျောင်းနေရဟန်းသည် အကယ်၍ အလွန်စောစွာ ရွာသို့ဝင်ငြားအံ့၊ အကယ်၍ အလွန်နေမြင့်မှ ပြန်ငြားအံ့၊ ထိုရဟန်းအား "အလွန်စောစွာ ရွာသို့ဝင်သော အလွန်နေမြင့်မှ ပြန်သော ဤအသျှင်အား တယောက်တည်း တောကျောင်း၌ ကိုယ်စိုးကိုယ်ပိုင်နေသဖြင့် အဘယ်အကျိုးရှိအံ့နည်း"ဟု ပြောဆိုဖွယ်ရာတို့ ဖြစ်တတ်ကုန်၏။ ထို့ကြောင့် သံဃာ့ဘောင်

http://www.dhammadownload.com



သို့ရောက်၍ သံဃာ့ဘောင်၌နေသော တောကျောင်းနေရဟန်းသည် အလွန်စောစွာ ရွာသို့မဝင်အပ်၊ အလွန်နေမြင့်မှ မပြန်အပ်။ (၄)

ငါ့သျှင်တို့ သံဃာ့ဘောင်သို့ ရောက်၍ သံဃာ့ဘောင်၌နေသော တောကျောင်းနေ ရဟန်းသည် ဆွမ်းမစားမီဝင်း ဆွမ်းစားပြီးနောက်၌ဝင်း ဒါယကာတို့ အိမ်သို့ မလှည့်လည်အပ်။ ငါ့သျှင်တို့ သံဃာ့ဘောင်သို့ရောက်၍ သံဃာ့ဘောင်၌နေသော တောကျောင်းနေရဟန်းသည် ဆွမ်းမစားမီ ဝင်း ဆွမ်းစားပြီးနောက်၌ဝင်း အကယ်၍ ဒါယကာတို့ အိမ်သို့ လှည့်လည်ငြားအံ့။ ထိုရဟန်းအား "တယောက်တည်း ကိုယ်စိုးကိုယ်ပိုင်နေသော ဤတောကျောင်းနေ အသျှင်သည် ဤနေလှဲသောအခါ လှည့်လည်ခြင်းကို လေ့လာနေပုံရ၏။ ထိုအလေ့အလာသည် သံဃာ့ဘောင်သို့ ရောက်သော်လည်း အကျင့်ပါလျက် ရှိ၏"ဟု ပြောဆိုဖွယ်ရာတို့ ဖြစ်တတ်ကုန်၏။ ထို့ကြောင့် သံဃာ့ဘောင်သို့ရောက်၍ သံဃာ့ဘောင်၌နေသော တောကျောင်းနေ ရဟန်းသည် ဆွမ်းမစားမီ ဝင်း ဆွမ်းစားပြီးနောက်၌ဝင်း ဒါယကာတို့အိမ်သို့ မလှည့်လည်အပ်။ (၅)

ငါ့သျှင်တို့ သံဃာ့ဘောင်သို့ ရောက်၍ သံဃာ့ဘောင်၌နေသော တောကျောင်းနေရဟန်းသည် စိတ်မလေလွင့်သည် မလျှပ်ပေါ်သည် ဖြစ်ရာ၏။ ငါ့သျှင်တို့ သံဃာ့ဘောင်သို့ရောက်၍ သံဃာ့ဘောင်၌နေသော တောကျောင်းနေရဟန်းသည် အကယ်၍ စိတ်လေလွင့်သည် လျှပ်ပေါ်သည် ဖြစ်ငြားအံ့၊ ထိုရဟန်းအား "တယောက်တည်း ကိုယ်စိုး ကိုယ်ပိုင်နေသော ဤတောကျောင်းနေအသျှင်သည် ဤစိတ်လေလွင့်မှု လျှပ်ပေါ်မှုကို လေ့လာနေပုံရ၏၊ ထိုအလေ့အလာသည် သံဃာ့ဘောင်သို့ ရောက်သော်လည်း အကျင့်ပါလျက် ရှိ၏"ဟု ပြောဆိုဖွယ်ရာတို့ ဖြစ်တတ်ကုန်၏။ ထို့ကြောင့် သံဃာ့ဘောင်သို့ ရောက်၍ သံဃာ့ဘောင်၌နေသော တောကျောင်းနေ ရဟန်းသည် စိတ်မလေလွင့်သည် မလျှပ်ပေါ်သည် ဖြစ်ရာ၏။ (၆)

ငါ့သျှင်တို့ သံဃာ့ဘောင်သို့ရောက်၍ သံဃာ့ဘောင်၌နေသော တောကျောင်းနေရဟန်းသည် နှုတ်မကြမ်းသည် စကားဘောက်သောက် မပြောသည် ဖြစ်ရာ၏။ ငါ့သျှင်တို့ သံဃာ့ဘောင်သို့ ရောက်၍ သံဃာ့ဘောင်၌နေသော တောကျောင်းနေရဟန်းသည် အကယ်၍ နှုတ်ကြမ်းသည် စကားဘောက်သောက်ပြောသည် ဖြစ်ငြားအံ့၊ ထိုရဟန်းအား "နှုတ်ကြမ်း၍ စကားဘောက်သောက် ပြောခြင်းရှိသော ဤအသျှင်အား တယောက်တည်း တောကျောင်း၌ ကိုယ်စိုး ကိုယ်ပိုင်နေသဖြင့် အဘယ်အကျိုးရှိအံ့နည်း" ဟု ပြောဆိုဖွယ်ရာတို့ ဖြစ်တတ်ကုန်၏။ ထို့ကြောင့် သံဃာ့ဘောင်သို့ရောက်၍ သံဃာ့ဘောင်၌နေသော တောကျောင်းနေရဟန်းသည် နှုတ်မကြမ်းသည် စကားဘောက်သောက်မပြောသည် ဖြစ်ရာ၏။ (၇)

ငါ့သျှင်တို့ သံဃာ့ဘောင်သို့ရောက်၍ သံဃာ့ဘောင်၌နေသော တောကျောင်းနေရဟန်းသည် ဆိုဆုံးမလွယ်သည် အဆွေခင်ပွန်းကောင်း ရှိသည်ဖြစ်ရာ၏။ ငါ့သျှင်တို့ သံဃာ့ဘောင်သို့ရောက်၍ သံဃာ့ဘောင်၌နေသော တောကျောင်းနေရဟန်းသည် အကယ်၍ ဆိုဆုံးမခက်သည် အဆွေခင်ပွန်းယုတ်ရှိသည် ဖြစ်ငြားအံ့။ ထိုရဟန်းအား "ဆိုဆုံးမခက်၍ အဆွေခင်ပွန်းယုတ်ရှိသော ဤအသျှင်အား တယောက်တည်း တောကျောင်း၌ ကိုယ်စိုး ကိုယ်ပိုင်နေသဖြင့် အဘယ်အကျိုးရှိအံ့နည်း"ဟု ပြောဆိုဖွယ်ရာတို့ ဖြစ်တတ်ကုန်၏။ ထို့ကြောင့် သံဃာ့ဘောင်သို့ရောက်၍ သံဃာ့

http://www.dhammadownload.com



ဘောင်၌နေသော တောကျောင်းနေရဟန်းသည် ဆိုဆုံးမလွယ်သည် အဆွေခင်ပွန်းကောင်း ရှိသည် ဖြစ်ရာ၏။ (၈)

ငါ့သျှင်တို့ တောကျောင်းနေ ရဟန်းသည် ဣန္ဒြေတို့၌ လုံခြုံသော တံခါးရှိသည် ဖြစ်ရာ၏။ ငါ့သျှင်တို့ တောကျောင်းနေရဟန်းသည် အကယ်၍ ဣန္ဒြေတို့၌ မလုံခြုံသော တံခါးရှိသည် ဖြစ်ငြားအံ့။ ထိုရဟန်းအား "ဣန္ဒြေတို့၌ မလုံခြုံသည့် တံခါးရှိသော ဤအသျှင်အား တယောက်တည်း တောကျောင်း၌ ကိုယ်စိုး ကိုယ်ပိုင်နေသဖြင့် အဘယ်အကျိုးရှိအံ့နည်း" ဟု ပြောဆိုဖွယ်ရာတို့ ဖြစ်ဘတ်ကုန်၏။ ထို့ကြောင့် တောကျောင်းနေ ရဟန်းသည် ဣန္ဒြေတို့၌ လုံခြုံသော တံခါးရှိသည် ဖြစ်ရာ၏။ (၉)

ငါ့သျှင်တို့ တောကျောင်းနေ ရဟန်းသည် ဘောဇဉ်၌ အတိုင်းအရှည်ကို သိသည် ဖြစ်ရာ၏။ ငါ့သျှင်တို့ တောကျောင်းနေ ရဟန်းသည် အကယ်၍ ဘောဇဉ်၌ အတိုင်းအရှည်ကို မသိငြားအံ့။ ထိုရဟန်းအား ဘောဇဉ်၌ အတိုင်းအရှည်ကို မသိသော ဤအသျှင်အား တယောက်တည်း တောကျောင်း၌ ကိုယ်စိုး ကိုယ်ပိုင်နေသဖြင့် အဘယ်အကျိုးရှိအံ့နည်း" ဟု ပြောဆိုဖွယ်ရာတို့ ဖြစ်ဟတ်ကုန်၏။ ထို့ကြောင့် တောကျောင်းနေ ရဟန်းသည် ဘောဇဉ်၌ အတိုင်းအရှည်ကို သိသည် ဖြစ်ရာ၏။ (၁၀)

ငါ့သျှင်တို့ တောကျောင်းနေ ရဟန်းသည် နိုးကြားခြင်း၌ အားထုတ်ခြင်းရှိသည် ဖြစ်ရာ၏။ ငါ့သျှင်တို့ တောကျောင်းနေ ရဟန်းသည် အကယ်၍ နိုးကြားခြင်း၌ အားထုတ်ခြင်း မရှိသည် ဖြစ်ငြားအံ့။ ထိုရဟန်းအား "နိုးကြားခြင်းကို အားထုတ်ခြင်း မရှိသော ဤအသျှင်အား တယောက်တည်း တောကျောင်း၌ ကိုယ်စိုး ကိုယ်ပိုင်နေသဖြင့် အဘယ်အကျိုးရှိအံ့နည်း" ဟု ပြောဆိုဖွယ်ရာတို့ ဖြစ်တတ်ကုန်၏။ ထို့ကြောင့် တောကျောင်းနေရဟန်းသည် နိုးကြားခြင်းကို အားထုတ်ခြင်း ရှိသည် ဖြစ်ရာ၏။ (၁၁)

ငါ့သျှင်တို့ တောကျောင်းနေ ရဟန်းသည် အားထုတ်သော ဝီရိယရှိသည် ဖြစ်ရာ၏။ ငါ့သျှင်တို့ တောကျောင်းနေ ရဟန်းသည် အကယ်၍ ပျင်းရိသည် ဖြစ်ငြားအံ့။ ထိုရဟန်းအား "ပျင်းရိခြင်း ရှိသော ဤအသျှင်အား တယောက်တည်း တောကျောင်း၌ ကိုယ်စိုး ကိုယ်ပိုင်နေသဖြင့် အဘယ်အကျိုးရှိအံ့နည်း"ဟု ပြောဆိုဖွယ်ရာတို့ ဖြစ်တတ်ကုန်၏။ ထို့ကြောင့် တောကျောင်းနေ ရဟန်းသည် အားထုတ်သော ဝီရိယရှိသည် ဖြစ်ရာ၏။ (၁၂)

ငါ့သျှင်တို့ တောကျောင်းနေ ရဟန်းသည် ထင်သော သတိရှိသည် ဖြစ်ရာ၏။ ငါ့သျှင်တို့ တောကျောင်းနေရဟန်းသည် အကယ်၍ လွတ်သော သတိရှိသည် ဖြစ်ငြားအံ့။ ထိုရဟန်းအား "လွတ်သော သတိရှိသော ဤအသျှင်အား တယောက်တည်း တောကျောင်း၌ ကိုယ်စိုး ကိုယ်ပိုင်နေသဖြင့် အဘယ်အကျိုးရှိအံ့နည်း"ဟု ပြောဆိုဖွယ်ရာတို့ ဖြစ်တတ်ကုန်၏။ ထို့ကြောင့် တောကျောင်းနေ ရဟန်းသည် ထင်သောသတိရှိသည် ဖြစ်ရာ၏။ (၁၃)

ငါ့သျှင်တို့ တောကျောင်းနေ ရဟန်းသည် စိတ်တည်ကြည်သည် ဖြစ်ရာ၏။ ငါ့သျှင်တို့ တောကျောင်းနေရဟန်းသည် အကယ်၍ စိတ်မတည်ကြည်ငြားအံ့။ ထိုရဟန်းအား "စိတ်မတည်ကြည်သော ဤအသျှင်အား တယောက်တည်း တောကျောင်း၌ ကိုယ်စိုးကိုယ်ပိုင်နေသဖြင့်

http://www.dhammadownload.com



အဘယ်အကျိုးရှိအံ့နည်း”ဟု ပြောဆိုဖွယ်ရာတို့ ဖြစ်တတ်ကုန်၏။ ထို့ကြောင့် တောကျောင်းနေ ရဟန်းသည် စိတ်တည်ကြည်သည် ဖြစ်ရာ၏။ (၁၄)

ငါ့သျှင်တို့ တောကျောင်းနေရဟန်းသည် ပညာဥာဏ်ရှိသည် ဖြစ်ရာ၏။ ငါ့သျှင်တို့ တောကျောင်းနေရဟန်းသည် အကယ်၍ ပညာဥာဏ်မဲ့သည် ဖြစ်ငြားအံ့။ ထိုရဟန်းအား “ပညာဥာဏ်မဲ့သော ဤအသျှင်အား တယောက်တည်း တောကျောင်း၌ ကိုယ်စိုး ကိုယ်ပိုင် နေသဖြင့် အဘယ်အကျိုးရှိ အံ့နည်း”ဟု ပြောဆိုဖွယ်ရာတို့ ဖြစ်တတ်ကုန်၏။ ထို့ကြောင့် တောကျောင်းနေ ရဟန်းသည် ပညာဥာဏ်ရှိသည် ဖြစ်ရာ၏။ (၁၅)

ငါ့သျှင်တို့ တောကျောင်းနေ ရဟန်းသည် အဘိဓမ္မာပိဋကတ်၌ရှင်း ဝိနည်းပိဋကတ်၌ရှင်း အားထုတ်ခြင်းကို ပြုအပ်၏။ ငါ့သျှင်တို့ တောကျောင်းနေ ရဟန်းကို အဘိဓမ္မာပိဋကတ်၌ရှင်း ဝိနည်းပိဋကတ်၌ရှင်း အမေးပုစ္ဆာကို မေးတတ်ကုန်သော သူတို့သည် ရှိကုန်၏။ ငါ့သျှင်တို့ အဘိဓမ္မာပိဋကတ်၌ရှင်း ဝိနည်းပိဋကတ်၌ရှင်း အမေးပုစ္ဆာကို မေးသည်ရှိသော် တောကျောင်းနေ ရဟန်း သည် အကယ်၍ ပြည့်စုံစွာ မဖြေဆိုနိုင်ငြားအံ့။ ထိုရဟန်းအား “အဘိဓမ္မာပိဋကတ်၌ရှင်း ဝိနည်းပိဋကတ်၌ရှင်း အမေးပုစ္ဆာမေးသည်ရှိသော် ပြည့်စုံစွာ မဖြေကြားနိုင်သော ဤအသျှင်အား တယောက်တည်း တောကျောင်း၌ ကိုယ်စိုး ကိုယ်ပိုင်နေသဖြင့် အဘယ်အကျိုးရှိအံ့နည်း”ဟု ပြောဆိုဖွယ်ရာတို့ ဖြစ်တတ်ကုန်၏။ ထို့ကြောင့် တောကျောင်းနေရဟန်းသည် အဘိဓမ္မာပိဋကတ်၌ရှင်း ဝိနည်းပိဋကတ်၌ရှင်း အားထုတ်ခြင်းကို ပြုအပ်၏။ (၁၆)

ငါ့သျှင်တို့ တောကျောင်းနေ ရဟန်းသည် ကသိုဏ်းရုပ်တို့ကို လွန်မြောက်၍ နာမ်သမာပတ်ဖြစ်သော ငြိမ်သက်သော ဝိမောက္ခတို့၌ အားထုတ်ခြင်းကို ပြုအပ်၏။ ငါ့သျှင်တို့ တောကျောင်းနေ ရဟန်းကို ကသိုဏ်းရုပ်တို့ကို လွန်မြောက်၍ နာမ်သမာပတ်ဖြစ်သော ငြိမ်သက်သော ဝိမောက္ခတို့၌ အမေးပုစ္ဆာမေးတတ်သော သူတို့သည် ရှိကုန်၏။ ငါ့သျှင်တို့ ကသိုဏ်းရုပ်တို့ကို လွန်မြောက်၍ နာမ်သမာပတ်ဖြစ်သော ငြိမ်သက်သော ဝိမောက္ခတို့၌ အမေးပုစ္ဆာ မေးသည်ရှိသော် တောကျောင်းနေရဟန်းသည် အကယ်၍ ပြည့်စုံစွာ မဖြေဆိုနိုင်ငြားအံ့။ ထိုရဟန်းအား “ကသိုဏ်းရုပ်တို့ကို လွန်မြောက်၍ နာမ်သမာပတ်ဖြစ်သော ငြိမ်သက်သော ဝိမောက္ခတို့၌ အမေးပုစ္ဆာ မေးသည်ရှိသော် ပြည့်စုံစွာ မဖြေကြားနိုင်သော ဤအသျှင်အား တယောက်တည်း တောကျောင်း၌ ကိုယ်စိုး ကိုယ်ပိုင်နေသဖြင့် အဘယ်အကျိုးရှိအံ့နည်း”ဟု ပြောဆိုဖွယ်ရာတို့ ဖြစ်တတ်ကုန်၏။ ထို့ကြောင့် တောကျောင်းနေ ရဟန်းသည် ကသိုဏ်းရုပ်တို့ကို လွန်မြောက်၍ နာမ်သမာပတ်ဖြစ်သော ငြိမ်သက်သော ဝိမောက္ခတို့၌ အားထုတ်ခြင်းကို ပြုအပ်၏။ (၁၇)

ငါ့သျှင်တို့ တောကျောင်းနေရဟန်းသည် လူတို့၏ ကုသိုလ်ကမ္မပထတရားထက် လွန်မြတ်သော (ဈာန်မဂ်ဖိုလ်)တရား၌ အားထုတ်ခြင်းကို ပြုအပ်၏။ ငါ့သျှင်တို့ တောကျောင်းနေရဟန်းကို လူတို့၏ ကုသိုလ်ကမ္မပထတရားထက် လွန်မြတ်သော (ဈာန်မဂ်ဖိုလ်)တရား၌ အမေးပုစ္ဆာ မေးတတ်သော သူတို့သည် ရှိကုန်၏။ ငါ့သျှင်တို့ လူတို့၏ ကုသိုလ်ကမ္မပထတရားထက် လွန်မြတ်သော (ဈာန်မဂ်ဖိုလ်)တရား၌ အမေးပုစ္ဆာမေးသည်ရှိသော် တောကျောင်းနေရဟန်းသည် အကယ်၍ ပြည့်စုံစွာ မဖြေဆိုနိုင်ငြားအံ့၊ ထိုရဟန်းအား “အရဟတ္တမဂ်ဟူသော ရဟန်းပြုခြင်း၏အကျိုးကို မသိသော ဤအသျှင်အား တယောက်တည်း တောကျောင်း၌ ကိုယ်စိုးကိုယ်ပိုင်နေသဖြင့်

http://www.dhammadownload.com



အဘယ်အကျိုးရှိအံ့နည်း”ဟု ပြောဆိုဖွယ်ရာတို့ ဖြစ်တတ်ကုန်၏။ ထို့ကြောင့် တောကျောင်းနေ ရဟန်းသည် လူတို့၏ ကုသိုလ်ကမ္မပထတရားထက် လွန်မြတ်သော (ဈာန်မဂ်ဖိုလ်) တရား၌ အားထုတ်ခြင်းကို ပြုအပ်၏။ (၁၈)

ဤသို့ မိန့်တော်မူသော် အသျှင်မဟာမောဂ္ဂလာန်သည် အသျှင်သာရိပုတြာအား—“သာရိပုတြာ တောကျောင်းနေရဟန်းသည်သာ ဤဘဆယ့်ရှစ်ပါးသော တရားတို့ကို ဆောက်တည် ကျင့်ကြံ အားထုတ်အပ် လေသလော၊ သို့မဟုတ် ရွာနီးကျောင်းနေ ရဟန်းသည်လည်း ကျင့်ကြံ အားထုတ်အပ်သေးသလော ဟု မေးလျှောက်၏။

ငါ့သျှင်မောဂ္ဂလာန် တောကျောင်းနေရဟန်းသော်မှလည်း ဤတဆယ့်ရှစ်ပါးသော တရားတို့ကို ဆောက်တည်၍ ကျင့်အပ်သေး၏၊ ရွာနီးနေရဟန်းမှာကား အဘယ်ဆိုဖွယ်ရှိအံ့နည်း” ဟု မိန့်တော်မူ၏။

ကိုးခုမြောက် ဂေါလိယာနိသုတ် ပြီး၏။

## ၁၀-ကိဋ္ဌာဂိရိသုတ်

၁၇၄။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် များစွာသော ရဟန်းသံဃာနှင့်အတူ ကာသိတိုင်းတို့၌ ဒေသစာရီ လှည့်လည်တော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို— “ရဟန်းတို့ ငါသည် ညဥ့်စာ စားခြင်းကို ကြဉ်ရှောင်၍ သာလျှင် စား၏။ ရဟန်းတို့ ညဥ့်စာ စားခြင်းကို ကြဉ်ရှောင်၍ သာလျှင် စားသော ငါသည် အနာမရှိသည့်အဖြစ်ကိုရင်း ဆင်းရဲမရှိသည့်အဖြစ်ကိုရင်း လျင်စွာ ထနိုင်ခြင်းကိုရင်း အားရှိသည့်အဖြစ်ကိုရင်း ချမ်းသာစွာ နေရခြင်းကိုရင်း ကောင်းစွာ သိ၏။ ရဟန်းတို့ လာကြကုန်လော့၊သင်တို့လည်း ညဥ့်အခါ၌ စားခြင်းကို ကြဉ်ရှောင်၍သာလျှင် စားကြကုန်လော့။ရဟန်းတို့ ညဥ့်စာ စားခြင်းကို ကြဉ်ရှောင်၍ သာလျှင် စားကြကုန်သည်ရှိသော် သင်တို့လည်း အနာမရှိသည့် အဖြစ်ကိုရင်း ဆင်းရဲမရှိသည့် အဖြစ်ကိုရင်း လျင်စွာ ထနိုင်ခြင်းကိုရင်း အားရှိသည့်အဖြစ်ကိုရင်း ချမ်းသာစွာ နေရခြင်းကိုရင်း ကောင်းစွာ သိကြကုန်လတ္တံ့” ဟု မိန့်တော်မူ၏။ “အသျှင်ဘုရား ကောင်းပါပြီ” ဟူ၍သာလျှင် ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ကာသိတိုင်းတို့၌ အစဉ်အတိုင်း ဒေသစာရီလှည့်လည်တော်မူသော် ကိဋ္ဌာဂိရိမည်သော ကာသိတိုင်းသူတို့၏ နိဂုံးသို့ ရောက်တော်မူ၍ ထိုကိဋ္ဌာဂိရိနိဂုံး၌ပင် မြတ်စွာဘုရားသည် သီတင်းသုံး နေတော်မူ၏။

၁၇၅။ ထိုအခါ အဿဇိပုနဗ္ဗသုက အမည်ရှိကုန်သော ရဟန်းတို့သည် ကိဋ္ဌာဂိရိ၌ ကျောင်းနေ ရဟန်းတို့ ဖြစ်ကြကုန်၏။ထိုအခါ၌ များစွာကုန်သော ရဟန်းတို့သည် အဿဇိပုနဗ္ဗသုကရဟန်းတို့ ရှိရာအရပ်သို့ ချဉ်းကပ်ကြကုန်၍ အဿဇိပုနဗ္ဗသုကရဟန်းတို့အား “ငါ့သျှင်တို့ မြတ်စွာဘုရားနှင့် ရဟန်းသံဃာတို့သည် ညဥ့်စာ စားခြင်းကို ကြဉ်ရှောင်၍သာလျှင် စားကြကုန်၏။ ငါ့သျှင်တို့

http://www.dhammadownload.com



ညဉ့်စာ စားခြင်းကို ကြဉ်ရှောင်၍သာလျှင် စားကြကုန်သော မြတ်စွာဘုရားနှင့် ရဟန်းသံဃာတို့သည် အနာမရှိသည့် အဖြစ်ကိုင်း ဆင်းရဲမရှိသည့် အဖြစ်ကိုင်း လျင်စွာထနိုင်ခြင်းကိုင်း အားရှိသည့် အဖြစ်ကိုင်း ချမ်းသာစွာ နေရခြင်းကိုင်း ကောင်းစွာ သိရှိကြကုန်၏။ ငါ့သျှင်ထို့ လာကြကုန်လော့၊ သင်တို့လည်း ညဉ့်စာ စားခြင်းကို ကြဉ်ရှောင်၍သာလျှင် စားကြကုန်လော့၊ ငါ့သျှင်တို့ ညဉ့်စာ စားခြင်းကို ကြဉ်ရှောင်၍သာလျှင် စားကြကုန်သော် သင်တို့လည်း အနာမရှိသည့် အဖြစ်ကိုင်း ဆင်းရဲမရှိသည့်အဖြစ်ကိုင်း လျင်စွာထနိုင်ခြင်းကိုင်း အားရှိသည့် အဖြစ်ကိုင်း ချမ်းသာစွာ နေရခြင်းကိုင်း ကောင်းစွာ သိရှိကြကုန်လတ္တံ့”ဟု ပြောဆိုကြကုန်၏။

ဤသို့ ပြောဆိုသည်ရှိသော် အဿဇိပုနဗ္ဗသုကရဟန်းတို့သည် ထိုရဟန်းတို့အား ဤသို့ ပြောဆိုကြကုန်၏ “ငါ့သျှင်တို့ ငါတို့သည် ညချမ်းအခါ၌ငင်း နံနက်စောစော၌ငင်း နေ့အခါ နေလွဲအခါ၌ငင်း စားကြကုန်၏၊ ညချမ်းအခါ၌ငင်း နံနက်စောစော၌ငင်း နေ့အခါ နေလွဲအခါ၌ငင်း စားကြသော ငါတို့သည် အနာမရှိသည့်အဖြစ်ကိုင်း ဆင်းရဲမရှိသည့်အဖြစ်ကိုင်း လျင်စွာထနိုင်ခြင်းကိုင်း အားရှိသည့်အဖြစ်ကိုင်း ချမ်းသာစွာ နေရခြင်းကိုင်း ကောင်းစွာ သိရှိကြကုန်၏။ ငါတို့သည် လက်ငင်းအကျိုးကို စွန့်လွှတ်၍ နောင်မှ ရရှိမည့် အကျိုးသို့ အဘယ့်ကြောင့် လိုက်ရကုန်အံ့နည်း၊ ငါတို့သည် ညဉ့်အခါ၌ငင်း နံနက်စောစော၌ငင်း နေ့အခါ နေလွဲအခါ၌ငင်း စားကြကုန်အံ့”ဟုပြောဆိုကြကုန်၏။ ထိုရဟန်းတို့သည် အဿဇိပုနဗ္ဗသုက ရဟန်းတို့ကို သိနားလည်စေခြင်းငှါ မစွမ်းနိုင်ကြကုန်သောကြောင့် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကြကုန်ပြီးလျှင် ရှိသေစွာ ရှိခိုး၍သင့်လျော်ရာ၌ ထိုင်ကြပြီးသော် မြတ်စွာဘုရားအား—“အသျှင်ဘုရား အကျွန်ုပ်တို့သည် အဿဇိပုနဗ္ဗသုကရဟန်းတို့ထံသို့ ချဉ်းကပ်ကြ၍ အဿဇိပုနဗ္ဗသုကရဟန်းတို့ကို ‘ငါ့သျှင်တို့ မြတ်စွာဘုရားနှင့် ရဟန်းသံဃာတို့သည် ညဉ့်စာ စားခြင်းကို ကြဉ်ရှောင်၍သာလျှင် စားကြကုန်၏၊ ငါ့သျှင်တို့ ညဉ့်စာ စားခြင်းကို ကြဉ်ရှောင်၍သာလျှင် စားကြသော မြတ်စွာဘုရားနှင့် ရဟန်းသံဃာတို့သည် အနာမရှိသည့်အဖြစ်ကိုင်း ဆင်းရဲမရှိသည့်အဖြစ်ကိုင်း လျင်စွာထနိုင်ခြင်းကိုင်း အားရှိသည့်အဖြစ်ကိုင်း ချမ်းသာစွာ နေရခြင်းကိုင်း ကောင်းစွာ သိကြကုန်၏။

ငါ့သျှင်တို့ လာကြကုန်လော့၊ သင်တို့လည်း ညဉ့်စာ စားခြင်းကို ကြဉ်ရှောင်၍သာလျှင် စားကြကုန်လော့၊ငါ့သျှင်တို့ ညဉ့်စာ စားခြင်းကို ကြဉ်ရှောင်၍သာလျှင် စားကြကုန်သည်ရှိသော် သင်တို့လည်း အနာမရှိသည့်အဖြစ်ကိုင်း ဆင်းရဲမရှိသည့် အဖြစ်ကိုင်း လျင်စွာထနိုင်ခြင်းကိုင်း အားရှိသည့် အဖြစ်ကိုင်း ချမ်းသာစွာ နေရခြင်းကိုင်း သိကြရကုန်လတ္တံ့’ဟု ပြောဆိုကြပါကုန်၏။ မြတ်စွာဘုရား ဤသို့ပြောဆိုသည်ရှိသော် အဿဇိပုနဗ္ဗသုကရဟန်းတို့သည် အကျွန်ုပ်တို့ကို “ငါ့သျှင်တို့ ငါတို့သည် ညချမ်းအခါ၌ငင်း နံနက်စောစော၌ငင်း နေ့အခါ နေလွဲအခါ၌ငင်း စားကြကုန်၏၊ ညချမ်းအခါ၌ငင်း နံနက်စောစော၌ငင်၊ နေ့အခါ နေလွဲအခါ၌ငင်း စားကြကုန်သော ငါတို့သည် အနာမရှိသည့် အဖြစ်ကိုင်း ဆင်းရဲမရှိသည့် အဖြစ်ကိုင်း လျင်စွာ ထနိုင်ခြင်းကိုင်း အားရှိသည့်အဖြစ်ကိုင်း ချမ်းသာစွာနေရခြင်းကိုင်း ကောင်းစွာ သိကြပါကုန်၏။ ထိုငါတို့သည် လက်ငင်းအကျိုးကို စွန့်လွှတ်၍ နောင်မှ ရရှိမည့် အကျိုးသို့ အဘယ့်ကြောင့် လိုက်ရကုန်အံ့နည်း။ ငါတို့သည် ညချမ်းအခါ၌ငင်း နံနက်စောစော၌ငင်း နေ့အခါ နေလွဲအခါ၌ငင်း စားကြကုန်အံ့”ဟု ပြောဆိုကြပါကုန်၏၊ အသျှင်ဘုရား အကျွန်ုပ်တို့သည် အဿဇိပုနဗ္ဗသုကရဟန်းတို့ကို သိနားလည်

http://www.dhammadownload.com



နေခြင်းငှါ မတတ်နိုင်ကြသောကြောင့် ဤအကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားကြပါကုန်၏” ဟု လျှောက်ထားကြကုန်၏။

၁၇၆။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတပါးကို “ရဟန်း လာလော့၊ ‘အသျှင်တို့ကို မြတ်စွာဘုရား ခေါ်တော်မူ၏’ ဟု အဿဇိပုနဗ္ဗသုကရဟန်းဘို့ကို ငါ၏စကားဖြင့် ခေါ်ချေလော့”ဟု မိန့်တော်မူ၏။ “အသျှင်ဘုရား ကောင်းပါပြီ”ဟု ထိုရဟန်းသည် မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထား၍ အဿဇိပုနဗ္ဗသုကရဟန်းဘို့ ရှိရာသို့ ချဉ်းကပ်ပြီးလျှင် “မြတ်စွာဘုရားက အသျှင်ဘုရားတို့ကို ခေါ်တော်မူ၏” ဟု အဿဇိပုနဗ္ဗသုကရဟန်းတို့ကို ပြောလေ၏။ အဿဇိပုနဗ္ဗသုက ရဟန်းဘို့က “ငါ့သျှင် ကောင်းပါပြီ”ဟု ထိုရဟန်းအား ပြန်ကြား၍ မြတ်စွာဘုရား ထံသို့ ချဉ်းကပ်ကြပြီးလျှင် ရှိခိုးသစွာ ရှိခိုး၍ သင့်လျော်ရာ၌ ထိုင်နေကုန်၏။

မြတ်စွာဘုရားသည် သင့်လျော်ရာ၌ ထိုင်နေကုန်သော ထိုအဿဇိပုနဗ္ဗသုကရဟန်းတို့ကို “ရဟန်းတို့ များစွာသော ရဟန်းတို့သည် သင်တို့ထံသို့ ချဉ်းကပ်၍ ဤသို့ ပြောဆိုကြသည် မဟုတ်လော၊ ‘ငါ့သျှင်တို့ မြတ်စွာဘုရားနှင့် ရဟန်းသံဃာတို့သည် ညဥ့်စာ စားခြင်းကို ကြဉ်ရှောင်၍ သာလျှင် စားကြကုန်၏၊ငါ့သျှင်တို့ ညဥ့်စာ စားခြင်းကို ကြဉ်ရှောင်၍သာလျှင် စားကြကုန်သော မြတ်စွာဘုရားနှင့် ရဟန်းသံဃာတို့သည် အနာမရှိသည့်အဖြစ်ကိုငှင်း ဆင်းရဲမရှိသည့် အဖြစ်ကို ငှင်း လျင်စွာထနိုင်ခြင်းကိုငှင်း အားရှိသည့်အဖြစ်ကိုငှင်း ချမ်းသာစွာနေရခြင်းကိုငှင်း ကောင်းစွာ သိကြရကုန်၏။

ငါ့သျှင်တို့ လာကြကုန်လော့၊သင်ဘို့လည်း ညဥ့်စာ စားခြင်းကို ကြဉ်ရှောင်၍သာလျှင် စားကြကုန်လော့၊ ငါ့သျှင်တို့ ညဥ့်စာ စားခြင်းကို ကြဉ်ရှောင်၍သာလျှင် စားကြကုန်သည်ရှိသော် သင်တို့သည်လည်း အနာမရှိသည့် အဖြစ်ကိုငှင်း ဆင်းရဲမရှိသည့် အဖြစ်ကိုငှင်း လျင်စွာထနိုင်ခြင်းကိုငှင်း ခွန်အားရှိသည့် အဖြစ်ကိုငှင်း ချမ်းသာစွာနေရခြင်းကိုငှင်း ကောင်းစွာ သိကြရကုန်လတ္တံ့’ ဟု ပြောကြကုန်သည် မဟုတ်လော။

ရဟန်း ဘို့ ဤသို့ ပြောဆိုသည်ရှိသော် သင်တို့သည် ထိုရဟန်းတို့ကို ‘ငါ့သျှင်တို့ ငါတို့သည် ညချမ်းအခါ၌ငှင်း နံနက်စောစော၌ငှင်း နေ့အခါ နေလွဲအခါ၌ငှင်း စားကြကုန်၏၊ ညချမ်းအခါ၌ ငှင်း နံနက်စောစော၌ငှင်း နေ့အခါ နေလွဲအခါ၌ငှင်း စားကြကုန်သော ငါတို့သည် အနာမရှိသည့် အဖြစ်ကိုငှင်း ဆင်းရဲမရှိသည့် အဖြစ်ကိုငှင်း လျင်စွာထနိုင်ခြင်းကိုငှင်း အားရှိသည့်အဖြစ်ကိုငှင်း ချမ်းသာစွာ နေရခြင်းကိုငှင်း ကောင်းစွာ သိကြပါကုန်၏။ ငါတို့သည် လက်ငင်းအကျိုးကို စွန့်လွှတ်၍ နောင်မှရရှိမည့် အကျိုးသို့ အဘယ့်ကြောင့် လိုက်ရပါကုန်အံ့နည်း၊ ငါတို့သည် ညချမ်းအခါ၌ ငှင်း နံနက်စောစော၌ငှင်း နေ့အခါ နေလွဲအခါ၌ငှင်း စားကြကုန်အံ့’ဟု ဤသို့ ပြောဆိုကြသည် မဟုတ်လော” ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား မှန်ပါ၏ (ဟု လျှောက်ကြကုန်၏)။

၁၇၇။ ရဟန်းတို့ “အလုံးစုံသော ချမ်းသာကိုငှင်း ဆင်းရဲကိုငှင်း ဆင်းရဲမဟုတ် ချမ်းသာ မဟုတ်သည့်ကိုငှင်း ခံစားနေသော ပုဂ္ဂိုလ်သတ္တဝါအား အကုသိုလ်တရားတို့သည် ဆုတ်ယုတ်ကုန်၏၊ ကုသိုလ်တရားဘို့သည် တိုးပွါးကုန်၏”ဟု ဤသို့ငါတရားဟောကြားထားသည်ကို သင်တို့ သိကြကုန်သလော ဟု (မေးတော်မူ၏)။ အသျှင်ဘုရား မသိကြပါ (ဟု လျှောက်ကြကုန်၏)။

http://www.dhammadownload.com



ရဟန်းတို့ “ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်အား ဤသို့ သဘောရှိသော ချမ်းသာကို ခံစားသည်ရှိသော် အကုသိုလ်တရားတို့သည် တိုးပွါးကုန်၏၊ ကုသိုလ်တရားတို့သည် ဆုတ်ယုတ်ကုန်၏။ အချို့သော ပုဂ္ဂိုလ်အား ဤသို့သဘောရှိသော ချမ်းသာကို ခံစားသည် ရှိသော် အကုသိုလ်တရားတို့သည် ဆုတ်ယုတ်ကုန်၏၊ ကုသိုလ်တရားတို့သည် တိုးပွါးကုန်၏။ အချို့သော ပုဂ္ဂိုလ်အား ဤသို့သဘောရှိသော ဆင်းရဲကို ခံစားသည်ရှိသော် အကုသိုလ်တရားတို့သည် တိုးပွါးကုန်၏၊ ကုသိုလ်တရားတို့သည် ဆုတ်ယုတ်ကုန်၏။ အချို့သော ပုဂ္ဂိုလ်အား ဤသို့ သဘောရှိသော ဆင်းရဲကို ခံစားသည်ရှိသော် အကုသိုလ်တရားတို့သည် ဆုတ်ယုတ်ကုန်၏၊ ကုသိုလ်တရားတို့သည် တိုးပွါးကုန်၏။ အချို့သော ပုဂ္ဂိုလ်အား ဤသို့သဘောရှိသော ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သည်ကို ခံစားသည်ရှိသော် အကုသိုလ်တရားတို့သည် တိုးပွါးကုန်၏၊ ကုသိုလ်တရားတို့သည် ဆုတ်ယုတ်ကုန်၏။ အချို့သော ပုဂ္ဂိုလ်အား ဤသို့သဘောရှိသော ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သည်ကို ခံစားသည်ရှိသော် အကုသိုလ်တရားတို့သည် ဆုတ်ယုတ်ကုန်၏၊ ကုသိုလ်တရားတို့သည် တိုးပွါးကုန်၏” ဟု ဤသို့ ငါတရားဟောကြားထားသည်ကို သင်တို့ သိကြကုန်သည်မဟုတ်လောဟု (မေးတော်မူ၏)။ အသျှင်ဘုရား သိကြပါ၏ (ဟု လျှောက်ကြကုန်၏)။

၁၇၈။ ရဟန်းတို့ ကောင်းပေ၏၊ ရဟန်းတို့ “အချို့သော ပုဂ္ဂိုလ်အား ဤသို့ သဘောရှိသော ချမ်းသာကိုခံစားသည်ရှိသော် အကုသိုလ်တရားတို့သည် တိုးပွါးကုန်၏၊ ကုသိုလ်တရားတို့သည် ဆုတ်ယုတ်ကုန်၏” ဟူသော အကြောင်းကို ငါမသိရ မမြင်ရ ထင်ထင်ရှားရှား မသိရ မျက်မှောက်မပြုရ ပညာဖြင့် မတွေ့ရသေးသည် အကယ်၍ ဖြစ်ငြားအံ့၊ ဤသို့ မသိသေးပဲလျက် “ဤသို့သဘောရှိသော ချမ်းသာခံစားမှုကို ပယ်စွန့်ကြကုန်လော့”ဟု ငါဟောကြားငြားအံ့၊ ရဟန်းတို့ ငါ၏ဤဟောကြားခြင်းသည် သင့်လျော်ရာအံ့လော ဟု (မေးတော်မူ၏)။ အသျှင်ဘုရား မသင့်လျော်ရာပါ (ဟု လျှောက်ကြကုန်၏)။

ရဟန်းတို့ “အချို့သောပုဂ္ဂိုလ်အား ဤသို့ သဘောရှိသော ချမ်းသာကို ခံစားသည်ရှိသော် အကုသိုလ်တရားတို့သည် တိုးပွါးကုန်၏၊ ကုသိုလ်တရားတို့သည် ဆုတ်ယုတ်ကုန်၏” ဟူသော အကြောင်းကို ငါသိရ မြင်ရ ထင်ထင်ရှားရှား သိရ မျက်မှောက်ပြုရ ပညာဖြင့် တွေ့ရသောကြောင့်သာလျှင် “ဤသို့သဘောရှိသော ချမ်းသာခံစားမှုကို ပယ်စွန့်ကြကုန်လော့” ဟု ဟောကြား၏။

ရဟန်းတို့ “အချို့သော ပုဂ္ဂိုလ်အား ဤသို့သဘောရှိသော ချမ်းသာကို ခံစားသည်ရှိသော် အကုသိုလ်တရားတို့သည် ဆုတ်ယုတ်ကုန်၏၊ ကုသိုလ်တရားတို့သည် တိုးပွါးကုန်၏” ဟူသော အကြောင်းကို ငါမသိရ မမြင်ရ ထင်ထင်ရှားရှား မသိရ မျက်မှောက်မပြုရ ပညာဖြင့် မတွေ့ရသေးသည် အကယ်၍ ဖြစ်ငြားအံ့၊ ဤသို့ ငါမသိသေးပဲလျက် “ဤသို့သဘောရှိသော ချမ်းသာခံစားမှုကို ပြည့်စုံစေ၍ နေကြကုန်လော့” ဟု ငါဟောငြားအံ့၊ ရဟန်းတို့ ငါ၏ ဤဟောကြားခြင်းသည် သင့်လျော်ရာအံ့လောဟု (မေးတော်မူ၏)။အသျှင်ဘုရား မသင့်လျော်ရာပါ (ဟုလျှောက်ကြကုန်၏)။

ရဟန်းတို့ “အချို့သော ပုဂ္ဂိုလ်အား ဤသို့ သဘောရှိသော ချမ်းသာကို ခံစားသည်ရှိသော် အကုသိုလ်တရားတို့သည် ဆုတ်ယုတ်ကုန်၏၊ ကုသိုလ်တရားတို့သည် တိုးပွါးကုန်၏”

http://www.dhammadownload.com



ဟူသော အကြောင်းကို ငါသိရ မြင်ရ ထင်ထင်ရှားရှား သိရ မျက်မှောက်ပြုရ ပညာဖြင့် တွေ့ရသောကြောင့် သာလျှင် "ဤသို့သဘောရှိသော ချမ်းသာခံစားမှုကို ပြည့်စုံစေ၍ နေကြကုန်လော့"ဟု ငါဟောကြား၏။

၁၇၉။ ရဟန်းတို့ "အချို့သော ပုဂ္ဂိုလ်အား ဤသို့ သဘောရှိသော ဆင်းရဲကို ခံစားသည်ရှိသော် အကုသိုလ်တရား တို့သည် တိုးပွါးကုန်၏၊ ကုသိုလ်တရားတို့သည် ဆုတ်ယုတ်ကုန်၏" ဟူသော အကြောင်းကို ငါမသိရ မမြင်ရ ထင်ထင်ရှားရှားမသိရ မျက်မှောက်မပြုရ ပညာဖြင့် မတွေ့ရသေးသည် အကယ်၍ ဖြစ်ငြားအံ့၊ ဤသို့ ငါမသိသေးပဲလျက် "ဤသို့ သဘောရှိသော ဆင်းရဲခံစားမှုကို ပယ်စွန့်ကြကုန်လော့"ဟု ငါဟောငြားအံ့၊ ရဟန်းတို့ ငါ၏ ဤဟောကြားခြင်းသည် သင့်လျော်ရာအံ့လော ဟု (မေးတော်မူ၏)။ အသျှင်ဘုရား မသင့်လျော်ရာပါ (ဟု လျှောက်ကြကုန်၏)။

ရဟန်းတို့ "အချို့သောပုဂ္ဂိုလ်အား ဤသို့ သဘောရှိသောဆင်းရဲကို ခံစားသည်ရှိသော် အကုသိုလ်တရားတို့သည် တိုးပွါးကုန်၏၊ ကုသိုလ်တရားတို့သည် ဆုတ်ယုတ်ကုန်၏" ဟူသော အကြောင်းကို ငါသိရ မြင်ရ ထင်ထင်ရှားရှားသိရ မျက်မှောက်ပြုရ ပညာဖြင့် တွေ့ရသောကြောင့် သာလျှင် "ဤသို့ သဘောရှိသော ဆင်းရဲခံစားမှုကို စွန့်လွှတ်ကြကုန်လော့"ဟု ငါဟောကြား၏။

ရဟန်းတို့ "အချို့သော ပုဂ္ဂိုလ်အား ဤသို့သဘောရှိသော ဆင်းရဲကို ခံစားသည်ရှိသော် အကုသိုလ်တရားတို့သည် ဆုတ်ယုတ်ကုန်၏၊ ကုသိုလ်တရားတို့သည် တိုးပွါးကုန်၏" ဟူသော အကြောင်းကို ငါမသိရ မမြင်ရ ထင်ထင်ရှားရှား မသိရ မျက်မှောက်မပြုရ ပညာဖြင့် မတွေ့ရသေးသည် အကယ်၍ ဖြစ်ငြားအံ့၊ ဤသို့ ငါမသိသေးပဲလျက် "ဤသို့ သဘောရှိသော ဆင်းရဲခံစားမှုကို ပြည့်စုံစေ၍ နေကြကုန်လော့" ဟု ငါဟောငြားအံ့၊ ရဟန်းတို့ ငါ၏ ဤဟောကြားခြင်းသည် သင့်လျော်ရာအံ့လော ဟု (မေးတော်မူ၏)။ အသျှင်ဘုရား မသင့်လျော်ရာပါ (ဟု လျှောက်ကြကုန်၏)။

ရဟန်းတို့ "အချို့သောပုဂ္ဂိုလ်အား ဤသို့ သဘောရှိသော ဆင်းရဲကို ခံစားသည်ရှိသော် အကုသိုလ်တရားတို့သည် ဆုတ်ယုတ်ကုန်၏၊ ကုသိုလ်တရားတို့သည် တိုးပွါးကုန်၏" ဟူသော အကြောင်းကို ငါသိရ မြင်ရ ထင်ထင်ရှားရှား သိရ မျက်မှောက်ပြုရ ပညာဖြင့် တွေ့ရသောကြောင့်သာလျှင် "ဤသို့ သဘောရှိသော ဆင်းရဲခံစားမှုကို ပြည့်စုံစေ၍ နေကြကုန်လော့"ဟု ငါဟောကြား၏။

၁၈၀။ ရဟန်းတို့ "အချို့သော ပုဂ္ဂိုလ်အား ဤသို့သဘောရှိသော ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သည်ကို ခံစားသည်ရှိသော် အကုသိုလ်တရားတို့သည် တိုးပွါးကုန်၏၊ ကုသိုလ်တရားတို့သည် ဆုတ်ယုတ်ကုန်၏" ဟူသော အကြောင်းကို ငါမသိရ မမြင်ရ ထင်ထင်ရှားရှား မသိရ မျက်မှောက်မပြုရ ပညာဖြင့် မတွေ့ရသေးသည် အကယ်၍ ဖြစ်ငြားအံ့၊ ဤသို့ ငါမသိသေးပဲလျက် "ဤသို့သဘောရှိသော ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သည်ကို ပယ်စွန့်ကြကုန်လော့" ဟု ငါဟောငြားအံ့၊ ရဟန်းတို့ ငါ၏ ဤဟောကြားခြင်းသည် သင့်လျော်ရာအံ့လော ဟု (မေးတော်မူ၏)။ အသျှင်ဘုရား မသင့်လျော်ရာပါ (ဟု လျှောက်ကြကုန်၏)။

http://www.dhammadownload.com



ရဟန်းတို့ "အချို့သော ပုဂ္ဂိုလ်အား ဤသို့သဘောရှိသော ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သည်ကို ခံစားသည်ရှိသော် အကုသိုလ်တရားတို့သည် တိုးပွါးကုန်၏၊ ကုသိုလ်တရားတို့သည် ဆုတ်ယုတ်ကုန်၏" ဟူသော အကြောင်းကို ငါသိရ မြင်ရ ထင်ထင်ရှားရှားသိရ မျက်မှောက်ပြုရ ပညာဖြင့် တွေ့ရသောကြောင့်သာလျှင် "ဤသို့သဘောရှိသော ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သည်ကို စွန့်လွှတ်ကြကုန်လော့" ဟု ငါဟောကြား၏။

ရဟန်းတို့ "အချို့သော ပုဂ္ဂိုလ်အား ဤသို့သဘောရှိသော ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သည်ကို ခံစားသည်ရှိသော် အကုသိုလ်တရားတို့သည် ဆုတ်ယုတ်ကုန်၏၊ ကုသိုလ်တရားတို့သည် တိုးပွါးကုန်၏"ဟူသော အကြောင်းကို ငါမသိရ မမြင်ရ ထင်ထင်ရှားရှား မသိရ မျက်မှောက်မပြုရ ပညာဖြင့်မတွေ့ရသေးသည့် အကယ်၍ ဖြစ်ငြားအံ့၊ ဤသို့ ငါမသိသေးပဲလျက် "ဤသို့ သဘောရှိသော ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သည်ကို ပြည့်စုံစေ၍ နေကြကုန်လော့"ဟု ငါဟောငြားအံ့၊ ရဟန်းတို့ ငါ၏ ဤဟောကြားခြင်းသည် သင့်လျော်ရာအံ့လော ဟု(မေးတော်မူ၏)။အသျှင်ဘုရား မသင့်လျော်ရာပါ (ဟု လျှောက်ကြကုန်၏)။

ရဟန်းတို့ "အချို့သော ပုဂ္ဂိုလ်အား ဤသို့သဘောရှိသော ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သည်ကို ခံစားသည်ရှိသော် အကုသိုလ်တရားတို့သည် ဆုတ်ယုတ်ကုန်၏၊ ကုသိုလ်တရားတို့သည် တိုးပွါးကုန်၏"ဟူသော အကြောင်းကို ငါသိရ မြင်ရ ထင်ထင်ရှားရှား သိရ မျက်မှောက်ပြုရ ပညာဖြင့် တွေ့ရသောကြောင့် သာလျှင်"ဤသို့သဘောရှိသော ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သည်ကို ပြည့်စုံစေ၍ နေကြကုန်လော့"ဟု ငါဟောကြား၏။

၁၇၁။ ရဟန်းတို့ ရဟန်းအားလုံးတို့သည်ပင် မမေ့မလျော့ ပြုရမည်ဟု ငါမဟောပေ။ ရဟန်းတို့ ရဟန်းအားလုံးတို့သည်ပင် မမေ့မလျော့ မပြုရဟူ၍လည်း ငါမဟောပေ။ ရဟန်းတို့ အာသဝေါကုန်ပြီးကုန်သော (မဂ်)အကျင့်ကို ကျင့်သုံးပြီးကုန်သော ပြုဖွယ်ကိစ္စကို ပြုပြီးကုန်သော ခန္ဓာဝန်ကို ချထားပြီးကုန်သော မိမိအကျိုးစီးပွါးကို ရရောက်ပြီးကုန်သော သံယောဇဉ်ကုန်ပြီးကုန်သော ကောင်းစွာသိသဖြင့် ကိလေသာမှ လွတ်ပြီးကုန်သော ရဟန္တာ ရဟန်းတို့သည် ရှိကြကုန်၏။ ရဟန်းတို့ ထိုသို့သဘောရှိကုန်သော ရဟန်းတို့အား မမေ့မလျော့ ပြုရမည်ဟု ငါမဟော။ အဘယ့်ကြောင့်ဟူမူ—ထိုရဟန်းတို့သည် မမေ့မလျော့ခြင်းဖြင့် ပြုဖွယ်ကို ပြုပြီးပြီ၊ ထိုရဟန္တာ ရဟန်းတို့သည် မေ့လျော့ခြင်းငှါ မထိုက်ကုန်ပြီ ဖြစ်သောကြောင့်တည်း။

ရဟန်းတို့ အရဟတ္တဖိုလ်သို့ မရောက်သေးကုန်သော ကျင့်ဆဲ 'သေက္ခ' ရဟန်းတို့သည် အတုမဲ့ဖြစ်သော ယောဂကုန်ရာ နိဗ္ဗာန်ကို တောင့်တနေကြကုန်၏။ ရဟန်းတို့ ထိုသို့သဘောရှိကုန်သော ကျင့်ဆဲသေက္ခရဟန်းတို့သည် မမေ့မလျော့ ပြုရမည်ဟု ငါဟော၏။ အဘယ့်ကြောင့်နည်းဟူမူ—ဤအသျှင်တို့သည် သင့်လျော်သော ကျောင်းတို့ကို မှီဝဲရကုန်သည်ရှိသော် အဆွေခင်ပွန်းကောင်းတို့ကို ဆည်းကပ်ကြရကုန်သည်ရှိသော် ဣန္ဒြေတို့ကို အညီအမျှ ထားရကုန်သည်ရှိသော် ကောင်းစွာသာလျှင် လူ့ဘောင်မှ ရဟန်းဘောင်၌ ရဟန်းပြုကြသော အမျိုးကောင်းသားများ မြော်လင့်ထားကြသော မြတ်သောအကျင့်၏ ဆုံးခန်းတိုင်မှုဖြစ်သည့် အတုမဲ့ဖြစ်သော အရဟတ္တဖိုလ်ကျိုးကို မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်

http://www.dhammadownload.com



ပြုကာ နေနိုင်ကုန်တန်ရာ၏ဟု နှလုံးသွင်းသောကြောင့်တည်း။ ရဟန်းတို့ မမေ့မလျော့ခြင်း၏ အကျိုးကို ကောင်းစွာ မြင်သည်ဖြစ်၍ ဤရဟန်းတို့သည် မမေ့မလျော့ ပြုရမည်ဟု ငါဟော၏။

၁၇၂။ ရဟန်းတို့ လောက၌ ဤခုနစ်ယောက်သောပုဂ္ဂိုလ်တို့သည် ထင်ထင်ရှားရှား ရှိကုန်၏၊ အဘယ်ခုနစ်ယောက်တို့နည်းဟူမူ—ဥဘတောဘာဂဝိမုတ္တ 'ရူပကာယ နာမကာယ နှစ်ပါးစုံမှ လွတ်မြောက်သော'ပုဂ္ဂိုလ် ပညာဝိမုတ္တ 'ပညာဖြင့် လွတ်မြောက်ပြီးသော'ပုဂ္ဂိုလ် ကာယသက္ခိ 'ဈာန်ဖြင့် ရှေးဦးစွာ တွေ့၍ နောက်မှ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းရှိသော' ပုဂ္ဂိုလ် ဒိဋ္ဌိပ္ပတ္တ 'သောတာပတ္တိမဂ်၏ အခြားမဲ့၌ အရဟတ္တဖိုလ်ရောက်မည့်'ပုဂ္ဂိုလ် သဒ္ဓါဝိမုတ္တ 'သဒ္ဓါပြဌာန်း၍ ကိလေသာမှ လွတ်မည့်'ပုဂ္ဂိုလ် ဓမ္မာနုသာရီ 'ပညာဖြင့် အစဉ်လျှောက်၍ မဂ်သို့ ရောက်မည့်'ပုဂ္ဂိုလ် သဒ္ဓါနုသာရီ 'သဒ္ဓါဖြင့် အစဉ်လျှောက်၍ မဂ်သို့ရောက်မည့်'ပုဂ္ဂိုလ်တို့တည်း။ ရဟန်းတို့ ဥဘတောဘာဂဝိမုတ္တ ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း—ရဟန်းတို့ အချို့သောပုဂ္ဂိုလ်သည် ကသိုဏ်းရုပ်တို့ကို လွတ်မြောက်၍ နာမ်သမာပတ်ဖြစ်သော ငြိမ်သက်သောဝိမောက္ခတို့ကို ကိုယ်ဖြင့်တွေ့၍ နေ၏၊ ထိုပုဂ္ဂိုလ်အား ပညာဖြင့်လည်းမြင်၍ အာသဝေါတရားတို့သည် ကုန်ခန်းကုန်၏၊ရဟန်းတို့ ဤပုဂ္ဂိုလ်ကို ဥဘတောဘာဂဝိမုတ္တပုဂ္ဂိုလ်ဟူ၍ ဆိုရ၏။ရဟန်းတို့ ဤရဟန်းမျိုးကို မမေ့မလျော့ပြုရမည်ဟု ငါမဟောပေ။ အဘယ့်ကြောင့်နည်းဟူမူ—ထိုပုဂ္ဂိုလ်သည် မမေ့မလျော့ခြင်းဖြင့် ပြုဖွယ်ကို ပြုပြီးဖြစ်၍ မေ့လျော့ခြင်းငှါ မထိုက်တော့ပြီဖြစ်သော ကြောင့်တည်း။ (၁)

ရဟန်းတို့ ပညာဝိမုတ္တပုဂ္ဂိုလ်ဟူသည် အဘယ်နည်း—ရဟန်းတို့ အချို့သော ပုဂ္ဂိုလ်သည် ရုပ်တို့ကို လွန်မြောက်၍ နာမ်သမာပတ်ဖြစ်သော ငြိမ်သက်သော ဝိမောက္ခတို့ကို ကိုယ်ဖြင့်တွေ့၍ မနေပေ၊ ထိုပုဂ္ဂိုလ်အား ပညာဖြင့်မြင်၍ အာသဝေါတရားတို့သည် ကုန်ခန်းကုန်၏။ ရဟန်းတို့ ဤ ပုဂ္ဂိုလ်ကို ပညာဝိမုတ္တပုဂ္ဂိုလ်ဟူ၍ ဆိုရ၏။ ရဟန်းတို့ ဤရဟန်းမျိုးကိုလည်း မမေ့မလျော့ ပြုရမည်ဟု ငါမဟောပေ။ အဘယ့်ကြောင့်နည်းဟူမူ—ထိုပုဂ္ဂိုလ်သည် မမေ့မလျော့ခြင်းဖြင့် ပြုဖွယ်ကို ပြုပြီးဖြစ်၍ မေ့လျော့ခြင်းငှါ မထိုက်တော့ပြီဖြစ်သော ကြောင့်တည်း။ (၂)

ရဟန်းတို့ ကာယသက္ခိ ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း—ရဟန်းတို့ အချို့သော ပုဂ္ဂိုလ်သည် ကသိုဏ်းရုပ်တို့ကို လွန်မြောက်၍ နာမ်သမာပတ်ဖြစ်သော ငြိမ်သက်သောဝိမောက္ခတို့ကို ကိုယ်ဖြင့် တွေ့၍နေ၏၊ ထိုပုဂ္ဂိုလ်အား ပညာဖြင့်လည်းမြင်၍ အချို့သောအာသဝေါတရားတို့သည်ကုန်ခန်းကုန်၏။ ရဟန်းတို့ ဤပုဂ္ဂိုလ်ကို ကာယသက္ခိပုဂ္ဂိုလ်ဟူ၍ ဆိုရ၏။ ရဟန်းတို့ ဤရဟန်းမျိုးကို မမေ့မလျော့ပြုရမည်ဟု ငါဟော၏။ အဘယ့်ကြောင့်နည်း ဟူမူ—ဤအသျှင်သည် သင့်လျော်သော ကျောင်းတို့ကို မှီဝဲရသည်ရှိသော် အဆွေခင်ပွန်းကောင်းတို့ကို ဆည်းကပ်ရသည်ရှိသော် ဣန္ဒြေတို့ကို အညီအမျှထားရသည်ရှိသော် လူ့ဘောင်မှ ရဟန်းဘောင်၌ ကောင်းစွာသာလျှင် ရဟန်းပြုကုန်သော အမျိုးကောင်းသားများ မြော်လင့်ထားကြသော မြတ်သောအကျင့်၏ ဆုံးခန်းတိုင်မှု ဖြစ်သည့် အတုမဲ့ ဖြစ်သော အရဟတ္တဖိုလ်ကျိုးကို မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့် သိ၍မျက်မှောက်ပြုကာ ပြည့်စုံစေ၍ နေနိုင်တန်ရာ၏ ဟု နှလုံးသွင်းသောကြောင့် တည်း။ ရဟန်းတို့ ဤမမေ့မလျော့ခြင်း၏ အကျိုးကို ကောင်းစွာမြင်သည်ဖြစ်၍ ဤရဟန်း မျိုးကို မမေ့မလျော့ပြုရမည်ဟု ငါဟော၏။ (၃) ။

ရဟန်းတို့ ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ်ဟူသည် အဘယ်နည်း—ရဟန်းတို့ ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် ကသိုဏ်းရုပ်တို့ကို လွန်မြောက်၍ နာမ်သမာပတ်ဖြစ်သော ငြိမ်သက်သော ဝိမောက္ခ

http://www.dhammadownload.com



တို့ကို ကိုယ်ဖြင့် တွေ့၍ မနေ၊ ထိုပုဂ္ဂိုလ်အား ပညာဖြင့်ကားမြင်၍ အချို့သော အာသဝေါတရားတို့သည် ကုန်ခန်းကုန်၏၊ ထိုပုဂ္ဂိုလ်သည် မြတ်စွာဘုရားဟောအပ်သော တရားတို့ကို ပညာဖြင့် ကောင်းစွာထိုးထွင်း၍ သိ၏၊စင်ကြယ်စွာ ကျင့်၏။ရဟန်းတို့ ဤပုဂ္ဂိုလ်ကို ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ်ဟူ၍ ဆိုရ၏။ ရဟန်းတို့ ဤရဟန်းမျိုးကိုလည်း မမေ့မလျော့ ပြုရမည်ဟု ငါဟော၏။အဘယ့်ကြောင့်နည်းဟူမူ— ဤအသျှင်သည် သင့်လျော်သော ကျောင်းတို့ကို မှီဝဲရသည်ရှိသော် အဆွေခင်ပွန်းကောင်းတို့ကို ဆည်းကပ်ရသည်ရှိသော် ဣန္ဒြေတို့ကို အညီအမျှထားရသည်ရှိသော် လူ့ဘောင်မှ ရဟန်းဘောင်သို့ ကောင်းစွာသာလျှင် ရဟန်း ပြုကြကုန်သော အမျိုးကောင်းသားများ မြော်လင့်ထားကြသော မြတ်သောအကျင့်၏ ဆုံးခန်းတိုင်မှု ဖြစ်သည့် အတုမဲ့ဖြစ်သော အရဟတ္တဖိုလ်ကျိုးကို မျက်မှောက် ဘဝ၌ပင် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုကာ ပြည့်စုံစေ၍ နေနိုင်တန်ရာ၏ဟု နှလုံးသွင်းသောကြောင့်တည်း။ ရဟန်းတို့ ဤမမေ့မလျော့ခြင်း၏ အကျိုးကို ကောင်းစွာ မြင်သည်ဖြစ်၍ ဤရဟန်းမျိုးကို မမေ့မလျော့ ပြုရမည်ဟု ငါဟော၏။ (၄)

ရဟန်းတို့ သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်ဟူသည် အဘယ်နည်း—ရဟန်းတို့ အချို့သောပုဂ္ဂိုလ်သည် ကသိုဏ်းရုပ်တို့ကို လွန်မြောက်၍ နာမ်သမာပတ်ဖြစ်သော ငြိမ်သက်သောဝိမောက္ခတို့ကို ကိုယ်ဖြင့် တွေ့၍မနေ၊ ထိုပုဂ္ဂိုလ်အား ပညာဖြင့်ကားမြင်၍ အချို့သောအာသဝေါတရားတို့သည် ကုန်ခန်းကုန်၏၊ထိုပုဂ္ဂိုလ်သည် မြတ်စွာဘုရား၌လည်း ယုံကြည်ခြင်း'သဒ္ဓါ'သည်သက်ဝင်၏၊အမြစ်အရင်းဖြစ်၍ တည်၏။ ရဟန်းတို့ ဤပုဂ္ဂိုလ်ကို သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်ဟူ၍ ဆိုရ၏။ ရဟန်းတို့ ဤရဟန်းမျိုးကိုလည်း မမေ့မလျော့ ပြုရမည်ဟု ငါဟော၏။ အဘယ့်ကြောင့်နည်းဟူမူ— ဤ အသျှင်သည် သင့်လျော်သော ကျောင်းတို့ကို မှီဝဲရသည်ရှိသော် အဆွေခင်ပွန်းကောင်းတို့ကို ဆည်းကပ်ရသည်ရှိသော် ဣန္ဒြေတို့ကို အညီအမျှထားရသည်ရှိသော် လူ့ဘောင်မှ ရဟန်းဘောင်သို့ ကောင်းစွာသာလျှင် ရဟန်းပြုကြသော အမျိုးကောင်းသားများ မြော်လင့်ထားကြသော မြတ်သောအကျင့်၏ဆုံးခန်းတိုင်မှုဖြစ်သည့် အတုမဲ့ဖြစ်သော အရဟတ္တဖိုလ်ကျိုးကို မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုကာ ပြည့်စုံစေ၍ နေနိုင်တန်ရာ၏ဟု နှလုံးသွင်းသောကြောင့်တည်း။ ရဟန်းတို့ ဤမမေ့မလျော့ခြင်း၏ အကျိုးကို ကောင်းစွာမြင်သည်ဖြစ်၍ ဤရဟန်းမျိုးကို မမေ့မလျော့ ပြုရမည်ဟု ငါဟော၏။ (၅)

ရဟန်းတို့ ဓမ္မာနုသာရီ ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း—ရဟန်းတို့ အချို့သော ပုဂ္ဂိုလ်သည် ကသိုဏ်းရုပ်တို့ကို လွန်မြောက်၍ နာမ်သမာပတ်ဖြစ်သော ငြိမ်သက်သောဝိမောက္ခတို့ကို ကိုယ်ဖြင့် တွေ့၍ မနေ၊ထိုပုဂ္ဂိုလ်အား ပညာဖြင့်ကား မြင်၍ အချို့သောအာသဝေါတရားတို့သည် ကုန်ခန်း ကုန်၏၊ထိုပုဂ္ဂိုလ်သည် မြတ်စွာဘုရားဟောထားသော တရားတို့ကို ပညာဖြင့် အနည်းငယ်မျှသာ ရှုနိုင်၏၊စင်စစ်သော်ကား ထိုပုဂ္ဂိုလ်အား သဒ္ဓိန္ဒြေ ဝီရိယိန္ဒြေ သတိန္ဒြေ သမာဓိန္ဒြေ ပညိန္ဒြေ ဟူသော ဤတရားတို့သည် ရှိကုန်၏။ ရဟန်းတို့ ဤပုဂ္ဂိုလ်ကို ဓမ္မာနုသာရီပုဂ္ဂိုလ်ဟူ၍ ဆိုရ၏၊ ရဟန်းတို့ ဤရဟန်းမျိုးကိုလည်း မမေ့မလျော့ပြုရမည် ဟု ငါဟော၏။ အဘယ့်ကြောင့်နည်းဟူမူ— ဤအသျှင်သည် သင့်လျော်သော ကျောင်းတို့ကို မှီဝဲရသည်ရှိသော် အဆွေခင်ပွန်းကောင်းတို့ကို ဆည်းကပ်ရသည်ရှိသော် ဣန္ဒြေတို့ကို အညီအမျှထားရသည်ရှိသော် လူ့ဘောင်မှ ရဟန်းဘောင်သို့ ကောင်းစွာသာလျှင် ရဟန်းပြုကြကုန်သော အမျိုးကောင်းသားများ မြော်လင့်ထားကြသော မြတ်သောအကျင့်၏ ဆုံးခန်းတိုင်မှု ဖြစ်သည့် အတုမဲ့ဖြစ်သော အရဟတ္တဖိုလ်ကျိုးကို မျက်မှောက် ဘဝ၌ပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုကာ ပြည့်စုံစေ၍ နေနိုင်တန်ရာ၏ဟု

http://www.dhammadownload.com



နှလုံးသွင်းသောကြောင့်တည်း။ ရဟန်းတို့ ဤမမေ့မလျော့ခြင်း၏ အကျိုးကို ကောင်းစွာ မြင်သည်ဖြစ်၍ ဤရဟန်းမျိုးကို မမေ့မလျော့ ပြုရမည်ဟု ငါဟော၏။ (၆)

ရဟန်းတို့ သဒ္ဓါနုသာရီပုဂ္ဂိုလ်ဟူသည် အဘယ်နည်း။ ရဟန်းတို့ အချို့သောပုဂ္ဂိုလ်သည် ကသိုဏ်းရုပ်တို့ကို လွန်မြောက်၍ နာမ်သမာပတ်ဖြစ်သော ငြိမ်သက်သော ဝိမောက္ခတို့ကို ကိုယ်ဖြင့် တွေ့၍ မနေ၊ ထိုရဟန်း အား ပညာဖြင့်ကား မြင်၍ အချို့သော အာသဝေါတရားတို့သည် ကုန်ခန်း ကုန်၏၊ ထိုရဟန်းသည် မြတ်စွာဘုရား၌ ယုံကြည်ခြင်းမျှ ကြည်ညိုခြင်းမျှသည်လည်း ဖြစ်၏၊ စင်စစ် သော်ကား ထိုပုဂ္ဂိုလ်မှာ သဒ္ဓိန္ဒြေ ဝီရိယိန္ဒြေ သတိန္ဒြေ သမာဓိန္ဒြေ ပညိန္ဒြေ ဟူသော ဤတရားတို့သည် ရှိကုန်၏။ ရဟန်းတို့ ဤပုဂ္ဂိုလ်ကို သဒ္ဓါနုသာရီပုဂ္ဂိုလ်ဟူ၍ ဆိုရ၏။ ရဟန်းတို့ ဤရဟန်းမျိုးကိုလည်း မမေ့မလျော့ပြုရမည်ဟု ငါဟော၏။ အဘယ့်ကြောင့်နည်းဟူမူ—ဤအသျှင် သည် လျောက်ပတ်သော ကျောင်းတို့ကို မှီဝဲရသည်ရှိသော် အဆွေခင်ပွန်းကောင်းတို့ကို ဆည်းကပ် ရသည်ရှိသော် ဣန္ဒြေတို့ကို အညီအမျှ ထားရသည်ရှိသော် လူ့ဘောင်မှ ရဟန်းဘောင်၌ ကောင်းစွာသာလျှင် ရဟန်းပြုကုန်သော အမျိုးကောင်းသားများ မြော်လင့်ထားကြသော မြတ်သောအကျင့်၏ ဆုံးခန်းတိုင်မှုဖြစ်သည့် အဘုမ်ဖြစ်သော အရဟတ္တဖိုလ်ကျိုးကို မျက်မှောက် ဘဝ၌ပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုကာ ပြည့်စုံစေ၍ နေနိုင်တန်ရာ၏ ဟု နှလုံးသွင်းသောကြောင့်တည်း။ ရဟန်းတို့ ဤမမေ့မလျော့ခြင်း၏ အကျိုးကို ကောင်းစွာ မြင်သည်ဖြစ်၍ ဤရဟန်းမျိုးကို မမေ့မလျော့ပြုရမည် ဟု ငါဟော၏။ (၇)

၁၇၃။ ရဟန်းတို့ စသျှင်စခြင်းပင် အရဟတ္တဖိုလ်၌ တည်ခြင်းကို ငါမဟော၊ ရဟန်းတို့ စင်စစ်သော်ကား သိက္ခာစဉ် လုပ်ငန်းစဉ် ကျင့်စဉ်ဖြင့် အရဟတ္တဖိုလ်၌ တည်ခြင်းသည်ဖြစ်၏။ ရဟန်း တို့ အဘယ်သို့လျှင် သိက္ခာစဉ် လုပ်ငန်းစဉ် ကျင့်စဉ်ဖြင့် အရဟတ္တဖိုလ်၌ တည်ခြင်းသည် ဖြစ်သနည်း ဟူမူ—ရဟန်းတို့ သဒ္ဓါတရားဖြစ်သောသူသည် အနီးသို့ ချဉ်းကပ်၏၊အနီးသို့ ချဉ်းကပ်သောသူသည် အရိုအသေဆည်းကပ်၏၊ အရိုအသေဆည်းကပ်သောသူသည် နားထောင်၏၊ နားထောင်သော သူသည် တရားနာ၏၊ တရားနာ၍ တရားကိုဆောင်၏၊ ဆောင်ပြီးသောတရားတို့၏ အနက်ကိုဆင်ခြင် ၏၊ အနက်ကို ဆင်ခြင်သောသူသည် တရားတို့ကို ရှုနိုင်၏၊ တရားတို့ကို ရှုနိုင်သည်ရှိသော် အလိုဆန္ဒ ဖြစ်ပေါ်၏၊အလိုဆန္ဒဖြစ်ပေါ်သောသူသည် အားထုတ်၏၊အားထုတ်၍ နှိုင်းချိန်၏၊နှိုင်းချိန်၍ လွန်စွာ အားထုတ်၏၊ နိဗ္ဗာန်သို့စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍ နာမကာယဖြင့်လည်း မြတ်သော သစ္စာကို မျက်မှောက်ပြု၏၊ မဂ်ပညာဖြင့်လည်း ထိုမြတ်သောသစ္စာကို ထိုးထွင်း၍ မြင်၏။

ရဟန်းတို့ ထိုသဒ္ဓါတရားမျှလည်း မဖြစ်ပလေ၊ထိုအနည်းသို့ ချဉ်းကပ်ခြင်းမျှလည်း မဖြစ်ပလေ၊ ထိုအရိုအသေ ဆည်းကပ်ခြင်းမျှလည်း မဖြစ်ပလေ၊ ထိုနားထောင်ခြင်းမျှလည်း မဖြစ်ပလေ၊ ထို တရားနာခြင်းမျှလည်း မဖြစ်ပလေ၊ ထိုတရားကို ဆောင်ခြင်းမျှလည်း မဖြစ်ပလေ၊ ထိုအနက်ကို ဆင်ခြင်ခြင်းမျှလည်း မဖြစ်ပလေ၊ ထိုတရားကို ရှုနိုင်ခြင်းမျှလည်း မဖြစ်ပလေ၊ ထိုအလိုဆန္ဒမျှလည်း မဖြစ်ပလေ၊ ထိုအားထုတ်ခြင်းမျှလည်း မဖြစ်ပလေ၊ ထိုနှိုင်းယှဉ်ခြင်းမျှလည်း မဖြစ်ပလေ၊ ထို ပြင်းထန်စွာ အားထုတ်ခြင်းမျှလည်း မဖြစ်ပလေ။ ရဟန်းတို့ ဖောက်ပြန်သော အကျင့်ရှိကုန်၏၊ မှားသောအကျင့်ရှိကုန်၏။ ရဟန်းတို့ ဤအချည်းနှီးသော ယောကျ်ားတို့သည် ဤသာသနာတော် မှ အဘယ်မျှ ဝေးဝေးပြေးကြလိမ့်မည်နည်း။

http://www.dhammadownload.com



၁၈၄။ ရဟန်းတို့ သစ္စာလေးပါးကိုပြသော ဗျာကရုဏ်းသည် ရှိ၏။ ယင်းဗျာကရုဏ်းကို အကျဉ်းအားဖြင့်ပြသော် သိကြား လိမ္မာသော ယောကျာ်းသည် မကြာမြင့်မီပင်လျှင် ပညာဖြင့် အနက်ကို သိနိုင်ရာ၏။ ရဟန်းတို့ သင်တို့အား ငါအကျဉ်းပြပေအံ့ငါ၏ ထိုအနက်ကို (သင်တို့) သိနိုင်ကုန်အံ့လောဟု (မေးတော်မူ၏)။ အသျှင်ဘုရား အကျွန်ုပ်တို့သည် အဘယ်သူစားဘို့ဖြစ်၍ အဘယ်မှာ တရားသိသူတို့ ဖြစ်နိုင်ပါအံ့နည်း ဟု (လျှောက်ကြကုန်၏)။ ရဟန်းတို့ ပစ္စည်း လေးပါးကို အလေးပြုနေသော ပစ္စည်းလေးပါး အမွေခံနေသော ပစ္စည်းလေးပါးဘို့နှင့် ရောယှက် နေနေသော ဆရာ အားနေ သော်လည်း "ငါတို့အား ဤသို့ဖြစ်မူ ထိုအမှုကို ပြုကုန်အံ့၊ ငါတို့အား ဤသို့ မဖြစ်မူ ထိုအမှုကို မပြုကုန်အံ့" ဟု ဤသို့သဘောရှိသော ဤစျေးဆိုခြင်း စျေးဆစ်ခြင်းမျိုးသည် မဖြစ်။ ရဟန်းတို့ ပစ္စည်းလေးပါးတို့နှင့် ရောယှက်ခြင်း အချင်းခပ်သိမ်း ကင်းရှင်းနေသော မြတ်စွာ ဘုရားအား အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။ ရဟန်းတို့ ယုံကြည်ခြင်းရှိသော ဆရာ့အဆုံးအမ၌ သက်ဝင်၍ ကျင့်နေသော တပည့် 'သာဝက' အား— "မြတ်စွာဘုရားသည် ဆရာတည်း၊ ငါသည် တပည့်ဖြစ်၏၊ မြတ်စွာဘုရားသည် သိ၏၊ ငါသည် မသိ" ဟု ဤသဘောသည် ဖြစ်၏။

ရဟန်းတို့ ယုံကြည်ခြင်းရှိသော ဆရာ့အဆုံးအမ၌ သက်ဝင်၍ ကျင့်နေသော တပည့်သာဝက အား ဆရာ့ အဆုံးအမသည် ကြီးပွါးစည်ပင်၏။ အခြေခိုင်ခံ့၏။ ရဟန်းတို့ ယုံကြည်ခြင်းရှိသော ဆရာ့အဆုံးအမ၌ သက်ဝင်၍ ကျင့်နေသော တပည့်သာဝကအား "ကိုယ်၌ အရေသည်၎င်း အကြောသည်၎င်း အရိုးသည်၎င်း အကယ်၍ ကြွင်းကျန်စေကာမူ အသားအသွေးသည် ခန်းခြောက်စေကာမူ ယောကျာ်းဘို့၏အစွမ်း ယောကျာ်းတို့၏ဝီရိယ ယောကျာ်းတို့၏ လုံ့လ ဖြင့် ရအပ် ရောက်အပ်သော အရဟတ္တဖိုလ်သို့ မရောက်သေးသမျှ ဝီရိယ၏ လျှော့ပါးခြင်းသည် မဖြစ်လတ္တံ့" ဟူသော ဤသဘောသည် ဖြစ်၏။ ရဟန်းတို့ ယုံကြည်ခြင်းရှိသော ဆရာ့အဆုံးအမ၌ သက်ဝင်၍ ကျင့်သောတပည့်အား "မျက်မှောက်ဘဝ၌ပင် အရဟတ္တဖိုလ်၎င်း ဉပါဒါန်ကြွင်း ရှိသော အနာဂါမ်ပုဂ္ဂိုလ်အဖြစ်၎င်း" ဤသို့ နှစ်ပါးသော အကျိုးတို့တွင် တပါးပါးသော အကျိုး သည် ကေန်ဖြစ်ရမည်ဟု မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏။ ထိုရဟန်းတို့သည် မြတ်စွာဘုရား၏ စကားတော်ကို နှစ်ခြိုက်ဝမ်းမြောက်ကြကုန်၏။

ဆယ်ခုမြောက် ကီဋာဂိရိသုတ် ပြီး၏။

# နှစ်ခုမြောက် ဘိက္ခုဝဂ် ပြီး၏။

http://www.dhammadownload.com

# ၃-ပရိဗ္ဗာဇကဝဂ်

## ၁-တေဝိဇ္ဇဝစ္ဆသုတ်

၁၈၅။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် ဝေသာလီပြည် မဟာဝုန်တောတွင် အထွတ် ဘပ်သောကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ ဝစ္ဆအနွယ်ဖြစ်သော ပရိဗိုဇ်သည် သရက်ဖြူပင်တပင်ရှိသော ပရိဗိုဇ်အရံ၌ နေ၏။ ထိုအခါ မြတ်စွာဘုရားသည် နံနက်အခါ၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ် သင်္ကန်းကို ယူလျက် ဝေသာလီပြည်သို့ ဆွမ်းအလို့ငှါ ဝင်တော်မူ၏။ ထိုအခါ မြတ်စွာဘုရားအား "ဝေသာလီပြည်သို့ ဆွမ်းအလို့ငှါ လှည့်လည်ရန် အလွန်စောသေး၏၊ ငါသည် သရက်ဖြူပင် တပင်ရှိသော ကေပုဏ္ဍရီကပရိဗိုဇ်အရံရှိ ဝစ္ဆ အနွယ်ဖြစ်သော ပရိဗိုဇ်ထံသို့ ချဉ်းကပ်ရမူ ကောင်းလေရာ၏"ဟု အကြံဖြစ်၏။ ထိုအခါ မြတ်စွာဘုရားသည် သရက်ဖြူပင်တပင်ရှိသော ပရိဗိုဇ်အရံရှိ ဝစ္ဆအနွယ်ဖြစ်သော ပရိဗိုဇ်ထံသို့ ချဉ်းကပ်တော်မူ၏။ ဝစ္ဆ အနွယ်ဖြစ်သော ပရိဗိုဇ်သည် အဝေးမှပင်လျှင် မြတ်စွာဘုရား ကြွလာတော်မူသည်ကို မြင်၍ မြတ်စွာဘုရားအား— "အသျှင်ဘုရား မြတ်စွာဘုရားသည် လာတော်မူပါလော့၊ အသျှင်ဘုရား မြတ်စွာဘုရား၏ လာခြင်းသည် ကောင်းစွာ လာခြင်းပါတည်း၊ အသျှင်ဘုရား မြတ်စွာဘုရားသည် ဤအရပ်သို့ ကြွလာရန် အလှည့်ကို ကြာမြင့်မှပင် ပြုတော်မူဘိ၏၊ အသျှင်ဘုရား မြတ်စွာဘုရားသည် ထိုင်တော်မူပါ ဤနေရာကို ခင်းထားပါ၏" ဟု လျှောက်ထား၏။ မြတ်စွာဘုရားသည် ခင်းထားသောနေရာ၌ ထိုင်တော်မူ၏။

ဝစ္ဆအနွယ်ဖြစ်သော ပရိဗိုဇ်သည်လည်း တခုသော နိမ့်သောနေရာကိုယူ၍ လျှောက်ပတ်စွာ ထိုင်ပြီးသော် မြတ်စွာဘုရားအား— "အသျှင်ဘုရား ရဟန်းဂေါတမသည် အလုံးစုံကို သိ၏၊ အလုံးစုံကို မြင်၏၊ ငါသွားနေသည်ဖြစ်စေ ရပ်နေသည်ဖြစ်စေ အိပ်ပျော်နေသည်ဖြစ်စေ နိုးကြားနေသည်ဖြစ်စေ အမြဲမပြတ် ဉာဏ်အမြင်သည် ရှေးရှုထင်၏ဟု အကြွင်းမဲ့ ဉာဏ်အမြင်ကို ဝန်ခံ၏"ဟူ၍ ကြားဘူးပါ၏၊ အသျှင်ဘုရား "ရဟန်းဂေါတမသည် အလုံးစုံကို သိ၏၊ အလုံးစုံကို မြင်၏၊ ငါသွားနေသည်ဖြစ်စေ ရပ်နေသည်ဖြစ်စေ အိပ်ပျော်နေသည်ဖြစ်စေ နိုးကြားနေသည် ဖြစ်စေ အမြဲမပြတ် ဉာဏ်အမြင်သည် ရှေးရှုထင်၏ ဟု အကြွင်းမဲ့ ဉာဏ်အမြင်ကို ဝန်ခံ၏" ဟူ၍ ပြောဆိုသောသူတို့သည် မြတ်စွာဘုရား၏ စကားအရ ပြောဆိုသူများ ဖြစ်ပါကုန်၏လော၊ မြတ်စွာဘုရားကို မဟုတ်မမှန်သောအားဖြင့် မစွပ်စွဲပဲလည်း ရှိကြပါကုန်၏လော၊ အကြောင်းမှန်ကိုလည်း အကြောင်းမှန်အားလျော်စွာ ပြောကြားကြပါကုန်၏လော၊ မြတ်စွာဘုရား၏ စကားကို လိုက်၍ ပြောဆိုသော သီတင်းသုံးဖော် တစုံတယောက်သည် သူတပါး ကဲ့ရဲ့အပ်သော အကြောင်းသည် ရှိသည်ဖြစ်၍ ကဲ့ရဲ့စရာ အနည်းငယ်မျှ မရှိပဲ ဖြစ်ပါသလောဟု လျှောက်ထား၏။ "ဝစ္ဆ ရဟန်းဂေါတမသည် အလုံးစုံကို သိ၏၊ အလုံးစုံကို မြင်၏၊ ငါသွားနေသည်ဖြစ်စေ ရပ်နေသည်ဖြစ်စေ အိပ်ပျော်နေသည်ဖြစ်စေ နိုးကြားနေသည်ဖြစ်စေ အမြဲမပြတ် ဉာဏ်အမြင်သည် ရှေးရှုထင်၏ဟု အကြွင်းမဲ့ ဉာဏ်အမြင်ကို ဝန်ခံ၏"ဟူ၍ ပြောဆိုသော သူတို့သည် ငါ၏စကားအရ ပြောဆိုသူများ မဟုတ်ကုန်၊ ငါ့ကို မဟုတ်မမှန်သောအားဖြင့်လည်း စွပ်စွဲကြကုန်၏ဟု (မိန့်တော်မူ၏)။

၁၈၆။ အသျှင်ဘုရား ထိုသို့မဟုတ်မူ အဘယ်သို့ ပြောဆိုသော အကျွန်ုပ်တို့သည် မြတ်စွာဘုရား၏စကားအရ ပြောဆိုသူများ ဖြစ်ပါကုန်သနည်း၊ မြတ်စွာဘုရားကို မဟုတ်မမှန်သောအားဖြင့်

http://www.dhammadownload.com



မစွပ်စွဲပဲလည်း မှူကြပါကုန်သနည်း၊ အကြောင်းမှန်ကိုလည်း အကြောင်းမှန်အားလျော်စွာ ပြောကြားကြသည် ဖြစ်ပါကုန်သနည်း၊ မြတ်စွာဘုရား၏ စကားကို လိုက်၍ ပြောဆိုသော သီတင်းသုံးဖော် တစုံတယောက်သည် သူတပါးကဲ့ရဲ့ အပ်သော အကြောင်းရှိသည်ဖြစ်၍ ကဲ့ရဲ့စရာ အကြောင်းသည် အနည်းငယ်မျှ မရှိပဲ ဖြစ်ပါသနည်းဟု (လျှောက်၏)။

ဝစ္ဆ "ရဟန်းဂေါတမသည် ဝိဇ္ဇာသုံးပါးရှိ၏"ဟု ပြောဆိုသောသူသည် အမှန်အားဖြင့် ငါ၏ စကားအရ ပြောဆိုခြင်း ဖြစ်ရာ၏၊ ငါ့ကို မမှန်သောအားဖြင့်လည်း မစွပ်စွဲရာ၊ အကြောင်းမှန်ကိုလည်း အကြောင်းမှန်အားလျော်စွာ ပြောကြားသည် ဖြစ်ရာ၏၊ ငါ၏ စကားကို လိုက်၍ ပြောဆိုသော သီတင်းသုံးဖော် တစုံတယောက်သည် သူတပါးကဲ့ရဲ့ အပ်သော အကြောင်းရှိသည်ဖြစ်၍ ကဲ့ရဲ့ စရာအကြောင်းသည် အနည်းငယ်မျှလည်း မရှိရာ။

ဝစ္ဆ ငါသည် အလိုရှိသလောက် များသော အပြားရှိသော ရှေး၌နေဘူးသော ခန္ဓာအစဉ်ကို အောက်မေ့နိုင်၏။ ဤရှေး၌ နေဘူးသော ခန္ဓာအစဉ်ဟူသည်ကား အဘယ်နည်း၊ တဘဝကိုလည်းကောင်း နှစ်ဘဝတို့ကိုလည်းကောင်း။ပ။ ဤသို့ အခြင်းအရာနှင့်တကွသော ညွှန်ပြဖွယ် (အမည်အနွယ်)နှင့် တကွသော များသောအပြားရှိသော ရှေး၌ နေဘူးသော ခန္ဓာအစဉ်ကို အောက်မေ့နိုင်၏။

ဝစ္ဆ ငါသည် အလိုရှိသလောက် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက် လွန်သော နတ်မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု'ဉာဏ်ဖြင့် စုတေဆဲသတ္တဝါ ပဋိသန္ဓေနေဆဲသတ္တဝါ ယုတ်သော သတ္တဝါ မြတ်သောသတ္တဝါ အဆင်းလှသောသတ္တဝါ အဆင်းမလှသောသတ္တဝါ ကောင်းသော လားရာရှိသောသတ္တဝါ မကောင်းသော လားရာရှိသောသတ္တဝါတို့ကို မြင်၏။ပ။ ကံအားလျော်စွာ ကပ်ရောက်ရသော သတ္တဝါတို့ကို အပြားအားဖြင့် သိ၏။

ဝစ္ဆ ငါသည် အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါတရားမရှိသော စိတ်၏ ကိလေသာမှလွတ်ခြင်း ပညာဖြင့်, ကိလေသာမှ လွတ်ခြင်းကို မျက်မှောက်သောဘဝ၌သာလျှင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် သိလျက် မျက်မှောက်ပြုကာ ရောက်၍နေ၏။

ဝစ္ဆ ရဟန်းဂေါတမသည် ဝိဇ္ဇာသုံးပါးရှိ၏ဟု ပြောဆိုသူသည် ငါ၏စကားအရ ပြောဆိုခြင်း ဖြစ်ရာ၏၊ ငါ့ကို မဟုတ်မမှန်သော အားဖြင့်လည်း မစွပ်စွဲရာ၊ အကြောင်းမှန်ကို အကြောင်းမှန်အားလျော်စွာ ပြောကြားသည်ဖြစ်ရာ၏၊ ငါ၏စကားကိုလိုက်၍ ပြောဆိုသော သီတင်းသုံးဖော် တစုံတယောက်သည် သူတပါးကဲ့ရဲ့အပ်သော အကြောင်းရှိသည်ဖြစ်၍ ကဲ့ရဲ့စရာ အကြောင်းသည် အနည်းငယ်မျှလည်း မရှိရာ ဟု(မိန့်တော်မူ၏)။

ဤသို့ မိန့်တော်မူသော် ဝစ္ဆအနွယ်ဖြစ်သော ပရိဗိုဇ်သည် မြတ်စွာဘုရားအား— "အသျှင်ဂေါတမ လူတို့၏သံယောဇဉ်ကို မပယ်မစွန့်မူ၍ ကိုယ်ခန္ဓာပျက်စီးသည်မှ နောက်၌ ဒုက္ခအဆုံးကို ပြုသော တစုံတယောက်သောသူသည် ရှိပါသလော"ဟု(လျှောက်၏)။ဝစ္ဆ လူတို့၏ သံယောဇဉ်ကို မပယ်မစွန့်မူ၍ လူကိုယ်ခန္ဓာပျက်စီး၍ သေသည်မှ နောက်၌ ဒုက္ခ၏အဆုံးကိုပြုသော တစုံတယောက်သောသူသည် မရှိသည်သာတည်း ဟု (မိန့်တော်မူ၏)။ အသျှင်ဂေါတမ လူတို့၏ သံယောဇဉ်ကို မပယ်မစွန့်မူ၍ ကိုယ်ခန္ဓာပျက်စီးသည်မှ နောက်၌ နတ်ပြည်သို့ ရောက်သော

http://www.dhammadownload.com



တစုံတယောက်သော သူသည် ရှိပါသလော ဟု (လျှောက်၏)။ ဝစ္ဆ "လူတို့၏ သံယောဇဉ်ကို မပယ်မစွန့်မူ၍ ကိုယ်ခန္ဓာ ပျက်စီးသည်မှ နောက်၌ နတ်ပြည်သို့ ရောက်သောသူတို့သည် တရာ နှစ်ရာ သုံးရာ လေးရာမက အများအပြား ရှိကုန်သည်သာတည်း" ဟု (မိန့်တော်မူ၏)။ အသျှင်ဂေါတမ ကိုယ်ခန္ဓာပျက်စီးသည်မှ နောက်၌ ဒုက္ခ၏ အဆုံးကို ပြုသော တစုံတယောက်သော အာဇီဝကသည် ရှိပါသလော ဟု (လျှောက်၏)။

ဝစ္ဆ ကိုယ်ခန္ဓာပျက်စီးသည်မှ နောက်၌ ဒုက္ခ၏ အဆုံးကို ပြုသော တစုံတယောက်သော အာဇီဝကသည် မရှိသည်သာတည်း ဟု (မိန့်တော်မူ၏)။ အသျှင်ဂေါတမ ကိုယ်ခန္ဓာပျက်စီးသည်မှ နောက်၌ နတ်ပြည်သို့ရောက်သော တစုံတယောက်သော အာဇီဝကသည် ရှိပါသလော ဟု (လျှောက်၏)။ ဝစ္ဆ ဤကမ္ဘာမှ ပြန်၍ ရေသော် ကိုးဆယ့်တကမ္ဘာထက်၌ တယောက်သော အာဇီဝကကိုကြည့်၍ တစုံတယောက်သော အာဇီဝကကိုမျှ နတ်ပြည်သို့ရောက်သည်ကို ငါမအောက်မေ့မိ၊ မသိမြင်ခဲ့၊ ထိုတယောက်သော အာဇီဝကသည်လည်း ကမ္မဝါဒီ ကိရိယဝါဒီဖြစ်သော ငါသာလျှင် ဖြစ်ပေ၏ဟု (မိန့်တော်မူ၏)။ အသျှင်ဂေါတမ ဤသို့ ဖြစ်မူ ဤတိတ္ထိတို့၏ အကျင့်သည် အယုတ်ဆုံးအားဖြင့် နတ်ပြည်သို့ ရောက်ခြင်းမှလည်း ဆိတ်သုဉ်း၏ ဟု (လျှောက်၏)။ ဝစ္ဆ ဤတိတ္ထိတို့၏ အကျင့်သည် အယုတ်ဆုံးအားဖြင့် နတ်ပြည်သို့ ရောက်ခြင်းမှလည်း ဆိတ်သုဉ်း၏ဟု မိန့်တော်မူ၏၊ မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏။ ဝစ္ဆအနွယ်ဖြစ်သော ပရိဗိုဇ်သည် မြတ်စွာဘုရား၏ တရားစကားတော်ကို နှစ်ခြိုက်ဝမ်းမြောက်လေ၏။

ရှေးဦးစွာသော တေဝိဇ္ဇဝစ္ဆသုတ် ပြီး၏။

---

## ၂-အဂ္ဂိဝစ္ဆသုတ်

၁၈၇။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ ဝစ္ဆအနွယ်ဖြစ်သော ပရိဗိုဇ်သည် မြတ်စွာဘုရား ရှိတော်မူရာ အရပ်သို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆိုပြီးဆုံးစေပြီးနောက် သင့်လျော်သော နေရာ၌ ထိုင်ကာ "အသျှင်ဂေါတမ 'လောကသည် မြဲ၏၊ ဤအယူသည်သာ မှန်၏၊ တပါးသောအယူသည် အချည်းနှီးသာတည်း'ဟု အသျှင်ဂေါတမသည် ဤသို့ အယူရှိပါသလော"ဟူ၍ လျှောက်ထား၏။ ဝစ္ဆ "လောကသည် မြဲ၏၊ ဤအယူသည်သာ မှန်၏၊ တပါးသောအယူသည် အချည်းနှီးသာတည်း"ဟု ငါသည် ဤသို့ အယူမရှိပါဟု (မိန့်တော်မူ၏)။

အသျှင်ဂေါတမ "လောကသည် မမြဲ၊ ဤအယူသည်သာ မှန်၏၊ တပါးသောအယူသည် အချည်းနှီးသာတည်း"ဟု အသျှင်ဂေါတမသည် ဤသို့ အယူရှိပါသလောဟု (လျှောက်၏)။ ဝစ္ဆ "လောကသည် မမြဲ၊ ဤအယူသည်သာ မှန်၏၊ တပါးသောအယူသည် အချည်းနှီးသာတည်း" ဟု ငါသည် ဤသို့ အယူမရှိပါဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



အသျှင်ဂေါတမ "လောကသည် အဆုံးရှိ၏၊ ဤအယူသည်သာ မှန်၏၊ တပါးသောအယူသည် အချည်းနှီးသာတည်း"ဟု အသျှင်ဂေါတမသည် ဤသို့ အယူရှိပါသလောဟု (လျှောက်၏)။ ဝစ္ဆ "လောကသည် အဆုံးရှိ၏၊ ဤအယူသည်သာ မှန်၏၊ တပါးသောအယူသည် အချည်းနှီးသာတည်း"ဟု ငါသည် ဤသို့ အယူမရှိပါ ဟု (မိန့်တော်မူ၏)။

အသျှင်ဂေါတမ "လောကသည် အဆုံးမရှိ၊ ဤအယူသည်သာ မှန်၏၊ တပါးသောအယူသည် အချည်းနှီးသာတည်း"ဟု အသျှင်ဂေါတမသည် ဤသို့ အယူရှိပါသလောဟု (လျှောက်၏)။ ဝစ္ဆ "လောကသည် အဆုံးမရှိ၊ ဤအယူသည်သာ မှန်၏၊ တပါးသော အယူသည် အချည်းနှီးသာတည်း"ဟု ငါသည် ဤသို့ အယူမရှိပါ ဟု (မိန့်တော်မူ၏)။

အသျှင်ဂေါတမ "ထိုအသက်သည်ပင် ထိုကိုယ်ကောင်တည်း၊ ဤအယူသည်သာ မှန်၏၊ တပါးသော အယူသည် အချည်းနှီးသာတည်း"ဟု အသျှင်ဂေါတမသည် ဤသို့ အယူရှိပါသလောဟု (လျှောက်၏)။ ဝစ္ဆ "ထိုအသက်သည်ပင် ထိုကိုယ်ကောင်တည်း၊ ဤအယူသည်သာ မှန်၏၊ တပါးသောအယူသည် အချည်းနှီးသာတည်း"ဟု ငါသည် ဤသို့ အယူမရှိပါဟု (မိန့်တော်မူ၏)။

အသျှင်ဂေါတမ "အသက်သည် တခြား ကိုယ်ကောင်သည် တခြားတည်း၊ ဤအယူသည်သာမှန်၏၊ တပါးသော အယူသည် အချည်းနှီးသာတည်း"ဟု အသျှင်ဂေါတမသည် ဤသို့ အယူရှိပါသလော ဟု (လျှောက်၏)။ ဝစ္ဆ "အသက်သည် တခြား ကိုယ်သည်တခြားတည်း၊ ဤအယူသည်သာ မှန်၏၊ တပါးသော အယူသည် အချည်းနှီးသာတည်း" ဟု ငါသည် ဤသို့ အယူမရှိပါ ဟု (မိန့်တော်မူ၏)။

အသျှင်ဂေါတမ "သတ္တဝါသည် သေသည်မှ နောက်၌ဖြစ်၏၊ ဤအယူသည်သာ မှန်၏၊ တပါးသော အယူသည် အချည်းနှီးသာတည်း"ဟု အသျှင်ဂေါတမသည် ဤသို့အယူရှိပါသလောဟု (လျှောက်၏)။ ဝစ္ဆ "သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်၏၊ ဤ အယူသည်သာ မှန်၏၊ တပါးသောအယူသည် အချည်းနှီးသာတည်း"ဟု ငါသည် ဤ သို့ အယူမရှိပါ ဟု (မိန့်တော်မူ၏)။

အသျှင်ဂေါတမ "သတ္တဝါသည် သေသည်မှ နောက်၌မဖြစ်၊ ဤ အယူသည်သာ မှန်၏၊ တပါးသော အယူသည် အချည်းနှီးသာတည်း"ဟု အသျှင်ဂေါတမသည် ဤသို့ အယူရှိပါသလောဟု (လျှောက်၏)။ ဝစ္ဆ "သတ္တဝါသည် သေသည်မှနောက်၌ မဖြစ်၊ ဤအယူသည်သာ မှန်၏၊ တပါးသောအယူသည် အချည်းနှီးသာတည်း"ဟု ငါသည် ဤသို့ အယူမရှိပါ ဟု (မိန့်တော်မူ၏)။

အသျှင်ဂေါတမ "သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်လည်းဖြစ်၏၊ ဖြစ်လည်း မဖြစ်၊ ဤအယူသည်သာ မှန်၏၊ တပါးသောအယူသည် အချည်းနှီးသာတည်း"ဟု အသျှင်ဂေါတမသည် ဤသို့ အယူရှိပါသလောဟု (လျှောက်၏)။ ဝစ္ဆ "သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်လည်း ဖြစ်၏၊ ဖြစ်လည်းမဖြစ်၊ ဤ အယူသည်သာမှန်၏၊ တပါးသောအယူသည် အချည်းနှီးသာတည်း"ဟု ငါသည် ဤသို့ အယူမရှိပါဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



အသျှင်ဂေါတမ "သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်သည်လည်းမဟုတ်၊မဖြစ်သည်လည်း မဟုတ်၊ဤအယူသည်သာ မှန်၏၊ တပါးသောအယူသည် အချည်းနှီးသာတည်း"ဟု အသျှင်ဂေါတမ သည် ဤသို့ အယူရှိပါသလောဟု (လျှောက်၏)။ ဝစ္ဆ "သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်သည်လည်းမဟုတ်၊မဖြစ်သည်လည်း မဟုတ်၊ ဤအယူသည်သာ မှန်၏၊ တပါးသောအယူသည် အချည်းနှီးသာတည်း" ဟု ငါသည် ဤသို့ အယူမရှိပါ ဟု (မိန့်တော်မူ၏)။

၁၈၈။ အသျှင်ဂေါတမ "လောကသည် မြဲ၏၊ ဤအယူသည်သာ မှန်၏၊ တပါးသော အယူ သည် အချည်းနှီးသာတည်း"ဟူ၍ အသျှင်ဂေါတမသည် ဤသို့ အယူရှိပါသလောဟု မေးသည် ရှိသော် "ဝစ္ဆ 'လောကသည် မြဲ၏၊ ဤအယူသည်သာ မှန်၏၊ တပါးသောအယူသည် အချည်းနှီး သာတည်း'ဟူ၍" ငါသည် ဤသို့ အယူမရှိပါ ဟု ဖြေဆို၏။ အသျှင်ဂေါတမ "လောကသည် မမြဲ ဤအယူသည်သာ မှန်၏၊ တပါးသောအယူသည် အချည်းနှီးသာတည်း" ဟူ၍ အသျှင်ဂေါတမ သည် ဤသို့ အယူရှိပါသလောဟု မေးသည်ရှိသော်"ဝစ္ဆ 'လောကသည် မမြဲ၊ဤအယူသည်သာ မှန်၏၊ တပါးသောအယူသည် အချည်းနှီးသာတည်း' ဟူ၍" ငါသည်ဤသို့ အယူမရှိပါဟု ဖြေဆို၏။

အသျှင်ဂေါတမ "လောကသည် အဆုံးရှိ၏၊ ဤအယူသည်သာ မှန်၏၊ တပါးသောအယူ သည် အချည်းနှီးသာတည်း"ဟူ၍ အသျှင်ဂေါတမသည် ဤသို့ အယူရှိပါသလောဟု မေးသည် ရှိသော် ဝစ္ဆ "လောကသည် အဆုံးရှိ၏၊ ဤအယူသည်သာ မှန်၏၊ တပါးသော အယူသည် အချည်းနှီး သာတည်း"ဟူ၍'ငါသည် ဤသို့အယူမရှိပါ'ဟု ဖြေဆို၏။အသျှင်ဂေါတမ"လောကသည် အဆုံးမရှိ၊ ဤအယူသည်သာ မှန်၏၊ တပါးသောအယူသည် အချည်းနှီးသာတည်း"ဟူ၍ အသျှင်ဂေါတမသည် ဤသို့ အယူရှိပါသလောဟု မေးသည်ရှိသော် "ဝစ္ဆ 'လောကသည် အဆုံးမရှိ၊ဤအယူသည်သာ မှန်၏၊ တပါးသောအယူသည် အချည်းနှီးသာတည်း'ဟူ၍" ငါသည် ဤသို့ အယူမရှိပါဟု ဖြေဆို၏။

အသျှင်ဂေါတမ "ထိုအသက်သည်ပင် ထိုကိုယ်ကောင်တည်း၊ ဤအယူသည်သာ မှန်၏၊တပါး သော အယူသည် အချည်းနှီးသာတည်း"ဟူ၍ အသျှင်ဂေါတမသည် ဤသို့ အယူရှိပါသလောဟု မေးသည်ရှိသော် "ဝစ္ဆ 'ထိုအသက်သည်ပင် ထိုကိုယ်ကောင်တည်း၊ ဤအယူသည်သာ မှန်၏၊ တပါးသော အယူသည် အချည်းနှီးသာတည်း' ဟူ၍" ငါသည် ဤသို့ အယူမရှိပါဟု ဖြေဆို၏။

အသျှင်ဂေါတမ "အသက်သည် တခြားကိုယ်ကောင်သည် တခြားတည်း၊ ဤအယူသည်သာ မှန်၏၊ တပါးသောအယူသည် အချည်းနှီးသာတည်း" ဟူ၍ အသျှင်ဂေါတမသည် ဤသို့ အယူရှိပါသလောဟူ၍ မေးသည်ရှိသော် "ဝစ္ဆ 'အသက်သည်တခြား၊ ကိုယ်ကောင်သည် တခြားတည်း၊ ဤအယူသည်သာမှန်၏၊ တပါးသော အယူသည် အချည်းနှီးသာတည်း'ဟူ၍"ငါသည် ဤသို့ အယူမရှိပါဟု ဖြေဆို၏။

အသျှင်ဂေါတမ "သတ္တဝါသည် သေသည်မှ နောက်၌ဖြစ်၏၊ ဤအယူသည်သာ မှန်၏၊ တပါး သော အယူသည် အချည်းနှီးသာတည်း"ဟူ၍ အသျှင်ဂေါတမသည် ဤသို့ အယူရှိပါသလောဟု မေးသည်ရှိသော် "ဝစ္ဆ 'သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်၏၊ ဤအယူသည်သာ မှန်၏၊ တပါးသော အယူသည် အချည်းနှီးသာတည်း'ဟူ၍" ငါသည် ဤသို့ အယူမရှိပါ ဟု ဖြေဆို၏။

http://www.dhammadownload.com



အသျှင်ဂေါတမ "သတ္တဝါသည် သေသည်မှ နောက်၌မဖြစ်၊ ဤအယူသည်သာ မှန်၏၊ တပါးသော အယူသည် အချည်းနှီးသာတည်း"ဟူ၍ အသျှင်ဂေါတမသည် ဤသို့ အယူရှိပါသလောဟု မေးသည်ရှိသော် "ဝစ္ဆ 'သတ္တဝါသည် သေသည်မှ နောက်၌မဖြစ်၊ ဤအယူသည်သာမှန်၏၊ တပါးသော အယူသည် အချည်းနှီးသာတည်း'ဟူ၍" ငါသည် ဤသို့အယူမရှိပါ ဟု ဖြေဆို၏။

အသျှင်ဂေါတမ "သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်လည်းဖြစ်၏၊ ဖြစ်လည်းမဖြစ်၊ ဤအယူသည်သာ မှန်၏၊ တပါးသော အယူသည် အချည်းနှီးသာတည်း"ဟူ၍ အသျှင်ဂေါတမသည် ဤသို့ အယူရှိပါသလော ဟု မေးသည်ရှိသော် "ဝစ္ဆ 'သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်လည်းဖြစ်၏၊ ဖြစ်လည်းမဖြစ်၊ ဤအယူသည်သာ မှန်၏၊ တပါးသော အယူသည် အချည်းနှီးသာတည်း'ဟူ၍" ငါသည် ဤသို့ အယူမရှိပါ ဟု ဖြေဆို၏။

အသျှင်ဂေါတမ "သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်သည်လည်းမဟုတ်၊ မဖြစ်သည်လည်း မဟုတ်၊ ဤအယူသည်သာ မှန်၏၊ တပါးသောအယူသည် အချည်းနှီးသာတည်း"ဟူ၍ အသျှင်ဂေါတမသည် ဤသို့အယူရှိပါသလော ဟု မေးသည်ရှိသော် "ဝစ္ဆ 'သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်းမဟုတ်၊ ဤအယူသည်သာ မှန်၏၊ တပါးသော အယူသည် အချည်းနှီးသာတည်း'ဟူ၍" ငါသည် ဤသို့ အယူမရှိပါ ဟု ဖြေဆို၏။ အသျှင်ဂေါတမ အဘယ်သို့သော အပြစ်ကို ကောင်းစွာမြင်၍ ဤသို့ အခါခပ်သိမ်း ဤဒိဋ္ဌိအယူတို့သို့ မကပ်ရောက်ပါသနည်း ဟု (လျှောက်၏)။

၁၈၉။ ဝစ္ဆ လောကသည် မြဲ၏ ဟူသော အယူသည် မိစ္ဆာအယူတည်း၊ မိစ္ဆာဒိဋ္ဌိတည်းဟူသော တောချုံတည်း၊ မိစ္ဆာဒိဋ္ဌိတည်းဟူသော ခရီးခဲတည်း၊ မိစ္ဆာဒိဋ္ဌိတည်းဟူသော ဆူးငြောင့်တည်း၊ မိစ္ဆာဒိဋ္ဌိတည်းဟူသော တုန်လှုပ်ခြင်းတည်း၊ မိစ္ဆာဒိဋ္ဌိတည်းဟူသော သံယောဇဉ်တည်း၊ ဆင်းရဲနှင့်တကွ ဖြစ်၏၊ ညှဉ်းဆဲခြင်းနှင့်တကွ ဖြစ်၏၊ ပြင်းစွာ ပင်ပန်းခြင်းနှင့်တကွ ဖြစ်၏၊ ပူလောင်ခြင်းဖြင့် တကွ ဖြစ်၏၊ ငြီးငွေ့ခြင်းငှါ မဖြစ်၊ တပ်ခြင်းကင်းခြင်းငှါမဖြစ်၊ ချုပ်ခြင်းငှါ မဖြစ်၊ ငြိမ်းခြင်းငှါ မဖြစ်၊ အထူးသိခြင်းငှါ မဖြစ်၊ ထိုးထွင်း၍ သိခြင်းငှါ မဖြစ်၊ ချုပ်ငြိမ်းခြင်းငှါ မဖြစ်။

ဝစ္ဆ လောကသည် မမြဲဟူသော။ပ။ဝစ္ဆ လောကသည် အဆုံးရှိ၏ဟူသော ။ပ။ဝစ္ဆ လောကသည် အဆုံးမရှိဟူသော။ပ။ဝစ္ဆ ထိုအသက်သည် ထိုကိုယ်ကောင်တည်းဟူသော ။ပ။ဝစ္ဆ အသက်သည်တခြား ကိုယ်ကောင်သည် တခြားဟူသော။ပ။ဝစ္ဆ သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်၏ဟူသော။ပ။ ဝစ္ဆ သတ္တဝါသည် သေသည်မှ နောက်၌ မဖြစ်ဟူသော ။ပ။ဝစ္ဆ သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်လည်း ဖြစ်၏၊ ဖြစ်လည်း မဖြစ်ဟူသော။ပ။ ဝစ္ဆ သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်သည်လည်း မဟုတ်၊မဖြစ်သည်လည်းမဟုတ်ဟူသော အယူသည် မိစ္ဆာအယူတည်း၊ မိစ္ဆာဒိဋ္ဌိတည်းဟူသော တောချုံတည်း၊ မိစ္ဆာဒိဋ္ဌိတည်းဟူသော ခရီးခဲတည်း၊ မိစ္ဆာဒိဋ္ဌိတည်းဟူသော ဆူးငြောင့်တည်း၊ မိစ္ဆာဒိဋ္ဌိတည်းဟူသော တုန်လှုပ်ခြင်းတည်း၊ မိစ္ဆာဒိဋ္ဌိတည်းဟူသော သံယောဇဉ်တည်း၊ဆင်းရဲနှင့်တကွဖြစ်၏၊ညှဉ်းဆဲခြင်းနှင့်တကွဖြစ်၏၊ ပြင်းစွာပင်ပန်း ခြင်းနှင့်တကွ ဖြစ်၏၊ပူလောင်ခြင်းနှင့်တကွ ဖြစ်၏၊ငြီးငွေ့ခြင်းငှါ မဖြစ်၊ တပ်ခြင်းကင်းခြင်းငှါ မဖြစ်၊ ချုပ်ခြင်းငှါ မဖြစ်၊ ငြိမ်းခြင်းငှါမဖြစ်၊ အထူး သိခြင်းငှါမဖြစ်၊ ထိုးထွင်း၍ သိခြင်းငှါမဖြစ်၊ချုပ်ငြိမ်းခြင်းငှါမဖြစ်။ ဝစ္ဆ ငါသည် ဤအပြစ်ကို ကောင်းစွာမြင်သည် ဖြစ်၍ သာလျှင် ဤသို့အခါခပ်သိမ်း ဒိဋ္ဌိအယူတို့သို့ မကပ်ရောက်ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



အသျှင်ဂေါတမအား တစုံတခုသော အယူသည် ရှိပါသလောဟု (လျှောက်၏)။ ဝစ္ဆ အယူဟူသော ဤစကားကို မြတ်စွာဘုရားသည် ပယ်ထားပြီ၊ ဝစ္ဆ မြတ်စွာဘုရားသည် "ဤကား ရုပ်၊ ဤကား ရုပ်၏ဖြစ်ကြောင်း၊ ဤကား ရုပ်၏ချုပ်ရာ။ ဤကား ဝေဒနာ၊ ဤကား ဝေဒနာ၏ဖြစ်ကြောင်း၊ ဤကား ဝေဒနာ၏ ချုပ်ရာ။ ဤကား သညာ၊ ဤကား သညာ၏ ဖြစ်ကြောင်း၊ ဤကား သညာ၏ ချုပ်ရာ၊ ဤကား သင်္ခါရ၊ ဤကား သင်္ခါရတို့၏ ဖြစ်ကြောင်း၊ ဤကား သင်္ခါရတို့၏ ချုပ်ရာ။ ဤကား ဝိညာဏ်၊ ဤကား ဝိညာဏ်၏ဖြစ်ကြောင်း၊ ဤကား ဝိညာဏ်၏ချုပ်ရာ"ဟု ဤသဘောကို မြင်ထားပြီ။ ထို့ကြောင့် မြတ်စွာဘုရားသည် ငါ ငါ့ဥစ္စာ ငါဟူသော ထောင်လွှားမှု ကိန်းဝပ်ခြင်းဟူသော အလုံးစုံသော ထင်မှတ်မှု အလုံးစုံသော မွှေနှောက်မှု တရားတို့၏ကုန်ခြင်းကြောင့် တပ်ခြင်းကင်းခြင်းကြောင့် ချုပ်ခြင်းကြောင့် စွန့်ခြင်းကြောင့် လွှတ်ခြင်းကြောင့် စွဲလမ်းမှု ဥပါဒါန်မရှိခြင်းကြောင့် လွတ်မြောက်၏ဟု ဆို၏ဟု (မိန့်တော်မူ၏)။

၁၉၀။ အသျှင်ဂေါတမ ဤသို့လွတ်မြောက်သော စိတ်ရှိသော ရဟန်းသည် အဘယ်၌ (ပဋိသန္ဓေအားဖြင့်) ဖြစ်သနည်း ဟု (လျှောက်၏)။ ဝစ္ဆ (ပဋိသန္ဓေအားဖြင့်) ဖြစ်၏ ဟူသော အဖြစ်သို့ မရောက် ဟု (မိန့်တော်မူ၏)။ အသျှင်ဂေါတမ ထိုသို့ဖြစ်ပါမူ (ပဋိသန္ဓေအားဖြင့်) မဖြစ်ပါသလော ဟု (လျှောက်၏)။ ဝစ္ဆ (ပဋိသန္ဓေအားဖြင့်) မဖြစ်ဟူသော အဖြစ်သို့လည်း မရောက်ဟု (မိန့်တော်မူ၏)။ အသျှင်ဂေါတမ ထိုသို့ဖြစ်မူ (ပဋိသန္ဓေအားဖြင့်) ဖြစ်လည်းဖြစ်၏၊ မဖြစ်လည်း မဖြစ်ပါသလောဟု (လျှောက်၏)။ ဝစ္ဆ (ပဋိသန္ဓေအားဖြင့်) ဖြစ်လည်းဖြစ်၏၊ မဖြစ်လည်းမဖြစ် ဟူသော အဖြစ်သို့လည်းမရောက်ဟု (မိန့်တော်မူ၏)။ အသျှင်ဂေါတမ ထိုသို့ဖြစ်ပါမူ (ပဋိသန္ဓေအားဖြင့်) ဖြစ်သည်လည်းမဟုတ်၊ မဖြစ်သည်လည်း မဟုတ်ပါသလော ဟု (လျှောက်၏)။ ဝစ္ဆ (ပဋိသန္ဓေအားဖြင့်) ဖြစ်သည်လည်း မဟုတ်၊ မဖြစ်သည်လည်း မဟုတ်ဟူသော အဖြစ်သို့လည်း မရောက်ဟု (မိန့်တော်မူ၏)။

"အသျှင်ဂေါတမ ဤသို့ လွတ်သော စိတ်ရှိသော ရဟန်းသည် အဘယ်၌ (ပဋိသန္ဓေအားဖြင့်) ဖြစ်ပါသနည်း"ဟု မေးသည်ရှိသော် "ဝစ္ဆ (ပဋိသန္ဓေအားဖြင့်) ဖြစ်၏ဟူသော အဖြစ်သို့ မရောက်"ဟု ဆို၏။ "အသျှင်ဂေါတမ ထိုသို့ဖြစ်ပါမူ (ပဋိသန္ဓေအားဖြင့်) မဖြစ်ပါသလော"ဟု မေးသည်ရှိသော် "ဝစ္ဆ (ပဋိသန္ဓေအားဖြင့်) မဖြစ်ဟူသော အဖြစ်သို့လည်း မရောက်"ဟု ဆို၏။ "အသျှင်ဂေါတမ ထိုသို့ဖြစ်ပါမူ (ပဋိသန္ဓေအားဖြင့်) ဖြစ်လည်းဖြစ်၏ မဖြစ်လည်း မဖြစ်ပါသလော"ဟု မေးသည်ရှိသော် "ဝစ္ဆ (ပဋိသန္ဓေအားဖြင့်) ဖြစ်လည်း ဖြစ်၏၊ မဖြစ်လည်း မဖြစ် ဟူသော အဖြစ်သို့လည်း မရောက်"ဟု ဆို၏။ "အသျှင်ဂေါတမ ထိုသို့ ဖြစ်ပါမူ (ပဋိသန္ဓေအားဖြင့်) ဖြစ်သည်လည်းမဟုတ်၊ မဖြစ်သည်လည်း မဟုတ်ပါသလော"ဟု မေးသည်ရှိသော် "ဝစ္ဆ (ပဋိသန္ဓေအားဖြင့်) ဖြစ်သည်လည်းမဟုတ်၊ မဖြစ်သည်လည်းမဟုတ် ဟူသော အဖြစ်သို့လည်း မရောက်"ဟု ဆို၏။ အသျှင်ဂေါတမ ဤအရာ၌ အကျွန်ုပ်သည် နားမလည်ခြင်းသို့ ရောက်ခဲ့ပါ၏၊ ဤအရာ၌ အကျွန်ုပ်သည် တွေဝေခြင်းသို့ ရောက်ခဲ့ပါ၏။ အသျှင်ဂေါတမ၏ ရှေးဦးမြွက်ဆိုသော စကားဖြင့် အကျွန်ုပ်မှာ ဖြစ်ပေါ်လာသော ကြည်လင်ခြင်းမျှသည်လည်း ယခုအခါ ကွယ်ပျောက်ပါလေပြီဟု (လျှောက်၏)။ ဝစ္ဆ သင်နားမလည်ခြင်းငှါ ထိုက်ပါပေ၏၊ တွေဝေခြင်းငှါ ထိုက်ပါပေ၏။ ဝစ္ဆ ဤတရားသည် နက်လည်း နက်နဲ၏၊ မြင်နိုင်ခဲ၏၊ လျော်စွာ သိနိုင်ခဲ၏၊ ငြိမ်သက်၏၊ မွန်မြတ်၏၊ ကြံဆ၍ သိသင့်သော အရာမဟုတ်၊ သိမ်မွေ့၏၊ ပညာရှိတို့သာ သိအပ်၏၊ ထိုတရားကို (သာသနာ

http://www.dhammadownload.com



တော်မှ) တပါးသောအယူ တပါးသောအကြိုက် တပါးသောအလိုရှိသော တပါးသောအယူ၌ အားထုတ်ခြင်းရှိသော (သာသနာ့ဘက်တော်မှ) တပါးသော ဒိဋ္ဌိဘောင်၌ ဆရာရှိသော သင်သည် သိရန်ခက်၏။

၁၉၁။ ဝစ္ဆ ထိုသို့ဖြစ်ပါမူ ဤအရာ၌ သင့်ကိုသာလျှင် မေးမြန်းအံ့၊ သင်သဘောကျသည့်အတိုင်း ဖြေကြားလော့။ ဝစ္ဆ ထိုငါဆိုမည့် စကားကို သင်အဘယ်သို့ မှတ်ထင်သနည်း၊ အကယ်၍ သင်၏ ရှေ့၌ မီးတောက်နေငြားအံ့၊ "ငါ၏ရှေ့၌ ဤမီးသည် တောက်နေ၏"ဟု သင်သိရာအံ့လော ဟု (မေးတော်မူ၏)။ "အသျှင်ဂေါတမ အကယ်၍ အကျွန်ုပ်၏ ရှေ့၌ မီးတောက်နေငြားအံ့၊ ငါ၏ ရှေ့၌ ဤမီးသည် တောက်နေ၏" ဟု အကျွန်ုပ် သိရာပါ၏ဟု (လျှောက်၏)။ ဝစ္ဆ "သင်၏ ရှေ့၌ တောက်နေသော ဤမီးသည် အဘယ်ကိုစွဲ၍ တောက်နေသနည်း"ဟု သင့်ကို အကယ်၍ မေးငြားအံ့၊ ဝစ္ဆ ဤသို့ မေးသည်ရှိသော် သင်သည် အဘယ်သို့ ဖြေကြားရာ သနည်း ဟု (မေးတော်မူ၏)။

အသျှင်ဂေါတမ "သင်၏ ရှေ့၌ တောက်နေသော မီးသည် အဘယ်ကို စွဲ၍ တောက်နေသနည်း" ဟု အကျွန်ုပ်ကို အကယ်၍ မေးငြားအံ့၊ အသျှင်ဂေါတမ ဤသို့ မေးသည်ရှိသော် အကျွန်ုပ်သည် "ငါ၏ ရှေ့၌ တောက်နေသော ဤမီးသည် မြက်ထင်းလောင်စာကို စွဲ၍ တောက်နေ၏"ဟု ဖြေကြားပါအံ့ ဟု (လျှောက်၏)။ ဝစ္ဆ "အကယ်၍ သင်၏ ရှေ့၌ ထိုမီးသည် ငြိမ်းငြားအံ့၊ သင်သည် ငါ၏ ရှေ့၌ ဤမီးသည် ငြိမ်း၏" ဟု သိရာအံ့လောဟု (မေးတော်မူ၏)။ အသျှင်ဂေါတမ အကယ်၍ အကျွန်ုပ်၏ ရှေ့၌ ထိုမီးသည် ငြိမ်းအံ့၊ "ငါ၏ရှေ့၌ ဤမီးသည် ငြိမ်းပြီ"ဟု အကျွန်ုပ်သည် သိရာပါအံ့ ဟု (လျှောက်၏)။

ဝစ္ဆ "သင်၏ ရှေ့၌ ငြိမ်းအေးသွားသော မီးသည် ဤအရပ်မှ အဘယ်အရပ်သို့ သွားသနည်း အရှေ့အရပ်သို့ရှင်း တောင်အရပ်သို့ရှင်း အနောက်အရပ်သို့ရှင်း မြောက်အရပ်သို့ရှင်း သွားလေသလော"ဟု အကယ်၍ သင့်ကို မေးငြားအံ့၊ ဝစ္ဆ ဤသို့ မေးသည်ရှိသော် သင်သည် အဘယ်သို့ ဖြေကြားရာသနည်း ဟု (မေးတော်မူ၏)။

အသျှင်ဂေါတမ သွား၏ဟူသော အရေအတွက်သို့ မရောက်၊ အသျှင်ဂေါတမ ထိုမီးသည် အကြင် မြက်ထင်းလောင်စာကို အစွဲပြု၍ တောက်၏၊ ထိုမြက်ထင်းလောင်စာ၏ ကုန်ခြင်းကြောင့်ရှင်း တပါးသော မီးလောင်စာ၏ မရှိခြင်းကြောင့်ရှင်း လောင်စာ မရှိသည်ဖြစ်၍ ငြိမ်းအေးပြီဟူသော ရေတွက်ခြင်းသို့သာလျှင် ရောက်ပါ၏ဟု (လျှောက်၏)။

၁၉၂။ ဝစ္ဆ ဤအတူသာလျှင် အကြင်ရုပ်ဖြင့် သတ္တဝါဟူ၍ ပညတ်သော် ပညတ်ရာ၏၊ ထိုရုပ်ကို မြတ်စွာဘုရားအား ပယ်ပြီးဖြစ်၏၊ အမြစ်ပြတ်ပြီးဖြစ်၏၊ ထန်းပင်ငုတ်ကဲ့သို့ ပြုပြီးဖြစ်၏၊ တဖန် မဖြစ်အောင် ပြုပြီးဖြစ်၏၊ နောင်တဖန် ဖြစ်ခြင်းသဘောမရှိတော့ချေ။ ဝစ္ဆ ရုပ်တို့၏ကောင်းစွာ ကုန်ခြင်းဖြင့် လွတ်မြောက်ပြီးသော မြတ်စွာဘုရားသည် မဟာသမုဒ္ဒရာကဲ့သို့ နက်နဲ၏၊ မနှိုင်းယှဉ်အပ်၊ ထက်ဝန်းကျင်သက်ဝင်နိုင်ခဲ၏၊ (ပဋိသန္ဓေအားဖြင့်) ဖြစ်၏ဟူသော အဖြစ်သို့လည်း မရောက်၊ (ပဋိသန္ဓေအားဖြင့်) မဖြစ်ဟူသော အဖြစ်သို့လည်း မရောက်၊ (ပဋိသန္ဓေအားဖြင့်)ဖြစ်လည်းဖြစ်၏၊

http://www.dhammadownload.com



မဖြစ်လည်းမဖြစ်ဟူသော အဖြစ်သို့လည်းမရောက်၊ (ပဋိသန္ဓေအားဖြင့်) ဖြစ်သည်လည်းမဟုတ်၊ မဖြစ်သည်လည်းမဟုတ် ဟူသော အဖြစ်သို့လည်းမရောက်။

အကြင်ဝေဒနာဖြင့် သတ္တဝါဟူ၍ ပညတ်သော် ပညတ်ရာ၏၊ ထိုဝေဒနာသည် မြတ်စွာဘုရားအား ပယ်ပြီးဖြစ်၏၊ အမြစ်ပြတ်ပြီးဖြစ်၏၊ ထန်းပင်ငုတ်ကဲ့သို့ ပြုပြီးဖြစ်၏၊ တဖန်မဖြစ်အောင် ပြုပြီးဖြစ်၏၊ နောင်တဖန် ဖြစ်ပေါ်ခြင်း သဘောမရှိတော့ချေ။ ဝစ္ဆ ဝေဒနာသည် ကောင်းစွာကုန်ခြင်းဖြင့် လွတ်မြောက်ပြီးသော မြတ်စွာဘုရားသည် မဟာသမုဒ္ဒရာကဲ့သို့ နက်နဲ၏၊ မနှိုင်းယှဉ်အပ်၊ ထက်ဝန်းကျင် သက်ဝင်နိုင်ခဲ၏၊ (ပဋိသန္ဓေအားဖြင့်) ဖြစ်၏ဟူသော အဖြစ်သို့လည်းမရောက်၊ (ပဋိသန္ဓေအားဖြင့်)မဖြစ်ဟူသော အဖြစ်သို့လည်းမရောက်၊ (ပဋိသန္ဓေအားဖြင့်)ဖြစ်လည်းဖြစ်၏၊ မဖြစ်လည်း မဖြစ်ဟူသော အဖြစ်သို့လည်းမရောက်၊ (ပဋိသန္ဓေအားဖြင့်) ဖြစ်သည်လည်းမဟုတ်၊ မဖြစ်သည်လည်းမဟုတ် ဟူသော အဖြစ်သို့လည်းမရောက်။

အကြင်သညာဖြင့် သတ္တဝါ ဟူ၍ ပညတ်သော် ပညတ်ရာ၏၊ ထိုသညာသည် မြတ်စွာဘုရားအား ပယ်ပြီးဖြစ်၏၊ အမြစ်ပြတ်ပြီး ဖြစ်၏၊ ထန်းပင်ငုတ်ကဲ့သို့ ပြုပြီးဖြစ်၏၊ တဖန်မဖြစ်အောင် ပြုပြီးဖြစ်၏၊ နောင်တဖန် ဖြစ်ပေါ်ခြင်းသဘော မရှိတော့ချေ၊ ဝစ္ဆ သညာ၏ ကောင်းစွာ ကုန်ခြင်းဖြင့် လွတ်မြောက်ပြီးသော မြတ်စွာဘုရားသည် မဟာသမုဒ္ဒရာကဲ့သို့ နက်နဲ၏၊ မနှိုင်းယှဉ်အပ်၊ ထက်ဝန်းကျင် သက်ဝင်နိုင်ခဲ၏။ (ပဋိသန္ဓေအားဖြင့်)ဖြစ်၏ဟူသော အဖြစ်သို့လည်း မရောက်၊ (ပဋိသန္ဓေအားဖြင့်) မဖြစ်ဟူသော အဖြစ်သို့လည်း မရောက်၊ (ပဋိသန္ဓေအားဖြင့်) ဖြစ်လည်းဖြစ်၏၊ မဖြစ်လည်း မဖြစ် ဟူသော အဖြစ်သို့လည်း မရောက်၊ (ပဋိသန္ဓေအားဖြင့်)ဖြစ်သည်လည်းမဟုတ်၊ မဖြစ်သည်လည်း မဟုတ် ဟူသော အဖြစ်သို့လည်း မရောက်။

အကြင်သင်္ခါရတို့ဖြင့် သတ္တဝါဟူ၍ ပညတ်သော် ပညတ်ရာ၏၊ ထိုသင်္ခါရတို့သည် မြတ်စွာဘုရားအား ပယ်ပြီးဖြစ်၏၊ အမြစ်ပြတ်ပြီး ဖြစ်၏၊ ထန်းပင်ငုတ်ကဲ့သို့ ပြုပြီးဖြစ်၏၊ တဖန် မဖြစ်အောင် ပြုပြီးဖြစ်၏၊ နောင်တဖန် ဖြစ်ပေါ်ခြင်း သဘောမရှိတော့ချေ။ ဝစ္ဆ သင်္ခါရတို့၏ ကောင်းစွာကုန်ခြင်းဖြင့် လွတ်မြောက်ပြီးသော မြတ်စွာဘုရားသည် မဟာသမုဒ္ဒရာကဲ့သို့ နက်နဲ၏၊ မနှိုင်းယှဉ်အပ်၊ ထက်ဝန်းကျင် သက်ဝင်နိုင်ခဲ၏။ (ပဋိသန္ဓေအားဖြင့်)ဖြစ်၏ဟူသော အဖြစ်သို့လည်းမရောက်၊ (ပဋိသန္ဓေအားဖြင့်) မဖြစ်ဟူသော အဖြစ်သို့လည်းမရောက်၊ (ပဋိသန္ဓေအားဖြင့်)ဖြစ်လည်းဖြစ်၏၊ မဖြစ်လည်း မဖြစ် ဟူသော အဖြစ်သို့လည်း မရောက်၊ (ပဋိသန္ဓေအားဖြင့်)ဖြစ်သည်လည်းမဟုတ်၊ မဖြစ်သည်လည်း မဟုတ်ဟူသော အဖြစ်သို့လည်း မရောက်။

အကြင်ဝိညာဏ်ဖြင့် သတ္တဝါဟူ၍ ပညတ်သော် ပညတ်ရာ၏၊ ထိုဝိညာဏ်သည် မြတ်စွာဘုရားအား ပယ်ပြီးဖြစ်၏၊ ထန်းပင်ငုတ်ကဲ့သို့ ပြုပြီးဖြစ်၏၊ တဖန် မဖြစ်အောင် ပြုပြီးဖြစ်၏၊ နောင်တဖန် ဖြစ်ပေါ်ခြင်း သဘောမရှိတော့ချေ။ ဝစ္ဆ ဝိညာဏ်၏ ကောင်းစွာကုန်ခြင်းဖြင့် လွတ်မြောက်ပြီးသော မြတ်စွာဘုရားသည် မဟာသမုဒ္ဒရာကဲ့သို့ နက်နဲ၏၊ မနှိုင်းယှဉ်အပ်၊ ထက်ဝန်းကျင် သက်ဝင်နိုင်ခဲ၏၊ (ပဋိသန္ဓေအားဖြင့်)ဖြစ်၏ဟူသော အဖြစ်သို့လည်းမရောက်၊ (ပဋိသန္ဓေအားဖြင့်)မဖြစ်ဟူသော အဖြစ်သို့လည်းမရောက်၊ (ပဋိသန္ဓေအားဖြင့်) ဖြစ်လည်းဖြစ်၏၊ မဖြစ်လည်း မဖြစ်ဟူသော အဖြစ်သို့လည်း မရောက်၊ (ပဋိသန္ဓေအားဖြင့်)ဖြစ်သည်လည်းမဟုတ်၊ မဖြစ်သည်လည်း မဟုတ် ဟူသော အဖြစ်သို့လည်းမရောက်။

http://www.dhammadownload.com



ဤသို့ မိန့်တော်မူသော် ဝစ္ဆအနွယ်ဖြစ်သော ပရိဗိုဇ်သည် မြတ်စွာဘုရားကို—"အသျှင်ဂေါတမ ဥပမာသော်ကား ရွာ၏ရင်း နိဂုံး၏ရင်း မနီးမဝေးသောအရပ်၌ အင်ကြင်းပင်ကြီးသည် ရှိလေရာ၏၊ ထိုအင်ကြင်းပင်ကြီး၏ မမြဲသောသဘောကြောင့် အခက်အရွက်တို့သည် ပျက်စီးကုန်ရာ၏၊ အခွံအပေွးတို့သည် ပျက်စီးကုန်ရာ၏၊ အကာတို့သည် ပျက်စီးကုန်ရာ၏၊ ထိုအင်ကြင်းပင်ကြီးသည် နောင်အခါ၌ ကင်းသောအခက်အရွက် ကင်းသောအခွံအပေွး ကင်းသောအကာရှိသည် ဖြစ်၍ အနှစ်သက်သက်သာ တည်နေသကဲ့သို့ ဤအတူသာလျှင် အသျှင်ဂေါတမ၏ စကားသည် အခက်အရွက်မှ ကင်းပါပေ၏၊ အခွံအပေွးမှ ကင်းပါပေ၏၊ အကာမှ ကင်းပါပေ၏၊အနှစ်သက်သက်၌ တည်ပါပေ၏။

အသျှင်ဂေါတမ အလွန်နှစ်သက်ဖွယ်ရှိပါပေ၏။ပ။ အသျှင်ဂေါတမသည် ယနေ့ကို အစပြု၍ အသက်ရှည်သမျှ ကာလပတ်လုံး အကျွန်ုပ်ကို ကိုးကွယ်ဆည်းကပ်သောသူ 'ဥပါသကာ'ဟူ၍ မှတ်တော်မူပါလော့"ဟု လျှောက်၏။

**နှစ်ခုမြောက် အဂ္ဂိဝစ္ဆသုတ် ပြီး၏။**

---

## ၃-မဟာဝစ္ဆသုတ်

၁၉၃။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—

အခါတပါး၌မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့ကို အစာကျွေးရာဖြစ်သောဝေဠုဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ထိုအခါ ဝစ္ဆ အနွယ်ဖြစ်သော ပရိဗိုဇ်သည် မြတ်စွာဘုရား ရှိတော်မူရာအရပ်သို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်စကားကို ပြောဆိုပြီးဆုံးစေပြီးနောက် သင့်လျော်သောနေရာ၌ ထိုင်လျက် မြတ်စွာဘုရားအား — "အကျွန်ုပ်သည် အသျှင်ဂေါတမနှင့်အတူ စကားပြောဆိုရဘူးသည်မှာ ကာလကြာပါပြီ၊ အကျွန်ုပ်တောင်းပန်ပါ၏၊ အသျှင်ဂေါတမသည် အကျွန်ုပ်အား အကျဉ်းအားဖြင့် ကုသိုလ် အကုသိုလ်ကို ဟောကြားတော်မူပါလော့"ဟု လျှောက်ထား၏။ ဝစ္ဆ သင့်အား အကျဉ်းအားဖြင့်လည်း ကုသိုလ် အကုသိုလ်ကို ငါဟောနိုင်၏၊ သင့်အား အကျယ်အားဖြင့်လည်း ကုသိုလ် အကုသိုလ်ကို ငါဟောနိုင်၏။ ဝစ္ဆ သို့ရာတွင် သင့်အား အကျဉ်းအားဖြင့် ကုသိုလ် အကုသိုလ်ကို ငါဟောပေအံ့၊ ထိုကုသိုလ် အကုသိုလ်ကို နာကြားလော့၊ကောင်းစွာ နှလုံးသွင်းလော့၊ ဟောကြားပေအံ့ဟု (မိန့်တော်မူ၏)။ "အသျှင်ဘုရား ကောင်းပါပြီ"ဟူ၍ ဝစ္ဆ အနွယ်ဖြစ်သော ပရိဗိုဇ်သည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထား၏။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

၁၉၄။ ဝစ္ဆ လိုချင်မှု 'လောဘ'သည် အကုသိုလ်တည်း၊ မလိုချင်မှု 'အလောဘ'သည် ကုသိုလ်တည်း။ ဝစ္ဆ ပြစ်မှားမှု 'ဒေါသ'သည် အကုသိုလ်တည်း၊မပြစ်မှားမှု 'အဒေါသ'သည် ကုသိုလ်တည်း။ ဝစ္ဆ တွေဝေမှု 'မောဟ'သည် အကုသိုလ်တည်း၊ မတွေဝေမှု 'အမောဟ'သည် ကုသိုလ်တည်း။ ဝစ္ဆ ဤသို့လျှင် ဤသုံးပါးကုန်သော တရားတို့သည် အကုသိုလ်တို့တည်း၊ဤသုံးပါးကုန်သောတရားတို့သည် ကုသိုလ်တို့တည်း။

http://www.dhammadownload.com



ဝစ္ဆ အသက်သတ်ခြင်းသည် အကုသိုလ်တည်း၊ အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်းသည် ကုသိုလ်တည်း။ ဝစ္ဆ မပေးသော ဥစ္စာကို ခိုးယူခြင်းသည် အကုသိုလ်တည်း၊ မပေးသော ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်းသည် ကုသိုလ်တည်း။ ဝစ္ဆ ကာမဂုဏ်တို့၌ မှောက်မှားသော အကျင့်သည် အကုသိုလ်တည်း၊ ကာမဂုဏ်တို့၌ မှောက်မှားသောအကျင့်မှ ရှောင်ကြဉ်ခြင်းသည် ကုသိုလ်တည်း။ ဝစ္ဆ မဟုတ်မမှန်ပြောဆိုခြင်းသည် အကုသိုလ်တည်း၊ မဟုတ်မမှန် ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်းသည် ကုသိုလ်တည်း။ ဝစ္ဆ ကုန်းတိုက်စကား ပြောဆိုခြင်းသည် အကုသိုလ်တည်း။ ကုန်းတိုက်စကား ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်းသည် ကုသိုလ်တည်း။ ဝစ္ဆ ကြမ်းသောစကားကို ပြောဆိုခြင်းသည် အကုသိုလ်တည်း၊ကြမ်းသောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်းသည် ကုသိုလ်တည်း။ဝစ္ဆ အဖျင်းပြောခြင်းသည် အကုသိုလ်တည်း၊ အဖျင်းပြော ဆိုခြင်းမှ ရှောင်ကြဉ်ခြင်းသည် ကုသိုလ်တည်း။ ဝစ္ဆ သူတပါးဥစ္စာကို ရှေးရှုကြံစည်ခြင်းသည် အကုသိုလ်တည်း၊ သူတပါးဥစ္စာကို ရှေးရှုကြံစည်ခြင်းမှ ရှောင်ကြဉ်ခြင်းသည် ကုသိုလ်တည်း။ ဝစ္ဆ သတ္တဝါတို့ကို ပျက်စီးစေလိုခြင်းသည် အကုသိုလ်တည်း၊ မပျက်စီးစေလိုခြင်းသည် ကုသိုလ်တည်း။ ဝစ္ဆ မှားသောအမြင်သည် အကုသိုလ်တည်း၊ မှန်သော အမြင်သည် ကုသိုလ်တည်း။ ဝစ္ဆ ဤသို့လျှင် ဤဆယ်ပါးသော တရားတို့သည် အကုသိုလ်တို့တည်း၊ ဆယ်ပါးသော တရားတို့သည် ကုသိုလ်တို့တည်း။

ဝစ္ဆ ရဟန်းအား တဏှာသည် ပယ်ပြီး အမြစ်ပြတ်ပြီး ထန်းပင်ငုတ်ကဲ့သို့ တဖန်မဖြစ်အောင် ပြုပြီးဖြစ်သောကြောင့် တဖန် ဖြစ်ပေါ်ခြင်း သဘောမရှိသောကြောင့် ထိုရဟန်းသည် ရဟန္တာ တည်း၊ ကုန်ပြီးသော အာသဝေါရှိ၏၊ ကျင့်သုံးပြီးသော မြတ်သောအကျင့်ရှိ၏၊ ပြုပြီးသောအမှုရှိ၏၊ ချထားပြီးသော ဝန်ရှိ၏၊ရောက်ပြီး ရပြီးသော မိမိအကျိုးစီးပွါးရှိ၏၊ ကုန်ပြီးသော သံယောဇဉ်ရှိ၏၊ ကောင်းစွာသိ၍ ကိလေသာမှ လွတ်ပြီဟု (မိန့်တော်မူ၏)။

၁၉၅။ အသျှင်ဂေါတမကို ထားပါဦး၊ အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါ မရှိသော လွတ်မြောက်သော 'အရဟတ္တဖိုလ်'စိတ်နှင့် လွတ်မြောက်သော 'အရဟတ္တဖိုလ်'ပညာကို မျက်မှောက်ဘဝ၌သာလျှင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုကာ ပြည့်စုံစေ၍ နေနိုင်သော အသျှင်ဂေါတမ၏ တပည့်ဖြစ်သော တပါးသော ရဟန်းမျှလည်း ရှိပါ၏လော ဟု (လျှောက်၏)။ ဝစ္ဆ အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါမရှိသော လွတ်မြောက်သော 'အရဟတ္တဖိုလ်'စိတ်နှင့် လွတ်မြောက်သော 'အရဟတ္တဖိုလ်'ပညာကို မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုကာ ပြည့်စုံစေ၍နေသော ငါ၏တပည့် ဖြစ်သော ရဟန်းတို့သည် တရာ နှစ်ရာ သုံးရာ လေးရာ ငါးရာလည်းမက စင်စစ်အားဖြင့် လွန်စွာ များ ကုန်သည်သာတည်းဟု (မိန့်တော်မူ၏)။

အသျှင်ဂေါတမကို ထားပါဦး၊ ရဟန်းတို့ကို ထားပါဦး၊ အာသဝေါတရားတို့ ကုန်ခြင်းကြောင့် အာသဝေါမရှိသော လွတ်မြောက်သော 'အရဟတ္တဖိုလ်'စိတ်နှင့် လွတ်မြောက်သော 'အရဟတ္တဖိုလ်' ပညာကို မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုကာ ပြည့်စုံစေ၍ နေနိုင်သော အသျှင်ဂေါတမ၏ တပည့်မဖြစ်သော တယောက်သော ရဟန်းမိန်းမမျှလည်း ရှိပါ၏ လော ဟု (လျှောက်၏)။ ဝစ္ဆ အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါမရှိသော လွတ် မြောက်သော 'အရဟတ္တဖိုလ်'စိတ်နှင့် လွတ်မြောက်သော 'အရဟတ္တဖိုလ်'ပညာကို မျက်မှောက်

http://www.dhammadownload.com



ဘဝ၌ပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုကာ ပြည့်စုံစေ၍ နေနိုင်သော ငါ၏ တပည့်မဖြစ်သော ရဟန်းမိန်းမဘို့သည် တရာ နှစ်ရာ သုံးရာ လေးရာ ငါးရာလည်းမက စင်စစ်အားဖြင့် လွန်စွာများကုန်သည်သာတည်းဟု (မိန့်တော်မူ၏)။

အချင်ဝေါတမကို ထားပါဦး၊ ရဟန်းတို့ကို ထားပါဦး၊ ရဟန်းမိန်းမတို့ကို ထားပါဦး၊ အောက်အဖို့၌ ဖြစ်စေတတ်သော သံယောဇဉ်ငါးပါးတို့၏ကုန်ခြင်းကြောင့် ဥပပါတ်ပဋိသန္ဓေတည်နေသော ထိုဗြဟ္မာ့ပြည်၌ ပရိနိဗ္ဗာန်ပြုမည်ဖြစ်သော ထိုဗြဟ္မာ့ပြည်မှ ဆုတ်နစ်ပြန်လည်ခြင်းသဘောမရှိသော အချင်ဝေါတမ၏တပည့်ဖြစ်သော အဝတ်ဖြူကို ဝတ်သော မြတ်သော အကျင့်ကို ကျင့်သော လူဖြစ်သော တယောက်သော ဥပါသကာမျှလည်း ရှိပါ၏လော ဟု (လျှောက်၏)။ ဝစ္ဆ အောက်အဖို့၌ ဖြစ်စေတတ်သော သံယောဇဉ်ငါးပါးတို့၏ ကုန်ခြင်းကြောင့် ဥပပါတ် ပဋိသန္ဓေတည်နေသော ထိုဗြဟ္မာ့ပြည်၌ ပရိနိဗ္ဗာန်ပြုမည်ဖြစ်သော ထိုဗြဟ္မာ့ပြည်မှ ဆုတ်နစ်ပြန်လည်ခြင်းသဘောမရှိသော ငါ၏တပည့်ဖြစ်သော အဝတ်ဖြူကို ဝတ်သော မြတ်သော အကျင့်ကိုကျင့်သော လူ ဥပါသကာတို့သည် တရာ နှစ်ရာ သုံးရာ လေးရာ ငါးရာလည်းမက စင်စစ်အားဖြင့် လွန်စွာများကုန်သည်သာတည်း ဟု (မိန့်တော်မူ၏)။

အချင်ဝေါတမကို ထားပါဦး၊ ရဟန်းတို့ကို ထားပါဦး၊ ရဟန်း မိန်းမတို့ကို ထားပါဦး၊ အဝတ်ဖြူကို ဝတ်ကုန်သော မြတ်သောအကျင့်ကို ကျင့်ကုန်သော လူဥပါသကာတို့ကို ထားပါဦး၊ ဆရာ့အဆုံးအမ၌ ယုံမှားခြင်းကို လွန်မြောက်ပြီးသည်ဖြစ်၍ သို့လော သို့လော တွေးတောခြင်း ကင်းသည်ဖြစ်၍ ရဲရင့်ခြင်း သို့ရောက်သည်ဖြစ်၍ သူတပါးကြောင့် ယုံကြည်သူ မဟုတ်ပဲ မြတ်စွာဘုရားအဆုံးအမ၌ နေသော အဝတ်ဖြူကို ဝတ်၍ ကာမဂုဏ်ကို ခံစားလျက် အချင်ဝေါတမ၏ အဆုံးအမအတိုင်း လိုက်နာသော သွန်သင်သည့်အတိုင်း လိုက်နာသော လူဥပါသကာတယောက်မျှလည်း ရှိပါ၏လော ဟု (လျှောက်၏)။ ဝစ္ဆ ဆရာ့အဆုံးအမ၌ ယုံမှားခြင်းကို လွန်မြောက်ပြီးသည်ဖြစ်၍ သို့လော သို့လော တွေးတောခြင်း ကင်းသည်ဖြစ်၍ ရဲရင့်ခြင်းသို့ ရောက်သည်ဖြစ်၍ သူတပါးကြောင့် ယုံကြည်သူမဟုတ်ပဲ မြတ်စွာဘုရား အဆုံးအမ၌နေသောငါ၏ တပည့်ဖြစ်သော အဝတ်ဖြူကိုဝတ်လျက် ကာမဂုဏ်ကိုခံစားလျက် အဆုံးအမအတိုင်း လိုက်နာသော သွန်သင်သည့်အတိုင်း လိုက်နာသော လူဥပါသကာတို့သည် တရာ နှစ်ရာ သုံးရာ လေးရာ ငါးရာလည်းမက စင်စစ်အားဖြင့် လွန်စွာ များကုန်သည်သာတည်း ဟု (မိန့်တော်မူ၏)။

အချင်ဝေါတမကို ထားပါဦး၊ ရဟန်းတို့ကို ထားပါဦး၊ ရဟန်းမိန်းမတို့ကို ထားပါဦး၊ အဝတ်ဖြူကိုဝတ်သော မြတ်သော အကျင့်ကို ကျင့်သော လူဥပါသကာတို့ကိုထားပါဦး၊ အဝတ်ဖြူကို ဝတ်သော ကာမဂုဏ်ကို ခံစားသော လူဥပါသကာတို့ကို ထားပါဦး၊ အောက်အဖို့၌ဖြစ်စေတတ်သော သံယောဇဉ် ငါးပါးတို့၏ ကုန်ခြင်းကြောင့် ဗြဟ္မာ့ပြည်၌ ဥပပါတ်ပဋိသန္ဓေတည်နေသော ထိုဗြဟ္မာ့ပြည်၌ ပရိနိဗ္ဗာန်ပြုမည်ဖြစ်သော ထိုဗြဟ္မာ့ပြည်မှဆုတ်နစ်ပြန်လည်ခြင်း သဘောမရှိသော အချင်ဝေါတမ၏ တပည့်မဖြစ်သော အဝတ်ဖြူကို ဝတ်သော မြတ်သော အကျင့်ကိုကျင့်သော လူဥပါသိကာမတယောက်မျှလည်း ရှိပါ၏လော ဟု (လျှောက်၏)။

ဝစ္ဆ အောက်အဖို့၌ ဖြစ်စေတတ်သော သံယောဇဉ်ငါးပါးတို့၏ ကုန်ခြင်းကြောင့် ဗြဟ္မာ့ပြည်၌ ဥပပါတ်ပဋိသန္ဓေတည်နေ၍ ထိုဗြဟ္မာ့ပြည်၌ ပရိနိဗ္ဗာန်ပြုမည်ဖြစ်သော ထိုဗြဟ္မာ့ပြည်မှ ဆုတ်နစ်

http://www.dhammadownload.com



ပြန်လည်ခြင်း သဘောမရှိသော ငါ၏တပည့်မ ဖြစ်သော အဝတ်ဖြူကိုဝတ်သော မြတ်သော အကျင့်ကို ကျင့်သော လူဥပါသိကာမ တို့သည် တရာ နှစ်ရာ သုံးရာ လေးရာ ငါးရာလည်းမက စင်စစ်အားဖြင့် များကုန်သည်သာတည်း ဟု (မိန့်တော်မူ၏)။

အသျှင်ဂေါတမကို ထားပါဦး၊ ရဟန်းတို့ကို ထားပါဦး၊ ရဟန်းမိန်းမတို့ကို ထားပါဦး၊ အဝတ်ဖြူကို ဝတ်ကုန်သော မြတ်သော အကျင့်ကို ကျင့်ကုန်သော လူဥပါသကာတို့ကို ထားပါဦး၊ အဝတ်ဖြူကို ဝတ်ကုန်သော ကာမဂုဏ်ကို ခံစားကုန်သော လူဥပါသကာတို့ကို ထားပါဦး၊အဝတ်ဖြူကို ဝတ်ကုန်သော မြတ်သောအကျင့်ကို ကျင့်ကုန်သော လူဥပါသိကာမတို့ကို ထားပါဦး၊ အရှင်ဘုရား အဆုံးအမ၌ ယုံမှားခြင်းကို လွန်မြောက်ပြီးသည်ဖြစ်၍ သို့လော သို့လော တွေးတောခြင်း ကင်းသည်ဖြစ်၍ ရဲရင့်ခြင်းသို့ရောက်သည်ဖြစ်၍ သူတပါးတို့ကြောင့် ယုံကြည်သူမဟုတ်ပဲ မြတ်စွာဘုရား အဆုံးအမ၌ နေသော အသျှင်ဂေါတမ၏တပည့်မဖြစ်သောအဝတ်ဖြူကို ဝတ်၍ ကာမဂုဏ်ကိုခံစားလျက် အဆုံးအမအတိုင်း လိုက်နာသော သွန်သင်သည့်အတိုင်း လိုက်နာသော လူဥပါသိကာမတယောက်မျှလည်း ရှိပါ၏လော ဟု (လျှောက်၏)။

ဝစ္ဆ အရှင့်အဆုံးအမ၌ ယုံမှားခြင်းကို လွန်မြောက်ပြီးသည်ဖြစ်၍ သို့လော သို့လော တွေးတောခြင်း ကင်းသည်ဖြစ်၍ ရဲရင့်ခြင်းသို့ရောက်သည်ဖြစ်၍ သူတပါးကြောင့် ယုံကြည်သူမဟုတ်ပဲ မြတ်စွာဘုရားအဆုံးအမ၌နေသော ငါ၏တပည့်မဖြစ်ကုန်သော အဝတ်ဖြူကို ဝတ်၍ ကာမဂုဏ်ကို ခံစားလျက် အဆုံးအမအတိုင်း လိုက်နာသော သွန်သင်သည့် အတိုင်း လိုက်နာသော လူဥပါသိကာမတို့သည် တရာ နှစ်ရာ သုံးရာ လေးရာ ငါးရာလည်းမက စင်စစ်အားဖြင့် လွန်စွာ များကုန်သည်သာလျှင်တည်းဟု (မိန့်တော်မူ၏)။

၁၉၆။ အသျှင်ဂေါတမ ဤတရားကို အကယ်၍ အသျှင်ဂေါတမသာလျှင် ပြည့်စုံစေနိုင်၍ ရဟန်းတို့သည် မပြည့်စုံစေနိုင်ကုန်ငြားအံ့၊ ထိုအကြောင်းကြောင့် ဤမြတ်သော အကျင့်သည် ဤသို့ ပြည့်စုံခြင်း မဖြစ်ရာ။ အသျှင်ဂေါတမ ဤတရားကို အသျှင်ဂေါတမလည်း ပြည့်စုံစေနိုင်၍ ရဟန်းတို့လည်း ပြည့်စုံစေနိုင်ကုန်သောကြောင့် ဤမြတ်သော အကျင့်သည် ဤသို့ ပြည့်စုံ၏။

အသျှင်ဂေါတမ ဤတရားကို အကယ်၍ အသျှင်ဂေါတမနှင့် ရဟန်းတို့သာ ပြည့်စုံစေနိုင်၍ ရဟန်းမိန်းမတို့သည် မပြည့်စုံစေနိုင်ကုန်ငြားအံ့၊ ထိုအကြောင်းကြောင့် ဤမြတ်သောအကျင့်သည် ဤသို့ ပြည့်စုံခြင်း မဖြစ်ရာ။

အသျှင်ဂေါတမ ဤတရားကို အသျှင်ဂေါတမနှင့် ရဟန်း ရဟန်းမိန်းမတို့လည်း ပြည့်စုံစေနိုင်ကုန်သောကြောင့် ဤမြတ်သောအကျင့်သည် ဤသို့ ပြည့်စုံ၏။

အသျှင်ဂေါတမ ဤတရားကို အကယ်၍ အသျှင်ဂေါတမနှင့် ရဟန်း ရဟန်းမိန်းမတို့သာ ပြည့်စုံစေနိုင်ကုန်၍ အဝတ်ဖြူကို ဝတ်ကုန်သော မြတ်သောအကျင့်ကိုကျင့်ကုန်သော လူဥပါသကာတို့သည် မပြည့်စုံစေနိုင်ကုန်ငြားအံ့၊ထိုအကြောင်းကြောင့် ဤမြတ်သောအကျင့်သည် ဤသို့ ပြည့်စုံခြင်း မဖြစ်ရာ။

http://www.dhammadownload.com



အသျှင်ဂေါတမ ဤတရားကို အသျှင်ဂေါတမနှင့် ရဟန်း ရဟန်းမိန်းမ အဝတ်ဖြူကို ဝတ်ကုန်သော မြတ်သောအကျင့်ကို ကျင့်ကုန်သော လူဥပါသကာတို့သည်လည်း ပြည့်စုံနိုင်ကြကုန်သောကြောင့် ဤမြတ်သောအကျင့်သည် ဤသို့ ပြည့်စုံ၏။

အသျှင်ဂေါတမ ဤတရားကို အကယ်၍ အသျှင်ဂေါတမနှင့် ရဟန်း ရဟန်းမိန်းမ အဝတ်ဖြူကို ဝတ်ကုန်သော မြတ်သောအကျင့်ကို ကျင့်ကုန်သော လူဥပါသကာတို့သာ ပြည့်စုံစေနိုင်ကုန်၍ အဝတ်ဖြူကို ဝတ်ကုန်သော ကာမဂုဏ်ကိုခံစားကုန်သော လူဥပါသကာတို့သည် မပြည့်စုံစေနိုင်ကုန်ငြားအံ့၊ ဟိုအကြောင်းကြောင့် ဤမြတ်သောအကျင့်သည် ဤသို့ ပြည့်စုံခြင်း မဖြစ်ရာ။

အသျှင်ဂေါတမ ဤတရားကို အသျှင်ဂေါတမနှင့် ရဟန်း ရဟန်းမိန်းမ အဝတ်ဖြူကို ဝတ်ကုန်သော မြတ်သောအကျင့်ကို ကျင့်ကုန်သော လူဥပါသကာအဝတ်ဖြူကို ဝတ်ကုန်သော ကာမဂုဏ်ကို ခံစားကုန်သော လူဥပါသကာတို့လည်း ပြည့်စုံစေနိုင်ကုန်သောကြောင့် ဤမြတ်သောအကျင့်သည် ဤသို့ ပြည့်စုံ၏။

အသျှင်ဂေါတမ ဤတရားကို အကယ်၍ အသျှင်ဂေါတမနှင့် ရဟန်း ရဟန်းမိန်းမ အဝတ်ဖြူကို ဝတ်ကုန်သော မြတ်သောအကျင့်ကို ကျင့်ကုန်သော လူဥပါသကာ အဝတ်ဖြူကို ဝတ်ကုန်သော ကာမဂုဏ်ကို ခံစားကုန်သော လူဥပါသကာတို့သာ ပြည့်စုံစေနိုင်ကုန်၍ အဝတ်ဖြူကို ဝတ်ကုန်သော မြတ်သော အကျင့်ကို ကျင့်ကုန်သော လူဥပါသိကာမတို့သည် မပြည့်စုံစေနိုင်ကုန်ငြားအံ့၊ ထိုအကြောင်းကြောင့် ဤမြတ်သောအကျင့်သည် ဤသို့ ပြည့်စုံခြင်း မဖြစ်ရာ။

အသျှင်ဂေါတမ ဤတရားကို အသျှင်ဂေါတမနှင့် ရဟန်း ရဟန်းမိန်းမ အဝတ်ဖြူကို ဝတ်ကုန်သော မြတ်သောအကျင့်ကို ကျင့်ကုန်သော လူဥပါသကာ အဝတ်ဖြူကို ဝတ်ကုန်သော ကာမဂုဏ်ကို ခံစားကုန်သော လူဥပါသကာ အဝတ်ဖြူကို ဝတ်ကုန်သော မြတ်သောအကျင့်ကို ကျင့်ကုန်သော လူဥပါသိကာမတို့လည်း ပြည့်စုံစေနိုင်ကုန်သောကြောင့် ဤမြတ်သောအကျင့်သည် ဤသို့ ပြည့်စုံ၏။

အသျှင်ဂေါတမ ဤတရားကို အကယ်၍ အသျှင်ဂေါတမနှင့် ရဟန်း ရဟန်းမိန်းမ အဝတ်ဖြူကို ဝတ်ကုန်သော မြတ်သောအကျင့်ကို ကျင့်ကုန်သော လူဥပါသကာ အဝတ်ဖြူကို ဝတ်ကုန်သော ကာမဂုဏ်ကို ခံစားကုန်သော လူဥပါသကာ အဝတ်ဖြူကို ဝတ်ကုန်သော မြတ်သောအကျင့်ကို ကျင့်ကုန်သော လူဥပါသိကာမတို့သာ ပြည့်စုံစေနိုင်ကုန်သည်ဖြစ်၍ အဝတ်ဖြူကို ဝတ်ကုန်သော ကာမဂုဏ်ကို ခံစားကုန်သော လူဥပါသိကာမတို့သည် မပြည့်စုံစေနိုင်ကုန်ငြားအံ့၊ ထိုအကြောင်းကြောင့် ဤမြတ်သောအကျင့်သည် ဤသို့ ပြည့်စုံခြင်း မဖြစ်ရာ။

အသျှင်ဂေါတမ ဤတရားကို အသျှင်ဂေါတမနှင့် ရဟန်း ရဟန်းမိန်းမ အဝတ်ဖြူကို ဝတ်ကုန်သော မြတ်သောအကျင့်ကို ကျင့်ကုန်သော လူဥပါသကာ အဝတ်ဖြူကို ဝတ်ကုန်သော ကာမဂုဏ်ကိုခံစားကုန်သော လူဥပါသကာ အဝတ်ဖြူကို ဝတ်ကုန်သော မြတ်သောအကျင့်ကို ကျင့်ကုန်သော လူဥပါသိကာမ အဝတ်ဖြူကို ဝတ်ကုန်သော ကာမဂုဏ်ကိုခံစားကုန်သော လူဥပါသိကာမတို့လည်း ပြည့်စုံစေနိုင်ကုန်သောကြောင့် ဤမြတ်သောအကျင့်သည် ဤသို့ ပြည့်စုံ၏၊

http://www.dhammadownload.com



၁၉၇။ အသျှင်ဂေါတမ ဥပမာသော်ကား ဂင်္ဂါမြစ်သည် သမုဒ္ဒရာသို့ ညွတ်၍ သမုဒ္ဒရာသို့ ကိုင်း၍ သမုဒ္ဒရာသို့ ရှိုင်း၍ သမုဒ္ဒရာသို့ ဦးဆိုက်၍ တည်သကဲ့သို့ ဤအတူ အသျှင်ဂေါတမ၏ ရဟန်းရှင်လူနှင့်တကွသော ဤပရိသတ်သည် နိဗ္ဗာန်သို့ ညွတ်၏၊နိဗ္ဗာန်သို့ ကိုင်း၏၊ နိဗ္ဗာန်သို့ ရှိုင်း၏၊ နိဗ္ဗာန်ကို ဦးဆိုက်၍ တည်၏။

အသျှင်ဂေါတမ (တရားတော်သည်) အလွန် နှစ်သက်ဖွယ် ရှိပါပေ၏။ပ။ ထိုအကျွန်ုပ်သည် အသျှင်ဂေါတမကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ ရဟန်းအပေါင်းကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ အကျွန်ုပ်သည် အသျှင်ဂေါတမ၏ အထံ၌ ရှင်အဖြစ်ကို ရလိုပါ၏၊ ပဉ္စင်းအဖြစ်ကို ရလိုပါ၏ ဟု (လျှောက်ထား၏)။

ဝစ္ဆ အခြားအယူဝါဒရှိသော တိတ္ထိတို့ အထံ၌ ရဟန်းပြုဘူးသော အကြင်သူသည် ဤသုတ်အဘိဓမ္မာ ဝိနည်းတည်းဟူသော ဤသာသနာတော်၌ ရှင်အဖြစ်ကို အလိုရှိငြားအံ့၊ ပဉ္စင်းအဖြစ်ကို အလိုရှိငြားအံ့၊ထိုသူသည် လေးလတို့ပတ်လုံး ပရိဝါသ်နေရ၏၊ လေးလလွန်သဖြင့် နှစ်သက်အားရသော စိတ်ရှိကုန်သော ရဟန်းတို့သည် ရှင်ပြုကုန်လတ္တံ့၊ ရဟန်းဖြစ်ခြင်းငှါ ပဉ္စင်းခံပေးကြကုန်လတ္တံ့၊သို့ပင်ဖြစ်လင့်ကစား ဤအရာ၌ ပုဂ္ဂိုလ်ထူးခြားသော အဖြစ်ကို သိအပ်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား အကယ်၍ သာသနာမှ အခြားအယူဝါဒရှိသော တိတ္ထိတို့အထံ၌ ရဟန်းပြုဘူးသောသူသည် ဤသုတ်အဘိဓမ္မာ ဝိနည်းတည်းဟူသော သာသနာတော်၌ ရှင်အဖြစ်ကို အလိုရှိကုန်သည်ရှိသော် ပဉ္စင်းအဖြစ်ကို အလိုရှိကုန်သည်ရှိသော် လေးလတို့ပတ်လုံး ပရိဝါသ်နေကြရကုန်ငြားအံ့၊ လေးလလွန်သဖြင့် နှစ်သက်အားရသော စိတ်ရှိကြကုန်သော ရဟန်းတော်တို့သည် ရှင်ပြု၍ ပေးကုန်ငြားအံ့၊ ရဟန်း ဖြစ်ခြင်းငှါ ပဉ္စင်းခံ၍ ပေးကုန်ငြားအံ့။ (သို့ဖြစ်ခဲ့သော်) အကျွန်ုပ်သည် လေးနှစ်တို့ပတ်လုံး ပရိဝါသ်နေပါအံ့၊ လေးနှစ်တို့ကို လွန်သဖြင့် နှစ်သက်အားရသော စိတ်ရှိကုန်သော ရဟန်းတို့သည် ရှင်ပြုတော်မူကြပါစေကုန်သတည်း၊ ရဟန်းဖြစ်ခြင်းငှါ ပဉ္စင်းခံ၍ ပေးကြပါစေကုန်သတည်း ဟု (လျှောက်၏)။

ဝစ္ဆဂေါတ္တပရိဗိုဇ်သည် မြတ်စွာဘုရား၏အထံတော်၌ ရှင်အဖြစ်ကို ရပြီ၊ပဉ္စင်းအဖြစ်ကို ရပြီ။ ရဟန်းပြု၍ မကြာမြင့်သေးသော ပဉ္စင်းဖြစ်၍ တဝက်သာရှိသော အသျှင်ဝစ္ဆဂေါတ္တသည် မြတ်စွာဘုရားထံချဉ်းကပ်၍ ရှိသေစွာရှိခိုးပြီးလျှင် သင့်လျော်ရာ၌ထိုင်ကာ မြတ်စွာဘုရားအား— "အသျှင်ဘုရား ကျင့်ဆဲ'သေက္ခ'ပုဂ္ဂိုလ်တို့၏ ဉာဏ် ကျင့်ဆဲ 'သေက္ခ'ပုဂ္ဂိုလ်တို့၏ဝိဇ္ဇာဖြင့် ရောက်သင့် ရောက်ထိုက်သော တရားသို့ အကျွန်ုပ်ကပ်ရောက်ပါပြီ၊ မြတ်စွာဘုရားသည် အကျွန်ုပ်အား ထို့ထက်လွန်မြတ်သော တရားကို ဟောတော်မူပါဦးလော့" ဟု (လျှောက်၏)။

ဝစ္ဆ ထိုသို့ဖြစ်မူ သမထဘာဝနာ ဝိပဿနာဘာဝနာ ဤနှစ်ပါးသောတရားတို့ကို သင်သည် အလွန်ပွါးများလော့၊ ဝစ္ဆ သင်သည် အလွန်အားဖြင့် သမထဘာဝနာ ဝိပဿနာဘာဝနာဟူသော ဤနှစ်ပါးသော တရားတို့ကို အလွန်ပွါးများသည်ရှိသော် များစွာသော ဓာတ်တို့ကို ထိုးထွင်း၍ သိခြင်းငှါ ဖြစ်လတ္တံ့။

၁၉၈။ ဝစ္ဆ "များသော အစီအရင်ရှိသော တန်ခိုးဖန်ဆင်းခြင်းကို အဖန်ဖန် အစဉ်ခံစားနိုင်ရာ၏၊တယောက်တည်းဖြစ်လျက်လည်း အများဖြစ်နိုင်ရာ၏၊အများဖြစ်လျက်လည်း တယောက်

http://www.dhammadownload.com



တည်း ဖြစ်နိုင်ရာ၏၊ မျက်မှောက်အဖြစ်သို့ရင်း မျက်ကွယ်အဖြစ်သို့ရင်း နံရံတဖက်သို့ရင်း တံတိုင်းတဖက်သို့ရင်း တောင်တဖက်သို့ရင်း မထိပါးပဲ သွားလာနိုင်ရာ၏။ ဥပမာအားဖြင့် ကောင်းကင်၌ကဲ့သို့တည်း။ မြေ၌လည်း ငုတ်ခြင်း ပေါ်ခြင်းကို ပြုနိုင်ရာ၏၊ ဥပမာအားဖြင့် ရေ၌ကဲ့သို့တည်း။ ရေ၌လည်း မနစ်မြုပ်ပဲ သွားလာနိုင်ရာ၏၊ ဥပမာအားဖြင့် မြေအပြင်၌ကဲ့သို့တည်း။ ကောင်းကင်၌လည်း ထက်ဝယ်ဖွဲ့ခွေသဖြင့် သွားနိုင်ရာ၏၊ ဥပမာအားဖြင့် အတောင်ရှိသော ငှက်ကဲ့သို့တည်း။ ဤသို့ ကြီးသောတန်ခိုး ကြီးသော အာနုဘော်ရှိကုန်သော ဤလနေ့တို့ကိုသော်လည်း လက်ဖြင့် သုံးသပ်နိုင်ရာ၏၊ ပွတ်တိုက်နိုင်ရာ၏၊ ဗြဟ္မာ့ပြည်တိုင်အောင်လည်း ကိုယ်ဖြင့် မိမိအလိုသို့ လိုက်စေနိုင်ရာ၏ဟု သင်အလိုရှိသမျှသော ထိုထိုအရာတို့၌ပင် သတိဘည်းဟူသော အကြောင်းရှိလတ်သော် သက်သေခံထိုက် သည့်အဖြစ်သို့ ရောက်လတ္တံ့။ (၁)

ဝစ္ဆ "လူတို့၏နားတို့လွန်သော အထူးသဖြင့် စင်ကြယ်သော နတ်တို့၏ နားနှင့်တူသော သောဘာဓာတ်ဖြင့် လူ၌ဖြစ်သောအသံ နတ်၌ဖြစ်သောအသံ အဝေး၌ဖြစ်သောအသံ အနီး၌ဖြစ်သော အသံ ဟု ဆိုအပ်ကုန်သော အကြင်နှစ်ပါးသောအသံတို့ကို ကြားနိုင်ရာ၏"ဟု သင်အလိုရှိသမျှသော ထိုထိုအရာတို့၌ပင် သတိဘည်းဟူသော အကြောင်းရှိလတ်သော် သက်သေခံထိုက်သည့်အဖြစ်သို့ ရောက်လတ္တံ့။ (၂)

ဝစ္ဆ "မိမိ၏စိတ်ဖြင့် တပါးသော သတ္တဝါ တပါးသောပုဂ္ဂိုလ်တို့၏စိတ်ကို ပိုင်းခြား၍ သိနိုင်ရာ၏၊ ရာဂနှင့်တကွဖြစ်သောစိတ်ကိုလည်း ရာဂနှင့်တကွဖြစ်သောစိတ်ဟု ပိုင်းခြား၍ သိနိုင်ရာ၏၊ ရာဂကင်းသော စိတ်ကိုလည်း ရာဂကင်းသော စိတ်ဟု ပိုင်းခြား၍ သိနိုင်ရာ၏၊ ဒေါသနှင့် တကွဖြစ်သော စိတ်ကိုလည်း ဒေါသနှင့်တကွ ဖြစ်သောစိတ်ဟု ပိုင်းခြား၍ သိနိုင်ရာ၏၊ ဒေါသကင်းသောစိတ်ကိုလည်း ဒေါသကင်းသောစိတ်ဟု ပိုင်းခြား၍ သိနိုင်ရာ၏၊ မောဟနှင့် တကွဖြစ်သော စိတ်ကိုလည်း မောဟနှင့်တကွဖြစ်သောစိတ်ဟု ပိုင်းခြား၍ သိနိုင်ရာ၏၊ မောဟကင်းသော စိတ်ကိုလည်း မောဟကင်းသောစိတ်ဟု ပိုင်းခြား၍ သိနိုင်ရာ၏၊ တွန့်သော စိတ်ကိုလည်း တွန့်သောစိတ်ဟု ပိုင်းခြား၍ သိနိုင်ရာ၏၊ ပြန့်လွင့်သောစိတ်ကိုလည်း ပြန့်လွင့်သောစိတ်ဟု ပိုင်းခြား၍ သိနိုင်ရာ၏၊ မြတ်သော စိတ်ကိုလည်း မြတ်သောစိတ်ဟု ပိုင်းခြား၍ သိနိုင်ရာ၏၊ အမြတ်မဟုတ်သော စိတ်ကိုလည်း အမြတ်မဟုတ်သော စိတ်ဟု ပိုင်းခြား၍ သိနိုင်ရာ၏၊ မိမိထက် လွန်မြတ်သော စိတ်ရှိသော (လောကီ) စိတ်ကိုလည်း မိမိထက်လွန်မြတ်သော စိတ်ရှိသော (လောကီ) စိတ်ဟု ပိုင်းခြား၍ သိနိုင်ရာ၏၊ မိမိထက် လွန်မြတ်သော စိတ်မရှိသော လောကုတ္တရာစိတ်ကိုလည်း မိမိထက် လွန်မြတ်သော စိတ်မရှိသော လောကုတ္တရာစိတ်ဟု ပိုင်းခြား၍ သိနိုင်ရာ၏။ တည်ကြည်သော စိတ်ကိုလည်း တည်ကြည်သောစိတ်ဟု ပိုင်းခြား၍ သိနိုင်ရာ၏၊ မတည်ကြည်သော စိတ်ကိုလည်း မတည်ကြည်သောစိတ်ဟု ပိုင်းခြား၍ သိနိုင်ရာ၏။ ကိလေသာမှ လွတ်သောစိတ်ကိုလည်း ကိလေသာမှ လွတ်သောစိတ်ဟု ပိုင်းခြား၍ သိနိုင်ရာ၏၊ ကိလေသာမှ မလွတ်သော စိတ်ကိုလည်း ကိလေသာမှမလွတ်သော စိတ်ဟု ပိုင်းခြား၍ သိနိုင်ရာ၏"ဟု သင်အလိုရှိသမျှသော ထိုထိုအရာတို့၌ပင် သတိတည်းဟူသော အကြောင်းရှိလတ်သော် သက်သေခံထိုက်သည့် အဖြစ်သို့ ရောက်လတ္တံ့။ (၃)

ဝစ္ဆ "များသော အစီအရင်ရှိသော ရှေးကနေခဲ့ဘူးသောခန္ဓာအစဉ်ကို အောက်မေ့နိုင်ရာ၏၊ ဤရှေးကနေခဲ့ဘူးသော ခန္ဓာအစဉ်ဟူသည် အဘယ်နည်း—ဘဝတဘဝကိုရင်း နှစ်ဘဝတို့ကိုရင်း သုံးဘဝတို့ကိုရင်း လေးဘဝတို့ကိုရင်း ငါးဘဝတို့ကိုရင်း ဆယ်ဘဝတို့ကိုရင်း နှစ်ဆယ်သောဘဝတို့ကိုရင်း

http://www.dhammadownload.com



သုံးဆယ်သောဘဝတို့ကိုရင်း လေးဆယ်သောဘဝတို့ကိုရင်း ငါးဆယ်သောဘဝတို့ကိုရင်း တရာသော ဘဝကိုရင်း တထောင်သောဘဝကိုရင်း တသိန်းသောဘဝကိုရင်း များစွာသော ပျက်ဆဲသံဝဋ္ဋကပ်တို့ကိုရင်း များစွာသော ဖြစ်ဆဲ ဝိဝဋ္ဋကပ်တို့ကိုရင်း များစွာသော ပျက်ဆဲဖြစ်ဆဲ သံဝဋ္ဋဝိဝဋ္ဋကပ်တို့ကိုရင်း အောက်မေ့နိုင်၏၊ 'ဤမည်သော ဘဝ၌ ဤသို့သောအမည် ဤသို့သောအနွယ် ဤသို့သောအဆင်း ဤသို့သောအစာ အာဟာရရှိသည် ဤသို့သော ချမ်းသာဆင်းရဲကို ခံစားရသည် ဤသို့သောအသက်အပိုင်းအခြားရှိသည် ဖြစ်ဘူးပြီ၊ ထိုငါသည် ထိုဘဝမှ စုတေခဲ့၍ ဤဘဝ၌ ကပ်ရောက်ခဲ့၏' ဟူ၍ ဤသို့အခြင်းအရာနှင့်တကွ ညွှန်ပြဖွယ်(အမည်အနွယ်)နှင့်တကွ များစွာသောအစီအရင်ရှိသော ရှေးကနေခဲ့ဘူးသော ခန္ဓာအစဉ်ကို အောက်မေ့နိုင်ရာ၏" ဟု သင်အလိုရှိသမျှသော ထိုထိုအရာဘို့၌ပင် သတိတည်းဟူသော အကြောင်းရှိလတ်သော် သက်သေခံထိုက်သည့် အဖြစ်သို့ ရောက်လတ္တံ့။ (၄)

ဝစ္ဆ "လူတို့၏ မျက်စိအမြင်ကိုလွန်သော အထူးသဖြင့် စင်ကြယ်သော နတ်မျက်စိနှင့်တူသော ဉာဏ်မျက်စိဖြင့် စုတေဆဲသတ္တဝါ ပဋိသန္ဓေနေဆဲသတ္တဝါ ယုတ်သောသတ္တဝါ မြတ်သောသတ္တဝါ အဆင်းလှသောသတ္တဝါ အဆင်းမလှသောသတ္တဝါ ကောင်းသော လားရာရှိသောသတ္တဝါ မကောင်းသော လားရာရှိသောသတ္တဝါတို့ကို မြင်ရာ၏၊ ကံအားလျော်စွာ ကပ်ရောက်ကြရကုန်သော သတ္တဝါတို့ကို အပြားအားဖြင့် သိနိုင်ရာ၏။

အချင်းတို့ ဤသတ္တဝါဘို့သည် ကာယဒုစရိုက်နှင့်လည်း ပြည့်စုံကုန်၏၊ ဝစီဒုစရိုက်နှင့်လည်း ပြည့်စုံကုန်၏၊မနောဒုစရိုက်နှင့်လည်း ပြည့်စုံကုန်၏၊အရိယာသူတော်သူမြတ်တို့ကို စွပ်စွဲကဲ့ရဲ့တတ်ကုန်၏၊ မှားသောအယူရှိကုန်၏၊ မှားသောအယူ၏အစွမ်းဖြင့် အမှုကို ဆောက်တည်အပ်ကုန်၏၊ ထိုသတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းမှုပြုသူတို့ လားရာဖြစ်သော ဖရိုဖရဲ ကျရာဖြစ်သော ငရဲသို့ ကပ်ရောက်ကြရကုန်၏။

အချင်းတို့ ဤသတ္တဝါတို့သည်ကား ကာယသုစရိုက်နှင့်လည်း ပြည့်စုံကုန်၏၊ ဝစီသုစရိုက်နှင့်လည်း ပြည့်စုံကုန်၏၊မနောသုစရိုက်နှင့်လည်း ပြည့်စုံကုန်၏၊ အရိယာသူတော်သူမြတ်တို့ကို မစွပ်စွဲတတ်၊ မကဲ့ရဲ့တတ်ကုန်၊ကောင်းမြတ်သောအယူရှိကုန်၏၊ 'ကောင်းမြတ်သောအယူ၏' အစွမ်းဖြင့် အမှုကို ဆောက်တည်အပ်ကုန်၏၊ ထိုသတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းမှုကို ပြုသောသူဘို့၏ သွားရောက်ရာ ကောင်းမြတ်သော ရူပါရုံစသည်တို့၏ တည်ရာဖြစ်သော နတ်ပြည်သို့ ကပ်ရောက်ကြရကုန်၏' ဟူ၍ ဤသို့ လူတို့၏ မျက်စိကို လွန်သော အထူးသဖြင့် စင်ကြယ်သော နတ်မျက်စိနှင့်ဘူသော အဘိညာဏ်မျက်စိဖြင့် စုတေဆဲသတ္တဝါ ပဋိသန္ဓေနေဆဲသတ္တဝါ ယုတ်သောသတ္တဝါ မြတ်သောသတ္တဝါ အဆင်းလှသောသတ္တဝါ အဆင်းမလှသောသတ္တဝါ ကောင်းသောလားရာရှိသောသတ္တဝါ မကောင်းသော လားရာရှိသောသတ္တဝါတို့ကို မြင်ရာ၏၊ ကံအားလျော်စွာ ကပ်ရောက်ကြရကုန်သောသတ္တဝါတို့ကို အပြားအားဖြင့် သိနိုင်ရာ၏" ဟု သင်အလိုရှိသမျှသော ထိုထိုအရာတို့၌ပင် သတိဟူသောအကြောင်းရှိလတ်သော် သက်သေခံထိုက်သည့် အဖြစ်သို့ ရောက်လတ္တံ့။ (၅)

ဝစ္ဆ "အာသဝေါတရားတို့၏ကုန်ခြင်းကြောင့် အာသဝေါမရှိသော လွတ်မြောက်သော 'အရဟတ္တဖိုလ်' စိတ်နှင့် လွတ်မြောက်သော 'အရဟတ္တဖိုလ်' ပညာကို မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင်

http://www.dhammadownload.com



ထူးသောဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုကာ နေနိုင်ရာ၏”ဟု သင်အလိုရှိသော ထိုထိုအရာတို့၌ ပင် သတိဟူသော အကြောင်းရှိလတ်သော် သက်သေခံထိုက်သည့် အဖြစ်သို့ ရောက်လတ္တံ့ဟု (မိန့်တော်မူ၏)။ (၆)

၁၉၉။ ထိုအခါ အသျှင်ဝစ္ဆဂေါတ္တသည် ဘုရားသျှင်ဟောကြားသည်ကို အလွန် နှစ်သက် ဝမ်းမြောက်၍ နေရာမှ ထကာ မြတ်စွာဘုရားကို ရှိသေစွာရှိခိုးလျက် အရိုအသေပြု၍ ဖဲသွားလေ၏။ ထို့နောက် အသျှင်ဝစ္ဆဂေါတ္တသည် တပါးတည်း ဆိတ်ငြိမ်ရာသို့ ကပ်လျက် မမေ့မလျော့လုံ့လ ရှိသည်ဖြစ်၍ (နိဗ္ဗာန်)သို့ စေလွှတ်အပ်သော စိတ်ရှိလျက် နေသည်ရှိသော် မကြာမြင့်မီပင်လျှင် လူ့ဘောင်မှ ရဟန်းဘောင်၌ ရဟန်းပြုကုန်သော အမျိုးကောင်းသားများ မြော်လင့်ထားခဲ့ကြ သော အတုမဲ့သော မြတ်သောအကျင့်၏ ဆုံးခန်းတိုင်ရောက်မှုကို ကိုယ်တိုင်ထူးသောဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုကာ ပြည့်စုံစေ၍ နေ၏၊ “ပဋိသန္ဓေနေမှုကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤအရဟတ္တဖိုလ်ဟူသောအကျိုးငှါ တပါးသော ပြုဖွယ်ကိစ္စမရှိပြီ”ဟု သိရှိ ပြီ။ အသျှင်ဝစ္ဆဂေါတ္တသည် ရဟန္တာတို့တွင် တပါးအပါအဝင် ဖြစ်လေ၏။

၂၀၀။ ထိုအခါ များစွာကုန်သော ရဟန်းတို့သည် မြတ်စွာဘုရားကို ဖူးမြင်ကြရန် အကျိုးငှါ ကြွသွားကုန်၏၊ အသျှင်ဝစ္ဆဂေါတ္တသည် အဝေးကသာလျှင်ကြွလာကုန်သော ထိုရဟန်းတို့ကို မြင် လေ၏၊ မြင်သောကြောင့် ထိုရဟန်းတို့ရှိရာ အရပ်သို့ ချဉ်းကပ်ပြီးလျှင် ထိုရဟန်းတို့ကို “အသျှင်တို့ သင်တို့သည် အဘယ်အရပ်သို့ ကြွကုန်အံ့နည်း”ဟု ဤစကားကို လျှောက်၏။ ငါ့သျှင် ငါတို့သည် မြတ်စွာဘုရားကို ဖူးမြင်ကြရန်အကျိုးငှါ သွားကုန်အံ့ ဟု (ဆိုကုန်၏)။ ထိုသို့ဖြစ်ပါမူ အသျှင်တို့ သည် အကျွန်ုပ်၏စကားဖြင့် မြတ်စွာဘုရား၏ခြေတော်တို့ကို ရှိခိုးပါကုန်လော့၊ “အသျှင်ဘုရား ဝစ္ဆဂေါတ္တရဟန်းသည် မြတ်စွာဘုရား၏ ခြေတော်တို့ကို ရှိခိုးပါ၏၊ အကျွန်ုပ်သည် မြတ်စွာ ဘုရားကို လုပ်ကျွေးပြီးပါပြီ၊ အကျွန်ုပ်သည် စကားကောင်းကိုသာ ဆိုတော်မူတတ်သော မြတ်စွာဘုရားကို လုပ်ကျွေးပြီးပါပြီ”ဟု” ဤသို့လည်း လျှောက်ထား ကြပါကုန်လော့ဟု (လျှောက်၏)။ “ငါ့သျှင် ကောင်းပါပြီ”ဟု ထိုရဟန်းတို့သည် အသျှင်ဝစ္ဆဂေါတ္တအား ပြန်ကြား ကြကုန်ပြီ။

ထိုအခါ ထိုရဟန်းတို့သည် မြတ်စွာဘုရား ရှိတော်မူရာအရပ်သို့ ချဉ်းကပ်ကြကုန်၍ မြတ်စွာ ဘုရားကို အလွန်ရိုသေစွာ ရှိခိုး၍ သင့်တင့်လျောက်ပတ်သော အရပ်၌ နေပြီးသော ထိုရဟန်းတို့သည် မြတ်စွာဘုရားကို “အသျှင်ဘုရား ဝစ္ဆဂေါတ္တသည် မြတ်စွာဘုရား၏ ခြေတော်တို့ကို ရှိခိုးပါ၏၊ ‘အကျွန်ုပ်သည် မြတ်စွာဘုရားကို လုပ်ကျွေးပြီးပါပြီ၊ အကျွန်ုပ်သည် စကားကောင်းကိုသာ ဆိုတော်မူတတ်သော မြတ်စွာဘုရားကို လုပ်ကျွေးပြီးပါပြီ’ဟု” ဤသို့လည်း လျှောက်ထားပါဦး ဟု မှာဆိုလိုက်ပါ၏ဟု မြတ်စွာဘုရားအား ဤစကားကို လျှောက်ထားကုန်ပြီ။ ငါသည် ရှေးဦးမဆွကပင် ဝစ္ဆဂေါတ္တရဟန်း၏ စိတ်ကို ငါ၏စိတ်ဖြင့် “ဝစ္ဆဂေါတ္တရဟန်းသည် ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံ၏၊ ကြီးသောတန်ခိုး ကြီးသောအာနုဘော်ရှိ၏”ဟု ပိုင်းခြား၍ သိအပ်ပြီ။ နတ်တို့သည်လည်း ငါ့အား “အသျှင်ဘုရား ဝစ္ဆဂေါတ္တရဟန်းသည် ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံ၏၊ ကြီးသောတန်ခိုး ကြီးသော အာနုဘော် ရှိ၏”ဟု ဤအကြောင်းကို လျှောက်ထားကြကုန်ပြီဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



မြတ်စွာဘုရားသည် ဤတရားကို ဟောကြားတော်မူပြီ။ ထိုရဟန်းတို့သည် မြတ်စွာဘုရား၏ စကားတော်ကို ဝမ်းမြောက်ဝမ်းသာ လွန်စွာ နှစ်သက်ကြကုန်ပြီ။

**သုံးခုမြောက် မဟာဝစ္ဆသုတ် ပြီး၏။**

---

## ၄-ဒီဃနခသုတ်

၂၀၁။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်တွင် သူကရခတလိုဏ်၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ ဒီဃနခပရိဗိုဇ်သည် မြတ်စွာဘုရား ရှိတော်မူရာအရပ်သို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့် အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်သော စကားကို ပြောဆိုပြီးဆုံးစေ၍ သင့်လျော်ရာအရပ်၌ ရပ်တည်လေပြီးသော ဒီဃနခပရိဗိုဇ်သည် မြတ်စွာဘုရားအား—"အသျှင်ဂေါတမ အကျွန်ုပ်သည် အယူအားလုံးကို မနှစ်သက်ဟု ဤသို့ဆိုလေ့ရှိပါ၏၊ ဤသို့ ယူလေ့ရှိပါ၏" ဟု လျှောက်ထား၏။ အဂ္ဂိဝေဿန "အယူအားလုံးကို အကျွန်ုပ်မနှစ်သက်" ဟူသော သင်၏ အယူကိုမူလည်း သင်မနှစ်သက်သလောဟု (မေးတော်မူ၏)။ အသျှင်ဂေါတမ ထိုအယူကိုလည်း အကျွန်ုပ်နှစ်သက်ငြားအံ့ "ထိုအယူအားလုံးကို မနှစ်သက်ဟူသော စကားသည်လည်း ထိုနှစ်သက်ပါသည်ဟူသောစကားနှင့် အလားတူပင် ဖြစ်ရာ၏၊ ထိုအယူအားလုံးကို မနှစ်သက်ဟူသော စကားသည်သည်း ထိုနှစ်သက်ပါသည် ဟူသော စကားနှင့် အလားတူပင် ဖြစ်ရာ၏" ဟု (လျှောက်ထား၏)။

အဂ္ဂိဝေဿန လောက၌ "ထိုအယူအားလုံးကို မနှစ်သက်ဟူသော စကားသည်လည်း ထိုနှစ်သက်ပါသည်ဟူသောစကားနှင့် အလားတူပင် ဖြစ်ရာ၏၊ ထိုအယူအားလုံးကို မနှစ်သက် ဟူသော စကားသည်လည်း ထိုနှစ်သက်ပါသည်ဟူသောစကားနှင့် အလားတူပင် ဖြစ်ရာ၏" ဟု ဆိုကြ၍ ထိုအယူကိုလည်း မစွန့်ကြပဲ အယူတပါးကိုလည်း စွဲလမ်းနေသော သူတို့သာလျှင် အလွန်အလွန်များကုန်၏။ အဂ္ဂိဝေဿန လောက၌ "ထိုအယူအားလုံးကို မနှစ်သက်ဟူသော စကားသည်လည်း ထိုနှစ်သက်ပါသည်ဟူသော စကားနှင့် အလားတူပင်ဖြစ်ရာ၏၊ ထိုအယူအားလုံး ကို မနှစ်သက်ဟူသော စကားသည်သည်း ထိုနှစ်သက်ပါသည်ဟူသော စကားနှင့် အလားတူပင် ဖြစ်ရာ၏"ဟု ဆိုကြ၍ ထိုအယူကိုစွန့်ကာ အယူတပါးကိုလည်း မစွဲလမ်းကြသော သူတို့ကား အလွန်အလွန် နည်းပါးကုန်၏။

အဂ္ဂိဝေဿန "အယူအားလုံးကို ငါနှစ်သက်၏" ဟု ဤသို့ ဆိုလေ့ရှိကုန်သော ဤသို့ယူလေ့ရှိကုန်သော အချို့သော ရဟန်း ပုဏ္ဏားတို့သည် ရှိကုန်၏။ အဂ္ဂိဝေဿန "အယူအားလုံးကို ငါမနှစ်သက်" ဟု ဤသို့ဆိုလေ့ရှိကုန်သော ဤသို့ယူလေ့ရှိကုန်သော အချို့သော ရဟန်း ပုဏ္ဏားတို့သည် ရှိကြကုန်၏။ အဂ္ဂိဝေဿန "အချို့ကို ငါနှစ်သက်၍ အချို့ကို ငါမနှစ်သက်" ဟု ဤသို့ ဆိုလေ့ရှိကုန်သော ဤသို့ ယူလေ့ရှိကုန်သော အချို့သော ရဟန်းပုဏ္ဏားတို့သည် ရှိကုန်၏။ အဂ္ဂိဝေဿန ထိုသုံးမျိုးသော ပုဂ္ဂိုလ်တို့တွင် "အယူအားလုံးကို ငါနှစ်သက်၏" ဟု ဤသို့ဆိုလေ့ ရှိကုန်သော ဤသို့ယူလေ့ရှိကုန်သော သူတို့၏ ဤအယူဝါဒသည် ပြင်းစွာ တပ်ခြင်းငှါ နီးစပ်၏၊

http://www.dhammadownload.com



သံယောဇဉ်ဖြစ်ခြင်းငှါ နီးစပ်၏၊ အလွန်နှစ်သက်ခြင်းငှါ နီးစပ်၏၊ လွှမ်းမိုးဖိစီးခြင်းငှါ နီးစပ်၏၊ ပြင်းစွာ စွဲလမ်းခြင်းငှါ နီးစပ်၏။ အဂ္ဂိဝေဿန ထိုသုံးမျိုးသော ပုဂ္ဂိုလ်တို့တွင် "အယူအားလုံးကို ငါမနှစ်သက်"ဟု ဤသို့ဆိုလေ့ရှိကုန်သော ဤသို့ ယူလေ့ရှိကုန်သော သူတို့၏ ဤအယူဝါဒသည် ပြင်းစွာ မတပ်ခြင်းငှါ နီးစပ်၏၊ သံယောဇဉ် မဖြစ်ခြင်းငှါ နီးစပ်၏၊ အလွန်မနှစ်သက်ခြင်းငှါ နီးစပ်၏၊ မလွှမ်းမိုးခြင်း မဖိစီးခြင်းငှါ နီးစပ်၏၊ ပြင်းစွာမစွဲလမ်းခြင်းငှါ နီးစပ်၏ ဟု (မိန့်တော်မူ၏)။

၂၀၂။ ဤသို့မိန့်တော်မူသော် ဒီဃနခပရိဗိုဇ်သည် "အသျှင်ဂေါတမသည် အကျွန်ုပ်၏ အယူကို ချီးမြှောက်၏၊ အသျှင်ဂေါတမသည် အကျွန်ုပ်၏ အယူကို ရှင်လန်းစေ၏" ဟု မြတ်စွာဘုရားကို လျှောက်ထား၏။ အဂ္ဂိဝေဿန ထိုသုံးမျိုးသော ပုဂ္ဂိုလ်တို့တွင် "အချို့ကို ငါနှစ်သက်၏၊ အချို့ကို ငါမနှစ်သက်"ဟု ဤသို့ ဆိုလေ့ရှိကုန်သော ဤသို့ ယူလေ့ရှိကုန်သော ပုဂ္ဂိုလ်တို့အား နှစ်သက်သော အယူသည် ပြင်းစွာတပ်ခြင်းငှါ နီးစပ်၏၊ သံယောဇဉ်ဖြစ်ခြင်းငှါ နီးစပ်၏၊ လွန်စွာနှစ်သက်ခြင်းငှါ နီးစပ်၏၊ လွှမ်းမိုးဖိစီးခြင်းငှါ နီးစပ်၏၊ ပြင်းစွာစွဲလမ်းခြင်းငှါ နီးစပ်၏။ ထိုပုဂ္ဂိုလ်တို့အား မနှစ်သက်သောအယူသည် ပြင်းစွာ မတပ်ခြင်းငှါ နီးစပ်၏၊ သံယောဇဉ် မဖြစ်ခြင်းငှါ နီးစပ်၏၊ လွန်စွာမနှစ်သက်ခြင်းငှါ နီးစပ်၏၊ မလွှမ်းမိုး မဖိစီးခြင်းငှါ နီးစပ်၏၊ ပြင်းစွာမစွဲလမ်းခြင်းငှါ နီးစပ်၏။

အဂ္ဂိဝေဿန ထိုသုံးမျိုးသော ပုဂ္ဂိုလ်တို့တွင် "အယူအားလုံးကို ငါနှစ်သက်၏"ဟု ဤသို့ ဆိုလေ့ရှိကုန်သော ဤသို့ ယူလေ့ရှိကုန်သော ရဟန်းပုဏ္ဏားတို့၌ သိကြားလိမ္မာသော ယောကျ်ားသည် ဤသို့ ဆင်ခြင်၏— "အယူအားလုံးကို ငါနှစ်သက်၏"ဟူသော ငါ၏ ဤအယူကိုသာလျှင် အခိုင်အမာ အစွဲအမြဲ နှလုံးသွင်း၍ "ဤငါ၏ အယူသည်သာ မှန်၏၊ တပါးသော အယူသည် အချည်းနှီးသာတည်း"ဟု ဤသို့ ပြောဆိုငြားအံ့၊ နှစ်ယောက်သော ပုဂ္ဂိုလ်တို့နှင့် ငါ၏ ဝါဒကွဲခြင်းသည် ဖြစ်ရာ၏၊ "အယူအားလုံးကို ငါမနှစ်သက်"ဟု ဤသို့ဆိုလေ့ရှိသော ဤသို့ယူလေ့ရှိသော ရဟန်းပုဏ္ဏားတို့နှင့်ရင်း "အချို့ကို ငါနှစ်သက်၏၊ အချို့ကို ငါမနှစ်သက်"ဟု ဤသို့ဆိုလေ့ရှိသော ဤသို့ ယူလေ့ရှိသော ရဟန်း ပုဏ္ဏားတို့နှင့်ရင်း ဤနှစ်မျိုးသော ပုဂ္ဂိုလ်တို့နှင့် ငါ၏ ဝါဒကွဲခြင်းသည်ဖြစ်ရာ၏၊ ဤသို့ ဝါဒကွဲခြင်း ဖြစ်လတ်သော် စကားများခြင်းဖြစ်ရာ၏၊ စကားများခြင်းဖြစ်လတ်သော် စိတ်ဆင်းရဲခြင်း ဖြစ်ရာ၏၊ စိတ်ဆင်းရဲခြင်းဖြစ်လတ်သော် စိတ်ပင်ပန်းခြင်း ဖြစ်ရာ၏။ ဤသို့ထိုသူသည် ဝါဒကွဲခြင်း စကားများခြင်း စိတ်ဆင်းရဲခြင်း စိတ်ပင်ပန်းခြင်းကို မိမိ၌ ကောင်းစွာမြင်သည်ဖြစ်၍ ထိုအယူကိုလည်း စွန့်၏၊ အယူတပါးကိုလည်း မစွဲလမ်း။ ဤသို့လျှင် ဤအယူတို့ကို ပယ်ခြင်းသည် ဖြစ်၏၊ ဤသို့လျှင် ဤအယူတို့ကို စွန့်ခြင်းသည် ဖြစ်၏။

၂၀၃။ အဂ္ဂိဝေဿန ထိုသုံးယောက်သော ပုဂ္ဂိုလ်တို့တွင် "အယူအားလုံးကို ငါမနှစ်သက်"ဟု ဤသို့ ဆိုလေ့ရှိကုန်သော ဤသို့ယူလေ့ရှိကုန်သော ရဟန်းပုဏ္ဏားတို့၌ သိကြားလိမ္မာသော ယောကျ်ားသည် ဤသို့ ဆင်ခြင်၏— "အယူအားလုံးကို ငါမနှစ်သက်" ဟူသော ငါ၏ ဤအယူကိုသာလျှင် အခိုင်အမာ အစွဲအမြဲ နှလုံးသွင်း၍ "ဤငါ၏ အယူသည်သာ မှန်၏၊ တပါးသော အယူသည် အချည်းနှီးသာတည်း"ဟု ဤသို့ပြောဆိုငြားအံ့၊ နှစ်ယောက်သော ပုဂ္ဂိုလ်တို့နှင့် ဝါဒကွဲခြင်းသည်ဖြစ်ရာ၏၊ "အယူအားလုံးကို ငါနှစ်သက်၏"ဟု ဤသို့ ဆိုလေ့ရှိသော ဤသို့ ယူလေ့ရှိသော ရဟန်းပုဏ္ဏားတို့နှင့်ရင်း၊ "အချို့ကို ငါနှစ်သက်၏၊ အချို့ကို ငါမနှစ်သက်"ဟု ဤသို့ ဆိုလေ့ရှိသော

http://www.dhammadownload.com



ဤသို့ယူလေ့ရှိသော ရဟန်းပုဏ္ဏားတို့နှင့်ရင်း ဤနှစ်မျိုးသော ပုဂ္ဂိုလ်တို့နှင့် ငါ၏ ဝါဒကွဲခြင်းသည် ဖြစ်ရာ၏၊ ဤသို့ ဝါဒကွဲခြင်းဖြစ်လတ်သော် စကားများခြင်းသည် ဖြစ်ရာ၏၊ စကားများခြင်း ဖြစ်လတ်သော် စိတ်ဆင်းရဲခြင်း ဖြစ်ရာ၏၊ စိတ်ဆင်းရဲခြင်း ဖြစ်လတ်သော် စိတ်ပင်ပန်းခြင်း ဖြစ်ရာ၏၊ ဤသို့ ထိုသူသည် ဝါဒကွဲခြင်း စကားများခြင်း စိတ်ဆင်းရဲခြင်း စိတ်ပင်ပန်းခြင်းကို မိမိ၌ ကောင်းစွာမြင်သည်ဖြစ်၍ ထိုအယူကိုလည်း စွန့်၏၊ အယူတပါးကိုလည်း မစွဲလမ်း။ ဤသို့လျှင် ဤအယူတို့ကိုပယ်ခြင်းသည် ဖြစ်ရာ၏၊ ဤသို့လျှင် ဤအယူတို့ကို စွန့်ခြင်းသည် ဖြစ်ရာ၏။

၂၀၄။ အဂ္ဂိဝေဿန ထိုသုံးယောက်သော ပုဂ္ဂိုလ်တို့တွင် "အချို့ကို ငါနှစ်သက်၏၊ အချို့ကို ငါမနှစ်သက်"ဟု ဤသို့ ဆိုလေ့ရှိကုန်သော ဤသို့ယူလေ့ရှိကုန်သော ရဟန်းပုဏ္ဏားတို့၌ သိကြား လိမ္မာသော ယောကျာ်းသည် ဤသို့ ဆင်ခြင်၏— "အချို့ကို ငါနှစ်သက်၏၊ အချို့ကို ငါမနှစ်သက်" ဟူသော ငါ၏ ဤအယူကိုသာလျှင် အခိုင်အမာ အစွဲအမြဲ နှလုံးသွင်း၍ "ဤငါ၏ အယူသည်သာ မှန်၏၊ တပါးသော သူတို့၏ အယူသည် အချည်းနှီးသာတည်း"ဟု ဤသို့ ပြောဆိုငြားအံ့၊ နှစ်ယောက်သော ပုဂ္ဂိုလ်တို့နှင့် ငါ၏ဝါဒကွဲခြင်းဖြစ်ရာ၏၊ "အယူအားလုံးကို ငါနှစ်သက်၏"ဟု ဤသို့ ဆိုလေ့ရှိသော ဤသို့ယူလေ့ရှိသော ရဟန်းပုဏ္ဏားတို့နှင့်ရင်း "အယူအားလုံးကို ငါမနှစ်သက်" ဟု ဤသို့ ဆိုလေ့ရှိသော ဤသို့ယူလေ့ရှိသော ရဟန်းပုဏ္ဏားတို့နှင့်ရင်း ဤနှစ်မျိုးသော ပုဂ္ဂိုလ်တို့နှင့် ငါ၏ ဝါဒကွဲခြင်းသည် ဖြစ်ရာ၏။ ဤသို့ ဝါဒကွဲပြားခြင်း ဖြစ်လတ်သော် စကားများခြင်းသည် ဖြစ်ရာ၏၊ စကားများခြင်း ဖြစ်လတ်သော် စိတ်ဆင်းရဲခြင်း ဖြစ်ရာ၏၊ စိတ်ဆင်းရဲခြင်း ဖြစ်လတ်သော် စိတ်ပင်ပန်းခြင်း ဖြစ်ရာ၏၊ ဤသို့ ထိုသူသည် ဝါဒကွဲပြားခြင်း စကားများခြင်း စိတ်ဆင်းရဲခြင်း စိတ်ပင်ပန်းခြင်းကို မိမိ၌ကောင်းစွာမြင်သည်ဖြစ်၍ ထိုအယူကိုလည်း စွန့်၏၊ အယူတပါးကိုလည်း မစွဲလမ်း။ ဤသို့လျှင် ဤအယူတို့ကို ပယ်ခြင်းသည်ဖြစ်၏၊ ဤသို့လျှင် ဤအယူတို့ကို စွန့်ခြင်းသည် ဖြစ်၏။

၂၀၅။ အဂ္ဂိဝေဿန ရုပ်ရှိသော လေးပါးသော မဟာဘုတ်တို့ကို မှီ၍ ဖြစ်သော အမိအဖတို့၏ သုက်သွေးကြောင့်ဖြစ်သော ထမင်းမုယောမုံ့တို့ဖြင့် ကြီးပွါးသော အမြဲမတည်ခြင်း ဖုံးလွှမ်းရခြင်း ဆုပ်နယ်ရခြင်း ကွဲခြင်း ပျက်စီးခြင်း သဘောရှိသော ဤကိုယ်ကို မမြဲသောအားဖြင့် မချမ်းသာ သောအားဖြင့် ရောဂါအားဖြင့် အိုင်းအမာအားဖြင့် မြားငြောင့်အားဖြင့် ဆင်းရဲအားဖြင့် အနာ အားဖြင့် သူစိမ်းပြင်ပအားဖြင့် ပျက်စီးတတ်သောအားဖြင့် သတ္တမှုကင်းဆိတ်သောအားဖြင့် အနှစ်အသား မရှိသောအားဖြင့် ကောင်းစွာရှုရမည်။ ဤခန္ဓာကိုယ်ကို မမြဲသောအားဖြင့် မချမ်းသာသောအားဖြင့် ရောဂါအားဖြင့် အိုင်းအမာအားဖြင့် မြားငြောင့်အားဖြင့် ဆင်းရဲ အားဖြင့် အနာအားဖြင့် သူစိမ်းပြင်ပအားဖြင့် ပျက်စီးတတ်သောအားဖြင့် သတ္တမှုကင်းဆိတ် သောအားဖြင့် အနှစ်အသားမရှိသောအားဖြင့် ကောင်းစွာရှုသော ထိုသူအား ခန္ဓာကိုယ်ပေါ်၌ တပ်သောတဏှာ ကိုယ်၌တွယ်တာသောတဏှာအစေး ကိုယ်၌ အစဉ်လိုက်တတ်သောတဏှာသည် ပျောက်ကင်း၏။

အဂ္ဂိဝေဿန ခံစားမှုတို့သည် ချမ်းသာခံစားမှု ဆင်းရဲခံစားမှု ဆင်းရဲမဟုတ် ချမ်းသာမဟုတ် သော ခံစားမှု ဤသုံးပါးတို့တည်း။ အဂ္ဂိဝေဿန ချမ်းသာခံစားမှုကို ခံစားသောအခါ၌ ဆင်းရဲ ခံစားမှုကို မခံစားပေ၊ ဆင်းရဲလည်းမဟုတ် ချမ်းသာလည်း မဟုတ်သော ခံစားမှုကိုလည်း မခံ စားပေ၊ ထိုအခါ၌ ချမ်းသာခံစားမှုကိုသာ ခံစား၏။ အဂ္ဂိဝေဿန ဆင်းရဲခံစားမှုကို ခံစား

http://www.dhammadownload.com



သောအခါ၌ ချမ်းသာခံစားမှုကို မခံစားပေ၊ ဆင်းရဲလည်းမဟုတ် ချမ်းသာလည်းမဟုတ်သော ခံစားမှုကိုလည်း မခံစားပေ၊ ထိုအခါ၌ ဆင်းရဲခံစားမှုကိုသာ ခံစား၏။ အဂ္ဂိဝေဿန ဆင်းရဲလည်း မဟုတ် ချမ်းသာလည်းမဟုတ်သော ခံစားမှုကို ခံစားသောအခါ၌ ချမ်းသာခံစားမှုကို မခံစားပေ၊ ဆင်းရဲခံစားမှုကိုလည်း မခံစားပေ၊ ထိုအခါ၌ ဆင်းရဲလည်းမဟုတ် ချမ်းသာလည်းမဟုတ်သော ခံစားမှုကိုသာ ခံစား၏။ အဂ္ဂိဝေဿန ချမ်းသာခံစားမှုသည်လည်း မမြဲပေ၊ ပြုပြင်အပ်၏၊ အကြောင်းကို စွဲ၍ ဖြစ်၏၊ ကုန်တတ်သော သဘောရှိ၏၊ ပျက်စီးတတ်သောသဘောရှိ၏၊ တပ်မက်ဖွယ်ရာကင်းသော သဘောရှိ၏၊ ချုပ်ပျောက်တတ်သော သဘောရှိ၏။

အဂ္ဂိဝေဿန ဆင်းရဲခံစားမှုသည်လည်း မမြဲပေ၊ ပြုပြင်အပ်၏၊ အကြောင်းကို စွဲ၍ ဖြစ်၏၊ ကုန်တတ်သော သဘောရှိ၏၊ ပျက်စီးတတ်သောသဘောရှိ၏၊ တပ်မက်ဖွယ်ရာကင်းသော သဘောရှိ၏။ ချုပ်ပျောက်တတ်သော သဘောရှိ၏။ အဂ္ဂိဝေဿန ဆင်းရဲလည်းမဟုတ် ချမ်းသာလည်း မဟုတ်သော ခံစားမှုသည်လည်း မမြဲပေ၊ ပြုပြင်အပ်၏၊ အကြောင်းကို စွဲ၍ ဖြစ်၏၊ ကုန်တတ်သောသဘောရှိ၏၊ ပျက်စီးတတ်သောသဘောရှိ၏၊ တပ်မက်ဖွယ်ရာကင်းသော သဘောရှိ၏၊ ချုပ်ပျောက်တတ်သော သဘောရှိ၏။

အဂ္ဂိဝေဿန ဤသို့မြင်လတ်သော် အကြားအမြင်နှင့် ပြည့်စုံသော အရိယာတို့၏ တပည့်သည် ချမ်းသာခံစားမှု၌လည်း ငြီးငွေ့၏၊ ဆင်းရဲခံစားမှု၌လည်း ငြီးငွေ့၏၊ ဆင်းရဲလည်းမဟုတ် ချမ်းသာလည်း မဟုတ်သော ခံစားမှု၌လည်း ငြီးငွေ့၏၊ ငြီးငွေ့သော် တပ်ခြင်းကင်း၏၊ တပ်ခြင်း ကင်းခြင်းကြောင့် (ကိလေသာမှ)လွတ်၏၊ (ကိလေသာမှ)လွတ်ရာ၌ လွတ်ပြီဟု အသိဉာဏ်ဖြစ်၏၊ "ပဋိသန္ဓေတည်နေမှုကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ အရဟတ္တမဂ်ဉာဏ်အကျိုးငှါ တဖန်ပြုဖွယ်ကိစ္စ မရှိတော့ပြီ"ဟု သိ၏။ အဂ္ဂိဝေဿန ဤသို့ (ကိလေသာမှ) လွတ်ပြီးသော စိတ်ရှိသော ရဟန်းသည် တစုံတယောက်နှင့်မျှ မပြောဆို၊ တစုံတယောက်နှင့်မျှ မငြင်းခုံ၊ လောက၌ ပြောဆိုအပ်သော စကားဖြင့်သာ ခေါ်ဝေါ်ပြောဆို၏၊ မှားသောအားဖြင့်ကား မသုံးသပ်တော့ပြီဟု (မိန့်တော်မူ၏)။

၂၀၆။ ထိုအခါ အသျှင်သာရိပုတြာသည် မြတ်စွာဘုရား၏ နောက်မှ မြတ်စွာဘုရားကို ယပ်ခပ်လျက် တည်နေ၏၊ ထိုအခါ အသျှင်သာရိပုတြာမထေရ်အား "ငါတို့၏ မြတ်စွာဘုရားသည် ထိုထိုတရားတို့ကို ထူးသောဉာဏ်ဖြင့် သိ၍ ပယ်ခြင်းကို ဟောတော်မူ၏၊ ငါတို့ မြတ်စွာဘုရားသည် ထိုထိုတရားတို့ကို ထူးသော ဉာဏ်ဖြင့် သိ၍ စွန့်လွှတ်ခြင်းကို ဟောတော်မူ၏" ဟု ဤသို့သောအကြံသည် ဖြစ်၏၊ ဤသို့ ဤတရားသဘောကို အဖန်ဖန် ရှုဆင်ခြင်သော အသျှင်သာရိပုတြာမထေရ်၏ စိတ်သည် တဏှာဒိဋ္ဌိတို့ဖြင့် တစုံတခုသော တရားကိုမျှ မစွဲလမ်းမူ၍ အာသဝေါတရားတို့မှ လွတ်ပြီ၊ ဒီဃနခပရိဗိုဇ်အားကား "ဖြစ်ပေါ်လာသမျှ တရားအလုံးစုံသည် ချုပ်ငြိမ်းတတ်သော သဘောရှိ၏"ဟု ကိလေသာမြူကင်းသော ကိလေသာအညစ်အကြေးကင်းသော တရားမျက်စိ 'သောတာပတ္တိမဂ်ဉာဏ်'သည် ထင်ရှား ဖြစ်ပေါ်လာပြီ။

ထိုအခါ ဒီဃနခပရိဗိုဇ်သည် မြင်အပ်ပြီးသောတရားရှိသည်ဖြစ်၍ ရောက်အပ်ပြီးသောတရား ရှိသည်ဖြစ်၍ သိအပ်ပြီးသော တရား ရှိသည်ဖြစ်၍ သက်ဝင်အပ်ပြီးသော တရားရှိသည်ဖြစ်၍ ကူးမြောက်အပ်ပြီးသော ဝိစိကိစ္ဆာရှိသည်ဖြစ်၍ သို့လော သို့လော တွေးတောယုံမှားခြင်းမှ ကင်းသည်ဖြစ်၍ ရဲရင့်သော အဖြစ်သို့ ရောက်သည်ဖြစ်၍ သူတပါးကြောင့် ယုံကြည်သူမဟုတ်ပဲ မြတ်စွာ

http://www.dhammadownload.com



ဘုရားသာသနာတော်၌ မြတ်စွာဘုရားမှတပါး ယုံကြည်အပ်သောသူ မရှိသည်ဖြစ်၍ မြတ်စွာဘုရားအား "အသျှင်ဂေါတမ (တရားတော်သည်) အလွန်နှစ်သက်ဖွယ်ရှိပါပေစွ၊ အသျှင်ဂေါတမ (တရားတော်သည်) အလွန်နှစ်သက်ဖွယ်ရှိပါပေစွ၊ အသျှင်ဂေါတမ ဥပမာသော်ကား မှောက်၍ ထားအပ်သော ဝတ္ထုကိုလှန်၍ ပြဘိသကဲ့သို့၎င်း ဖုံးလွှမ်း၍ ထားအပ်သော ဝတ္ထုကို ဖွင့်လှစ်၍ ပြဘိသကဲ့သို့၎င်း မျက်စိလည်၍ ခရီးမှားသောသူကို ခရီးမှန်ကို ပြောကြားဘိသကဲ့သို့၎င်း 'မျက်စိအမြင်ရှိသော သူတို့သည် ရူပါရုံတို့ကို မြင်ကြကုန်လတ္တံ့' ဟု အမိုက်တိုက်၌ ဆီမီးတန်ဆောင်ကို ညီထွန်းဘိသကဲ့သို့၎င်း ဤအတူသာလျှင် အသျှင်ဂေါတမသည် များစွာသော အကြောင်းဖြင့် တရားတော်ကို ပြတော်မူအပ်ပါပေ၏။ ထိုအကျွန်ုပ်သည် အသျှင်ဂေါတမကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်ကို၎င်း ရဟန်းအပေါင်းကို၎င်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ အသျှင်ဂေါတမသည် ယနေ့ကို အစပြု၍ အသက်ရှည်သမျှကာလပတ်လုံး အကျွန်ုပ်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်တတ်သော ဥပါသကာဒါယကာဟူ၍ မှတ်တော်မူပါလော့" ဟု (လျှောက်၏)။

**လေးခုမြောက် ဒီဃနခသုတ် ပြီး၏။**

---

## ၅-မာဂဏ္ဍိယသုတ်

၂၀၇။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် ကုရုတိုင်း ကမ္မာသဓမ္မအမည်ရှိသောနိဂုံးတွင် ဘာရဒွါဇဂေါတ္တ ပုဏ္ဏားအား၏ မီးတင်းကုပ်အတွင်း မြက်အခင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် နံနက်အခါ၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကိုယူပြီးလျှင် ကမ္မာသဓမ္မနိဂုံးသို့ ဆွမ်းအလို့ငှါ ဝင်တော်မူ၏၊ ကမ္မာသဓမ္မနိဂုံးသို့ ဆွမ်းအလို့ငှါ လှည့်လည်တော်မူ၍ ဆွမ်းခံရာမှ ဖဲခဲ့ကာ ဆွမ်းစားပြီးနောက် တခုသော တောအုပ်ဆီသို့ နေ့သန့်စင်ခြင်းငှါ ချဉ်းကပ်လေ၏၊ ထိုတောအုပ်သို့ သက်ဝင်၍ တခုသော သစ်ပင်ရင်း၌ နေ့သန့်စင်တော်မူ၏။ ထိုအခါ မာဂဏ္ဍိယပရိဗိုဇ်သည် အညောင်းပြေ လမ်းလျှောက်လှည့်လည်သော် ဘာရဒွါဇဂေါတ္တပုဏ္ဏား၏ မီးတင်းကုပ်ဆီသို့ ချဉ်းကပ်မိလေ၏၊ မာဂဏ္ဍိယပရိဗိုဇ်သည် ဘာရဒွါဇဂေါတ္တပုဏ္ဏား၏ မီးတင်းကုပ် အတွင်း၌ ခင်းထားသော မြက်အခင်းကို မြင်၍ "အဆွေဘာရဒွါဇ၏ မီးတင်းကုပ်အတွင်း၌ အဘယ်သူအတွက် ဤမြက်အခင်းကို ခင်းထားပါသနည်း၊ ရဟန်း၏ အိပ်ရာနေရာနှင့် တူယောင်တကား" ဟု ဘာရဒွါဇဂေါတ္တပုဏ္ဏားကို ပြောဆိုလေ၏။

မာဂဏ္ဍိယ သာကီဝင်မင်းသား ဖြစ်သော သာကီဝင် မင်းမျိုးမှ ရဟန်းပြုသော ရဟန်းဂေါတမသည် ရှိ၏၊ "ထိုမြတ်စွာဘုရားသည် ဤအကြောင်းကြောင့်လည်း ပူဇော်အထူးကို ခံတော်မူထိုက်၏၊ အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်စွာ သိတော်မူ၏၊ အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ' နှင့် ပြည့်စုံတော်မူ၏၊ ကောင်းသောစကားကို ဆိုတော်မူတတ်၏၊ လောကကို သိတော်မူ၏၊ ဆုံးမထိုက်သူကို အတုမရှိ ဆုံးမတော်မူတတ်၏၊ နတ်လူတို့၏ ဆရာ ဖြစ်တော်မူ၏။ သစ္စာလေးပါးတရားတို့ကို သိစေတော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူ၏" ဟု ဤသို့သျှင် ထိုရဟန်းဂေါတမ၏ ကျော်စောသံသည် ပျံ့နှံ့၍ တက်၏၊ ထိုအသျှင်ဂေါတမအတွက် ဤနေရာကို ခင်းထားပါ၏ဟု (ဆို၏)။ အချင်းဘာရဒွါဇ ဆိုးဝါးစွာ မြင်အပ်သော အရာကို မြင်ကြရကုန်၏၊ အချင်းဘာရဒွါဇ ဆိုးဝါးစွာ

http://www.dhammadownload.com



မြင်အပ်သော အရာကို မြင်ကြရကုန်၏၊ ငါတို့သည် အညွန့်တုံးဖြစ်သော ထိုအသျှင်ဂေါတမ၏ အိပ်ရာကို မြင်ကြရကုန်ဘိ၏ဟု (ဆို၏)။

မာဂဏ္ဍိယ ဤစကားကို ဆိုင်းငံ့ဦးလော့၊ မာဂဏ္ဍိယ ဤစကားကို ဆိုင်းငံ့ဦးလော့၊ များစွာသော မင်းပညာရှိတို့သည်လည်း ပုဏ္ဏားပညာရှိတို့သည်လည်း သူကြွယ်ပညာရှိတို့သည်လည်း ရဟန်းပညာရှိတို့သည်လည်း ထိုအသျှင်ဂေါတမ၏ စင်ကြယ်သော လမ်းမှန်ဖြစ်သော ကုသိုလ်တရား၌ အလွန်ကြည်ညိုကုန်၏၊ ဆုံးမထားပြီး ဖြစ်ကုန်၏။ အချင်းဘာရဒွါဇ ငါတို့သည် ထိုအသျှင်ဂေါတမကို မျက်မှောက်ထင်ထင်လည်း တွေ့မြင်ကုန်ခဲ့ပါလျှင် မျက်မှောက်၌လည်း "ရဟန်းဂေါတမသည် အညွန့်တုံးသူတည်း"ဟု ထိုအသျှင်ဂေါတမကို ဆိုဝံ့ပါကုန်၏။ အဘယ့်ကြောင့် နည်းဟူမူ—ဤသို့လျှင် ငါတို့၏ ကျမ်းဂန်၌ လာသောကြောင့်တည်း ဟု (ဆို၏)။ အကယ်၍ အသျှင်မာဂဏ္ဍိယအား ဝန်မလေးပါမူ ထိုအကြောင်းကို ရဟန်းဂေါတမအား ပြောကြားပါအံ့ ဟု (ဆို၏)။ အသျှင်ဘာရဒွါဇသည် ကြောင့်ကြမှုမရှိပဲ (ငါပြောဆိုသည့်အတိုင်း) ထိုရဟန်းဂေါတမကို ပြောဆိုပါလော့ ဟု (ဆို၏)။

၂၀၇။ မြတ်စွာဘုရားသည် လူတို့၏နားကို လွန်သော အထူးသဖြင့် စင်ကြယ်သော နတ်တို့၏ နားနှင့်တူသော နားဖြင့် ဘာရဒွါဇဂေါတ္တပုဏ္ဏား၏ မာဂဏ္ဍိယပရိဗိုဇ်နှင့်အတူ ဤစကားပြောဆိုခြင်းကို ကြားတော်မူသည်သာတည်း။ ထိုအခါ မြတ်စွာဘုရားသည် ညနေချမ်းအခါ ကိန်းအောင်းရာမှ ထတော်မူလျက် ဘာရဒွါဇဂေါတ္တပုဏ္ဏား၏ မီးတင်းကုပ်ရှိရာသို့ ချဉ်းကပ်တော်မူ၍ ခင်းထားသော မြက်အခင်း၌ ထိုင်နေတော်မူ၏။ ထိုအခါ ဘာရဒွါဇဂေါတ္တပုဏ္ဏားသည် မြတ်စွာဘုရားရှိတော်မူရာ အရပ်သို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာ စကားပြောဆို၏၊ ဝမ်းမြောက်ဖွယ် အောက်မေ့ဖွယ်စကားကို ပြောဆိုပြီးဆုံးစေပြီးနောက် သင့်လျော်ရာ၌ ထိုင်နေ၏၊ သင့်လျော်ရာ၌ ထိုင်နေသော ဘာရဒွါဇဂေါတ္တပုဏ္ဏားကို မြတ်စွာဘုရားက "ဘာရဒွါဇ သင့်အား မာဂဏ္ဍိယပရိဗိုဇ်နှင့် အတူ ဤမြက်အခင်းကိုသာလျှင်အကြောင်းပြု၍ တစုံတခုသောစကားပြောဆိုမှု ဖြစ်ပါသလော" ဟု မေးတော်မူ၏။

ဤသို့မေးတော်မူသော် ဘာရဒွါဇဂေါတ္တပုဏ္ဏားသည် ထိတ်လန့်ခြင်း ကြက်သီးမွေးညှင်းထခြင်း ရှိသည်ဖြစ်၍ "အကျွန်ုပ်တို့သည် ထိုအကြောင်းကိုသာလျှင် အသျှင်ဂေါတမအား ပြောကြားလိုကြပါကုန်၏၊ သို့ရာတွင် အသျှင်ဂေါတမသည် မပြောကြားမီသာလျှင် (ထိုအကြောင်းကို) ပြောကြားဘိ၏တကား" ဟု မြတ်စွာဘုရားအား ဤစကားကို လျှောက်ထား၏။

မြတ်စွာဘုရားအား ဘာရဒွါဇဂေါတ္တပုဏ္ဏားနှင့် အတူ ပြောဆိုသော ဤစကားသည် မပြီးပြတ်သေးချေ၊ ထိုအခါ မာဂဏ္ဍိယပရိဗိုဇ်သည် အညောင်းပြေ လမ်းလျှောက် လှည့်လည်၍ ဘာရဒွါဇဂေါတ္တပုဏ္ဏား၏ မီးတင်းကုပ်အတွင်း မြတ်စွာဘုရားရှိတော်မူရာသို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာ ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အောက်မေ့ဖွယ် စကားကို ပြောဆိုပြီးဆုံးစေပြီးနောက် သင့်လျော်ရာ၌ ထိုင်နေ၏။ သင့်လျော်ရာ၌ ထိုင်နေသော မာဂဏ္ဍိယပရိဗိုဇ်ကို မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏—

၂၀၉။ "မာဂဏ္ဍိယ မျက်စိသည် ရူပါရုံ၌ မွေ့လျော်၏၊ ရူပါရုံ၌ ပျော်ပိုက်၏၊ ရူပါရုံ၌ နှစ်ခြိုက်၏၊ ထိုမျက်စိကို မြတ်စွာဘုရားသည် ဆုံးမထားပြီ၊ လုံအောင်ပြုထားပြီ၊ စောင့်ရှောက်ထားပြီ

http://www.dhammadownload.com



ပိတ်ဆို့ထားပြီး၊ ထိုမျက်စိကို ပိတ်ဆို့ခြင်းငှါလည်း တရားဟော၏၊ မာဂဏ္ဍိယ သင်သည် ဤအကြောင်းကို ရည်ရွယ်၍ ရဟန်းဂေါတမသည် အညွန့်တုံးသူတည်းဟု ဆိုသလော”ဟု (မိန့်တော်မူ၏)”။ အသျှင်ဂေါတမ အကျွန်ုပ်သည် ဤအကြောင်းကိုသာ ရည်ရွယ်၍ ရဟန်းဂေါတမသည် အညွန့်တုံးသူတည်း ဟု ဆိုပါ၏။ အဘယ့်ကြောင့်နည်းဟူမူ—ဤသို့လျှင် အကျွန်ုပ်တို့၏ ကျမ်းဂန်၌လာသောကြောင့် တည်းဟု (လျှောက်၏)။

မာဂဏ္ဍိယ နားသည် သဒ္ဒါရုံ၌ မွေ့လျော်၏။ပ။ မာဂဏ္ဍိယ နှာခေါင်းသည် ဂန္ဓာရုံ၌ မွေ့လျော်၏။ မာဂဏ္ဍိယ လျှာသည် ရသာရုံ၌ မွေ့လျော်၏၊ ရသာရုံ၌ ပျော်ပိုက်၏၊ ရသာရုံ၌ နှစ်ခြိုက်၏၊ ထိုလျှာကို မြတ်စွာဘုရားသည် ဆုံးမထားပြီး၊ လုံအောင်ပြုထားပြီး၊ စောင့်ရှောက်ထားပြီး၊ ပိတ်ဆို့ထားပြီး၊ ထိုလျှာကို ပိတ်ဆို့ခြင်းငှါလည်း တရားဟော၏၊ မာဂဏ္ဍိယ ဤအကြောင်းကို ရည်ရွယ်၍ ရဟန်းဂေါတမသည် အညွန့်တုံးသူတည်းဟု ဆိုပါသလော ဟု (မေးတော်မူ၏)။ အသျှင်ဂေါတမ အကျွန်ုပ်သည် ဤအကြောင်းကိုသာလျှင် ရည်ရွယ်၍ ရဟန်းဂေါတမသည် အညွန့်တုံး သူတည်းဟု ဆိုပါ၏၊ အဘယ့်ကြောင့်နည်းဟူမူ—ဤသို့လျှင် အကျွန်ုပ်တို့၏ ကျမ်းဂန်၌ လာသောကြောင့် တည်းဟု (လျှောက်၏)။

မာဂဏ္ဍိယ ကိုယ်သည် ဖောဋ္ဌဗ္ဗာရုံ၌ မွေ့လျော်၏၊ ဖောဋ္ဌဗ္ဗာရုံ၌ ပျော်ပိုက်၏။ ပ။ မာဂဏ္ဍိယ စိတ်သည် ဓမ္မာရုံ၌ မွေ့လျော်၏၊ ဓမ္မာရုံ၌ ပျော်ပိုက်၏၊ ဓမ္မာရုံ၌ နှစ်ခြိုက်၏၊ ထိုစိတ်ကို မြတ်စွာဘုရားသည် ဆုံးမထားပြီး၊ လုံအောင်ပြုထားပြီး၊ စောင့်ရှောက်ထားပြီး၊ ပိတ်ဆို့ထားပြီး၊ ထိုစိတ်ကို ပိတ်ဆို့ခြင်းငှါလည်း တရားဟော၏။ မာဂဏ္ဍိယ သင်သည် ဤအကြောင်းကို ရည်ရွယ်၍ ရဟန်းဂေါတမသည် အညွန့်တုံးသူတည်းဟု ဆိုပါသလော ဟု (မေးတော်မူ၏)။ အသျှင်ဂေါတမ အကျွန်ုပ်သည် ဤအကြောင်းကိုသာ ရည်ရွယ်၍ ရဟန်းဂေါတမသည် အညွန့်တုံးသူတည်းဟု ဆိုပါ၏၊ အဘယ့်ကြောင့်နည်းဟူမူ— ဤသို့လျှင် အကျွန်ုပ်တို့၏ ကျမ်းဂန်၌ လာသောကြောင့်တည်း ဟု (လျှောက်၏)။

၂၁၀။ မာဂဏ္ဍိယ ထိုငါဆိုမည့်စကားကို အဘယ်သို့အောက်မေ့သနည်း—ဤလောက၌ အချို့သောသူသည် စက္ခုဝိညာဏ်ဖြင့် သိအပ်ကုန်သော အလိုရှိအပ်ကုန်သော နှစ်သက်အပ်ကုန်သော နှလုံးကို ပွါးစေတတ်ကုန်သော ချစ်အပ်သော သဘောရှိကုန်သော ကာမနှင့်စပ်ယှဉ်ကုန်သော တပ်နှစ်သက်ဖွယ် ဖြစ်ကုန်သော ရူပါရုံတို့ဖြင့် မွေ့လျော်ပျော်ပါးဘူး၏။ ထိုသူသည် နောက်အခါ၌ ရူပါရုံတို့၏ ဖြစ်ခြင်း ချုပ်ခြင်း သာယာဖွယ်သဘော အပြစ် ထွက်မြောက်ရာတို့ကို ဟုတ်တိုင်းမှန်စွာ သိ၍ ရူပါရုံ၌ တပ်နှစ်သက်ခြင်း တဏှာကိုစွန့်၍ ရူပါရုံကြောင့်ဖြစ်သော ပူလောင်ခြင်းကို ပယ်ဖျောက်၍ ဆာလောင်မွတ်သိပ်ခြင်း ကင်းသည်ဖြစ်၍ အဇ္ဈတ္တသန္တာန်၌ ငြိမ်းအေးသော စိတ်ရှိသည်ဖြစ်၍ နေရာ၏။ မာဂဏ္ဍိယ သင်သည် ဤသူ့ကို အဘယ်သို့ ဆိုမည်နည်း ဟု (မေးတော်မူ၏)။ အသျှင်ဂေါတမ ဘာမျှ ဆိုဖွယ်မရှိပါ (ဟု လျှောက်၏)။

မာဂဏ္ဍိယ ထိုငါဆိုမည့် စကားကို အဘယ်သို့အောက်မေ့သနည်း—ဤလောက၌ အချို့သောသူသည် သောတဝိညာဏ်ဖြင့် သိအပ်ကုန်သော သဒ္ဒါရုံတို့ဖြင့်။ပ။ ဃာနဝိညာဏ်ဖြင့် သိအပ်ကုန်သော ဂန္ဓာရုံတို့ဖြင့်။ ဇိဝှါဝိညာဏ်ဖြင့် သိအပ်ကုန်သော ရသာရုံတို့ဖြင့်။ ကာယဝိညာဏ်ဖြင့် သိအပ်ကုန်သော အလိုရှိအပ်ကုန်သော နှစ်သက်အပ်ကုန်သော နှလုံးကို ပွါးစေတတ်ကုန်သော ချစ်အပ်သော သဘောရှိကုန်သော ကာမနှင့် စပ်ယှဉ်ကုန်သော တပ်နှစ်သက်ဖွယ် ဖြစ်ကုန်သော

http://www.dhammadownload.com



ဖောဋ္ဌဗ္ဗာရုံတို့ဖြင့် မွေ့လျော်ပျော်ပါးဘူး၏။ ထိုသူသည် နောက်အခါ၌ ဖောဋ္ဌဗ္ဗာရုံတို့၏ ဖြစ်ခြင်း ချုပ်ခြင်း သာယာဖွယ်သဘော အပြစ် ထွက်မြောက်ရာတို့ကို ဟုတ်တိုင်းမှန်စွာသိ၍ ဖောဋ္ဌဗ္ဗာရုံ၌ တပ်နှစ်သက်ခြင်းတဏှာကို ပယ်စွန့်၍ ဖောဋ္ဌဗ္ဗာရုံကြောင့်ဖြစ်သော ပူလောင်ခြင်းကို ပယ်ဖျောက်၍ ဆာလောင်မွတ်သိပ်ခြင်းကင်းသည်ဖြစ်၍ အဇ္ဈတ္တသန္တာန်၌ ငြိမ်းအေးသောစိတ်ရှိသည်ဖြစ်၍ နေရာ၏။ မာဂဏ္ဍိယ သင်သည် ဤသူ့ကို အဘယ်သို့ ဆိုမည်နည်းဟု (မေးတော်မူ၏)။ အသျှင်ဂေါတမ ဘာမျှ ဆိုဖွယ်မရှိပါ (ဟု လျှောက်၏)။

၂၁၁။ မာဂဏ္ဍိယ ငါသည် ရှေးလူဖြစ်စဉ်အခါက စက္ခုဝိညာဏ်ဖြင့် သိအပ်ကုန်သော အလိုရှိအပ်ကုန်သော နှစ်သက်အပ်ကုန်သော နှလုံးကိုပွါးစေတတ်ကုန်သော ချစ်အပ်သောသဘောရှိကုန်သော ကာမနှင့်စပ်ယှဉ်ကုန်သော တပ်နှစ်သက်ဖွယ် ဖြစ်ကုန်သော ရူပါရုံတို့ဖြင့်၎င်း။ သောတဝိညာဏ်ဖြင့် သိအပ်ကုန်သော သဒ္ဒါရုံတို့ဖြင့်၎င်း။ပ။ ဃာနဝိညာဏ်ဖြင့်သိအပ်ကုန်သော ဂန္ဓာရုံတို့ဖြင့်၎င်း။ ဇိဝှါဝိညာဏ်ဖြင့် သိအပ်ကုန်သော ရသာရုံတို့ဖြင့်၎င်း။ ကာယဝိညာဏ်ဖြင့် သိအပ်ကုန်သော အလိုရှိအပ်ကုန်သော နှစ်သက်အပ်ကုန်သော နှလုံးကို ပွါးစေတတ်ကုန်သော ချစ်အပ်သော သဘောရှိကုန်သော ကာမနှင့်စပ်ယှဉ်ကုန်သော တပ်နှစ်သက်ဖွယ် ဖြစ်ကုန်သော ဖောဋ္ဌဗ္ဗာရုံတို့ဖြင့်၎င်း ဤသို့ ငါးပါးသော ကာမဂုဏ်တို့ဖြင့် ပြည့်ပြည့်စုံစုံ လုံးလုံးလောက်လောက် မွေ့လျော်ပျော်ပါးဘူး၏။

မာဂဏ္ဍိယ ထိုငါ့အားမိုးဥတုအခါ စံနေရာဖြစ်သော ပြာသာဒ်တဆောင် ဆောင်းဥတုအခါ စံနေရာဖြစ်သော ပြာသာဒ်တဆောင် နွေဥတုအခါ စံနေရာဖြစ်သော ပြာသာဒ်တဆောင် ဤသို့ သုံးဆောင်ကုန်သော ပြာသာဒ်တို့သည် ဖြစ်ခဲ့ကုန်၏။ မာဂဏ္ဍိယ ထိုငါသည် မိုးဥတုအခါ စံနေရာဖြစ်သော ပြာသာဒ်၌ မိုးလေလတို့ပတ်လုံး ယောကျ်ား (တီးမှုတ်သူ) ကင်းကုန်သော တူရိယာမျိုးတို့ဖြင့် မွေ့လျော် ပျော်ပါးလျက် ပြာသာဒ် အောက်သို့ မသက်ဆင်းပေ၊ ထိုငါသည် နောက်အခါ၌ ကာမဂုဏ်တို့၏ဖြစ်ခြင်း ချုပ်ခြင်း သာယာဖွယ်သဘောအပြစ် ထွက်မြောက်ရာတို့ကို ဟုတ်မှန်သောအတိုင်းသိ၍ ကာမဂုဏ်တို့၌ တပ်မက်မောသော တဏှာကို ပယ်စွန့်၍ ကာမဂုဏ်ကြောင့် ဖြစ်သော ပူလောင်ခြင်းကို ပယ်ဖျောက်၍ ဆာလောင်မွတ်သိပ်ခြင်းကင်းသည်ဖြစ်၍ အတွင်းအဇ္ဈတ္တသန္တာန်၌ ငြိမ်းအေးသော စိတ်ရှိသည်ဖြစ်၍ နေ၏။ ထိုငါသည် ကာမဂုဏ်တို့၌ မကင်းသော တပ်မက်မှုရှိကုန်သော ကာမတဏှာတို့သည် ခဲစားအပ်ကုန်သော ကာမဂုဏ်ကြောင့်ဖြစ်သော ပူလောင်ခြင်းဖြင့် ထက်ဝန်းကျင်ပူလောင်ကြကုန်သော ကာမဂုဏ်တို့ကို မှီဝဲကုန်သော တပါးသောသတ္တဝါတို့ကို မြင်၏။ ထိုငါသည် ထိုကာမဂုဏ်တို့ကို မတောင့်တ၊ ထိုကာမဂုဏ်တို့၌ မမွေ့လျော်ပေ။ အဘယ့်ကြောင့်နည်းဟူမူ—မာဂဏ္ဍိယ ကာမဂုဏ်တို့ကို ကြဉ်၍သာလျှင် အကုသိုလ်တရားတို့ကို ကြဉ်၍သာလျှင် နတ်၌ ဖြစ်သော ချမ်းသာကိုသော်လည်း လွန်၍တည်သော ဈာန်မွေ့လျော်ခြင်းဖြင့် မွေ့လျော်နေသည်ဖြစ်၍ ယုတ်ညံ့သော ကာမဂုဏ်တို့ကို မတောင့်တတော့ပြီ၊ ထိုကာမဂုဏ်၌ မမွေ့လျော်တော့ပြီ။

၂၁၂။ မာဂဏ္ဍိယ ဥပမာသော်ကား ကြွယ်ဝသော များသောဥစ္စာ များသောစည်းစိမ်ရှိသော သူကြွယ်သည်ပင်ဖြစ်စေ သူကြွယ်သားသည်ပင်ဖြစ်စေ စက္ခုဝိညာဏ်ဖြင့် သိအပ်ကုန်သော ရူပါရုံတို့ဖြင့်၎င်း။ပ။ အလိုရှိအပ်ကုန်သော နှစ်သက်အပ်ကုန်သော နှလုံးကို ပွါးစေတတ်ကုန်သော ချစ်အပ်သော သဘောရှိကုန်သော ကာမနှင့် စပ်ယှဉ်ကုန်သော တပ်နှစ်သက်ဖွယ် ဖြစ်ကုန်သော ဖောဋ္ဌဗ္ဗာ

http://www.dhammadownload.com



ရုံတို့ဖြင့်ရှင်း ဤသို့ ငါးပါးသော ကာမဂုဏ်တို့ဖြင့် ပြည့်ပြည့်စုံစုံ လုံလုံလောက်လောက် မွေ့လျော် ပျော်ပါးဘူးသည်ဖြစ်ရာ၏။ ထိုသူသည် ကိုယ်ဖြင့် သုစရိုက်တရားကို ပြုကျင့်၍ နှုတ်ဖြင့် သုစရိုက် တရားကို ပြုကျင့်၍ စိတ်ဖြင့် သုစရိုက်တရားကို ပြုကျင့်၍ ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာဖြစ်သော နတ်ရွာလောကသို့ တာဝတိံသာနတ်တို့၏ အပေါင်း အသင်းအဖြစ်သို့ ကပ်ရောက်ရာ၏။ ထိုသူသည် တာဝတိံသာနတ်ပြည် နန္ဒဝန်ဥယျာဉ်၌ နတ်သမီး အပေါင်းခြံရံလျက် နတ်၌ဖြစ်သော ကာမဂုဏ်ငါးပါးတို့ဖြင့် ပြည့်ပြည့်စုံစုံ လုံလုံလောက်လောက် မွေ့လျော်ပျော်ပါးရာ၏။ ထိုသူသည် ကာမဂုဏ်ငါးပါးတို့ဖြင့် ပြည့်ပြည့်စုံစုံ လုံလုံလောက်လောက် မွေ့လျော်ပျော်ပါးနေသော သူကြွယ်ကိုသော်ရှင်း သူကြွယ်၏သားကိုသော်ရှင်း မြင်လေရာ၏။ မာဂဏ္ဍိယ ထိုငါဆိုမည့်စကားကို အသို့အောက်မေ့သနည်း—နန္ဒဝန်ဥယျာဉ်၌ နတ်သမီးအပေါင်း ခြံရံလျက် နတ်ကာမဂုဏ်ငါးပါးတို့ဖြင့် ပြည့်ပြည့်စုံစုံ လုံလုံလောက်လောက် မွေ့လျော် ပျော်ပါး နေသော ထိုနတ်သားသည် ဤမည်သော သူကြွယ်သည်ပင်သော်ရှင်း သူကြွယ်၏သားသည် ပင်သော်ရှင်း လူ့ကာမဂုဏ်ငါးပါးတို့ကို တောင့်တရာသလော၊ လူ့ကာမဂုဏ်တို့ဖြင့်လည်း ပြန်လည် နေရာအံ့လော ဟု (မေးတော်မူ၏)။ အသျှင်ဂေါတမ မဖြစ်နိုင်ပါဟု (လျှောက်၏)။ အဘယ့် ကြောင့်နည်းဟူမူ—အသျှင်ဂေါတမ လူ့ကာမဂုဏ်တို့ထက် နတ်ကာမဂုဏ်တို့က သာလွန်ကုန်၏၊ မွန်လည်း မွန်မြတ်ကုန်၏ ဟု (လျှောက်၏)။

မာဂဏ္ဍိယ ဤဥပမာအတူသာလျှင် ငါဘုရားသည် ရှေးလူဖြစ်စဉ်က စက္ခုဝိညာဏ်ဖြင့် သိအပ် ကုန်သော အလိုရှိအပ်ကုန်သော နှစ်သက်အပ်ကုန်သော နှလုံးကို ပွါးစေအပ်ကုန်သော ချစ်အပ်သော သဘောရှိကုန်သော ကာမနှင့် စပ်ယှဉ်ကုန်သော တပ်နှစ်သက်ဖွယ်ဖြစ်ကုန်သော ရူပါရုံတို့ဖြင့်ရှင်း။ သောတဝိညာဏ်ဖြင့် သိအပ်ကုန်သော သဒ္ဒါရုံတို့ဖြင့်ရှင်း။ပ။ ဃာနဝိညာဏ်ဖြင့် သိအပ်ကုန်သော ဂန္ဓာရုံတို့ဖြင့်ရှင်း။ ဇိဝှါဝိညာဏ်ဖြင့် သိအပ်ကုန်သော ရသာရုံတို့ဖြင့်ရှင်း။ ကာယဝိညာဏ်ဖြင့် သိအပ်ကုန်သော အလိုရှိအပ်ကုန်သော နှစ်သက်အပ်ကုန်သော နှလုံးကို ပွါးစေတတ်ကုန်သော ချစ်အပ်သော သဘောရှိကုန်သော ကာမနှင့် စပ်ယှဉ်ကုန်သော တပ်နှစ်သက်ဖွယ်ဖြစ်ကုန်သော ဖောဋ္ဌဗ္ဗာရုံတို့ဖြင့်ရှင်း ဤသို့ ကာမဂုဏ်ငါးပါးဖြင့် ပြည့်ပြည့်စုံစုံ လုံလုံလောက်လောက် မွေ့လျော် ပျော်ပါးဘူး၏။

ထိုငါသည် နောက်အခါ၌ ကာမဂုဏ်တို့၏ ဖြစ်ခြင်း ချုပ်ခြင်း သာယာခြင်းသဘော အပြစ် ထွက်မြောက်ရာတို့ကို ဟုတ်တိုင်းမှန်စွာ သိ၍ ကာမတို့၌ တပ်ခြင်းတဏှာကို ပယ်စွန့်၍ ကာမတို့ ကြောင့်ဖြစ်သော ပူလောင်ခြင်းကို ပယ်ဖျောက်၍ ဆာလောင်မွတ်သိပ်ခြင်း ကင်းသည်ဖြစ်၍ အဇ္ဈတ္တသန္တာန်၌ ငြိမ်းအေးသော စိတ်ရှိသည်ဖြစ်၍ နေ၏။ ထိုငါသည် ကာမဂုဏ်တို့၌ မကင်းသေးသော တပ်စွဲမှုရှိကုန်သော ကာမတဏှာတို့သည် ခဲစားအပ်ကုန်သော ကာမတဏှာဟူ သော ပူလောင်ခြင်းဖြင့် ထက်ဝန်းကျင် ပူလောင်ကုန်သော ကာမတို့ကို မှီဝဲကုန်သော တပါး သော သတ္တဝါတို့ကို မြင်၏၊ ထိုငါသည် ထိုသူတို့၏ ထိုကာမဂုဏ်တို့ကို မတောင့်တတော့ပြီ၊ ထိုကာမဂုဏ်တို့၌ မမွေ့လျော်တော့ပြီ။ အဘယ့်ကြောင့်နည်းဟူမူ—မာဂဏ္ဍိယ ကာမဂုဏ်တို့ကို ကြဉ်၍သာလျှင် အကုသိုလ်တရားတို့ကို ကြဉ်၍သာလျှင် နတ်၌ဖြစ်သော ချမ်းသာကိုသော်လည်း သာလွန်၍ တည်သော မွေ့လျော်ခြင်းဖြင့် မွေ့လျော်နေသည်ဖြစ်၍ ယုတ်ညံ့သော ကာမဂုဏ်တို့ကို မတောင့်တတော့ပြီ၊ ထိုကာမဂုဏ်၌ မမွေ့လျော်တော့ပြီ။

http://www.dhammadownload.com



၂၁၃။ မာဂဏ္ဍိယ ဥပမာသော်ကား နာကျင်သော ကိုယ်ရှိသော မှည့်ရင့်သော အိုင်းအမာရှိသော နူနာရှိသော ယောကျ်ားသည် ပိုးလောက်တို့ အကိုက်အခဲခံရ၍ လက်သည်းတို့ဖြင့် အနာဝတို့ကို ကုပ်ဖဲ့လျက် မီးကျီးစု၌ ကိုယ်ကို ကင်ရာ၏။ ထိုနူနာရှိသော ယောကျ်ား၏ အဆွေခင်ပွန်း ဆွေမျိုးသားချင်းတို့သည် အနာကိုကုစားတတ်သော ဆေးဆရာကို ပင့်လာကုန်ရာ၏။ ထိုနူနာစွဲသော ယောကျ်ားအား ထိုအနာကို ကုစားတတ်သော ဆေးဆရာသည် ဆေးကုရာ၏၊ ထိုနူနာစွဲသော ယောကျ်ားသည် ထိုဆေးကို အစွဲပြု၍ နူနာတို့မှ လွတ်မြောက်ရာ၏။ အနာမရှိသည်ဖြစ်၍ ချမ်းသာစွာ မိမိကိုယ်ကို အစိုးတရ အလိုရှိတိုင်း နေရသည် အလိုရှိတိုင်း သွားရသည် ဖြစ်ရာ၏။ ထိုနူနာမှ ကင်းပြီးသော ယောကျ်ားသည် နာကျင်သော ကိုယ်ရှိသော မှည့်ရင့်သော အိုင်းအမာရှိသော ပိုးလောက်တို့ အကိုက်အခဲခံနေရသော လက်သည်းတို့ဖြင့် အနာဝကို ကုပ်ဖဲ့လျက် မီးကျီးစု၌ ကိုယ်ကို ကင်၍ နေသော နူနာရှိသော အခြားယောကျ်ားတယောက်ကို မြင်ရာ၏။

မာဂဏ္ဍိယ ထိုငါဆိုမည့် စကားကို အဘယ်သို့ အောက်မေ့ဘိသနည်း—ထိုနူနာမှ ကင်းပြီးသောယောကျ်ားသည် ဤမည်သော နူနာရှိသော ယောကျ်ား၏ မီးကျီးစုကိုရင်း ဆေးမှီဝဲမှုကိုရင်း တောင့်တရာအံ့လောဟု (မေးတော်မူ၏)။ အသျှင်ဂေါတမ မဖြစ်နိုင်ပါ (ဟုလျှောက်၏)။ အဘယ့်ကြောင့်နည်းဟူမူ— အသျှင်ဂေါတမ ရောဂါရှိလတ်သော် ဆေးဖြင့် ပြုဖွယ်ကိစ္စသည် ဖြစ်ရာ၏၊ ရောဂါမရှိခဲ့သော် ဆေးဖြင့် ပြုဖွယ်ကိစ္စသည် မရှိဟု (လျှောက်ထား၏)။

မာဂဏ္ဍိယ ဤအတူသာလျှင် ငါသည် ရှေးလူဖြစ်စဉ်က စက္ခုဝိညာဏ်ဖြင့် သိအပ်ကုန်သော အလိုရှိအပ်ကုန်သော နှစ်သက်အပ်ကုန်သော နှလုံးကို ပွါးစေတတ်ကုန်သော ချစ်အပ်သော သဘောရှိကုန်သော ကာမနှင့်စပ်ယှဉ်ကုန်သော တပ်နှစ်သက်ဖွယ် ဖြစ်ကုန်သော ရူပါရုံတို့ဖြင့်ရင်း။ သောတပိညာဏ်ဖြင့် သိအပ်ကုန်သော သဒ္ဒါရုံတို့ဖြင့်ရင်း။ ပ။ ဃာနဝိညာဏ်ဖြင့် သိအပ်ကုန်သော ဂန္ဓာရုံတို့ဖြင့်ရင်း။ ဇိဝှါဝိညာဏ်ဖြင့် သိအပ်ကုန်သော ရသာရုံတို့ဖြင့်ရင်း။ ကာယဝိညာဏ်ဖြင့် သိအပ်ကုန်သော အလိုရှိအပ်ကုန်သော နှစ်သက်အပ်ကုန်သော နှလုံးကို ပွါးစေတတ်ကုန်သော ချစ်အပ်သော သဘောရှိကုန်သော ကာမနှင့် စပ်ယှဉ်ကုန်သော တပ်နှစ်သက်ဖွယ် ဖြစ်ကုန်သော ဖောဋ္ဌဗ္ဗာရုံတို့ဖြင့်ရင်း ဤသို့ ကာမဂုဏ်ငါးပါးတို့နှင့် ပြည့်ပြည့်စုံစုံ လုံလုံလောက်လောက် မွေ့လျော်ပျော်ပါးဘူး၏။

ထိုငါသည် နောက်အခါ၌ ကာမဂုဏ်တို့၏ ဖြစ်ခြင်း ချုပ်ခြင်း သာယာဖွယ်သဘော အပြစ်ထွက်မြောက်ရာတို့ကို ဟုတ်တိုင်းမှန်စွာသိ၍ ကာမဂုဏ်တို့၌ တပ်ခြင်းတဏှာကို ပယ်စွန့်၍ ကာမကြောင့် ဖြစ်သော ပူလောင်ခြင်းကို ပယ်ဖျောက်၍ ဆာလောင် မွတ်သိပ်ခြင်း ကင်းသည်ဖြစ်၍ အတွင်းအဇ္ဈတ္တသန္တာန်၌ ငြိမ်းအေးသော စိတ်ရှိသည်ဖြစ်၍ နေ၏။

ထိုငါသည် ကာမဂုဏ်တို့၌ မကင်းသေးသော တပ်စွဲမှု ရှိကုန်သော ကာမတဏှာတို့သည် ခဲစားအပ်ကုန်သော ကာမတဏှာတည်းဟူသော ပူလောင်ခြင်းဖြင့် ထက်ဝန်းကျင် ပူလောင်ကုန်သော ကာမဂုဏ်တရားတို့ကို မှီဝဲကုန်သော အခြားသောသတ္တဝါတို့ကို မြင်၏။ ထိုငါသည် ထိုသူတို့၏ ထိုကာမဂုဏ်တို့ကို မတောင့်တတော့ပြီ၊ ထိုကာမဂုဏ်တို့၌ မမွေ့လျော်တော့ပြီ။ အဘယ့်ကြောင့်နည်းဟူမူ— မာဂဏ္ဍိယ ကာမဂုဏ်တို့ကို ကြဉ်၍ သာလျှင် အကုသိုလ်တရားတို့ကို ကြဉ်၍သာလျှင် နတ်၌ ဖြစ်သော ချမ်းသာကိုသော်လည်း သာလွန်၍ တည်သော မွေ့လျော်ခြင်းဖြင့် မွေ့လျော်နေသည်ဖြစ်၍ ယုတ်ညံ့သော ကာမဂုဏ်တို့ကို မတောင့်တတော့ပြီ၊ ထိုကာမဂုဏ်၌ မမွေ့လျော်တော့ပြီ။

http://www.dhammadownload.com



၂၁၄။ မာဂဏ္ဍိယ ဥပမာသော်ကား နာကျင်သော ကိုယ်ရှိသော မှည့်ရင့်သော အိုင်းအမာရှိသော နူနာရှိသော ယောကျ်ားသည် ပိုးလောက်တို့ အကိုက်အခဲခံရ၍ လက်သည်းတို့ဖြင့် အမာဝကို ကုပ်ဖဲ့လျက် မီးကျီးစု၌ ကိုယ်ကို ကင်ရာ၏။ ထိုနူနာရှိသော ယောကျ်ား၏ အဆွေခင်ပွန်း ဆွေမျိုး သားချင်းတို့သည် အနာကို ကုစားတတ်သော ဆေးဆရာကို ပင့်လာကုန်ရာ၏၊ ထိုနူနာရှိသော ယောကျ်ားအား ထိုအနာကို ကုစားတတ်သော ဆေးဆရာသည် ဆေးကုရာ၏။ ထိုနူနာရှိသော ယောကျ်ားသည် ထိုဆေးကို အစွဲပြု၍ နူနာတို့မှ လွတ်မြောက်ရာ၏၊ အနာမရှိသည်ဖြစ်၍ ချမ်းသာစွာ မိမိကိုယ်ကို အစိုးတရ အလိုရှိတိုင်း နေရသည် အလိုရှိတိုင်း သွားရသည် ဖြစ်ရာ၏။ ထိုယောကျ်ားကို အားကြီးသော ယောကျ်ားနှစ်ယောက်တို့သည် လက်မောင်းတဖက်စီကိုင်၍ မီးကျီးစုသို့ ဆွဲငင်ကုန်ရာ၏။

မာဂဏ္ဍိယ ထိုငါဆိုမည့်စကားကို အဘယ်သို့ အောက်မေ့ဘိသနည်း—ထိုယောက်ျားသည် ဤမှ ထိုမှ ကိုယ်ကို ရှုန်းကန်ရာသည် မဟုတ်လော ဟု (မေးတော်မူ၏)။ အသျှင်ဂေါတမ မှန်ပါ၏၊ အဘယ့်ကြောင့်နည်းဟူမူ—အသျှင်ဂေါတမ ဤမီးသည်ကား ဆင်းရဲသော အတွေ့လည်း ရှိပါ၏၊ ကြီးစွာသော ပူခြင်းလည်း ရှိပါ၏၊ ပြင်းထန်သော လောင်ခြင်းလည်း ရှိပါ၏ ဟု (လျှောက်၏)။ မာဂဏ္ဍိယ ထိုငါဆိုမည့်စကားကို အဘယ်သို့ အောက်မေ့ဘိသနည်း—ထိုမီးသည် ယခုမှသာလျှင် ဆင်းရဲသော အတွေ့လည်း ရှိသလော၊ ကြီးစွာသော ပူခြင်းလည်း ရှိသလော၊ ပြင်းထန်သော လောင်ခြင်းလည်း ရှိသလော၊ သို့မဟုတ် ရှေးအခါ၌လည်း ထိုမီးသည် ဆင်းရဲသော အတွေ့လည်း ရှိသလော၊ ကြီးစွာသော ပူခြင်းလည်း ရှိသလော၊ ပြင်းထန်သော လောင်ခြင်းလည်း ရှိသလော ဟု (မေးတော်မူ၏)။ အသျှင်ဂေါတမ ထိုမီးသည် ယခုအခါ၌လည်း ဆင်းရဲသော အတွေ့လည်း ရှိပါ၏၊ ကြီးစွာသော ပူခြင်းလည်း ရှိပါ၏၊ ပြင်းထန်သော လောင်ခြင်းလည်း ရှိပါ၏၊ ရှေးအခါ၌လည်း ဆင်းရဲသော အတွေ့လည်း ရှိပါ၏၊ ကြီးစွာသော ပူခြင်းလည်း ရှိပါ၏၊ ပြင်းထန်သော လောင်ခြင်းလည်း ရှိပါ၏။

အသျှင်ဂေါတမ နာကျင်သော ကိုယ်ရှိသော မှည့်ရင့်သော အိုင်းအမာရှိသော ပိုးလောက်တို့ အကိုက်အခဲခံရ၍ လက်သည်းတို့ဖြင့် အနာဝတို့ကို ကုပ်ဖဲ့နေရသော ဤနူနာစွဲသော ယောကျ်ားသည်ကား ဣန္ဒြေပျက်စီးနေသည်ဖြစ်၍ ဆင်းရဲသောအတွေ့ရှိသည်လည်းဖြစ်သော မီး၌ ချမ်းသာ၏ ဟု ဖောက်ပြန်မှတ်မှားသော သညာကို ရလျက်နေပါ၏ဟု (လျှောက်၏)။

မာဂဏ္ဍိယ ဤအတူသာလျှင် အတိတ်ဖြစ်သော ကာလ၌လည်း ကာမဂုဏ်သည် ဆင်းရဲသော အတွေ့လည်း ရှိ၏၊ ကြီးစွာသော ပူခြင်းလည်း ရှိ၏၊ ပြင်းထန်သော လောင်ခြင်းလည်း ရှိ၏။ လာလတ္တံ့သော အနာဂတ်ကာလ၌လည်း ကာမဂုဏ်သည် ဆင်းရဲသောအတွေ့လည်း ရှိ၏၊ ကြီးစွာသော ပူခြင်းလည်း ရှိ၏၊ ပြင်းထန်သော လောင်ခြင်းလည်း ရှိ၏။ ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလ၌လည်း ကာမဂုဏ်သည် ဆင်းရဲသော အတွေ့လည်း ရှိ၏၊ ကြီးစွာသော ပူခြင်းလည်း ရှိ၏၊ ပြင်းထန်သော လောင်ခြင်းလည်း ရှိ၏။ မာဂဏ္ဍိယ ဤသတ္တဝါတို့ကား ကာမဂုဏ်တရားတို့၌ မကင်းသေးသော ရာဂရှိကုန်သည်ဖြစ်၍ ကာမတဏှာတို့သည် ခဲစားအပ်ကုန်သည်ဖြစ်၍ ကာမအပူဖြင့် ထက်ဝန်းကျင် လောင်မြိုက်အပ်ကုန်သည် ဖြစ်၍ ဣန္ဒြေပျက်စီးနေသည်၏ အဖြစ်ကြောင့် ဆင်းရဲသော အတွေ့ရှိသည်သာလျှင် ဖြစ်ကုန်သော ကာမတို့၌ ချမ်းသာဟု ဖောက်ပြန် မှတ်မှားသော သညာကို ရကုန်၏။

http://www.dhammadownload.com



၂၁၅။ မာဂဏ္ဍိယ ဥပမာသော်ကား နာကျင်သော ကိုယ်ရှိသော မှည့်ရင့်သော အိုင်းအမာရှိသော နူနာစွဲသော ယောကျ်ားသည် ပိုးလောက်တို့ အကိုက်အခဲခံနေရသည်ဖြစ်၍ လက်သည်းတို့ဖြင့် အနာဝကို ကုပ်ဖဲ့လျက် မီးကျီးစဥ္ဍ ကိုယ်ကို ထက်ဝန်းကျင်မှ ကင်၏။ မာဂဏ္ဍိယ နာကျင်သော ကိုယ်ရှိသော မှည့်ရင့်ပြီးသော အိုင်းအမာရှိသော ပိုးလောက်တို့ အကိုက်အခဲခံနေရသော ဤနူနာရှိသော ယောကျ်ားသည် လက်သည်းတို့ဖြင့် အနာဝကို ကုပ်ဖဲ့လျက် အကြင် အကြင်သို့သော အခြင်းအရာဖြင့် မီးကျီးစဥ္ဍ ကိုယ်ကို ထက်ဝန်းကျင်မှ ကင်ရာ၏၊ ထိုထိုသို့သော အခြင်းအရာဖြင့် ထိုယောကျ်ား၏ ထိုအနာဝတို့သည် အလွန်မစင်ကြယ်ကုန်သည်ရင်း အလွန်မကောင်းသော အနံ့ရှိကုန်သည်ရင်း အလွန်ပုပ်ကုန်သည်ရင်း ဖြစ်ကုန်၏။ အမာဝတို့ကို အယားဖျောက်ခြင်းကြောင့်ဖြစ်သော အနည်းငယ်မျှသော သက်သာရာမျှ သာယာကာမျှတို့သည် ဖြစ်ကုန်၏။

မာဂဏ္ဍိယ ဤအတူသာလျှင် ကာမဂုဏ်တို့၌ မကင်းသေးသော ရာဂရှိကုန်သော ကာမတဏှာတို့သည် ခဲစားအပ်ကုန်သော ကာမဂုဏ်အပူဖြင့် ထက်ဝန်းကျင် ပူလောင်အပ်ကုန်သော သတ္တဝါတို့သည် ကာမဂုဏ်တို့ကို မှီဝဲကုန်၏။ မာဂဏ္ဍိယ အကြင် အကြင်သို့သော အခြင်းအရာအားဖြင့် ကာမဂုဏ်တို့၌ မကင်းသော ရာဂရှိကုန်သော ကာမတဏှာတို့သည် ခဲစားအပ်ကုန်သော ကာမအပူဖြင့်လည်း ထက်ဝန်းကျင် ပူလောင်အပ်ကုန်သော သတ္တဝါတို့သည် ကာမဂုဏ်တို့ကို မှီဝဲကုန်၏။ ထိုထိုသို့သော အခြင်းအရာအားဖြင့် ထိုထိုသတ္တဝါတို့အား ကာမတဏှာတို့သည်လည်း အဖန်ဖန်တိုးပွါးကုန်၏၊ ကာမအပူဖြင့်လည်း ထက်ဝန်းကျင် ပူလောင်ကုန်၏။ ကာမဂုဏ်ငါးပါးတို့ကို အစွဲပြု၍ ဖြစ်သော သက်သာရာမျှ သာယာကာမျှသည်သာလျှင် ဖြစ်၏။

မာဂဏ္ဍိယ ထိုငါဆိုမည့်စကားကို အဘယ်သို့အောက်မေ့သနည်း—မင်းသည်ရင်း မင်း၏အမတ်သည်ရင်း ကာမဂုဏ်ငါးပါးတို့ဖြင့် ပြည့်ပြည့်စုံစုံ လုံးလုံးလောက်လောက် မွေ့လျော်ပျော်ပါးလျက် ကာမတဏှာကို မပယ်မစွန့်မူ၍ ကာမအပူကို မပယ်မဖျောက်မူ၍ ကင်းသော ဆာလောင်မွတ်သိပ်ခြင်း ရှိသည်ဖြစ်၍ အတွင်းအဇ္ဈတ္တသန္တာန်၌ ငြိမ်းအေးသော စိတ်ရှိလျက် နေလည်း နေပြီ၊ နေလည်း နေဆဲ၊ နေလည်း နေလတ္တံ့ ဟု သင်မြင်မူလည်း မြင်ဘူးသလော၊ ကြားမူလည်း ကြားဘူးသလော ဟု (မေးတော်မူ၏)။ အသျှင်ဂေါတမ ဤသို့ မဖြစ်နိုင်သည်သာတည်း (ဟု လျှောက်၏)။

မာဂဏ္ဍိယ ကောင်းပါပေ၏၊ မာဂဏ္ဍိယ မင်းသည်ရင်း မင်း၏အမတ်သည်ရင်း ကာမဂုဏ်ငါးပါးတို့ဖြင့် ပြည့်ပြည့်စုံစုံ လုံးလုံးလောက်လောက် မွေ့လျော်ပျော်ပါးလျက် ကာမတဏှာကို မပယ်မစွန့်မူ၍ ကာမအပူကို မပယ်မဖျောက်မူ၍ ကင်းသော ဆာလောင်မွတ်သိပ်ခြင်း ရှိသည်ဖြစ်၍ အတွင်းအဇ္ဈတ္တသန္တာန်၌ ငြိမ်းအေးသောစိတ်ရှိသည်ဖြစ်၍ နေမူလည်း နေခဲ့ပြီ၊ နေမူလည်း နေဆဲ၊ နေမူလည်း နေလတ္တံ့၊ ဤသို့ ဖြစ်သည်ကို ငါလည်း မြင်လည်း မမြင်စဘူး၊ ကြားလည်း မကြားစဘူးပေ။

မာဂဏ္ဍိယ ခပ်သိမ်းကုန်သော ရဟန်းတို့သည်ရင်း ပုဏ္ဏားတို့သည်ရင်း ကင်းသော ဆာလောင်မွတ်သိပ်ခြင်း ရှိသည်ဖြစ်၍ အတွင်းအဇ္ဈတ္တသန္တာန်၌ ငြိမ်းအေးသော စိတ်ရှိကုန်သည်ဖြစ်၍ နေလည်း နေခဲ့ကုန်ပြီ၊ နေလည်း နေကုန်ဆဲ၊ နေလည်း နေကုန်လတ္တံ့၊ ခပ်သိမ်းကုန်သော ထိုရဟန်း ပုဏ္ဏားတို့သည် ကာမဂုဏ်တရားတို့၏ ဖြစ်ခြင်း ချုပ်ခြင်း သာယာဖွယ်သဘော အပြစ် ထွက်မြောက်ရာတို့ကို ဟုတ်တိုင်းမှန်စွာ သိကြကုန်၍ ကာမတဏှာတို့ကို ပယ်စွန့်၍ ကာမအပူကို ပယ်ဖျောက်၍ ကင်းသော ဆာလောင်မွတ်သိပ်ခြင်း ရှိသည်ဖြစ်၍ အတွင်းအဇ္ဈတ္တသန္တာန်၌ ငြိမ်းအေးသောစိတ်ကုန်သည်ဖြစ်၍ နေလည်း နေခဲ့ကြကုန်ပြီ၊ နေလည်း နေကြကုန်ဆဲ၊ နေလည်း နေကြကုန်လတ္တံ့ ဟု

http://www.dhammadownload.com



(မိန့်တော်မူ၏)။ ထိုအခါ မြတ်စွာဘုရားသည် ထိုအချိန်၌ ဥဒါန်းစကားကို ကျူးရင့်မြွက်ကြား တော်မူ၏—

လာဘ်ဟူသမျှတို့တွင် အနာကင်းခြင်းသည် အသာဆုံးဖြစ်၏၊ ချမ်းသာဟူသမျှတို့တွင် နိဗ္ဗာန်သည် အသာဆုံးဖြစ်၏၊ အမြိုက်နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်သော လမ်းခရီးတို့တွင် အင်္ဂါရှစ်ပါးရှိသော လမ်းခရီးသည် ဘေးကင်း၍ အမြတ်ဆုံး ဖြစ်ပေ၏ ဟု (ကျူးရင့်မြွက်ကြား တော်မူ၏)။

၂၁၆။ ဤသို့ မိန့်တော်မူသော် မာဂဏ္ဍိယပရိဗိုဇ်သည် မြတ်စွာဘုရားအား— "အသျှင်ဂေါတမ အံ့ဖွယ်ရှိပါပေစွ၊ အသျှင်ဂေါတမ မဖြစ်စဖူး ထူးကဲစွာ ဖြစ်ပါပေစွ၊ အသျှင်ဂေါတမသည် 'လာဘ်ဟူသမျှတို့တွင် အနာကင်းခြင်းသည် အသာဆုံးဖြစ်၏၊ ချမ်းသာဟူသမျှတို့တွင် နိဗ္ဗာန်သည် အသာဆုံး ဖြစ်၏' ဟူ၍ ကောင်းစွာပင် မိန့်ကြားပေ၏။ အသျှင်ဂေါတမ အကျွန်ုပ်သည်လည်း 'လာဘ်ဟူသမျှတို့တွင် အနာကင်းခြင်းသည် အသာဆုံးဖြစ်၏၊ ချမ်းသာဟူသမျှတို့တွင် နိဗ္ဗာန်သည် အသာဆုံးဖြစ်၏' ဟု ပြောဆိုလာကြသော ရှေးပရိဗိုဇ်ဆရာ အဆက်ဆက်တို့၏ စကားကို ကြားဘူး ပါ၏၊ အသျှင်ဂေါတမ ဤအသျှင်ဂေါတမ မိန့်ဆိုသောစကားသည် အကျွန်ုပ် ကြားဘူးသည်နှင့် ညီညွတ်ပါ၏" ဟု လျှောက်ထား၏။

မာဂဏ္ဍိယ သင်သည် 'လာဘ်ဟူသမျှတို့တွင် အနာကင်းခြင်းသည် အသာဆုံးဖြစ်၏၊ ချမ်းသာ ဟူသမျှတို့တွင် နိဗ္ဗာန်သည် အသာဆုံးဖြစ်၏' ဟု ပြောဆိုလာကြသော ရှေးပရိဗိုဇ်ဆရာအဆက်ဆက် တို့၏ စကားကို ကြားရဘူး၏၊ ထိုအနာကင်းခြင်းဟူသည် အဘယ်နည်း၊ ထိုနိဗ္ဗာန်ဟူသည် အဘယ် နည်းဟု (မေးတော်မူ၏)။ ဤသို့ မေးတော်မူသော် မာဂဏ္ဍိယပရိဗိုဇ်သည် မိမိကိုယ်ကိုသာလျှင် လက်ဖြင့် သုံးသပ်၏၊ "အသျှင်ဂေါတမ ထိုအနာကင်းခြင်းဟူသည် ဤသည်ပင်တည်း၊ ထိုနိဗ္ဗာန် ဟူသည် ဤသည်ပင်တည်း၊ အသျှင်ဂေါတမ အကျွန်ုပ်သည် ယခုအခါ အနာမရှိ ချမ်းချမ်းသာသာ စိုးစဉ်းမျှသော ဆင်းရဲမှုသည် အကျွန်ုပ်ကို ပနှိပ်စက်နိုင်ပါ" ဟု (လျှောက်၏)။

၂၁၇။ မာဂဏ္ဍိယ ဥပမာသော်ကား ဝမ်းတွင်းကန်းဖြစ်သော ယောကျ်ားသည်ရှိ၏၊ ထို ယောကျ်ားသည် မည်းသောအဆင်း ဖြူသောအဆင်းတို့ကို မမြင်ရာ၊ ညိုသောအဆင်းတို့ကို မမြင်ရာ၊ ရွှေသောအဆင်းတို့ကို မမြင်ရာ၊ နီသောအဆင်းတို့ကို မမြင်ရာ ၊ မောင်းသော အဆင်းတို့ကို မမြင်ရာ၊ ညီညွတ်သည် မညီညွတ်သည်ကို မမြင်ရာ၊ ကြယ်နက္ခတ်တို့၏ အဆင်းကို မမြင်ရာ၊ လနေတို့ကို မမြင်ရာ၊ ထိုဝမ်းတွင်းကန်းယောကျ်ားသည် "အချင်းတို့ အလွန်အဆင်းလှသော အညစ်အကြေး ကင်းသော စင်ကြယ်သော အဝတ်ဖြူသည် ကောင်းမွန် လေစွတကား" ဟု ပြောဆိုသော မျက်စိမြင်သော သူ၏စကားကို ကြားလေရာ၏။ ထိုဝမ်းတွင်းကန်းသည် အဖြူရှာလှည့်လည်လာ ရာ၏။ ထိုဝမ်းတွင်းကန်းကို တယောက်သော ယောကျ်ားသည် ဆီချေးလိမ်းကျံသော မည်းနက် သည့် သိုးမွေးတို့ဖြင့် ပြုထားသော ပုဆိုးကြမ်းဖြင့် "အချင်းယောကျ်ား ဤပုဆိုးကား သင့်အတွက် အလွန်အဆင်းလှ၍ အညစ်အကြေးကင်းသော စင်ကြယ်သည့် အဝတ်ဖြူတည်း" ဟု လှည့်ပတ်ရာ ၏။ ထိုဝမ်းတွင်းကန်းသည် ထိုမည်းနက်သော အဝတ်ကို ယူရာ၏၊ ယူပြီး၍ ဝတ်ရုံရာ၏၊ ဝတ်ရုံပြီး၍ နှစ်သက်သောစိတ်ရှိလျက် "အချင်းတို့ အလွန်အဆင်းလှ၍ အညစ်အကြေးကင်းသော စင်ကြယ် သည့် အဝတ်ဖြူသည် ကောင်းမွန်လေစွတကား" ဟု နှစ်သက်သောစကားကို မြွက်ဆိုရာ၏။

မာဂဏ္ဍိယ ထိုငါဆိုမည့်စကားကို အဘယ်သို့အောက်မေ့သနည်း—အမှန်အားဖြင့် ဝမ်းတွင်းကန်းဖြစ်သော ထိုယောကျ်ားသည် သိ၍ မြင်၍ ဤဆီးချေးဖြင့် လိမ်းကျံသော မည်းနက်သည့် သိုးမွေးတို့ဖြင့် ပြုထားသော ပုဆိုးကြမ်းကို ယူရာသလော၊ ယူပြီး၍ ဝတ်ရုံရာသလော၊ ဝတ်ရုံ၍ နှစ်သက်သော စိတ်ရှိသည်ဖြစ်၍ "အချင်းတို့ အလွန်အဆင်းလှ၍ အညစ်အကြေးကင်းသော စင်ကြယ်သည့် အဝတ်ဖြူသည် ကောင်းမွန်လေစွတကား"ဟု နှစ်သက်သောစကားကို မြွက်ကြားရာသလော၊ သို့မဟုတ် မျက်စိအမြင်ရှိသော ယောကျ်ား၏စကားကို ယုံကြည်၍ ဆိုရာသလော ဟု (မေးတော်မူ၏)။

အသျှင်ဂေါတမ ထိုဝမ်းတွင်းကန်းယောကျ်ားသည် မသိပဲ မမြင်ပဲ ဆီးချေးလိမ်းကျံသော ဤမည်းနက်သည့် သိုးမွေးတို့ဖြင့် ပြုထားသော ပုဆိုးကြမ်းကို ခံယူရာ၏၊ ခံယူပြီး၍ ဝတ်ရုံရာ၏၊ ဝတ်ရုံပြီးလျှင် နှစ်သက်သောစိတ်ရှိလျက် "အချင်းတို့ အလွန် အဆင်းလှသော အညစ်အကြေးကင်းသော စင်ကြယ်သည့် အဝတ်ဖြူသည် ကောင်းမွန်လေစွတကား"ဟု နှစ်သက်သော စကားကို မြွက်ကြားလေရာ၏၊ မျက်စိအမြင်ရှိသော ယောကျ်ား၏ပြောစကားကို ယုံကြည်၍ မြွက်ကြားလေရာ၏ဟု (လျှောက်၏)။

မာဂဏ္ဍိယ ဤအတူသာလျှင် အယူတပါးရှိကုန်သော ပရိဗိုဇ်တို့သည် ကန်းကုန်၏၊ မျက်စိအမြင် မရှိကုန်၊ အနာကင်းသော အဖြစ်ကို မသိကုန်၊ နိဗ္ဗာန်ကို မမြင်ကုန်၊ ထိုသို့ မသိမမြင်ကြကုန်ပဲ လျက်သာလျှင် "လာဘ်ဟူသမျှ တို့တွင် အနာကင်းခြင်းသည် အသာဆုံးဖြစ်၏၊ ချမ်းသာဟူသမျှတို့တွင် နိဗ္ဗာန်သည် အသာဆုံးဖြစ်၏" ဟူ၍ ဤဂါထာကို ဆိုကုန်၏။ မာဂဏ္ဍိယ ပူဇော်အထူးကို ခံတော်မူထိုက်ကုန်သော ရှေးဘုရားသျှင်တို့သည်—

"လာဘ်ဟူသမျှတို့တွင် အနာကင်းခြင်းသည် အသာဆုံး ဖြစ်၏၊ ချမ်းသာဟူသမျှတို့တွင် နိဗ္ဗာန်သည် အသာဆုံး ဖြစ်၏၊ အမြိုက်နိဗ္ဗာန် သို့ရောက်ကြောင်း ဖြစ်သော လမ်းခရီးတို့တွင် အင်္ဂါရှစ်ပါးရှိသော လမ်းခရီးသည် ဘေးကင်း၍ အမြတ်ဆုံး ဖြစ်ပေ၏"ဟု ဤဂါထာကို ဟောကြားတော်မူကုန်၏။

၂၁၈။ ထိုဂါထာသည် အစဉ်အားဖြင့် ယခုအခါ ပုထုဇဉ်တို့ ဂါထာဖြစ်၏။ မာဂဏ္ဍိယ ဤခန္ဓာကိုယ်သည် ရောဂါတုံးဖြစ်၏၊ အိုင်းအမာတုံးဖြစ်၏၊ ဆူးငြောင့်တုံးဖြစ်၏၊ ဆင်းရဲတုံးဖြစ်၏၊ အနာတုံး ဖြစ်၏။ထို သင်သည် ရောဂါတုံးဖြစ်သော အိုင်းအမာတုံးဖြစ်သော ဆူးငြောင့်တုံးဖြစ်သော ဆင်းရဲတုံးဖြစ်သော အနာတုံးဖြစ်သော ဤခန္ဓာကိုယ်ကို "အသျှင်ဂေါတမ ထိုအနာကင်းခြင်း ဟူသည် ဤသည်ပင်တည်း၊ ထိုနိဗ္ဗာန်ဟူသည် ဤသည်ပင်တည်း" ဟု ဆို၏။ မာဂဏ္ဍိယ အနာကင်းခြင်းကို သင်သိနိုင်မည်ဖြစ်သော နိဗ္ဗာန်ကို သင်မြင်နိုင်မည်ဖြစ်သော စင်ကြယ်သော ဉာဏ်မျက်စိသည် သင့်မှာ မရှိ ဟု(မိန့်တော်မူ၏)။ အနာကင်းခြင်းကို အကျွန်ုပ်သိနိုင်မည့် နည်းလမ်းဖြင့် နိဗ္ဗာန်ကို အကျွန်ုပ် မြင်နိုင်မည့် နည်းလမ်းဖြင့် အသျှင်ဂေါတမသည် အကျွန်ုပ်အား တရားဟောခြင်းငှါ စွမ်းနိုင်၏ဟု ဤသို့ အကျွန်ုပ်သည် အသျှင်ဂေါတမအား ယုံကြည်ပါ၏ ဟု (လျှောက်ထား၏)။

၂၁၉။ မာဂဏ္ဍိယ ဥပမာသော်ကား ဝမ်းတွင်းကန်းဖြစ်သော ယောကျ်ားသည် ရှိရာ၏၊ ထိုယောကျ်ားသည် အမည်း အဖြူ အဆင်းတို့ကို မမြင်ရာ၊ ညိုသောအဆင်းတို့ကို မမြင်ရာ၊ ရွှေသော

http://www.dhammadownload.com



အဆင်းတို့ကို မမြင်ရာ၊ နီသောအဆင်းတို့ကို မမြင်ရာ၊ မောင်းသော အဆင်းတို့ကို မမြင်ရာ၊ ညီညွတ်သည် မညီညွတ်သည်ကိုလည်း မမြင်ရာ၊ ကြယ်နက္ခတ်တာရာတို့၏ အဆင်းတို့ကို မမြင်ရာ၊လနေတို့ကို မမြင်ရာ၊ထိုဝမ်းတွင်းကန်း၏ မိတ်ဆွေခင်ပွန်း ဆွေမျိုးသားချင်းတို့သည် မျက်စိ ကုစားတတ်သော ဆေးဆရာကို ပင့်လာကုန်ရာ၏၊ထိုဝမ်းတွင်းကန်းအား ထိုမျက်စိကုစားတတ်သော ဆေးဆရာသည် ဆေးကုရာ၏၊ ထို သူကန်းသည် ထိုဆေးကုခြင်းကို အစွဲပြု၍ မျက်စိတို့ကို မဖြစ်စေနိုင်ငြားအံ၊မျက်စိတို့ကို မသုတ်သင်နိုင်ငြားအံ့။

မာဂဏ္ဍိယ ထိုငါဆိုမည့်စကားကို အဘယ်သို့အောက်မေ့သနည်း—ထိုဆေးဆရာသည် ပင်ပန်းရုံ ဆင်းရဲရုံမျှ သာ ဖြစ်ရာသည် မဟုတ်လေ၁ဟု (မေးတော်မူ၏)။ အသျှင်ဂေါတမ မှန်ပါ၏ (ဟု လျှောက်၏)။ မာဂဏ္ဍိယ ဤအတူသာလျှင် ငါသည် သင့်အား "အနာကင်းခြင်း ဟူသည် ဤသည်ပင်တည်း၊ နိဗ္ဗာန်ဟူသည် ဤသည်ပင်တည်း"ဟု အကယ်၍ ဟောရာ၏၊ (ဟောလျက်) သင်သည် အနာကင်းခြင်းကို မသိငြားအံ့၊ နိဗ္ဗာန်ကို မမြင်ငြားအံ့၊ ထိုသို့ဖြစ်သော် ငါ့မှာသာလျှင် ထိုပင်ပန်းခြင်း ထိုဆင်းရဲခြင်းသည် ဖြစ်ရာ၏ဟု (မိန့်တော်မူ၏)။ အနာကင်းခြင်းကို အကျွန်ုပ် သိနိုင်မည့် နည်းလမ်းဖြင့် နိဗ္ဗာန်ကို အကျွန်ုပ် မြင်နိုင်မည့် နည်းလမ်းဖြင့် အသျှင်ဂေါတမသည် အကျွန်ုပ်အား တရားဟောခြင်းငှါ စွမ်းနိုင်ပါ၏ဟု ဤသို့ အကျွန်ုပ်သည် အသျှင်ဂေါတမအား ယုံကြည်ပါ၏ဟု (လျှောက်၏)။

၂၂၀။ မာဂဏ္ဍိယ ဥပမာသော်ကား ဝမ်းတွင်းကန်းဖြစ်သော ယောကျ်ားသည် ရှိလေရာ၏၊ ထိုဝမ်းတွင်းကန်း ယောကျ်ားသည် မည်းသောအဆင်း ဖြူသောအဆင်းတို့ကို မမြင်ရာ၊ ညိုသော အဆင်းတို့ကို မမြင်ရာ၊ရွှေသောအဆင်းတို့ကို မမြင်ရာ၊နီသောအဆင်းတို့ကို မမြင်ရာ၊ မောင်းသော အဆင်းတို့ကို မမြင်ရာ၊ညီညွတ်သည် မညီညွတ်သည်ကို မမြင်ရာ၊ ကြယ်နက္ခတ်တာရာတို့၏ အဆင်းကို မမြင်ရာ၊ လနေတို့ကို မမြင်ရာ၊ ထိုဝမ်းတွင်းကန်းယောကျ်ားသည် "အချင်းတို့ အလွန်အဆင်းလှ၍ အညစ်အကြေးကင်းသော စင်ကြယ်သည့် အဝတ်ဖြူသည် ကောင်းမွန်လေစွတကား" ဟု ပြောဆိုသော မျက်စိမြင်သောသူ၏ စကားကို ကြားလေရာ၏။ ထိုဝမ်းတွင်းကန်းယောကျ်ားသည် အဖြူရှာလှည့်လည်ရာ၏၊ ထိုဝမ်းတွင်းကန်းယောကျ်ားကို တယောက်သောယောကျ်ားသည် ဆီချေးလိမ်းကျံသော မည်းနက်သည့် သိုးမွေးတို့ဖြင့် ပြုထားသော ပုဆိုးကြမ်းဖြင့် "အချင်းယောကျ်ား ဤပုဆိုးကား သင့်အတွက် အလွန်အဆင်းလှ၍ အညစ်အကြေးကင်းသော စင်ကြယ်သည့် အဝတ်ဖြူတည်း" ဟု လှည့်ပတ်ရာ၏၊ ထိုဝမ်းတွင်းကန်းသည် ထိုအဝတ်ဖြူကို ခံယူရာ၏၊ ခံယူပြီး၍ ဝတ်ရုံရာ၏၊ ထိုဝမ်းတွင်းကန်း၏ မိတ်ဆွေခင်ပွန်း ဆွေမျိုးသားချင်းတို့သည် မျက်စိကို ကုစားသော ဆေးဆရာကို ပင့်လာကြကုန်၏။

ထိုမျက်စိကို ကုစားတတ်သော ဆေးဆရာသည် ထိုဝမ်းတွင်းကန်းအား အထက်သို့ အံစေတတ်သော ဆေးကိုငှင်း အောက်သို့သက်စေတတ်သော ဆေးကိုငှင်း မျက်စဉ်းခပ်ခြင်းကိုငှင်း မျက်စိဆေးလိမ်းခြင်းကိုငှင်း နှာနှပ်ခြင်းကိုငှင်း ဆေးအမျိုးမျိုးတို့ကို ပေးသဖြင့် ကုသရာ၏၊ ထိုဝမ်းတွင်းကန်းသည် ထိုဆေးတို့ကို အစွဲပြု၍ မျက်စိတို့ကို ဖြစ်စေရာ၏၊ မျက်စိတို့ကို သုတ်သင်ရာ၏။ ထိုဝမ်းတွင်းကန်းမှာ မျက်စိအမြင် ဖြစ်သည်နှင့် တပြိုင်နက် ဆီချေးဖြင့် လိမ်းကျံထားသော မည်းနက်သည့် သိုးမွေးတို့ဖြင့် ပြုထားသော ဤပုဆိုးကြမ်း၌ သို့ချင်တပ်မက်ခြင်းသည် ပျောက်ကင်းလေရာ၏၊ ထိုသို့သဘောရှိသော အဝတ်ပုဆိုးကို ပေးသောယောကျ်ားကိုမူလည်း အချင်းတို့ ဤယောကျ်ား

http://www.dhammadownload.com



သည် ငါ့ကို "အချင်းယောကျ်ား ဤအဝတ်ပုဆိုးသည် သင့်အတွက် အလွန် အဆင်းလှ၍ အညစ် အကြေးကင်းသော စင်ကြယ်သည့် အဂ္ဂါဖြူတည်း" ဟု ဆီချေးလိမ်းကျံသော မည်းနက်သည့် သိုးမွေးဘွဲ့ဖြင့် ပြုထားသော ပုဆိုးကြမ်းဖြင့် ရှည်မြင့်စွာသော ကာလပတ်လုံး လှည့်ပတ်ဖျက်ဆီး ထားခဲ့သည်တကားဟု မိတ်ဆွေမဟုတ်သူ အရာ၌လည်း ထားရာ၏၊ရန်သူအရာ၌လည်း ထားရာ၏၊ သတ်သင့်သည်ဟူ၍လည်း ထင်မှတ်ရာ၏။

မာဂဏ္ဍိယ ဤအတူသာလျှင် ငါသည် သင့်အား "အနာကင်းခြင်းဟူသည် ဤသည်ပင်တည်း၊ နိဗ္ဗာန်ဟူသည် ဤသည်ပင်တည်း"ဟု အကယ်၍ တရားဟောရာ၏၊ ထိုသင်သည် အနာကင်းခြင်းကို သိရာ၏၊ နိဗ္ဗာန်ကို မြင်ရာ၏။ ဤသို့ မြင်သည်ရှိသော် ထိုသင့်အား သိမြင်တတ်သော ဉာဏ်မျက်စိ ဖြစ်သည်နှင့် တပြိုင်နက် ငါးပါးသောဥပါဒါနက္ခန္ဓာတို့၌ လိုချင်တပ်မက်ခြင်း ပျောက်ကင်းလေရာ၏၊ သင့်အား 'အချင်းတို့ ငါ့ကို ဤစိတ်သည် ရှည်မြင့်စွာသော ကာလပတ်လုံး နှိပ်စက်လှည့်ပတ် ဖျက်ဆီးထားခဲ့သည်တကား၊ ငါသည် ရုပ်ကိုသာလျှင် စွဲလမ်းသည်ဖြစ်၍ စွဲလမ်းဘူး၏၊ ဝေဒနာ ကိုသာလျှင် စွဲလမ်းသည်ဖြစ်၍ စွဲလမ်းဘူး၏၊ သညာကိုသာလျှင် စွဲလမ်းသည်ဖြစ်၍ စွဲလမ်းဘူး၏၊ သင်္ခါရတို့ကိုသာလျှင် စွဲလမ်းသည်ဖြစ်၍ စွဲလမ်းဘူး၏၊ ဝိညာဏ်ကိုသာလျှင် စွဲလမ်းသည်ဖြစ်၍ စွဲလမ်းဘူး၏၊ ထိုငါ့အား စွဲလမ်းမှု'ဥပါဒါန်'ဟူသော အကြောင်းကြောင့် ဘဝသည် ဖြစ်ပေါ်၏၊ဘဝ ဟူသောအကြောင်းကြောင့် ဇာတိသည် ဖြစ်ပေါ်၏၊ ဇာတိဟူသော အကြောင်းကြောင့် အိုခြင်း 'ဇရာ'သေခြင်း 'မရဏ'ပူဆွေးခြင်း 'သောက' ငိုကြွေးခြင်း 'ပရိဒေဝ'ကိုယ်ဆင်းရဲခြင်း 'ဒုက္ခ'စိတ် ဆင်းရဲခြင်း 'ဒေါမနဿ'ပြင်းစွာပင်ပန်းခြင်း 'ဥပါယာသ'တို့သည် ဖြစ်ကုန်၏၊ ဤသို့ ထိုဆင်းရဲအစု ဖြစ်ပေါ်ခြင်းသည် ထင်ရှား၏" ဟူသော အကြံ ဖြစ်ရာ၏ ဟု (မိန့်တော်မူ၏)။ အကျွန်ုပ်သည် ဤနေရာမှ မကထပဲ ထနိုင်မည့် နည်းလမ်းဖြင့် အသျှင်ဂေါတမသည် အကျွန်ုပ်အား တရား ဟောခြင်းငှါ စွမ်းနိုင်၏ဟု ဤသို့ အကျွန်ုပ်သည် အသျှင်ဂေါတမအား ယုံကြည်ပါ၏ ဟု (လျှောက်၏)။

၂၂၁။ မာဂဏ္ဍိယ သို့ဖြစ်မူ သင်သည် သူတော်ကောင်းဘို့ကို ဆည်းကပ်လော့၊ မာဂဏ္ဍိယ သင်သည် သူတော်ကောင်းဘို့ကို မှီဝဲဆည်းကပ်ရသောကြောင့် သူတော်ကောင်းတို့၏ တရားကို ကြားနာရလတ္တံ့။ မာဂဏ္ဍိယ သင်သည် သူတော်ကောင်းတို့၏ တရားကို ကြားနာရသော ကြောင့် လောကုတ္တရာ တရားအားလျော်သော အကျင့်ကို ကျင့်ရလတ္တံ့။ မာဂဏ္ဍိယ သင်သည် လောကုတ္တရာ တရားအားလျော်သော အကျင့်ကို ကျင့်ရသောကြောင့် "ဤသည်တို့ကား ရောဂါ တို့တည်း၊ အိုင်းအမာတို့တည်း၊မြှားငြောင့်တို့တည်း၊ ဤ၌ ရောဂါတို့သည် အိုင်းအမာတို့သည် မြှား ငြောင့်တို့သည် အကြွင်းမဲ့ ချုပ်ကုန်၏။ ထိုငါ့အား စွဲလမ်းမှု 'ဥပါဒါန်'ချုပ်ခြင်းကြောင့် ဘဝ၏ ချုပ်ခြင်းသည် ဖြစ်၏၊ ဘဝ၏ချုပ်ခြင်းကြောင့် ပဋိသန္ဓေတည်နေရမှု 'ဇာတိ'ချုပ်၏၊ ပဋိသန္ဓေ တည်နေရမှု 'ဇာတိ'၏ ချုပ်ခြင်းကြောင့် အိုရခြင်း'ဇရာ' သေရခြင်း'မရဏ' ပူဆွေးရခြင်း 'သောက'ငိုကြွေးရခြင်း 'ပရိဒေဝ'ကိုယ်ဆင်းရဲခြင်း 'ဒုက္ခ' စိတ်ဆင်းရဲခြင်း 'ဒေါမနဿ'ပြင်းစွာ ပင်ပန်းခြင်း 'ဥပါယာသ'တို့သည် ချုပ်ကုန်၏၊ ဤသို့ ဤဆင်းရဲတုံးသက်သက်၏ ချုပ်ခြင်းသည် ဖြစ်၏" ဟု ကိုယ်တိုင်သာ သိလတ္တံ့ ဟု (မိန့်တော်မူ၏)။

၂၂၂။ ဤသို့ မိန့်တော်မူသော် မာဂဏ္ဍိယပရိဗိုဇ်သည် မြတ်စွာဘုရားအား "အသျှင်ဂေါတမ (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိပါပေစွ၊ အသျှင်ဂေါတမ တရားတော်သည် အလွန်

http://www.dhammadownload.com



နှစ်သက်ဖွယ် ရှိပါပေစွ၊အသျှင်ဂေါတမ ဥပမာသော်ကား မှောက်၍ ထားအပ်သော အရာဝတ္ထုကို လှန်၍ပြဘိသကဲ့သို့ရင်း ဖုံးလွှမ်း၍ ထားအပ်သော အရာဝတ္ထုကို ဖွင့်လှစ်၍ ပြဘိသကဲ့သို့ရင်း မျက်စိလည်၍ ခရီးမှားသောသူအား ခရီးမှန်ကို ပြောကြားဘိသကဲ့သို့ရင်း 'မျက်စိအမြင်ရှိသော သူတို့သည် အဆင်း'ရူပါရုံ'တို့ကို မြင်ကြလိမ့်မည်'ဟု အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ညှိထွန်း ဆောင်ဘိသကဲ့သို့ရင်း ဤအတူသာလျှင် အသျှင်ဂေါတမသည် များစွာသော အကြောင်းတို့ဖြင့် တရားတော်ကို ဟောပြတော်မူအပ်ပါပေ၏။ ထိုအကျွန်ုပ်သည် အသျှင်ဂေါတမကို ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါ၏။ တရားတော်ကိုရင်း သံဃာတော်ကိုရင်း ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါ၏။ အကျွန်ုပ်သည် အသျှင်ဂေါတမ၏ အထံတော်၌ ရှင်အဖြစ်ကို ရလိုပါ၏၊ ရဟန်းအဖြစ်ကိုရလို ပါ၏"ဟု (လျှောက်၏)။ မာဂဏ္ဍိယ အမှန်အားဖြင့် သာသနာတော်မှ တပါးသော အယူကို ယူဘူးသော အကြင်သူသည် ဤသုတ် အဘိဓမ္မာ ဝိနည်းတည်းဟူသော သာသနာတော်၌ ရှင်အဖြစ်ကို အလိုရှိငြားအံ့၊ ရဟန်းအဖြစ်ကို အလိုရှိငြားအံ့၊ ထိုသူသည် လေးလတို့ပတ်လုံး ပရိဝါသ်နေရာ၏၊ လေးလတို့ကို လွန်သဖြင့် နှစ်သက်အားရသော စိတ်ရှိကြရကား ရဟန်းတော် တို့သည် ရှင်ပြု၍ ပေးကြကုန်လတ္တံ့၊ ရဟန်းဖြစ်ခြင်းငှါ ပဉ္စင်းခံ၍ ပေးကြကုန်လတ္တံ့၊ သို့သော် လည်း ဤအရာ၌ ပုဂ္ဂိုလ်ထူးခြား ကွဲလွဲသောအဖြစ်ကို သိအပ်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား အကယ်၍ သာသနာတော်မှတပါးသော အယူကို ယူဘူးသောသူသည် ဤသုတ် အဘိဓမ္မာ ဝိနည်းဟူသော သာသနာတော်၌ ရှင်အဖြစ်ကို အလိုရှိပါမူ ရဟန်းအဖြစ်ကို အလိုရှိပါမူ လေးလတို့ပတ်လုံး ပရိဝါယ်နေရ၏၊ လေးလတို့ကို လွန်သဖြင့် နှစ်သက်အားရသော စိတ်ရှိကြကုန် သော ရဟန်းတို့သည် ရှင်ပြု၍ ပေးကုန်ငြားအံ့၊ ရဟန်းဖြစ်ခြင်းငှါ ပဉ္စင်းခံ၍ ပေးကုန်ငြားအံ့။ အကျွန်ုပ်သည် လေးနှစ်တို့ကာလပတ်လုံး ပရိဝါယ်နေပါအံ့၊ လေးနှစ်တို့လွန်သောအခါ နှစ်သက် အားရသော စိတ်ရှိကြကုန်ရကား ရဟန်းတို့သည် ရှင်ပြု၍ ပေးကြပါကုန်လော့၊ ရဟန်းဖြစ်ခြင်းငှါ ပဉ္စင်းခံ၍ ပေးကြပါကုန်လော့ ဟု (လျှောက်၏)။

မာဂဏ္ဍိယပရိဗိုဇ်သည် မြတ်စွာဘုရား၏ အထံတော်၌ ရှင်အဖြစ်ကို ရပြီ၊ ပဉ္စင်းအဖြစ်ကိုရပြီ။ အသျှင်မာဂဏ္ဍိယမထေရ်သည် ရဟန်းပြု၍ မကြာမြင့်မီပင်လျှင် တပါးတည်း ဆိတ်ငြိမ်ရာ အရပ်သို့ ကပ်၍ မမေ့မလျော့ လုံ့လရှိသည်ဖြစ်၍ (နိဗ္ဗာန် သို့)စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍ နေသည်ရှိသော် မကြာမြင့်မီပင်လျှင် လူ့ဘောင်မှ ရဟန်းဘောင်၌ ကောင်းစွာသာလျှင် ရဟန်း ပြုကြကုန်သော အမျိုးကောင်းသားများ မြော်လင့်ထားကြကုန်သော အဘုမဲ့ မြတ်သောအကျင့်၏ ဆုံးခန်းတိုင်မှုကို မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုကာ ပြည့်စုံစေ၍ နေရပြီ။ "တဖန်ပဋိသန္ဓေနေမှုကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤအရဟတ္တဖိုလ်အကျိုးငှါ တပါးသော ပြုဖွယ်ကိစ္စမရှိတော့ပြီ"ဟု သိပြီ၊ အသျှင် မာဂဏ္ဍိယသည် ရဟန္တာတို့တွင် တပါးအပါအဝင် ဖြစ်ပြီ။

ငါးခုမြောက် မာဂဏ္ဍိယသုတ် ပြီး၏။

---

## ၆-သန္ဓကသုတ်

၂၂၃။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ သန္ဓကပရိဗိုဇ်သည် ငါးရာမျှသောပရိဗိုဇ်ပရိသတ်များနှင့်အတူ ပိလက္ခဂူ၌

http://www.dhammadownload.com



နေ၏။ ထိုအခါ အသျှင်အာနန္ဒာသည် ညနေချမ်းအခါ ကိန်းအောင်းရာမှ ထလျက် ရဟန်းတို့ကို "ငါ့သျှင်တို့ လာသွားကြကုန်အံ့၊ ဒေဝကတအိုင် ဂူလိုဏ်ကိုကြည့်ရန် ချဉ်းကပ်ကြကုန်အံ့"ဟု မိန့်ဆို၏။ "အသျှင်ဘုရား ကောင်းပါပြီ"ဟူ၍ သာလျှင် ထိုရဟန်းတို့သည် အသျှင်အာနန္ဒာအား ပြန်ကြား လျှောက်ထားကုန်၏။ ထိုအခါ အသျှင်အာနန္ဒာသည် များစွာသော ရဟန်းတို့နှင့် အတူ ဒေဝကတအိုင်သို့ ချဉ်းကပ်၏။

ထိုအခါ သန္ဒကပရိဗိုဇ်သည် များပြားသော မင်ဖိုလ်မှ ဖိလာဖြစ်သော စကားကို ပဲ့တင် ထပ်မျှ ပြင်းပြကျယ်လောင်သောအသံဖြင့် ပြောဆိုလျက် များစွာသောပရိဗိုဇ်ပရိသတ်နှင့်အတူ နေ၏။ ဤသည်ကား အဘယ်နည်း။ မင်းနှင့်စပ်သောစကား ခိုးသူနှင့်စပ်သောစကား အမတ်ကြီးနှင့် စပ်သောစကား စစ်သည်နှင့်စပ်သောစကား ကြောက်ဖွယ်နှင့်စပ်သောစကား စစ်ထိုးခြင်းနှင့် စပ်သောစကား စားဖွယ်နှင့်စပ်သောစကား သောက်ဖွယ်နှင့်စပ်သောစကား အဝတ်နှင့်စပ်သော စကား အိပ်ရာနှင့်စပ်သောစကား ပန်းနှင့်စပ်သောစကား နံ့သာနှင့်စပ်သောစကား ဆွေမျိုးနှင့် စပ်သောစကား ယာဉ်နှင့်စပ်သောစကား ရွာနှင့်စပ်သောစကား နိဂုံးနှင့်စပ်သောစကား မြို့နှင့် စပ်သောစကား နယ်နှင့်စပ်သောစကား မိန်းမနှင့်စပ်သောစကား ယောကျ်ားနှင့်စပ်သောစကား[၁] သူရဲကောင်းနှင့်စပ်သောစကား လမ်းနှင့်စပ်သောစကား[၂] ရေခပ်ဆိပ်နှင့်စပ်သောစကား သေလွန် သူနှင့်စပ်သောစကား အထွေထွေနှင့်စပ်သောစကား လောက(အကြောင်း)နှင့်စပ်သောစကား သမုဒ္ဒရာ(အကြောင်း)နှင့်စပ်သောစကား ကြီးပွါးခြင်း ဆုတ်ယုတ်ခြင်းနှင့်စပ်သောစကားတို့တည်း။

သန္ဒကပရိဗိုဇ်သည် ကြွလာသော အသျှင်အာနန္ဒာကို အဝေးကပင် မြင်လတ်သော် "အသျှင်တို့ တိတ်ဆိတ်စွာ နေကြပါကုန်လော့၊ အသံမပြုကုန်လင့်၊ ရဟန်းဂေါတမ၏ တပည့် ဖြစ်သော ဤရဟန်းအာနန္ဒာသည် ကြွလာနေ၏၊ ကောသမ္ဗီပြည်၌ နေကြသမျှသော ရဟန်း ဂေါတမ၏ တပည့်သာဝကတို့တွင် ဤရဟန်းအာနန္ဒာသည် တပါးအပါအဝင်ဖြစ်၏၊ ထိုအသျှင် တို့သည် တိတ်ဆိတ်ခြင်းကို အလိုရှိကြ၏၊ တိတ်ဆိတ်သော မြတ်စွာဘုရားက ဆုံးမထား၏၊ တိတ်ဆိတ်ခြင်း၏ ဂုဏ်ကို ဆိုလေ့ရှိ၏၊ ပရိသတ်အသံ တိတ်ဆိတ်နေသည်ကိုသိလျှင် ချဉ်းကပ်သင့် သည်ဟု အောက်မေ့ဘန်ရာ၏"ဟူ၍ မိမိပရိသတ်ကို သေဝပ်စွာ နေရန် ပြောဆို၏။ ထိုသို့ ဆိုသော် ထိုပရိဗိုဇ်တို့သည် ဆိတ်ဆိတ်နေကုန်၏။

၂၂၄။ ထိုအခါ အသျှင်အာနန္ဒာသည် သန္ဒကပရိဗိုဇ်ထံသို့ ချဉ်းကပ်လေ၏၊ ထိုအခါ သန္ဒက ပရိဗိုဇ်သည် အသျှင်အာနန္ဒာအား—"အသျှင်အာနန္ဒာ ကြွလာတော်မူပါလော့၊ အသျှင်အာနန္ဒာ ကြွလာခြင်းသည် ကောင်းသော ကြွလာခြင်း ဖြစ်ပါသည်၊ အသျှင်အာနန္ဒာသည် ဤအရပ်သို့ ကြွလာတော်မူရန် အလှည့်ကို ကြာမြင့်မှ ပေးတော်မူဘိ၏၊ အသျှင်အာနန္ဒာ ထိုင်တော်မူပါ၊ ဤနေရာကို ပြင်ထားပါသည်"ဟု လျှောက်၏။ အသျှင်အာနန္ဒာသည် ပြင်ထားသောနေရာ၌ ထိုင်နေ၏။ သန္ဒကပရိဗိုဇ်သည်လည်း နိမ့်သော ထိုင်စရာတခုကို ယူ၍ တခုသောနေရာ၌ ထိုင်၏၊ တခုသော နေရာ၌ ထိုင်ပြီးသော သန္ဒကပရိဗိုဇ်အား အသျှင်အာနန္ဒာသည် ဤစကားကို ပြောဆို၏—"သန္ဒက ယခုအခါ သင်တို့သည် အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်း၊ သင်တို့၏

---

၁- ဤပါဠိတော်နှင့်သီလက္ခန္ဓဝဂ္ဂပါဠိ (၇)၌ ပုရိသကထံမပါ (သျာ၊ကံ၊က)တို့၌ကားပါသည်။
၂- မြို့တွင်းလမ်းကို ဆိုလိုသည်။

http://www.dhammadownload.com



မပြီးဆုံးသေးသော အကြားစကားသည်ကား "အဘယ်ပါနည်း" ဟု (ပြောဆိုၾ)။ အသျှင်အာနန္ဒာ ယခုအခါ အကျွန်ုပ်တို့ စုဝေးထိုင်နေလျက် ပြောဆိုနေကြသော စကားကို ထားပါဦး၊ ဤစကားသည် အသျှင်အာနန္ဒာအား နောက်အခါ၌လည်း ကြားနာရန် ခဲယဉ်းမည် မဟုတ်ပါ။ အသျှင်အာနန္ဒာကိုသာ တောင်းပန်ပါ၏၊ မိမိဆရာ၏ အယူ၌ပါဝင်သော တရားစကားကို အကျွန်ုပ်တို့အား ဟောကြားပါလော့ ဟု (ပြောဆို၏)။ သန္ဒက သို့ဖြစ်မူ နာကြားလော့၊ ကောင်းစွာ နှလုံးသွင်းလော့၊ ဟောကြားမည်ဟု (ပြောဆို၏)။ "အသျှင် ကောင်းပါပြီ" ဟူ၍ သန္ဒကပရိဗိုဇ်သည် အသျှင်အာနန္ဒာအား ပြန်ကြားလျှောက်ထား၏။

အသျှင်အာနန္ဒာသည် ဤစကားကို မိန့်ဆို၏— "သန္ဒက သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် ဤမမြတ်သောအကျင့်ကို ကျင့်သုံးမှုလေးမျိုးတို့ကို ဟောကြားတော်မူ၏၊ သက်သာရာကို မရစေနိုင်သော မြဘ်သောအကျင့် လေးမျိုးတို့ကိုလည်း ဟောကြားတော်မူ၏။ ယင်းအကျင့်၌ သိနားလည်သော ယောကျ်ားသည် မြတ်သော အကျင့်ဟူ၍ စင်စစ် မကျင့်သုံးရာ၊ ကျင့်သုံးသော်လည်း နည်းလမ်းမှန်သော ကုသိုလ်တရားကို မပြည့်စုံစေနိုင်ရာ" ဟု (မိန့်ဆို၏)။ အသျှင်အာနန္ဒာ သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရား ဟောကြားထားသော သိနားလည်သည့် ယောကျ်ားသည် မြတ်သောအကျင့်ဟူ၍ စင်စစ် မကျင့်သုံးရာ ဖြစ်သော ကျင့်သုံးသော်လည်း နည်းလမ်းမှန်သော ကုသိုလ်တရားကို မပြည့်စုံစေနိုင်ရာသော မမြတ်သောအကျင့်ကို ကျင့်သုံးမှုလေးမျိုးတို့ဟူသည် အဘယ်တို့နည်း ဟု (မေးလျှောက်၏)။

၂၂၅။ သန္ဒက ဤလောက၌ အချို့သောဆရာသည် ဤသို့ အယူဝါဒရှိ၏— "ပေးလှူခြင်းသည် မရှိ[၂]၊ ယဇ်ပူဇော်ခြင်းသည် မရှိ၊ ဟုံးပူဇော်ခြင်းသည် မရှိ၊ ကောင်းမှု မကောင်းမှုတို့၏ အကျိုးဝိပါက်သည် မရှိ၊ ဤလောကသည် မရှိ၊ တပါးသောလောကသည် မရှိ၊ အမိသည် မရှိ[၃]၊ အဖသည် မရှိ၊ သေလွန်၍ တဖန်ဖြစ်သော သတ္တဝါတို့သည် မရှိကုန်၊ ဤလောကကိုငှင်း တပါးသောလောကကိုငှင်း ကိုယ်တိုင်ထူးသောဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုလျက် ဟောကြားနိုင်ကုန်သော ဖြောင့်မှန်သော အရိယမဂ်သို့ ရောက်ကုန်သော ကောင်းသော အကျင့်ရှိကုန်သော သမဏဗြာဟ္မဏတို့သည် လောက၌ မရှိကုန်၊ ဤသတ္တဝါသည် မဟာဘုတ်လေးပါးအစုအဝေးဖြစ်၏၊ သေသောအခါ မြေဓာတ်သည် မြေဓာတ်အစုသို့ ဆိုက်၏၊ ရောက်၏၊ ရေဓာတ်သည် ရေဓာတ်အစုသို့ ဆိုက်၏၊ ရောက်၏၊ မီးဓာတ်သည် မီးဓာတ်အစုသို့ ဆိုက်၏၊ ရောက်၏၊ လေဓာတ်သည် လေဓာတ်အစုသို့ ဆိုက်၏၊ ရောက်၏၊ နာမ်ဣန္ဒြေတို့သည် ကောင်းကင်သို့ ပြောင်းရွှေ့ကုန်၏၊ ညောင်စောင်းလျှင် ငါးခုမြောက်ဖြစ်သော ယောကျ်ားတို့သည် သူသေကောင်ကို ယူ၍ သွားကုန်၏၊ သင်းချိုင်းတိုင်အောင် သူသေကောင်တို့သည် ထင်ကုန်၏၊ အရိုးတို့သည် ခိုအဆင်းကဲ့သို့ ဖြစ်ကုန်၏၊ အလှူတို့သည် ပြာအဆုံးရှိကုန်၏၊ အလှူပေးခြင်းကို လူမိုက်တို့က ပညတ်ထား၏၊ အချို့သူတို့သည်

---

၁-ငါးမလာမီအကြား၌ဖြစ်သောစကား (အဋ္ဌကထာ)

၂-အကျိုးမရှိဟု ဆိုလိုသည်။

၃-အမိသည် မရှိ၊ အမိ၌ ကောင်းစွာပြုခြင်း မကောင်းပြုခြင်း၏ အကျိုးမရှိဟု ဆိုလိုသည် (အဖသည် မရှိ ဆိုရာ၌လည်း ဤအတူပင်)။

http://www.dhammadownload.com



ပေးလှူခြင်း စသည် ရှိ၏ဟူသောဝါဒကို ပြောဟောကုန်၏၊ ထိုသူတို့၏စကားသည် အချည်းနှီး ဖြစ်၏၊ မှားယွင်း၏၊ ယောင်ယမ်း ပြောဆိုသောစကားဖြစ်၏၊ လူမိုက်ဖြစ်စေ ပညာရှိဖြစ်စေ ခန္ဓာကိုယ်ပျက်စီးလျှင် ပြတ်စဲကုန်၏၊ ပျက်စီးကုန်၏၊ သေသည်မှ နောက်၌ မရှိကုန်" ဟု ဤသို့ အယူရှိကုန်၏။

သန္ဒက သိနားလည်သောယောကျ်ားသည် ထိုအယူဝါဒ၌ ဤသို့ဆင်ခြင်ရာ၏—ဤအသျှင်ဆရာသည် "ပေးလှူခြင်းသည် မရှိ၊ ယဇ်ပူဇော်ခြင်းသည် မရှိ၊ ဟုံးပူဇော်ခြင်းသည် မရှိ၊ ကောင်းမှု မကောင်းမှုတို့၏ အကျိုးဝိပါက်သည် မရှိ၊ ဤလောကသည် မရှိ၊ တပါးသောလောကသည် မရှိ၊ အမိသည် မရှိ၊ အဖသည် မရှိ၊ သေလွန်၍ တဖန်ဖြစ်သော သတ္တဝါတို့သည် မရှိကုန်၊ ဤလောက ကိုရင်း တပါးသောလောကကိုရင်း ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုလျက် ဟောကြားနိုင်ကုန်သော ညီညွတ်ကုန်သော ကောင်းသော အကျင့်ရှိကုန်သော သမဏဗြာဟ္မဏ တို့သည် လောက၌ မရှိကုန်၊ ဤသတ္တဝါသည် မဟာဘုတ်လေးပါး အစုအဝေးဖြစ်၏၊ သေသော အခါ မြေဓာတ်သည် မြေဓာတ်အစုသို့ ဆိုက်၏၊ ရောက်၏၊ ရေဓာတ်သည် ရေဓာတ်အစုသို့ ဆိုက်၏၊ ရောက်၏၊ မီးဓာတ်သည် မီးဓာတ်အစုသို့ ဆိုက်၏၊ ရောက်၏၊ လေဓာတ်သည် လေဓာတ်အစုသို့ ဆိုက်၏၊ ရောက်၏၊ နာမ်ဣန္ဒြေတို့သည် ကောင်းကင်သို့ ပြောင်းရွှေ့ကုန်၏၊ ညောင်စောင်းလျှင် ငါးခုမြောက်ရှိသော ယောကျ်ားတို့သည် သူသေကောင်ကိုယူ၍ သွားကုန်၏၊ သင်းချိုင်းတိုင် အောင် သူသေကောင်တို့သည် ထင်ကုန်၏၊ အရိုးတို့သည် ခိုအဆင်းကဲ့သို့ ဖြစ်ကုန်၏၊ အလှူ တိသည် ပြာအဆုံးရှိကုန်၏၊ အလှူပေးခြင်းကို လူမိုက်တို့က ပညတ်ထား၏၊ အချို့သူတို့သည် ပေးလှူခြင်း စသည် ရှိ၏ ဟူသောဝါဒကို ပြောဟောကြကုန်၏၊ ထိုသူတို့၏ စကားသည် အချည်း နှီးဖြစ်၏၊ မှားယွင်း၏၊ ယောင်ယမ်းပြောဆိုသောစကား ဖြစ်၏၊ လူမိုက်ဖြစ်စေ ပညာရှိဖြစ်စေ ခန္ဓာကိုယ်ပျက်စီးလျှင် ပြတ်စဲကုန်၏၊ ပျက်စီးကုန်၏၊ သေသည်မှ နောက်၌ မရှိကုန်" ဟု ဤသို့ ဆိုလေ့ ယူလေ့ရှိ၏။

အကယ်၍ ဤအသျှင်ဆရာ၏ စကားသည် မှန်ခဲ့ပါလျှင် "ငါတို့ နှစ်ဦးလုံးသည် ခန္ဓာကိုယ် ပျက်စီး၍ သေသည်မှ နောက်အခါ၌ ပြတ်ကုန်လတ္တံ့၊ ပျက်စီးကုန်လတ္တံ့၊ သေသည်မှ နောက်အခါ၌ မဖြစ်ကုန်လတ္တံ့" ဟု မဆိုသော်ငါသည် ဤဆရာ၏အယူဝါဒ၌ မပြုပဲလျက် ပြုပြီးဖြစ်ရာ၏၊ မကျင့် သုံးပဲလျက် ကျင့်သုံးပြီးဖြစ်ရာ၏၊ ရဟန်းတရား၌ ငါတို့နှစ်ဦးလုံးပင် တူမျှသည့်အဖြစ်သို့ ရောက်ကုန် ၏ဟု (ဆင်ခြင်၏)။ အဝတ်မဝတ်သော အချည်းနှီးသော ဦးပြည်း (ခေါင်းတုံး) သော ဆောင့် ကြောင့် ထိုင်သော အံမှတ်ဆိတ်ကိုနုတ်သော ဤအသျှင်ဆရာ၏ အကျင့်သည် အပိုသာတည်း။ သားမယားတို့ဖြင့် ကျဉ်းမြောင်းသောအိမ်၌နေလျက် ကာသိကရာဇ်တိုင်းဖြစ် စန္ဒကူးတို့ကို လိမ်းကျံ ခံစားလျက် ပန်းနံ့သာ နံ့သာပျောင်းတို့ကို ဆောင်လျက် ရွှေငွေကိုသာယာလျက် တမလွန်လောက ၌ ဤအသျှင်ဆရာနှင့်တူမျှသော လားရာရှိမည်ဖြစ်သော ငါသည် ဤဆရာထံ၌ အဘယ်အကျိုးကို သိသည်ဖြစ်၍ အဘယ်အကျိုးကို မြင်သည်ဖြစ်၍ မြတ်သောအကျင့်ကို ကျင့်ရအံ့နည်း။ ထိုသူသည် "ဤသည်ကား မမြတ်သောကျင့်သုံးမှုတည်း" ဟု သိ၍ ထိုမြတ်သောအကျင့်မှ ငြီးငွေ့ကာ ဖဲခွါ သွားလေ၏။ သန္ဒက ဤသည်ကား သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် ဟောကြား ထားသော သိနားလည်သော ယောကျ်ားသည် မြတ်သောအကျင့်ဟူ၍ စင်စစ် မကျင့်သုံးရာ

http://www.dhammadownload.com



ဖြစ်သော ကျင့်သုံးသော်လည်း နည်းလမ်းမှန်သော ကုသိုလ်တရားကို မပြည့်စုံစေနိုင်ရာသော ရှေးဦးစွာသော မမြတ်သော အကျင့်ကို ကျင့်သုံးမှုပေတည်း။

၂၂၆။ သန္ဒက နောက်တမျိုးကား ဤလောက၌ အချို့သောဆရာသည် ဤသို့ ဆိုလေ့ ယူလေ့ရှိ၏— "ပြုသူ ပြုစေသူ၊ ဖြတ်သူ ဖြတ်စေသူ၊ နှိပ်စက်သူ နှိပ်စက်စေသူ၊ ပူဆွေးအောင်ပြုသူ၊ ပြုစေသူ၊ ပင်ပန်းအောင်ပြုသူ ပြုစေသူ၊တုန်လှုပ်သူ တုန်လှုပ်စေသူ၊ အသက်ကို သတ်သူ (သတ်စေသူ)၊ ခိုးယူသူ (ခိုးယူစေသူ)၊ အိမ်ကို ဖောက်ထွင်းသူ (ဖောက်ထွင်းစေသူ)၊ (ရွာကို) တိုက်ခိုက်လုယူသူ(တိုက်ခိုက်လုယူစေသူ)၊ ခရီးလမ်း၌ စောင့်၍ လုယက်သူ (လုယက်စေသူ)၊ သူ့မယားကို သွားလာသူ (သွားလာစေသူ)၊ မဟုတ်မမှန်သော စကားကို ပြောသူ(ပြောစေသူ)၊ များသော မကောင်းမှုကို ပြုသော်လည်း ပြုသည်မမည်၊ ဤမြေပေါ်ရှိသတ္တဝါတို့ကို သင်တုန်းသွားစက်ဖြင့် တခုတည်းသော အသားစု အသားပုံဖြစ်အောင် အကယ်၍ ပြုစေကာမူ ထိုအကြောင်းကြောင့် မကောင်းမှုမရှိ၊ မကောင်းမှုဖြစ်ခြင်း မရှိ၊ အသက်ကို သတ်လျက် သတ်စေလျက်၊ ဖြတ်လျက် ဖြတ်စေလျက်၊ နှိပ်စက်လျက် နှိပ်စက်စေလျက်၊ ဂင်္ဂါမြစ်၏ တောင်ဘက်ကမ်းသို့ အကယ်၍ သွားစေကာမူ ထို(သတ်ခြင်းစသော)အကြောင်းကြောင့် မကောင်းမှုမရှိမကောင်းမှု ဖြစ်ခြင်းမရှိ၊ လှူလျက် လှူစေလျက်၊ ပူဇော်လျက် ပူဇော်စေလျက်၊ ဂင်္ဂါမြစ်၏ မြောက်ဘက်ကမ်းသို့ အကယ်၍ သွားနေစေကာမူ ထိုလှူခြင်း (စသောအကြောင်း)ကြောင့် ကောင်းမှုမရှိ၊ ကောင်းမှုဖြစ်ခြင်း မရှိ၊ အလှူပေးခြင်း ဣန္ဒြေကို ဆုံးမခြင်း သီလစောင့်စည်းခြင်း အမှန်ဆိုခြင်း တို့ကြောင့် ကောင်းမှု မရှိ၊ ကောင်းမှုဖြစ်ခြင်း မရှိ" ဟု (ဆိုလေ့ ယူလေ့ရှိ၏)။

သန္ဒက သိနားလည်သော ယောကျာ်းသည် ထိုအယူ၌ ဤသို့ ကြံဆင်ခြင်၏—ဤအသျှင်ဆရာသည် "ပြုသူ ပြုစေသူ၊ ဖြတ်သူ ဖြတ်စေသူ၊ နှိပ်စက်သူ နှိပ်စက်စေသူ၊ ပူဆွေးအောင် ပြုသူ ပြုစေသူ၊ ပင်ပန်းအောင် ပြုသူ ပြုစေသူ၊ တုန်လှုပ်သူ တုန်လှုပ်စေသူ၊ အသက်ကို သတ်သူ (သတ်စေသူ)၊ ခိုးယူသူ (ခိုးယူစေသူ)၊ အိမ်ကို ဖောက်ထွင်းသူ (ဖောက်ထွင်းစေသူ)၊ (ရွာကို)တိုက်ခိုက် လုယူသူ (တိုက်ခိုက်လုယူစေသူ)၊ခရီးလမ်း၌ စောင့်၍ လုယက်သူ(လုယက်စေသူ)၊သူ့မယားကို သွားလာသူ (သွားလာစေသူ)၊ မဟုတ်မမှန်သော စကားကို ပြောသူ (ပြောစေသူ)၊ များသော မကောင်းမှုကို ပြုသော်လည်း ပြုသည်မမည်၊ ဤမြေပေါ်ရှိ သတ္တဝါတို့ကို သင်တုန်းသွားစက်ဖြင့် တခုတည်းသော အသားစု အသားပုံဖြစ်အောင် အကယ်၍ ပြုစေကာမူ ထိုအကြောင်းကြောင့် မကောင်းမှု မရှိ၊ မကောင်းမှုဖြစ်ခြင်း မရှိ၊ အသက်ကို သတ်လျက် သတ်စေလျက်၊ ဖြတ်လျက် ဖြတ်စေလျက်၊ နှိပ်စက်လျက် နှိပ်စက်စေလျက်၊ ဂင်္ဂါမြစ်၏ တောင်ဘက်ကမ်းသို့ အကယ်၍ သွားစေကာမူ ထို(သတ်ခြင်းစသော)အကြောင်းကြောင့် မကောင်းမှုမရှိမကောင်းမှု ဖြစ်ခြင်း မရှိ၊ လှူလျက် လှူစေလျက်၊ ပူဇော်လျက် ပူဇော်စေလျက်၊ ဂင်္ဂါမြစ်၏ မြောက်ဘက်ကမ်းသို့ အကယ်၍ သွားနေစေကာမူ ထိုလှူခြင်း(စသော အကြောင်း)ကြောင့် ကောင်းမှုမရှိ၊ ကောင်းမှု ဖြစ်ခြင်းမရှိ၊ အလှူပေးခြင်း ဣန္ဒြေကိုဆုံးမခြင်း သီလစောင့်စည်းခြင်း အမှန်ဆိုခြင်းတို့ကြောင့် ကောင်းမှုမရှိ၊ ကောင်းမှုဖြစ်ခြင်းမရှိ" ဟု ဆိုလေ့ ယူလေ့ရှိ၏။

အကယ်၍ ဤအသျှင်ဆရာ၏ စကားသည် မှန်ခဲ့ပါလျှင် "နှစ်ဦးသူတို့ ပြုထားသော မကောင်းမှုသည် ပြုသည်မမည်"ဟု မဆိုသောငါသည် ဤဆရာ၏ အယူဝါဒ၌ မပြုပဲလျက် ပြုပြီးဖြစ်ရာ၏၊ မကျင့်သုံးပဲလျက် ကျင့်သုံးပြီးဖြစ်ရာ၏၊ဤရဟန်းတရား၌ ငါတို့နှစ်ဦးလုံးပင် တူမျှသော အဖြစ်သို့ ရောက်ကုန်၏ဟု (ဆင်ခြင်၏)။

http://www.dhammadownload.com



အဝတ်မဝတ်သော အချည်းနှီးသော ဦးပြည်း(ခေါင်းတုံး)သော ဆောင့်ကြောင့်ထိုင်သော ဆံမုတ်ဆိတ်ကို နုတ်သော ဤအသျှင်ဆရာ၏ အကျင့်သည် အပိုသာတည်း။ သားမယားတို့ဖြင့် ကျဉ်းမြောင်းသော အိမ်၌နေလျက် ကာသိကရာဇ်တိုင်းဖြစ် စန္ဒကူးကို လိမ်းကျံ ခံစားလျက် ပန်းနံ့သာ နံ့သာပျောင်းတို့ကို ဆောင်လျက် ရွှေငွေကို သာယာလျက် တမလွန်လောက၌ ဤအသျှင်ဆရာနှင့်တူမျှသော လားရာရှိမည်ဖြစ်သော ငါသည် အဘယ်အကျိုးကိုသိ၍ အဘယ်အကျိုးကိုမြင်၍ ဤဆရာ၌ မြတ်သောအကျင့်ကို ကျင့်သုံးအံ့နည်း၊ ထိုသူသည် "ဤသည်ကား မမြတ်သော ကျင့်သုံးမှုတည်း"ဟု သိ၍ ထိုအကျင့်မှ ငြီးငွေ့ကာ ဖဲခွါသွားလေ၏။

သန္ဒက ဤသည်ကား သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော(အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရား ဟောကြားထားသော သိနားလည်သော ယောကျ်ားသည် မြတ်သော အကျင့်ဟူ၍ စင်စစ် မကျင့်သုံးရာဖြစ်သော ကျင့်သုံးသော်လည်း နည်းလမ်း မှန်သော ကုသိုလ်တရားကို မပြည့်စုံနိုင်ရာသော နှစ်ခုမြောက် မမြတ်သော အကျင့်ကို ကျင့်သုံးမှုပေတည်း။

၂၂၇။ သန္ဒက နောက်တမျိုးကား ဤလောက၌ အချို့သော ဆရာသည် ဤသို့ ဆိုလေ့ ယူလေ့ရှိ၏—"သတ္တဝါတို့ ညစ်ညူးရန် အကြောင်းသည် မရှိ၊အထောက်အပံ့သည် မရှိ၊အကြောင်း မရှိ အထောက်အပံ့မရှိပဲ သတ္တဝါတို့ ညစ်ညူးကုန်၏၊ သတ္တဝါတို့ စင်ကြယ်ရန် အကြောင်းသည် မရှိ၊ အထောက်အပံ့သည် မရှိ၊ အကြောင်း မရှိ အထောက်အပံ့ မရှိပဲ သတ္တဝါတို့သည် စင်ကြယ်ကုန်၏။

ခွန်အားသည် မရှိ၊လုံ့လသည် မရှိ၊ယောကျ်ားတို့စွမ်းအားသည် မရှိ၊ ယောကျ်ားတို့ အားထုတ်မှုသည် မရှိ၊ အလုံးစုံသောသတ္တဝါ အလုံးစုံသော သက်ရှူသတ္တဝါ အလုံးစုံသော ထင်ရှားဖြစ် သတ္တဝါ အလုံးစုံသော သက်ရှိအရာတို့သည် အစွမ်းမရှိကုန်၊ ခွန်အား မရှိကုန်၊ လုံ့လမရှိကုန်၊ ဖြစ်မြဲအတိုင်း ဆုံဆည်းသည့်အတိုင်း သဘာဝအတိုင်း အမျိုးမျိုးဖြစ်ကုန်၍ ဇာတ်အထူးခြောက်မျိုးတို့၌သာလျှင် ချမ်းသာ ဆင်းရဲကို ခံစားကုန်၏" ဟု (ဆိုလေ့ ယူလေ့ရှိ၏)။

သန္ဒက သိနားလည်သော ယောကျ်ားသည် ထိုအယူဝါဒ၌ ဤသို့ ဆင်ခြင်၏—ဤအသျှင်ဆရာသည် "သတ္တဝါတို့ ညစ်ညူးရန် အကြောင်းသည် မရှိ၊ အထောက်အပံ့သည်မရှိ၊ အကြောင်း မရှိ အထောက်အပံ့မရှိပဲ သတ္တဝါတို့ ညစ်ညူးကုန်၏၊ သတ္တဝါတို့ စင်ကြယ်ရန် အကြောင်းသည် မရှိ၊အထောက်အပံ့သည် မရှိ၊အကြောင်းမရှိအထောက်အပံ့မရှိပဲ သတ္တဝါတို့သည် စင်ကြယ်ကုန်၏။ ခွန်အားသည် မရှိ၊ လုံ့လသည် မရှိ၊ ယောကျ်ားတို့ စွမ်းအားသည် မရှိ၊ ယောကျ်ားတို့ အားထုတ်မှုသည် မရှိ၊ အလုံးစုံသောသတ္တဝါ အလုံးစုံသော သက်ရှူသတ္တဝါ အလုံးစုံသော ထင်ရှားဖြစ် သတ္တဝါ အလုံးစုံသော သက်ရှိအရာတို့သည် အစွမ်း မရှိကုန်၊ ခွန်အား မရှိကုန်၊ လုံ့လမရှိကုန်၊ ဖြစ်မြဲအတိုင်း ဆုံဆည်းသည့်အတိုင်း သဘာဝအတိုင်း အမျိုးမျိုးဖြစ်ကုန်၍ ဇာတ်အထူးခြောက်မျိုးတို့၌သာလျှင် ချမ်းသာဆင်းရဲကို ခံစားကုန်၏" ဟု (ဆိုလေ့ ယူလေ့ရှိ၏)။ အကယ်၍ ဤအသျှင်ဆရာ၏ စကားသည် မှန်ခဲ့ပါလျှင် "ငါတို့ နှစ်ဦးသည် အကြောင်းအထောက်အပံ့မရှိပဲ စင်ကြယ်ကုန်လိမ့်မည်" ဟုမဆိုသော ငါသည် ဤဆရာ၏ အယူဝါဒ၌ မပြုပဲလျက် ပြုပြီးဖြစ်ရာ၏၊ မကျင့်သုံးပဲလျက် ကျင့်သုံးပြီး ဖြစ်ရာ၏၊ ဤရဟန်းဘောင်၌ ငါတို့ နှစ်ဦးလုံးပင် တူမျှသောအဖြစ်သို့ ရောက်ကုန်ရာ၏ ဟု (ဆင်ခြင်၏)။ အဝတ်မဝတ်သော အချည်းနှီးသော ဦးပြည်း (ခေါင်း

http://www.dhammadownload.com



တုံး)သော ဆောင့်ကြောင့်ထိုင်သော ဆံမုတ်ဆိတ်ကို နုတ်သော ဤအသျှင်ဆရာ၏ အကျင့်သည် အပိုသာတည်း။ သားမယားဖြင့် ကျဉ်းမြောင်းသော အိမ်၌နေလျက် ကာသိကရာဇ်တိုင်း ဖြစ်သော စန္ဒကူးကို လိမ်းကျံခံစားလျက် ပန်းနံ့သာ နံ့သာပျောင်းတို့ကို ဆောင်လျက် ရွှေငွေကို သာယာလျက် တမလွန်လောက၌ ဤအသျှင်ဆရာနှင့် တူမျှသော လားရာရှိမည်ဖြစ်သော ငါသည် အဘယ် အကျိုးထူးကိုသိ၍ အဘယ်အကျိုးထူးကို မြင်၍ ဤဆရာ၌ မြတ်သောအကျင့်ကို ကျင့်သုံးရ အံ့နည်း။ ထိုသူသည် "ဤသည်ကား မမြတ်သော ကျင့်သုံးမှုတည်း"ဟု သိ၍ ထိုမြတ်သော အကျင့်မှ ငြီးငွေ့ကာ ဖဲခွါသွားလေ၏။ သန္ဒက ဤသည်ကား သိတော်မူ မြင်တော်မူ၍ ပူဇော် အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရား ဟောကြားထားသော သိနားလည်သော ယောကျ်ားသည် မြတ်သော အကျင့် ဟူ၍ စင်စစ် မကျင့်သုံးရာဖြစ်သော ကျင့်သုံးသော်လည်း နည်းလမ်းမှန်သော ကုသိုလ်တရားကို မပြည့်စုံစေနိုင်ရာသော သုံးခုမြောက် မမြတ်သော အကျင့်ကို ကျင့်သုံးမှုပေတည်း။

၂၂၈။ သန္ဒက တဖန် ထို့ပြင်လည်း ဤလောက၌ အချို့သော ဆရာသည် ဤသို့ ဆိုလေ့ ယူလေ့ရှိ၏—"ဤခုနစ်ပါးသော အစုတို့သည် ပြုလုပ်ထားသည် မဟုတ်ကုန်၊ ပြုလုပ်ထားစေသည် မဟုတ်ကုန်၊ ဖန်ဆင်းထားသည် မဟုတ်ကုန်၊ ဖန်ဆင်းထားစေသည် မဟုတ်ကုန်၊ မြုံကုန်၏၊ တောင်ထွတ်ကဲ့သို့ တည်ကုန်၏၊ ခိုင်မြဲသော တံခါးတိုင်ကဲ့သို့ တည်ကုန်၏၊ ထိုအစုတို့သည် မတုန်လှုပ်ကုန်၊ မဖောက်ပြန်ကုန်၊ အချင်းချင်း မညှဉ်းဆဲနိုင်ကုန်၊ အချင်းချင်း ချမ်းသာရန်ငှါး ဆင်းရဲရန်ငှါး ချမ်းသာဆင်းရဲရန်ငှါး မဘဘ်နိုင်ကုန်၊ ခုနစ်ပါးတို့ဟူသည် အဘယ်နည်း၊ မြေအစု ရေအစု မီးအစု လေအစု ချမ်းသာ ဆင်းရဲ ခုနစ်ခုမြောက် အသက်တို့တည်း။ ဤခုနစ်ပါးသောအစုတို့သည် ပြုလုပ်ထားသည် မဟုတ်ကုန်၊ ပြုလုပ်ထားစေသည် မဟုတ်ကုန်၊ ဖန်ဆင်းထားသည် မဟုတ်ကုန်၊ ဖန်ဆင်းထားစေသည် မဟုတ်ကုန်၊ မြုံကုန်၏၊ တောင်ထွတ်ကဲ့သို့ တည်ကုန်၏၊ ခိုင်မြဲသောတံခါး တိုင်ကဲ့သို့ တည်ကုန်၏၊ ထိုအစုတို့သည် မတုန်လှုပ်ကုန်၊ မဖောက်ပြန်ကုန်၊ အချင်းချင်း မညှဉ်းဆဲ နိုင်ကုန်၊ အချင်းချင်း ချမ်းသာရန်ငှါး ဆင်းရဲရန်ငှါး ချမ်းသာ ဆင်းရဲရန်ငှါး မတတ်နိုင်ကုန်၊ ထိုအစုတို့၌ သတ်သူ သတ်စေသူ၊ ကြားသူ ကြားစေသူ၊ သိသူ သိစေသူများ မရှိကုန်။ ထက်စွာ သော လက်နက်ဖြင့် ဦးခေါင်းကို ဖြတ်စေကာမူ တဦးတယောက်သည် တဦးတယောက်ကို သတ်သည်မမည်၊ လက်နက်သည် ခုနစ်ပါးသော အစုတို့၏ အကြား ဟင်းလင်းသို့ ကျရောက်၏၊ ဤဘသန်းလေးသိန်းခြောက်ထောင့်ခြောက်ရာသော အဓိကသတ္တဝါမျိုးများ ငါးရာသောကံများ ငါးပါးသောကံများ သုံးပါးသောကံများ (ပြည့်သော)ကံများ ထက်ဝက်သောကံများ ခြောက် ဆယ့်နှစ်ပါးသော အကျင့်များ ခြောက်ဆယ့်နှစ်ပါးသော အန္တရကပ်များ ခြောက်မျိုးသောဇာတ် အထူးများ ရှစ်ပါးသော ယောကျ်ားတို့၏အရွယ်များ လေးထောင့်ကိုးရာသော တက္ကတွန်းတို့၏ အသက်မွေးမှုများ လေးထောင့်ကိုးရာသော ပရိဗိုဇ်များ လေးထောင့်ကိုးရာသောနဂါးတို့နေရာ များ နှစ်ထောင်သော ဣန္ဒြေများ သုံးထောင်သောငရဲများ သုံးဆယ့်ခြောက်မျိုးသောမြူဓာတ် (တည်ရာ)များ ခုနစ်မျိုးသော သညာရှိပဋိသန္ဓေများ ခုနစ်မျိုးသော သညာမဲ့ပဋိသန္ဓေများ ခုနစ်မျိုးသော အဆစ်ပဋိသန္ဓေများ ခုနစ်မျိုးသောနတ်များ ခုနစ်မျိုးသောလူများ ခုနစ်မျိုး သောမြေဘုတ်ဘီလူးများ ခုနစ်ခုသောအိုင်ကြီးများ ခုနစ်ခုသောအဖုကြီးများ ခုနစ်ခုသော ချောက်ကြီးများ ခုနစ်ရာသောချောက်ငယ်များ ခုနစ်ခုသောအိပ်မက်ကြီးများ ခုနစ်ရာသော အိပ်မက်ငယ်များ ရှစ်သန်းလေးသိန်းသော မဟာကပ်များရှိကုန်၏၊ ယင်း (မဟာကပ်တို့)ပတ်လုံး

http://www.dhammadownload.com



လူမိုက်ဖြစ်စေ ပညာရှိဖြစ်စေ (တဘဝမှ တဘဝသို့) ပြေးသွားကျင်လည်၍ ဆင်းရဲ ကုန်ဆုံးခြင်းကို ပြုကြလတ္တံ့၊ ထိုအတွင်း (ဆင်းရဲကုန်ဆုံးခြင်း မရှိ)။– 'ငါသည် ဤသီလဖြင့် သော်၎င်း ဤကျင့်ဝတ်ဖြင့် သော်၎င်း ဤခြိုးခြံမှုဖြင့်သော်၎င်း မြတ်သောအကျင့်ဖြင့်သော်၎င်း မရင့်သေးသော ကံကိုမူလည်း ရင့်စေမည်၊ရင့်ပြီးသော ကံကိုမူလည်း တွေ့၍ တွေ့၍ ပျက်စီးစေမည်'ဟု ဤသို့ (ပြုပြင်နိုင်ခြင်း)မရှိ၊ ချမ်းသာဆင်းရဲသည် စရွက်တောင်းဖြင့် ခြင်သားသကဲ့သို့ ဖြစ်၏၊ သံသရာသည် အပိုင်းအခြား ပြုထားပြီးဖြစ်၏၊ အတိုးအဆုတ်မရှိ၊ အလွန်အယုတ်မရှိ၊ ချည်လုံးကို ပစ်လိုက်သော် (ချည်ရှိသရွေ့သာ)ပြေလျက် ပြေးသွားရာသကဲ့သို့ ဤအတူ လူမိုက်ဖြစ်စေ ပညာရှိဖြစ်စေ (တဘဝမှ တဘဝသို့)ပြေးသွားကျင်လည်၍ ဆင်းရဲကုန်ဆုံးခြင်းကို ပြုလတ္တံ့."ဟု (ဆိုလေ့ယူလေ့ရှိ၏)။

သန္ဒက သိနားလည်သော ယောကျ်ားသည် ထိုအယူဝါဒ၌ ဤသို့ ဆင်ခြင်၏— ဤအသျှင်ဆရာသည် "ဤခုနစ်ပါးသော အစုတို့သည် ပြုလုပ်ထားသည် မဟုတ်ကုန်၊ ပြုလုပ်ထားစေသည် မဟုတ်ကုန်၊ ဖန်ဆင်းထားသည် မဟုတ်ကုန်၊ ဖန်ဆင်းထားစေသည်မဟုတ်ကုန်၊ မြုံကုန်၏၊ တောင်ထွတ်ကဲ့သို့ တည်ကုန်၏၊ ခိုင်မြဲသောတံခါးတိုင်ကဲ့သို့ တည်ကုန်၏၊ ထိုအစုတို့သည် မတုန်လှုပ်ကုန်၊ မဖောက်ပြန်ကုန်၊ အချင်းချင်း မညှဉ်းဆဲနိုင်ကုန်၊ အချင်းချင်း ချမ်းသာရန်ငှါ ဆင်းရဲရန်ငှါ ချမ်းသာ ဆင်းရဲရန်ငှါ မတတ်နိုင်ကုန်၊ ခုနစ်ပါးတို့ဟူသည် အဘယ်နည်း၊ မြေအစု ရေအစု မီးအစု လေအစု ချမ်းသာ ဆင်းရဲ ခုနစ်ခုမြောက် အသက်တို့တည်း။ ဤခုနစ်ပါးသောအစုတို့သည် ပြုလုပ်ထားသည် မဟုတ်ကုန်၊ ပြုလုပ်ထားစေသည် မဟုတ်ကုန်၊ ဖန်ဆင်းထားသည်မဟုတ်ကုန်၊ ဖန်ဆင်းထားစေသည် မဟုတ်ကုန်၊ မြုံကုန်၏၊ တောင်ထွတ်ကဲ့သို့ တည်ကုန်၏၊ ခိုင်မြဲသော တံခါးတိုင်ကဲ့သို့ တည်ကုန်၏၊ထိုအစုတို့သည် မတုန်လှုပ်ကုန်၊ မဖောက်ပြန်ကုန်၊ အချင်းချင်း မညှဉ်းဆဲနိုင်ကုန်၊အချင်းချင်း ချမ်းသာရန်ငှါ ဆင်းရဲရန်ငှါ ချမ်းသာဆင်းရဲရန်ငှါ မတတ်နိုင်ကုန်။ ထိုအစုတို့၌ သတ်သူ သတ်စေသူ၊ ကြားသူ ကြားစေသူ သိသူ သိစေသူများ မရှိကုန်။ ထက်စွာသော လက်နက်ဖြင့် ဦးခေါင်းကို ဖြတ်စေကာမူ တဦးတယောက်သည် တဦးတယောက်ကို သတ်သည်မမည်၊ လက်နက်သည် ခုနစ်ပါးသော အစုတို့၏ အကြား ဟင်းလင်းပြင်သို့ ကျရောက်၏ဟု အယူရှိ၏၊ ဤဘသန်း လေးသိန်း ခြောက်ထောင့် ခြောက်ရာသော အဓိကသတ္တဝါမျိုးများ ငါးရာသောကံများ ငါးပါးသောကံများ သုံးပါးသောကံများ (ပြည့်သော)ကံများ ထက်ဝက်သော ကံများ ခြောက်ဆယ့်နှစ်ပါးသောအကျင့်များ ခြောက်ဆယ့်နှစ်ပါးသော အန္တရကပ်များ ခြောက်မျိုးသော ဇာတ်အထူးများ ရှစ်ပါးသော ယောကျ်ားတို့၏အရွယ်များ လေးထောင်ကိုးရာသော တက္ကတွန်းတို့၏ အသက်မွေးမှုများ လေးထောင်ကိုးရာသော ပရိဗိုဇ်များ လေးထောင်ကိုးရာသော နဂါးတို့နေရာများ နှစ်ထောင်သောဣန္ဒြေများ သုံးထောင်သောငရဲများ သုံးဆယ့်ခြောက်မျိုးသော မြူဓာတ် (တည်ရာ)များ ခုနစ်မျိုးသော သညာပဋိသန္ဓေများ ခုနစ်မျိုးသောသညာမဲ့ပဋိသန္ဓေများ ခုနစ်မျိုးသောအဆစ်ပဋိသန္ဓေများ ခုနစ်မျိုးသောနတ်များ ခုနစ်မျိုးသော လူများ ခုနစ်မျိုးသောမြေဘုတ်ဘီလူးများ ခုနစ်ခုသောအိုင်ကြီးများ ခုနစ်ခုသောအဖုကြီးများ ခုနစ်ခုသောချောက်ကြီးများ ခုနစ်ရာသောချောက်ငယ်များ ခုနစ်ခုသောအိပ်မက်ကြီးများ ခုနစ်ရာသောအိပ်မက်ငယ်များ ရှစ်သန်းလေးသိန်းသောမဟာကပ်များ ရှိကုန်၏၊ ယင်း (မဟာကပ်တို့) ပတ်လုံး လူမိုက်ဖြစ်စေ ပညာရှိဖြစ်စေ (တဘဝမှ တဘဝသို့) ပြေးသွားကျင်လည်၍ ဆင်းရဲကုန်ဆုံးခြင်းကို ပြုကြလတ္တံ့.။ထိုအတွင်း (ဆင်းရဲကုန်ဆုံးခြင်း) မရှိ။ 'ငါသည် ဤသီလဖြင့်သော်၎င်း

http://www.dhammadownload.com



ဤကျင့်ဝတ်ဖြင့်သော်၎င်း ဤခြိုးခြံမှု ဖြင့်သော်၎င်း ဤမြတ်သော အကျင့်ဖြင့်သော်၎င်း မရင့်သေးသော ကံကိုမူလည်း ရင့်စေမည်၊ ရင့်ပြီးသော ကံကိုမူလည်း တွေ့ရှိတွေ့၍ ပျက်စီးစေမည်ဟု ဤသို့ (ပြုပြင်နိုင်ခြင်း)မရှိ၊ ချမ်းသာဆင်းရဲသည် စရွတ်တောင်းဖြင့် ခြင်ထားဘိသကဲ့သို့ ဖြစ်၏၊ သံသရာသည် အပိုင်းအခြား ပြုထားပြီးဖြစ်၏၊ အတိုးအဆုတ်မရှိ၊ အလွန်အယုတ်မရှိ၊ ချည်လုံးကို ပစ်လိုက်သော် (ချည်ရှိသရွေ့သာ) ပြေလျက် ပြေးသွားရာသကဲ့သို့ ဤအတူ လူမိုက်ဖြစ်စေ ပညာရှိဖြစ်စေ (တဘဝမှ တဘဝသို့) ပြေးသွားကျင်လည်၍ ဆင်းရဲကုန်ဆုံးခြင်းကို ပြုလတ္တံ့"ဟု ဆိုလေ့ ယူလေ့ရှိ၏။

အကယ်၍ ဤအသျှင်ဆရာ၏ စကားသည် မှန်ခဲ့ပါလျှင် "ငါတို့နှစ်ဦးသည် တဘဝမှ တဘဝသို့ ပြေးသွားကျင်လည်၍ ဒုက္ခ၏ အဆုံးကို ပြုကြရကုန်ဘော့အံ့"ဟု မဆိုသော ငါသည် ဤဆရာ၏ အယူဝါဒ၌ မပြုပဲ လျက် ပြုပြီးဖြစ်ရာ၏၊ မကျင့်သုံးပဲလျက် ကျင့်သုံးပြီးဖြစ်ရာ၏၊ ဤရဟန်းတရား၌ ငါတို့နှစ်ဦးလုံးပင် တူမျှသော အဖြစ်သို့ ရောက်ကုန်၏ဟု (ဆင်ခြင်၏)။ အဝတ်မဝတ်သော အချည်းနှီးသော ဦးပြည်း(ခေါင်းတုံး)သော ဆောင့်ကြောင့်ထိုင်သော ဆံမှုတ်ဆိတ်ကိုနုတ်သော ဤအသျှင်ဆရာ၏အကျင့်သည် အပိုသာတည်း။ သားမယားတို့ဖြင့် ကျဉ်းမြောင်းသော အိမ်၌နေလျက် ကာသိကရာဇ်တိုင်းဖြစ် စန္ဒကူးကို လိမ်းကျံ ခံစားလျက် ပန်းနံ့သာ နံ့သာပျောင်းတို့ကို ဆောင်လျက် ရွှေငွေကို သာယာလျက် တမလွန်လောက၌ ဤအသျှင်ဆရာနှင့် တူမျှသော လားရာရှိမည်ဖြစ်သော ငါသည် အဘယ်အကျိုးကိုသိ၍ အဘယ်အကျိုးကိုမြင်၍ ဤဆရာ၏ အထံ၌ မြတ်သော အကျင့်ကို ကျင့်အံ့နည်း။ ထိုသူသည် "ဤကား မမြတ်သော ကျင့်သုံးမှုတည်း" ဟု သိ၍ ထိုမမြတ်သောအကျင့်မှ ငြီးငွေ့ကာ ဖဲခွါသွားလေ၏။ သန္ဒက ဤသည်ကား သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသောတရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရား ဟောကြားထားသော သိနားလည်သော ယောကျ်ားသည် မြတ်သောအကျင့်ဟူ၍ စင်စစ် မကျင့်သုံးရာ ဖြစ်သော ကျင့်သုံးသော်လည်း နည်းလမ်းမှန်သော ကုသိုလ်တရားတို့ကို မပြည့်စုံစေနိုင်ရာသော လေးခုမြောက် မမြတ်သော အကျင့်ကို ကျင့်သုံးမှုတည်း။

သန္ဒက သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသောတရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် ဤမမြတ်သောအကျင့်ကို ကျင့်သုံးမှု လေးမျိုးတို့ကို ဟောကြားတော်မူ၏၊ယင်းအကျင့်၌ သိနားလည်သော ယောကျ်ားသည် မြတ်သော အကျင့်ဟူ၍ စင်စစ်မကျင့်သုံးရာဖြစ်သော ကျင့်သုံးသော်လည်း နည်းလမ်းမှန်သော ကုသိုလ်တရားကို မပြည့်စုံစေနိုင်ရာဟု (မိန့်ဆို၏)။

အသျှင်အာနန္ဒာ အံ့ဩဖွယ်ရှိပါပေစွ၊ အသျှင်အာနန္ဒာ မဖြစ်ဘူးမြဲ ဖြစ်ပါပေစွ၊ သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသောတရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် ဤမမြတ်သောအကျင့်ကို ကျင့်သုံးမှုလေးမျိုးတို့ကို ဟောကြားတော်မူပေ၏၊ "ယင်းအကျင့်၌ သိနားလည်သော ယောကျ်ားသည် မြတ်သောအကျင့်ဟူ၍ စင်စစ် မကျင့်သုံးရာ၊ ကျင့်သုံးသော်လည်း နည်းလမ်းမှန်သော ကုသိုလ်တရားကို မပြည့်စုံစေနိုင်ရာပါ။ အသျှင်အာနန္ဒာ သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသောတရားတို့ကို) ကိုယ်တိုင်မှန်စွာသိတော်မူသော ထိုမြတ်စွာဘုရားသည် ဟောကြားထားသော

http://www.dhammadownload.com



"ယင်းအကျင့်၌ သိနားလည်သော ယောကျ်ားသည် မြတ်သောအကျင့်ဟူ၍ စင်စစ်မကျင့်သုံးရာ ဖြစ်သော ကျင့်သုံးသော်လည်း နည်းလမ်းမှန်သော ကုသိုလ်တရားကို မပြည့်စုံစေနိုင်ရာသော" သက်သာရာကို မရစေနိုင်ကုန်သော မြတ်သောအကျင့် လေးမျိုးတို့ဟူသည် အဘယ်တို့ပါနည်းဟု (လျှောက်၏)။

၂၂၉။ သန္ဒက ဤလောက၌ အချို့သော ဆရာသည် အလုံးစုံကို သိ၏၊ အလုံးစုံကို မြင်၏၊ "ငါသွားနေသည်ဖြစ်စေ ရပ်နေသည်ဖြစ်စေ အိပ်ပျော်နေသည်ဖြစ်စေ နိုးကြားနေသည်ဖြစ်စေ အမြဲမပြတ် ဉာဏ်အမြင်သည် ရှေးရှုထင်၏"ဟု အကြွင်းမဲ့ ဉာဏ်အမြင်ကို ဝန်ခံ၏။ ထိုဆရာသည် ဆိတ်သုဉ်းသော အိမ်သို့လည်း ဝင်၏၊ ဆွမ်းလည်း မရ၊ ခွေးလည်း ကိုက်၏၊ ကြမ်းသော ဆင်နှင့်လည်း တွေ့ဆုံ၏၊ ကြမ်းသောမြင်းနှင့်လည်း တွေ့ဆုံ၏၊ ကြမ်းသောနွားနှင့်လည်း တွေ့ဆုံ၏၊ မိန်းမ၏ငှင်း ယောကျ်ား၏ငှင်း အမည်ကိုငှင်း အနွယ်ကိုငှင်း မေး၏၊ ရွာ၏ငှင်း နိဂုံး၏ငှင်း အမည်ကိုငှင်း လမ်းခရီးကိုငှင်း မေး၏။ ထိုဆရာသည် "ဤအမှုသည် အသို့ပါနည်း"ဟု မေးသည်ရှိသော် ဆိတ်သုဉ်းသော အိမ်ကို ငါဝင်သင့်၏၊ ထို့ကြောင့် ဝင်၏၊ ဆွမ်းကိုလည်း မရသင့်။ ထို့ကြောင့် မရခဲ့။ ခွေးသည် ကိုက်သင့်၏။ ထို့ကြောင့် ကိုက်၏၊ ကြမ်းသော ဆင်နှင့် တွေ့ဆုံသင့်၏၊ ထို့ကြောင့် တွေ့ဆုံ၏။ ကြမ်းသောမြင်းနှင့် တွေ့ဆုံသင့်၏၊ ထို့ကြောင့် တွေ့ဆုံ၏၊ ကြမ်းသော နွားနှင့် တွေ့ဆုံသင့်၏၊ ထို့ကြောင့် တွေ့ဆုံ၏၊ မိန်းမ၏ငှင်း ယောကျ်ား၏ငှင်း အမည်ကိုငှင်း အနွယ်ကိုငှင်း မေးသင့်၏၊ ထို့ကြောင့် မေး၏။ ရွာ၏ငှင်း နိဂုံး၏ငှင်း အမည်ကိုငှင်း လမ်းခရီးကိုငှင်း မေးသင့်၏၊ ထို့ကြောင့် မေး၏ဟု (ဖြေဆို၏)။

သန္ဒက သိနားလည်သောယောကျ်ားသည် ထိုအယူဝါဒ၌ ဤသို့ ဆင်ခြင်၏—ဤအသျှင် ဆရာသည် အလုံးစုံကို သိ၏၊ အလုံးစုံကို မြင်၏၊ အကြွင်းမဲ့ ဉာဏ်အမြင်ကို ဝန်ခံ၏။ပ။ ရွာ၏ငှင်း နိဂုံး၏ငှင်း အမည်ကိုငှင်း လမ်းခရီးကိုငှင်း မေးသင့်၏၊ ထို့ကြောင့် မေး၏ဟု ဖြေဆို၏ဟု (ဆင်ခြင်၏)။ ထိုသူသည် "ဤသည်ကား သက်သာရာမရစေနိုင်သော မြတ်သောအကျင့်တည်း"ဟု သိ၍ ထိုမြတ်သောအကျင့်မှ ငြီးငွေ့ကာ ဖဲခွါသွားလေ၏။ သန္ဒက ဤသည်ကား သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသောတရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရား ဟောကြားထားသည့် သက်သာရာကို မရစေနိုင်သော ရှေးဦးစွာသော မြတ်သော အကျင့်ပေတည်း၊ ယင်းအကျင့်၌ သိနားလည်သော ယောကျ်ားသည် မြတ်သော အကျင့်ဟူ၍ စင်စစ် မကျင့်သုံးရာ၊ ကျင့်သုံးသော်လည်း နည်းလမ်းမှန်သော ကုသိုလ်တရားကို မပြည့်စုံစေနိုင်ရာ။

၂၃၀။ သန္ဒက နောက်တမျိုးကား ဤလောက၌ အချို့သော ဆရာသည် တဆင့်ကြားသည်ကို မှီ၍ တဆင့်ကြားသည်ကို အမှန်အားဖြင့် ယူ၏။ ထိုဆရာသည် "ဤသို့ တဲ့ ဤသို့တဲ့"ဟု တဆင့်ကြားဖြင့် အစဉ်အလာအားဖြင့် ပိဋကတ်ကျမ်းဂန်လေ့လာမှုဖြင့် တရားဟော၏။ သန္ဒက တဆင့်ကြားသည်ကို မှီ၍ တဆင့်ကြားသည်ကို အမှန်အားဖြင့်ယူသော ဆရာအား ကောင်းစွာ ကြားအပ်သည်လည်း ရှိ၏၊ မကောင်းသဖြင့် ကြားအပ်သည်လည်း ရှိ၏။ ထိုကြားတိုင်းလည်း ဖြစ်နိုင်၏၊ တမျိုးအားဖြင့်လည်း ဖြစ်နိုင်၏။ သန္ဒက ထိုအယူဝါဒ၌ သိနားလည်သော ယောကျ်ားသည် ဤသို့ ဆင်ခြင်၏—ဤအသျှင်ဆရာသည် တဆင့်ကြားသည်ကို မှီ၍ တဆင့်ကြားသည်ကို အမှန်အားဖြင့် ယူ၏၊ ထိုဆရာသည် "ဤသို့တဲ့ ဤသို့တဲ့"ဟု တဆင့်ကြားဖြင့် အစဉ်အလာအားဖြင့် ပိဋကတ်ကျမ်း

http://www.dhammadownload.com



ဂန်လေ့လာမှုဖြင့် တရားဟော၏၊ တဆင့်ကြားကိုမှီ၍ တဆင့်ကြားသည်ကို အမှန်အားဖြင့်ယူသော ဆရာအား ကောင်းစွာ ကြားအပ်သည်သည်း ရှိ၏၊ မကောင်းသဖြင့် ကြားအပ်သည်လည်း ရှိ၏၊ ထိုကြားတိုင်းလည်း ဖြစ်နိုင်၏၊ တမျိုးအားဖြင့်လည်း ဖြစ်နိုင်၏ဟု (ဆင်ခြင်၏)။ ထိုသူသည် "ဤကား သက်သာရာ မရစေနိုင်သော မြတ်သောအကျင့်တည်း"ဟုသိ၍ ထိုမြတ်သော အကျင့်မှ ငြီးငွေ့ကာ ဖဲခွါသွားလေ၏။ သန္ဒက ဤသည်ကား သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံဘော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာသိတော်မူသော ထိုမြတ်စွာ ဘုရား ဟောကြားထားသည့် သက်သာရာကို မရစေနိုင်သော ဒုတိယမြတ်သောအကျင့်ပေတည်း။ ယင်းအကျင့်၌ သိနားလည်သော ယောကျ်ားသည် မြတ်သောအကျင့်ဟူ၍ စင်စစ် မကျင့်သုံးရာ၊ ကျင့်သုံးသော်လည်း နည်းလမ်း မှန်သော ကုသိုလ်တရားကို မပြည့်စုံစေနိုင်ရာ။

၂၃၁။ သန္ဒက နောက်တမျိုးကား ဤလောက၌ အချို့သော ဆရာသည် ကြံစည်လေ့ရှိ၏၊ စူးစမ်းလေ့ရှိ၏၊ ထိုဆရာသည် ကြံစည်ထားသည့်အတိုင်း စူးစမ်းမိသည့်အတိုင်း မိမိထင်မြင်ချက် အတိုင်း တရားဟော၏။သန္ဒက ကြံစည်လေ့ရှိသော စူးစမ်းလေ့ရှိသော ဆရာအား ကောင်းစွာ ကြံစည်အပ်သည်လည်း ရှိ၏၊ မကောင်းသဖြင့် ကြံစည်အပ်သည်လည်း ရှိ၏။ထိုအတိုင်းလည်း ဖြစ်နိုင်၏၊တမျိုးအားဖြင့်လည်း ဖြစ်နိုင်၏။သန္ဒက သိနားလည်သော ယောကျ်ားသည် ထိုအယူဝါဒ၌ ဤသို့ဆင်ခြင်၏—ဤအသျှင်ဆရာသည် ကြံစည်လေ့ရှိ၏၊ စူးစမ်းလေ့ရှိ၏၊ ထိုဆရာသည် ကြံစည်ထားသည့်အတိုင်း စူးစမ်းမိသည့်အတိုင်း မိမိထင်မြင်ချက်အတိုင်း တရားဟော၏။ ကြံစည်လေ့ရှိသော စူးစမ်းလေ့ရှိသော ဆရာအား ကောင်းစွာ ကြံစည်အပ်သည်လည်း ရှိ၏၊ မကောင်းသဖြင့် ကြံစည်အပ်သည်လည်း ရှိ၏။ ထိုအတိုင်းလည်း ဖြစ်နိုင်၏၊ တမျိုးအားဖြင့်လည်း ဖြစ်နိုင်၏ဟု (ဆင်ခြင်၏)။ ထိုသူသည် "ဤသည်ကား သက်သာရာ မရစေနိုင်သော မြတ်သော အကျင့်တည်း" ဟု ဤသို့ သိ၍ ထိုမြတ်သော အကျင့်မှ ငြီးငွေ့၍ ဖဲခွါသွားလေ၏။ သန္ဒက ဤသည်ကား သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရား ဟောကြားထားသည့် သက်သာရာ မရစေနိုင်သော တတိယ မြတ်သော အကျင့်ပေတည်း၊ ယင်းအကျင့်၌ သိနားလည်သော ယောကျ်ားသည် မြတ်သော အကျင့်ဟူ၍ စင်စစ် မကျင့် သုံးရာ၊ ကျင့်သုံးသော်လည်း နည်းလမ်း မှန်သော ကုသိုလ်တရားကို မပြည့်စုံစေနိုင်ရာ။

၂၃၂။ သန္ဒက ဤလောက၌ အချို့သော ဆရာသည် ပညာနုံ့၏၊ တွေဝေ၏၊ ထိုဆရာသည် ပညာနုံ့သောကြောင့် တွေဝေသောကြောင့် ထိုထိုအရာ၌ အမေးခံရလျှင် အဆုံးမရှိ ပစ်လွှတ်သော စကားကို ဆို၏ "ဤသို့ဟူ၍ လည်း ငါမယူ၊ ထိုသို့ဟူ၍ လည်း ငါမယူ၊ အခြားသို့ဟူ၍လည်း ငါမယူ၊ ဤသို့ ထိုသို့အခြားသို့ မဟုတ်ဟူ၍လည်း ငါမယူ၊ ဤသို့ ထိုသို့ အခြားသို့မဟုတ်ဟူ၍လည်း ငါမယူ" ဟု (ဆို၏)။ သန္ဒက သိနားလည်သော ယောကျ်ားသည် ထိုအယူဝါဒ၌ ဤသို့ ဆင်ခြင်၏— ဤအသျှင်ဆရာသည် ပညာနုံ့၏၊ တွေဝေ၏၊ ထိုဆရာသည် ပညာနုံ့သောကြောင့် တွေဝေ သောကြောင့် ထိုသို့အရာဌာန၌ အမေးခံရလျှင် အဆုံးမရှိပစ်လွှင့်သော စကားကို ဆို၏ "ဤသို့ ဟူ၍လည်း ငါမယူ၊ ထိုသို့ဟူ၍လည်း ငါမယူ၊ အခြားသို့ဟူ၍လည်း ငါမယူ၊ (ဤသို့ ထိုသို့ အခြား သို့)မဟုတ်ဟူ၍ လည်း ငါမယူ၊ (ဤသို့ ထိုသို့ အခြားသို့)မဟုတ်သည် မဟုတ်ဟူ၍လည်း ငါမယူ"ဟု (ဆို၏)။ ထိုသူသည်"ဤကား သက်သာယာမရစေနိုင်သော မြတ်သောအကျင့်တည်း"ဟုသိ၍ ထို

http://www.dhammadownload.com



မြတ်သော အကျင့်မှ ငြီးငွေ့၍ ဖဲခွါ သွားလေ၏။ သန္ဒက ဤသည်ကား သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော(အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် ဟောကြားထားသည့် သက်သာရာကို မရစေနိုင်သော စတုတ္ထမြတ်သော အကျင့်ပေတည်း၊ ယင်းအကျင့်၌ သိနားလည်သော ယောကျ်ားသည် မြတ်သောအကျင့်ဟူ၍ စင်စစ် မကျင့်သုံးရာ၊ကျင့်သုံးသော်လည်း နည်းလမ်းမှန်သော ကုသိုလ်တရားကို မပြည့်စုံစေနိုင်ရာ။သန္ဒက ဤသည်တို့ကား သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရား ဟောကြားထားသည့် သက်သာရာကို မရစေနိုင်သော မြတ်သော အကျင့်လေးမျိုးတို့ပေတည်း၊ ယင်းအကျင့်တို့၌ သိနားလည်သော ယောကျ်ားသည် မြတ်သောအကျင့်ဟူ၍ စင်စစ် မကျင့်သုံးရာ၊ ကျင့်သုံးသော်လည်း နည်းလမ်းမှန်သော ကုသိုလ်တရားကို မပြည့်စုံစေနိုင်ရာဟု(မိန့်ဆို၏)။

အသျှင်အာနန္ဒာ အံ့ဩဖွယ်ဖြစ်ပါပေစွ၊ အသျှင်အာနန္ဒာ မဖြစ်ဘူးမြဲဖြစ်ပါပေစွ၊ သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် လေးမျိုးသော မြတ်သော အကျင့်တို့ကို သက်သာရာကို မရစေနိုင်၍သာလျှင် သက်သာရာကို မရစေနိုင်ဟု ဟောကြားတော်မူပေ၏၊ ယင်းအကျင့်တို့၌ သိနားလည်သော ယောကျ်ားသည် မြတ်သောအကျင့်ဟူ၍ စင်စစ် မကျင့်သုံးရာ၊ ကျင့်သုံးသော်လည်း နည်းလမ်းမှန်သော ကုသိုလ်တရားကို မပြည့်စုံစေနိုင်ရာ။ အသျှင်အာနန္ဒာ ထိုမြတ်စွာဘုရားသည်ကား အဘယ်သို့ ယူလေ့ရှိပါသနည်း၊အဘယ်သို့ ဆိုလေ့ရှိပါသနည်း၊ ယင်းမြတ်စွာဘုရား၏ အယူဝါဒ၌ သိနားလည်သော ယောကျ်ားသည် မြတ်သော အကျင့်ဟူ၍ စင်စစ် ကျင့်သုံးရာပါသနည်း၊ ကျင့်သုံးလျှင်လည်း နည်းလမ်းမှန်သော ကုသိုလ်တရားကို ပြည့်စုံစေနိုင်ရာပါသနည်း ဟု (လျှောက်၏)။

၂၃၃။ သန္ဒက ပူဇော်အထူးကို ခံတော်မူထိုက်သော(အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော အသိဉာဏ်'ဝိဇ္ဇာ'အကျင့်'စရဏ'နှင့် ပြည့်စုံတော်မူသော ကောင်းသော စကားကို ဆိုတော်မူတတ်သော လောကကို သိတော်မူသော ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ်ဖြစ်တော်မူသော နတ်လူတို့၏ ဆရာဖြစ်တော်မူသော (သစ္စာလေးပါး တရားတို့ကို) သိစေတော်မူသော ဘုန်းတန်ခိုးကြီးတော်မူသော မြတ်စွာဘုရားသည် ဤလောက၌ ပွင့်တော်မူ၏။ပ။ထိုရဟန်းသည် စိတ်ညစ်ညူးကြောင်း ဖြစ်ကုန်သော ဤအပိတ်အပင် 'နီဝရဏ' တရားငါးပါးတို့ကို ပယ်၍ ကာမဂုဏ်တို့မှ ဆိတ်၍ သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍ သာလျှင် ကြံစည်ခြင်း 'ဝိတက်'နှင့်တကွဖြစ်သော သုံးသပ်ဆင်ခြင်ခြင်း 'ဝိစာရ'နှင့်တကွ ဖြစ်သော (နီဝရဏ)ဆိတ်ခြင်း ကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ'ချမ်းသာခြင်း 'သုခ'ရှိသော ပဌမစျာန်သို့ ရောက်၍ နေ၏။ သန္ဒက ဤသို့သဘောရှိသော မွန်မြတ်သည့်တရားထူးကို တပည့်ရစေနိုင်သည့်ဆရာ့ထံ၌ သိနားလည်သောယောကျ်ားသည် မြတ်သောအကျင့်ဟူ၍ စင်စစ် ကျင့်သုံးရာ၏၊ ကျင့်သုံးလျှင်လည်း နည်းလမ်းမှန်သော ကုသိုလ်တရားကို ပြည့်စုံစေနိုင်ရာ၏။

သန္ဒက တဖန် ထို့ပြင်လည်း ရဟန်းသည် ဝိတက်ဝိစာရတို့၏ ငြိမ်းခြင်းကြောင့်။ပ။ ဒုတိယစျာန်သို့ ရောက်၍ နေ၏။ သန္ဒက ဤသို့သဘောရှိသော မွန်မြတ်သည့်တရားထူးကို တပည့် ရစေနိုင်သည့် ဆရာ့ထံ၌ သိနားလည်သောယောကျ်ားသည် မြတ်သောအကျင့်ဟူ၍ စင်စစ် ကျင့်သုံးရာ၏၊ ကျင့်သုံးလျှင်လည်း နည်းလမ်းမှန်သော ကုသိုလ်တရားကို ပြည့်စုံစေနိုင်ရာ၏။

http://www.dhammadownload.com



သန္တက တဖန် ထို့ပြင်လည်း ရဟန်းသည် ပီတိကိုတပ်နှစ်သက်မှု ကင်းခြင်းကြောင့် လျစ်လျူရှု၍ နေ၏။ပ။ တတိယစျာန်သို့ရောက်၍ နေ၏။ သန္တက ဤသို့သဘောရှိသော မှန်မြတ်သော တရားထူးကို တပည့်ရစေနိုင်သည့် ဆရာ့ထံ၌ သိနားလည်သော ယောကျ်ားသည် မြတ်သော အကျင့်ဟူ၍ စင်စစ် ကျင့်သုံးရာ၏၊ ကျင့်သုံးလျှင်လည်း နည်းလမ်းမှန်သော ကုသိုလ်တရားကို ပြည့်စုံစေနိုင်ရာ၏။

သန္တက တဖန် ထို့ပြင်လည်း ရဟန်းသည် သုခကို ပယ်ခြင်းကြောင့်၎င်း။ပ။ စတုတ္ထစျာန်သို့ရောက်၍ နေ၏။ သန္တက ဤသို့သဘောရှိသော မှန်မြတ်သောတရားထူးကို တပည့်ရစေနိုင်သည့် ဆရာ့ထံ၌ သိနားလည်သော ယောကျ်ားသည် မြတ်သောအကျင့်ဟူ၍ စင်စစ် ကျင့်သုံးရာ၏၊ ကျင့်သုံးလျှင်လည်း နည်းလမ်းမှန်သော ကုသိုလ်တရားကို ပြည့်စုံစေနိုင်ရာ၏။

ထိုရဟန်းသည် ဤသို့ တည်ကြည်သောစိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်းကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါ အသင့်ဖြစ်လတ်သော် တည်တံ့သတ်သော် မတုန်လှုပ်ခြင်းသို့ရောက်လတ်သော် ထို(ရဟန်း) သည် ရှေး၌ ဖြစ်ဘူးသော ခန္ဓာအစဉ်ကို အောက်မေ့နိုင်သော 'ပုဗ္ဗေနိဝါသာနုဿတိ' ဉာဏ်အလို့ငှါ စိတ်ကို ရှေးရှုညွတ်စေ၏၊ ထို(ရဟန်း)သည် များပြားသော ရှေး၌ ဖြစ်ဘူးသော ခန္ဓာအစဉ်ကို အောက်မေ့နိုင်၏။ ဤသည်ကား အဘယ်နည်း။ တဘဝကိုင်း နှစ်ဘဝတို့ကိုင်း။ပ။ ဤသို့ အခြင်းအရာနှင့်တကွ ညွှန်းပြဖွယ် (အမည်အနွယ်)နှင့်တကွ များပြားသော ရှေး၌ ဖြစ်ဘူးသော ခန္ဓာအစဉ်ကို အောက်မေ့နိုင်၏။ သန္တက ဤသို့သဘောရှိသော မှန်မြတ်သောတရားထူးကို တပည့်ရစေနိုင်သည့် ဆရာ့ထံ၌ သိနားလည်သော ယောကျ်ားသည် မြတ်သောအကျင့် ဟူ၍ စင်စစ် ကျင့်သုံးရာ၏၊ ကျင့်သုံးလျှင်လည်း နည်းလမ်းမှန်သော ကုသိုလ်တရားကို ပြည့်စုံစေနိုင်ရာ၏။

ထိုရဟန်းသည် ဤသို့ တည်ကြည်သောစိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်း ကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါ အသင့်ဖြစ်လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ထို(ရဟန်း)သည် သတ္တဝါတို့၏ သေခြင်းဖြစ်ခြင်းကို သိသော 'စုတူပပါတ' ဉာဏ်အလို့ငှါ စိတ်ကို ရှေးရှုညွတ်စေ၏၊ ထို(ရဟန်း)သည် အထူးသဖြင့် စင်ကြယ်သော လူတို့၏မျက်စိထက် သာလွန်သော နတ်မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု' ဉာဏ်ဖြင့် သေဆဲသတ္တဝါ ဖြစ်ပေါ်ဆဲသတ္တဝါ ယုတ်သောသတ္တဝါ မြတ်သော သတ္တဝါ အဆင်းလှသောသတ္တဝါ အဆင်းမလှသောသတ္တဝါ ကောင်းသောလားရာရှိသောသတ္တဝါ မကောင်းသောလားရာရှိသောသတ္တဝါ တို့ကို မြင်၏။ပ။ ကံအလျောက် ဖြစ်သော သတ္တဝါတို့ကို သိ၏။ သန္တက ဤသို့သဘောရှိသော မှန်မြတ်သောတရားကို တပည့်ရစေနိုင်သည့် ဆရာ့ထံ၌ သိနားလည်သော ယောကျ်ားသည် မြတ်သောအကျင့်ဟူ၍ စင်စစ် ကျင့်သုံးရာ၏၊ ကျင့်သုံးလျှင်လည်း နည်းလမ်းမှန်သော ကုသိုလ်တရားကို ပြည့်စုံစေနိုင်ရာ၏။

ထိုရဟန်းသည် ဤသို့ တည်ကြည်သောစိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်းကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါ အသင့်ဖြစ်လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ရောက်လတ်သော် ထို(ရဟန်း)သည် အာသဝေါတရားတို့ကို ကုန်စေသော 'အာသဝက္ခယ' ဉာဏ်အလို့ငှါ စိတ်ကို ရှေးရှုညွတ်စေ၏။ ထို(ရဟန်း)သည် ဤကား ဆင်းရဲဟု ဟုတ်မှန်သောအတိုင်း သိ၏၊ ဤကား ဆင်းရဲဖြစ်ပေါ်ခြင်း၏ အကြောင်းဟု

http://www.dhammadownload.com



ဟုတ်မှန်သောအတိုင်းသိ၏၊ ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)ဟု ဟုတ်မှန်သောအတိုင်း သိ၏၊ ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ဟု ဟုတ်မှန်သောအတိုင်းသိ၏။ ဤကား အာသဝတို့ဟု ဟုတ်မှန်သောအတိုင်းသိ၏၊ဤကား အာသဝတို့ဖြစ်ပေါ်ခြင်း၏ အကြောင်းဟု ဟုတ်မှန်သောအတိုင်းသိ၏၊ဤကား အာသဝတို့ချုပ်ရာ(နိဗ္ဗာန်)ဟု ဟုတ်မှန်သောအတိုင်းသိ၏၊ ဤကား အာသဝတို့ချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်းအကျင့်ဟု ဟုတ်မှန်သောအတိုင်းသိ၏။ ဤသို့ သိသော် ဤသို့မြင်သော် ထို(ရဟန်း)၏စိတ်သည် ကာမာသဝမှလည်း လွတ်မြောက်၏၊ ဘဝါသဝမှလည်း လွတ်မြောက်၏၊အဝိဇ္ဇာသဝမှလည်း လွတ်မြောက်၏၊ လွတ်မြောက်ပြီးလတ်သော် လွတ်မြောက်ခဲ့လေပြီဟု အသိဉာဏ် ဖြစ်ပေါ်၏၊ "ပဋိသန္ဓေနေမှုကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊(မဂ်)ကိစ္စကို ပြုပြီးပြီ၊ဤ(မဂ်)ကိစ္စအလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီ" ဟု သိ၏။ သန္ဒက ဤသို့သဘောရှိသော မှန်မြတ်သောတရားကို တပည့်ရစေနိုင်သည့် ဆရာ့ထံ၌ သိနားလည်သော ယောကျ်ားသည် မြတ်သောအကျင့်ဟူ၍ စင်စစ်ကျင့်သုံးရာ၏၊ ကျင့်သုံးလျှင်လည်း နည်းလမ်းမှန်သော ကုသိုလ်တရားကို ပြည့်စုံစေနိုင်ရာ၏ ဟု (မိန့်ဆို၏)။

၂၃၄။ အသျှင်အာနန္ဒာ အာသဝေါကုန်ပြီးသော (မဂ်)အကျင့်ကို ကျင့်သုံးပြီးသော ပြုဖွယ်ကိစ္စကိုပြုပြီးသော ဝန်ကိုချထားပြီးသော ကိုယ်ကျိုးကိုယ့်စီးပွါးကို ယူပြီးသော ဘဝသံယောဇဉ်ကုန်ခန်းပြီးသော ကောင်းစွာသိ၍ ကိလေသာမှလွတ်မြောက်ပြီးသော ရဟန္တာရဟန်းသည် ကာမဂုဏ်တို့ကို ခံစားရာသေးသလော ဟု(လျှောက်၏)။ သန္ဒက အာသဝေါကုန်ပြီးသော (မဂ်)အကျင့်ကို ကျင့်သုံးပြီးသော ပြုဖွယ်ကိစ္စကို ပြုပြီးသော ဝန်ကိုချထားပြီးသော ကိုယ်ကျိုး ကိုယ့်စီးပွါးကို ရယူပြီးသော ဘဝသံယောဇဉ် ကုန်ခန်းပြီးသော ကောင်းစွာသိ၍ ကိလေသာမှ လွတ်မြောက်ပြီးသော ရဟန္တာရဟန်းသည် ငါးပါးသော အရာဌာနတို့ကို လွန်ကျူး၍ ကျင့်ခြင်းငှါ မထိုက်ပြီ။ အာသဝေါကုန်ပြီးသော ရဟန်းသည် စေတနာနှင့်တကွ စေ့ဆော်၍ သတ္တဝါကို သတ်ခြင်းငှါ မထိုက်ပြီ။ အာသဝေါကုန်ပြီးသော ရဟန်းသည် မပေးသည်ကို ခိုးလိုသော စိတ်အစုဖြင့် ယူခြင်းငှါ မထိုက်ပြီ။ အာသဝေါကုန်ပြီးသော ရဟန်းသည် မေထုန်အကျင့်ကို မှီဝဲခြင်းငှါ မထိုက်ပြီ။အာသဝေါကုန်ပြီးသော ရဟန်းသည် သိလျက် မဟုတ်မမှန်သော စကားကို ဆိုခြင်းငှါမထိုက်ပြီ။ အာသဝေါကုန်ပြီးသော ရဟန်းသည် ရှေးလူဖြစ်စဉ်အခါက ကဲ့သို့ ဝတ္ထုကာမဂုဏ်တို့ကို သိုမှီး၍ မှီဝဲခြင်းငှါ မထိုက်ပြီ။ သန္ဒက အာသဝေါကုန်ပြီးသော (မဂ်) အကျင့်ကို ကျင့်သုံးပြီးသော ပြုဖွယ်ကိစ္စကို ပြုပြီးသော ဝန်ကို ချထားပြီးသော ကိုယ်ကျိုး ကိုယ့်စီးပွါးကို ရယူပြီးသော ဘဝသံယောဇဉ် ကုန်ခန်းပြီးသော ကောင်းစွာသိ၍ ကိလေသာမှ လွတ်မြောက်ပြီးသော ရဟန္တာရဟန်းသည် ဤငါးပါးကုန်သော အရာဌာနတို့ကို လွန်ကျူး၍ ကျင့်ခြင်းငှါ မထိုက်ပြီ။

၂၃၅။ အသျှင်အာနန္ဒာ အာသဝေါ ကုန်ပြီးသော(မဂ်)အကျင့်ကို ကျင့်သုံးပြီးသော ပြုဖွယ်ကိစ္စကိုပြုပြီးသော ဝန်ကိုချထားပြီးသော ကိုယ်ကျိုးကိုယ့်စီးပွါးကို ရယူပြီးသော ဘဝသံယောဇဉ်ကုန်ခန်းပြီးသော ကောင်းစွာသိ၍ ကိလေသာမှ လွတ်မြောက်ပြီးသော ရဟန္တာဖြစ်သော ရဟန်းအား သွားနေစဉ် ဖြစ်စေ ရပ်နေစဉ်ဖြစ်စေ အိပ်နေစဉ်ဖြစ်စေ နိုးကြားနေစဉ်ဖြစ်စေ "ငါ့အား အာသဝေါတရားတို့သည် ကုန်ခန်းကုန်ပြီ" ဟု ဉာဏ်အမြင်သည် အမြဲမပြတ် ရှေးရှုထင်ပါသလော ဟု (လျှောက်၏)။ သန္ဒက သို့ဖြစ်မူ သင့်အား ဥပမာပြအံ့၊ ဤလောက၌ ဥပမာဖြင့် ပညာရှိယောကျ်ားတို့သည် ပြောကြားသော စကား၏ အနက်ကို သိကြကုန်၏။ သန္ဒက ဥပမာ

http://www.dhammadownload.com



အားဖြင့် ယောကျ်ားအား လက်ခြေတို့သည် ပြတ်ကုန်၏၊ ထိုယောကျ်ားအား သွားနေစဉ်ဖြစ်စေ ရပ်နေစဉ်ဖြစ်စေ အိပ်နေစဉ်ဖြစ်စေ နိုးကြားနေစဉ်ဖြစ်စေ "ငါ၏ လက်ခြေတို့သည် ပြတ်ကုန်ပြီ" ဟု အမြဲမပြတ် သိသလော။ "ထိုသို့မဟုတ် ဆင်ခြင်မှသာ "ငါ၏ လက်ခြေတို့သည် ပြတ်ကုန်ပြီ" ဟု သိသလော ဟု (မေး၏)။ အသျှင်အာနန္ဒာ ထိုယောကျ်ားသည် အမြဲမပြတ် "ငါ၏လက်ခြေတို့သည် ပြတ်ကုန်ပြီ" ဟု မသိပါ၊ စင်စစ်သော်ကား ဆင်ခြင်မှသာ "ငါ၏လက်ခြေတို့သည် ပြတ်ကုန်ပြီ" ဟု သိပါ၏ဟု (လျှောက်၏)။ သန္ဒက ဤဥပမာအတူသာလျှင် အာသဝေါကုန်ပြီးသော (မဂ်)အကျင့်ကို ကျင့်သုံးပြီးသော ပြုဖွယ်ကိစ္စကို ပြုပြီးသော ဝန်ကို ချထားပြီးသော ကိုယ်ကျိုး ကိုယ်စီးပွါးကို ရယူပြီးသော ဘဝသံယောဇဉ်ကုန်ခန်းပြီးသော ကောင်းစွာသိ၍ ကိလေသာမှ လွတ်မြောက်ပြီးသော ရဟန္တာဖြစ်သော ရဟန်းအား သွားနေစဉ်ဖြစ်စေ ရပ်နေစဉ်ဖြစ်စေ အိပ်နေစဉ်ဖြစ်စေ နိုးကြားနေစဉ်ဖြစ်စေ "ငါ့အား အာသဝေါတရားတို့သည် ကုန်ခန်းကုန်ပြီ" ဟု အမြဲမပြတ် ဉာဏ်အမြင်သည် ရှေးရှုမထင်၊ စင်စစ်သော်ကား ဆင်ခြင်မှသာ "ငါ့အား အာသဝေါ တရားတို့သည် ကုန်ခန်းကုန်ပြီ" ဟု သိ၏ဟု (မိန့်ဆို၏)။

၂၃၆။ အသျှင်အာနန္ဒာ ဤဓမ္မဝိနယ 'သာသနာတော်'၌ ကျွတ်တမ်းဝင်သူတို့သည် အဘယ်မျှ များပြားပါကုန်သနည်း ဟု (လျှောက်၏)။ သန္ဒက ဤဓမ္မဝိနယ 'သာသနာတော်'၌ ကျွတ်တမ်း ဝင်သူတို့သည် တရာလည်း မကကုန်၊ နှစ်ရာလည်း မကကုန်၊ သုံးရာလည်း မကကုန်၊ လေးရာ လည်း မကကုန်၊ ငါးရာလည်း မကကုန်၊ စင်စစ်အားဖြင့် လွန်စွာများကုန်၏ဟု (မိန့်ဆို၏)။ အသျှင်အာနန္ဒာ အံ့ဩဖွယ်ရှိပါပေစွ၊ အသျှင်အာနန္ဒာ မဖြစ်ဘူးမြဲ ဖြစ်ပါပေစွ၊ မိမိတရားကို မမြှောက်တင်သူ တပါးတရားကို မနှိမ့်ချပဲရှိတုံဘိ၏၊ ရှည်ရှည်လျားလျား တရားဟောခြင်းသာဖြစ်တုံ ဘိ၏၊ ထိုမျှလောက် များပြားသော ကျွတ်တမ်းဝင်သူတို့လည်း ထင်ရှားကုန်ဘိ၏၊ သားသေမိခင်၏ သားဖြစ်သော ဤအာဇီဝကတို့သည် မိမိကိုယ်ကိုလည်း ချီးမြှောက်တတ်ကုန်၏၊ သူတပါးကိုလည်း ရှုတ်ချတတ်ကုန်၏၊ ကျွတ်တမ်းဝင်သူ သုံးယောက်တို့ကိုသာ ပြကြကုန်၏။ ဤသူတို့ကား အဘယ်တို့နည်း၊ နန္ဒဝစ္ဆ ကိသသံကိစ္စ မက္ခလိဂေါသာလတို့ ပေတည်းဟု (ပြကြကုန်၏)။ ထိုအခါ သန္ဒကပရိဗိုဇ်သည် မိမိပရိသတ်ကို "အချင်းတို့ သင်တို့သည် သွားကြကုန်လော့၊ ရဟန်းဂေါတမ အထံ၌ မြတ်သောအကျင့်ကို ကျင့်သုံးမှုရှိ၏၊ ငါတို့မှုကား ယခုအခါ၌ လာဘ် ပူဇော်သက္ကာ အကျော်အစောတို့ကို စွန့်လွှတ်ရန် မလွယ်ကူပြီ" ဟု ပြောဆို၏။

ဤသို့လျှင် သန္ဒကပရိဗိုဇ်သည် မိမိ၏ပရိသတ်အား မြတ်စွာဘုရားအထံ၌ မြတ်သောအကျင့် ကို ကျင့်သုံးရန် လွှတ်လိုက်လေသတည်း။

ခြောက်ခုမြောက် သန္ဒကသုတ် ပြီး၏။

---

## ၇-မဟာသကုလုဒါယိသုတ်

၂၃၇။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့အား အစာကျွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ အလွန်ထင်ရှားကုန်သော များစွာသော ပရိဗိုဇ်တို့သည် ဥဒေါင်းတို့အား အစာကျွေးရာ ဖြစ်သော ပရိဗိုဇ်အရံ၌ နေကုန်၏။ ဤသည်တို့

http://www.dhammadownload.com



ကား အဘယ်နည်း၊ အန္နဘာရပရိဗိုဇ် ဝရဓရပရိဗိုဇ် သကုလုဒါယီပရိဗိုဇ်နှင့် အခြား ထင်ရှား ကျော်စောသော ပရိဗိုဇ်တို့တည်း။ ထိုအခါ မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကိုယူပြီးလျှင် ရာဇဂြိုဟ်ပြည်သို့ ဆွမ်းအလို့ငှါ ဝင်တော်မူ၏။ ထိုအခါ မြတ်စွာဘုရားအား "ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံသွားရန် အလွန် စောသေး၏၊ အကယ်၍ ငါသည် ဥဒေါင်းတို့အား အစာကျွေးရာဖြစ်သော ပရိဗိုဇ်အရံရှိ သကုလုဒါယီပရိဗိုဇ်ထံသို့ ချဉ်းကပ်ရမူ ကောင်းလေရာ၏" ဟု အကြံဖြစ်၏။

ထိုအခါ မြတ်စွာဘုရားသည် ဥဒေါင်းတို့အား အစာကျွေးရာ ဖြစ်သော ပရိဗိုဇ်အရံသို့ ချဉ်းကပ်တော်မူ၏။ ထိုအခါ သကုလုဒါယီပရိဗိုဇ်သည် များပြားသော (မဂ်ဖိုလ်မှ) ဖီလာစကားကိုပွဲတင်ထပ်မျှ ပြင်းပြကျယ်လောင်သောအသံဖြင့် ပြောဆိုလျက် များစွာသော ပရိဗိုဇ်ပရိသတ်နှင့် အတူနေ၏။ ဤသည်ကား အဘယ်နည်း။ မင်းနှင့်စပ်သောစကား ခိုးသူနှင့်စပ်သောစကား အမတ်ကြီးနှင့်စပ် သောစကား စစ်သည်နှင့်စပ်သောစကား ကြောက်ဖွယ်နှင့်စပ်သောစကား စစ်ထိုးခြင်းနှင့်စပ်သော စကား စားဖွယ်နှင့်စပ်သောစကား သောက်ဖွယ်နှင့်စပ်သောစကား အဝတ်နှင့်စပ်သောစကား အိပ်ယာနှင့်စပ်သောစကား ပန်းနှင့်စပ်သောစကား နံ့သာနှင့်စပ်သောစကား ဆွေမျိုးနှင့် စပ်သောစကား ယာဉ်နှင့်စပ်သောစကား ရွာနှင့်စပ်သောစကား နိဂုံးနှင့်စပ်သောစကား မြို့နှင့် စပ်သောစကား နယ်နှင့်စပ်သောစကား မိန်းမနှင့်စပ်သောစကား ယောကျ်ားနှင့်စပ်သော စကား သူရဲကောင်းနှင့်စပ်သောစကား လမ်းနှင့်စပ်သောစကား ရေခပ်ဆိပ်နှင့်စပ်သောစကား သေလွန်သူနှင့်စပ်သောစကား အထွေထွေနှင့် စပ်သောစကား လောက (အကြောင်းနှင့်) စပ်သော စကား သမုဒ္ဒရာ (အကြောင်း) နှင့် စပ်သောစကား ကြီးပွါးဆုတ်ယုတ်ခြင်းနှင့်စပ်သောစကားတို့ တည်း။ သကုလုဒါယီပရိဗိုဇ်သည် ကြွလာသော မြတ်စွာဘုရားကို အဝေးကပင် မြင်လတ်သော် "အသျှင်တို့ တိတ်ဆိတ်စွာ နေကြကုန်လော့၊ အသံမပြုကြကုန်လင့်၊ ဤရဟန်းဂေါတမသည် ကြွလာ နေ၏၊ ထိုအသျှင်သည် တိတ်ဆိတ်ခြင်းကို အလိုရှိ၏၊ တိတ်ဆိတ်ရာ၏ဂုဏ်ကို ဆိုလေ့ရှိ၏၊ ပရိသတ် အသံတိတ်နေသည်ကို သိလျှင် ချဉ်းကပ်သင့်သည်ဟု အောက်မေ့တန်ရာ၏" ဟု မိမိပရိသတ်ကို သေဝပ်စွာနေရန် ပြောဆို၏။ ထိုသို့ဆိုသော် ပရိဗိုဇ်တို့သည် ဆိတ်ဆိတ်နေကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် သကုလုဒါယီပရိဗိုဇ်ထံသို့ ချဉ်းကပ်တော်မူ၏။ ထိုအခါ သကုလု ဒါယီပရိဗိုဇ်သည် မြတ်စွာဘုရားအား "ဘုန်းတော်ကြီးသော မြတ်စွာဘုရား ကြွလာတော်မူပါ လော့၊ အသျှင်ဘုရား မြတ်စွာဘုရား၏ ကြွလာခြင်းသည် ကောင်းသောကြွလာခြင်း ဖြစ်ပါသည်၊ အသျှင်ဘုရား မြတ်စွာဘုရားသည် ဤအရပ်သို့ ကြွလာတော်မူရန်အလှည့်ကို ကြာမြင့်မှပေးတော်မူ ဘိ၏၊ အသျှင်ဘုရား မြတ်စွာဘုရားသည် ထိုင်တော်မူပါ၊ ဤနေရာကို ပြင်ထားပါ၏" ဟု လျှောက်၏။ မြတ်စွာဘုရားသည် ပြင်ထားသောနေရာ၌ ထိုင်တော်မူ၏။ သကုလုဒါယီပရိဗိုဇ်သည်လည်း နိမ့်သော ထိုင်စရာတခုကိုယူ၍ တခုသောနေရာ၌ ထိုင်နေ၏၊ တခုသောနေရာ၌ ထိုင်နေသော သကုလုဒါယီ ပရိဗိုဇ်အား မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

၂၃၇။ ဥဒါယီ ယခုအခါ အဘယ်စကားဖြင့် အသင်တို့ စည်းဝေးနေကြသနည်း၊ သင်တို့၏ မပြီးဆုံးသေးသော အကြား စကား သည် အဘယ်နည်းဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား ယခုအခါ အကျွန်ုပ်တို့ စုဝေးထိုင်နေလျက် ပြောဆိုနေကြသော စကားကို ထားပါဦး၊ ဤစကားသည် မြတ်စွာဘုရားအား နောက်အခါ၌လည်း ကြားနာရန် ခဲယဉ်းမည်မဟုတ်ပါ၊ အသျှင်ဘုရား ယခင်

http://www.dhammadownload.com



ယခင်နေ့ဘို့၌ စကားအသစ်အဆန်း ထောက်လှမ်း နာကြားရာစရပ်၌ အထူးထူးသော အယူရှိကုန်သော သမဏဗြာဟ္မဏတို့ စုဝေးနေထိုင်ကြရာတွင် ဤအကြားစကားသည် ထင်ရှားဖြစ်ပါ၏— "အချင်းတို့ အင်္ဂတိုင်း မဂဓတိုင်းသူ တိုင်းသားတို့အား အရတော်ပေစွတကား၊ အချင်းတို့ အင်္ဂတိုင်းမဂဓတိုင်းသူ တိုင်းသားတို့အား အလွန်အရတော်ပေစွတကား၊ထိုအင်္ဂတိုင်း မဂဓတိုင်းတို့၌ တပည့်အပေါင်းနှင့်လည်း ပြည့်စုံသော ဂိုဏ်းနှင့်လည်း ပြည့်စုံသော ဂိုဏ်းဆရာလည်းဖြစ်သော ထင်ရှားသော ကျော်စောသော အယူဝါဒတီထွင်သူ ဖြစ်သော သူတော်ကောင်းဟု လူအများက သမုတ်ထားသော ဤသမဏဗြာဟ္မဏတို့သည် ဤရာဇဂြိုဟ်ပြည်သို့ ဝါကပ်ရန် ရောက်လာကုန်၏။ ဤပူရဏကဿပသည် တပည့်အပေါင်းနှင့် ပြည့်စုံ၏၊ ဂိုဏ်းနှင့်လည်း ပြည့်စုံ၏၊ ဂိုဏ်းဆရာလည်း ဖြစ်၏၊ ထင်ရှား၏၊ ကျော်စော၏၊ အယူဝါဒ တီထွင်သူ ဖြစ်၏၊ သူတော်ကောင်းဟု လူအများက သမုတ်ထားသူဖြစ်၏၊ ထိုပူရဏကဿပသည်လည်း ရာဇဂြိုဟ်ပြည်သို့ ဝါကပ်ရန်ရောက်လာ၏။ ဤမက္ခလိဂေါသာလသည်လည်း။ပ။ အဇိတကေသကမ္ဗလသည်။ ပကုဓကစ္စာယနသည်။ သဉ္စယ ဗေလဋ္ဌပုတ္တသည်။ နိဂဏ္ဌနာဋပုတ္တသည် တပည့်အပေါင်းနှင့် ပြည့်စုံ၏၊ ဂိုဏ်းနှင့်လည်း ပြည့်စုံ၏၊ ဂိုဏ်းဆရာလည်းဖြစ်၏၊ထင်ရှား၏၊ ကျော်စော၏၊အယူဝါဒ တီထွင်သူဖြစ်၏၊ သူတော်ကောင်းဟု လူအများက သမုတ်ထားသူ ဖြစ်၏၊ ထိုနိဂဏ္ဌနာဋပုတ္တသည်လည်း ရာဇဂြိုဟ်ပြည်သို့ ဝါကပ်ရန် ရောက်လာ၏။ဤရဟန်းဂေါတမသည်လည်း တပည့်အပေါင်းနှင့်ပြည့်စုံ၏၊ ဂိုဏ်းနှင့်လည်းပြည့်စုံ၏၊ ဂိုဏ်းဆရာလည်း ဖြစ်၏၊ ထင်ရှား၏၊ကျော်စော၏၊အယူဝါဒတီထွင်သူ ဖြစ်၏၊ သူတော်ကောင်းဟု လူအများက သမုတ်ထားသူ ဖြစ်၏၊ထိုရဟန်းဂေါတမသည်လည်း ရာဇဂြိုဟ်ပြည်သို့ ဝါကပ်ရန်ရောက်လာ၏။ထိုအင်္ဂတိုင်း မဂဓတိုင်းတို့၌ တပည့်အပေါင်းနှင့်လည်း ပြည့်စုံသော ဂိုဏ်းနှင့်လည်း ပြည့်စုံသော ဂိုဏ်းဆရာလည်း ဖြစ်သော ထင်ရှားသော ကျော်စောသော အယူဝါဒတီထွင်သူ ဖြစ်သော သူတော်ကောင်းဟု လူအများက သမုတ်ထားသူ ဖြစ်သော ဤသမဏဗြာဟ္မဏတို့သည် ဤရာဇဂြိုဟ်ပြည်သို့ ဝါကပ်ရန် ရောက်ကုန်၏၊ ဤအသျှင်သမဏဗြာဟ္မဏတို့တွင် အဘယ်သမဏဗြာဟ္မဏသည် တပည့်တို့၏ အရိုအသေခံရ အလေးစားခံရ အမြတ်နိုးခံရ အပူဇော်ခံရလေသနည်း။ အဘယ်သမဏဗြာဟ္မဏကို တပည့်တို့သည် အရိုအသေပြု၍ အလေးပြု၍ အမှီပြု၍ နေကြကုန်သနည်း"ဟု အကြားစကားသည် ဖြစ်ပါ၏ဟု (လျှောက်၏)။

၂၃၉။ ထိုအစည်းအဝေး၌ အချို့သောသူတို့သည် ဤသို့ ဆိုကြကုန်၏—"ဤပူရဏကဿပသည် တပည့်အပေါင်းနှင့်လည်း ပြည့်စုံ၏၊ ဂိုဏ်းနှင့်လည်း ပြည့်စုံ၏၊ ဂိုဏ်းဆရာလည်းဖြစ်၏၊ ထင်ရှား၏၊ ကျော်စော၏၊ အယူဝါဒတီထွင်သူ ဖြစ်၏၊ သူတော်ကောင်းဟု လူအများက သမုတ်ထားသူဖြစ်၏။ ထိုပူရဏကဿပသည်လည်း တပည့်တို့၏ အရိုအသေမခံရ အလေးစားမခံရ အမြတ်နိုးမခံရ အပူဇော် မခံရ။ ပူရဏကဿပကိုလည်း တပည့်တို့သည် အရိုအသေပြု၍ အလေးပြု၍ အမှီပြု၍ မနေကြကုန်။ရှေးကဖြစ်ဘူးသည်ကား ပူရဏကဿပသည် အရာမကများစွာသော ပရိသတ်၌ တရားဟော၏။ထိုပရိသတ်၌ ပူရဏကဿပ၏ တပည့်တယောက်သည် 'အသျှင်တို့ သင်တို့သည် ပူရဏကဿပကို ဤအကြောင်းကို မမေးကြပါကုန်လင့်၊ ဤပူရဏကဿပသည် ဤအကြောင်းကို မသိပါ၊ ငါတို့သည် ဤအကြောင်းကို သိကုန်၏၊ ငါတို့အား ဤအကြောင်းကို မေးကြကုန်လော့၊ ငါတို့သည် ဤအကြောင်းကို အသျှင်တို့အား ဖြေကြားကုန်အံ့'ဟု အသံပြု၏။

ရှေးကဖြစ်ဘူးသည်ကား ပူရဏကဿပသည် လက်မောင်းတို့ကို မြှောက်ချီလျက် 'အသျှင်တို့ တိတ်ဆိတ်စွာ နေကြကုန်လော့၊ အသျှင်တို့ အသံကို မပြုကြပါကုန်လင့်၊ ဤသူတို့သည် အသျှင်

http://www.dhammadownload.com



တို့ကို မမေးကြပါကုန်၊ ဤသူတို့သည် ငါတို့ကို မေးကြပါကုန်၏၊ ငါတို့သည် ဤသူတို့အား ဖြေကြားပါကုန်အံ့'ဟု မြည်တမ်းသော်လည်း မရပေ။

ပူရဏကဿပ၏ များစွာသော တပည့်တို့သည် 'သင်သည် ဤဓမ္မဝိနယကို မသိ၊ ငါသည် ဤဓမ္မဝိနယကိုသိ၏။ သင်သည် ဤဓမ္မဝိနယကို အဘယ်သို့သိနိုင်အံ့နည်း၊ သင်သည် မှားသောအကျင့်ရှိသူဖြစ်၏၊ ငါသည် မှန်သောအကျင့်ရှိသူဖြစ်၏၊ ငါ၏စကားသည် စေ့စပ်၏၊ သင်၏စကားသည် မစေ့စပ်၊ သင်သည် ရှေးဦးဆိုသင့်သည်ကို နောက်မှဆို၏၊ နောက်မှ ဆိုသင့်သည်ကို ရှေးဦးဆို၏၊ သင်၏ ကြာမြင့်စွာ လေ့လာထားသော စကားသည် (သင့်ဆီသို့) ပြန်လှည့်၍ တည်လေပြီ၊ သင့်အယူ၌ ရှိသော အပြစ်ကို ငါတင်ပြပြီ၊ သင်အရေးနိမ့်ပြီ၊ (ငါတင်ပြသော) အပြစ်မှ လွတ်မြောက်ရန် ရှာကြံချေဦးလော့၊ အကယ်၍ စွမ်းနိုင်လျှင်လည်း (ယခုပင်) ဖြေရှင်းလော့'ဟု ဝါဒတင်၍ ဖဲ့ခွါသွားကြကုန်၏၊ ဤသို့လျှင် ပူရဏကဿပသည် တပည့်တို့၏ အရိုအသေမခံရ အလေးပြုမခံရ အမြတ်နိုးမခံရ အပူဇော်မခံရ၊ ပူရဏကဿပကိုမူ လည်း တပည့်တို့သည် အရိုအသေပြု၍ အလေးပြု၍ အမြဲပြု၍ မနေကြကုန်၊ ပူရဏကဿပသည်ကား သဘာဝမှန်ဖြစ်သော ဆဲရေးခြင်းဖြင့် အဆဲခံရသူဖြစ်၏”ဟု (ဆိုကြကုန်၏)။

အချို့သောသူတို့သည် ဤသို့ ဆိုကြကုန်၏ “ဤမက္ခလိဂေါသာလသည်လည်း။ပ။ အဇိတကေသကမ္ဗလသည်။ ပကုဓကစ္စာယနသည်။ သဉ္စယဗေလဋ္ဌပုတ္တသည်။နိဂဏ္ဌနာဋပုတ္တသည် တပည့်အပေါင်းနှင့်လည်း ပြည့်စုံ၏၊ ဂိုဏ်းနှင့်လည်း ပြည့်စုံ၏၊ ဂိုဏ်းဆရာလည်း ဖြစ်၏၊ ထင်ရှား၏၊ ကျော်စော၏၊အယူဝါဒဘိတ္ထွင်သူဖြစ်၏၊ သူတော်ကောင်းဟု လူအများက သမုတ်ထားသူဖြစ်၏။ ထိုနိဂဏ္ဌနာဋပုတ္တသည်လည်း တပည့်တို့၏ အရိုအသေမခံရ အလေးပြုမခံရ အမြတ်နိုးမခံရ အပူဇော်မခံရ။နိဂဏ္ဌနာဋပုတ္တကိုလည်း တပည့်တို့သည် အရိုအသေပြု၍ အလေးပြု၍ အမြဲပြု၍ မနေကြကုန်။ ရှေးကဖြစ်ဘူးသည်ကား နိဂဏ္ဌနာဋပုတ္တသည် အရာမက များစွာသောပရိသတ်၌ တရားဟော၏၊ ထိုပရိသတ်၌ နိဂဏ္ဌနာဋပုတ္တ၏ တပည့်တယောက်သည် 'အသျှင်တို့ နိဂဏ္ဌနာဋပုတ္တအား ဤအကြောင်းကို မမေးကြပါကုန်လင့်။ ဤနိဂဏ္ဌနာဋပုတ္တသည် ဤအကြောင်းကို မသိပါ၊ ငါတို့သည် ဤအကြောင်းကို သိပါကုန်၏၊ ငါတို့အား ဤအကြောင်းကို မေးပါကုန်လော့၊ ငါတို့သည် ဤအကြောင်းကို အသျှင်တို့အား ဖြေကြားပါကုန်အံ့'ဟု အသံပြု၏။ ရှေးကဖြစ်ဘူးသည်ကား နိဂဏ္ဌနာဋပုတ္တသည် လက်မောင်းတို့ကို မြှောက်ချီ၍“အသျှင်တို့ တိတ်ဆိတ်စွာ နေကြပါကုန်လော့၊ အသျှင်တို့ အသံကို မပြုကြပါကုန်လင့်၊ ဤသူတို့သည် အသျှင်တို့ကို မမေးကြပါကုန်၊ ဤသူတို့သည် ငါတို့ကို မေးပါကုန်၏၊ငါတို့သည် ဤသူတို့အား ဖြေကြားကုန်အံ့”ဟု မြည်တမ်းသော်လည်း မရလေ။

နိဂဏ္ဌနာဋပုတ္တ၏ များစွာသောတပည့်တို့သည် 'သင်သည် ဤဓမ္မဝိနယကို မသိ၊ ငါသည် ဤဓမ္မဝိနယကို သိ၏၊ သင်သည် ဤဓမ္မဝိနယကို အဘယ်သို့သိနိုင်အံ့နည်း၊ သင်သည် မှားသောအကျင့်ရှိသူဖြစ်၏၊ ငါသည် မှန်သော အကျင့်ရှိသူဖြစ်၏၊ ငါ၏စကားသည် စေ့စပ်၏၊ သင်၏စကားသည် မစေ့စပ်၊ သင်သည် ရှေးဦးဆိုသင့်သည်ကို နောက်မှ ဆို၏၊ နောက်မှ ဆိုသင့်သည်ကို ရှေးဦးဆို၏၊ သင်၏ကြာမြင့်စွာ လေ့လာထားသောစကားသည် (သင့်ဆီသို့) ပြန်လှည့်၍ တည်လေပြီ၊ သင့်အယူ၌ ရှိသော အပြစ်ကို ငါတင်ပြပြီ၊ သင်အရေးနိမ့်ပြီ၊ (ငါတင်ပြသော) အပြစ်မှ လွတ်မြောက်ရန် ရှာကြံချေဦးလော့၊ အကယ်၍ စွမ်းနိုင်လျှင်လည်း (ယခုပင်) ဖြေရှင်းလော့'ဟု ဝါဒတင်၍ ဖဲ့ခွါသွားကြကုန်၏။ဤသို့လျှင် နိဂဏ္ဌနာဋပုတ္တသည် တပည့်တို့၏ အရိုအသေမခံရ၊ အလေးပြုမခံရ၊ အမြတ်နိုး

http://www.dhammadownload.com



မခံရ၊အပူဇော်မခံရ၊နိဂဏ္ဌနာဋပုတ္တကိုလည်း တပည့်တို့သည် အရိုအသေပြု၍ အလေးပြု၍ အမှီပြု၍ မနေကြကုန်။နိဂဏ္ဌနာဋပုတ္တသည်လည်း သဘာဝမှန်ဖြစ်သောဆဲရေးခြင်းဖြင့် အဆဲခံရသူဖြစ်၏”ဟု (ဆိုကြကုန်၏)။

၂၄၀။ အချို့သော သူတို့သည် ဤသို့ ဆိုကြကုန်၏—ဤရဟန်းဂေါတမသည်လည်း တပည့် အပေါင်းနှင့်လည်း ပြည့်စုံ၏၊ ဂိုဏ်းနှင့်လည်း ပြည့်စုံ၏၊ ဂိုဏ်းဆရာလည်း ဖြစ်၏၊ ထင်ရှား၏၊ ကျော်စော၏၊အယူဝါဒတီထွင်သူ ဖြစ်၏၊ သူတော်ကောင်းဟု လူအများက သမုတ်ထားသူ ဖြစ်၏။ ထိုရဟန်းဂေါတမသည်ကား တပည့်တို့၏ အရိုအသေခံရ၏၊ အလေးပြုခံရ၏၊ အမြတ်နိုးခံရ၏၊ အပူဇော်ခံရ၏၊ ရဟန်းဂေါတမကိုလည်း တပည့်တို့သည် ရိုသေ၍ လေးစား၍ အမှီပြု၍ နေကြကုန်၏။ ရှေးကဖြစ်ဘူးသည်ကား ရဟန်းဂေါတမသည် အရာမက များစွာသောပရိသတ်၌ တရားဟော၏။ ထိုပရိသတ်၌ ရဟန်းဂေါတမ၏ တပည့်ရဟန်းတပါးသည် ချောင်းဟန့်၏၊ ထိုချောင်းဟန့်သူကို သီတင်းသုံးဖော်တယောက်သည် 'ငါ့သျှင် တိတ်ဆိတ်စွာနေပါလော့၊အသျှင်သည် အသံမပြုပါလင့်၊ ငါတို့၏ဆရာ မြတ်စွာဘုရားသည် တရားဟောနေ၏'ဟု ဆို၍ ဒူးဖြင့် တို့၏။ ရဟန်းဂေါတမသည် အရာမက များပြားသောပရိသတ်၌ တရားဟောနေသောအခါ ရဟန်းဂေါတမ၏ တပည့်တို့အား ချေဆတ်သံသော်၎င်း ချောင်းဟန့်သံသော်၎င်း မဖြစ်သည်သာတည်း။ 'မြတ်စွာဘုရားသည် ငါတို့ အား ဟောမည့်တရားကို နာကြားကြကုန်အံ့'ဟု ထိုရဟန်းဂေါတမကို တောင့်တသောသဘောရှိ သည်ဖြစ်၍ လူများအပေါင်းသည် ရှေးရှုတည်နေ၏။ လမ်းမကြီးလေးခုဆုံလေရာ၌ ပျားကောင် ပျားဥမရှိသော ပျားရည်ကို ပေးဝေနေသည့် ယောကျ်ားကို လူများအပေါင်းသည် တောင့်တ သောသဘောရှိသည်ဖြစ်၍ ရှေးရှုတည်ရသကဲ့သို့ ဤအတူသာလျှင် ရဟန်းဂေါတမသည် အရာမက များစွာသော ပရိသတ်၌ တရားဟောနေသောအခါ မြတ်စွာဘုရား၏ တပည့်တို့အား ချေဆတ် သံသော်၎င်း ချောင်းဟန့်သံသော်၎င်း မဖြစ်သည်သာတည်း၊ 'မြတ်စွာဘုရားသည် ငါတို့အား ဟောမည့် တရားကို နာကြားကြကုန်အံ့'ဟု ထိုရဟန်းဂေါတမကို တောင့်တသောသဘောရှိသည် ဖြစ်၍ လူများအပေါင်းသည် ရှေးရှုတည်နေ၏။

ရဟန်းဂေါတမ၏ တပည့်တို့သည် သီတင်းသုံးဖော်တို့နှင့် မသင့်တင့်၍ သိက္ခာချလျက် လူထွက် ကြစေကာမူ ဘုရား၏ဂုဏ်ကိုလည်း ပြောဆိုလေ့ရှိကုန်၏၊ တရား၏ဂုဏ်ကိုလည်း ပြောဆိုလေ့ရှိကုန် ၏၊ သံဃာ၏ဂုဏ်ကိုလည်း ပြောဆိုလေ့ရှိကုန်၏၊ သူတပါးကို မကဲ့ရဲ့ကုန်မူ၍ 'ငါတို့သည်သာလျှင် ကျက်သရေမရှိကြကုန်၊ ငါတို့သည် ဘုန်းကံနည်းပါးကုန်၏၊ ထိုငါတို့သည် ဤသို့ ကောင်းစွာ ဟော ကြားထားသော သာသနာတော်၌ ရဟန်းပြုကြပါကုန်လျက် အသက်ထက်ဆုံး ပြည့်ပြည့်စုံစုံ စင်စင်ကြယ်ကြယ် မြတ်သောအကျင့်ကို ကျင့်ရန် မတတ်နိုင်ကြကုန်'ဟု မိမိကိုယ်ကိုသာလျှင် ကဲ့ရဲ့ကြကုန်၏။

ထိုသူတို့သည် အရံစောင့်အဖြစ်ဖြင့်သော်၎င်း ဥပါသကာအဖြစ်ဖြင့်သော်၎င်း ငါးပါးသီလ တို့ကို ဆောက်တည်၍ ကျင့်ကြကုန်၏။ ဤသို့လျှင် ရဟန်းဂေါတမသည် တပည့်တို့၏ အရိုအသေ ခံရ၏၊ အလေးအစား ခံရ၏၊ အမြတ်အနိုးခံရ၏၊ အပူဇော်ခံရ၏။ ရဟန်းဂေါတမကိုလည်း တပည့်တို့သည် အရိုအသေပြု၍ အလေးအမြတ်ပြု၍ အမှီပြု၍ နေကြကုန်၏ဟု (ဆိုကုန်၏)။

၂၄၁။ ဥဒါယိ ငါ့ကို တပည့်များ ရိုသေ လေးစား မြတ်နိုးပူဇော်ကြောင်းဖြစ်သော အရို အသေပြု၍ အလေးပြု၍ အမှီပြု၍ နေကြောင်းဖြစ်သော အဘယ်မျှသောတရားတို့ကို ငါ၌

http://www.dhammadownload.com



ရှိသည်ဟု သင်မြင်သနည်းဟု (မေးတော်မူ၏)။ အသျှင်ဘုရား မြတ်စွာဘုရားကို တပည့်တို့သည် ရိုသေလေးစား မြတ်နိုး ပူဇော်ကြောင်းဖြစ်သော အရိုအသေပြု၍ အလေးပြု၍ အမြိုပြု၍ နေကြောင်း ဖြစ်သော ငါးပါးသောတရားတို့ကို မြတ်စွာဘုရား၌ (ရှိသည်ဟု)အကျွန်ုပ်မြင်ပါ၏။ အဘယ်ငါးပါးတို့နည်း ဟူမူ—အသျှင်ဘုရား မြတ်စွာဘုရားသည် အာဟာရနည်းပါး၏၊ အာဟာရ နည်းပါးခြင်း၏ ဂုဏ်ကိုလည်း ချီးကျူးတော်မူလေ့ရှိ၏။ အသျှင်ဘုရား မြတ်စွာဘုရားသည် အာဟာရနည်းပါး၍ အာဟာရနည်းပါးခြင်း၏ဂုဏ်ကိုလည်း ချီးကျူးတော်မူလေ့ရှိခြင်းဟူသော ဤပဌမတရားကို မြတ်စွာဘုရား၌(ရှိသည်ဟု)အကျွန်ုပ် ကောင်းစွာ မြင်ပါ၏၊ယင်းတရားကြောင့် မြတ်စွာဘုရားကို တပည့်တို့သည် ရိုသေကုန်၏၊ လေးစားကုန်၏၊ မြတ်နိုးကုန်၏၊ ပူဇော်ကုန်၏၊ အရို အသေပြု၍ အလေးပြု၍ အမြိုပြု၍ နေကုန်၏။ (၁)

အသျှင်ဘုရား တဖန်ထို့ပြင်လည်း မြတ်စွာဘုရားသည် ရရသမျှသော သင်္ကန်းဖြင့် ရောင့်ရဲ၏၊ ရရသမျှသောသင်္ကန်းဖြင့် ရောင့်ရဲခြင်း၏ဂုဏ်ကိုလည်း ချီးကျူးတော်မူလေ့ရှိ၏။ အသျှင်ဘုရား မြတ်စွာဘုရားသည် ရရသမျှသောသင်္ကန်းဖြင့် ရောင့်ရဲ၍ ရရသမျှသောသင်္ကန်းဖြင့် ရောင့်ရဲခြင်း၏ ဂုဏ်ကိုလည်း ချီးကျူးတော်မူလေ့ရှိခြင်းဟူသော ဤဒုတိယတရားကို မြတ်စွာဘုရား၌ အကျွန်ုပ် ကောင်းစွာမြင်ပါ၏၊ ယင်းတရားကြောင့် မြတ်စွာဘုရားကို တပည့်တို့သည် ရိုသေကုန်၏၊ လေးစားကုန်၏၊ မြတ်နိုးကုန်၏၊ ပူဇော်ကုန်၏၊ အရိုအသေပြု၍ အလေးပြု၍ အမြိုပြု၍ နေကုန်၏။ (၂)

အသျှင်ဘုရား တဖန်ထို့ပြင်လည်း မြတ်စွာဘုရားသည် ရရသမျှသော ဆွမ်းဖြင့် ရောင့်ရဲ၏၊ ရရသမျှသောဆွမ်းဖြင့် ရောင့်ရဲခြင်း၏ဂုဏ်ကိုလည်း ချီးကျူးတော်မူလေ့ရှိ၏။ အသျှင်ဘုရား မြတ်စွာဘုရားသည် ရရသမျှသော ဆွမ်းဖြင့် ရောင့်ရဲ၍ ရရသမျှသောဆွမ်းဖြင့် ရောင့်ရဲခြင်း၏ ဂုဏ်ကိုလည်း ချီးကျူးတော်မူလေ့ရှိခြင်း ဟူသော ဤတတိယတရားကို မြတ်စွာဘုရား၌ အကျွန်ုပ် ကောင်းစွာ မြင်ပါ၏၊ ယင်းတရားကြောင့် မြတ်စွာဘုရားကို တပည့်တို့သည် ရိုသေကုန်၏၊ လေးစားကုန်၏၊ မြတ်နိုးကုန်၏၊ ပူဇော်ကုန်၏၊ အရိုအသေပြု၍ အလေးပြု၍ အမြိုပြု၍ နေကုန်၏။ (၃)

အသျှင်ဘုရား တဖန်ထို့ပြင်လည်း မြတ်စွာဘုရားသည် ရရသမျှသော ကျောင်းဖြင့် ရောင့်ရဲ၏၊ ရရသမျှသော ကျောင်းဖြင့် ရောင့်ရဲခြင်း၏ဂုဏ်ကိုလည်း ချီးကျူးတော်မူလေ့ရှိ၏၊ အသျှင်ဘုရား မြတ်စွာဘုရားသည် ရရသမျှသော ကျောင်းဖြင့် ရောင့်ရဲ၍ ရရသမျှသောကျောင်းဖြင့် ရောင့် ရဲခြင်း၏ဂုဏ်ကိုလည်း ချီးကျူးတော်မူလေ့ရှိခြင်းဟူသော ဤစတုတ္ထတရားကို မြတ်စွာဘုရား၌ အကျွန်ုပ်ကောင်းစွာ မြင်ပါ၏၊ ယင်းတရားကြောင့် မြတ်စွာဘုရားကို တပည့်တို့သည် ရိုသေ ကုန်၏၊ လေးစားကုန်၏၊ မြတ်နိုးကုန်၏၊ ပူဇော်ကုန်၏၊ အရိုအသေပြု၍ အလေးပြု၍ အမြိုပြု၍ နေကုန်၏။ (၄)

အသျှင်ဘုရား တဖန်ထို့ပြင်လည်း မြတ်စွာဘုရားသည် ဆိတ်ငြိမ်ရာအရပ်သို့ ကပ်တော်မူ၏၊ ဆိတ်ငြိမ်ရာအရပ်သို့ ကပ်ခြင်း၏ ဂုဏ်ကိုလည်း ချီးကျူးတော်မူလေ့ရှိ၏။ အသျှင်ဘုရား မြတ်စွာ ဘုရားသည် ဆိတ်ငြိမ်ရာအရပ်သို့ကပ်၍ ဆိတ်ငြိမ်ရာအရပ်သို့ကပ်ခြင်း၏ ဂုဏ်ကိုလည်း ချီးကျူး တော်မူလေ့ရှိခြင်းဟူသော ဤပဉ္စမတရားကို မြတ်စွာဘုရား၌ အကျွန်ုပ်ကောင်းစွာ မြင်ပါ၏၊

http://www.dhammadownload.com



ယင်းတရားကြောင့် မြတ်စွာဘုရားကို တပည့်တို့သည် ရိုသေကုန်၏၊ လေးစားကုန်၏၊ မြတ်နိုးကုန်၏၊ ပူဇော်ကုန်၏၊ အရိုအသေပြု၍ အလေးပြု၍ အမှီပြု၍ နေကုန်၏။ (၅)

အသျှင်ဘုရား မြတ်စွာဘုရားကို တပည့်သားတို့ ရိုသေလေးစား မြတ်နိုးပူဇော်ကြောင်းဖြစ်သော အရိုအသေပြု၍ အလေးပြု၍ အမှီပြု၍ နေကြောင်းဖြစ်သော ဤတရားငါးပါးတို့ကို မြတ်စွာဘုရား၌ အကျွန်ုပ်ကောင်းစွာ မြင်ပါ၏ဟု (လျှောက်၏)။

၂၄၂။ ဥဒါယိ အကယ်၍ ငါ့ကို "ရဟန်းဂေါတမသည် အာဟာရနည်းပါး၏၊ အာဟာရနည်းပါးခြင်း၏ဂုဏ်ကိုလည်း ချီးကျူးလေ့ရှိ၏" ဟု နှလုံးသွင်း၍ တပည့်တို့သည် ရိုသေလေးစားကုန် မြတ်နိုးကုန် ပူဇော်ကုန်ငြားအံ့၊ အရိုအသေပြု၍ အလေးပြု၍ အမှီပြု၍ နေကုန်ငြားအံ့၊ ဥဒါယိ ထိုသို့ဖြစ်မူ ဆွမ်းတလောင်းစာမျှ ဆွမ်းတလောင်းစာဝက်မျှ ဥသျှစ်သီးမျှဥသျှစ်သီးတဝက်မျှ အာဟာရရှိကုန်သော ငါ၏ တပည့်တို့သည် ရှိကုန်၏။ ဥဒါယိ ငါသည် တခါတရံ ဤသပိတ်ဖြင့် အောက်နားရေးနှင့်မျှသော ဆွမ်းကိုလည်း သုံးဆောင်၏၊ ထို့ထက်အလွန်လည်း သုံးဆောင်၏။ ဥဒါယိ အကယ်၍ ငါ့ကို "ရဟန်းဂေါတမသည် အာဟာရနည်းပါး၏၊ အာဟာရနည်းပါးခြင်း၏ဂုဏ်ကိုလည်း ချီးကျူးလေ့ရှိ၏" ဟု နှလုံးသွင်း၍ တပည့်တို့သည် ရိုသေကုန် လေးစားကုန် မြတ်နိုးကုန် ပူဇော်ကုန်ငြားအံ့၊ အရိုအသေပြု၍ အလေးပြု၍ အမှီပြု၍ နေကုန်ငြားအံ့။ ဥဒါယိ ဆွမ်းတလောင်းစာမျှ ဆွမ်းတလောင်းစာဝက်မျှ ဥသျှစ်သီးမျှ ဥသျှစ်သီးတဝက်မျှ အာဟာရရှိကုန်သော ငါ၏ ထိုတပည့်တို့သည် ဤအာဟာရနည်းပါးမှုရှိသော အကျင့်တရားဖြင့် ငါ့ကို မရိုသေကုန်ရာ၊ မလေးစားကုန်ရာ၊ မမြတ်နိုးကုန်ရာ၊ မပူဇော်ကုန်ရာ၊ အရိုအသေပြု၍ အလေးပြု၍ အမှီပြု၍ မနေကုန်ရာ။ (၁)

ဥဒါယိ အကယ်၍ ငါ့ကို "ရဟန်းဂေါတမသည် ရရသမျှသော သင်္ကန်းဖြင့် ရောင့်ရဲ၏၊ ရရသမျှသော သင်္ကန်းဖြင့် ရောင့်ရဲခြင်း၏ ဂုဏ်ကိုလည်း ချီးကျူးလေ့ရှိ၏" ဟု တပည့်တို့သည် ရိုသေကုန်ငြားအံ့၊ လေးစားကုန်ငြားအံ့၊ မြတ်နိုးကုန်ငြားအံ့၊ ပူဇော်ကုန်ငြားအံ့၊ အရိုအသေပြု၍ အလေးပြု၍ အမှီပြု၍ နေကုန်ငြားအံ့၊ ဥဒါယိ မြေမှုန့်အလိမ်းအလိမ်းကပ်သော ပံ့သုကူသင်္ကန်းကို ဆောင်ကုန်သော ခေါင်းပါးသော သင်္ကန်းကို ဆောင်ကုန်သော ငါ၏တပည့်တို့သည် ရှိကုန်၏၊ ထိုတပည့်တို့သည် သုသာန်သင်းချိုင်းမှလည်း တမြက်ချေးစုရာအမှိုက်ပုံမှလည်း အိမ်ဈေးမှလည်း အဝတ်စုတ်တို့ကို ရွေးချယ်ကာ ဒုကုဋ်သင်္ကန်းပြု၍ ဆောင်ကုန်၏။ ဥဒါယိ ငါသည် တရံတခါ ဒါယကာတို့လှူဒါန်းသောသင်္ကန်းတို့ကို ဆောင်၏၊ ခိုင်ခံ့ကုန်သော ဓားဖြင့် ဖြတ်ထားသောကြောင့် ခေါင်းပါးမှု ရှိကုန်သော ဗူးသီးမွေးနှင့်အတူ နူးညံ့သည့်အမွေးရှိသော သင်္ကန်းတို့ကိုလည်း ဆောင်၏။ ဥဒါယိ အကယ်၍ ငါ့ကို "ရဟန်းဂေါတမသည် ရရသမျှသောသင်္ကန်းဖြင့် ရောင့်ရဲ၏၊ ရရသမျှသော သင်္ကန်းဖြင့် ရောင့်ရဲခြင်း၏ဂုဏ်ကိုလည်း ချီးကျူးလေ့ရှိ၏" ဟု တပည့်တို့သည် ရိုသေကုန်ငြားအံ့၊ လေးစားကုန်ငြားအံ့၊ မြတ်နိုးကုန်ငြားအံ့၊ ပူဇော်ကုန်ငြားအံ့၊ အရိုအသေပြု၍ အလေးပြု၍ အမှီပြု၍ နေကုန်ငြားအံ့။ ဥဒါယိ ထိုသို့ဖြစ်မူ မြေမှုန့်အလိမ်းအလိမ်းကပ်သော ပံ့သုကူသင်္ကန်းကို ဆောင်ကုန်သော ခေါင်းပါးသော သင်္ကန်းကို ဆောင်ကုန်သော သုသာန်သင်းချိုင်းမှလည်း တမြက်ချေးစုရာ အမှိုက်ပုံမှလည်း အိမ်ဈေးမှလည်း အဝတ်စုတ်တို့ကို ရွေးချယ်ကာ ဒုကုဋ်သင်္ကန်းပြု၍ ဆောင်ကုန်သော ငါ၏ထိုတပည့်တို့သည် ငါ့ကို ဤသင်္ကန်း၌ ရောင့်ရဲသော အကျင့်တရားဖြင့် မရိုသေကုန်ရာ၊ မလေးစားကုန်ရာ၊ မမြတ်နိုးကုန်ရာ၊ မပူဇော်ကုန်ရာ၊ အရိုအသေပြု၍ အလေးပြု၍ အမှီပြု၍ မနေကုန်ရာ။ (၂)

http://www.dhammadownload.com



အတွင်းသန္တာန်၌ ရုပ်ဟု အမှတ်မရှိသူတယောက်သည် အပသန္တာန်၌ ညိုရဲ့ ညိုသောအဆင်း ညိုသောအမြင် ညိုသောအရောင်ရှိကုန်သော ရုပ်တို့ကို ဥပမာ အောင်မည်းပန်းသည် ညိုရဲ့ ညိုသော အဆင်း ညိုသောအမြင် ညိုသောအရောင်ရှိသကဲ့သို့ရင်း ဗာရာဏသီတိုင်းပြည်ဖြစ် နှစ်ဖက်ချော အဝတ်သည် ညိုရဲ့ ညိုသောအဆင်း ညိုသောအမြင် ညိုသောအရောင်ရှိသကဲ့သို့ရင်း ဤအတူသာ လျှင် အတွင်းသန္တာန်၌ ရုပ်ဟုအမှတ်မရှိသူတယောက်သည် အပသန္တာန်၌ ညိုရဲ့ ညိုသောအဆင်း ညိုသောအမြင် ညိုသောအရောင်ရှိသော ရူပါရုံတို့ကို မြင်၍ ထိုရူပါရုံတို့ကို နှိပ်စက်လွှမ်းမိုးလျက် သိအံ့ မြင်အံ့ဟု အမှတ်ရှိ၏၊ ဤကား ပဌမ အဘိဘာယတနတည်း။

အတွင်းသန္တာန်၌ ရုပ်ဟု အမှတ်မရှိသူတယောက်သည် အပသန္တာန်၌ ဝါရဲ့ ဝါသောအဆင်း ဝါသောအမြင် ဝါသောအရောင်ရှိကုန်သော ရူပါရုံတို့ကို ဥပမာ မဟာလှေကားပန်းသည် ဝါရဲ့ ဝါသောအဆင်း ဝါသောအမြင် ဝါသောအရောင်ရှိသကဲ့သို့ရင်း ဗာရာဏသီတိုင်းဖြစ် နှစ်ဖက်ချော အဝတ်သည် ဝါရဲ့ ဝါသောအဆင်း ဝါသောအမြင် ဝါသောအရောင်ရှိသကဲ့သို့ရင်း ဤအတူသာလျှင် အတွင်းသန္တာန်၌ ရုပ်ဟု အမှတ်မရှိသူတယောက်သည် အပသန္တာန်၌ ဝါရဲ့ ဝါသောအဆင်း ဝါသောအမြင် ဝါသောအရောင် ရှိကုန်သော ရူပါရုံတို့ကို မြင်၍ ထိုရူပါရုံတို့ကို နှိပ်စက်လွှမ်းမိုးလျက် သိအံ့ မြင်အံ့ဟု အမှတ်ရှိ၏၊ ဤကား ဒုတိယအဘိဘာယတနတည်း။

အတွင်းသန္တာန်၌ ရုပ်ဟုအမှတ်မရှိသူတယောက်သည် အပသန္တာန်၌ နီရဲ့ နီသောအဆင်း နီသောအမြင် နီသောအရောင်ရှိကုန်သောရုပ်တို့ ကို ဥပမာ မိုးစွေပန်း သည် နီသကဲ့သို့ နီသောအဆင်း ရှိသကဲ့သို့ နီသောအမြင်ရှိသကဲ့သို့ နီသောအရောင် ရှိသကဲ့သို့ရင်း ဗာရာဏသီတိုင်းဖြစ် နှစ်ဖက်ချော အဝတ်သည် နီရဲ့ နီသောအဆင်း နီသောအမြင် နီသောအရောင်ရှိသကဲ့သို့ရင်း ဤအတူသာလျှင် အတွင်းသန္တာန်၌ ရုပ်ဟု အမှတ်မရှိသူတယောက်သည် အပသန္တာန်၌ နီရဲ့ နီသောအဆင်း နီသောအမြင် နီသောအရောင်ရှိကုန်သော ရူပါရုံတို့ကို မြင်၍ ထိုရူပါရုံတို့ကို နှိပ်စက်လွှမ်းမိုးလျက် သိအံ့ မြင်အံ့ ဟု အမှတ်ရှိ၏၊ ဤကား တတိယအဘိဘာယတနတည်း။

အတွင်းသန္တာန်၌ ရုပ်ဟု အမှတ်မရှိသူ တယောက်သည် အပသန္တာန်၌ ဖြူရဲ့ ဖြူသောအဆင်း ဖြူသောအမြင် ဖြူသောအရောင် ရှိကုန်သော ရုပ်တို့ကို ဥပမာ သောက်ရှူးကြယ်သည် ဖြူရဲ့ ဖြူသောအဆင်း ဖြူသောအမြင် ဖြူသောအရောင်ရှိသကဲ့သို့ရင်း ဗာရာဏသီတိုင်းဖြစ် နှစ်ဖက်ချော အဝတ်သည် ဖြူရဲ့ ဖြူသောအဆင်း ဖြူသောအမြင် ဖြူသောအရောင်ရှိသကဲ့သို့ရင်း ဤအတူသာလျှင် အတွင်းသန္တာန်၌ ရုပ်ဟု အမှတ်မရှိသူ တယောက်သည် အပသန္တာန်၌ ဖြူရဲ့ ဖြူသောအဆင်း ဖြူသောအမြင် ဖြူသောအရောင်ရှိကုန်သော ရူပါရုံကိုမြင်၍ ထိုရူပါရုံတို့ကို နှိပ်စက်လွှမ်းမိုးလျက် သိအံ့ မြင်အံ့ ဟု အမှတ်ရှိ၏၊ ဤကား စတုတ္ထအဘိဘာယတနတည်း။ ထို(လွှမ်းမိုးကြောင်း) အဘိဘာယတနကို ရှုရာ၌လည်း များစွာသော ငါ၏ တပည့်တို့သည် အဘိညာဉ်၏အဆုံး ကမ်းတဖက်သို့ ရောက်၍ နေကြကုန်၏။

၂၅၀။ ဥဒါယီ တဖန်လည်း ငါသည် တပည့်တို့အား အကျင့်တရားတို့ကို ဟောကြားထား၏၊ ဟောကြားထားသည့်အတိုင်း ကျင့်ကုန်သော ငါ၏တပည့်တို့သည် ဆယ်ပါးသော ကသိုဏ်း အာရုံတို့ကို ပွါးများကုန်၏။ တယောက်သောပုဂ္ဂိုလ်သည် ပထဝီကသိုဏ်းကို အထက်အောက် ဖီလာအရပ်၌ နှစ်မျိုးမရှိ တခုတည်းရှိ၏၊ အတိုင်းအရှည် မရှိဟု ကောင်းစွာသိ၏။ တယောက်သော ပုဂ္ဂိုလ်သည် အာပေါကသိုဏ်းကို။ပ။ ကောင်းစွာ သိ၏။ တယောက်သော ပုဂ္ဂိုလ်သည်

http://www.dhammadownload.com



တေဇောကသိုဏ်းကို။ပ။ ကောင်းစွာ သိ၏။တယောက်သော ပုဂ္ဂိုလ်သည် ဝါယောကသိုဏ်းကို။ပ။ ကောင်းစွာ သိ၏။ တယောက်သော ပုဂ္ဂိုလ်သည် နီလကသိုဏ်းကို။ပ။ ကောင်းစွာ သိ၏။ တယောက်သော ပုဂ္ဂိုလ်သည် ပီတကသိုဏ်းကို။ပ။ကောင်းစွာ သိ၏။တယောက်သော ပုဂ္ဂိုလ်သည် လောဟိတကသိုဏ်းကို။ပ။ကောင်းစွာ သိ၏။တယောက်သောပုဂ္ဂိုလ်သည် ဩဒါတကသိုဏ်းကို။ပ။ ကောင်းစွာ သိ၏။ တယောက်သော ပုဂ္ဂိုလ်သည် အာကာသကသိုဏ်းကို။ပ။ ကောင်းစွာ သိ၏။ တယောက်သော ပုဂ္ဂိုလ်သည် ဝိညာဏကသိုဏ်းကို အထက်အောက် ဖီလာအရပ်၌ နှစ်မျိုးမရှိ တခုတည်းရှိ၏၊ အတိုင်းအရှည်မရှိဟု ကောင်းစွာသိ၏။ ထိုဆယ်ပါးသောကသိုဏ်းကို ပွါးရာ၌လည်း များစွာသော ငါ၏ တပည့်တို့သည် အဘိညာဉ်၏အဆုံး ကမ်းတဖက်သို့ရောက်၍ နေကြကုန်၏။

၂၅၁။ ဥဒါယိ ငါသည် တပည့်တို့အား အကျင့်တရားတို့ကို ဟောကြားထား၏၊ ဟောကြားထားသည့်အတိုင်း ကျင့်ကုန်သော ငါ၏တပည့်တို့သည် လေးပါးသော ဈာန်တို့ကို ပွါးများကုန်၏။ ဥဒါယိ ဤသာသနာတော်၌ ရဟန်းသည် ကာမဂုဏ်တို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်ခြင်း 'ဝိတက်'နှင့်တကွ ဖြစ်သော သုံးသပ်ခြင်း 'ဝိစာရ'နှင့်တကွ ဖြစ်သော (နီဝရဏ) ဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ'ချမ်းသာဖြင်း 'သုခ'ရှိသော ပဌမဈာန်သို့ရောက်၍ နေ၏၊ ထို(ရဟန်း)သည် ဤကိုယ်ကိုပင်လျှင် (နီဝရဏ)ဆိတ်ခြင်းကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ'ချမ်းသာခြင်း 'သုခ'ဖြင့် စိုစွတ်စေ၏၊ အလုံးစုံ စိုစွတ်စေ၏၊ ပြည့်စေ၏၊ ပျံ့နှံ့စေ၏၊ (နီဝရဏ) ဆိတ်ခြင်းကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ဖြင့် ထိုရဟန်း၏ တကိုယ်လုံး မပျံ့နှံ့သောနေရာ အနည်းငယ်မျှ မရှိ။ ဥဒါယိ ဥပမာသော်ကား ကျွမ်းကျင်သော ရေချိုးပေးသူသည်၎င်း ရေချိုးပေးသူ၏တပည့်သည်၎င်း ကြေးခွက်၌ ရေချိုးကသယ်မှုန့်တို့ကို ဖြူးပြီးလျှင် ရေဖြင့် ဖျန်းလျက် ဖျန်းလျက် အခဲပြုရာ၏၊ ထိုရေချိုးကသယ်မှုန့်ခဲသည် အစေးဖြင့် စိမ့်ဝင်လျက်ရှိရာ၏၊ အစေးဖြင့် ဖွဲ့စည်းလျက်ရှိရာ၏၊ အတွင်းအပြင်၌ အစေးဖြင့် နှံ့လျက်ရှိရာ၏၊ ရေကျခြင်းလည်း မရှိရာ။ ဥဒါယိ ဤအတူ ရဟန်းသည် ဤကိုယ်ကိုသာလျှင် (နီဝရဏ)ဆိတ်ခြင်းကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ'ချမ်းသာခြင်း 'သုခ'ဖြင့် စိုစွတ်စေ၏၊ အလုံးစုံ စိုစွတ်စေ၏၊ ပြည့်စေ၏၊ ပျံ့နှံ့စေ၏၊ (နီဝရဏ)ဆိတ်ခြင်းကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း'သုခ'ဖြင့် ထိုရဟန်း၏ တကိုယ်လုံး၌ မပျံ့နှံ့သော နေရာ အနည်းငယ်မျှ မရှိ။

ဥဒါယိ တဖန်လည်း ရဟန်းသည် ကြံစည်ခြင်း 'ဝိတက်'သုံးသပ်ခြင်း 'ဝိစာရ' တို့၏ ချုပ်ခြင်းကြောင့် မိမိကိုယ်၌ စိတ်ကို ကြည်သင်စေတတ်သော စိတ်၏ တည်ကြည်ခြင်း 'သမာဓိ'ကို ပွါးများစေတတ်သော ကြံစည်ခြင်း 'ဝိတက်'မရှိသော သုံးသပ်ခြင်း 'ဝိစာရ' မရှိသော တည်ကြည်ခြင်း 'သမာဓိ'ကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ'ချမ်းသာခြင်း'သုခ'ရှိသော ဒုတိယဈာန်သို့ ရောက်၍ နေ၏။ ထိုရဟန်းသည် ဤကိုယ်ကိုပင်လျှင် တည်ကြည်ခြင်း 'သမာဓိ'ကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ'ဖြင့် စိုစွတ်စေ၏၊ အလုံးစုံ စိုစွတ်စေ၏၊ ပြည့်စေ၏၊ ပျံ့နှံ့စေ၏၊ တည်ကြည်ခြင်း'သမာဓိ'ကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း'ပီတိ' ချမ်းသာခြင်း'သုခ'ဖြင့် ထိုရဟန်း၏ တကိုယ်လုံး မပျံ့နှံ့သောနေရာ အနည်းငယ်မျှ မရှိ။ ဥဒါယိ ဥပမာသော်ကား နက်စွာသော စိမ့်ရေရှိသော ရေအိုင်သည် ရှိရာ၏၊ ထိုရေအိုင်၏ အရှေ့အရပ်၌လည်း ရေဝင်ပေါက် မရှိရာ၊ အနောက်အရပ်၌လည်း ရေဝင်ပေါက် မရှိရာ၊ မြောက်အရပ်၌လည်း ရေဝင်ပေါက် မရှိရာ၊ တောင်အရပ်၌လည်း ရေဝင်ပေါက် မရှိရာ၊ မိုးသည်လည်း အချိန်မှန် သည်းထန်စွာ ရွာသွန်းခြင်း မရှိရာ၊ သို့သော်လည်း ထိုရေအိုင်မှ အေးမြသော ရေအယဉ်သည် စိမ့်ထွက်၍ ထိုရေအိုင်ကို

http://www.dhammadownload.com



ပင်လျှင် အေးမြသောရေဖြင့် စိုစွတ်စေရာ၏၊ အလုံးစုံ စိုစွတ်စေရာ၏၊ ပြည့်စေရာ၏၊ ပျံ့နှံ့စေရာ၏၊ အေးမြသောရေဖြင့် ထိုရေအိုင်တခုလုံး၌ မပျံ့နှံ့သော နေရာ အနည်းငယ်မျှ မရှိရာ။ ဥဒါယီ ဤအတူ ရဟန်းသည် ဤကိုယ်ကိုပင်လျှင် တည်ကြည်ခြင်း 'သမာဓိ'ကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ဖြင့် စိုစွတ်စေ၏၊ အလုံးစုံ စိုစွတ်စေ၏၊ ပြည့်စေ၏၊ ပျံ့နှံ့စေ၏၊ တည်ကြည်ခြင်း 'သမာဓိ' ကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ'ဖြင့် ထိုရဟန်း၏ တကိုယ်လုံး မပျံ့နှံ့သောနေရာအနည်း ငယ်မျှ မရှိ။

ဥဒါယီ တဖန်လည်း ရဟန်းသည် နှစ်သိမ့်ခြင်း 'ပီတိ'ကိုလည်း မတပ်မက်ခြင်းကြောင့် သာလျှင် သတိသမ္ပဇဉ်နှင့် ပြည့်စုံသည် ဖြစ်၍ လျစ်လျူရှုလျက်နေ၏၊ချမ်းသာခြင်း 'သုခ'ကိုလည်း ကိုယ်ဖြင့် ခံစား၏၊အကြင် တတိယစျာန်ကြောင့် ထိုသူ့ကို "လျစ်လျူရှုသူ သတိရှိသူ ချမ်းသာစွာ နေလေ့ရှိသူ" ဟု အရိယာပုဂ္ဂိုလ်တို့သည် ပြောကြားကုန်၏၊ ရဟန်းသည် ထိုတတိယစျာန်သို့ ရောက်၍နေ၏၊ ထို ရဟန်းသည် ဤကိုယ်ကိုသာလျှင် နှစ်သိမ့်ခြင်း'ပီတိ'ကင်းသော ချမ်းသာခြင်း 'သုခ' ဖြင့် စိုစွတ်စေ၏၊ အလုံးစုံ စိုစွတ်စေ၏၊ ပြည့်စေ၏၊ ပျံ့နှံ့စေ၏၊ နှစ်သိမ့်ခြင်း 'ပီတိ'မရှိသော ချမ်းသာခြင်း 'သုခ'ဖြင့် ထိုရဟန်း၏ တကိုယ်လုံး မပျံ့နှံ့သော နေရာ အနည်းငယ်မျှ မရှိ။ ဥဒါယီ ဥပမာသော်ကား ဥပ္ပလကြာ[၁] တော၌၎င်း ပဒုမ္မာကြာတော၌၎င်း ပုဏ္ဍရိက်ကြာတော၌၎င်း၊ဥပ္ပလကြာ အချို့တို့သည်၎င်း ပဒုမ္မာကြာ အချို့တို့သည်၎င်း ပုဏ္ဍရိက်ကြာအချို့တို့သည်၎င်း ရေ၌ ပေါက်ကုန်၏၊ ရေ၌ ကြီးပွါးကုန်၏၊ ရေမှ မပေါ်ထွက်သေးကုန်၊ ရေတည်း၌ မြုပ်၍ ဖွံ့ဖြိုးကုန်၏၊ ထိုကြာတို့သည် အဖျား အရင်း တိုင်အောင် အေးမြသောရေဖြင့် စိုစွတ်ကုန်၏၊ အလုံးစုံ စိုစွတ်ကုန်၏၊ ပြည့်ကုန်၏၊ ပျံ့နှံ့ကုန်၏၊ ထို ဥပ္ပလကြာ ပဒုမ္မာကြာ ပုဏ္ဍရိက်ကြာ အလုံးစုံ၌ အေးမြသောရေဖြင့် မပျံ့နှံ့သောနေရာ အနည်းငယ်မျှ မရှိရာ။ ဥဒါယီ ဤအတူ ရဟန်းသည် ဤကိုယ်ကိုပင်လျှင် နှစ်သိမ့်ခြင်း'ပီတိ' မရှိသော ချမ်းသာခြင်း 'သုခ'ဖြင့် စိုစွတ်စေ၏၊ အလုံးစုံ စိုစွတ်စေ၏၊ ပြည့်စေ၏၊ ပျံ့နှံ့စေ၏၊ နှစ်သိမ့်ခြင်း 'ပီတိ'မရှိသော ချမ်းသာခြင်း 'သုခ' ဖြင့် ထိုရဟန်း၏ တကိုယ်လုံး မပျံ့နှံ့သော နေရာ အနည်းငယ်မျှ မရှိ။

ဥဒါယီ တဖန်လည်း ရဟန်းသည် ချမ်းသာဆင်းရဲကို ပယ်ခြင်းကြောင့်၎င်း ရှေးဦးကပင် ဝမ်းသာခြင်း နှလုံးမသာခြင်းတို့၏ ချုပ်နှင့်ခြင်းကြောင့်၎င်း ဆင်းရဲချမ်းသာ မရှိသော လျစ်လျူရှုမှု 'ဥပေက္ခာ'ကြောင့် ဖြစ်သည့် သတိ၏ ဖင်ကြယ်ခြင်း ရှိသော စတုတ္ထစျာန်သို့ ရောက်၍နေ၏၊ ထိုရဟန်းသည် ဤကိုယ်ကိုပင်လျှင် သန့်ရှင်း ဖြူစင်သောစိတ်ဖြင့် ပျံ့နှံ့စေ၍နေ၏၊ ထိုရဟန်း၏ တကိုယ်လုံး သန့်ရှင်း ဖြူစင်သော စိတ်ဖြင့်မပျံ့နှံ့သောနေရာ အနည်းငယ်မျှ မရှိ။ ဥဒါယီ ဥပမာသော်ကား ယောကျာ်းသည် ဖြူသော အဝတ်ဖြင့် ဦးခေါင်းနှင့် တကွ(တကိုယ်လုံး)ခြုံ၍ ထိုင်နေသည် ရှိသော် ထိုယောကျာ်း၏ တကိုယ်လုံး၌ ဖြူသော အဝတ်ဖြင့် မပျံ့နှံ့သောနေရာ အနည်းငယ်မျှ မရှိရာ။ဥဒါယီ ဤအတူ ရဟန်းသည် ဤကိုယ်ကိုပင်လျှင် သန့်ရှင်းဖြူစင်သော စိတ်ဖြင့် ပျံ့နှံ့စေ၍ နေ၏၊ ထိုရဟန်း၏ တကိုယ်လုံး၌ သန့်ရှင်းဖြူစင်သော စိတ်ဖြင့် မပျံ့နှံ့သော နေရာအနည်းငယ်မျှ မရှိ။ ထိုစျာန်လေးပါးကို ပွါးများရာ၌လည်း များစွာသော ငါ၏ တပည့်တို့သည် အဘိညာဉ်၏ အဆုံး ကမ်းတဖက်သို့ ရောက်၍ နေကြကုန်၏။

---

၁-ဥပ္ပလ ကြာဖြူ ကြာနီ ကြာညို။

http://www.dhammadownload.com



၂၅၂။ ဥဒါယိ တဖန်လည်း ငါသည် တပည့်တို့အား အကျင့် တရားတို့ကို ဟောကြားထား၏၊ ဟောကြားထားသည့်အတိုင်း ကျင့်ကြကုန်သော ငါ၏ တပည့်တို့သည် ဤသို့ သိကုန်၏—"ငါ၏ ဤကိုယ်ကား ရုပ်ရှိ၏၊ မဟာဘုတ်လေးပါး အစုအဝေးဖြစ်၏၊ မိဖတို့မှ ပေါက်ဖွား၏၊ ထမင်း မုန့်တို့ဖြင့် ကြီးပွား၏၊ မမြဲခြင်း ပွတ်သပ်ပေးရခြင်း [၁] ဆုပ်နယ်ပေးရခြင်း ပြိုကွဲခြင်း ပျက်စီးခြင်း သဘောရှိ၏၊ ငါ၏ ဤဝိညာဉ်သည်လည်း ဤ(ကိုယ်)၌ မှီတွယ်၏၊ ဤ(ကိုယ်)၌ ဆက်စပ်၏ဟု (သိကြကုန်၏)။ ဥဒါယိ ဥပမာသော်ကား အလွန်တောက်ပသော အမျိုးမှန်သော ရှစ်မြှောင့်ရှိသော ကောင်းစွာ ပွတ်ပြင်ပြီးဖြစ်သော အရည်ကောင်းသော အထူးကြည်လင်သော နောက်ကျုကင်းသော (သွေးခြင်း ဖောက်ခြင်းစသော) အခြင်းအရာ အားလုံးနှင့် ပြည့်စုံသော ဝေဠုရိယ ကျောက်မျက်ရွဲ ရတနာသည် ရှိရာ၏၊ ထို (ဝေဠုရိယ ကျောက်မျက်ရွဲ ရတနာ)၌ ညိုသောချည်ကိုသော်၎င်း ဝါသော ချည်ကိုသော်၎င်း နီသောချည်ကိုသော်၎င်း ဖြူသော ချည်ကိုသော်၎င်း ဝါဖြော့သော ချည်ကိုသော်၎င်း တပ်ထားရာ၏၊ ထို (ဝေဠုရိယကျောက် မျက်ရွဲရတနာ)ကို မျက်စိအမြင်ရှိသော ယောကျ်ားသည် လက်၌တင်ထား၍—ဤ ဝေဠုရိယ ကျောက်မျက်ရွဲရတနာသည် အလွန်တောက်ပ၏၊ အမျိုးမှန်၏၊ ရှစ်မြှောင့်ရှိ၏၊ ကောင်းစွာ ပွတ်ပြင်ပြီး ဖြစ်၏၊ အရည်ကောင်း၏၊ အထူးကြည်လင်၏၊ နောက်ကျုကင်း၏၊ (သွေးခြင်း ဖောက်ခြင်းစသော) အခြင်းအရာ အားလုံးနှင့်ပြည့်စုံ၏၊ ထို(ဝေဠုရိယကျောက်မျက်ရွဲရတနာ)၌ ဤညိုသော ချည်ကို တပ်ထား၏ဟူ၍သော်၎င်း ဤဝါသော ချည်ကို တပ်ထား၏ ဟူ၍သော်၎င်း ဤနီသော ချည်ကို တပ်ထား၏ ဟူ၍သော်၎င်း ဤဖြူသော ချည်ကို တပ်ထား၏ ဟူ၍သော်၎င်း ဤဝါဖြော့သော ချည်ကို တပ်ထား၏ ဟူ၍သော်၎င်း ဆင်ခြင်ရာ၏။ ဥဒါယိ ဤအတူသာလျှင် ငါသည် တပည့် တို့အား အကျင့်တရားကို ဟောကြားထား၏၊ ဟောကြားသည့်အတိုင်း ကျင့်ကြကုန်သော ငါ၏ တပည့်တို့သည် ဤသို့ အပြားအားဖြင့် သိကြကုန်၏— "ငါ၏ ဤကိုယ်ကား ရုပ်ရှိ၏၊ မဟာဘုတ် လေးပါး အစုအဝေး ဖြစ်၏၊ မိဖတို့မှ ပေါက်ဖွား၏၊ ထမင်း မုန့်တို့ဖြင့် ကြီးပွား၏၊ မမြဲခြင်း ပွတ်သပ် ပေးရခြင်း ဆုပ်နယ်ပေးရခြင်း ပြိုကွဲခြင်း ပျက်စီးခြင်းသဘောရှိ၏၊ ငါ၏ ဤဝိညာဉ်သည်လည်း ဤ(ကိုယ်)၌ မှီတွယ်၏၊ ဤ(ကိုယ်)၌ ဆက်စပ်၏ဟု သိကုန်၏၊ ထိုသို့သိရာ၌လည်း များစွာသော ငါ၏ တပည့်တို့သည် အဘိညာဉ်၏အဆုံး ကမ်းတဖက်သို့ ရောက်၍နေကြကုန်၏။

၂၅၃။ ဥဒါယိ တဖန်လည်း ငါသည် တပည့်တို့အား အကျင့်တရားတို့ကို ဟောကြားထား၏၊ ဟောကြားထားသည့်အတိုင်း ကျင့်ကုန်သော ငါ၏ တပည့်တို့သည် ဤ(မိမိ)ကိုယ်မှ တပါးသော ရုပ်ရှိသော စိတ်ဖြင့်ပြီးသော အင်္ဂါကြီးငယ်အလုံးစုံရှိသော ဣန္ဒြေမချို့တဲ့သော ကိုယ်ကို ဖန်ဆင်း ကုန်၏။ ဥဒါယိ ဥပမာသော်ကား ယောကျ်ားသည် ဖြူဆံမြက်မှ အညွန့်တံကို နုတ်ရာ၏၊ ထိုယောကျ်ားအား—"ဤကား ဖြူဆံမြက်တည်း၊ ဤကား အညွန့်တံတည်း၊ ဖြူဆံမြက်ကား တခြား၊ အညွန့်တံကား တခြားတည်း၊ ဖြူဆံမြက်မှသာလျှင် အညွန့်တံကို နုတ်ထား၏"ဟု အကြံဖြစ်ရာ၏။ ဥဒါယိ ဥပမာတမျိုးသော်ကား ယောကျ်ားသည် သန်လျက်ကို အအိမ်မှ ထုတ်ရာ၏၊ ထို (ယောကျ်ား)အား "ဤကား သန်လျက်တည်း၊ ဤကား အအိမ်တည်း၊ သန်လျက်ကား တခြား၊ အအိမ်ကား တခြားတည်း၊ အအိမ်မှသာလျှင် သန်လျက်ကို ထုတ်ထား၏"ဟု အကြံဖြစ်ရာ၏။ ဥဒါယိ ဥပမာ တမျိုးသော်ကား ယောကျ်ားသည် အရေခွံမှ မြွေကို ထုတ်ရာ၏၊ ထို(ယောကျ်ား)အား— "ဤကား မြွေတည်း၊ ဤကား အရေတည်း၊ မြွေကား တခြား၊ အရေကား တခြားတည်း၊

---

၁-သူငယ်နှံ့ပျောက်စေခြင်းငှါ ငယ်စဉ်က နှံ့သာဖြင့် ပွတ်သပ်ပေးရခြင်းကို ဆိုလိုသည်။

http://www.dhammadownload.com



အခရခ္ခံမှသာလျှင် မြေကို ထုတ်ထား၏”ဟု အကြံဖြစ်ရာ၏။ ဥဒါယိ ဤဥပမာအတူပင်လျှင် ငါသည် တပည့်တို့အား အကျင့်တရားတို့ကို ဟောကြားထား၏၊ ဟောကြားထားသည့်အတိုင်း ကျင့်ကုန်သော ငါ၏တပည့်တို့သည် ဤ(မိမိ)ကိုယ်မှတပါးသော ရုပ်ရှိသော စိတ်ဖြင့်ပြီးသော အင်္ဂါကြီးငယ် အလုံးစုံရှိသော ဣန္ဒြေမချို့တဲ့သော ကိုယ်ကို ဖန်ဆင်းကုန်၏။ ထိုသို့ ဖန်ဆင်းရာ၌လည်း များစွာသော ငါ၏တပည့်တို့သည် အဘိညာဉ်၏အဆုံး ကမ်းတဖက်သို့ ရောက်၍ နေကြကုန်၏။

၂၅၄။ ဥဒါယိ တဖန်လည်း ငါသည် တပည့်တို့အား အကျင့်တရားတို့ကို ဟောကြားထား၏၊ ဟောကြားထားသည့်အတိုင်း ကျင့်ကုန်သော ငါ၏တပည့်တို့သည် များပြားသော တန်ခိုး ဖန်ဆင်းခြင်းကို ပြီးစေကုန်၏။ တယောက်တည်း ဖြစ်လျက်လည်း အများဖြစ်သွားကုန်၏၊ အများ ဖြစ်လျက်လည်း တယောက်တည်း ဖြစ်လာ၏၊ ကိုယ်ကို ထင်ရှားဖြစ်စေ၏၊ ကိုယ်ကို ပျောက်ကွယ်စေ၏၊ နံရံတဖက် တံတိုင်းတဖက် တောင်တဖက်သို့ မထိမငြိပဲ ကောင်းကင်၌ကဲ့သို့ သွားကုန်၏၊ မြေ၌လည်း ငုပ်ခြင်း ပေါ်ခြင်းကို ရေ၌ကဲ့သို့ပြုလုပ်ကုန်၏၊ ရေ၌လည်း မကွဲစေပဲ မြေ၌ကဲ့သို့ သွားကုန်၏၊ ကောင်းကင်၌လည်း ထက်ဝယ်ဖွဲ့ခွေလျက် အတောင်ရှိသော ငှက်ကဲ့သို့ သွားကုန်၏၊ ဤသို့ တန်ခိုးကြီးကုန်သော ဤသို့ အာနုဘော်ကြီးကုန်သော ဤ လ နေ တို့ကိုလည်း လက်ဖြင့် သုံးသပ်ကုန်၏၊ ဆုပ်ကိုင်ကုန်၏၊ ဗြဟ္မာ့ပြည်တိုင်အောင်လည်း ကိုယ်ကို (မိမိ)အလိုအတိုင်း ဖြစ်စေကုန်၏။ ဥဒါယိ ဥပမာသော်ကား ကျွမ်းကျင်သော အိုးထိန်းသည်သည်၎င်း အိုးထိန်းသည်၏တပည့်သည်၎င်း မြေကို ညက်စွာနယ်ပြီးသော် အလိုရှိရာ အိုးခွက်အမျိုးမျိုးကို ပြုလုပ်ရာ၏၊ ပြီးစေရာ၏၊ ဥဒါယိ ဥပမာတမျိုးသော်ကား ကျွမ်းကျင်သော ဆင်စွယ်ပန်းပုသည်သည်၎င်း ဆင်စွယ်ပန်းပုသည်၏ တပည့်သည်၎င်း ဆင်စွယ်ကို ကောင်းစွာပြုပြင်ပြီးသော် အလိုရှိရာ ဆင်စွယ်ထည်ကို ပြုလုပ်ရာ၏၊ ပြီးစေရာ၏။

ဥဒါယိ ဥပမာတမျိုးသော်ကား ကျွမ်းကျင်သော ရွှေပန်းထိမ်သည်သည်၎င်း ရွှေပန်းထိမ်၏ တပည့်သည်၎င်း ရွှေကို ကောင်းစွာပြုပြင်ပြီးသော် အလိုရှိရာရွှေထည်ကို ပြုလုပ်ရာ၏၊ပြီးစေရာ၏။ ဥဒါယိ ဤဥပမာအတူပင်လျှင် ငါသည် တပည့်တို့အား အကျင့်တရားကို ဟောကြားထား၏၊ ဟောကြားထားသည့်အတိုင်း ကျင့်ကုန်သော ငါ၏ တပည့်တို့သည် များပြားသော တန်ခိုး ဖန်ဆင်းခြင်းကို ပြီးစေကုန်၏၊ တယောက်တည်း ဖြစ်လျက်လည်း အများဖြစ်သွားကုန်၏၊ အများ ဖြစ်လျက်လည်း တယောက်တည်း ဖြစ်လာ၏၊ ကိုယ်ကို ထင်ရှားဖြစ်စေကုန်၏၊ ကိုယ်ပျောက်စေကုန်၏၊ နံရံတဖက် တံတိုင်းတဖက် တောင်တဖက်သို့ မထိမငြိပဲ ကောင်းကင်၌ကဲ့သို့ သွားကုန်၏၊ မြေ၌လည်း ငုပ်ခြင်း ပေါ်ခြင်းကို ရေ၌ကဲ့သို့ ပြုကုန်၏၊ ရေ၌လည်း မကွဲစေပဲ မြေ၌ကဲ့သို့ သွားကုန်၏၊ ကောင်းကင်၌လည်း ထက်ဝယ်ဖွဲ့ခွေလျက် အတောင်ရှိသောငှက်ကဲ့သို့ သွားကုန်၏၊ ဤသို့ကြီးသော တန်ခိုးရှိကုန်သော ဤသို့ကြီးသော အာနုဘော်ရှိကုန်သော ဤ လနေတို့ကိုလည်း လက်ဖြင့် သုံးသပ်ကုန်၏၊ ဆုပ်ကိုင်ကုန်၏၊ ဗြဟ္မာ့ပြည်တိုင်အောင်လည်း ကိုယ်ကို (မိမိ)အလိုအတိုင်း ဖြစ်စေကုန်၏။ ထိုတန်ခိုး ဖန်ဆင်းရာ၌လည်း များစွာသော ငါ၏ တပည့်တို့သည် အဘိညာဉ်၏အဆုံး ကမ်းတဖက်သို့ ရောက်၍ နေကြကုန်၏။

၂၅၅။ ဥဒါယိ တဖန်လည်း ငါသည် တပည့်တို့အား အကျင့်တရားတို့ကို ဟောကြားထား၏၊ ဟောကြားထားသည့်အတိုင်း ကျင့်ကုန်သော ငါ၏ တပည့်တို့သည် အထူးသဖြင့် စင်ကြယ်သော လူတို့၏ နားထက် သာလွန်သော နတ်ဘို့၏ နားနှင့် တူသော ဒိဗ္ဗသောတဉာဏ်ဖြင့် နတ်၌လည်း ဖြစ်ကုန်သော လူ၌လည်း ဖြစ်ကုန်သော ဝေးသည်လည်း ဖြစ်ကုန် နီးသည်လည်း ဖြစ်ကုန်သော

http://www.dhammadownload.com



နှစ်မျိုးသော အသံကို ကြားကုန်၏။ ဥဒါယိ ဥပမာအားဖြင့် အားရှိသော ခရုသင်းမှုတ်သမားသည် အနည်းငယ်သော ကြောင့်ကြစိုက်ခြင်းဖြင့် အရပ်လေးမျက်နှာတို့ကို သိစေနိုင်ရာသကဲ့သို့ ဥဒါယိ ဤအတူပင်လျှင် ငါသည် တပည့်တို့အား အကျင့်တရားတို့ကို ဟောကြားထား၏၊ ဟောကြားထားသည့်အတိုင်း ကျင့်ကုန်သော ငါ၏တပည့်တို့သည် အထူးသဖြင့် စင်ကြယ်သော လူတို့၏ နားထက် သာလွန်သော နတ်တို့၏ နားနှင့်တူသော 'ဒိဗ္ဗသောတ'ဉာဏ်ဖြင့် နတ်၌လည်း ဖြစ်ကုန်သော လူ၌လည်း ဖြစ်ကုန်သော ဝေးသည်လည်း ဖြစ်ကုန်သော နီးသည်လည်း ဖြစ်ကုန်သော နှစ်မျိုးသော အသံတို့ကို ကြားကုန်၏။ ထိုဒိဗ္ဗသောတ အဘိညာဉ်၌လည်း များစွာသော ငါ၏ တပည့်တို့သည် အဘိညာဉ်၏အဆုံး ကမ်းတဖက်သို့ ရောက်၍ နေကြကုန်၏။

၂၃၆။ ဥဒါယိ တဖန်လည်း ငါသည် တပည့်တို့အား အကျင့်တရားတို့ကို ဟောကြားထား၏၊ ဟောကြားထားသည့်အတိုင်း ကျင့်ကုန်သော ငါ၏တပည့်တို့သည် တပါးသောသတ္တဝါ တပါးသော ပုဂ္ဂိုလ်တို့၏ စိတ်ကို (မိမိ)စိတ်ဖြင့် ပိုင်းခြား၍ သိကုန်၏၊ စွဲမက်ခြင်း 'ရာဂ'နှင့်တကွသော စိတ်ကိုလည်း စွဲမက်ခြင်း 'ရာဂ'နှင့်တကွသော စိတ်ဟု သိကုန်၏၊ စွဲမက်ခြင်း 'ရာဂ'ကင်းသော စိတ်ကိုလည်း စွဲမက်ခြင်း 'ရာဂ' ကင်းသော စိတ်ဟု သိကုန်၏၊ အမျက်ထွက်ခြင်း 'ဒေါသ'နှင့်တကွသော စိတ်ကိုလည်း အမျက်ထွက်ခြင်း 'ဒေါသ'နှင့်တကွသော စိတ်ဟု သိကုန်၏၊ အမျက်ထွက်ခြင်း 'ဒေါသ' ကင်းသော စိတ်ကိုလည်း အမျက်ထွက်ခြင်း 'ဒေါသ' ကင်းသော စိတ်ဟု သိကုန်၏၊ တွေဝေခြင်း 'မောဟ'နှင့် တကွသော စိတ်ကိုလည်း တွေဝေခြင်း 'မောဟ'နှင့် တကွသော စိတ်ဟု သိကုန်၏၊ တွေဝေခြင်း 'မောဟ' ကင်းသော စိတ်ကိုလည်း တွေဝေခြင်း[၁] 'မောဟ' ကင်းသောစိတ်ဟု သိကုန်၏၊ ကျုံ့သောစိတ်ကိုလည်း ကျုံ့သောစိတ်ဟု သိကုန်၏၊ ပျံ့သောစိတ်ကိုလည်း ပျံ့သောစိတ်ဟု သိကုန်၏၊ မြတ်သည်၏အဖြစ်သို့ရောက်သော 'မဟဂ္ဂုတ်'စိတ်ကိုလည်း မြတ်သည်၏အဖြစ်သို့ ရောက်သော 'မဟဂ္ဂုတ်'စိတ်ဟု သိကုန်၏၊ မြတ်သည်၏အဖြစ်သို့ မရောက်သော စိတ်ကိုလည်း မြတ်သည်၏အဖြစ်သို့ မရောက်သောစိတ်ဟု သိကုန်၏၊ သာလွန်သော တရားရှိသော စိတ်ကိုလည်း သာလွန်သော တရားရှိသော စိတ်ဟု သိကုန်၏၊ သာလွန်သော တရားမရှိသော စိတ်ကိုလည်း သာလွန်သော တရားမရှိသော စိတ်ဟု သိကုန်၏၊ တည်ကြည်သော စိတ်ကိုလည်း တည်ကြည်သောစိတ်ဟု သိကုန်၏၊ မတည်ကြည်သော စိတ်ကိုလည်း မတည်ကြည်သော စိတ်ဟု သိကုန်၏၊ လွတ်မြောက်သော စိတ်ကိုလည်း လွတ်မြောက်သော စိတ်ဟု သိကုန်၏၊ မလွတ်မြောက်သော စိတ်ကိုလည်း မလွတ်မြောက်သော စိတ်ဟု သိကုန်၏။

ဥဒါယိ ဥပမာသော်ကား ငယ်မှုယ်သော အလှပြင်လေ့ရှိသော မိန်းမပျိုသည်ငှင်း ယောကျ်ားပျိုသည်ငှင်း သန့်ရှင်းဖြူစင်သော မှန်၌ဖြစ်စေ ကြည်လင်သောရေခွက်၌ဖြစ်စေ မိမိမျက်နှာရိပ်ကို ကြည့်ရှုလတ်သော် (မှည့်စသော) အပြောက်အစွန်းရှိသည်ကို (မှည့်စသော)အပြောက်အစွန်း ရှိ၏ဟု သိရာ၏၊(မှည့်စသော)အပြောက်အစွန်းမရှိသည်ကို (မှည့်စသော)အပြောက်အစွန်းမရှိဟု သိရာ၏။ ဥဒါယိ ဤအတူသာလျှင် ငါသည် တပည့်တို့အား အကျင့်တရားတို့ကို ဟောကြားထား၏၊ ဟောကြားထားသည့်အတိုင်း ကျင့်ကုန်သော ငါ၏ တပည့်တို့သည် တပါးသောသတ္တဝါ တပါးသော ပုဂ္ဂိုလ်တို့၏ စိတ်ကို(မိမိ)စိတ်ဖြင့် ပိုင်းခြား၍ သိကုန်၏။ စွဲမက်ခြင်း'ရာဂ'နှင့် တကွသော

---

၁-တွေဝေခြင်း မောဟဟူသည်-သစ္စာလေးပါးအရာ၌ အမှန်ကို မသိခြင်း အမှားကို သိခြင်းတည်း။

http://www.dhammadownload.com



စိတ်ကိုလည်း စွဲမက်ခြင်း 'ရာဂ'နှင့် တကွသော စိတ်ဟု သိကုန်၏၊ စွဲမက်ခြင်း 'ရာဂ'ကင်းသော စိတ်ကိုလည်း စွဲမက်ခြင်း'ရာဂ'ကင်းသော စိတ်ဟု သိကုန်၏။ပ။ အမျက်ထွက်ခြင်း 'ဒေါသ'နှင့် တကွသော စိတ်ကိုလည်း အမျက်ထွက်ခြင်း 'ဒေါသ'နှင့်တကွသော စိတ်ဟု သိကုန်၏၊ အမျက်ထွက်ခြင်း'ဒေါသ'ကင်းသော စိတ်ကိုလည်း အမျက်ထွက်ခြင်း'ဒေါသ'ကင်းသောစိတ်ဟု သိကုန်၏၊ တွေဝေခြင်း 'မောဟ' နှင့်တကွသော စိတ်ကိုလည်း တွေဝေခြင်း'မောဟ'နှင့်တကွသော စိတ်ဟု သိကုန်၏၊ တွေဝေခြင်း 'မောဟ'ကင်းသော စိတ်ကိုလည်း တွေဝေခြင်း 'မောဟ' ကင်းသော စိတ်ဟု သိကုန်၏၊ ကျုံ့သော စိတ်ကိုလည်း ကျုံ့သော စိတ်ဟု သိကုန်၏၊ ပျံ့သော စိတ်ကိုလည်း ပျံ့သောစိတ်ဟု သိကုန်၏၊မြတ်သည်၏အဖြစ်သို့ ရောက်သော'မဟဂ္ဂုတ်'စိတ်ကိုလည်း မြတ်သည်၏ အဖြစ်သို့ ရောက်သော 'မဟဂ္ဂုတ်'စိတ်ဟု သိကုန်၏၊ မြတ်သည်၏ အဖြစ်သို့ မရောက်သော စိတ်ကိုလည်း မြတ်သည်၏ အဖြစ်သို့ မရောက်သော စိတ်ဟု သိကုန်၏၊ သာလွန်သော တရားရှိသော စိတ်ကိုလည်း သာလွန်သော တရားရှိသော စိတ်ဟုသိကုန်၏၊ သာလွန်သော တရားမရှိသော စိတ်ကိုလည်း သာလွန်သော တရားမရှိသော စိတ်ဟု သိကုန်၏၊ တည်ကြည်သော စိတ်ကိုလည်း တည်ကြည်သော စိတ်ဟု သိကုန်၏၊မတည်ကြည်သော စိတ်ကိုလည်း မတည်ကြည်သော စိတ်ဟု သိကုန်၏၊ လွတ်မြောက်သော စိတ်ကိုလည်း လွတ်မြောက်သော စိတ်ဟု သိကုန်၏၊ မလွတ်မြောက်သော စိတ်ကိုလည်း မလွတ်မြောက်သောစိတ်ဟု သိကုန်၏။ထိုပရစိတ္တဝိဇာနနအဘိညာဉ်၌လည်း များစွာသော ငါ၏ တပည့်တို့သည် အဘိညာဉ်၏အဆုံး ကမ်းတဖက်သို့ ရောက်၍ နေကြကုန်၏။

၂၅၇။ ဥဒါယိ တဖန်လည်း ငါသည် တပည့်တို့အား အကျင့်တရားတို့ကို ဟောကြားထား၏၊ ဟောကြားထားသည့်အတိုင်း ကျင့်ကုန်သော ငါ၏တပည့်တို့သည် များပြားသော ရှေး၌ဖြစ်ဘူးသော ခန္ဓာအစဉ်ကို အောက်မေ့နိုင်ကုန်၏။ ဤသည်ကား အဘယ်နည်း။တဘဝကိုရင်း နှစ်ဘဝတို့ကိုရင်း သုံးဘဝတို့ကိုရင်း လေးဘဝတို့ကိုရင်း ငါးဘဝတို့ကိုရင်း ဆယ်ဘဝတို့ကိုရင်း ဘဝနှစ်ဆယ်တို့ကိုရင်း ဘဝသုံးဆယ်တို့ကိုရင်း ဘဝလေးဆယ်တို့ကိုရင်း ဘဝငါးဆယ်တို့ကိုရင်း ဘဝတရာကိုရင်း ဘဝတထောင်ကိုရင်း ဘဝတသိန်းကိုရင်း များပြားသော ပျက်ကပ်တို့ကိုရင်း များပြားသော ဖြစ်ကပ်တို့ကိုရင်း များပြားသော ပျက်ကပ် ဖြစ်ကပ်တို့ကိုရင်း"ဤမည်သော ဘဝ၌ (ငါသည်) ဤသို့သော အမည်ရှိခဲ့၏၊ ဤသို့သော အနွယ်ရှိခဲ့၏၊ ဤသို့သော အဆင်းရှိခဲ့၏၊ ဤသို့သော အစာရှိခဲ့၏၊ ဤသို့သော ချမ်းသာဆင်းရဲကို ခံစားခဲ့၏၊ ဤသို့သော အသက်အပိုင်းအခြားရှိခဲ့၏၊ ထို(ငါ)သည် ထိုဘဝမှ သေခဲ့၍ ဤမည်သော ဘဝ၌ ဖြစ်ပြန်၏၊ ထိုဘဝ၌လည်း ဤသို့သော အမည်ရှိခဲ့၏၊ ဤသို့သော အနွယ်ရှိခဲ့၏၊ ဤသို့သော အဆင်းရှိခဲ့၏၊ ဤသို့သော အစာရှိခဲ့၏၊ ဤသို့သော ချမ်းသာဆင်းရဲကို ခံစားခဲ့၏၊ ဤသို့သော အသက်အပိုင်းအခြားရှိခဲ့၏၊ ထို(ငါ)သည် ထိုဘဝမှ သေခဲ့၍ ဤဘဝ၌ ဖြစ်ပြန်၏" ဟု ဤသို့အခြင်းအရာနှင့်တကွ ညွှန်းပြဖွယ် (အမည် အနွယ်)နှင့်တကွ များပြားသော ရှေး၌ ဖြစ်ဘူးသော ခန္ဓာအစဉ်ကို အောက်မေ့နိုင်ကုန်၏။

ဥဒါယိ ဥပမာအားဖြင့် ယောကျ်ားသည် မိမိရွာမှ တပါးသော ရွာသို့ သွားရာ၏၊ ထိုရွာမှလည်း တပါးသောရွာသို့ သွားရာ၏၊ ထိုယောကျ်ားသည် ထိုရောက်သောရွာမှ မိမိရွာသို့သာလျှင် ပြန်လာရာ၏၊ ထိုယောကျ်ားအား "ငါသည် မိမိနေရာ ရွာမှတပါးသော ရွာကို သွားခဲ့၏၊ ထိုရွာ၌လည်း ဤသို့ ရပ်ခဲ့၏၊ ဤသို့ ထိုင်ခဲ့၏၊ ဤသို့ ပြောဆိုခဲ့၏၊ ဤသို့ ဆိတ်ဆိတ်နေခဲ့၏၊ ထိုရွာမှ

http://www.dhammadownload.com



လည်း ဤမည်သောရွာသို့သွားခဲ့၏၊ထိုရွာ၌လည်း ဤသို့ရပ်ခဲ့၏၊ဤသို့ထိုင်ခဲ့၏၊ ဤသို့ ပြောဆိုခဲ့၏၊ ဤသို့ ဆိတ်ဆိတ်နေခဲ့၏၊ ထိုငါသည် ထိုရွာမှ မိမိရွာသို့သာလျှင် ပြန်လာ၏” ဟု အကြံဖြစ်ရာ၏။ ဥဒါယိ ဤဥပမာအတူသာလျှင် ငါသည် တပည့်တို့အား အကျင့်တရားတို့ကို ဟောကြားထား ၏၊ဟောကြားထားသည့်အတိုင်း ကျင့်ကုန်သော ငါ၏တပည့်တို့သည် များသော အစီအရင်ရှိသော ရှေးကနေခဲ့ဘူးသော ခန္ဓာအစဉ်ကို အောက်မေ့နိုင်ကုန်၏။ ဤရှေးက နေခဲ့ဘူးသော ခန္ဓာအစဉ် ဟူသည် အဘယ်နည်းဟူမူ—တခုသောဘဝကိုငင်း။ပ။ ဤသို့ အခြင်းအရာနှင့်တကွ ညွှန်းပြဖွယ် (အမည်အနွယ်)နှင့်တကွ များပြားသော ရှေးကဖြစ်ဘူးသော ခန္ဓာအစဉ်ကို အောက်မေ့နိုင်ကုန် ၏။ ထိုပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်၌လည်း များစွာသော ငါ၏တပည့်တို့သည် အဘိညာဉ်၏ အဆုံး ကမ်းတဖက်သို့ ရောက်၍ နေကြကုန်၏။

၂၅၈။ ဥဒါယိ တဖန်လည်း ငါသည် တပည့်တို့အား အကျင့်တရားတို့ကို ဟောကြားထား၏၊ ဟောကြားထားသည့်အတိုင်း ကျင့်ကုန်သော ငါ၏တပည့်တို့သည် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန်သော နတ်တို့၏မျက်စိနှင့်တူသော ဒိဗ္ဗစက္ခုဉာဏ်ဖြင့် သေဆဲသတ္တဝါ ဖြစ်ပေါ်ဆဲသတ္တဝါ ယုတ်သောသတ္တဝါ မြတ်သောသတ္တဝါ အဆင်းလှသောသတ္တဝါ အဆင်းမလှသော သတ္တဝါ ကောင်းသောလားရာရှိသောသတ္တဝါ မကောင်းသောလားရာရှိသောသတ္တဝါတို့ကို မြင်၏၊ ကံအားလျော်စွာ ဖြစ်ပေါ်သော သတ္တဝါတို့ကို သိ၏။ “အချင်းတို့ ဤသတ္တဝါတို့သည် ကာယ ဒုစရိုက်နှင့် ပြည့်စုံကုန်၏၊ ဝစီဒုစရိုက်နှင့် ပြည့်စုံကုန်၏၊ မနောဒုစရိုက်နှင့် ပြည့်စုံကုန်၏၊ အရိယာ တို့ကို စွပ်စွဲကုန်၏၊ မှားသောအယူရှိကုန်၏၊ မှားသောအယူဖြင့် ပြုသော ကံရှိကုန်၏၊ ထို(သတ္တဝါ) တို့သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာကင်းသော မကောင်းသောလားရာ ပျက်စီးလျက်ကျရောက်ရာ ငရဲ၌ ဖြစ်ပေါ်ကုန်၏၊ အချင်းတို့ ဤသတ္တဝါတို့သည်ကား ကာယ သုစရိုက်နှင့် ပြည့်စုံကုန်၏၊ ဝစီသုစရိုက်နှင့် ပြည့်စုံကုန်၏၊ မနောသုစရိုက်နှင့် ပြည့်စုံကုန်၏၊ အရိယာတို့ကို မစွပ်စွဲကုန်၊ မှန်သောအယူရှိကုန်၏၊ မှန်သောအယူဖြင့် ပြုသော ကံရှိကုန်၏၊ ထို သတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောလားရာ နတ်ပြည်၌ ဖြစ်ပေါ်ကုန်၏” ဟု ဤသို့သျှင် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန်သော နတ်မျက်စိနှင့်တူသော ဒိဗ္ဗစက္ခုဉာဏ်ဖြင့် သေဆဲသတ္တဝါ ဖြစ်ပေါ်ဆဲသတ္တဝါ ယုတ်သောသတ္တဝါ မြတ်သောသတ္တဝါ အဆင်းလှသောသတ္တဝါ အဆင်းမလှသောသတ္တဝါ ကောင်းသောလားရာရှိ သောသတ္တဝါ မကောင်းသော လားရာရှိသောသတ္တဝါတို့ကို မြင်ကုန်၏၊ ကံအားလျော်စွာ ဖြစ်ပေါ် သော သတ္တဝါတို့ကို သိကုန်၏။

ဥဒါယိ ဥပမာအားဖြင့် မြဲမြံစွာ ဖွဲ့ချည်အပ်သော တံခါးနှစ်ခုရှိသော အိမ်သည် ရှိရာ၏၊ ထိုအိမ် ၌ မျက်စိအမြင်နှင့် ပြည့်စုံသော ယောကျ်ားသည် အိမ်၏အလယ်၌ ရပ်တည်လျက် အိမ်သို့ ဝင်ကုန် သော အိမ်မှထွက်ကုန်သော ထိုမှ ဤမှလျှောက်ကုန်သော ထိုမှ ဤမှ လှည့်လည်ကုန်သော လူတို့ကို မြင်ရာ၏၊ ဥဒါယိ ဤဥပမာအတူသာလျှင် ငါသည် တပည့်တို့အား အကျင့်တရားတို့ကို ဟောကြား ထား၏၊ဟောကြားထားသည့်အတိုင်း ကျင့်ကုန်သော ငါ၏တပည့်တို့သည် စင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန်သော နတ်မျက်စိနှင့်တူသော ‘ဒိဗ္ဗစက္ခု’ဉာဏ်ဖြင့် သေဆဲသတ္တဝါ ဖြစ်ပေါ်ဆဲ သတ္တဝါ ယုတ်သောသတ္တဝါ မြတ်သောသတ္တဝါ အဆင်းလှသောသတ္တဝါ အဆင်းမလှသောသတ္တဝါ ကောင်းသော လားရာရှိသောသတ္တဝါ မကောင်းသော လားရာရှိသောသတ္တဝါတို့ကို မြင်ကုန်၏၊

http://www.dhammadownload.com



က်အားလျော်စွာ ဖြစ်ပေါ်သော သတ္တဝါတို့ကို သိကုန်၏။ပ။ ထိုဒိဗ္ဗစက္ခုဉာဏ်၌လည်း များစွာသော ငါ၏ တပည့်တို့သည် အဘိညာဉ်၏အဆုံး ကမ်းတဖက်သို့ ရောက်၍ နေကြကုန်၏။

၂၅၉။ ဥဒါယီ တဖန်လည်း ငါသည် တပည့်တို့အား အကျင့်တရားတို့ကို ဟောကြားထား၏၊ ဟောကြားထားသည့်အတိုင်း ကျင့်ကုန်သော ငါ၏တပည့်တို့သည် အာသဝေါတရားတို့ ကုန်ခြင်းကြောင့် အာသဝေါကင်းသော လွတ်မြောက်သော 'အရဟတ္တဖိုလ်' စိတ်နှင့် လွတ်မြောက်သော 'အရဟတ္တဖိုလ်'ပညာကို ယခုဘဝ၌ပင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ရောက်၍ နေကုန်၏။ ဥဒါယီ ဥပမာအားဖြင့် တောင်ဝှမ်း၌ ကြည်လင်သန့်ရှင်း နောက်ကျုကင်းသော ရေအိုင်သည် ရှိရာ၏၊ မျက်စိအမြင်ရှိသော ယောကျ်ားသည် ထိုရေအိုင်၏ကမ်း၌ ရပ်လျက် ခရုယောက်သွား ကျောက်စရစ် အိုးခြမ်း ငါးအပေါင်းတို့ သွားကြသည်ကိုရင်း ရပ်တည်ကြသည်ကိုရင်း မြင်ရာ၏၊ ထိုယောကျ်ားအား ဤသို့ အကြံဖြစ်ရာ၏— "ဤရေအိုင်သည် ကြည်လင်သန့်ရှင်း နောက်ကျုကင်း၏၊ ထိုရေအိုင်၌ ခရုယောက်သွား ကျောက်စရစ် အိုးခြမ်း ငါးအပေါင်းတို့ သွားလည်း သွားကြကုန်၊ ရပ်လည်း ရပ်ကြကုန်၏" ဟု သိသည် ဖြစ်ရာ၏။ ဥဒါယီ ဤဥပမာအတူ သာလျှင် ငါသည် တပည့်တို့အား အကျင့်တရားတို့ကို ဟောကြားထား၏၊ ဟောကြားထားသည့် အတိုင်း ကျင့်ကုန်သော ငါ၏ တပည့်တို့သည် အာသဝေါတရားတို့ကုန်ခြင်းကြောင့် အာသဝေါ ကင်းသော လွတ်မြောက်သော'အရဟတ္တဖိုလ်' စိတ်နှင့် လွတ်မြောက်သော 'အရဟတ္တဖိုလ်' ပညာကို ယခုဘဝ၌ပင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက်ပြုလျက် ရောက်၍ နေကုန်၏။ ထို စေတောဝိမုတ္တိ ပညာဝိမုတ္တိ၌လည်း များစွာသော ငါ၏တပည့်တို့သည် အဘိညာဉ်၏အဆုံး ကမ်းတဖက်သို့ရောက်၍ နေကြကုန်၏။ ဥဒါယီ ဤသည်ကား ပဉ္စမတရားပေတည်း၊ ယင်းတရားကြောင့် ငါ၏တပည့်တို့သည် ရိုသေကုန်၏၊ လေးစားကုန်၏၊ မြတ်နိုးကုန်၏၊ ပူဇော်ကုန်၏၊ အရိုအသေပြု၍ အလေးပြု၍ အမှီပြု၍နေကြကုန်၏။

ဥဒါယီ ဤ သည်တို့ကား ငါးပါးသောတရားတို့တည်း။ ယင်းတရားတို့ကြောင့် ငါ၏တပည့်တို့သည် ရိုသေကုန်၏၊ လေးစားကုန်၏၊ မြတ်နိုးကုန်၏၊ ပူဇော်ကုန်၏၊ အရိုအသေပြု၍ အလေးပြု၍ အမှီပြု၍ နေကုန်၏ဟု (မိန့်တော်မူ၏)။ မြတ်စွာဘုရားသည် ဤတရားကို ဟောကြားတော်မူ၏။ သကုလုဒါယီပရိဗိုဇ်သည် မြတ်စွာဘုရား၏ တရားတော်ကို ဝမ်းမြောက်စွာခံယူလေသတည်း။

**ခုနစ်ခုမြောက်မဟာသကုလုဒါယိသုတ် ပြီး၏။**

---

## ၈-သမဏမုဏ္ဍိကသုတ်

၂၆၀။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ထိုအခါ သမဏမုဏ္ဍိက၏သားဖြစ်သော ဥဂ္ဂါဟမာနပရိဗိုဇ်သည် တည်ပင်အစဉ်အရံရှိသည့် စရပ်တဆောင်သာရှိသော အယူကို ပြိုင်ဆိုင်ပြောဆိုရာဖြစ်သောမလ္လိကာမိဖုရား၏ အရံ၌ ငါးရာမျှအရေအတွက်ရှိသော များစွာသော ပရိဗိုဇ်ပရိသတ်နှင့် အတူနေ၏။ ထိုအခါ ပဉ္စကင်္ဂလက်သမားကြီးသည် နေ့မွန်းတိမ်းအခါ၌ မြတ်စွာဘုရားကိုဖူးမြင်ရန် သာဝတ္ထိပြည်မှ ထွက်၏။ ထိုအခါ ပဉ္စကင်္ဂလက်သမားကြီးအား "မြတ်စွာ

http://www.dhammadownload.com



ဘုရား ဖူးမြင်ရန် အခါမဟုတ်သေး၊ မြတ်စွာဘုရားသည် ကိန်းအောင်းနေတော်မူ၏၊ နှလုံးကို ပွါးစေတတ်သော ရဟန်းတို့အားလည်း ဖူးမြင်ရန် အခါမဟုတ်သေး၊ နှလုံးကို ပွါးစေတတ်သော ရဟန်းတို့သည် ကိန်းအောင်းနေတော်မူကြကုန်၏။ အကယ်၍ ငါသည် အယူကို ပြိုင်ဆိုင်ပြောဆိုရာ ဖြစ်သော တည်ပင်အစဉ်ရှိသော တဆောင်သော စရပ်ရှိသော မလ္လိကာမိဖုရား၏ အရံရှိ သမဏမုဏ္ဍိကာ၏သားဖြစ်သော ဥဂ္ဂါဟမာနပရိဗိုဇ်ထံ ချဉ်းကပ်ရပါမူကား ကောင်းလေရာ၏" ဟု အကြံ ဖြစ်၏။ ထိုအခါ ပဉ္စကင်္ဂလက်သမားကြီးသည် အယူကို ပြိုင်ဆိုင်ပြောဆိုရာဖြစ်သော တည်ပင် အစဉ်ရှိသော စရပ်တဆောင်သာရှိသည့် မလ္လိကာမိဖုရား၏ အရံရှိ သမဏမုဏ္ဍိကာ၏သားဖြစ်သော ဥဂ္ဂါဟမာနပရိဗိုဇ်ထံသို့ ချဉ်းကပ်လေ၏။

ထိုအခါ သမဏမုဏ္ဍိကာ၏ သားဖြစ်သော ဥဂ္ဂါဟမာနပရိဗိုဇ်သည် များပြားသော ဖီလာစကားကို ပဲ့တင်ထပ်မျှ ပြင်းပြကျယ်လောင်သောအသံဖြင့် ပြောဆိုလျက် များစွာသောပရိဗိုဇ် ပရိသတ်နှင့် အတူနေ၏။ ဤသည်တို့ကား အဘယ်နည်း—မင်းနှင့်စပ်သောစကား ခိုးသူနှင့် စပ်သောစကား အမတ်ကြီးနှင့်စပ်သောစကား စစ်သည်နှင့်စပ်သောစကား ကြောက်မက်ဖွယ်နှင့် စပ်သောစကား စစ်ထိုးခြင်းနှင့်စပ်သောစကား စားဖွယ်နှင့်စပ်သောစကား သောက်ဖွယ်နှင့် စပ်သောစကား အဝတ်နှင့်စပ်သောစကား အိပ်ရာနေရာနှင့်စပ်သောစကား ပန်းနှင့်စပ်သော စကား နံ့သာနှင့်စပ်သောစကား ဆွေမျိုးနှင့်စပ်သောစကား ယာဉ်နှင့်စပ်သောစကား ရွာနှင့် စပ်သောစကား နိဂုံးနှင့်စပ်သောစကား မြို့နှင့်စပ်သောစကား နယ်နှင့်စပ်သောစကား မိန်းမနှင့် စပ်သောစကား ယောကျ်ားနှင့်စပ်သောစကား သူရဲကောင်းနှင့်စပ်သောစကား လမ်းနှင့်စပ်သော စကား ရေခပ်ဆိပ်နှင့်စပ်သောစကား သေလွန်သူနှင့်စပ်သောစကား အထွေထွေနှင့်စပ်သော စကား လောက(အကြောင်း)နှင့်စပ်သောစကား သမုဒ္ဒ (အကြောင်း)နှင့်စပ်သောစကား ကြီးပွါးခြင်း ဆုတ်ယုတ်ခြင်းနှင့်စပ်သောစကားတို့တည်း။

သမဏမုဏ္ဍိကာ၏ သားဖြစ်သော ဥဂ္ဂါဟမာနပရိဗိုဇ်သည် လာနေသော ပဉ္စကင်္ဂလက်သမား ကြီးကို အဝေးကပင် မြင်လတ်သော် "အသျှင်တို့ တိတ်ဆိတ်စွာ နေကြကုန်လော့၊ အသျှင်တို့ အသံကို မပြုကြကုန်လင့်၊ ရဟန်းဂေါတမ၏ တပည့် ပဉ္စကင်္ဂလက်သမားကြီးသည် လာနေ၏။ သာဝတ္ထိပြည်နေ ရဟန်းဂေါတမ၏ လူဝတ်ကြောင် တပည့်ရှိသမျှတို့တွင် ဤပဉ္စကင်္ဂလက်သမား ကြီးသည် တယောက်အပါအဝင် ဖြစ်၏။ ထိုအသျှင် တပည့်တို့သည် တိတ်ဆိတ်ခြင်းကို အလိုရှိကြ ကုန်၏၊ တိတ်ဆိတ်ရာ၌ မွေ့လျော်ကြကုန်၏၊ တိတ်ဆိတ်ခြင်း၏ ဂုဏ်ကို ချီးကျူးတတ်ကြကုန်၏။ ပရိသတ်အသံ တိတ်ဆိတ်နေသည်ကို သိလျှင် ချဉ်းကပ်သင့်သည် ဟု အောက်မေ့တန်ရာ၏" ဟူ၍ မိမိပရိသတ်ကို သေဝပ်စွာနေရန် ပြောဆို၏။ ထိုသို့ ဆိုသော် ထိုပရိဗိုဇ်တို့သည် ဆိတ်ဆိတ်နေကုန်၏။

၂၆၁။ ထိုအခါ ပဉ္စကင်္ဂလက်သမားကြီးသည် သမဏမုဏ္ဍိကာ၏ သားဖြစ်သော ဥဂ္ဂါဟမာန ပရိဗိုဇ်ထံသို့ ချဉ်းကပ်၍ သမဏမုဏ္ဍိကာ၏ သားဖြစ်သော ဥဂ္ဂါဟမာနပရိဗိုဇ်နှင့် ဝမ်းမြောက် ဝမ်းသာ စကားပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆို ပြီးဆုံးစေပြီးနောက် သင့်လျော်ရာ၌ ထိုင်နေသော ပဉ္စကင်္ဂလက်သမားကြီးအား သမဏမုဏ္ဍိကာ၏ သားဖြစ်သော ဥဂ္ဂါဟမာနပရိဗိုဇ်သည် ဤစကားကို ပြောဆို၏—"သူကြွယ် ငါသည် တရားလေးပါးတို့နှင့် ပြည့်စုံသော ယောကျ်ားပုဂ္ဂိုလ်ကို ပြည့်စုံသော ကုသိုလ်ရှိသူ မြတ်သောကုသိုလ်ရှိသူ မြတ်သော သူတို့သာ ရောက်သင့်သော နေရာသို့ ရောက်သူ(ဝါဒ)စစ်ထိုး၍ မရနိုင်သူ ရဟန်းဟူ၍ ပညတ်၏။

http://www.dhammadownload.com



အဘယ်လေးပါးတို့နည်းဟူမူ—သူကြွယ် လောက၌ ကိုယ်ဖြင့် မကောင်းမှုကို မပြု၊ မကောင်းသော စကားကို မဆို၊ မကောင်းသောအကြံကို မကြံ၊ မကောင်းသော အသက်မွေးမှုဖြင့် အသက်မမွေး။ သူကြွယ် ငါသည် ဤလေးပါးသော တရားတို့နှင့် ပြည့်စုံသော ယောကျ်ားပုဂ္ဂိုလ်ကို ပြည့်စုံသော ကုသိုလ်ရှိသူ မြတ်သော်ကုသိုလ်ရှိသူ မြတ်သောသူတို့သာ ရောက်သင့်သော နေရာသို့ ရောက်သူ ဝါဒစစ်ထိုး၍ မရနိုင်သူ ရဟန်းဟူ၍ ပညတ်၏”ဟု (ဆို၏)။

ထိုအခါ ပဉ္စကင်္ဂလက်သမားကြီးသည် သမဏမုဏ္ဍိကာ၏ သားဖြစ်သော ဥဂ္ဂါဟမာနပရိဗိုဇ်၏ စကားကို နှစ်လည်း မနှစ်သက်၊ ပယ်လည်း မပယ်ခဲ့ပေ၊ မနှစ်သက်ခဲ့ မပယ်ခဲ့မူ၍ “မြတ်စွာဘုရား၏ အထံတော်၌ ထိုဥဂ္ဂါဟမာနဆိုသော စကား၏အနက်ကို သိရအံ့”ဟု နေရာမှ ထကာ ဖဲသွားလေ၏။ ထိုအခါ ပဉ္စကင်္ဂလက်သမားကြီးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် သင့်လျော်ရာ၌ ထိုင်လျက် သမဏမုဏ္ဍိကာ၏ သားဖြစ်သော ဥဂ္ဂါဟမာနပရိဗိုဇ်နှင့်အတူ ပြောဆိုခဲ့ရသမျှစကားအလုံးစုံကို မြတ်စွာဘုရားအား လျှောက်ထား၏။

၂၆၂။ ဤသို့လျှောက်ကြားသော် မြတ်စွာဘုရားသည် ပဉ္စကင်္ဂလက်သမားကြီးအား ဤစကားကို မိန့်တော်မူ၏—လက်သမားကြီး သမဏမုဏ္ဍိကာ၏သားဖြစ်သော ဥဂ္ဂါဟမာနပရိဗိုဇ်၏ စကားအတိုင်း ဖြစ်သည်ရှိသော် ကလေးသူငယ် လူမမယ် ပက်လက်အိပ် အရွယ်သည် ပြည့်စုံသော ကုသိုလ်ရှိသူ မြတ်သောကုသိုလ်ရှိသူ မြတ်သောသူတို့သာ ရောက်သင့်သော နေရာသို့ရောက်သူ ဝါဒစစ်ထိုး၍ မရနိုင်သောသူ ရဟန်းဖြစ်လိမ့်မည်။ လက်သမားကြီး ကလေးသူငယ် လူမမယ် ပက်လက် အိပ်အရွယ်မှာ ကိုယ်ဟူ၍ သိတတ်သောဉာဏ်မျှလည်း မရှိသေး၊ ကိုယ်လှုပ်ရှားကာမျှမှတပါး အဘယ်မှာ ကိုယ်ဖြင့် မကောင်းမှုကို ပြုလတ္တံ့နည်း။ လက်သမားကြီး ကလေးသူငယ် လူမမယ် ပက်လက်အိပ်အရွယ်မှာ စကားဟူ၍ သိတတ်သော ဉာဏ်မျှလည်း မရှိသေး၊ ငိုကြွေးရုံမျှမှတပါး မကောင်းသော စကားကို အဘယ်မှာ ဆိုလိမ့်မည်နည်း။ လက်သမားကြီး ကလေးသူငယ် လူမမယ် ပက်လက်အိပ်အရွယ်မှာ အကြံဟူ၍ သိတတ်သောဉာဏ်မျှလည်း မရှိသေး၊ မြူးရုံမှတပါး အဘယ်မှာ မကောင်းသော အကြံကို ကြံလတ္တံ့နည်း။ လက်သမားကြီး ကလေးသူငယ် လူမမယ် ပက်လက်အိပ်အရွယ်မှာ အသက်မွေးမှုဟူ၍ သိတတ်သော ဉာဏ်မျှလည်း မရှိသေး၊ အမိနို့ကို စို့ခြင်းမှ တပါး အဘယ်မှာ မကောင်းသော အသက်မွေးမှုရှိလတ္တံ့နည်း။ လက်သမားကြီး သမဏမုဏ္ဍိကာ၏ သားဖြစ်သော ဥဂ္ဂါဟမာနပရိဗိုဇ်၏ စကားအတိုင်း ဖြစ်သည်ရှိသော် ကလေးသူငယ် လူမမယ် ပက်လက်အိပ် အရွယ်သည် ပြည့်စုံသော ကုသိုလ်ရှိသူ မြတ်သော ကုသိုလ်ရှိသူ မြတ်သော သူတို့သာ ရောက်သင့်သော နေရာသို့ ရောက်သူ ဝါဒစစ်ထိုး၍ မရနိုင်သူ ရဟန်းဖြစ်လတ္တံ့။

၂၆၃။ လက်သမားကြီး ငါသည် လေးပါးသောတရားတို့နှင့်ပြည့်စုံသောယောကျ်ား ပုဂ္ဂိုလ်ကို ပြည့်စုံသော ကုသိုလ်မရှိသေးသူ မြတ်သော ကုသိုလ်မရှိသေးသူ မြတ်သောသူတို့သာ ရောက်သင့်သောနေရာသို့ ရောက်၍ ဝါဒစစ်ထိုး၍ မရနိုင်သော ရဟန်းမဟုတ်သေးဟူ၍ ပညတ်၏၊ သို့ရာတွင် ဤကလေးသူငယ် လူမမယ် ပက်လက်အိပ်အရွယ်ကို ကျော်လွန်၍ကား တည်၏။ အဘယ်လေးပါး တို့နည်းဟူမူ—လက်သမားကြီး ဤလောက၌ ကိုယ်ဖြင့် မကောင်းမှုကို မပြု၊ မကောင်းသော စကားကို မဆို၊ မကောင်းသောအကြံကို မကြံ၊ မကောင်းသော အသက်မွေးခြင်းကို မမွေးမူ။ လက်သမားကြီး ငါသည် ဤလေးပါးသော တရားတို့နှင့် ပြည့်စုံသော ယောကျ်ားပုဂ္ဂိုလ်ကို ပြည့်စုံသော ကုသိုလ်မရှိသေးသူ မြတ်သောကုသိုလ်မရှိသေးသူ မြတ်သောသူတို့သာ ရောက်သင့်

http://www.dhammadownload.com



သော နေရာသို့ ရောက်၍ ဝါဒစစ်ထိုး၍ မရနိုင်သူ ရဟန်းမဟုတ်သေးဟူ၍ ပညတ်၏။ သို့ရာတွင် ဤကလေးသူငယ် လူမမယ် ပက်လက်အိပ်အရွယ်ကို ကျော်လွန်၍ကား တည်၏။

လက်သမားကြီး ငါသည် ဆယ်ပါးသော တရားတို့နှင့် ပြည့်စုံသော ယောကျ်ားပုဂ္ဂိုလ်ကို ပြည့်စုံသော ကုသိုလ်ရှိသူဟူ၍ မြတ်သောကုသိုလ်ရှိသူဟူ၍ မြတ်သောသူတို့သာ ရောက်သင့်သော နေရာသို့ ရောက်သူ ဝါဒစစ်ထိုး၍ မရနိုင်သူ ရဟန်းဟူ၍ ပညတ်၏။ လက်သမားကြီး ဤသည်တို့ကား မကောင်းသော အလေ့အကျင့်တို့တည်း၊ ထိုမကောင်းသော အလေ့အကျင့်ကို သိရမည်ဟု ငါဟော၏။ လက်သမားကြီး မကောင်းသော အလေ့အကျင့်တို့သည် ဤအကြောင်းကြောင့် ဖြစ်ကုန်၏၊ ထိုအကြောင်းကို သိရမည်ဟု ငါဟော၏။ လက်သမားကြီး ဤတရား၌ မကောင်းသော အလေ့အကျင့်တို့သည် အကြွင်းမဲ့ ချုပ်ကုန်၏၊ ထိုချုပ်ရာကို သိရမည်ဟု ငါဟော၏။ လက်သမားကြီး ဤသို့လျှင် ကျင့်သည်ရှိသော် မကောင်းသော အလေ့အကျင့်တို့သည် ချုပ်ရန် ကျင့်သည်မည်၏၊ ထိုအကျင့်ကို သိရမည်ဟု ငါဟော၏။

လက်သမားကြီး ဤသည်တို့ကား ကောင်းသော အလေ့အကျင့်တို့တည်း၊ ထိုကောင်းသော အလေ့အကျင့်ကို သိရမည်ဟု ငါဟော၏။ လက်သမားကြီး ကောင်းသော အလေ့အကျင့်တို့သည် ဤအကြောင်းကြောင့် ဖြစ်ကုန်၏၊ ထိုအကြောင်းကို သိရမည်ဟု ငါဟော၏။ လက်သမားကြီး ဤတရား၌ ကောင်းသောအလေ့အကျင့်တို့သည် အကြွင်းမဲ့ ချုပ်ကုန်၏၊ ထိုချုပ်ရာကို သိရမည်ဟု ငါဟော၏။ လက်သမားကြီး ဤသို့ ကျင့်သည်ရှိသော် ကောင်းသော အလေ့အကျင့်တို့ ချုပ်ရန် ကျင့်သည်မည်၏၊ ထိုအကျင့်ကို သိရမည်ဟု ငါဟော၏။

လက်သမားကြီး ဤသည်တို့ကား မကောင်းသော အကြံတို့တည်း၊ ထိုမကောင်းသော အကြံကို သိရမည်ဟု ငါဟော၏။ လက်သမားကြီး မကောင်းသောအကြံတို့သည် ဤအကြောင်းကြောင့် ဖြစ်ကုန်၏၊ ထိုအကြောင်းကို သိရမည်ဟု ငါဟော၏။ လက်သမားကြီး ဤတရား၌ မကောင်းသော အကြံတို့သည် အကြွင်းမဲ့ချုပ်ကုန်၏၊ ထိုချုပ်ရာကို သိရမည်ဟု ငါဟော၏။ လက်သမားကြီး ဤသို့ ကျင့်သည်ရှိသော် မကောင်းသောအကြံတို့ ချုပ်ခြင်းငှါ ကျင့်သည်မည်၏၊ ထိုအကျင့်ကို သိရမည်ဟု ငါဟော၏။

လက်သမားကြီး ဤသည်တို့ကား ကောင်းသောအကြံတို့တည်း၊ ထိုကောင်းသောအကြံကို သိရမည်ဟု ငါဟော၏။ လက်သမားကြီး ကောင်းသော အကြံတို့သည် ဤအကြောင်းကြောင့် ဖြစ်ကုန်၏၊ ထိုအကြောင်းကို သိရမည်ဟု ငါဟော၏။ လက်သမားကြီး ဤတရား၌ ကောင်းသော အကြံတို့သည် အကြွင်းမဲ့ ချုပ်ကုန်၏၊ ထိုချုပ်ရာကို သိရမည်ဟု ငါဟော၏။ လက်သမားကြီး ဤသို့ ကျင့်သည်ရှိသော် ကောင်းသောအကြံတို့ ချုပ်ခြင်းငှါ ကျင့်သည်မည်၏၊ ထိုအကျင့်ကို သိရမည်ဟု ငါဟော၏။

၂၆၄။ လက်သမားကြီး မကောင်းသော အလေ့အကျင့်တို့ ဟူသည် အဘယ်တို့နည်း— မကောင်းသော ကိုယ်အမှုအရာရင်း မကောင်းသော နှုတ်အမှုအရာရင်း ယုတ်မာသော အသက်မွေးမှုရင်း လက်သမားကြီး ဤတရားတို့ကို မကောင်းသော အလေ့အကျင့်တို့ဟူ၍ ဆိုရကုန်၏။

လက်သမားကြီး ဤမကောင်းသော အလေ့အကျင့်တို့သည် အဘယ်အကြောင်းကြောင့် ဖြစ်ကုန်သနည်း။ ထိုမကောင်းသော အလေ့အကျင့်တို့၏ ဖြစ်ကြောင်းကိုလည်း ဟောထားပြီ

http://www.dhammadownload.com



စိတ်လျှင် ဖြစ်ကြောင်း ရှိကုန်၏ဟူ၍ ဆိုရ၏။ စိတ်ဟူသည် အဘယ်နည်း။ စိတ်သည်လည်း များ၏၊ တပါးမက များလှ၏၊ အထူးထူးအပြားပြားရှိ၏၊ မကောင်းသော အလေ့အကျင့်တို့သည် ရာဂနှင့်တကွဖြစ်သောစိတ် ဒေါသနှင့်တကွဖြစ်သောစိတ် မောဟနှင့်တကွဖြစ်သော စိတ်တို့ကြောင့် ဖြစ်ကုန်၏။

လက်သမားကြီး ဤမကောင်းသော အလေ့အကျင့်တို့သည် အဘယ်၌ အကြွင်းမဲ့ချုပ်ကုန်သနည်း။ ထိုမကောင်းသော အလေ့အကျင့်တို့၏ ချုပ်ရာကိုလည်း ဟောထားပြီ။ လက်သမားကြီး ဤသာသနာတော်၌ ရဟန်းသည် ကာယဒုစရိုက်ကိုပယ်၍ ကာယသုစရိုက်ကို ပွါးများ၏၊ ဝစီဒုစရိုက်ကို ပယ်၍ ဝစီသုစရိုက်ကို ပွါးများ၏၊ မနောဒုစရိုက်ကို ပယ်၍ မနောသုစရိုက်ကို ပွါးများ၏၊ မကောင်းသော အသက်မွေးမှုကို ပယ်၍ ကောင်းသော အသက်မွေးမှုဖြင့် အသက်မွေးခြင်းကို ပြု၏၊ ဤတရား၌ ဤမကောင်းသော အလေ့အကျင့်တို့သည် အကြွင်းမဲ့ချုပ်ကုန်၏။

လက်သမားကြီး အဘယ်သို့ ကျင့်သောသူသည် မကောင်းသော အလေ့အကျင့်တို့ ချုပ်ခြင်းငှါ ကျင့်သောသူဖြစ်သနည်း။ လက်သမားကြီး ဤသာသနာတော်၌ ရဟန်းသည် မဖြစ်ကုန်သေးသော ယုတ်မာကုန်သော အကုသိုလ်တရားတို့ မဖြစ်ပေါ်ခြင်းငှါ ဆန္ဒကို ဖြစ်စေ၏၊ လုံ့လကိုပြု၏၊ ဝီရိယကို အားထုတ်၏၊ စိတ်ကို ချီးမြှောက်၏၊ ပြင်းစွာအားထုတ်၏။ ဖြစ်ပေါ်ကုန်ပြီးသော ယုတ်မာကုန်သော အကုသိုလ်တရားတို့ကို ပယ်ခြင်းငှါ ဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ ဝီရိယကို အားထုတ်၏၊ စိတ်ကို ချီးမြှောက်၏၊ ပြင်းစွာ အားထုတ်၏။ မဖြစ်ကုန်သေးသော ကုသိုလ်တရားတို့ ဖြစ်ပေါ်ခြင်းငှါ ဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ ဝီရိယကို အားထုတ်၏၊ စိတ်ကို ချီးမြှောက်၏၊ ပြင်းစွာ အားထုတ်၏။ ဖြစ်ကုန်ပြီးသော ကုသိုလ်တရားတို့၏ တည်ခြင်းငှါ မတွေဝေခြင်းငှါ များစွာဖြစ်စေခြင်းငှါ ပြန့်ပြောစေခြင်းငှါ ပွါးများစေခြင်းငှါ ထက်ဝန်းကျင်မှ ပြည့်စုံစေခြင်းငှါ ဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ ဝီရိယကို အားထုတ်၏၊ စိတ်ကို ချီးမြှောက်၏၊ ပြင်းစွာ အားထုတ်၏။ လက်သမားကြီး ဤသို့ ကျင့်သည်ရှိသော် မကောင်းသော အလေ့အကျင့်တို့ ချုပ်ခြင်းငှါ ကျင့်သောသူ ဖြစ်၏။

၂၆၅။ လက်သမားကြီး ကောင်းသော အလေ့အကျင့်တို့ ဟူသည် အဘယ်တို့နည်း။ လက်သမားကြီး ကောင်းသောကိုယ်အမှုအရာရင်း ကောင်းသော နှုတ်အမှုအရာရင်း လက်သမားကြီး စင်ကြယ်သော အသက်မွေးမှုကိုလည်း အလေ့အကျင့်ဟူ၍ ငါဟော၏။ လက်သမားကြီး ဤတရားတို့ကို ကောင်းသောအလေ့အကျင့်တို့ဟူ၍ ဆိုရ၏။

လက်သမားကြီး ဤကောင်းသော အလေ့အကျင့်တို့သည် အဘယ်အကြောင်းကြောင့် ဖြစ်ကုန်သနည်း။ ထိုကောင်းသော အလေ့အကျင့်တို့၏ ဖြစ်ကြောင်းကိုလည်း ဟောထားပြီ။ စိတ်လျှင် ဖြစ်ကြောင်းရှိ၏ဟူ၍ ဆိုရ၏၊ စိတ်ဟူသည် အဘယ်နည်း။ စိတ်သည် များပြား၏၊ တပါးမက များလှ၏၊ အထူးထူးအပြားပြားရှိ၏၊ ကောင်းသော အလေ့အကျင့်တို့သည် ရာဂကင်းသောစိတ် ဒေါသကင်းသောစိတ် မောဟကင်းသောစိတ်တို့ကြောင့် ဖြစ်ကုန်၏။

လက်သမားကြီး ဤကောင်းသောအလေ့အကျင့်တို့သည် အဘယ်၌ အကြွင်းမဲ့ ချုပ်ကုန်သနည်း။ ထိုကောင်းသော အလေ့အကျင့်တို့၏ ချုပ်ရာကိုလည်း ဟောထားပြီ။ လက်သမားကြီး ဤသာသနာတော်၌ ရဟန်းသည် သီလရှိ၏၊ သီလမျှဖြင့် ပြီးသော သမာဓိပညာရှိနေသည်မဟုတ်

http://www.dhammadownload.com



ထိုကောင်းသော အလေ့အကျင့်များ အကြွင်းမဲ့ ချုပ်ရာဖြစ်သော လွတ်မြောက်သော'အရဟတ္တဖိုလ်'စိတ်နှင့် လွတ်မြောက်သော'အရဟတ္တဖိုလ်'ပညာကိုလည်း ဟုတ်တိုင်းမှန်စွာသိ၏။

လက်သမားကြီး အဘယ်သို့ ကျင့်သောသူသည် ကောင်းသောအလေ့အကျင့်တို့ ချုပ်ခြင်းငှါ ကျင့်သောသူ ဖြစ်သနည်း။ လက်သမားကြီး ဤသာသနာတော်၌ ရဟန်းသည် မဖြစ်ကုန်သေးသော ယုတ်မာကုန်သော အကုသိုလ်တရားတို့ မဖြစ်စေခြင်းငှါ ဆန္ဒကို ဖြစ်စေ၏၊လုံ့လပြု၏၊ဝီရိယကို အားထုတ်၏၊ စိတ်ကို ချီးမြှောက်၏၊ ပြင်းစွာအားထုတ်၏။ ဖြစ်ကုန်ပြီးသော ယုတ်မာကုန်သော အကုသိုလ်တရားတို့ကို ပယ်ခြင်းငှါ။ပ။ မဖြစ်ကုန်သေးသော ကုသိုလ်တရားတို့ကို ဖြစ်စေခြင်းငှါ။ပ။ ဖြစ်ကုန်ပြီးသော ကုသိုလ်တရားတို့ကို တည်ခြင်းငှါ မတေ့ဝေခြင်းငှါ များစွာ ဖြစ်စေခြင်းငှါ ပြန့်ပြောခြင်းငှါ ပွါးများခြင်းငှါ ထက်ဝန်းကျင် ပြည့်စုံစေခြင်းငှါ ဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ ဝီရိယကို အားထုတ်၏၊ စိတ်ကို ချီးမြှောက်၏၊ ပြင်းစွာ အားထုတ်၏။လက်သမားကြီး ဤသို့ ကျင့်သောသူသည် ကောင်းသောအလေ့အကျင့်တို့ ချုပ်ခြင်းငှါ ကျင့်သောသူ ဖြစ်၏။

၂၆၆။ လက်သမားကြီး မကောင်းသော အကြံတို့ဟူသည် အဘယ်တို့နည်း။ လက်သမားကြီး ကာမဂုဏ်အကြံ ဖျက်ဆီးမှု အကြံ ညှဥ်းဆဲမှု အကြံ ဤအကြံတို့ကို မကောင်းသောအကြံတို့ဟူ၍ ဆိုရ၏။

လက်သမားကြီး ဤမကောင်းသော အကြံတို့သည် အဘယ်အကြောင်းကြောင့် ဖြစ်ကုန်သနည်း။ ထိုမကောင်းသောအကြံတို့၏ ဖြစ်ကြောင်းကိုလည်း ဟောကြားထားပြီ။ အမှတ်အသားလျှင် ဖြစ်ကြောင်းရှိကုန်၏ဟူ၍ ဆိုရ၏။ အမှတ်အသားတို့ဟူသည် အဘယ်နည်း။အမှတ်အသားတို့သည် များကုန်၏၊ တပါးမကများသော အပြားရှိကုန်၏၊ အထူးထူး အပြားပြား များကုန်၏၊ ကာမဂုဏ်အမှတ်အသား ဖျက်ဆီးမှု အမှတ်အသား ညှဥ်းဆဲမှု အမှတ်အသား ဤအမှတ်အသားကြောင့် မကောင်းသော အကြံတို့သည် ဖြစ်ကုန်၏။

လက်သမားကြီး ဤမကောင်းသောအကြံတို့သည် အဘယ်၌ အကြွင်းမဲ့ ချုပ်ကုန်သနည်း။ ထိုမကောင်းသော အကြံတို့၏ ချုပ်ရာကိုလည်း ဟောထားပြီ။ လက်သမားကြီး ဤသာသနာတော်၌ ရဟန်းသည် ကာမဂုဏ်တို့မှ ဆိတ်၍သာလျှင်။ပ။ ပဌမဈာန်သို့ ရောက်၍ နေ၏။ ဤပဌမဈာန်၌ ထိုမကောင်းသောအကြံတို့သည် အကြွင်းမဲ့ချုပ်ကုန်၏။

လက်သမားကြီး အဘယ်သို့ ကျင့်သောသူသည် မကောင်းသော အကြံတို့ ချုပ်ခြင်းငှါ ကျင့်သောသူ ဖြစ်သနည်း။လက်သမားကြီး ဤသာသနာတော်၌ ရဟန်းသည် မဖြစ်ကုန်သေးသော အကုသိုလ်တရားတို့ကို မဖြစ်စေခြင်းငှါ ဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ ဝီရိယကို အားထုတ်၏၊ စိတ်ကို ချီးမြှောက်၏၊ ပြင်းစွာအားထုတ်၏။ ဖြစ်ကုန်ပြီးသော အကုသိုလ်တရားတို့ကို ပယ်ခြင်းငှါ။ပ။ မဖြစ်ကုန်သေးသော ကုသိုလ်တရားတို့ကို ဖြစ်စေခြင်းငှါ။ပ။ ဖြစ်ကုန်ပြီးသော ကုသိုလ်တရားတို့ကို တည်ခြင်းငှါ မတေ့ဝေခြင်းငှါ အလွန်ပွါးစေခြင်းငှါ ပြန့်ပြောစေခြင်းငှါ ပွါးများခြင်းငှါ ပြည့်စုံစေခြင်းငှါ ဆန္ဒကို ဖြစ်စေ၏၊လုံ့လပြု၏၊ ဝီရိယကို အားထုတ်၏၊ စိတ်ကို ချီးမြှောက်၏၊ ပြင်းစွာ အားထုတ်၏။ လက်သမားကြီး ဤသို့ ကျင့်သောသူသည် မကောင်းသော အကြံတို့ ချုပ်ခြင်းငှါ ကျင့်သောသူ ဖြစ်၏။

၂၆၇။ လက်သမားကြီး ကောင်းသောအကြံတို့သည် အဘယ်တို့နည်း။ ကာမဂုဏ်မှ ထွက်မြောက်မှုအကြံ မဖျက်ဆီးမှုအကြံ မညှဥ်းဆဲမှုအကြံ၊ ဤအကြံတို့ကို ကောင်းသော အကြံတို့ဟူ၍ဆိုရ၏။

http://www.dhammadownload.com



လက်သမားကြီး ဤကောင်းသောအကြံတို့သည် အဘယ်လျှင် ဖြစ်ကြောင်းရှိကုန်သနည်း။ ထိုကောင်းသောအကြံတို့၏ ဖြစ်ကြောင်းကိုလည်း ဟောထားပြီ။ အမှတ်အသားလျှင် ဖြစ်ကြောင်းရှိ၏ဟုဆိုရ၏။ အမှတ်အသားဟူသည် အဘယ်နည်း။ အမှတ်အသားတို့သည် များကုန်၏၊ တပါးမက များကုန်၏၊ အထူးထူးအပြားပြား များကုန်၏၊ ကာမဂုဏ်မှ ထွက်မြောက်မှု အမှတ်အသား မဖျက်ဆီးမှု အမှတ်အသား မညှဉ်းဆဲမှု အမှတ်အသား ဤအမှတ်အသားတို့ကြောင့် ကောင်းသော အကြံတို့သည် ဖြစ်ကုန်၏။

လက်သမားကြီး ဤကောင်းသောအကြံတို့သည် အဘယ်၌ အကြွင်းမဲ့ ချုပ်ကုန်သနည်း။ ထို ကောင်းသောအကြံတို့၏ ချုပ်ရာကိုလည်း ဟောထားပြီ။ လက်သမားကြီး ဤသာသနာတော်၌ ရဟန်းသည် ဝိတက်ဝိစာရတို့၏ ငြိမ်းခြင်းကြောင့်။ပ။ ဒုတိယဈာန်ကို ပြည့်စုံစေ၍ နေ၏။ ဤ ဒုတိယဈာန်၌ ထိုကောင်းသော အကြံတို့သည် အကြွင်းမဲ့ချုပ်ကုန်၏။

လက်သမားကြီး အဘယ်သို့ ကျင့်သောသူသည် ကောင်းသောအကြံတို့ချုပ်ရန် ကျင့်သောသူ ဖြစ်သနည်း။ လက်သမားကြီး ဤသာသနာတော်၌ ရဟန်းသည် မဖြစ်ကုန်သေးသော အကုသိုလ်တရားတို့ကို မဖြစ်စေခြင်းငှါ ဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ ဝီရိယကို အားထုတ်၏၊ စိတ်ကို ချီးမြှောက်၏၊ ပြင်းစွာ အားထုတ်၏။ ဖြစ်ကုန်ပြီးသော ယုတ်ညံ့သော အကုသိုလ်တရားတို့ကို ပယ်ခြင်းငှါ။ပ။ မဖြစ်ကုန်သေးသော ကုသိုလ်တရားတို့ကို ဖြစ်စေခြင်းငှါ ။ပ။ ဖြစ်ပြီးသော ကုသိုလ်တရားတို့ကို တည်ခြင်းငှါ မပျောက်ခြင်းငှါ လွန်စွာ ပွါးစေခြင်းငှါ ပြန့်ပြောစေခြင်းငှါ ပွါးများစေခြင်းငှါ ထက်ဝန်းကျင် ပြည့်စုံစေခြင်းငှါ ဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ ဝီရိယကို အားထုတ်၏၊ စိတ်ကို ချီးမြှောက်၏၊ ပြင်းစွာ အားထုတ်၏။ လက်သမားကြီး ဤသို့ ကျင့်သောသူသည် ကောင်းသော အကြံတို့ ချုပ်ရန် ကျင့်သူဖြစ်၏။

၂၆၇။ လက်သမားကြီး အဘယ်ဆယ်ပါးကုန်သော တရားတို့နှင့် ပြည့်စုံသော ယောကျ်ားပုဂ္ဂိုလ်ကို ပြည့်စုံသောကုသိုလ်ရှိသူ မြတ်သောကုသိုလ်ရှိသူ မြတ်သောပုဂ္ဂိုလ်တို့သာ ရောက်သင့်သော နေရာသို့ ရောက်သူ ဝါဒစစ်ထိုး၍ မရနိုင်သူ ရဟန်းဟူ၍ ငါပညတ်သနည်း။ လက်သမားကြီး ဤသာသနာတော်၌ ရဟန်းသည် ရဟန္တာတို့၏ မှန်ကန်သော အယူနှင့်ပြည့်စုံ၏၊ ရဟန္တာတို့၏ မှန်ကန်သော အကြံနှင့် ပြည့်စုံ၏၊ ရဟန္တာတို့၏ မှန်ကန်သော စကားနှင့်ပြည့်စုံ၏၊ ရဟန္တာတို့၏ မှန်ကန်သော အမှုနှင့် ပြည့်စုံ၏၊ ရဟန္တာတို့၏ မှန်ကန်သော အသက်မွေးမှုနှင့်ပြည့်စုံ၏၊ ရဟန္တာတို့၏ မှန်ကန်သော အားထုတ်မှုနှင့် ပြည့်စုံ၏၊ ရဟန္တာတို့၏ မှန်ကန်သော အောက်မေ့မှုနှင့် ပြည့်စုံ၏၊ ရဟန္တာတို့၏ မှန်ကန်သောတည်ကြည်မှုနှင့် ပြည့်စုံ၏၊ ရဟန္တာတို့၏ မှန်ကန်သော ဉာဏ်နှင့် ပြည့်စုံ၏၊ ရဟန္တာတို့၏ မှန်ကန်သော လွတ်မြောက်မှုနှင့် ပြည့်စုံ၏။ လက်သမားကြီး ငါသည် ဤဆယ်ပါးသော တရားတို့နှင့် ပြည့်စုံသောယောကျ်ားပုဂ္ဂိုလ်ကို ပြည့်စုံသော ကုသိုလ်ရှိသူ မြတ်သောကုသိုလ်ရှိသူ မြတ်သောပုဂ္ဂိုလ်တို့သာ ရောက်သင့်သောနေရာသို့ရောက်သူ ဝါဒစစ်ထိုး၍ မရနိုင်သူ ရဟန်းဟူ၍ ပညတ်၏ဟု (မိန့်တော်မူ၏)။

မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏။ ပဉ္စကင်္ဂလက်သမားကြီးသည် မြတ်စွာဘုရား၏တရားတော်ကို ဝမ်းမြောက်စွာ လက်ခံလေသတည်း။

ရှစ်ခုမြောက် သမဏမုဏ္ဍိကသုတ် ပြီး၏။

http://www.dhammadownload.com



## ၉-စူဠသကုလုဒါယိသုတ်

၂၆၉။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့အား အစာကျွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ သကုလုဒါယီပရိဗိုဇ်သည် များစွာသော ပရိဗိုဇ်ပရိသတ်နှင့်အတူ ဥဒေါင်းတို့အား အစာကျွေးရာ ဖြစ်သော ပရိဗိုဇ်အရံ၌နေ၏။ ထိုအခါ မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကိုယူပြီးလျှင် ရာဇဂြိုဟ်ပြည်သို့ ဆွမ်းအလို့ငှါ ဝင်တော်မူ၏။ ထိုအခါ မြတ်စွာဘုရားအား "ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံသွားရန် အလွန်စောသေး၏၊ အကယ်၍ ငါသည် ဥဒေါင်းတို့အား အစာကျွေးရာဖြစ်သော ပရိဗိုဇ်အရံ၌ ရှိသော သကုလုဒါယီပရိဗိုဇ်အထံသို့ ချဉ်းကပ်ရမူ ကောင်းလေရာ၏" ဟု အကြံဖြစ်၏။ ထိုအခါ မြတ်စွာဘုရားသည် ဥဒေါင်းတို့အား အစာကျွေးရာဖြစ်သော ပရိဗိုဇ်အရံသို့ ချဉ်းကပ်တော်မူ၏။

ထိုအခါ သကုလုဒါယီပရိဗိုဇ်သည် များပြားသော ဗိလာစကားကို ပွဲတင်ထပ်မျှ ပြင်းပြကျယ်လောင်သောအသံဖြင့် ပြောဆိုလျက် များစွာသော ပရိဗိုဇ်ပရိသတ်နှင့်အတူနေ၏။ ဤသည်ကား အဘယ်တို့နည်း၊ မင်းနှင့်စပ်သောစကား ခိုးသူနှင့်စပ်သောစကား အမတ်ကြီးနှင့်စပ်သောစကား စစ်သည်နှင့်စပ်သောစကား ကြောက်မက်ဖွယ်နှင့်စပ်သောစကား စစ်ထိုးခြင်းနှင့်စပ်သောစကား စားဖွယ်နှင့်စပ်သောစကား သောက်ဖွယ်နှင့်စပ်သောစကား အဝတ်နှင့်စပ်သောစကား အိပ်ရာနှင့်စပ်သောစကား ပန်းနှင့်စပ်သောစကား နံ့သာနှင့်စပ်သောစကား ဆွေမျိုးနှင့်စပ်သောစကား ယာဉ်နှင့်စပ်သောစကား ရွာနှင့်စပ်သောစကား နိဂုံးနှင့်စပ်သောစကား မြို့နှင့်စပ်သောစကား နယ်နှင့်စပ်သောစကား မိန်းမနှင့်စပ်သောစကား ယောကျ်ားနှင့်စပ်သောစကား သူရဲကောင်းနှင့်စပ်သောစကား လမ်းနှင့်စပ်သောစကား ရေခပ်ဆိပ်နှင့်စပ်သောစကား သေလွန်သူနှင့်စပ်သောစကား အထွေထွေနှင့်စပ်သောစကား လောက (အကြောင်း) နှင့် စပ်သောစကား သမုဒ္ဒရာ(အကြောင်း)နှင့်စပ်သောစကား ကြီးပွါးခြင်းဆုတ်ယုတ်ခြင်းနှင့်စပ်သောစကားတို့တည်း။ သကုလုဒါယီပရိဗိုဇ်သည် ကြွလာတော်မူသော မြတ်စွာဘုရားကို အဝေးကပင် မြင်လတ်သော် "အသျှင်တို့ တိတ်ဆိတ်စွာ နေကြကုန်လော့၊ အသံမပြုကြကုန်လင့်၊ ဤရဟန်းဂေါတမသည် ကြွလာနေ၏။ ထိုအသျှင်သည် တိတ်ဆိတ်ခြင်းကို အလိုရှိ၏၊ တိတ်ဆိတ်ခြင်း၏ဂုဏ်ကို ဆိုလေ့ရှိ၏၊ ပရိသတ်အသံ တိတ်ဆိတ်နေသည်ကို သိလျှင် ချဉ်းကပ်သင့်၏ဟု အောက်မေ့တန်ရာ၏" ဟူ၍ မိမိပရိသတ်ကို သေဝပ်စွာနေရန် ပြောဆို၏။ ထိုအခါ ပရိဗိုဇ်တို့သည် ဆိတ်ဆိတ်နေကုန်၏။

၂၇၀။ ထိုအခါ မြတ်စွာဘုရားသည် သကုလုဒါယီပရိဗိုဇ်ထံသို့ ချဉ်းကပ်တော်မူ၏။ ထိုအခါ သကုလုဒါယီပရိဗိုဇ်သည် မြတ်စွာဘုရားအား "အသျှင်ဘုရား ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကြွလာတော်မူပါလော့၊ အသျှင်ဘုရား မြတ်စွာဘုရား၏ ကြွလာခြင်းသည် ကောင်းသော ကြွလာခြင်း ဖြစ်ပါသည်။ အသျှင်ဘုရား မြတ်စွာဘုရားသည် ဤအရပ်သို့ ကြွလာရန် အလှည့်ကို ကြာမြင့်မှ ပေးတော်မူဘိ၏၊ အသျှင်ဘုရား ထိုင်တော်မူပါလော့၊ ဤနေရာကို ပြင်ထားပါ၏" ဟု လျှောက်၏။ မြတ်စွာဘုရားသည် ခင်းထားအပ်သော နေရာ၌ ထိုင်တော်မူ၏။ သကုလုဒါယီပရိဗိုဇ်သည်လည်း နိမ့်သော ထိုင်စရာတခုကိုယူ၍ တခုသောနေရာ၌ ထိုင်နေ၏၊ တခုသောနေရာ၌ ထိုင်ပြီးသော သကုလုဒါယီပရိဗိုဇ်အား မြတ်စွာဘုရားသည် "ဥဒါယီ ယခုအခါ အဘယ်စကားဖြင့်

http://www.dhammadownload.com



သင်တို့စည်းဝေးနေထိုင်ကြကုန်သနည်း၊ သင်တို့၏ မပြီးဆုံးသေးသော အကြားစကားသည်ကား အဘယ်နည်း” ဟု မေးတော်မူ၏။ အသျှင်ဘုရား ယခုအခါ အကျွန်ုပ်တို့ စုဝေးထိုင်နေလျက် ပြောဆိုနေသောစကားကိုထားပါဦး၊ ဤစကားမျိုးသည် မြတ်စွာဘုရားအား နောက်အခါ၌လည်း ကြားရန် ခဲယဉ်းမည်မဟုတ်ပါ။ အသျှင်ဘုရား ဤပရိသတ်သို့ အကျွန်ုပ် ချဉ်းကပ်သောအခါ ဤပရိသတ်သည် များစွာသော ဗီလာစကားကို ပြောဆိုလျက်နေပါ၏။ အသျှင်ဘုရား ဤပရိသတ်သို့ အကျွန်ုပ်ချဉ်းကပ်သောအခါ “ရဟန်းဥဒါယိသည် ငါတို့အား တရားဟောလိမ့်မည်၊ ထိုတရားကို နားထောင်ကြကုန်အံ့” ဟု ဤပရိသတ်သည် အကျွန်ုပ်၏မျက်နှာကို မော်ကြည့်လျက်သာ နေပါ၏။ အသျှင်ဘုရား ဤပရိသတ်သို့ မြတ်စွာဘုရား ချဉ်းကပ်သော အခါ “ငါတို့အား မြတ်စွာဘုရားသည် တရားဟောလိမ့်မည်၊ ထိုတရားကို နာကြကုန်အံ့”ဟု အကျွန်ုပ်သည်ငှင်း ဤပရိသတ်သည်ငှင်း မြတ်စွာဘုရား မျက်နှာကို မော်ကြည့်လျက်သာ နေကြပါကုန်၏ ဟု (လျှောက်၏)။

၂၇၁။ ဥဒါယိ သို့ဖြစ်မူ ငါတရားဟောရမည့် အကြောင်းကို သင်စဉ်းစား၍ ပြောလော့ဟု (မိန့်တော်မူ၏)။အသျှင်ဘုရား ယခင့် ယခင် နေ့တို့က အလုံးစုံကို သိ၏၊ အလုံးစုံကို မြင်၏“ငါသွားနေသည် ဖြစ်စေ၊ ရပ်နေသည်ဖြစ်စေ၊ အိပ်နေသည်ဖြစ်စေ၊ နိုးကြားနေသည်ဖြစ်စေ၊အမြဲမပြတ် ဉာဏ်အမြင်သည် ရှေးရှုထင်၏” ဟု အကြွင်းမဲ့ ဉာဏ်အမြင်ကို ဝန်ခံသောသူသည် ရှိ၏။ ထိုပုဂ္ဂိုလ်သည် အကျွန်ုပ်က ရှေးအဖို့ကို အကြောင်းပြု၍ ပြဿနာကို မေးသည်ရှိသော် အကြောင်းတပါးဖြင့် အကြောင်းတပါးကို ဖုံးလွှမ်း၏၊ အပသို့ စကားကို ရောက်စေ၏၊ အမျက်ထွက်ခြင်း စိတ်ဆိုးခြင်း နှလုံးမသာယာခြင်းကိုလည်း ထင်စွာပြု၏။ထိုအကျွန်ုပ်အား မြတ်စွာဘုရားကိုသာလျှင် အကြောင်းပြု၍ “ဧြော် ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ ဧြော် ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား၊ မြတ်စွာဘုရားသည် ဤတရားတို့ကို ကောင်းစွာ ကျွမ်းကျင်တော်မူ၏” ဟု အောက်မေ့မိပါ၏။ ဥဒါယိ အလုံးစုံကို သိ၏၊ အလုံးစုံကို မြင်၏၊ ငါသွားနေသည်ဖြစ်စေ၊ ရပ်နေသည်ဖြစ်စေ၊ အိပ်နေသည်ဖြစ်စေ၊ နိုးကြားနေသည်ဖြစ်စေ၊ အမြဲမပြတ်ဉာဏ်အမြင်သည် ရှေးရှုထင်၏ဟု အကြွင်းမဲ့ ဉာဏ်အမြင်ကို ဝန်ခံသော ထိုပုဂ္ဂိုလ်သည် သင်က ရှေးအဖို့ကို အကြောင်းပြု၍ ပြဿနာကိုမေးသည်ရှိသော် အကြောင်းတပါးဖြင့် အကြောင်းတပါးကို ဖုံးလွှမ်း၏၊ အပသို့ စကားကို ရောက်စေ၏၊ အမျက်ထွက်ခြင်း စိတ်ဆိုးခြင်း နှလုံးမသာယာခြင်းကိုလည်း ထင်စွာပြု၏ဟု (သင်ဆို၏)။ ထိုသူသည် အဘယ်သူနည်းဟု (မေးတော်မူ၏)။ အသျှင်ဘုရား နာဋပုတ္တ၏သား နိဂဏ္ဌပါတည်းဟု (လျှောက်၏)။

ဥဒါယိ အကြင်သူသည် များစွာသော ရှေးကနေဘူးသော ခန္ဓာအစဉ်ကို အောက်မေ့ရာ၏။ ဤသည်တို့ကား အဘယ်နည်း၊ တခုသောဘဝကိုငှင်း နှစ်ခုသောဘဝတို့ကိုငှင်း။ပ။ ဤသို့ အခြင်းအရာနှင့်တကွ ညွှန်ပြဖွယ်(အမည်အနွယ်)နှင့်တကွ များသောအစီအရင်ရှိသော ရှေးက နေခဲ့ဘူးသော ခန္ဓာအစဉ်ကို အောက်မေ့ရာ၏။ ထိုသူသည် ငါ့အား ရှေးအဖို့ကို အကြောင်းပြု၍ ပြဿနာမေးခဲ့မူ ထိုသူ့အားလည်း ငါသည် ရှေးအဖို့ကို အကြောင်းပြု၍ ပြဿနာကို မေးအံ့၊ ထိုသူသည်လည်း ငါ့အား ရှေးအဖို့ကို အကြောင်းပြု၍ ပြဿနာကို ဖြေခြင်းဖြင့် စိတ်ကို နှစ်သက်စေခဲ့မူ ထိုသူ့အားလည်း ငါသည် ရှေးအဖို့ကို အကြောင်းပြု၍ ပြဿနာဖြေကြားခြင်းဖြင့် စိတ်ကို နှစ်သက်စေရာ၏။

http://www.dhammadownload.com



ဥဒါယီ အကြင်သူသည် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန်သော နတ်တို့၏ မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု'ဉာဏ်ဖြင့် သေဆဲသတ္တဝါ ဖြစ်ပေါ်ဆဲသတ္တဝါ ယုတ်သော သတ္တဝါ မြတ်သောသတ္တဝါ အဆင်းလှသောသတ္တဝါ အဆင်းမလှသောသတ္တဝါ ကောင်းသော လားရာရှိသောသတ္တဝါ မကောင်းသော လားရာရှိသောသတ္တဝါတို့ကို မြင်၍ ကံအားလျော်စွာ ဖြစ်ပေါ်သောသတ္တဝါတို့ကို သိရာ၏။ ထိုသူသည် ငါ့အား နောက်အဖို့ကို အကြောင်းပြု၍ ပြဿနာကို မေးခဲ့မူ ငါသည်လည်း ထိုသူ့အား နောက်အဖို့ကို အကြောင်းပြု၍ ပြဿနာကို မေးအံ့။ ထိုသူသည်လည်း ငါ့အား နောက်အဖို့ကို အကြောင်းပြု၍ ပြဿနာဖြေကြားခြင်းဖြင့် စိတ်ကိုနှစ်သိမ့်စေခဲ့မူ ငါသည်လည်း ထိုသူ့အား နောက်အဖို့ကို အကြောင်းပြု၍ ပြဿနာကို ဖြေကြားခြင်းဖြင့် စိတ်ကို နှစ်သိမ့်စေရာ၏။

ဥဒါယီ သို့ပင်ဖြစ်သော်လည်း ရှေးအဖို့ကို ထားဦး၊ နောက်အဖို့ကို ထားဦး၊ သင့်အား "ဤအကြောင်းရှိသော် ဤအကျိုးတရားဖြစ်၏၊ဤအကြောင်းတရားဖြစ်ခြင်းကြောင့် ဤအကျိုးတရား ဖြစ်၏၊ ဤအကြောင်းတရားမရှိသော် ဤအကျိုးတရားသည် မရှိ(မဖြစ်)၊ ဤအကြောင်းတရား ချုပ်ခြင်းကြောင့် ဤအကျိုးတရားသည် ချုပ်၏" ဟူသော တရားကို သင့်အား ဟောပေအံ့။အသျှင်ဘုရား အကျွန်ုပ်သည် ဤခန္ဓာကိုယ်ဖြင့် ခံစားဘူးသမျှ အားလုံးကိုသော်လည်း အခြင်းအရာနှင့် တကွ ညွှန်ပြဖွယ် (အမည်အနွယ်)နှင့်တကွ အောက်မေ့ခြင်းငှါ မစွမ်းနိုင်ပါ။ အကျွန်ုပ်သည် မြတ်စွာဘုရားကဲ့သို့ များစွာသော ရှေးကနေခဲ့ဘူးသော ခန္ဓာအစဉ်ကို အဘယ်မှာ အောက်မေ့နိုင်ပါအံ့နည်း။ဤခန္ဓာအစဉ်ဟူသည် အဘယ်နည်းဟူမူ—တခုသောဘဝ နှစ်ခုသောဘဝ။ပ။ဤသို့ အခြင်းအရာနှင့်တကွ ညွှန်ပြဖွယ် (အမည်အနွယ်) နှင့်တကွ များစွာသော မျိုးပြားသော ရှေး၌ နေခဲ့ဘူးသော ခန္ဓာအစဉ်ကို အဘယ်မှာ အောက်မေ့နိုင်ပါအံ့နည်း။ အသျှင်ဘုရား အကျွန်ုပ်သည် ယခုအခါ မြေဘုတ်ဘီလူးမျိုကိုသော်လည်း မမြင်ပါ၊ အကျွန်ုပ်သည် မြတ်စွာဘုရားကဲ့သို့ အထူးသဖြင့် စင်ကြယ်သော လူတို့၏မျက်စိထက် သာလွန်သော နတ်တို့၏မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု' ဉာဏ်ဖြင့် သေဆဲသတ္တဝါ ဖြစ်ပေါ်ဆဲသတ္တဝါ ယုတ်သောသတ္တဝါ မြတ်သောသတ္တဝါ အဆင်းလှသောသတ္တဝါ အဆင်းမလှသောသတ္တဝါ ကောင်းသောလားရာရှိသောသတ္တဝါ မကောင်းသော လားရာရှိသောသတ္တဝါတို့ကို အဘယ်မှာမြင်နိုင်ပါအံ့နည်း၊ ကံအားလျော်စွာ ဖြစ်ပေါ်သောသတ္တဝါတို့ကို အဘယ်မှာ သိနိုင်ပါအံ့နည်း။

အသျှင်ဘုရား မြတ်စွာဘုရားသည် အကျွန်ုပ်ကို "ဥဒါယီ သို့ပင်ဖြစ်သော်လည်း ရှေးအစွန်းကို ထားဦး၊နောက်အစွန်းကို ထားဦး၊သင့်အား 'ဤအကြောင်းရှိသော် ဤအကျိုးဖြစ်၏၊ဤအကြောင်းတရားဖြစ်ခြင်းကြောင့် ဤအကျိုးတရားဖြစ်၏၊ ဤအကြောင်းတရားမရှိသော် ဤအကျိုးတရားမဖြစ်၊ ဤအကြောင်းတရား ချုပ်ခြင်းကြောင့် ဤအကျိုးတရားချုပ်၏'ဟူသော တရားကို သင့်အား ဟောပေအံ့" ဟု အကျွန်ုပ်ကို မြတ်စွာဘုရား မိန့်တော်မူသော စကားသည် အကျွန်ုပ်အား အတိုင်းထက်အလွန် မထင်မြင်နိုင်ပါ။ အသျှင်ဘုရား အကျွန်ုပ်သည် အကယ်၍ မိမိ၏ ဆရာ့ဝါဒ၌ ပြဿနာဖြေကြားခြင်းဖြင့် မြတ်စွာဘုရား၏စိတ်ကို နှစ်သိမ့်စေနိုင်ကောင်း တန်ရာပါ၏ ဟု (လျှောက်၏)။

၂၇၂။ ဥဒါယီ သင်၏ ဆရာ့ဝါဒ၌ အဘယ်သို့ ဖြစ်သနည်း ဟု(မေးတော်မူ၏)။အသျှင်ဘုရား အကျွန်ုပ်တို့၏ မိမိဆရာ့ဝါဒ၌ "ဤသည်ကား လွန်မြတ်သော အဆင်းတည်း၊ ဤသည်ကား လွန်မြတ်သော အဆင်းတည်း" ဟု ဖြစ်ပါ၏ဟု (လျှောက်၏)။

http://www.dhammadownload.com



ဥဒါယီ သင်၏ ဆရာ့ဝါဒ၌ "ဤသည်ကား လွန်မြတ်သော အဆင်းတည်း၊ ဤသည်ကား လွန်မြတ်သောအဆင်းတည်း" ဟု မြွက်ပါ၏ဟူ၍ ဆို၏။ ထိုမြတ်သော အဆင်းဟူသည် အဘယ်နည်း ဟု (မေးတော်မူ၏)။ အသျှင်ဘုရား အကြင် အဆင်းထက် သာလွန် မွန်မြတ်သော အခြားအဆင်း သည် မရှိ၊ ထိုအဆင်းသည် မြတ်သောအဆင်း မည်ပါ၏ ဟု (လျှောက်၏)။

အကြင်အဆင်းထက် သာလွန်မွန်မြတ်သော အခြားအဆင်း မရှိသော ထိုမြတ်သောအဆင်း ဟူသည် အဘယ်နည်းဟု (မေးတော်မူ၏)။ အသျှင်ဘုရား အကြင်အဆင်းထက် သာလွန်မွန်မြတ် သော အခြားအဆင်းသည် မရှိ၊ထိုအဆင်းသည် မြတ်သောအဆင်း မည်ပါ၏ ဟု (လျှောက်၏)။

ဥဒါယီ သင်၏ ဤစကားသည် ရှည်လျားကျယ်ပျံ့လှချေ၏ "အသျှင်ဘုရား အကြင် အဆင်း ထက် သာလွန်မွန်မြတ်သော အခြားအဆင်းသည် မရှိ၊ထိုအဆင်းသည် မြတ်သောအဆင်းမည်၏"ဟု ဆိုဘိ၏၊ ထိုအဆင်းကိုလည်း မပညတ်နိုင်။ ဥဒါယီ ဥပမာအားဖြင့် "ငါသည် ဤတိုင်းနယ်၌ ကောင်းခြင်း ပြည့်ကြွယ် တိုင်းနယ်မယ် 'ဇနပဒကလျာဏီ'ကို လိုချင်၏၊ ချစ်ကြိုက်၏ဟု ဆိုသော ယောကျ်ားသည် ရှိရာ၏၊ထိုယောကျ်ားကို ဤသို့ မေးကုန်ရာ၏—"အချင်းယောကျ်ား သင်လိုချင် ချစ်ကြိုက်သော ကောင်းခြင်းပြည့်ကြွယ် တိုင်းနယ်မယ် 'ဇနပဒကလျာဏီ'ကို မင်းအမျိုးသမီးဟူ၍ ၎င်း ပုဏ္ဏားအမျိုးသမီးဟူ၍၎င်း ကုန်သည်အမျိုးသမီးဟူ၍၎င်း သူဆင်းရဲအမျိုးသမီးဟူ၍၎င်း" သိပါ၏လော ဟု (မေးကုန်ရာ၏)။ ဤသို့ မေးသော် မသိပါ ဟူ၍ ဖြေဆိုရာ၏။ ထိုယောကျ်ားကို ဤသို့ မေးကုန်ပြန်ရာ၏—"အချင်းယောကျ်ား သင်လိုချင် ချစ်ကြိုက်သော ကောင်းခြင်းပြည့် ကြွယ် တိုင်းနယ်မယ် 'ဇနပဒကလျာဏီ'ကို 'ဤအမည်ရှိ၏ဟူ၍၎င်း ဤအမျိုးအနွယ်ဖြစ်၏ဟူ၍ ၎င်း။ပ။ (အရပ်)မြင့်၏ဟူ၍၎င်း (အရပ်)နိမ့်၏ဟူ၍၎င်း အလတ်စား(မမြင့်မနိမ့်)ဖြစ်၏ဟူ၍၎င်း (အသား)မည်း၏ဟူ၍၎င်း (အသား)ဝါရွှေ၏ဟူ၍၎င်း (အသား)ညို၏'ဟူ၍၎င်း သိပါ၏လော။ 'ဤမည်သော ရွာ၌နေ၏ ဟူ၍၎င်း (ဤမည်သော)နိဂုံး၌နေ၏ဟူ၍၎င်း(ဤမည်သော)မြို့၌နေ၏' ဟူ၍၎င်း သိပါ၏လော"ဟု(မေးကုန်ရာ၏)။ဤသို့ မေးသော် မသိပါဟု ဖြေဆိုရာ၏။ထိုယောကျ်ား ကို ဤသို့ မေးကုန်ပြန်ရာ၏ "အချင်းယောကျ်ား သင်သည် မသိမမြင်ဘူးသူကို လိုချင်ချစ်ကြိုက်နေ သလော" ဟု (မေးကုန်ရာ၏)။ ဤသို့ မေးသော် ဟုတ်ရာပါ၏ ဟု ဖြေဆိုရာ၏။

ဥဒါယီ ထိုအရာကို အဘယ်သို့ ထင်မှတ်သနည်း၊ ဤသို့ဖြစ်လျှင် ထိုယောကျ်ား၏စကား သည် အခြေအမြစ်မရှိသော စကား[၁] ဖြစ်နေသည် မဟုတ်လော ဟု(မေးတော်မူ၏)။အသျှင်ဘုရား ဤသို့ဖြစ်လျှင် ထိုယောကျ်ား၏စကားသည် အခြေအမြစ်မရှိသောစကား မချွတ်ပင် ဖြစ်နေပါ၏ ဟု(လျှောက်၏)။

ဥဒါယီ အသင်သည် ဤအတူသာလျှင်"အသျှင်ဘုရား အကြင်အဆင်းထက် သာလွန်မွန်မြတ် သော အခြားအဆင်းသည် မရှိ၊ ထိုအဆင်းသည် မြတ်သောအဆင်းဖြစ်၏"ဟု ဆို၏။ထိုအဆင်းကို လည်း မပညတ်နိုင် ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား ဥပမာအားဖြင့် အလွန်တောက်ပသော အမျိုးမှန်သော ရှစ်မြှောင့်ရှိသော ကောင်းစွာ ပြုပြင်ပြီးဖြစ်သော ဝေဠုရိယကြောင်မျက်ရွဲရတနာကို ကမ္ဗလာနီပေါ်၌ ချထားသည်

[၁] အပ္ပါဋိဟီရကသန္တိ ဒနိယျာနိကံ အမူလကံ နိဗ္ဗတ္တကံ သမ္ပဇ္ဇတိ (အဋ္ဌကထာ)။

http://www.dhammadownload.com



ရှိသော် အရောင်ထွက်၏၊ ထွန်းတောက်၏၊ တင့်တယ်၏၊ အတ္တသည် ဤသို့သောအဆင်းရှိ၏၊ သေသည်မှ နောက်၌ မြဲ၏ ဟု (လျှောက်၏)။

၂၇၃။ ဥဒါယိ ထိုအရာကို အဘယ်သို့ ထင်မှတ်သနည်း၊ အလွန်တောက်ပသော အမျိုးမှန်သောရှစ်မြောင့်ရှိသော ကောင်းစွာ ပွတ်ပြင်ပြီးဖြစ်သော ကမ္ဗလာနီပေါ် ၌ ချထားအပ်သော အရောင်ထွက်သော ထွန်းတောက်သော တင့်တယ်သော ဝေဠုရိယကြောင်မျက်ရွဲရတနာရောင်နှင့် မှောင်မိုက်သော ညဉ့်အခါ ထွက်သော ပိုးစုံးကြူးရောင် နှစ်မျိုးတို့တွင် အဘယ်အရောင်သည် သာလွန်ကောင်းမြတ်သနည်း ဟု (မေးတော်မူ၏)။ အသျှင်ဘုရား ဤအရောင်နှစ်မျိုးတို့တွင် မှောင်မိုက်သော ညဉ့်အခါ၌(ထွက်သော)ပိုးစုံးကြူးရောင်သည် သာလွန်ကောင်းမြတ်ပါ၏ဟု(လျှောက်၏)။

ဥဒါယိ ထိုအရာကို အဘယ်သို့ ထင်မှတ်သနည်း၊ မှောင်မိုက်သော ညဉ့်အခါ၌ (ထွက်သော) ပိုးစုံးကြူးရောင်နှင့် မှောင်မိုက်သော ညဉ့်အခါ၌(ထွန်းညှိသော)ဆီမီးရောင်နှစ်မျိုးတို့တွင် အဘယ်အရောင်သည် သာလွန်ကောင်းမြတ်သနည်း ဟု (မေးတော်မူ၏)။ အသျှင်ဘုရား ဤအရောင်နှစ်မျိုးတို့တွင် မှောင်မိုက်သောညဉ့်အခါ၌(ထွန်းညှိသော)ဆီမီးရောင်သည် သာလွန်ကောင်းမြတ်ပါ၏ ဟု (လျှောက်၏)။

ဥဒါယိ ထိုအရာကို အဘယ်သို့ ထင်မှတ်သနည်း၊ မှောင်မိုက်သော ညဉ့်အခါ၌ (ထွန်းညှိသော) ဆီမီးရောင်နှင့် မှောင်မိုက်သော ညဉ့်အခါ၌(တောက်လောင်သော)မီးပုံကြီးရောင် နှစ်မျိုးတို့တွင် အဘယ်အရောင်သည် သာလွန်ကောင်းမြတ်သနည်း ဟု (မေးတော်မူ၏)။ အသျှင်ဘုရား ဤအရောင်နှစ်မျိုးတို့တွင် မှောင်မိုက်သောညဉ့်အခါ၌ (တောက်လောင်သော) မီးပုံကြီးအရောင်သည် သာလွန်ကောင်းမြတ်ပါ၏ဟု (လျှောက်၏)။

ဥဒါယိ ထိုအရာကို အဘယ်သို့ ထင်မှတ်သနည်း၊ မှောင်မိုက်သောညဉ့်အခါ၌ (တောက်လောင်သော)မီးပုံကြီးရောင်နှင့် ညဉ့်မိုးသောက်ယံအခါ မိုးတိမ်ကင်းသည့် ကောင်းကင်မြင့်၌ (ထွက်ပြူသော)သောက်ရှူးကြယ်ရောင် နှစ်မျိုးတို့တွင် အဘယ်အရောင်သည် သာလွန်ကောင်းမြတ်သနည်း ဟု (မေးတော်မူ၏)။ အသျှင်ဘုရား ဤအရောင်နှစ်မျိုးတို့တွင် ညဉ့်မိုးသောက်ယံအခါ မိုးတိမ်ကင်းသည့် ကောင်းကင်မြင့်၌(ထွက်ပြူသော)သောက်ရှူးကြယ်ရောင်သည် သာလွန်ကောင်းမြတ်ပါ၏ဟု (လျှောက်၏)။

ဥဒါယိ ထိုအရာကို အဘယ်သို့ ထင်မှတ်သနည်း၊ ညဉ့်မိုးသောက်ယံအခါ မိုးတိမ်ကင်းသည့် ကောင်းကင်မြင့်၌ (ထွက်ပြူသော) သောက်ရှူးကြယ်ရောင်နှင့် တဆယ့်ငါးရက်မြောက် ဥပုသ်နေ့ မိုးတိမ်ကင်းသည့် ကောင်းကင်မြင့်၌ တည့်မတ်သော သန်ကောင်ယံ အချိန်တွင် (ထွန်းလင်းသော) လရောင် နှစ်မျိုးတို့တွင် အဘယ်အရောင်သည် သာလွန်ကောင်းမြတ်သနည်းဟု (မေးတော်မူ၏)။ အသျှင်ဘုရား ဤအရောင်နှစ်မျိုးတို့တွင် တဆယ့်ငါးရက်မြောက် ဥပုသ်နေ့ မိုးတိမ်ကင်းသည့် ကောင်းကင်မြင့်၌ တည့်မတ်သော သန်ကောင်ယံအချိန်တွင် (ထွန်းလင်းသော) လရောင်သည် သာလွန်ကောင်းမြတ်ပါ၏ ဟု (လျှောက်၏)။

ဥဒါယိ ထိုအရာကို အဘယ်သို့ ထင်မှတ်သနည်း၊ တဆယ့်ငါးရက်မြောက် ဥပုသ်နေ့မိုးတိမ်ကင်းသည့် ကောင်းကင်မြင့်၌ တည့်မတ်သော သန်ကောင်ယံအချိန်တွင် (ထွန်းလင်းသော)

http://www.dhammadownload.com



လရောင်နှင့် မိုးလတို့၏ နောက်ဆုံး တန်ဆောင်မုန်းလအခါ မိုးတိမ်ကင်းသည့် ကောင်းကင်မြင့်၌ မွန်းမတ်မတ်တည့်ချိန်တွင် (ထွန်းလင်းသော) နေရောင် နှစ်မျိုးတို့တွင် အဘယ် အရောင်သည် သာလွန်ကောင်းမြတ်သနည်း ဟု (မေးတော်မူ၏)။ အသျှင်ဘုရား ဤအရောင်နှစ်မျိုးတို့တွင် မိုးလတို့၏နောက်ဆုံး တန်ဆောင်မုန်းလအခါ မိုးတိမ်ကင်းသည့် ကောင်းကင်မြင့်၌ မွန်းမတ်မတ်တည့်ချိန်တွင်(ထွန်းလင်းသော)နေရောင်သည် သာလွန်ကောင်းမြတ်ပါ၏ ဟု (လျှောက်၏)။

ဥဒါယိ လနေတို့၏အလင်းရောင်ကို မခံစားသော နတ်တို့သည် လနေတို့၏အလင်းရောင်ကို ခံစားသောနတ်တို့ထက် သာလွန်များပြားကုန်၏၊ ထိုနတ်တို့ကို ငါသိ၏။ ထိုသို့ပင်သိသော်လည်း "အကြင်အဆင်းထက် သာလွန်မွန်မြတ်သော အခြားအဆင်း မရှိ"ဟူ၍ ငါမဆို။ ဥဒါယိ ထိုသို့ ဖြစ်လျက် "အကြင်အဆင်းသည် ပိုးစုံးကြူးအောက်လည်း ယုတ်ညံ့၏၊ အောက်တန်းကျ၏၊ ထို အဆင်းကို မြတ်သောအဆင်း"ဟု သင်ဆိုဘိ၏၊ထိုအဆင်းကိုလည်း မပညတ်နိုင်ဟု(မိန့်တော်မူ၏)။ မြတ်စွာဘုရား စကားတော်သည် အံ့ဩဖွယ် ရှိလှပါ၏၊ ကောင်းသောစကားကိုသာ ဆိုတော်မူတတ်သော မြတ်စွာဘုရား စကားတော်သည် အံ့ဩဖွယ် ရှိလှပါ၏ ဟု (လျှောက်၏)။

ဥဒါယိ သင်သည် အဘယ်အကြောင်းကြောင့်"မြတ်စွာဘုရား စကားတော်သည် အံ့ဩဖွယ် ရှိလှပါ၏၊ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား စကားတော်သည် အံ့ဩဖွယ် ရှိလှပါ၏"ဟု ဆိုဘိသနည်း ဟု(မေးတော်မူ၏)။ အသျှင်ဘုရား အကျွန်ုပ်တို့၏ မိမိဆရာ့အယူဝါဒ၌ "ဤသည်ကား လွန်မြတ်သောအဆင်းတည်း၊ ဤသည်ကား လွန်မြတ်သော အဆင်းတည်း"ဟု အယူဝါဒဖြစ်ပါ၏။ အသျှင်ဘုရား ထိုအကျွန်ုပ်တို့သည် မြတ်စွာဘုရားက မိမိဆရာ့အယူဝါဒ၌ မေးစစ်သည်ရှိသော် စိစစ်သည်ရှိသော် ဆိဆုံးမသည်ရှိသော် ဆိတ်သုဉ်းကြပါကုန်၏၊ အချည်းနှီး ဖြစ်ကြပါကုန်၏၊ လွဲချော်ကြပါကုန်၏ဟု(လျှောက်၏)။

၂၇၄။ ဥဒါယိ စင်စစ် ချမ်းသာသော လောကသည် ရှိသလော၊ စင်စစ် ချမ်းသာသော လောကကို မျက်မှောက်ပြုရန် အထောက်အထားခိုင်လုံသော အကျင့်သည် ရှိပါသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား အကျွန်ုပ်တို့၏ မိမိဆရာ့အယူဝါဒ၌ "စင်စစ် ချမ်းသာသော လောကသည် ရှိပါ၏၊ စင်စစ် ချမ်းသာသောလောကကို မျက်မှောက်ပြုရန် အထောက်အထား ခိုင်လုံသော အကျင့်သည် ရှိပါ၏" ဟု (လျှောက်၏)။

ဥဒါယိ စင်စစ် ချမ်းသာသော လောကကို မျက်မှောက်ပြုရန် အထောက်အထားခိုင်လုံသော အကျင့်ဟူသည် အဘယ်နည်း ဟု (မေးတော်မူ၏)။ အသျှင်ဘုရား ဤလောက၌ အချို့သူသည် အသက်သတ်ခြင်းကို ပယ်၍ အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏၊ မပေးသည်ကို ယူခြင်းကို ပယ်၍ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်၏၊ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းကိုပယ်၍ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်၏၊ မဟုတ်မမှန် ပြောဆိုခြင်းကို ပယ်၍ မဟုတ်မမှန် ပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊ ထို့ပြင် အကျင့်ဂုဏ်တမျိုးမျိုးကို ဆောက်တည်၍ ကျင့်၏။ အသျှင်ဘုရား ဤသည်ကား စင်စစ် ချမ်းသာသောလောကကို မျက်မှောက်ပြုရန် အထောက်အထား ခိုင်လုံသော အကျင့်ပါတည်းဟု (လျှောက်၏)။

ဥဒါယိ ထိုအရာကို အဘယ်သို့ ထင်မှတ်သနည်း၊ အသက်သတ်ခြင်းကို ပယ်၍ အသက်သတ်ခြင်းမှ ရှောင်ကြဉ်သောအခါ၌ ခန္ဓာကိုယ် အတ္တဘောသည် စင်စစ်ချမ်းသာရှိသလော၊ ချမ်းသာ

http://www.dhammadownload.com



ဆင်းရဲ တွဲလျက်ရှိသလော ဟု (မေးတော်မူ၏)။ အသျှင်ဘုရား ချမ်းသာဆင်းရဲ တွဲလျက် ရှိပါ၏ (ဟု လျှောက်၏)။

ဥဒါယိ ထိုအရာကို အဘယ်သို့ ထင်မှတ်သနည်း၊မပေးသည်ကို ယူခြင်းကိုပယ်၍ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်သောအခါ၌ ခန္ဓာကိုယ်အတ္တဘောသည် စင်စစ်ချမ်းသာရှိသလော၊ ချမ်းသာ ဆင်းရဲ တွဲလျက်ရှိသလော ဟု (မေးတော်မူ၏)။ အသျှင်ဘုရား ချမ်းသာ ဆင်းရဲ တွဲလျက်ရှိပါ၏ (ဟု လျှောက်၏)။

ဥဒါယိ ထိုအရာကို အဘယ်သို့ ထင်မှတ်သနည်း၊ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းကို ပယ်၍ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်သောအခါ၌ ခန္ဓာကိုယ်အတ္တဘောသည် စင်စစ်ချမ်းသာရှိသလော၊ ချမ်းသာဆင်းရဲ တွဲလျက်ရှိသလော ဟု (မေးတော်မူ၏)။ အသျှင်ဘုရား ချမ်းသာ ဆင်းရဲ တွဲလျက် ရှိပါ၏ (ဟု လျှောက်၏)။

ဥဒါယိ ထိုအရာကို အဘယ်သို့ ထင်မှတ်သနည်း၊ မဟုတ်မမှန်ပြောဆိုခြင်းကိုပယ်၍ မဟုတ်မမှန်ပြောဆိုခြင်းမှ ရှောင်ကြဉ်သောအခါ၌ စင်စစ် ချမ်းသာရှိသလော၊ ချမ်းသာဆင်းရဲ တွဲလျက်ရှိသလော ဟု (မေးတော်မူ၏)။ အသျှင်ဘုရား ချမ်းသာဆင်းရဲ တွဲလျက်ရှိပါ၏(ဟု လျှောက်၏)။

ဥဒါယိ ထိုအရာကို အဘယ်သို့ ထင်မှတ်သနည်း၊ အကျင့်ဂုဏ် တမျိုးမျိုးကို ဆောက်တည်၍ ကျင့်သောအခါ၌ ခန္ဓာကိုယ် အတ္တဘောသည် စင်စစ် ချမ်းသာရှိသလော၊ ချမ်းသာ ဆင်းရဲ တွဲလျက် ရှိသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား ချမ်းသာဆင်းရဲ တွဲလျက်ရှိပါ၏ (ဟု လျှောက်၏)၊

ဥဒါယိ ထိုအရာကို အဘယ်သို့ ထင်မှတ်သနည်း၊ ရောပြွမ်းသော ချမ်းသာ ဆင်းရဲမှု ရှိသော အကျင့်ကို အစွဲပြု၍ စင်စစ် ချမ်းသာသော လောကကို မျက်မှောက်ပြုရန် ဖြစ်နိုင်ရာအံ့လော ဟု (မေးတော်မူ၏)။ မြတ်စွာဘုရား စကားတော်သည် အံ့ဩဖွယ် ကောင်းလှပါ၏၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား စကားတော်သည် အံ့ဩဖွယ် ကောင်းလှပါ၏ (ဟု လျှောက်၏)။

ဥဒါယိ သင်သည် အဘယ်အကြောင်းကြောင့် "မြတ်စွာဘုရား စကားတော်သည် အံ့ဩဖွယ် ကောင်းလှပါ၏၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား စကားတော်သည် အံ့ဩဖွယ် ကောင်းလှပါ၏" ဟု ဆိုဘိသနည်းဟု (မေးတော်မူ၏)။ အသျှင်ဘုရား အကျွန်ုပ်တို့၏ မိမိဆရာ့အယူဝါဒ၌ "စင်စစ် ချမ်းသာသောလောကသည် ရှိ၏၊ စင်စစ် ချမ်းသာသောလောကကို မျက်မှောက်ပြုရန် အထောက်အထား ခိုင်လုံသော အကျင့်သည် ရှိ၏" ဟူသော အယူဝါဒသည် ဖြစ်ပါ၏။ အသျှင်ဘုရား အကျွန်ုပ်တို့သည် မြတ်စွာဘုရားက မိမိဆရာ့အယူဝါဒ၌ မေးစစ်သည် ရှိသော် စိစစ်သည်ရှိသော် ဆိုဆုံးမသည်ရှိသော် ဆိတ်သုဉ်းကြပါကုန်၏၊ အချည်းနှီး ဖြစ်ကြပါကုန်၏၊ လွဲချော်ပါကုန်၏ ဟု (လျှောက်၏)။

၂၇၅။ အသျှင်ဘုရား စင်စစ် ချမ်းသာသော လောကသည် ရှိပါသလော၊ စင်စစ် ချမ်းသာသော လောကကို မျက်မှောက်ပြုရန် အထောက်အထား ခိုင်လုံသော အကျင့်သည်ရှိပါသလော ဟု (လျှောက်၏)။ ဥဒါယိ စင်စစ် ချမ်းသာသော လောကသည် ရှိသည်သာတည်း၊ စင်စစ် ချမ်းသာ

http://www.dhammadownload.com



သော လောကကို မျက်မှောက်ပြုရန် အထောက်အထား ခိုင်လုံသော အကျင့်သည် ရှိသည် သာတည်း ဟု(မိန့်တော်မူ၏)။

အသျှင်ဘုရား စင်စစ် ချမ်းသာသော လောကကို မျက်မှောက်ပြုရန် အထောက်အထား ခိုင်လုံသော အကျင့်ဟူသည် အဘယ်ပါနည်း ဟု (လျှောက်၏)။ ဥဒါယိ ဤသာသနာတော်၌ ရဟန်းသည် ကာမဂုဏ်တရားတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ပဌမစျာန်သို့ ရောက်၍ နေ၏။ ဝိတက် ဝိစာရတို့၏ ငြိမ်းခြင်းကြောင့်။ပ။ ဒုတိယစျာန်သို့ ရောက်၍ နေ၏။ ပီတိ၏ ကင်းခြင်းကြောင့် ပီတိကို စက်ဆုပ်ခြင်းကြောင့် ။ပ။ တတိယစျာန်သို့ ရောက်၍နေ၏။ ဥဒါယိ စင်စစ် ချမ်းသာသော လောကကို မျက်မှောက်ပြုရန် အထောက်အထား ခိုင်လုံသော ထိုအကျင့်ဟူသည် ဤသည်ပင်တည်း ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား ထို(ငါးပါးသီလ)အကျင့်သည် စင်စစ်ချမ်းသာသော လောကကို မျက်မှောက် ပြုရန် အထောက်အထား ခိုင်လုံသော အကျင့်မဟုတ်သေးပါ၊အသျှင်ဘုရား ဤမျှ အတိုင်းအရှည် ရှိသော (တတိယစျာန်)အကျင့်ဖြင့် ထိုသူသည် စင်စစ် ချမ်းသာသော လောကကို မျက်မှောက် ပြုပြီးသာ ဖြစ်ပါ၏ ဟု (လျှောက်၏)။ ဥဒါယိ ဤမျှ အတိုင်းအရှည်ရှိသော (တတိယစျာန်) အကျင့်ဖြင့် ထိုသူသည် စင်စစ် ချမ်းသာသော လောကကို မျက်မှောက်ပြုပြီး မဟုတ်သေး၊ ထို(တတိယစျာန်)အကျင့်သည် စင်စစ် ချမ်းသာသော လောကကို မျက်မှောက်ပြုရန် အထောက် အထား ခိုင်လုံရုံမျှသာ ဖြစ်သေး၏ဟု (မိန့်တော်မူ၏)။

ဤသို့ မိန့်တော်မူသော် သကုလုဒါယီပရိဗိုဇ်၏ ပရိသတ်တို့သည် "ဤအရာ၌ ငါတို့သည် ဆရာနှင့် တကွ ပျက်စီးကြကုန်၏၊ ဤအရာ၌ ငါတို့သည် ဆရာနှင့်တကွ ပျက်စီးကြကုန်၏၊ ငါတို့သည် ဤထက်အလွန် ထူးကဲသည်ကို မသိကြကုန်" ဟု ပဲ့တင်ထပ်မျှ ပြင်းပြကျယ်လောင်သော အသံကို ပြုကြကုန်၏။

ထိုအခါ သကုလုဒါယီပရိဗိုဇ်သည် တိတ်ဆိတ်အောင်ပြု၍ မြတ်စွာဘုရားအား "အသျှင် ဘုရား ထိုသူသည် အဘယ်သို့သော အတိုင်းအရှည်ဖြင့် စင်စစ် ချမ်းသာသော လောကကို မျက်မှောက်ပြုပါသနည်း"ဟု (လျှောက်၏)။ ဥဒါယိ ဤသာသနာတော်၌ ရဟန်းသည် သုခကို ပယ်ခြင်းကြောင့်ငှင်း။ပ။ စတုတ္ထစျာန်သို့ ရောက်၍ နေ၏၊ စင်စစ် ချမ်းသာသော လောကသို့ ကပ်ရောက်ကြသော နတ်တို့နှင့်အတူ ကောင်းစွာတည်ရ၏၊ ကောင်းစွာ စကားပြောရ၏၊ ဆွေးနွေးရ၏၊ ဥဒါယိ ထိုသူသည် ဤမျှ အတိုင်းအရှည်ဖြင့် စင်စစ် ချမ်းသာသော လောကကို မျက်မှောက်ပြု၏ ဟု (မိန့်တော်မူ၏)။

၂၇၆။ အသျှင်ဘုရား ရဟန်းတို့သည် ဤစင်စစ် ချမ်းသာသော လောကကို မျက်မှောက် ပြုလိုသောကြောင့် မြတ်စွာဘုရားအထံ၌ မြတ်သောအကျင့်ကို ကျင့်သုံးကြကုန်သလော ဟု (လျှောက်၏)။ ဥဒါယိ ရဟန်းတို့သည် စင်စစ် ချမ်းသာသော လောကကို မျက်မှောက်ပြုလို သောကြောင့် ငါ့အထံ၌ မြတ်သောအကျင့်ကို ကျင့်ကြသည် မဟုတ်ကုန်၊ ဥဒါယိ သာလွန် မွန်မြတ် သော အခြားတရားတို့သည် ရှိကုန်သေး၏၊ ယင်းတရားတို့ကို မျက်မှောက်ပြုလိုသောကြောင့် ရဟန်းတို့သည် ငါ့အထံ၌ မြတ်သောအကျင့်ကို ကျင့်ကြကုန်၏ ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



အသျှင်ဘုရား ရဟန်းတို့သည် မြတ်စွာဘုရားအထံ၌ မြတ်သောအကျင့်ကို ကျင့်သုံးနေကြကြောင်း ဖြစ်သော မျက်မှောက်ပြုရမည့် သာလွန်မွန်မြတ်သော တရားတို့ဟူသည် အဘယ်တို့ ပါနည်း ဟု (လျှောက်၏)။ ဥဒါယိ ဤလောက၌ 'ပူဇော်အထူးကို ခံတော်မူထိုက်သော'/(အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော အသိဉာဏ် 'ဝိဇ္ဇာ'အကျင့် 'စရဏ'နှင့် ပြည့်စုံတော်မူသော ကောင်းသောစကားကို ဆိုတော်မူတတ်သော လောကကို သိတော်မူသော ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ ပုဂ္ဂိုလ် ဖြစ်တော်မူသော နတ်လူတို့၏ဆရာဖြစ်တော်မူသော သစ္စာလေးပါးတရားကို သိစေတော်မူသော ဘုန်းတန်ခိုးကြီးတော်မူသော မြတ်စွာဘုရားသည် ဤလောက၌ ပွင့်တော်မူ၏။ပ။ ထိုရဟန်းသည် စိတ်ညစ်ညူးကြောင်းဖြစ်၍ ပညာအားနည်းခြင်းကို ပြုတတ်သော ဤနီဝရဏတရား ငါးပါးတို့ကို ပယ်၍ ကာမဂုဏ်တရားတို့မှ ဆိတ်၍သာလျှင် ။ပ။ ပဌမဈာန်သို့ရောက်၍နေ၏။ ဥဒါယိ ဤသည်လည်း ရဟန်းတို့သည် ငါ့အထံ၌ မြတ်သောအကျင့်ကို ကျင့်သုံးနေကြကြောင်းဖြစ်သော မျက်မှောက်ပြုရမည့် သာလွန် မွန်မြတ်သော တရားပင်တည်း။

ဥဒါယိ တဖန် ထို့ပြင်လည်း ဝိတက် ဝိစာရတို့၏ ငြိမ်းခြင်းကြောင့် ဒုတိယဈာန်။ တတိယဈာန်။ စတုတ္ထဈာန်သို့ ရောက်၍နေ၏။ ဥဒါယိ ဤသည်လည်း ရဟန်းတို့သည် ငါ့အထံ၌ မြတ်သော အကျင့်ကို ကျင့်သုံးနေကြကြောင်းဖြစ်သော မျက်မှောက်ပြုရမည့် သာလွန်မွန်မြတ်သော တရားပင်တည်း။

ထိုရဟန်းသည် ဤသို့ တည်ကြည်သောစိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်းကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါ သင့်လျော်လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ရှေး၌နေခဲ့ဘူးသော ခန္ဓာအစဉ်ကို အောက်မေ့တတ်သော ဉာဏ်အကျိုးငှါ စိတ်ကို ရှေးရှုညွတ်စေ၏၊ ထိုရဟန်းသည် များပြားသော ရှေး၌ နေခဲ့ဘူးသော ခန္ဓာအစဉ်ကို အောက်မေ့နိုင်၏။ ဤသည်ကား အဘယ်နည်း၊ တခုသောဘဝကိုလည်း နှစ်ခုသောဘဝတို့ကိုလည်း။ပ။ ဤသို့ အခြင်းအရာနှင့်တကွ ညွှန်ပြဖွယ် (အမည်အနွယ်)နှင့်တကွ များပြားသော ရှေး၌နေခဲ့ဘူးသော ခန္ဓာအစဉ်ကို အောက်မေ့နိုင်၏။ ဥဒါယိ ဤသည်လည်း ရဟန်းတို့သည် ငါ့အထံ၌ မြတ်သောအကျင့်ကို ကျင့်သုံးနေကြကြောင်းဖြစ်သော မျက်မှောက်ပြုရမည့် သာလွန် မွန်မြတ်သော တရားပင်တည်း။

ထိုရဟန်းသည် ဤသို့ တည်ကြည်သောစိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်းကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါ သင့်လျော်လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် သတ္တဝါတို့၏ စုတိပဋိသန္ဓေကို သိတတ်သော ဉာဏ်အကျိုးငှါ စိတ်ကို ရှေးရှု ညွတ်စေ၏၊ ထိုရဟန်းသည် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန်သော နတ်တို့၏ မျက်စိနှင့် တူသော 'ဒိဗ္ဗစက္ခု' ဉာဏ်ဖြင့် သေဆဲသတ္တဝါ ဖြစ်ပေါ်ဆဲသတ္တဝါ ယုတ်သောသတ္တဝါ မြတ်သောသတ္တဝါ အဆင်းလှသောသတ္တဝါ အဆင်းမလှသောသတ္တဝါ ကောင်းသောလားရာရှိသောသတ္တဝါ မကောင်းသောလားရာရှိသောသတ္တဝါတို့ကို မြင်၏။ပ။ ကံအားလျော်စွာ ဖြစ်ပေါ်သော သတ္တဝါတို့ကို အပြားအားဖြင့် သိ၏။ ဥဒါယိ ဤသည်လည်း ရဟန်းတို့သည် ငါ့အထံ၌ မြတ်သောအကျင့်ကို ကျင့်သုံးနေကြကြောင်းဖြစ်သော မျက်မှောက်ပြုရမည့် သာလွန်မွန်မြတ်သော တရားပင်တည်း။

ထိုရဟန်းသည် ဤသို့ တည်ကြည်သော စိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်းကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါ သင့်လျော်လတ်

http://www.dhammadownload.com



သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် အာသဝေါတရားတို့၏ ကုန်ရာဖြစ်သော 'အာသဝက္ခယဉာဏ်'အလို့ငှါ စိတ်ကို ရှေးရှုဆောင်၏၊ ရှေးရှုညွတ်စေ၏၊ ထိုရဟန်းသည် ဤတရားကား ဆင်းရဲဟု ဟုတ်တိုင်းမှန်စွာ သိ၏၊ ဤတရားကား ဆင်းရဲဖြစ်ကြောင်းဟု။ပ။ ဤတရားကား ဆင်းရဲချုပ်ငြိမ်းရာ(နိဗ္ဗာန်)ဟု ဤတရားကား ဆင်းရဲချုပ်ငြိမ်းရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်းအကျင့်ဟု ဟုတ်တိုင်းမှန်စွာသိ၏၊ ဤတရားတို့ကား အာသဝေါတရားတို့ ဟု ဟုတ်တိုင်းမှန်စွာသိ၏၊ ဤတရားကား အာသဝေါတရားတို့၏ ဖြစ်ကြောင်းဟု ဟုတ်တိုင်းမှန်စွာ သိ၏၊ဤတရားကား အာသဝေါတရားတို့၏ချုပ်ရာ (နိဗ္ဗာန်)ဟု ဟုတ်တိုင်းမှန်စွာ သိ၏၊ ဤတရားကား အာသဝေါတရားတို့၏ချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ဟု ဟုတ်တိုင်းမှန်စွာသိ၏။ဤသို့ သိသော ဤသို့ မြင်သော ထိုရဟန်း၏စိတ်သည် ကာမာသဝမှလည်း လွတ်မြောက်၏၊ ဘဝါသဝမှလည်း လွတ်မြောက်၏၊အဝိဇ္ဇာသဝမှလည်း လွတ်မြောက်၏၊လွတ်မြောက်ပြီးသော အရဟတ္တဖိုလ်၌ လွတ်မြောက်ပြီဟု အသိဉာဏ် ဖြစ်ပေါ်၏၊ "ပဋိသန္ဓေနေမှုကုန်ပြီ၊ မြတ်သော အကျင့်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်(မဂ်)ကိစ္စကို ပြုပြီးပြီ၊(မဂ်)ကိစ္စမှတပါး အခြားပြုဖွယ်ကိစ္စ မရှိပြီ"ဟု သိ၏။ ဥဒါယီ ဤသည်လည်း ရဟန်းတို့သည် ငါ့အထံ၌ မြတ်သောအကျင့်ကို ကျင့်သုံးနေကြကြောင်းဖြစ်သော မျက်မှောက်ပြုရမည့် သာလွန်မွန်မြတ်သော တရားပင်တည်း။ ဥဒါယီ ရဟန်းတို့သည် ငါ့အထံ၌ မြတ်သော အကျင့်ကို ကျင့်သုံးနေကြကြောင်းဖြစ်သော မျက်မှောက်ပြုရမည့် သာလွန်မွန်မြတ်သော တရားတို့ဟူသည် ဤတရားတို့ပင်တည်း ဟု (မိန့်တော်မူ၏)။

၂၇၇။ ဤသို့ မိန့်တော်မူသည်ရှိသော် ဥဒါယီပရိဗိုဇ်သည် မြတ်စွာဘုရားကို "အသျှင်ဘုရား (တရားတော်သည်)အံလွန် နှစ်သက်ဖွယ်ရှိပါ၏၊ အသျှင်ဘုရား (တရားတော်သည်)အလွန်နှစ်သက်ဖွယ် ရှိပါ၏၊ အသျှင်ဘုရား ဥပမာသော်ကား မှောက်ထားသော ဝတ္ထုကို လှန်ဘိသကဲ့သို့ရှင်း ဖုံးလွှမ်းထားသော ဝတ္ထုကို ဖွင့်လှစ်ဘိသကဲ့သို့ရှင်း မျက်စိလည်သောသူအား လမ်းမှန်ကို ပြောကြားဘိသကဲ့သို့ရှင်း 'မျက်စိရှိသောသူတို့သည် အဆင်းတို့ကို မြင်ကြလိမ့်မည်'ဟု အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ဆောင်ပြဘိသကဲ့သို့ရှင်း ဤအတူသာလျှင် အသျှင်ဂေါတမသည် အကြောင်းအမျိုးမျိုးဖြင့် တရားတော်ကို ပြတော်မူ၏၊ အကျွန်ုပ်သည် အသျှင်ဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊တရားတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သံဃာတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ အသျှင်ဘုရား အကျွန်ုပ်သည် မြတ်စွာဘုရား အထံတော်၌ ရှင်အဖြစ်ကို ရလိုပါ၏၊ ပဉ္စင်းအဖြစ်ကို ရလိုပါ၏ဟု (လျှောက်၏)။

ဤသို့ လျှောက်သည်ရှိသော် သကုလုဒါယီပရိဗိုဇ်၏ ပရိသတ်တို့သည် သကုလုဒါယီပရိဗိုဇ်ကို "အသျှင်ဥဒါယီ အသျှင်ဥဒါယီသည် ရဟန်းဂေါတမအထံ၌ မြတ်သော အကျင့်ကို မကျင့်ပါလင့်၊ အသျှင်ဥဒါယီသည် ဆရာတဆူ ဖြစ်ပြီးလျက် တပည့်နေ နေခြင်းကို မနေပါလင့်၊ ဥပမာအားဖြင့် အိုးစရည်းကြီး ဖြစ်ပြီးလျက် ရေသယ်အိုး ဖြစ်ရာသကဲ့သို့ အသျှင်ဥဒါယီအားလည်း ဖြစ်ပါလတ္တံ့။ အသျှင်ဥဒါယီသည် ရဟန်းဂေါတမအထံ၌ မြတ်သောအကျင့်ကို မကျင့်ပါလင့်။ အသျှင်ဥဒါယီသည် ဆရာတဆူ ဖြစ်ပြီးလျက် တပည့်နေ နေခြင်းကို မနေပါလင့်"ဟု ပြောဆိုကြကုန်၏။ ဤသို့လျှင် သကုလုဒါယီပရိဗိုဇ်ပရိသတ်သည် သကုလုဒါယီပရိဗိုဇ်ကို မြတ်စွာဘုရားအထံ၌ မြတ်သောအကျင့်ကို ကျင့်ခြင်း၌ အန္တရာယ်ကို ပြုလေသတည်း။

ကိုးခုမြောက် စူဠသကုလုဒါယိသုတ် ပြီး၏။

http://www.dhammadownload.com



## ၁၀-ဝေခနသသုတ်

၂၇၈။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ ဝေခနသပရိဗိုဇ်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆိုပြီးဆုံးစေကာ တခုသောနေရာ၌ ရပ်တည်လျက် မြတ်စွာဘုရား အထံတော်၌ "ဤသည်ကား လွန်မြတ်သော အဆင်းတည်း၊ ဤသည်ကား လွန်မြတ်သော အဆင်းတည်း"ဟု ဥဒါန်းကျူးရင့်၏။

ကစ္စာန အဘယ့်ကြောင့် သင်သည်"ဤသည်ကား လွန်မြတ်သော အဆင်းတည်း၊ ဤသည်ကား လွန်မြတ်သောအဆင်းတည်း" ဟု ဆိုဘိသနည်း။ ကစ္စာန ထိုမြတ်သောအဆင်းဟူသည် အဘယ်နည်း ဟု (မေးတော်မူ၏)။ အသျှင်ဂေါတမ အကြင်အဆင်းထက် သာလွန်မွန်မြတ်သော အခြားအဆင်းသည် မရှိ၊ ထိုအဆင်းသည် မြတ်သောအဆင်းမည်၏ ဟု (လျှောက်၏)။ ကစ္စာန အကြင်အဆင်းထက် သာလွန်မွန်မြတ်သော အခြားအဆင်းသည် မရှိ၊ ထိုအဆင်းဟူသည် အဘယ်နည်း။ အသျှင်ဂေါတမ အကြင်အဆင်းထက် သာလွန်မွန်မြတ်သော အခြားအဆင်းသည် မရှိ၊ ထိုအဆင်းသည် မြတ်သောအဆင်း မည်ပါ၏ ဟု (လျှောက်၏)။ ကစ္စာန သင်၏ ဤစကားသည် ရှည်လျားပျံ့ကျယ်လှချေ၏၊ "အသျှင်ဂေါတမ အကြင် အဆင်းထက် သာလွန်မွန်မြတ်သော အခြားအဆင်းသည် မရှိ၊ ထိုအဆင်းသည် မြတ်သောအဆင်းမည်၏"ဟု ဆိုဘိ၏၊ ထိုအဆင်းကိုလည်း မပညတ်နိုင်၊ ကစ္စာန ဥပမာအားဖြင့် "ငါသည် ဤတိုင်းနယ်၌ ကောင်းခြင်းပြည့်ကြွယ် တိုင်းနယ်မယ် 'ဇနပဒကလျာဏီ'ကို လိုချင်၏၊ ချစ်ကြိုက်၏"ဟု ဆိုသောယောကျ်ားသည် ရှိရာ၏။ ထိုယောကျ်ားကို "အချင်းယောကျ်ား သင်လိုချင် ချစ်ကြိုက်သော ကောင်းခြင်းပြည့်ကြွယ် တိုင်းနယ်မယ် 'ဇနပဒကလျာဏီ'ကို 'မင်းအမျိုးသမီးဟူ၍ရင်း ပုဏ္ဏားအမျိုးသမီးဟူ၍ရင်း ကုန်သည်အမျိုးသမီးဟူ၍ရင်း သူဆင်းရဲအမျိုးသမီး'ဟူ၍ရင်း သိပါ၏လော" ဟု မေးကုန်ရာ၏။

ဤသို့ မေးသော် မသိပါဟူ၍ ဆိုရာ၏၊ ထိုယောကျ်ားကို "အချင်းယောကျ်ား သင်လိုချင် ချစ်ကြိုက်သော ကောင်းခြင်းပြည့်ကြွယ် တိုင်းနယ်မယ် 'ဇနပဒကလျာဏီ'ကို 'ဤအမည် ရှိ၏ဟူ၍ရင်း ဤအမျိုးအနွယ် ဖြစ်၏' ဟူ၍ရင်း။ပ။ '(အရပ်) မြင့်၏ ဟူ၍ရင်း (အရပ်) နိမ့်၏ ဟူ၍ရင်း အလတ်စား (မမြင့် မနိမ့်)ဖြစ်၏ဟူ၍ရင်း အသားမည်း၏ ဟူ၍ရင်း အသားရွှေဝါ၏ ဟူ၍ရင်း အသားညို၏' ဟူ၍ရင်း သိပါ၏လော။ 'ဤမည်သော ရွာ၌နေ၏ ဟူ၍ရင်း ဤမည်သော နိဂုံး၌ နေ၏ ဟူ၍ရင်း ဤမည်သော မြို့၌ နေ၏' ဟူ၍ရင်း သိပါ၏လော" ဟု (မေးကုန်ပြန်ရာ၏)။ ဤသို့ မေးသော် မသိပါဟု ဖြေဆိုရာ၏။ ထိုယောကျ်ားကို "အချင်းယောကျ်ား သင်သည် မသိ မမြင်ဘူးသူကို လိုချင်ချစ်ကြိုက်နေသလော"ဟု မေးကုန်ပြန်ရာ၏။ ဤသို့ မေးသော် ဟုတ်ရာပါ၏ ဟု ပြောဆိုရာ၏။

ကစ္စာန ထိုအရာကို အဘယ်သို့ ထင်မှတ်သနည်း၊ ဤသို့ ဖြစ်လျှင် ထိုယောကျ်ား၏ စကားသည် အခြေအမြစ်မရှိသောစကား ဖြစ်နေသည်မဟုတ်လောဟု(မေးတော်မူ၏)။ အသျှင်ဂေါတမ ဤသို့ဖြစ်လျှင် ထိုယောကျ်ား၏ စကားသည် အခြေအမြစ် မရှိသောစကား မချွတ်ပင် ဖြစ်နေပါ၏ ဟု (လျှောက်၏)။ ကစ္စာန သင်သည် ဤအတူသာလျှင် "အသျှင်ဘုရား အကြင် အဆင်းထက်

http://www.dhammadownload.com



သာလွန်မွန်မြတ်သော အခြားအဆင်းသည် မရှိ၊ ထိုအဆင်းသည် မြတ်သောအဆင်းမည်၏" ဟု ဆို၏။ ထိုအဆင်းကိုလည်း မပညတ်နိုင်ဟု (မိန့်တော်မူ၏)။ အသျှင်ဂေါတမ ဥပမာအားဖြင့် အလွန်တောက်ပသော အမျိုးမှန်သော ရှစ်မြောင့်ရှိသော ကောင်းစွာ ပြုပြင်ပြီး ဖြစ်သော ဝေဠုရိယ ကြောင်မျက်ရွဲရတနာကို ကမ္ဗလာနီပေါ်၌ ချထားသည်ရှိသော် အရောင်ထွက်၏၊ အလွန်တောက်၏၊ တင့်တယ်၏၊ အတ္တသည် ဤသို့သောအဆင်းရှိ၏၊ သေသည်မှ နောက်၌ မြဲ၏ ဟု (လျှောက်၏)။

၂၇၉။ ကစ္စာန ထိုအရာကို အဘယ်သို့ ထင်မှတ်သနည်း၊ အလွန်တောက်ပသော အမျိုးမှန်သော ရှစ်မြောင့်ရှိသော ကောင်းစွာ ပြုပြင်ပြီးသော ကမ္ဗလာနီပေါ်၌ ချထားအပ်သော အရောင်ထွက်သော ထွန်းတောက်သော တင့်တယ်သော ဝေဠုရိယ ကြောင်မျက်ရွဲရတနာရောင်နှင့် မှောင်မိုက်သော ညဉ့်အခါ၌ (ထွက်သော)ပိုးစုံးကြူးရောင် နှစ်မျိုးတို့တွင် အဘယ်အရောင်သည် သာလွန်ကောင်းမြတ်သနည်းဟု (မေးတော်မူ၏)။ အသျှင်ဂေါတမ ဤအရောင်နှစ်မျိုးတို့တွင် မှောင်မိုက်သော ညဉ့်အခါ၌ (ထွက်သော) ပိုးစုံးကြူးရောင်သည် သာလွန် ကောင်းမြတ်ပါ၏ ဟု (လျှောက်၏)။

ကစ္စာန ထိုအရာကို အဘယ်သို့ ထင်မှတ်သနည်း၊ မှောက်မိုက်သော ညဉ့်အခါ၌ (ထွက်သော) ပိုးစုံးကြူးရောင်နှင့် ညဉ့်အခါ၌ ထွန်းညှိသော ဆီမီးရောင် နှစ်မျိုးတို့တွင် အဘယ်အရောင်သည် သာလွန်ကောင်းမြတ်သနည်း ဟု (မေးတော်မူ၏)။ အသျှင်ဂေါတမ ဤအရောင်နှစ်မျိုးတို့တွင် မှောင်မိုက်သော ညဉ့်အခါ၌ (ထွန်းညှိသော) ဆီမီးရောင်သည် သာလွန်ကောင်းမြတ်ပါ၏ ဟု (လျှောက်၏)။

ကစ္စာန ထိုအရာကို အဘယ်သို့ ထင်မှတ်သနည်း၊ မှောင်မိုက်သော ညဉ့်အခါ၌ (ထွန်းညှိသော) ဆီမီးရောင်နှင့် မှောင်မိုက်သော ညဉ့်အခါ၌ (တောက်လောင်သော)မီးပုံကြီးရောင်နှစ်မျိုးတို့တွင် အဘယ်အရောင်သည် သာလွန်ကောင်းမြတ်သနည်းဟု (မေးတော်မူ၏)။ အသျှင်ဂေါတမ ဤအရောင် နှစ်မျိုးတို့တွင် မှောင်မိုက်သော ညဉ့်အခါ၌ (တောက်လောင်သော) မီးပုံကြီးရောင်သည် သာလွန်ကောင်းမြတ်ပါ၏ ဟု (လျှောက်၏)။

ကစ္စာန ထိုအရာကို အဘယ်သို့ ထင်မှတ်သနည်း၊ မှောင်မိုက်သော ညဉ့်အခါ၌ (တောက်လောင်သော)မီးပုံကြီးရောင်နှင့် ညဉ့်မိုးသောက်ယံအခါ မိုးတိမ်ကင်းသည့် ကောင်းကင်မြင့်၌ (ထွက်ပြူသော)သောက်ရှူးကြယ်ရောင် နှစ်မျိုးတို့တွင် အဘယ်အရောင်သည် သာလွန်ကောင်းမြတ်သနည်း ဟု (မေးတော်မူ၏)။ အသျှင်ဂေါတမ ဤအရောင် နှစ်မျိုးတို့တွင် ညဉ့်မိုးသောက်ယံအခါ မိုးတိမ်ကင်းသည့် ကောင်းကင်မြင့်၌ (ထွက်ပြူသော)သောက်ရှူးကြယ်ရောင်သည် သာလွန်ကောင်းမြတ်ပါ၏ ဟု (လျှောက်၏)။

ကစ္စာန ထိုအရာကို အဘယ်သို့ ထင်မှတ်သနည်း၊ ညဉ့်မိုးသောက်ယံအခါ မိုးတိမ်ကင်းသည့် ကောင်းကင်မြင့်၌ (ထွက်ပြူသော) သောက်ရှူးကြယ်ရောင်နှင့် တဆယ့်ငါးရက်မြောက် ဥပုသ်နေ့ မိုးတိမ်ကင်းသည့် ကောင်းကင်မြင့်၌ တည့်မတ်သော သန်ကောင်ယံအချိန်တွင် ထွန်းလင်းသော လရောင်နှစ်မျိုးတို့တွင် အဘယ်အရောင်သည် သာလွန်ကောင်းမြတ်သနည်း ဟု (မေးတော်မူ၏)။ အသျှင်ဂေါတမ ဤအရောင်နှစ်မျိုးတို့တွင် တဆယ့်ငါးရက်မြောက် ဥပုသ်နေ့ မိုးတိမ်ကင်းသည့်

http://www.dhammadownload.com



ကောင်းကင်မြင့်၌ တည့်မတ်သော သန်ကောင်ယံအချိန်တွင် (ထွန်းလင်သော) လရောင်သည် သာလွန်ကောင်းမြတ်ပါ၏ဟု (လျှောက်၏)။

ကစ္စာန ထိုအရာကို အဘယ်သို့ ထင်မှတ်သနည်း၊ တဆယ့်ငါးရက်မြောက် ဥပုသ်နေ့ မိုးတိမ်ကင်းသည့် ကောင်းကင်မြင့်၌ တည့်မတ်သော သန်ကောင်ယံအချိန်တွင် ထွန်းလင်းသော လရောင်နှင့် မိုးလတို့၏ နောက်ဆုံး တန်ဆောင်မုန်းလအခါ မိုးတိမ်ကင်းသည့် မိုးကောင်းကင်မြင့်၌ မွန်းမတ်မတ် တည့်ချိန်တွင် (ထွန်းလင်းသော) နေရောင် နှစ်မျိုးတို့တွင် အဘယ်အရောင်သည် သာလွန်ကောင်းမြတ်သနည်း ဟု (မေးတော်မူ၏)။ အသျှင်ဂေါတမ ဤအရောင် နှစ်မျိုးတို့တွင် မိုးလတို့၏ နောက်ဆုံး တန်ဆောင်မုန်းလအခါ၌ မိုးတိမ်ကင်းသည့် ကောင်းကင်မြင့်၌ မွန်းမတ်မတ် တည့်ချိန်တွင် (ထွန်းလင်းသော) နေရောင်သည် သာလွန် ကောင်းမြတ်ပါ၏ဟု (လျှောက်၏)။ ကစ္စာန လနေတို့၏ အလင်းရောင်ကို မခံစားကြသော နတ်တို့သည် လနေတို့၏ အလင်းရောင်ကို ခံစားသော နတ်တို့ထက် သာလွန် များပြားကုန်၏၊ ထိုနတ်တို့ကို ငါသိ၏။ ထိုသို့ပင် သိသော်လည်း အကြင် အဆင်းထက် သာလွန် မွန်မြတ်သော တပါးသော အဆင်းသည် မရှိဟူ၍ ငါမဆို၊ ကစ္စာန ထိုသို့ဖြစ်လျက် အကြင်အဆင်းသည် ပိုးစုံးကြူးအောက်လည်း ယုတ်ညံ့၏၊ အောက်တန်းကျ၏၊ ထိုအဆင်းကို မြတ်သောအဆင်းဟု သင်ဆိုဘိ၏၊ ထိုအဆင်းကိုလည်း မပညတ်နိုင်။

၂၈၀။ ကစ္စာန ကာမဂုဏ်တို့သည် ဤငါးပါးတို့တည်း။ အဘယ်ငါးပါးတို့နည်းဟူမူ—စက္ခုဝိညာဏ်ဖြင့် သိအပ်ကုန်သော အလိုရှိအပ် နှစ်သက်အပ် နှလုံးကို ပွါးစေတတ်သည့် ချစ်ဖွယ်သဘောရှိ၍ နှစ်သက်သာယာဖွယ် တပ်မက်ဖွယ်ဖြစ်ကုန်သော ရူပါရုံ။ သောတဝိညာဏ်ဖြင့် သိအပ်ကုန်သော။ပ။ သဒ္ဒါရုံ။ ဃာနဝိညာဏ်ဖြင့် သိအပ်ကုန်သော ဂန္ဓာရုံ။ ဇိဝှါဝိညာဏ်ဖြင့် သိအပ်ကုန်သော ရသာရုံ။ ကာယဝိညာဏ်ဖြင့် သိအပ်ကုန်သော အလိုရှိအပ် နှစ်သက်အပ် နှလုံးကို ပွါးစေတတ်သည့် ချစ်ဖွယ်သဘောရှိ၍ နှစ်သက်သာယာဖွယ် တပ်မက်ဖွယ် ဖြစ်ကုန်သော ဖောဋ္ဌဗ္ဗာရုံတို့တည်း၊ ကစ္စာန ဤသည်တို့ကား ကာမဂုဏ်ငါးပါးတို့တည်း။ ကစ္စာန ဤကာမဂုဏ်ငါးပါးတို့ကို အစွဲပြု၍ ဖြစ်ပေါ်သည့် ချမ်းသာမှု ဝမ်းမြောက်မှုကို ကာမ ချမ်းသာဟူ၍ ဆိုအပ်၏။ ဤသို့ ကာမသုခကို ကာမဂုဏ်တို့ထက် မြတ်၏ဟု ဆိုရ၏၊ ကာမဂ္ဂသုခ (နိဗ္ဗာနသုခ)ကို ကာမသုခထက် မြတ်၏ဟု ဆိုရ၏ဟု (မိန့်တော်မူ၏)။

ဤသို့ မိန့်တော်မူသော် ဝေခနသပရိဗိုဇ်သည် မြတ်စွာဘုရားကို "အသျှင်ဂေါတမ အံ့ဩဖွယ် ကောင်းလှပါ၏၊ အသျှင်ဂေါတမ မဖြစ်ဘူးမြဲ ဖြစ်ပါ၏၊ အသျှင်ဂေါတမသည် 'ကာမသုခကို ကာမဂုဏ်တို့ထက် မြတ်၏ဟု ဆိုရ၏၊ ကာမဂ္ဂသုခ (နိဗ္ဗာနသုခ)ကို ကာမသုခထက် မြတ်၏ဟု ဆိုရ၏' ဟူသော ဤစကားကို အလွန်ကောင်းစွာ ပြောကြားပါပေ၏။ အသျှင်ဂေါတမ ကာမသုခကို ကာမဂုဏ်တို့ထက် မြတ်၏ဟု ဆိုရပါ၏၊ ကာမဂ္ဂသုခ (နိဗ္ဗာနသုခ)ကို ကာမသုခထက် မြတ်၏ဟု ဆိုရပါ၏" ဟု (လျှောက်၏)။ ကစ္စာန အယူအဆတခြား နှစ်သိမ့်သဘောတူညီမှုတခြား နှစ်သက်ကျေနပ်မှုတခြား အားထုတ်မှုတခြား ဆရာတခြားရှိသော သင်သည် ကာမတို့ကိုရင်း ကာမသုခကိုရင်း ကာမဂ္ဂသုခ(နိဗ္ဗာနသုခ)ကိုရင်း သိနိုင်ခဲ၏။ ကစ္စာန အာသဝေါကုန်ပြီးသော (မဂ်) အကျင့်ကို ကျင့်သုံးပြီးသော ပြုဖွယ်ကိစ္စကို ပြုပြီးသော တာဝန်ကို ချထားပြီးသော ကိုယ်ကျိုးကိုယ့်စီးပွါးကို ရယူပြီးသော ဘဝသံယောဇဉ်ကုန်ခန်းပြီးသော ကောင်းစွာသိ၍ ကိလေသာတို့မှ လွတ်မြောက်ပြီးသော ရဟန္တာရဟန်းတို့သည် ရှိကုန်၏၊ ထိုရဟန်းတို့သည်သာ ကာမတို့ကိုရင်း ကာမသုခကိုရင်း ကာမဂ္ဂသုခ (နိဗ္ဗာနသုခ)ကိုရင်း သိကုန်ရာ၏ ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



၂၇၁။ ဤသို့ မိန့်တော်မူသော် ဝေခနသပရိဗိုဇ်သည် စိတ်ဆိုးသည် နှလုံးမသာယာသည်ဖြစ်၍ မြတ်စွာဘုရားကိုသာလျှင် အပြစ်တင်လို၍ မြတ်စွာဘုရားကိုသာလျှင် ရှုတ်ချလို၍ မြတ်စွာဘုရားကိုသာလျှင် ဆိုလို၍ "ရဟန်းဂေါတမ အပေါ်သို့ ကျရောက်စေမည်" ဟု (နှလုံးသွင်းကာ) "ဤသို့သာလျှင် ဤနေရာ၌ အချို့သော သမဏဗြာဟ္မဏတို့သည် ရှေးအစွန်းကို မသိကုန်ပဲလျက် နောက်အစွန်းကို မမြင်ကုန်ပဲလျက် 'ပဋိသန္ဓေနေမှုကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ (မဂ်)ကိစ္စအလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီ'ဟု သိကုန်၏' ဟူ၍ ဝန်ခံကုန်၏၊ ထိုသမဏဗြာဟ္မဏတို့၏ စကားသည် စကားမျှသာ ဖြစ်၏၊ ရယ်ဖွယ်သာလျှင် ဖြစ်၏၊ အမည်မျှသာဖြစ်၏၊ အကျိုးမရှိသည်သာဖြစ်၏၊ အချည်းနှီးသာ ဖြစ်၏"ဟု မြတ်စွာဘုရားကို လျှောက်၏။ ကစ္စာန ရှေးအစွန်းကို မသိကြကုန်ပဲလျက် နောက်အစွန်းကို မမြင်ကြကုန်ပဲလျက် "ပဋိသန္ဓေနေမှုကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ (မဂ်)ကိစ္စအလို့ငှါ တပါးသော ပြုဖွယ်ကိစ္စမရှိတော့ပြီဟု သိကုန်၏" ဟူ၍ ဝန်ခံကုန်သော သမဏဗြာဟ္မဏတို့အတွက် ဤသို့နှိပ်နင်းမှုသည် လမ်းမှန်သည်သာ ဖြစ်၏။

ကစ္စာန ရှေးအစွန်းကို ထားဦးလော့၊ နောက်အစွန်းကို ထားဦးလော့၊ဟန်မဆောင် မလှည့်ပတ် ဖြောင့်မတ်သော သဘောရှိသည့် သိနားလည်သော ယောကျ်ားသည် လာပါစေ၊ ငါဆုံးမမည်၊ ငါတရားဟောမည်၊ ဆုံးမသည့်အတိုင်း ကျင့်သုံးသူသည် မကြာမြင့်မီပင် ဤသို့လျှင် အဝိဇ္ဇာအနှောင်အဖွဲ့မှ လွတ်မြောက်ပြီဟု ကိုယ်တိုင်သာလျှင် သိလိမ့်မည်၊ကိုယ်တိုင်သာလျှင် မြင်လိမ့်မည်။ ကစ္စာန ဥပမာအားဖြင့် ကလေးသူငယ် လူမမယ် ပက်လက်အိပ်အရွယ်ကို ကြိုးအနှောင်အဖွဲ့တို့ဖြင့် လည်ပင်းလျှင် ငါးခုမြောက်ဖြစ်သော နှောင်ဖွဲ့ခြင်းတို့ဖြင့် နှောင်ဖွဲ့ထားရာ၏၊ ထိုသူငယ်၏ ကြီးပွါးခြင်းကို အစွဲပြု၍ ဣန္ဒြေတို့၏ ရင့်ခြင်းကို အစွဲပြု၍ ထိုအနှောင်အဖွဲ့တို့သည် ကျွတ်လွတ်ကုန်ရာ၏။ ထိုသတို့သားသည် ငါကျွတ်လွတ်ခဲ့ပြီဟု ကျွတ်လွတ်ခြင်းကိုကား သိရာ၏၊နှောင်ဖွဲ့ခြင်းကိုကား မသိရာ။ ကစ္စာန ဤအတူသာလျှင် ဟန်မဆောင် မလှည့်ပတ် ဖြောင့်မတ်သော သဘောရှိသည့် သိနားလည်သော ယောကျ်ားသည် လာပါစေ၊ငါဆုံးမမည်၊ ငါတရားဟောမည်၊ငါဆုံးမသည့်အတိုင်း ကျင့်သုံးသူသည် မကြာမြင့်မီပင် ဤသို့လျှင် အဝိဇ္ဇာအနှောင်အဖွဲ့မှ လွတ်မြောက်ပြီဟု ကိုယ်တိုင်သာလျှင် သိလိမ့်မည်၊ ကိုယ်တိုင်သာလျှင် မြင်လိမ့်မည် ဟု (မိန့်တော်မူ၏)။

ဤသို့ မိန့်တော်မူသော် ဝေခနသပရိဗိုဇ်သည် မြတ်စွာဘုရားကို "အသျှင်ဂေါတမ (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိပါပေစွ။ပ။ အသျှင်ဂေါတမသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်ရာဟု ဆည်းကပ်သော ဥပါသကာဟူ၍ မှတ်တော်မူပါ" ဟု လျှောက်ထား၏။

ဆယ်ခုမြောက် ဝေခနသသုတ် ပြီး၏။

# သုံးခုမြောက် ပရိဗ္ဗာဇကဝဂ် ပြီး၏။

http://www.dhammadownload.com

# ၄-ဒေဝ၀ဂ်

## ၁-ဃဋိကာရသုတ်

၂၈၂။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် များစွာသော ရဟန်းသံဃာနှင့်တကွ ကောသလတိုင်း၌ ဒေသစာရီ ကြွချီတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် လမ်းခရီးမှ ဖဲခွါတော်မူ၍ တခုသော အရပ်၌ ပြုံးတော်မူ၏၊ ထိုအခါ အသျှင်အာနန္ဒာအား "မြတ်စွာဘုရား ပြုံးတော်မူခြင်း၏ အကြောင်း အထောက်အထားကား အဘယ်လေနည်း၊ မြတ်စွာဘုရားတို့သည် အကြောင်းမရှိပဲ ပြုံးတော်မမူကြကုန်" ဟု အကြံဖြစ်၏။ ထိုအခါ အသျှင်အာနန္ဒာသည် လက်ဝဲတဖက် ပခုံးထက်၌ သင်္ကန်းကို စမွယ်တင်၍ မြတ်စွာဘုရားကို လက်အုပ်ချီကာ "အသျှင်ဘုရား မြတ်စွာဘုရား ပြုံးတော်မူခြင်း၏ အကြောင်းအထောက်အထားကား အဘယ်ပါနည်း၊ မြတ်စွာဘုရားတို့သည် အကြောင်းမရှိပဲ ပြုံးတော်မမူကြကုန်"ဟု လျှောက်၏။အာနန္ဒာ ရှေးအခါက ဤအရပ်၌ ဝေဂဠိဂ်မည်သော ရွာနိဂုံးရှိခဲ့ဘူး၏၊ ပြည့်လည်း ပြည့်စုံ၏၊ စည်လည်း စည်ပင်၏၊ လူဦးရေများ၏၊ လူမျိုးစုံ ရောပြွမ်း၏၊ အာနန္ဒာ ဝေဂဠိဂ်ရွာနိဂုံးကို အမှီပြု၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ကဿပမြတ်စွာဘုရားသည် နေတော်မူ၏။ အာနန္ဒာ ဤအရပ်၌ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ကဿပမြတ်စွာဘုရား၏ အရံကျောင်းတော်သည် ရှိ၏။ အာနန္ဒာ ပူဇော်အထူးကို ခံတော်မူထိုက်သော(အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာသိတော်မူသော ကဿပမြတ်စွာဘုရားသည် ဤအရပ်၌ ထိုင်တော်မူလျက် ရဟန်းအပေါင်းကို ဆုံးမတော်မူ၏ဟု (မိန့်တော်မူ၏)။

ထိုအခါ အသျှင်အာနန္ဒာသည် သင်္ကန်းကြီးကို လေးထပ်ခင်း၍ မြတ်စွာဘုရားအား "အသျှင်ဘုရား မြတ်စွာဘုရားသည် ဤနေရာ၌ သီတင်းသုံးတော်မူပါလော့၊ ဤမြေပြင်အရပ်သည် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူကုန်သော နှစ်ဆူသော ဘုရားသျှင်တို့ သုံးဆောင်သော မြေပြင်အရပ် ဖြစ်ပါလိမ့်မည်" ဟု လျှောက်ထား၏။ မြတ်စွာဘုရားသည် ခင်းထားသော နေရာ၌ ထိုင်တော်မူပြီးနောက် အသျှင်အာနန္ဒာအား ဤစကားကို မိန့်တော်မူ၏—

အာနန္ဒာ ရှေးအခါက ဤအရပ်၌ ဝေဂဠိဂ်မည်သော ရွာနိဂုံးရှိခဲ့ဘူး၏၊ ပြည့်လည်း ပြည့်စုံ၏၊ စည်လည်း စည်ပင်၏၊ လူဦးရေများ၏၊ လူမျိုးစုံ ရောပြွမ်း၏။အာနန္ဒာ ဝေဂဠိဂ်ရွာနိဂုံးကို အမှီပြု၍ ပူဇော်အထူးကို ခံတော်မူထိုက်သော(အလုံးစုံသောတရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ကဿပမြတ်စွာဘုရားသည် နေတော်မူ၏။ အာနန္ဒာ ဤအရပ်၌ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ကဿပမြတ်စွာဘုရား၏ အရံကျောင်းတော်သည် ရှိခဲ့ဘူး၏။ အာနန္ဒာ ပူဇော်အထူးကို ခံတော်မူထိုက်သော(အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာသိတော်မူသော ကဿပမြတ်စွာဘုရားသည် ဤအရပ်၌ နေတော်မူလျက် ရဟန်းအပေါင်းကို ဆုံးမတော်မူ၏။

http://www.dhammadownload.com



၂၈၃။ အာနန္ဒာ ဝေဂဠိဂ်ရွာနိဂုံး၌ ဃဋိကာရမည်သော အိုးထိန်းသည်သည် ပူဇော်အထူးကို ခံတော်မူထိုက်သော(အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော ကဿပမြတ်စွာဘုရား၏ မြတ်သောအလုပ်အကျွေး ဖြစ်၏။ အာနန္ဒာ ဃဋိကာရအိုးထိန်းသည်အား ဇောတိပါလမည်သော လုလင်သည် အချစ်ဆုံး သူငယ်ချင်းဖြစ်၏။ အာနန္ဒာ ထိုအခါ ဃဋိကာရအိုးထိန်းသည်သည် ဇောတိပါလလုလင်ကို "အဆွေဇောတိပါလ လာ သွားကြပါကုန်စို့၊ ပူဇော်အထူးကို ခံတော်မူထိုက်သော(အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော ကဿပမြတ်စွာဘုရားကို ဖူးမြင်ရန် ချဉ်းကပ်ကြပါကုန်စို့၊ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားအား ဖူးမြင်ရခြင်းကို အကျွန်ုပ်သည် ကောင်းမြတ်၏ဟု အသိအမှတ်ပြုထားပါ၏"ဟု ပြောဆို၏။

အာနန္ဒာ ဤသို့ပြောဆိုသော် ဇောတိပါလလုလင်သည် ဃဋိကာရအိုးထိန်းသည်ကို "အဆွေ ဃဋိကာရ တော်ပြီ၊ ထိုဦးပြည်း ရဟန်းယုတ်ကို ဖူးမြင်သဖြင့် အဘယ်အကျိုး ရှိအံ့နည်း" ဟု ပြောဆို၏။ အာနန္ဒာ နှစ်ကြိမ်မြောက်လည်း။ပ။ အာနန္ဒာ သုံးကြိမ်မြောက်လည်း ဃဋိကာရအိုးထိန်းသည်သည် ဇောတိပါလလုလင်ကို "အဆွေဇောတိပါလ လာ သွားကြပါကုန်စို့၊ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ကဿပမြတ်စွာဘုရားကို ဖူးမြင်ရန် ချဉ်းကပ်ကြပါကုန်စို့၊ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားအား ဖူးမြင်ရခြင်းကို အကျွန်ုပ်သည် ကောင်းမြတ်၏ဟု အသိအမှတ် ပြုထားပါ၏" ဟု ပြောဆို၏။ အာနန္ဒာ သုံးကြိမ်မြောက်လည်း ဇောတိပါလလုလင်သည် ဃဋိကာရအိုးထိန်းသည်ကို "အဆွေဃဋိကာရ တော်ပြီ၊ ထိုဦးပြည်း ရဟန်းယုတ်ကို ဖူးမြင်ရသဖြင့် အဘယ်အကျိုး ရှိအံ့နည်း"ဟု ပြောဆို၏။ အဆွေဇောတိပါလ သို့ဖြစ်ပါမူ ချေးတွန်းဆပ်ပြာကို ဆောင်ယူ၍ ရေချိုးရန် မြစ်သို့ သွားကြကုန်အံ့ ဟု ဆို၏။ အာနန္ဒာ ဇောတိပါလလုလင်သည် "အဆွေ ကောင်းပါပြီ" ဟူ၍သာလျှင် ဃဋိကာရအိုးထိန်းသည်၏ စကားကို ရှေးရှုဝန်ခံ၏။ အာနန္ဒာ ထိုအခါ ဃဋိကာရအိုးထိန်းသည်သည်ရင်း ဇောတိပါလလုလင်သည်ရင်း ချေးတွန်း ဆပ်ပြာကိုယူ၍ ရေချိုးရန် မြစ်သို့ သွားကြကုန်၏။

၂၈၄။ အာနန္ဒာ ထိုအခါ ဃဋိကာရအိုးထိန်းသည်သည် ဇောတိပါလလုလင်ကို "အဆွေ ဇောတိပါလ ပူဇော်အထူးကို ခံတော်မူထိုက်သော(အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော ကဿပမြတ်စွာဘုရား၏ ဤအရံကျောင်းတော်သည် အနီး၌ ရှိနေပါ၏၊ အဆွေ ဇောတိပါလ လာသွားကြပါကုန်စို့၊ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ကဿပမြတ်စွာဘုရားကို ဖူးမြင်ရန် ချဉ်းကပ်ကြပါကုန်စို့၊ ပူဇော်အထူးကို ခံတော်မူထိုက်သော(အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားအား ဖူးမြင်ရခြင်းကို အကျွန်ုပ်သည် ကောင်းမြတ်၏ဟု အသိအမှတ်ပြုထားပါ၏" ဟု ပြောဆို၏။အာနန္ဒာ ဤသို့ ပြောဆိုသည်ရှိသော် ဇောတိပါလလုလင်သည် ဃဋိကာရအိုးထိန်းသည်ကို "အဆွေဃဋိကာရ တော်ပြီ၊ ထိုဦးပြည်းရဟန်းယုတ်ကို ဖူးမြင်ရသဖြင့် အဘယ်အကျိုးရှိအံ့နည်း" ဟု ဆို၏။ အာနန္ဒာ နှစ်ကြိမ်မြောက်လည်း။ပ။ အာနန္ဒာ သုံးကြိမ်မြောက်လည်း ဃဋိကာရအိုးထိန်းသည်သည် ဇောတိပါလလုလင်ကို "အဆွေဇောတိပါလ ပူဇော်အထူးကို ခံတော်မူထိုက်သော(အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော ကဿပမြတ်စွာဘုရား၏

http://www.dhammadownload.com



ဤအရပ်သည် အနီး၌ ရှိနေပါ၏။ အဆွေဇောတိပါလ လာ သွားကြပါကုန်စို့၊ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ကဿပ မြတ်စွာဘုရားကိုဖူးမြင်ရန်ချဉ်းကပ်ကြပါကုန်စို့၊ ပူဇော်အထူးကို ခံတော်မူထိုက်သော(အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားအား ဖူးမြင်ရခြင်းကို အကျွန်ုပ်သည် ကောင်းမြတ်၏ဟု အသိအမှတ် ပြုထားပါ၏"ဟု ပြောဆို၏။ အာနန္ဒာ သုံးကြိမ်မြောက်လည်း ဇောတိပါလလုလင်သည် ဃဋိကာရအိုးထိန်းသည်ကို"အဆွေဃဋိကာရ တော်ပြီ၊ ထိုဦးပြည်း ရဟန်းယုတ်ကို ဖူးမြင်ရသဖြင့် အဘယ်အကျိုးရှိအံ့နည်း"ဟု ဆို၏။

အာနန္ဒာ ထိုအခါ ဃဋိကာရအိုးထိန်းသည်သည် ဇောတိပါလလုလင်အား ပုဆိုးခါးတောင်းကြိုက်ကို ဆွဲ၍ "အဆွေဇောတိပါလ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ကဿပမြတ်စွာဘုရား၏ ဤအရပ်သည် အနီး၌ ရှိနေ၏၊ အဆွေဇောတိပါလ လာသွားကြပါကုန်စို့၊ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ကဿပမြတ်စွာဘုရားကို ဖူးမြင်ရန် ချဉ်းကပ်ကြပါကုန်စို့၊ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားအား ဖူးမြင်ရခြင်းကို အကျွန်ုပ်သည် ကောင်းမြတ်၏ဟု အသိအမှတ်ပြုထားပါ၏"ဟု ဤစကားကို ပြောဆို၏။ အာနန္ဒာ ထိုအခါ ဇောတိပါလလုလင်သည် ပုဆိုးခါးတောင်းကြိုက်ကို ဖြေ၍ ဃဋိကာရအိုးထိန်းသည်ကို "အဆွေဃဋိကာရ တော်ပြီ၊ ထိုဦးပြည်း ရဟန်းယုတ်ကို ဖူးမြင်ရသဖြင့် အဘယ်အကျိုး ရှိအံ့နည်း" ဟု ဆို၏။

အာနန္ဒာ ထိုအခါ ဃဋိကာရအိုးထိန်းသည်သည် ခေါင်းလျှော်ပြီးသော ဇောတိပါလလုလင်၏ ဆံပင်ကိုဆွဲ၍ "အဆွေဇောတိပါလ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော ကဿပမြတ်စွာဘုရား၏ ဤအရပ် ကျောင်းတော်သည် အနီး၌ ရှိနေပါ၏၊ အဆွေဇောတိပါလ လာသွားကြပါကုန်စို့၊ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော ကဿပမြတ်စွာဘုရားကို ဖူးမြင်ရန် ချဉ်းကပ်ကြပါကုန်စို့၊ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားအား ဖူးမြင်ရခြင်းကို အကျွန်ုပ်သည် ကောင်းမြတ်၏ဟု အသိအမှတ်ပြုထားပါ၏" ဟု ပြောဆို၏။ အာနန္ဒာ ထိုအခါ ဇောတိပါလလုလင်အား "အချင်းတို့ အံ့ဩဖွယ်ကောင်းလှ၏တကား၊ အချင်းတို့ မဖြစ်ဘူးမြဲ ဖြစ်ချေ၏တကား၊ ဤဃဋိကာရအိုးထိန်းသည်သည် ဇာတ်နိမ့်သူဖြစ်လျက် ခေါင်းလျှော်ပြီးသော ငါတို့၏ ဆံပင်ကို ဆွဲကိုင်သင့်သည်ဟု အောက်မေ့မှတ်ထင်တုံဘိ၏၊ ဤအရာသည်ကား စင်စစ် မယုတ်ညံ့တန်ရာ"ဟု အကြံဖြစ်ပြီးလျှင် ဃဋိကာရအိုးထိန်းသည်ကို "အဆွေဃဋိကာရ သည့်လောက်ပင် ဖူးမြင်စေလိုသလော" ဟု ဆို၏။ အဆွေဇောတိပါလ သည့်လောက်ပင် ဖူးမြင်စေလိုပါ၏၊ ဤလူတို့သည် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားအား ဖူးမြင်ရခြင်းကို အကျွန်ုပ်သည် ကောင်းမြတ်၏ဟု အသိအမှတ်ပြုထားပါ၏။ အဆွေဃဋိကာရ သို့ဖြစ်မူ လွှတ်လော့ သွားကြကုန်အံ့ ဟု (ဆို၏)။

၂၈၅။ အာနန္ဒာ ထိုအခါ ဃဋိကာရအိုးထိန်းသည်သည်၎င်း ဇောတိပါလလုလင်သည်၎င်း ပူဇော်အထူးကို ခံတော်မူထိုက်သော(အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော

http://www.dhammadownload.com



ကဿပမြတ်စွာဘုရားထံသို့ ချဉ်းကပ်ကြကုန်ပြီးလျှင် ဃဋိကာရအိုးထိန်းသည်သည်ကား ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော ကဿပမြတ်စွာဘုရားကို ရှိခိုး၍ သင့်လျော်ရာ၌ ထိုင်နေ၏။ ဇောတိပါလလုလင်သည်ကား ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ကဿပမြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာ ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အောက်မေ့ဖွယ် စကားကို ပြောဆိုပြီးဆုံးစေ၍ သင့်လျော်ရာ၌ ထိုင်၏။ အာနန္ဒာ သင့်လျော်ရာ၌ ထိုင်ပြီးသော် ဃဋိကာရအိုးထိန်းသည်သည် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ကဿပမြတ်စွာဘုရားကို "အသျှင်ဘုရား ဤဇောတိပါလလုလင်သည် အကျွန်ုပ်၏ အချစ်ဆုံး သူငယ်ချင်းဖြစ်ပါ၏၊ ဤဇောတိပါလလုလင်အား မြတ်စွာဘုရားသည် တရားဟောတော်မူပါ" ဟု လျှောက်၏။

အာနန္ဒာ ထိုအခါ ပူဇော်အထူးကို ခံတော်မူထိုက်သော(အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော ကဿပမြတ်စွာဘုရားသည် ဃဋိကာရအိုးထိန်းသည်ကိုလည်း ဇောတိပါလလုလင်ကိုလည်း တရားစကားဖြင့် (အကျိုးစီးပွါးကို)သိမြင်စေ၏၊ (တရားကို)ဆောက်တည်စေ၏၊ (တရားကျင့်သုံးရန်) ထက်သန်စေ၏၊ ရွှင်လန်းစေ၏။ အာနန္ဒာ ထိုအခါ ဃဋိကာရအိုးထိန်းသည်သည်လည်း ဇောတိပါလလုလင်သည်လည်း ပူဇော်အထူးကို ခံတော်မူထိုက်သော(အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော ကဿပမြတ်စွာဘုရားက တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေ(တရားကို)ဆောက်တည်စေ (တရားကျင့်သုံးရန်)ထက်သန်စေ ရွှင်လန်းစေအပ်သည်ဖြစ်၍ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ကဿပမြတ်စွာဘုရား၏ တရားကို အလွန်နှစ်သက်ဝမ်းမြောက်လျက် နေရာမှထပြီးလျှင် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသောကဿပမြတ်စွာဘုရားကို ရှိခိုး၍ အရိုအသေပြုကာ ဖဲခွါသွားကြကုန်၏။

၂၈၆။ အာနန္ဒာ ထိုအခါ ဇောတိပါလလုလင်သည် ဃဋိကာရအိုးထိန်းသည်ကို "အဆွေ ဃဋိကာရ သင်သည် ဤတရားကို နာရသည် မဟုတ်ပါလော၊ ထိုသို့နာရပါလျက် အဘယ့်ကြောင့် လူ့ဘောင်မှ ရဟန်းဘောင်သို့ မဝင်ရောက် (ရဟန်းမပြု)ဘိသနည်း" ဟု ဆို၏။အဆွေဇောတိပါလ မျက်မမြင် မိဖအိုတို့ကို လုပ်ကျွေးရသည်ဟု ငါ့ကို သင်သိသည် မဟုတ်လော ဟု (ဆို၏)။ အဆွေ ဃဋိကာရ သို့ဖြစ်ပါမူ ငါသည် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်အံ့ဟု(ဆို၏)။

အာနန္ဒာ ထိုအခါ ဃဋိကာရအိုးထိန်းသည်သည်လည်း ဇောတိပါလလုလင်သည်လည်း ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ကဿပမြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် သင့်လျော်ရာနေရာ၌ ထိုင်နေကြကုန်၏။ သင့်လျော်ရာ၌ ထိုင်နေပြီးသော ဃဋိကာရအိုးထိန်းသည်သည် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ကဿပ မြတ်စွာဘုရားကို "အသျှင်ဘုရား ဤဇောတိပါလလုလင်သည် အကျွန်ုပ်၏ အချစ်ဆုံး သူငယ်ချင်း ဖြစ်ပါ၏၊ မြတ်စွာဘုရား ဤဇောတိပါလလုလင်ကို ရှင်ရဟန်း ပြုပေးတော်မူပါလော့"ဟု လျှောက်၏။ အာနန္ဒာ ဇောတိပါလလုလင်သည် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ကဿပမြတ်စွာဘုရား၏ အထံတော်၌ ရှင်အဖြစ် ရဟန်းအဖြစ်ကို ရလေသတည်း။

http://www.dhammadownload.com



၂၈၇။ အာနန္ဒာ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော ကဿပမြတ်စွာဘုရားသည် ဝေဂဠိင်္ဂရွာနိဂုံး၌ မွေ့လျော်တော်မူသရွေ့ နေတော်မူပြီးလျှင် ဇောတိပါလလုလင်ရဟန်းပြု၍ မကြာမြင့်မီ လဝက်မျှ ရှိသောအခါ ဗာရာဏသီပြည်သို့ ဒေသစာရီ ကြွချီတော်မူ၏၊ အစဉ်အတိုင်း ဒေသစာရီ ကြွချီတော်မူသည်ရှိသော် ဗာရာဏသီပြည်သို့ ရောက်လေ၏။ အာနန္ဒာ ထိုဗာရာဏသီပြည်၌ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော ကဿပမြတ်စွာဘုရားသည် ဗာရာဏသီပြည် ဣသိပတနမိဂဒါဝုန်တော၌ သီတင်းသုံးနေတော်မူ၏။ အာနန္ဒာ ကိကီမည်သော ကာသိမင်းသည် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော ကဿပမြတ်စွာဘုရားသည် ဗာရာဏသီပြည်သို့ရောက်တော်မူ၍ ဗာရာဏသီပြည် ဣသိပတနမိဂဒါဝုန်တော၌ သီတင်းသုံးနေတော်မူသတတ်ဟု ကြားသည်သာတည်း။

အာနန္ဒာ ထိုအခါ ကိကီမည်သော ကာသိမင်းသည် အလွန်ကောင်းသည့် ယာဉ်တို့ကို ကစေ၍ အလွန်ကောင်းသည့် ယာဉ်ကို တက်စီးပြီးလျှင် အလွန်ကောင်းသည့် ယာဉ်တို့ဖြင့် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ကဿပမြတ်စွာဘုရားကို ဖူးမြင်ရန် ကြီးစွာသော မင်း၏ ကျက်သရေဖြင့် ဗာရာဏသီပြည်မှ ထွက်လေ၏၊ ယာဉ်ဖြင့် သွားနိုင်သမျှသော အရပ်ကို ယာဉ်ဖြင့်သွား၍ ယာဉ်မှသက်ပြီးသော် ခြေကျင်သာလျှင် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ကဿပမြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် သင့်လျော်ရာ၌ ထိုင်နေ၏။ အာနန္ဒာ သင့်လျော်ရာ၌ ထိုင်နေသော ကိကီမည်သော ကာသိမင်းကို ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ကဿပမြတ်စွာဘုရားသည် တရားစကားဖြင့် (အကျိုးစီးပွါးကို)သိမြင်စေတော်မူ၏၊ (တရားကို)ဆောက်တည်စေတော်မူ၏၊ (တရားကျင့်သုံးရန်)ထက်စေတော်မူ၏၊ ရွှင်လန်းစေတော်မူ၏။

အာနန္ဒာ ထိုအခါ ကိကီမည်သော ကာသိမင်းသည် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော ကဿပမြတ်စွာဘုရားက တရားစကားဖြင့်(အကျိုးစီးပွါးကို)သိမြင်စေလျက်(တရားကို)ဆောက်တည်စေကာ(တရားကျင့်သုံးရန်) ထက်သန်ရွှင်လန်းစေသည်ရှိသော် "အသျှင်ဘုရား မြတ်စွာဘုရားသည် ရဟန်းသံဃာနှင့်အတူ နက်ဖြန်အလို့ငှါ အကျွန်ုပ်၏ဆွမ်းကို လက်ခံတော်မူပါ" ဟု လျှောက်ထား၏။ အာနန္ဒာ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ကဿပမြတ်စွာဘုရားသည် ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူ၏။ အာနန္ဒာ ထိုအခါ ကိကီမည်သော ကာသိမင်းသည် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ကဿပမြတ်စွာဘုရား၏ လက်ခံတော်မူခြင်းကို သိ၍ နေရာမှ ထကာ ရှိခိုးလျက် အရိုအသေပြုပြီးလျှင် ဖဲခွါသွားလေ၏။ အာနန္ဒာ ထိုအခါ ကိကီမည်သော ကာသိမင်းသည် ထိုညဉ့်လွန်မြောက်ပြီးနောက် မိမိနန်းတော်၌ မျိုးသော ဟင်းလျာရှိသည့် မှုန်မြတ်သော လက်ရွေးစဉ် ပဏ္ဍုပုဋကသလေးခဲဖွယ်ဘောဇဉ်ကို စီရင်စေပြီးလျှင် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ကဿပမြတ်စွာဘုရားအား "အသျှင်ဘုရား အချိန်တန်ပါပြီ၊ဆွမ်းပြင်ပြီးပါပြီ" ဟု အချိန်(တန်ကြောင်း)ကို လျှောက်စေ၏။

• မြန် ၂၉-

http://www.dhammadownload.com



၂၈၈။ အာနန္ဒာ ထိုအခါ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ကဿပမြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူလျက် ရဟန်းသံဃာနှင့်အတူ ကိကီမည်သော ကာသိမင်း၏ နန်းတော်သို့ ချဉ်းကပ်ပြီးလျှင် ပြင်ထားသော နေရာ၌ ထိုင်နေတော်မူ၏။ အာနန္ဒာ ထိုအခါ ကိကီမည်သော ကာသိမင်းကြီးသည် ဘုရားအမှူးရှိသော ရဟန်းသံဃာကို မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ဖြင့် ရောင့်ရဲသည့်တိုင်အောင် တားမြစ်သည့်တိုင်အောင် မိမိကိုယ်တိုင် လုပ်ကျွေး၏။ အာနန္ဒာ ထိုအခါ ကိကီမည်သော ကာသိမင်းသည် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ကဿပမြတ်စွာဘုရား ဆွမ်းစားပြီး၍ သပိတ်မှ လက်ကို ဖယ်ပြီးသောအခါ နိမ့်သောထိုင်စရာတခုကိုယူ၍ သင့်လျော်သောနေရာ၌ ထိုင်နေ၏။ အာနန္ဒာ သင့်လျော်သော နေရာ၌ ထိုင်နေပြီးသော ကိကီမည်သော ကာသိမင်းသည် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ကဿပမြတ်စွာဘုရားကို "မြတ်စွာဘုရား မြတ်စွာဘုရားသည် ဗာရာဏသီပြည်၌ ဝါဆိုခြင်းကို လက်ခံတော်မူပါ၊ သံဃာတော်အား အကျွန်ုပ်၏ ဤသို့သဘောရှိသော လုပ်ကျွေးမှုသည် ဖြစ်ပါလိမ့်မည်"ဟု လျှောက်ထား၏။ မင်းကြီး မသင့်ချေ၊ ငါသည် ဝါဆိုခြင်းကို ဝန်ခံပြီး ဖြစ်၏ဟု (မိန့်တော်မူ၏)။ အာနန္ဒာ နှစ်ကြိမ်မြောက်လည်း။ပ။ အာနန္ဒာ သုံးကြိမ်မြောက်လည်း ကိကီမည်သော ကာသိမင်းသည် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ကဿပမြတ်စွာဘုရားကို "မြတ်စွာဘုရား မြတ်စွာဘုရားသည် ဗာရာဏသီပြည်၌ ဝါဆိုခြင်းကို လက်ခံတော်မူပါ၊ သံဃာအား အကျွန်ုပ်၏ ဤသို့သဘောရှိသော လုပ်ကျွေးမှုသည် ဖြစ်ပါလိမ့်မည်"ဟု လျှောက်ထား၏။မင်းကြီး မသင့်ချေ၊ ငါသည် ဝါဆိုခြင်းကို ဝန်ခံပြီး ဖြစ်၏ ဟု (မိန့်တော်မူ၏)။

အာနန္ဒာ ထိုအခါ ကိကီမည်သော ကာသိမင်းအား ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော ကဿပမြတ်စွာဘုရားသည် ဗာရာဏသီပြည်၌ ဝါဆိုခြင်းကို လက်မခံဟု စိတ်တမျိုးဖြစ်ခြင်း နှလုံးမသာခြင်းသည် ဖြစ်သည်သာတည်း။ အာနန္ဒာ ထိုအခါ ကိကီမည်သော ကာသိမင်းသည် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော ကဿပမြတ်စွာဘုရားကို "အသျှင်ဘုရား အကျွန်ုပ်အပြင် သာလွန်ထူးမြတ်သည့် အလုပ်အကျွေးသည် တစုံတယောက် ရှိပါသေးသလော" ဟု လျှောက်၏။

မင်းကြီး ဝေဂဠိင်္ဂ မည်သော ရွာနိဂုံး၌ ဃဋီကာရမည်သော အိုးထိန်းသည်သည် ငါ၏အလုပ်အကျွေးပေတည်း၊ မြတ်သောအလုပ်အကျွေးပေတည်း။မင်းကြီး သင်မင်းကြီးအား ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ကဿပမြတ်စွာဘုရားသည် ဗာရာဏသီပြည်၌ ဝါကပ်ခြင်းကို လက်ခံတော်မမူ ဟု စိတ်တမျိုးဖြစ်ခြင်း နှလုံးမသာခြင်းသည် ရှိသည်သာတည်း။ ထိုသဘောမျိုးသည် ဃဋီကာရအိုးထိန်းသည်အား မရှိသည်သာတည်း၊ ရှိလိမ့်မည်လည်း မဟုတ်သည်သာတည်း။ မင်းကြီး ဃဋီကာရအိုးထိန်းသည် သည်ကား မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်၏၊ တရားတော်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်၏၊ သံဃာတော်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်၏။ မင်းကြီး ဃဋီကာရအိုးထိန်းသည် သည်ကား အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏၊ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်၏၊ ကာမတို့၌

http://www.dhammadownload.com



မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်၏၊မဟုတ်မမှန် ပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊ယစ်မူးမေ့လျော့ခြင်း၏ အကြောင်းဖြစ်သော အရက်သေသောက်စားခြင်းမှ ရှောင်ကြဉ်၏။ မင်းကြီး ဃဋိကာရအိုးထိန်းသည်သည် မြတ်စွာဘုရား ၌ မတုန်မလှုပ် သက်ဝင်ကြည်ညိုခြင်းနှင့် ပြည့်စုံ၏၊ တရားတော်၌ မတုန်မလှုပ် သက်ဝင်ကြည်ညိုခြင်းနှင့် ပြည့်စုံ၏၊ သံဃာတော်၌ မတုန်မလှုပ် သက်ဝင်ကြည်ညိုခြင်းနှင့်ပြည့်စုံ၏၊ အရိယာတို့ နှစ်သက်အပ်သော သီလတို့နှင့် ပြည့်စုံ၏။

မင်းကြီး ဃဋိကာရအိုးထိန်းသည်သည် ဒုက္ခ'သစ္စာ'၌ ယုံမှားကင်း၏၊ ဒုက္ခ၏အကြောင်း 'သမုဒယသစ္စာ'၌ ယုံမှားကင်း၏၊ ဒုက္ခ၏ချုပ်ရာ'နိရောဓသစ္စာ'၌ ယုံမှားကင်း၏၊ ဒုက္ခ၏ချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်၌ ယုံမှားကင်း၏။ မင်းကြီး ဃဋိကာရအိုးထိန်းသည်သည် တထပ်တည်းသာ စား၏၊ မြတ်သောအကျင့်ကို ကျင့်လေ့ရှိ၏၊ သီလရှိ၏၊ ကောင်းသောသဘော ရှိ၏။ မင်းကြီး ဃဋိကာရအိုးထိန်းသည်သည် ပတ္တမြား ရွှေ ငွေ ကို စွန့်ပယ်ထား၏၊ ရွှေ ငွေမှ ကင်း၏၊ မင်းကြီး ဃဋိကာရအိုးထိန်းသည်သည် ကျည်ပွေ့ကို ချထားပြီးဖြစ်၏၊မိမိလက်ဖြင့် မြေကိုလည်း မတူးဖို၊ ကမ်းပြိုသောမြေ ကြွက်ကျစ်စာမြေကို ထမ်းပိုးဖြင့် ဆောင်ယူ၍ အိုးခွက်ပြုလုပ်ပြီးလျှင် "ဤနေရာ၌ အိုးခွက်ကို အလိုရှိသူသည် ဆန်အိတ်တို့ကိုဖြစ်စေ ပဲနောက်အိတ်တို့ကို ဖြစ်စေ ကုလားပဲအိတ်တို့ကိုဖြစ်စေ ချထားခဲ့၍ အလိုရှိရာ အိုးခွက်ကို ဆောင်ယူစေသတည်း"ဟု ဆို၏။ မင်းကြီး ဃဋိကာရအိုးထိန်းသည်သည် မျက်မမြင် မိဖအိုတို့ကို လုပ်ကျွေး၏။ မင်းကြီး ဃဋိကာရအိုးထိန်းသည်သည် အောက်ပိုင်း သံယောဇဉ် ငါးမျိုးတို့၏ ကုန်ခြင်းကြောင့် ဥပပါတ် ပဋိသန္ဓေနေခြင်း ရှိ၏၊ ထိုဗြဟ္မာ့ဘုံ၌ ပရိနိဗ္ဗာန်ပြုလိမ့်မည်၊ ထိုဘုံမှ ပြန်လည်ခြင်းသဘောမရှိတော့ချေ။

၂၈၉။ မင်းကြီး ငါသည် အခါတပါး ဝေဂဠိင်မည်သော ရွာနိဂုံး၌ နေ၏၊ မင်းကြီး ထိုအခါ ငါသည် နံနက်အချိန် ၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူပြီးလျှင် ဃဋိကာရအိုးထိန်းသည်၏ မိဖတို့ထံသို့ ချဉ်းကပ်၍ ဃဋိကာရအိုးထိန်းသည်၏ မိဖတို့ကို "ဘဂ္ဂဝအနွယ်ဖြစ်သော ဤဃဋိကာရသည် ယခုအဘယ်သို့ သွားလေသနည်း" ဟု ဆိုဘူးပြီ။ အသျှင်ဘုရား အသျှင်ဘုရား၏ အလုပ်အကျွေးဖြစ်သော ဃဋိကာရသည် (တောသို့) ထွက်သွားပါ၏၊ အတွင်းရှိ ထမင်းအိုးမှ ထမင်းကို ခူးယူ၍ ဟင်းအိုးမှ ဟင်းကို ခပ်ယူ သုံးဆောင်တော်မူပါလော့ဟု(လျှောက်၏)။မင်းကြီး ထိုအခါ ငါသည်(ထမင်း)အိုးမှ ထမင်းကို ခူးယူ၍ ဟင်းအိုးမှ ဟင်းကို ခပ်ယူသုံးဆောင်ပြီးလျှင် နေရာမှ ထကာ ဖဲ၍သွားခဲ့ဘူးပြီ။ မင်းကြီး ထို့နောက် ဃဋိကာရအိုးထိန်းသည်သည် အမိအဖတို့ထံ ချဉ်းကပ်၍ အမိအဖတို့ကို"အဘယ်သူသည် ထမင်းအိုးမှ ထမင်းကို ခူးယူ၍ ဟင်းအိုးမှ ဟင်းကို ခပ်ယူသုံးဆောင်ပြီးလျှင် နေရာမှထကာ ဖဲ၍လေသနည်း"ဟု မေး၏။ ချစ်သား ပူဇော်အထူးကို ခံတော်မူထိုက်သော(အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော ကဿပမြတ်စွာဘုရားသည် ထမင်းအိုးမှ ထမင်းကို ခူးယူ၍ ဟင်းအိုးမှ ဟင်းကို ခပ်ယူသုံးဆောင်ပြီးလျှင် နေရာမှထကာ ဖဲ၍သွား၏ဟု(ပြောဆိုကြကုန်၏)။မင်းကြီး ထိုအခါ ဃဋိကာရအိုးထိန်းသည်အား "အရတော်လေစွတကား၊ ငါသည် ကောင်းစွာ ရအပ်ပေစွတကား၊ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော ကဿပမြတ်စွာဘုရားသည် ငါ့အား ဤသို့ အလွန်အကျွမ်းဝင်တော်မူပေ၏"ဟု အကြံဖြစ်၏။ မင်းကြီး ထိုအခါ ဃဋိကာရအိုးထိန်းသည်အား တဆယ့်ငါးရက်ပတ်လုံး အမိအဖတို့အား ခုနစ်ရက်ပတ်လုံး ပီတိသုခဖြစ်လေသတည်း။

http://www.dhammadownload.com



၂၉၀။ မင်းကြီး အခါတပါး ငါသည် ထိုဝေဂဠိဂ်မည်သော ရွာနိဂုံး၌ ပင်လျှင် နေ၏။ မင်းကြီး ထိုအခါ ငါသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူပြီးလျှင် ဃဋိကာရ အိုးထိန်းသည်၏ အမိအဖတို့ထံသို့ ချဉ်းကပ်၍ ဃဋိကာရအိုးထိန်းသည်၏ အမိအဖတို့ကို "ဘဂ္ဂဝ အနွယ်ဖြစ်သော ဤဃဋိကာရသည် ယခု အဘယ်သို့ သွားလေသနည်း"ဟု ဆိုဘူး၏။ အသျှင်ဘုရား အသျှင်ဘုရား၏ အလုပ်အကျွေး ဃဋိကာရသည်(တောသို့)ထွက်သွားပါ၏။အတွင်းရှိ ခြင်းတောင်းမှ မုယောမုံ့တို့ကို ယူ၍ ဟင်းအိုးမှ ဟင်းကို ခပ်ယူသုံးဆောင်တော်မူပါလော့ ဟု (လျှောက်၏)။ မင်းကြီး ထိုအခါ ငါသည် ခြင်းတောင်းမှ မုယောမုံ့တို့ကို ယူ၍ ဟင်းအိုးမှ ဟင်းကို ခပ်ယူ သုံးဆောင်ပြီးလျှင် နေရာမှ ထ၍ ဖဲခဲ့ဘူး၏။ မင်းကြီး ထိုအခါ ဃဋိကာရအိုးထိန်းသည်သည် မိဖတို့ထံ ချဉ်းကပ်၍ မိဖတို့ကို "အဘယ်သူသည် ခြင်းတောင်းမှ မုယောမုံ့ကိုယူ၍ ဟင်းအိုးမှ ဟင်းကို ခပ်ယူသုံးဆောင်ပြီးလျှင် နေရာမှ ထကာ ဖဲခွါလေသနည်း"ဟု မေး၏။ ချစ်သား ပူဇော် အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ကဿပမြတ်စွာဘုရားသည် ခြင်းတောင်းမှ မုယောမုံ့တို့ကို ယူ၍ ဟင်းအိုးမှ ဟင်းကို ခပ်ယူ သုံးဆောင်ပြီးလျှင် နေရာမှထကာ ဖဲခွါသွား၏ဟု(ပြောဆိုကြကုန်၏)။မင်းကြီး ထိုအခါ ဃဋိကာရ အိုးထိန်းသည်အား "ငါ့အား အရတော်လေစွတကား၊ ငါသည် ကောင်းစွာ ရအပ်ပေသည်တကား၊ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာသိတော်မူ သော ကဿပမြတ်စွာဘုရားသည် ငါ့အား ဤသို့အလွန် အကျွမ်းဝင်တော်မူ၏"ဟု အကြံဖြစ်၏။ မင်းကြီး ထိုအခါ ဃဋိကာရအိုးထိန်းသည်အား တဆယ့်ငါးရက်ပတ်လုံး အမိအဖတို့အား ခုနစ်ရက် ပတ်လုံး ပီတိသုခ ဖြစ်လေသတည်း။

၂၉၁။ မင်းကြီး အခါတပါး၌ ငါသည် ထိုဝေဂဠိဂ်မည်သော ရွာနိဂုံး၌သာလျှင် နေ၏။ ထိုအခါ ငါ၏ နေရာဂန္ဓကုဋိသည် မိုးမလုံချေ၊ မင်းကြီး ထိုအခါ ငါသည် ရဟန်းတို့ကို "ရဟန်းတို့ သွားကြကုန်၊ ဃဋိကာရအိုးထိန်းသည်၏ အိမ်၌ မြက်သက်ငယ် (ရှိမရှိ)ကို သိကြကုန်လော့" ဟု မိန့်ခဲ့ဘူး၏။ မင်းကြီး ဤသို့ မိန့်သည်ရှိသော် ရဟန်းတို့သည် ငါ့ကို "အသျှင်ဘုရား ဃဋိကာရ အိုးထိန်းသည်၏ အိမ်၌ မြက်သက်ငယ် မရှိပါ၊ သို့ရာတွင် ထိုအိုးထိန်းသည်၏ အလုပ်တဲ[၁]၌ မိုး၍ ထားသော မြက်သက်ငယ် ရှိပါ၏"ဟု လျှောက်ထားကြကုန်ပြီ။ ရဟန်းတို့ သွားကြကုန်၊ ဃဋိကာရ အိုးထိန်းသည်၏ အလုပ်တဲကို အမိုးခွါ၍ ယူခဲ့ကြကုန်လော့ဟု (မိန့်ဆိုပြီ)။ မင်းကြီး ထိုအခါ ရဟန်းတို့သည် ဃဋိကာရအိုးထိန်းသည်၏ အလုပ်တဲကို အမိုးခွါကြကုန်၏။ မင်းကြီး ထိုအခါ ဃဋိကာရအိုးထိန်းသည်၏ အမိအဖတို့သည် ထိုရဟန်းတို့ကို "အဘယ်သူတို့သည် အလုပ်တဲကို အမိုးခွါကြကုန်သနည်း" ဟု မေးမြန်းကြကုန်၏။ အစ်မကြီး ရဟန်းတို့ပေတည်း၊ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ကဿပ မြတ်စွာဘုရား၏ ဂန္ဓကုဋိသည် မိုးမလုံပါ ဟု (ပြောဆိုကြကုန်၏)။ အသျှင်ဘုရားတို့ ဆောင်ယူ တော်မူကြပါကုန်လော့၊ မျက်နှာလှသော အသျှင်မြတ်တို့ ဆောင်ယူတော်မူကြပါကုန်လော့ ဟု (လျှောက်ကြကုန်၏)။

မင်းကြီး ထိုအခါ ဃဋိကာရအိုးထိန်းသည်သည် အမိအဖတို့ထံ ချဉ်းကပ်၍ အမိအဖတို့ကို "အဘယ်သူတို့သည် အလုပ်တဲကို အမိုးခွါကြကုန်ဘိသနည်း"ဟု မေးမြန်း၏။ ချစ်သား ရဟန်းတို့ [1]

---

၁-အာဝေသနံ သိပ္ပသာလာ အဘိဓာန်။

http://www.dhammadownload.com



ပါတည်း၊ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ကဿပမြတ်စွာဘုရား၏ ဂန္ဓကုဋိသည် မိုးမလုံသတတ် ဟု (ပြောဆိုကြကုန်၏)။ မင်းကြီး ထိုအခါ ဃဋိကာရအိုးထိန်းသည်အား "ငါ့အား အရတော်လေစွတကား၊ ငါသည် ကောင်းစွာ ရအပ်ပေသည်တကား၊ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော ကဿပမြတ်စွာဘုရားသည် ငါ့အား ဤသို့ အလွန် အကျွမ်းဝင်တော်မူဘိ၏" ဟု အကြံ ဖြစ်၏။ မင်းကြီး ထိုအခါ ဃဋိကာရအိုးထိန်းသည်အား တဆယ့်ငါးရက်ပတ်လုံး အမိအဖတို့အား ခုနစ်ရက်ပတ်လုံး ပီတိသုခဖြစ်လေသတည်း။ မင်းကြီး ထိုအခါ အလုပ်တဲတခုလုံးသည် ဝါတွင်းသုံးလပတ်လုံး ကောင်းကင်လျှင် အမိုးရှိသည်ဖြစ်၍ တည်၏၊ မိုးမစိုချေ။ မင်းကြီး ဃဋိကာရအိုးထိန်းသည်သည် ဤသို့သော သဘောရှိ၏ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား ဃဋိကာရအိုးထိန်းသည်အား အရတော်လေစွတကား၊ အသျှင်ဘုရား ဃဋိကာရ အိုးထိန်းသည်သည် ကောင်းစွာ ရအပ်ပေသည်တကား၊ မြတ်စွာဘုရားသည် ဤသို့ အလွန်အကျွမ်း ဝင်တော်မူဘိ၏ ဟု (လျှောက်၏)။

၂၉၂။ အာနန္ဒာ ထိုအခါ ကိကီမည်သော ကာသိမင်းသည် ဃဋိကာရအိုးထိန်းသည်ထံသို့ ပဏ္ဍုပုဋက[1] သလေးဆန် လှည်းပေါင်းငါးရာနှင့် ထိုအား လျော်ကပ်သော ဟင်းချက်စရာတို့ကို ပို့စေ၏။ အာနန္ဒာ ထိုအခါ မင်းချင်းယောကျာ်းတို့သည် ထိုဃဋိကာရအိုးထိန်းသည်သို့ ချဉ်းကပ်၍ "အသျှင်ဃဋိကာရ ပဏ္ဍုပုဋကသလေးဆန် လှည်းပေါင်းတထောင်နှင့် ထိုအားလျော်ကပ်သော ဟင်းချက်စရာတို့ကို ကိကီမည်သော ကာသိမင်းက ပို့စေပါ၏၊ အသျှင်ဃဋိကာရသည် ထို ပစ္စည်းတို့ကို ခံယူပါလော့"ဟု ပြောဆိုကြကုန်၏။ မင်းသည် များသော ကိစ္စရှိ၏၊ များသောပြုဖွယ်ရှိ၏၊ ငါ့အား တန်ပြီ (တော်ပြီ)။ မင်းအားသာလျှင် ဖြစ်ပါစေလော့ ဟု (ပယ်မြစ်၏)။ အာနန္ဒာ သင့်အား "ထိုအခါ ဇောတိပါလလုလင်သည် အခြားသော သူ ဖြစ်လေသလော"ဟု ဤသို့သော အကြံသည် ဖြစ်ရာသည် မယုတ်လော၊ အာနန္ဒာ ဤအရာကို ဤသို့ မမှတ်သင့်ပေ၊ ငါသည် ထိုအခါ ဇောတိပါလလုလင် ဖြစ်ခဲ့လေပြီ ဟု (မိန့်တော်မူ၏)။ မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏။ အသျှင်အာနန္ဒာသည် မြတ်စွာဘုရား၏တရားတော်ကို ဝမ်းမြောက်စွာ လက်ခံလေ သတည်း။

ရှေးဦးစွာသော ဃဋိကာရသုတ် ပြီး၏။

---

## ၂-ရဋ္ဌပါလသုတ်

၂၉၃။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် များစွာသော ရဟန်းသံဃာနှင့်အတူ ကုရုတိုင်း၌ ဒေသစာရီ လှည့်လည်တော်မူလတ်သော် ထုလ္လကောဋ္ဌိကနိဂုံးသို့ ရောက်တော်မူ၏။ ထုလ္လကောဋ္ဌိကရွာသား ပုဏ္ဏားနှင့် အမျိုးသားတို့သည် ဤသို့ ကြားသိကြကုန်၏— "အချင်းတို့ သာကီဝင်မင်းမျိုးမှ ရဟန်းပြုသည့် သာကီဝင်မင်းသား ရဟန်းဂေါတမသည် ကုရုတိုင်းသို့ ဒေသစာရီ လှည့်လည်တော်

---

[1] အစည်း စည်း၍ နေလှန်းထားသဖြင့် ဖြော့တော့သောအဆင်းရှိသော။

http://www.dhammadownload.com



မှုရာ များစွာသော ရဟန်းသံဃာနှင့်အတူ ထုလ္လကောဋ္ဌိကရွာသို့ ရောက်တော်မူ၏။ ထိုအသျှင်ဂေါတမ၏ ကောင်းသောကျော်စောသံသည် ဤသို့ ပြန့်နှံ့၍ ထွက်၏—'ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သောအကြောင်းကြောင့်လည်း အရဟံမည်တော်မူ၏၊ (အလုံးစုံသောတရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသောအကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓမည်တော်မူ၏၊ အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ' နှင့်ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္နမည်တော်မူ၏၊ ကောင်းသောစကားကို ဆိုတော်မူတတ်သောအကြောင်းကြောင့်လည်း သုဂတမည်တော်မူ၏၊ လောကကို သိတော်မူသော အကြောင်းကြောင့်လည်း လောကဝိဒူ မည်တော်မူ၏၊ ဆုံးမတတ်သူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ်ဖြစ်တော်မူသော အကြောင်းကြောင့်လည်း အနုတ္တရော ပုရိသဒမ္မသာရထိမည်တော်မူ၏၊ နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါး တရားတို့ကို) သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓမည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါမည်တော်မူ၏' ဟု (ပြန့်နှံ့၍ ထွက်၏)။

ထိုမြတ်စွာဘုရားသည် နတ် မာရ်နတ် ဗြဟ္မာနှင့်တကွသော နတ်လောကနှင့် တကွသော သမဏဗြာဟ္မဏမင်းများ လူများနှင့်တကွသော လူ့လောကကို ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုလျက် ဟောကြားတော်မူ၏။ ထိုမြတ်စွာဘုရားသည် အစ၏ ကောင်းခြင်း အလယ်၏ကောင်းခြင်း အဆုံး၏ကောင်းခြင်းရှိသော အနက်နှင့်ပြည့်စုံသော သဒ္ဒါနှင့်ပြည့်စုံသော တရားကို ဟောတော်မူ၏၊ အလုံးစုံ ပြည့်စုံသော စင်ကြယ်သော မြတ်သောအကျင့်ကို ပြတော်မူ၏၊ ထိုသို့သဘောရှိသော ရဟန္တာ(ပုဂ္ဂိုလ်)တို့ကို ဖူးမြော်ရခြင်းသည် ကောင်းသည်သာတည်း" ဟု (ကြားသိကြကုန်၏)။

ထိုအခါ ထုလ္လကောဋ္ဌိကရွာသား ပုဏ္ဏားနှင့်အမျိုးသားတို့သည် မြတ်စွာဘုရားထံချဉ်းကပ်၍ အချို့တို့သည် မြတ်စွာဘုရားကို ရှိခိုး၍ တခုသော နေရာ၌ ထိုင်နေကုန်၏၊ အချို့တို့သည် မြတ်စွာဘုရားနှင့် အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆိုကုန်၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆိုပြီးဆုံးစေ၍ တခုသော နေရာ၌ ထိုင်ကုန်၏၊ အချို့တို့သည် မြတ်စွာဘုရားရှိရာသို့ လက်အုပ်ချီလျက် တခုသောနေရာ၌ ထိုင်ကုန်၏၊ အချို့တို့သည် အမည်အနွယ်ကို ပြောကြားလျက် တခုသော နေရာ၌ ထိုင်ကုန်၏၊ အချို့တို့သည် တိတ်ဆိတ်စွာ တခုသော နေရာ၌ ထိုင်ကုန်၏။ မြတ်စွာဘုရားသည် တခုသော နေရာ၌ ထိုင်ကုန်သော ထုလ္လကောဋ္ဌိကရွာသား ပုဏ္ဏားနှင့် အမျိုးသားတို့အား တရားစကားဖြင့်(အကျိုးစီးပွါးကို)သိမြင်စေလျက် (တရားကို)ဆောက်တည်စေကာ (တရားကျင့်သုံးရန်)ထက်သန်ရွှင်လန်းစေတော်မူ၏။

၂၉၄။ ထိုအခါ ထိုထုလ္လကောဋ္ဌိကနိဂုံး၌ပင်လျှင် မြတ်သောအမျိုး၏သားဖြစ်သော ရဋ္ဌပါလမည်သော အမျိုးကောင်းသားသည် ပရိသတ်၌ ထိုင်နေ၏၊ ထိုအခါ ရဋ္ဌပါလ အမျိုးကောင်းသားအား—"ငါသည် မြတ်စွာဘုရား ဟောတော်မူသည့်တရားတော်ကို ထိုက်သည့်အားလျော်စွာ သိရ၏၊ ထိုသို့သိရသည့်အတိုင်း လူ့ဘောင်၌နေသူသည် စင်စစ် ပြည့်စုံစင်ကြယ်၍ ခရုသင်းပွတ်သစ်နှင့်တူသော ဤမြတ်သောအကျင့်ကို ကျင့်ရန် မလွယ်ကူချေ၊ ငါသည် ဆံမုတ်ဆိတ်ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုးသော အဝတ်တို့ကို ဝတ်ရုံ၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရမူ ကောင်းလေစွ"ဟု အကြံဖြစ်၏။ ထိုအခါ ထုလ္လကောဋ္ဌိကရွာသား ပုဏ္ဏားနှင့်အမျိုးသားတို့သည်

http://www.dhammadownload.com



မြတ်စွာဘုရားက တရားစကားဖြင့် (အကျိုးစီးပွါးကို)သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်ရွှင်လန်းစေပြီးသော် မြတ်စွာဘုရား၏ တရားတော်ကို နှစ်သက်ဝမ်းမြောက်၍ နေရာမှထကာ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် အရိုအသေပြုလျက် ဖဲခွါ သွားကြကုန်၏။

ထို့နောက် ရဋ္ဌပါလအမျိုးကောင်းသားသည် ထုလ္လကောဋ္ဌိကရွာသား ပုဏ္ဏားနှင့် အမျိုးသားတို့ ထသွား၍ မကြာမီ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် ရှိခိုး၍ တခုသောနေရာ၌ထိုင်ကာ မြတ်စွာဘုရားအား— "အသျှင်ဘုရား အကျွန်ုပ်သည် မြတ်စွာဘုရား ဟောတော်မူသည့် တရားတော်ကို ထိုက်သည့်အားလျော်စွာ သိပါ၏၊ ထိုသို့ သိရသည့်အတိုင်း လူ့ဘောင်၌နေသူသည် စင်စစ် ပြည့်စုံစင်ကြယ်၍ ခရုသင်းပွတ်သစ်နှင့်တူသော ဤမြတ်သောအကျင့်ကို ကျင့်ရန်မလွယ်ကူပါ၊ အသျှင်ဘုရား အကျွန်ုပ်သည် ဆံမုတ်ဆိတ်ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုးသော အဝတ်တို့ကို ဝတ်ရုံ၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်လိုပါသည်၊ မြတ်စွာဘုရား အကျွန်ုပ်သည် မြတ်စွာဘုရားထံ၌ ရှင်ရဟန်းအဖြစ်ကို ရလိုပါ၏၊ မြတ်စွာဘုရားသည် အကျွန်ုပ်ကို ရဟန်းပြုတော်မူပါလော့" ဟု လျှောက်၏။ ရဋ္ဌပါလ သင့်ကို အမိအဖတို့က လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရန် ခွင့်ပြုပြီး ဖြစ်သလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား အကျွန်ုပ်ကို အမိအဖတို့က လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရန် ခွင့်မပြုသေးပါဟု (လျှောက်၏)။ရဋ္ဌပါလ မြတ်စွာဘုရားတို့သည် အမိအဖတို့က ခွင့်မပြုသောသားကို ရဟန်းပြုပေးတော်မမူကုန်ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား ထိုအကျွန်ုပ်တို့သည် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရန် မိဖတို့က ခွင့်ပေးအောင် ပြုပါမည် ဟု (လျှောက်၏)။

၂၉၅။ ထို့နောက် ရဋ္ဌပါလအမျိုးကောင်းသားသည် နေရာမှထကာ မြတ်စွာဘုရားကို ရှိခိုး၍ အရိုအသေပြုပြီးလျှင် မိဖတို့ထံသို့ ချဉ်းကပ်ပြီးသော် မိဖတို့အား—"မိခင် ဖခင်တို့ အကျွန်ုပ်သည် မြတ်စွာဘုရားဟောတော်မူသည့် တရားတော်ကို ထိုက်သည့်အားလျော်စွာ သိရပါ၏၊ ထိုသို့ သိရသည့်အတိုင်း လူ့ဘောင်၌နေသူသည် စင်စစ် ပြည့်စုံစင်ကြယ်၍ ခရုသင်းပွတ်သစ်နှင့် တူသော ဤမြတ်သောအကျင့်ကို ကျင့်ရန် မလွယ်ကူပါ၊ အကျွန်ုပ်သည် ဆံမုတ်ဆိတ်ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုးသော အဝတ်တို့ကို ပတ်ရုံ၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်လိုပါသည်၊ အကျွန်ုပ်ကို လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရန် ခွင့်ပြုကြပါကုန်" ဟု ပြောဆို၏။

ဤသို့ ပြောသော် ရဋ္ဌပါလ အမျိုးကောင်းသား၏ မိဖတို့သည် ရဋ္ဌပါလ အမျိုးကောင်းသားအား "ချစ်သားရဋ္ဌပါလ သင်သည် ငါတို့၏ တဦးတည်းသော သားဖြစ်၍ ချစ်ခင်အပ်သူ နှစ်သက်အပ်သူ ချမ်းသာစွာ ကြီးပြင်းလာသူ ချမ်းသာစွာ မွေးမြူလာရသူ ဖြစ်ပေ၏၊ ချစ်သားရဋ္ဌပါလ သင်သည် မည်သည့် ဆင်းရဲကိုမျှ မသိ၊ သင်သေသော်မှလည်း ငါတို့သည် အလိုမရှိကုန်ပဲ သင်နှင့် ခွဲခွါကြရကုန်အံ့၊ အသက်ရှင်နေသော သင့်ကိုကား ဤလူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရန် အဘယ်မှာ ငါတို့ ခွင့်ပြုနိုင်ပါကုန်အံ့နည်း" ဟု ပြောဆိုကြကုန်၏။ နှစ်ကြိမ်မြောက်လည်း ရဋ္ဌပါလ အမျိုးကောင်းသားသည်။ပ။ သုံးကြိမ်မြောက်လည်း ရဋ္ဌပါလအမျိုးကောင်းသားသည် မိဖတို့အား—"မိခင် ဖခင်တို့ အကျွန်ုပ်သည် မြတ်စွာဘုရား ဟောတော်မူသည့် တရားတော်ကို ထိုက်သည့်အားလျော်စွာ သိပါ၏၊ (ထိုသို့ သိရသည့်အတိုင်း) လူ့ဘောင်၌ နေသူသည် စင်စစ် ပြည့်စုံစင်ကြယ်၍ ခရုသင်းပွတ်သစ်နှင့်တူသော ဤမြတ်သောအကျင့်ကို ကျင့်ရန် မလွယ်ကူပါ၊

http://www.dhammadownload.com



အကျွန်ုပ်သည် ဆံမုတ်ဆိတ်ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုးသော အဝတ်တို့ကို ဝတ်ရုံ၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်လိုပါသည်၊ အကျွန်ုပ်ကို လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရန် ခွင့်ပြုကြပါကုန်"ဟု ပြောဆို၏။ သုံးကြိမ်မြောက်လည်း ရဋ္ဌပါလ အမျိုးကောင်းသား၏ မိဖတို့သည် ရဋ္ဌပါလအမျိုးကောင်းသားအား—"ချစ်သားရဋ္ဌပါလ သင်သည် ငါတို့၏ တဦးတည်းသော သားဖြစ်၏၊ ချစ်ခင်အပ်သူ နှစ်သက်အပ်သူ ချမ်းသာစွာ ကြီးပြင်းလာသူ ချမ်းသာစွာ မွေးမြူလာရသူ ဖြစ်ပေ၏၊ ချစ်သားရဋ္ဌပါလ သင်သည် မည်သည့် ဆင်းရဲကိုမျှ မသိ၊ ငါတို့သည် သင်သေသော်မှလည်း အလိုမရှိကုန်ပဲ သင်နှင့်ခွဲခွါကြရကုန်အံ့၊ အသက်ရှင်နေသော သင့်ကိုကား ငါတို့သည် ဤလူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရန် အဘယ်မှာလျှင် ခွင့်ပြုနိုင်ပါကုန်အံ့နည်း"ဟု ပြောဆိုကြကုန်၏။

၂၉၆။ ထို့နောက် ရဋ္ဌပါလအမျိုးကောင်းသားသည် "ငါ့ကို မိဖတို့က လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရန် ခွင့်မပြုကုန်" ဟု သိ၍ အခင်းမရှိသော မြေပေါ်၌ "ဤနေရာ၌သာလျှင် ငါ့အား သေခြင်းသော်ဎင်း ရဟန်းအဖြစ်သော်ဎင်း ဖြစ်လိမ့်မည်" ဟု (ဆို၍)ထိုအရပ်၌ပင် အိပ်၏။ ထို့နောက် ရဋ္ဌပါလအမျိုးကောင်းသားသည် ထမင်းတနပ်ကိုလည်း မစား၊ ထမင်း နှစ်နပ်တို့ကိုလည်း မစား၊ ထမင်းသုံးနပ်တို့ကိုလည်း မစား၊ ထမင်းလေးနပ်တို့ကိုလည်း မစား၊ ထမင်းငါးနပ်တို့ကိုလည်း မစား၊ ထမင်းခြောက်နပ်တို့ကိုလည်း မစား၊ ထမင်းခုနစ်နပ်တို့ကိုလည်း မစား။ ထိုအခါ ရဋ္ဌပါလအမျိုးကောင်းသား၏ မိဖတို့သည် ရဋ္ဌပါလအမျိုးကောင်းသားအား—"ချစ်သားရဋ္ဌပါလ သင်သည် ငါတို့၏ တဦးတည်းသော သားဖြစ်၍ ချစ်ခင်အပ်သူ နှစ်သက်အပ်သူ ချမ်းသာစွာ ကြီးပြင်းလာသူ ချမ်းသာစွာ မွေးမြူလာရသူ ဖြစ်ပေ၏၊ ချစ်သားရဋ္ဌပါလ သင်သည် မည်သည့် ဆင်းရဲကိုမျှ မသိ၊ ငါတို့သည် သင်သေသော်မှလည်း အလိုမရှိကုန်ပဲ သင်နှင့် ခွဲခွါကြရကုန်အံ့၊ အသက်ရှင်နေသော သင့်ကိုကား ငါတို့သည် ဤလူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရန် အဘယ်မှာ ခွင့်ပြုနိုင်ပါကုန်အံ့နည်း၊ချစ်သားရဋ္ဌပါလ ထလော့၊စားလည်း စားလော့၊သောက်လည်း သောက်လော့၊ ပျော်လည်း ပျော်ပါးလော့၊ စားသောက်ပျော်ပါးကာ ကာမဂုဏ်များကို ခံစား၍ ကောင်းမှုများကို ပြုလျက် မွေ့လျော်လော့၊ သင့်ကို လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရန် ငါတို့ ခွင့်မပြုနိုင်ကုန် ဟု ပြောဆိုကြကုန်၏။

ဤသို့ ပြောကြကုန်သော် ရဋ္ဌပါလအမျိုးကောင်းသားသည် ဆိတ်ဆိတ်နေ၏။ နှစ်ကြိမ်မြောက်လည်း ။ပ။ သုံးကြိမ်မြောက်လည်း ရဋ္ဌပါလအမျိုးကောင်းသား၏ အမိအဖတို့သည် ရဋ္ဌပါလအမျိုးကောင်းသားအား—"ချစ်သားရဋ္ဌပါလ သင်သည် ငါတို့၏ တဦးတည်းသောသား ဖြစ်၍ ချစ်ခင်အပ်သူ နှစ်သက်အပ်သူ ချမ်းသာစွာ ကြီးပြင်းလာသူ ချမ်းသာစွာ မွေးမြူလာရသူ ဖြစ်ပေ၏၊ချစ်သားရဋ္ဌပါလ သင်သည် မည်သည့်ဆင်းရဲကိုမျှ မသိ၊ သင်သေသော်မှလည်း ငါတို့သည် အလိုမရှိကုန်ပဲ သင်နှင့်ခွဲခွါကြရကုန်အံ့၊ အသက်ရှင်နေသော သင့်ကိုကား လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရန် အဘယ်မှာ ခွင့်ပြုနိုင်ပါကုန်အံ့နည်း၊ ချစ်သားရဋ္ဌပါလ ထလော့၊ စားလည်း စားလော့၊ သောက်လည်း သောက်လော့၊ ပျော်လည်း ပျော်ပါးလော့၊ စားသောက်ပျော်ပါးကာ ကာမဂုဏ်များကိုခံစား၍ ကောင်းမှုများကို ပြုလျက် မွေ့လျော်လော့၊သင့်ကို လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရန် ငါတို့ ခွင့်မပြုနိုင်ကုန်"ဟု ပြောဆိုကြကုန်၏။သုံးကြိမ်မြောက်လည်း ရဋ္ဌပါလအမျိုးကောင်းသားသည် ဆိတ်ဆိတ်နေ၏။

http://www.dhammadownload.com



၂၉၇။ ထိုနောက် ရဋ္ဌပါလအမျိုးကောင်းသား၏ သူငယ်ချင်းတို့သည် ရဋ္ဌပါလအမျိုးကောင်းသားထံ ချဉ်းကပ်ပြီးသော် ရဋ္ဌပါလအမျိုးကောင်းသားအား "အဆွေရဋ္ဌပါလ သင်သည် မိဘတို့၏ တဦးတည်းသောသားဖြစ်၍ ချစ်ခင်အပ်သူ နှစ်သက်အပ်သူ ချမ်းသာစွာ ကြီးပြင်းလာသူ ချမ်းသာစွာ မွေးမြူလာရသူ ဖြစ်ပေ၏၊ အဆွေရဋ္ဌပါလ သင်သည် မည်သည့်ဆင်းရဲကိုမျှ မသိ၊ သင်၏ မိဘတို့သည် သင်သေသော်မှလည်း (မိဘတို့) အလိုမရှိကုန်ပဲ သင်နှင့် ခွဲခွါကြရပေလိမ့်မည်၊ အသက်ရှင်နေသော သင့်ကိုကား လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရန် အဘယ်မှာ ခွင့်ပြုနိုင်ပါကုန်အံ့နည်း၊ အဆွေရဋ္ဌပါလ ထလော့၊ စားလည်း စားလော့၊ သောက်လည်း သောက်လော့၊ ပျော်လည်း ပျော်ပါးလော့၊ စားသောက်ပျော်ပါးကာ ကာမဂုဏ်များကို ခံစား၍ ကောင်းမှုများကို ပြုလျက် မွေ့လျော်လော့၊ သင့်ကို လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရန်ကား မိဘတို့ ခွင့်ပြုနိုင်လိမ့်မည် မဟုတ်ကုန်၊ သင်၏ မိဘတို့သည် သင်သေသော်မှလည်း အလိုမရှိကုန်ပဲ သင်နှင့် ခွဲခွါကြရပေမည်၊ အသက်ရှင်နေသော သင့်ကိုကား လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရန် အဘယ်မှာ ခွင့်ပြုနိုင်ကုန်အံ့နည်း"ဟု ပြောဆိုကြကုန်၏။

ဤသို့ ပြောကုန်သော် ရဋ္ဌပါလအမျိုးကောင်းသားသည် ဆိတ်ဆိတ်နေ၏။ နှစ်ကြိမ်မြောက်လည်း။ပ။ သုံးကြိမ်မြောက်လည်း ရဋ္ဌပါလအမျိုးကောင်းသား၏ သူငယ်ချင်းတို့သည် ရဋ္ဌပါလအမျိုးကောင်းသားအား "အဆွေရဋ္ဌပါလ သင်သည် မိဘတို့၏ တဦးတည်းသော သားဖြစ်၍ ချစ်ခင်အပ်သူ နှစ်သက်အပ်သူ ချမ်းသာစွာ ကြီးပြင်းလာသူ ချမ်းသာစွာ မွေးမြူလာရသူ ဖြစ်ပေ၏၊ အဆွေရဋ္ဌပါလ သင်သည် မည်သည့်ဆင်းရဲကိုမျှ မသိ၊ သင်၏မိဘတို့သည် သင်သေသော်မှလည်း (မိဘတို့)အလိုမရှိကုန်ပဲ သင်နှင့် ခွဲခွါကြရပေမည်၊အသက်ရှင်နေသော သင့်ကိုကား လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရန် အဘယ်မှာခွင့်ပြုနိုင်ကုန်အံ့နည်း၊အဆွေရဋ္ဌပါလ ထလော့၊စားလည်း စားလော့၊ သောက်လည်း သောက်လော့၊ ပျော်လည်း ပျော်ပါးလော့၊ စားသောက် ပျော်ပါးကာ ကာမဂုဏ်များကို ခံစား၍ ကောင်းမှုများကို ပြုလျက် မွေ့လျော်လော့။သင့်ကို လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရန်ကား မိဘတို့ ခွင့်ပြုနိုင်လိမ့်မည် မဟုတ်ကုန်၊ သင်၏မိဘတို့သည် သင်သေသော်မှလည်း အလိုမရှိကုန်ပဲ သင်နှင့် ခွဲခွါကြရပေမည်၊ အသက်ရှင်နေသော သင့်ကိုကား လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရန် အဘယ်မှာ ခွင့်ပြုနိုင်ကုန်အံ့နည်း"ဟု ပြောဆိုကြကုန်၏။ သုံးကြိမ်မြောက်လည်း ရဋ္ဌပါလအမျိုးကောင်းသားသည် ဆိတ်ဆိတ်နေ၏။

၂၉၈။ ရဋ္ဌပါလ အမျိုးကောင်းသား၏ သူငယ်ချင်းတို့သည် ရဋ္ဌပါလအမျိုးကောင်းသား၏ မိဘတို့ထံသို့ ချဉ်းကပ်ကြပြီးသော် "မိခင် ဖခင်တို့ ဤရဋ္ဌပါလသည် အခင်းမရှိသော မြေပေါ်ဝယ်. ဤနေရာ၌သာလျှင် ငါ့အား သေခြင်းသော်ရှင်. ရဟန်းအဖြစ်သော်ရှင်း ဖြစ်လိမ့်မည်"ဟု အိပ်၏၊ သင်တို့သည် ရဋ္ဌပါလကို လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရန် ခွင့်မပြုကြပါမူ ထိုနေရာ၌ပင် သေခြင်းသို့ ရောက်လိမ့်မည်၊ အကယ်၍ သင်တို့သည် ရဟန်းပြုရန် ခွင့်ပြုကြပါမူ ရဟန်းအဖြစ်နှင့် နေသော ရဋ္ဌပါလကို မြင်ကြရဦးမည်၊ ရဋ္ဌပါလသည် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်၍ ရဟန်းပြုပြီးမှ အကယ်၍ မပျော်ပိုက်ပါမူ သူ့အား မိဘတို့အိမ်မှတပါး သွားစရာ အဘယ်မှာရှိအံ့နည်း၊ ဤ(အိမ်)သို့သာလျှင် တဖန်ပြန်လာပါလိမ့်မည်၊ ရဋ္ဌပါလကို လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရန် ခွင့်ပြုကြပါကုန်" ဟု ပြောဆိုကြကုန်၏။

ထိုအခါ ရဋ္ဌပါလ၏ မိဘတို့သည် အမောင်တို့ ရဋ္ဌပါလကို လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရန် ငါတို့ ခွင့်ပြုပါကုန်၏၊ သို့ရာတွင် ရဟန်းပြုပြီးနောက် မိဘတို့ကို အတွေ့ခံပါစေ ဟု

http://www.dhammadownload.com



(ပြောဆိုကြကုန်၏)။ ထိုအခါ ရဋ္ဌပါလအမျိုးကောင်းသား၏ သူငယ်ချင်းတို့သည် ရဋ္ဌပါလအမျိုးကောင်းသားထံ ချဉ်းကပ်ကြပြီးသော် "အဆွေရဋ္ဌပါလ ထလော့၊ သင့်ကို မိဖတို့သည် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရန် ခွင့်ပြုကြပြီ၊ သို့ရာတွင် သင်သည် ရဟန်းပြုပြီးနောက် အမိအဖတို့ကို အတွေ့ခံရမည်"ဟု ပြောကြကုန်၏။

၂၉၉။ ထို့နောက် ရဋ္ဌပါလအမျိုးကောင်းသားသည် ထ၍ အားယူကာ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်လျက် မြတ်စွာဘုရားအား— "အသျှင်ဘုရား အကျွန်ုပ်ကို မိဖတို့က လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရန် ခွင့်ပေးကြပါပြီ၊ မြတ်စွာဘုရားသည် အကျွန်ုပ်ကို ရဟန်းပြုတော်မူပါလော့"ဟု လျှောက်၏။ ရဋ္ဌပါလအမျိုးကောင်းသားသည် မြတ်စွာဘုရားအထံ၌ ရှင့်အဖြစ် ရဟန်းအဖြစ်ကို ရလေ၏။ ထိုအခါ မြတ်စွာဘုရားသည် အသျှင်ရဋ္ဌပါလ ရဟန်းပြု၍ မကြာမြင့်မီ လခွဲမျှ လွန်လတ်သော် ထုလ္လကောဋ္ဌိကနိဂုံး၌ မွေ့လျော်တော်မူသမျှ နေတော်မူ၍ သာဝတ္ထိပြည်သို့ ဒေသစာရီ ကြွချီတော်မူ၏၊ အစဉ်အတိုင်း ဒေသစာရီ ကြွချီတော်မူလတ်သော် သာဝတ္ထိပြည်သို့ ရောက်တော်မူ၏၊ သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ အသျှင်ရဋ္ဌပါလသည် တပါးတည်း ဆိတ်ငြိမ်ရာသို့ကပ်၍ မမေ့မလျော့ ပြင်းစွာအားထုတ်လျက် (နိဗ္ဗာန်သို့)စေလွှတ်သော စိတ်ရှိသည်ဖြစ်၍ နေလတ်သော် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ကြသော အမျိုးသားများ လိုလားအပ်သည့် အတုမရှိသော မြတ်သော အကျင့်၏ အဆုံးဖြစ်သော အရဟတ္တဖိုလ်အကျိုးကို မကြာမီ ယခုဘဝ၌ပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုကာ ပြည့်စုံစေ၍ နေ၏၊ "ပဋိသန္ဓေနေမှုကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ်)ကိစ္စအလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီ" ဟု သိ၏၊ အသျှင်ရဋ္ဌပါလသည် ရဟန္တာတို့တွင် တပါးအပါအဝင် ဖြစ်လေ၏။

ထိုအခါ အသျှင်ရဋ္ဌပါလသည် မြတ်စွာဘုရားကိုရှိခိုး၍ သင့်လျော်ရာ၌ ထိုင်လျက်"အသျှင်ဘုရား အကျွန်ုပ်ကို အကယ်၍ မြတ်စွာဘုရား ခွင့်ပြုတော်မူပါလျှင် အကျွန်ုပ်သည် အမိအဖတို့ကို အတွေ့ခံလိုပါ၏"ဟု လျှောက်၏။ ထိုအခါ မြတ်စွာဘုရားသည် ရဋ္ဌပါလအမျိုးကောင်းသား သိက္ခာချ၍ လူထွက်ရန် မထိုက်သည်ကို သိတော်မူသည့် အခြင်းအရာအားဖြင့် အသျှင်ရဋ္ဌပါလ၏ စိတ်ကို(မိမိ)စိတ်တော်ဖြင့် ပိုင်းခြား၍ နှလုံးသွင်းတော်မူ၏။ထိုအခါ မြတ်စွာဘုရားသည် အသျှင်ရဋ္ဌပါလကို "ရဋ္ဌပါလ ယခုအခါ၌ အတွေ့ခံရန် အချိန်ကို သင်သိ၏။ (အတွေ့ခံရန်မှာ သင်၏ အလိုအတိုင်းပင် ဖြစ်၏)"ဟု (မိန့်တော်မူ၏)။ ထိုအခါ အသျှင်ရဋ္ဌပါလသည် နေရာမှထ၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် အရိုအသေပြုကာ ကျောင်း အိပ်ရာ နေရာကို သိမ်းမှီး၍ သပိတ်သင်္ကန်းကို ယူပြီးလျှင် ထုလ္လကောဋ္ဌိက နိဂုံးသို့ ဒေသစာရီ ကြွချီခဲ့ရာ အစဉ်အတိုင်း ထုလ္လကောဋ္ဌိကနိဂုံးသို့ ဆိုက်ရောက်၏၊ အသျှင်ရဋ္ဌပါလမထေရ်သည် ထိုထုလ္လကောဋ္ဌိကနိဂုံး၌ ကောရဗျမင်း၏ မိဂစီရမည်သော ဥယျာဉ်၌ သီတင်းသုံးနေတော်မူ၏။

ထိုအခါ အသျှင်ရဋ္ဌပါလသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူပြီးလျှင် ထုလ္လကောဋ္ဌိကနိဂုံးသို့ ဆွမ်းခံဝင်လေ၏၊ ထုလ္လကောဋ္ဌိကနိဂုံး၌ အိမ်စဉ်အတိုင်းရပ်၍ ဆွမ်းခံကြွတော်မူသည်ရှိသော် မိမိ၏ အဖအိမ်သို့ ချဉ်းကပ်မိလေ၏၊ ထိုအခါ အသျှင်ရဋ္ဌပါလ၏ အဖသည် အလယ်တံခါးမုခ်ဦး၌ ဆံရှင်း၍ နေ၏။ အသျှင်ရဋ္ဌပါလ၏ အဖသည် အဝေးက ကြွလာသော

http://www.dhammadownload.com



အသျှင်ရဋ္ဌပါလကိုမြင်၍ “ဤဦးပြည်းရဟန်းယုတ်တို့သည် ငါတို့၏ချစ်လှစွာသော နှလုံးကို ပွါးစေတတ်သော တယောက်တည်းသောသားကို ရဟန်းပြုပေးကြကုန်၏” ဟု ဆို၏။ ထိုအခါ အသျှင်ရဋ္ဌပါလသည် မိမိအဖအိမ်မှ အလှူဒါန မရခဲ့သည့်ပြင် ကန်တော့ဆွမ်း တုံ့ပြန်မှု (ကန်တော့ဆွမ်း) ကိုမျှ မရခဲ့၊ စင်စစ်သော်ကား ဆဲရေးမှုကိုသာ ရခဲ့၏။ ထိုအခါ အသျှင်ရဋ္ဌပါလ၏ ဆွေမျိုးသဖွယ်ဖြစ်သည့် (အိမ်ပေါက်)ကျွန်မသည် တညဥ့်လွန် (သိုးလေ) ပြီးသော မုယောမုံ့ကို စွန့်ပယ်လို၏၊ ထိုအခါ အသျှင်ရဋ္ဌပါလသည် ထိုဆွေမျိုးသဖွယ်ဖြစ်သည့် ကျွန်မကို “နှစ်မ ထို(မုံ့)ကို အကယ်၍ စွန့်ပစ်ရမည် ဖြစ်အံ့၊ ငါ၏ ဤသပိတ်၌ လောင်းလော့”ဟု ပြော၏။ ထိုအခါ အသျှင်ရဋ္ဌပါလ၏ ဆွေမျိုးသဖွယ်ဖြစ်သူ ကျွန်မသည် တညဥ့်လွန်(သိုးလေ)ပြီးသော ထိုမုယောမုံ့ကို အသျှင်ရဋ္ဌပါလ၏ သပိတ်၌ လောင်းစဉ် လက်ခြေအသံတို့၏ အမှတ်အသားကို မှတ်ယူ၏။

၃၀၀။ ထို့နောက် အသျှင်ရဋ္ဌပါလ၏ ဆွေမျိုးသဖွယ်ဖြစ်သူ ကျွန်မသည် အသျှင်ရဋ္ဌပါလ၏ မိခင်ထံသို့ ချဉ်းကပ်၍ “အသျှင်မ သိပါလော့၊ အသျှင့်သား ရဋ္ဌပါလသည် ရောက်လာပြီ” ဟု အသျှင်ရဋ္ဌပါလ၏ အမိကိုပြော၏။ ဟယ် ကျွန်မ အကယ်၍ သင်အမှန်ပြောမူ သင့်ကို ကျွန်အဖြစ်မှ လွတ်ပစ်မည်ဟု(ဆို၏)။ ထို့နောက် အသျှင်ရဋ္ဌပါလ၏ မိခင်သည် အသျှင်ရဋ္ဌပါလ ဖခင်ရှိရာသို့ ချဉ်းကပ်၍ အသျှင်ရဋ္ဌပါလ၏ ဖခင်ကို “အသျှင် သိပါလော့၊ အမျိုးကောင်းသား အသျှင်ရဋ္ဌပါလသည် ရောက်လာပြီ”ဟု ပြောဆို၏။

ထိုအခါ အသျှင်ရဋ္ဌပါလသည် နံရံခြေတခုကိုမှီ၍ တညဥ့်လွန်(သိုးလေ)ပြီးသော ထိုမုယောမုံ့ကို သုံးဆောင်နေ၏။ ထိုအခါ အသျှင်ရဋ္ဌပါလ၏ အဖလည်း အသျှင်ရဋ္ဌပါလထံသို့ ချဉ်းကပ်၍ အသျှင်ရဋ္ဌပါလအား ဤစကားကို ပြောဆို၏—“ချစ်သားရဋ္ဌပါလ တညဥ့်လွန်(သိုးလေ)ပြီးသော မုယောမုံ့ကို စား၊မှ စားပလေ၊ အကယ်စင်စစ် မိမိအိမ်သို့ သွားသင့်သည် မဟုတ်ပါလော”ဟု ပြော၏။ ဒါယကာကြီး လူ့ဘောင်မှရဟန်းဘောင်သို့ ဝင်ရောက်သော ငါတို့အား အဘယ်မှာ အိမ်ရှိအံ့နည်း၊ ဒါယကာကြီး ငါတို့သည် အိမ်မရှိကြကုန်၊ ဒါယကာကြီး သင်၏ အိမ်သို့ ရောက်ခဲ့ပြီ၊ ထိုအိမ်မှ အလှူဒါန မရခဲ့သည့်ပြင် တုံ့ပြန်မှု (ကန်တော့ဆွမ်း)ကိုမျှ မရခဲ့၊ စင်စစ်သော်ကား ဆဲရေးခြင်းကိုသာ ရခဲ့၏ဟု (ပြော၏)။ ချစ်သားရဋ္ဌပါလ လာ အိမ်သို့ သွားကြကုန်အံ့ ဟု (ဆို၏)။ ဒါယကာကြီး တန်ပြီ၊ ယနေ့ အကျွန်ုပ်အား ဆွမ်းကိစ္စ ပြီးပြီဟု (ဆို၏)။ ချစ်သား ရဋ္ဌပါလ သို့ဖြစ်မူ နက်ဖန်အတွက် ဆွမ်းကို လက်ခံပါလော့ ဟု (လျှောက်၏)။ အသျှင်ရဋ္ဌပါလသည် ဆိတ်ဆိတ်နေသဖြင့် လက်ခံတော်မူ၏။ ထိုအခါ အသျှင်ရဋ္ဌပါလ၏ အဖသည် အသျှင်ရဋ္ဌပါလ လက်ခံသည်ကို သိ၍ မိမိအိမ်သို့ ချဉ်းကပ်ကာ ကြီးစွာသော ရွှေငွေပုံကို ပြုစေ၍ ဖျာတို့ဖြင့် ဖုံးပြီးလျှင် အသျှင်ရဋ္ဌပါလ၏ မယားဟောင်းတို့ကို“ချွေးမတို့ လာကြကုန်လော့၊ ရှေးအခါက ရဋ္ဌပါလ အမျိုးကောင်းသားအား ကြိုက်နှစ်သက်စေတတ်သော အဆင်တန်ဆာကို ဝတ်ဆင်ကြကုန်လော့” ဟု ပြောဆို၏။

၃၀၁။ ထိုအခါ အသျှင်ရဋ္ဌပါလ၏ အဖသည် ထိုညဥ့်လွန်သဖြင့် မိမိအိမ်၌ မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ကို စီရင်၍ အသျှင်ရဋ္ဌပါလအား “ချစ်သားရဋ္ဌပါလ ဆွမ်းပြင်ပြီးပြီ၊ ဆွမ်းစားရန် အချိန်တန်ပြီ”ဟု အချိန်ကို ကြားလျှောက်၏။ ထိုအခါ အသျှင်ရဋ္ဌပါလသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူပြီးလျှင် မိမိအဖ၏ အိမ်သို့ ချဉ်းကပ်၍ ခင်းထားသော နေရာ၌ ထိုင်၏။ ထိုအခါ အသျှင်ရဋ္ဌပါလ၏ အဖသည် ရွှေပုံ ငွေပုံကိုဖွင့်၍ အသျှင်ရဋ္ဌပါလအား—

http://www.dhammadownload.com



“ချစ်သားရဋ္ဌပါလ ဤ (ရွှေငွေ)သည် သင့်အမိ၏ အမိဖက်မှ ပါလာသော ဥစ္စာတည်း၊ (မိန်းမသား၏ မိန်းမသုံး ဥစ္စာတည်း) [၁]။အဖဘက်မှ ပါလာသော ဥစ္စာသည်ကား တခြားရှိသေး၏၊ အဘိုးအဘေးဘက်မှ (ဆင်းသက်)လာသော ဥစ္စာလည်း တခြားရှိသေး၏၊ချစ်သားရဋ္ဌပါလ လူထွက်၍ စည်းစိမ်တို့ကိုလည်း ခံစားရန် ကောင်းမှုတို့ကိုလည်း ပြုရန် ရနိုင်၏၊ ချစ်သားရဋ္ဌပါလ လာလော့၊ လူထွက်၍ စည်းစိမ်တို့ကိုလည်း ခံစားလော့၊ ကောင်းမှုတို့ကိုလည်း ပြုလော့” ဟု ပြောဆို၏။ ဒါယကာကြီး အကယ်၍ ငါ၏စကားကို လိုက်နာသည်ဖြစ်မူ ဤရွှေငွေတို့ကို လှည်းတို့ဖြင့် ထုတ်ဆောင်ကာ ဂင်္ဂါမြစ်လယ် ရေအယဉ်၌ ပစ်ချလိုက်လော့၊ အဘယ့်ကြောင့်ဆိုသော် ထို(ဥစ္စာဟူသော) အကြောင်းကြောင့် သင့်အား ပူဆွေးရမှု ငိုကြွေးရမှု ကိုယ်ဆင်းရဲရမှု စိတ်ဆင်းရဲရမှု ပြင်းစွာ ပင်ပန်းမှုတို့သည် ဖြစ်ကုန်လိမ့်မည်ဟု ဆို၏။

ထိုအခါ အသျှင်ရဋ္ဌပါလ၏ မယားဟောင်းတို့သည် အသီးအသီး ခြေတို့ကိုကိုင်၍ အသျှင်ရဋ္ဌပါလအား— “အသျှင့်သား အကြင် (နတ်သမီး)တို့ကို (ရလိုမှုဟူသော) အကြောင်းကြောင့် အသျှင့်သားသည် မြတ်သော အကျင့်ကို ကျင့်၏၊ ထိုနတ်သမီးတို့ကား အဘယ်သို့သဘောရှိပါကုန်သနည်း”ဟု ပြောကြကုန်၏။နှမတို့ ငါသည် နတ်သမီးဟူသော အကြောင်းကြောင့် မြတ်သော အကျင့်ကို ကျင့်သည်မဟုတ် ဟု (ဆို၏)။

ထိုအခါ အသျှင်ရဋ္ဌပါလ၏ မယားဟောင်းတို့သည် ငါတို့ကို အသျှင့်သားရဋ္ဌပါလသည် နှမတို့ဟူသော ခေါ်ဝေါ်ပြောဆိုခြင်းဖြင့် ခေါ်ဝေါ်ပြောဆိုနေတော့သည်ဟု ထိုနေရာ၌ ပင်လျှင် မိန်းမေ့တွေဝေ၍ လဲကုန်၏။ ထိုအခါ အသျှင်ရဋ္ဌပါလသည် အဖဖြစ်သူအား “ဒါယကာကြီး ဆွမ်းဘောဇဉ်တိကို ပေးလှူမည်ဖြစ်လျှင် ပေးလှူလော့၊အကျွန်ုပ်တို့ကို(ဥစ္စာမိန်းမ အထွေထွေပြလျက်) မညှဉ်းဆဲပါလင့်” ဟု ပြောဆို၏။ ချစ်သားရဋ္ဌပါလ သုံးဆောင်လော့၊ ဆွမ်းပြင်ပြီးပါပြီ ဟု (ဆို၏)။ ထို့နောက် အသျှင်ရဋ္ဌပါလ၏ မိဖတို့သည် အသျှင်ရဋ္ဌပါလအား မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ဖြင့် ရောင့်ရဲသည့်တိုင်အောင် တားမြစ်သည့်တိုင်အောင် မိမိကိုယ်တိုင် လုပ်ကျွေးကုန်၏။

၃၀၂။ ထိုအခါ အသျှင်ရဋ္ဌပါလသည် ဆွမ်းစားပြီး၍ သပိတ်မှ လက်ကို ဖယ်ပြီးသော် ရပ်လျက်သာလျှင် ဤဂါထာကို ရွတ်ဆို၏—

“ရှုစမ်းလော့၊ အနာဝပြည့် ကိုယ်ဖြစ်၍ ထက်ဝန်းကျင် စိုက်ဆောက်ထားသော အမြဲကျင်နာ၍ အများသတ္တဝါတို့ ကြံစည်အပ်သော အဆန်းတကြယ် ပြုထားသည့် ခန္ဓာကိုယ် အတ္တဘောသည် အမြဲတည်မှု မရှိနိုင်ချေ။

ရှုစမ်းလော့၊ ပတ္တမြားနားတောင်းဖြင့် ဆန်းကြယ်စွာ ပြုပြင်ထားသော အရိုးကို အရေဖုံးနေသော ရုပ်ပုံသည် အဝတ်နှင့်တကွ ဖြစ်မှသာလျှင် တင့်တယ်ပေ၏။

ချိပ်ရည် ဆိုးထားသော ခြေထောက်များနှင့် နံ့သာမှုန့် လိမ်းကျံထားသော မျက်နှာတို့သည် လူမိုက်အား တွေဝေရန် စွမ်းနိုင်၍(နိဗ္ဗာန်)ကမ်းတဖက်ကို ရှာမှီးသူအား တွေဝေရန် မစွမ်းနိုင်ကုန်သည်သာတည်း။

---

၁. သနပ်ခါးဘိုး ပန်းဘိုးမျှ ရှိသေး၏ ဆိုလိုသည်။

http://www.dhammadownload.com



ရှစ်မျိုးသော အဖို့အစုတို့ဖြင့် ဆင်ယင်ထုံးဖွဲ့ထားသော ဆံပင်တို့နှင့် မျက်ကွင်းဆေးလိမ်းကျံထားသော မျက်စိတို့သည် လူမိုက်အား တွေ့ဝေရန် စွမ်းနိုင်၍ (နိဗ္ဗာန်)ကမ်းတဖက်ကို ရှာမှီးသူအား တွေ့ဝေရန် မစွမ်းနိုင်ကုန်သည်သာတည်း။

မျက်စည်းကျည်း အဆင်းရှိသော ဆန်းကြယ်သော တန်ဆာဆင်ထားသော အပုပ်ကောင်သည် ထိုလူမိုက်အား တွေ့ဝေရန် စွမ်းနိုင်၍ (နိဗ္ဗာန်)ကမ်းတဖက်ကို ရှာမှီးသူအား တွေ့ဝေရန် မစွမ်းနိုင်သည်သာတည်း။

သားမုဆိုးသည် ပိုက်ကို ထောင်ထား၏၊ သားသမင်သည် ပိုက်ကို မထိပါးစေပဲ အစာကို စားလျက် သားမုဆိုး ငြည်းတမ်းစဉ် ဖဲသွားလေသတည်း" ဟု (ရွတ်ဆို၏)။

ထိုအခါ အသျှင်ရဋ္ဌပါလသည် ရပ်လျက်သာလျှင် ဤဂါထာတို့ကို ရွတ်ဆိုလျက် ကောရဗျမင်း၏ မိဂစီရ ဥယျာဉ်သို့ ချဉ်းကပ်၍ သစ်ပင်ရင်းတခု၌ နေ့သန့်စင်နေ၏။

၃၀၃။ ထိုအခါ ကောရဗျမင်းသည် မိဂဝဥယျာဉ်မှူးကို "အချင်းမိဂဝ မိဂစီရဥယျာဉ်မြေကို ပြင်ဆင်လော့၊ ရှုမြော်ခင်းကို ကြည့်ရှုရန် သွားကြကုန်အံ့"ဟု မိန့်၏။ "အသျှင်မင်းမြတ် ကောင်းပါပြီ" ဟူ၍သာလျှင် မိဂဝဥယျာဉ်မှူးသည် ကောရဗျမင်းအား ပြန်လျှောက်ကြား၍ မိဂစီရဥယျာဉ်ကို ပြင်ဆင်သည်ရှိသော် သစ်ပင်ရင်းတခု၌ နေ့သန့်စင်နေသော အသျှင်ရဋ္ဌပါလကို မြင်၍ ကောရဗျမင်းထံသို့ ချဉ်းကပ်ပြီးလျှင် "အသျှင်မင်းမြတ် သင်၏ မိဂစီရဥယျာဉ်သည် ပြင်ဆင်ပြီးဖြစ်ပါပြီ၊ ဤဥယျာဉ်၌ ဤထုလ္လကောဋ္ဌိကနိဂုံးမှ မြတ်သော အမျိုးသားဖြစ်သော ရဋ္ဌပါလ အမျိုးကောင်းသားလည်း ရှိပါ၏၊ သင်မင်းမြတ် မပြတ်ပြောဆို တမ်းတနေသော ရဋ္ဌပါလ အမျိုးကောင်းသားသည် သစ်ပင်ရင်းတခု၌ နေ့သန့်စင်နေပါ၏"ဟု လျှောက်၏။ အချင်းမိဂဝ သို့ဖြစ်မူ ယခု ဥယျာဉ်မြေကို မကြည့်ရှုလိုတော့ပြီ၊ ထိုအသျှင်ရဋ္ဌပါလထံသို့သာလျှင် ငါတို့ ချဉ်းကပ်ကြကုန်အံ့ဟု (ဆို၏)။

ထိုအခါ ကောရဗျမင်းသည် စီရင်သင့်သော ခဲဖွယ်ဘောဇဉ် အလုံးစုံကို စီရင်ကြကုန်လော့ဟု ဆို၍ ကောင်းသည်ထက် ကောင်းကုန်သော ယာဉ်တို့ကို ကစေ၍ ကောင်းသည်ထက် ကောင်းသော ယာဉ်ကို တက်စီးပြီးလျှင် ကောင်းသည်ထက် ကောင်းသော ယာဉ်တို့ဖြင့် ထုလ္လကောဋ္ဌိက နိဂုံးမှ ကြီးကျယ်သော မင်းကျက်သရေဖြင့် အသျှင်ရဋ္ဌပါလကို ဖူးမျှော်ရန် ထွက်သွားလေ၏။ ယာဉ်ဖြင့် သွားသင့်သော အရပ်တိုင်အောင် ယာဉ်ဖြင့်သွား၍ ယာဉ်မှ သက်ဆင်းပြီးလျှင် ခြေကျင်သာလျှင် ကျော်စော ထင်ရှားသော ပရိသတ်ဖြင့် အသျှင်ရဋ္ဌပါလထံသို့ ချဉ်းကပ်၍ အသျှင်ရဋ္ဌပါလနှင့်အတူ ဝမ်းမြောက် ဝမ်းသာပြောဆို၏၊ ဝမ်းမြောက်ဖွယ် အောက်မေ့ဖွယ်စကားကို ပြောဆိုပြီးဆုံးစေပြီးလျှင် သင့်လျော်ရာ၌ ရပ်လျက် အသျှင်ရဋ္ဌပါလအား—"အသျှင်ရဋ္ဌပါလ အသျှင်သည် ဤဆင်ကုန်းနှီး၌ ထိုင်ပါလော့"ဟု လျှောက်၏။ မင်းကြီး တန်ပြီ၊ သင်ထိုင်လော့၊ ငါသည် မိမိနေရာ၌ ထိုင်နေ၏ဟု (ဆို၏)။ ကောရဗျမင်းသည် ခင်းထားသောနေရာ၌ ထိုင်ပြီးလျှင် အသျှင်ရဋ္ဌပါလအား—

၃၀၄။ အသျှင်ရဋ္ဌပါလ ပျက်စီးခြင်းတို့သည် ဤလေးပါးတို့ပါတည်း၊ ယင်းပျက်စီးခြင်းတို့နှင့် ပြည့်စုံသော သူအချို့တို့သည် သာ ဆံမုတ်ဆိတ်ကို ပယ်၍ ဖန်ရည်ဆိုးသော အဝတ်တို့ကို ဝတ်ပြီးလျှင် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ကြပါကုန်၏။ အဘယ်လေးပါးတို့နည်းဟူမူ—အိုမှုဟူသော ပျက်စီးခြင်း နာမှုဟူသောပျက်စီးခြင်း စည်းစိမ်ပျက်စီးခြင်း ဆွေမျိုးပျက်စီးခြင်းတို့

http://www.dhammadownload.com



ပေတည်း။ အသျှင်ရဋ္ဌပါလ အိုမှုပျက်စီးခြင်းဟူသည် အဘယ်နည်း—အသျှင်ရဋ္ဌပါလ ဤလောက၌ အချို့သောသူသည် အိုမင်းကြီးမြင့် အရွယ်ရင့်ကာ ဆင့်ဆင့်လွန်မြောက် နောက်ဆုံးအရွယ်သို့ရောက်၏။ ထိုသူသည် "ယခုအခါ ငါသည် အိုမင်းကြီးမြင့် အရွယ်ရင့်ကာ ဆင့်ဆင့်လွန်မြောက် နောက်ဆုံးအရွယ်သို့ ရောက်ခဲ့ပြီ၊ ငါသည် မရသေးသော စည်းစိမ်ကိုရရန် ရပြီးသော စည်းစိမ်ကို တိုးပွါးအောင်ပြုရန် မလွယ်ကူချေ၊ ငါသည် အကယ်၍ ဆံမုတ်ဆိတ်ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုးသော အဝတ်တို့ကို ဝတ်ရုံလျက် လူ့ဘောင်မှ ရဟန်းဘောင်သို့ဝင်ရမူ ကောင်းလေရာ၏" ဟု ဆင်ခြင်၏။ ထိုသူသည် အိုမှုဟူသော ပျက်စီးခြင်းနှင့် ပြည့်စုံသည်ဖြစ်၍ ဆံမုတ်ဆိတ်ကို ရိတ်ပယ်၍ ဖန်ရည်ဆိုးသော အဝတ်တို့ကို ဝတ်ရုံလျက် လူ့ဘောင်မှရဟန်းဘောင်သို့ ဝင်ရောက်၏။အသျှင်ရဋ္ဌပါလ ဤပျက်စီးခြင်းကို အိုမှု ပျက်စီးခြင်းဟူ၍ ဆိုရ၏။ အသျှင်ရဋ္ဌပါလမူကား ယခုအခါ ငယ်ရွယ်၏၊ ပျိုမြစ်၏၊ သူငယ်သာဖြစ်၏၊ မည်းနက်သောဆံရှိ၏၊ ပဌမအရွယ်အားဖြင့် ကောင်းမြတ်သော အရွယ်နှင့် ပြည့်စုံ၏။ အသျှင်ရဋ္ဌပါလအား ထိုအိုမှု ဟူသော ပျက်စီးခြင်းသည် မရှိ၊အသျှင်ရဋ္ဌပါလသည် အဘယ်အကျိုးထူးကိုသိ၍ မြင်၍ ကြား၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ပါသနည်း။ (၁)

အသျှင်ရဋ္ဌပါလ နာမှု ပျက်စီးခြင်းဟူသည် အဘယ်နည်း—အသျှင်ရဋ္ဌပါလ ဤလောက၌ အချို့သောသူသည် အနာရှိ၏၊ ဆင်းရဲ၏၊ ပြင်းစွာနာ၏၊ ထိုသူသည် "ယခုအခါ ငါသည် အနာရှိ၏၊ ဆင်းရဲ၏၊ ပြင်းစွာနာ၏၊ ငါသည် မရသေးသော စည်းစိမ်ကို ရရန် ရပြီးသော စည်းစိမ်ကို တိုးပွါးအောင် ပြုရန် မလွယ်ကူချေ၊ အကယ်၍ ငါသည် ဆံမုတ်ဆိတ်ကို ရိတ်ပယ်၍ ဖန်ရည်ဆိုးသော အဝတ်တို့ကို ဝတ်ရုံလျက် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရမူ ကောင်းလေရာ၏" ဟု ဆင်ခြင်၏။ ထိုသူသည် ထိုနာမှုပျက်စီးခြင်းနှင့် ပြည့်စုံသည်ဖြစ်၍ ဆံမုတ်ဆိတ်ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုးသော အဝတ်တို့ကို ဝတ်ရုံလျက် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၏။ အသျှင်ရဋ္ဌပါလ ဤပျက်စီးခြင်းကို နာမှု ပျက်စီးခြင်းဟူ၍ ဆိုရ၏။ အသျှင်ရဋ္ဌပါလ မူကား ယခုအခါ အနာမရှိ၊ ဆင်းရဲမရှိ၊ အညီအမျှ ကျေကျက်စေတတ်သော မအေးလွန်း မပူလွန်းသော ပါစကဓာတ်နှင့် ပြည့်စုံ၏၊ အသျှင်ရဋ္ဌပါလအား ထိုနာမှုဟူသော ပျက်စီးခြင်းသည် မရှိ။ အသျှင်ရဋ္ဌပါလသည် အဘယ်အကျိုးထူးကိုသိ၍ မြင်၍ ကြား၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ပါသနည်း။ (၂)

အသျှင်ရဋ္ဌပါလ စည်းစိမ်ပျက်စီးခြင်းဟူသည် အဘယ်နည်း—အသျှင်ရဋ္ဌပါလ ဤလောက၌ အချို့သောသူသည် ကြွယ်ဝ၏၊ များသောဥစ္စာရှိ၏၊ များသောစည်းစိမ်ရှိ၏။ ထိုသူ၏ ထိုစည်းစိမ်တို့သည် အစဉ်အတိုင်း ကုန်ခန်းခြင်းသို့ ရောက်ကုန်၏။ ထိုသူသည် "ရှေးအခါက ငါသည် ကြွယ်ဝ၏၊ များသောဥစ္စာရှိ၏၊ များသောစည်းစိမ်ရှိ၏၊ ထိုငါ့အား ထိုစည်းစိမ်တို့သည် အစဉ်အတိုင်း ကုန်ခန်းခြင်းသို့ ရောက်ကုန်၏။ ငါသည် မရသေးသော စည်းစိမ်ကို ရရန် ရပြီးသော စည်းစိမ်ကို တိုးပွါးအောင် ပြုရန် မလွယ်ကူချေ။ အကယ်၍ ငါသည် ဆံမုတ်ဆိတ်ကို ရိတ်ပယ်၍ ဖန်ရည်ဆိုးသော အဝတ်တို့ကို ဝတ်ရုံလျက် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရမူ ကောင်းလေရာ၏" ဟု ဆင်ခြင်၏။ ထိုသူသည် ထိုစည်းစိမ်ပျက်စီးခြင်းနှင့် ပြည့်စုံသည်ဖြစ်၍ ဆံမုတ်ဆိတ်တို့ကို ရိတ်ပယ်ပြီးလျှင် ဖန်ရည်ဆိုးသော အဝတ်တို့ကို ဝတ်ရုံလျက် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၏။ အသျှင်ရဋ္ဌပါလ ဤပျက်စီးခြင်းကို စည်းစိမ်ပျက်စီးခြင်းဟူ၍ ဆိုရ၏။ အသျှင်ရဋ္ဌပါလမူကား ဤထုလ္လကောဋ္ဌိကနိဂုံး၌သာလျှင် မြတ်သောအမျိုး၏သားဖြစ်ခဲ့၏၊ အသျှင်ရဋ္ဌပါလအား ထိုစည်း

http://www.dhammadownload.com



စိမ်ပျက်စီးမှု မရှိချေ။ အသျှင်ရဋ္ဌပါလသည် အဘယ်အကျိုးထူးကိုသိ၍ မြင်၍ ကြား၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ပါသနည်း။ (၃)

အသျှင်ရဋ္ဌပါလ ဆွေမျိုးပျက်စီးခြင်းဟူသည် အဘယ်နည်း—အသျှင်ရဋ္ဌပါလ ဤလောက၌ အချို့သောသူအား များစွာသော အဆွေခင်ပွန်း ဆွေမျိုးသားခြင်းတို့သည် ရှိကုန်၏၊ ထိုသူ၏ ထို အဆွေအမျိုးတို့သည် အစဉ်အတိုင်း ကုန်ခန်းခြင်းသို့ ရောက်ကုန်၏။ ထိုသူသည် "ငါ့အား ရှေးအခါက များစွာသော အဆွေခင်ပွန်း ဆွေမျိုးသားချင်းတို့သည် ရှိကုန်၏။ ထိုငါ့အား ထိုအဆွေအမျိုးတို့သည် အစဉ်အတိုင်း ကုန်ခန်းခြင်းသို့ ရောက်ကုန်၏၊ ငါသည် မရသေးသော စည်းစိမ်တို့ကို ရရန်၊ ရပြီးသော စည်းစိမ်တို့ကို တိုးပွါးအောင်ပြုရန် မလွယ်ကူချေ။ အကယ်၍ ငါသည် ဆံမုတ်ဆိတ်ကို ရိတ်ပယ်၍ ဖန်ရည်ဆိုးသော အဝတ်တို့ကို ဝတ်ရုံလျက် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရမူ ကောင်းလေရာ၏" ဟု ဆင်ခြင်၏။ ထိုသူသည် ထိုဆွေမျိုးပျက်စီးခြင်းနှင့် ပြည့်စုံသည်ဖြစ်၍ ဆံမုတ်ဆိတ်ကို ရိတ်ပယ်ပြီးလျှင် ဖန်ရည်ဆိုးသော အဝတ်တို့ကို ဝတ်ရုံလျက် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၏။ အသျှင်ရဋ္ဌပါလ ဤသို့သဘောရှိသော ပျက်စီးခြင်းကို ဆွေမျိုးပျက်စီးခြင်း ဟူ၍ ဆိုရ၏။ အသျှင်ရဋ္ဌပါလမှာမူကား ဤထုလ္လကောဋ္ဌိကနိဂုံး၌ပင်လျှင် များစွာသော အဆွေခင်ပွန်း ဆွေမျိုးသားချင်းတို့သည် ရှိပါကုန်၏။ အသျှင်ရဋ္ဌပါလအား ထိုဆွေမျိုးပျက်စီးခြင်းသည် မရှိပါ။ အသျှင်ရဋ္ဌပါလသည် အဘယ်အကျိုးထူးကိုသိ၍ မြင်၍ ကြား၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ပါသနည်း။ (၄)

အသျှင်ရဋ္ဌပါလ ဤသည်တို့ကား ပျက်စီးခြင်းလေးပါးတို့ပါတည်း၊ ယင်းပျက်စီးခြင်းတို့နှင့် ပြည့်စုံသူ အချို့သည်သာ ဆံမုတ်ဆိတ်ကို ရိတ်ပယ်၍ ဖန်ရည်ဆိုးသော အဝတ်တို့ကို ဝတ်ရုံပြီးလျှင် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ကြကုန်၏။ ထိုလေးပါးသော ပျက်စီးခြင်းတို့သည် အသျှင်ရဋ္ဌပါလအား မရှိကုန်။ အသျှင်ရဋ္ဌပါလသည် အဘယ်အကျိုးထူးကို သိ၍ မြင်၍ ကြား၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ပါသနည်း ဟု လျှောက်၏။

၃၀၅။ မင်းကြီး သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် လေးပါးသောတရား အကျဉ်းတို့ကို ညွှန်ပြတော်မူ၏။ ငါသည် ယင်းတရားကိုသိ၍ မြင်၍ ကြား၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့၏။ အဘယ်လေးပါးတို့နည်းဟူမူ— မင်းကြီး "အိုခြင်း သေခြင်းသည် လူအပေါင်းကို ဆောင်သောကြောင့် အမြဲမတည်" ဟူ၍ သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော(အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားသည် ရှေးဦးစွာသော တရားအကျဉ်းကို ညွှန်ပြတော်မူ၏။ ငါသည် ယင်းတရားအကျဉ်းကိုသိ၍ မြင်၍ ကြား၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၏။ မင်းကြီး "လူအပေါင်းသည် ခိုကိုးရာ မရှိ၊ အားထားရာမရှိ" ဟူ၍ သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် နှစ်ခုမြောက်သော တရားအကျဉ်းကို ညွှန်ပြတော်မူ၏။ ငါသည် ယင်းတရားကိုသိ၍ မြင်၍ ကြား၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့၏။ မင်းကြီး "လူအပေါင်းသည် ကိုယ်ပိုင်ဥစ္စာမရှိ၊ အလုံးစုံသော ဥစ္စာကို စွန့်လွှတ်၍ သွားရ၏" ဟူ၍ သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် သုံးခု

http://www.dhammadownload.com



မြောက်သော တရားအကျဉ်းကို ညွှန်ပြတော်မူ၏။ ငါသည် ယင်းတရားကို သိ၍ မြင်၍ ကြား၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့၏။မင်းကြီး“လူအပေါင်းသည် အလိုမပြည့်၊ ယုတ်လျော့လျက်သာရှိ၏၊ ရောင့်ရဲမှုမရှိ၊ တဏှာ၏ ကျွန်တည်း”ဟူ၍ သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော(အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် လေးခုမြောက်သော တရားအကျဉ်းကို ညွှန်ပြတော်မူ၏။ ငါသည် ယင်းတရားကိုသိ၍ မြင်၍ ကြား၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့၏။ မင်းကြီး သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် ဤလေးပါးသော တရားအကျဉ်းတို့ကို ညွှန်ပြတော်မူ၏၊ ငါသည် ယင်း တရား လေးပါးတို့ကို သိ၍ မြင်၍ ကြား၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၏ဟု (ဆို၏)။

၃၀၆။ “လူအပေါင်းသည် အိုခြင်း သေခြင်းသို့ ရောက်ရ၏၊အမြဲမတည်”ဟု အသျှင်ရဋ္ဌပါလ သည်ဆို၏၊အသျှင်ရဋ္ဌပါလဆိုသော ဤစကား၏ သဘော(အဓိပ္ပါယ်ကို)အသို့မှတ်ရပါမည်နည်းဟု (လျှောက်၏)။ မင်းကြီး ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊နှစ်ဆယ်ရွယ် အစိတ်ရွယ်ဟု ခန့်မှန်းရသော သင်မင်းကြီးသည် ဆင်စီးအတတ် မြင်းစီးအတတ် ရထားစီးအတတ် လေးအတတ် ဓားလှံအတတ်တို့၌ တတ်မြောက်ပြီးဖြစ်၍ ပေါင်အား လက်ရုံးအား ရှိသည့်ပြင် စစ်မြေပြင်၌ ကျင်လည်နိုင်သော အတ္တဘော စွမ်းအားလည်း ရှိခဲ့ဘူးသည် မဟုတ်ပါလောဟု (မေး၏)။ အသျှင်ရဋ္ဌပါလ နှစ်ဆယ်ရွယ် အစိတ်ရွယ်ဟု ခန့်မှန်းရသော အကျွန်ုပ်သည် ဆင်စီးအတတ် မြင်းစီးအတတ် ရထားစီးအတတ် လေးအတတ် ဓားလှံအတတ်တို့၌ တတ်မြောက်ပြီးဖြစ်၍ ပေါင်အား လက်ရုံးအားရှိသည့်ပြင် စစ်မြေပြင်အရပ်၌ ကျင်လည်နိုင်သော အတ္တဘော စွမ်းအားလည်း ရှိခဲ့ဘူးပါ၏။အသျှင်ရဋ္ဌပါလ အကျွန်ုပ်သည် တခါတရံ တန်ခိုးရှိသူကဲ့သို့ ထင်မှတ်ပါ၏၊မိမိအားနှင့် တူမျှရှိသော အားရှိသူကို မမြင်ခဲ့ပါဟု (လျှောက်၏)။မင်းကြီး ထိုအရာကို အဘယ်သို့ အောက်မေ့ဘိသနည်း။ သင်မင်းကြီးသည် ယခုအခါ ရှေးကကဲ့သို့ ပေါင်အား လက်ရုံးအားရှိသည့်ပြင် စစ်မြေပြင်၌ ကျင်လည်နိုင်သော အတ္တဘောစွမ်းအား ရှိသေး၏လောဟု (မေး၏)။အသျှင်ရဋ္ဌပါလ မဖြစ်နိုင်တော့ပါ၊ ယခုအခါ အိုမင်းကြီးမြင့် အရွယ်ရင့်ကာ ဆင့်ဆင့်လွန်မြောက် နောက်ဆုံးအရွယ် သို့ရောက်ခဲ့ပါပြီ၊ အကျွန်ုပ်သည် ရှစ်ဆယ်ရွယ်ရှိနေပါပြီ၊ အသျှင်ရဋ္ဌပါလ တခါတရံ အကျွန်ုပ်သည် ဤအရပ်၌ ခြေချအံ့ဟု နှလုံးသွင်းလျက် အခြားအရပ်၌ ချမိပါ၏ဟု (လျှောက်၏)။

မင်းကြီး သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် ဤသည်ကို ရည်ရွယ်၍ “အိုခြင်း သေခြင်းသည် လူအပေါင်းကို ဆောင်သောကြောင့် အမြဲမတည်” ဟု ဟောတော်မူ၏။ ယင်းကိုသိ၍ မြင်၍ ကြား၍ အကျွန်ုပ်သည် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့ပါ၏ဟု (ဆို၏)။ အသျှင်ရဋ္ဌပါလ အံ့ဖွယ်ရှိပါပေစွ၊ အသျှင်ရဋ္ဌပါလ မဖြစ်ဘူးမြဲ ဖြစ်ပါပေစွ၊ သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် “အိုခြင်း သေခြင်းသည် ဤလူအပေါင်းကို ဆောင် သောကြောင့် အမြဲမတည်”ဟူ၍ ဟောထားသော ဤစကားသည် အလွန်မှန်လှပေ၏။ အသျှင် ရဋ္ဌပါလ အိုခြင်း သေခြင်းသည် လူအပေါင်းကို ဆောင်သောကြောင့် အမြဲမတည်ပါချေ။ (၁)

http://www.dhammadownload.com



အသျှင်ရဋ္ဌပါလ ဤမင်းမျိုး၌ ဆင်တပ် မြင်းတပ် ရထားတပ် ခြေလျင်တပ် ရှိကြပါကုန်၏၊ အကျွန်ုပ်တို့အား ဘေးရန်ရှိသောအခါ ဆီးတားရန် ဖြစ်ပါကုန်လတ္တံ့။ အသျှင်ရဋ္ဌပါလသည် "လူအပေါင်းသည် ခိုကိုးရာမရှိ၊ မှီခိုရာမရှိ"ဟူ၍ ဆို၏၊ အသျှင်ရဋ္ဌပါလဆိုအပ်သော ဤစကား၏ သဘော(အဓိပ္ပါယ်)ကို အသို့မှတ်ရပါမည်နည်း ဟု (လျှောက်၏)။ မင်းကြီး ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ သင်မင်းကြီးအား သက်သာရာမရအောင် နာကျင်သော အနာတစုံတခုဖြစ်ဘူး၏ လောဟု (မေး၏)။ အသျှင်ရဋ္ဌပါလ အကျွန်ုပ်အား သက်သာရာမရအောင် နာကျင်သော အနာ ဖြစ်ဘူးပါ၏။ အသျှင်ရဋ္ဌပါလ တခါတရံ အကျွန်ုပ်ကို "ကောရဗျမင်းသည် ယခုသေလတ္တံ့၊ ကောရဗျမင်းသည် ယခုသေလတ္တံ့"ဟု အဆွေခင်ပွန်း ဆွေမျိုးသားချင်းတို့သည် ခြံရံဝိုင်းအုံ၍ တည်ကြကုန်၏ဟု (လျှောက်၏)။

မင်းကြီး ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊သင်မင်းကြီးသည် ထိုအဆွေခင်ပွန်း ဆွေမျိုးသားချင်းတို့ကို "လာကြကုန်လော့၊ ငါ၏အဆွေခင်ပွန်း ဆွေမျိုးသားချင်း ဖြစ်ကုန်သော အမောင်တို့ ငါခံစားရသည့် ဝေဒနာ ပေါ့ပါးသက်သာအောင် ထင်ရှားရှိကုန်သည့် အားလုံးသော သင်တို့သည်ပင် ဤငါ၏ ဝေဒနာကို ခွဲယူ၍ ခံကြပါကုန်"ဟု ဆို၍ ရပါလတ္တံ့လော၊ သို့မဟုတ် သင်မင်းကြီးသည်သာလျှင် ထိုဝေဒနာကို ခံစားရရာသလောဟု (မေး၏)။ အသျှင်ရဋ္ဌပါလ အကျွန်ုပ်သည် အဆွေခင်ပွန်း ဆွေမျိုးသားချင်းတို့ကို "လာကြကုန်လော့၊ ငါ၏အဆွေခင်ပွန်း ဆွေမျိုးသားချင်း ဖြစ်ကြကုန်သော အမောင်တို့ ငါခံစားရသည့် ဝေဒနာ ပေါ့ပါးသက်သာအောင် ထင်ရှားရှိသည့် အားလုံးသော သင်တို့သည် ဤငါ၏ဝေဒနာကို ခွဲယူ၍ခံကြပါကုန်"ဟု ဆို၍ မရနိုင်ပါ၊စင်စစ်သော်ကား အကျွန်ုပ်သည်သာလျှင် ထိုဝေဒနာကို ခံစားရပါ၏ဟု (လျှောက်၏)။ မင်းကြီး သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် ဤသို့သဘောရှိသော အကြောင်းကိုရည်ရွယ်၍ "လူအပေါင်းသည် ခိုကိုးရာမရှိ၊ အားထားရာမရှိ"ဟု ဟောကြားတော်မူ၏။ယင်းကို သိ၍ မြင်၍ ကြား၍ အကျွန်ုပ်သည် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့ပါ၏ဟု (ဆို၏)။ အသျှင်ရဋ္ဌပါလ အံ့ဖွယ်ရှိပါပေစွ၊ အသျှင်ရဋ္ဌပါလ မဖြစ်ဘူးမြဲ ဖြစ်ပါပေစွ၊ သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော(အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် "လူအပေါင်းသည် ခိုကိုးရာမရှိ၊ အားထားရာမရှိ"ဟူ၍ ဟောထားသော ဤစကားသည် အလွန်မှန်လှပေ၏။ အသျှင်ရဋ္ဌပါလ လူအပေါင်းသည် ခိုကိုးရာ မရှိသည် မှန်ပါ၏၊ အားထားရာမရှိသည် မှန်ပါ၏။ (၂)

အသျှင်ရဋ္ဌပါလ ဤမင်းမျိုး၌ မြေ၌မြှုပ်ထားသည်လည်း ဖြစ်သော ဟင်းလင်းပြင်၌ ထားသည် လည်းဖြစ်သော များစွာသော ရွှေငွေသည် ရှိသည်သာတည်း။ "ဤလူအပေါင်းသည် ကိုယ်ပိုင် ဥစ္စာဟူ၍ မရှိ၊ အလုံးစုံသောဥစ္စာကို စွန့်ပစ်ခဲ့၍ သွားရ၏"ဟူ၍ အသျှင်ရဋ္ဌပါလဆို၏။ အသျှင် ရဋ္ဌပါလဆိုသော ဤစကား၏သဘော(အဓိပ္ပါယ်)ကို အသို့မှတ်ရပါမည်နည်းဟု (လျှောက်၏)။

မင်းကြီး ထိုအရာကို အဘယ်သို့မှတ်ထင်သနည်း၊သင်မင်းကြီးသည် ယခုဘဝ၌ ငါးပါးသော ကာမဂုဏ်တို့ဖြင့် ရောင့်ရဲသည်ဖြစ်၍ ပြည့်စုံသည်ဖြစ်၍ စံပယ်ခံစားဘိသကဲ့သို့ "တမလွန်လောက၌ လည်း ထိုအတူသာလျှင် ငါသည် ဤသည့်ငါးပါးသော ကာမဂုဏ်တို့ဖြင့်သာလျှင် ရောင့်ရဲသည် ဖြစ်၍ ပြည့်စုံသည်ဖြစ်၍ စံပယ်ခံစားအံ့"ဟု သင်မင်းကြီးသည် ရနိုင်ပါမည်လော၊ ထိုသို့မဟုတ် တပါးသောသူတို့သည် ဤစည်းစိမ်ကို သုံးဆောင်၍ သင်မင်းကြီးမှာမူ ကံအားလျော်စွာ သွားရမည်

http://www.dhammadownload.com



မဟုတ်ပါလောဟု (မေး၏)။ အသျှင်ရဋ္ဌပါလ အကျွန်ုပ်သည် ယခုဘဝ၌ ငါးပါးသော ကာမဂုဏ်တို့ဖြင့် ရောင့်ရဲသည်ဖြစ်၍ ပြည့်စုံသည်ဖြစ်၍ စံပယ်ခံစားသကဲ့သို့ "တမလွန်လောက၌လည်း ဤအတူသာလျှင် အကျွန်ုပ်သည် ဤငါးပါးသော ကာမဂုဏ်တို့ဖြင့်သာလျှင် ရောင့်ရဲသည်ဖြစ်၍ ပြည့်စုံသည်ဖြစ်၍ စံပယ်အံ့"ဟူ၍ မရနိုင်ပါ။စင်စစ်သော်ကား တပါးသောသူတို့သည် ဤစည်းစိမ်ကို သုံးဆောင်ကြ၍ အကျွန်ုပ်မှာမူ ကံအားလျော်စွာသာ သွားရပါမည်ဟု (လျှောက်၏)။ မင်းကြီး သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် ဤသည်ကိုရည်ရွယ်၍ "လူအပေါင်းသည် ကိုယ်ပိုင်ဥစ္စာဟူ၍ မရှိ၊ အလုံးစုံသောဥစ္စာတို့ကို စွန့်ပစ်ခဲ့၍ တမလွန်လောကသို့ သွားရ၏"ဟု ဟောတော်မူ၏။ ယင်းကိုသိ၍ မြင်၍ ကြား၍ ငါသည် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့ပါ၏ဟု(ဆို၏)။ အသျှင်ရဋ္ဌပါလ အံ့ဖွယ်ရှိပါပေစွ၊ အသျှင်ရဋ္ဌပါလ မဖြစ်ဘူးမြဲ ဖြစ်ပါပေစွ၊ သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် "လူအပေါင်းသည် ကိုယ်ပိုင်ဥစ္စာမရှိ၊အလုံးစုံသောဥစ္စာကို စွန့်ပစ်ခဲ့၍ တမလွန်လောကသို့ သွားရ၏" ဟု ဟောထားသော ဤစကားသည် အလွန်မှန်လှပါ၏။အသျှင်ရဋ္ဌပါလ လူအပေါင်းသည် ကိုယ်ပိုင် ဥစ္စာဟူ၍ မရှိသည် မှန်လှပါ၏၊ အလုံးစုံသောဥစ္စာကို စွန့်ပစ်၍ တမလွန်လောကသို့ သွားရသည် မှန်လှပါ၏။ (၃)

"လူအပေါင်းသည် အလိုမပြည့် ယုတ်လျော့လျက်သာ ရှိ၏၊ရောင့်ရဲမှုမရှိ၊တဏှာ၏ကျွန်တည်း" ဟူ၍ အသျှင်ရဋ္ဌပါလသည် ဆို၏။ အသျှင်ရဋ္ဌပါလဆိုသော ဤစကား၏ သဘောအဓိပ္ပါယ်ကို အဘယ်သို့ မှတ်ရပါမည်နည်းဟု (လျှောက်၏)။မင်းကြီး ထိုအရာကို အဘယ်သို့မှတ်ထင်သနည်း၊ စည်ပင်ဝပြောသော ကုရုတိုင်းကို စိုးအုပ်၍နေသည် မဟုတ်ပါလောဟု (မေး၏)။ အသျှင်ရဋ္ဌပါလ စည်ပင်ဝပြောသော ကုရုတိုင်းကို စိုးအုပ်၍ နေသည် မှန်ပါ၏ဟု (လျှောက်၏)။မင်းကြီး ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ဤကုရုတိုင်း၌ ယုံကြည်သင့်သော ခိုင်လုံသည့်စကားရှိသောယောကျ်ား တယောက်သည် အရှေ့အရပ်မှလာရောက်ပြီးလျှင် သင်မင်းကြီးကို ချဉ်းကပ်၍ "မင်းကြီး ပြောကြားပါ၏၊ သိတော်မူလော့၊ အကျွန်ုပ်သည် အရှေ့အရပ်မှ လာခဲ့ပါ၏၊ ထိုအရှေ့အရပ်၌ ပြည့်လည်းပြည့်စုံ၍ စည်ပင်ဝပြောကာ လူဦးရေများ၍ လူမျိုးစုံပြွမ်းသော နယ်ပယ်ကြီးကို မြင်ခဲ့ပါ၏၊ ထိုနယ်ပယ်၌ ဆင်အပေါင်း မြင်းအပေါင်း ရထားအပေါင်း ခြေသည်သူရဲအပေါင်းတို့သည် များကုန်၏၊ ထိုနယ်ပယ်၌ ဥစ္စာစပါးလည်း ပေါများပါ၏၊ ထိုနယ်ပယ်၌ ပြုလုပ်ပြီး မပြုလုပ်ရသေးသည့်ရွှေငွေလည်း ပေါများပါ၏၊ ထိုနယ်ပယ်၌ သိမ်းယူသင့်သော မိန်းမလည်း ပေါများပါ၏၊ မင်းကြီး စစ်သည်ဗိုလ်ပါ ရှိမက် အနည်းငယ်မျှဖြင့် အောင်မြင်နိုင်သည်သာ ဖြစ်ပါ၏"ဟု ဆိုရာ၏၊ ထိုနယ်ပယ်ကို သင်မင်းကြီးသည် အသို့ပြုရာသနည်းဟု (မေး၏)။ အသျှင်ရဋ္ဌပါလ ထိုနယ်ပယ်ကိုလည်း အကျွန်ုပ်တို့သည် သိမ်းပိုက်စိုးအုပ်နေကုန်အံ့ ဟု(လျှောက်၏)။

မင်းကြီး ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ ဤကုရုတိုင်းသို့ အနောက်အရပ်မှ ယောကျ်ားတယောက်သည် လာရာ၏၊ မြောက်အရပ်မှ။ တောင်အရပ်မှ။ သမုဒ္ဒရာတဖက်ကမ်းမှ ယုံကြည်သင့်သော ခိုင်လုံသည့်စကားရှိသော ယောကျ်ားတယောက်သည် လာရာ၏၊ ထိုယောကျ်ားသည် သင်မင်းကြီးကို ချဉ်းကပ်၍ "မင်းကြီး ပြောကြားပါ၏၊ သိတော်မူလော့၊ အကျွန်ုပ်သည် သမုဒ္ဒရာတဖက်ကမ်းမှ လာခဲ့ပါ၏၊ ထိုသမုဒ္ဒရာတဖက်ကမ်း၌ ပြည့်လည်းပြည့်စုံ၍ စည်ပင် ဝပြောကာ လူဦးရေများ၍ လူမျိုးစုံပြွမ်းသော နယ်ပယ်ကြီးကို မြင်ခဲ့ပါ၏၊ ထိုနယ်ပယ်၌ များစွာသော

http://www.dhammadownload.com



ဆင်အပေါင်း မြင်းအပေါင်း ရထားအပေါင်း ခြေသည်သူရဲအပေါင်းတို့သည် များကုန်၏။ ထိုနယ်ပယ်၌ ဥစ္စာစပါးလည်း ပေါများပါ၏၊ ထိုနယ်ပယ်၌ ပြုလုပ်ပြီး မပြုလုပ်ရသေးသည့် ရွှေငွေလည်း ပေါများပါ၏၊ ထိုနယ်ပယ်၌ သိမ်းယူသင့်သော မိန်းမလည်း ပေါများပါ၏၊ မင်းကြီး စစ်သည် ဗိုလ်ပါ ရဲမက်အနည်းငယ်မျှဖြင့် အောင်မြင်နိုင်သည်သာ ဖြစ်ပါ၏”ဟု ဆိုရာ၏၊ထိုနယ်ပယ်ကို သင်မင်းကြီး အဘယ်သို့ ပြုရာသနည်း ဟု (မေး၏)။ အသျှင်ရဋ္ဌပါလ ထိုနယ်ပယ်ကိုလည်း အကျွန်ုပ်တို့သည် သိမ်းပိုက်အုပ်စိုးနေပါကုန်အံ့ဟု (လျှောက်၏)။ မင်းကြီး သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် ဤသည်ကို ရည်ရွယ်၍“လူအပေါင်းသည် အလိုမပြည့် ယုတ်လျက်သာ ရှိချေ၏၊ ရောင့်ရဲမှုမရှိ၊ တဏှာ၏ကျွန်တည်း”ဟု ဟောတော်မူ၏။ ငါသည် ယင်းတရားကို သိ၍ မြင်၍ ကြား၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့၏ ဟု (ဆို၏)။ အသျှင်ရဋ္ဌပါလ အံ့ဖွယ်ရှိပါပေစွ၊ အသျှင်ရဋ္ဌပါလ မဖြစ်ဘူးမြဲ ဖြစ်ပါပေစွ၊ သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် “လူအပေါင်းသည် အလိုမပြည့် ယုတ်လျက်သာ ရှိ၏၊ မရောင့်ရဲနိုင်၊ တဏှာ၏ကျွန်တည်း”ဟု ဟောထားသော ဤစကားသည် အလွန်လျှင် မှန်လှပေ၏။ အသျှင်ရဋ္ဌပါလ လူအပေါင်းသည် အလိုမပြည့်ပါ၊ ယုတ်လျော့လျက်သာ ရှိပါ၏၊ မရောင့်ရဲပါ၊ တဏှာ၏ကျွန်ပါတည်းဟု (လျှောက်၏)။ (၄)

အသျှင်ရဋ္ဌပါလသည် ဤစကားကို ဟောကြား၏၊ ဤတရားစကားကို ဟောကြားပြီး နောက် ထိုမှတပါး ဤဂါထာများကို ဟောကြားပြန်၏—

၃၀၇။ (မင်းကြီး)လောက၌ ဥစ္စာရှိသူ လူတို့ကို ငါမြင်ရသည်မှာ မောဟဖက်၍ ရပြီးဥစ္စာကို မလှူရက်ကြသည့်ပြင် လောဘတက်၍ ဥစ္စာသိမ်းဆည်းမှုကိုသာ ပြုကြကုန်၏၊ ကာမဂုဏ်တို့ကို တိုး၍တိုး၍သာ တောင့်တကြကုန်၏။

မင်းကြီးသည်ပင် ရန်သူအပေါင်းကို ဖိနှိပ်၍ သမုဒ္ဒရာအဆုံးရှိ မြေပြင်အလုံးကို အောင်နိုင်ကာ မြေပြင်အလုံးကို စိုးအုပ်ရသူဖြစ်လျက် သမုဒ္ဒရာ၏ ဤမှာဖက် မိမိတိုင်းပြည်ဖြင့် ရောင့်ရဲသည့် သဘောမရှိပဲ သမုဒ္ဒရာ၏ ထိုမှာဖက် သူ့ပိုင် တိုင်းပြည်ကိုလည်း တောင့်တသေး၏။

မင်းသည်၎င်း အခြားလူအများသည်၎င်း တပ်မက်မှု မကင်းခြင်းဖြင့်သာ သေခြင်းသို့ ရောက်ကြကုန်၏၊ အလိုဆန္ဒပြည့်ဝသည် မရှိ၊ ယုတ်လျော့ကုန်လျက်သာလျှင် ခန္ဓာကိုယ် အတ္တဘောကို စွန့်ကြကုန်၏၊ လောက၌ ကာမဂုဏ်တို့ဖြင့် ရောင့်ရဲမှု မရှိသည်သာတည်း။

ထို(သေ)သူကို ဆွေမျိုးတို့သည် ဆံပင်တို့ကို ဖြန့်ကြဲလျက် ငါတို့၏(သားကား)သေသွားလေပြီတကားဟု ငိုကြွေးမြည်တမ်းကာ ပြောဆိုကြကုန်၏၊ အဝတ်ဖြင့် ရစ်ပတ်ထားသော ထိုသူကို ထိုသေရာအိမ်မှ ထုတ်ဆောင်ကြပြီးလျှင် ထင်းပုံသို့ ယူဆောင်ကာ မီးတိုက်ကြကုန်၏။

ထိုသေသူသည် စည်းစိမ်တို့ကိုစွန့်၍ အဝတ်တထည်တည်းဖြင့်သာ မီးတိုက်ခံရ၏၊ တံကျင်တို့ဖြင့် အထိုးခံရ၏၊ဆွေမျိုး မိတ်ဆွေအပေါင်းအသင်းတို့သည် ထိုသေရသူ၏ အားထားမှီခိုရာတို့ မဖြစ်လာကြကုန်။

အမွေခံတို့သည် ထိုသေသူ၏ အမွေဥစ္စာကို ဆောင်ကြကုန်၏၊သေသောသတ္တဝါသည်ကား ကံအားလျော်စွာသာ လားရ၏၊ သားသမီးဖြစ်စေ မယားဇနီးဖြစ်စေ ဥစ္စာဖြစ်စေ တိုင်းနိုင်ငံဖြစ်စေ မည်သည့်ဥစ္စာမဆို သေသူ၏နောက်သို့ အစဉ်မလိုက်ကြကုန်။

http://www.dhammadownload.com



အသက်ရှည်မှုကို ဥစ္စာပေး၍ မရနိုင်၊ စည်းစိမ်ပေးသဖြင့်လည်း အိုခြင်းကို မပယ်ဖျောက်နိုင်ကြကုန်၊ ပညာရှိတို့သည် ဤအသက်ကား နည်းငယ်တို့လျှ၏၊ အမြဲမရှိ၊ ဖောက်ပြန်တတ်သော သဘောရှိ၏ဟု ဆိုကြကုန်၏။

ကြွယ်ဝသူတို့သည်၎င်း ဆင်းရဲသူတို့သည်၎င်း ဓသခြင်းအတွေ့ကို တွေ့ကြရကုန်၏၊ ထို့အတူ သူမိုက်သည်၎င်း ပညာရှိသည်၎င်း သေခြင်းအတွေ့ကို တွေ့ရမည်သာတည်း၊ သူမိုက်သည်ကား မိုက်သည့်အဖြစ်ကြောင့်သာလျှင် တုန်လှုပ်ချောက်ချားကာ သေရာ ညောင်စောင်း၌ လျောင်းအိပ်ရ၏၊ ပညာရှိသည်သာ သေခြင်းအတွေ့ဖြင့် တွေ့သော်လည်း မတုန်လှုပ်။

ထို့ကြောင့် ပညာသည်သာ ဥစ္စာထက် မြတ်၏၊ ယင်းပညာဖြင့် ကိစ္စအားလုံး ပြီးဆုံးရာ အရဟတ္တဖိုလ်ကို ရနိုင်၏၊ မိုက်မဲတွေဝေသူတို့သည် (ကိစ္စအားလုံး) မပြီးဆုံးသေးသောကြောင့်သာလျှင် ဘဝကြီးငယ်တို့၌ ယုတ်မာမှု အကုသိုလ်တို့ကို ပြုမိကြကုန်၏။

ဘဝအဆက်ဆက် ကျင်လည်၍ အမိဝမ်းတိုက်သို့၎င်း တမလွန်လောကသို့၎င်း ကပ်ရောက်ရ၏၊ ထိုပညာမရှိသူ၏ စကားကို ပညာနည်းသူသည် အလွန်ယုံကြည်သည်ဖြစ်၍ အမိဝမ်းတိုက်သို့၎င်း တမလွန်လောကသို့၎င်း ကပ်ရောက်ရ၏။

စည်းခြံစပ်အဝ၌ ခိုးယူတတ်သော ယုတ်မာသောသဘောရှိသူကို မိမိအမှုက ညှဉ်းဆဲဘိ သကဲ့သို့ထို့အတူ တမလွန်လောက၌ အကုသိုလ်တရားယုတ်ရှိသည့် သတ္တဝါအပေါင်းကို မိမိအမှုကပင် ညှဉ်းဆဲလေ၏။

မင်းကြီး ကာမဂုဏ်ငါးပါးတို့သည် ဆန်းကြယ်ကုန်သည်သာလျှင်တည်း၊ သာယာဖွယ်ကဲ့သို့ ဖြစ်ကုန်၏၊ မွေ့လျော်ဖွယ်ကဲ့သို့ ဖြစ်ကုန်၏ အထူးထူးသောသဘောဖြင့် စိတ်ကို မွေ့နှောက်တတ် ကုန်၏၊ ကာမဂုဏ်တို့၌ အပြစ်ကိုမြင်သောကြောင့် ငါသည် ရဟန်းပြု၏။

မင်းကြီး (ငယ်ငယ်ကြီးကြီး) သစ်သီးတို့သည် ကြွေကျကုန်သကဲ့သို့ လုလင်ပျိုတို့သည်၎င်း ငယ်ရွယ်သူတို့သည်၎င်း ကြီးသူတို့သည်၎င်း သေကြကုန်၏၊ ထိုအကြောင်းကိုလည်း မြင်၍ မချွတ်မယွင်းဝင္ဂဆင်းရဲမှ ထွက်မြောက်ကြောင်းဖြစ်သော ရဟန်းအဖြစ်သည်သာ မြတ်လှပေ၏ ဟု နှလုံးသွင်းလျက် ငါသည် ရဟန်းပြုခဲ့ပေသတည်း။

နှစ်ခုမြောက် ရဋ္ဌပါလသုတ် ပြီး၏။

---

## ၃-မဃဒေဝသုတ်

၃၀၈။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် မိထိလာပြည် မဃဒေဝမင်း၏ သရက်ဥယျာဉ်၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် တခုသောအရပ်၌ ပြုံးတော်မူ၏။ ထိုအခါ အသျှင် အာနန္ဒာအား "မြတ်စွာဘုရား၏ ပြုံးတော်မူခြင်း၏ အကြောင်းအထောက်အထားကား အဘယ် လေနည်း၊ မြတ်စွာဘုရားတို့သည် အကြောင်းမရှိပဲ ပြုံးတော်မမူကြကုန်"ဟု အကြံဖြစ်၏။ ထိုအခါ အသျှင်အာနန္ဒာသည် လက်ဝဲတဖက် ပခုံးထက်၌ သင်္ကန်းကို စံပယ်တင်၍ မြတ်စွာဘုရားကို လက်အုပ်ချီကာ "အသျှင်ဘုရား မြတ်စွာဘုရား ပြုံးတော်မူခြင်း၏ အကြောင်းအထောက်အထား

http://www.dhammadownload.com



ကား အဘယ်ပါနည်း၊ မြတ်စွာဘုရားတို့သည် အကြောင်းမရှိပဲ ပြုံးတော် မမူကြပါကုန်”ဟု လျှောက်၏။

အာနန္ဒာ ဤမိထိလာပြည်၌ မဃဒေဝမည်သော မင်းသည် ဖြစ်ဘူးလေပြီ၊ တရားစောင့်၏၊ တရားသဖြင့် မင်းပြု၏၊ တရား၌တည်၏၊ မြတ်သောမင်းဖြစ်၏၊ နိဂုံးတို့၌ ဖြစ်စေ ဇနပုဒ်တို့၌ ဖြစ်စေ ပုဏ္ဏားနှင့် အမျိုးသားတို့အပေါ် ဝယ် တရားကိုပြုကျင့်၏၊တဆယ့်လေးရက်မြောက်နေ့၌ ၎င်း တဆယ့် ငါးရက်မြောက်နေ့၌၎င်း လဆန်း လဆုတ်ပက္ခ၏ ရှစ်ရက်မြောက်နေ့၌၎င်း ဥပုသ်ကိုလည်း ကျင့်သုံး၏။ အာနန္ဒာ ထိုအခါ မဃဒေဝမင်းသည် နှစ်ပေါင်းများစွာ နှစ်ရာပေါင်းများစွာ နှစ်ထောင်ပေါင်း များစွာတို့ကို လွန်သဖြင့် ဆတ္တာသည်ကို ခေါ်၍ “အချင်းဆတ္တာသည်/ ငါ၏ဦးခေါင်း၌ ဆံဖြူ ပေါက်သည်တို့ကို မြင်သောအခါ ပြောကြားလော့”ဟု မှာထားပြောဆို၏။ “အရှင်မင်းကြီး ကောင်းပါပြီ”ဟူ၍ ဆတ္တာသည်သည် မဃဒေဝမင်းကြီးအား ပြန်လျှောက်ကြား၏။ အာနန္ဒာ ဆတ္တာသည်သည် နှစ်ပေါင်းများစွာ နှစ်ရာပေါင်းများစွာ နှစ်ထောင်ပေါင်းများစွာတို့ကို လွန်သော အခါ မဃဒေဝမင်းကြီး၏ ဦးခေါင်း၌ ဆံဖြူပေါက်သည်တို့ကို မြင်၍ “အရှင်မင်းကြီးအား သေမင်းတမန်တို့သည် ထင်ရှားဖြစ်ပါကုန်ပြီ၊ ဦးခေါင်း၌ ဆံဖြူ ပေါက်ရောက်ခြင်းတို့သည် ထင်ရှားပါကုန်ပြီ” ဟု လျှောက်၏။ အချင်းဆတ္တာသည် သို့ဖြစ်မူ ထိုဆံဖြူတို့ကို မွေးညှပ်ဖြင့် ကောင်းစွာနုတ်ယူ၍ ငါ၏လက်ခုပ်၌ ထည့်လော့ ဟု ဆို၏။ အာနန္ဒာ ဆတ္တာသည်သည် “အရှင် မင်းကြီး ကောင်းပါပြီ” ဟူ၍ မဃဒေဝမင်းကြီး စကားကို နာခံ၍ ထိုဆံဖြူတို့ကို မွေးညှပ်ဖြင့် ကောင်းစွာနုတ်၍ မဃဒေဝမင်းကြီး၏ လက်ခုပ်၌ ထည့်လေ၏။

၃၀၉။ အာနန္ဒာ ထိုအခါ မဃဒေဝမင်းကြီးသည် ဆတ္တာသည်အား ရွာဆုပေးပြီးလျှင် သားတော်ကြီး အိမ်ရှေ့မင်းကို ခေါ်စေ၍ “သားတော်မောင် ငါ့အား သေမင်းတမန်တို့သည် ထင်ရှားဖြစ်ပေါ်ကုန်ပြီ၊ ဦးခေါင်း၌ ဆံဖြူပေါက်ရောက်ခြင်းတို့သည် ထင်ရှားကုန်၏။ ငါသည် လူ့ကာမဂုဏ်တို့ကို ခံစားပြီးပြီ၊ နတ်ကာမဂုဏ်တို့ကို ရှာမှီးရန် အချိန်တန်ခဲ့ပြီ၊ သားတော်မောင် သင်လာလော့၊ ဤတိုင်းနိုင်ငံကို စိုးအုပ်လော့၊ ငါသည်ကား ဆံမုတ်ဆိတ်ကို ရိတ်ပယ်၍ ဖန်ရည်ဆိုး သော အဝတ်တို့ကို ဝတ်ရုံပြီးလျှင် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်တော့အံ့၊ သားတော်မောင် သို့ဖြစ်၍ သင်သည်လည်း ဦးခေါင်း၌ ဆံဖြူတို့ ပေါက်လာသည်ကို မြင်သောအခါ ဆတ္တာသည် အား ရွာဆုပေးပြီးလျှင် သားတော်ကြီး အိမ်ရှေ့မင်းကို မင်းကျင့်တရား၌ ကောင်းစွာ ဆုံးမခဲ့၍ ဆံမုတ်ဆိတ်ကို ရိတ်ပယ်ကာ ဖန်ရည်ဆိုးသော အဝတ်တို့ကို ဝတ်လျက် လူ့ဘောင်မှ ရဟန်း ဘောင်သို့ ဝင်ပါလေ၊ ငါထားခဲ့သော ကောင်းမြတ်သည့် ဤကျင့်ဝတ်အတိုင်း ဆက်လက်ကျင့်ပါ လေ၊ သင်သည် ငါ၏ အဆုံးစွန်သောယောကျ်ား မဖြစ်စေလင့်။ သားတော်မောင် အနွယ်အဆက် ယောကျ်ားကောင်း ဖြစ်ပါလျက် ဤသို့ သဘောရှိသော ကောင်းမြတ်သည့် ကျင့်ဝတ်တရားပြတ် သူသည် ထိုသူတို့တွင် အဆုံးစွန်သော ယောကျ်ားဖြစ်၏။ သားတော်မောင် ငါထားခဲ့သော ကောင်းမြတ်သည့် ဤကျင့်ဝတ်အတိုင်း ဆက်လက်ကျင့်ပါလေ၊ သင်သည် ငါ၏အဆုံးစွန်သော ယောကျ်ား မဖြစ်ပါစေလင့်”ဟူသော ဤစကားကို သင့်အား ငါဆို၏။

အာနန္ဒာ ထိုအခါ မဃဒေဝမင်းကြီးသည် ဆတ္တာသည်အား ရွာဆုပေးပြီးလျှင် သားတော်ကြီး အိမ်ရှေ့မင်းကို မင်းကျင့်တရား၌ ကောင်းစွာ ဆုံးမခဲ့၍ ဤမဃဒေဝသရက်ဥယျာဉ်၌သာလျှင် ဆံမုတ်ဆိတ်ကို ရိတ်ပယ်ကာ ဖန်ရည်ဆိုးသောအဝတ်တို့ကို ဝတ်ရုံလျက် လူ့ဘောင်မှ ရဟန်း

http://www.dhammadownload.com



ဘောင်သို့ ဝင်၏။ ထိုမဃဒေဝမင်းကြီးသည် ချစ်ခြင်း'မေတ္တာ'နှင့်ယှဉ်သော စိတ်ဖြင့် တခုသော အရပ်ကို ပြန့်နှံ့စေ၍ နေ၏၊ ထို့အတူ နှစ်ခုမြောက်အရပ်ကို။ သုံးခုမြောက် အရပ်ကို။ လေးခုမြောက် အရပ်ကို။ ဤနည်းဖြင့် အထက်အောက် ဖီလာအရပ်ကို ပြန့်နှံ့စေ၍ နေ၏၊ အလုံးစုံသောအရပ် အလုံးစုံသော သတ္တဝါတို့၌ မိမိနှင့်တူစွာ သတ္တဝါအားလုံးရှိသော သတ္တလောကကို ပြန့်ပြောသော မြတ်သော အပိုင်းအခြားမရှိသော ရန်မရှိသော ကြောင့်ကြမရှိသော မေတ္တာနှင့်ယှဉ်သော စိတ်ဖြင့် ပြန့်နှံ့စေ၍ နေ၏။ သနားခြင်း 'ကရုဏာ'နှင့်ယှဉ်သော စိတ်ဖြင့်။ ဝမ်းမြောက်ခြင်း 'မုဒိတာ'နှင့် ယှဉ်သော စိတ်ဖြင့်။ လျစ်လျူရှုခြင်း 'ဥပေက္ခာ'နှင့် ယှဉ်သောစိတ်ဖြင့် တခုသောအရပ်ကို ပြန့်နှံ့စေ၍ နေ၏။ ထို့အတူ နှစ်ခုမြောက် အရပ်ကို။ သုံးခုမြောက် အရပ်ကို။ လေးခုမြောက် အရပ်ကို။ ဤနည်းအားဖြင့် အထက်အောက် ဖီလာအရပ်ကို ပြန့်နှံ့စေ၍ နေ၏၊ အလုံးစုံသောအရပ် အလုံးစုံသော သတ္တဝါတို့၌ မိမိနှင့်တူစွာ သတ္တဝါအားလုံးရှိသော သတ္တလောကကို ပြန့်ပြောသော မြတ်သော အပိုင်းအခြားမရှိသော ရန်မရှိသော ကြောင့်ကြမရှိသော လျစ်လျူရှုခြင်း 'ဥပေက္ခာ'နှင့်ယှဉ်သော စိတ်ဖြင့် ပြန့်နှံ့စေ၍နေ၏။

အာနန္ဒာ မဃဒေဝမင်းကြီးသည် အနှစ်ရှစ်သောင်းလေးထောင်တို့ ကာလပတ်လုံး သူငယ်၏ ကစားခြင်းကို ကစား၏၊ အနှစ်ရှစ်သောင်းလေးထောင်တို့ကာလပတ်လုံး အိမ်ရှေ့မင်းပြု၏၊ အနှစ်ရှစ်သောင်းလေးထောင်တို့ကာလပတ်လုံး မင်းပြု၏၊ အနှစ်ရှစ်သောင်းလေးထောင်တို့ကာလပတ်လုံး ဤမဃဒေဝ သရက်ဥယျာဉ်၌သာလျှင် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်လျက် မြတ်သော အကျင့်ကို ကျင့်သုံး၏။ ထိုမဃဒေဝမင်းကြီးသည် ဗြဟ္မဝိဟာရတရားလေးပါးတို့ကို ပွါးများလျက် ခန္ဓာကိုယ်ပျက်စီး၍ သေသည်မှနောက်၌ ဗြဟ္မာ့ပြည်သို့ လား၏။

၃၁၀။ အာနန္ဒာ ထိုအခါ မဃဒေဝမင်းကြီး၏သားတော်သည် နှစ်ပေါင်းများစွာ နှစ်ရာပေါင်းများစွာ နှစ်ထောင်ပေါင်းများစွာတို့ကို လွန်သဖြင့် ဆတ္တာသည်ကို ခေါ်၍ "အချင်းဆတ္တာသည် ငါ၏ဦးခေါင်း၌ ဆံဖြူပေါက်သည်တို့ကို မြင်သောအခါ ပြောကြားလော့"ဟု မှာထား ပြောဆို၏။ အာနန္ဒာ ဆတ္တာသည်သည် "အရှင်မင်းကြီး ကောင်းပါပြီ"ဟူ၍သာလျှင် မဃဒေဝမင်းကြီး၏သားတော်အား ပြန်ကြားလျှောက်ထား၏။ အာနန္ဒာ ဆတ္တာသည်သည် နှစ်ပေါင်းများစွာ နှစ်ရာပေါင်းများစွာ နှစ်ထောင်ပေါင်းများစွာတို့ကို လွန်သဖြင့် မဃဒေဝမင်းကြီး၏သားတော်၏ ဦးခေါင်း၌ ဆံဖြူပေါက်သည်တို့ကို မြင်၍ မဃဒေဝမင်းကြီး၏သားတော်ကို "အရှင်မင်းကြီးအား သေမင်းတမန်တို့သည် ထင်ရှားဖြစ်ပါကုန်ပြီ၊ ဦးခေါင်း၌ဆံဖြူပေါက်ရောက်ခြင်းတို့သည် ထင်ရှားပါကုန်ပြီ"ဟု လျှောက်၏။ အချင်းဆတ္တာသည် သို့ဖြစ်မူ ထိုဆံဖြူတို့ကို မွေးညှပ်ဖြင့် ကောင်းစွာ နုတ်ယူ၍ ငါ၏ လက်ခုပ်၌ ထည့်လော့ဟု ဆို၏။ အာနန္ဒာ ဆတ္တာသည်သည် "အရှင်မင်းကြီး ကောင်းပါပြီ"ဟူ၍ မဃဒေဝမင်းကြီး၏သားတော်၏စကားကို နာခံ၍ ထိုဆံဖြူတို့ကို မွေးညှပ်ဖြင့် ကောင်းစွာ နုတ်၍ မဃဒေဝမင်းကြီး၏ သားတော်လက်ခုပ်၌ ထည့်လေ၏။

အာနန္ဒာ ထိုအခါ မဃဒေဝမင်းကြီး၏သားတော်သည် ဆတ္တာသည်အား ရွာဆုပေးပြီးလျှင် သားတော်ကြီးအိမ်ရှေ့မင်းကို ခေါ်စေ၍ "သားတော်မောင် ငါ့အား သေမင်းတမန်တို့သည် ထင်ရှားဖြစ်ပေါ်ကုန်ပြီ၊ ဦးခေါင်း၌ ဆံဖြူပေါက်ရောက်ခြင်းတို့သည် ထင်ရှားကုန်ပြီ၊ ငါသည် လူ့ကာမဂုဏ်တို့ကို သုံးဆောင်ခံစားပြီးပြီ၊ နတ်ကာမဂုဏ်တို့ကို ရှာမှီးရန် အချိန်တန်ခဲ့ပြီ၊ သားတော်မောင် သင်လာလော့၊ ဤတိုင်းနိုင်ငံကို အုပ်စိုးလော့၊ ငါသည်ကား ဆံမုတ်ဆိတ်ကို

http://www.dhammadownload.com



ရိတ်ပယ်၍ ဖန်ရည်ဆိုးသော အဝတ်တို့ကို ဝတ်ရုံပြီးလျှင် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်တော့အံ့။ သားတော်မောင် ထိုသို့ဖြစ်၍ သင်သည်လည်း ဦးခေါင်း၌ ဆံဖြူပေါက်လာသည်ကို မြင်သောအခါ ဆတ္တာသည်အား ရွာဆုပေးပြီးလျှင် သားတော်ကြီးအိမ်ရှေ့မင်းကို မင်းကျင့်တရား၌ ကောင်းစွာဆုံးမခဲ့၍ ဆံမုတ်ဆိတ်ကို ရိတ်ပယ်ကာ ဖန်ရည်ဆိုးသော အဝတ်တို့ကို ဝတ်ရုံပြီးလျှင် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ပါလေလော့၊ ငါထားခဲ့သော ကောင်းမြတ်သည့် ဤကျင့်ဝတ်အတိုင်း ဆက်လက်ကျင့်ပါလေ၊သင်သည် ငါ၏အဆုံးစွန်သော ယောကျ်ားသည် မဖြစ်ပါစေလင့်၊ သားတော်မောင် အနွယ်အဆက်ယောကျ်ားကောင်း ဖြစ်ပါလျက် ဤသို့သဘောရှိသော ကောင်းမြတ်သည့် ကျင့်ဝတ်တရားပြတ်သူသည် ထိုသူတို့တွင် အဆုံးစွန်သော ယောကျ်ားဖြစ်၏၊ သားတော်မောင် ငါထားခဲ့သော ကောင်းမြတ်သည့် ဤကျင့်ဝတ်အတိုင်း ဆက်လက်ကျင့်ပါလေ၊ သင်သည် ငါ၏ အဆုံးစွန်သော ယောကျ်ား မဖြစ်ပါစေလင့်" ဟူသော ဤစကားကို သင့်အား ဆို၏ဟု (ဆို၏)။

အာနန္ဒာ ထိုအခါ မဃဒေဝမင်းကြီး၏သားတော်သည် ဆတ္တာသည်အား ရွာဆုပေးပြီးလျှင် သားတော်ကြီး အိမ်ရှေ့မင်းကို မင်းအဖြစ်၌ ကောင်းစွာဆုံးမခဲ့၍ ဤမဃဒေဝသရက်ဥယျာဉ်၌ သာလျှင် ဆံမုတ်ဆိတ်ကိုရိတ်ပယ်ကာ ဖန်ရည်ဆိုးသော အဝတ်တို့ကို ဝတ်ရုံလျက် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၏။ ထိုမဃဒေဝမင်း၏ သားတော်ရဟန်းသည် ချစ်ခြင်း 'မေတ္တာ'နှင့် ယှဉ်သော စိတ်ဖြင့် တခုသော အရပ်ကို ပြန့်နှံ့စေ၍နေ၏၊ ထို့အတူ နှစ်ခုမြောက် အရပ်ကို။ သုံးခုမြောက် အရပ်ကို။ လေးခုမြောက်အရပ်ကို။ ဤနည်းအားဖြင့် အထက်အောက် ဖီလာအရပ်ကို ပြန့်နှံ့စေ၍နေ၏၊ အလုံးစုံသောအရပ် အလုံးစုံသောသတ္တဝါတို့၌ မိမိနှင့်အတူ သတ္တဝါ အားလုံးရှိသော သတ္တလောကကို ပြန့်ပြောသော မြတ်သော အပိုင်းအခြားမရှိသော ရန်မရှိသော ကြောင့်ကြမရှိသော မေတ္တာနှင့်ယှဉ်သော စိတ်ဖြင့် ပြန့်နှံ့စေ၍ နေ၏။ သနားခြင်း 'ကရုဏာ'နှင့် ယှဉ်သော စိတ်ဖြင့် ။ ဝမ်းမြောက်ခြင်း 'မုဒိတာ' နှင့် ယှဉ်သော စိတ်ဖြင့်၊ လျစ်လျူရှုခြင်း 'ဥပေက္ခာ'နှင့်ယှဉ်သောစိတ်ဖြင့် တခုသောအရပ်ကို ပြန့်နှံ့စေ၍ နေ၏၊ ထို့အတူ နှစ်ခုမြောက် အရပ်ကို။ သုံးခုမြောက် အရပ်ကို။ လေးခုမြောက် အရပ်ကို။ ဤနည်းအားဖြင့် အထက်အောက် ဖီလာအရပ်ကို ပြန့်နှံ့စေ၍ နေ၏၊ အလုံးစုံသောအရပ် အလုံးစုံသော သတ္တဝါတို့၌ မိမိနှင့်တူစွာ သတ္တဝါအားလုံးရှိသော သတ္တလောကကို ပြန့်ပြောသော မြတ်သော အပိုင်းအခြားမရှိသော ရန်မရှိသော ကြောင့်ကြမရှိသော လျစ်လျူရှုခြင်း 'ဥပေက္ခာ'နှင့် ယှဉ်သော စိတ်ဖြင့် ပြန့်နှံ့စေ၍ နေ၏။

အာနန္ဒာ မဃဒေဝမင်းကြီး၏ သားတော်သည် အနှစ်ရှစ်သောင်း လေးထောင်တို့ ကာလပတ်လုံး သူငယ်၏ ကစားခြင်းကို ကစား၏၊အနှစ်ရှစ်သောင်းလေးထောင်တို့ကာလပတ်လုံး အိမ်ရှေ့မင်း ပြု၏၊ အနှစ်ရှစ်သောင်းလေးထောင်တို့ကာလပတ်လုံး မင်းပြု၏၊ အနှစ်ရှစ်သောင်း လေးထောင်တို့ကာလပတ်လုံး ဤမဃဒေဝသရက်ဥယျာဉ်၌သာလျှင် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်လျက် မြတ်သော အကျင့်ကို ကျင့်၏၊ ထိုမဃဒေဝမင်းကြီး၏သားတော်သည် ဗြဟ္မဝိဟာရတရား လေးပါးတို့ကို ပွါးများလျက် ခန္ဓာကိုယ်ပျက်စီး၍ သေသည်မှနောက် အခါ၌ ဗြဟ္မာ့ပြည်သို့ လား၏။

၃၁၁။ အာနန္ဒာ ထိုမဃဒေဝမင်းကြီး၏သား မြေးအဆက်ဆက်ဖြစ်ကုန်သော ရှစ်သောင်း လေးထောင်သော မင်းတို့သည် ဤမဃဒေဝသရက်ဥယျာဉ်၌သာလျှင် ဆံမုတ်ဆိတ်ကို ရိတ်ပယ်၍

http://www.dhammadownload.com



ဖန်ရည်ဆိုးသော အဝတ်တို့ကို ဝတ်ရုံကြလျက် လှူဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ကြကုန်၏။ ထိုရှစ်သောင်းလေးထောင်သောမင်းတို့သည် ချစ်ခြင်း 'မေတ္တာ'နှင့်ယှဉ်သော စိတ်ဖြင့် တခုသော အရပ်ကို ပြန့်နှံ့စေ၍ နေ၏။ ထို့အတူ နှစ်ခုမြောက် အရပ်ကို။ သုံးခုမြောက် အရပ်ကို။ လေးခုမြောက် အရပ်ကို။ ဤနည်းအားဖြင့် အထက်အောက် ဖီလာ အရပ်ကို ပြန့်နှံ့စေ၍ နေကုန်၏၊ အလုံးစုံသောအရပ် အလုံးစုံသောသတ္တဝါတို့၌ မိမိနှင့်တူစွာ သတ္တဝါအားလုံးရှိသော သတ္တလောကကို ပြန့်ပြောသော မြတ်သော အပိုင်းအခြား မရှိသော ရန်မရှိသော ကြောင့်ကြမရှိသော မေတ္တာနှင့် ယှဉ်သောစိတ်ဖြင့် ပြန့်နှံ့စေ၍ နေကုန်၏၊ သနားခြင်း 'ကရုဏာ' နှင့်ယှဉ်သောစိတ်ဖြင့်။ ဝမ်းမြောက်ခြင်း'မုဒိတာ'နှင့်ယှဉ်သော စိတ်ဖြင့်။လျစ်လျူရှုခြင်း'ဥပေက္ခာ' နှင့် ယှဉ်သော စိတ်ဖြင့် တခုသော အရပ်ကို ပြန့်နှံ့စေ၍ နေကုန်၏၊ ထို့အတူ နှစ်ခုမြောက်အရပ်ကို။ သုံးခုမြောက်အရပ်ကို။ လေးခုမြောက် အရပ်ကို။ ဤနည်းအားဖြင့် အထက်အောက် ဖီလာ အရပ်ကို ပြန့်နှံ့စေ၍နေကုန်၏၊ အလုံးစုံသောအရပ် အလုံးစုံသော သတ္တဝါတို့၌ မိမိနှင့်တူစွာ သတ္တဝါအားလုံးရှိသော သတ္တလောကကို ပြန့်ပြောသော မြတ်သော အပိုင်းအခြားမရှိသော ရန်မရှိသော ကြောင့်ကြမရှိသော လျစ်လျူရှုခြင်း'ဥပေက္ခာ'နှင့်ယှဉ်သောစိတ်ဖြင့် ပြန့်နှံ့စေ၍ နေကုန်၏။

အနှစ်ရှစ်သောင်းလေးထောင်တို့ ကာလပတ်လုံး သူငယ်တို့၏ ကစားခြင်းကို ကစားကြကုန်၏၊ အနှစ်ရှစ်သောင်းလေးထောင်တို့ ကာလပတ်လုံး အိမ်ရှေ့မင်း ပြုကြကုန်၏၊ အနှစ်ရှစ်သောင်း လေးထောင်တို့ ကာလပတ်လုံး မင်းပြုကြကုန်၏၊ အနှစ်ရှစ်သောင်း လေးထောင်တို့ ကာလပတ်လုံး ဤမဃဒေဝသရက်ဥယျာဉ်၌သာလျှင် လှူဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ကြကုန်ပြီးလျှင် မြတ်သောအကျင့်ကို ကျင့်ကြကုန်၏၊ထိုရှစ်သောင်းလေးထောင်သောမင်းတို့သည် ဗြဟ္မဝိဟာရတရားလေးပါးတို့ကို ပွါးများကြလျက် ခန္ဓာကိုယ်ပျက်စီး၍ သေသည်မှ နောက်အခါ၌ ဗြဟ္မာ့ပြည်သို့ လားကြကုန်ပြီ။ နေမိမင်းသည် ထိုမင်းတို့၏ နောက်ဆုံးဖြစ်၏၊ တရားစောင့်၏၊ တရားသဖြင့် မင်းပြု၏၊ တရား၌ တည်၏၊ မြတ်သောမင်းဖြစ်၏၊ ပုဏ္ဏားနှင့် အမျိုးသားတို့၌၎င်း နိဂုံးသူ နိဂုံးသားတို့၌၎င်း ဇနပုဒ်သူ ဇနပုဒ်သားတို့၌၎င်း တရားသဖြင့် ကျင့်၏၊လဆန်းပက္ခ လဆုတ်ပက္ခ၏ တဆယ့်လေးရက်မြောက် နေ့၌၎င်း တဆယ့် ငါးရက်မြောက်နေ့၌၎င်း ရှစ်ရက်မြောက် နေ့၌၎င်း ဥပုသ်ကို ကျင့်သုံး၏။

၃၁၂။ အာနန္ဒာ တာဝတိံသာနတ်တို့သည် သုဓမ္မာသဘင်၌ အညီအညွတ်စည်းဝေးနေကြစဉ် တခုသောစကားသည် ထင်ရှားဖြစ်၏—"အချင်းတို့ ဝိဒေဟရာဇ်တိုင်းသူတိုင်းသားတို့အား အရတော်လေစွတကား၊ အချင်းတို့ ဝိဒေဟရာဇ်တိုင်းသူတိုင်းသားတို့သည် ကောင်းစွာ ရအပ်လေစွတကား၊ ယင်းဝိဒေဟရာဇ်တိုင်းသူတိုင်းသားတို့၏ နေမိမင်းသည် တရားစောင့်၏၊ တရားသဖြင့် မင်းပြု၏၊ တရား၌တည်၏၊ မြတ်သောမင်းဖြစ်၏၊ပုဏ္ဏားနှင့် အမျိုးသားတို့၌၎င်း နိဂုံးသူနိဂုံးသားတို့၌၎င်း ဇနပုဒ်သူ ဇနပုဒ်သားတို့၌၎င်း တရားသဖြင့် ကျင့်၏၊ လဆန်းပက္ခ လဆုတ်ပက္ခ၏ တဆယ့်လေးရက်မြောက်နေ့၌၎င်း တဆယ့်ငါးရက်မြောက်နေ့၌၎င်း ရှစ်ရက်မြောက်နေ့၌၎င်း ဥပုသ်ကိုလည်း ကျင့်သုံး၏" ဟု ဤစကားသည်ဖြစ်၏။ အာနန္ဒာ ထိုအခါ နတ်တို့အရှင် သိကြားမင်းသည် တာဝတိံသာနတ်တို့ကို "အချင်းနတ်တို့ သင်တို့သည် နေမိမင်းကြီးကို ဖူးမြင်လိုကြပါကုန်သလော"ဟု မေး၏။ အရှင်သိကြားမင်း အကျွန်ုပ်တို့သည် နေမိမင်းကြီးကို ဖူးမြင်လိုကြပါကုန်၏ဟု (ဆိုကြကုန်၏)။ အာနန္ဒာ ထိုအခါ နေမိမင်းသည် တဆယ့်ငါးရက်မြောက်ဖြစ်သော ထိုဥပုသ်နေ့၌ ဦးခေါင်း

http://www.dhammadownload.com



လျှော်ပြီးလျှင် ဥပုသ်ကျင့်သုံးလျက် မြတ်သော ပြာသာဒ်ထက်သို့ တက်ရောက်၍ နေ၏။ အာနန္ဒာ ထိုအခါ နတ်တို့အရှင် သိကြားမင်းသည် အားရှိသောယောကျ်ားသည် ကွေး၍ ထားသော လက်မောင်းကို ဆန့်တန်းရာသကဲ့သို့ရင်း ဆန့်တန်း၍ ထားသော လက်မောင်းကို ကွေးရာသကဲ့သို့ရင်း ဤအတူသာလျှင် တာဝတိံသာနတ်တို့၌ ကွယ်ခဲ့၍ နေမိမင်း၏ ရှေ့၌ ထင်ရှားဖြစ်၏။

အာနန္ဒာ ထိုအခါ နတ်တို့အရှင် သိကြားမင်းသည် နေမိမင်းကို "မင်းမြတ် သင့်အား အရတော်လေစွ၊ မင်းမြတ် သင်သည် ကောင်းစွာရအပ်ပေစွ၊ မင်းမြတ် တာဝတိံသာ နတ်တို့သည် သုဓမ္မာသဘင်၌ 'အချင်းတို့ ထိုဝိဒေဟရာဇ်တိုင်းသူတိုင်းသားတို့အား အရတော်လေစွ၊ အချင်းတို့ ဝိဒေဟရာဇ်တိုင်းသူတိုင်းသားတို့သည် ကောင်းစွာ ရအပ်လေကုန်စွ၊ ယင်းဝိဒေဟရာဇ်တိုင်းသူတိုင်းသားတို့၏ နေမိမင်းသည် တရားစောင့်၏၊ တရားသဖြင့် မင်းပြု၏၊ တရား၌တည်၏၊မြတ်သောမင်းဖြစ်၏၊ ပုဏ္ဏားနှင့် အမျိုးသားတို့၌ရင်း နိဂုံးသူနိဂုံးသားတို့၌ရင်း ဇနပုဒ်သူဇနပုဒ်သားတို့၌ရင်း တရားသဖြင့် ကျင့်၏၊ လဆန်းပက္ခလဆုတ်ပက္ခ၏ တဆယ့်လေးရက်မြောက်နေ့၌ရင်း တဆယ့်ငါးရက်မြောက်နေ့၌ရင်း ရှစ်ရက်မြောက်နေ့၌ရင်း ဥပုသ်ကိုလည်း ကျင့်သုံး၏'ဟု ချီးကျူးကြကုန်လျက် စည်းဝေးကြကုန်၏။ မင်းမြတ် သင်မင်းမြတ်အား တာဝတိံသာနတ်တို့သည် ဖူးမြင်လိုကြကုန်၏၊မင်းမြတ် သင်မင်းမြတ်ထံ အကျွန်ုပ်သည် အာဇာနည်မြင်းတထောင်ကသော ရထားကို စေလွှတ်ပါအံ့၊မင်းမြတ် နတ်၌ဖြစ်သော ယာဉ်ကို မတုန်မလှုပ် မကြောက်မရွံ့ တက်စီးပါလော့"ဟု ဆို၏။ အာနန္ဒာ နေမိမင်းသည် ဆိတ်ဆိတ်နေသဖြင့် လက်ခံလေ၏။

၃၃၃ ။ အာနန္ဒာ ထိုအခါ နတ်တို့အရှင် သိကြားမင်းသည် နေမိမင်း၏လက်ခံခြင်းကို သိ၍ ဥပမာအားဖြင့် အားရှိသော ယောကျ်ားသည် ကွေး၍ ထားသော လက်မောင်းကို ဆန့်တန်းရာသကဲ့သို့ရင်း ဆန့်တန်း၍ ထားသော လက်မောင်းကို ကွေးရာသကဲ့သို့ရင်း ဤအတူသာလျှင် နေမိမင်း၏ မျက်မှောက်မှ ကွယ်ခဲ့၍ တာဝတိံသာနတ်တို့၌ ထင်ရှားဖြစ်၏။ အာနန္ဒာ ထိုအခါ နတ်တို့အရှင် သိကြားမင်းသည် လူတို့ကို ချီးမြှောက်တတ်သော မာတလိနတ်သားကို "အချင်းမာတလိ သင် လာလော့၊ အာဇာနည်မြင်းတထောင်ကသော ရထားကို ကပြီးလျှင် နေမိမင်းသို့ ချဉ်းကပ်၍ 'မင်းမြတ် သင်မင်းမြတ်အတွက် အာဇာနည်မြင်းတထောင်ကသော ဤရထားကို နတ်တို့အရှင် သိကြားမင်းသည် စေလွှတ်အပ်ပါ၏၊ မင်းမြတ် နတ်၌ဖြစ်သော ယာဉ်ကို မကြောက်မရွံ့ တက်စီးတော်မူပါလော့'ဟု ဤသို့ဆိုပါလေ"ဟု ပြောဆိုစေလွှတ်၏။ အာနန္ဒာ လူတို့ကို ချီးမြှောက်တတ်သော မာတလိနတ်သားသည် "ကောင်းပါပြီ အသျှင်သိကြားမင်း"ဟူ၍သာလျှင် နတ်တို့အရှင် သိကြားမင်း၏စကားကို ဝန်ခံ၍ အာဇာနည်မြင်းတထောင်ကသောရထားကို ကလျက် နေမိမင်းကြီးထံ ချဉ်းကပ်ပြီးလျှင် မင်းမြတ် သင်မင်းမြတ်အတွက် အာဇာနည် မြင်းတထောင်ကသော ဤရထားကို နတ်တို့အရှင် သိကြားမင်းသည် စေလွှတ်ပါ၏၊ မင်းမြတ် နတ်၌ဖြစ်သော ယာဉ်ကို မကြောက်မရွံ့ တက်စီးပါလော့၊ မင်းမြတ် (အကျွန်ုပ်)သိလိုသည်မှာ မကောင်းမှုရှိသူတို့သည် မကောင်းမှုအကျိုးကိုခံစားရာ(ငရဲ)သို့ရင်း ကောင်းမှုရှိသူတို့သည် ကောင်းမှုအကျိုးကို ခံစားရာ (နတ်ပြည်)သို့ရင်း သွားရာခရီးနှစ်မျိုးတွင် အဘယ်ခရီးဖြင့် သင်မင်းကြီးကို ဆောင်ယူရပါမည်နည်း"ဟု ပြောဆို၏။ မာတလိနတ်သား ငါ့ကို ခရီးနှစ်မျိုးဖြင့်သာလျှင် ဆောင်ယူလော့ဟု (ဆို၏)။ အာနန္ဒာ လူတို့ကို ချီးမြှောက်တတ်သော မာတလိနတ်သားသည် နေမိမင်းကို သုဓမ္မာသဘင်သို့ ကောင်းစွာသွင်းလေသတည်း။

http://www.dhammadownload.com



အာနန္ဒာ နတ်တို့အရှင် သိကြားမင်းသည် အဝေးကလာသော နေမိမင်းကို မြင်လျှင် "မင်းမြတ် ကြွလာတော်မူပါလော့၊ မင်းမြတ် ကောင်းသောလာခြင်း ဖြစ်ပါပေ၏၊ မင်းမြတ် တာဝတိံသာ နတ်တို့သည် မင်းမြတ်အား မြင်လိုကြပါကုန်၏၊ သုဓမ္မာသဘင်၌ အညီအညွတ် စည်းဝေးကုန်လျက် 'အချင်းတို့ ဝိဒေဟရာဇ် တိုင်းသူတိုင်းသားတို့အား အရတော်လေစွတကား၊ အချင်းတို့ ဝိဒေဟရာဇ် တိုင်းသူတိုင်းသားတို့သည် ကောင်းစွာ ရအပ်ကုန်လေစွတကား၊ ယင်းဝိဒေဟရာဇ်တိုင်းသူတိုင်းသား တို့၏ နေမိမင်းသည် တရားစောင့်၏၊ တရားသဖြင့် မင်းပြု၏၊ တရား၌တည်၏၊ မြတ်သောမင်းဖြစ်၏၊ ပုဏ္ဏားနှင့်အမျိုးသားတို့၌၎င်း နိဂုံးသူနိဂုံးသားတို့၌၎င်း ဇနပုဒ်သူ ဇနပုဒ်သားတို့၌၎င်း တရားသဖြင့် ကျင့်၏၊ လဆန်းပက္ခ လဆုတ်ပက္ခ၏ တဆယ့်လေးရက်မြောက်နေ့၌၎င်း တဆယ့်ငါးရက်မြောက်နေ့၌၎င်း ရှစ်ရက်မြောက်နေ့၌၎င်း ဥပုသ်ကိုလည်း ကျင့်သုံး၏'ဟု ချီးကျူးသော သဘောရှိကြပါကုန်၏။ မင်းမြတ် တာဝတိံသာနတ်တို့သည် သင်မင်းကြီးအား ဖူးမြင်လိုကြပါကုန်၏၊ မင်းမြတ် နတ်ပြည်၌ နတ်တို့၏ အာနုဘော်ဖြင့် မွေ့လျော်ပါလော့"ဟု ပြောကြားလေ၏။ အဆွေသိကြားမင်း တော်လောက်ပြီ၊ ထိုမိထိလာပြည်သို့သာလျှင် အကျွန်ုပ်ကို ပြန်ပို့ပါလော့၊ ထိုရွှေးနှင့်အတူ ငါသည် ပုဏ္ဏားနှင့် အမျိုးသားတို့၌၎င်း နိဂုံးသူ နိဂုံးသားတို့၌၎င်း ဇနပုဒ်သူ ဇနပုဒ်သားတို့၌၎င်း တရားနှင့် လျော်စွာ ကျင့်ပါအံ့၊ လဆန်းပက္ခ လဆုတ်ပက္ခ၏ တဆယ့်လေးရက်မြောက် နေ့၌၎င်း တဆယ့်ငါး ရက်မြောက်နေ့၌၎င်း ရှစ်ရက်မြောက် နေ့၌၎င်း ဥပုသ်ကိုလည်း ကျင့်သုံးပါအံ့ဟု (ပြောဆို၏)။

၃၁၄။ အာနန္ဒာ ထိုအခါ နတ်တို့အရှင် သိကြားမင်းသည် လူတို့ကို ချီးမြှောက်တတ်သော မာတလိနတ်သားကို ခေါ်၍ "အချင်းမာတလိ သင်လာခဲ့လော့၊ အာဇာနည်မြင်းတထောင်ကသော ရထားကို ကက၍ နေမိမင်းကို ထိုမိထိလာပြည်သို့သာလျှင် ပြန်ပို့လေ"ဟု ဆို၏။ အာနန္ဒာ လူတို့ကို ချီးမြှောက်တတ်သော မာတလိနတ်သားသည် "ကောင်းပါပြီ အသျှင်၏ စကားသည် ကောင်းလှပါ၏"ဟူ၍ သာလျှင် နတ်တို့အရှင် သိကြားမင်း၏စကားကို ဝန်ခံ၍ အာဇာနည်မြင်းတထောင် ကသော ရထားကိုကက၍ နေမိမင်းကို ထိုမိထိလာပြည်သို့သာလျှင် ပြန်ပို့၏။ အာနန္ဒာ နေမိမင်းသည် ထိုမိထိလာပြည်၌ ပုဏ္ဏားနှင့်အမျိုးသားတို့၌၎င်း နိဂုံးသူနိဂုံးသားတို့၌၎င်း ဇနပုဒ်သူဇနပုဒ်သား တို့၌၎င်း တရားသဖြင့် ကျင့်၏၊ လဆန်းပက္ခ လဆုတ်ပက္ခ၏ တဆယ့်လေးရက်မြောက်နေ့၌၎င်း တဆယ့်ငါးရက်မြောက်နေ့၌၎င်း ရှစ်ရက်မြောက်နေ့၌၎င်း ဥပုသ်ကိုလည်း ကျင့်သုံး၏။ အာနန္ဒာ ထိုအခါ နေမိမင်းသည် နှစ်ပေါင်းများစွာ နှစ်ရာပေါင်းများစွာ နှစ်ထောင်ပေါင်းများစွာ လွန်သော အခါ၌ ဆတ္တာသည်ကို ခေါ်၍ "အချင်းဆတ္တာသည် ငါ၏ ဦးခေါင်း၌ဆံဖြူတို့ ပေါက်ရောက်သည် တို့ကို မြင်သောအခါ ငါ့အား ပြောကြားပါလေ"ဟု ဆို၏။ အာနန္ဒာ ဆတ္တာသည်သည် "အရှင် မင်းမြတ် ကောင်းပါပြီ"ဟူ၍ သာလျှင် နေမိမင်းအား ပြန်လျှောက်ကြား၏။

အာနန္ဒာ ဆတ္တာသည်သည် နှစ်ပေါင်းများစွာ နှစ်ရာပေါင်းများစွာ နှစ်ထောင်ပေါင်းများစွာ လွန်သောအခါဝယ် နေမိမင်း၏ ဦးခေါင်း၌ ဆံဖြူပေါက်ရောက်သည်တို့ကို မြင်လေ၍ နေမိမင်းကို "အရှင်မင်းမြတ်အား သေမင်းတမန်တို့သည် ထင်ရှားဖြစ်လတ်ပါကုန်ပြီ၊ ဦးခေါင်း၌ ပေါက်ရောက်သော ဆံဖြူတို့သည် ထင်ပါကုန်၏"ဟု လျှောက်တင်၏။ အချင်းဆတ္တာသည် သို့ဖြစ်မူ ထိုဆံဖြူ တို့ကို မွေးညှပ်ဖြင့် ကောင်းစွာ နုတ်၍ ငါ၏လက်ခုပ်၌ ထည့်လေလော့ဟု (ဆို၏)။ အာနန္ဒာ ဆတ္တာသည်သည် "မင်းမြတ် ကောင်းပါပြီ" ဟူ၍သာလျှင် နေမိမင်း၏စကားကို ဝန်ခံ၍ ထိုဆံဖြူ တို့ကို မွေးညှပ်ဖြင့် ကောင်းစွာနုတ်၍ နေမိမင်း၏လက်ခုပ်၌ ထည့်၏။ အာနန္ဒာ ထိုအခါ နေမိ မင်းသည် ဆတ္တာသည်အား ရွာဆုကိုပေး၍ သားကြီး အိမ်ရှေ့မင်းကို ခေါ်စေပြီးလျှင်

http://www.dhammadownload.com



"သားတော်မောင် ငါ့အား သေမင်းတမန်တို့သည် ထင်ရှားဖြစ်လတ်ကုန်ပြီ၊ ဦးခေါင်း၌ ပေါက်ရောက်သော ဆံဖြူတို့သည် ထင်ရှားကုန်၏၊ ငါသည် လူ့ကာမဂုဏ်တို့ကို သုံးဆောင်ခံစားရပေပြီ၊ နတ်ကာမဂုဏ်တို့ကို ရှာမှီးရန် အချိန်တန်ပြီ၊ သားတော်မောင် သင်လာလေ့၊ ဤတိုင်းပြည်ကို အုပ်စိုးလော့၊ ငါသည်ကား ဆံမုတ်ဆိတ်ကို ရိတ်ပယ်၍ ဖန်ရည်ဆိုးသော အဝတ်တို့ကို ဝတ်ရုံ၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်တော့အံ့၊ သားတော်မောင် သို့ဖြစ်၍ သင်သည်လည်း ဦးခေါင်း၌ ပေါက်ရောက်သော ဆံဖြူတို့ကို မြင်သောအခါ ဆတ္တာသည်အား ရွာဆုကို ပေးပြီးလျှင် သားကြီးအိမ်ရှေ့မင်းကို မင်းကျင့်တရား၌ ကောင်းစွာ ဆုံးမခဲ့၍ ဆံမုတ်ဆိတ်ကို ရိတ်၍ ဖန်ရည်ဆိုးသောအဝတ်တို့ကို ဝတ်ရုံပြီးလျှင် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်လေလော့၊ ငါထားခဲ့သော ကောင်းမြတ်သည့် ဤကျင့်ဝတ်အတိုင်း ဆက်လက်ကျင့်ပါလေ၊ သင်သည် ငါ၏ အဆုံးစွန်သော ယောကျ်ားမဖြစ်ပါစေလင့်။ သားတော်မောင် အနွယ်အဆက်၌ ယောကျ်ားကောင်း ဖြစ်ပါလျက် ဤသို့သဘောရှိသော ကောင်းမြတ်သည့် ကျင့်ဝတ်ပြတ်သူသည် ထိုသူတို့တွင် အဆုံးစွန်သော ယောကျ်ားဖြစ်ပေ၏။ သားတော်မောင် 'ငါထားခဲ့သော ကောင်းမြတ်သည့် ဤကျင့်ဝတ်အတိုင်း ဆက်လက်ကျင့်ပါလေ၊ သင်သည် ငါ၏ အဆုံးစွန်သောယောကျ်ား မဖြစ်ပါစေလင့်'ဟူသော" ဤစကားကို သင့်အား ငါဆို၏ ဟု (ဆို၏)။

၃၁၅။ အာနန္ဒာ ထိုအခါ နေမိမင်းသည် ဆတ္တာသည်အား ရွာဆုကိုပေး၍ သားကြီးအိမ်ရှေ့မင်းကို မင်းကျင့်ဝတ်၌ ကောင်းစွာဆုံးမခဲ့၍ ဤမဃဒေဝသရက်ဥယျာဉ်၌သာလျှင် ဆံမုတ်ဆိတ်ကို ရိတ်ပယ်၍ ဖန်ရည်ဆိုးသောအဝတ်တို့ကို ဝတ်ရုံကာ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၏။ ထိုနေမိမင်းသည် ချစ်ခြင်း 'မေတ္တာ' နှင့်ယှဉ်သောစိတ်ဖြင့် တခုသောအရပ်ကို ပြန့်နှံ့စေ၍ နေ၏။ ထို့အတူ နှစ်ခုမြောက်အရပ်ကို။ သုံးခုမြောက်အရပ်ကို။ လေးခုမြောက်အရပ်ကို။ ဤနည်းအားဖြင့် အထက်အောက် ဖီလာအရပ်ကို ပြန့်နှံ့စေ၍နေ၏၊ အလုံးစုံသောအရပ် အလုံးစုံသော သတ္တဝါတို့၌ မိမိနှင့်တူစွာ သတ္တဝါအားလုံးရှိသော သတ္တလောကကို ပြန့်ပြောသော မြတ်သော အပိုင်းအခြားမရှိသော ရန်မရှိသော ကြောင့်ကြမရှိသော မေတ္တာနှင့်ယှဉ်သော စိတ်ဖြင့် ပြန့်နှံ့စေ၍ နေ၏။ သနားခြင်း 'ကရုဏာ'နှင့်ယှဉ်သောစိတ်ဖြင့်။ ဝမ်းမြောက်ခြင်း'မုဒိတာ'နှင့်ယှဉ်သော စိတ်ဖြင့်။ လျစ်လျူရှုခြင်း 'ဥပေက္ခာ'နှင့် ယှဉ်သော စိတ်ဖြင့် တခုသောအရပ်ကို ပြန့်နှံ့စေ၍ နေ၏။ ထို့အတူ နှစ်ခုမြောက်အရပ်ကို။သုံးခုမြောက်အရပ်ကို။ လေးခုမြောက်အရပ်ကို။ ဤနည်းအားဖြင့် အထက်အောက် ဖီလာအရပ်ကို ပြန့်နှံ့စေ၍ နေ၏။ အလုံးစုံသောအရပ် အလုံးစုံသော သတ္တဝါတို့၌ မိမိနှင့်တူစွာ သတ္တဝါအားလုံးရှိသော သတ္တလောကကို ပြန့်ပြောသော မြတ်သော အပိုင်းအခြားမရှိသော ရန်မရှိသော ကြောင့်ကြမရှိသော လျစ်လျူရှုခြင်း'ဥပေက္ခာ'နှင့်ယှဉ်သော စိတ်ဖြင့် ပြန့်နှံ့စေ၍နေ၏။

အာနန္ဒာ နေမိမင်းသည်ကား အနှစ်ရှစ်သောင်းလေးထောင်တို့ ကာလပတ်လုံး သူငယ်၏ ကစားခြင်းကို ကစား၏၊ အနှစ်ရှစ်သောင်းလေးထောင်တို့ကာလပတ်လုံး အိမ်ရှေ့မင်းပြု၏၊ အနှစ်ရှစ်သောင်းလေးထောင်တို့ ကာလပတ်လုံး မင်းပြု၏၊ အနှစ်ရှစ်သောင်းလေးထောင်တို့ ကာလပတ်လုံး ဤမဃဒေဝသရက်ဥယျာဉ်၌သာလျှင် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ပြီးလျှင် မြတ်သောအကျင့်ကို ကျင့်သုံး၏၊ ထိုနေမိမင်းသည် ဗြဟ္မဝိဟာရတရား လေးပါးတို့ကို ပွါးများ၍ ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်အခါ၌ ဗြဟ္မာ့ပြည်သို့ လား၏။ အာနန္ဒာ နေမိမင်းအား ကဠာရဇနကမည်သော သားသည် ရှိ၏၊ ထိုသားသည် လူ့ဘောင်မှ ရဟန်းဘောင်သို့ မဝင်ရောက်

http://www.dhammadownload.com



ချေ။ ထိုကဋ္ဌာရဇနကသည် ထိုကောင်းမြတ်သော ကျင့်ဝတ်ကို ဖြတ်လေ၏၊ (ထို့ကြောင့်) ထိုကဋ္ဌာရဇနကသည် ထိုသူတို့တွင် အံဆုံးစွန်သော ယောကျ်ားဖြစ်သတည်း။

၁၁၆။ အာနန္ဒာ သင့်အား "ထိုအခါက ဤကောင်းမြတ်သည့် ကျင့်ဝတ်ကို ထားခဲ့သော မဃဒေဝမင်းသည် အခြားသူဖြစ်လေသလော"ဟု အကြံဖြစ်လေရာ၏။ အာနန္ဒာ ဤအရာကို ဤသို့ မမှတ်သင့်။ ထိုအခါ ငါသည် မဃဒေဝမင်း ဖြစ်ခဲ့၏၊ ငါထားခဲ့သော ထိုကောင်းမြတ်သည့် ကျင့်ဝတ်တရားအတိုင်း နောက်သားနောင်လာအပေါင်းသည် ဆက်လက်၍ ကျင့်၏။ အာနန္ဒာ ထိုကောင်းမြတ်သည့် ကျင့်ဝတ်တရားသည် ငြီးငွေ့ရန် တပ်မက်မှုကင်းရန် ချုပ်ငြိမ်းရန် ငြိမ်းအေးရန် အထူးသိရန် ထိုးထွင်း၍ သိရန် ကောင်းစွာသိရန် မဖြစ်၊ နိဗ္ဗာန်အကျိုးငှါ မဖြစ်၊ ဗြဟ္မာ့ပြည်သို့ ရောက်ရုံသာဖြစ်၏။ အာနန္ဒာ ယခုအခါ ငါထားခဲ့သော ဤကောင်းမြတ်သည့် ကျင့်ဝတ်တရားမှာမူကား ကေန် ဝဋ်ဆင်းရဲ၌ ငြီးငွေ့ရန် တပ်မက်မှုကင်းရန် ချုပ်ငြိမ်းရန် ငြိမ်းအေးရန် အထူးသိရန် ကိုယ်တိုင် သိရန်ဖြစ်၏၊ နိဗ္ဗာန်အကျိုးငှါဖြစ်၏။

အာနန္ဒာ ယခုအခါ ငါထားခဲ့သော ကောင်းမြတ်သည့် အဘယ်အကျင့်တရားသည် ကေန် ငြိမ်းအေးခြင်းငှါ တပ်မက်မှုကင်းခြင်းငှါ ချုပ်ငြိမ်းခြင်းငှါ ငြိမ်းအေးခြင်းငှါ အထူးသိခြင်းငှါ ထိုးထွင်း၍ သိခြင်းငှါ နိဗ္ဗာန်အကျိုးငှါဖြစ်သနည်းဟူမူ—အင်္ဂါရှစ်ပါးရှိသော ဤအရိယမဂ်တရားပင်တည်း။ ဤအရိယမဂ်ဟူသည် အဘယ်နည်း— မှန်စွာသိမြင်ခြင်း မှန်စွာကြံစည်ခြင်း မှန်စွာပြောဆိုခြင်း မှန်စွာပြုလုပ်ခြင်း မှန်စွာအသက်မွေးခြင်း မှန်စွာအားထုတ်ခြင်း မှန်စွာအောက်မေ့ခြင်း မှန်စွာ တည်ကြည်ခြင်းတို့တည်း။ အာနန္ဒာ ယခုအခါ ငါထားခဲ့သော ဤကောင်းမြတ်သည့် ကျင့်ဝတ်တရားသည် စင်စစ်ကေန် ငြီးငွေ့ခြင်းငှါ တပ်မက်မှုကင်းခြင်းငှါ ချုပ်ငြိမ်းခြင်းငှါ ငြိမ်းအေးခြင်းငှါ အထူးသိခြင်းငှါ ထိုးထွင်း၍ သိခြင်းငှါ နိဗ္ဗာန်အကျိုးငှါဖြစ်၏။

အာနန္ဒာ ငါသည် သင်တို့အား ထိုအရာကို ဤသို့ဟောကြားပေအံ့၊ ငါထားခဲ့သော ဤကောင်းမြတ်သည့် ကျင့်ဝတ်တရားအတိုင်း ဆက်လက်ကျင့်ကြကုန်လော့၊ သင်တို့သည် ငါ၏ အဆုံးစွန်သော ယောကျ်ားများ မဖြစ်ကြစေကုန်လင့်၊ အာနန္ဒာ အနွယ်အဆက် ယောကျ်ားကောင်း ဖြစ်ပါလျက် ဤသို့သဘောရှိသော ကောင်းမြတ်သည့် ကျင့်ဝတ်တရားပြတ်သူသည် ထိုသူတို့တွင် အဆုံးစွန်သော ယောကျ်ားဖြစ်ပေ၏။ အာနန္ဒာ ငါသည် သင်တို့အား ဤသို့ဟော၏— "ငါထားခဲ့သော ဤကျင့်ဝတ်တရားအတိုင်း ဆက်လက်ကျင့်ကြကုန်လော့၊ သင်တို့သည် ငါ၏ အဆုံးစွန်သော ယောကျ်ားများ မဖြစ်ကြစေကုန်လင့်"ဟု (မိန့်တော်မူ၏)။

မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏၊ အသျှင်အာနန္ဒာသည် မြတ်စွာဘုရား၏စကားတော်ကို ဝမ်းမြောက်စွာ လက်ခံလေသတည်း။

သုံးခုမြောက် မဃဒေဝသုတ် ပြီး၏။

---

## ၄-မဓုရသုတ်

၃၁၇။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ အသျှင်မဟာကစ္စည်းသည် မဓုရာပြည် ဂုန္ဒာဝန်၌ သီတင်းသုံးနေတော်မူ၏။ အဝန္တိမင်း၏ မြေး မဓုရာမင်းသည် ဤဆိုလတ္တံ့သော အတိုင်း ကြားသိရလေပြီ "အချင်းတို့

http://www.dhammadownload.com



အသျှင်ကစ္စည်းသည် မဓုရာပြည် ဂုန္ဒာဝန်တော၌ နေ၏၊ ထိုအသျှင်ကစ္စည်းမထေရ်၏ ဤသို့ ကောင်းမြတ်သော ကျော်စောသံသည် ပြန့်နှံ့၍ တက်၏၊ 'လိမ္မာ၏၊ ထက်မြက်၏၊ ထိုးထွင်း၍ သိနိုင်သော ပညာရှိ၏၊ အကြားအမြင်များ၏၊ ဆန်းကြယ်စွာ ဟောကြားတတ်၏၊ ကောင်းသော ပဋိဘာန်ဉာဏ်ရှိ၏၊ အသက်သိက္ခာလည်း ကြီး၏၊ရဟန္တာလည်း ဖြစ်၏'ဟု ပြန့်နှံ့၍ တက်၏၊ ထိုသို့ သဘောရှိသော ရဟန္တာအသျှင်တို့ကို ဖူးမြော်ရခြင်းသည် ကောင်းမြတ်သည်သာတည်း"ဟု (ကြားသိရလေ၏)။

ထိုအခါ အဝန္တီမင်း၏မြေး မဓုရာမင်းသည် ကောင်းကုန် အလွန်ကောင်းကုန်သော ယာဉ်တို့ကို ကစေ၍ ကောင်းသော ယာဉ်ကို တက်စီးပြီးလျှင် ကောင်းကုန် အလွန်ကောင်းကုန်သော ယာဉ်တို့ဖြင့် ကြီးစွာသော မင်း၏ ကျက်သရေဖြင့် အသျှင်ကစ္စည်းမထေရ်ကို ဖူးမြော်ရန် မဓုရာပြည်မှ ထွက်လေ၏၊ ယာဉ်ဖြင့် သွားနိုင်သမျှသောအရပ်ကို ယာဉ်ဖြင့်သွား၍ ယာဉ်မှ သက်ပြီးသော် ခြေကျင်သာလျှင် အသျှင်မဟာကစ္စည်းမထေရ်ထံသို့ချဉ်းကပ်၍ အသျှင်မဟာကစ္စည်းမထေရ်နှင့် ဝမ်းမြောက်ဝမ်းသာ ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အောက်မေ့ဖွယ် စကားကို ပြောဆိုပြီးဆုံးစေပြီးနောက် သင့်လျော်ရာ၌ထိုင်ကာ အသျှင်ကစ္စည်းမထေရ်အား ဤစကားကို လျှောက်၏—

"အသျှင်ကစ္စာန ပုဏ္ဏားတို့သည် 'ပုဏ္ဏားမျိုးသည်သာ မြတ်ပါ၏၊ တပါးသော အမျိုးသည် ယုတ်၏၊ ပုဏ္ဏားမျိုးသည်သာ ဖြူစင်၏၊ တပါးသော အမျိုးသည် မည်းညစ်၏၊ ပုဏ္ဏားတို့သည်သာလျှင် စင်ကြယ်ကုန်၏၊ ပုဏ္ဏားမဟုတ်သူတို့သည် မစင်ကြယ်ကုန်။ ပုဏ္ဏားတို့သည်သာ ဗြဟ္မာ၏ သားရင်းတို့ ဖြစ်ကုန်၏၊ ခံတွင်းမှ ပေါက်ဖွားသူများသာဖြစ်ကုန်၏၊ ဗြဟ္မာမှ ပေါက်ဖွားလာကုန်၏၊ ဗြဟ္မာဖန်ဆင်းထားသူတို့ ဖြစ်ကုန်၏၊ ဗြဟ္မာ၏အမွေခံတို့ ဖြစ်ကုန်၏' ဟု ဆိုကြကုန်၏၊ ဤ၌ပြောဆိုရာ၌ အသျှင်ကစ္စည်းသည် အသို့ပြောဆိုလိုပါသနည်း"ဟု (လျှောက်၏)။ မင်းကြီး "ပုဏ္ဏားမျိုးသာလျှင်မြတ်၏၊ တပါးသောအမျိုးသည် ယုတ်၏၊ ပုဏ္ဏားမျိုးသည်သာလျှင် ဖြူစင်၏၊ တပါးသော အမျိုးသည် မည်းညစ်၏၊ ပုဏ္ဏားတို့သည်သာလျှင် စင်ကြယ်ကုန်၏၊ ပုဏ္ဏားမဟုတ်သူတို့သည် မစင်ကြယ်ကုန်၊ ပုဏ္ဏားတို့သည်သာလျှင် ဗြဟ္မာ၏ သားရင်းတို့ ဖြစ်ကုန်၏၊ ခံတွင်းမှ ပေါက်ဖွားသူများ ဖြစ်ကုန်၏၊ ဗြဟ္မာမှ ပေါက်ဖွားလာကုန်၏၊ ဗြဟ္မာဖန်ဆင်းထားသူတို့ဖြစ်ကုန်၏၊ ဗြဟ္မာ၏အမွေခံတို့ ဖြစ်ကုန်၏" ဟူသည် လောက၌ စကားသာလျှင် ဖြစ်ပေ၏။ မင်းကြီး "ပုဏ္ဏားမျိုးသည်သာ မြတ်သောအမျိုးတည်း၊ တပါးသောအမျိုးသည် ယုတ်၏။ပ။ဗြဟ္မာ၏ အမွေခံတို့ ဖြစ်ကုန်၏"ဟူသည် လောက၌ စကားသာလျှင် ဖြစ်ပုံအကြောင်းကို ဤဆိုလတ္တံ့သော နည်းဖြင့် သိသင့်၏။

၃၁၈။ မင်းကြီး ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ မင်းသည် အကယ်၍ ဥစ္စာ စပါး ရွှေငွေတို့ဖြင့် အလိုပြည့်စေနိုင်ငြားအံ့၊ တပါးသောမင်းလည်း ထိုမင်း၏ ရှေးဦးစွာ ထရာသည်၊ နောက်မှ အိပ်ရာသည်၊ အမိန့်ကို နာခံရာသည်၊ စိတ်ကြိုက်ကို လိုက်ရာသည်၊ ချစ်ဖွယ်ကို ပြောကြားရာသည်။ ပုဏ္ဏားလည်း ထိုမင်း၏။ ကုန်သည်လည်း ထိုမင်း၏။ သူဆင်းရဲလည်း ထိုမင်း၏ ရှေးဦးစွာ ထရာသည်၊ နောက်မှ အိပ်ရာသည်၊ အမိန့်ကို နာခံရာသည်၊ စိတ်ကြိုက်ကို လိုက်ရာသည်၊ ချစ်ဖွယ်ကို ပြောကြားရာသည် မဟုတ်လော ဟု (မေး၏)။ အို ကစ္စာန မင်းသည် အကယ်၍ ဥစ္စာ စပါး ရွှေ ငွေတို့ဖြင့် အလိုပြည့်စေနိုင်ငြားအံ့၊ တပါးသောမင်းလည်း ထိုမင်း၏ ရှေးဦးစွာ ထရာပါ၏၊ နောက်မှ အိပ်ရာပါ၏၊ အမိန့်ကို နာခံရာပါ၏၊ စိတ်ကြိုက်ကို လိုက်ရာပါ၏၊ ချစ်ဖွယ်ကို ပြောကြားရာပါ၏။ ပုဏ္ဏားလည်း ထိုမင်း၏။ ကုန်သည်လည်း ထိုမင်း၏။ သူဆင်းရဲလည်း ထိုမင်း၏ ရှေးဦးစွာ

http://www.dhammadownload.com



ထရာ၏၊ နောက်မှ အိပ်ရာ၏၊ အမိန့်ကို နာခံရာ၏၊ စိတ်ကြိုက်ကို လိုက်ရာပါ၏၊ ချစ်ဖွယ်ကို ပြောကြားရာပါ၏ ဟု (လျှောက်၏)။

မင်းကြီး ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ ပုဏ္ဏားသည် အကယ်၍ ဥစ္စာစပါး ရွှေငွေတို့ဖြင့် အလိုပြည့်စေနိုင်ငြားအံ့၊ တပါးသော ပုဏ္ဏားလည်း ထိုပုဏ္ဏား၏ ရှေးဦးစွာ ထရာသည်၊ နောက်မှ အိပ်ရာသည်၊ အမိန့်ကို နာခံရာသည်၊ စိတ်ကြိုက်ကို လိုက်ရာသည်၊ ချစ်ဖွယ်ကို ပြောကြားရာသည်၊ ကုန်သည်လည်း ထိုပုဏ္ဏား၏။ သူဆင်းရဲလည်း ထိုပုဏ္ဏား၏။ မင်းလည်း ထိုပုဏ္ဏား၏ ရှေးဦးစွာ ထရာသည်၊ နောက်မှ အိပ်ရာသည်၊ အမိန့်ကို နာခံရာသည်၊ စိတ်ကြိုက်ကို လိုက်ရာသည်၊ ချစ်ဖွယ်ကို ပြောကြားရာသည် မဟုတ်လောဟု (မေး၏)။အို ကစ္စာန ပုဏ္ဏားသည် အကယ်၍ ဥစ္စာစပါး ရွှေငွေတို့ဖြင့် အလိုပြည့်စေနိုင်ငြားအံ့၊ တပါးသော ပုဏ္ဏားလည်း ထိုပုဏ္ဏား၏ ရှေးဦးစွာ ထရာပါ၏၊ နောက်မှ အိပ်ရာပါ၏၊ အမိန့်ကို နာခံရာပါ၏၊ စိတ်ကြိုက်ကို လိုက်ရာပါ၏၊ ချစ်ဖွယ်ကို ပြောကြားရာပါ၏။ ကုန်သည်လည်း ထိုပုဏ္ဏား၏။ပ။ သူဆင်းရဲလည်း ထိုပုဏ္ဏား၏။ပ။ မင်းလည်း ထိုပုဏ္ဏား၏ ရှေးဦးစွာ ထရာပါ၏၊ နောက်မှ အိပ်ရာပါ၏၊ အမိန့်ကို နာခံရာပါ၏၊ စိတ်ကြိုက်ကို လိုက်ရာပါ၏၊ ချစ်ဖွယ်ကို ပြောကြားရာပါ၏ဟု (လျှောက်၏)။

မင်းကြီး ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ ကုန်သည်သည် အကယ်၍ ဥစ္စာ စပါး ရွှေငွေတို့ဖြင့် အလိုပြည့်စေနိုင်ငြားအံ့၊ တပါးသော ကုန်သည်လည်း ထိုကုန်သည်၏ ရှေးဦးစွာ ထရာသည် နောက်မှ အိပ်ရာသည် အမိန့်ကို နာခံရာသည် စိတ်ကြိုက်ကို လိုက်ရာသည် ချစ်ဖွယ်ကို ပြောကြားရာသည်။ သူဆင်းရဲသည်လည်း ထိုကုန်သည်၏။ပ။ မင်းသည်လည်း ထိုကုန်သည်၏။ပ။ ပုဏ္ဏားသည်လည်း ထိုကုန်သည်၏ ရှေးဦးစွာ ထရာသည် နောက်မှ အိပ်ရာသည် အမိန့်ကို နာခံရာသည် စိတ်ကြိုက်ကို လိုက်ရာသည် ချစ်ဖွယ်ကို ပြောကြားရာသည် မဟုတ်လော ဟု (မေး၏)။ အိုကစ္စာန ကုန်သည်သည် အကယ်၍ ဥစ္စာ စပါးရွှေငွေတို့ဖြင့် အလိုပြည့်စေနိုင်ငြားအံ့၊ တပါးသော ကုန်သည်လည်း ထိုကုန်သည်၏ ရှေးဦးစွာ ထရာပါ၏၊ နောက်မှ အိပ်ရာပါ၏၊အမိန့်ကို နာခံရာပါ၏၊ စိတ်ကြိုက်ကို လိုက်ရာပါ၏၊ ချစ်ဖွယ်ကို ပြောကြားရာပါ၏။ သူဆင်းရဲလည်း ထိုကုန်သည်၏။ပ။ မင်းလည်း ထိုကုန်သည်၏။ပ။ ပုဏ္ဏားလည်း ထိုကုန်သည်၏ ရှေးဦးစွာ ထရာပါ၏၊ နောက်မှ အိပ်ရာပါ၏၊ အမိန့်ကို နာခံရာပါ၏၊ စိတ်ကြိုက်ကို လိုက်ရာပါ၏၊ချစ်ဖွယ်ကို ပြောကြားရာပါ၏ဟု(လျှောက်၏)။

မင်းကြီး ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ သူဆင်းရဲသည် အကယ်၍ ဥစ္စာစပါး ရွှေငွေတို့ဖြင့် အလိုပြည့်စေနိုင်ငြားအံ့၊ တပါးသော သူဆင်းရဲလည်း ထိုသူဆင်းရဲ၏ ရှေးဦးစွာ ထရာသည် နောက်မှ အိပ်ရာသည် အမိန့်ကို နာခံရာသည် စိတ်ကြိုက်ကို လိုက်ရာသည် ချစ်ဖွယ်ကို ပြောကြားရာသည်၊ မင်းလည်း ထိုသူဆင်းရဲ၏။ ပုဏ္ဏားလည်း ထိုသူဆင်းရဲ၏။ပ။ ကုန်သည်လည်း ထိုသူဆင်းရဲ၏ ရှေးဦးစွာ ထရာသည် နောက်မှ အိပ်ရာသည် အမိန့်ကို နာခံရာသည် စိတ်ကြိုက်ကို လိုက်ရာသည် ချစ်ဖွယ်ကို ပြောကြားရာသည် မဟုတ်လော ဟု (မေး၏)။ အိုကစ္စာန သူဆင်းရဲသည် အကယ်၍ ဥစ္စာ စပါး ရွှေငွေတို့ဖြင့် အလိုပြည့်စေနိုင်ငြားအံ့၊ တပါးသော သူဆင်းရဲလည်း ထိုသူဆင်းရဲ၏ ရှေးဦးစွာ ထရာပါ၏၊ နောက်မှ အိပ်ရာပါ၏၊ အမိန့်ကို နာခံရာပါ၏၊ စိတ်ကြိုက်ကို လိုက်ရာပါ၏၊ချစ်ဖွယ်ကို ပြောကြားရာပါ၏၊ မင်းလည်း ထိုသူဆင်းရဲ၏။ပ။ပုဏ္ဏားလည်း ထိုသူဆင်းရဲ၏။ပ။ ကုန်သည်လည်း ထိုသူဆင်းရဲ၏ ရှေးဦးစွာ ထရာပါ၏၊ နောက်မှ အိပ်ရာပါ၏၊ အမိန့်ကို နာခံရာပါ၏၊ စိတ်ကြိုက်ကို လိုက်ရာပါ၏၊ ချစ်ဖွယ်ကို ပြောကြားရာပါ၏ဟု (လျှောက်၏)။

http://www.dhammadownload.com



မင်းကြီး ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ ယင်းသို့ ဖြစ်လတ်သော် ဤအမျိုးလေးပါး တို့သည် တူမျှကြကုန်သလော၊ မတူမျှကြကုန်သလော၊ ဤအရာ၌ သင်မင်းကြီးအား အဘယ်သို့ သော ထင်မြင်ချက်ရှိသနည်း ဟု (မေး၏)။ ကစ္စာန ဤသို့ ဖြစ်သည်ရှိသော် စင်စစ်အားဖြင့် ဤအမျိုးလေးပါးတို့သည် တူမျှပါကုန်၏၊ ဤအရာ၌ ဤအမျိုးလေးပါးတို့၏ ခြားနားမှု တစုံတခု ကိုမျှ မမြင်ပါ ဟု (လျှောက်၏)။ မင်းကြီး "ပုဏ္ဏားမျိုးသည်သာလျှင် မြတ်၏၊ တပါးသော အမျိုး သည် ယုတ်၏။ပ။ ဗြဟ္မာ၏ အမွေခံတို့ ဖြစ်ကုန်၏" ဟူသည် လောက၌ စကားသာလျှင် ဖြစ်ပုံ အကြောင်းကို ဤဆိုခဲ့ပြီးသောနည်းဖြင့်လည်း သိသင့်၏ဟု (မိန့်ဆို၏)။

၃၁၉။ မင်းကြီး ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ ဤလောက၌ မင်းသည် အသက် သတ်လေ့ ရှိငြားအံ့၊ မပေးသည်ကို ယူလေ့ရှိငြားအံ့၊ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်လေ့ရှိငြား အံ့၊ မဟုတ်မမှန် ပြောဆိုလေ့ရှိငြားအံ့၊ ကုန်းတိုက်လေ့ရှိငြားအံ့၊ ကြမ်းထမ်းသော စကားကို ပြောဆို လေ့ရှိငြားအံ့၊ ပြိန်ဖျင်းသော စကားကို ပြောဆိုလေ့ရှိငြားအံ့၊ သူတပါး စည်းစိမ်ကို လိုချင်တပ်မက် ခြင်းရှိငြားအံ့၊ သူတပါးကို ပျက်စီးစေလိုစိတ် ရှိငြားအံ့၊ မှားသော အယူရှိငြားအံ့၊ ကိုယ်ခန္ဓာပျက်စီး ၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာဖြစ်သော ဖရိုဖရဲ ကျရာ ဖြစ်သော ငရဲသို့ ရောက်ရာသလော၊ မရောက်ရာသလော၊ ဤအရာ၌ သင့်အား အဘယ်သို့ ထင်မြင် ချက်ရှိသနည်း ဟု (မေး၏)။ အသျှင်ကစ္စာန မင်းသည်လည်း အသက်သတ်လေ့ရှိငြားအံ့၊ မပေး သည်ကို ယူလေ့ရှိငြားအံ့၊ ကာမတို့၌ မှားယွင်းစွာ ကျင့်လေ့ရှိငြားအံ့၊ မဟုတ်မမှန် ပြောဆို လေ့ရှိငြားအံ့၊ ကုန်းတိုက်လေ့ရှိငြားအံ့၊ ကြမ်းထမ်းသော စကားကို ပြောဆိုလေ့ရှိငြားအံ့၊ ပြိန်ဖျင်း သော စကားကို ပြောဆိုလေ့ရှိငြားအံ့၊ သူတပါး စည်းစိမ်ကို လိုချင်တပ်မက်လေ့ရှိငြားအံ့၊ သူတပါး ကို ပျက်စီးစေလိုသော စိတ်ရှိငြားအံ့၊ မှားသောအယူရှိငြားအံ့၊ ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသောလားရာ ဖရိုဖရဲကျရာ ငရဲသို့သာ ရောက်ရာပါ၏၊ ဤအရာ၌ အကျွန်ုပ်အား ဤသို့သော ထင်မြင်ချက်ရှိပါ၏၊ ဤသို့သာလျှင် အကျွန်ုပ်သည် ရဟန္တာ တို့၏ အထံမှ ဤစကားကို ကြားဘူးပါ၏ ဟု (လျှောက်၏)။

မင်းကြီး ကောင်းစွ ကောင်းစွ၊ မင်းကြီး သင်၏ ဤသို့သော ထင်မြင်ချက်ကား ကောင်းလှ ပေ၏၊ ရဟန္တာတို့၏အထံမှ သင်ကြားရသော ဤစကားသည် ကောင်းလှပေ၏။ မင်းကြီး ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ ဤလောက၌ ပုဏ္ဏားသည်။ပ။ ဤလောက၌ ကုန်သည်သည်။ပ။ ဤ လောက၌ သူဆင်းရဲသည် အသက်သတ်လေ့ရှိငြားအံ့၊ မပေးသည်ကို ယူလေ့ရှိငြားအံ့။ပ။ မှားသော အယူရှိငြားအံ့၊ ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ ဖရိုဖရဲကျရာ ငရဲသို့ ရောက်ရာသလော၊ မရောက်ရာသလော၊ ဤအရာ၌ သင့်အား အဘယ် သို့သော ထင်မြင်ချက်ရှိသနည်း ဟု (မေး၏)။ အသျှင်ကစ္စာန သူဆင်းရဲသည်လည်း အသက်သတ် လေ့ရှိငြားအံ့၊ မပေးသည်ကို ယူလေ့ရှိငြားအံ့။ပ။ မှားသောအယူရှိငြားအံ့၊ ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ ဖရိုဖရဲ ကျရောက်ရာ ငရဲသို့ ရောက်ရာပါ၏၊ ဤအရာ၌ အကျွန်ုပ်အား ဤသို့သော ထင်မြင်ချက်ရှိပါ၏၊ ဤသို့သာလျှင် အကျွန်ုပ် သည် ရဟန္တာတို့၏ အထံမှ ဤစကားကို ကြားဘူးပါ၏ ဟု (လျှောက်၏)။

မင်းကြီး ကောင်းစွ ကောင်းစွ၊ မင်းကြီး သင်၏ ဤသို့သော ထင်မြင်ချက်ကား ကောင်းလှ ပေ၏၊ ရဟန္တာတို့၏အထံမှ သင်ကြားရသော ဤစကားသည် ကောင်းလှပေ၏။ မင်းကြီး ထိုအရာကို

http://www.dhammadownload.com



အဘယ်သို့ မှတ်ထင်သနည်း၊ ယင်းသို့ ဖြစ်သည်ရှိသော် ဤအမျိုးလေးပါးတို့သည် တူမျှကုန်သလော၊ မတူမျှကုန်သလော၊ ဤအရာ၌ သင်မင်းကြီးအား အဘယ်သို့သော ထင်မြင်ချက် ရှိသနည်း ဟု (မေး၏)။ အိုကစ္စာန ဤသို့ ဖြစ်သည်ရှိသော် စင်စစ်အားဖြင့် ဤအမျိုးလေးပါးတို့သည် တူမျှကြပါကုန်၏။ ဤအရာ၌ ထိုအမျိုးလေးပါးတို့၏ ခြားနားမှု တစုံတခုကိုမျှ မမြင်ပါဟု (လျှောက်၏)။ မင်းကြီး "ပုဏ္ဏားမျိုးသည်သာ မြတ်၏၊ တပါးသောအမျိုးသည် ယုတ်၏။ပ။ ဗြဟ္မာ၏အမွေခံတို့ ဖြစ်ကုန်၏" ဟူသည် ဤလောက၌ စကားသာလျှင် ဖြစ်ပုံအကြောင်းကို ဤဆိုခဲ့ပြီးသော နည်းဖြင့်လည်း သိသင့်၏။

၃၂၀။ မင်းကြီး ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ ဤလောက၌ မင်းမျိုးသည် အသက်သတ်ခြင်းမှ ကြဉ်ရှောင်ငြားအံ့၊ မပေးသည်ကို ယူခြင်းမှ ကြဉ်ရှောင်ငြားအံ့၊ ကာမဂုဏ်တို့၌ မှားယွင်းစွာကျင့်ခြင်းမှ ကြဉ်ရှောင်ငြားအံ့၊ မဟုတ်မမှန် ပြောဆိုခြင်းမှ ကြဉ်ရှောင်ငြားအံ့၊ ကုန်းတိုက်ခြင်းမှ ကြဉ်ရှောင်ငြားအံ့၊ ကြမ်းထမ်းသော စကားကို ဆိုခြင်းမှ ကြဉ်ရှောင်ငြားအံ့၊ ပြိန်ဖျင်းသော စကားကိုဆိုခြင်းမှ ကြဉ်ရှောင်ငြားအံ့၊ သူတပါးစည်းစိမ်ကိုတပ်မက်သောအားဖြင့် မကြံစည်ငြားအံ့၊ သူတပါးကို ပျက်စီးစေလိုသော စိတ် မရှိငြားအံ့၊ ဖြောင့်သော အယူကို ယူငြားအံ့၊ ကိုယ်ခန္ဓာ ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသောလားရာ နတ်ပြည်လောကသို့ ရောက်ရာသလော၊ မရောက်ရာသလော၊ ဤအရာ၌ သင့်အား အဘယ်သို့သော ထင်မြင်ချက် ရှိသနည်းဟု (မေး၏)။ အသျှင်ကစ္စာန မင်းသည်လည်း အသက်သတ်ခြင်းမှ ကြဉ်ရှောင်ငြားအံ့၊ မပေးသည်ကို ယူခြင်းမှ ကြဉ်ရှောင်ငြားအံ့၊ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ကြဉ်ရှောင်ငြားအံ့၊ မဟုတ်မမှန်ပြောဆိုခြင်းမှ ကြဉ်ရှောင်ငြားအံ့၊ ကုန်းတိုက်ခြင်းမှ ကြဉ်ရှောင်ငြားအံ့၊ ကြမ်းထမ်းသော စကားကို ပြောဆိုခြင်းမှ ကြဉ်ရှောင်ငြားအံ့၊ ပြိန်ဖျင်းသော စကားကို ဆိုခြင်းမှ ကြဉ်ရှောင်ငြားအံ့၊ သူတပါး၏စည်းစိမ်ကို တပ်မက်သောအားဖြင့် မကြံစည်ငြားအံ့၊ သူတပါးကို ပျက်စီးစေလိုသောစိတ် မရှိငြားအံ့၊ ဖြောင့်မှန်သော အယူရှိငြားအံ့၊ ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောလားရာ နတ်ပြည်လောကသို့ ရောက်ရာပါ၏၊ ဤအရာ၌ အကျွန်ုပ်အား ဤသို့သော ထင်မြင်ချက် ရှိပါ၏၊ ဤသို့သာလျှင် အကျွန်ုပ်သည် ရဟန္တာတို့၏အထံမှ ဤစကားကို ကြားဘူးပါ၏ဟု (လျှောက်၏)။

မင်းကြီး ကောင်းစွ ကောင်းစွ၊ မင်းကြီး သင်၏ ဤသို့သော ထင်မြင်ချက်ကား ကောင်းလှပေ၏၊ ရဟန္တာတို့၏အထံမှ သင်ကြားရသော ဤစကားသည် ကောင်းလှပေ၏။ မင်းကြီး ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ ဤလောက၌ ပုဏ္ဏားသည်။ပ။ ဤလောက၌ ကုန်သည်သည်။ပ။ ဤလောက၌ သူဆင်းရဲသည် အသက်သတ်ခြင်းမှ ကြဉ်ရှောင်ငြားအံ့၊ မပေးသည်ကို ယူခြင်းမှ ကြဉ်ရှောင်ငြားအံ့။ပ။ ဖြောင့်မှန်သော အယူရှိငြားအံ့၊ ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသော လားရာ နတ်ပြည်လောကသို့ ရောက်ရာသလော၊ မရောက်ရာသလော၊ ဤအရာ၌ သင့်အား အဘယ်သို့သော ထင်မြင်ချက်ရှိသနည်း ဟု (မေး၏)။ အသျှင်ကစ္စာန် သူဆင်းရဲသည်လည်း အသက်သက်ခြင်းမှ ကြဉ်ရှောင်ငြားအံ့၊ မပေးသည်ကို ယူခြင်းမှ ကြဉ်ရှောင်ငြားအံ့။ပ။ ဖြောင့်မှန်သော အယူရှိငြားအံ့၊ ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသောလားရာ နတ်ပြည်လောကသို့ ရောက်ရာပါ၏၊ ဤအရာ၌ အကျွန်ုပ်အား ဤသို့သော ထင်ခြင်ချက်ရှိပါ၏၊ ဤသို့သာလျှင် အကျွန်ုပ်သည် ရဟန္တာတို့၏အထံမှ ဤစကားကို ကြားဘူးပါ၏ဟု (လျှောက်၏)။

မင်းကြီး ကောင်းစွ ကောင်းစွ၊ မင်းကြီး သင်၏ ဤသို့သော ထင်မြင်ချက်ကား ကောင်းလှပေ၏၊ ရဟန္တာတို့၏အထံမှ သင်ကြားရသော ဤစကားသည် ကောင်းလှပေ၏။ မင်းကြီး ထိုအရာကို

http://www.dhammadownload.com



အဘယ်သို့ မှတ်ထင်သနည်း၊ ဤသို့ဖြစ်သည်ရှိသော် ဤအမျိုးလေးပါးတို့သည် တူမျှကုန်သလော၊ မတူမျှကုန်သလော၊ ဤအရာ၌ သင့်အား အဘယ်သို့ ထင်မြင်ချက်ရှိပါသနည်းဟု (မေး၏)။ အသျှင်ကစ္စာန ဤသို့ ဖြစ်သည်ရှိသော် စင်စစ်အားဖြင့် ဤအမျိုးလေးပါးတို့သည် တူမျှပါကုန်၏၊ ဤအရာ၌ ဤအမျိုးလေးပါးတို့၏ ခြားနားမှု တစုံတခုကိုမျှ မမြင်ပါ ဟု (လျှောက်၏)။ မင်းကြီး "ပုဏ္ဏားမျိုးသည်သာ မြတ်၏၊တပါးသော အမျိုးသည် ယုတ်၏။ပ။ဗြဟ္မာ၏အမွေခံတို့ ဖြစ်ကုန်၏" ဟူသည် လောက၌ စကားသာလျှင် ဖြစ်ပုံအကြောင်းကို ဤဆိုခဲ့ပြီးသော နည်းဖြင့်လည်း သိသင့်၏။

၃၂၁။ မင်းကြီး ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ ဤလောက၌ မင်းမျိုးသည် အိမ်ခြံစပ်ကိုမူလည်း ဖြတ်ရာ၏၊ ပုန်းကွယ်၍မူလည်း ခိုးယူရာ၏၊ တအိမ်တည်းကို ဝိုင်းအုံခြံရံ၍ တိုက်ခိုက်လုယက်ရာ၏၊ ခရီးဆုံ၌မူလည်း လုယက်လျက် တည်ရာ၏၊ သူတပါး မယားကိုလည်း သွားလာရာ၏၊ ထိုသူ့ကို မင်းချင်းယောကျ်ားတို့သည် ဖမ်းယူ၍ "မင်းကြီး ဤသူသည် သင်မင်းကြီး၏ ခိုးသူပါတည်း၊မကောင်းမှုကို ပြုကျင့်သူပါတည်း၊ဤခိုးသူအား အလိုရှိရာ ဒဏ်ကို တပ်တော်မူပါလော့" ဟု ဆို၍ သင့်အား အကယ်၍ ပြကုန်ငြားအံ့၊ ထိုခိုးသူကို အဘယ်သို့ ပြုရာအံ့နည်း ဟု (မေး၏)။ အသျှင်ကစ္စာန သတ်မူလည်း သတ်ပါကုန်အံ့၊ ပစ္စည်းကိုမူလည်း သိမ်းပိုက်ပါကုန်အံ့၊ တိုင်းပြည်မှ နှင်ထုတ်မူလည်း နှင်ထုတ်ပါကုန်အံ့၊ အကြောင်းအားလျော်စွာ ပြုမူလည်း ပြုပါကုန်အံ့၊ ထိုသို့ပြုခြင်းသည် အဘယ်အကြောင်းကြောင့်နည်း၊ ကစ္စာန ထိုသူ၏ ရှေးက မင်းမျိုးဟူသော အမည် ကွယ်ပျောက်၍ ခိုးသူဟူသော အရေအတွက်သို့သာ ရောက်နေသောကြောင့်ပါတည်း ဟု (လျှောက်၏)။

မင်းကြီး ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ ဤလောက၌ ပုဏ္ဏားသည်။ပ။ဤလောက၌ ကုန်သည်သည်။ပ။ ဤလောက၌ သူဆင်းရဲသည်၊ပ။အိမ်ခြံစပ်ကိုလည်း ဖြတ်ငြားအံ့၊ ပုန်းကွယ်၍မူလည်း ခိုးယူငြားအံ့၊ တအိမ်တည်းကိုမူလည်း ဝိုင်းအုံခြံရံ၍ တိုက်ခိုက်လုယက်ငြားအံ့၊ ခရီးဆုံ၌မူလည်း လုယက်လျက်တည်ငြားအံ့၊ သူတပါးမယားကိုမူလည်း သွားလာငြားအံ့၊ ထိုသူ့ကို မင်းချင်းယောကျ်ားတို့သည် ဖမ်းယူကြကုန်၍ "မင်းကြီး ဤသူကား သင်မင်းကြီး၏ ခိုးသူပါတည်း၊ မကောင်းမှုကို ပြုကျင့်သူပါတည်း၊ ဤသူအား အလိုရှိရာ ဒဏ်ကို တပ်တော်မူပါလော့" ဟု ဆို၍ သင့်အား အကယ်၍ ပြကုန်ငြားအံ့၊ ထိုခိုးသူကို အဘယ်သို့ ပြုရာအံ့နည်း ဟု (မေး၏)။ အသျှင်ကစ္စာန သတ်မူလည်း သတ်ပါကုန်အံ့၊ ပစ္စည်းကိုမူလည်း သိမ်းပိုက်ပါကုန်အံ့၊ တိုင်းပြည်မှ နှင်ထုတ်မူလည်း နှင်ထုတ်ပါကုန်အံ့၊ အကြောင်းအားလျော်စွာ မူလည်း ပြုပါကုန်အံ့၊ ထိုသို့ ပြုလုပ်ခြင်းသည် အဘယ်အကြောင်းကြောင့်နည်း၊ကစ္စာန ထိုသူ၏ ရှေးက သူဆင်းရဲဟူသောအမည် ကွယ်ပျောက်၍ ခိုးသူဟူသော အရေအတွက်သို့သာ ရောက်နေသော ကြောင့်ပါတည်း ဟု (လျှောက်၏)။

မင်းကြီး ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ ဤသို့ ဖြစ်သည်ရှိသော် ဤအမျိုးလေးပါးတို့သည် တူမျှကုန်သလော၊ မတူမျှကုန်သလော၊ ဤအရာ၌ သင့်အား အဘယ်သို့သော ထင်မြင်ချက်ရှိပါသနည်း ဟု (မေး၏)။ အသျှင်ကစ္စာန ဤသို့ဖြစ်သည်ရှိသော် စင်စစ်အားဖြင့် ဤအမျိုးလေးပါးတို့သည် တူမျှပါကုန်၏၊ ဤအရာ၌ ထိုအမျိုးလေးပါးတို့၏ ခြားနားမှု တစုံတခုကိုမျှ မမြင်ပါ ဟု (လျှောက်၏)။ မင်းကြီး "ပုဏ္ဏားမျိုးသည်သာ မြတ်၏၊တပါးသောအမျိုးသည် ယုတ်၏။ပ။ဗြဟ္မာ၏အမွေခံ ဖြစ်ကုန်၏" ဟူသည် လောက၌ စကားသာလျှင် ဖြစ်ပုံအကြောင်းကို ဤဆိုခဲ့ပြီးသောနည်းဖြင့်လည်း သိသင့်၏၊

• မြန် ၂-၁၁-

http://www.dhammadownload.com



၃၂၂။ မင်းကြီး ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ဤလောက၌ မင်းမျိုးသည် ဆံမုတ်ဆိတ်ကို ရိတ်ပယ်၍ ဖန်ရန်ဆိုးသော အဝတ်တို့ကို ဝတ်ရုံပြီးလျှင် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရာ၏၊ ထိုသူသည် အသက်သတ်ခြင်းမှ ကြဉ်ရှောင်ရာ၏၊မပေးသည်ကို ယူခြင်းမှ ကြဉ်ရှောင်ရာ၏၊ မဟုတ်မမှန်ပြောဆိုခြင်းမှ ကြဉ်ရှောင်ရာ၏၊ ညဉ့်စာ စားခြင်းမှ ကြဉ်ရှောင်၍ တနပ်သာစားရာ၏၊ မြတ်သော အကျင့်ကို ကျင့်ရာ၏၊ သီလရှိရာ၏၊ ကောင်းမြတ်သော အကျင့်ရှိရာ၏၊ ထိုသူကို အသို့ပြုရာအံ့နည်း ဟု (မေး၏)။ အသျှင်ကစ္စာန ရှိခိုးမှုလည်း ရှိခိုးပါကုန်အံ့၊ ခရီးဦးမှုလည်း ကြိုဆိုပါကုန်အံ့၊ နေရာဖြင့်မှုလည်း ဖိတ်မန်ပါကုန်အံ့၊ ထိုရဟန်းကို သင်္ကန်း ဆွမ်း ကျောင်း အိပ်ရာ နေရာ သူနာ၏ အထောက်အပံ့ အသက်၏ အရံအတားဖြစ်သော ဆေးပစ္စည်းတို့ဖြင့်လည်း ဖိတ်မန်ပါကုန်အံ့၊ ထိုရဟန်းအား တရားနှင့်လျော်သော စောင့်ရှောက်ခြင်း တားဆီးခြင်း လုံခြုံခြင်းကိုလည်း စီရင်ပါကုန်အံ့၊ ထိုသို့ပြုလုပ်ရခြင်းသည် အဘယ်ကြောင့်နည်း၊ ကစ္စာန ထိုသူ၏ ရှေးက မင်းမျိုး ဟူသော အမည်သည် ကွယ်ပျောက်၍ ရဟန်းဟူသော အရေအတွက်သို့သာ ရောက်နေသော ကြောင့်ပါတည်း ဟု (လျှောက်၏)။

မင်းကြီး ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ဤလောက၌ ပုဏ္ဏားသည်။ပ။ဤလောက၌ ကုန်သည်သည်။ပ။ ဤလောက၌ သူဆင်းရဲသည် ဆံမုတ်ဆိတ်ကို ရိတ်ပယ်၍ ဖန်ရည်ဆိုးသော အဝတ်တို့ကို ဝတ်ရုံပြီးလျှင် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရာ၏၊ထိုသူသည် အသက်သတ်ခြင်းမှ ကြဉ်ရှောင်ရာ၏၊ မပေးသည်ကို ယူခြင်းမှ ကြဉ်ရှောင်ရာ၏၊ မဟုတ်မမှန်ပြောဆိုခြင်းမှ ကြဉ်ရှောင်ရာ၏၊ ညဉ့်စာ စားခြင်းမှ ကြဉ်ရှောင်၍ တနပ်သာ စားရာ၏၊ မြတ်သောအကျင့်ကို ကျင့်ရာ၏၊ သီလရှိရာ၏၊ ကောင်းမြတ်သော အကျင့်ရှိရာ၏၊ ထိုသူကို အသို့ပြုရာအံ့နည်း ဟု (မေး၏)။ အိုကစ္စာန အကျွန်ုပ်တို့သည် ရှိခိုးမှုလည်း ရှိခိုးပါကုန်အံ့၊ ခရီးဦးမှုလည်း ကြိုဆိုပါကုန်အံ့၊ နေရာဖြင့်မှုလည်း ဖိတ်မန်ပါကုန်အံ့၊ ထိုရဟန်းကို သင်္ကန်း ဆွမ်း ကျောင်း အိပ်ရာ နေရာ သူနာ၏အထောက်အပံ့ အသက်၏ အရံအတား ဖြစ်သော ဆေး ပစ္စည်းတို့ဖြင့်မှုလည်း ဖိတ်မန်ပါကုန်အံ့၊ ထိုရဟန်းအား တရားနှင့် လျော်သော စောင့်ရှောက်ခြင်း တားဆီးခြင်း လုံခြုံခြင်းကိုမှုလည်း စီရင်ပါကုန်အံ့၊ ထိုသို့စီရင်ရခြင်းသည် အဘယ့်ကြောင့်နည်း၊ အိုကစ္စာန ထိုသူ၏ ရှေးက သူဆင်းရဲဟူသော အမည် ကွယ်ပျောက်၍ ရဟန်းဟူသော အရေအတွက်သို့သာ ရောက်နေသောကြောင့်ပါတည်း ဟု (လျှောက်၏)။

မင်းကြီး ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ ဤသို့ဖြစ်သည်ရှိသော် ဤအမျိုးလေးပါးတို့သည် တူမျှကုန်သလော၊ မတူမျှကုန်သလော၊ဤအရာ၌ သင့်အား အဘယ်သို့သော ထင်မြင်ချက် ရှိပါသနည်း ဟု (မေး၏)။ အိုကစ္စာန ဤသို့ ဖြစ်သည်ရှိသော် စင်စစ်အားဖြင့် ဤအမျိုးလေးပါးတို့သည် တူမျှပါကုန်၏၊ ဤအရာ၌ ဤအမျိုးလေးပါးတို့၏ ခြားနားမှု တစုံတခုကိုမျှ မမြင်ပါ ဟု (လျှောက်၏)။ မင်းကြီး "ပုဏ္ဏားမျိုးသည်သာ မြတ်၏၊ တပါးသော အမျိုးသည် ယုတ်၏၊ ပုဏ္ဏားမျိုးသည်သာလျှင် ဖြူစင်၏၊ တပါးသော အမျိုးသည် မည်းညစ်၏၊ ပုဏ္ဏားတို့သည်သာ စင်ကြယ်ကုန်၏၊ ပုဏ္ဏားမဟုတ်သူတို့သည် မစင်ကြယ်ကုန်၊ ပုဏ္ဏားတို့သည်သာလျှင် ဗြဟ္မာ၏ သားရင်းတို့ ဖြစ်ကုန်၏၊ ခံတွင်းမှ ပေါက်ဖွားလာကုန်၏၊ ဗြဟ္မာဖန်ဆင်းထားသူများ ဖြစ်ကုန်၏၊ ဗြဟ္မာ၏ အမွေခံတို့ ဖြစ်ကုန်၏" ဟူသည် လောက၌ စကားမျှသာ ဖြစ်ပုံ အကြောင်းကို ဤဆိုသော နည်းဖြင့်လည်း သိသင့်၏ ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



၃၂၃။ ဤသို့ မိန့်တော်မူသော် အဝန္တိမင်း၏ မြေးဖြစ်သော မဓုရာဇ်မင်းသည် အသျှင်မဟာကစ္စာနအား ဤစကားကို လျှောက်၏ "အသျှင်ကစ္စာန (တရားတော်သည်) အလွန်နှစ်သက်ဖွယ်ရှိပါပေ၏၊ အသျှင်ကစ္စာန (တရားတော်သည်) အလွန်နှစ်သက်ဖွယ်ရှိပါပေ၏၊ အသျှင်ကစ္စာန ဥပမာသော်ကား မှောက်ထားသည်ကို လှန်ဘိသကဲ့သို့၎င်း ဖုံးလွှမ်းထားသည်ကို ဖွင့်လှစ်ဘိသကဲ့သို့၎င်း မျက်စိလည်သောသူအား လမ်းမှန်ကို ပြောကြားဘိသကဲ့သို့၎င်း "မျက်စိအမြင်ရှိသောသူတို့သည် အဆင်းတို့ကို မြင်ကြလိမ့်မည်"ဟု အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ဆောင်ပြဘိသကဲ့သို့၎င်း အသျှင်ကစ္စာန ဤအတူသာလျှင် အသျှင်ကစ္စာနသည် များစွာသော အကြောင်းဖြင့် တရားတော်ကို ပြတော်မူပါပေ၏၊ အသျှင်ကစ္စာန အကျွန်ုပ်သည် အသျှင်ကစ္စာနကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သံဃာတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ အသျှင်ကစ္စာနသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်သော ဥပါသကာဟု မှတ်တော်မူပါ"ဟု (လျှောက်၏)။ မင်းကြီး သင်သည် ငါ့ကို ကိုးကွယ်ရာဟူ၍ မဆည်းကပ်လေလင့်၊ ကိုးကွယ်ရာဟူ၍ ငါဆည်းကပ်သော မြတ်စွာဘုရားကိုသာ ကိုးကွယ်ရာဟူ၍ သင်ဆည်းကပ်လေလော့ ဟု (ဆို၏)။ အသျှင်ကစ္စာန ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် ယခုအခါ အဘယ်အရပ်၌ သီတင်းသုံး နေတော်မူပါသနည်းဟု (လျှောက်၏)။ မင်းကြီး ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် ယခုအခါ ပရိနိဗ္ဗာန် စံတော်မူလေပြီ ဟု (မိန့်ဆို၏)။

အသျှင်ကစ္စာန မြတ်စွာဘုရားကို ဆယ်ယူဇနာတို့၌ ရှိ၏ဟူ၍ အကျွန်ုပ်တို့ ကြားကုန်ငြားအံ့၊ အကျွန်ုပ်တို့သည် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာသိတော်မူသော ထိုမြတ်စွာဘုရားကို ဖူးမြော်ရန် ဆယ်ယူဇနာတို့ကိုသော်လည်း သွားကြပါကုန်အံ့၊ အသျှင်ကစ္စာန မြတ်စွာဘုရားကို ယူဇနာ နှစ်ဆယ်တို့၌ ရှိ၏ဟူ၍ အကျွန်ုပ်တို့ ကြားကုန်ငြားအံ့၊ ယူဇနာ သုံးဆယ်တို့၌။ပ။ ယူဇနာလေးဆယ်တို့၌။ပ။ မြတ်စွာဘုရားကို ယူဇနာငါးဆယ်တို့၌ ရှိ၏ဟူ၍ အကျွန်ုပ်တို့ ကြားကုန်ငြားအံ့၊ အကျွန်ုပ်တို့သည် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားကို ဖူးမြော်ရန် ယူဇနာငါးဆယ်တို့ကိုလည်း သွားကြပါကုန်အံ့။ အသျှင်ကစ္စာန မြတ်စွာဘုရားကို ယူဇနာတရာ၌ ရှိ၏ဟူ၍ အကျွန်ုပ်တို့ ကြားကုန်ငြားအံ့၊ အကျွန်ုပ်တို့သည် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားကို ဖူးမြော်ရန် ယူဇနာတရာတို့ကိုသော်လည်း သွားကြပါကုန်အံ့။ အသျှင်ကစ္စာန ထိုမြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံတော်မူပြီဖြစ်သောကြောင့် ပရိနိဗ္ဗာန် စံတော်မူပြီးသော မြတ်စွာဘုရားကိုလည်း အကျွန်ုပ်တို့သည် ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါကုန်၏။ တရားတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါကုန်၏၊ သံဃာတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါကုန်၏၊ အသျှင်ကစ္စာနသည် အကျွန်ုပ်ကို အသက်ရှည်သမျှ ကာလပတ်လုံး ကိုးကွယ်ရာဟူ၍ ဆည်းကပ်တတ်သော ဥပါသကာ ဟူ၍ မှတ်တော်မူပါလော့ ဟု (လျှောက်၏)။

လေးခုမြောက် မဓုရသုတ် ပြီး၏။

http://www.dhammadownload.com



## ၅-ဗောဓိရာဇကုမာရသုတ်

၃၂၄။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် ဘဂ္ဂတိုင်း သုသုမာရဂိရမြို့ဝယ် သားသမင်တို့အား ဘေးမဲ့ပေးရာဖြစ်သော ပဓဝင်ငုံတော၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ ဗောဓိမင်းသား၏ ကောကနဒမည်သော ပြာသာဒ်သည် မကြာမီက ဆောက်လုပ်၍ ပြီး၏၊ ရဟန်း ပုဏ္ဏားနှင့် လူတစုံတယောက်မျှ မနေဘူးသေးချေ။ ထိုအခါ ဗောဓိမင်းသားသည် သဉ္စိကာပုတ္တလုလင်ကို (ဤသို့) ပြောဆို၏—"အချင်းသဉ္စိကာပုတ္တ လာလော့၊ သင်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ငါ့စကားဖြင့် မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးတိုက်လော့၊ အနာကင်းကြောင်း ရောဂါကင်းကြောင်း ကျန်းမာကြောင်း သန်စွမ်းကြောင်း ချမ်းသာစွာ နေရကြောင်းများကို မေးလျှောက်လေလော့—'အသျှင်ဘုရား ဗောဓိမင်းသားသည် အသျှင်ဘုရား၏ ခြေတော်တို့ကို ဦးတိုက်ပါ၏၊ အနာကင်းကြောင်း ရောဂါကင်းကြောင်း ကျန်းမာကြောင်း သန်စွမ်းကြောင်း ချမ်းသာစွာ နေရကြောင်းများကို မေးလိုက်ပါ၏'ဟု(လျှောက်လေလော့)။ (ထို့ပြင်) အသျှင်ဘုရား မြတ်စွာဘုရားသည် နက်ဖြန်အဖို့ ဗောဓိမင်းသား၏ ဆွမ်းကို ရဟန်းသံဃာနှင့်အတူ လက်ခံတော်မူပါဟူ၍လည်း လျှောက်လေလော့"ဟု (ပြောဆို၏)။ "အရှင်မင်းသား ကောင်းပါပြီ"ဟု သဉ္စိကာပုတ္တလုလင်သည် ဗောဓိမင်းသားအား ဝန်ခံပြီးလျှင် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးနောက် မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆိုပြီးဆုံးစေ၍ တခုသောနေရာ၌ ထိုင်နေကာ "ဗောဓိမင်းသားသည် အသျှင်ဂေါတမ၏ ခြေတော်တို့ကို ဦးတိုက်ပါ၏၊အနာကင်းကြောင်း ရောဂါကင်းကြောင်း ကျန်းမာကြောင်း သန်စွမ်းကြောင်း ချမ်းသာစွာနေရကြောင်းများကို မေးလိုက်ပါ၏၊ 'အသျှင်ဘုရား (ထို့ပြင်) အသျှင်ဂေါတမသည် နက်ဖြန်အဖို့ ဗောဓိမင်းသား၏ ဆွမ်းကို ရဟန်းသံဃာနှင့်အတူ လက်ခံတော်မူပါ'ဟူ၍လည်း လျှောက်လိုက်ပါ၏"ဟု လျှောက်၏။ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူ၏။

ထို့နောက် သဉ္စိကာပုတ္တလုလင်သည် မြတ်စွာဘုရား၏ လက်ခံတော်မူခြင်းကို သိ၍ နေရာမှ ထကာ မြတ်စွာဘုရားကို ရှိခိုးလျက် အရိုအသေပြုပြီးလျှင် ဗောဓိမင်းသားထံသို့ ချဉ်းကပ်၍ ဗောဓိမင်းသားအား "အရှင် အကျွန်ုပ်တို့သည် အရှင်မင်းသား၏ စကားဖြင့် ထိုအသျှင်ဂေါတမကို ဗောဓိမင်းသားသည် အသျှင်ဂေါတမ၏ ခြေတော်တို့ကို ဦးတိုက်ပါ၏၊ အနာကင်းကြောင်း ရောဂါကင်းကြောင်း ကျန်းမာကြောင်း သန်စွမ်းကြောင်း ချမ်းသာစွာနေရကြောင်း များကို မေးလိုက်ပါသည်၊(ထို့ပြင်) 'အသျှင်ဂေါတမသည် နက်ဖြန်အလို့ငှါ ဗောဓိမင်းသား၏ ဆွမ်းကို ရဟန်းသံဃာနှင့်အတူ လက်ခံတော်မူပါ' ဟူ၍ လည်း လျှောက်လိုက်ပါ၏ဟု (ဤသို့)လျှောက်ခဲ့ပါကုန်ပြီ၊ ရဟန်းဂေါတမကလည်း လက်ခံလိုက်ပါ၏"ဟုဆို၏။

၃၂၅။ ထိုအခါ ဗောဓိမင်းသားသည် ထိုညဉ့်လွန်မြောက်ပြီးနောက် မိမိနန်းတော်၌ မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ကို စီရင်ပြီးလျှင် ကောကနဒပြာသာဒ်ကိုလည်း နောက်ဆုံး လှေခါးထစ်တိုင်အောင် ပုဆိုးဖြူတို့ဖြင့် ခင်းစေပြီးလျှင် သဉ္စိကာပုတ္တလုလင်ကို(ဤသို့)ပြောဆို၏—"အချင်းသဉ္စိကာပုတ္တ လာလော့၊ သင်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် 'အသျှင်ဂေါတမ အချိန်တန်ပါပြီ၊ ဆွမ်းပြင်ပြီးပါပြီ'ဟု မြတ်စွာဘုရားအား အချိန်(တန်ကြောင်း)ကိုလျှောက်လေလော့"ဟု

http://www.dhammadownload.com



(မိန့်ဆို၏)။ "အသျှင် ကောင်းပါပြီ"ဟု သဉ္စိကာပုတ္တလုလင်သည် ဗောဓိမင်းသားအား ဝန်ခံပြီးလျှင် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ "အသျှင်ဂေါတမ အချိန်တန်ပါပြီ၊ ဆွမ်းပြင်ပြီးပါပြီ"ဟု မြတ်စွာဘုရားအား အချိန် (တန်ကြောင်း)ကို လျှောက်၏။ ထိုအခါ မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်တော်မူ၍ သပိတ်သင်္ကန်းကို ယူလျက် ဗောဓိမင်းသား၏ အိမ်သို့ ချဉ်းကပ်တော်မူ၏။

ထိုအခါ ဗောဓိမင်းသားသည် မြတ်စွာဘုရားကို ငံ့လင့်လျက် အပြင်တံခါးမုတ်၌ ရပ်နေ၏။ ဗောဓိမင်းသားသည် အဝေးမှကြွလာသော မြတ်စွာဘုရားကို မြင်၍ ခရီးဦးကြိုဆိုကာ မြတ်စွာဘုရားကို ရှိခိုးလျက် ရှေ့သွားပြု၍ ကောကနဒပြာသာဒ်သို့ ချဉ်းကပ်၏၊ ထိုအခါ မြတ်စွာဘုရားသည် နောက်ဆုံးလှေခါးထစ်ကို ကပ်၍ ရပ်တော်မူ၏။

ထိုအခါ ဗောဓိမင်းသားသည် မြတ်စွာဘုရားအား—"အသျှင်ဘုရား ဘုန်းကြီးတော်မူသော မြတ်စွာဘုရားသည် ပုဆိုးတို့ကို နင်းတော်မူပါ၊လာခြင်းကောင်းတော်မူသော မြတ်စွာဘုရားသည် ပုဆိုးတို့ကို နင်းတော်မူပါ၊ယင်းသို့နင်းခြင်းသည် အကျွန်ုပ်အား ရှည်မြင့်စွာသောကာလပတ်လုံး စီးပွါးဖြစ်ရန် ချမ်းသာရန် ဖြစ်ရပါ၏ဟု (လျှောက်၏)။ဤသို့လျှောက်သော် မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေတော်မူ၏။ နှစ်ကြိမ်မြောက်လည်း။ပ။ သုံးကြိမ်မြောက်လည်း ဗောဓိမင်းသားသည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်၏—"အသျှင်ဘုရား ဘုန်းကြီးတော်မူသော မြတ်စွာဘုရားသည် ပုဆိုးတို့ကို နင်းတော်မူပါ၊ လာခြင်းကောင်းတော်မူသော မြတ်စွာဘုရားသည် ပုဆိုးတို့ကို နင်းတော်မူပါ၊ ယင်းသို့ နင်းခြင်းသည် အကျွန်ုပ်အား ရှည်မြင့်စွာသော ကာလပတ်လုံး စီးပွါးဖြစ်ရန် ချမ်းသာရန် ဖြစ်ရပါ၏"ဟု လျှောက်၏။

၃၂၆။ ထိုအခါ မြတ်စွာဘုရားသည် အသျှင်အာနန္ဒာကို လှည့်ကြည့်တော်မူ၏။ ထိုအခါ အသျှင်အာနန္ဒာသည် ဗောဓိမင်းသားကို "မင်းသား ပုဆိုးတို့ကို ရုပ်သိမ်းလော့၊ မြတ်စွာဘုရားသည် ပုဆိုးဖြူအခင်းကို နင်းတော်မူမည်မဟုတ်၊ နောင်လာနောက်သား ရဟန်းအများကို မြတ်စွာဘုရားသည် အစဉ်စောင့်ရှောက်တော်မူ၏"ဟု မိန့်ဆို၏။ ထိုအခါ ဗောဓိမင်းသားသည် ပုဆိုးတို့ကို ရုပ်သိမ်းစေပြီးလျှင် ကောကနဒပြာသာဒ်ထက်၌ နေရာကို ခင်းစေ၏၊ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းသံဃာနှင့်အတူ ကောကနဒပြာသာဒ်သို့ တက်တော်မူပြီးလျှင် ခင်းထားသော နေရာ၌ ထိုင်တော်မူ၏။ ထိုအခါ ဗောဓိမင်းသားသည် မြတ်စွာဘုရား အမှူးရှိသော ရဟန်းသံဃာကို မွန်မြတ်သော ခဲဖွယ် ဘောဇဉ်ဖြင့် ရောင့်ရဲသည့်တိုင်အောင် တားမြစ်သည့်တိုင်အောင် မိမိကိုယ်တိုင် လုပ်ကျွေး၏။ မြတ်စွာဘုရားသည် ဆွမ်းစားပြီး၍ သပိတ်မှလက်ကို ဖယ်ပြီးသောအခါ ဗောဓိမင်းသားသည် နိမ့်သော ထိုင်စရာတခုကို ယူ၍ သင့်လျော်ရာ၌ ထိုင်၏၊ သင့်လျော်ရာ၌ထိုင်နေသော ဗောဓိမင်းသားသည် မြတ်စွာဘုရားအား "အသျှင်ဘုရား အကျွန်ုပ်အား ချမ်းသာနှင့်ရင်းနှီးသဖြင့် ချမ်းသာကို မရနိုင်၊ ဆင်းရဲဒုက္ခနှင့် ရင်းနှီးမှ ချမ်းသာသုခကို ရနိုင်၏ဟု ဤသို့သော အကြံဖြစ်ပါသည်"ဟူ၍ လျှောက်၏။

၃၂၇။ မင်းသား ငါ့အားလည်း ဘုရားမဖြစ်မီ သစ္စာလေးပါးကို ထိုးထွင်း၍ မသိသေးသော ဘုရားလောင်းမျှသာဖြစ်နေစဉ်က "ချမ်းသာနှင့်ရင်းနှီးသဖြင့် ချမ်းသာကို မရနိုင်၊ ဆင်းရဲဒုက္ခနှင့် ရင်းနှီးမှ ချမ်းသာသုခကို ရနိုင်၏"ဟု ဤသို့သော အကြံ ဖြစ်ဘူးပြီ။ မင်းသား နောက်အခါ၌

http://www.dhammadownload.com



ပျိုမြစ်သည်သာဖြစ်၍ ကောင်းစွာနက်သော ဆံပင်ရှိသော ကောင်းသောအရွယ်ဖြစ်သော ပဌမအရွယ်နှင့်ပြည့်စုံသော ထိုငါသည် အမိအဖများ မလိုလားသဖြင့် မျက်ရည်စက်လက် ငိုကြွေးကုန်စဉ် ဆံမုတ်ဆိတ်ကို ပယ်၍ ဖန်ရည်ဆိုးသော အဝတ်တို့ကို ဝတ်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၏၊ ထိုငါသည် ဤသို့ရဟန်းပြုလျက် အဘယ်အရာသည် အကောင်းဆုံးနည်းဟု ရှာဖွေရင်း အဘယ်အရာသည်(အတုမရှိ)မြတ်သော ငြိမ်းအေးရာ နိဗ္ဗာန်နည်းဟု ရှာဖွေရင်း ကာလာမအနွယ် အာဠာရထံသို့ ချဉ်းကပ်မိပြီ၊ ချဉ်းကပ်ပြီးနောက် ကာလာမအနွယ် အာဠာရကို "ငါ့သျှင် ကာလာမ ငါသည် ဤသာသနာ၌ မြတ်သောအကျင့်ကို ကျင့်လို၏"ဟု ဤစကားကို ပြောဆို၏။ မင်းသား ဤသို့ ပြောဆိုသော် ကာလာမအနွယ်အာဠာရသည် ငါ့ကို"အသျှင် နေပါလော့၊ဤတရားကား ပညာရှိယောကျ်ားသည် မကြာမီပင် မိမိ၏ဆရာအယူကို ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုကာ ပြည့်စုံစေ၍ နေနိုင်ရာသော သဘောရှိပါ၏"ဟု ဤစကားကို ပြောဆို၏။

မင်းသား ထိုငါသည် မကြာမီပင် လျင်မြန်စွာသာလျှင် ထိုတရားကို သင်ယူ၏၊ ထိုငါသည် ထိုမျှလောက် နှုတ်ခမ်းလှုပ်ရုံမျှ ဆိုပြသည်ကို ,လိုက်ဆိုရုံမျှဖြင့်သာလျှင် သိပြီဟူသောစကားကိုငှင်း ခိုင်မြဲပြီဟူသော စကားကိုငှင်း ပြောဆိုနိုင်၏၊ "သိ၏၊ မြင်၏"ဟူ၍ ငါလည်း ဝန်ခံ၏၊ သူတပါးတို့က လည်း ပြောဆို (ကြကုန်)၏။ မင်းသား ထိုငါ့အား ဤအကြံသည်ဖြစ်၏—"ကာလာမအနွယ် အာဠာရသည် ဤတရားကို 'ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုကာ ပြည့်စုံစေ၍ နေရာ'၏ ဟု သက်သက်ယုံကြည်ချက်မျှဖြင့် ပြောကြားသည်မဟုတ်၊ စင်စစ် ကာလာမအနွယ် အာဠာရသည် ဤတရားကို သိလျက် မြင်လျက် နေ၏"ဟု (အကြံဖြစ်၏)။

မင်းသား ထိုအခါ ငါသည် ကာလာမအနွယ် အာဠာရထံသို့ ချဉ်းကပ်ပြီး၍ ကာလာမအနွယ် အာဠာရကို "ငါ့သျှင်ကာလာမ အဘယ်မျှလောက်ဖြင့် ဤတရားကို ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုကာ ပြည့်စုံစေ၍ နေ၏ဟု ပြောကြားသနည်း"ဟု ပြောဆို၏၊ မင်းသား ဤသို့ ပြောဆိုသော် ကာလာမအနွယ် အာဠာရသည် အာကိဉ္စညာယတနစျာန်သမာပတ်ကို ပြောကြား၏။ မင်းသား ထိုငါ့အား ဤသို့အကြံဖြစ်၏ "ကာလာမအနွယ်အာဠာရအားသာလျှင် ယုံကြည်ခြင်း 'သဒ္ဓါ'ရှိသည် မဟုတ်၊ ငါ့အားလည်း ယုံကြည်ခြင်း'သဒ္ဓါ'ရှိ၏၊ ကာလာမအနွယ် အာဠာရအား သာလျှင် လုံ့လဝီရိယရှိသည်မဟုတ်။ ငါ့အားလည်း လုံ့လဝီရိယရှိ၏။ပ။ သတိ။ပ။ သမာဓိ။ပ။ ငါ့အားလည်း ပညာရှိ၏၊ ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုကာ ပြည့်စုံစေ၍ နေ၏ဟု အာဠာရပြောကြားသော တရားကို မျက်မှောက်ပြုရန် ငါ အားထုတ်ရမူ ကောင်းပေမည်"ဟူ၍ (အကြံဖြစ်၏)။ မင်းသား ထိုငါသည် မကြာမီပင် လျင်မြန်စွာသာလျှင် ထိုတရားကို ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုကာ ပြည့်စုံစေ၍ နေ၏။မင်းသား ထိုအခါ ငါသည် ကာလာမ အနွယ် အာဠာရထံသို့ချဉ်းကပ်၍ ကာလာမအနွယ် အာဠာရအား "ငါ့သျှင်ကာလာမ ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုကာ ပြည့်စုံစေ၍ နေ၏ဟု ပြောကြားသော ဤတရားကား ဤမျှသာလော"ဟု ပြောဆို၏။ ငါ့သျှင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုကာ ပြည့်စုံစေ၍ ငါပြောကြားသော တရားကား ဤမျှသာတည်းဟု (ဆို၏)။ ငါ့သျှင် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုကာ ပြည့်စုံစေ၍ ငါနေသောတရားလည်း ဤမျှသာတည်းဟု(ပြောဆို၏)။

ငါ့သျှင် သင်ကဲ့သို့သော သီတင်းသုံးဖော်အသျှင်ကို ငါတို့ တွေ့မြင်ကြရခြင်းသည် ငါတို့အား အရတော်လေစွ၊ငါတို့သည် ကောင်းစွာရအပ်လေစွ၊ ဤသို့ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုကာ ပြည့်စုံစေ၍ ငါပြောကြားသော တရားကို ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြုကာ

http://www.dhammadownload.com



ပြည့်စုံစေ၍ သင်နေ၏၊ ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြုကာ ပြည့်စုံစေ၍ သင်နေသော တရားကို ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြုကာ ပြည့်စုံစေ၍ ငါပြောကြား၏။ ဤသို့ ငါသိသောတရားကို သင်သိ၏၊ သင်သိသောတရားကို ငါသိ၏။ ဤသို့လျှင် ငါကဲ့သို့ပင် သင်လည်း ဖြစ်၏၊ သင်ကဲ့သို့ပင် ငါလည်း ဖြစ်၏။ ငါ့သျှင် လာလော့၊ ယခုအခါ သူတော်ကောင်း(ဖြစ်သော ငါတို့) နှစ်ဦးစလုံးပင် ဤဂိုဏ်းကို (ရှေ့)ဆောင်ကြကုန်အံ့ဟု (ပြောဆို၏)။ မင်းသား ဤသို့လျှင် ကာလာမအနွယ်အာဠာရသည် ငါ၏ဆရာဖြစ်လျက် မိမိ၏တပည့်ဖြစ်သော ငါ့ကို မိမိနှင့် အညီအမျှ ထား၏၊ ငါ့ကို မွန်မြတ်သော ပူဇော်ခြင်းဖြင့်လည်း ပူဇော်၏၊ မင်းသား ထိုငါ့အား ဤသို့သော အကြံဖြစ်၏ “ဤတရားသည် ငြီးငွေ့ခြင်းငှါ မဖြစ်၊ တပ်မက်မှုကင်းခြင်းငှါ မဖြစ်၊ချုပ်ခြင်းငှါ မဖြစ်၊ ငြိမ်းအေးခြင်းငှါ မဖြစ်၊ ထူးသောဉာဏ်ဖြင့် သိခြင်းငှါမဖြစ်၊ ကောင်းစွာသိခြင်းအကျိုးငှါ မဖြစ်၊ နိဗ္ဗာန်အကျိုးငှါ မဖြစ်၊ အာကိဉ္စညာယတနဘုံ၌ဖြစ်ရုံမျှ အကျိုးငှါသာလျှင် ဖြစ်၏”ဟု (အကြံ ဖြစ်၏)။ မင်းသား ထိုငါသည် ထိုတရားကို တန်ဆာမဆင်ပဲ ထိုတရားမှ ငြီးငွေ့၍ ဖဲခွါခဲ့၏။

၃၂၈။ မင်းသား ထိုငါသည် အဘယ်အရာသည်·အကောင်းဆုံးနည်းဟု ရှာဖွေရင်း အဘယ် အရာသည် အဘုမရှိ မြတ်သော ငြိမ်းအေးရာ နိဗ္ဗာန်နည်းဟု ရှာဖွေရင်း ရာမ၏သား ဥဒကထံသို့ ချဉ်းကပ်မိပြီ၊ ချဉ်းကပ်ပြီးနောက် ရာမ၏သား ဥဒကကို “ငါ့သျှင် ငါသည် ဤသာသနာ၌·မြတ်သော အကျင့်ကို ကျင့်လို၏” ဟု ဤစကားကို ပြောဆို၏။ မင်းသား ဤသို့ပြောဆိုသော် ရာမ၏သား ဥဒကသည် ငါ့ကို “အသျှင် နေပါလော့၊ ဤတရားကား ပညာရှိယောကျ်ားသည် မကြာမီပင် မိမိ၏ ဆရာအယူကို ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုကာ ပြည့်စုံစေ၍ နေနိုင်ရာသော သဘောရှိပါ၏”ဟု ဤစကားကို ပြောဆို၏။မင်းသား ထိုငါသည် မကြာမီပင် လျင်မြန်စွာသာလျှင် ထိုတရားကို သင်ယူ၏၊ မင်းသား ထိုငါသည် ထိုမျှလောက် နှုတ်ခမ်းလှုပ်ရုံမျှ ဆိုပြသည်ကို လိုက်ဆို ရုံမျှဖြင့်သာလျှင် သိပြီဟူသော စကားကိုရင်း ခိုင်မြဲပြီဟူသော စကားကိုရင်း ပြောဆိုနိုင်၏“သိ၏၊ မြင်၏”ဟူ၍ ငါလည်း ဝန်ခံ၏၊ သူတပါးတို့ကလည်း ပြောဆိုကြကုန်၏။ မင်းသား ထိုငါ့အား ဤအကြံသည် ဖြစ်၏ “ရာမသည် ဤတရားကို ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုကာ ပြည့်စုံစေ၍ နေရာ၏ဟု သက်သက်ယုံကြည်ချက်မျှဖြင့် ဟောကြားသည်မဟုတ်၊ စင်စစ် ရာမသည် ဤတရားကို သိလျက် မြင်လျက် နေ၏” ဟု အကြံဖြစ်၏။

မင်းသား ထိုအခါ ငါသည် ရာမ၏သား ဥဒကထံသို့ ချဉ်းကပ်၍ ရာမ၏သား ဥဒကကို “ငါ့သျှင်ရာမ အဘယ်မျှလောက်ဖြင့် ဤတရားကို ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုကာ ပြည့်စုံစေ၍ နေ၏ဟု ပြောကြားသနည်း”ဟု ဤစကားကို ပြောဆို၏။မင်းသား ဤသို့ပြောဆိုသော် ရာမ၏သား ဥဒကသည် နေဝသညာနာသညာယတနသမာပတ်ကို ပြောကြား၏၊မင်းသား ထိုငါ့အား ဤသို့သော အကြံသည် ဖြစ်၏“ရာမအားသာလျှင် ယုံကြည်ခြင်း‘သဒ္ဓါ’ရှိသည် မဟုတ်၊ငါ့အားလည်း ယုံကြည်ခြင်း‘သဒ္ဓါ’ရှိ၏။ရာမအားသာလျှင် လုံ့လ‘ဝီရိယ’ရှိသည် မဟုတ်၊ငါ့အားလည်း လုံ့လ‘ဝီရိယ’ ရှိ၏၊ရာမအားသာလျှင် အောက်မေ့ခြင်း‘သတိ’ရှိသည် မဟုတ်၊ငါ့အားလည်း အောက်မေ့ခြင်း‘သတိ’ ရှိ၏။ ရာမအားသာလျှင် တည်တံ့ခြင်း‘သမာဓိ’ရှိသည် မဟုတ်၊ ငါ့အားလည်း တည်တံ့ခြင်း‘သမာဓိ’ ရှိ၏။ရာမအားသာလျှင် အသိဉာဏ်ရှိသည်မဟုတ်၊ငါ့အားလည်း အသိဉာဏ်ရှိ၏။ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြုကာ ပြည့်စုံစေ၍ နေ၏ ဟု ရာမပြောကြားသော တရားကို မျက်မှောက် ပြုခြင်းငှါ ငါအားထုတ်ရမူ ကောင်းပေမည်”ဟု (အကြံဖြစ်၏)။ မင်းသား ထိုငါသည် မကြာမီပင်

http://www.dhammadownload.com



လျှင်မြန်စွာသာလျှင် ထိုတရားကို ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုကာ ပြည့်စုံစေ၍ နေ၏။

မင်းသား ထိုအခါ ငါသည် ရာမ၏သား ဥဒကထံသို့ ချဉ်းကပ်၍ ရာမ၏သား ဥဒကအား ဤစကားကို ပြောဆို၏ "ငါ့သျှင်ရာမ ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုကာ ပြည့်စုံစေ၍ ပြောကြားသော ဤတရားကား ဤမျှသာလော" ဟု(ပြောဆို၏)။ ငါ့သျှင် ကိုယ်တိုင် ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြုကာ ပြည့်စုံစေ၍ ငါပြောကြားသော တရားကား ဤမျှသာတည်းဟု (ဆို၏)။ ငါ့သျှင် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုကာ ပြည့်စုံစေ၍ ငါနေသော တရားလည်း ဤမျှသာတည်းဟု(ပြောဆို၏)။ငါ့သျှင် သင်ကဲ့သို့သော သီတင်းသုံးဖော် အသျှင်ကို ငါတို့ တွေ့မြင်ကြရခြင်းသည် ငါတို့မှာ အရတော်လေစွ၊ ငါတို့မှာ အလွန်အရတော်လေစွ၊ ဤသို့ ကိုယ်တိုင် ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြုကာ ပြည့်စုံစေ၍ ငါပြောကြားသော တရားကို ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုကာ ပြည့်စုံစေ၍ သင်နေ၏၊ ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုကာ ပြည့်စုံစေ၍ သင်နေသော တရားကို ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြုကာ ပြည့်စုံစေ၍ (ငါ) ပြောကြား၏။ ဤသို့ ငါသိသောတရားကို သင်သိ၏၊ သင်သိသော တရားကို ငါသိ၏။ ဤသို့လျှင် ငါကဲ့သို့ပင် သင်လည်း ဖြစ်၏၊ သင်ကဲ့သို့ပင် (ငါ)လည်း ဖြစ်၏။ ငါ့သျှင် လာလော့၊ ယခုအခါ သင်သည် ဤဂိုဏ်းကို (ရွေ)ဆောင်ပါလော့ဟု (ပြောဆို၏)။

မင်းသား ဤသို့လျှင် ရာမ၏သား ဥဒကသည် ငါ၏သီတင်းသုံးဖော်ဖြစ်လျက် ငါ့ကို ဆရာ့အရာ၌ ထား၏၊ငါ့ကို မွန်မြတ်သော ပူဇော်ခြင်းဖြင့်လည်း ပူဇော်၏။ မင်းသား ထိုငါ့အား ဤသို့သောအကြံသည်ဖြစ်၏ "ဤတရားသည် ငြီးငွေ့ခြင်းငှါ မဖြစ်၊ တပ်စွမ်းမှုကင်းခြင်းငှါ မဖြစ်၊ ချုပ်ခြင်းငှါ မဖြစ်၊ ငြိမ်းအေးခြင်းငှါ မဖြစ်၊ ထူးသောဉာဏ်ဖြင့် သိခြင်းငှါ မဖြစ်၊ ကောင်းစွာသိခြင်း အကျိုးငှါ မဖြစ်၊ နိဗ္ဗာန်အကျိုးငှါ မဖြစ်၊ နေဝသညာနာသညာယတနဘုံ၌ ဖြစ်ရုံမျှအကျိုးငှါသာလျှင် ဖြစ်၏" ဟု (အကြံဖြစ်၏)။ မင်းသား ထိုငါသည် ထိုတရားကို တန်ဆာမဆင်ပဲ ထိုတရားမှ ငြီးငွေ့၍ ဖဲခွါခဲ့၏။

၃၂၉။ မင်းသား ထိုငါသည် အဘယ်အရာသည် အကောင်းဆုံးနည်းဟု ရှာဖွေရင်း အဘယ်အရာသည် အတုမရှိမြတ်သော ငြိမ်းအေးသော နိဗ္ဗာန်နည်းဟု ရှာဖွေရင်း မဂဓတိုင်းတို့၌ အစဉ်အတိုင်း ဒေသစာရီလှည့်လည်သော် ဥရုဝေလတော သေနာနိဂုံးဆီသို့ သက်ရောက်၏။ ထိုအရပ်၌ မွေ့လျော်ဖွယ်ရာ မြေ အဖို့ကိုငြင်း ကြည်နူးဖွယ်ကောင်းသော တောအုပ်ကိုငြင်း စီးဆင်းနေသော မြစ်ကိုငြင်း မွေ့လျော်ဖွယ်ကောင်းသော သန့်ရှင်းသော ဆိပ်ကမ်းကိုငြင်း အနီးအနားမှ ဆွမ်းခံရွာကို ငြင်း မြင်၏၊ မင်းသား ထိုငါ့အား ဤသို့သော အကြံသည်ဖြစ်၏— "အချင်းတို့ မြေအဖို့သည် မွေ့လျော်ဖွယ်ရှိစွတကား၊ တောအုပ်သည်လည်း ကြည်နူးဖွယ်ရှိစွတကား၊ မြစ်သည်လည်း စီးဆင်းနေ၏၊ ဆိပ်ကမ်းသည်လည်း သန့်ရှင်း၍ မွေ့လျော်ဖွယ်ကောင်း၏၊ ဆွမ်းခံရွာသည်လည်း နီးနား၏၊ 'ဤအရပ်သည် ကမ္မဋ္ဌာန်းအားထုတ်လိုသော အမျိုးသားအား ကမ္မဋ္ဌာန်းအားထုတ်ခြင်းငှါ သင့်လျော်ရာ၏တကား'ဟု" (အကြံဖြစ်၏)။ မင်းသား ထိုငါသည် ထိုအရပ်၌ပင်လျှင် "ဤအရပ်သည် ကမ္မဋ္ဌာန်းအားထုတ်ခြင်းငှါ သင့်လျော်၏"ဟု ထိုင်နေ၏။

မင်းသား စင်စစ် ငါ့အား ရှေးက မကြားဘူးကုန်သော အံ့ဩဖွယ်ရာ ဥပမာသုံးရပ်တို့သည် ထင်လာကုန်၏။ မင်းသား ရေ၌ ချထားအပ်သည့် အစေးရှိသော ထင်းစိုသည် ရှိ၏၊ ထိုအထ

http://www.dhammadownload.com



ယောကျ်ားသည် မီးပွတ်ခုံကို ယူ၍ "မီးကို ဖြစ်စေအံ့၊ တေဇောဓာတ်ကို ထင်ရှားပြုအံ့"ဟု လာရာ၏။ မင်းသား ထိုအရာကို အဘယ်သို့ ထင်မှတ်သနည်း၊ စင်စစ် ထိုယောကျ်ားသည် ဤမည်သော ရေ၌ ချထားအပ်သည့် အစေးရှိသော ထင်းစိုကို မီးပွတ်ခုံသို့ယူ၍ ပွတ်တိုက်သော် မီးကို ဖြစ်စေနိုင်ရာသလော၊ တေဇောဓာတ်ကို ထင်ရှားပြုနိုင်ရာသလောဟု (မေး၏)။ အသျှင်ဘုရား မဖြစ်နိုင်ပါ၊ အဘယ့်ကြောင့်နည်းဟူမူ—အသျှင်ဘုရား ဤမည်သော ထင်းသည် စို၍ အစေးရှိသည့်ပြင် ရေ၌လည်း ချထားသောကြောင့်တည်း၊ ထိုယောကျ်ားသည် ကိုယ်ပင်ပန်းရုံ စိတ်ဆင်းရဲရုံသာ ဖြစ်ရာပါ၏ဟု (လျှောက်၏)။

မင်းသား ဤအတူပင်လျှင် အချို့သော သမဏဗြာဟ္မဏတို့သည် ကိုယ်ဖြင့်ရှင်း စိတ်ဖြင့်ရှင်း လိုချင်မှုတို့မှ မကင်းဆိတ်ပဲ နေကုန်၏။ အကြင်သမဏဗြာဟ္မဏတို့သည် ကိုယ်တွင်းသန္တာန်ဝယ် လိုချင်ဖွယ် ဝတ္ထုတို့၌ လိုချင်တပ်မက်မှု လိုချင်မှုအစေး လိုချင်သောအားဖြင့် တွေဝေခြင်း လိုချင်မှု မွတ်သိပ်ခြင်း လိုချင်မှုပူဆာခြင်းကို ကောင်းစွာ မပယ်ရသေး၊ ကောင်းစွာ မငြိမ်းရသေး၊ အကယ်၍ ထိုအသျှင်သမဏဗြာဟ္မဏတို့သည် လုံ့လကြောင့်ဖြစ်ကုန်သော ကြီးမား ကြမ်းထမ်း စပ်ရှား ကုန်သော ဆင်းရဲခံစားခြင်းတို့ကို ခံစားကုန်သော်လည်း ဉာဏ်အကျိုးငှါ အမြင်အကျိုးငှါ အတုမဲ့ ထိုးထွင်း၍ သိခြင်းငှါ မထိုက်တန်ကုန်၊ အကယ်၍ ထိုအသျှင်သမဏဗြာဟ္မဏတို့သည် လုံ့လ ကြောင့် ဖြစ်ကုန်သော ကြီးမားကြမ်းထမ်း စပ်ရှားကုန်သော ဆင်းရဲခံစားခြင်းတို့ကို မခံစား ကုန်သော်လည်း ဉာဏ်အကျိုးငှါ အမြင်အကျိုးငှါ အတုမဲ့ထိုးထွင်း၍သိခြင်းငှါ မထိုက်တန်ကုန်။ မင်းသား ငါ့အား ရှေးကမကြားဘူးသော ဤရှေးဦးစွာ အံ့ဩဖွယ်ရာ ဥပမာသည် ထင်လာ၏။

၃၃၀။ မင်းသား ငါ့အား ရှေးကမကြားဘူးသော နှစ်ခုမြောက် အံ့ဩဖွယ်ရာ အခြား ဥပမာ သည် ထင်လာပြန်၏။ မင်းသား ရေမှဝေးစွာ ကုန်း၌ ချထားအပ်သည့် အစေးရှိသော ထင်းစိုသည် ရှိ၏၊ ထိုအခါ ယောကျ်ားသည် မီးပွတ်ခုံကို ယူ၍ "မီးကို ဖြစ်စေအံ့၊ တေဇောဓာတ်ကို ထင်ရှားပြုအံ့" ဟု လာရာ၏။ မင်းသား ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ စင်စစ် ထိုယောကျ်ားသည် ဤမည် သော ရေမှ ဝေးစွာ ကုန်း၌ချထားအပ်သည့် အစေးရှိသော ထင်းစိုကို မီးပွတ်ခုံသို့ယူ၍ ပွတ်တိုက် သော် မီးကို ဖြစ်စေနိုင်ရာသလော၊ တေဇောဓာတ်ကို ထင်ရှား ပြုနိုင်ရာသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မဖြစ်နိုင်ပါ၊ အဘယ့်ကြောင့်နည်းဟူမူ— အသျှင်ဘုရား ဤမည်သော ထင်းစို သည် ရေမှ ဝေးစွာ ကုန်း၌ ချထားစေကာမူ အစေးရှိသေးသောကြောင့်တည်း၊ ထိုယောကျ်ား သည် ကိုယ်ပင်ပန်းရုံ စိတ်ဆင်းရဲရုံသာ ဖြစ်ရာပါ၏ဟု (လျှောက်၏)။

မင်းသား ဤအတူပင်လျှင် အချို့သော သမဏဗြာဟ္မဏတို့သည် ကိုယ်ဖြင့်ရှင်း စိတ်ဖြင့်ရှင်း လိုချင်မှုတို့မှ ကင်းဆိတ်လျက် နေကုန်၏၊ ထိုသမဏဗြာဟ္မဏတို့သည် ကိုယ်တွင်း သန္တာန်ဝယ် လိုချင်ဖွယ်ဝတ္ထုတို့၌ လိုချင်တပ်မက်မှု လိုချင်မှုအစေး လိုချင်သောအားဖြင့် တွေဝေခြင်း လိုချင်မှု မွတ်သိပ်ခြင်း လိုချင်မှု ပူဆာခြင်းကို ကောင်းစွာ မပယ်ရသေး၊ ကောင်းစွာ မငြိမ်းရသေး၊ အကယ်၍ ထိုအသျှင်သမဏဗြာဟ္မဏတို့သည် လုံ့လကြောင့် ဖြစ်ကုန်သော ကြီးမား ကြမ်းထမ်းစပ်ရှား ကုန်သော ဆင်းရဲခံစားခြင်းတို့ကို ခံစားကုန်သော်လည်း ဉာဏ်အကျိုးငှါ အမြင်အကျိုးငှါ အတုမဲ့ ထိုးထွင်း၍ သိခြင်းငှါ မထိုက်တန်ကုန်၊ အကယ်၍ ထိုအသျှင်သမဏဗြာဟ္မဏတို့သည် လုံ့လကြောင့် ဖြစ်ကုန်သော ကြီးမား ကြမ်းထမ်း စပ်ရှားကုန်သော ဆင်းရဲခံစားခြင်းတို့ကို မခံစားကုန်သော်လည်း ဉာဏ်အကျိုးငှါ အမြင်အကျိုးငှါ အတုမဲ့ထိုးထွင်း၍ သိခြင်းငှါ မထိုက်တန်ကုန်။ မင်းသား ငါ့အား ရှေးကမကြားဘူးသော အံ့ဩဖွယ်ရာ နှစ်ခုမြောက် ဤဥပမာသည် ထင်လာ၏။

http://www.dhammadownload.com



၃၃၁။ မင်းသား ငါ့အား ရှေးကမကြားဘူးသော အံ့ဩဖွယ်ရာ သုံးခုမြောက် အခြားဥပမာသည်လည်း ထင်လာ၏။ မင်းသား ရေမှဝေးစွာ ကုန်း၌ ချထားအပ်သည့် ခြောက်သွေ့သော ထင်းသည် ရှိ၏၊ ထိုအခါ ယောကျ်ားသည် မီးပွတ်ခုံကို ယူ၍ "မီးကို ဖြစ်စေအံ့၊ တေဇောဓာတ်ကို ထင်ရှားပြုအံ့" ဟု လာရာ၏။ မင်းသား ထိုအရာကို အဘယ်သို့ ထင်မှတ်သနည်း၊ စင်စစ် ထိုယောကျ်ားသည် ရေမှဝေးစွာ ကုန်း၌ချထားအပ်သည့် ခြောက်သွေ့သော ထင်းကို မီးပွတ်ခုံသို့ယူ၍ ပွတ်သော် မီးကို ဖြစ်စေနိုင်ရာသလော၊ တေဇောဓာတ်ကို ထင်ရှားပြုနိုင်ရာသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား ဖြစ်နိုင်ပါ၏။ အဘယ့်ကြောင့်နည်း ဟူမူ—အသျှင်ဘုရား ဤမည်သော ထင်းသည် ခြောက်သွေ့နေ၍ ရေမှဝေးစွာ ကုန်း၌ ချထားသောကြောင့်ပါတည်း ဟု (လျှောက်၏)။

မင်းသား ဤအတူပင်လျှင် အချို့သော သမဏဗြာဟ္မဏတို့သည် ကိုယ်ဖြင့်ရှင်း စိတ်ဖြင့်ရှင်း လိုချင်မှုတို့မှ ကင်းဆိတ်လျက် နေကုန်၏။ ထိုသမဏဗြာဟ္မဏတို့သည် ကိုယ်တွင်းသန္တာန်ဝယ် လိုချင်ဖွယ် ဝတ္ထုတို့၌ လိုချင်တပ်မက်မှု လိုချင်မှုအစေး လိုချင်သောအားဖြင့် တွေဝေခြင်း လိုချင်မှုတ်သိပ်ခြင်းကို လိုချင်မှု ပူဆာခြင်းကို ကောင်းစွာပယ်ပြီး ဖြစ်၏၊ ကောင်းစွာ ငြိမ်းပြီးဖြစ်၏၊ အကယ်၍ ထိုအသျှင်သမဏဗြာဟ္မဏတို့သည် လုံ့လကြောင့် ဖြစ်ကုန်သော ကြီးမားကြမ်းထမ်း စပ်ရှားကုန်သော ဆင်းရဲခံစားခြင်းတို့ကို ခံစားကုန်သော်လည်း ဉာဏ်အကျိုးငှါ အတုမဲ့ထိုးထွင်း၍ သိခြင်းငှါ ထိုက်တန်ကုန်၏။ အကယ်၍ ထိုအသျှင်သမဏဗြာဟ္မဏတို့သည် လုံ့လကြောင့် ဖြစ်ကုန်သော ကြီးမား ကြမ်းထမ်း စပ်ရှားကုန်သော ဆင်းရဲခံစားခြင်းတို့ကို မခံစားကုန်သော်လည်း ဉာဏ်အကျိုးငှါ အမြင်အကျိုးငှါ အတုမဲ့ထိုးထွင်း၍ သိခြင်းငှါ ထိုက်တန်ကုန်၏။ မင်းသား ငါ့အား ရှေးကမကြားဘူးသော အံ့ဩဖွယ်ရာ ဤသုံးခုမြောက် ဥပမာသည် ထင်လာ၏။ မင်းသား ငါ့အား ရှေးကမကြားဘူးကုန်သော ဤအံ့ဩဖွယ်ရာ ဥပမာ သုံးရပ်တို့သည် ထင်လာကုန်၏။

၃၃၂။ မင်းသား ထိုငါ့အား "ငါသည် သွားတို့ဖြင့် သွားကို ကြိတ်၍ လျှာဖြင့် အာစောက်ကို ထိလျက် စိတ်ဖြင့် စိတ်ကို ဖိနှိပ်ရမူ ဖျစ်ညှစ်ရမူ ပင်ပန်းစေရမူ ကောင်းပေမည်" ဟု ဤအကြံသည် ဖြစ်၏၊ မင်းသား ထိုငါသည် သွားတို့ဖြင့် သွားကို ကြိတ်၍ လျှာဖြင့် အာစောက်ကို ထိလျက် စိတ်ဖြင့် စိတ်ကို ဖိနှိပ်၏၊ ဖျစ်ညှစ်၏၊ ပင်ပန်းစေ၏၊ မင်းသား ထိုငါသည် သွားတို့ဖြင့် သွားကိုကြိတ်၍ လျှာဖြင့် အာစောက်ကိုထိလျက် စိတ်ဖြင့် စိတ်ကို ဖိနှိပ်ဖျစ်ညှစ်ပင်ပန်းစေသော် လက်ကတီးကြားတို့မှ ချွေးတို့သည် ယိုထွက်ကုန်၏။ မင်းသား အားရှိသော ယောကျ်ားသည် အားနည်းသော ယောကျ်ားကို ဦးခေါင်း၌ ကိုင်၍ ဖြစ်စေ ပခုံး၌ကိုင်၍ ဖြစ်စေ ဖိနှိပ်ရာ ဖျစ်ညှစ်ပင်ပန်းစေရာသကဲ့သို့ မင်းသား ဤအတူပင်လျှင် သွားတို့ဖြင့် သွားကိုကြိတ်၍ လျှာဖြင့် အာစောက်ကို ထိလျက် စိတ်ဖြင့် စိတ်ကို ဖိနှိပ်ဖျစ်ညှစ်ပင်ပန်းစေသော် ငါ၏လက်ကတီးကြားတို့မှ ချွေးတို့သည် ယိုထွက်ကုန်၏၊ မင်းသား (ငါသည်) မတွန့်တိုသောလုံ့လကို အားထုတ်ပြီးပြီ၊ ငါ့အား မေလျော့ခြင်း မရှိသော သတိသည် ထင်ပြီ၊ အားထုတ်ခြင်း ထိုးကျင့်ထားသော ငါ၏ကိုယ်သည် ထိုဆင်းရဲကို ဖြစ်စေတတ်သော အားထုတ်ခြင်းကြောင့်သာလျှင် ပူလောင်ခြင်း ရှိခဲ့၏၊ မငြိမ်းအေးခဲ့ပေ။

၃၃၃။ မင်းသား ထိုငါ့အား "ငါသည် ထွက်သက်ဝင်သက်မရှိအောင် ရှုဆင်ခြင်မှုကိုသာလျှင် ရှုဆင်ခြင်ရမူ ဈာန်ကို ဝင်စားရမူ ကောင်းပေမည်" ဟု ဤအကြံသည် ဖြစ်၏။ မင်းသား ထိုငါသည် ခံတွင်းမှရှင်း နှာခေါင်းမှရှင်း ထွက်သက်ဝင်သက်တို့ကို ချုပ်တည်းပိတ်ပင်ထား၏။ မင်းသား ထိုငါသည် ခံတွင်းမှရှင်း နှာခေါင်းမှရှင်း ထွက်သက်ဝင်သက်တို့ကို ချုပ်တည်းပိတ်ပင်ထားသော်

http://www.dhammadownload.com



လည်း နားတွင်းတို့မှ ထွက်သောလေတို့၏ အသံသည် လွန်ကဲပြင်းထန်စွာ ဖြစ်၏။ မင်းသား ပန်းပဲသမားတို့၏ ဖားဖိုကို ဆွဲမှုတ်သော် လွန်ကဲပြင်းထန်သော အသံသည် ဖြစ်သကဲ့သို့ ဤအတူပင်လျှင် ခံတွင်းမှရင်း နှာခေါင်းမှရင်း ထွက်သက်ဝင်သက်တို့ကို ချုပ်တည်းပိတ်ပင်ထားသော် ငါ၏နားတွင်းတို့မှထွက်သော လေတို့၏ အသံသည် လွန်ကဲပြင်းထန်စွာ ဖြစ်၏။ မင်းသား ငါသည် မတွန့်တိုသော လုံ့လကို အားထုတ်ပြီးပြီ၊ ငါ့အား မေ့လျော့ခြင်းမရှိသော သတိသည် ထင်ပြီ၊ ငါသည် အားထုတ်ခြင်း ထိုးကျင့်ထားသော ငါ၏ ကိုယ်သည် ထိုဆင်းရဲကို ဖြစ်စေတတ်သော အားထုတ်ခြင်းကြောင့်သာလျှင် ပူလောင်ခြင်း ရှိခဲ့၏၊ မငြိမ်းအေးခဲ့ပေ။

မင်းသား ထိုငါ့အား “ငါသည် ထွက်သက်ဝင်သက်မရှိအောင် ရှုဆင်ခြင်မှု‘စျာန်’ကိုသာလျှင် ရှုဆင်ခြင်ရမှု ‘စျာန်ဝင်စားရမှု’ ကောင်းပေမည်”ဟု ဤအကြံသည် ဖြစ်၏။ မင်းသား ထိုငါသည် ခံတွင်းမှရင်း နှာခေါင်းမှရင်း နားမှရင်း ထွက်သက်ဝင်သက်တို့ကိုချုပ်တည်းပိတ်ပင်ထား၏၊မင်းသား ထိုငါသည် ခံတွင်းမှရင်း နှာခေါင်းမှရင်း နားမှရင်း ထွက်သက်ဝင်သက်တို့ကို ချုပ်တည်းပိတ်ပင်ထားသော် လွန်ကဲပြင်းထန်သောလေတို့သည် ဦးထိပ်၌ တိုးဝှေ့ကုန်၏။ မင်းသား အားရှိသော ယောကျ်ားသည် ထက်သောချွန်းဖြင့် ဦးထိပ်၌ ကြိတ်နှိပ်ရာသကဲ့သို့ ဤအတူပင်လျှင် ခံတွင်းမှရင်း နှာခေါင်းမှရင်း နားမှရင်း ထွက်သက်ဝင်သက်တို့ကို ချုပ်တည်းပိတ်ပင်ထားသော် လွန်ကဲပြင်းထန်သော လေတို့သည် ငါ၏ဦးထိပ်၌ တိုးဝှေ့ကုန်၏၊ မင်းသား ငါသည် မတွန့်တိုသော လုံ့လကို အားထုတ်ပြီးပြီ၊ ငါ့အား မေ့လျော့ခြင်းမရှိသော သတိသည် ထင်ပြီ၊ အားထုတ်ခြင်း ထိုးကျင့်ထားသော ငါ၏ကိုယ်သည် ထိုဆင်းရဲကို (ဖြစ်စေတတ်သော)အားထုတ်ခြင်းကြောင့်သာလျှင် ပူလောင်ခြင်း ရှိခဲ့၏၊ မငြိမ်းအေးခဲ့ပေ။

မင်းသား ထိုငါ့အား “ငါသည် ထွက်သက်ဝင်သက်မရှိအောင် ရှုဆင်ခြင်မှု‘စျာန်’ကိုသာလျှင် ရှုဆင်ခြင်ရမှု ‘စျာန်ဝင်စားရမှု’ ကောင်းပေမည်”ဟု ဤအကြံသည် ဖြစ်၏။မင်းသား ထိုငါသည် ခံတွင်းမှရင်း နှာခေါင်းမှရင်းနားမှရင်း ထွက်သက်ဝင်သက်တို့ကို ချုပ်တည်းပိတ်ပင်ထား၏၊မင်းသား ထိုငါသည် ခံတွင်းမှရင်း နှာခေါင်းမှရင်း နားမှရင်း ထွက်သက်ဝင်သက်တို့ကို ချုပ်တည်းပိတ်ပင်ထားသော် လွန်ကဲပြင်းထန်သော ဦးခေါင်းကိုက်ခဲခြင်းတို့သည် ဖြစ်ကုန်၏၊ မင်းသား အားရှိသော ယောကျ်ားသည် ခိုင်ခံ့သော သားရေလွန်ပိုင်းဖြင့် ဦးခေါင်းကို ရစ်ပတ်ထားရာသကဲ့သို့ ဤအတူပင်လျှင် ခံတွင်းမှရင်း နှာခေါင်းမှရင်း နားမှရင်း ထွက်သက်ဝင်သက်တို့ကို ချုပ်တည်းပိတ်ပင်ထားသော် လွန်ကဲ ပြင်းထန်သော ငါ၏ ဦးခေါင်း ကိုက်ခဲခြင်းတို့သည် ဖြစ်ကုန်၏။ မင်းသား ငါသည် မတွန့်တိုသော လုံ့လကို အားထုတ်ပြီးပြီ၊ ငါ့အား မေ့လျော့ခြင်းမရှိသော သတိသည် ထင်ပြီ၊ အားထုတ်ခြင်း ထိုးကျင့်ထားသော ငါ၏ ကိုယ်သည် ထိုဆင်းရဲကို (ဖြစ်စေတတ်သော)အားထုတ်ခြင်းကြောင့်သာလျှင် ပူလောင်ခြင်းရှိခဲ့၏၊ မငြိမ်းအေးခဲ့ပေ။

မင်းသား ထိုငါ့အား “ငါသည် ထွက်သက်ဝင်သက်မရှိအောင် ရှုဆင်ခြင်မှု‘စျာန်’ကိုသာလျှင် ရှုဆင်ခြင်ရမှု ‘စျာန်ဝင်စားရမှု’ ကောင်းပေမည်”ဟု အကြံသည် ဖြစ်၏။ မင်းသား ထိုငါသည် ခံတွင်းမှရင်း နှာခေါင်းမှရင်း နားမှရင်း ထွက်သက်ဝင်သက်ဘို့ကို ချုပ်တည်းပိတ်ပင်ထား၏။ မင်းသား ထိုငါသည် ခံတွင်းမှရင်း နှာခေါင်းမှရင်း နားမှရင်း ထွက်သက်ဝင်သက်တို့ကို ချုပ်တည်းပိတ်ပင်ထားသော် လွန်ကဲပြင်းထန်သော လေတို့သည် ဝမ်းကို ထိုးဆွရစ်မွှေကုန်၏။ မင်းသား ကျွမ်းကျင်သော နွားသတ်သမားသည်သော်၎င်း နွားသတ်သမား၏တပည့်သည်သော်၎င်း ထက်သော သားလှီးဓားငယ်ဖြင့် ဝမ်းကို ထိုးဆွရစ်မွှေရာသကဲ့သို့ ဤအတူပင်လျှင် ခံတွင်းမှရင်း

http://www.dhammadownload.com



နှာခေါင်းမှုရင်း နားမှုရင်း ထွက်သက်ဝင်သက်တို့ကို ချုပ်တည်းပိတ်ပင်ထားသော လွန်ကဲပြင်းထန်သော လေတို့သည် ငါ၏ဝမ်းကို ထိုးဆွ ရစ်မွှေကုန်၏။ မင်းသား ငါသည် မတွန့်တိုသော လုံ့လကို အားထုတ်ပြီးပြီ။ ငါ့အား မေ့လျော့ခြင်းမရှိသော သတိသည် ထင်ပြီ၊ အားထုတ်ခြင်း ထိုးကျင့်ထားသော ငါ၏ကိုယ်သည် ထိုဆင်းရဲကို (ဖြစ်စေတတ်သော) အားထုတ်ခြင်းကြောင့် သာလျှင် ပူလောင်ခြင်းရှိခဲ့၏၊ မငြိမ်းအေးခဲ့ပေ။

မင်းသား ထိုငါ့အား "ငါသည် ထွက်သက်ဝင်သက်မရှိအောင် ရှုဆင်ခြင်မှု 'ဈာန်'ကို သာလျှင် ရှုဆင်ခြင်ရမှု 'ဈာန်ဝင်စားရမှု' ကောင်းပေမည်"ဟု ဤအကြံသည် ဖြစ်၏၊ မင်းသား ထိုငါသည် ခံတွင်းမှုရင်း နှာခေါင်းမှုရင်း နားမှုရင်း ထွက်သက်ဝင်သက်တို့ကို ချုပ်တည်းပိတ်ပင်ထား၏၊ မင်းသား ထိုငါသည် ခံတွင်းမှုရင်း နှာခေါင်းမှုရင်း နားမှုရင်း ထွက်သက် ဝင်သက်တို့ကို ချုပ်တည်း ပိတ်ပင်ထားသော် လွန်ကဲပြင်းထန်သောကိုယ်၌ ပူလောင်ခြင်းသည် ဖြစ်၏၊ မင်းသား အားရှိသော ယောကျ်ားနှစ်ယောက်တို့သည် အားနည်းသော ယောကျ်ားကို အသီးအသီး လက်မောင်းတို့၌ ကိုင်၍ မီးကျီးတွင်း၌ ကင်ကုန်ရာသကဲ့သို့ အပြန်ပြန် ကင်ကုန်ရာသကဲ့သို့ ဤအတူပင်လျှင် ခံတွင်းမှုရင်း နှာခေါင်းမှုရင်း နားမှုရင်း ထွက်သက်ဝင်သက်တို့ကို ချုပ်တည်းပိတ်ပင်ထားသော် လွန်ကဲပြင်းထန်သော ငါ၏ကိုယ်၌ ပူလောင်ခြင်းသည် ဖြစ်၏။ မင်းသား ငါသည် မတွန့်တိုသော လုံ့လကို အားထုတ်ပြီးပြီ၊ ငါ့အား မေ့လျော့ခြင်း မရှိသော သတိသည် ထင်ပြီ၊ အားထုတ်ခြင်း ထိုးကျင့်ထားသော ငါ၏ကိုယ်သည် ထိုဆင်းရဲကို ဖြစ်စေတတ်သော အားထုတ်ခြင်းကြောင့်သာလျှင် ပူလောင်ခြင်းရှိခဲ့၏၊ မငြိမ်းအေးခဲ့ပေ။ မင်းသား စင်စစ် ငါ့ကို နတ်တို့သည် မြင်၍ "ရဟန်းဂေါတမသည် သေပြီ"ဟု ဆိုကုန်၏။ အချို့နတ်တို့သည် "ရဟန်းဂေါတမသည် မသေသေး၊ စင်စစ်ကား သေခါနီးနေ၏"ဟု ဆိုကုန်၏။ အချို့နတ်တို့သည် "ရဟန်းဂေါတမသည် မသေသေး၊ သေခါနီးလည်း မဟုတ်၊ ရဟန်းဂေါတမသည် ရဟန္တာဖြစ်၍ နေခြင်းသာဖြစ်၏၊ ရဟန္တာ၏ နေခြင်းကား ဤသို့သဘောရှိ၏"ဟု ဆိုကုန်၏။

၃၃၄။ မင်းသား ထိုငါ့အား "ငါသည် လုံးဝအစာအာဟာရဖြတ်၍ ကျင့်ရမှု ကောင်းပေမည်" ဟု ဤအကြံသည်ဖြစ်၏။ မင်းသား ထိုအခါ ငါ့ထံသို့ နတ်တို့သည် ချဉ်းကပ်၍ "အသျှင် သင်သည် လုံးဝအစာအာဟာရကို ဖြတ်၍ မကျင့်ပါလင့်၊ အသျှင် အကယ်၍ သင်သည် လုံးဝ အစာအာဟာရကို ဖြတ်၍ ကျင့်အံ့၊ သင့်အား ငါတို့သည် နတ်သြဇာကို အမွေးတွင်းတို့မှ တဆင့်သွင်းအံ့၊ ထိုနတ်သြဇာဖြင့် သင်သည် မျှတလတ္တံ့"ဟု ဤစကားကို ဆိုကုန်၏၊ မင်းသား ထိုငါ့အား "ငါသည်လည်း လုံးဝ မစားဟု ဝန်ခံမူ ဤနတ်တို့သည်လည်း ငါ့အား နတ်သြဇာကို အမွေးတွင်းတို့မှတဆင့် သွင်းကုန်ငြားအံ့၊ ထိုနတ်သြဇာဖြင့်လည်း ငါသည် မျှတငြားအံ့၊ ထိုဝန်ခံခြင်းသည် ငါ့အား မုသားသာတည်း" ဟု ဤအကြံသည်ဖြစ်၏၊ မင်းသား ထိုငါသည် ထိုနတ်တို့ကို တားမြစ်၍ မသင့်ဟု ပြောဆို၏။

မင်းသား ထိုငါ့အား "ငါသည် တလက်ဖက် တလက်ဖက်မျှသော ပဲနောက်ရည်ကိုဖြစ်စေ ပဲပိစပ်ရည်ကိုဖြစ်စေ ကုလားပဲရည်ကိုဖြစ်စေ စားတော်ပဲရည်ကိုဖြစ်စေ အနည်းငယ် အနည်းငယ် သော အစာအာဟာရကို မျိုရမှု ကောင်းပေမည်"ဟု အကြံသည် ဖြစ်၏၊ မင်းသား ထိုငါသည် တလက်ဖက် တလက်ဖက်မျှသော ပဲနောက်ရည်ကိုဖြစ်စေ ပဲပိစပ်ရည်ကိုဖြစ်စေ ကုလားပဲရည်ကို ဖြစ်စေ စားတော်ပဲရည်ကိုဖြစ်စေ အနည်းငယ်အနည်းငယ်သော အစာအာဟာရကို မျို၏။မင်းသား တလက်ဖက် တလက်ဖက်မျှသော ပဲနောက်ရည်ကိုဖြစ်စေ ပဲပိစပ်ရည်ကိုဖြစ်စေ ကုလားပဲရည်ကို

http://www.dhammadownload.com



ဖြစ်စေ စားတော်ပဲရည်ကိုဖြစ်စေ အနည်းငယ်အနည်းငယ်သော အစာအာဟာရကို မျိုသော ထိုငါ၏ ကိုယ်သည် အလွန်ပိန်ကြုံခြင်းသို့ ရောက်၏၊ ထိုအစာအာဟာရနည်းပါးမှုကြောင့်ပင် ငါ၏ အင်္ဂါကြီးငယ်တို့သည် ကန်စွန်းနွယ်၏ အဆစ်တို့ကဲ့သို့ရှင်း နွယ်ပုပ်နွယ်ငန်း၏ အဆစ်တို့ကဲ့သို့ရှင်း ဖြစ်ပေါ်နေကုန်၏။ ထိုအစာအာဟာရ နည်းပါးမှုကြောင့်ပင် ငါ၏တင်ပါးဆုံသားသည် ကုလားအုပ် ခြေရာကဲ့သို့ ဖြစ်ပေါ်နေ၏။ ထိုအစာအာဟာရနည်းပါးမှုကြောင့်ပင် ငါ၏ ကျောက်ကုန်းရိုးသည် ပုတီးကုံးကဲ့သို့ အနိမ့်အမြင့်ဖြစ်ပေါ်နေ၏။ ထိုအစာအာဟာရနည်းပါးမှုကြောင့်ပင် ငါ၏နံရိုးတို့သည် ဖရိုဖရဲ အထက်တင် အောက်ကျ ပျက်စီးကျနေသော စရပ်ဆွေး၏ အခြင်တို့ကဲ့သို့ ဖရိုဖရဲ အထက်တင် အောက်ကျ ဖြစ်နေကုန်၏။ ထိုအစာအာဟာရ နည်းပါးမှုကြောင့်ပင် နက်သော ရေတွင်း၌ ရေဝန်းသည် နက်ရှိုင်း၍ အောက်သို့ဝင်နေသည်ဟု ထင်ရသကဲ့သို့ ငါ၏မျက်ကွင်းတို့၌ မျက်လုံးတို့သည် နက်ရှိုင်း၍ အောက်သို့ဝင်နေသည်ဟု ထင်ရကုန်၏။ ထိုအစာအာဟာရနည်းပါးမှုကြောင့်ပင် အနုဆွတ်ထားသော ဗူးခါးသီးသည် လေ နေပူဖြင့် တွေထိကာ ရှုံ့တွနေသကဲ့သို့ ငါ၏ဦးခေါင်းရေသည် ရှုံ့တွနေ၏။

မင်းသား ထိုငါသည် "ဝမ်းရေကို သုံးသပ်အံ့" ဟု သုံးသပ်သော် ကျောက်ကုန်းရိုးကို သာလျှင် ကိုင်မိ၏၊ "ကျောက်ကုန်းရိုးကို သုံးသပ်အံ့" ဟု သုံးသပ်သော် ဝမ်းရေကိုသာလျှင် ကိုင်မိ၏၊ မင်းသား ထိုအစာအာဟာရနည်းပါးမှုကြောင့်ပင် ငါ၏ဝမ်းရေသည် ကျောက်ကုန်းရိုးသို့ ကပ်သည်အထိ ဖြစ်ပေါ်နေ၏။ မင်းသား ထိုအစာအာဟာရနည်းပါးမှုကြောင့်ပင် ထိုငါသည် "ကျင်ကြီးကိုရှင်း ကျင်ငယ်ကိုရှင်း စွန့်အံ့"ဟု သွားသော် ထိုနေရာ၌သာ မှောက်ခုံလဲကျ၏။ မင်းသား ထိုအစာအာဟာရ နည်းပါးမှုကြောင့်ပင် ထိုငါသည် ဤကိုယ်ကိုသာလျှင် သက်သာစေလို၍ လက်ဖြင့် ကိုယ်တို့ကို ပွတ်သပ်၏။ မင်းသား လက်ဖြင့် ကိုယ်တို့ကို ပွတ်သပ်သော် အမြစ်ဆွေးနေကုန်သော အမွေးတို့သည် ငါ၏ကိုယ်မှ ကျွတ်ကျကုန်၏။

မင်းသား စင်စစ် ငါ့ကို လူတို့မြင်၍ "ရဟန်းဂေါတမသည် မည်းသောအဆင်း ရှိ၏"ဟု ဆိုကုန်၏၊ အချို့လူတို့သည် "ရဟန်းဂေါတမသည် မည်းသောအဆင်းရှိသည် မဟုတ်၊ ရဟန်းဂေါတမသည် ရွှေသောအဆင်းရှိ၏"ဟု ဆိုကုန်၏။ အချို့လူတို့သည် "ရဟန်းဂေါတမသည် မည်းသော အဆင်းရှိသည်မဟုတ်၊ ရွှေသောအဆင်းရှိသည်လည်း မဟုတ်၊ ရဟန်းဂေါတမသည် ကြမ်းပိုး ကျောက်ကုန်း အရေအဆင်းရှိ၏"ဟု ဆိုကုန်၏။ မင်းသား ထိုအစာအာဟာရနည်းပါးမှုကြောင့်ပင် ထိုမျှလောက်စင်ကြယ် ဖြူဖွေးလျက်ရှိသော ငါ၏အရေအဆင်းသည် အလွန်ပျက်စီးနေ၏။

၃၃၅။ မင်းသား ထိုငါ့အား "အတိတ်ကာလက အားထုတ်ခြင်းကြောင့် ဖြစ်ကုန်သော ကြီးမား ကြမ်းထမ်းစပ်ရှားကုန်သော ဆင်းရဲခံစားခြင်းတို့ကို ခံစားခဲ့ကုန်သော သမဏဗြာဟ္မဏ အားလုံးတို့သည် ဤခံစားခြင်းလောက်သာလျှင်ဖြစ်၏၊ ဤခံစားခြင်းထက် မပိုလွန်၊ အနာဂတ် ကာလ၌လည်း အားထုတ်ခြင်း လုံ့လကြောင့် ဖြစ်ကုန်သော ကြီးမား ကြမ်းထမ်း စပ်ရှားကုန်သော ဆင်းရဲခံစားခြင်းတို့ကို ခံစားလတ္တံ့ကုန်သော သမဏ ဗြာဟ္မဏအားလုံးတို့သည် ဤခံစားခြင်းလောက်သာလျှင် ဖြစ်လတ္တံ့၊ ဤခံစားခြင်းထက် မပိုလွန်၊ ဤယခု ပစ္စုပ္ပန်ကာလ၌လည်း အားထုတ်ခြင်း လုံ့လကြောင့်ဖြစ်ကုန်သော ကြီးမား ကြမ်းထမ်း စပ်ရှားကုန်သော ဆင်းရဲခံစားခြင်းတို့ကို ခံစားနေကုန်သော သမဏဗြာဟ္မဏအားလုံးတို့သည် ဤခံစားခြင်းလောက်သာလျှင် ဖြစ်၏၊ ဤခံစားခြင်းထက် မပိုလွန်။ ငါသည် ဤစပ်ရှားသော ပြုနိုင်ခဲသော အမှုကို ပြုကျင့်ခြင်းဖြင့်

http://www.dhammadownload.com



လူတို့၏ကုသိုလ်ကမ္မပထတရားထက်လွန်သော အရိယာဖြစ်ရန် စွမ်းနိုင်သော ဉာဏ်အမြင်အထူးကို မရခဲ့။ သစ္စာလေးပါးကို သိရန် အခြားလမ်းစဉ်ရှိသေးသလော”ဟု ဤအကြံသည်ဖြစ်၏။ မင်းသား ထိုငါ့အား “ငါသည် ခမည်းတော်သကျမင်း၏ (လယ်ထွန်မင်္ဂလာ)အမှု၌ အေးသော သပြေပင် အရိပ်ဝယ် ထိုင်လျက် ကာမဂုဏ်တို့မှ ကင်းဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ကင်းဆိတ်၍သာလျှင် ကြံစည်ခြင်း‘ဝိတက်’ သုံးသပ်ဆင်ခြင်ခြင်း‘ဝိစာရ’နှင့် တကွဖြစ်သော (နီဝရဏ) ဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း‘ပီတိ’ ချမ်းသာခြင်း‘သုခ’ရှိသော ပဌမစျာန်ကို ပြည့်စုံစေ၍ နေဘူးသည်ကို အမှတ်ရ၏။ ဤပဌမစျာန်သည် သစ္စာလေးပါးတို့ကို သိခြင်းငှါ လမ်းစဉ် ဖြစ်တန်ရာ၏”ဟု ဤအကြံသည်ဖြစ်၏။မင်းသား ထိုငါ့အား“ဤသည်ပင်လျှင် သစ္စာလေးပါးတို့ကို သိခြင်းငှါ လမ်းစဉ်တည်း”ဟု အောက်မေ့ခြင်းသို့ အစဉ်လိုက်သော စိတ်သည်ဖြစ်၏။ မင်းသား ထိုငါ့အား “ကာမဂုဏ်တို့မှကြဉ်၍သာလျှင် အကုသိုလ်တရားတို့မှ ကြဉ်၍သာလျှင် ဖြစ်သော ပဌမစျာန်ချမ်းသာကို ငါသည် ကြောက်လေသလော”ဟု ဤအကြံသည်ဖြစ်၏၊မင်းသား ထိုငါ့အား “ကာမဂုဏ်တို့မှ ကြဉ်၍ သာလျှင် အကုသိုလ်တရားတို့မှ ကြဉ်၍သာလျှင် ဖြစ်သော ပဌမစျာန် ချမ်းသာကို ငါမကြောက်”ဟု ဤအကြံသည်ဖြစ်၏။

မင်းသား ထိုငါ့အား “ဤသို့အလွန် ပိန်ကြုံသော အဖြစ်သို့ ရောက်သော ကိုယ်ဖြင့် ထို(ပဌမ စျာန်)ချမ်းသာကို ရရန် မလွယ်၊ ငါသည် ကြမ်းထမ်းသောထမင်း မုယောမုံ့ အစာအာဟာရကို စားရမူ ကောင်းပေမည်”ဟု ဤအကြံသည်ဖြစ်၏။ မင်းသား ထိုငါသည် ကြမ်းထမ်းသောထမင်း မုယောမုံ့ အစာအာဟာရကို စား၏။မင်းသား ထိုအခါ ငါ၏အထံ၌“ရဟန်းဂေါတမသည် ရသော တရားကို ငါတို့အား ပြောကြားလတ္တံ့”ဟု ပဉ္စဝဂ္ဂီရဟန်းတို့သည် လုပ်ကျွေးနေကုန်၏။ မင်းသား ကြမ်းထမ်းသော ထမင်းမုယောမုံ့ အစာအာဟာရကို ငါစားသောအခါ “ရဟန်းဂေါတမသည် ပစ္စည်းများပြားခြင်းငှါ ကျင့်၏၊ ကမ္မဋ္ဌာန်း အားထုတ်ခြင်းမှ ထွက်လာသူဖြစ်၏၊ ပစ္စည်းများပြား ခြင်းငှါ လှည့်လည်၏”ဟု ငြီးငွေ့၍ ထိုပဉ္စဝဂ္ဂီရဟန်းတို့သည် ငါ၏အထံမှ ဖဲခွါကုန်၏။

၃၃၆။ မင်းသား ငါသည် ကြမ်းထမ်းသော အစာအာဟာရကို စား၍ အားကိုယ်ရှိကာ ကာမဂုဏ်တို့မှဆိတ်၍သာလျှင်။ပ။ပဌမစျာန်သို့ ရောက်၍နေ၏။ဝိတက်ဝိစာရတို့ ငြိမ်းခြင်းကြောင့် ဒုတိယစျာန်သို့ ရောက်၍နေ၏။ပ။တတိယစျာန်သို့။ စတုတ္ထစျာန်သို့ရောက်၍ နေ၏။ ထိုငါ၏ တည်ကြည်သောစိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်းကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါသင့်လျော်လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ထိုငါသည် ရှေး၌ဖြစ်ဘူးသော ခန္ဓာအစဉ်ကို အောက်မေ့ နိုင်သော ‘ပုဗ္ဗေနိဝါသာနုဿတိ’ ဉာဏ်အလို့ငှါ စိတ်ကို ရှေးရှုဆောင်ခဲ့ပြီ၊ ရှေးရှုညွတ်စေခဲ့ပြီ။ ထိုငါသည် များပြားသော ရှေး၌ ဖြစ်ဘူးသော ခန္ဓာအစဉ်ကို အောက်မေ့နိုင်၏၊ ဤသည်ကား အဘယ်နည်း၊ တဘဝကိုရင်း နှစ်ဘဝတို့ကိုရင်း။ပ။ဤသို့အမည်အနွယ်နှင့်တကွ အဖြစ်သနစ်နှင့် တကွ များပြားသော ရှေး၌ ဖြစ်ဘူးသော ခန္ဓာအစဉ်ကို အောက်မေ့၏။ မင်းသား ငါသည် ညဉ့်၏ ရှေးဦးပဌမယံ၌ ရှေးဦးစွာသော ဤအသိဉာဏ်‘ဝိဇ္ဇာ’ကို ရခဲ့ပြီ၊မသိမှု‘အဝိဇ္ဇာ’ပျောက်ခဲ့ပြီ၊ အသိဉာဏ်‘ဝိဇ္ဇာ’ဖြစ်ပေါ်ခဲ့ပြီ၊(အဝိဇ္ဇာ)အမှောင်ပျောက်ခဲ့ပြီ၊(ဝိဇ္ဇာ)ဉာဏ်အလင်းရောင် ဖြစ်ပေါ် ခဲ့ပြီ၊ မမေ့မလျော့ပဲ ပြင်းစွာအားထုတ်လျက် တည်ကြည်သောစိတ်ရှိသည်ဖြစ်၍ နေသောသူအား အဝိဇ္ဇာမှောင်ကင်း၍ ပညာဉာဏ်အရောင်အလင်း ဖြစ်ပေါ်သကဲ့သို့တည်း။

http://www.dhammadownload.com



ထိုငါသည် ဤသို့ တည်ကြည်သော စိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်းကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါ သင့်လျော်လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ရောက်လတ်သော် သတ္တဝါတို့၏ သေခြင်း 'စုတိ' ဖြစ်ခြင်း 'ပဋိသန္ဓေ' ကို သိသောဉာဏ်အလို့ငှါ စိတ်ကို ရှေးရှုဆောင်ခဲ့ပြီ၊ ရှေးရှုညွတ်စေခဲ့ပြီ။ ထိုငါသည် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိအမြင်ကို လွန်သော နတ်မျက်စိနှင့်တူသော မျက်စိ 'ဒိဗ္ဗစက္ခု' ဖြင့် သေဆဲသတ္တဝါ ဖြစ်ပေါ်ဆဲသတ္တဝါ ယုတ်သောသတ္တဝါ မြတ်သောသတ္တဝါ အဆင်းလှသောသတ္တဝါ အဆင်းမလှသောသတ္တဝါ ကောင်းသောလားရာ 'ဂတိ' ရှိသောသတ္တဝါ မကောင်းသောလားရာ 'ဂတိ' ရှိသောသတ္တဝါတို့ကို မြင်ပြီ၊ ကံအားလျော်စွာ ဖြစ်သောသတ္တဝါတို့ကို သိပြီ။ ပ။ မင်းသား ငါသည် ညဉ့်၏အလယ်ဖြစ်သော သန်ကောင်ယံ၌ နှစ်ခုမြောက် ဤအသိဉာဏ် 'ဝိဇ္ဇာ' ကိုရခဲ့ပြီ၊ မသိမှု 'အဝိဇ္ဇာ' ပျောက်ခဲ့ပြီ၊ အသိဉာဏ် 'ဝိဇ္ဇာ' ဖြစ်ပေါ်ခဲ့ပြီ၊ (အဝိဇ္ဇာ) အမှောင်ပျောက်ခဲ့ပြီ၊ (ဝိဇ္ဇာ) ဉာဏ်အလင်းရောင် ဖြစ်ပေါ်ခဲ့ပြီ၊ မမေ့မလျော့ပဲ ပြင်းစွာအားထုတ်လျက် တည်ကြည်သော စိတ်ရှိသည်ဖြစ်၍ နေသောသူအား အဝိဇ္ဇာမှောင်ကင်း၍ ပညာဉာဏ် အရောင်အလင်း ဖြစ်ပေါ်သကဲ့သို့တည်း။

ထိုငါသည် ဤသို့တည်ကြည်သော စိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်းကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါသင့်လျော်လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ရောက်လတ်သော် အာသဝေါတရားတို့ကို ကုန်ခန်းစေတတ်သောဉာဏ်အလို့ငှါ စိတ်ကို ရှေးရှုဆောင်ခဲ့ပြီ၊ ရှေးရှုညွတ်စေခဲ့ပြီ။ ထိုငါသည် ဤကား ဆင်းရဲဟု ဟုတ်တိုင်းမှန်စွာ သိ၏၊ ဤကား ဆင်းရဲဖြစ်ပေါ်ခြင်း၏အကြောင်းဟု ဟုတ်တိုင်းမှန်စွာ သိ၏၊ ဤကား ဆင်းရဲချုပ်ရာ(နိဗ္ဗာန်)ဟု ဟုတ်တိုင်းမှန်စွာသိ၏၊ ဤကား ဆင်းရဲချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ဟု ဟုတ်တိုင်းမှန်စွာသိ၏။ ဤသည်တို့ကား အာသဝေါတရားတို့ဟု ဟုတ်တိုင်းမှန်စွာသိ၏၊ ဤကား အာသဝေါတရားတို့၏ ဖြစ်ပေါ်ခြင်း၏အကြောင်းဟု ဟုတ်တိုင်းမှန်စွာသိ၏၊ ဤကား အာသဝေါတရားတို့ချုပ်ရာ(နိဗ္ဗာန်)ဟု ဟုတ်တိုင်းမှန်စွာသိ၏၊ ဤကား အာသဝေါတရားတို့ချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်းအကျင့်ဟု ဟုတ်တိုင်းမှန်စွာ သိ၏။ ဤသို့ သိသော ဤသို့မြင်သော ထိုငါ၏စိတ်သည် ကာမာသဝမှလည်း လွတ်မြောက်ခဲ့ပြီ၊ ဘဝါသဝမှလည်း လွတ်မြောက်ခဲ့ပြီ၊ အဝိဇ္ဇာသဝမှလည်း လွတ်မြောက်ခဲ့ပြီ၊ လွတ်မြောက်ပြီးလတ်သော် "လွတ်မြောက်လေပြီ" ဟု အသိဉာဏ်ဖြစ်ပေါ်ခဲ့ပြီ၊ "ပဋိသန္ဓေနေမှုကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊ (မဂ်)ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ်)ကိစ္စအလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီ" ဟု သိ၏။ မင်းသား ငါသည် ညဉ့်၏ နောက်ဆုံးဖြစ်သော မိုးသောက်ယံ၌ သုံးခုမြောက် ဤအသိဉာဏ် 'ဝိဇ္ဇာ' ကို ရခဲ့ပြီ၊ မသိမှု 'အဝိဇ္ဇာ' ပျောက်ခဲ့ပြီ၊ အသိဉာဏ် 'ဝိဇ္ဇာ' ဖြစ်ပေါ်ခဲ့ပြီ။ (အဝိဇ္ဇာ) အမှောင် ပျောက်ခဲ့ပြီ၊ (ဝိဇ္ဇာ)ဉာဏ် အလင်းရောင် ဖြစ်ပေါ်ခဲ့ပြီ၊ မမေ့မလျော့ပဲ ပြင်းစွာ အားထုတ်လျက် တည်ကြည်သောစိတ် ရှိသည်ဖြစ်၍ နေသောသူအား အဝိဇ္ဇာမှောင်ကင်း၍ ပညာဉာဏ် အရောင်အလင်း ဖြစ်ပေါ်သကဲ့သို့တည်း။

၃၃၇။ မင်းသား ထိုငါ့အား ဤသို့သော အကြံသည်ဖြစ်၏—"ငါသိအပ်ပြီးသော ဤတရားကား နက်နဲ၏ မြင်နိုင်ခဲ၏ သိနိုင်ခဲ၏ ငြိမ်သက်၏ မွန်မြတ်၏၊ တက္ကီပုဂ္ဂိုလ်တို့၏ ကျက်စားရာ မဟုတ်၊ သိမ်မွေ့၏၊ ပညာရှိတို့သာ သိနိုင်၏၊ ဤသတ္တဝါများကား ကာမဂုဏ်တို့၌ မွေ့လျော်ကုန်၏၊ ကာမဂုဏ်တို့၌ ပျော်ပိုက်ကုန်၏၊ ကာမဂုဏ်တို့၌ အလွန်နှစ်ခြိုက်နေကုန်၏၊ ကာမဂုဏ်တို့၌

http://www.dhammadownload.com



မွေ့လျော်ပျော်ပိုက် အလွန်နှစ်ခြိုက်နေကြသော ဤသတ္တဝါများသည် အကျိုးတရားတို့၏အကြောင်းဖြစ်သော ဤပဋိစ္စသမုပ္ပါဒ်တရားကို မြင်နိုင်ခဲ၏၊ ပြုပြင်မှုအားလုံး၏ ငြိမ်းရာ ဥပဓိအားလုံးကိုပယ်စွန့်ရာ တဏှာ၏ကုန်ရာ ရာဂ၏ကင်းရာ ချုပ်ရာ ငြိမ်းရာဖြစ်သော ဤ(နိဗ္ဗာန်) တရားကိုလည်း မြင်နိုင်ခဲ၏၊ ငါသည် တရားကို ဟောငြားအံ့၊ သူတပါးတို့သည် ငါ၏ တရားကို မသိ နားမလည်နိုင်ကုန်ရာ၊သို့ဖြစ်လျှင် ထိုတရားဟောမှုသည် ငါ့အား ပင်ပန်းရုံသာ ဖြစ်ရာ၏၊ ငါ့ကိုယ်(ငါ)ညှဉ်းဆဲရုံသာဖြစ်ရာ၏" ဟု (စိတ်အကြံဖြစ်ခဲ့၏)။ မင်းသား ထို့ပြင် အလွန်အံ့ဩဖွယ်ကောင်းသော ဤဂါထာတို့သည်လည်း ငါ့အား ရှေးကမကြားဘူးပဲ စိတ်ထဲ၌ ထင်လာပြန်ကုန်၏—

"ငါသည် ခဲယဉ်းစွာကျင့်သဖြင့် သိအပ်ပြီးသောတရားကို ယခုအခါ ဟောခြင်းငှါ မသင့်လျော်ချေ၊ ရာဂဒေါသနှိပ်စက်ခံနေရသောသူတို့သည် ဤတရားကို လွယ်ကူစွာ သိနိုင်ကြမည် မဟုတ်ချေ။

အမှောင်ထုဖုံးလွှမ်းလျက် ရာဂတပ်စွဲနေသောသူတို့သည် သိမ်မွေ့နက်နဲ၍ အဏုမြူသဖွယ် မြင်နိုင်ခဲသော(သံသရာ)အဆန်တရားကို မြင်နိုင်ကြမည် မဟုတ်ချေ"ဟု(စိတ်ထဲ၌ ထင်ပေါ်လာပြန်ကုန်၏)။

၃၃၈။ မင်းသား ဤသို့ဆင်ခြင်သော ငါ၏စိတ်နှလုံးသည် တရားဟောရန် မညွတ်ပဲ ကြောင့်ကြမဲ့နေရန် ညွတ်ခဲ့၏။ ထိုအခါ ငါ၏ စိတ်အကြံကို မိမိစိတ်ဖြင့် သိ၍ သဟမ္ပတိဗြဟ္မာအား ဤသို့အကြံဖြစ်ပေါ်လာ၏—"အချင်းတို့ လောကသည် ပျက်စီးတော့မည်တကား၊ အချင်းတို့ လောကသည် ပျက်စီးတော့မည်တကား၊ ပူဇော်အထူးကို ခံတော်မူထိုက်သော(အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရား၏ စိတ်နှလုံးတော်သည် တရားဟောရန် ညွတ်တော်မမူပဲ ကြောင့်ကြမဲ့နေရန် ညွတ်တော်မူတုံဘိ၏"ဟု (အကြံဖြစ်၏)။ မင်းသား ထို့နောက် အားရှိသော ယောကျ်ားသည် ကွေးထားသော လက်မောင်းကို ဆန့်သကဲ့သို့ရှိငြား ဆန့်ထားသော လက်မောင်းကို ကွေးသကဲ့သို့ရှိငြား ထို့အတူ ထိုသဟမ္ပတိဗြဟ္မာသည် ဗြဟ္မာ့ပြည်မှ ကွယ်ခဲ့ပြီးလျှင် ငါ၏ ရှေ့၌ ထင်ရှားပေါ်လာ၏။ မင်းသား ထိုအခါ ထိုသဟမ္ပတိဗြဟ္မာသည် အပေါ်ရုံကို ပခုံးတဖက်၌တင်၍ လကျ်ာဒူးကို မြေ၌ထောက်လျက် ငါ့ဆီသို့ လက်အုပ်ချီပြီးလျှင် ဤစကားကို လျှောက်၏—"မြတ်စွာဘုရား ဘုန်းကြီးတော်မူသော မြတ်စွာဘုရားသည် တရားဟောတော်မူပါလော့၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် တရားဟောတော်မူပါလော့၊ (ပညာ)မျက်စိ၌ (ကိလေသာ)မြူနည်းပါးသော သတ္တဝါတို့သည် ရှိပါကုန်၏၊(ထိုသတ္တဝါတို့သည်) တရားကို မနာရသောကြောင့် ဆုံးရှုံးနေပါကုန်၏၊ တရားကို သိသူတို့သည် ရှိပါကုန်လတ္တံ့"ဟု (လျှောက်၏)။ မင်းသား သဟမ္ပတိဗြဟ္မာသည် ဤစကားကို လျှောက်ပြီးနောက် ထို့မှတပါး ဤစကားကို လျှောက်ပြန်၏—

"ရှေးအခါ မဂဓတိုင်း၌ (ရာဂစသော)အညစ်အကြေးရှိသူ ဂိုဏ်းဆရာကြီးတို့သည် ကြံဆအပ်သော မစင်ကြယ်သော မိစ္ဆာအယူတရားသည် ထင်ရှား ဖြစ်ပေါ်ခဲ့ပါသည်၊ အမြိုက်နိဗ္ဗာန်၏တံခါးကို ဖွင့်လှစ်တော်မူပါလော့၊ အညစ်အကြေးကင်းတော်မူသော မြတ်စွာဘုရားသည် သဘာဝနှင့်အလျော် သိတော်မူအပ်သော(သစ္စာလေးပါး)တရားကို (သတ္တဝါအများ) နာကြားကြပါစေ။

http://www.dhammadownload.com



ကောင်းမြတ်သော ပညာရှင်ဖြစ်တော်မူသော မြတ်စွာဘုရား ထက်ဝန်းကျင် မြင်စွမ်းနိုင်သော ဉာဏ်မျက်စိရှိတော်မူသော မြတ်စွာဘုရား ကျောက်တောင်ထိပ်၌ ရပ်တည်လျက် ထက်ဝန်းကျင် လူအပေါင်းကို ကြည့်ရှုသကဲ့သို့ ထို့အတူ စိုးရိမ်ပူဆွေး ကင်းဝေးတော်မူသော အသျှင်ဘုရားသည် ပညာ(ဓမ္မ)ဖြင့် ပြီးသော ပြာသာဒ်ထက်သို့ တက်တော်မူ၍ ပဋိသန္ဓေနေခြင်း အိုခြင်းတို့ အနှိပ်စက်ခံနေကြရသဖြင့် စိုးရိမ်ပူဆွေးခြင်းသို့ သက်ဆင်းကျရောက်နေသော သတ္တဝါအပေါင်းကို ကြည့်ရှုတော်မူပါလော့။

ရဲရင့်တော်မူသော မြတ်စွာဘုရား အောင်ပွဲရင်တော်မူပြီးသော မြတ်စွာဘုရား ထတော်မူပါလော့၊ယာဉ်မှူးနှင့်တူတော်မူသောမြတ်စွာဘုရား(ကိလေသာ)ကြွေး ကင်းဝေးတော်မူသော မြတ်စွာဘုရား လောက၌ လှည့်လည်တော်မူပါလော့၊ ဘုန်းကြီးတော်မူသော မြတ်စွာဘုရား တရားဟောတော်မူပါလော့၊ (တရားကို) သိသူတို့သည် ရှိပါကုန်လတ္တံ့”ဟု (လျှောက်၏)။

၃၃၉။ မင်းသား ထိုအခါ ငါဘုရားသည် ဗြဟ္မာ၏ တောင်းပန်ခြင်းကို အသိအမှတ်ပြုပြီးလျှင် သတ္တဝါတို့၌ သနားခြင်းကိုလည်း အကြောင်းပြု၍ ဗုဒ္ဓစက္ခုဖြင့် လောကကို ကြည့်ခဲ့၏၊ ငါဘုရားသည် ဗုဒ္ဓစက္ခုဖြင့် လောကကို ကြည့်တော်မူလတ်သော်(ပညာ)မျက်စိ၌(ကိလေသာ)မြူ နည်းပါးသူ (ပညာ) မျက်စိ၌ (ကိလေသာ)မြူ များပြားသူ ဣန္ဒြေရင့်ကျက်ပြီးသူ ဣန္ဒြေနုသေးသူ ကောင်းသောအခြင်းအရာရှိသူ မကောင်းသော အခြင်းအရာရှိသူ သိစေရန် လွယ်ကူသူ သိစေရန် ခက်ခဲသူ တမလွန်လောကအပြစ်တို့ကို ဘေးဟု ရှုလျက်နေလေ့ရှိသူ အချို့နှင့် တမလွန်လောက အပြစ်တို့ကို ဘေးဟု ရှုလျက် နေလေ့မရှိသူ အချို့တို့ကို မြင်တော်မူ၏၊ဥပမာသော်ကား ဥပ္ပလကြာတော၌ရင်း ပဒုမာကြာတော၌ရင်း ပုဏ္ဍရိက်ကြာတော၌ရင်း အချို့သော ဥပ္ပလကြာ ပဒုမာကြာ ပုဏ္ဍရိက်ကြာတို့သည် ရေ၌ ပေါက်ကုန်၏၊ ရေ၌ ကြီးပွါးကုန်၏။ ရေမှ မပေါ် ထွက်သေးကုန်၊ ရေထဲ၌ မြုပ်၍ ဖွံ့ဖြိုးကုန်၏၊ အချို့သော ဥပ္ပလကြာ ပဒုမာကြာ ပုဏ္ဍရိက်ကြာတို့သည် ရေ၌ ပေါက်ကုန်၏၊ ရေ၌ ကြီးပွါးကုန်၏၊ ရေနှင့်အညီ တည်ကုန်၏၊ အချို့သော ဥပ္ပလာကြာ ပဒုမာကြာ ပုဏ္ဍရိက်ကြာတို့သည် ရေ၌ ပေါက်ကုန်၏၊ ရေ၌ ကြီးပွါးကုန်၏၊ ရေပေါ် သို့တက်၍ တည်ကုန်၏၊ ရေနှင့် မလိမ်းကပ်ကုန်၊ မင်းသား ဤအတူသာလျှင် ငါဘုရားသည် ဗုဒ္ဓစက္ခုဖြင့် လောကကို ကြည့်တော်မူလတ်သော် (ပညာ)မျက်စိ၌ (ကိလေသာ)မြူ နည်းပါးသူ (ပညာ)မျက်စိ၌ (ကိလေသာ)မြူ များပြားသူ ဣန္ဒြေရင့်ကျက်သူ ဣန္ဒြေနုသေးသူ ကောင်းသောအခြင်းအရာရှိသူ မကောင်းသော အခြင်းအရာရှိသူ သိစေရန်လွယ်ကူသူ သိစေရန် ခက်ခဲသူ တမလွန်လောကအပြစ်တို့ကို ဘေးဟုရှုလေ့ရှိသူ အချို့နှင့် တမလွန်လောကအပြစ်တို့ကို ဘေးဟု မရှုပဲ နေလေ့ရှိသူ အချို့တို့ကို မြင်တော်မူသောကြောင့် ငါသည် သဟမ္ပတိဗြဟ္မာအား ဂါထာဖြင့် မိန့်တော်မူ၏—

“ဗြဟ္မာ လေ့လာပြီးသောတရား မြတ်ကို ပင်ပန်းရုံသာဟု အမှတ်ရှိသည်ဖြစ်၍ လူတို့အား မဟောခဲ့ပြီ၊ (မဟောပဲနေရန် အကြံဖြစ်ခဲ့ပြီ)၊ပညာတည်းဟူသော နားနှင့် ပြည့်စုံသောသူတို့သည် ယုံကြည်ခြင်း ‘သဒ္ဓါတရား’ကို စေလွှတ်ကြကုန်လော့၊ထိုသူတို့အတွက် နိဗ္ဗာန်တံခါးကို ငါဖွင့်ထားပြီ”ဟု (မိန့်တော်မူ၏)။

၃၄၀။ မင်းသား ထိုအခါ သဟမ္ပတိဗြဟ္မာသည်“ငါဘုရားသည် တရားဟောရန် ခွင့်ပြုတော်မူလိုက်ပြီ”ဟု (သိသဖြင့်)ငါ့ကို ရှိခိုးလျက် အရိုအသေပြုပြီးလျှင် ထိုနေရာ၌ပင် ကွယ်သွားလေ၏။

http://www.dhammadownload.com



မင်းသား ထိုငါ့အား "အဘယ်သူ့ ကို ရှေးဦးစွာ တရားဟောရပါအံ့နည်း၊ အဘယ်သူသည် ဤတရားတော်ကို လျင်မြန်စွာ သိနိုင်လတ္တံ့နည်း"ဟု အကြံဖြစ်၏။ မင်းသား ထိုငါ့အား ဤကာလာမအနွယ်ဖြစ်သော အာဠာရရသေ့သည် ပညာရှိ၏၊ လိမ္မာ၏၊ ထက်မြက်သော ဉာဏ်ရှိ၏၊ ကာလရှည်မြင့်စွာကပင် ပညာမျက်စိ၌(ကိလေသာ)မြူ နည်းပါးနေ၏၊ ငါသည် ကာလာမအနွယ် ဖြစ်သော အာဠာရရသေ့အား တရားကို ရှေးဦးစွာဟောရမူ ကောင်းပေမည်၊ ထိုအာဠာရရသေ့သည် ဤတရားကို လျင်စွာပင် သိနိုင်လတ္တံ့"ဟု ဤသို့သော အကြံသည်ဖြစ်၏။မင်းသား ထိုအခါ ငါ့ကို နတ်သားသည် ချဉ်းကပ်၍ "အသျှင်ဘုရား ကာလာမအနွယ်ဖြစ်သော အာဠာရရသေ့သည် သေပြီး၍ ခုနစ်ရက်ရှိပါပြီ"ဟု ဤစကားကို လျှောက်၏၊ ငါ့မှာလည်း "ကာလာမအနွယ်ဖြစ်သော အာဠာရရသေ့သည် သေပြီး၍ ခုနစ်ရက်ရှိပြီ"ဟု ဉာဏ်အမြင်သည် ထင်ရှားဖြစ်၏။ မင်းသား ထိုငါ့အား"ကာလာမအနွယ်ဖြစ်သော အာဠာရရသေ့သည် ကြီးစွာသော ဆုံးရှုံးခြင်းကြီး ဆုံးရှုံးခဲ့ပြီ၊ အကြောင်းမူကား အကယ်၍ ထိုအာဠာရရသေ့သည် ဤတရားကို နာရပါမူ လျင်စွာပင် သိနိုင်ရာ၏"ဟု ဤသို့သော အကြံသည်ဖြစ်၏။

မင်းသား ထိုငါ့အား "အဘယ်သူအား ငါသည် ရှေးဦးစွာ တရားဟောရအံ့နည်း၊အဘယ်သူသည် ဤတရားတော်ကို လျင်စွာ သိနိုင်လတ္တံ့နည်း"ဟု ငါ့အား အကြံဖြစ်ပြန်၏။ မင်းသား ထိုငါ့အား "ရာမ၏သားဖြစ်သော ဥဒကရသေ့သည် ပညာရှိ၏၊ လိမ္မာ၏၊ ထက်မြက်သောဉာဏ်ရှိ၏၊ ကာလရှည်မြင့်စွာကပင် (ပညာ)မျက်စိ၌ (ကိလေသာ)မြူ နည်းပါးနေ၏၊ ငါသည် ရာမ၏သား ဖြစ်သော ဥဒကရသေ့အား တရားကို ရှေးဦးစွာ ဟောရမူ ကောင်းပေမည်၊ ထို(ဥဒကရသေ့)သည် ဤတရားကို လျင်စွာပင် သိနိုင်လတ္တံ့"ဟု ဤသို့သောအကြံသည်ဖြစ်၏။ ထိုအခါ နတ်သားသည် ငါ့အား "အသျှင်ဘုရား ရာမ၏သားဖြစ်သော ဥဒကရသေ့သည် ယမန်နေ့က သေဆုံးခဲ့ပါပြီ"ဟု လျှောက်၏။

ငါ့အားလည်း "ရာမ၏သားဖြစ်သော ဥဒကရသေ့သည် ယမန်နေ့က သေဆုံးခဲ့ပြီ"ဟု အသိဉာဏ် ထင်ရှားဖြစ်ပေါ် ခဲ့ပြီ။မင်းသား ငါ့အား"ရာမ၏သားဖြစ်သော ဥဒကရသေ့သည် ဆုံးရှုံးခြင်းကြီး ဆုံးရှုံးခဲ့ပြီ၊ အကြောင်းမူကား အကယ်၍ ထိုဥဒကရသေ့သည် ဤတရားကို နာရပါမူ လျင်စွာပင် သိနိုင်ရာ၏"ဟု အကြံသည် ဖြစ်၏။

၃၄၁။ မင်းသား ထိုငါသည် "အဘယ်သူ့ ကို ရှေးဦးစွာ တရားဟောရအံ့နည်း၊ အဘယ်သူသည် ဤတရားတော်ကို လျင်မြန်စွာ သိနိုင်လတ္တံ့နည်း"ဟု အကြံဖြစ်ပြန်၏။မင်းသား ထိုငါ့အား "(ငါးယောက်အစုရှိသော) ပဉ္စဝဂ္ဂီရဟန်းတို့သည် ငါ့အား ကျေးဇူးများကုန်၏၊ ယင်း ပဉ္စဝဂ္ဂီရဟန်းတို့သည် ပဓာနအလုပ်ကို အားထုတ်နေသော ငါ့ကို လုပ်ကျွေးဘူးကုန်၏၊ ငါသည် ပဉ္စဝဂ္ဂီရဟန်းတို့အား တရားကို ရှေးဦးစွာ ဟောရမူ ကောင်းပေမည်"ဟု အကြံဖြစ်ပြန်၏။ မင်းသား ထိုငါ့အား "ယခုအခါ ပဉ္စဝဂ္ဂီရဟန်းတို့သည် အဘယ်အရပ်၌ နေကြကုန်သနည်း"ဟု အကြံဖြစ်ပြန်၏။ မင်းသား ငါသည် အထူးသဖြင့် သန့်ရှင်း စင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန်သော နတ်မျက်စိနှင့်တူသော မျက်စိဒိဗ္ဗစက္ခုဉာဏ်ဖြင့် ဗာရာဏသီပြည် ဣသိပတနမည်သော မိဂဒါဝုန်တော၌ နေကုန်သော ပဉ္စဝဂ္ဂီရဟန်းတို့ကို မြင်တော်မူ၏။ မင်းသား ထိုအခါ ငါဘုရားသည် ဥရုဝေလတော၌ မွေ့လျော်တော်မူသမျှနေပြီးလျှင် ဗာရာဏသီပြည်သို့ ဒေသစာရီလှည့်လည်ခဲ့၏။

မင်းသား ဥပကအာဇီဝက (တက္ကတွန်း)သည် ဂယာနှင့် ဗောဓိပင်အကြား ခရီးရှည်သွားသော ငါဘုရားကို မြင်၍ ငါ့ကို "ငါ့သျှင် သင်၏ ဣန္ဒြေတို့သည် အထူးသဖြင့် ကြည်လင်ကုန်၏၊အရေ

http://www.dhammadownload.com



အဆင်းသည် စင်ကြယ်၏၊ ဖြူစင်၏၊ငါ့သျှင် သင်သည် အဘယ်သူ့ ကို ရည်ညွှန်း၍ ရဟန်းပြုသနည်း၊ သင်၏ဆရာကား အဘယ်သူနည်း၊ သင်သည် အဘယ်သူ၏ တရားကို နှစ်သက်သနည်း"ဟု ဆိုလတ်သော် ငါဘုရားသည် ဥပကအာဇီဝက(တက္ကတွန်း)ကို ဂါထာတို့ဖြင့် မိန့်ကြား၏—

"ဥပက ငါသည် အလုံးစုံကို လွှမ်းမိုးနိုင်၏၊ အလုံးစုံကို သိ၏၊ တရားအားလုံးတို့၌ (ကိလေသာဖြင့်)မလိမ်းကျံ၊ အလုံးစုံကို စွန့်အပ်ပြီ၊ တဏှာ၏ကုန်ရာ (နိဗ္ဗာန်)ကိုအာရုံပြုရသောကြောင့် ကိလေသာမှ လွတ်ပြီ၊ကိုယ်တိုင် အထူးသိမြင်ပြီးဖြစ်၍ အဘယ်သူ့ ကို (ဆရာဟူ၍)ညွှန်းရအံ့နည်း။

ဥပက ငါ့အား ဆရာမရှိ၊ ငါနှင့်တူသောသူ မရှိ၊ နတ်နှင့်တကွသော လောက၌ ငါ့အား ဖက်ပြိုင်နိုင်သော ပုဂ္ဂိုလ်သည်လည်း မရှိ။

ငါသည် လောက၌ ရဟန္တာတည်း၊ ငါသည် အထွတ်မရှိသောသူတည်း၊ နတ်လူတို့၏ ဆရာတည်း၊ (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာသိသော တဆူတည်းသော ဘုရားတည်း၊ ကိလေသာမီးငြိမ်းသည်ဖြစ်၍ ချမ်းမြေ၏။

ငါသည် ဓမ္မစကြာတရားကို ဟောခြင်းငှါ ကာသိတိုင်း ဗာရာဏသီပြည်သို့ သွားအံ့၊ သူကန်းသဖွယ်ဖြစ်သော လောက၌ (တရားတည်းဟူသော) အမြိုက်စည်ကြီးကို တီးခတ်ပေအံ့"ဟု (မိန့်ကြား၏)။

ငါ့သျှင် သင်ဝန်ခံသည့်အတိုင်းဆိုလျှင် "အဆုံးမရှိသောဉာဏ်နှင့် ပြည့်စုံသော မာရ်ငါးပါးကို အောင်သော ဘုရား ဖြစ်ထိုက်ပေ၏"ဟု (ဆို၏)။

"ဥပက အာသဝေါတရားတို့ကုန်ခြင်းသို့ ရောက်သော ငါကဲ့သို့သော ပုဂ္ဂိုလ်တို့သည် စင်စစ်ဇိနမည်ကုန်၏၊ ငါသည် ယုတ်မာသော အကုသိုလ်တရားတို့ကို အောင်အပ်ပြီးဖြစ်သောကြောင့် ဇိနမည်၏"ဟု (မိန့်တော်မူ၏)။

မင်းသား ဤသို့ မိန့်ကြားသော် ဥပကတက္ကတွန်းသည် "ငါ့သျှင် ဤသို့လည်း ဖြစ်နိုင်ရာ၏"၊ 'ဟုတ်ပေရာ၏'ဟု"ဆိုကာ ဦးခေါင်းကို ညိတ်လျက် လမ်းဖယ်၍ သွားလေ၏။

၃၄၂။ မင်းသား ထိုအခါ ငါဘုရားသည် အစဉ်အတိုင်း ဒေသစာရီလှည့်လည်ခဲ့သော် ဗာရာဏသီပြည် ဣသိပတနမည်သော မိဂဒါဝုန်တော ပဉ္စဝဂ္ဂီရဟန်းတို့ထံသို့ ချဉ်းကပ်ခဲ့၏။မင်းသား ပဉ္စဝဂ္ဂီရဟန်းတို့သည် အဝေးမှ ကြွလာတော်မူသော ငါဘုရားကို မြင်ကြ၍ "ငါ့သျှင်တို့ လာဘ်များခြင်းငှါ ကျင့်၍ ကမ္မဋ္ဌာန်းလုပ်ငန်းမှ ထွက်သော လာဘ်များခြင်းငှါ လှည့်လည်သော ဤရဟန်းဂေါတမသည် ကြွလာ၏၊ ထိုရဟန်းဂေါတမကို ရှိမခိုးရ၊ ခရီးဦးကြိုမှု မပြုရ၊ ထိုရဟန်းဂေါတမ၏ သပိတ်သင်္ကန်းကို လှမ်းမယူရ၊ (သို့ရာတွင်)နေရာကိုကား ထားထိုက်၏၊ ရဟန်းဂေါတမသည် အကယ်၍ အလိုရှိလျှင် ထိုင်လိမ့်မည်"ဟု အချင်းချင်း ကတိကဝတ်ပြုကုန်၏။ မင်းသား ငါဘုရားသည် ပဉ္စဝဂ္ဂီရဟန်းတို့ထံသို့ ချဉ်းကပ်မိသော် ပဉ္စဝဂ္ဂီရဟန်းတို့သည် မိမိတို့ ကတိကဝတ်ဖြင့် မတည်နိုင်ကုန်ပဲ ငါဘုရားကို ခရီးဦးကြိုပြုကြပြီးလျှင် တယောက်သည် ငါဘုရား၏ သပိတ်သင်္ကန်းကို လှမ်းယူ၏၊ တယောက်သည် နေရာခင်း၏၊ တယောက်သည် ခြေဆေးရေကိုတည်၏၊ တယောက်သည် ခြေဆေးအင်းပျဉ်ကို တည်ထား၏၊ တယောက်သည် ခြေပွတ်အိုး ခြမ်းကို အနီး၌ ထား၏၊ ငါဘုရားသည် ခင်းထားသော နေရာ၌ ထိုင်ပြီးလျှင် ခြေတို့ကို ဆေးကြော၏။ သို့သော် ငါဘုရားကို ဂေါတမဟူသောအမည်ဖြင့်ရင်း ငါ့သျှင်ဟူသောခေါ်ဝေါ်ခြင်းဖြင့်ရင်း ခေါ်ဝေါ်ပြောဆိုကုန်၏။

http://www.dhammadownload.com



ဤသို့ ပြောဆိုကုန်သည်ရှိသော် ငါဘုရားသည် ပဉ္စဝဂ္ဂီရဟန်းတို့အား "ရဟန်းတို့ ငါ့ကို အမည်ဖြင့်၎င်း ငါ့သျှင်ဟူသောခေါ်ဝေါ်ခြင်းဖြင့်၎င်း မပြောဆိုကြကုန်လင့်။ ရဟန်းတို့ ငါဘုရားသည် ရဟန္တာတည်း၊ (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိသော ဘုရားတည်း၊ ရဟန်းတို့ နားထောင်ကုန်လော့၊ အမြိုက်နိဗ္ဗာန်ကို (ငါ)ရပြီ၊ငါသည် ဆုံးမအံ့၊ ငါသည် တရားဟောအံ့၊ ငါဆုံးမသည့်အတိုင်း ကျင့်သည်ရှိသော် လူ့ဘောင်မှ ရဟန်းဘောင်သို့ ကောင်းစွာ ဝင်သော အမျိုးကောင်းသားတို့ လိုလားအပ်သော မြတ်သောအကျင့်၏ အဆုံးဖြစ်သော အတုမရှိသော အရဟတ္တဖိုလ်သို့ မကြာမီ ယခုဘဝ၌ ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ရောက်၍ နေရလတ္တံ့"ဟု ပြောခဲ့၏၊ မင်းသား ဤသို့ ပြောသော် ပဉ္စဝဂ္ဂီရဟန်းတို့သည် ငါဘုရားအား ဤသို့ ဆိုကုန်၏ "ငါ့သျှင်ဂေါတမ သင်သည် ပြုနိုင်ခဲ့သော ဣရိယာပုထ်ကို ပြုသဖြင့်၎င်း ကျင့်နိုင်ခဲ့သော အကျင့်ကို ကျင့်သဖြင့်၎င်း ပြုနိုင်ခဲ့သော အမှုကို ပြုသဖြင့်၎င်း လူတို့၏ ကုသိုလ်တရားထက် လွန်မြတ်သော အရိယာအဖြစ်ကို ပြုစွမ်းနိုင်သော ဉာဏ်အမြင်အထူးကို မရခဲ့ပေ၊လာဘ်များခြင်း၌ ကျင့်၍ ကမ္မဋ္ဌာန်း(လုပ်ငန်း)မှ ထွက်လျက် လာဘ်များခြင်း၌ လှည့်လည်သော သင်သည် ယခုအခါ လူတို့၏ ကုသိုလ်တရားထက် လွန်မြတ်သော အရိယာအဖြစ်ကို ပြုစွမ်းနိုင်သော ဉာဏ်အမြင်အထူးကို အဘယ်မှာ (သင်)ရနိုင်ပါအံ့နည်း"ဟု (ပြောကုန်၏)။

မင်းသား ဤသို့ပြောကုန်သော် ငါဘုရားသည် ပဉ္စဝဂ္ဂီရဟန်းတို့အား "ရဟန်းတို့ ငါဘုရားသည် လာဘ်များခြင်း၌ မကျင့်၊ ကမ္မဋ္ဌာန်းလုပ်ငန်းမှလည်း ထွက်သည်မဟုတ်၊ လာဘ်များခြင်း၌ မလှည့်လည်၊ ရဟန်းတို့ ငါဘုရားသည် ရဟန္တာတည်း၊(အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာသိသော ဘုရားတည်း၊ ရဟန်းတို့ နားထောင်ကုန်လော့၊ အမြိုက်နိဗ္ဗာန်ကို (ငါ)ရပြီ၊ ငါသည် ဆုံးမအံ့၊ ငါသည် တရားဟောအံ့၊ ငါဆုံးမသည့်အတိုင်း ကျင့်သည်ရှိသော် လူ့ဘောင်မှ ရဟန်းဘောင်သို့ ကောင်းစွာဝင်သော အမျိုးကောင်းသားတို့ လိုလားအပ်သော မြတ်သော အကျင့်၏ အဆုံးဖြစ်သော အတုမရှိသော အရဟတ္တဖိုလ်သို့ မကြာမီ ယခုဘဝ၌ ထူးသောဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက်ပြုလျက် ရောက်၍ နေရလတ္တံ့"ဟု ပြော၏။ မင်းသား နှစ်ကြိမ်မြောက်လည်း ပဉ္စဝဂ္ဂီရဟန်းတို့သည် ငါဘုရားအား ဤသို့ ဆိုကုန်၏။ နှစ်ကြိမ်မြောက်လည်း ငါဘုရားသည် ပဉ္စဝဂ္ဂီရဟန်းတို့အား ဤသို့ပင် မိန့်တော်မူ၏။ပ။ မင်းသား ၊ သုံးကြိမ်မြောက်လည်း ပဉ္စဝဂ္ဂီရဟန်းတို့သည် ငါဘုရားအား "ငါ့သျှင်ဂေါတမ သင်သည် ပြုနိုင်ခဲ့သော ဣရိယာပုထ်ကို ပြုသဖြင့်၎င်း ကျင့်နိုင်ခဲ့သောအကျင့်ကို ကျင့်သဖြင့်၎င်း ပြုနိုင်ခဲ့သော အမှုကို ပြုသဖြင့်၎င်း လူတို့၏ ကုသိုလ်တရားထက် လွန်မြတ်သော အရိယာအဖြစ်ကို ပြုစွမ်းနိုင်သော ဉာဏ်အမြင်အထူးကို မရခဲ့ပေ၊ လာဘ်များခြင်း၌ ကျင့်၍ ကမ္မဋ္ဌာန်း(လုပ်ငန်း)မှ ထွက်လျက် လာဘ်များခြင်း၌ လှည့်လည်သော သင်သည် ယခုအခါ လူတို့၏ ကုသိုလ်တရားထက် လွန်မြတ်သော အရိယာအဖြစ်ကို ပြုစွမ်းနိုင်သော ဉာဏ်အမြင်အထူးကို အဘယ်မှာ (သင်)ရနိုင်ပါအံ့နည်း"ဟု ပြောကုန်၏။

ဤသို့ပြောကုန်လတ်သော် ငါဘုရားသည် ပဉ္စဝဂ္ဂီရဟန်းတို့အား"ဤမှ ရှေးအခါ၌ ဤသို့သော စကားကို ငါပြောဘူးသည်ကို သင်တို့မှတ်မိကြကုန်သလော"ဟု ပြောဆို၏။မမှတ်မိပါ အသျှင်ဘုရားဟု(လျှောက်ကြကုန်၏)။ရဟန်းတို့ ငါသည် ရဟန္တာတည်း၊(အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာသိသော ဘုရားတည်း၊ ရဟန်းတို့ နားထောင်ကုန်လော့၊ အမြိုက်နိဗ္ဗာန်ကို (ငါ)ရပြီ၊ ငါသည် ဆုံးမအံ့၊ ငါသည် တရားဟောအံ့၊ ငါဆုံးမသည့်အတိုင်း ကျင့်သည်ရှိသော် လူ့ဘောင်မှ ရဟန်းဘောင်သို့ ကောင်းစွာဝင်သော အမျိုးကောင်းသားတို့ လိုလားအပ်သော မြတ်သော အကျင့်၏

http://www.dhammadownload.com



အဆုံးဖြစ်သော အတုမရှိသော အရဟတ္တဖိုလ်သို့ မကြာမီ ယခုဘဝ၌ ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ရောက်၍ နေရလတ္တံ့ ဟု ဆို၏။ မင်းသား ငါဘုရားသည် ပဥ္စဝဂ္ဂီရဟန်းတို့အား (ဘုရားအဖြစ်ကို)သိစေရန် တတ်နိုင်ခဲ့လေပြီ။ မင်းသား နှစ်ပါးကုန်သော ရဟန်းတို့ကိုလည်း ဆုံးမ၏၊ သုံးပါးကုန်သော ရဟန်းတို့သည် ဆွမ်းအတွက် လှည့်လည်ကြကုန်၏၊ ရဟန်းသုံးပါးတို့သည် ဆွမ်းအလို့ငှါ လှည့်လည်၍ ဆောင်ယူခဲ့သော ထိုဆွမ်းဖြင့် ခြောက်ဦးသားတို့ မျှတကြကုန်၏။ မင်းသား သုံးပါးကုန်သော ရဟန်းတို့ကိုလည်း ဆုံးမ၏၊ နှစ်ပါးကုန်သော ရဟန်းတို့သည် ဆွမ်းအတွက် လှည့်လည်ကြကုန်၏၊ နှစ်ပါးကုန်သော ရဟန်းတို့သည် ဆွမ်းအလို့ငှါ လှည့်လည်ကြ၍ ဆောင်ယူလာသော ဆွမ်းဖြင့် ခြောက်ဦးသားတို့သည် မျှတကြကုန်၏။

၃၄၃။ မင်းသား ထိုအခါ ပဥ္စဝဂ္ဂီရဟန်းတို့သည် ငါက ဤသို့ဆုံးမ ဤသို့ကိုကန်မြစ်အပ်သည် ရှိသော် ကောင်းစွာသာလျှင် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ကြသော အမျိုးကောင်းသား များ လိုလားအပ်သော အတုမရှိသော မြတ်သောအကျင့်၏ အဆုံးဖြစ်သော အရဟတ္တဖိုလ်အကျိုး ကို ယခုဘဝ၌ပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုကာ ရောက်၍ နေရကုန်ပြီဟု (မိန့်တော်မူ၏)။ ဤသို့မိန့်တော်မူလတ်သော် ဗောဓိမင်းသားသည် မြတ်စွာဘုရားကို "အသျှင်ဘုရား မြတ်စွာဘုရားဟူသော ဆုံးမသူဆရာကိုရသော ရဟန်းသည် အဘယ်မျှလောက် ကြာမြင့်မှ ကောင်းစွာသာလျှင် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ကြသော အမျိုးကောင်းသားများ လိုလားအပ်သော အတုမရှိသော မြတ်သောအကျင့်၏ အဆုံးဖြစ်သော အရဟတ္တဖိုလ်အကျိုးကို ယခုဘဝ၌ပင် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုကာ ရောက်၍ နေရသနည်း" ဟု လျှောက်၏။

မင်းသား ထိုသို့ဖြစ်မူ ဤအရာ၌ သင်မင်းသားကိုသာလျှင် ပြန်၍ မေးအံ့၊ သင်နှစ်သက်သည့် အတိုင်း ဖြေကြားလော့။ မင်းသား ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ သင်မင်းသားသည် ဆင်စီးအတတ်၌ရှင်း ချွန်းကိုင်အတတ်၌ရှင်း တတ်မြောက်လိမ္မာသည် မဟုတ်လောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မှန်ပါ၏၊အကျွန်ုပ်သည် ဆင်စီးအတတ်၌ရှင်း ချွန်းကိုင်အတတ်၌ရှင်း တတ်မြောက် လိမ္မာပါ၏ ဟု (လျှောက်၏)။

မင်းသား ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ ဤလောက၌ တဦးသော ယောကျ်ားသည် "ဗောဓိမင်းသားသည် ဆင်စီးအတတ်ကိုရှင်း ချွန်းကိုင်အတတ်ကိုရှင်း တတ်မြောက်၏၊ထိုမင်းသား၏ အထံ၌ ဆင်စီးအတတ်ကိုရှင်း ချွန်းကိုင်အတတ်ကိုရှင်း သင်ယူအံ့"ဟူ၍ လာရောက်ရာ၏။ ထို ယောကျ်ားသည် ယုံကြည်မှုမရှိသူလည်း ဖြစ်ရာ၏၊ယုံကြည်မှုရှိသူ ရောက်သင့်သောအရာသို့လည်း မရောက်ရာ။ ထိုယောကျ်ားသည် အနာရောဂါများသူလည်း ဖြစ်ရာ၏၊ အနာရောဂါကင်းသူ ရောက်သင့်သော အရာသို့လည်း မရောက်ရာ။ ထိုယောကျ်ားသည် ဟန်ဆောင်တတ်သူ မာယာ များသူဖြစ်၏၊ဟန်မဆောင်တတ်သူ မာယာမများသူ ရောက်သင့်သော အရာသို့လည်း မရောက်ရာ။ ထိုယောကျ်ားသည် ပျင်းရိသူလည်း ဖြစ်ရာ၏၊ထက်သန်သောလုံ့လရှိသူ ရောက်သင့်သော အရာ သို့လည်း မရောက်ရာ။ ထိုယောကျ်ားသည် ဉာဏ်နည်းသူလည်း ဖြစ်ရာ၏၊ ဉာဏ်ရှိသူရောက်သင့် သောအရာသို့လည်း မရောက်ရာ။

မင်းသား ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ စင်စစ်အားဖြင့် ထိုသို့သဘောရှိသော ယောကျ်ားသည် သင်၏ အထံ၌ ဆင်စီးအတတ် ချွန်းကိုင်အတတ်ကို တတ်မြောက်ရာအံ့လောဟု

http://www.dhammadownload.com



(မေးတော်မူ၏)။ အသျှင်ဘုရား တပါးပါးသော အင်္ဂါနှင့်မျှလည်း ပြည့်စုံသော ထိုယောကျ်ား သည် အကျွန်ုပ်၏ အထံ၌ ဆင်စီးအတတ်ကိုဖြစ်စေ ချွန်းကိုင်အတတ်ကိုဖြစ်စေ မတတ်မြောက်ရာပါ၊ အင်္ဂါငါးပါးလုံးနှင့် ပြည့်စုံသော ယောကျ်ားမှာမူကား အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း ဟု (လျှောက်၏)။

၃၄၄။ မင်းသား ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း။ ဤလောက၌ ယောကျ်ား တယောက်သည် "ဗောဓိမင်းသားသည် ဆင်စီးအတတ်ကိုဖြစ်စေ ချွန်းကိုင်အတတ်ကိုဖြစ်စေ တတ်မြောက် ၏၊ ငါသည် ဗောဓိမင်းသားအထံ၌ ဆင်စီးအတတ်ကိုဖြစ်စေ ချွန်းကိုင်အတတ်ကိုဖြစ်စေ သင်ယူအံ့" ဟူ၍ လာရောက်ရာ၏၊ ထိုယောကျ်ားသည် မင်းသားအား ယုံကြည်မှုရှိသူဖြစ်ရာ၏၊ ယုံကြည်သူ ရောက် သင့်သော အရာသို့လည်း ရောက်ရာ၏၊ ထိုယောကျ်ားသည် ဟန်မဆောင်တတ်သူ မာယာမများသူ လည်း ဖြစ်ရာ၏၊ ဟန်မဆောင်တတ်သူ မာယာမများသူ ရောက်သင့်သောအရာသို့လည်း ရောက်ရာ၏၊ ထိုယောကျ်ားသည် ထက်သန်သော လုံ့လရှိသူလည်း ဖြစ်ရာ၏၊ ထက်သန်သော လုံ့လရှိသူ ရောက် သင့်သော အရာသို့လည်း ရောက်ရာ၏၊ ထိုယောကျ်ားသည် ဉာဏ်ရှိသူလည်း ဖြစ်ရာ၏၊ ဉာဏ်ရှိသူ ရောက်သင့်သော အရာသို့လည်း ရောက်ရာ၏။ မင်းသား ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ စင်စစ်အားဖြင့် ထိုယောကျ်ားသည် သင်၏ အထံ၌ ဆင်စီးအတတ်ကိုဖြစ်စေ ချွန်းကိုင်အတတ်ကိုဖြစ်စေ တတ်မြောက်ရာအံ့လောဟု (မေးတော်မူ၏)။ အသျှင်ဘုရား တပါးပါးသော အင်္ဂါနှင့်မျှလည်း ပြည့်စုံသော ထိုယောကျ်ားသည် အကျွန်ုပ်၏ အထံ၌ ဆင်စီးအတတ်ကိုဖြစ်စေ ချွန်းကိုင်အတတ်ကိုဖြစ်စေ တတ်မြောက်ရာပါ၏၊ ငါးပါးသော အင်္ဂါတို့နှင့် ပြည့်စုံသော သူမှာမူကား အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း ဟု (လျှောက်၏)။

မင်းသား ဤဥပမာ အတူသာလျှင် ကမ္မဋ္ဌာန်းအားထုတ်သူတို့၏ အကြောင်းအင်္ဂါတို့ သည် ဤငါးပါးတို့တည်း။ အဘယ်ငါးပါးတို့နည်းဟူမူ—မင်းသား ရဟန်းသည် ယုံကြည်မှုရှိ၏။ "ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံမည်တော်မူ၏၊ (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသောအကြောင်း ကြောင့်လည်း သမ္မာသမ္ဗုဒ္ဓမည်တော်မူ၏၊ အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ' နှင့်ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္နမည်တော်မူ၏၊ ကောင်းသောစကားကို ဆိုတော်မူတတ် သောအကြောင်းကြောင့်လည်း သုဂတမည်တော်မူ၏၊ လောကကို သိတော်မူသောအကြောင်း ကြောင့်လည်း လောကဝိဒူမည်တော်မူ၏၊ ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ်ဖြစ်တော် မူသော အကြောင်းကြောင့်လည်း အနုတ္တရောပုရိသဒမ္မသာရထိ မည်တော်မူ၏၊ နတ်လူတို့၏ဆရာ ဖြစ်တော်မူသောကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါး တရားတို့ကို)သိစေတော်မူသောအကြောင်းကြောင့်လည်း ဗုဒ္ဓမည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော် မူသောအကြောင်းကြောင့်လည်း ဘဂဝါမည်တော်မူ၏" ဟု မြတ်စွာဘုရား၏ ဗောဓိ(မဂ်ဉာဏ် ဖိုလ်ဉာဏ် သဗ္ဗညုတဉာဏ်)ကို ယုံကြည်၏။ အနာကင်း၏၊ ဆင်းရဲကင်း၏၊ အညီအညွတ် ကျက် စေတတ်သော မအေးလွန်း မပူလွန်းသော အလယ်အလတ်ဖြစ်သော ကမ္မဋ္ဌာန်း စီးဖြန်းရန် ခန့်သော ပါစကတေဇောဓာတ်နှင့် ပြည့်စုံ၏၊ ဟန်ဆောင်ခြင်း လှည့်ပတ်ခြင်း မရှိ၊ ဆရာဖြစ် သော မြတ်စွာဘုရားအထံ၌ဖြစ်စေ ပညာရှိကုန်သော သီတင်းသုံးဖော်တို့အထံ၌ဖြစ်စေ ဟုတ်မှန်သည့် အတိုင်း မိမိကိုယ်ကို ထင်စွာ ပြုတတ်၏၊ အကုသိုလ်တရားတို့ကို ပယ်ရန် ကုသိုလ်တရားတို့ကို ပြည့်စုံစေရန် ထက်သန်သော လုံ့လရှိသည်ဖြစ်၍ နေ၏၊ အားစွမ်းရှိ၏၊ မြဲမြံစွာအားထုတ်မှုရှိ၏၊

http://www.dhammadownload.com



ကုသိုလ်တရားတို့၌ တာဝန်ကို ပစ်ချမထား၊ ပညာရှိ၏၊ အဖြစ်အပျက်ကို သိစွမ်းနိုင်သော ပညာနှင့် ပြည့်စုံ၏၊ စင်ကြယ်သော (ကိလေသာကို) ဖောက်ခွဲဖျက်ဆီးနိုင်သော ကောင်းစွာ ဒုက္ခ၏ကုန်ရာ နိဗ္ဗာန်သို့ ရောက်စေနိုင်သော ပညာနှင့် ပြည့်စုံ၏။ မင်းသား ဤသည်တို့ကား ကမ္မဋ္ဌာန်းစီးဖြန်းသော ပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါငါးပါးတို့ပေတည်း။

၃၄၅။ မင်းသား ကမ္မဋ္ဌာန်းစီးဖြန်းမှု အကြောင်းအင်္ဂါငါးပါးတို့နှင့် ပြည့်စုံသော ရဟန်းသည် မြတ်စွာဘုရားတည်းဟူသော ဆုံးမသူဆရာကို ရသည်ရှိသော် ခုနစ်နှစ်ကြာလျှင် ကောင်းစွာသာလျှင် လူ့ဘောင်မှ ရဟန်းဘောင်သို့ဝင်ကြသော အမျိုးကောင်းသားများလိုလားအပ်သော အတုမရှိသော မြတ်သောအကျင့်၏ အဆုံးဖြစ်သော အရဟတ္တဖိုလ်အကျိုးကို ယခုဘဝ၌ပင် ကိုယ်တိုင် ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြုကာ ရောက်၍ နေနိုင်ရာ၏။ မင်းသား ခုနစ်နှစ်တို့ကို ထားဦးလော့၊ ကမ္မဋ္ဌာန်း အားထုတ်မှုအကြောင်း အင်္ဂါငါးပါးတို့နှင့် ပြည့်စုံသော ရဟန်းသည် မြတ်စွာဘုရားတည်းဟူသော ဆုံးမသူ ဆရာကို ရသည်ရှိသော် ခြောက်နှစ်ကြာလျှင် ကောင်းစွာသာလျှင် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ကြသော အမျိုးကောင်းသားများ လိုလားအပ်သော အတုမရှိသော မြတ်သောအကျင့်၏ အဆုံးဖြစ်သော အရဟတ္တဖိုလ်အကျိုးကို ယခုဘဝ၌ပင် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုကာ ရောက်၍ နေနိုင်ရာ၏။ ငါးနှစ်ကြာလျှင်။ လေးနှစ်ကြာလျှင်။ သုံးနှစ်ကြာလျှင်။ နှစ်နှစ်ကြာလျှင်။ တနှစ်ကြာလျှင်။ မင်းသား တနှစ်ကို ထားဦးလော့၊ ကမ္မဋ္ဌာန်းအားထုတ်မှု အကြောင်းအင်္ဂါငါးပါးတို့နှင့် ပြည့်စုံသော ရဟန်းသည် မြတ်စွာဘုရားတည်းဟူသော ဆုံးမသူဆရာကို ရသည်ရှိသော် ခုနစ်လကြာလျှင် ကောင်းစွာသာလျှင် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ကြသော အမျိုးကောင်းသားများ လိုလားအပ်သော အတုမရှိသော မြတ်သော အကျင့်၏ အဆုံးဖြစ်သော အရဟတ္တဖိုလ်အကျိုးကို ယခုဘဝ၌ပင် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုကာ ရောက်၍ နေနိုင်ရာ၏။

မင်းသား ခုနစ်လတို့ကို ထားဦးလော့၊ ဤကမ္မဋ္ဌာန်း အားထုတ်မှု အကြောင်းအင်္ဂါငါးပါးတို့နှင့် ပြည့်စုံသောရဟန်းသည် မြတ်စွာဘုရားတည်းဟူသော ဆုံးမသူဆရာကို ရသည်ရှိသော် ခြောက်လကြာလျှင် ကောင်းစွာသာလျှင် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ကြသော အမျိုးကောင်းသားများ လိုလားအပ်သော အတုမရှိသော မြတ်သောအကျင့်၏ အဆုံးဖြစ်သော အရဟတ္တဖိုလ်အကျိုးကို ယခုဘဝ၌ပင် ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြုကာ ရောက်၍ နေနိုင်ရာ၏။ ငါးလကြာလျှင်။ လေးလကြာလျှင်။ သုံးလကြာလျှင်။ နှစ်လကြာလျှင်။ တလကြာလျှင်။ လဝက်ကြာလျှင်။ မင်းသား လဝက်ကို ထားဦးလော့၊ ဤကမ္မဋ္ဌာန်းအားထုတ်မှု အကြောင်းအင်္ဂါငါးပါးတို့နှင့် ပြည့်စုံသော ရဟန်းသည် မြတ်စွာဘုရားတည်းဟူသော ဆုံးမသူဆရာကို ရသည်ရှိသော် ခုနစ်ရက်ကြာလျှင် ကောင်းစွာသာလျှင် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ကြသော အမျိုးကောင်းသားများ လိုလားအပ်သော အတုမရှိသော မြတ်သောအကျင့်၏ အဆုံးဖြစ်သော အရဟတ္တဖိုလ်အကျိုးကို ယခုဘဝ၌ပင် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုကာ ရောက်၍ နေနိုင်ရာ၏။

မင်းသား ခုနစ်ရက်တို့ကို ထားဦးလော့၊ ဤကမ္မဋ္ဌာန်းအားထုတ်မှု အကြောင်းအင်္ဂါငါးပါးတို့နှင့် ပြည့်စုံသော ရဟန်းသည် မြတ်စွာဘုရားတည်းဟူသော ဆုံးမသူဆရာကို ရသည်ရှိသော် ခြောက်ရက်ကြာလျှင် ကောင်းစွာသာလျှင် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ကြသော အမျိုးကောင်းသားများ လိုလားအပ်သော အတုမရှိသော မြတ်သောအကျင့်၏ အဆုံးဖြစ်သော အရဟတ္တဖိုလ်အကျိုးကို ယခုဘဝ၌ပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုကာ ရောက်၍ နေနိုင်ရာ၏။ ငါးရက်ကြာ

http://www.dhammadownload.com



လျှင်။ လေးရက်ကြာလျှင်။ သုံးရက်ကြာလျှင်။ နှစ်ရက်ကြာလျှင်။ တရက်ကြာလျှင်။ မင်းသား တရက်ကို ထားဦးလော့၊ ဤကမ္မဋ္ဌာန်း အားထုတ်မှု အကြောင်းအင်္ဂါငါးပါးတို့နှင့် ပြည့်စုံသောရဟန်းသည် မြတ်စွာဘုရားတည်းဟူသော ဆုံးမသူဆရာ ကို ရသည်ရှိသော် ညချမ်းအခါ ဆုံးမမူ နံနက်အခါ၌ တရားအထူးကို ရပေလိမ့်မည်၊နံနက်အခါ ဆုံးမမူ ညချမ်းအခါ၌ တရားအထူးကို ရပေလိမ့်မည်ဟု (မိန့်တော်မူ၏)။ ဤသို့ မိန့်တော်မူသည်ရှိသော် ဗောဓိမင်းသားသည် မြတ်စွာဘုရားကို "ညချမ်းအခါ၌ ဆုံးမသည်ရှိသော် နံနက်အခါ၌ တရားအထူးကို ရစွမ်းနိုင်၏၊ နံနက်အခါ၌ ဆုံးမသည်ရှိသော် ညချမ်းအခါ၌ တရားအထူးကို ရစွမ်းနိုင်၏၊ မြတ်စွာဘုရားသည် အံ့ဩဖွယ် ကောင်းလှပါ၏၊ တရားတော်သည် အံ့ဩဖွယ် ကောင်းလှပါ၏၊ တရားတော်၏ ကောင်းစွာ ဟော ကြားထားသည်၏ အဖြစ်သည် အံ့ဩဖွယ် ကောင်းလှပါ၏"ဟု လျှောက်၏။

၃၄၆။ ဤသို့လျှောက်လတ်သော် သဉ္ဇိကာပုတ္တလုလင်သည် ဗောဓိမင်းသားကို "ဤအရှင် ဗောဓိမင်းသားသည် 'မြတ်စွာဘုရားသည် အံ့ဩဖွယ် ကောင်းလှပါ၏၊ တရားတော်သည် အံ့ဩဖွယ် ကောင်းလှပါ၏၊တရားတော်၏ ကောင်းစွာ ဟောကြားထားသည်၏ အဖြစ်သည် အံ့ဩဖွယ် ကောင်း လှပါ၏' ဟူ၍ ဤသို့သာလျှင် လျှောက်ထားဘိ၏၊ ထိုသို့ပင် လျှောက်ထားငြားသော်လည်း ထိုအသျှင်ဂေါတမကို ကိုးကွယ်ရာဟူ၍ မဆည်းကပ်၊ တရားတော်မြတ်ကိုရှင်း ရဟန်းသံဃာအပေါင်း ကိုရှင်း ကိုးကွယ်ရာဟူ၍ မဆည်းကပ်"ဟု ပြောဆို၏။ အချင်းသဉ္ဇိကာပုတ္တ ဤသို့မဆိုလင့်၊အချင်း သဉ္ဇိကာပုတ္တ ဤသို့မဆိုလင့်၊ အချင်းသဉ္ဇိကာပုတ္တ ငါသည် ဤသို့သော စကားကို မယ်တော်၏ မျက်မှောက်မှ ကြားနာမှတ်သား လိုက်ရပါ၏၊မယ်တော်၏မျက်မှောက်မှ ဤစကားကို ခံယူဘူး၏၊ အချင်းသဉ္ဇိကာပုတ္တ အခါတပါး မြတ်စွာဘုရားသည် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ ကိုယ်ဝန်ဆောင်ဖြစ်သော အမိသည် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေလျက် "အသျှင်ဘုရား အကျွန်ုပ်၏ ဝမ်းတိုက်ရှိ ဤသတို့သား သို့မဟုတ် သတို့သမီးသည် အသျှင်ဘုရားကို ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်မြတ်ကိုရှင်း ရဟန်းအပေါင်းကိုရှင်း ကိုးကွယ်ရာဟူ၍ ဆည်းကပ် ပါ၏၊ မြတ်စွာဘုရားသည် ထိုသူငယ်ကို ယနေ့ကို အစပြု၍ အသက်ထက်ဆုံး ကိုးကွယ်ရာဟူ၍ ဆည်းကပ်သော ဥပါသကာဟူ၍ မှတ်တော်မူပါလော့"ဟု လျှောက်ခဲ့ပြီ။

အချင်းသဉ္ဇိကာပုတ္တ အခါတပါး မြတ်စွာဘုရားသည် ဤဘဂ္ဂတိုင်းတို့၌သာလျှင် သုသုမာရဂိရ မြို့ဝယ် ဘေသကဠာမည်သော သမင်တော၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ ငါ့ကို နို့ထိန်းသည် ရင်ခွင်ဖြင့် ပိုက်ချီ၍ မြတ်စွာဘုရားအထံသို့ ချဉ်းကပ်ပြီးလျှင် ရှိခိုးလျက် သင့်လျော်ရာ၌ ရပ်တည် ကာ "အသျှင်ဘုရား ဤဗောဓိမင်းသားသည် မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်ကိုရှင်း ရဟန်းသံဃာကိုရှင်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ မြတ်စွာဘုရားသည် ထိုဗောဓိမင်းသားကို ယနေ့ကို အစပြု၍ အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်သော ဥပါသကာဟူ၍ မှတ်တော်မူပါလော့"ဟု လျှောက်ဘူးပြီ။ အချင်းသဉ္ဇိကာပုတ္တ ထိုငါသည် သုံးကြိမ်မြောက်လည်း မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊တရားတော်မြတ်ကိုရှင်း ရဟန်းသံဃာအပေါင်း ကိုရှင်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ မြတ်စွာဘုရားသည် အကျွန်ုပ်ကို ယနေ့မှအစပြု၍ အသက် ထက်ဆုံး ကိုးကွယ်ရာဟူ၍ ဆည်းကပ်သော ဥပါသကာဟူ၍ မှတ်တော်မူပါလော့ဟု (လျှောက်လေ သတည်း)။

ငါးခုမြောက် ဗောဓိရာဇကုမာရသုတ် ပြီး၏။

http://www.dhammadownload.com



## ၆-အင်္ဂုလိမာလသုတ်

၃၄၇။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ ပသေနဒီကောသလမင်း၏ နိုင်ငံတော်၌ ကြမ်းကြုတ်သော သွေးစွန်းသော လက်ရှိသော သတ်ဖြတ်ညှဉ်းဆဲမှု၌ စိတ်စေသော သတ္တဝါတို့၌ အသနားကင်းမဲ့သော အင်္ဂုလိမာလမည်သော ခိုးသူသည် ရှိ၏။ ထိုအင်္ဂုလိမာလခိုးသူသည် ရွာတို့ကိုလည်း ရွာမဟုတ်အောင် ပြု၏၊ နိဂုံးတို့ကိုလည်း နိဂုံးမဟုတ်အောင်ပြု၏၊ နယ်ပယ်တို့ကိုလည်း နယ်ပယ်မဟုတ်အောင် ပြု၏။ ထိုအင်္ဂုလိမာလခိုးသူသည် လူတို့ကို သတ်ဖြတ်၍ သတ်ဖြတ်၍ လက်ချောင်းပန်းကုံးကို ဆောင်၏။ ထိုအခါ မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူတော်မူလျက် သာဝတ္ထိပြည်သို့ ဆွမ်းခံလှည့်လည်တော်မူပြီးလျှင် ဆွမ်းခံရွာမှ ဖဲခွါတော်မူကာ ဆွမ်းစားပြီးနောက် ကျောင်းအိပ်ရာ နေရာကို သိမ်းမှီး သိမ်းဆည်းတော်မူ၍ သပိတ်သင်္ကန်းကို ယူပြီးလျှင် အင်္ဂုလိမာလခိုးသူရှိရာသို့ ခရီးရှည်ကြွတော်မူ၏။

နွားကျောင်းသား ဆိတ်ကျောင်းသား လယ်ထွန်ယောကျ်ား ခရီးသွားတို့သည် အင်္ဂုလိမာလခိုးသူရှိရာသို့ ခရီးရှည်ကြွတော်မူသော မြတ်စွာဘုရားကို မြင်ကြကုန်သော် "ရဟန်း ဤခရီးကို မသွားပါလင့်၊ ရဟန်း ဤခရီး၌ ကြမ်းကြုတ်သော သွေးစွန်းသော လက်ရှိသော သတ်ဖြတ်ညှဉ်းဆဲမှု၌ စိတ်စေနေသော သတ္တဝါတို့၌ အသနားကင်းမဲ့သော အင်္ဂုလိမာလမည်သောခိုးသူသည် ရှိ၏၊ ထိုအင်္ဂုလိမာလခိုးသူသည် ရွာတို့ကိုလည်း ရွာမဟုတ်အောင်ပြု၏၊ နိဂုံးတို့ကိုလည်း နိဂုံးမဟုတ်အောင်ပြု၏၊ နယ်ပယ်တို့ကိုလည်း နယ်ပယ်မဟုတ်အောင် ပြု၏၊ ထိုအင်္ဂုလိမာလ ခိုးသူသည် လူတို့ကို သတ်ဖြတ်၍ သတ်ဖြတ်၍ လက်ချောင်းပန်းကုံးကို ဆောင်၏။ ရဟန်း ထိုခရီးကို တကျိပ် နှစ်ကျိပ် သုံးကျိပ် လေးကျိပ် ငါးကျိပ်သော ယောကျ်ားတို့သည် စုပေါင်း၍ စုပေါင်း၍ သွားကြကုန်၏၊ ထိုသူတို့သည်လည်း အင်္ဂုလိမာလ ခိုးသူ၏လက်သို့ ပျက်စီးခြင်းသို့ ရောက်ကြရကုန်၏"ဟု ပြောဆိုလျှောက်ထားကြကုန်၏။

ထိုသို့ လျှောက်ထားသော်လည်း မြတ်စွာဘုရားသည် ဆိတ်ဆိတ်ပင် ကြွသွားတော်မူ၏။ နှစ်ကြိမ်မြောက်လည်း နွားကျောင်းသား။ပ။သုံးကြိမ်မြောက်လည်း နွားကျောင်းသား ဆိတ်ကျောင်းသား လယ်ထွန်ယောကျ်ား ခရီးသွားတို့သည် မြတ်စွာဘုရားကို "ရဟန်း ဤခရီးကို မသွားပါလင့်၊ ရဟန်း ဤခရီး၌ ကြမ်းကြုတ်သော သွေးစွန်းသော လက်ရှိသော သတ်ဖြတ်ညှဉ်းဆဲမှု၌ စိတ်စေနေသော သတ္တဝါတို့၌ အသနားကင်းမဲ့သော အင်္ဂုလိမာလမည်သောခိုးသူသည် ရှိ၏။ ထိုအင်္ဂုလိမာလခိုးသူသည် ရွာတို့ကိုလည်း ရွာမဟုတ်အောင်ပြု၏၊ နိဂုံးတို့ကိုလည်း နိဂုံးမဟုတ်အောင်ပြု၏၊ နယ်ပယ်တို့ကိုလည်း နယ်ပယ်မဟုတ်အောင်ပြု၏၊ ထိုအင်္ဂုလိမာလခိုးသူသည် လူတို့ကို သတ်ဖြတ်၍ သတ်ဖြတ်၍ လက်ချောင်းပန်းကုံးကို ဆောင်၏။ ရဟန်း ထိုခရီးသို့ တကျိပ် နှစ်ကျိပ် သုံးကျိပ် လေးကျိပ် ငါးကျိပ်သော ယောကျ်ားတို့သည် စုပေါင်း၍ စုပေါင်း၍ သွားကြကုန်၏၊ ထိုသူတို့သည်လည်း အင်္ဂုလိမာလခိုးသူ၏ လက်သို့ ပျက်စီးခြင်းသို့ ရောက်ကြရကုန်၏"ဟု ပြောဆိုလျှောက်ထားကြကုန်၏။

၃၄၈။ ထိုသို့လျှောက်သော်လည်း မြတ်စွာဘုရားသည် ဆိတ်ဆိတ်ပင် ကြွသွားတော်မူ၏။ အင်္ဂုလိမာလခိုးသူသည် ကြွလာတော်မူသော မြတ်စွာဘုရားကို အဝေးကပင် မြင်၍ "အချင်းတို့

http://www.dhammadownload.com



အံ့ဩဖွယ် ရှိစွတကား၊ အချင်းတို့ မဖြစ်ဘူးမြဲ ဖြစ်စွတကား၊ အကြောင်းမူ ဤခရီးကို တကျိပ် နှစ်ကျိပ် သုံးကျိပ် လေးကျိပ် ငါးကျိပ်သော ယောကျ်ားတို့သည် စုပေါင်း၍ စုပေါင်း၍ သွားကြကုန်၏၊ ထိုယောကျ်ားတို့သည်လည်း ငါ၏လက်၌ ပျက်စီးခြင်းသို့ ရောက်ကြရကုန်၏။ သို့ဖြစ်ပါလျက် ဤရဟန်းသည် အဖော်မပါ တပါးတည်း မလေးမခံ့ လာလေယောင်တကား၊ငါသည် ဤရဟန်းကို သတ်ရမူ ကောင်းလေရာ၏”ဟု အင်္ဂုလိမာလအား ဤအကြံသည် ဖြစ်၏။ ထိုအခါ အင်္ဂုလိမာလ ခိုးသူသည် သန်လျက်နှင့် ကာကို စွဲကိုင်၍ လေးနှင့်တောင့်ကို လွယ်ကာ မြတ်စွာဘုရား၏နောက်မှ နောက်မှ အစဉ်လိုက်လေ၏။ ထိုအခါ ပြကတေ့အတိုင်း ကြွသွားတော်မူသော မြတ်စွာဘုရားကို အစွမ်းကုန်လိုက်သော အင်္ဂုလိမာလခိုးသူ မမှီနိုင်လောက်အောင် တန်ခိုးဖန်ဆင်းခြင်းကို မြတ်စွာဘုရား ဖန်ဆင်းတော်မူ၏။

ထိုအခါ အင်္ဂုလိမာလအား “အချင်းတို့ အံ့ဩဖွယ်ရှိစွတကား၊အချင်းတို့ မဖြစ်ဘူးမြဲ ဖြစ်လေစွတကား၊ အကြောင်းမူ ရှေးအခါက ငါသည် ပြေးနေသော ဆင်ကိုလည်း လိုက်၍ ဖမ်းနိုင်၏၊ ပြေးနေသော မြင်းကိုလည်း လိုက်၍ ဖမ်းနိုင်၏၊ ပြေးနေသောသမင်ကိုလည်း လိုက်၍ ဖမ်းနိုင်၏၊ ပြေးနေသော ရထားကိုလည်း လိုက်၍ ဖမ်းနိုင်၏၊ ထိုသို့ ဖမ်းယူနိုင်သော်လည်း ငါသည် ပကတိ အတိုင်း သွားနေသော ဤရဟန်းကို အစွမ်းကုန်လိုက်သော်လည်း မမှီနိုင်”ဟု အကြံဖြစ်လေ၏။ ရပ်လျက်သာလျှင် မြတ်စွာဘုရားကို “ရဟန်း ရပ်လော့၊ ရပ်လော့”ဟု ပြောဆို၏။ အင်္ဂုလိမာလ ငါသည် ရပ်နေ၏၊ သင်လည်း ရပ်လော့ဟု (မိန့်တော်မူ၏)။ ထိုအခါ အင်္ဂုလိမာလခိုးသူအား “သာကီဝင်မင်းသား ဖြစ်ကြကုန်သော ဤရဟန်းတို့သည် မှန်သည်ကိုသာ ဆိုလေ့ရှိကြကုန်၏၊ မှန်သည်ကို ဝန်ခံလေ့ရှိကြကုန်၏၊ သို့ဖြစ်လျက် ဤရဟန်းသည် သွားလျက်သာလျှင် ‘အင်္ဂုလိမာလ ငါသည် ရပ်နေ၏၊ သင်လည်း ရပ်လော့’ဟု ဆိုဘိ၏၊ ငါသည် ဤရဟန်းကို မေးရပါမူ ကောင်းလေရာ၏”ဟု အကြံဖြစ်၏။

၃၄၉။ ထိုအခါ အင်္ဂုလိမာလခိုးသူသည် မြတ်စွာဘုရားကို ဂါထာဖြင့် လျှောက်ထား၏—

“ရဟန်း သွားနေလျက် ငါရပ်၏ဟု ဆိုဘိ၏၊ ရပ်သော အကျွန်ုပ်ကိုလည်း မရပ်ဟု ဆိုဘိ၏၊ ရဟန်း သင့်အား ထိုအကြောင်းကို မေးပါအံ့၊ သင်သည် အဘယ်သို့ ရပ်တည်၍ အကျွန်ုပ်သည် အဘယ်သို့မရပ်တည်ပါသနည်း” ဟု (လျှောက်၏)။

အင်္ဂုလိမာလ ငါသည် အခါခပ်သိမ်း အလုံးစုံသော သတ္တဝါတို့၌ တုတ်လှံတံကိုချ၍ တည်၏၊ သင်သည်ကား အလုံးစုံသော သတ္တဝါတို့၌ သတ်ဖြတ်ညှဉ်းဆဲခြင်းမှ မစောင့်စည်း၊ထို့ကြောင့် ငါသည် ရပ်တည်သူဖြစ်၍ သင်သည် မရပ်တည်သူဖြစ်၏ ဟု (မိန့်တော်မူ၏)။

ပူဇော်ထိုက်၍ အမြတ်တရားကို ရှာမှီးလေ့ရှိတော်မူသော မှန်သောစကားကိုသာ ဆိုလေ့ရှိ တော်မူသော မြတ်စွာဘုရားသည် အချိန်ကြာမြင့်မှ အကျွန်ုပ်၏နေရာ ဤတောအုပ်ကြီးသို့ ကြွရောက်တော်မူဘိ၏တကား၊ ထိုအကျွန်ုပ်သည် အသျှင်ဘုရား၏ တရားနှင့်စပ်ယှဉ်သော ဂါထာကို ကြားနာရသည်ဖြစ်ပါ၍ မကောင်းမှုကို ပယ်လျက် ကျင့်ပါတော့အံ့။

ဤသို့ လျှောက်ထားပြီးလျှင် ခိုးသူကြီးသည် သန်လျက်ကိုရင်း လေးလက်နက်ကိုရင်း ထုံးအိုင်ကမ်းပါးပြတ် ချောက်ထဲသို့ ပစ်လွှတ်လေပြီ၊ ခိုးသူကြီးသည် မြတ်စွာဘုရား ခြေတော် တို့ကို ရှိခိုးပြီး ထိုအရပ်၌ပင် မြတ်စွာဘုရားအား ရှင်ရဟန်းအဖြစ်ကို တောင်းပန်လေပြီ။

http://www.dhammadownload.com



ထိုအခါ သနားခြင်းရှိတော်မူသော အမြတ်တရားကို ရှာမှီးလေ့ရှိတော်မူသော နတ်နှင့်တကွသော လောကအားလုံး၏ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ထိုအင်္ဂုလိမာလခိုးသူကို ရဟန်း လာလော့ဟု မိန့်ကြားတော်မူ၏၊ ထိုစကားသည်သာလျှင် ထိုအင်္ဂုလိမာလခိုးသူ၏ ရဟန်းအဖြစ် ပြီးစီးလေသတည်း။

၃၅၀။ ထိုအခါ မြတ်စွာဘုရားသည် အသျှင်အင်္ဂုလိမာလဟူသော နောက်လိုက်ရဟန်းနှင့် သာဝတ္ထိပြည်သို့ ဒေသစာရီ ကြွချီတော်မူ၏၊ အစဉ်အတိုင်း ဒေသစာရီ ကြွချီတော်မူသည်ရှိသော် သာဝတ္ထိပြည်သို့ ရောက်တော်မူ၍ ထိုသာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ ပသေနဒီကောသလမင်း၏ နန်းတော်တံခါး ဝ၌ များစွာသော လူအပေါင်းသည် စည်းဝေးလျက် "မင်းကြီး သင်မင်းကြီး၏ တိုင်းနိုင်ငံ၌ ကြမ်းကြုတ်သော သွေးစွန်းသော လက်ရှိသော သတ်ဖြတ်ညှဉ်းဆဲမှု၌ စိတ်စောနေသော သတ္တဝါ တို့၌ အသနားကင်းမဲ့သော အင်္ဂုလိမာလမည်သောခိုးသူသည် ရှိပါ၏၊ ထိုအင်္ဂုလိမာလခိုးသူသည် ရွာတို့ကိုလည်း ရွာမဟုတ်အောင် ပြုပါကုန်၏။ နိဂုံးတို့ကိုလည်း နိဂုံးမဟုတ်အောင် ပြုပါကုန်၏၊ ဇနပုဒ်တို့ကိုလည်း ဇနပုဒ်မဟုတ်အောင် ပြုပါကုန်၏၊ ထိုအင်္ဂုလိမာလခိုးသူသည် လူတို့ကို သတ်၍ သတ်၍ လက်ချောင်းပန်းကုံးကို ဆောင်ပါ၏၊ အသျှင်မင်းကြီးသည် ထိုအင်္ဂုလိမာလ ခိုးသူကို တားမြစ်တော်မူပါလော့"ဟု ပြင်းပြကျယ်လောင်သောအသံကို ပြု၏။

ထိုအခါ ပသေနဒီ ကောသလမင်းကြီးသည် ငါးရာသောမြင်းတို့ဖြင့် သာဝတ္ထိပြည်မှ နေမွန်းတည့်ချိန်ဝယ် ထွက်ခဲ့၍ ဇေတဝန်ကျောင်းအရံသို့ ဝင်လေ၏၊ယာဉ်ဖြင့် သွားသင့်သော အရပ်တိုင်အောင် ယာဉ်ဖြင့်သွား၍ ယာဉ်မှသက်ဆင်းပြီးလျှင် ခြေကျင်သာလျှင် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးလျက် သင့်လျော်ရာ၌ ထိုင်နေသော မင်းကြီးကို မြတ်စွာဘုရားသည် "မင်းကြီး သင်သည် မဂဓတိုင်းကို အစိုးရသော သေနိယမည်သော ဗိမ္ဗိသာရမင်းကိုမူလည်း အမျက်ထွက်လေသလော၊ ဝေသာလီပြည် လိစ္ဆဝီမင်းကိုမူလည်း အမျက်ထွက်လေသလော၊ တပါးသော ရန်သူမင်းတို့ကိုမူလည်း အမျက်ထွက်လေသလော"ဟု မေးတော်မူ၏။ အသျှင်ဘုရား အကျွန်ုပ်သည် မဂဓတိုင်းကို အစိုးရသော သေနိယမည်သော ဗိမ္ဗိသာရမင်းကိုလည်း အမျက်မထွက်ပါ၊ဝေသာလီပြည်ကို အစိုးရကုန်သော လိစ္ဆဝီမင်းတို့ကိုလည်း အမျက်မထွက်ပါ၊ တပါးသော ရန်သူမင်းတို့ကိုလည်း အမျက်မထွက်ပါ၊ အသျှင်ဘုရား တပည့်တော်၏ တိုင်းနိုင်ငံ၌ ကြမ်းကြုတ်သော သွေးစွန်းသောလက်ရှိသော သတ်ဖြတ်ညှဉ်းဆဲမှု၌ စိတ်စောနေသော သတ္တဝါတို့၌ အသနားကင်းမဲ့သော အင်္ဂုလိမာလမည်သော ခိုးသူသည် ရှိပါ၏၊ထိုအင်္ဂုလိမာလခိုးသူသည် ရွာတို့ကိုလည်း ရွာမဟုတ်အောင်ပြုပါ၏၊ နိဂုံးတို့ကိုလည်း နိဂုံးမဟုတ်အောင်ပြုပါ၏၊ ဇနပုဒ်တို့ကိုလည်း ဇနပုဒ်မဟုတ်အောင် ပြုပါ၏၊ ထိုအင်္ဂုလိမာလခိုးသူသည် လူတို့ကို သတ်၍ သတ်၍ လက်ချောင်းပန်းကုံးကို ဆောင်ပါ၏၊ အသျှင်ဘုရား အကျွန်ုပ်သည် ထိုအင်္ဂုလိမာလခိုးသူကို တားမြစ်ပါအံ့ဟု (လျှောက်၏)။

မင်းကြီး သင်သည် ဆံမုတ်ဆိတ်ကို ရိတ်ပယ်၍ ဖန်ရည်ဆိုးသော အဝတ်တို့ကို ဝတ်ရုံလျက် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်နေသော အသက်သတ်ခြင်းမှ ကြဉ်ရှောင်နေသော မပေးသည်ကို ယူခြင်းမှ ကြဉ်ရှောင်နေသော မဟုတ်မမှန်ပြောဆိုခြင်းမှ ကြဉ်ရှောင်နေသော တထပ်သာ စားနေသော မြတ်သောတရားရှိသော အင်္ဂုလိမာလကို အကယ်၍ မြင်လျှင် သင်အဘယ်သို့ပြုအံ့ နည်းဟု (မေးတော်မူ၏)။ အသျှင်ဘုရား ရှိမှုလည်း ခိုးပါကုန်အံ့၊ ခရီးဦးမှုလည်း ကြိုပါကုန်အံ့၊

http://www.dhammadownload.com



(ထိုင်ရန်)နေရာဖြင့်မူလည်း ပင့်ဖိတ်ပါကုန်အံ့၊ သင်္ကန်း ဆွမ်း ကျောင်း အိပ်ရာ နေရာ သူနာ၏ အထောက်အပံ့ဖြစ်သော အသက်၏အရံအတား ဖြစ်သော ဆေးပစ္စည်းတို့ဖြင့်မူလည်း ဖိတ်ကြားပါကုန်အံ့၊ ထိုသို့သဘောရှိသော ရဟန်းအား တရားနှင့်လျော်သော စောင့်ရှောက် လုံခြုံစေမှုကို စီရင်ပါကုန်အံ့။ အသျှင်ဘုရား ယုတ်ညံ့သော သဘောရှိသည့် ဒုဿီလပုဂ္ဂိုလ်အား ဤသို့ သဘောရှိသော သီလကို စောင့်စည်းခြင်းသည် အဘယ်မှာ ဖြစ်နိုင်ပါအံ့နည်း ဟု (လျှောက်၏)။

ထိုအခါ အင်္ဂုလိမာလသည် မြတ်စွာဘုရား၏အနီး၌ ထိုင်နေ၏။ ထိုအခါ မြတ်စွာဘုရားသည် လကျာ်လက်ရုံးကို မြှောက်ချီတော်မူ၍ ပသေနဒီကောသလမင်းကြီးကို "မင်းကြီး အင်္ဂုလိမာလ ဟူသည် ဤသူပင်တည်း"ဟု မိန့်ကြားတော်မူ၏။ ထိုအခါ ပသေနဒီကောသလမင်းကြီးအား ကြောက်ခြင်းသည် ဖြစ်လေ၏။ ကိုယ်ခက်တရော် ရှိခြင်းသည် ဖြစ်လေ၏၊ ကြက်သီးမွေးညှင်းထခြင်းသည် ဖြစ်လေ၏။ ထိုအခါ မြတ်စွာဘုရားသည် ပသေနဒီကောသလမင်းကြီး ကြောက်နေသည်ကို ထိတ်လန့်နေသည်ကို ကြက်သီးမွေးညှင်းထနေသည်ကို သိတော်မူ၍ ပသေနဒီကောသလမင်းကြီးအား "မင်းကြီး မကြောက်လင့်၊ ဤသူမှ သင့်အား ဘေးမရှိတော့ပါ"ဟု မိန့်ကြားတော်မူ၏။ ထိုအခါ ပသေနဒီကောသလမင်းကြီးအား ကြောက်ခြင်း ကိုယ်ခက်တရော်ရှိခြင်း ကြက်သီး မွေးညှင်း ထခြင်း အားလုံးသည် ကင်းပျောက်ချုပ်ငြိမ်းလေ၏။ ထိုအခါ ပသေနဒီကောသလမင်းကြီးသည် အသျှင်အင်္ဂုလိမာလထံသို့ ချဉ်းကပ်ပြီးလျှင် အသျှင်အင်္ဂုလိမာလအား "အသျှင်ဘုရား အသျှင်သည် အကျွန်ုပ်တို့၏ အင်္ဂုလိမာလလေလော"ဟု (လျှောက်၏)။ "မင်းကြီး မှန်ပါ၏" ဟု (မိန့်ဆို၏)။ အသျှင်၏ဖခင်သည် အဘယ်အနွယ်ရှိပါသနည်း၊ အသျှင်၏မယ်တော်သည် အဘယ်အနွယ်ရှိပါသနည်းဟု (လျှောက်၏)။ မင်းကြီး အဖသည် ဂဂ္ဂအနွယ်ရှိ၍ အမိသည် မန္တာဏီ အနွယ်ရှိ၏ ဟု (မိန့်ဆို၏)။ အသျှင်ဘုရား ဂဂ္ဂအနွယ်ရှိသော မန္တာဏီ၏သားဖြစ်သော အသျှင်သည် မွေ့လျော်ပါလော့၊ အကျွန်ုပ်သည်လည်း ဂဂ္ဂအနွယ်ရှိသော မန္တာဏီ၏သားဖြစ်သော အသျှင်မြတ်အကျိုးငှါ သင်္ကန်း ဆွမ်း ကျောင်း အိပ်ရာ နေရာ သူနာ၏အထောက်အပံ့ အသက်၏အရံအတား ဆေးပစ္စည်းတို့ဖြင့် ကြောင့်ကြအားထုတ်မှုကို ပြုပါအံ့ ဟု (လျှောက်၏)။

၃၅၁။ ထိုအခါ အသျှင်အင်္ဂုလိမာလသည် အာရညကင်ဓုတင် ပိဏ္ဍပါတ်ဓုတင် ပံသုကူဓုတင် တိစီဝရိက်ဓုတင်ကိုဆောင်၏။ ထိုအခါ အသျှင်အင်္ဂုလိမာလသည် ပသေနဒီကောသလမင်းကြီးကို "မင်းကြီး တန်ပြီ၊ ငါ့အား သင်္ကန်းပြည့်စုံပြီ"ဟု ပြောကြား၏။ ထိုအခါ ပသေနဒီကောသလမင်းကြီးသည် မြတ်စွာဘုရားထံသို့ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် သင့်လျော်ရာ၌ ထိုင်နေလျက် "အသျှင်ဘုရား အံ့ဩဖွယ်ရှိပေစွ၊ အသျှင်ဘုရား မဖြစ်ဘူးမြဲ ဖြစ်ပါပေစွ၊ အသျှင်ဘုရား မြတ်စွာဘုရားသည် မယဉ်ကျေးသော သတ္တဝါတို့ကို ယဉ်ကျေးအောင် လွန်ကဲစွာ ဆုံးမတော်မူတတ်ပါပေစွ၊ မငြိမ်သက်သော သတ္တဝါတို့ကို လွန်ကဲစွာ ငြိမ်သက်စေတော်မူတတ်ပါပေစွ၊ မငြိမ်းအေးသေးသော သတ္တဝါတို့ကို လွန်ကဲစွာ ငြိမ်းအေးတော်မူတတ်ပါပေစွ။ အသျှင်ဘုရား အကျွန်ုပ်တို့သည် ယင်းအင်္ဂုလိမာလကို တုတ်လှံတံဖြင့်သော်၎င်း ဓားလက်နက်ဖြင့်သော်၎င်း ဆုံးမခြင်းငှါ မစွမ်းနိုင်ကြပါကုန်၊ ထိုအင်္ဂုလိမာလကို မြတ်စွာဘုရားသည် တုတ်လှံတံ မပါပဲလျက် ဓားလက်နက်မပါပဲလျက်သာလျှင် ယဉ်ကျေးစေတော်မူနိုင်ပါပေ၏။ အသျှင်ဘုရား အကျွန်ုပ်တို့သည် ယခုသွားကြပါကုန်အံ့၊ အကျွန်ုပ်တို့သည် များသောကိစ္စ များသောပြုဖွယ်ရှိကြပါကုန်၏"ဟု လျှောက်၏။ မင်းကြီး ယခု သွားရန် အချိန်ကို သင်သိ၏၊ (သွားရန်မှာ သင့်အလိုအတိုင်းပင် ဖြစ်၏) ဟု

http://www.dhammadownload.com



(မိန့်တော်မူ၏)။ ထိုအခါ ပသေနဒီကောသလမင်းကြီးသည် နေရာမှထ၍ မြတ်စွာဘုရားကို ရှိခိုးလျက် အရိုအသေပြုကာ ဖဲခွါသွားလေ၏။

ထိုအခါ အသျှင်အင်္ဂုလိမာလသည် နံနက်အချိန်၌ သင်္ကန်းကိုပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူပြီးလျှင် သာဝတ္ထိပြည်သို့ ဆွမ်းအလို့ငှါ ဝင်တော်မူ၏။ အသျှင်အင်္ဂုလိမာလသည် သာဝတ္ထိပြည်၌ အိမ်စဉ်အတိုင်း ဆွမ်းအလို့ငှါ လှည့်လည်တော်မူသည်ရှိသော် သားမဖွားနိုင်သော မသက်သာသော ကိုယ်ဝန်ရှိသော မိန်းမတယောက်ကို မြင်၍ "အချင်းတို့ သတ္တဝါတို့သည် ပင်ပန်းကုန်စွတကား၊ အချင်းတို့ သတ္တဝါတို့သည် ပင်ပန်းကုန်စွတကား"ဟု အကြံဖြစ်၏။ ထိုအခါ အသျှင်အင်္ဂုလိမာလသည် သာဝတ္ထိပြည်၌ ဆွမ်းအလို့ငှါ လှည့်လည်၍ ဆွမ်းခံရွာမှ ဖဲခဲ့ကာ ဆွမ်းစားပြီးနောက် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် သင့်လျော်စွာ ထိုင်နေလျက် "အသျှင်ဘုရား အကျွန်ုပ်သည် ယနေ့နံနက်ပိုင်းအခါက သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကိုယူလျက် သာဝတ္ထိပြည်သို့ ဆွမ်းအလို့ငှါ ဝင်ခဲ့ပါ၏။ အသျှင်ဘုရား အကျွန်ုပ်သည် သာဝတ္ထိပြည်၌ ဆွမ်းအလို့ငှါ အိမ်စဉ် အတိုင်း လှည့်လည်သည်ရှိသော် သားမဖွားနိုင်သော မသက်သာသော ကိုယ်ဝန်ရှိသော မိန်းမတယောက်ကို မြင်ခဲ့ရ၍ အကျွန်ုပ်အား "အချင်းတို့ သတ္တဝါတို့သည် ပင်ပန်းကုန်စွတကား၊ အချင်းတို့ သတ္တဝါတို့သည် ပင်ပန်းကုန်စွတကား"ဟု အကြံဖြစ်ခဲ့ပါ၏ဟု (လျှောက်၏)။

အင်္ဂုလိမာလ သို့ဖြစ်မူ သင်သည် ထိုမိန်းမထံသို့ ချဉ်းကပ်ပြီးလျှင် ထိုမိန်းမကို "နှမ ငါသည် မွေးဖွားသောအခါမှစ၍ သေစေလိုသောစေတနာဖြင့် သတ္တဝါတို့ကို သတ်ဘူးသည်ဟု မသိစဘူး၊ ထိုမှန်သောစကားကြောင့် သင့်အားရင်း ကိုယ်ဝန်သတ္တဝါအားရင်း ချမ်းသာခြင်းသည် ဖြစ်စေသတည်း"ဟု ဆိုလေလော့ ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား ထိုအကျွန်ုပ်သည် သိလျက် ချွတ်ယွင်းသော စကားကို ပြောဆိုခြင်း ဖြစ်ရာသည် မဟုတ်ပါလော၊ အသျှင်ဘုရား အကျွန်ုပ်သည် များစွာသော သတ္တဝါတို့ကို သေစေလိုသော စေတနာနှင့် တကွ သတ်ခဲ့ဘူးသည် မဟုတ်ပါလော (ဟု လျှောက်၏)။ အင်္ဂုလိမာလ သို့ဖြစ်မူ သင်သည် ထိုမိန်းမထံသို့ ချဉ်းကပ်ပြီးလျှင် ထိုမိန်းမကို "နှမ ငါသည် အရိယာဇာတ်ဝင် ဖြစ်သောအခါမှစ၍ သတ္တဝါကို သတ်ဘူးသည်ဟူ၍ မသိစဘူး၊ ထိုမှန်သော (သစ္စာ) စကားကြောင့် သင့်အားရင်း ကိုယ်ဝန်သတ္တဝါအားရင်း ချမ်းသာခြင်း ဖြစ်စေသတည်း"ဟု ဆိုလေလော့ဟူ၍ (မိန့်တော်မူ၏)။

"အသျှင်ဘုရား ကောင်းပါပြီ"ဟု အသျှင်အင်္ဂုလိမာလသည် မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထား၍ ထိုမိန်းမထံသို့ချဉ်းကပ်ပြီးလျှင် ထိုမိန်းမကို "နှမ ငါသည်အရိယာဇာတ်ဝင်ဖြစ်သော အခါမှစ၍ သတ္တဝါကို သေစေလိုသော စေတနာဖြင့် သတ်ဘူး၏ဟူ၍ ငါမသိစဘူး၊ ထိုမှန်သော (သစ္စာ)စကားကြောင့် သင့်အားရင်း ကိုယ်ဝန်သတ္တဝါအားရင်း ချမ်းသာခြင်း ဖြစ်စေသတည်း"ဟု ပြောဆို၏။ ထိုအခါ ထိုမိန်းမအားရင်း ကိုယ်ဝန်သတ္တဝါအားရင်း ချမ်းသာခြင်း ဖြစ်လေ၏။

ထိုအခါ အသျှင်အင်္ဂုလိမာလသည် တပါးတည်း ဆိတ်ငြိမ်ရာအရပ်သို့ ကပ်၍ မမေ့မလျော့ ပြင်းထန်စွာ အားထုတ်လျက် နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍ နေသည်ရှိသော် မကြာမီပင်လျှင် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ကြကုန်သော အမျိုးကောင်းသားများ လိုလားအပ်သည့် အတုမဲ့ မြတ်သောအကျင့်၏ ဆုံးခန်းတိုင်မှုကို ယခုဘဝ၌ပင် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုကာ ပြည့်စုံစေ၍ နေပြီ၊ ပဋိသန္ဓေနေမှုကုန်ပြီ၊ မြတ်သော

http://www.dhammadownload.com



အကျင့်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်(မဂ်)ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ်)ကိစ္စအတွက် တပါးသော ပြုဖွယ်ကိစ္စမရှိပြီ"ဟု သိ၏။ အသျှင်အင်္ဂုလိမာလသည် ရဟန္တာတို့တွင် တပါးအပါအဝင် ဖြစ်လေသတည်း။

၃၅၂။ ထိုအခါ အသျှင်အင်္ဂုလိမာလသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူပြီးလျှင် သာဝတ္ထိပြည်သို့ ဆွမ်းအလို့ငှါဝင်တော်မူ၏။ ထိုအခါ တပါးသောအရပ်သို့ ပစ်သောခဲသည် အသျှင်အင်္ဂုလိမာလ၏ကိုယ်ပေါ်၌ ကျ၏၊ တပါးသောအရပ်သို့ ပစ်သော တုတ်လုံးတံသည် အသျှင်အင်္ဂုလိမာလ၏ ကိုယ်ပေါ်၌ ကျ၏၊တပါးသောအရပ်သို့ ပစ်သော ကျောက်စရစ်သည် အသျှင်အင်္ဂုလိမာလ၏ ကိုယ်ပေါ်၌ ကျ၏။ ထိုအခါ အသျှင်အင်္ဂုလိမာလသည် ကွဲသောဦးခေါင်း ယိုစီးသောသွေး ကွဲသောသပိတ် စုတ်ပြတ်သောဒုကုဋ်ဖြင့် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၏။ မြတ်စွာဘုရားသည် အဝေးမှလာသော အသျှင်အင်္ဂုလိမာလကို မြင်တော်မူ၍ "မကောင်းမှုကို အပပြုပြီးသော ရဟန်း သင် သည်းခံလော့၊မကောင်းမှုကို အပပြုပြီးသော ရဟန်း သင် သည်းခံလော့၊ မကောင်းမှုကို အပပြုပြီးသောရဟန်း သင်သည် ယင်းအကုသိုလ်ကံ၏ အကျိုးအပြစ်ဖြင့် နှစ်ပေါင်းများစွာ နှစ်ရာပေါင်းများစွာ နှစ်ထောင်ပေါင်းများစွာပတ်လုံး ငရဲ၌ ကျက်လေရာ၏။ မကောင်းမှုကို အပပြုပြီးသောရဟန်း သင်သည် ထိုအကုသိုလ်အကျိုးကို ယခုဘဝ၌ပင် ခံစားရဘိ၏" ဟု မိန့်တော်မူ၏။ ထိုအခါ အသျှင်အင်္ဂုလိမာလသည် ဆိတ်ငြိမ်ရာသို့ကပ်၍ တပါးတည်းကိန်းအောင်းလျက် အရဟတ္တဖိုလ်ချမ်းသာကို ခံစားနေ၏။ ထိုအခါ ဤဥဒါန်းကို ကျူးရင့်၏—

"ရှေးအခါကသာလျှင် မေ့လျော့၍ နောက်အခါ၌ မမေ့မလျော့သူသည် တိမ်တိုက်မှလွတ်သောလကဲ့သို့ ဤသတ္တလောကကို တောက်ပထွန်းလင်းစေ၏။

ပြုပြီးသော မကောင်းမှုကို ကုသိုလ်တရားဖြင့် ပိတ်ပင်တားဆီးသူသည် တိမ်တိုက်မှလွတ်သောလကဲ့သို့ ဤသတ္တလောကကို တောက်ပထွန်းလင်းစေ၏။

ငယ်ရွယ်စဉ်ကပင်လျှင် မြတ်စွာဘုရားသာသနာတော်၌ အားထုတ်သော ရဟန်းသည် တိမ်တိုက်မှ လွတ်သောလကဲ့သို့ ဤသတ္တလောကကို ထွန်းလင်းတောက်ပစေ၏။

ငါ၏ရန်သူတို့သည် တရားနှင့်စပ်သောစကားကို ကြားနာကြပါစေကုန်သတည်း၊ ငါ၏ရန်သူတို့သည် မြတ်စွာဘုရားသာသနာတော်၌ အားထုတ်ကြပါစေကုန်သတည်း၊ ငါ၏ရန်သူဖြစ်ကုန်သော ထိုလူတို့သည် သူတပါးအား တရားကို ဆောက်တည်ကြစေသည့် သူတော်ကောင်းတို့ထံသို့ ချဉ်းကပ်ကြပါစေကုန်သတည်း။

ငါ၏ရန်သူတို့သည် သည်းခံခြင်းကို ဆိုလေ့ရှိကုန်သော မဆန့်ကျင်မှုမေတ္တာကို ချီးကျူးလေ့ရှိကုန်သော သူတို့၏ တရားကို အခါခါ နာကြားနိုင်ကြပါစေကုန်သတည်း၊ ထိုတရားကိုလည်း အစဉ်လိုက်နာ ကျင့်ကြံနိုင်ကြပါစေကုန်သတည်း။

ထိုငါ၏ရန်သူသည် စင်စစ် ငါ့ကို မညှဉ်းဆဲပါစေသတည်း၊ ငါမှတပါး အခြားသူကိုလည်း မညှဉ်းဆဲပါစေသတည်း၊ မွန်မြတ်သောနိဗ္ဗာန်သို့ရောက်၍ အမြဲတပ်မက်သောတဏှာကို စောင့်ရှောက်နိုင်ပါစေသတည်း။

ရေကို မြောင်းသွယ်သူတို့သည် ရေကို ဆောင်ယူကြကုန်၏၊ မြားသမားတို့သည် မြားကို ဖြောင့်ကြကုန်၏၊ သစ်ခွေသမားတို့သည် သစ်ကိုဖြောင့်အောင် ခွေကြကုန်၏၊ ပညာရှိတို့သည် မိမိကိုယ်ကို ဆုံးမကြကုန်၏။

http://www.dhammadownload.com



အချို့သူတို့သည် လှံတံဖြင့်ရင်း ချွန်းကောက်တို့ဖြင့်ရင်း ကြိမ်လုံးတို့ဖြင့်ရင်း ဆုံးမကြကုန်၏၊ တာဒိဂုဏ်ရှိတော်မူသော မြတ်စွာဘုရားသည် တုတ်လှံတံမရှိပဲ လက်နက်မရှိပဲ ငါ့ကို ယဉ်ကျေးအောင် ဆုံးမတော်မူပြီ။

ငါသည် ရှေးအခါက ညှဉ်းဆဲတတ်သူဖြစ်လျက် 'အဟိံသက' အမည်ရှိခဲ့၏၊ ငါသည် ယနေ့မူ စ၍ တစုံတယောက်ကိုမျှ မညှဉ်းဆဲတတ်သောကြောင့် မှန်ကန်သောအမည်ရခဲ့ပြီ၊ ငါသည် ရှေးအခါက အင်္ဂုလိမာလဟူ၍ ထင်ရှားကျော်စောသော ခိုးသူကြီးဖြစ်ခဲ့၏၊ ကြီးစွာသော သံသရာယြဉ်ဖြင့် နစ်မျောသည်ဖြစ်၍ မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ခဲ့ပါ၏။

ငါသည် ရှေးအခါက အင်္ဂုလိမာလဟူ၍ ထင်ရှားကျော်စောသော သွေးစွန်းသောလက်ရှိသော သူသတ်ယောကျ်ားဖြစ်ခဲ့၏၊ ကိုးကွယ်ရာ နိဗ္ဗာန်ကို မြင်သည်ဖြစ်၍ ဘဝနှောင်ကြိုးနှင့် တူသောတဏှာကို နုတ်ပယ်ခဲ့ပြီ။

အကြိမ်များစွာ အပါယ်ရွာကို လားစေတတ်သော ထိုသို့သဘောရှိသော အကုသိုလ်ကံကို ပြုခဲ့သော်လည်း ယင်းကံကို ရှိ့မြှုက်တတ်သည့် (မဂ်စေတနာ) တွေ့ထိအပ်သောကြောင့် မကောင်းကျိုး ကြွေးမြီကင်းသည်ဖြစ်၍ ဘောဇဉ်ကို ငါသုံးဆောင်ရပေပြီ။

ပညာမဲ့ငြား လူမိုက်များတို့သည် မေ့လျော့ခြင်းကို အားထုတ်ကြကုန်၏၊ ပညာရှိယောကျ်ားသည် မမေ့မလျော့မှုကို မြတ်သောဥစ္စာကဲ့သို့ စောင့်ရှောက်၏၊ မေ့လျော့ခြင်းကို အားမထုတ်ကြကုန်လင့်၊ ကာမဂုဏ်တို့၌ မွေ့လျော်ပေါင်းဖော်မှုကို အားမထုတ်ကြကုန်လင့်၊ မမေ့မလျော့ပဲ ရှုဆင်ခြင်သူသည်သာ ပြန့်ပြောသော နိဗ္ဗာန်ချမ်းသာသို့ ပေါက်ရောက်နိုင်၏။

ထိုငါ၏ သာသနာဘောင်သို့ ရောက်လာခြင်းသည် ကောင်းသော ရောက်လာခြင်းပေတည်း၊ ငါ၏ ရဟန်းပြုအံ့ဟု ပြောဆိုခြင်းသည် မကောင်းသောပြောဆိုခြင်း မဟုတ်၊ကောင်းစွာ ဝေဖန်ဟောကြားအပ်သော တရားတို့တွင် အမြတ်ဆုံးနိဗ္ဗာန်သို့ရောက်ပြီ။

ထိုငါ၏ သာသနာဘောင်သို့ ရောက်လာခြင်းသည် ကောင်းသောရောက်လာခြင်းပေတည်း၊ ငါ၏ ရဟန်းပြုအံ့ဟု ပြောဆိုခြင်းသည် မကောင်းသောပြောဆိုခြင်း မဟုတ်၊ ဝိဇ္ဇာသုံးပါးတို့သို့ အစဉ်ရောက်ခဲ့ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို ပြုအပ်ပြီးပေပြီ"ဟု (ကျူးရင့်လေသတည်း)။

ခြောက်ခုမြောက် အင်္ဂုလိမာလသုတ် ပြီး၏။

---

## ၇-ပိယဇာတိကသုတ်

၃၅၃။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ တယောက်သော သူကြွယ်၏ ချစ်ဖွယ်နှစ်သက်ဖွယ်ဖြစ်သည့် တယောက်တည်းသောသားသည် သေဆုံး၏။ထိုသားသေဆုံးခြင်းကြောင့် အလုပ်ကိစ္စကို မလုပ်လို၊ ထမင်းကိုလည်း မစားလို။ ထိုသူကြွယ်သည် သုသာန်သို့သွား၍ "တယောက်တည်းသောသား အဘယ်မှာနည်း၊ တယောက်တည်းသောသား အဘယ်မှာနည်း"ဟု ငိုကြွေး၏။ ထို့နောက်

http://www.dhammadownload.com



မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် သင့်လျော်ရာ၌ ထိုင်နေသော ထိုသူကြွယ်ကို မြတ်စွာဘုရားသည် "သူကြွယ် ကိုယ့်စိတ်၌ တည်သော သင်၏ ဣန္ဒြေတို့သည် မရှိကုန်တကား၊ သင်၏ မျက်စိစသော ဣန္ဒြေတို့သည် ဖောက်ဖောက်ပြန်ပြန် ရှိကုန်စွတကား"ဟု မိန့်ဆိုမေးမြန်းတော်မူ၏။ အသျှင်ဘုရား အကျွန်ုပ်၏ မျက်စိအစရှိသော ဣန္ဒြေတို့သည် အဘယ်မှာ ဖောက်ဖောက်ပြန်ပြန် မရှိပဲ နေကုန်အံ့နည်း။ အသျှင်ဘုရား အကျွန်ုပ်၏ ချစ်ဖွယ် နှစ်သက်ဖွယ် ဖြစ်သော တယောက်တည်းသော သားသည် သေဆုံးပါ၏၊ထိုသားသေဆုံးခြင်းကြောင့် အလုပ်ကိစ္စကိုလည်း မပြုလုပ်လိုပါ၊ ထမင်းကိုလည်း မစားလိုပါ၊ ထိုအကျွန်ုပ်သည် သုသာန်သင်းချိုင်းသို့ သွား၍ "တယောက်တည်းသောသား အဘယ်မှာနည်း၊ တယောက်တည်းသောသား အဘယ်မှာနည်း"ဟု ငိုကြွေးပါ၏ ဟု (လျှောက်၏)။

သူကြွယ် ဤအရာသည် ဤအတိုင်းပင် ဖြစ်ပေ၏၊ သူကြွယ် ဤအရာသည် ဤအတိုင်းပင် ဖြစ်ပေ၏။ သူကြွယ် ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာပင်ပန်းခြင်းတို့သည် ချစ်ခြင်းကြောင့် ဖြစ်ကုန်၏၊ ချစ်ခြင်းလျှင် အမွန်အစရှိကုန်၏ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာပင်ပန်းခြင်းတို့သည် ချစ်ခြင်းကြောင့် ဖြစ်ကုန်၏၊ ချစ်ခြင်းလျှင် အမွန်အစရှိကုန်၏ဟု အဘယ်သူအား ဤသို့ဖြစ်လိမ့်မည်နည်း။ အသျှင်ဘုရား နှစ်သက်ခြင်း ဝမ်းမြောက်ခြင်းတို့သည်သာ ချစ်ခြင်းကြောင့် ဖြစ်ပေါ်ကုန်၏၊ ချစ်ခြင်းလျှင် အမွန်အစရှိကုန်၏ဟု (လျှောက်၏)။ ထို့နောက် ထိုသူကြွယ်သည် မြတ်စွာဘုရား၏ စကားတော်ကို မနှစ်မြို့ပဲ ကန့်ကွက်တားမြစ်၍ နေရာမှ ထကာ ဖဲသွားလေ၏။

၃၅၄။ ထိုအခါ များစွာကုန်သော အလောင်းကြူးသူ (ကစားသမား)တို့သည် မြတ်စွာဘုရား၏အနီး၌ အန်တို့ဖြင့် ကစားနေကြကုန်၏။ ထိုအခါ ထိုသူကြွယ်သည် ထိုကစားသမားတို့ထံသို့ ချဉ်းကပ်၍ 'အချင်းတို့ ငါသည် ရဟန်းဂေါတမထံသို့ ချဉ်းကပ်၍ ရဟန်းဂေါတမကို ရှိခိုးပြီးလျှင် သင့်လျော်ရာ၌ ထိုင်နေခဲ့ပြီ၊ အချင်းတို့ သင့်လျော်ရာ၌ ထိုင်နေသော ငါ့ကို ရဟန်းဂေါတမသည် 'သူကြွယ် ကိုယ့်စိတ်၌ တည်သော သင်၏ ဣန္ဒြေတို့သည် မရှိကုန်တကား၊ သင်၏ မျက်စိအစရှိသော ဣန္ဒြေတို့သည် ဖောက်ဖောက်ပြန်ပြန် ရှိကုန်စွတကား'ဟု မိန့်ဆို၏။ အချင်းတို့ ဤသို့ မိန့်သည်ရှိသော် ငါသည် ရဟန်းဂေါတမကို 'အသျှင်ဘုရား အကျွန်ုပ်၏ မျက်စိအစရှိသော ဣန္ဒြေတို့သည် အဘယ်မှာ ဖောက်ဖောက်ပြန်ပြန် မရှိပဲ နေကုန်အံ့နည်း၊အသျှင်ဘုရား အကျွန်ုပ်၏ ချစ်ဖွယ် နှစ်သက်ဖွယ်ဖြစ်သည့် တယောက်တည်းသောသားသည် သေဆုံးခဲ့ပါ၏၊ထိုသားသေဆုံးခြင်းကြောင့် အလုပ်ကိစ္စကို မပြုလုပ်လိုပါ၊ ထမင်းကိုလည်း မစားလိုပါ၊ ထိုအကျွန်ုပ်သည် သုသာန်သင်းချိုင်းသို့သွား၍ တယောက်တည်းသောသား အဘယ်မှာနည်း၊ တယောက်တည်းသောသား အဘယ်မှာနည်းဟု ငိုကြွေးမြည်တမ်းပါ၏'ဟု လျှောက်၏။

သူကြွယ် ဤအရာသည် ဤအတိုင်းပင် ဖြစ်ပေ၏၊ သူကြွယ် ဤအရာသည် ဤအတိုင်းပင် ဖြစ်ပေ၏၊ သူကြွယ် ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာပင်ပန်းခြင်းတို့သည် ချစ်ခြင်းကြောင့် ဖြစ်ကုန်၏၊ ချစ်ခြင်းလျှင် အမွန်အစရှိကုန်၏ ဟု (မိန့်ဆို၏)။ အသျှင်ဘုရား ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာပင်ပန်းခြင်းတို့သည် ချစ်ခြင်းကြောင့် ဖြစ်ကုန်၏၊ ချစ်ခြင်းလျှင် အမွန်အစရှိကုန်၏ဟု အဘယ်သူအား

http://www.dhammadownload.com



ဤသို့ ဖြစ်လိမ့်မည်နည်း။ အသျှင်ဘုရား နှစ်သက်ခြင်း ဝမ်းမြောက်ခြင်းတို့သည်သာ ချစ်ခြင်းကြောင့် ဖြစ်ကုန်၏၊ ချစ်ခြင်းလျှင် အမှန်အစရှိကုန်၏ ဟု (လျှောက်၏)။ အချင်းတို့ ထိုအခါ ငါသည် ရဟန်းဂေါတမ၏စကားကို မနှစ်မြို့ပဲ ကန့်ကွက်၍ နေရာမှထကာ ဖဲခဲ့ပြီ"ဟု ပြောဆို၏။ သူကြွယ် ဤအရာသည် ဤအတိုင်းပင် ဖြစ်ပေ၏၊သူကြွယ် ဤအရာသည် ဤအတိုင်းပင် ဖြစ်ပေ၏။ သူကြွယ် နှစ်သက်ဝမ်းမြောက်ခြင်းတို့သည်သာ ချစ်ခြင်းကြောင့် ဖြစ်ကုန်၏၊ ချစ်ခြင်းလျှင် အမှန်အစရှိကုန်၏ဟု (ပြောဆိုကြကုန်၏)။ ထိုအခါ ထိုသူကြွယ်သည် 'ငါ၏ ဝါဒသည် ကစားသမားတို့၏ဝါဒနှင့် ညီမျှ၏"ဟု ဆို၍ ဖဲသွားလေ၏။ ထိုအခါ ဤစကားအကြောင်းအရာသည် အဆင့်ဆင့် နန်းတော်တွင်းသို့တိုင် ရောက်လေ၏။

၃၅၅။ ထိုအခါ ပသေနဒီကောသလမင်းကြီးသည် မလ္လိကာမိဖုရားကြီးကို "မလ္လိကာမိဖုရား သင်မိဖုရား၏ ရဟန်းဂေါတမသည် ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာပင်ပန်းခြင်းတို့သည် ချစ်ခြင်းကြောင့် ဖြစ်ကုန်၏၊ ချစ်ခြင်းလျှင် အမှန်အစရှိကုန်၏ဟု ဟောတော်မူသတတ်" ဟု မိန့်ဆို၏။ မင်းကြီး အကယ်၍ ဤစကားကို မြတ်စွာဘုရား ဟောတော်မူသည် ဖြစ်အံ့၊ ဤစကားသည် ဤအတိုင်း မှန်ပေ၏ ဟု (သံတော်ဦးတင်လေ၏)။ မလ္လိကာမိဖုရားသည် ရဟန်းဂေါတမ ပြောဆိုသော စကားတိုင်းကိုပင် ဤစကားကို မြတ်စွာဘုရား ဟောတော်မူသည် ဖြစ်အံ့၊ ဤစကားသည် ဤအတိုင်း မှန်ပေ၏ ဟု အလွန်ဝမ်းမြောက် နှစ်သက်လေ့ရှိ၏။ ဆရာပြောဆိုတိုင်းသော စကားကိုသာလျှင် တပည့်သည် "ဆရာ ဤစကားသည် မှန်ပါ၏၊ ဆရာ ဤစကားသည် မှန်ပါ၏"ဟု အလွန်ဝမ်းမြောက်သကဲ့သို့ မလ္လိကာမိဖုရား သင်လည်း ရဟန်းဂေါတမ ပြောဆိုသော စကားတိုင်းကိုပင် "မင်းကြီး ဤစကားကို အကယ်၍ မြတ်စွာဘုရား ဟောတော်မူသည်ဖြစ်အံ့၊ ဤစကားသည် ဤအတိုင်း မှန်ပေ၏"ဟု အလွန်ဝမ်းမြောက်၏။မမြတ်နိုးအပ်သော မလ္လိကာ သွားလော့၊ ပျက်စီးလေလော့ ဟု (ပြောဆို၏.အော်ငေါက်၏)။

ထိုအခါ မလ္လိကာမိဖုရားသည် နာဠိဇင်္ဃပုဏ္ဏားကို ခေါ်၍ "ပုဏ္ဏား သင်လာလော့၊ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ငါ၏စကားဖြင့် မြတ်စွာဘုရား၏ခြေတော်တို့ကို ဦးတိုက်လော့၊ အနာကင်းကြောင်း ရောဂါကင်းကြောင်း ကျန်းမာကြောင်း သန်စွမ်းကြောင်း ချမ်းသာစွာနေရကြောင်းတို့ကို မေးလျှောက်လော့၊ 'အသျှင်ဘုရား မလ္လိကာမိဖုရားသည် မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးတိုက်ပါ၏၊ အနာကင်းကြောင်း ရောဂါကင်းကြောင်း ကျန်းမာကြောင်း သန်စွမ်းကြောင်း ချမ်းသာစွာနေရကြောင်းတို့ကို မေးမြန်းပါ၏'ဟု လျှောက်လေလော့၊ ထို့ပြင် 'အသျှင်ဘုရား ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာပင်ပန်းခြင်းတို့သည် ချစ်ခြင်းကြောင့် ဖြစ်ကုန်၏၊ချစ်ခြင်းလျှင် အမှန်အစရှိကြကုန်၏ဟု မြတ်စွာဘုရား ဟောကြားတော်မူဘူးပါသလော' ဟုလည်း လျှောက်လေလော့။ မြတ်စွာဘုရား ဟောကြားတော်မူသည့်အတိုင်း ကောင်းစွာ မှတ်သားနာယူခဲ့၍ ငါ့အား ပြောကြားလော့၊ မြတ်စွာဘုရားတို့သည် ချွတ်ယွင်းသောစကားကို မပြောဆိုကြကုန်"ဟု ပြောဆို၏။

"အသျှင်မိဖုရားကြီး ကောင်းပါပြီ"ဟူ၍သာလျှင် နာဠိဇင်္ဃပုဏ္ဏားသည် မလ္လိကာမိဖုရားကြီးအား ပြန်လျှောက်ကြား၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားနှင့် ဝမ်းမြောက်ဝမ်းသာ ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အောက်မေ့ဖွယ်စကားကို ပြောဆိုပြီးဆုံးစေ၍ တခုသောနေရာ၌ ထိုင်နေလျက် မြတ်စွာဘုရားကို "အသျှင်ဂေါတမ မလ္လိကာမိဖုရားသည် အသျှင်ဂေါတမ၏

http://www.dhammadownload.com



ခြေတော်တို့ကို ဦးတိုက်ပါ၏၊ အနာကင်းကြောင်း ရောဂါကင်းကြောင်း ကျန်းမာကြောင်း သန်စွမ်းကြောင်း ချမ်းသာစွာ နေရကြောင်းတို့ကို မေးလိုက်ပါ၏၊ ထို့ပြင် အသျှင်ဘုရား ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာပင်ပန်းခြင်းတို့သည် ချစ်ခြင်းကြောင့် ဖြစ်ကုန်၏၊ ချစ်ခြင်းလျှင် အမွန် အစရှိကုန်၏ဟု မြတ်စွာဘုရားသည် ဟောကြားတော်မူသလော”ဟူ၍လည်း ပြောဆိုမှာထားလိုက်ပါ၏ဟု လျှောက်၏။

၃၅၆။ ပုဏ္ဏား ဤအရာသည် ဤအတိုင်းပင် ဖြစ်ပေ၏၊ ပုဏ္ဏား ဤအရာသည် ဤအတိုင်းပင် ဖြစ်ပေ၏၊ ပုဏ္ဏား ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာပင်ပန်းခြင်းတို့သည် ချစ်ခြင်းကြောင့် ဖြစ်ကုန်၏၊ ချစ်ခြင်းလျှင် အမွန်အစရှိကုန်၏၊ ပုဏ္ဏား ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာပင်ပန်းခြင်းတို့သည် ချစ်ခြင်းကြောင့် ဖြစ်ပေါ်ပုံ ချစ်ခြင်းလျှင် အမွန်အစရှိပုံကို ဤနည်းဖြင့် သိသင့်၏။ ပုဏ္ဏား ရှေးက ဖြစ်ဘူးသည်ကား ဤသာဝတ္ထိပြည်၌ပင် တယောက်သော မိန်းမ၏အမိသည် သေဆုံး၏၊ ထိုမိန်းမသည် ထိုအမိသေဆုံးခြင်းကြောင့် ရူးသွပ်သည် စိတ်ပျံ့လွင့်သည်ဖြစ်၍ လမ်းမတခုမှ လမ်းမတခုသို့ လမ်းဆုံတခုမှ လမ်းဆုံတခုသို့ ချဉ်းကပ်၍ “ငါ၏အမိကို မြင်ကြပါကုန်၏လော၊ ငါ၏ အမိကို မြင်ကြပါကုန်၏လော”ဟု ဆိုပြီ။ ပုဏ္ဏား ဤနည်းဖြင့်လည်း “ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာပင်ပန်းခြင်းတို့သည် ချစ်ခြင်းကြောင့် ဖြစ်ပေါ်ပုံ ချစ်ခြင်းလျှင် အမွန်အစရှိပုံကို”သိသင့်၏။

ပုဏ္ဏား ရှေးကဖြစ်ဘူးသည်ကား ဤသာဝတ္ထိပြည်၌ပင် တယောက်သော မိန်းမ၏အဖသည် သေဆုံး၏။ မောင်ကြီးမောင်ငယ်သည် သေဆုံး၏။ ညီမ အစ်မသည် သေဆုံး၏။ သားသည် သေဆုံး၏၊သမီးသည် သေဆုံး၏။လင်ယောကျာ်းသည် သေဆုံး၏။ ထိုမိန်းမသည် ထိုလင်ယောကျာ်း သေဆုံးခြင်းကြောင့် ရူးသွပ်သည် စိတ်ပျံ့လွင့်သည် ဖြစ်၍ လမ်းမတခုမှ လမ်းမတခုသို့ လမ်းဆုံတခုမှ လမ်းဆုံတခုသို့ ချဉ်းကပ်၍ “ငါ၏လင်ယောကျာ်းကို မြင်ကြကုန်၏လော၊ ငါ၏လင်ယောကျာ်းကို မြင်ကြကုန်၏လော”ဟု ဆို၏။ပုဏ္ဏား ဤနည်းဖြင့်လည်း “ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာ ပင်ပန်းခြင်းတို့သည် ချစ်ခြင်းကြောင့် ဖြစ်ပေါ်ပုံ ချစ်ခြင်းလျှင် အမွန်အစရှိပုံကို” သိသင့်၏။ ပုဏ္ဏား ရှေးကဖြစ်ဘူးသည်ကား ဤသာဝတ္ထိပြည်၌ပင် တယောက်သော ယောကျာ်း၏ အမိသည် သေဆုံး၏။ထိုအမိသေဆုံးခြင်းကြောင့် ရူးသွပ်သည် စိတ်ပျံ့လွင့်သည်ဖြစ်၍ လမ်းမတခုမှ လမ်းမတခုသို့ လမ်းဆုံတခုမှ လမ်းဆုံတခုသို့ ချဉ်းကပ်၍“ငါ၏အမိကို မြင်ကြကုန်၏လော၊ငါ၏အမိကို မြင်ကြကုန်၏လော”ဟု ဆို၏။ပုဏ္ဏား ဤနည်းဖြင့်လည်း“ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာပင်ပန်းခြင်းတို့သည် ချစ်ခြင်းကြောင့် ဖြစ်ပေါ်ပုံ ချစ်ခြင်းလျှင် အမွန်အစရှိပုံကို” သိသင့်၏။

ပုဏ္ဏား ရှေးကဖြစ်ဘူးသည်ကား ဤသာဝတ္ထိပြည်၌ပင် တယောက်သော ယောကျာ်း၏ အဖသည် သေဆုံး၏။ညီသည် အစ်ကိုသည် သေဆုံး၏။အစ်မ နှမသည် သေဆုံး၏။သားသည် သေဆုံး၏။ သမီးသည် သေဆုံး၏။ မယားသည် သေဆုံး၏၊ ထိုယောကျာ်းသည် ထိုမယားသေဆုံးခြင်းကြောင့် ရူးသွပ်သည်စိတ်ပျံ့လွင့်သည်ဖြစ်၍ လမ်းမတခုမှ လမ်းမတခုသို့ လမ်းဆုံတခုမှ လမ်းဆုံတခုသို့ ချဉ်းကပ်၍ “ငါ၏မယားကို မြင်ကြကုန်၏လော၊ ငါ၏မယားကို မြင်ကြကုန်၏လော”ဟု ဆို၏။ ပုဏ္ဏား ဤနည်းဖြင့်လည်း “ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာပင်ပန်းခြင်းတို့သည် ချစ်ခြင်းကြောင့် ဖြစ်ပေါ်ပုံ ချစ်ခြင်းလျှင် အမွန်အစရှိပုံကို ”သိသင့်၏။

http://www.dhammadownload.com



ပုဏ္ဏား ရေးကဖြစ်ဘူးသည်ကား ဤသာဝတ္ထိပြည်၌ပင် တယောက်သောမိန်းမသည် မိမိလင်ယောကျ်ားအိမ်မှ မိဖဆွေမျိုးတို့အိမ်သို့ သွားရောက်နေထိုင်၏၊ ထိုမိန်းမ၏ မိဖဆွေမျိုးတို့သည လက်ရှိလင်ယောကျ်ားနှင့် ဖြတ်၍ အခြားယောကျ်ားနှင့် ထိမ်းမြားလိုကြကုန်၏၊ထိုမိန်းမသည်ကား ထိုနောက်ထိမ်းမြားမည့်ယောကျ်ားကို အလိုမရှိ၊ မနှစ်သက်။ ထိုအခါ ထိုမိန်းမသည် လက်ရှိ လင်ယောကျ်ားကို 'အရှင့်သား ဤဆွေမျိုးတို့သည် ငါ့ကို သင်နှင့်ဖြတ်၍ အခြားယောကျ်ားနှင့် ထိမ်းမြားလိုကြကုန်၏၊ငါလည်း ထိုယောကျ်ားကို အလိုမရှိ"ဟု ဆို၏။ ထိုအခါ ထိုလက်ရှိလင်ယောကျ်ားသည် ထိုမိန်းမကို နှစ်ပိုင်းပိုင်းပြီးလျှင် ငါတို့နှစ်ယောက်သည် သေလွန်သော နောက်ဘ၀၌ ပေါင်းကြကုန်အံ့ဟု ကြံ၍ မိမိရင်ဘတ်ကို ဖောက်ခွဲ၏။ ပုဏ္ဏား ဤနည်းဖြင့်လည်း "ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာ ပင်ပန်းခြင်းတို့သည် ချစ်ခြင်းကြောင့် ဖြစ်ပေါ်ပုံ ချစ်ခြင်းလျှင် အမှန်အစရှိပုံကို" သိသင့်၏ ဟု(မိန့်တော်မူ၏)။

၃၅၇။ ထိုအခါ နာဠိဇင်္ဃပုဏ္ဏားသည် မြတ်စွာဘုရား၏စကားတော်ကို အလွန်နှစ်သက် ဝမ်းမြောက်၍ နေရာမှထကာ မလ္လိကာမိဖုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားနှင့် ပြောဆိုခဲ့သမျှ စကားအလုံးစုံကို မလ္လိကာမိဖုရားကြီးအား ပြောကြားလေ၏။ ထိုအခါ မလ္လိကာမိဖုရားကြီးသည် ပသေနဒီကောသလမင်းကြီးထံသို့ ချဉ်းကပ်၍ ပသေနဒီကောသလမင်းကြီးကို ဤသို့ပြောဆို၏— "မင်းကြီး ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ ၀ဇိရီသတို့သမီးကို သင်မင်းကြီး ချစ်သည် မဟုတ်လော"ဟု (မေးလျှောက်၏)။မလ္လိကာ မှန်၏၊ ၀ဇိရီသတို့သမီးကို ငါချစ်၏ဟု (မိန့်ဆို၏)။

မင်းကြီး ထိုအရာကို အဘယ်သို့မှတ်ထင်သနည်း၊သင်မင်းကြီး၏ ၀ဇိရီသတို့သမီးငယ်၏ သေဆုံးခြင်း တမျိုးတမည်ဖောက်ပြန်ခြင်းကြောင့် သင်မင်းကြီးအား ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာပင်ပန်းခြင်းတို့သည် ဖြစ်ကုန်ရာသလော ဟု (မေးလျှောက်၏)။ မလ္လိကာ ၀ဇိရီသတို့သမီးငယ်၏ သေဆုံးခြင်း တမျိုးတမည်ဖောက်ပြန်ခြင်းကြောင့် ငါ့မှာ ဇီဝိတိန္ဒြေသော်လည်း ဖောက်ပြန်ရာ၏၊ ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာပင်ပန်းခြင်းတို့သည် အဘယ်မှာ မဖြစ်ပဲ ရှိပါမည်နည်းဟု (ဆို၏)။ မင်းကြီး သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် ထိုအကြောင်းကို ရည်ရွယ်၍ "ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာပင်ပန်းခြင်းတို့သည် ချစ်ခြင်းကြောင့် ဖြစ်ကုန်၏၊ချစ်ခြင်းလျှင် အမှန်အစရှိကုန်၏ "ဟု ဟောကြားတော်မူ၏။

မင်းကြီး ထိုအရာကို အဘယ်သို့မှတ်ထင်သနည်း၊ သင်မင်းကြီးသည် ဝါသဘခတ္တိယာမင်းသမီးကို ချစ်သည် မဟုတ်လော ဟု(မေးလျှောက်၏)။မလ္လိကာ မှန်၏၊ ဝါသဘခတ္တိယာကို ငါချစ်၏ဟု (မိန့်ဆို၏)။ မင်းကြီး ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ ဝါသဘခတ္တိယာ၏ သေဆုံးခြင်း တမျိုးတမည်ဖောက်ပြန်ခြင်းကြောင့် သင်မင်းကြီးအား ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာပင်ပန်းခြင်းတို့သည် ဖြစ်ကုန်ရာသလော ဟု (မေးလျှောက်၏)။ မလ္လိကာ ဝါသဘခတ္တိယာ၏သေဆုံးခြင်း တမျိုး တမည်ဖောက်ပြန်ခြင်းကြောင့် ငါ့အား ဇီဝိတိန္ဒြေသော်လည်း ဖောက်ပြန်ရာ၏၊ ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာပင်ပန်းခြင်းတို့သည် အဘယ်မှာ မဖြစ်ပဲ ရှိပါမည်နည်း ဟု (ဆို၏)။ မင်းကြီး သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူ

http://www.dhammadownload.com



သော ထိုမြတ်စွာဘုရားသည် ထိုအကြောင်းကို ရည်ရွယ်၍ "ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာပင်ပန်းခြင်းတို့သည် ချစ်ခြင်းကြောင့် ဖြစ်ကုန်၏၊ ချစ်ခြင်းလျှင် အမှန် အစရှိကုန်၏" ဟု ဟောကြားတော်မူ၏။

မင်းကြီး ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ သင်မင်းကြီးသည် ဝိဋူဍဘစစ်သူကြီးကို ချစ်သည်မဟုတ်လော ဟု (မေးလျှောက်၏)။ မလ္လိကာ မှန်၏၊ ဝိဋူဍဘစစ်သူကြီးကို ငါချစ်၏ ဟု (မိန့်ဆို၏)။ မင်းကြီး ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ ဝိဋူဍဘစစ်သူကြီး၏ သေဆုံးခြင်း တမျိုးတမည် ဖောက်ပြန်ခြင်းကြောင့် သင်မင်းကြီးအား ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာပင်ပန်းခြင်းတို့သည် ဖြစ်ကုန်ရာသလော ဟု (မေးလျှောက်၏)။ မလ္လိကာ ဝိဋူဍဘစစ်သူကြီး၏ သေဆုံးခြင်း တမျိုးတမည်ဖောက်ပြန်ခြင်းကြောင့် ငါ့အား ဇီဝိတိန္ဒြေသော်လည်း ဖောက်ပြန်ရာ၏၊ ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာပင်ပန်းခြင်းတို့သည် အဘယ်မှာ မဖြစ်ပဲရှိပါမည်နည်း ဟု(ဆို၏)။မင်းကြီး သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော(အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာသိတော်မူသော ထိုမြတ်စွာဘုရားသည် ထိုအကြောင်းကို ရည်ရွယ်၍ "ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာပင်ပန်းခြင်းတို့သည် ချစ်ခြင်းကြောင့် ဖြစ်ကုန်၏၊ ချစ်ခြင်းလျှင် အမှန် အစရှိကုန်၏" ဟု ဟောကြားတော်မူ၏။

မင်းကြီး ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ သင်မင်းကြီးသည် အကျွန်ုပ်ကို ချစ်သည် မဟုတ်လော ဟု (မေးလျှောက်၏)။ မလ္လိကာ မှန်၏၊ သင်မိဖုရားကို ငါချစ်ပေ၏ ဟု (ဆို၏)။ မင်းကြီး ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ အကျွန်ုပ်၏ သေဆုံးခြင်း တမျိုးတမည် ဖောက်ပြန်ခြင်းကြောင့် သင်မင်းကြီးအား ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာပင်ပန်းခြင်းတို့သည် ဖြစ်ကုန်ရာသလောဟု (မေးလျှောက်၏)။မလ္လိကာ သင်၏သေဆုံးခြင်း တမျိုးတမည် ဖောက်ပြန်ခြင်းကြောင့် ငါ့အား ဇီဝိတိန္ဒြေသော်လည်း ဖောက်ပြန်ခြင်းသည် ဖြစ်ရာ၏၊ ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာပင်ပန်းခြင်းတို့သည် အဘယ်မှာ မဖြစ်ပဲ ရှိပါမည်နည်း ဟု (ဆို၏)။ မင်းကြီး သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာသိတော်မူသော ထိုမြတ်စွာဘုရား သည် ဤအကြောင်းကို ရည်ရွယ်၍ "ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာပင်ပန်းခြင်းတို့သည် ချစ်ခြင်းကြောင့် ဖြစ်ကုန်၏၊ ချစ်ခြင်းလျှင် အမှန်အစ ရှိကုန်၏"ဟု ဟောကြားတော်မူ၏။

မင်းကြီး ထိုအရာကို အဘယ်သို့မှတ်ထင်သနည်း၊သင်မင်းကြီးသည် ကာသိတိုင်းကောသလတိုင်း တို့ကို ချစ်သည်မဟုတ်လောဟု (မေးလျှောက်၏)။ မလ္လိကာ မှန်၏၊ ကာသိတိုင်းကောသလတိုင်း တို့ကို ငါချစ်၏၊ မလ္လိကာ ကာသိတိုင်း ကောသလတိုင်းတို့၏ အာနုဘော်ကြောင့် ကာသိတိုင်း၌ ဖြစ်သော စန္ဒကူးကို ခံစားသုံးဆောင်၏၊ ပန်း နံ့သာ နံ့သာပျောင်းတို့ကို သုံးဆောင်၏ဟု (ဆို၏)။ မင်းကြီး ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ ကာသိတိုင်း ကောသလတိုင်းတို့၏ ဖောက်ပြန်ခြင်း တမျိုးတမည်ပြောင်းလွဲခြင်းကြောင့် သင်မင်းကြီးအား ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာပင်ပန်းခြင်းတို့သည် ဖြစ်ကုန်ရာသလော ဟု(မေးလျှောက်၏)။ မလ္လိကာ ကာသိတိုင်း ကောသလတိုင်းတို့၏ ဖောက်ပြန်ခြင်း တမျိုးတမည် ပြောင်းလွဲခြင်း ကြောင့် ငါ့အား ဇီဝိတိန္ဒြေသော်လည်း ဖောက်ပြန်ခြင်း ဖြစ်ရာ၏၊ ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်

http://www.dhammadownload.com



ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာပင်ပန်းခြင်းတို့သည် အဘယ်မှာ မဖြစ်ပဲ ရှိပါမည်နည်းဟု (ဆို၏)။ မင်းကြီး သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် ထိုအကြောင်းကို ရည်ရွယ်၍ "ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာပင်ပန်းခြင်းတို့သည် ချစ်ခြင်းကြောင့် ဖြစ်ကုန်၏၊ ချစ်ခြင်းလျှင် အမွန်အစရှိကုန်၏"ဟု ဟောကြားတော်မူပါ၏ ဟု (လျှောက်၏)။

မလ္လိကာ အံ့ဖွယ်ရှိစွတကား၊ မလ္လိကာ မဖြစ်ဘူးမြဲ ဖြစ်ပေစွတကား၊ ထိုမြတ်စွာဘုရားသည် အလွန်တရာ ပညာဖြင့် ထိုးထွင်း၍ ပညာဖြင့် မြင်တော်မူတတ်ပါပေစွ၊ မလ္လိကာ လာလော့၊ နှုတ်ဆေးရေ ပေးလော့ဟု (မိန့်၏)။ ထို့နောက် ပသေနဒီကောသလမင်းကြီးသည် နေရာမှထ၍ လက်ဝဲတဖက် ပခုံးထက်၌ ကိုယ်ဝတ်ကို စံပယ်တင်သည်ကိုပြု၍ မြတ်စွာဘုရားထံသို့ လက်အုပ်ချီ၍ နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊ နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊ နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ ဟူ၍ သုံးကြိမ်တိုင်တိုင် ဥဒါန်းကျူးရင့်လေသတည်း။

ခုနစ်ခုမြောက် ပိယဇာတိကသုတ် ပြီး၏။

---

## ဂဇ္ဇာဗဟိတိကသုတ်

၃၅၈။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ အသျှင်အာနန္ဒာသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူပြီးလျှင် သာဝတ္ထိပြည်သို့ ဆွမ်းအလို့ငှါ ဝင်လေ၏။ သာဝတ္ထိပြည်၌ ဆွမ်းခံလှည့်လည်၍ ဆွမ်းခံရွာမှ ဖဲကာ ဆွမ်းစားပြီးနောက်— မိဂါရသူဌေး၏ အမိသဖွယ်ဖြစ်သော ဝိသာခါ၏ ပုဗ္ဗာရုံကျောင်းပြာသာဒ်သို့ နေ့သန့်စင်ရန် ချဉ်းကပ်၏။ ထိုအခါ ပသေနဒီကောသလမင်းသည် ဧကပုဏ္ဍရီကဆင်ကို တက်စီး၍ နေ့မွန်းတည့်အချိန်၌ သာဝတ္ထိပြည်မှ ထွက်ခဲ့၏၊ ပသေနဒီကောသလမင်းသည် ကြွလာသော အသျှင်အာနန္ဒာကို အဝေးကပင် မြင်၍ သိရိဝဍ္ဎအမတ်ကြီးကို "အဆွေသိရိဝဍ္ဎ ဤရဟန်းကား အသျှင်အာနန္ဒာ လေလော"ဟု မေးမြန်း၏။ မင်းကြီး မှန်ပါ၏၊ ဤရဟန်းကား အသျှင်အာနန္ဒာပါတည်း ဟု (လျှောက်၏)။

ထိုအခါ ပသေနဒီကောသလမင်းသည် မင်းချင်းတယောက်ကို "အမောင်ယောကျာ်း လာလော့၊ သင်သည် အသျှင်အာနန္ဒာထံသို့ချဉ်းကပ်၍ ငါ၏စကားဖြင့် အသျှင်အာနန္ဒာ၏ခြေတော်တို့ကို ဦးတိုက်လေလော့၊ 'အသျှင်ဘုရား ပသေနဒီကောသလမင်းသည် အသျှင်အာနန္ဒာ၏ ခြေတော်တို့ကို ဦးတိုက်ပါ၏'ဟု လျှောက်လေလော့၊ ထို့ပြင် 'အသျှင်ဘုရား အသျှင်အာနန္ဒာအား တစုံတခု အဆောတလျင် ပြုဖွယ်ကိစ္စမရှိပါမူ သနားစောင့်ရှောက်မှုကို အကြောင်းပြု၍ တခဏမျှ ဆိုင်းငံ့တော်မူပါဦးလော့'ဟူ၍လည်း လျှောက်လေလော့" ဟု မိန့်ဆို၏။ "မင်းကြီး ကောင်းပါပြီ"ဟူ၍ ထိုယောကျာ်းသည် ပသေနဒီကောသလမင်းကြီးအား ပြန်လျှောက်ကြားပြီးလျှင် အသျှင်အာနန္ဒာထံသို့ ချဉ်းကပ်၍ အသျှင်အာနန္ဒာကို ရှိခိုးလျက် သင့်လျော်ရာ၌ ရပ်တည်ကာ "အသျှင်ဘုရား ပသေနဒီကောသလမင်းကြီးသည် အသျှင်ဘုရား၏ ခြေတော်တို့ကို ဦးတိုက်ပါ၏၊ (ထို့ပြင်) 'အသျှင်

http://www.dhammadownload.com



ဘုရား အသျှင်အာနန္ဒာအား အဆောတလျင် ပြုဖွယ်ကိစ္စ မရှိပါမူ သနားစောင့်ရှောက်မှုကို အကြောင်းပြု၍ တခဏမျှ ဆိုင်းငံ့တော်မူပါဦးလော့ဟူ၍လည်း လျှောက်ထားလိုက်ပါ၏" ဟု လျှောက်ထားလေ၏။ အသျှင်အာနန္ဒာသည် ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူ၏။

ထိုအခါ ပသေနဒီကောသလမင်းသည် ဆင်ဖြင့် သွားသင့်သော အရပ်တိုင်အောင် ဆင်ဖြင့် သွား၍ ဆင်မှ ဆင်းသက်ပြီးလျှင် ခြေကျင်သာလျှင် အသျှင်အာနန္ဒာထံသို့ ချဉ်းကပ်၍ အလွန်ရှိသေစွာ ရှိခိုးပြီးလျှင် သင့်လျော်ရာ၌ ရပ်တည်ကာ အသျှင်အာနန္ဒာကို "အသျှင်ဘုရား အသျှင်အာနန္ဒာအား အဆောတလျင် ပြုဖွယ်ကိစ္စမရှိပါမူ သနားစောင့်ရှောက်မှုကို အကြောင်းပြု၍ အစိရဝတီ မြစ်ကမ်းနားသို့ ကြွတော်မူစေချင်ပါ၏"ဟု လျှောက်၏။ အသျှင်အာနန္ဒာသည် ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူ၏။

၃၅၉။ ထိုအခါ အသျှင်အာနန္ဒာသည် အစိရဝတီ မြစ်ကမ်းပါးသို့ ချဉ်းကပ်၍ တခုသော သစ်ပင်ရင်း ခင်းထားသော နေရာ၌ ထိုင်၏။ ထိုအခါ ပသေနဒီကောသလမင်းသည် ဆင်ဖြင့်သွားသင့်သော အရပ်သို့တိုင်အောင် ဆင်ဖြင့်သွား၍ ဆင်မှဆင်းသက်ပြီးလျှင် ခြေကျင်သာလျှင် အသျှင်အာနန္ဒာထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် သင့်လျော်ရာ၌ ရပ်တည်ကာ အသျှင်အာနန္ဒာကို "အသျှင်ဘုရား အသျှင်အာနန္ဒာသည် ဤဆင်ကုန်းနီး၌ ထိုင်တော်မူပါလော့"ဟု လျှောက်၏။ မင်းကြီး တော်ပြီ၊ အသင် ထိုင်လော့၊ ငါသည် မိမိနေရာ၌ ထိုင်ပြီးပြီ ဟု (မိန့်၏)။ ပသေနဒီကောသလမင်းသည် ခင်းထားသောနေရာ၌ ထိုင်သည်သာတည်း။ ထိုင်နေပြီးသော ပသေနဒီကောသလမင်းသည် အသျှင်အာနန္ဒာကို "အသျှင်ဘုရားအာနန္ဒာ သမဏဗြာဟ္မဏတို့ အပြစ်တင်ထိုက်သော ကိုယ်ကျင့်တရားမျိုးကို ထိုမြတ်စွာဘုရားသည် ကျင့်ကြံရာပါသေးသလော"ဟု လျှောက်၏။ မင်းကြီး ပညာရှိသမဏဗြာဟ္မဏတို့ အပြစ်တင်ထိုက်သော ကိုယ်ကျင့်တရားမျိုးကို ထိုမြတ်စွာဘုရားသည် မကျင့်ကြံပါ ဟု (မိန့်ဆို၏)။

အသျှင်ဘုရားအာနန္ဒာ။ပ။ နှုတ်ကျင့်တရားမျိုးကို ထိုမြတ်စွာဘုရားသည် ကျင့်ကြံရာပါသေးသလော။ပ။ ပညာရှိ သမဏဗြာဟ္မဏတို့ အပြစ်တင်ထိုက်သော စိတ်ကျင့်တရားမျိုးကို ထိုမြတ်စွာဘုရားသည် ကျင့်ကြံရာပါသေးသလော ဟု (မေးလျှောက်၏)။ မင်းကြီး ပညာရှိ သမဏဗြာဟ္မဏတို့ အပြစ်တင်ထိုက်သော စိတ်ကျင့်တရားမျိုးကို ထိုမြတ်စွာဘုရားသည် မကျင့်ကြံပါ ဟု (မိန့်ဆို၏)။

အသျှင်ဘုရား အံ့ဖွယ်ရှိစွတကား၊ အသျှင်ဘုရား မဖြစ်ဘူးမြဲ ဖြစ်လေစွတကား၊ အသျှင်ဘုရား အကျွန်ုပ်တို့သည် အမေးအားဖြင့် ပြည့်စုံစေရန် မစွမ်းနိုင်သော အရာကို အသျှင်အာနန္ဒာသည် ပြဿနာ ဖြေကြားသဖြင့် ပြည့်စုံစေပါ၏။ အသျှင်ဘုရား မိုက်ကုန် မလိမ္မာကုန်သောသူတို့သည် မစူးစမ်းကြ မဆင်ခြင်ကြကုန်မူ၍ သူတပါးတို့၏ဂုဏ်ကိုရင်း ဂုဏ်ကျေးဇူးမဲ့ကိုရင်း ပြောဆိုတတ်ကြကုန်၏၊ အကျွန်ုပ်တို့သည် ထိုသူတို့ ပြောဆိုသော စကားကို အနှစ်သာရအားဖြင့် မယုံကြည်ကြပါကုန်။ အသျှင်ဘုရား ပညာရှိကုန် လိမ္မာကုန် ထိုးထွင်းဉာဏ်ရှိကုန်သော သူတို့သည် စူးစမ်းဆင်ခြင်၍ သူတပါးတို့၏ဂုဏ်ကိုရင်း ဂုဏ်ကျေးဇူးမဲ့ကိုရင်း ပြောဆိုကြကုန်၏။ အကျွန်ုပ်တို့သည် ထိုပညာရှိတို့ ပြောဆိုသော စကားကို အနှစ်သာရအားဖြင့် ယုံကြည်ကြပါကုန်၏။

http://www.dhammadownload.com



၁၆၀။ အသျှင်ဘုရားအာနန္ဒာ ပညာရှိ သမဏဗြာဟ္မဏတို့ အပြစ်တင်ထိုက်သော ကိုယ်ကျင့်တရားမျိုး ဟူသည် အဘယ်ပါနည်း ဟု(လျှောက်၏)။ မင်းကြီး မကောင်းသော ကိုယ်ကျင့်တရားမျိုးပေတည်း ဟု (ဆို၏)။

အသျှင်ဘုရား မကောင်းသော ကိုယ်ကျင့်တရားမျိုးဟူသည် အဘယ်ပါနည်းဟု (လျှောက်၏)။ မင်းကြီး အပြစ်ရှိသော ကိုယ်ကျင့်တရားမျိုးပေတည်း ဟု (ဆို၏)။

အသျှင်ဘုရား အပြစ်ရှိသော ကိုယ်ကျင့်တရားမျိုးဟူသည် အဘယ်ပါနည်း ဟု (လျှောက်၏)။ မင်းကြီး ဆင်းရဲနှင့် တကွ ဖြစ်သော ကိုယ်ကျင့်တရားမျိုးပေတည်း ဟု (ဆို၏)။

အသျှင်ဘုရား ဆင်းရဲနှင့်တကွ ဖြစ်သော ကိုယ်ကျင့်တရား မျိုးဟူသည် အဘယ်ပါနည်း ဟု (လျှောက်၏)။ မင်းကြီး ဆင်းရဲသော အကျိုးကို ဖြစ်စေတတ်သော ကိုယ်ကျင့်တရားမျိုးပေတည်း ဟု (ဆို၏)။

အသျှင်ဘုရား ဆင်းရဲသော အကျိုးကို ဖြစ်စေတတ်သော ကိုယ်ကျင့်တရားမျိုး ဟူသည် အဘယ်ပါနည်း ဟု (လျှောက်၏)။ မင်းကြီး မိမိဆင်းရဲရန် သူတပါးဆင်းရဲရန် နှစ်ပါးစုံ ဆင်းရဲရန် ဖြစ်သည့်ပြင် ထိုပုဂ္ဂိုလ်အား အကုသိုလ်တရား တိုးပွါး၍ ကုသိုလ်တရားတို့ ဆုတ်ယုတ်ခြင်း သဘောရှိသည့် တရားမျိုးသည် ပညာရှိ သမဏဗြာဟ္မဏတို့ အပြစ်တင်ထိုက်သော ကိုယ်ကျင့်တရားမျိုး ဖြစ်၏ ဟု (ဆို၏)။

အသျှင်ဘုရားအာနန္ဒာ နှုတ်ကျင့်တရားမျိုးဟူသည်။ပ။ ပညာရှိသမဏဗြာဟ္မဏတို့ အပြစ်တင်ထိုက်သော စိတ်ကျင့်တရားမျိုး ဟူသည် အဘယ်ပါနည်း ဟု (လျှောက်၏)။ မင်းကြီး မကောင်းသော စိတ်ကျင့်တရားမျိုးပေတည်း ဟု (ဆို၏)။

အသျှင်ဘုရား မကောင်းသော စိတ်ကျင့်တရားမျိုးဟူသည် အဘယ်ပါနည်း ဟု (လျှောက်၏)။ မင်းကြီး အပြစ်နှင့်တကွ ဖြစ်သော စိတ်ကျင့်တရားမျိုးပေတည်း ဟု (ဆို၏)။

အသျှင်ဘုရား အပြစ်နှင့်တကွဖြစ်သော စိတ်ကျင့်တရားမျိုးဟူသည် အဘယ်ပါနည်းဟု (လျှောက်၏)။ မင်းကြီး ဆင်းရဲနှင့်တကွ ဖြစ်သော စိတ်ကျင့်တရားမျိုးပေတည်း ဟု (ဆို၏)။

အသျှင်ဘုရား ဆင်းရဲနှင့်တကွဖြစ်သော စိတ်ကျင့်တရားမျိုးဟူသည် အဘယ်ပါနည်း ဟု (လျှောက်၏)။မင်းကြီး ဆင်းရဲသော အကျိုးကို ဖြစ်စေတတ်သော စိတ်ကျင့်တရားမျိုးပေတည်း ဟု (ဆို၏)။

အသျှင်ဘုရား ဆင်းရဲသော အကျိုးကို ဖြစ်စေတတ်သော စိတ်ကျင့်တရားမျိုးဟူသည် အဘယ်ပါနည်းဟု (လျှောက်၏)။ မင်းကြီး မိမိဆင်းရဲရန် သူတပါးဆင်းရဲရန် နှစ်ပါးစုံ ဆင်းရဲရန် ဖြစ်သည့်ပြင် ထိုသူအား အကုသိုလ်တရားတို့ တိုးပွါးကုန်၍ ကုသိုလ်တရားတို့ ဆုတ်ယုတ်ခြင်းသဘောရှိသည့် တရားမျိုးသည် ပညာရှိသမဏဗြာဟ္မဏတို့ အပြစ်တင်ထိုက်သော စိတ်ကျင့်တရားမျိုး ဖြစ်၏ ဟု (ဆို၏)။

အသျှင်ဘုရားအာနန္ဒာ အလုံးစုံသော အကုသိုလ်တရားတို့ကိုသာလျှင် ပယ်ခြင်းကို ထိုမြတ်စွာဘုရားသည် ချီးမွမ်းတော်မူပါသလော ဟု (လျှောက်၏)။ မင်းကြီး မြတ်စွာဘုရားသည် အလုံးစုံသော အကုသိုလ်တရားတို့ကို ပယ်တော်မူ၏၊ ကုသိုလ်ကရားတို့နှင့် ပြည့်စုံတော်မူ၏ ဟု (ဆို၏)။

http://www.dhammadownload.com



၃၆၁။ အသျှင်ဘုရားအာနန္ဒာ ပညာရှိ သမဏဗြာဟ္မဏတို့ အပြစ်မတင်ထိုက်သော ကိုယ်ကျင့်တရားမျိုးဟူသည် အဘယ်ပါနည်း ဟု (လျှောက်၏)။ မင်းကြီး ကောင်းသော ကိုယ်ကျင့်တရားမျိုးပေတည်း ဟု (ဆို၏)။

အသျှင်ဘုရား ကောင်းသောကိုယ်ကျင့်တရားမျိုးဟူသည် အဘယ်ပါနည်း ဟု (လျှောက်၏)။ မင်းကြီး အပြစ်မရှိသော ကိုယ်ကျင့်တရားမျိုးပေတည်း ဟု (ဆို၏)။

အသျှင်ဘုရား အပြစ်မရှိသော ကိုယ်ကျင့်တရားမျိုးဟူသည် အဘယ်ပါနည်းဟု(လျှောက်၏)။ မင်းကြီး ဆင်းရဲမရှိသော ကိုယ်ကျင့်တရားမျိုးပေတည်း ဟု (ဆို၏)။

အသျှင်ဘုရား ဆင်းရဲမရှိသော ကိုယ်ကျင့်တရားမျိုး ဟူသည် အဘယ်ပါနည်း ဟု(လျှောက်၏)။ မင်းကြီး ချမ်းသာသော အကျိုးကိုဖြစ်စေတတ်သော ကိုယ်ကျင့်တရားမျိုးပေတည်းဟု(ဆို၏)။

အသျှင်ဘုရား ချမ်းသာသော အကျိုးကို ဖြစ်စေတတ်သော ကိုယ်ကျင့်တရားမျိုးဟူသည် အဘယ်ပါနည်း ဟု (လျှောက်၏)။မင်းကြီး မိမိဆင်းရဲရန် သူတပါးဆင်းရဲရန် နှစ်ပါးစုံ ဆင်းရဲရန် မဖြစ်သည့်ပြင် ထိုပုဂ္ဂိုလ်အား အကုသိုလ်တရားတို့ ဆုတ်ယုတ်၍ ကုသိုလ်တရားတို့ တိုးပွါးခြင်း သဘောရှိသည့် တရားမျိုးသည် ပညာရှိ သမဏဗြာဟ္မဏတို့ အပြစ်မတင်ထိုက်သော ကိုယ်ကျင့်တရားမျိုး ဖြစ်၏ဟု (ဆို၏)။

အသျှင်ဘုရားအာနန္ဒာ နှုတ်ကျင့်တရားမျိုးဟူသည်။ပ။ ပညာရှိသမဏဗြာဟ္မဏတို့ အပြစ်မတင်ထိုက်သော စိတ်ကျင့်တရားမျိုး ဟူသည် အဘယ်ပါနည်းဟု (လျှောက်၏)။မင်းကြီး ကောင်းသော စိတ်ကျင့်တရားမျိုးပေတည်း ဟု (ဆို၏)။

အသျှင်ဘုရား ကောင်းသော စိတ်ကျင့်တရားမျိုးဟူသည် အဘယ်ပါနည်း ဟု (လျှောက်၏)။ မင်းကြီး အပြစ်မရှိသော စိတ်ကျင့်တရားမျိုးပေတည်း ဟု (ဆို၏)။

အသျှင်ဘုရား အပြစ်မရှိသော စိတ်ကျင့်တရားမျိုးဟူသည် အဘယ်ပါနည်း ဟု (လျှောက်၏)။ မင်းကြီး ဆင်းရဲမရှိသော စိတ်ကျင့်တရားမျိုးပေတည်း ဟု (ဆို၏)။

အသျှင်ဘုရား ဆင်းရဲမရှိသော စိတ်ကျင့်တရားမျိုးဟူသည် အဘယ်ပါနည်း ဟု(လျှောက်၏)။ မင်းကြီး ချမ်းသာသော အကျိုးကို ဖြစ်စေတတ်သော စိတ်ကျင့်တရားမျိုးပေတည်း ဟု (ဆို၏)

အသျှင်ဘုရား ချမ်းသာသော အကျိုးကို ဖြစ်စေတတ်သော စိတ်ကျင့်တရားမျိုး ဟူသည် အဘယ်ပါနည်း ဟု (လျှောက်၏)။ မင်းကြီး မိမိဆင်းရဲရန် သူတပါးဆင်းရဲရန် နှစ်ပါးစုံ ဆင်းရဲရန် မဖြစ်သည့် ပြင် ထိုပုဂ္ဂိုလ်အား အကုသိုလ်တရားတို့ ဆုတ်ယုတ်၍ ကုသိုလ်တရားတို့ တိုးပွါးခြင်း သဘောရှိသည့် တရားမျိုးသည် ပညာရှိ သမဏ ဗြာဟ္မဏတို့ အပြစ်မတင်ထိုက်သော စိတ်ကျင့်တရားမျိုး ဖြစ်၏ဟု (ဆို၏)။

အသျှင်ဘုရားအာနန္ဒာ ထိုမြတ်စွာဘုရားသည် အလုံးစုံသော ကုသိုလ်တရားတို့၏ပြည့်စုံခြင်းကို သာလျှင် ချီးမွမ်းတော်မူပါသလော ဟု (လျှောက်၏)။ မင်းကြီး မြတ်စွာဘုရားသည် အလုံးစုံသော အကုသိုလ်တရားတို့ကို ပယ်တော်မူ၏၊ ကုသိုလ်တရားတို့နှင့် ပြည့်စုံတော်မူ၏ဟု (မိန့်ဆို၏)။

၃၆၂။ အသျှင်ဘုရား အံ့ဖွယ်ရှိပါပေစွ၊ အသျှင်ဘုရား မဖြစ်ဘူးမြဲ ဖြစ်ပါပေစွ၊ အသျှင်ဘုရား အသျှင်အာနန္ဒာ ဟောကြားတော်မူသော ဤတရားတော်ကား အလွန် ကောင်းမြတ်လှပါပေ၏။

http://www.dhammadownload.com



အသျှင်ဘုရား အကျွန်ုပ်တို့သည် အသျှင်အာနန္ဒာ၏ ဤစကားတော်ကြောင့်လည်း နှစ်လိုဝမ်းမြောက်ကြပါကုန်၏။ အသျှင်ဘုရား အကျွန်ုပ်တို့သည် အသျှင်အာနန္ဒာ၏စကားတော်ကြောင့် ဤသို့ နှစ်လိုဝမ်းမြောက်ကြပါကုန်သည်ဖြစ်၍ အသျှင်အာနန္ဒာအား ဆင်ရတနာသည် အကယ်၍ အပ်စပ်ပါမူ ဆင်ရတနာကို အသျှင်အာနန္ဒာအား ပေးလှူပါကုန်အံ့။ အသျှင်အာနန္ဒာအား မြင်းရတနာသည် အကယ်၍ အပ်စပ်ပါမူ မြင်းရတနာကိုလည်း အကျွန်ုပ်တို့သည် ပေးလှူပါကုန်အံ့။ အသျှင်အာနန္ဒာအား ရွာဆုသည် အကယ်၍ အပ်စပ်ပါမူ ရွာဆုကိုလည်း အသျှင်အာနန္ဒာအား အကျွန်ုပ်တို့သည် ပေးလှူပါကုန်အံ့။ အသျှင်ဘုရား သို့ပင်ဖြစ်ပါသော်လည်း အကျွန်ုပ်တို့သည် "ထိုဆင်ရတနာ စသည်သည် အသျှင်အာနန္ဒာအား မအပ်စပ်" သည်ကို သိရှိပါကုန်၏။ အသျှင်ဘုရား အကျွန်ုပ်၏ ဤဗာဟာတိကတိုင်းဖြစ် အဝတ်သည် မဂဓတိုင်းကို အစိုးရသော ဝေဒေဟီမိဖုရား၏သား အဇာတသတ်မင်းက အဝတ်ကျည်တောက်၌ ထည့်၍ ပို့ဆက်သော အဝတ်ဖြစ်ပါ၏၊ အလျားအားဖြင့် တဆယ့်ခြောက်တောင် တိတိ ရှိပါ၏၊ အနံအားဖြင့် ရှစ်တောင်တိတိ ရှိပါ၏။ အသျှင်ဘုရား အသျှင်အာနန္ဒာသည် သနားစောင့်ရှောက်မှုကို အကြောင်းပြု၍ ထိုအဝတ်အထည်ကို ခံတော်မူပါလော့ဟု (လျှောက်၏)။ မင်းကြီး တန်ပြီ၊ ငါ့အား သင်္ကန်းသုံးထည် ပြည့်စုံပြီဟု (မိန့်ဆို၏)။

အသျှင်ဘုရား အသျှင်အာနန္ဒာသည်ရင်း အကျွန်ုပ်ဘို့သည်ရင်း ဤအစိရဝတီမြစ်ကို မြင်ကြပါကုန်၏။တောင်ထိပ်၌ မိုးကြီးသည်းထန်စွာ ရွာသောအခါ ဤအစိရဝတီမြစ်သည် ကမ်းနှစ်ဖက်တို့ကို အပြည့်အလျှံ စီးသွားသကဲ့သို့ ဤအတူ အသျှင်အာနန္ဒာသည် ဤဗာဟိတိကတိုင်းဖြစ် အဝတ်အထည်ကို မိမိ၏ တိစီဝရိက် သင်္ကန်းပြုရပါလိမ့်မည်။ အသျှင်အာနန္ဒာ၏ အဟောင်းဖြစ်သော သင်္ကန်းသုံးထည်ကို သီတင်းသုံးဖော်တို့နှင့် ခွဲခြမ်းဝေဖန်ရပါလိမ့်မည်။ ဤသို့ သုံးဆောင်သည် ရှိသော် အကျွန်ုပ်တို့၏ ဤအလှူသည် စီး၍သွားပါလိမ့်မည် ထင်ပါသည်။ အသျှင်ဘုရား အသျှင်အာနန္ဒာသည် ဗာဟိတိကတိုင်းဖြစ် အဝတ်အထည်ကို အလှူခံတော်မူပါလော့ ဟု(လျှောက်၏)။ အသျှင်အာနန္ဒာသည် ဗာဟိတိကတိုင်းဖြစ် အဝတ်အထည်ကို ခံယူလေ၏။

ထိုအခါ ပသေနဒီကောသလမင်းကြီးသည် အသျှင်အာနန္ဒာကို "အသျှင်ဘုရားအာနန္ဒာ ယခုအခါ အကျွန်ုပ်တို့ သွားကြပါကုန်အံ့၊ အကျွန်ုပ်တို့သည် များသောကိစ္စ များသောပြုဖွယ်ရှိပါကုန်၏"ဟု လျှောက်လေ၏။မင်းကြီး သွားရန်အချိန်ကို သင်သိ၏၊ (သွားရန်မှာ သင်၏အလိုအတိုင်း ပင်ဖြစ်၏)ဟု မိန့်ဆို၏ ၊ထိုအခါ ပသေနဒီကောသလမင်းကြီးသည် အသျှင်အာနန္ဒာ၏တရားစကားကို အလွန်နှစ်သက်ဝမ်းမြောက်ကာ အနုမောဒနာပြု၍ နေရာမှထပြီးလျှင် အသျှင်အာနန္ဒာကို ရှိခိုး၍ အရိုအသေပြုကာ ဖဲသွားလေ၏။

၃၆၃။ ထိုအခါ အသျှင်အာနန္ဒာသည် ပသေနဒီကောသလမင်းကြီး ဖဲသွား၍ မကြာမီ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် သင့်လျော်ရာ၌ထိုင်ကာ ပသေနဒီကောသလမင်းကြီးနှင့်အတူ ပြောဆိုခဲ့သမျှ စကားအလုံးစုံကို မြတ်စွာဘုရားအား လျှောက်ထားလေ၏။ထိုဗာဟိတိကတိုင်းဖြစ် အဝတ်အထည်ကိုလည်း မြတ်စွာဘုရားအား တဆင့်ဆက်ကပ်လှူဒါန်းလေ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကိုခေါ်၍ "ရဟန်းတို့ အာနန္ဒာကို ဖူးမြင်ရန်ရင်း ဆည်းကပ်ရန်ရင်း အခွင့်ရခြင်းသည် ပသေနဒီကောသလမင်းအား အရတော်လေစွ၊ ရဟန်းတို့ ပသေနဒီကောသလမင်းသည် ကောင်းသော လာဘ်ကို ရလေစွ"ဟု မိန့်တော်မူ၏။

http://www.dhammadownload.com



မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏။ ထိုရဟန်းတို့သည် မြတ်စွာဘုရား၏ စကားတော်ကို ဝမ်းမြောက် ဝမ်းသာ လွန်စွာနှစ်သက်ကြကုန်ပြီ။

ရှစ်ခုမြောက် ဗာဟိတိကသုတ် ပြီး၏။

---

## ၉-ဓမ္မစေတီယသုတ်

၃၆၄။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သက္ကတိုင်း မေဒဠုပမည်သော သာကီဝင်တို့၏ နိဂုံး၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ ပသေနဒီကောသလမင်းကြီးသည် တစုံတခုသော ပြုဖွယ်ကိစ္စဖြင့် မြို့ငယ်တို့သို့ အစဉ်ရောက်လာ၏။ ထိုအခါ ပသေနဒီကောသလမင်းကြီးသည် ဒီဃကာရာယနစစ်သူကြီးကို ခေါ်၍ "အဆွေကာရာယန ကောင်းသည်ထက် ကောင်းကုန်သော ယာဉ်တို့ကို ကကုန်လော့၊ ကောင်းမြတ်သော ရှုမြော်ခင်းကို ကြည့်ရှုရန် ဥယျာဉ်မြေသို့ သွားကြကုန်အံ့"ဟု မိန့်၏။ "အရှင်မင်းကြီး ကောင်းပါပြီ"ဟူ၍ ဒီဃကာရာယနစစ်သူကြီးသည် ပသေနဒီကောသလမင်းကြီးအား ပြန်လျှောက်ကြားပြီးလျှင် ကောင်းသည်ထက် ကောင်းကုန်သော ယာဉ်တို့ကို က၍ "မင်းကြီး ကောင်းသည်ထက် ကောင်းကုန်သော ယာဉ်တို့ကို ကပြီးပါပြီ၊ ယခုသွားရန်အချိန်ကို အရှင်မင်းကြီး သိ၏၊ (သွားရန်မှာ အရှင်မင်းကြီး၏ အလိုအတိုင်းပင် ဖြစ်ပါ၏)" ဟု လျှောက်၏။

ထိုအခါ ပသေနဒီကောသလမင်းကြီးသည် ကောင်းသည်ထက် ကောင်းကုန်သော ယာဉ်ကို တက်စီး၍ ကောင်းသည်ထက် ကောင်းကုန်သော ယာဉ်တို့ဖြင့် ကြီးကျယ်သော မင်း၏ကျက်သရေဖြင့် မြို့ငယ်မှ ထွက်လေ၏၊ အရံဥယျာဉ်သို့ ဝင်လေ၏။ ယာဉ်ဖြင့် သွားနိုင်ရာ အရပ်တိုင်အောင် ယာဉ်ဖြင့် သွား၍ ယာဉ်မှသက်ဆင်းပြီးလျှင် ခြေကျင်သာလျှင် အရံဥယျာဉ်သို့ ဝင်လေ၏။ ပသေနဒီကောသလမင်းကြီးသည် အရံဥယျာဉ်၌ အညောင်းပြေလမ်းလျှောက် လှည့်လည်သည်ရှိသော် နှစ်သက်ဖွယ်ကြည်လင်ဖွယ်ကို ဖြစ်စေတတ်၍ တိတ်ဆိတ်ငြိမ်သက်လျက် လူတို့မှ ဖြစ်သောလေမှကင်းကုန်သော လူတို့ လျို့ဝှက်အပ်သော အမှုကို ပြုရာ ဖြစ်ကုန်သော တယောက်တည်း ကိန်းအောင်းခြင်းငှါ လျော်ကုန်သော သစ်ပင်ရင်းတို့ကို မြင်သော် မြတ်စွာဘုရားကိုသာလျှင် အကြောင်းပြု၍ အောက်မေ့မှု 'သတိ' သည် ထင်ရှား ဖြစ်ပေါ်၏—"ဤသစ်ပင်ရင်းတို့သည် နှစ်သက်ဖွယ်ကို ဖြစ်စေတတ်ကုန်၏၊ ကြည်လင်ဖွယ်ကို ဖြစ်စေတတ်ကုန်၏၊ တိတ်ဆိတ်ကုန်၏၊ ငြိမ်သက်ကုန်၏၊ လူတို့မှ ဖြစ်သော လေမှ ကင်းကုန်၏၊ လူတို့ လျို့ဝှက်အပ်သော အမှုကို ပြုရာ ဖြစ်ကုန်၏၊ တယောက်တည်း ကိန်းအောင်းခြင်းငှါ လျော်ကုန်၏၊ ယင်းသစ်ပင်မျိုးတို့၌ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားကို ငါတို့ ဆည်းကပ်ကြကုန်ဘူးပြီ" ဟု အောက်မေ့မှု 'သတိ' သည် ထင်ရှားစွာ ဖြစ်ပေါ်၏။

၃၆၅။ ထိုအခါ ပသေနဒီကောသလမင်းကြီးသည် ဒီဃကာရာယနစစ်သူကြီးကိုခေါ်၍ "အချင်း ကာရာယနစစ်သူကြီး ဤသစ်ပင်ရင်းတို့သည် 'နှစ်သက်ဖွယ်ကို ဖြစ်စေတတ်ကုန်၏၊ ကြည်လင်ဖွယ်ကို ဖြစ်စေတတ်ကုန်၏၊ တိတ်ဆိတ်ကုန်၏၊ ငြိမ်သက်ကုန်၏၊ လူတို့မှ ဖြစ်သော လေမှ ကင်းကုန်၏၊ လူတို့ လျို့ဝှက်အပ်သောအမှုကို ပြုရန် သင့်လျော်ကုန်၏။ ယင်းသစ်ပင်မျိုးတို့၌ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရား

http://www.dhammadownload.com



ကို ဆည်းကပ်ဘူးကုန်၏။ အဆွေကာရာယနစစ်သူကြီး ယခုအခါ ပူဇော်အထူးကို ခံတော်မူထိုက်သော(အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် အဘယ်အရပ်မှာ နေတော်မူသနည်း"ဟု မေး၏။ မင်းကြီး မေဒါဠုပမည်သော သာကီဝင်မင်းတို့၏ နိဂုံး၌ ပူဇော်အထူးကို ခံတော်မူထိုက်သော(အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် သီတင်းသုံးနေတော်မူပါ၏ဟု(လျှောက်၏)။အဆွေကာရာယန မေဒါဠုပမည်သော နိဂုံးရွာကြီးသည် မြို့ငယ်မှ အဘယ်မျှလောက် ဝေးကွာရာ၌ ရှိပါသနည်း ဟု (မေး၏)။ မင်းကြီး မဝေးလှပါ၊ သွားရန်အချိန် ရနိုင်ပါသေးသည်၊ သုံးယူဇနာမျှသာ ရှိပါ၏၊ ကြွင်းကျန်သော နေ့ပိုင်းဖြင့် သွားရန်တတ်နိုင်ပါ၏ ဟု (လျှောက်၏)။

အဆွေကာရာယန သို့ဖြစ်ပါမူ ကောင်းသည်ထက် ကောင်းကုန်သော ယာဉ်တို့ကို ကစေလော့၊ ငါတို့သည် ပူဇော်အထူးကို ခံတော်မူထိုက်သော(အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာသိတော်မူသော ထိုမြတ်စွာဘုရားကို ဖူးမြင်ရန် သွားကုန်အံ့ ဟု (ဆို၏)။ "အသျှင်မင်းမြတ် ကောင်းပါပြီ" ဟူ၍ ဒီဃကာရာယနစစ်သူကြီးသည် ပသေနဒီကောသလမင်းကြီးအား ပြန်ကြား၍ ကောင်းသည်ထက် ကောင်းကုန်သော ယာဉ်တို့ကို ကစေပြီးလျှင် ပသေနဒီကောသလမင်းကြီးအား "အရှင်မင်းကြီး အရှင်မင်းကြီးအတွက် ကောင်းသည်ထက် ကောင်းကုန်သော ယာဉ်တို့ကို ကစေပြီးပါပြီ၊ယခု သင်မင်းကြီးသည် သွားရန်အချိန်ကို သိ၏၊(သွားရန်မှာ အရှင်မင်းကြီး၏အလိုအတိုင်းပင်ဖြစ်ပါ၏)" ဟု လျှောက်၏။ ထိုအခါ ပသေနဒီကောသလမင်းကြီး သည် ကောင်းသည်ထက် ကောင်းသော ယာဉ်ကို တက်စီး၍ ကောင်းသည်ထက်ကောင်းသော ယာဉ်တို့ဖြင့် မြို့ငယ်မှ ထွက်ပြီးလျှင် သာကီဝင်မင်းတို့၏နေရာ မေဒါဠုပမည်သော နိဂုံးသို့သွားလေ၏၊ ထိုကြွင်းကျန်သော နေ့ပိုင်းဖြင့်သာလျှင် သာကီဝင်မင်းတို့၏နေရာ မေဒါဠုပမည်သော နိဂုံးသို့ ရောက်လေ၏၊ယာဉ်ဖြင့် သွားနိုင်သော အရပ်တိုင်အောင် ယာဉ်ဖြင့်သွား၍ ယာဉ်မှ သက်ဆင်းပြီးလျှင် ခြေကျင်သာလျှင် ကျောင်းတော်သို့ ဝင်လေ၏။

၃၆၆။ ထိုစဉ်အခါ၌ များစွာသော ရဟန်းတို့သည် လွင်ပြင်၌ စင်္ကြံသွားနေကုန်၏၊ ထိုအခါ ပသေနဒီကောသလမင်းကြီးသည် ထိုရဟန်းတို့ထံသို့ ချဉ်းကပ်ပြီးလျှင် ထိုရဟန်းတို့အား "အသျှင်ဘုရားတို့ ယခုအခါ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် အဘယ်အရပ်မှာ သီတင်းသုံးတော်မူပါသနည်း၊ တပည့်တော်တို့သည် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားကို ဖူးမြင်ရန် အလိုရှိကြပါကုန်၏"ဟု လျှောက်၏။ မင်းကြီး တံခါးပိတ်ထားသော ဤကျောင်းသို့ တိတ်ဆိတ်စွာ ချဉ်းကပ်ပြီးနောက် မုတ်ဦးသို့ ဖြည်းညှင်းစွာ ဝင်၍ ချောင်းဟန့်ပြီးလျှင် တံခါးကို ခေါက်လော့၊ မြတ်စွာဘုရားသည် သင့်အား တံခါးကို ဖွင့်တော်မူပါလိမ့်မည်ဟု (ဆိုကြကုန်၏)။

ထိုအခါ ပသေနဒီကောသလမင်းကြီးသည် ထိုအရပ်၌သာလျှင် သန်လျက်ကိုရင်း သင်းကျစ်ကိုရင်း ဒီဃကာရာယနစစ်သူကြီးအား အပ်နှင်းလေ၏။ ထိုအခါ ဒီဃကာရာယနစစ်သူကြီးအား "ယခုအခါ မင်းသည် လျှို့ဝှက်မှုကို ပြု၏၊ ယခုအခါ ဤအရပ်၌သာလျှင် ငါသည် ရပ်တည်သင့်၏"ဟု အကြံဖြစ်၏။ ထိုအခါ ပသေနဒီကောသလမင်းကြီးသည် တံခါးပိတ်ထားသော ကျောင်းသို့ တိတ်ဆိတ်စွာ ချဉ်းကပ်ပြီးနောက် မုတ်ဦးသို့ ဖြည်းညှင်းစွာ ဝင်၍ ချောင်းဟန့်ပြီးလျှင် တံခါးကို ခေါက်၏။ မြတ်စွာဘုရားသည် တံခါးကို ဖွင့်တော်မူ၏။ ထိုအခါ ပသေနဒီကောသလမင်းကြီးသည်

http://www.dhammadownload.com



ကျောင်းတွင်းသို့ဝင်၍ မြတ်စွာဘုရား၏ခြေတော်တို့၌ ဦးခေါင်းဖြင့်ဝပ်၍ မြတ်စွာဘုရား၏ခြေတော်တို့ကို ခံတွင်းဖြင့် စုပ်၏၊ လက်တို့ဖြင့်လည်း အဖန်ဖန် သုံးသပ်ဆုပ်နယ်၏ "အသျှင်ဘုရား အကျွန်ုပ်သည် ပသေနဒီကောသလမင်းပါတည်း၊ အသျှင်ဘုရား အကျွန်ုပ်သည် ပသေနဒီကောသလမင်းပါတည်း" ဟု အမည်ကိုလည်း ကြားလျှောက်၏။

၃၆၇။ မင်းကြီး သင်မင်းကြီးသည် အဘယ်အကျိုးထူးကို မြင်သည်ဖြစ်၍ ဤခန္ဓာကိုယ်၌ ဤသို့သဘောရှိသော အလွန်အကျူးရှိသေခြင်းကို ပြုဘိသနည်း၊ ချစ်ခင်လေးစားမှုကို ပြုဘိသနည်း ဟု (မေးတော်မူ၏)။ အသျှင်ဘုရား မြတ်စွာဘုရား၌ "မြတ်စွာဘုရားသည် မဖောက်မပြန် ကိုယ်တိုင်သိတော်မူ၏၊ မြတ်စွာဘုရားသည် တရားတော်ကို ကောင်းစွာ ဟောကြားတော်မူပါပေ၏၊ မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် ကောင်းမြတ်သော အကျင့်ရှိ၏" ဟု ဤသို့ အကျွန်ုပ်အား တရားတော်သို့ အစဉ်လိုက်သော ဉာဏ်သည် ဖြစ်ပါ၏။ မြတ်စွာဘုရား အကျွန်ုပ်သည် ဤလောက၌ ဆယ်နှစ် အနှစ်နှစ်ဆယ် အနှစ်သုံးဆယ် အနှစ်လေးဆယ်တို့ပတ်လုံး အပိုင်းအခြားပြု၍ မြတ်သောအကျင့်ကို ကျင့်ကုန်သော သမဏဗြာဟ္မဏအချို့တို့ကို တွေ့မြင်ရပါ၏။ ထိုသမဏဗြာဟ္မဏတို့သည် နောက်အခါ၌ ကောင်းစွာ ရေချိုးလိမ်းကျံ စီမံပြုပြင်ဘားသော ဆံမုတ်ဆိတ်တို့ ရှိကုန်သည်ဖြစ်၍ ကာမဂုဏ်ငါးပါးတို့ဖြင့် ရောင့်ရဲပြည့်စုံ ခံစားကြကုန်၏။ အသျှင်ဘုရား ဤသာသနာတော်၌ အကျွန်ုပ်သည် အသက်ရှည်သမျှ အသက်ဆုံးသည့်တိုင်အောင် စင်ကြယ်သော အကျင့်ကို ကျင့်ကုန်သော ရဟန်းတို့ကို တွေ့မြင်ရပါ၏။ အသျှင်ဘုရား အကျွန်ုပ်သည် ဤသာသနာတော်မှ အပ၌ တပါးသော ဤသို့ ပြည့်စုံစင်ကြယ်သော မြတ်သောအကျင့်ကို မမြင်မိပါ။ အသျှင်ဘုရား မြတ်စွာဘုရား၌ "မြတ်စွာဘုရားသည် မဖောက်မပြန် ကိုယ်တိုင်သိတော်မူ၏၊ မြတ်စွာဘုရားသည် တရားတော်ကို ကောင်းစွာ ဟောကြားတော်မူပါပေ၏၊ မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် ကောင်းမြတ်သော အကျင့်ရှိ၏" ဟု ဤသို့ အကျွန်ုပ်အား တရားတော်သို့ အစဉ်လိုက်သော ဉာဏ်သည်ဖြစ်ပါ၏။

၃၆၈။ အသျှင်ဘုရား နောက်တမျိုးကား မင်းအချင်းချင်းတို့လည်း ငြင်းခုံကြကုန်၏၊ မင်းမျိုးအချင်းချင်းတို့လည်း ငြင်းခုံကြကုန်၏၊ ပုဏ္ဏားမျိုးအချင်းချင်းတို့လည်း ငြင်းခုံကြကုန်၏၊ သူကြွယ်အချင်းချင်းတို့လည်း ငြင်းခုံကြကုန်၏၊ သားနှင့်အမိလည်း ငြင်းခုံ၏၊ အမိနှင့်သားလည်း ငြင်းခုံ၏၊ သားနှင့်အဖလည်း ငြင်းခုံ၏၊ အဖနှင့်သားလည်း ငြင်းခုံ၏၊ နှမနှင့်မောင်လည်း ငြင်းခုံ၏၊ မောင်နှင့်နှမလည်း ငြင်းခုံ၏၊ မိတ်ဆွေအချင်းချင်းလည်း ငြင်းခုံ၏။ အသျှင်ဘုရား ထိုမှတပါး ဤသာသနာတော်၌ အညီအညွတ် ဝမ်းမြောက်ကုန်သည်ဖြစ်၍ နို့နှင့် ရေသဖွယ် ဖြစ်ကုန်လျက် အချင်းချင်း ချစ်ခင်သော မျက်စိတို့ဖြင့် ရှုကြည့်ကုန်လျက် နေကြကုန်သော ရဟန်းတော်တို့ကို အကျွန်ုပ်သည် တွေ့မြင်ရပါ၏။ အသျှင်ဘုရား အကျွန်ုပ်သည် ဤသာသနာတော်မှအပ၌ တပါးသော ဤသို့ ညီညွတ်သော ပရိသတ်ကို မမြင်ရပါ။ အသျှင်ဘုရား မြတ်စွာဘုရား၌ "မြတ်စွာဘုရားသည် မဖောက်မပြန် ကိုယ်တိုင်သိတော်မူ၏၊ မြတ်စွာဘုရားသည် တရားတော်ကို ကောင်းစွာဟောကြားတော် မူပါပေ၏၊ မြတ်စွာဘုရား၏တပည့်သား အပေါင်းသည် ကောင်းမြတ်သော အကျင့်ရှိ၏" ဟု ဤသို့လည်း အကျွန်ုပ်အား တရားတော်သို့ အစဉ်လိုက်သော ဉာဏ်သည် ဖြစ်ပါ၏။

၃၆၉။ အသျှင်ဘုရား နောက်တမျိုးကား အကျွန်ုပ်သည် အရံတခုမှအရံတခုသို့ ဥယျာဉ်တခုမှ ဥယျာဉ်တခုသို့ လမ်းလျှောက်လှည့်လည်ပါ၏၊ ထိုအကျွန်ုပ်သည် ထိုအရံဥယျာဉ်တို့၌ ကြည့်ရှုရာ၌

http://www.dhammadownload.com



လူအပေါင်း၏ မျက်စိကို မဆွဲဆောင်နိုင်သကဲ့သို့ ဖြစ်သည့် ကြုံလှီ ခေါင်းပါး၍ မလှမပ ဖြော့တော့သော အဆင်းရှိလျက် အကြောပြိုင်းပြိုင်းထသော ကိုယ်ရှိကုန်သော သမဏဗြာဟ္မဏအချို့တို့ကို တွေ့မြင်ရပါ၏။

အသျှင်ဘုရား ထိုအကျွန်ုပ်အား "ဤအသျှင်တို့သည် မချွတ်ကေန် မမွေ့လျော်ကုန်ပဲသာလျှင် မြတ်သော အကျင့်ကို ကျင့်ကြကုန်၏။ ထိုအသျှင်တို့အား ပြုမိ၍ ဖုံးလွှမ်းထားသော တစုံတခုသော မကောင်းမှုသည် ရှိတန်ရာ၏၊ ထို့ကြောင့်သာလျှင် ဤအသျှင်တို့သည် ကြုံလှီကုန်၏၊ ခေါင်းပါးကုန်၏၊ မလှမပ ဖြစ်ကုန်၏၊ ဖြော့တော့သော အဆင်းရှိကုန်၏၊ အကြောပြိုင်းပြိုင်းထသော ကိုယ်ရှိကုန်၏၊ ကြည့်ရှုရာ၌ လူအပေါင်း၏ မျက်စိကို မဆွဲဆောင်နိုင်သကဲ့သို့ ဖြစ်ကုန်၏"ဟု ဤသို့သော အကြံသည်ဖြစ်ပါ၏။ အကျွန်ုပ်သည် ထိုရဟန်းတို့သို့ ချဉ်းကပ်၍ "အသျှင်တို့ သင်တို့သည် အဘယ်အကြောင်းကြောင့် ကြည့်ရှုရာ၌ လူအပေါင်း၏မျက်စိကို မဆွဲဆောင်နိုင်သကဲ့သို့ ကြုံလှီ ခေါင်းပါး၍ မလှမပ ဖြော့တော့သော အဆင်းရှိလျက် အကြောပြိုင်းပြိုင်းထသော ကိုယ်ရှိကုန်သနည်း"ဟု ဆိုခဲ့၏။ ထိုရဟန်းပုဂ္ဂိုလ်တို့သည် "မင်းကြီး ငါတို့အား အမျိုးလိုက် ဖြစ်သည့် ရောဂါရှိ၏"ဟု ဆိုကြကုန်၏။

အသျှင်ဘုရား ဤသာသနာတော်၌ ရှင်လန်းသည်ထက် ရှင်လန်း တက်ကြွသည်ထက် တက်ကြွ၍ အလွန်မွေ့လျော်သည့်သဘော ပြည့်ဖြိုးသော ဣန္ဒြေရှိကုန်လျက် ကြောင့်ကြမဲ့ဖြစ်ကာ အမွေး'မာန်'ကို ချထားပြီးလျှင် သူတပါးပေးသော ပစ္စည်းဖြင့် အသက်မွေးသော သားသမင် စိတ်ထားဖြင့် နေကြသည့် ရဟန်းတို့ကို အကျွန်ုပ်မြင်ပါ၏။ အသျှင်ဘုရား ထိုအကျွန်ုပ်အား "အမှန်အားဖြင့် ဤအသျှင်တို့သည် ထိုမြတ်စွာဘုရား ၏ သာသနာတော်၌ မွန်မြတ်သော ရှေးတရားထက် ထူးသော နောက်တရားကို သိကြကုန်၏၊ ထို့ကြောင့်သာလျှင် ဤအသျှင်တို့သည် ရှင်လန်းသည်ထက် ရှင်လန်း တက်ကြွသည်ထက် တက်ကြွ၍ အလွန်မွေ့လျော်သည့်သဘော ပြည့်ဖြိုးသော ဣန္ဒြေရှိကုန်လျက် ကြောင့်ကြမဲ့ ဖြစ်ကာ အမွေး'မာန်'ကို ချထားပြီးလျှင် သူတပါးတို့ပေးသော ပစ္စည်းဖြင့် အသက်မွေးကုန်သည်ဖြစ်၍ သားသမင်စိတ်ထားဖြင့် နေကြကုန်၏"ဟု အကြံဖြစ်၏။ အသျှင်ဘုရား အကျွန်ုပ်အား "မြတ်စွာဘုရားသည် မဖောက်မပြန် ကိုယ်တိုင်သိတော်မူ၏၊ တရားတော်သည် မြတ်စွာဘုရား ကောင်းစွာ ဟောထားတော်မူပါပေ၏၊ မြတ်စွာဘုရား၏ တပည့်သား အပေါင်းသည် ကောင်းမြတ်သော အကျင့်ရှိ၏"ဟု မြတ်စွာဘုရားအပေါ် ဝယ် တရားနှင့် လျော်သော ဉာဏ်သည် ဖြစ်ပါ၏။

၃၇၀။ အသျှင်ဘုရား တဖန်ထို့ပြင်လည်း ဦးထိပ်၌ အဘိသိက်သွန်းထားသော မင်းမျိုးစင်စစ် မင်းဖြစ်သော အကျွန်ုပ်သည် သတ်ထိုက်သောသူကို သတ်ရန်ငှါး ပစ္စည်းဆုံးရှုံးစေသင့်သူကိုလည်း ပစ္စည်းဆုံးရှုံးစေရန်ငှါး နှင်ထုတ်ထိုက်သူကိုလည်း နှင်ထုတ်ရန်ငှါး စွမ်းနိုင်ပါ၏။ အသျှင်ဘုရား ထိုအကျွန်ုပ်သည် တရားဆုံးဖြတ်ရာ၌ ထိုင်နေစဉ် အကြားအကြား၌ စကားပြောဆိုကြကုန်၏။ ထိုအကျွန်ုပ်သည် အမောင်တို့ တရားဆုံးဖြတ်ရာ၌ ငါထိုင်နေစဉ် အကြားအကြား၌ စကားမပြောဆိုကြကုန်လင့်၊ အမောင်တို့ ငါ၏စကား ပြီးဆုံးသည့်တိုင်အောင် ဆိုင်းငံ့ကြကုန်ဦးလော့ဟု ဆိုပါသော်လည်း မရပါ။ အသျှင်ဘုရား ထိုအကျွန်ုပ်အား အကြားအကြား၌ စကားပြောဆိုပါကုန်၏။

အသျှင်ဘုရား ဤသာသနာတော်ဝယ် အရာမက များစွာသော ပရိသတ်၌ မြတ်စွာဘုရား တရားဟောတော်မူသောအခါ ချေဆတ်သံ ချောင်းဟန့်သံ မရှိသည့် မြတ်စွာဘုရား ၏ တပည့်ရဟန်း

http://www.dhammadownload.com



တို့ကို အကျွန်ုပ် မြင်ရပါ၏။ အသျှင်ဘုရား ရှေးကဖြစ်ဘူးသည်မှာ မြတ်စွာဘုရားသည် အရာမက များစွာသောပရိသတ်၌ တရားတော်ကို ဟောတော်မူ၏၊ ထိုပရိသတ်၌ မြတ်စွာဘုရား၏တပည့်တဦး သည် ချောင်းဟန့်၏၊ ထိုရဟန်းကို သီတင်းသုံးဖော်တဦးက "အသျှင်သည် တိတ်ဆိတ်ပါလော့၊ အသျှင်သည် အသံမပြုပါလင့်၊ ငါတို့၏ဆရာ မြတ်စွာဘုရားသည် တရားဟောတော်မူ၏"ဟု ဒူးဖြင့် တို့၏။ အသျှင်ဘုရား ထိုအကျွန်ုပ်အား "အချင်းတို့ အံ့ဖွယ်ရှိစွတကား၊ အချင်းတို့ မဖြစ်ဘူးမြဲ ဖြစ်လေစွတကား၊ အချင်းတို့ တုတ်လှံတံမပါပဲ ဓားလက်နက်မပါပဲ ပရိသတ်ကို ကောင်းစွာ ဆုံးမ ထားနိုင်လေစွတကား"ဟု အကြံသည် ဖြစ်ပါ၏။ အသျှင်ဘုရား အကျွန်ုပ်သည် ဤသာသနာတော်မှ အပ၌ ဤသို့ ကောင်းစွာ ဆုံးမထားသော အခြားပရိသတ်ကို မမြင်ပါ။ အသျှင်ဘုရား အကျွန်ုပ် အား "မြတ်စွာဘုရားသည် မဖောက်မပြန် ကိုယ်တိုင်သိတော်မူ၏၊ တရားတော်သည် မြတ်စွာဘုရား ကောင်းစွာ ဟောထားတော်မူပါပေ၏၊ မြတ်စွာဘုရား၏ တပည့်သားအပေါင်းသည် ကောင်းမြတ် သော အကျင့်ရှိ၏" ဟု မြတ်စွာဘုရားအပေါ်ဝယ် တရားနှင့်လျော်သော ဥာဏ်သည် ဖြစ်ပါ၏။

၃၇၁။ အသျှင်ဘုရား တဖန်ထို့ပြင်လည်း ဤလောက၌ အကျွန်ုပ်သည် သိမ်မွေ့သော ဥာဏ် ရှိကုန်သော သူတပါးတို့ အယူကို လေ့လာပြီး ဖြစ်ကုန်သော သားမြီးကို ပစ်ခွဲနိုင်သည့် လေးသမားနှင့် တူကုန်သော အချို့သော မင်းမျိုးပညာရှိတို့ကိုလည်း တွေ့မြင်ရပါ၏၊ ထိုသူတို့သည် များသောအယူ တို့ကို ပညာဖြင့် ဖျက်ဆီးနေဘိသကဲ့သို့ ကျက်စားနေကုန်၏။ ထိုပညာရှိမင်းတို့သည် "ရဟန်းဂေါတမ သည် ဤမည်သော ရွာသို့ရင်း နိဂုံးသို့ရင်း ရောက်လာလိမ့်မည်"ဟု ကြားကြကုန်၏။ ထိုသူတို့သည် "ငါတို့သည် ဤပြဿနာကို ရဟန်းဂေါတမသို့ ကပ်၍ မေးကြကုန်အံ့၊အကယ်၍ ဤသို့အမေးခံရသော ရဟန်းဂေါတမသည် ငါတို့အား ဤသို့ ဖြေကြားခဲ့မူ ထိုရဟန်းဂေါတမအား ငါတို့သည် ဤသို့ ဝါဒ တင်ကုန်အံ့၊အကယ်၍ ဤသို့ အမေးခံရသော ရဟန်းဂေါတမသည် ငါတို့အား ဤသို့လည်း ဖြေကြား ခဲ့မူ ငါတို့သည် ထိုရဟန်းဂေါတမအား ဤသို့လည်း ဝါဒတင်ကုန်အံ့"ဟု ပြဿနာကို စီမံကြကုန်၏။

ထိုပညာရှိမင်းတို့သည် "အချင်းတို့ ရဟန်းဂေါတမသည် ဤအမည်ရှိသောရွာသို့ရင်း နိဂုံးသို့ ရင်း သက်ရောက်လာပြီ"ဟု ကြားကြကုန်၏။ ထိုပညာရှိမင်းတို့သည် မြတ်စွာဘုရားအထံ ချဉ်းကပ် ကြကုန်၏၊ ထိုသူတို့ကို မြတ်စွာဘုရားသည်(တရားစကားဖြင့်)အကျိုးစီးပွါးကို သိမြင်စေတော်မူ၏။ (တရားကို)ဆောက်တည်စေတော်မူ၏၊ (တရားကျင့်သုံးရန်)ထက်သန်ရွှင်လန်းစေတော်မူ၏၊ထိုသူတို့ သည် မြတ်စွာဘုရားက(တရားစကားဖြင့်)အကျိုးစီးပွါးကိုသိ မြင်စေလျက် (တရားကို)ဆောက်တည် စေ.ဘာ (တရားကျင့်သုံးရန်) ထက်သန်စေ ရွှင်လန်းစေအပ်ပြီ ဖြစ်ရကား မြတ်စွာဘုရားအား ပြဿနာကိုလည်း မမေးကြကုန်၊ အဘယ်မှာ ဝါဒတင်ကုန်တော့အံ့နည်း။ အမှန်အားဖြင့် မြတ်စွာ ဘုရား၏ တပည့်တို့သည် သာ ဖြစ်ကြရကုန်၏။ အသျှင်ဘုရား အကျွန်ုပ်အား "မြတ်စွာဘုရားသည် မဖောက်မပြန် ကိုယ်တိုင်သိတော်မူ၏၊ တရားတော်သည် မြတ်စွာဘုရား ကောင်းစွာ ဟောထား တော်မူပါပေ၏၊ မြတ်စွာဘုရား၏ တပည့်သားအပေါင်းသည် ကောင်းမြတ်သော အကျင့်ရှိ၏" ဟု မြတ်စွာဘုရားအပေါ်ဝယ် တရားနှင့် လျော်သောဥာဏ်သည် ဖြစ်ပါ၏။

၃၇၂။ အသျှင်ဘုရား တဖန် ထို့ပြင်လည်း အကျွန်ုပ်သည် ဤလောက၌ အချို့ပုဏ္ဏားပညာ ရှိ။ပ။အချို့သူကြွယ်ပညာရှိ။ပ။ သိမ်မွေ့သော ဥာဏ်ရှိကုန်သော သူတပါးတို့အယူကို လေ့လာပြီး ဖြစ်ကုန်သော သားမြီးကို ပစ်ခွဲနိုင်သည့် လေးသမားနှင့် တူကုန်သော အချို့ရဟန်းပညာရှိတို့ကို တွေ့မြင်ရပါ၏။ ထိုသူတို့သည် များသော အယူတို့ကို ပညာဖြင့် ဖျက်ဆီးနေဘိသကဲ့သို့ ကျက်စား

http://www.dhammadownload.com



ဓနကုန်၏။ ထိုသူတို့သည် "အချင်းတို့ ရဟန်းဂေါတမသည် ဤမည်သော ရွာသို့ရင်း နိဂုံးသို့ရင်း သက်ရောက်လာလိမ့်မည်" ဟု ကြားကြကုန်၏။ ထိုသူတို့သည် "ငါတို့သည် ဤပြဿနာကို ရဟန်းဂေါတမသို့ကပ်၍ မေးကုန်အံ့၊ အကယ်၍ ဤသို့ အမေးခံရသော ရဟန်းဂေါတမသည် ငါတို့အား ဤသို့ ဖြေကြားခဲ့မူ ထိုရဟန်းဂေါတမအား ငါတို့သည် ဤသို့ ဝါဒတင်ကုန်အံ့၊ အကယ်၍ ဤသို့ အမေးခံရသော ရဟန်းဂေါတမသည် ငါတို့အား ဤသို့ ဖြေကြားခဲ့မူ ငါတို့သည် ထိုရဟန်းဂေါတမအား ဤသို့လည်း ဝါဒတင်ကြကုန်အံ့" ဟု ပြဿနာကို စီမံကြကုန်၏။

ထိုပညာရှိရဟန်းတို့သည် "အချင်းတို့ ရဟန်းဂေါတမသည် ဤမည်သောရွာသို့ရင်း နိဂုံးသို့ရင်း သက်ရောက်လာပြီ" ဟု ကြားကြကုန်၏။ ထိုသူတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကြကုန်၏။ ထိုသူတို့ကို မြတ်စွာဘုရားသည် (တရားစကားဖြင့်) အကျိုးစီးပွါးကို သိမြင်စေတော်မူ၏၊ (တရားကို) ဆောက်တည်စေ၏၊ (တရားကျင့်သုံးရန်) ထက်သန်ရွှင်လန်းစေတော်မူ၏။ ထိုသူတို့သည် မြတ်စွာဘုရားက (တရားစကားဖြင့်) အကျိုးစီးပွါးကို သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်စေရွှင်လန်းစေပြီးဖြစ်ရကား မြတ်စွာဘုရားအား ပြဿနာကိုလည်း မမေးကြကုန်။ အဘယ်မှာ ဝါဒတင်ကုန်တော့အံ့နည်း၊ အမှန်အားဖြင့် မြတ်စွာဘုရားကိုသာလျှင် လူ့ဘောင်မှ ရဟန်းဘောင်သို့ဝင်ရန် ခွင့်တောင်းကြကုန်၏။ ထိုသူတို့ကို မြတ်စွာဘုရားသည် ရှင်ရဟန်းပြုပေး၏၊ ရှင်ရဟန်းဖြစ်ပြီးသော ထိုသူတို့သည် ဆိတ်ငြိမ်ရာအရပ်သို့ကပ်၍ မမေ့မလျော့ ပြင်းစွာအားထုတ်လျက် (နိဗ္ဗာန်သို့) စေလွှတ်အပ်သော စိတ်ရှိကုန်သည်ဖြစ်၍ နေကြကုန်သည်ရှိသော် မကြာမြင့်မီသာလျှင် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ကြသည့် အမျိုးကောင်းသားတို့ လိုလားတောင့်တအပ်သော မြတ်သောအကျင့်၏ အဆုံးဖြစ်သော အတုမဲ့ အရဟတ္တဖိုလ်ကို ယခုဘဝ၌ပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုလျက် ရောက်၍ နေကြရကုန်၏။

ထိုသူတို့သည် "ရှေးအခါက ငါတို့သည် ရဟန်းမဟုတ်ကြကုန်ပဲလျက် ရဟန်းဟု ဝန်ခံခဲ့ကြကုန်ပြီ၊ ငါတို့သည် မကောင်းမှုကို အပပြုအပ်ပြီးသူ မဟုတ်ကြကုန်ပဲလျက် မကောင်းမှုကို အပပြုအပ်ပြီးသူတို့ ဟူ၍ ဝန်ခံခဲ့ကြကုန်ပြီ၊ ပူဇော်အထူးကို ခံထိုက်သော ရဟန္တာတို့ မဟုတ်ကြကုန်ပဲလျက် ပူဇော်အထူးကို ခံထိုက်သော ရဟန္တာတို့ ဟူ၍ ဝန်ခံခဲ့ကြကုန်ပြီ၊ ယခုမှသာလျှင် ငါတို့သည် ရဟန်းအစစ် ဖြစ်ကြကုန်ပြီ၊ ယခုမှသာလျှင် ငါတို့သည် မကောင်းမှုကို အပပြုပြီးသူ အစစ် ဖြစ်ကြကုန်ပြီ၊ ယခုမှသာလျှင် ပူဇော်အထူးကို ခံထိုက်သော ရဟန္တာအစစ် ဖြစ်ကြကုန်ပြီ။ အချင်းတို့ ငါတို့သည် ပျက်စီးကာနီးသူများဖြစ်လျက် မပျက်စီးပဲ ရှိကြရကုန်၏၊ အချင်းတို့ ငါတို့သည် ပျက်စီးကာနီးသူများဖြစ်လျက် မပျက်စီးပဲ ရှိကြရကုန်၏" ဟု ပြောဆိုကြကုန်၏။ အသျှင်ဘုရား အကျွန်ုပ်အား "မြတ်စွာဘုရားသည် မဖောက်မပြန် ကိုယ်တိုင်သိတော်မူ၏၊ တရားတော်သည် မြတ်စွာဘုရား ကောင်းစွာ ဟောထားတော်မူပါပေ၏၊ မြတ်စွာဘုရား၏ တပည့်သား အပေါင်းသည် ကောင်းမြတ်သော အကျင့်ရှိ၏" ဟု မြတ်စွာဘုရားအပေါ်ဝယ် တရားနှင့်လျော်သော ဉာဏ်သည် ဖြစ်ပါ၏။

၃၇၃။ အသျှင်ဘုရား တဖန်ထို့ပြင်လည်း လက်သမားဖြစ်ကြသော ဣသိဒတ္တနှင့် ပုရာဏတို့သည် အကျွန်ုပ်၏ ထမင်းရိက္ခာကို စားကြကုန်၏၊ အကျွန်ုပ်၏ ယာဉ်တို့ကို စီးကြကုန်၏၊ အကျွန်ုပ်သည် ထိုသူတို့၏ အသက်သခင်ဖြစ်၏၊ စည်းစိမ်ဆောင်နှင်းပေးထား၏။ သို့ရာတွင် မြတ်စွာဘုရား၌ အရိုအသေပြုကြသကဲ့သို့ အကျွန်ုပ်၌ ရိုသေတုပ်ဝပ်ခြင်းကို မပြုကြကုန်။ အသျှင်ဘုရားရှေးကဖြစ်ဘူး

http://www.dhammadownload.com



သည်မှာ အကျွန်ုပ်သည် စစ်ချီတက် သတ်သော် လက်သမားဖြစ်ကြသော ဣသိဒတ္တနှင့် ပုရာဏတို့ကို စုံစမ်းလိုသည်ဖြစ်၍ ကျဉ်းမြောင်းသောနေရာတခု၌ ကပ်ရောက်နေထိုင်၏။ အသျှင်ဘုရား ထိုအခါ လက်သမားဖြစ်ကြသော ဤဣသိဒတ္တနှင့် ပုရာဏတို့သည် များစွာသော ညဥ့်တို့ပတ်လုံး တရားစကားဖြင့် လွန်စေ၍ မြတ်စွာဘုရားရှိရာ အရပ်သို့ ဦးခေါင်းပြုကာ အကျွန်ုပ်ကို ခြေရင်းဘက်ပြုလျက် အိပ်ကြကုန်၏။

အသျှင်ဘုရား ထိုအကျွန်ုပ်မှာ "အချင်းတို့ အံ့ဖွယ်ရှိစွတကား၊ အချင်းတို့ မဖြစ်ဘူးမြဲ ဖြစ်လေစွတကား၊ လက်သမားဖြစ်ကြသော ဤဣသိဒတ္တနှင့် ပုရာဏတို့သည် ငါ၏ထမင်းရိက္ခာကို စားကြကုန်၏၊ ငါ၏ယာဉ်ကို စီးကြကုန်၏၊ ငါသည် ထိုသူတို့၏ အသက်သခင်ဖြစ်၏။ ငါသည် ထိုသူတို့အား စည်းစိမ်ကို ဆောင်နှင်းပေးထား၏၊ သို့ရာတွင် မြတ်စွာဘုရား၌ ရိုသေတုပ်ဝပ်ကြကုန်သကဲ့သို့ ငါ၌ ရိုသေတုပ်ဝပ်ခြင်းကို မပြုကြကုန်၊ အမှန်အားဖြင့် ဤအသျှင်တို့သည် ထိုမြတ်စွာဘုရား သာသနာတော်၌ မှန်မြတ်သော ရှေးတရားထက် ထူးသော နောက်တရားကို သိကြကုန်သည် ဖြစ်လတ္တံ့"ဟု အကြံ ဖြစ်ပါ၏။ အသျှင်ဘုရား အကျွန်ုပ်အား "မြတ်စွာဘုရားသည် မဖောက်မပြန် ကိုယ်တိုင်သိတော်မူ၏၊ တရားတော်သည် မြတ်စွာဘုရား ကောင်းစွာ ဟောထားတော်မူပါပေ၏၊ မြတ်စွာဘုရား၏ တပည့်သားအပေါင်းသည် ကောင်းမြတ်သော အကျင့်ရှိ၏"ဟု မြတ်စွာဘုရားအပေါ်ဝယ် တရားနှင့်လျော်သော ဉာဏ်သည် ဖြစ်ပါ၏။

၃၇၄။ အသျှင်ဘုရား တဖန် ထို့ပြင်လည်း မြတ်စွာဘုရားလည်း မင်းမျိုးဖြစ်၍ အကျွန်ုပ်လည်း မင်းမျိုး ဖြစ်ပါ၏၊ မြတ်စွာဘုရားလည်း ကောသလတိုင်းသား ဖြစ်တော်မူ၍ အကျွန်ုပ်လည်း ကောသလတိုင်းသား ဖြစ်ပါ၏၊ မြတ်စွာဘုရားသည် သက်တော်ရှစ်ဆယ်ရှိတော်မူ၍ အကျွန်ုပ်လည်း အသက် ရှစ်ဆယ် ရှိပါ၏။ အသျှင်ဘုရား ဤသို့သော အကြောင်းကြောင့်လည်း အကျွန်ုပ်သည် မြတ်စွာဘုရား၌ အလွန်အကြူးရိုသေခြင်းကို ပြုခြင်းငှါ တတ်ကောင်းပါ၏၊ ချစ်ခင်လေးစားမှုကို ပြခြင်းငှါ တတ်ကောင်းပါ၏၊ အသျှင်ဘုရား ယခုအခါ အကျွန်ုပ်တို့ သွားပါကုန်အံ့၊ အကျွန်ုပ်တို့သည် များစွာသော ပြုဖွယ်ကိစ္စ ရှိကြပါကုန်၏ ဟု (လျှောက်၏)။ မင်းကြီး သင်ယခုသွားရန် အချိန်ကို သိ၏၊ (သွားရန်မှာ သင်မင်းကြီး၏ အလိုအတိုင်းပင်ဖြစ်၏)ဟု (မိန့်တော်မူ၏)။ ထိုအခါ ပသေနဒီကောသလမင်းကြီးသည် နေရာမှထ၍ မြတ်စွာဘုရားကို ရှိသေစွာရှိခိုး၍ အရိုအသေ ပြုကာ ဖဲသွားလေ၏။

ထိုအခါ မြတ်စွာဘုရားသည် ပသေနဒီကောသလမင်းကြီးဖဲသွား၍ မကြာမြင့်မီပင် ရဟန်းတို့ကို ခေါ် တော်မူ၍ "ရဟန်းတို့ ဤပသေနဒီကောသလမင်းကြီးသည် တရား၌ အရိုအသေပြုမှုတို့ကို ပြောကြား၍ နေရာမှထကာ ဖဲသွား၏၊ ရဟန်းတို့ တရား၌ အရိုအသေပြုမှုတို့ကို သင်ယူကြကုန်လော့၊ ရဟန်းတို့ တရား၌ အရိုအသေပြုမှုတို့ကို အဖန်တလဲလဲ လေ့ကျက်ကြကုန်လော့၊ ရဟန်းတို့ တရား၌ အရိုအသေပြုမှုတို့ကို ဆောင်ကြကုန်လော့၊ ရဟန်းတို့ တရား၌ အရိုအသေပြုမှုတို့သည် အကျိုးစီးပွါးနှင့် စပ်ကုန်၏၊ မဂ်တည်းဟူသော မြတ်သောအကျင့်၏ အစအဦး ဖြစ်ကုန်၏"ဟု (မိန့်တော်မူ၏)။ မြတ်စွာဘုရားသည် ဤတရားကို ဟောကြားတော်မူ၏၊ ထိုရဟန်းတို့သည် မြတ်စွာဘုရား၏ စကားတော်ကို ဝမ်းမြောက်ဝမ်းသာ လွန်စွာ နှစ်သက်ကြကုန်ပြီ။

**ကိုးခုမြောက် ဓမ္မစေတိယသုတ် ပြီး၏။**

http://www.dhammadownload.com



## ၁၀-ကဏ္ဏကတ္ထလသုတ်

၃၇၅။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် ဥရုညမြို့ ကဏ္ဏကတ္ထလမည်သော သားသမင်တော၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ ပသေနဒီကောသလမင်းသည် တစုံတခုသော ပြုဖွယ်ကိစ္စဖြင့် ဥရုညမြို့သို့ ဆိုက်ရောက်လာ၏၊ ထိုအခါ ပသေနဒီကောသလမင်းသည် ယောကျ်ားတယောက်ကိုခေါ်၍ "အမောင်ယောကျ်ား သင်လာလော့၊ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ငါ၏စကားဖြင့် မြတ်စွာဘုရား၏ခြေတော်တို့ကို ဦးတိုက်လော့၊ အနာကင်းကြောင်း ရောဂါကင်းကြောင်း ကျန်းမာကြောင်း သန်စွမ်းကြောင်း ချမ်းသာစွာ နေရကြောင်းတို့ကို မေးလျှောက်လေလော့— 'အသျှင်ဘုရား ပသေနဒီကောသလမင်းကြီးသည် မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးတိုက်ပါ၏၊ အနာကင်းကြောင်း ရောဂါကင်းကြောင်း ကျန်းမာကြောင်း သန်စွမ်းကြောင်း ချမ်းသာစွာနေရကြောင်းတို့ကို မေးလျှောက်လိုက်ပါ၏'ဟု (လျှောက်လေလော့)။ အသျှင်ဘုရား ပသေနဒီကောသလမင်းသည် ယနေ့ နံနက်စာ စားပြီးနောက် မြတ်စွာဘုရားကို ဖူးမြင်ခြင်းငှါ ချဉ်းကပ်ပါလိမ့်မည်'ဟု ဤသို့လည်း လျှောက်လေလော့"ဟု ပြောဆိုမှာထား၏။

"အသျှင်မင်းကြီး ကောင်းပါပြီ"ဟူ၍သာလျှင် ထိုယောကျ်ားသည် ပသေနဒီကောသလမင်းအား ပြန်ကြားလျှောက်ထား၍ မြတ်စွာဘုရားအထံသို့ ချဉ်းကပ်ခဲ့ အလွန်ရိုသေစွာ ရှိခိုးပြီးလျှင် သင့်လျော်ရာ၌ ထိုင်လျက် "အသျှင်ဘုရား ပသေနဒီကောသလမင်းကြီးသည် မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးတိုက်ပါ၏၊ အနာကင်းကြောင်း ရောဂါကင်းကြောင်း ကျန်းမာကြောင်း သန်စွမ်းကြောင်း ချမ်းသာစွာနေရကြောင်းတို့ကို မေးလျှောက်ပါ၏— 'အသျှင်ဘုရား ပသေနဒီကောသလမင်းသည် ယနေ့နံနက် နံနက်စာ စားပြီးနောက် မြတ်စွာဘုရားကို ဖူးမြင်ခြင်းငှါ ချဉ်းကပ်ပါလိမ့်မည်'ဟုလည်း ဤသို့လည်း လျှောက်လိုက်ပါ၏"ဟု လျှောက်ထားလေ၏။ သောမာအမည်ရှိသော နှစ်မတော်နှင့် သကုလာအမည်ရှိသော နှစ်မတော်တို့သည်လည်း "ယနေ့ ပသေနဒီကောသလမင်းကြီးသည် နံနက်စာ စားပြီးနောက် မြတ်စွာဘုရားကို ဖူးမြင်ခြင်းငှါ ချဉ်းကပ်လိမ့်မည်"ဟု ကြားကြကုန်သည်သာတည်း။

ထိုအခါ သောမာအမည်ရှိသော နှစ်မတော်နှင့် သကုလာအမည်ရှိသော နှစ်မတော်တို့သည်လည်း ပွဲတော်အုပ်ဦးဆောင်ရာ၌ ပသေနဒီကောသလမင်းကြီးသို့ ချဉ်းကပ်ကြကုန်၍ "မင်းကြီး အကျွန်ုပ်တို့၏ စကားဖြင့်လည်း မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးတိုက်ပါလော့၊ အနာကင်းကြောင်း ရောဂါကင်းကြောင်း ကျန်းမာကြောင်း သန်စွမ်းကြောင်း ချမ်းသာစွာနေရကြောင်းတို့ကိုမေးလျှောက်ပါလော့။ အသျှင်ဘုရား သောမာအမည်ရှိသော နှစ်မတော်နှင့် သကုလာ အမည်ရှိသော နှစ်မတော်တို့သည်လည်းမြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးတိုက်ပါ၏၊အနာကင်းကြောင်း ရောဂါကင်းကြောင်း ကျန်းမာကြောင်း သန်စွမ်းကြောင်း ချမ်းသာစွာနေရကြောင်းတို့ကို မေးလျှောက်ပါ၏ဟု ဤသို့လည်း လျှောက်ပါလော့"ဟု ပြောဆိုကြကုန်၏။

၃၇၆။ ထိုအခါ ပသေနဒီကောသလမင်းကြီးသည် နံနက်စာ စားပြီးနောက် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် သင့်လျော်ရာ၌ထိုင်ကာ "အသျှင်ဘုရား သောမာအမည်ရှိသော နှစ်မတော်နှင့် သကုလာအမည်ရှိသော နှစ်မတော်တို့သည်လည်း မြတ်စွာဘုရား၏ ခြေတော်တို့ကို

http://www.dhammadownload.com



ဦးတိုက်ပါ၏၊ အနာကင်းကြောင်း ရောဂါကင်းကြောင်း ကျန်းမာကြောင်း သန်စွမ်းကြောင်း ချမ်းသာစွာနေရကြောင်းတို့ကို မေးလျှောက်ပါ၏”ဟု လျှောက်၏။ မင်းကြီး သောမာအမည်ရှိသော နှစ်မတော်နှင့် သကုလာအမည်ရှိသော နှစ်မတော်တို့သည်လည်း အခြားတပါးသော တမန်ကို မရကြကုန်သလော ဟု (မေးတော်မူ၏)။ အသျှင်ဘုရား သောမာအမည်ရှိသော နှစ်မတော်နှင့် သကုလာအမည်ရှိသော နှစ်မတော်တို့သည်လည်း“ယနေ့ ပသေနဒီကောသလမင်းကြီးသည် နံနက်စာ စားပြီးနောက် မြတ်စွာဘုရားကို ဖူးမြင်ခြင်းငှါ ချဉ်းကပ်လိမ့်မည်” ဟု ကြားကြကုန်၏။ အသျှင်ဘုရား ထိုအခါ သောမာအမည်ရှိသော နှစ်မတော်နှင့် သကုလာအမည်ရှိသော နှစ်မတော်တို့သည်လည်း ပွဲတော်အုပ် ပို့ဆောင်ရာ၌ အကျွန်ုပ်ကို ချဉ်းကပ်ကြကုန်၍“မင်းကြီး အကျွန်ုပ်တို့၏ စကားဖြင့်လည်း မြတ်စွာဘုရား၏ခြေတော်တို့ကို ဦးတိုက်ပါလော့၊အနာကင်းကြောင်း ရောဂါကင်းကြောင်း ကျန်းမာကြောင်း သန်စွမ်းကြောင်း ချမ်းသာစွာနေရကြောင်းတို့ကို မေးလျှောက်ပါလော့၊ သောမာအမည်ရှိသော နှစ်မတော်နှင့် သကုလာအမည်ရှိသော နှစ်မတော်တို့သည်လည်း မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးတိုက်ပါ၏၊အနာကင်းကြောင်း ရောဂါကင်းကြောင်း ကျန်းမာကြောင်း သန်စွမ်းကြောင်း ချမ်းသာစွာ နေရကြောင်းတို့ကို မေးလျှောက်ပါ၏” ဟု ( ဤစကားကို လျှောက်ထားပါကုန်၏ ဟူ၍ လျှောက်၏)။ မင်းကြီး ထိုသောမာအမည်ရှိသော နှစ်မနှင့် သကုလာမည်သော နှစ်မတို့သည် ချမ်းသာကြစေကုန်သတည်း ဟု မိန့်တော်မူ၏။

၃၇၇။ ထိုအခါ ပသေနဒီကောသလမင်းကြီးသည် မြတ်စွာဘုရားအား “အသျှင်ဘုရား ‘တရားအလုံးစုံကို သိသော တရားအလုံးစုံကို မြင်သော အကြွင်းမဲ့ ဉာဏ်အမြင်ရှိ၏ဟု ဝန်ခံနိုင်သော သမဏသည်သော်၎င်း ဗြာဟ္မဏသည်သော်၎င်း မရှိနိုင်၊ဤသို့ ဝန်ခံနိုင်သော အကြောင်းမျိုးသည် မရှိနိုင်’ဟု ရဟန်းဂေါတမဆို၏ဟူ၍ အကျွန်ုပ်ကြားရပါ၏။ အသျှင်ဘုရား ‘တရားအလုံးစုံကို သိသော တရားအလုံးစုံကို မြင်သော အကြွင်းမဲ့ ဉာဏ်အမြင်ရှိ၏ဟု ဝန်ခံနိုင်သော သမဏသည်သော်၎င်း ဗြာဟ္မဏသည်သော်၎င်း မရှိနိုင်၊ ဤသို့ (ဝန်ခံနိုင်)သော အကြောင်းအမျိုးမျိုးသည် မရှိနိုင်’ဟု ရဟန်းဂေါတမသည် ဆို၏ဟု ပြောဆိုကြသော သူတို့သည် မြတ်စွာဘုရား၏ စကားအတိုင်း ပြောဆိုကြပါကုန်သလော၊ မြတ်စွာဘုရားကို မဟုတ်မမှန်သော အကြောင်းဖြင့် မစွပ်စွဲပဲ ရှိကြပါကုန်၏လော၊ အကြောင်းအားလျော်သော အကြောင်းကိုလည်း ပြောကြားကြပါကုန်၏လော၊တစုံတခုအကြောင်း အားလျော်သော ရှေးဦးစွာ ပြောဆိုခြင်း အဆင့်ဆင့် ပြောဆိုခြင်းသည် ကဲ့ရဲ့အပ်သော အရာသို့ မရောက်ပဲ ရှိပါ၏လော”ဟု လျှောက်၏။ မင်းကြီး “တရားအလုံးစုံကို သိသော တရားအလုံးစုံကို မြင်သော အကြွင်းမဲ့ ဉာဏ်အမြင် ရှိ၏ဟု ဝန်ခံနိုင်သော သမဏသည်သော်၎င်း ဗြာဟ္မဏသည် သော်၎င်း မရှိ၊ ဤသို့ဝန်ခံနိုင်သော အကြောင်းမျိုးသည် မရှိနိုင်ဟု ရဟန်းဂေါတမ ဆို၏ဟု ပြောဆိုကြသော သူတို့သည် ငါ၏စကားအတိုင်း ပြောဆိုကြသည် မဟုတ်ကြကုန်၊ ထိုသူတို့သည် မဟုတ်မမှန်သော အကြောင်းအရာဖြင့်လည်း ငါ့ကို စွပ်စွဲကြကုန်၏”ဟု (မိန့်တော်မူ၏)။

၃၇၈။ ထိုအခါ ပသေနဒီကောသလမင်းကြီးသည် ဝိဋူဋဘစစ်သူကြီးကိုခေါ်၍ “စစ်သူကြီး အဘယ်သူသည် ဤစကားကို နန်းတော်တွင်းသို့ ပြောကြားလာပါသနည်း”ဟု မေးမြန်း၏။ မင်းကြီး အာကာသအနွယ်ဖြစ်သော သဉ္စယပုဏ္ဏားသည် ပြောကြားပါ၏ဟု (လျှောက်၏)။ ထိုအခါ ပသေနဒီကောသလမင်းကြီးသည် တယောက်သော မင်းချင်းကို ခေါ်၍ “အမောင်ယောကျ်ား အသင် လာခဲ့လော့၊ ငါ၏စကားဖြင့် အာကာသ အနွယ်ဖြစ်သော သဉ္စယပုဏ္ဏားကို‘အသျှင် သင့်ကို

http://www.dhammadownload.com



ပသေနဒီကောသလမင်းကြီးသည် ခေါ်၏'ဟု ဆို၍ ခေါ်ချေလော့"ဟု မိန့်၏။ "အသျှင်မင်းမြတ် ကောင်းပါပြီ"ဟူ၍သာလျှင် ထိုမင်းချင်းသည် ပသေနဒီကောသလမင်းကြီးအား ပြန်ကြားလျှောက်ထား၍ အာကာသအနွယ်ဖြစ်သော သဉ္စယပုဏ္ဏားရှိရာသို့ ချဉ်းကပ်ကာ "အသျှင် သင့်အား ပသေနဒီကောသလမင်းကြီးသည် ခေါ်၏"ဟု ပြောကြားလေ၏။

ထိုအခါ ပသေနဒီကောသလမင်းကြီးသည် မြတ်စွာဘုရားအား "အသျှင်ဘုရား မြတ်စွာဘုရားသည်တစုံတခုကိုရည်ညွှန်း၍ ဟောတော်မူသောစကားသည် ရှိတန်ရာ၏၊ထိုစကားကိုပင် လူအများက တမျိုးတမည်အားဖြင့် သိမှတ်နေရာပါ၏၊ အသျှင်ဘုရား ထိုကဲ့သို့သော စကားမျိုးကို မြတ်စွာဘုရား ဆိုဘူး၏ဟု မှတ်မိပါသလော"ဟု လျှောက်၏။ မင်းကြီး တကြိမ်တည်းဖြင့်သာလျှင် အလုံးစုံကို သိနိုင်သော အလုံးစုံကို မြင်နိုင်သော သမဏသည်သော်၎င်း ဗြာဟ္မဏသည်သော်၎င်း မရှိ၊ ဤသို့ (သိနိုင် မြင်နိုင်)သော အကြောင်းမျိုးသည် မရှိနိုင်၊ ဤသို့ စကားပြော ကြားဘူးသည်ကို ငါမှတ်မိ၏ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား တကြိမ်တည်းဖြင့်သာလျှင် အလုံးစုံကို သိနိုင်သော အလုံးစုံကို မြင်နိုင်သော သမဏသည်သော်၎င်း ဗြာဟ္မဏသည်သော်၎င်း မရှိ၊ ဤသို့ သိနိုင် မြင်နိုင်သော အကြောင်းမျိုးသည် မရှိနိုင်ဟု အကြောင်းမှန်သဘောကို မိန့်ဆိုတော်မူပေ၏၊ အသျှင်ဘုရား မြတ်စွာဘုရားသည် အကြောင်းခိုင်လုံသော သဘောကို မိန့်ဆိုတော်မူပေ၏။

အသျှင်ဘုရား အမျိုးတို့သည် မင်းမျိုး ပုဏ္ဏားမျိုး ကုန်သည်မျိုး သူဆင်းရဲမျိုးဟူ၍ ဤလေးမျိုးတို့ပါတည်း။ အသျှင်ဘုရား ဤလေးပါးသော အမျိုးတို့၏ အထူးသည် ရှိပါသလော၊ ခြားနားမှုသည် ဖြစ်ရာပါသလော ဟု(လျှောက်၏)။ မင်းကြီး အမျိုးတို့သည် မင်းမျိုး ပုဏ္ဏားမျိုး ကုန်သည်မျိုး သူဆင်းရဲမျိုးဟူ၍ လေးမျိုးတို့တည်း။ မင်းကြီး ဤလေးပါးသော အမျိုးတို့တွင် ရှိခိုးမှု ခရီးဦးကြိုဆိုမှု လက်အုပ်ချီမှု အရိုအသေပြုမှုတို့ကို ထောက်၍ မင်းမျိုး ပုဏ္ဏားမျိုး ဤနှစ်ပါးသော အမျိုးတို့ကို မြတ်၏ဟု ဆိုကုန်၏ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား အကျွန်ုပ်သည် မြတ်စွာဘုရားကို မျက်မှောက်၌ ဖြစ်သော အကျိုးစီးပွါးကို မေးလျှောက်သည် မဟုတ်ပါ။ အသျှင်ဘုရား အကျွန်ုပ်သည် မြတ်စွာဘုရားကို တမလွန်လောက၌ ဖြစ်သော အကျိုးစီးပွါးကို မေးလျှောက်ပါ၏။ အသျှင်ဘုရား အမျိုးတို့သည် မင်းမျိုး ပုဏ္ဏားမျိုး ကုန်သည်မျိုး သူဆင်းရဲမျိုးဟူ၍ ဤလေးမျိုးတို့ပါတည်း။ အသျှင်ဘုရား ဤလေးပါးသော အမျိုးတို့၏ အထူးသည် ရှိပါသလော၊ ခြားနားမှုသည် ဖြစ်ရာပါသလော ဟု (လျှောက်၏)။

၃၇၉။ မင်းကြီး ကမ္မဋ္ဌာန်း စီးဖြန်းမှု ပဓာနအလုပ်ကို ပြုလုပ်သူတို့၏ အင်္ဂါတို့သည် ဤငါးပါးတို့တည်း။ အဘယ်ငါးပါးတို့ နည်းဟူမူ—မင်းကြီး ဤသာသနာတော်၌ ရဟန်းသည် ယုံကြည်ခြင်း 'သဒ္ဓါ'ရှိ၏၊ "ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏ (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင် မှန်စွာ သိတော်မူသော အကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓမည်တော်မူ၏၊ အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ' နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော အကြောင်းကြောင့်လည်း သုဂတမည်တော်မူ၏၊ လောကကို သိတော်မူသော အကြောင်းကြောင့်လည်း လောကဝိဒူ မည်တော်မူ၏၊ ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ် ဖြစ်တော်မူသော အကြောင်းကြောင့်လည်း အနုတ္တရော ပုရိသဒမ္မသာရထိ မည်တော်မူ၏၊ နတ်လူတို့၏ဆရာ ဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါး

http://www.dhammadownload.com



တရားတို့ကို) သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓမည်တော်မူ၏၊ ဘုန်းတန်ခိုး ကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏" ဟု မြတ်စွာဘုရား၏ သဗ္ဗညုတဉာဏ်တော်ကို ယုံကြည်၏။ အနာကင်း၏၊ ဆင်းရဲကင်း၏၊ အညီအညွတ် ကျက်စေတတ်သော မပူလွန်း မအေးလွန်းသော အလတ်ဖြစ်သော ကမ္မဋ္ဌာန်း စီးဖြန်းခြင်းငှါ ခံ့သော ပါစကတေဇောဓာတ်နှင့် ပြည့်စုံ၏။ မစဉ်းလဲတတ်၊ မလှည့်ပတ်တတ်၊ ဆရာဖြစ်သော မြတ်စွာဘုရား၌၎င်း သိကြားလိမ္မာသော သီတင်းသုံးဖော်တို့၌၎င်း ဟုတ်မှန်သည့်အတိုင်း မိမိကိုယ်ကို ထင်စွာပြုတတ်၏။ အားထုတ်အပ်သော ဝီရိယရှိသည်ဖြစ်၍ နေ၏၊ အကုသိုလ်တရားတို့ကို ပယ်ခြင်းငှါ ကုသိုလ်တရားတို့ကို ပြည့်စုံစေခြင်းငှါ အားအစွမ်းရှိ၏၊ မြဲမြံသော လုံ့လရှိ၏၊ ကုသိုလ်တရားတို့၌ မချထားအပ်သော ဝန်ရှိ၏။ ပညာရှိ၏၊ ဖြစ်မှု ပျက်မှု ဉပါဒ်ဝိနာသ ဘင်စွန်းကို ပိုင်းခြားခြင်းငှါ စွမ်းနိုင်သော ပညာနှင့်ပြည့်စုံ၏၊ မြတ်သော ကိလေသာကို ဖောက်ခွဲခြင်းငှါ စွမ်းနိုင်သော ဒုက္ခ၏ကုန်ရာ နိဗ္ဗာန်သို့ ကောင်းစွာရောက်ကြောင်းဖြစ်သော ဝိပဿနာပညာနှင့် ပြည့်စုံ၏။

မင်းကြီး ကမ္မဋ္ဌာန်းစီးဖြန်းမှု ပဓာနအလုပ်ကို လုပ်သော သူတို့၏အင်္ဂါတို့သည် ဤငါးပါးတို့တည်း။ မင်းကြီး မင်းမျိုး ပုဏ္ဏားမျိုး ကုန်သည်မျိုး သူဆင်းရဲမျိုးအားဖြင့် ဤအမျိုးလေးပါးတို့သည် ဤကမ္မဋ္ဌာန်းစီးဖြန်းမှု အင်္ဂါငါးပါးတို့နှင့် ပြည့်စုံခဲ့မူ ဤအရာ၌ ထိုသူတို့အား ရှည်မြင့်စွာသောကာလပတ်လုံး အစီးအပွါးဖြစ်ခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်ရာ၏ ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား မင်းမျိုး ပုဏ္ဏားမျိုး ကုန်သည်မျိုး သူဆင်းရဲမျိုးအားဖြင့် ဤအမျိုးလေးပါးတို့သည် ဤကမ္မဋ္ဌာန်းစီးဖြန်းမှု အင်္ဂါငါးပါးတို့နှင့် ပြည့်စုံခဲ့မူ အသျှင်ဘုရား ဤအရာ၌ ဤသူတို့၏အထူးသည် ရှိပါသလော၊ ခြားနားမှုသည် ရှိပါသလော ဟု (လျှောက်၏)။ မင်းကြီး ဤအရာ၌ ထိုသူတို့၏ အားထုတ်မှု ထူးခြားသည်၏ အဖြစ်ကို ငါဟော၏။ မင်းကြီး ဥပမာအားဖြင့် ကောင်းစွာ ဆုံးမပြီးသော ကောင်းစွာယဉ်ကျေးပြီးသော ဆင်နှစ်ကောင် သို့မဟုတ် မြင်းနှစ်ကောင် သို့မဟုတ် နွားနှစ်ကောင်တို့သည် ရှိကုန်ရာ၏။ မဆုံးမရသေးသော မယဉ်ကျေးသေးသော ဆင်နှစ်ကောင် သို့မဟုတ် မြင်းနှစ်ကောင် သို့မဟုတ် နွားနှစ်ကောင်တို့သည် ရှိကုန်ရာ၏။

မင်းကြီး ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ ကောင်းစွာ ဆုံးမပြီးသော ကောင်းစွာ ယဉ်ကျေးပြီးသော ဆင်နှစ်ကောင် သို့မဟုတ် မြင်းနှစ်ကောင် သို့မဟုတ် နွားနှစ်ကောင်တို့သည် စင်စစ်အားဖြင့် ယဉ်ကျေးကုန်သည်ဖြစ်၍ သာလျှင် ယဉ်ကျေးသောအပြုအမူသို့ ရောက်ကုန်ရာသည် မဟုတ်လော၊ ယဉ်ကျေးကုန်သည်ဖြစ်၍သာလျှင် ယဉ်ကျေးသောနေရာဌာနသို့ ရောက်ကုန်ရာသည် မဟုတ်လော ဟု (မေးတော်မူ၏)။ အသျှင်ဘုရား ရောက်ကုန်ရာပါ၏ ဟု (လျှောက်၏)။ မဆုံးမရသေးသော မယဉ်ကျေးသေးသော ဆင်နှစ်ကောင် သို့မဟုတ် မြင်းနှစ်ကောင် သို့မဟုတ် နွားနှစ်ကောင်တို့သည် ကောင်းစွာ ဆုံးမပြီးသော ကောင်းစွာ ယဉ်ကျေးပြီးသော ဆင်နှစ်ကောင် သို့မဟုတ် မြင်းနှစ်ကောင် သို့မဟုတ် နွားနှစ်ကောင်တို့ကဲ့သို့ မယဉ်ကျေးကုန်ပဲသာလျှင် ယဉ်ကျေးသော အပြုအမူသို့ ရောက်ကုန်ရာသလော၊ မယဉ်ကျေးကုန်ပဲသာလျှင် ယဉ်ကျေးသောနေရာဌာနသို့ ရောက်ကုန်ရာသလော ဟု (မေးတော်မူ၏)။ အသျှင်ဘုရား မရောက်နိုင်ပါ ဟု (လျှောက်၏)။ မင်းကြီး ဤအတူသာလျှင် ယုံကြည်မှု အနာကင်းမှု ဟန်မဆောင်မှု မလှည့်ပတ်မှု ထက်သန်သော လုံ့လရှိမှု ပညာနှင့် ပြည့်စုံမှုရှိသူသည် ရောက်သင့်သော အရာဌာနသို့ မယုံကြည်မှု အနာများမှု ဟန်ဆောင်မှု လှည့်ပတ်မှု ပျင်းရိမှု ပညာကင်းမှု ရှိသူသည် ရောက်နိုင်ရမည်ဟူသော ဤအကြောင်းသည် မရှိနိုင်ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



၃၈၀။ အသျှင်ဘုရား မြတ်စွာဘုရားသည် အကြောင်းမှန်သဘောကို ဟောကြားတော်မူ၏၊ အသျှင်ဘုရား မြတ်စွာဘုရားသည် အကြောင်းခိုင်လုံသော သဘောကို ဟောကြားတော်မူ၏။ အသျှင်ဘုရား မင်းမျိုး ပုဏ္ဏားမျိုး ကုန်သည်မျိုး သူဆင်းရဲမျိုးအားဖြင့် ဤအမျိုးလေးပါးတို့သည် ဤကမ္မဋ္ဌာန်းစီးဖြန်းမှု အင်္ဂါငါးပါးတို့နှင့် အကယ်၍ ပြည့်စုံခဲ့မူ ထိုအမျိုးလေးပါးတို့သည် အကယ်၍ ကောင်းစွာ အားထုတ်မှု ရှိခဲ့မူ ထိုသူတို့၏ ဤအရာ၌ အထူးရှိပါသေးသလော၊ ခြားနားမှုရှိပါသေးသလောဟု (လျှောက်၏)။မင်းကြီး ထိုသူတို့၏ ဤအရာ၌ မဂ်ဖိုလ်အချင်းချင်း တစုံတခုသော ခြားနားမှုကို ငါမဟော။မင်းကြီး ဥပမာ အားဖြင့် ယောကျ်ားတယောက်သည် ကျွန်းသားထင်းခြောက်ကိုယူ၍ မီးမွှေးရာ၏၊ တေဇောဓာတ်ကို ပြုရာ၏၊အခြားယောကျ်ားသည် အင်ကြင်းသားထင်းခြောက်ကို ယူ၍ မီးမွှေးရာ၏၊ တေဇောဓာတ်ကို ပြုရာ၏၊ အခြားယောကျ်ားသည် သရက်သား ထင်းခြောက်ကိုယူ၍ မီးမွှေးရာ၏၊တေဇောဓာတ်ကို ပြုရာ၏၊ အခြားယောကျ်ားသည် ရေသဖန်းသား ထင်းခြောက်ကိုယူ၍ မီးမွှေးရာ၏၊ တေဇောဓာတ်ကို ပြုရာ၏။ မင်းကြီး ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း။ ထင်းအမျိုးမျိုးမှ ဖြစ်ကုန်သော ထိုမီးတို့၏ တစုံတခု ခြားနားမှုသည် ရှိသေးသလော၊ မီးလျှံအချင်းချင်း အဆင်းအချင်းချင်း အရောင်အချင်းချင်း တစုံတခု ခြားနားမှုသည် ရှိသေးသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မရှိပါ ဟု (လျှောက်၏)။

မင်းကြီး ဤဥပမာအတူသာလျှင် လုံ့လဖြင့် မွှေနှောက်၍ ရသော လုံ့လကြောင့် ဖြစ်သော တန်ခိုး၌ မဂ်ဖိုလ်အချင်းချင်း တစုံတခုခြားနားမှုကို ငါမဟော ဟု (မိန့်တော်မူ၏)၊ အသျှင်ဘုရား မြတ်စွာဘုရားသည် အကြောင်းမှန်သဘောကို ဟောကြားတော်မူ၏၊ အသျှင်ဘုရား မြတ်စွာဘုရားသည် အကြောင်းခိုင်လုံသောစကားကို ဟောကြားတော်မူ၏။ အသျှင်ဘုရား နတ်တို့သည် ရှိကြပါကုန်၏လောဟု(လျှောက်၏)။မင်းကြီး သင်သည် အဘယ့်ကြောင့် နတ်တို့သည် ရှိကြပါကုန်၏လော ဟု ဤသို့ မေးလျှောက်ဘိသနည်း ဟု (မေးတော်မူ၏)။ အသျှင်ဘုရား ထိုနတ်တို့သည် ပဋိသန္ဓေအားဖြင့် ဤလူ့ပြည်သို့ လာရောက်ကြပါကုန်သေးသလော၊ သို့မဟုတ် ပဋိသန္ဓေအားဖြင့် ဤလူ့ပြည်သို့ မလာရောက်ကြကုန်ပဲ ရှိပါကုန်သလောဟု (လျှောက်၏)။ မင်းကြီး စေတသိကဒုက္ခရှိကြကုန်သော နတ်တို့သည် ဤလူ့ပြည်သို့ ပဋိသန္ဓေအားဖြင့် ကပ်ရောက်လာနိုင်ကုန်၏၊ စေတသိကဒုက္ခမရှိကြကုန်သောနတ်တို့သည် ဤလူ့ပြည်သို့ ပဋိသန္ဓေအားဖြင့် ကပ်ရောက် မလာကြကုန် ဟု (မိန့်တော်မူ၏)။

၃၈၁။ ဤသို့ မိန့်တော်မူသော် ဝိဋူဋဘစစ်သူကြီးသည် မြတ်စွာဘုရားကို "အသျှင်ဘုရား စေတသိကဒုက္ခရှိကြသေးသဖြင့် ဤလူ့ပြည်သို့ပဋိသန္ဓေအားဖြင့် ကပ်ရောက်လာနိုင်ကုန်သော နတ်တို့သည် စေတသိကဒုက္ခမရှိကြသဖြင့် ဤလူ့ပြည်သို့ ပဋိသန္ဓေအားဖြင့် မလာနိုင်ကြကုန်သော နတ်တို့ကို နေရာမှ ရွှေ့စေနိုင်ကုန်သလော၊ နှင်ထုတ်မှုလည်း နှင်ထုတ်နိုင်ကြကုန်သလော"ဟု လျှောက်၏။

ထိုအခါ အသျှင်အာနန္ဒာအား "ဝိဋူဋဘစစ်သူကြီးသည် ပသေနဒီကောသလမင်းကြီး၏သားတည်း၊ ငါလည်း မြတ်စွာဘုရား၏သားတည်း၊ ဤအခါကား သားတော်အချင်းချင်း တိုင်ပင်ရမည့်အချိန်အခါတည်း"ဟု အကြံဖြစ်၏။ ထိုအခါ အသျှင်အာနန္ဒာသည် ဝိဋူဋဘစစ်သူကြီးကို စစ်သူကြီး ဤအရာ၌ သင့်ကိုသာလျှင် ငါပြန်၍ မေးအံ့၊ သင်နှစ်သက်သည့်အတိုင်း ထိုပြဿနာကို ဖြေကြားလော့၊ စစ်သူကြီး ဤအရာ၌ အဘယ်သို့ မှတ်ထင်သနည်း၊ ပသေနဒီကောသလမင်းကြီး စိုးမိုးအုပ်ချုပ် မင်းလုပ်ရာ နိုင်ငံတော်၌ ပသေနဒီကောသလမင်းကြီးသည် ရဟန်းကိုဖြစ်စေ ပုဏ္ဏားကိုဖြစ်စေ

http://www.dhammadownload.com



ဘုန်းရှိသောသူကိုင်း ဘုန်းမဲ့သောသူကိုင်း မြတ်သောအကျင့်ရှိသူကိုင်း မြတ်သောအကျင့်မရှိသူကိုင်း ထိုတိုင်းပြည်မှ ရွှေလျောနှင်ထုတ်ရန် စွမ်းနိုင်ရာသည် မဟုတ်လော ဟု (မေး၏)။ အသျှင် ပသေနဒီ ကောသလမင်းကြီး စိုးမိုးအုပ်ချုပ် မင်းလုပ်ရာ နိုင်ငံတော်၌ ပသေနဒီကောသလမင်းကြီးသည် ရဟန်းကိုင်း ပုဏ္ဏားကိုင်း ဘုန်းရှိသောသူကိုင်း ဘုန်းမဲ့သောသူကိုင်း မြတ်သောအကျင့်ရှိသူကိုင်း မြတ်သောအကျင့်မရှိသူကိုင်း ထိုတိုင်းပြည်မှ ရွှေလျောနှင်ထုတ်ရန် စွမ်းနိုင်ပါ၏ ဟု (လျှောက်၏)။

စစ်သူကြီး ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ ပသေနဒီကောသလမင်းကြီး စိုးမိုးအုပ်ချုပ် မင်းမလုပ်ရာ တိုင်းနိုင်ငံ၌ ပသေနဒီကောသလမင်းကြီးသည် ရဟန်းကိုင်း ပုဏ္ဏားကိုင်း ဘုန်းရှိသူကိုင်း ဘုန်းမဲ့သူကိုင်း မြတ်သောအကျင့်ရှိသူကိုင်း မြတ်သောအကျင့်မရှိသူကိုင်း တိုင်းပြည်မှ ရွှေလျောနှင်ထုတ်ရန် စွမ်းနိုင်ပါအံ့လော ဟု (မေး၏)။ အသျှင် ပသေနဒီကောသလမင်းကြီး စိုးမိုးအုပ်ချုပ် မင်းမလုပ်ရာ တိုင်းနိုင်ငံ၌ ပသေနဒီကောသလမင်းကြီးသည် ရဟန်းကိုင်း ပုဏ္ဏားကိုင်း ဘုန်းရှိသူကိုင်း ဘုန်းမဲ့သူကိုင်း မြတ်သောအကျင့်ရှိသူကိုင်း မြတ်သောအကျင့်မရှိသူကိုင်း ထိုတိုင်းနိုင်ငံမှ ရွှေလျောနှင်ထုတ်ရန် မစွမ်းနိုင်ပါဟု (လျှောက်၏)။

စစ်သူကြီးထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊သင်သည် တာဝတိံသာ နတ်တို့ကို ကြားဘူးပါ၏လောဟု (မေး၏)။ အသျှင် မှန်ပါ၏၊ တာဝတိံသာနတ်တို့ကို အကျွန်ုပ်ကြားဘူးပါ၏၊ အသျှင် ဤအရာ၌ ပသေနဒီကောသလမင်းကြီးသည်လည်း တာဝတိံသာနတ်တို့ကို ကြားဘူးပါ၏ ဟု (လျှောက်၏)။ စစ်သူကြီး ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ ပသေနဒီကောသလမင်းကြီးသည် တာဝတိံသာ နတ်တို့ကို ထိုနေရာမှ ရွှေလျော နှင်ထုတ်ရန် စွမ်းနိုင်ပါသလော ဟု (မေး၏)။ အသျှင်ဘုရား ပသေနဒီကောသလမင်းကြီးသည် တာဝတိံသာနတ်တို့ကို မြင်ခြင်းကိုမျှလည်း မစွမ်းနိုင်၊ ထိုနေရာမှ ရွှေလျောစေ နှင်ထုတ်စေရန် အဘယ်မှာ စွမ်းနိုင်ပါအံ့နည်း ဟု (လျှောက်၏)။ စစ်သူကြီး ဤအတူသာလျှင် စေတသိကဒုက္ခရှိကြသေးသဖြင့် ဤလူ့ပြည်သို့ ပဋိသန္ဓေအားဖြင့် ကပ်ရောက်လာနိုင်ကုန်သော နတ်တို့သည် စေတသိကဒုက္ခမရှိကြသဖြင့် ဤလူ့ပြည်သို့ ပဋိသန္ဓေအားဖြင့် ကပ်ရောက်မလာနိုင်ကုန်သော နတ်တို့ကို မြင်ခြင်းငှါ သော်လည်း မစွမ်းနိုင်ကြကုန်၊ အဘယ်မှာလျှင် ထိုတည်ရာဌာနမှ ရွှေလျောမှုလည်း ရွှေလျောစေနိုင်ကုန်အံ့နည်း၊ နှင်ထုတ်မှုလည်း နှင်ထုတ်နိုင်ပါကုန်အံ့နည်း ဟု (မိန့်ဆို၏)။

၃၈၂။ ထိုအခါ ပသေနဒီကောသလမင်းကြီးသည် မြတ်စွာဘုရားကို "အသျှင်ဘုရား ဤရဟန်းသည် အဘယ်အမည်ရှိပါသနည်း"ဟု လျှောက်၏။ မင်းကြီး အာနန္ဒာ အမည်ရှိပေ၏ ဟု (မိန့်တော်မူ၏)။ အချင်းတို့ နှစ်သက်ဖွယ်ရှိပေစွတကား၊ အချင်းတို့ နှစ်သက်ဖွယ်ရှိပေစွတကား။ အသျှင်ဘုရား အသျှင်အာနန္ဒာသည် အကြောင်းမှန်သော သဘောကို ဆိုပေ၏၊ အသျှင်ဘုရား အသျှင်အာနန္ဒာသည် အကြောင်းခိုင်လုံသော သဘောကို ဆိုပေ၏။ အသျှင်ဘုရား ဗြဟ္မာတို့သည် ရှိပါကုန်သလော ဟု (လျှောက်၏)။

မင်းကြီး သင်သည် အဘယ့်ကြောင့် "အသျှင်ဘုရား ဗြဟ္မာတို့သည် ရှိပါကုန်သလော"ဟု ဤသို့ ဆိုဘိသနည်း ဟု (မေးတော်မူ၏)။ အသျှင်ဘုရား ထိုဗြဟ္မာသည် ပဋိသန္ဓေအားဖြင့် ဤလူ့ပြည်သို့ လာရောက်ကြပါကုန်သေးသလော၊ သို့မဟုတ် ဤလူ့ပြည်သို့ မလာရောက်ကြကုန်ပဲ ရှိပါကုန်သလော ဟု (လျှောက်၏)။ မင်းကြီး စေတသိကဒုက္ခရှိသော ဗြဟ္မာသည် ဤလူ့ပြည်သို့

http://www.dhammadownload.com



ပဋိသန္ဓေတည်နေသောအားဖြင့် ကပ်ရောက် လာနိုင်၏၊ စေတသိကဒုက္ခမရှိသော ဗြဟ္မာသည် ဤလူ့ပြည်သို့ ပဋိသန္ဓေအားဖြင့် ကပ်ရောက် မလာနိုင်ဟု (မိန့်တော်မူ၏)။

ထိုအခါ တယောက်သော မင်းချင်းသည် ပသေနဒီကောသလမင်းကြီးကို "မင်းကြီး အာကာသအနွယ်ဖြစ်သော သဉ္စယပုဏ္ဏားသည် ရောက်လာပါပြီ"ဟု သံတော်ဦးတင်၏။ ထိုအခါ ပသေနဒီကောသလမင်းကြီးသည် အာကာသအနွယ်ဖြစ်သော သဉ္စယပုဏ္ဏားကို "ပုဏ္ဏား အဘယ်သူသည် ဤစကားကို မင်း၏နန်းတော်တွင်း၌ ပြောဆိုပါသနည်း"ဟု မေး၏။ မင်းကြီး ဝိဋူဋဘစစ်သူကြီးပါတည်း ဟု (သံတော်ဦးတင်၏)။ ဝိဋူဋဘစစ်သူကြီးသည် "မင်းကြီး အာကာသအနွယ်ဖြစ်သော သဉ္စယပုဏ္ဏားပါတည်း"ဟု (သံတော်ဦးတင်၏)။ ထိုအခါ တယောက်သောမင်းချင်းယောကျ်ားသည် ပသေနဒီကောသလမင်းကြီးကို "မင်းကြီး သွားအံ့သောအခါ တိုင်ပါပြီ"ဟု သံတော်ဦးတင်၏။

ထိုအခါ ပသေနဒီကောသလ မင်းကြီးသည် မြတ်စွာဘုရားကို "အသျှင်ဘုရား အကျွန်ုပ်တို့သည် မြတ်စွာဘုရားကို သဗ္ဗညုတ ဉာဏ်အကြောင်းကို မေးလျှောက်ပါကုန်၏၊ မြတ်စွာဘုရားသည် သဗ္ဗညုတ ဉာဏ်အကြောင်းကို ဖြေကြားတော်မူပါ၏၊ ထိုဖြေကြားတော်မူချက်ကိုလည်း အကျွန်ုပ်တို့သည် သဘောလည်း ကျပါ၏၊ နှစ်လည်း နှစ်သက်ပါ၏၊ ထိုအဖြေဖြင့်လည်း နှစ်လိုသောစိတ် ရှိကြပါကုန်၏။ အသျှင်ဘုရား အကျွန်ုပ်တို့သည် မြတ်စွာဘုရားကို အမျိုးလေးပါးတို့၏ စင်ကြယ်ခြင်းကို မေးလျှောက်ပါကုန်၏၊ မြတ်စွာဘုရားသည် အမျိုးလေးပါးတို့၏ စင်ကြယ်ခြင်းကိုလည်း ဖြေကြားတော်မူပါ၏၊ ထိုဖြေကြားချက်ကိုလည်း အကျွန်ုပ်တို့သည် သဘောလည်း ကျပါ၏၊ နှစ်လည်း နှစ်သက်ပါ၏၊ ထိုဖြေကြားတော်မူချက်ဖြင့်လည်း နှစ်လိုသောစိတ် ရှိကြပါကုန်၏။ အသျှင်ဘုရား အကျွန်ုပ်တို့သည် မြတ်စွာဘုရားကို လွန်မြတ်သော နတ်တို့ကို မေးလျှောက်ပါကုန်၏၊ မြတ်စွာဘုရားသည် လွန်မြတ်သော နတ်တို့ကို ဖြေကြားတော်မူပါ၏၊ ထိုဖြေကြားတော်မူချက်ကိုလည်း အကျွန်ုပ်တို့သည် သဘောလည်း ကျပါ၏၊ နှစ်လည်း နှစ်သက်ပါ၏၊ ထိုဖြေကြားတော်မူချက်ကိုလည်း နှစ်လိုသော စိတ်ရှိကြပါကုန်၏။ အသျှင်ဘုရား အကျွန်ုပ်တို့သည် မြတ်စွာဘုရားကို လွန်မြတ်သော ဗြဟ္မာကို မေးလျှောက်ပါကုန်၏၊ မြတ်စွာဘုရားသည် လွန်မြတ်သော ဗြဟ္မာကို ဖြေကြားတော်မူပါ၏၊ ထိုဖြေကြားတော်မူချက်ကိုလည်း အကျွန်ုပ်တို့သည် သဘောလည်း ကျပါ၏၊ နှစ်လည်း နှစ်သက်ပါ၏၊ ထိုဖြေကြားတော်မူချက်ဖြင့်လည်း နှစ်လိုသောစိတ် ရှိကြပါကုန်၏။

အကျွန်ုပ်တို့သည် မြတ်စွာဘုရားအား မေးလျှောက်တိုင်းသော ပြဿနာကို မြတ်စွာဘုရားသည် ဖြေကြားတော်မူ၏၊ ထိုဖြေကြားတော်မူချက်ကိုလည်း အကျွန်ုပ်တို့သည် သဘောလည်း ကျပါ၏၊ နှစ်လည်း နှစ်သက်ပါ၏၊ ထိုဖြေကြားတော်မူချက်ဖြင့်လည်း နှစ်လိုသော စိတ်ရှိကြပါကုန်၏။ အသျှင်ဘုရား အကျွန်ုပ်တို့သည် ယခုအခါ သွားကြပါကုန်အံ့၊ အကျွန်ုပ်တို့သည် များသောကိစ္စ များသောပြုဖွယ်ရှိကြပါကုန်၏" ဟု လျှောက်၏။ မင်းကြီး ယခု သွားရန် အချိန်ကို သင်သိ၏၊ (သွားရန်မှာ သင်၏အလိုအတိုင်းပင်ဖြစ်၏) ဟု (မိန့်တော်မူ၏)။ ထိုအခါ ပသေနဒီကောသလ မင်းကြီးသည် မြတ်စွာဘုရား၏ တရားတော်ကို အလွန်နှစ်သက်ဝမ်းမြောက်၍ နေရာမှ ထပြီးလျှင် မြတ်စွာဘုရားကို ရှိခိုး၍ အရိုအသေပြုကာ ဖဲသွားလေသတည်း။

ဆယ်ခုမြောက် ကဏ္ဏကတ္ထလသုတ် ပြီး၏။

## လေးခုမြောက် ရာဇဝဂ် ပြီး၏။

http://www.dhammadownload.com

# ၅-ဗြာဟ္မဏဝဂ်

## ၁-ဗြဟ္မာယုသုတ်

၃၇၃။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် များစွာသော ငါးရာမျှလောက်သော ရဟန်းသံဃာနှင့်အတူ ဝိဒေဟတိုင်း၌ ဒေသစာရီကြွချီတော်မူ၏။ ထိုအခါ ရက်ချုပ်အားဖြင့် အသက်တရာ့နှစ်ဆယ်ရှိ၍ အိုမင်းကြီးမြင့် အယွယ်ရင့်ကာ ဆင့်ဆင့်လွန်မြောက် နောက်ဆုံးအရွယ်သို့ရောက်သော ဗြဟ္မာယုပုဏ္ဏားသည် မိထိလာပြည်၌နေ၏၊ နိဃဏ္ဍု 'အဘိဓာန်'ကျမ်း ကေဋုဘ 'အလင်္ကာ'ကျမ်း အက္ခရပ္ပဘေဒ 'သဒ္ဒါ'ကျမ်း ငါးခုမြောက် ဣတိဟာသကျမ်း [1] နှင့်တကွ ဗေဒင်သုံးပုံတို့၏ကမ်းတဖက်သို့ ရောက်၏၊ ပဒကျမ်း [2] ကို တတ်၏၊ ဗျာကရဏ်းကျမ်း [3] ကို တတ်၏၊ လောကာယတကျမ်း [4] မဟာပုရိသလက္ခဏာကျမ်းတို့၌ အကြွင်းမဲ့ တတ်မြောက်၏။ ထိုဗြဟ္မာယုပုဏ္ဏားသည် ဤသို့ ကြားသိလေ၏— "အချင်းတို့ သာကီဝင်မင်းမျိုးမှ ရဟန်းပြုသော သာကီဝင်မင်းသား ရဟန်းဂေါတမသည် ငါးရာမျှလောက်သော များစွာသော ရဟန်းသံဃာနှင့်အတူ ဒေသစာရီကြွချီတော်မူရာ ဝိဒေဟတိုင်းသို့ ရောက်လာသတတ်၊ အသျှင်ဂေါတမ၏ ကောင်းသော ကျော်စောသတင်းသည် ဤသို့ ပြန့်နှံ့၍ ထွက်၏— 'ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံမည်တော်မူ၏၊ (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော အကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏၊ အသိဉာဏ် 'ဝိဇ္ဇာ' အကျင့်'စရဏ'နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္နမည်တော်မူ၏၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော အကြောင်းကြောင့်လည်း သုဂတမည်တော်မူ၏၊ လောကကို သိတော်မူသော အကြောင်းကြောင့်လည်း လောကဝိဒူ မည်တော်မူ၏၊ ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ ပုဂ္ဂိုလ်ဖြစ်တော်မူသော အကြောင်းကြောင့်လည်း အနုတ္တရောပုရိသဒမ္မသာရထိ မည်တော်မူ၏၊ နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါး တရားတို့ကို) သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓမည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏' ဟု (ပြန့်နှံ့၍ ထွက်၏)။

ထိုမြတ်စွာဘုရားသည် နတ် မာရ်နတ်နှင့်တကွသော နတ်လောကနှင့် သမဏဗြာဟ္မဏမင်းများ လူများနှင့်တကွသော လူ့လောကကို ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုလျက် ဟောကြားတော်မူ၏၊ ထိုမြတ်စွာဘုရားသည် အစ၏ကောင်းခြင်း အလယ်၏ကောင်းခြင်း အဆုံး၏ကောင်းခြင်းရှိသော အနက်နှင့် ပြည့်စုံသော သဒ္ဒါနှင့်ပြည့်စုံသော တရားကို ဟောတော်မူ၏၊ အလုံးစုံ

---

၁-မဟာဘာရတစသော ရှေးဟောင်းရာဇဝင် ပုံပြင်ကျမ်း။

၂-ဝေဒကျမ်းလာ ပုဒ်ရင်းတို့ကို ထုတ်နုတ်စီစဉ်ပြသောကျမ်း။

၃-ဓာတ်ပစ္စည်းဝိဘတ်တို့ဖြင့် ဝေဖန်၍ ပုဒ်တို့၏ ပြီးစီးပုံကို ပြသောကျမ်း။

၄-မျက်မြင်လောကအကြောင်းကိုသာ ပြသော ရုပ်ဝါဒကျမ်း။ (စာရ်ဗာကဆရာ၏ရုပ်ဝါဒစသည်)။

http://www.dhammadownload.com



ပြည့်စုံသော စင်ကြယ်သော မြတ်သောအကျင့်ကို ပြတော်မူ၏၊ ထိုသို့သဘောရှိသော ရဟန္တာ (ပုဂ္ဂိုလ်)တို့ကို ဖူးမြော်ရခြင်းသည် ကောင်းသည်သာတည်း” ဟု (ကြားသိလေ၏)။

၃၈၄။ ထိုစဉ်အခါ၌ ဗြဟ္မာယုပုဏ္ဏားရဲ့တပည့်ဖြစ်သော ဥတ္တရလုလင်သည် ရှိ၏၊ ထိုလုလင်သည် နိဃဏ္ဍု‘အဘိဓာန်’ကျမ်း ကေဋုဘ ‘အလင်္ကာ’ကျမ်း အက္ခရပ္ပဘေဒ‘သဒ္ဒါ’ကျမ်း ငါးခုမြောက် ဣတိဟာသကျမ်းနှင့် တကွ ဗေဒင်သုံးပုံတို့၏ ကမ်းတဖက်သို့ ရောက်၏၊ ပဒကျမ်းကို တတ်၏၊ ဗျာကရုဏ်းကျမ်းကို တတ်၏၊ လောကာယတကျမ်း မဟာပုရိသလက္ခဏာကျမ်းတို့၌ အကြွင်းမဲ့ တတ်မြောက်၏၊ ထိုအခါ ဗြဟ္မာယုပုဏ္ဏားသည် ဥတ္တရလုလင်ကို ဤသို့ ပြော၏— “ချစ်သားဥတ္တရ သာကီဝင်မင်းမျိုးမှ ရဟန်းပြုသော သာကီဝင်မင်းသား ဤရဟန်းဂေါတမသည် များစွာသော ငါးရာမျှသော ရဟန်းသံဃာနှင့်တကွ ဝိဒေဟတိုင်း၌ ဒေသစာရီ ကြွချီတော်မူလာ၏၊ ထိုအသျှင် ဂေါတမ၏ ကောင်းသော ကျော်စောသတင်းသည် ဤသို့ ပြန့်နှံ့၍ထွက်၏— ‘ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သောအကြောင်းကြောင့်လည်း အရဟံမည်တော်မူ၏၊ (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော အကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓမည်တော်မူ၏။ပ။ ထိုသို့သဘောရှိသော ရဟန္တာတို့ကို ဖူးမြော်ရခြင်းသည် ကောင်းသည်သာတည်း’ဟု (ပြန့်နှံ့၍ ထွက်၏)။

ချစ်သားဥတ္တရ လာလော့၊ သင်သည် ရဟန်းဂေါတမထံသို့ ချဉ်းကပ်ပြီးလျှင် ရဟန်းဂေါတမ၏ ကျော်စောသတင်းသည် အမှန်အတိုင်း ပြန့်နှံ့၍ ထွက်သလော၊ အမှန်အတိုင်းမဟုတ်ပဲ ပြန့်နှံ့၍ ထွက်သလော၊ ထိုအသျှင်ဂေါတမသည် ကျော်စောသည့်အတိုင်း မှန်သလော၊ မမှန်သလော ဟု ငါတို့ သိနိုင်ရန်အလို့ငှါ ရဟန်းဂေါတမကို သိအောင် စုံစမ်းချေလော့” ဟု ဆို၏။ အသျှင် “ထိုအသျှင်ဂေါတမ၏ ကျော်စောသတင်းသည် အမှန်အတိုင်း ပြည့်နှံ့၍ ထွက်သလော၊ အမှန်အတိုင်း မဟုတ်ပဲ ပြန့်နှံ့၍ ထွက်သလော၊ ထိုအသျှင်ဂေါတမသည် ကျော်စောသည့်အတိုင်း မှန်သလော၊ မမှန်သလော ဟု အကျွန်ုပ်သည် ထိုအသျှင်ဂေါတမကို အဘယ်သို့လျှင် သိအောင် စုံစမ်းရပါအံ့နည်း”ဟု (မေး၏)။

ချစ်သားဥတ္တရ ငါတို့၏ဝေဒကျမ်းတို့၌ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ် လက္ခဏာတို့သည် လာကုန်၏၊ ယင်းလက္ခဏာတို့နှင့်ပြည့်စုံသော ယောကျ်ားမြတ်အား နှစ်မျိုးသော အဖြစ်တို့သာလျှင် ရှိကုန်၏၊ အခြားသော အဖြစ်မရှိကုန်။ ထိုယောကျ်ားမြတ်သည် အကယ်၍ လူ့ဘောင်၌ နေငြားအံ့၊ တရားစောင့်သော တရားနှင့်အညီ မင်းပြုသော သမုဒ္ဒရာလေးစင်းအပိုင်းအခြားရှိသည့် လေးကျွန်းလုံးကို အစိုးရသော ရန်အပေါင်းကို အောင်သော တိုင်းနိုင်ငံကို တည်ငြိမ်စေသော ရတနာခုနစ်ပါးနှင့် ပြည့်စုံသော စကြဝတေးမင်း ဖြစ်၏၊ ထိုစကြဝတေးမင်းအား ဤရတနာ ခုနစ်ပါးတို့သည် ဖြစ်ကုန်၏။ဤသည်တို့ကား အဘယ်နည်း၊စကြာရတနာ ဆင်ရတနာ မြင်းရတနာ ပတ္တမြားရတနာ မိန်းမရတနာ သူကြွယ်ရတနာ ခုနစ်ခုမြောက်သော သားကြီးရတနာတို့တည်း။ ထိုစကြဝတေးမင်း၌ ရဲရင့်ကုန်သော သူရဲကောင်း အင်္ဂါရုပ်ရှိကုန်သော တဖက်စစ်သည်တို့ကို နှိမ်နင်းနိုင်ကုန်သော အထောင်မကသော သားတော်တို့သည် ရှိကုန်၏၊ ထိုစကြဝတေးမင်းသည် သမုဒ္ဒရာ အဆုံးရှိသော ဤမြေကို ဒဏ်မခတ်မူ၍ မသတ်ဖြတ်မူ၍ တရားသဖြင့် အောင်မြင်လျက် အုပ်စိုး၏။ အကယ်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ငြားအံ့၊ ပူဇော်အထူးကို ခံတော်မူထိုက်သော(အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော လောက၌ ကိလေသာ

http://www.dhammadownload.com



အပိတ်အဖုံးကို ဖွင့်လှစ်နိုင်သော ဘုရားဖြစ်၏။ ချစ်သားဥတ္တရ ငါသည် သင့်အား ဝေဒကျမ်းတို့ကို သင်ကြားပေးပြီး မဟုတ်လော၊ သင်သည် ဝေဒကျမ်းတို့ကို သင်ကြားခံယူပြီး မဟုတ်လော ဟု (ပြောကြား၏)။

၃၈၅။ "အသျှင် ကောင်းပါပြီ"ဟု ဥတ္တရလုလင်သည် ဗြဟ္မာယုပုဏ္ဏားအား ဝန်ခံပြီးလျှင် နေရာမှထ၍ ဗြဟ္မာယုပုဏ္ဏားကို ရှိခိုးလျက် အရှိအသေပြုကာ ဝိဒေဟတိုင်း မြတ်စွာဘုရားရှိရာသို့ ဖဲသွားလေ၏၊ အစဉ်အတိုင်း ဖဲသွားပြီးလျှင် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၏၊ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာ ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်စကားကို ပြောဆိုပြီးဆုံးစေ၍ တခုသောနေရာ၌ ထိုင်နေ၏၊ တခုသော နေရာ၌ ထိုင်နေသော ဥတ္တရလုလင်သည် မြတ်စွာဘုရား၏ ကိုယ်တော်၌ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ် လက္ခဏာတို့ကို ကြည့်ရှုရှာဖွေ၏။ မြတ်စွာဘုရားကိုယ်တော်၌ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ် လက္ခဏာတို့ကို များသောအားဖြင့် မြင်၏၊ နှစ်ပါးတို့ကိုကား မမြင်၊ အအိမ်ဖြင့် ဖုံးလွှမ်းသော ပုရိသနိမိတ်၌လည်းကောင်း ရှည်ပြန့်သော လျှာတော်၌လည်းကောင်း ဤမမြင်ရသော ယောကျ်ားမြတ် လက္ခဏာနှစ်ပါးတို့၌ ယုံမှား၏၊ တွေးတော ယုံမှား၏၊ မဆုံးဖြတ်နိုင်၊ မယုံကြည်နိုင်။ ထိုအခါ မြတ်စွာဘုရားအား ဤသို့ အကြံဖြစ်၏—"ဤဥတ္တရလုလင်သည် ငါ၏သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ် လက္ခဏာတို့ကို များသောအားဖြင့် မြင်၏၊ နှစ်ပါးတို့ကိုကား မမြင်၊ အအိမ်ဖြင့် ဖုံးလွှမ်းသော ပုရိသနိမိတ်၌လည်းကောင်း ရှည်ပြန့်သော လျှာတော်၌လည်းကောင်း ဤမမြင်ရသော ယောကျ်ားမြတ် လက္ခဏာနှစ်ပါးတို့၌ ယုံမှား၏၊ တွေးတော ယုံမှား၏၊ မဆုံးဖြတ်နိုင်၊ မယုံကြည်နိုင်။ ငါသည် တန်ခိုးဖန်ဆင်းပြရမူ ကောင်းလေစွ"ဟု (အကြံဖြစ်၏)။

ထိုအခါ မြတ်စွာဘုရားသည် အအိမ်ဖြင့် ဖုံးလွှမ်းသော ပုရိသနိမိတ်ကို ဥတ္တရလုလင် မြင်နိုင်ရန် တန်ခိုးဖန်ဆင်းတော်မူ၏၊ ထို့နောက် မြတ်စွာဘုရားသည် လျှာတော်ကိုထုတ်၍ နားတွင်းနှစ်ဖက်တို့ကိုလည်း အပြန်အလှန် သုံးသပ်တော်မူ၏၊ နှာခေါင်းပေါက် နှစ်ခုတို့ကိုလည်း အပြန်အလှန် သုံးသပ်တော်မူ၏၊ အလုံးစုံသော နဖူးပြင်ကိုလည်း လျှာဖြင့် ဖုံးအုပ်တော်မူ၏။ "ထိုအခါ ဥတ္တရလုလင်အား ဤသို့သော အကြံသည် ဖြစ်၏— "ရဟန်းဂေါတမသည် သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ် လက္ခဏာတို့နှင့် ပြည့်စုံသည်သာတည်း၊ ငါသည် အကယ်၍ ရဟန်းဂေါတမ နောက်သို့ အစဉ်လိုက်ရမူ ထိုရဟန်းဂေါတမ၏ ဣရိယာပုထ်ကို မြင်ရာ၏"ဟု (အကြံဖြစ်၏)။ ထို့နောက် ဥတ္တရလုလင်သည် ခုနစ်လပတ်လုံး အစဉ်လိုက်သော အရိပ်ကဲ့သို့ မြတ်စွာဘုရား၏ နောက်သို့ အစဉ်လိုက်လေ၏။

၃၈၆။ ခုနစ်လလွန်သောအခါ ဥတ္တရလုလင်သည် ဝိဒေဟတိုင်း မိထိလာပြည်သို့ ဖဲသွား၏၊ အစဉ်အတိုင်း လှည့်လည်၍ မိထိလာပြည် ဗြဟ္မာယုပုဏ္ဏား၏ အထံသို့ ချဉ်းကပ်၍ ဗြဟ္မာယုပုဏ္ဏားအား ရှိခိုးပြီးလျှင် သင့်လျော်ရာ၌ ထိုင်နေ၏၊ ထိုင်နေသော ဥတ္တရလုလင်ကို ဗြဟ္မာယုပုဏ္ဏားသည် "ချစ်သားဥတ္တရ ထိုအသျှင်ဂေါတမ၏ ကျော်စောသတင်းသည် အမှန်အတိုင်း ပြန့်နှံ့၍ ထွက်သလော၊ အမှန်အတိုင်းမဟုတ်ပဲ ပြန့်နှံ့၍ ထွက်သလော၊ ထိုအသျှင်ဂေါတမသည် ကျော်စောသည့်အတိုင်း မှန်သလော၊ မမှန်သလော"ဟု (မေး၏)။ အသျှင် ထိုအသျှင်ဂေါတမ၏ ကျော်စောသတင်းသည် အမှန်အတိုင်း ပြန့်နှံ့၍ ထွက်ပါ၏၊ အမှန်အတိုင်းမဟုတ်ပဲ ပြန့်နှံ့၍ ထွက်သည် မဟုတ်ပါ၊ ထိုအသျှင်ဂေါတမသည် ကျော်စောသည့်အတိုင်းပင် မှန်ပါ၏၊ မမှန်သည် မဟုတ်ပါ။

http://www.dhammadownload.com



အချင် ထိုအသျှင်ဂေါတမသည် သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ် လက္ခဏာတို့နှင့်လည်း ပြည့်စုံပါ၏ဟု (ပြောဆို၏)။

ထိုအသျှင်ဂေါတမသည် အညီအညွတ် ကောင်းစွာ ထိသော ခြေဖဝါးရှိ၏။ ဤအညီအညွတ် ကောင်းစွာထိသော ခြေဖဝါးရှိခြင်းသည်လည်း ထိုအသျှင်ဂေါတမ၏ မဟာပုရိသလက္ခဏာ ဖြစ်၏။ (၁)

ထိုအသျှင်ဂေါတမ၏ အောက်ခြေဖဝါးပြင်တို့၌ အကန့်တထောင် အကွပ်ပုံတောင်းတို့နှင့်တကွ သော အလုံးစုံသော အခြင်းအရာနှင့် ပြည့်စုံသော စက်တို့သည် ဖြစ်ကုန်၏။ (၂)

ထိုအသျှင်ဂေါတမသည် ရှည်သောဖနှောင့်ရှိ၏။ (၃)

ထိုအသျှင်ဂေါတမသည် ရှည်သောလက်ချောင်း ခြေချောင်းရှိ၏။ (၄)

ထိုအသျှင်ဂေါတမသည် နူးညံ့သိမ်မွေ့သော လက်ဖဝါး ခြေဖဝါးရှိ၏။ (၅)

ထိုအသျှင်ဂေါတမသည် လေသွန်တံခါး၌ စီထားသော ရွှေပွတ်လုံးကဲ့သို့ ညီညွတ်သော လက် ခြေရှိ၏။ (၆)

ထိုအသျှင်ဂေါတမသည်(ဖမိုးမှသည် လေးသစ်တက်၍ အထက်၌ တည်သော)မြင့်သော ဖမျက် ရှိ၏။ (၇)

ထိုအသျှင်ဂေါတမသည် ဧဏီသား၏ မြင်းခေါင်းနှင့်တူသော ပြည့်ဖြိုးသော မြင်းခေါင်း ရှိ၏။ (၈)

ထိုအသျှင်ဂေါတမသည် ရပ်လျက်သာလျှင် မကိုင်းညွတ်ပဲ နှစ်ဖက်သော လက်ဝါးအပြင်တို့ဖြင့် ပုဆစ်ဒူးတို့ကို သုံးသပ်ဆုပ်နယ်နိုင်၏။ (၉)

ထိုအသျှင်ဂေါတမသည် အအိမ်ဖြင့် ဖုံးလွှမ်းသော အင်္ဂါဇာတ် ရှိ၏။ (၁၀)

ထိုအသျှင်ဂေါတမသည် ရွှေစင်(ရုပ်)နှင့် တူသော အဆင်းရှိ၏၊ ရွှေအဆင်းနှင့်တူသော အရေ ရှိ၏။ (၁၁)

ထိုအသျှင်ဂေါတမသည် သိမ်မွေ့သော အရေရှိ၏၊ အရေသိမ်မွေ့သောကြောင့် ကိုယ်၌ မြူ အညစ်အကြေး မလိမ်းကျံ မကပ်ငြိ။ (၁၂)

ထိုအသျှင်ဂေါတမသည်(မွေးညှင်းပေါက်တို့၌)တချောင်း တချောင်းစီ ပေါက်သော မွေးညှင်း ရှိ၏၊ မွေးညှင်းပေါက် (တခု တခု)၌ တချောင်းတချောင်းစီသော မွေးညှင်းရှိကုန်၏။ (၁၃)

ထိုအသျှင်ဂေါတမသည် အထက်သို့ ကော့တက်သော မွေးညှင်းရှိ၏၊ အထက်သို့ ကော့တက် ကုန်သော မွေးညှင်းတို့သည် ညိုကုန်၏၊ မျက်စဉ်းညို အဆင်းရှိကုန်၏၊ ရစ်ပတ်၍ လည်ကုန်၏၊လကျ်ာ ရစ်လည်၍ တည်ကုန်၏။ (၁၄)

ထိုအသျှင်ဂေါတမသည် ဗြဟ္မာ၏ကိုယ်နှင့်တူသော ဖြောင့်မတ်သော ကိုယ်ရှိ၏။ (၁၅)

ထိုအသျှင်ဂေါတမသည် အရပ်ခုနစ်ပါး၌ ပြည့်ဖြိုးသော အသားရှိ၏။ (၁၆)

ထိုအသျှင်ဂေါတမသည် (ကေသရာ)ခြင်္သေ့မင်း၏ ရှေ့ထက်ဝက်ကိုယ်နှင့်တူသော ကိုယ်ရှိ၏။ (၁၇)

ထိုအသျှင်ဂေါတမသည် ပခုံးစွန်းနှစ်ဖက်အတွင်း၌ ပြည့်ဖြိုးသော အသားရှိ၏။ (၁၈)

http://www.dhammadownload.com



ထိုအသျှင်ဂေါတမသည် ပညောင်ပင် အဝန်းကဲ့သို့ ဝန်းသောကိုယ်ရှိ၏၊ ထိုအသျှင်ဂေါတမ၏ ကိုယ်သည် အရပ်ရှိသလောက် အလံရှိ၏၊ အလံရှိသလောက် အရပ်ရှိ၏။ (၁၉)

ထိုအသျှင်ဂေါတမသည် ညီညွတ်စွာ လုံးသောလည်ရှိ၏။ (၂၀)

ထိုအသျှင်ဂေါတမသည် အရသာကို ဆောင်နိုင်သော အကြော ရှိ၏။ (၂၁)

ထိုအသျှင်ဂေါတမသည် (ကေသရာ)ခြင်္သေ့မင်း၏ မေးနှင့်တူသော မေးရှိ၏။ (၂၂)

ထိုအသျှင်ဂေါတမသည် သွားလေးဆယ် ရှိ၏။ (၂၃)

ထိုအသျှင်ဂေါတမသည် ညီညွတ်သော သွားရှိ၏ (၂၄)

ထိုအသျှင်ဂေါတမသည် မကြဲသော သွားရှိ၏။ (၂၅)

ထိုအသျှင်ဂေါတမသည် အလွန်ဖြူစင်သော အစွယ်လေးချောင်းရှိ၏။ (၂၆)

ထိုအသျှင်ဂေါတမသည် ရှည်ပြန့်သော လျှာရှိ၏။ (၂၇)

ထိုအသျှင်ဂေါတမသည် ဗြဟ္မာ၏အသံနှင့် တူသော အသံရှိ၏၊ ကရဝိက်ငှက်အသံနှင့် တူသော အသံရှိ၏။ (၂၈)

ထိုအသျှင်ဂေါတမသည် အလွန်ညိုသော မျက်လုံးရှိ၏။ (၂၉)

ထိုအသျှင်ဂေါတမသည် နွားငယ်ကလေး၏ မျက်မှောင်နှင့် တူသော မျက်မှောင်ရှိ၏။ (၃၀)

ထိုအသျှင်ဂေါတမသည်(ဥဏ္ဏလုံ)မွေးရှင်သည် မျက်မှောင်နှစ်ဖက်အကြား၌ ပေါက်၏၊ ဖြူစင် နူးညံ့သော လဲဝါဂွမ်းနှင့် တူ၏။ (၃၁)

ထိုအသျှင်ဂေါတမသည် သင်းကျစ်ပြားရစ်သကဲ့သို့ ဦးခေါင်းရှိ၏၊ ဤသင်းကျစ်ပြားရစ်သကဲ့သို့ ဦးခေါင်းရှိခြင်းသည်လည်း ထိုအသျှင်ဂေါတမ၏ မဟာပုရိသလက္ခဏာတည်း။ (၃၂)

ထိုအသျှင်ဂေါတမသည် ဤသုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ် လက္ခဏာတို့နှင့် ပြည့်စုံ၏။

၃၈၇။ ထိုအသျှင်ဂေါတမသည် ကြွသွားသည်ရှိသော် လကျ်ာခြေတော်ဖြင့် ရှေးဦးစွာ ဖဲကြွတော်မူ၏၊ ထိုအသျှင်ဂေါတမသည် မဝေးလွန်းရာ၌ ခြေတော်ကို နုတ်ကြွတော်မူ၏၊ မနီးလွန်းရာ၌ ခြေတော်ကို ချတော်မူ၏၊ မမြန်လွန်းပဲ ကြွသွားတော်မူ၏၊ မနှေးလွန်းပဲ ကြွသွားတော်မူ၏၊ ပုဆစ်ဒူးအချင်းချင်း မထိခိုက်စေပဲ ကြွသွားတော်မူ၏၊ ဖမျက်အချင်းချင်း မထိခိုက်စေပဲ ကြွသွားတော်မူ၏၊ ထိုအသျှင်ဂေါတမသည် ကြွသွားတော်မူသည်ရှိသော် ပေါင်ကို မြှောက်တော်မမူ၊ ညွတ်တော်မမူ၊ တောင့်ထားတော်မမူ၊ ခါတော်မမူ၊ ထိုအသျှင်ဂေါတမ ကြွသွားတော်မူလတ်သော် အောက်ပိုင်းကိုယ်သည်သာ လှုပ်၏၊ ကိုယ်အားယူ၍ ကြွတော်မမူ။ ထိုအသျှင်ဂေါတမသည် ပြန်ကြည့်တော်မူသည်ရှိသော် အလုံးစုံသော ကိုယ်ဖြင့်သာလျှင် ပြန်ကြည့်တော်မူ၏၊ ထိုအသျှင်ဂေါတမသည် အထက်ကို မော့ကြည့်တော်မမူ၊ အောက်သို့ ငုံ့ကြည့်တော်မမူ၊ ထိုထိုဤဤ ကြည့်လျက် သွားတော်မမူ၊ ထမ်းပိုးတပြန်မျှကိုသာ ကြည့်တော်မူ၏၊ ထိုထမ်းပိုးတပြန်ထက် အလွန်လည်း ထိုအသျှင်ဂေါတမအား အပိတ်အပင်မရှိသော ဉာဏ်အမြင်သည် ဖြစ်တော်မူ၏။

ထိုအသျှင်ဂေါတမသည် ရွာတွင်းသို့ ဝင်တော်မူသည်ရှိသော် ကိုယ်ကို မြှောက်တော်မမူ၊ ညွတ်တော်မမူ၊ တောင့်ထားတော်မမူ၊ ခါတော်မမူ၊ ထိုအသျှင်ဂေါတမသည် နေရာ၏ မဝေးလွန်း မနီးလွန်း၌ ကိုယ်ကို လှည့်တော်မူ၏၊ လက်ဖြင့်ထောက်၍ နေရာ၌ ထိုင်တော်မမူ၊ နေရာ၌ ကိုယ်ကိုလည်း ပစ်ချတော်မမူ၊ ထိုအသျှင်ဂေါတမသည် ရွာတွင်း၌ နေသည်ရှိသော် လက်ဆော့တော်မမူ၊ ခြေဆော့တော်မမူ၊ ဒူးဆစ်ချင်းချင်းတင်၍ ထိုင်တော်မမူ၊ ဖမျက်ချင်းချင်း တင်၍ ထိုင်တော်မမူ၊ မေးကို လက်ထောက်၍လည်း ထိုင်တော်မမူ၊ ထိုအသျှင်ဂေါတမသည် ရွာတွင်း၌

http://www.dhammadownload.com



နေတော်မူသည်ရှိသော် မကြောက်ရွံ့ မတွန့်ဆုတ် မတုန်လှုပ် မချောက်ချား၊ ထိုအသျှင်ဂေါတမသည် မကြောက်ရွံ့ မတွန့်ဆုတ် မတုန်လှုပ် မချောက်ချားပဲ ကြက်သီးမွေးညှင်းထမှု ကင်းသည်ဖြစ်၍ ကင်းဆိတ်ရာ (နိဗ္ဗာန်)၌ လည်သောစိတ်ရှိသည်ဖြစ်၍လည်း ရွာတွင်း၌ နေတော်မူ၏။

ထိုအသျှင်ဂေါတမသည် သပိတ်ဆေးရေကို ယူသည်ရှိသော် သပိတ်ကို မြှောက်တော်မမူ၊ ညွတ်တော်မမူ၊ စောင့်ထားတော်မမူ၊ ခါတော်မမူ၊ ထိုအသျှင်ဂေါတမသည် မနည်းလွန်း မများလွန်းသော သပိတ်ဆေးရေကို ခံယူတော်မူ၏၊ ထိုအသျှင်ဂေါတမသည် ခလောက် ခလောက် အသံကိုပြု၍ သပိတ်ကို ဆေးတော်မမူ၊ မှောက်လှန်၍ ဆေးတော်မမူ၊ သပိတ်ကိုမြေ၌ ချ၍ လက်ဆေးတော်မမူ၊ လက်ဆေးလျှင် သပိတ်ဆေးပြီးဖြစ်၏၊ သပိတ်ဆေးလျှင် လက်ဆေးပြီးဖြစ်တော်မူ၏။ ထိုအသျှင်ဂေါတမသည် သပိတ်ဆေးရေကို မနီးလွန်း မဝေးလွန်း၌ စွန့်တော်မူ၏၊ ဖရိုဖရဲ ပြန့်ကျဲ၍ စွန့်တော်မမူ။

ထိုအသျှင်ဂေါတမသည် ဆွမ်းကို ခံယူသည်ရှိသော် သပိတ်ကို မြှောက်တော်မမူ၊ ညွတ်တော်မမူ၊ စောင့်ထားတော်မမူ၊ ခါတော်မမူ၊ ထိုအသျှင်ဂေါတမသည် မနည်းလွန်း မများလွန်းသော ဆွမ်းကို ခံယူတော်မူ၏။ ထိုအသျှင်ဂေါတမသည် ဟင်းကို ဟင်းပမာဏဖြင့် သုံးဆောင်တော်မူ၏၊ ဟင်းဖြင့် ဆွမ်းလုပ်ကို လွန်စေတော်မမူ၊ အသျှင်ဂေါတမသည် ခံတွင်း၌ဆွမ်းလုပ်ကို နှစ်ကြိမ် သုံးကြိမ်လှေ့၍ မျိုချတော်မူ၏ ၊တစုံတခုသော ထမင်းဝါးဖတ်သည် မကြေညက်ပဲ ထိုအသျှင်ဂေါတမ၏ ကိုယ်တော်သို့ မဝင်၊ တစုံတခုသော ထမင်းဝါးဖတ်သည် ထိုအသျှင်ဂေါတမ၏ ခံတွင်း၌ မကြွင်းကျန်၊ ထို့ပြင် ဆွမ်းလုပ်သို့ညွတ်လျက် အရသာကို သိသည်ဖြစ်၍ ထိုအသျှင်ဂေါတမသည် အာဟာရကို သုံးဆောင်တော်မူ၏၊ အရသာကို တပ်မက်သောအားဖြင့် သိသည်ဖြစ်၍ သုံးဆောင်တော်မမူ။

ထိုအသျှင်ဂေါတမသည် မြူးထူးရန် မာန်ရစ်ရန် တန်ဆာဆင်ရန် အသားအရေ ဖွံ့ဖြိုး တိုးပွါးရန် သုံးဆောင်တော်မူသည်မဟုတ်၊ ဤကိုယ်၏ တည်တံ့ရန်သာ မျှတရန်သာ ပင်ပန်းခြင်းငြိမ်းရန်မျှသာ မြတ်သောအကျင့်ကို ချီးမြှောက်ရန်သာ သုံးဆောင်တော်မူ၏၊ ဤသို့ မှီဝဲခြင်းဖြင့် ဝေဒနာဟောင်းကိုလည်း ပယ်ဖျောက်အံ့၊ ဝေဒနာသစ်ကိုလည်း မဖြစ်စေအံ့၊ ငါ့အား မျှတခြင်းသည်၎င်း ချမ်းသာစွာ နေရခြင်းသည်၎င်း ဖြစ်လိမ့်မည်ဟု အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော အာဟာရကို သုံးဆောင်၏။ ထိုအသျှင်ဂေါတမသည် ဆွမ်းစားပြီးနောက် သပိတ်ဆေးရေကို ခံယူသည်ရှိသော် သပိတ်ကို မြှောက်တော်မမူ၊ ညွတ်တော်မမူ၊ စောင့်ထားတော်မမူ၊ ခါတော်မမူ။

ထိုအသျှင်ဂေါတမသည် မနည်းလွန်း မများလွန်းသော သပိတ်ဆေးရေကို ခံတော်မူ၏၊ ထိုအသျှင်ဂေါတမသည် ခလောက် ခလောက် အသံကိုပြု၍ သပိတ်ကို ဆေးတော်မမူ၊ မှောက်လှန်၍ ဆေးတော်မမူ။ သပိတ်ကို မြေ၌ချ၍ လက်ဆေးတော်မမူ၊ လက်ဆေးလျှင် သပိတ်ဆေးပြီးဖြစ်၏၊ သပိတ်ဆေးလျှင် လက်ဆေးပြီး ဖြစ်တော်မူ၏။ ထိုအသျှင်ဂေါတမသည် မနီးလွန်း မဝေးလွန်း၌ သပိတ်ဆေးရေကို စွန့်တော်မူ၏၊ ဖရိုဖရဲပြန့်ကျဲ၍ စွန့်တော်မမူ။ ထိုအသျှင်ဂေါတမသည် ဆွမ်းစားပြီးသည်ရှိသော် သပိတ်ကို မြေ၌ ချတော်မမူ၊ မနီးလွန်းမဝေးလွန်း၌ ထားတော်မူ၏၊ သပိတ်ကို အလိုမရှိသည်လည်း မဟုတ်၊ သပိတ်၌ အခါလေးမြင့် စောင့်ရှောက်သည်လည်းမဟုတ်၊ ထိုအသျှင်ဂေါတမသည် ဆွမ်းစားပြီးသည်ရှိသော် တခဏမျှ ဆိတ်ဆိတ်နေတော်မူ၏၊ အနုမောဒနာ ပြုရအံ့သော အခါကိုမူကား လွန်စေတော်မမူ။ ထိုအသျှင်ဂေါတမသည် ဆွမ်းစားပြီးသည်ရှိသော် အနုမောဒနာ ပြုတော်မူ၏၊ ထိုဆွမ်းကို ကဲ့ရဲ့တော်မမူ၊ အခြားဆွမ်းကို မတောင့်တ၊ စင်စစ်အားဖြင့်

http://www.dhammadownload.com



ထိုပရိသတ်ကို တရားစကားဖြင့် အကျိုးစီးပွါးကို သိမြင်စေတော်မူ၏၊ (တရားကို) ဆောက်တည်စေတော်မူ၏၊(တရားကျင့်သုံးရန်)ထက်သန်ရွှင်လန်းစေတော်မူ၏။

ထိုအသျှင်ဂေါတမသည် ထိုပရိသတ်ကို တရားစကားဖြင့် အကျိုးစီးပွါးကို သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်)ထက်သန်ရွှင်လန်းစေတော်မူပြီးသော် နေရာမှ ထကာ ဖဲကြွတော်မူ၏။ ထိုအသျှင်ဂေါတမသည် အလွန်လျင်မြန်စွာ ကြွသွားတော်မမူ၊ အလွန်နှေးကွေးစွာ ကြွသွားတော်မမူ၊ လွတ်မြောက်လိုသကဲ့သို့ ကြွသွားတော်မမူ၊ ထိုအသျှင်ဂေါတမ၏ ကိုယ်တော်၌ သင်္ကန်းသည် အလွန်လည်း မမြင့်တက်၊ အလွန်လည်း မလျော့ကျ၊ ကိုယ်တော်၌ ကပ်ငြိသည်လည်းမဟုတ်၊ ကိုယ်တော်မှ ကွာနေသည်လည်း မဟုတ်။ ထိုအသျှင်ဂေါတမ၏ ကိုယ်တော်မှ သင်္ကန်းကို လေလည်း မလှင့်၊ ထိုအသျှင်ဂေါတမ၏ ကိုယ်တော်၌ မြူအညစ်အကြေးသည်လည်း မလိမ်းကျံ (မကပ်ငြိ)၊ ထိုအသျှင်ဂေါတမသည် ကျောင်းတော်သို့သွား၍ ခင်းထားသောနေရာ၌ ထိုင်တော်မူ၏၊ ထိုင်ပြီးနောက် ခြေဆေးတော်မူ၏၊ ထိုအသျှင်ဂေါတမသည် ခြေကိုတန်ဆာဆင်ခြင်းနှင့် ယှဉ်သောလုံ့လကို အဖန်ဖန်အားထုတ်၍နေတော်မမူ။ ထိုအသျှင်ဂေါတမသည် ခြေဆေးပြီးနောက် ထက်ဝယ်ဖွဲ့ခွေ၍ ကိုယ်ကို ဖြောင့်စွာထားလျက် ကမ္မဋ္ဌာန်းကို ရှေးရှု သတိကို ဖြစ်စေကာ ထိုင်နေတော်မူ၏။

ထိုအသျှင်ဂေါတမသည် မိမိကိုယ်ကို ညှင်းရဲစေရန်လည်း အားမထုတ်၊ သူတပါးကို ညှင်းရဲစေရန်လည်း အားမထုတ်၊ နှစ်ဦးလုံး ညှင်းရဲစေရန်လည်း အားမထုတ်၊ ကိုယ်ကျိုး သူကျိုး နှစ်ပါးစုံ လောကသားအားလုံး၏ အကျိုးစီးပွါးကိုသာလျှင် ကြံစည်စဉ်းစား၍ နေတော်မူ၏။ ထိုအသျှင်ဂေါတမသည် အရံသို့ ရောက်သည်ရှိသော် ပရိသတ်၌ တရားဟောတော်မူ၏၊ ထိုပရိသတ်ကို မမြှောက်ပင့်၊ ထိုပရိသတ်ကို မနှိမ့်ချ၊ စင်စစ်အမှန်အားဖြင့် ထိုပရိသတ်ကို တရားစကားဖြင့် (အကျိုးစီးပွါးကို)သိမြင်စေလျက် (တရားကို)ဆောက်တည်စေကာ (တရားကျင့်သုံးရန်)ထက်သန်ရွှင်လန်းစေတော်မူ၏။ ထိုအသျှင်ဂေါတမ၏ ခံတွင်းတော်မှ သန့်ရှင်းသိလွယ်သော သာယာဖွယ် နာပျော်ဖွယ်ကောင်းသော လုံးစည်းသော ဖရိုဖရဲ မကျဲသော နက်နဲသော ပဲ့တင်ထပ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသည့် အသံတော်သည် ပေါ်ထွက်၏။ ထိုအသျှင်ဂေါတမသည် ပရိသတ်ရှိသလောက် အသံတော်ဖြင့် သိစေနိုင်၏၊ ထိုပရိသတ်မှအပသို့ ထိုအသျှင်ဂေါတမ၏အသံတော်သည် မထွက်။ ထိုအသျှင်ဂေါတမသည် တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်ရွှင်လန်းစေပြီးသော် ထိုပရိသတ်ရှိ လူတို့သည် မစွန့်လိုသော အဖြစ်ကြောင့် ဖူးမြော်ကြကုန်လျက်သာလျှင် နေရာမှထကာ ဖဲသွားကြကုန်၏။

အသျှင် အကျွန်ုပ်တို့သည် ထိုအသျှင်ဂေါတမကြွသွားတော်မူနေသည်ကိုလည်း မြင်ခဲ့ရပါကုန်၏၊ ရပ်နေတော်မူသည်ကိုလည်း မြင်ခဲ့ရပါကုန်၏၊ ရွာတွင်းသို့ ဝင်တော်မူသည်ကိုလည်း မြင်ခဲ့ရပါကုန်၏၊ ရွာတွင်း၌ ဆိတ်ဆိတ်ထိုင်နေတော်မူသည်ကိုလည်း မြင်ခဲ့ရပါကုန်၏၊ ရွာတွင်း၌ စားသောက်တော်မူသည်ကိုလည်း မြင်ခဲ့ရပါကုန်၏၊ ဆွမ်းစားပြီး၍ ဆိတ်ဆိတ်ထိုင်နေတော်မူသည်ကိုလည်း မြင်ခဲ့ရပါကုန်၏၊ ဆွမ်းစားပြီး၍ အနုမောဒနာ ပြုတော်မူသည်ကိုလည်း မြင်ခဲ့ရပါကုန်၏၊ အရံသို့ ကြွတော်မူသည်ကိုလည်း မြင်ခဲ့ရပါကုန်၏၊ အရံတွင်းသို့ရောက်၍ ဆိတ်ဆိတ်ထိုင်နေတော်မူသည်ကိုလည်း မြင်ခဲ့ရပါကုန်၏၊ အရံတွင်းသို့ရောက်၍ ပရိသတ်၌တရားဟောတော်မူသည်ကိုလည်း မြင်ခဲ့ရပါကုန်၏၊ ထိုအသျှင်ဂေါတမသည် ဤသို့ ဤသို့လည်း သဘောရှိပါ၏၊ ထို့ထက်လည်း လွန်ကဲတော်မူပါသေး၏ဟု ပြောဆို၏။

http://www.dhammadownload.com



၃၈၈။ ဤသို့ ပြောကြားသော် ဗြဟ္မာယုပုဏ္ဏားသည် နေရာမှထ၍ လက်ဝဲတဖက် ပခုံးထက်၌ ကိုယ်ဝတ်ကို စံပယ်တင်လျက် မြတ်စွာဘုရား ရှိတော်မူရာသို့ လက်အုပ်ချီကာ—

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ" ဟူ၍

သုံးကြိမ်တိုင်တိုင် ဥဒါန်းကျူးရင့်လေ၏။

ပူဇော်အထူးကို ခံတော်မူထိုက်သော(အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားအား ရှိခိုးပါ၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားအား ရှိခိုးပါ၏။ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားအား ရှိခိုးပါ၏။

ငါတို့သည် တချိန်ချိန်၌ ထိုအသျှင်ဂေါတမနှင့်အတူ တွေ့ဆုံကောင်း တွေ့ဆုံကုန်တန်ရာ၏၊ ရိုးစဉ်းမျှသော စကားပြောဟောမှုလည်း ဖြစ်ကောင်းတန်ရာ၏ ဟု (ပြောဆို၏)။

၃၈၉။ ထိုအခါ မြတ်စွာဘုရားသည် ဝိဒေဟတိုင်း၌ အစဉ်အတိုင်း ဒေသစာရီ ကြွချီတော်မူသည် ရှိသော် မိထိလာပြည်သို့ ရောက်၏၊ မြတ်စွာဘုရားသည် ထိုမိထိလာပြည် မဃဒေဝသရက်ဥယျာဉ်၌ သီတင်းသုံးနေတော်မူ၏။ မိထိလာပြည်နေ ပုဏ္ဏားနှင့်အမျိုးသားတို့သည်(ဤသို့)ကြားသိကြကုန်၏—"အချင်းတို့ သာကီဝင်မင်းမျိုးမှ ရဟန်းပြုသည့် သာကီဝင်မင်းသား ရဟန်းဂေါတမသည် ငါးရာမျှသော များစွာသော ရဟန်းသံဃာနှင့်အတူ ဝိဒေဟတိုင်း၌ ဒေသစာရီလှည့်လည်တော်မူသည်ဖြစ်၍ မိထိလာပြည် မဃဒေဝသရက်ဥယျာဉ်၌ သီတင်းသုံးနေတော်မူသတတ်၊ ထိုအသျှင်ဂေါတမ၏ ကောင်းသောကျော်စောသတင်းသည် ပြန့်နှံ့၍ ထွက်၏—'ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံမည်တော်မူ၏၊ (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော အကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓမည်တော်မူ၏၊ အသိဉာဏ်'ဝိဇ္ဇာ' အကျင့်'စရဏ'နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္နမည်တော်မူ၏၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော အကြောင်းကြောင့်လည်း သုဂတမည်တော်မူ၏၊ လောကကို သိတော်မူသော အကြောင်းကြောင့်လည်း လောကဝိဒူမည်တော်မူ၏၊ ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ် ဖြစ်တော်မူသော အကြောင်းကြောင့်လည်း အနုတ္တရောပုရိသဒမ္မသာရထိ မည်တော်မူ၏၊ နတ်လူတို့၏ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါး တရားတို့ကို)သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓမည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါမည်တော်မူ၏'ဟု ပြန့်နှံ့၍ ထွက်၏။

ထိုမြတ်စွာဘုရားသည် နတ် မာရ်နတ် ဗြဟ္မာနှင့်တကွသော နတ်လောကနှင့် သမဏဗြာဟ္မဏ မင်းများ လူများနှင့်တကွသော လူ့လောကကို ကိုယ်တိုင် ထူးသောဉာဏ်ဖြင့်သိ၍ မျက်မှောက် ပြုလျက် ဟောကြားတော်မူ၏၊ ထိုမြတ်စွာဘုရားသည် အစ၏ကောင်းခြင်း အလယ်၏ကောင်းခြင်း

http://www.dhammadownload.com



အဆုံး၌ ကောင်းခြင်းရှိသော အနက်နှင့်ပြည့်စုံသော သဒ္ဒါနှင့်ပြည့်စုံသော တရားကို ဟောတော်မူ၏၊ အလုံးစုံ ပြည့်စုံသော စင်ကြယ်သော မြတ်သောအကျင့်ကို ပြတော်မူ၏၊ ထိုသို့သဘော ရှိသော ရဟန္တာပုဂ္ဂိုလ်တို့ကို ဖူးမြော်ရခြင်းသည် ကောင်းသည်သာတည်း”ဟု (ကြားသိလေ၏)။

ထိုအခါ မိထိလာပြည်နေ ပုဏ္ဏားနှင့်အမျိုးသားတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကြပြီးလျှင် အချို့တို့သည် မြတ်စွာဘုရားကို ရှိခိုး၍ တခုသောနေရာ၌ ထိုင်ကုန်၏၊အချို့တို့သည် မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာ (နှုတ်ဆက်)ပြောဆိုကုန်၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆိုပြီးဆုံးစေ၍ တခုသော နေရာ၌ ထိုင်ကုန်၏၊အချို့တို့သည် မြတ်စွာဘုရားရှိရာသို့ လက်အုပ်ချီလျက် တခုသော နေရာ၌ ထိုင်ကုန်၏၊ အချို့တို့သည် အမည်အနွယ်ကို ပြောကြားလျက် တခုသောနေရာ၌ ထိုင်ကုန်၏၊ အချို့တို့သည် တိတ်ဆိတ်စွာ တခုသောနေရာ၌ ထိုင်ကုန်၏။

၃၉၀။ ဗြဟ္မာယုပုဏ္ဏားသည် ဤသို့ ကြားသိလေ၏—“အချင်းတို့ သာကီဝင်မင်းမျိုးမှ ရဟန်းပြုသည့် သာကီဝင်မင်းသား ရဟန်းဂေါတမသည် မိထိလာပြည်သို့ ရောက်တော်မူ၍ မဃဒေဝ သရက်ဥယျာဉ်၌ သီတင်းသုံးနေတော်မူ၏”ဟု (ကြားသိလေ၏)။ ထိုအခါ ဗြဟ္မာယုပုဏ္ဏားသည် များစွာသော တပည့်ပရိသတ်တို့နှင့်အတူ မဃဒေဝသရက်ဥယျာဉ်သို့ ချဉ်းကပ်လေ၏၊ ထိုအခါ မဃဒေဝသရက်ဥယျာဉ်၏ အနီး၌ ဗြဟ္မာယုပုဏ္ဏားအား “ရှေးဦးစွာ မပန်ကြားပဲ ရဟန်းဂေါတမကို ဖူးမြင်ရန် ချဉ်းကပ်ခြင်းသည် ငါ့အား မသင့်လျော်ချေ”ဟု အကြံဖြစ်၏။

ထိုအခါ ဗြဟ္မာယုပုဏ္ဏားသည် လုလင်တယောက်ကို ခေါ်၍ ဤသို့ ပြောဆို၏—“အမောင် သင်လာခဲ့လော့၊ ရဟန်းဂေါတမထံသို့ ချဉ်းကပ်၍ ‘အသျှင်ဂေါတမ ဗြဟ္မာယုပုဏ္ဏားသည် အသျှင်ဂေါတမကို အနာကင်းကြောင်း ရောဂါကင်းကြောင်း ကျန်းမာကြောင်း သန်စွမ်းကြောင်း ချမ်းသာစွာနေရကြောင်းများကို မေးလျှောက်ပါ၏’ဟု ငါ၏စကားဖြင့် ရဟန်းဂေါတမကို အနာကင်းကြောင်း ရောဂါကင်းကြောင်း ကျန်းမာကြောင်း သန်စွမ်းကြောင်း ချမ်းသာစွာနေရကြောင်းတို့ကို မေးလျှောက်လေလော့။ ထို့ပြင် ဤသို့လည်း လျှောက်လေလော့ ‘အသျှင်ဂေါတမ ဗြဟ္မာယုပုဏ္ဏားသည် ရက်ချုပ်အားဖြင့် အသက်တရာ့နှစ်ဆယ်ရှိ၍ အိုမင်းကြီးမြင့် အယွယ်ရင့်ကာ ဆင့်ဆင့်လွန်မြောက် နောက်ဆုံးအရွယ်သို့ ရောက်ရှိပါပြီ၊ နိဃဏ္ဍု ‘အဘိဓာန်’ကျမ်း ကေဋုဘ ‘အလင်္ကာ’ ကျမ်း အက္ခရပ္ပဘေဒ ‘သဒ္ဒါ’ကျမ်း ငါးခုမြောက် ဣတိဟာသကျမ်းနှင့်တကွ ဗေဒင်သုံးပုံတို့၏ ကမ်းတဖက်သို့ ရောက်၏၊ပုဒ်တို့၌ လိမ္မာ၏၊ ဗျာကရုဏ်းကျမ်းကို တတ်၏၊လောကာယတကျမ်း မဟာပုရိသလက္ခဏာကျမ်းတို့၌ အကြွင်းမဲ့တတ်မြောက်၏။ အသျှင် မိထိလာပြည်၌ နေကြကုန်သော ပုဏ္ဏားနှင့် အမျိုးသားရှိသမျှတို့တွင် စည်းစိမ်ဥစ္စာအားဖြင့် ဗြဟ္မာယုပုဏ္ဏားကို အမြတ်ဆုံးဟု ဆိုရပါ၏၊ ဗေဒင်တို့ဖြင့်လည်း ဗြဟ္မာယုပုဏ္ဏားကို အမြတ်ဆုံးဟု ဆိုရပါ၏။ အသက်အားဖြင့်ရင်း အခြံအရံအားဖြင့်ရင်း ဗြဟ္မာယုပုဏ္ဏားကို အမြတ်ဆုံးဟု ဆိုရပါ၏။ထိုဗြဟ္မာယုပုဏ္ဏားသည် အသျှင်ဂေါတမကို ဖူးမြင်လိုပါ၏’ဟု လျှောက်ထားလေလော့”ဟု (ဆို၏)။

“အသျှင် ကောင်းပါပြီ”ဟူ၍ ထိုလုလင်သည် ဗြဟ္မာယုပုဏ္ဏားအား ပြန်ကြား၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာ ပြောဆို၏။ ဝမ်းမြောက်ဖွယ် အောက်မေ့ဖွယ် စကားကို ပြောဆိုပြီးဆုံးစေပြီးနောက် သင့်လျော်ရာ၌ ရပ်တည်ကာ “အသျှင်ဂေါတမ ဗြဟ္မာယုပုဏ္ဏားသည် အသျှင်ဂေါတမကို အနာကင်းကြောင်း ရောဂါကင်း

http://www.dhammadownload.com



ကြောင်း ကျန်းမာကြောင်း သန်စွမ်းကြောင်း ချမ်းသာစွာနေရကြောင်းများကို မေးလျှောက်လိုက်ပါ၏၊ ထို့ပြင် ဤသို့လည်း လျှောက်လိုက်ပါ၏— 'အသျှင်ဂေါတမ ဗြဟ္မာယုပုဏ္ဏားသည် ရက်ချုပ်အားဖြင့် အသက်တရာ့နှစ်ဆယ်ရှိ၍ အိုမင်းကြီးမြင့် အယွယ်ရင့်ကာ ဆင့်ဆင့်လွန်မြောက် နောက်ဆုံးအရွယ်သို့ ရောက်ရှိပါပြီ၊ နိဃဏ္ဍု 'အဘိဓာန်'ကျမ်း ကေဋုဘ'အလင်္ကာ'ကျမ်း အက္ခရပ္ပဘေဒ 'သဒ္ဒါ'ကျမ်း ငါးခုမြောက် ဣတိဟာသကျမ်းနှင့်တကွ ဗေဒင်သုံးပုံတို့၏ ကမ်းတဖက်သို့ရောက်ပါ၏၊ ပဒကျမ်းကို တတ်ပါ၏၊ ဗျာကရုဏ်းကျမ်းကို တတ်ပါ၏၊ လောကာယတကျမ်း မဟာပုရိသလက္ခဏာကျမ်းတို့၌ အကြွင်းမဲ့ တတ်မြောက်ပါ၏။ အသျှင်ဘုရား မိထိလာပြည်၌ နေကြကုန်သော ပုဏ္ဏားနှင့်အမျိုးသားရှိသမျှတို့တွင် စည်းစိမ်ဥစ္စာအားဖြင့် ဗြဟ္မာယုပုဏ္ဏားကို အမြတ်ဆုံးဟု ဆိုရပါ၏၊ ဗေဒင်အားဖြင့်လည်း ဗြဟ္မာယုပုဏ္ဏားကို အမြတ်ဆုံးဟု ဆိုရပါ၏၊ အသက်အားဖြင့်ရင်း အခြံအရံအားဖြင့်ရင်း ဗြဟ္မာယုပုဏ္ဏားကို အမြတ်ဆုံးဟု ဆိုရပါ၏။ ထိုဗြဟ္မာယုပုဏ္ဏားသည် အသျှင်ဂေါတမအား ဖူးမြင်ရန် အလိုရှိပါ၏'ဟု လျှောက်၏။ လုလင် ဗြဟ္မာယုပုဏ္ဏားသည် ယခုအခါ ဖူးမြင်ရန်အချိန်ကို သိ၏၊ 'ဖူးမြင်ရန်မှာ ထိုဗြဟ္မာယုပုဏ္ဏား၏ အလိုအတိုင်း ဖြစ်၏' ဟု (မိန့်တော်မူ၏)။ ထိုအခါ ထိုလုလင်သည် ဗြဟ္မာယုပုဏ္ဏားထံသို့ ချဉ်းကပ်၍ "အသျှင် ရဟန်းဂေါတမသည် ခွင့်ပြုပါပြီ၊ ယခုအခါ အသျှင်သည် သွားရန်အချိန်ကို သိ၏၊ (သွားရန်မှာ အသျှင်၏ အလိုအတိုင်းပင် ဖြစ်ပါသည်)ဟု ပြောကြား၏။

၃၉၁။ ထိုအခါ ဗြဟ္မာယုပုဏ္ဏားသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်လေ၏။ ရှေးဦးစွာ ရောက်နှင့်သော ပရိသတ်သည် ဗြဟ္မာယုပုဏ္ဏား လာသည်ကို အဝေးကပင်မြင်လတ်သော် ထင်ရှားကျော်စောသူ အခြံအရံများသူအား ပြုမြဲဓလေ့တာအတိုင်း ဖယ်ရှား၍ နေရာပေး၏။ထိုအခါ ဗြဟ္မာယုပုဏ္ဏားသည် ထိုပရိသတ်ကို "အချင်းတို့ တော်ပြီ၊ သင်တို့သည် မိမိနေရာ၌ ထိုင်ကြကုန်လော့၊ ငါသည် ရဟန်းဂေါတမ၏ အနီး၌ ထိုင်အံ့"ဟု ဆို၏။

ထိုအခါ ဗြဟ္မာယုပုဏ္ဏားသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာ ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အောက်မေ့ဖွယ်စကားကို ပြောဆို ပြီးဆုံးစေပြီးနောက် သင့်လျော်ရာ၌ ထိုင်ကာ မြတ်စွာဘုရား၏ ကိုယ်တော်၌ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်လက္ခဏာတို့ကို ကြည့်ရှုရှာဖွေ၏။ဗြဟ္မာယုပုဏ္ဏားသည် မြတ်စွာဘုရား၏ ကိုယ်တော်၌ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ် လက္ခဏာတို့ကို များသောအားဖြင့် မြင်၏၊နှစ်ပါးတို့ကိုကား မမြင်၊ အအိမ်ဖြင့် ဖုံးလွှမ်းသော ပုရိသနိမိတ်၌၎င်း ရှည်ပြန့်သော လျှာတော်၌၎င်း (ဤမမြင်ရသော) ယောကျ်ားမြတ် လက္ခဏာနှစ်ပါးတို့၌ ယုံမှား၏၊ တွေးတောယုံမှား၏၊ မဆုံးဖြတ်နိုင်၊မယုံကြည်နိုင်။ ထိုအခါ ဗြဟ္မာယုပုဏ္ဏားသည် မြတ်စွာဘုရားအား ဂါထာတို့ဖြင့် လျှောက်၏—

"အသျှင်ဂေါတမ အကျွန်ုပ်သည် ယောကျ်ားမြတ်တို့၏လက္ခဏာတို့ကို သုံးဆယ့်နှစ်ပါးတို့ဟူ၍ ကြားဘူးပါ၏၊အသျှင်ဂေါတမ၏ကိုယ်တော်၌ ထိုလက္ခဏာတို့တွင် နှစ်ပါးသော လက္ခဏာတို့ကို မတွေ့မြင်ရပါ။

လူတို့ထက် မြတ်တော်မူသော အသျှင်ဂေါတမ အသျှင်မြတ်၏ အဝတ်ဖြင့် ဖုံးကွယ်နေသော အင်္ဂါဇာတ်သည် သိုအိမ်၌တည်ပါ၏လော၊ နာရီသဒ္ဒါနှင့် (လိမ်)တူမျှစွာ ခေါ်ဆိုအပ်သော လျှာတော်သည် မပေါ်ထင်သေးသည် မဟုတ်ပါလော။

http://www.dhammadownload.com



ကျယ်ပြန့်သော လျှာတော် ရှိပါ၏လော၊ အဘယ်သို့သော အခြင်းအရာဖြင့် သိရပါကုန်အံ့နည်း၊ မြတ်စွာဘုရား ထိုကျယ်ပြန့်သော လျှာတော်ကို ထုတ်၍ ပြတော်မူပါလော့၊ အကျွန်ုပ်တို့၏ယုံမှားကို ပယ်ဖျောက်တော်မူပါလော့။

မျက်မှောက်စီးပွါးအလို့ငှါရင်း တမလွန်ချမ်းသာအလို့ငှါရင်း အခွင့်ရကုန်သည်ရှိသော် လွန်စွာ တောင့်တနေသော တစုံတခုသောပုစ္ဆာကို မေးလျှောက်လိုကြပါကုန်၏"ဟု (လျှောက်၏)။

၃၉၂။ ထိုအခါ မြတ်စွာဘုရားအား ဤသို့ အကြံဖြစ်၏— "ဤဗြဟ္မာယုပုဏ္ဏားသည် ငါ၏ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်လက္ခဏာတို့ကို များသောအားဖြင့် မြင်၏၊ နှစ်ပါးတို့ကိုကား မမြင်၊အအိမ်ဖြင့် ဖုံးလွှမ်းသော ပုရိသနိမိတ်၌ရင်း ရှည်ပြန့်သော လျှာတော်၌ရင်း ဤ(မမြင်ရသော) ယောကျ်ားမြတ် လက္ခဏာနှစ်ပါးတို့၌ ယုံမှား၏၊ တွေးတောယုံမှား၏၊ မဆုံးဖြတ်နိုင်၊ မယုံကြည်နိုင်၊ ငါသည် တန်ခိုးဖန်ဆင်းပြရမူ ကောင်းလေစွ"ဟု (အကြံဖြစ်၏)။ထိုအခါ မြတ်စွာဘုရားသည် အအိမ်ဖြင့် ဖုံးလွှမ်းသော ပုရိသနိမိတ်ကို ဗြဟ္မာယုပုဏ္ဏား မြင်နိုင်ရန် တန်ခိုးဖန်ဆင်းတော်မူ၏။ ထို့နောက် မြတ်စွာဘုရားသည် လျှာတော်ကို ထုတ်၍ နားတွင်းနှစ်ဖက်တို့ကိုလည်း အပြန်အလှန် သုံးသပ်တော်မူ၏၊ နှာခေါင်းနှစ်ဖက်တို့ကိုလည်း အပြန်အလှန် သုံးသပ်တော်မူ၏။ အလုံးစုံသော နဖူးပြင်တို့ကိုလည်း လျှာဖြင့် ဖုံးအုပ်တော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ဗြဟ္မာယုပုဏ္ဏားကို ဂါထာဖြင့် ပြန်၍မိန့်တော်မူ၏—

"ပုဏ္ဏား သင်သည် ယောကျ်ားမြတ်တို့၏ လက္ခဏာတို့ကို သုံးဆယ့်နှစ်ပါးတို့ဟူ၍ ကြားဘူး၏၊ ထိုသုံးဆယ့်နှစ်ပါးသော ထိုလက္ခဏာတို့သည် ငါ့ကိုယ်၌ ထင်ရှားရှိကုန်၏၊ သင်တို့အား ယုံမှားတွေးတောခြင်း မဖြစ်စေလင့်။

ပုဏ္ဏား ငါသည် ပိုင်းခြား၍ သိသင့်သောတရားကို ပိုင်းခြား၍ သိပြီးပြီ၊ ပွါးများသင့်သော တရားကိုလည်း ပွါးများပြီးပြီ၊ ပယ်သင့်သော တရားကိုလည်း ပယ်ပြီးပြီ၊ထို့ကြောင့် ငါသည် ဘုရားဖြစ်ပေ၏။

မျက်မှောက် အစီးအပွါးအလို့ငှါရင်း တမလွန်ချမ်းသာအလို့ငှါရင်း အခွင့်ရသည်ဖြစ်၍ လွန်စွာ တောင့်တထားသော မေးလိုသမျှ ပြဿနာအလုံးစုံကို မေးလျှောက်လေလော့"ဟု (မိန့်တော်မူ၏)။

၃၉၃။ ထိုအခါ ဗြဟ္မာယုပုဏ္ဏားအား "ငါ့ကို ရဟန်းဂေါတမသည် ခွင့်ပြုပြီးပြီ၊ငါသည် ရဟန်းဂေါတမအား မျက်မှောက်အကျိုးကိုပင် မေးရအံ့လော၊ တမလွန်အကျိုးကိုပင် မေးရအံ့လော၊ အဘယ်အရာကို မေးရအံ့နည်း"ဟု အကြံဖြစ်၏။ ထိုအခါ ဗြဟ္မာယုပုဏ္ဏားအား "ငါသည် မျက်မှောက်အကျိုးတို့၌ လိမ္မာ၏၊ မျက်မှောက်အကျိုးစီးပွါးကို သူတပါးတို့ကပင်လည်း ငါ့အား မေးမြန်းကြကုန်သေး၏၊ ငါသည် တမလွန်အကျိုးစီးပွါးကို မေးလျှောက်ရမူ ကောင်းလေရာ၏"ဟု အကြံဖြစ်ပြန်၏။ထိုအခါ ဗြဟ္မာယုပုဏ္ဏားသည် မြတ်စွာဘုရားကို ဂါထာတို့ဖြင့် လျှောက်ထား၏—

"အဘယ်သို့လျှင် မကောင်းမှုကို အပပြုပြီးသူ ဖြစ်ပါသနည်း၊ အဘယ်သို့လျှင် သိခြင်းအဆုံးသို့ ရောက်သူ ဖြစ်ပါသနည်း၊ အသျှင် အဘယ်သို့လျှင် ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံသူ ဖြစ်ပါသနည်း၊ အဘယ်သို့လျှင် စင်ကြယ်သောပုဂ္ဂိုလ်ဟူ၍ ဆိုရပါသနည်း။

http://www.dhammadownload.com



အဘယ်သို့လျှင် ရဟန္တာဖြစ်ပါသနည်း၊ အဘယ်သို့လျှင် အလုံးစုံသော ဂုဏ်ကျေးဇူးနှင့် ပြည့်စုံသူ ဖြစ်ပါသနည်း၊ အသျှင် အဘယ်သို့လျှင် အရဟတ္တမဂ်ဉာဏ် မောနေယျနှင့် ပြည့်စုံသူ ဖြစ်ပါသနည်း၊အဘယ်သို့လျှင် သစ္စာလေးပါးကို သိသူဟူ၍ ဆိုရပါသနည်း”ဟု (လျှောက်၏)။

၃၉၄။ ထိုအခါ မြတ်စွာဘုရားသည် ဗြဟ္မာယုပုဏ္ဏားကို ဂါထာတို့ဖြင့် ပြန်၍ ဖြေကြားတော်မူ၏—

“အကြင်သူသည် ရှေးကနေခဲ့ဘူးသော ခန္ဓာအစဉ်ကို သိ၏၊နတ်ဘုံနှင့်အပါယ်ဘုံကိုလည်း မြင်၏၊ ထိုမှတပါး ဇာတိ၏ကုန်ခြင်းသို့ရောက်၏၊အရဟတ္တမဂ်ဉာဏ်ကို အထူးသိ၍ အဆုံးသို့ ရောက်၏၊ ထိုသူသည် မုနိဖြစ်သော ရဟန်းဖြစ်၏။

အချင်းခပ်သိမ်း ရာဂတို့မှ လွတ်သောကြောင့် အထူးသဖြင့် စင်ကြယ်သောစိတ်ကို သိ၏၊ ပဋိသန္ဓေနေခြင်း သေခြင်းကို ပယ်ပြီးဖြစ်၏၊ မြတ်သောအကျင့်အားလုံးနှင့် ပြည့်စုံ၏၊ အလုံးစုံသော တရားတို့၏ ကမ်းတဖက်သို့ ရောက်၏၊ ထိုကဲ့သို့သောသူကို ဗုဒ္ဓဟူ၍ ဆိုရ၏”ဟု (ဖြေကြားတော်မူ၏)။

ဤသို့ မိန့်တော်မူသည်ရှိသော် ဗြဟ္မာယုပုဏ္ဏားသည် နေရာမှထ၍ လက်ဝဲတဖက် ပခုံးထက်၌ ကိုယ်ဝတ်ကို စံပယ်တင်သည်ကိုပြု၍ မြတ်စွာဘုရားခြေတော်တို့၌ ဦးတိုက်ကာ ခြေတော်တို့ကို ခံတွင်းဖြင့်လည်း စုပ်၏၊ လက်တို့ဖြင့်လည်း သုံးသပ်၏ “အသျှင်ဂေါတမ အကျွန်ုပ်သည် ဗြဟ္မာယုပုဏ္ဏားပါတည်း၊ အသျှင်ဂေါတမ အကျွန်ုပ်သည် ဗြဟ္မာယုပုဏ္ဏားပါတည်း”ဟု အမည်ကိုလည်း လျှောက်ကြား၏။ထိုအခါ ထိုရောက်လာသောပရိသတ်သည် “အချင်းတို့ အံ့ဩဖွယ် ကောင်းလေစွတကား၊ အချင်းတို့ မဖြစ်ဘူးမြဲ ဖြစ်လေစွတကား၊ ဤဗြဟ္မာယုပုဏ္ဏားသည် ယင်းသို့ ထင်ရှားကျော်စော အခြံအရံပေါများသူ ဖြစ်ပါလျက် ဤသို့သဘောရှိသော လွန်လွန်ကဲကဲ တုပ်ဝပ်ရှိသေခြင်းကို ပြုသ၏”ဟု အံ့ဩဖွယ် မဖြစ်ဘူးမြဲ ဖြစ်သော စိတ်ရှိသည်ဖြစ်လေသတည်း။ထိုအခါ မြတ်စွာဘုရား သည် ဗြဟ္မာယုပုဏ္ဏားကို “ပုဏ္ဏား တော်သင့်ပြီ ထလော့၊ သင်သည် မိမိနေရာ၌ ထိုင်လော့၊ သင်၏စိတ်သည် ငါ၌ ကြည်ညိုပေပြီ”ဟု မိန့်တော်မူ၏။ ထိုအခါ ဗြဟ္မာယုပုဏ္ဏားသည် ထ၍ မိမိနေရာ၌ ထိုင်လေ၏။

၃၉၅။ ထိုအခါ မြတ်စွာဘုရားသည် ဗြဟ္မာယုပုဏ္ဏားအား အစဉ်အတိုင်းသော တရားစကားကို ဟောတော်မူ၏။ ဤသည်ကား အဘယ်နည်း၊ ဒါနနှင့်စပ်သောစကား သီလနှင့်စပ်သောစကား နတ်ပြည်နှင့်စပ်သောစကား ကာမဂုဏ်တို့၏ အပြစ် ယုတ်ညံ့ခြင်း ညစ်ညူးခြင်း ကာမဂုဏ်တို့မှ ထွက်မြောက်ခြင်း အကျိုးကို ပြတော်မူ၏။မြတ်စွာဘုရားသည် ဗြဟ္မာယုပုဏ္ဏား၌ အသင့်ရှိသောစိတ် နူးညံ့သောစိတ် အပိတ်အပင် နီဝရဏ မှ ကင်းသောစိတ် တက်ကြွသောစိတ် ကြည်လင်သောစိတ်ရှိ သည်ကို သိတော်မူသောအခါ မြတ်စွာဘုရား၏ ကိုယ်တိုင်ထုတ်ဖော်သိမြင်ပြီးသော ဆင်းရဲ ‘ဒုက္ခ’ ဆင်းရဲဖြစ်ကြောင်း ‘သမုဒယ’ ဆင်းရဲချုပ်ရာ ‘နိရောဓ’ ဆင်းရဲချုပ်ရာသို့ ရောက်ကြောင်း လမ်းစဉ် ‘မဂ္ဂ’ဖြစ်သော တရားကို ဟောကြားတော်မူ၏။ မည်းညစ်ခြင်းကင်းသော ဖြူစင်သောအဝတ်သည် ဆိုးရည်ကို ကောင်းစွာ စွဲယူသကဲ့သို့ ထို့အတူ ဗြဟ္မာယုပုဏ္ဏားအား ထိုနေရာ၌ပင်လျှင် “ဖြစ်ခြင်း သဘောရှိသော တရားအလုံးစုံသည် ချုပ်ခြင်း သဘောရှိ၏”ဟု ကိလေသာ မြူအညစ်အကြေးကင်း သော တရားမျက်စိ ‘သောတာပတ္တိမဂ်’သည် ဖြစ်ပေါ်လေ၏။

ထိုအခါ တရားကို မြင်ပြီးသော တရားသို့ရောက်ပြီးသော တရားကိုသိပြီးသော တရားသို့သက်ဝင် ပြီးသော ယုံမှားခြင်းကို ကူးမြောက်ပြီးသော သို့လောသို့လော ကင်းပြီးသော မြတ်စွာဘုရား

http://www.dhammadownload.com



သာသနာတော်၌ ရဲရင့်ခြင်းသို့ရောက်ပြီးသော မိမိမှတပါး အားထားရာမလိုသော ဗြဟ္မာယုပုဏ္ဏား သည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—"အသျှင်ဂေါတမ (တရားတော်သည်)အလွန် နှစ်သက်ဖွယ်ရှိပါ၏၊ အသျှင်ဂေါတမ(တရားတော်သည်) အလွန်နှစ်သက်ဖွယ်ရှိပါ၏၊ အသျှင်ဂေါတမ ဥပမာသော်ကား မှောက်ထားသော - ဝတ္ထုကို လှန်ဘိသကဲ့သို့ရင်း ဖုံးလွှမ်းထားသော ဝတ္ထုကို ဖွင့်လှစ်ဘိသကဲ့သို့ရင်း မျက်စိလည်သောသူအား လမ်းကို ပြောကြားဘိသကဲ့သို့ရင်း 'မျက်စိရှိသော သူတို့သည် အဆင်းတို့ကို မြင်ကြလိမ့်မည်'ဟု အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ဆောင်ပြဘိ သကဲ့သို့ရင်း အသျှင်ဂေါတမ ဤအတူသာလျှင် အသျှင်ဂေါတမသည် အကြောင်း အမျိုးမျိုးဖြင့် တရားတော်ကို ပြတော်မူပါပေ၏၊အသျှင်ဂေါတမ အကျွန်ုပ်သည် အသျှင်ဂေါတမကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သံဃာတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ အသျှင်ဂေါတမသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်သော ဥပါသကာဟု မှတ်တော်မူပါ၊အသျှင်ဂေါတမသည် ရဟန်းသံဃာနှင့်အတူ နက်ဖြန် အဖို့ အကျွန်ုပ်၏ဆွမ်းကို လက်ခံတော်မူပါ"ဟု(လျှောက်၏)။မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေခြင်း ဖြင့် လက်ခံတော်မူ၏။ ထိုအခါ ဗြဟ္မာယုပုဏ္ဏားသည် မြတ်စွာဘုရား၏ လက်ခံတော်မူခြင်းကို သိလျှင် နေရာမှထ၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် အရိုအသေပြု၍ ဖဲသွားလေ၏။ ထို့နောက် ဗြဟ္မာယုပုဏ္ဏားသည် ထိုညဉ့်လွန်သောအခါ မိမိနေအိမ်၌ မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ကိုစီရင်ပြီး၍ "အသျှင်ဂေါတမ အချိန်တန်ပါပြီ၊ဆွမ်းပြင်ပြီးပါပြီ"ဟု မြတ်စွာဘုရားအား အချိန်(တန်ကြောင်း)ကို လျှောက်၏။

ထိုအခါ မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကိုယူလျက် ဗြဟ္မာယုပုဏ္ဏား၏အိမ်သို့ ချဉ်းကပ်တော်မူပြီးလျှင် ပြင်ထားသောနေရာ၌ ရဟန်းသံဃာနှင့်အတူ ထိုင်တော်မူ၏။ ထိုအခါ ဗြဟ္မာယုပုဏ္ဏားသည် ခုနစ်ရက်ပတ်လုံး ဘုရားအမှူးရှိသော ရဟန်းသံဃာ ကို မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ဖြင့် ရောင့်ရဲသည့်တိုင်အောင် တားမြစ်သည့်တိုင်အောင် (ကိုယ်တိုင်)လုပ်ကျွေး၏။ ထိုအခါ မြတ်စွာဘုရားသည် ထိုခုနစ်ရက်ကို လွန်မြောက်သဖြင့် ဝိဒေဟတိုင်းဝယ် ဒေသစာရီကြွချီတော်မူ၏။ထိုအခါ ဗြဟ္မာယုပုဏ္ဏားသည် မြတ်စွာဘုရား ဖဲသွား၍ မကြာမြင့်မီ သေဆုံးကွယ်လွန်လေ၏။ ထိုအခါ များစွာကုန်သော ရဟန်းတော်တို့သည် မြတ်စွာ ဘုရားအထံတော်သို့ ချဉ်းကပ်ကြကုန်၍ မြတ်စွာဘုရားကို ရှိခိုးကြကုန်လျက် သင့်လျော်ရာ၌ ထိုင်နေ ကြကာ "အသျှင်ဘုရား ဗြဟ္မာယုပုဏ္ဏားသည် သေဆုံးကွယ်လွန်ပါပြီ၊ ထိုဗြဟ္မာယုပုဏ္ဏား၏ လားရာ ဂတိကား အဘယ်ပါနည်း၊ ထိုဗြဟ္မာယုပုဏ္ဏား၏ တမလွန်လောကကား အဘယ်ပါနည်း"ဟု ဤပြဿနာကို မေးလျှောက်ကြကုန်ပြီ။ ရဟန်းတို့ ဗြဟ္မာယုပုဏ္ဏားသည် ပညာရှိ၏၊ တရားအား လျော်သော အကျင့်ကို ကျင့်၏၊ ငါ့ကို တရားတည်းဟူသော အကြောင်းကြောင့် မညှဉ်းဆဲပေ။ ရဟန်းတို့ ဗြဟ္မာယုပုဏ္ဏားသည် အောက်ပိုင်းသံယောဇဉ်ငါးပါးတို့ ကုန်ခြင်းကြောင့် ထိုဗြဟ္မာ့ ပြည်၌ပင် ပရိနိဗ္ဗာန်ပြုခြင်းသဘောရှိသော ဥပပါတ်ပဋိသန္ဓေတည်နေ၏၊ထို(ဗြဟ္မာ့ပြည်)လောကမှ ပြန်လာခြင်း သဘောမရှိတော့ချေ ဟု (မိန့်တော်မူ၏)။

မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏။ ထိုရဟန်းတို့သည် မြတ်စွာဘုရား၏စကား တော်ကို ဝမ်းမြောက်ဝမ်းသာ လွန်စွာနှစ်သက်ကြကုန်ပြီ။

ရှေးဦးစွာသော ဗြဟ္မာယုသုတ် ပြီး၏။

http://www.dhammadownload.com



## ၂-သေလသုတ်

၃၉၆။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် တထောင့်နှစ်ရာ့ငါးဆယ်မျှ များစွာသော ရဟန်းသံဃာနှင့်အတူ အင်္ဂုတ္တရာပတိုင်း၌ ဒေသစာရီ ကြွချီတော်မူသည်ရှိသော် အာပဏမည်သော အင်္ဂုတ္တရာပနိဂုံးသို့ ဆိုက်ရောက်တော်မူလေ၏။ ကေဏိယမည်သော ရသေ့သည် ဤသို့ ကြားသိလေ၏— "အချင်းတို့ သာကီဝင်မင်းမျိုးမှ ရဟန်းပြုသော သာကီဝင်မင်းသား ရဟန်းဂေါတမသည် တထောင့်နှစ်ရာ့ငါးဆယ်မျှ များစွာသော ရဟန်းသံဃာနှင့်အတူ အင်္ဂုတ္တရာပတိုင်း၌ ဒေသစာရီ လှည့်လည်တော်မူရာ အာပဏနိဂုံးသို့ ဆိုက်ရောက်လာသတတ်။ ထိုအသျှင်ဂေါတမ၏ ကောင်းသော ကျော်စောသတင်းသည် ဤသို့ ပြန့်နှံ့၍ ထွက်၏— 'ထိုရဟန်းဂေါတမသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏၊ (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော အကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏၊ အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ'နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော အကြောင်းကြောင့်လည်း သုဂတမည်တော်မူ၏၊ လောကကို သိတော်မူသော အကြောင်းကြောင့်လည်း လောကဝိဒူ မည်တော်မူ၏၊ ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့လွန်မြတ်သော ပုဂ္ဂိုလ်ဖြစ်တော်မူသော အကြောင်းကြောင့်လည်း အနုတ္တရော ပုရိသဒမ္မသာရထိ မည်တော်မူ၏၊ နတ်လူတို့၏ဆရာ ဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါး တရားတို့ကို) ကိုယ်တိုင်သိ၍ သူတပါးကို သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓမည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏'ဟု (ပြန့်နှံ့၍ထွက်၏)။

ထိုမြတ်စွာဘုရားသည် နတ် မာရ်နတ် ဗြဟ္မာနှင့်တကွသော နတ်လောကနှင့် သမဏ ဗြာဟ္မဏမင်းများ လူများနှင့်တကွသော လူ့လောကကို ကိုယ်တိုင်ထူးသောဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုလျက် ဟောကြားတော်မူ၏။ ထိုမြတ်စွာဘုရားသည် အစ၏ကောင်းခြင်း အလယ်၏ကောင်းခြင်း အဆုံး၏ကောင်းခြင်းရှိသော အနက်နှင့် ပြည့်စုံသော သဒ္ဒါနှင့်ပြည့်စုံသော တရားကို ဟောတော်မူ၏။ အလုံးစုံပြည့်စုံသော စင်ကြယ်သော မြတ်သောအကျင့်ကို ပြတော်မူ၏၊ ထိုသို့သဘောရှိသော ရဟန္တာ (ပုဂ္ဂိုလ်)တို့ကို ဖူးမြော်ရခြင်းသည် ကောင်းသည်သာတည်း"ဟု (ကြားသိရလေ၏)။

ထိုအခါ ကေဏိယရသေ့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက် ဝမ်းသာ နှုတ်ဆက်ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်စကားကို ပြောဆိုပြီးဆုံးစေပြီးနောက် တခုသောနေရာ၌ ထိုင်နေ၏၊ တခုသော နေရာ၌ ထိုင်နေပြီးသော ကေဏိယ ရသေ့ကို မြတ်စွာဘုရားသည် တရားစကားဖြင့် (အကျိုးစီးပွါးကို)သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်)ထက်သန်ရွှင်လန်းစေတော်မူ၏။ ထိုအခါ ကေဏိယရသေ့သည် မြတ်စွာဘုရားက တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်)ထက်သန်ရွှင်လန်းစေအပ်သည်ရှိသော် မြတ်စွာဘုရားကို "အသျှင်ဂေါတမသည် နက်ဖြန်အတွက် ရဟန်းသံဃာနှင့်အတူ အကျွန်ုပ်၏ဆွမ်းကို လက်ခံတော်မူပါလော့"ဟု လျှောက်၏။

http://www.dhammadownload.com



ဤသို့ လျှောက်သည်ရှိသော် မြတ်စွာဘုရားသည် ကောဏ်ဍယရသေ့ကို "ကောဏ်ဍယ ရဟန်းသံဃာသည် များ၏၊ ရဟန်းပေါင်း တထောင့်နှစ်ရာ့ငါးဆယ် အရေအတွက်ရှိ၏၊ သင်သည်လည်း ပုဏ္ဏားတို့၌ အလွန်ကြည်ညိုသူဖြစ်၏" ဟု မိန့်တော်မူ၏။ နှစ်ကြိမ်မြောက်လည်း ကောဏ်ဍယရသေ့သည် မြတ်စွာဘုရားကို "အသျှင်ဂေါတမ ရဟန်းသံဃာသည် အကယ်၍ များစေကာမူ တထောင့်နှစ်ရာ့ ငါးဆယ် အရေအတွက်ရှိစေကာမူ အကျွန်ုပ်သည်လည်း ပုဏ္ဏားတို့၌ အလွန်ကြည်ညိုသူ ဖြစ်စေကာမူ အသျှင်ဂေါတမသည် နက်ဖြန်အတွက် ရဟန်းအပေါင်းနှင့်အတူ အကျွန်ုပ်၏ဆွမ်းကို လက်ခံတော်မူပါ"ဟု လျှောက်ပြန်၏။ နှစ်ကြိမ်မြောက်လည်း မြတ်စွာဘုရားသည် ကောဏ်ဍယရသေ့ကို "ကောဏ်ဍယ ရဟန်းသံဃာသည် များပြား၏၊ တထောင့်နှစ်ရာ့ငါးဆယ် အရေအတွက်ရှိ၏၊ သင်သည်လည်း ပုဏ္ဏားတို့၌ အလွန်ကြည်ညိုသူဖြစ်၏" ဟု မိန့်တော်မူ၏။ သုံးကြိမ်မြောက်လည်း ကောဏ်ဍယရသေ့သည် မြတ်စွာဘုရားကို "အသျှင်ဂေါတမ ရဟန်းသံဃာသည် အကယ်၍ များစေကာမူ တထောင့်နှစ်ရာ့ငါးဆယ် အရေအတွက်ရှိစေကာမူ အကျွန်ုပ်သည်လည်း ပုဏ္ဏားတို့၌ အလွန်ကြည်ညိုသူ ဖြစ်စေကာမူ အသျှင်ဂေါတမသည် နက်ဖြန်အတွက် ရဟန်းသံဃာနှင့်အတူ အကျွန်ုပ်၏ ဆွမ်းကို လက်ခံတော်မူပါ"ဟု လျှောက်၏။ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေတော်မူသဖြင့် လက်ခံတော်မူ၏။

ထိုအခါ ကောဏ်ဍယရသေ့သည် မြတ်စွာဘုရား လက်ခံတော်မူသည်ကို သိ၍ နေရာမှထကာ မိမိ၏ သင်္ခမ်းကျောင်းသို့ ချဉ်းကပ်၍ မိတ်ဆွေခင်ပွန်း ဆွေမျိုးသားချင်းတို့ကို "အို မိတ်ဆွေခင်ပွန်း ဆွေမျိုးသားချင်းတို့ ငါ၏စကားကို နားထောင်ကြပါကုန်၊ ငါသည် ရဟန်းဂေါတမကို ရဟန်းသံဃာနှင့်အတူ နက်ဖြန်အတွက် ဆွမ်းစားဘိတ်ခဲ့ပြီးယင်းအကြောင်းကြောင့် သင်တို့သည် ငါ့အား လုပ်အားပေးကြပါကုန်လော့"ဟု ပြောဆို၏။ "အသျှင် ကောင်းပါပြီ"ဟု ကောဏ်ဍယရသေ့၏ မိတ်ဆွေခင်ပွန်း ဆွေမျိုးသားချင်းတို့သည် ကောဏ်ဍယရသေ့၏ စကားကို နာယူကြပြီးလျှင် အချို့သူတို့သည် ဖိုခုံလောက် ကျင်းတူးကြကုန်၏၊ အချို့သူတို့သည် ထင်းခွဲကြကုန်၏၊ အချို့သူတို့သည် အိုးခွက်တို့ကို ဆေးကြောကြကုန်၏၊ အချို့သူတို့သည် သောက်ရေအိုးကြီးကို တည်ထားကြကုန်၏၊ အချို့သူတို့သည် နေရာတို့ကို ခင်းကျင်းကြကုန်၏၊ ကောဏ်ဍယရသေ့သည်ကား ကိုယ်တိုင်သာလျှင် တန်ဆောင်းဝန်းကို ပြင်စီရင်၏။

၃၉၇။ ထိုစဉ်အခါ၌ သေလပုဏ္ဏားသည် အာပဏနိဂုံး၌ နေ၏၊ နိဃဏ္ဍု 'အဘိဓာန်'ကျမ်း ကေဋုဘ 'အလင်္ကာ'ကျမ်း အက္ခရပ္ပဘေဒ 'သဒ္ဒါ'ကျမ်း ငါးခုမြောက် ဣတိဟာသကျမ်းနှင့်တကွ ဗေဒင်သုံးပုံတို့၏ တဖက်ကမ်းသို့ ရောက်၏၊ ပဒကျမ်းကိုတတ်၏၊ ဗျာကရုဏ်းကျမ်းကိုတတ်၏၊ လောကာယတကျမ်း မဟာပုရိသလက္ခဏာကျမ်းတို့၌ အကြွင်းမဲ့တတ်ပြီးဖြစ်၏၊ သုံးရာသော လုလင်ပျိုတို့ကိုလည်း ဗေဒင်တို့ကို သင်ကြားပို့ချနေ၏၊ ထိုအခါ ကောဏ်ဍယရသေ့သည် သေလပုဏ္ဏား၌ အလွန်ကြည်ညို၏။

ထိုအခါ သေလပုဏ္ဏားသည် သုံးရာသော လုလင်ပျိုတို့ ခြံရံလျက် အညောင်းပြေ လမ်းလျှောက်လှည့်လည်လတ်သော် ကောဏ်ဍယရသေ့၏ သင်္ခမ်းကျောင်းသို့ ချဉ်းကပ်လေ၏၊ သေလပုဏ္ဏားသည် ကောဏ်ဍယရသေ့၏ သင်္ခမ်းကျောင်း၌ ဖိုခုံလောက် တူးသူ အချို့တို့ကိုရင်း ထင်းခွဲသောသူအချို့တို့ကိုရင်း အိုးခွက်ဆေးကြောသောသူအချို့တို့ကိုရင်း သောက်ရေအိုးကြီး တည်ထားသူအချို့တို့ကိုရင်း နေရာခင်းသူ အချို့တို့ကိုရင်း ကိုယ်တိုင်သာလျှင် တန်ဆောင်းဝန်းကို စီမံနေသော ကောဏ်ဍယရသေ့ကို

http://www.dhammadownload.com



ရင်း မြင်လျှင် ကေဏိယရသေ့ကို "အချင်ကေဏိယအား သမီးယူခြင်း 'အာဝါဟ' မင်္ဂလာလည်း ဖြစ်လိမ့်မည်လော၊ သို့မဟုတ် သမီးပေးခြင်း 'ဝိဝါဟ'မင်္ဂလာလည်း ဖြစ်လိမ့်မည်လော၊ သို့မဟုတ် ကြီးစွာသော ယဇ်ပူဇော်မှုလည်း နီးကပ်နေပြီလော၊ မဂဓတိုင်းကို အစိုးရသော သေနိယမည်သော ဗိမ္ဗိသာရမင်းကိုမူလည်း ဗိုလ်ပါအပေါင်းနှင့်တကွ နက်ဖြန်အတွက် ဘိတ်ကြားထားပါသလော"ဟု ပြောဆို၏။

အချင်သေလ အကျွန်ုပ်အား သမီးယူခြင်း 'အာဝါဟ'မင်္ဂလာလည်း ဖြစ်လိမ့်မည်မဟုတ်ပါ၊ သမီးပေးခြင်း 'ဝိဝါဟ'မင်္ဂလာလည်း ဖြစ်လိမ့်မည်မဟုတ်ပါ၊ မဂဓတိုင်းကို အစိုးရသော သေနိယမည်သော ဗိမ္ဗိသာရမင်းကိုမူလည်း ဗိုလ်ပါအပေါင်းနှင့်တကွ နက်ဖြန်အတွက် ဘိတ်ကြားမထားပါ။ စင်စစ်သော်ကား အကျွန်ုပ်အား ကြီးစွာသော ယဇ်ပူဇော်ခြင်းသည် နီးကပ်နေပါ၏၊ အချင် သာကီဝင်မင်းသား ဖြစ်သော သာကီဝင်မင်းမျိုးမှ ရဟန်းပြုသော ရဟန်းဂေါတမသည် ရှိပါ၏၊အင်္ဂုတ္တရာပတိုင်း၌ တထောင့်နှစ်ရာ ငါးဆယ်မျှ အရေအတွက်ရှိသော များစွာသော ရဟန်းသံဃာနှင့်အတူ ဒေသစာရီလှည့်လည်ကာ အာပဏနိဂုံးသို့ ယခုရောက်ရှိနေပါ၏။

ထိုအချင်ဂေါတမ၏ ဤသို့ကောင်းမြတ်သော ကျော်စောသံသည် ပြန့်နှံ့၍ ထွက်ပေါ်ပါ၏— "ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏၊ (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော အကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓမည်တော်မူ၏၊ အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ'နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္နမည်တော်မူ၏၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော အကြောင်းကြောင့်လည်း သုဂတ မည်တော်မူ၏၊ လောကကို သိတော်မူသော အကြောင်းကြောင့်လည်း လောကဝိဒူ မည်တော်မူ၏၊ ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ ပုဂ္ဂိုလ် ဖြစ်တော်မူသော အကြောင်းကြောင့်လည်း အနုတ္တရော ပုရိသဒမ္မသာရထိ မည်တော်မူ၏၊ နတ်လူတို့၏ဆရာ ဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါး တရားတို့ကို)သိစေတော်မူသောအကြောင်းကြောင့်လည်း ဗုဒ္ဓမည်တော်မူ၏၊ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏"ဟု (ပြန့်နှံ့၍ ထွက်၏)။ ထိုဂေါတမ မြတ်စွာဘုရားကို အကျွန်ုပ်သည် နက်ဖြန်အတွက် ရဟန်းသံဃာနှင့်အတူ ဆွမ်းစားဘိတ်ထားပါ၏ဟု (ဆို၏)။ ကေဏိယ "ဘုရား"ဟူ၍ ဆိုသလော။ သေလ "ဘုရား"ဟူ၍ ဆိုပါ၏။ ကေဏိယ "ဘုရား"ဟူ၍ ဆိုသလော။သေလ "ဘုရား"ဟူ၍ ဆိုပါ၏ ဟု (ဆို၏)။

၃၉၇။ ထိုအခါ သေလပုဏ္ဏားအား ဤသို့သော အကြံသည် ဖြစ်၏—လောက၌ ဘုရား ဘုရားဟူသော အသံမျှလည်း အလွန်ကြားရခဲ၏၊ အမှန်အားဖြင့် ငါတို့၏ ဝေဒကျမ်းတို့၌ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတို့သည် လာကုန်၏၊ ယင်း လက္ခဏာတို့နှင့် ပြည့်စုံသော ယောကျ်ားမြတ်အား နှစ်မျိုးသော အဖြစ်တို့သာလျှင် ရှိကုန်၏၊ အခြားသော အဖြစ်တို့ကား မရှိကုန်။ ထိုယောကျ်ားမြတ်သည် အကယ်၍ လူ့ဘောင်၌ နေငြားအံ့၊ တရားစောင့်သော တရားနှင့်အညီ မင်းပြုသော သမုဒ္ဒရာလေးစင်း အပိုင်းအခြားရှိသည့် လေးကျွန်းလုံးကို အစိုးရသော လူအပေါင်းကို အောင်သော တိုင်းနိုင်ငံကို တည်ငြိမ်စေသော ရတနာခုနစ်ပါးနှင့် ပြည့်စုံသော စကြဝတေးမင်း ဖြစ်၏။ ထို(စကြဝတေး)မင်းအား ဤရတနာခုနစ်ပါးတို့သည် ဖြစ်ကုန်၏။ ဤသည်တို့ကား အဘယ်နည်း၊ စကြာရတနာ ဆင်ရတနာ မြင်းရတနာ ပတ္တမြားရတနာ

http://www.dhammadownload.com



မိန်းမရတနာ သူကြွယ်ရတနာ ခုနစ်ခုမြောက် သားကြီးရတနာတို့တည်း။ ထို(စကြဝတေး)မင်း၌ ရဲရင့်ကုန်သော သူရဲကောင်း အင်္ဂါရုပ်ရှိကုန်သော တဖက်စစ်သည်တို့ကို နှိမ်နင်းနိုင်ကုန်သော အထောင်မကသော သားတော်တို့သည် ရှိကုန်၏။ ထို(စကြဝတေး)မင်းသည် သမုဒ္ဒရာအဆုံးရှိသော ဤမြေကို တုတ်မဆောင်မူ၍ လက်နက်မဆောင်မူ၍ တရားသဖြင့် အောင်မြင်လျက် အုပ်စိုး၏။ အကယ်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ပြားအံ့၊ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာသိတော်မူသော လောက၌(ကိလေသာ)အပိတ်အဖုံးကို ဖွင့်လှစ်ပြီးသော ဘုရားဖြစ်၏။ အသျှင်ကေဏိယ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုအသျှင်ဂေါတမသည် ယခုအခါ အဘယ်အရပ်မှာ သီတင်းသုံးနေတော်မူပါသနည်း ဟု (မေး၏)။

ဤသို့ မေးသည်ရှိသော် ကေဏိယရသေ့သည် လကျ်ာလက်မောင်းကို မြှောက်၍ သေလပုဏ္ဏားကို "သေလ ဤညိုမှိုင်းသော တောတန်းဝယ် သီတင်းသုံးနေတော်မူပါ၏" ဟု ပြောဆို၏။ ထိုအခါ သေလပုဏ္ဏားသည် သုံးရာသော လုလင်တို့နှင့်အတူ မြတ်စွာဘုရားထံသို့ ချဉ်းကပ်လေ၏။ ထိုအခါ သေလပုဏ္ဏားသည် ထိုသုံးရာသော လုလင်ပျိုတို့ကို 'အမောင်တို့ ခြေလှမ်းမှန်မှန် လှမ်း၍ အသံမပြုပဲ လာကြကုန်လော့၊ ထိုမြတ်စွာဘုရားတို့သည် ခြင်္သေ့မင်းကဲ့သို့ တဦးတည်း ကျက်စားကြသည်ဖြစ်၍ ခဲယဉ်းစွာ ချဉ်းကပ်သင့်သူများ ဖြစ်ကြကုန်၏။ အမောင်တို့ ရဟန်းဂေါတမနှင့်အတူ ငါပြောဆိုတိုင်ပင်နေကြသောအခါ 'အမောင်တို့သည် ငါ၏ (စကား၌) ကြားညှပ် မပြောဆိုကြကုန်လင့်၊ အမောင်တို့သည် ငါ၏စကား ပြီးဆုံးသည့်တိုင်အောင် ဆိုင်းငံ့ကြကုန်လော့' ဟု" ပြောကြား၏။

ထိုအခါ သေလပုဏ္ဏားသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်စကားကို ပြောဆိုပြီးဆုံးစေပြီးနောက် တခုသော နေရာ၌ ထိုင်ကာ မြတ်စွာဘုရား၏ ကိုယ်တော်၌ သုံးဆယ့်နှစ်ပါးကုန်သော ယောကျ်ားမြတ်တို့၏ လက္ခဏာတို့ကို ရှာမှီးလေ၏။ သေလပုဏ္ဏားသည် မြတ်စွာဘုရား၏ကိုယ်တော်၌ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်လက္ခဏာတို့ကို များသောအားဖြင့် မြင်၏၊ နှစ်ပါးတို့ကိုကား မမြင်၊ အအိမ်ဖြင့် ဖုံးလွှမ်းအပ်သော ပုရိသနိမိတ်၌ရင်း ရှည်ပြန့်သော လျှာတော်၌ရင်း ဤ(မမြင်ရသော) ယောကျ်ားမြတ် လက္ခဏာ နှစ်ပါးတို့၌ ယုံမှား၏၊ တွေးတောယုံမှား၏၊ မဆုံးဖြတ်နိုင်၊ မယုံကြည်နိုင်၊ ထိုအခါ မြတ်စွာဘုရားအား ဤသို့ အကြံဖြစ်၏— "ဤသေလပုဏ္ဏားသည် ငါ၏သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်လက္ခဏာတို့ကို များသောအားဖြင့် မြင်၏၊ နှစ်ပါးတို့ကိုကား မမြင်၊ အအိမ်ဖြင့် ဖုံးလွှမ်းအပ်သော ပုရိသနိမိတ်၌ရင်း ရှည်ပြန့်သော လျှာတော်၌ရင်း ဤ(မမြင်ရသော)ယောကျ်ားမြတ် လက္ခဏာနှစ်ပါးတို့၌ ယုံမှား၏၊ တွေးတော ယုံမှား၏၊ မဆုံးဖြတ်နိုင်၊ မယုံကြည်နိုင်၊ ငါသည် တန်ခိုးဖန်ဆင်းပြရမူ ကောင်းလေစွ" ဟု (အကြံဖြစ်၏)။

ထိုအခါ မြတ်စွာဘုရားသည် အအိမ်ဖြင့် ဖုံးလွှမ်းသော ပုရိသနိမိတ်ကို သေလပုဏ္ဏား မြင်နိုင်ရန် တန်ခိုးဖန်ဆင်းတော်မူ၏၊ ထို့နောက် မြတ်စွာဘုရားသည် လျှာတော်ကို ထုတ်၍ နားတင်းနှစ်ဖက်တို့ကိုလည်း အပြန်အလှန် သုံးသပ်တော်မူ၏၊ နှာခေါင်းပေါက်နှစ်ခုတို့ကိုလည်း အပြန်အလှန်သုံးသပ်တော်မူ၏၊ အလုံးစုံသော နဖူးပြင်ကိုလည်း လျှာဖြင့် ဖုံးအုပ်တော်မူ၏၊ ထိုအခါ သေလပုဏ္ဏားအား

http://www.dhammadownload.com



ဤသို့ အကြံဖြစ်၏—"ရဟန်းဂေါတမသည် တင်းတင်းပြည့်ညီသော သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်လက္ခဏာတော်တို့နှင့် ပြည့်စုံတော်မူပေ၏၊တင်းတင်းမပြည့်ညီသော လက္ခဏာတို့နှင့် ပြည့်စုံသည် မဟုတ်ပေ။သို့သော်လည်း ထိုရဟန်းဂေါတမသည် 'ဘုရား ဟုတ်မဟုတ်'ကိုကား ငါမသိရသေးချေ။ ပုဗ္ဗဇော်အထူးကို ခံထိုက်သည့် အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားတို့သည် မိမိ၏ ဂုဏ်ကျေးဇူးကို ချီးကျူးပြောဆိုသည်ရှိသော် မိမိကိုယ်ကို ထင်စွာပြုတတ်ကြကုန်၏ဟု ဆရာ့ဆရာ ဖြစ်ကုန်သော ကြီးရင့်အိုမင်းသည့် ပုဏ္ဏားတို့ ပြောဆိုသည့်ကို ကြားရဘူး၏၊ ငါသည် ရဟန်းဂေါတမကို မျက်မှောက်၌ပင် သင့်လျော်လျောက်ပတ်သော ဂါထာတို့ဖြင့် ချီးကျူးပြောဆိုရမူ ကောင်းမြတ်လေရာ၏"ဟု အကြံဖြစ်လေ၏။

၃၉၉။ ထိုအခါ သေလပုဏ္ဏားသည် မြတ်စွာဘုရားတို့ မျက်မှောက်၌ပင် သင့်လျော်လျောက်ပတ်သော ဂါထာတို့ဖြင့် ချီးကျူးပြောဆိုလေ၏—

လွန်လှရှိတော်မူသော မြတ်စွာဘုရား အသျှင်ဘုရားသည် (သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏လက္ခဏာတို့နှင့်) ပြည့်စုံသောကိုယ်တော်မြတ်ရှိတော်မူပါပေ၏၊ တဝင်းဝင်း တလျှပ်လျှပ် ကောင်းမြတ်သော ကိုယ်တော်ရောင်ရှိတော်မူပါပေ၏၊ အလုံး အရပ် မြတ်သောသဏ္ဌာန်တော်လည်း ရှိတော်မူပါပေ၏၊ ကြည့်ရှု၍ မဝနိုင်ဖွယ် တင့်တယ်သော ကိုယ်တော်လည်း ရှိတော်မူပါပေ၏၊ ရွှေစင်နှင့်တူသော အဆင်းတော်မြတ်လည်း ရှိတော်မူပါပေ၏၊ ငွေစင်ပမာ ကောင်းစွာ ဖြူဖွေးသောစွယ်တော်မြတ်လည်း ရှိတော်မူပါပေ၏၊ အလုံးအရပ်နှင့် ဖြောင့်မတ်ညီညွတ်သူအား ဆန်းဆန်းကြယ်ကြယ် နှစ်သက်ဖွယ်ရှိကုန်သော အကြင်လက္ခဏာတော်ကြီးတို့သည် ဖြစ်ကုန်၏၊ အလုံးစုံသော ထိုယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီး သုံးဆယ့်နှစ်ပါးတို့သည် အသျှင်ဘုရား၏ ကိုယ်တော်၌ ဖြစ်ထွန်းပေါ်ပေါက်ပါကုန်၏။

အသျှင်ဘုရားသည် (ငါးပါးသောအဆင်း)ကြည်လင်ခြင်းနှင့် ပြည့်စုံသော မျက်စိတော်လည်း ရှိတော်မူပါ၏၊ တင့်တယ်ကောင်းမြတ်သော မျက်နှာတော်လည်း ရှိပါ၏၊ အလုံးအရပ်ထွားကျိုင်းတော်မူပါ၏၊ ဖြောင့်မတ်သော ကိုယ်တော်လည်း ရှိပါ၏၊ ထွန်းလင်းတောက်ပသော အရောင်တော်နှင့်လည်း ပြည့်စုံတော်မူပါ၏၊ ရဟန်းအပေါင်းတို့၏ အလယ်၌ ရောင်ခြည်တထောင်ဆောင်သော နေမင်းကြီးကဲ့သို့ တင့်တယ်တော်မူလှပါပေ၏။

အသျှင်ဘုရားသည် ကောင်းမြတ်တင့်တယ် ရှုချင်ဖွယ်နှင့်လည်း ပြည့်စုံတော်မူပါ၏၊ ရွှေပြားဖြင့် ကပ်သကဲ့သို့ မြတ်သော အရေအဆင်းတော်နှင့်လည်း ပြည့်စုံတော်မူပါ၏၊ ဤသို့ မြတ်သောအဆင်းနှင့် ပြည့်စုံတော်မူသော အသျှင်ဘုရားအား ရဟန်း၏အဖြစ်ဖြင့် အဘယ်အကျိုးရှိပါအံ့နည်း။

သမ္ဗုဒ္ဓရာ အဆုံးရှိသော လေးကျွန်းလုံးကို အစိုးရသော အောင်ပြီးသော ရန်သူရှိသော ဇမ္ဗူဒိပ်ပါ မြေမျက်နှာကို အစိုးရသော ရထားစီးနင်း မင်းတကာတို့ထက် မြတ်သော စကြဝတေးမင်းကြီး ဖြစ်ရန် ထိုက်ပါ၏။

မြို့စားရွာစား ဖြစ်ကြကုန်သော မင်းအများတို့သည် အသျှင်ဘုရား၏ အလို နိုင်ငံတော်သို့ အစဉ်လိုက်ကြပါစေကုန်သတည်း၊ လူတို့ကို အစိုးရသော မင်းတကာတို့ထက် မင်းဖြစ်သော စကြဝတေးမင်းကြီး ဖြစ်တော်မူ၍ တိုင်းပြည်နိုင်ငံကို အစိုးရသော မင်းလုပ်တော်မူပါလော့

http://www.dhammadownload.com



ထိုမင်းတို့သည် အသျှင်ဂေါတမအား မင်းအဖြစ်ကို တင်မြှောက်ကြပါစေကုန်သတည်း ဟု (လျှောက်၏)။

သေလပုဏ္ဏား ငါသည် မင်းဖြစ်ပေ၏၊ အတုမရှိ မွန်မြတ်သော တရားမင်း ဖြစ်ပေ၏၊ တရားသဖြင့် (တရား)စက်ကို လည်စေနိုင်၏၊ တစုံတယောက်မျှ (ငါလည်စေသည့်) တရားစက်ကို မလည်စေနိုင် ဟု (မိန့်တော်မူ၏)။

အသျှင်ဂေါတမ အသျှင်ဘုရားသည် တရားမှန်ကို ကိုယ်တိုင်သိသော ဘုရားဟူ၍ ဝန်ခံဘိသလော၊ အတုမဲ့ မြင့်မြတ်သော တရားမင်းဖြစ်၍ တရားသဖြင့် (တရား)စကြာကို လည်စေနိုင်၏ဟု ဆိုပါသလော။

ဆရာ(အလို)သို့ အစဉ်လိုက်တတ်သော အသျှင်၏ တပည့် စစ်သူကြီးကား အဘယ်သူပါနည်း၊ အသျှင်လည်စေပြီးသော ထိုတရားစကြာကို မည်သူသည် အတုလိုက်၍ လည်စေပါသနည်း ဟု (လျှောက်၏)။

မြတ်စွာဘုရားသည် သေလ ဟု ခေါ်တော်မူကာ ငါလည်စေအပ်သော အတုမဲ့ တရားစကြာကို အနုဇာတသား သာရိပုတြာသည် ငါဘုရားသို့ အတုလိုက်၍ လည်စေ၏ဟု(မိန့်တော်မူ၏)။

ပုဏ္ဏား ငါသည် ထိုးထွင်း၍ သိသင့်သည်ကို ထိုးထွင်း၍ သိခဲ့ပြီ၊ ပွါးများအားထုတ်သင့်သည်ကိုလည်း ပွါးများအားထုတ်ပြီးပြီ၊ ပယ်သင့်သည်ကိုလည်း ပယ်ပြီးပြီ၊ ထို့ကြောင့် ငါသည် ဘုရားဖြစ်ခဲ့ပြီ။

ပုဏ္ဏား ငါ၌ ယုံမှားသံသယကို ပယ်ဖျောက်လေလော့၊ လွတ်လွတ် ယုံကြည်လေလော့၊ ဘုရားသျှင်တို့အား မပြတ်မလပ် ဖူးမြင်ရခြင်းသည် အလွန်တရာ ရခဲလှစွာ၏။

ပုဏ္ဏား လောက၌ မြတ်စွာဘုရားတို့၏ မပြတ်မလပ် ထင်ရှားစွာ ပွင့်တော်မူခြင်းကို ရခဲလှစွာ၏၊ ထိုငါသည် ကိုယ်တိုင်မှန်စွာ သိသည်ဖြစ်၍ ကိလေသာ ငြောင့်တံသင်းကို ပယ်ခွင်းပြီးသူ ဖြစ်၏၊ အတုမရှိ မွန်မြတ်သူ ဖြစ်ပေ၏။

မြတ်သူဖြစ်၍ နှိုင်းရှည့်စရာကို လွန်ပြီးဖြစ်၏၊ မာရ်စစ်သည်ကို နှိမ်နင်းပြီးသူ ဖြစ်၏၊ ရန်သူအားလုံးတို့ကို (မိမိ)အလိုသို့ လိုက်စေ၍ မည်သည့်အတွက်မျှ ဘေးမရှိပဲ ဝမ်းမြောက်ရပေ၏။

အမောင်တို့ (ကိလေသာ)ငြောင့်တံသင်းကို ပယ်ခွင်းသူ ဖြစ်၍ ကြီးမြတ်သော လုံ့လရှိတော်မူသော မျက်စိငါးမျိုး ပိုင်စိုးသူ (မြတ်စွာဘုရား)သည် တောအတွင်းဝယ် ခြင်္သေ့မင်း ဟောက်သကဲ့သို့ ပြောဆိုတိုင်းသော စကားကို မှတ်သားကြကုန်လော့။

မြတ်သူဖြစ်၍ နှိုင်းရှည့်စရာကို လွန်မြောက်ပြီးသော မာရ်စစ်သည်ကို နှိမ်နင်းပြီးသော မြတ်စွာဘုရားကို ဖူးမြင်ရ၍ အဘယ်သူသည် မကြည်ညိုပဲ နေနိုင်ပါအံ့နည်း၊ လူရိုင်းမျိုးပင်သော်လည်း မကြည်ညိုပဲ မနေနိုင်ရာ။

ငါ့ကို အလိုရှိသူသည် ငါ့နောက်သို့ လိုက်လော့၊ အလိုမရှိသူသည် သွားလေလော့၊ ငါသည် ဤနေရာ၌ပင် မြတ်သောပညာရှိ၏ အထံတော်ဝယ် ရဟန်းပြုတော့အံ့။

http://www.dhammadownload.com



အသျှင်သည် ဤကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရား အဆုံးအမတော်ကို ဤအတိုင်း အကာယ်၍ နှစ်သက်ပါမူကား အကျွန်ုပ်တို့သည်လည်း မြတ်သောပညာရှိ၏ အထံတော်ဝယ် ရဟန်းပြုကြပါကုန်အံ့။

သုံးရာသော ဤပုဏ္ဏားလုလင်ပျိုတို့သည် လက်အုပ်ချီကုန်လျက် မြတ်စွာဘုရား အသျှင်မြတ်၏ အထံတော်ဝယ် အကျွန်ုပ်တို့သည် မြတ်သောအကျင့်ကို ကျင့်ကြပါကုန်အံ့ ဟု လျှောက်ကြကုန်၏။

မြတ်စွာဘုရားသည် သေလဟု ခေါ်တော်မူကာ ကိုယ်တွေ့ဖြစ်၍ အခါမလင့် အကျိုးပေးနိုင်သော မြတ်သောအကျင့်ကို ကောင်းစွာ ဟောကြားထားပေ၏၊ ယင်းမြတ်သောအကျင့်၌ မမေ့မလျော့ ကျင့်ကြံအားထုတ်သူ၏ ရဟန်းအဖြစ်ကား အချည်းနှီး မဖြစ်နိုင်ချေ ဟု (မိန့်တော်မူ၏)။

သေလပုဏ္ဏားသည် ပရိသတ်နှင့်တကွ မြတ်စွာဘုရား၏ အထံတော်၌ ရှင်ရဟန်းအဖြစ်ကို ရလေသတည်း။

၄၀၀။ ထိုအခါ ကေဏိယရသေ့သည် ထိုညဥ့်လွန်သဖြင့် မိမိသင်္ခမ်းကျောင်း၌ မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ကို စီရင်ပြီးလျှင် "အသျှင်ဂေါတမ အချိန်တန်ပါပြီ၊ဆွမ်းပြင်ပြီးပါပြီ" ဟု မြတ်စွာဘုရားအား အချိန် (တန်ကြောင်း) ကို ကြားလျှောက်စေ၏။

ထိုအခါ မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူတော်မူလျက် ကေဏိယရသေ့၏ သင်္ခမ်းကျောင်းသို့ ချဉ်းကပ်တော်မူ၍ ခင်းထားသော နေရာ၌ ရဟန်းသံဃာနှင့်အတူ သီတင်းသုံး ထိုင်နေတော်မူ၏။ ထိုအခါ ကေဏိယရသေ့သည် ဘုရားအမှူးရှိသော ရဟန်းသံဃာကို မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ဖြင့် ရောင့်ရဲသည့်တိုင်အောင် တားမြစ်သည့်တိုင်အောင် ကိုယ်တိုင်လုပ်ကျွေး၏။ ထိုအခါ ကေဏိယရသေ့သည် မြတ်စွာဘုရား ဆွမ်းစားပြီး၍ သပိတ်မှ လက်တော်ဖယ်ပြီးသော အခါ နိမ့်သော ထိုင်စရာတခုကိုယူ၍ တခုသောနေရာ၌ ထိုင်နေ၏။ တခုသောနေရာ၌ ထိုင်နေပြီးသော ကေဏိယရသေ့ကို မြတ်စွာဘုရားသည်—

"ယဇ်ပူဇော်ခြင်းတို့တွင် မီးကို လုပ်ကျွေးပူဇော်ခြင်းသည် အဦးအစ ဖြစ်၏၊ သာဝိတ္တိသည် ဆန်းကျမ်း၏ အဦးအစဖြစ်၏၊ လူတို့တွင် မင်းသည် ပဓာနဖြစ်၏၊ မြစ်တို့တွင် သမုဒ္ဒရာသည် ပဓာနဖြစ်၏။

နက္ခတ်တို့တွင် လသည် ပဓာနဖြစ်၏၊အပူတို့တွင် နေသည် ပဓာနဖြစ်၏၊ကောင်းမှုကို အလိုရှိကုန်သော ပုဂ္ဂိုလ်တို့၏ ပူဇော်အပ်သော ပုဂ္ဂိုလ်တို့တွင် သံဃာသည် ပဓာနဖြစ်၏" ဟု ဂါထာတို့ဖြင့် အနုမောဒနာကို ပြုတော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် ကေဏိယရသေ့ကို ဤဂါထာတို့ဖြင့် အနုမောဒနာပြုပြီးလျှင် နေရာမှထကာ ဖဲသွားတော်မူ၏။

ထိုအခါ အသျှင်သေလသည် ပရိသတ်နှင့်တကွ တပါးစီ တပါးစီ ဆိတ်ငြိမ်ရာသို့ ကပ်၍ မမေ့မလျော့ ပြင်းစွာအားထုတ်လျက် (နိဗ္ဗာန်သို့) စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍ နေသည်ရှိသော်

http://www.dhammadownload.com



ကောင်းစွာသာလျှင် လှူ ဘောင်မှ ရဟန်းဘောင်သို့ ဝင်ကြသော အမျိုးသားများ လိုလားအပ်သည့် အတုမဲ့ မြတ်သောအကျင့်၏ အဆုံးဖြစ်သော အရဟတ္တဖိုလ်အကျိုးကို မကြာမီ ယခုဘဝ၌ပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍နေရ၏၊ "ပဋိသန္ဓေနေမှုကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊ (မဂ်)ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ်)ကိစ္စအလို့ငှါ တပါးသော ပြုဖွယ် မရှိတော့ပြီ" ဟု သိ၏။ ပရိသတ်နှင့်တကွ အသျှင်သေလသည် ရဟန္တာတို့တွင် တပါးအပါအဝင် ဖြစ်၏။ ထို့နောက် အသျှင်သေလသည် ပရိသတ်နှင့်တကွ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ လက်ဝဲတဖက် ပခုံးထက်၌ ကိုယ်ဝတ်ကို စံပယ်တင်လျက် မြတ်စွာဘုရားရှိတော်မူရာသို့ လက်အုပ်ချီပြီးလျှင် ဂါထာတို့ဖြင့် ချီးကျူးလျှောက်ထား၏—

"စက္ခုငါးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား ဤနေ့မှ လွန်ပြီးသော ရှစ်ရက်မြောက်က အကျွန်ုပ်တို့သည် ကိုးကွယ်ဆည်းကပ်ခြင်းကို ပြုခဲ့ကြကုန်သောကြောင့် မိမိတို့သည် အသျှင်ဘုရား အဆုံးအမတော်၌ အတုမရှိသော ယဉ်ကျေးခြင်းဖြင့် ယဉ်ကျေးကြပါကုန်ပြီ။

အသျှင်မြတ်သည် ဘုရားပါတည်း၊ အသျှင်မြတ်သည် ဆုံးမတတ်သူ ဆရာပါတည်း၊ အသျှင်မြတ်သည် မာရ်ကို နှိမ်နင်းနိုင်သူ မုနိပါတည်း၊ အနုသယတို့ကို ဖြတ်၍ ကူးမြောက်တော်မူပြီးသော အသျှင်ဘုရားသည် ဤသတ္တဝါအပေါင်းကို ကူးမြောက်စေတော်မူပါပြီ။

အသျှင်ဘုရားသည် ဥပဓိကို ကောင်းစွာ လွန်မြောက်ပါပြီ၊ အသျှင်ဘုရားသည် အာသဝေါတရားတို့ကို ဖောက်ခွဲပြီးပါပြီ၊ ဥပါဒါန်မရှိသည်ဖြစ်၍ ခြင်္သေ့မင်းကဲ့သို့ ကြောက်ထိတ်ခြင်း ကင်းတော်မူပါ၏။

သုံးရာသော ဤရဟန်းတော်တို့သည် လက်အုပ်ချီလျက် ရပ်တည်နေကြပါကုန်၏၊ ကြီးမြတ်သော လုံ့လရှိတော်မူသော မြတ်စွာဘုရား ခြေတော်တို့ကို ဆန့်တော်မူပါလော့၊ ဆရာဘုရားအား ရဟန်းများ ရှိခိုးကြပါစေ" ဟု (လျှောက်လေသတည်း)။

**နှစ်ခုမြောက် သေလသုတ် ပြီး၏။**

---

## ၃-အဿလာယနသုတ်

၄၀၁။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏အရံဖြစ်သော ဇေတဝန် ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ ငါးရာမျှလောက်သော နိုင်ငံခြားသားပုဏ္ဏားတို့သည် တစုံတခု ပြုဖွယ်ကိစ္စဖြင့် သာဝတ္ထိပြည်၌ နေကြကုန်၏။ ထိုအခါ ပုဏ္ဏားတို့အား ဤသို့ အကြံ ဖြစ်၏— 'ဤရဟန်းဂေါတမသည် အမျိုးလေးပါးတို့၏ စင်ကြယ်ခြင်းကို ပညတ်၏၊ အဘယ်သူသည် ရဟန်းဂေါတမနှင့်အတူ ဤစကားအရာ၌ ပြိုင်ဆိုင်ပြောဆိုခြင်းငှါ စွမ်းနိုင်ပါအံ့နည်း" ဟု (အကြံ ဖြစ်၏)။

ထိုအခါ အဿလာယန အမည်ရသော လုလင်သည် သာဝတ္ထိပြည်၌ နေ၏၊ နုပျို၏၊ ဆံချပြီးသော ဦးခေါင်းရှိ၏၊ ရက်ချုပ်အားဖြင့် တဆယ့်ခြောက်နှစ်အရွယ်ရှိ၏၊ နိဃဏ္ဍု 'အဘိဓာန်' ကျမ်း ကေဋုဘ 'အလင်္ကာ' ကျမ်း အက္ခရပ္ပဘေဒ 'သဒ္ဒါ' ကျမ်း ငါးခုမြောက် ဣတိဟာသကျမ်းနှင့် တကွ ဗေဒင်

http://www.dhammadownload.com



သုံးပုံတို့၏ တဖက်ကမ်းသို့ရောက်၏၊ ပဒကျမ်းကို တတ်၏၊ဗျာကရုဏ်းကျမ်းကို တတ်၏၊ လောကာယတကျမ်း မဟာပုရိသလက္ခဏာကျမ်းတို့၌ အကြွင်းမဲ့ တတ်မြောက်၏။ ထို့နောက် ထိုပုဏ္ဏားတို့အား ဤသို့အကြံဖြစ်၏—"ဤအဿလာယနလုလင်သည် သာဝတ္ထိပြည်၌ နေ၏၊ နုပျို၏၊ ဆံချပြီးသော ဦးခေါင်းရှိ၏၊ရက်ချုပ်အားဖြင့် အသက် တဆယ့်ခြောက်နှစ်အရွယ်ရှိ၏ဗေဒင်သုံးပုံတို့၏ ကမ်းတဖက်သို့ရောက်နေ၏။ အပြည့်အစုံ တတ်မြောက်၏၊ ထိုလုလင်သည် ရဟန်းဂေါတမနှင့်အတူ ဤစကား အရာ၌ ပြိုင်ဆိုင်ပြောဆိုရန် စွမ်းနိုင်၏"ဟု (အကြံဖြစ်၏)။

ထိုအခါ ထိုပုဏ္ဏားတို့သည် အဿလာယနလုလင်ထံသို့ ချဉ်းကပ်၍ အဿလာယနလုလင်ကို "အမောင်အဿလာယန ဤရဟန်းဂေါတမသည် အမျိုးလေးပါးတို့၏ စင်ကြယ်ခြင်းကို ပညတ်၏၊ အမောင်အဿလာယန သည် သွားပါချေ၊ ရဟန်းဂေါတမနှင့်အတူ ဤစကားအရာ၌ ပြိုင်ဆိုင်ပြောဆိုပါလော့"ဟု ပြောဆိုကြကုန်၏။

ဤသို့ပြောဆိုသည်ရှိသော် အဿလာယနလုလင်သည် ထိုပုဏ္ဏားတို့ကို "အသျှင်တို့ ရဟန်းဂေါတမသည် သဘာဝကျကျ ပြောဆိုလေ့ရှိ၏၊ သဘာဝကျကျ ပြောဆိုလေ့ရှိသူတို့သည် ပြိုင်ဆိုင်ပြောဆိုရန် ခဲယဉ်းပါကုန်၏၊ အကျွန်ုပ်သည် ရဟန်းဂေါတမနှင့်အတူ ဤစကားအရာ၌ ပြိုင်ဆိုင်ပြောဆိုရန် မစွမ်းနိုင်ပါ" ဟု ပြောဆို၏။ နှစ်ကြိမ်မြောက်လည်း ထိုပုဏ္ဏားတို့သည် အဿလာယနလုလင်ကို "အမောင်အဿလာယန ဤရဟန်းဂေါတမသည် အမျိုးလေးပါးတို့၏ စင်ကြယ်ခြင်းကို ပညတ်၏၊ အမောင်အဿလာယနသည် သွားပါချေ။ ရဟန်းဂေါတမနှင့် အတူ ဤစကားအရာ၌ ပြိုင်ဆိုင်ပြောဆိုပါလော့၊ အမောင်အဿလာယနသည် ပရိဗိုဇ်အစီအစဉ် (ဗေဒင်) ကိုလည်း ကျင့်ဆောင်(သင်ယူ)ပြီးပါပြီ"ဟု ပြောဆိုကြကုန်၏။ နှစ်ကြိမ်မြောက်လည်း အဿလာယနလုလင်သည် ထိုပုဏ္ဏားတို့ကို "အသျှင်တို့ ရဟန်းဂေါတမသည် သဘာဝကျကျ ပြောဆိုလေ့ရှိ၏၊ သဘာဝကျကျ ပြောဆိုလေ့ရှိသူတို့သည် ပြိုင်ဆိုင်ပြောဆိုရန် ခဲယဉ်းပါကုန်၏၊ အကျွန်ုပ်သည် ရဟန်းဂေါတမနှင့်အတူ ဤစကားအရာ၌ ပြိုင်ဆိုင်ပြောဆိုရန် မစွမ်းနိုင်ပါ"ဟု ပြောဆို၏။ သုံးကြိမ်မြောက်လည်း ထိုပုဏ္ဏားတို့သည် အဿလာယနလုလင်ကို "အမောင်အဿလာယန ဤရဟန်းဂေါတမသည် အမျိုးလေးပါးတို့၏ စင်ကြယ်ခြင်းကို ပညတ်၏၊ အမောင်အဿလာယနသည် သွားပါချေ၊ ရဟန်းဂေါတမနှင့်အတူ ဤစကားအရာ၌ ပြိုင်ဆိုင်ပြောဆိုပါလော့၊ အမောင်အဿလာယနသည် ပရိဗိုဇ်အစီအစဉ် (ဗေဒင်)ကိုလည်း ကျင့်ဆောင်(သင်ယူ)ပြီးပါပြီ၊ အမောင်အဿလာယနသည် စစ်မထိုးပဲ ရှုံးနည်းမျိုး မရှုံးပါစေလင့်"ဟု ပြောဆိုကြကုန်၏။

ဤသို့ပြောဆိုသည်ရှိသော် အဿလာယနလုလင်သည် ထိုပုဏ္ဏားတို့ကို "အသျှင်တို့ 'ရဟန်းဂေါတမသည် သဘာဝကျကျ ပြောဆိုလေ့ရှိ၏၊ သဘာဝကျကျ ပြောဆိုလေ့ရှိသူတို့သည် ပြိုင်ဆိုင်ပြောဆိုရန် ခဲယဉ်းပါကုန်၏၊ အကျွန်ုပ်သည် ရဟန်းဂေါတမနှင့်အတူ ဤစကားအရာ၌ ပြိုင်ဆိုင်ပြောဆိုရန် မစွမ်းနိုင်ပါ'ဟု အကျွန်ုပ်ပြောသော်လည်း မရလေ၊ သို့ဖြစ်သောကြောင့် အကျွန်ုပ်သည် အသျှင်တို့၏ စကားဖြင့် သွားပါတော့အံ့"ဟု ပြောဆို၏။

၄၀၂။ ထိုအခါ အဿလာယနလုလင်သည် များစွာသော ပုဏ္ဏားအပေါင်းနှင့်အတူ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာ ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်စကားကို ပြောဆိုပြီးဆုံးစေပြီးနောက် သင့်လျော်ရာ၌ ထိုင်ကာ မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—"အသျှင်ဂေါတမ 'ပုဏ္ဏားမျိုးသည်သာလျှင် မြတ်၏၊ အခြားအမျိုးသည်

http://www.dhammadownload.com



ယုတ်၏၊ ပုဏ္ဏားမျိုးသည်သာလျှင် ဖြူစင်၏၊ အခြားအမျိုးသည် မည်းညစ်၏၊ ပုဏ္ဏားမျိုးသည်သာလျှင် စင်ကြယ်ကုန်၏၊ ပုဏ္ဏားမဟုတ်သူတို့သည် မစင်ကြယ်ကုန်၊ ပုဏ္ဏားမျိုးသည်သာလျှင် ဗြဟ္မာ၏သားရင်းတို့ ဖြစ်ကုန်၏၊ ခံတွင်းမှ ပေါက်ဖွားသူများ ဖြစ်ကုန်၏၊ ဗြဟ္မာမှ ပေါက်ဖွားလာကုန်၏၊ ဗြဟ္မာဖန်ဆင်းထားသူတို့ ဖြစ်ကုန်၏၊ဗြဟ္မာ၏အမွေခံတို့ ဖြစ်ကုန်၏ ဟု ပုဏ္ဏားတို့သည် ပြောဆိုကြပါကုန်၏၊ ဤပုဏ္ဏားတို့ ပြောဆိုရာ၌ အသျှင်ဂေါတမသည် အဘယ်သို့ ဆိုလိုပါသနည်း” ဟု (လျှောက်၏)။

အဿလာယန ပုဏ္ဏားတို့တွင် ဥတုလာသူ ကိုယ်ဝန်ဆောင်သူ သားဖွားသူ နို့တိုက်နေသူ ပုဏ္ဏေးမတို့ကို မြင်ရကုန်သည် မဟုတ်လော၊ ထိုပုဏ္ဏားတို့သည် ပုဏ္ဏေးမတို့၏ အင်္ဂါဇာတ်မှ ဖြစ်ကြကုန်လျက် “ပုဏ္ဏားမျိုးသည်သာလျှင် မြတ်၏၊ အခြားအမျိုးသည် ယုတ်၏၊ ပုဏ္ဏားမျိုးသည်သာလျှင် ဖြူစင်၏၊ အခြားအမျိုးသည် မည်းညစ်၏၊ပုဏ္ဏားတို့သည်သာ စင်ကြယ်ကုန်၏၊ပုဏ္ဏားမဟုတ်သူတို့သည် မစင်ကြယ်ကုန်၊ ပုဏ္ဏားတို့သည်သာ ဗြဟ္မာ၏ သားရင်းတို့ဖြစ်ကုန်၏၊ ခံတွင်းမှ ပေါက်ဖွားသူများ ဖြစ်ကုန်၏၊ ဗြဟ္မာမှ ပေါက်ဖွားလာကုန်၏၊ ဗြဟ္မာဖန်ဆင်းထားသူတို့ ဖြစ်ကုန်၏၊ ဗြဟ္မာ၏အမွေခံတို့ ဖြစ်ကုန်၏”ဟု ဆိုကြကုန်သည် မဟုတ်လောဟု (မိန့်တော်မူ၏)။ အသျှင်ဂေါတမ ဤသို့ပင် ဆိုစေကာမူ ပုဏ္ဏားတို့ကား ဤအရာ၌ “ပုဏ္ဏားမျိုးသည်သာ မြတ်၏၊ တပါးသော အမျိုးသည် ယုတ်၏။ပ။ ဗြဟ္မာ၏အမွေခံတို့ ဖြစ်ကုန်၏”ဟု ဤသို့သာ ဤအရာကို မှတ်ထင်ကြပါကုန်၏ ဟု (လျှောက်၏)။

၄၀၃။ အဿလာယန ထိုအရာကို သင် အဘယ်သို့ မှတ်ထင်သနည်း၊ “ယောနပြည် ကမ္ဗောဇပြည်နှင့် အခြားအစွန်အဖျားကျသော နယ်တို့၌ အရှင်မျိုး ကျွန်မျိုးအားဖြင့် နှစ်မျိုးသာ ရှိကုန်၏၊ အရှင်မျိုးဖြစ်လျက် ကျွန်ဖြစ်ပြန်၏၊ ကျွန်မျိုးဖြစ်လျက် အရှင်ဖြစ်ပြန်၏”ဟု သင်ကြားဘူး၏လောဟု (မေးတော်မူ၏)။ အသျှင်ဘုရား “ယောနပြည် ကမ္ဗောဇပြည်နှင့် အခြားအစွန်အဖျားကျသော နယ်တို့၌ အရှင်မျိုး ကျွန်မျိုးအားဖြင့် နှစ်မျိုးတို့သာ ရှိကုန်၏၊အရှင်မျိုးဖြစ်လျက် ကျွန်ဖြစ်ပြန်၏၊ ကျွန်မျိုးဖြစ်လျက် အရှင်ဖြစ်ပြန်၏”ဟု အကျွန်ုပ်ကြားဘူးပါ၏ဟု (လျှောက်၏)။ အဿလာယန ဤသို့ဖြစ်ရာ၌ “ပုဏ္ဏားမျိုးသည်သာ မြတ်၏၊ အခြားအမျိုးသည် ယုတ်၏။ပ။ ဗြဟ္မာ၏အမွေခံတို့ ဖြစ်ကုန်၏”ဟု ဆိုကြကုန်သော ပုဏ္ဏားတို့၏ အားကိုးကား အဘယ်နည်း၊ အထောက်အထားကား အဘယ်နည်း ဟု (မေးတော်မူ၏)။ အသျှင်ဂေါတမ ဤသို့ပင် ဆိုစေကာမူ ပုဏ္ဏားတို့ကား ဤအရာ၌ “ပုဏ္ဏားမျိုးသည်သာ မြတ်၏၊ အခြားအမျိုးသည် ယုတ်၏။ပ။ဗြဟ္မာ၏ အမွေခံတို့ ဖြစ်ကုန်၏”ဟု ဤသို့သာ ဤအရာကို မှတ်ထင်ကြပါကုန်၏ ဟု (လျှောက်၏)။

၄၀၄။ အဿလာယန ထိုအရာကို သင်အဘယ်သို့ မှတ်ထင်သနည်း၊မင်းမျိုးသည်သာ အသက်သတ်မှု မပေးသည်ကိုယူမှု ကာမတို့၌ မှားယွင်းစွာကျင့်မှု မဟုတ်မမှန်ပြောဆိုမှု ကုန်းစကားကိုဆိုမှု ကြမ်းကြုတ်သောစကားကို ပြောဆိုမှု အကျိုးမရှိ ပြိန်ဖျင်းသောစကားကိုပြောဆိုမှု သူတပါး ဥစ္စာကို (မတရားသဖြင့် ရရန်)ရှေးရှုကြံစည်မှု (သူတပါး)ပျက်စီးရန်ကြံစည်မှု မှားသော အယူရှိမှု ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ မကောင်းသော လားရာ ဖရိုဖရဲကျရာ ဖြစ်သော အပါယ်ငရဲသို့ ကျရောက်ရာသလော၊ ပုဏ္ဏားမျိုးသည် မကျရောက်ရာသလော။ကုန်သည်မျိုးသည်သာ။ပ။သူဆင်းရဲမျိုးသည်သာ အသက်သတ်မှု မပေးသည်ကိုယူမှု ကာမတို့၌ မှားယွင်းစွာကျင့်မှု မဟုတ်မမှန်ပြောဆိုမှု ကုန်းစကားကိုဆိုမှု ကြမ်းကြုတ်သောစကားကိုပြောဆိုမှု အကျိုးမရှိ

http://www.dhammadownload.com



ပြိန်ဖျင်းသောစကားပြောဆိုမှု သူတပါးစည်းစိမ်ကို ( မတရားသဖြင့်ရရန် ) ရှေးရှုကြံစည်မှု (သူတပါး)ပျက်စီးရန် ကြံစည်မှု မှားသောအယူရှိမှု ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ မကောင်းသောလားရာ ပျက်စီး၍ကျရာ အပါယ်ငရဲသို့ ကျရောက်ရာသလော၊ ပုဏ္ဏားမျိုးသည် မကျရောက်ရာသလော ဟု (မေးတော်မူ၏)။

အသျှင်ဂေါတမ ဤသို့ ဖြစ်ရန် မသင့်ပါ။ အသျှင်ဂေါတမ မင်းမျိုးသည်လည်း အသက်သတ်မှု မပေးသည်ကိုယူမှု ကာမတို့၌ မှားယွင်းစွာကျင့်မှု မဟုတ်မမှန် ပြောဆိုမှု ကုန်းစကားကို ပြောဆိုမှု ကြမ်းကြုတ်သောစကားကို ပြောဆိုမှု အကျိုးမရှိ ပြိန်ဖြင်းသောစကားကို ပြောဆိုမှု သူတပါးစည်းစိမ်ကို (မတရားသဖြင့်ရရန်) ရှေးရှုကြံစည်မှု (သူတပါး) ပျက်စီးရန်ကြံစည်မှု မှားသောအယူဝါဒ ရှိမှု ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ မကောင်းသောလားရာ ပျက်စီး၍ ကျရောက်ရာ ဖြစ်သော အပါယ်ငရဲသို့ ကပ်ရောက်ရာပါ၏။ အသျှင်ဂေါတမ ပုဏ္ဏားမျိုးသည်လည်း။ပ။ အသျှင် ဂေါတမ ကုန်သည်မျိုးသည်လည်း။ပ။ အသျှင်ဂေါတမ သူဆင်းရဲမျိုးသည်လည်း။ပ။

အသျှင်ဂေါတမ အလုံးစုံသော အမျိုးလေးပါးတို့သည်လည်း အသက်သတ်ကြပါကုန်မှု မပေးသည်ကို ယူကြပါကုန်မှု ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ကြပါကုန်မှု မဟုတ်မမှန် ပြောဆိုကြပါကုန်မှု ကုန်းစကားကို ပြောဆိုကြပါကုန်မှု ကြမ်းကြုတ်သောစကားကို ပြောဆိုကြပါကုန်မှု အကျိုးမရှိ ပြိန်ဖျင်းသောစကားကို ပြောဆိုကြပါကုန်မှု သူတပါးစည်းစိမ်ကို(မတရားသဖြင့်ရရန်)ရှေးရှုကြံစည် ကြပါကုန်မှု (သူတပါးတို့)ပျက်စီးရန် ကြံစည်ကြပါကုန်မှု မှားသောအယူဝါဒရှိကြပါကုန်မှု ခန္ဓာ ကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ မကောင်းသောလားရာ ပျက်စီး၍ ကျရောက်ရာ အပါယ် ငရဲသို့ ကျရောက်ကုန်ရာပါ၏ဟု (လျှောက်၏)။ အဿလာယန ဤသို့ဖြစ်ရာ၌ "ပုဏ္ဏားမျိုးသည်သာ မြတ်၏၊ အခြားအမျိုးသည် ယုတ်၏။ပ။ ဗြဟ္မာ၏အမွေခံတို့ ဖြစ်ကြကုန်၏" ဟု ဆိုကုန်သော ပုဏ္ဏား တို့၏ အားကိုးကား အဘယ်နည်း၊ အထောက်အထားကား အဘယ်နည်း ဟု (မေးတော်မူ၏)။ အသျှင်ဂေါတမ ဤသို့ပင်ဆိုစေကာမူ ပုဏ္ဏားတို့ကား ဤအရာ၌ "ပုဏ္ဏားမျိုးသည်သာ မြတ်၏၊ အခြားအမျိုးသည် ယုတ်၏။ပ။ ဗြဟ္မာ၏အမွေခံတို့ ဖြစ်ကြကုန်၏" ဟု ဤသို့သာ ဤအရာကို မှတ်ထင်ကြပါကုန်၏ ဟု (လျှောက်၏)။

၄၀၅။ အဿလာယန ထိုအရာကို သင်အဘယ်သို့ မှတ်ထင်သနည်း၊ ပုဏ္ဏားမျိုးသည်သာ လျှင် အသက်သတ်ခြင်းမှကြဉ်ရှောင်မှု မပေးသည်ကိုယူခြင်းမှကြဉ်ရှောင်မှု ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်းမှကြဉ်ရှောင်မှု မဟုတ်မမှန် ပြောဆိုခြင်းမှကြဉ်ရှောင်မှု ကုန်းစကားကို ပြောဆိုခြင်းမှ ကြဉ်ရှောင်မှု ကြမ်းကြုတ်သောစကားမှကြဉ်ရှောင်မှု အကျိုးမရှိပြိန်ဖျင်းသောစကားမှ ကြဉ်ရှောင်မှု သူတပါး စည်းစိမ်ကို (မတရားသဖြင့်ရရန်) ရှေးရှုကြံစည်မှု မရှိမှု (သူတပါးကို)ပျက်စီးရန် ကြံစည် လိုစိတ် မရှိမှု မှန်သောအယူဝါဒရှိမှု ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာ နတ်ပြည်လောကသို့ ကပ်ရောက်လေရာသလော၊ မင်းမျိုးသည် မကပ်ရောက်ရာသလော၊ ကုန်သည်မျိုးသည် မကပ်ရောက်ရာသလော၊ သူဆင်းရဲမျိုးသည် မကပ်ရောက်ရာသလောဟု (မေးတော်မူ၏)။

အသျှင်ဂေါတမ ဤသို့ကား မဖြစ်သင့်ပါ၊ အသျှင်ဂေါတမ ထိုစကားသည် မှန်ပါ၏၊ မင်းမျိုး ဖြစ်သူသည်လည်း အသက်သတ်ခြင်းမှ ကြဉ်ရှောင်ပါမူ မပေးသည်ကိုယူခြင်းမှ ကြဉ်ရှောင်ပါမူ ကာမတို့၌ မှားယွင်းစွာကျင့်ခြင်းမှ ကြဉ်ရှောင်ပါမူ မဟုတ်မမှန်ပြောဆိုခြင်းမှ ကြဉ်ရှောင်ပါမူ

http://www.dhammadownload.com



ကုန်းစကားမှ ကြဉ်ရှောင်ပါမူ ကြမ်းကြုတ်သောစကားမှ ကြဉ်ရှောင်ပါမူ အကျိုးမရှိ ပြိန်ဖျင်းသော စကားမှ ကြဉ်ရှောင်ပါမူ သူတပါးစည်းစိမ်ကို (မတရားသဖြင့် ရရန်) ရှေးရှုကြံစည်မှု မရှိပါမူ (သူတပါးတို့) ပျက်စီးရန် ကြံစည်သောစိတ်မရှိပါမူ မှန်သော အယူရှိပါမူ ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသောလားရာ နတ်ရွာလောကသို့ ကပ်ရောက်နိုင်ရာပါ၏။ အသျှင်ဂေါတမ ပုက္ကုသအမျိုးသည်လည်း။ပ။ အသျှင်ဂေါတမ ကုန်သည်မျိုးသည်လည်း။ပ။ အသျှင်ဂေါတမ သူဆင်းရဲမျိုးသည်လည်း။ပ။ အသျှင်ဂေါတမ မှန်၏၊ အလုံးစုံသော အမျိုးလေးပါးတို့သည်ပင် အသက်သတ်ခြင်းမှ ကြဉ်ရှောင်ကြပါကုန်မူ မပေးသည်ကို ယူခြင်းမှ ကြဉ်ရှောင်ကြပါကုန်မူ ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ကြဉ်ရှောင်ကြပါကုန်မူ မဟုတ်မမှန် ပြောဆိုခြင်းမှ ကြဉ်ရှောင်ကြပါကုန်မူ ကုန်းစကားမှ ကြဉ်ရှောင်ကြပါကုန်မူ ကြမ်းကြုတ်သော စကားမှ ကြဉ်ရှောင်ကြပါကုန်မူ အကျိုးမရှိ ပြိန်ဖျင်းသော စကားမှ ကြဉ်ရှောင်ကြပါကုန်မူ သူတပါးစည်းစိမ်ကို (မတရားသဖြင့်ရရန်) ရှေး႑ုမကြံစည်ကြပါကုန်မူ (သူတပါး)ပျက်စီးရန် ကြံစည်သော စိတ်မရှိကြပါကုန်မူ ဖြောင့်မှန်သော အယူဝါဒရှိကြပါကုန်မူ ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောလားရာ နတ်ရွာလောကသို့ ကပ်ရောက်ကြကုန်ရာပါ၏ ဟု (လျှောက်၏)။

အဿလာယန ဤသို့ဖြစ်ရာ၌ "ပုဏ္ဏားမျိုးသည်သာ မြတ်၏၊အခြားအမျိုးသည် ယုတ်၏။ပ။ ဗြဟ္မာ၏အမွေခံတို့ ဖြစ်ကုန်၏"ဟု ဆိုကုန်သော ပုဏ္ဏားတို့၏ အားကိုးကား အဘယ်နည်း၊ အထောက်အထားကား အဘယ်နည်း ဟု (မေးတော်မူ၏)။အသျှင်ဂေါတမ ဤသို့ပင်ဆိုစေကာမူ ပုဏ္ဏားတို့ကား ဤအရာ၌ "ပုဏ္ဏားမျိုးသည်သာလျှင် မြတ်၏၊ အခြားအမျိုးသည် ယုတ်၏။ပ။ ဗြဟ္မာ၏အမွေခံတို့ ဖြစ်ကြကုန်၏"ဟု ဤသို့သာ ဤအရာကို မှတ်ထင်ကြပါကုန်၏ဟု(လျှောက်၏)။

၄၀၆။ အဿလာယန ထိုအရာကို သင်အဘယ်သို့ မှတ်ထင်သနည်း၊ ပုဏ္ဏားမျိုးသည်သာလျှင် ဤအမည်ရှိသော အရပ်၌ ရန်ကင်းသော ကြောင့်ကြကင်းသော မေတ္တာစိတ်ကို ပွါးများရန် စွမ်းနိုင်လေသလော၊ မင်းမျိုးသည် မစွမ်းနိုင်လေသလော၊ ကုန်သည်မျိုးသည် မစွမ်းနိုင်လေသလော၊ သူဆင်းရဲမျိုးသည် မစွမ်းနိုင်လေသလော ဟု (မေးတော်မူ၏)။အသျှင်ဂေါတမ ဤသို့ကား မဖြစ်သင့်ပါ၊ အသျှင်ဂေါတမ မင်းမျိုးသည်လည်း ဤမည်သောအရပ်၌ ရန်ကင်းသော ကြောင့်ကြကင်းသော မေတ္တာစိတ်ကို ပွါးများရန် စွမ်းနိုင်ပါ၏၊ အသျှင်ဂေါတမ ပုဏ္ဏားမျိုးသည်လည်း။ပ။ အသျှင်ဂေါတမ ကုန်သည်မျိုးသည်လည်း ။ပ။ အသျှင်ဂေါတမ သူဆင်းရဲမျိုးသည်လည်း။ပ။ အသျှင်ဂေါတမ အလုံးစုံသော အမျိုးလေးပါးတို့ပင် ဤမည်သောအရပ်၌ ရန်ကင်းသော ကြောင့်ကြကင်းသော မေတ္တာစိတ်ကို ပွါးများရန် စွမ်းနိုင်ကြပါကုန်၏ဟု (လျှောက်၏)။ အဿလာယန ဤသို့ဖြစ်ရာ၌ "ပုဏ္ဏားမျိုးသည်သာ မြတ်၏၊ အခြားအမျိုးသည် ယုတ်၏။ပ။ ဗြဟ္မာ၏အမွေခံတို့ ဖြစ်ကြကုန်၏"ဟု ဆိုကုန်သော ပုဏ္ဏားတို့၏ အားကိုးကား အဘယ်နည်း၊ အထောက်အထားကား အဘယ်နည်းဟု (မေးတော်မူ၏)။ အသျှင်ဂေါတမ ဤသို့ပင်ဆိုစေကာမူ ပုဏ္ဏားတို့ကား ဤအရာ၌ "ပုဏ္ဏားမျိုးသည်သာ မြတ်၏၊ အခြားအမျိုးသည် ယုတ်၏။ပ။ ဗြဟ္မာ၏အမွေခံတို့ ဖြစ်ကုန်၏"ဟု ဤသို့သာ ဤအရာကို မှတ်ထင်ကြပါကုန်၏ ဟု (လျှောက်၏)။

၄၀၇။ အဿလာယန ထိုအရာကို သင်အဘယ်သို့ မှတ်ထင်သနည်း၊ ပုဏ္ဏားမျိုးသည် ချေးတွန်းဆပ်ပြာကို ယူ၍ မြစ်သို့သွားကာ မြူအညစ်အကြေးကို မျှောရန် စွမ်းနိုင်သလော၊ မင်းမျိုးမကား မစွမ်းနိုင်သလော၊ ကုန်သည်မျိုးကား မစွမ်းနိုင်သလော၊ သူဆင်းရဲမျိုးကား မစွမ်းနိုင်

http://www.dhammadownload.com



သလောဟု (မေးတော်မူ၏)။ အသျှင်ဂေါတမ ဤသို့ကား မဖြစ်သင့်ပါ၊ အသျှင်ဂေါတမ မင်းမျိုးလည်း ချေးတွန်းဆပ်ပြာကိုယူ၍ မြစ်သို့သွားကာ မြူအညစ်အကြေးကို မျှောရန် စွမ်းနိုင်ရပါ၏၊ အသျှင်ဂေါတမ ပုဏ္ဏားမျိုးသည်လည်း ပ။အသျှင်ဂေါတမ ကုန်သည်မျိုးသည်လည်း။ပ။အသျှင်ဂေါတမ သူဆင်းရဲမျိုးသည်လည်း။ပ။ အသျှင်ဂေါတမ အလုံးစုံသော အမျိုးလေးပါးတို့ပင် ချေးတွန်းဆပ်ပြာကိုယူ၍ မြစ်သို့သွားကာ မြူအညစ်အကြေးကို မျှောရန် စွမ်းနိုင်ကြပါကုန်၏ဟု (လျှောက်၏)။ အဿလာယန ဤသို့ ဖြစ်ရာ၌ "ပုဏ္ဏားမျိုးသည်သာ မြတ်၏၊ အခြားသောအမျိုးသည် ယုတ်၏။ပ။ပြဟ္မာ၏အမွေခံတို့ ဖြစ်ကုန်၏"ဟု ဆိုကုန်သော ပုဏ္ဏားတို့၏ အားကိုးကားအဘယ်နည်း၊ အထောက်အသားကား အဘယ်နည်းဟု (မေးတော်မူ၏)။အသျှင်ဂေါတမ ဤသို့ပင် ဆိုစေကာမူ ဤအရာ၌ "ပုဏ္ဏားတို့ကား ပုဏ္ဏားမျိုးသည်သာ မြတ်၏၊အခြားအမျိုးသည် ယုတ်၏။ပ။ ဗြဟ္မာ၏အမွေခံတို့ ဖြစ်ကြကုန်၏"ဟု ဤသို့သာ ဤအရာကို မှတ်ထင်ကြပါကုန်၏ဟု(လျှောက်၏)။

၄ဝဂ။ အဿလာယန ထိုအရာကို သင်အဘယ်သို့ မှတ်ထင်သနည်း၊ရေမြေကို အစိုးရသော ထိပ်၌ အဘိသိက်သွန်းပြီးသော မင်းသည် ဤအရပ်၌ ဇာတ်အမျိုးမျိုးရှိသော ယောကျ်ားတရာတို့ကို စည်းဝေးစေရာ၏—"အချင်းတို့ လာကြကုန်လော့၊ မင်းမျိုး ပုဏ္ဏားမျိုး မြို့စားမျိုးတို့သည် မီးပွတ်ခုံကိုယူ၍ ကျွန်းသား အင်ကြင်းသား ထင်းရှူးသား စန္ဒကူးသား ပဒုမာသားမီးကို ဖြစ်စေကြကုန်လော့၊တေဇောဓာတ်ကို ထင်စွာပြုကြကုန်လော့။အချင်းတို့ လာကြကုန်လော့၊ဒွန်းစဏ္ဍားမျိုး မုဆိုးတံငါမျိုး နှီးသမားမျိုး ရထားလုပ်သမားမျိုး ပန်းမှိုက်သွန်(ဘင်ကျုံး)မျိုး ဖြစ်သော သူတို့သည် မီးပွတ်ခုံကို ယူ၍ ခွေးစားကျင်း ဝက်စားကျင်း ဆိုးရည်စားကျင်း ကြက်ဆူသား ထင်းမီးကို ဖြစ်စေကြကုန်လော့၊ တေဇောဓာတ်ကို ထင်စွာပြုကြကုန်လော့"ဟု ဆို၍ စည်းဝေးစေရာ၏။

အဿလာယန ထိုအရာကို သင်အဘယ်သို့ မှတ်ထင်သနည်း၊ မင်းမျိုး ပုဏ္ဏားမျိုး မြို့စားမျိုးတို့သည် မီးပွတ်ခုံကိုယူ၍ ကျွန်းသား အင်ကြင်းသား ထင်းရှူးသား စန္ဒကူးသား ပဒုမာသားမီးကို ဖြစ်စေ၏၊တေဇောဓာတ်ကို ဖြစ်စေ၏၊ ထိုမီးသည်သာလျှင် အလျှံအဆင်း အရောင်အလင်း ရှိလေသလော၊ ထိုမီးဖြင့်သာ မီးနှင့်ဆိုင်ရာ ကိစ္စအရပ်ရပ်ကို ပြုစွမ်းနိုင်လေသလော။ထိုမှတပါး ဒွန်းစဏ္ဍားမျိုး မုဆိုးတံငါမျိုး နှီးသမားမျိုး ရထားလုပ်သမားမျိုး ပန်းမှိုက်သွန် (ဘင်ကျုံး)မျိုးတို့သည် မီးပွတ်ခုံကိုယူ၍ ခွေးစားကျင်း ဝက်စားကျင်း ဆိုးရည်စားကျင်း ကြက်ဆူသားထင်းမီးကို ဖြစ်စေ၏၊ တေဇောဓာတ်ကို ဖြစ်စေ၏၊ ထိုမီးသည် အလျှံအဆင်း အရောင်အလင်းမရှိလေသလော၊ ထိုမီးဖြင့်လည်း မီးနှင့်ဆိုင်ရာ ကိစ္စအရပ်ရပ်ကို ပြုခြင်းငှါ မစွမ်းနိုင်လေသလောဟု (မေးတော်မူ၏)။ အသျှင်ဂေါတမ ဤသို့ကား မဖြစ်သင့်ပါ၊ အသျှင်ဂေါတမ မင်းမျိုး ပုဏ္ဏားမျိုး မြို့စားမျိုးဖြစ်သော သူတို့သည် မီးပွတ်ခုံကို ယူ၍ ကျွန်းသား အင်ကြင်းသား ထင်းရှူးသား စန္ဒကူးသား ပဒုမာသား မီးကို ဖြစ်စေ၏၊ တေဇောဓာတ်ကို ဖြစ်စေ၏၊ ထိုမီးသည်လည်း အလျှံအဆင်း အရောင်အလင်းရှိသည် ဖြစ်ရာပါ၏၊ ထိုမီးဖြင့်လည်း မီးနှင့်ဆိုင်ရာ ကိစ္စအရပ်ရပ်ကို ပြုခြင်းငှါ စွမ်းနိုင်ရာပါ၏၊ ဒွန်းစဏ္ဍားမျိုး မုဆိုးတံငါမျိုး နှီးသမားမျိုး ရထားလုပ်သမားမျိုး ပန်းမှိုက်သွန် (ဘင်ကျုံး)မျိုးတို့သည် မီးပွတ်ခုံကိုယူ၍ ခွေးစားကျင်း ဝက်စားကျင်း ဆိုးရည်စားကျင်း ကြက်ဆူသားထင်းမီးကို ဖြစ်စေ၏၊ တေဇောဓာတ်ကို ဖြစ်စေ၏၊ ထိုမီးသည်လည်း အလျှံအဆင်း အရောင်အလင်းရှိသည် ဖြစ်ရာပါ၏၊ ထိုမီးဖြင့်လည်း မီးနှင့်ဆိုင်ရာကိစ္စအရပ်ရပ်ကို ပြုခြင်းငှါ စွမ်းနိုင်ပါ၏။ အသျှင်ဂေါတမ အလုံးစုံသောမီးသည်ပင် အလျှံအဆင်း အရောင်အလင်းရှိပါ၏၊ အလုံးစုံသော မီ ဖြင့်ပင် မီးနှင့်ဆိုင်ရာ ကိစ္စအရပ်ရပ်ကို ပြုခြင်းငှါ စွမ်းနိုင်ပါ၏ ဟု (လျှောက်၏)။

http://www.dhammadownload.com



အဿလာယန ဤသို့ ဖြစ်ရာ၌ "ပုဏ္ဏားမျိုးသည်သာ မြတ်၏၊ အခြားအမျိုးသည် ယုတ်၏၊ ပုဏ္ဏားမျိုးသည်သာ ဖြူစင်၏၊ အခြားအမျိုးသည် မည်းညစ်၏၊ ပုဏ္ဏားတို့သည်သာ စင်ကြယ်ကုန်၏၊ ပုဏ္ဏားမဟုတ်သူတို့သည် မစင်ကြယ်ကုန်၊ ပုဏ္ဏားတို့သည်သာ ဗြဟ္မာ၏သားရင်းဖြစ်ကုန်၏၊ ခံတွင်းမှ ပေါက်ဖွားလာသူများ ဖြစ်ကုန်၏၊ ဗြဟ္မာမှ ပေါက်ဖွားလာကုန်၏၊ ဗြဟ္မာဖန်ဆင်းထားသူတို့ ဖြစ်ကုန်၏၊ ဗြဟ္မာ၏ အမွေခံတို့ ဖြစ်ကုန်၏" ဟု ဆိုကုန်သော ပုဏ္ဏားတို့၏အားကိုးကား အဘယ်နည်း၊ အထောက်အထားကား အဘယ်နည်း ဟု (မေးတော်မူ၏)။ အသျှင်ဂေါတမ ဤသို့ပင် ဆိုစေကာမူ ဤအရာ၌ ပုဏ္ဏားတို့ကား "ပုဏ္ဏားမျိုးသည်သာ မြတ်၏၊ တပါးသော အမျိုးသည် ယုတ်၏။ပ။ ဗြဟ္မာ၏ အမွေခံတို့ ဖြစ်ကုန်၏" ဟု ဤသို့သာ ဤအရာကို မှတ်ထင်ကြပါကုန်၏ ဟု (လျှောက်၏)။

၄၀၉။ အဿလာယန ထိုအရာကို သင်အဘယ်သို့ မှတ်ထင်သနည်း၊ ဤလောက၌ မင်းမျိုး သတို့သားသည် ပုဏ္ဏားမျိုးသတို့သမီးနှင့် အတူ ပေါင်းဖော်ခြင်းကို ပြုရာ၏၊ ထိုသူတို့ ပေါင်းဖော်ခြင်းကို အစွဲပြု၍ သားကို ဖွားမြင်ရာ၏၊ မင်းမျိုးသတို့သားနှင့် ပုဏ္ဏားမျိုး သတို့သမီးမှ ဖွားမြင်သော သားသည် အမိနှင့်လည်းတူသည် အဖ နှင့်လည်းတူသည် မင်းသားဟူ၍လည်း ဆိုသင့်သည်၊ ပုဏ္ဏားဟူ၍လည်း ဆိုသင့်သည် မဟုတ်လော ဟု (မေးတော်မူ၏)။ အသျှင်ဂေါတမ မင်းမျိုး ဖြစ်သောသတို့သားနှင့် ပုဏ္ဏားမျိုးဖြစ်သော သတို့သမီးမှ ဖွားမြင်သော သားသည် အမိနှင့်လည်း တူပါ၏၊ အဖနှင့်လည်း တူပါ၏၊ မင်းသားဟူ၍လည်း ဆိုသင့်ပါ၏၊ ပုဏ္ဏားဟူ၍လည်း ဆိုသင့်ပါ၏ဟု (လျှောက်၏)။

အဿလာယန ထိုအရာကို သင်အဘယ်သို့မှတ်ထင်သနည်း၊ ဤလောက၌ ပုဏ္ဏားမျိုးသတို့သား သည် မင်းမျိုးသတို့သမီးနှင့်အတူ ပေါင်းဖော်ခြင်းကို ပြုရာ၏၊ ထိုသူတို့ပေါင်းဖော်ခြင်းကို အစွဲပြု၍ သားကိုဖွားမြင်ရာ၏၊ ပုဏ္ဏားမျိုးသတို့သားနှင့် မင်းမျိုးသတို့သမီးမှ ဖွားမြင်သောသားသည် အမိနှင့်လည်းတူသည် အဖနှင့်လည်းတူသည် မင်းသားဟူ၍လည်း ဆိုသင့်သည် ပုဏ္ဏားဟူ၍လည်း ဆိုသင့်သည် မဟုတ်လော ဟု (မေးတော်မူ၏)။ အသျှင်ဂေါတမ ပုဏ္ဏားမျိုးသတို့သားနှင့် မင်းမျိုး သတို့သမီးမှ ဖွားမြင်သောသားသည် အမိနှင့်လည်း တူပါ၏၊ အဖနှင့်လည်း တူပါ၏၊ မင်းသားဟူ၍ လည်း ဆိုသင့်ပါ၏၊ ပုဏ္ဏားဟူ၍လည်း ဆိုသင့်ပါ၏ဟု (လျှောက်၏)။

အဿလာယန ထိုအရာကို သင်အဘယ်သို့ မှတ်ထင်သနည်း၊ ဤလောက၌ မြင်းမကို မြည်း (လား)နှင့် မျိုးစပ်ကုန်ရာ၏၊ ၎င်းတို့ မျိုးစပ်ခြင်းကို အစွဲပြု၍ သားငယ်သည် ဖြစ်ထွန်းရာ၏၊ မြင်းမ နှင့် မြည်း(လား)မှ ဖွားမြင်သော သားငယ်သည် အမိနှင့်လည်းတူသည် အဖနှင့်လည်း တူသည် မြင်းဟူ၍လည်း ဆိုသင့်သည်၊ မြည်းဟူ၍လည်း ဆိုသင့်သည် မဟုတ်လော ဟု (မေးတော်မူ၏)။ အသျှင်ဂေါတမ အသွင်စား အဿတိုရ် ဖြစ်ပါ၏။ အသျှင်ဂေါတမ ဤအဿတိုရ်၏ ဤထူးခြားမှုကို မြင်ရပါ၏၊ ဤရှေးစကားနှစ်မျိုး၌ သတို့သားတို့၏ တစုံတခု ထူးခြားမှုကို မမြင်ပါဟု (လျှောက်၏)။

အဿလာယန ထိုအရာကို သင်အဘယ်သို့ မှတ်ထင်သနည်း၊ ဤလောက၌ တဝမ်းတည်းပေါက် ညီအစ်ကိုနှစ်ယောက်တို့ ရှိကုန်ရာ၏၊ တယောက်သောသူသည် ဝေဒကျမ်းကို သရဇ္ဈာယ်တတ်၏၊ဝေဒ ကျမ်းကို ဆောင်ထား၏၊ တယောက်သောသူသည် ဝေဒကျမ်းကို မသရဇ္ဈာယ်တတ်၊ ဝေဒကျမ်းကို မဆောင်ထားတတ်၊ဤနှစ်ယောက်သောသူတို့တွင် အဘယ်သူအား ပုဏ္ဏားတို့သည် သေသူအကျိုးငှါ ကျွေးသော(ကုဿိုး)ထမင်း မင်္ဂလာထမင်း ယဇ်ပူဇော်သောထမင်း ဧည့်သည်အကျိုးငှါ ပြုအပ်သော ထမင်းတို့ကို ရှေးဦးစွာ ကျွေးကုန်ရာသနည်း ဟု (မေးတော်မူ၏)။ အသျှင်ဂေါတမ ဝေဒကျမ်းကို

http://www.dhammadownload.com



သရဇ္ဈာယ်တတ်သော ဝေဒကျမ်းကို ဆောင်ထားသော လုလင်အား ပုဏ္ဏားတို့သည် သေသူအကျိုးငှါ ကျွေးသော(ကုဗ္ဘိး)ထမင်း မင်္ဂလာထမင်း ယဇ်ပူဇော်သောထမင်း ဧည့်သည်အကျိုးငှါ ပြုအပ်သော ထမင်းတို့ကို ရှေးဦးစွာ ကျွေးကုန်ရာပါ၏၊ အသျှင်ဂေါတမ ထိုစကားသည် မှန်၏၊ ဝေဒကျမ်းကို မသရဇ္ဈာယ်တတ်သော ဝေဒကျမ်းကို ဆောင်မထားသောသူ၌ ကျွေးမွေးခြင်းသည် အဘယ်မှာ အကျိုးများပါအံ့နည်း ဟု (လျှောက်၏)။

အဿလာယန ထိုအရာကို သင်အဘယ်သို့ မှတ်ထင်သနည်း၊ ဤလောက၌ တဝမ်းတည်းပေါက် ညီအစ်ကို နှစ်ယောက်တို့ ရှိကုန်ရာ၏၊ တယောက်သောသူသည် ဝေဒကျမ်းကို သရဇ္ဈာယ်တတ်၏၊ ဝေဒကျမ်းကို ဆောင်ထား၏၊သီလမရှိ၊ ယုတ်မာသော အကျင့်ရှိ၏၊ တယောက်သောသူသည် ဝေဒကျမ်းကို မသရဇ္ဈာယ်၊ ဝေဒကျမ်းကို ဆောင်မထား၊ သီလရှိ၏၊ ကောင်းမြတ်သော ကိုယ်ကျင့်တရားရှိ၏၊ ဤနှစ်ယောက်တို့တွင် အဘယ်သူအား ပုဏ္ဏားတို့သည် သေသူအကျိုးငှါ ကျွေးသော(ကုဗ္ဘိး) ထမင်း မင်္ဂလာထမင်း ယဇ်ပူဇော်သောထမင်း ဧည့်သည်အကျိုးငှါ ပြုထားသော ထမင်းတို့ကို ရှေးဦးစွာ ကျွေးမွေးကုန်ရာသနည်း ဟု (မေးတော်မူ၏)။အသျှင်ဂေါတမ ဝေဒကျမ်းကို မသရဇ္ဈာယ်တတ်သော ဝေဒကျမ်းကို ဆောင်မထားသော သီလရှိသော ကောင်းမြတ်သော ကိုယ်ကျင့်တရားရှိသော လုလင်အား ပုဏ္ဏားတို့သည် သေသူအကျိုးငှါ ကျွေးသော (ကုဗ္ဘိး)ထမင်း မင်္ဂလာထမင်း ယဇ်ပူဇော်သောထမင်း ဧည့်သည်အကျိုးငှါ ပြုထားသော ထမင်းတို့ကို ရှေးဦးစွာ ကျွေးရာပါ၏၊ အသျှင်ဂေါတမ ထိုစကား မှန်၏၊ သီလမရှိ ယုတ်မာသော အကျင့်ရှိသောသူအား ပေးလှူခြင်းသည် အဘယ်မှာ အကျိုးများပါအံ့နည်းဟု (လျှောက်၏)။

အဿလာယန သင်သည် ရှေးဦးစွာ ဇာတ်အမျိုးကို လိုက်၏၊ဇာတ်အမျိုးကို လိုက်ပြီးနောက် ဝေဒကျမ်းတို့ကို လိုက်၏၊ ဝေဒကျမ်းတို့ကို လိုက်ပြီးနောက် အကျင့်ကို လိုက်၏၊ အကျင့်ကို လိုက်ပြီးနောက် ငါပညတ်သော အမျိုးလေးပါးတို့၏စင်ကြယ်ခြင်းကို တဖန် လိုက်ပြန်၏ဟု (မိန့်တော်မူ၏)။ ဤသို့ မိန့်တော်မူသော် အဿလာယနလုလင်သည် ဆိတ်ဆိတ်ဖြစ်လျက် မျက်နှာမလှဖြစ်လျက် လည်ကုပ်ကျိုးလျက် အောက်သို့ မျက်နှာချကာ ကြံမှိုင်လျက် စကားဆိုခြင်းမရှိသည် ဖြစ်၍နေ၏။

၄၁၀။ ထိုအခါ မြတ်စွာဘုရားသည် အဿလာယနလုလင်ကို ဆိတ်ဆိတ်ဖြစ်လျက် မျက်နှာမလှဖြစ်လျက် လည်ကုပ်ကျိုးလျက် အောက်သို့ မျက်နှာချကာ ကြံမှိုင်လျက် စကားမဆိုသည်ကို သိတော်မူ၍ ဤစကားကို မိန့်တော်မူ၏—အဿလာယန ရှေးကဖြစ်ဘူးသည်ကား တောကြီးအတွင်း သစ်ရွက်မိုးကျောင်း၌ ကောင်းစွာတိုင်ပင်နေကြသော ပုဏ္ဏားမျိုးရသေ့ခုနစ်ယောက်တို့အား "ပုဏ္ဏားမျိုးသည်သာ မြတ်၏၊ တပါးသော အမျိုးသည် ယုတ်၏။ပ။ ဗြဟ္မာ၏အမွေခံတို့ ဖြစ်ကုန်၏" ဟု ဤသို့သဘောရှိသော ယုတ်မာသော အယူသည် ဖြစ်၏။

အဿလာယန မည်းနက်သော ဒေဝလရသေ့သည် "တောကြီးအတွင်း သစ်ရွက်မိုးကျောင်း၌ ကောင်းစွာ တိုင်ပင်နေကြသော ပုဏ္ဏားမျိုးရသေ့ခုနစ်ယောက်တို့အား 'ပုဏ္ဏားမျိုးသည်သာ မြတ်၏၊ တပါးသော အမျိုးသည် ယုတ်၏၊ပ။ ဗြဟ္မာ၏အမွေခံ တို့ ဖြစ်ကုန်၏' ဟု ဤသို့ သဘောရှိသော ယုတ်မာသော အယူသည် ဖြစ်သတတ်" ဟု ကြားသိလေ၏။ အဿလာယန ထိုအခါ မည်းနက်သော ဒေဝလရသေ့သည် ဆံမုတ်ဆိတ်ကို ရိတ်၍ မောင်းသော အဆင်းရှိကုန်သော ပုဆိုးတို့ကို ဝတ်ရုံကာ အထပ်ထပ်သော ဘိနပ်ကို စီးလျက် ငွေဖြင့်ပြီးသော တောင်ဝှေးတို့ကို ကိုင်ပြီးလျှင် ပုဏ္ဏားမျိုးရသေ့ ခုနစ်ယောက်တို့၏ သစ်ရွက်မိုး ကျောင်းပရိဝုဏ်၌ ထင်ရှားဖြစ်လေ၏။ အဿလာယန

http://www.dhammadownload.com



ထိုအခါ မည်းနက်သော ဒေဝလရသေ့သည် ပုဏ္ဏားမျိုး ရသေ့ခုနစ်ယောက်တို့၏ သစ်ရွက်မိုးကျောင်းပရိဝုဏ်၌ စကြံသွားလျက် "အသျှင်တို့ ဤပုဏ္ဏားမျိုး ရသေ့တို့သည် ယခု အဘယ်သို့ သွားကြကုန်သနည်း၊ အသျှင်တို့ ဤပုဏ္ဏားမျိုး ရသေ့တို့သည် ယခု အဘယ်သို့ သွားကြကုန်သနည်း" ဟု ဆိုလေ၏။

အဿလာယန ထိုအခါ ပုဏ္ဏားမျိုး ရသေ့ခုနစ်ယောက်တို့အား "ပုဏ္ဏားမျိုး ရသေ့ခုနစ်ယောက်တို့၏ သစ်ရွက်မိုးကျောင်းပရိဝုဏ်၌ ရွာသူသားယယ်ကဲ့သို့ စကြံသွားလျက် 'အသျှင်တို့ ဤပုဏ္ဏားမျိုးရသေ့တို့သည် ယခုအဘယ်သို့ သွားကြကုန်သနည်း၊ အသျှင်တို့ ဤပုဏ္ဏားမျိုး ရသေ့တို့သည် ယခု အဘယ်သို့ သွားကြကုန်သနည်း'ဟု ဆိုနေသည်ကား အဘယ်သူနည်း၊ယခု ငါတို့သည် ထိုသူကို ကျိန်ဆဲကုန်အံ့" ဟု အကြံဖြစ်၏။ အဿလာယန ထိုအခါ ပုဏ္ဏားမျိုး ရသေ့ခုနစ်ယောက်တို့သည် မည်းနက်သော ဒေဝလရသေ့ကို "သူယုတ် ပြာဖြစ်လေလော့၊ သူယုတ် ပြာဖြစ်လေလော့"ဟု ကျိန်ဆဲကြကုန်၏။ အဿလာယန ပုဏ္ဏားမျိုး ရသေ့ခုနစ်ယောက်တို့ ကျိန်ဆဲတိုင်း ကျိန်ဆဲတိုင်း မည်းနက်သော ဒေဝလရသေ့သည် အထူးသဖြင့် အဆင်းလှ၏၊ အထူးသဖြင့် ရှုချင်ဖွယ်ရှိ၏၊ အထူးသဖြင့် ကြည်ညိုဖွယ်လည်း ရှိ၏။

အဿလာယန ထိုအခါ ပုဏ္ဏားမျိုး ရသေ့ခုနစ်ယောက်တို့အား "ငါတို့၏ အကျင့်ကား အချည်းနှီး ဖြစ်စွတကား၊ ငါတို့၏ မြတ်သောအကျင့်သည် အကျိုးမရှိလေစွတကား၊ငါတို့သည် ရှေးအခါက 'သူယုတ် ပြာ ဖြစ်လေလော့၊ သူယုတ် ပြာဖြစ်လေလော့'ဟုကျိန်ဆဲသော သူအချို့သည် ပြာဖြစ်၏။ ဤရသေ့ကား ငါတို့ ကျိန်ဆဲတိုင်း ကျိန်ဆဲတိုင်း အထူးသဖြင့် အလွန်အဆင်းလှ၏၊ အထူးသဖြင့် ရှုချင်ဖွယ်ရှိ၏၊ အထူးသဖြင့် ကြည်ညိုဖွယ်လည်း ရှိ၏" ဟု အကြံသည်ဖြစ်၏။ အသျှင်ရသေ့တို့၏ အကျင့်သည် အချည်းနှီးမဟုတ်၊ မြတ်သောအကျင့်သည် အကျိုးမရှိသည် မဟုတ်၊ အသျှင်တို့ ငါ၌ စိတ်ပြစ်မှားခြင်းကို စွန့်ကြကုန်လော့ ဟု (ဆို၏)။စိတ်ပြစ်မှားခြင်းကို ငါတို့ စွန့်ပါကုန်၏၊ အသျှင်သည် အဘယ်သူဖြစ်ပါသနည်း ဟု (မေးကုန်၏)။ "မည်းနက်သော ဒေဝလရသေ့"ဟူ၍ အသျှင်တို့ ကြားဘူးသည် မဟုတ်လော ဟု (ဆို၏)။ အသျှင် ကြားဘူးပါ၏ ဟု (ဆိုကြကုန်၏)။ အသျှင်တို့ ထိုအကျွန်ုပ်သည် ဒေဝလရသေ့ ဖြစ်၏ ဟု (ဆို၏)။ အဿလာယန ထိုအခါ ပုဏ္ဏားမျိုး ရသေ့ခုနစ်ယောက်တို့သည် မည်းနက်သော ဒေဝလရသေ့ကို ရှိခိုးရန် အားထုတ်ကြကုန်၏။

၄၁၁။ အဿလာယန ထိုအခါ မည်းနက်သော ဒေဝလရသေ့သည် ခုနစ်ယောက်ကုန်သောပုဏ္ဏားမျိုးရသေ့တို့ကို "အချင်းတို့ တောကြီးအတွင်း သစ်ရွက်မိုးသော ကျောင်း၌ ကောင်းစွာ တိုင်ပင်နေကြသော ပုဏ္ဏားမျိုးရသေ့ခုနစ်ယောက်တို့အား 'ပုဏ္ဏားမျိုးသည်သာ မြတ်၏၊ အခြားအမျိုးသည် ယုတ်၏၊ ပုဏ္ဏားမျိုးသည်သာ ဖြူစင်၏၊ အခြားအမျိုးသည် မည်းနက်၏၊ ပုဏ္ဏားတို့သည်သာ စင်ကြယ်ကုန်၏၊ ပုဏ္ဏားမဟုတ်သူတို့သည် မစင်ကြယ်ကုန်၊ ပုဏ္ဏားတို့သည်သာ ဗြဟ္မာ၏ သားရင်းတို့ ဖြစ်ကုန်၏၊ ခံတွင်းမှ ပေါက်ဖွားလာသူများ ဖြစ်ကုန်၏၊ ဗြဟ္မာမှ ပေါက်ဖွားသူတို့ ဖြစ်ကုန်၏၊ ဗြဟ္မာဖန်ဆင်းထားသူများဖြစ်ကုန်၏၊ ဗြဟ္မာ၏ အမွေခံတို့ ဖြစ်ကြကုန်၏'ဟု ဤသို့ သဘောရှိသော ယုတ်မာသော အယူဝါဒသည် ဖြစ်၏"ဟူသော အကြောင်းကို အကျွန်ုပ်ကြားရ၏ဟု ဤစကားကို ပြောဆို၏။ အသျှင် မှန်ပါ၏ (ဟုဆိုကြကုန်၏)။

အသျှင်တို့သည် "အမိသည် ပုဏ္ဏားမျိုးယောကျာ်းကိုသာ သံဝါသပြု၏၊ ပုဏ္ဏားမျိုးမဟုတ်သော ယောကျာ်းကို သံဝါသမပြု"ဟု သိကြပါကုန်၏လော ဟု (မေး၏)။ အသျှင် မသိကြပါကုန် (ဟု ဆိုကြကုန်၏)။

http://www.dhammadownload.com



အချင်းတို့ အဖွားသည် ခုနစ်ဆက်မြောက်ဖြစ်သော အဖွားတိုင်အောင် ပုဏ္ဏားမျိုး ယောကျ်ားကိုသာ သံဝါသပြု၏၊ ပုဏ္ဏားမျိုးမဟုတ်သော ယောကျ်ားကို သံဝါသမပြုဟု သိကြပါကုန်၏လောဟု (မေး၏)။ အသျှင် မသိကြပါကုန် (ဟု ဆိုကြကုန်၏)။

အချင်းတို့ အဖသည် ပုဏ္ဏေးမကိုသာ သံဝါသပြု၏၊ ပုဏ္ဏေးမ မဟုတ်သူကို သံဝါသမပြုဟု သိကြပါကုန်၏လော ဟု (မေး၏)။ အသျှင် မသိကြပါကုန် (ဟု ဆိုကြကုန်၏)။

အချင်းတို့ အဖိုးသည် ခုနစ်ဆက်မြောက်ဖြစ်သော အဖိုးတိုင်အောင် ပုဏ္ဏေးမကိုသာ သံဝါသပြု၏၊ ပုဏ္ဏေးမ မဟုတ်သူကို သံဝါသမပြု ဟု သိကြပါကုန်၏လောဟု(မေး၏)။ အသျှင် မသိကြပါကုန် (ဟု ဆိုကြကုန်၏)။

အချင်းတို့ ကိုယ်ဝန်တည်ပုံ အခြင်းအရာကို သိကြကုန်၏လော ဟု (မေး၏)။ အသျှင် အကျွန်ုပ်တို့သည် ကိုယ်ဝန်တည်ပုံ အခြင်းအရာကို သိကြကုန်၏၊ ဤလောက၌ မိဖတို့သည်လည်း သံဝါသပြုသောအားဖြင့် ပေါင်းဆုံကြကုန်၏၊ အမိသည်လည်း ဥတုပန်းပွင့်ဆဲဖြစ်၏၊ ရောက်အပ်သော သတ္တဝါသည်လည်း ရှေးရှုတည်၏၊ ဤသို့ သုံးပါးကုန်သော အကြောင်းတို့၏ စည်းဝေးမိခြင်းကြောင့် ကိုယ်ဝန်၏ သက်ဝင်၍ တည်ခြင်းသည် ဖြစ်ပါ၏ (ဟု ဆိုကြကုန်၏)။

အချင်းတို့ ထိုရောက်လာဝင်စားမည့် သတ္တဝါငယ်လေးသည် မင်းတည်းဟူ၍ရင်း ပုဏ္ဏားတည်းဟူ၍ရင်း ကုန်သည်တည်းဟူ၍ရင်း သူဆင်းရဲတည်း ဟူ၍ရင်း သိကြပါကုန်၏လော ဟု (မေး၏)။ အသျှင် ထိုဝင်စားမည့် သတ္တဝါကလေးသည် မင်းတည်းဟူ၍ရင်း ပုဏ္ဏားတည်းဟူ၍ရင်း ကုန်သည်တည်းဟူ၍ရင်း သူဆင်းရဲတည်းဟူ၍ရင်း အကျွန်ုပ်တို့ မသိနိုင်ကြပါ (ဟုဆိုကြကုန်၏)။ အချင်းတို့ ဤသို့ဖြစ်သည်ရှိသော် "အသင်တို့သည် အဘယ်သူတို့ ဖြစ်ကြကုန်၏" ဟု သိကြကုန်၏လော ဟု (မေး၏)။ အသျှင် ဤသို့ဖြစ်သည်ရှိသော် "အကျွန်ုပ်တို့သည် အဘယ်သူတို့ ဖြစ်ကြကုန်၏" ဟု မသိကြပါကုန် ဟု (ဆိုကြကုန်၏)။ အဿလာယန ထိုမည်းနက်သော ဒေဝလရသေ့က ဤမိမိ၏ ဇာတ် အမျိုးဝါဒ၌ မေးစိစစ်အပ်ကုန်သည်ရှိသော် အယူ၌ တည်စေအပ်ကုန်သည်ရှိသော် အယူကို ပြောဆိုအပ်ကုန်သည်ရှိသော် ထိုခုနစ်ယောက်ကုန်သော ပုဏ္ဏားမျိုးရသေ့တို့သည် ပြည့်စုံစွာ မဖြေကြားနိုင်ကြကုန်။ ယခုအခါ ငါက မိမိ၏ ဇာတ်အမျိုး ဝါဒ၌ မေးစိစစ်အပ်သည်ရှိသော် အယူ၌ တည်စေအပ်သည်ရှိသော် အယူကို ပြောဆိုအပ်သည်ရှိသော် သင်သည် အဘယ်မှာ ပြည့်ပြည့်စုံစုံ ဖြေကြားနိုင်လတ္တံ့နည်း၊ သင်သည် သင့်ဆရာနှင့်တကွ ယင်းခုနစ်ယောက်သော ရသေ့တို့၏ ယောက်မကိုင် ပုဏ္ဏားကိုမျှ မမှီသေး ဟု (မိန့်တော်မူ၏)။

ဤသို့ မိန့်တော်မူအပ်သည်ရှိသော် အဿလာယနလုလင်သည် မြတ်စွာဘုရားကို "အသျှင်ဂေါတမ နှစ်သက်ဖွယ်ရှိပါပေစွ။ပ။အသျှင်ဂေါတမသည် အကျွန်ုပ်ကို ယနေ့မှ အစပြု၍ အသက်ရှည်သမျှကာလပတ်လုံး ကိုးကွယ်ဆည်းကပ်ခြင်းသို့ရောက်သော ဥပါသကာဒါယကာ ဟူ၍ မှတ်တော်မူပါလော့"ဟု လျှောက်၏။

သုံးခုမြောက် အဿလာယနသုတ် ပြီး၏။

http://www.dhammadownload.com



## ၄-ဃောဋမုခသုတ်

၄၁၂။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ အသျှင်ဥဒေနသည် ဗာရာဏသီပြည် ခေမိယသရက်ဥယျာဉ်၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ ဃောဋမုခ အမည်ရှိသော ပုဏ္ဏားသည် ဗာရာဏသီပြည်သို့ တစုံတခုသော ပြုဖွယ်ကိစ္စဖြင့် ရောက်လာ၏။ ထိုအခါ ဃောဋမုခပုဏ္ဏားသည် အညောင်းပြေ လမ်းလျှောက် လှည့်လည်သည်ရှိသော် ခေမိယသရက်ဥယျာဉ်သို့ ရောက်လာလေ၏၊ ထိုအခါ အသျှင်ဥဒေနသည် လှမ်းတီးခေါင်း၌ စင်္ကြံသွားနေ၏။ ဃောဋမုခပုဏ္ဏားသည် အသျှင်ဥဒေနထံသို့ ချဉ်းကပ်ပြီးလျှင် အသျှင်ဥဒေနနှင့် အတူ ဝမ်းမြောက် ဝမ်းသာ နှုတ်ဆက်ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆိုပြီးဆုံးစေပြီးနောက် စင်္ကြံသွားသော အသျှင်ဥဒေနသို့ အတုလိုက်၍ စင်္ကြံသွားကာ "အသျှင်ရဟန်း တရားစောင့်သောရဟန်းသည် မရှိ ဟု အကျွန်ုပ်အား ဤသို့သော အယူဖြစ်ပါ၏၊ ထိုသို့ ဖြစ်ခြင်းသည်လည်း အသျှင်ကဲ့သို့သော ပုဂ္ဂိုလ်တို့အား မဖူးမြင်ရခြင်းကြောင့် ၎င်း တရားသဘောကို မမြင်သောကြောင့်၎င်း ဖြစ်ပါ၏"ဟု လျှောက်၏။

ဤသို့လျှောက်သည်ရှိသော် အသျှင်ဥဒေနသည် စင်္ကြံမှ သက်ဆင်း၍ ကျောင်းသို့ဝင်ကာ ခင်းထားသောနေရာ၌ ထိုင်၏၊ ဃောဋမုခပုဏ္ဏားသည်လည်း စင်္ကြံမှ သက်ဆင်း၍ ကျောင်းသို့ ဝင်ကာ သင့်လျော်ရာ၌ ရပ်တည်၏၊ သင့်လျော်ရာ၌ ရပ်တည်နေသော ဃောဋမုခပုဏ္ဏားကို၊ အသျှင်ဥဒေနသည် "ပုဏ္ဏား နေရာတို့သည် ရှိပါကုန်၏၊ အကယ်၍ အလိုရှိမူ နေထိုင်ပါလော့" ဟု ဆို၏။ အကျွန်ုပ်တို့သည် အသျှင်ဥဒေန၏ ထိုဘိတ်ကြားချက်ကိုသာလျှင် ဆိုင်းငံ့လျက် နေပါကုန်၏၊ အဘယ့်ကြောင့် အကျွန်ုပ်ကဲ့သို့သော သူသည် မဘိတ်ပဲ နေရာ၌ ရှေးဦးစွာ နေသင့်၏ဟု အောက်မေ့နိုင်ပါအံ့နည်း ဟု (လျှောက်၏)။ ထို့နောက် ဃောဋမုခပုဏ္ဏားသည် နိမ့်သော ထိုင်စရာ တခုကို ယူ၍ တခုသောအရပ်၌ ထိုင်နေ၏၊ တခုသော အရပ်၌ ထိုင်ပြီးသော ဃောဋမုခပုဏ္ဏား သည် အသျှင်ဥဒေနကို "အသျှင်ရဟန်း တရားစောင့်သော ရဟန်းသည် မရှိဟု အကျွန်ုပ်အား ဤသို့သောအယူ ဖြစ်ပါ၏၊ ထိုသို့ဖြစ်ခြင်းသည်လည်း အသျှင်ကဲ့သို့သော ပုဂ္ဂိုလ်တို့အား မဖူးမြင် ရခြင်းကြောင့်၎င်း တရားသဘောကို မမြင်သောကြောင့်၎င်း ဖြစ်ပါ၏"ဟု လျှောက်၏။

ပုဏ္ဏား သင်သည် ငါ့အား ခွင့်ပြုသင့်သည်ကို ခွင့်ပြုငြားအံ့၊တားမြစ်သင့်သည်ကိုလည်း တား မြစ်ငြားအံ့၊ ငါဆိုသောစကား၏ အဓိပ္ပါယ်ကို မသိမူ ငါ့ကိုသာလျှင် "အသျှင်ဥဒေန ဤစကားကား အဘယ်သို့ပါနည်း၊ ဤစကား၏ အနက်အဓိပ္ပါယ်ကား အဘယ်သို့ပါနည်း"ဟု ထဆင့်တက်၍ မေးမြန်းငြားအံ့၊ ဤသို့ဖြစ်လျှင် ဤအရာ၌ ငါတို့အား စကားပြောဆိုမှု ဖြစ်ရာ၏ ဟု (ဆို၏)။ အကျွန်ုပ်သည် အသျှင်ဥဒေနအား ခွင့်ပြုသင့်သည်ကို ခွင့်ပြုပါအံ့၊ တားမြစ်သင့်သည်ကိုလည်း တားမြစ်ပါအံ့၊ အကျွန်ုပ်သည် အသျှင်ဥဒေနပြောကြားသော စကား၏အဓိပ္ပါယ်ကို မသိမူ အသျှင် ဥဒေနကို သာလျှင်"အသျှင်ဥဒေန ဤစကားကား အဘယ်သို့ပါနည်း၊ ဤစကား၏ အနက်အဓိပ္ပါယ် ကား အဘယ်ပါနည်း" ဟု တဆင့်တက်၍ မေးမြန်းပါအံ့၊ ဤအတိုင်းပင် ဤအရာ၌ အကျွန်ုပ်တို့၏ စကားပြောဆိုခြင်းသည် ဖြစ်ပါစေလော့ ဟု (ဆို၏)။

၄၁၃။ ပုဏ္ဏား လောက၌ ဤပုဂ္ဂိုလ်လေးမျိုးတို့သည် ထင်ရှားရှိကုန်၏၊ အဘယ်လေးမျိုးတို့ နည်းဟူမူ—

http://www.dhammadownload.com



(၁) ပုဏ္ဏား ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် မိမိကိုယ်ကို ပူပန်ဆင်းရဲစေတတ်၏၊ မိမိကိုယ်ကို ပူပန်ဆင်းရဲစေမှုကို အဖန်တလဲလဲ ပြုကျင့်အားထုတ်၏။

(၂) ပုဏ္ဏား ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် သူတပါးကို ပူပန်ဆင်းရဲစေတတ်၏၊ သူတပါးကို ပူပန်ဆင်းရဲစေမှုကို အဖန်တလဲလဲ ပြုကျင့်အားထုတ်၏။

(၃) ပုဏ္ဏား ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် မိမိကိုယ်ကိုလည်း ပူပန်ဆင်းရဲစေတတ်၏၊ မိမိကိုယ်ကို ပူပန်ဆင်းရဲစေမှုကိုလည်း အဖန်တလဲလဲ ပြုကျင့်အားထုတ်၏၊ သူတပါးကိုလည်း ပူပန်ဆင်းရဲစေတတ်၏၊ သူတပါးကို ပူပန်ဆင်းရဲစေမှုကိုလည်း အဖန်တလဲလဲ ပြုကျင့်အားထုတ်၏။

(၄) ပုဏ္ဏား ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် မိမိကိုယ်ကို ပူပန်ဆင်းရဲစေတတ်သူလည်း မဟုတ်၊ မိမိကိုယ်ကို ပူပန်ဆင်းရဲစေမှုကို အဖန်တလဲလဲ ပြုကျင့်အားထုတ်သူလည်းမဟုတ်၊ သူတပါးကို ပူပန်ဆင်းရဲစေတတ်သူလည်းမဟုတ်၊ သူတပါးကို ပူပန်ဆင်းရဲစေမှုကို အဖန်တလဲလဲ ပြုကျင့်အားထုတ်သူလည်းမဟုတ်၊ ထိုသူသည် မိမိကိုယ်ကိုလည်း မပူပန် မဆင်းရဲစေတတ်၊ သူတပါးကိုလည်း မပူပန် မဆင်းရဲစေတတ်သည်ဖြစ်၍ မျက်မှောက်သော ကိုယ်၏အဖြစ်၌သာလျှင် ကိလေသာ ဆာလောင်မွတ်သိပ်မှု မရှိသည် ငြိမ်းချမ်းသည် အေးမြသည် ချမ်းသာသုခကို ခံစားရသည် ဖြစ်၍ မြတ်သော ကိုယ်ဖြင့် နေထိုင်ရ၏။ ပုဏ္ဏား ဤပုဂ္ဂိုလ်လေးမျိုးတို့တွင် အဘယ်ပုဂ္ဂိုလ်သည် သင်၏စိတ်ကို နှစ်သိမ့်စေဘိသနည်း ဟု (မိန့်ဆိုတော်မူ၏)။

အသျှင်ဥဒေန မိမိကိုယ်ကို ပူပန်ဆင်းရဲစေတတ်၍ မိမိကိုယ်ကို ပူပန်ဆင်းရဲစေမှုကို အဖန်တလဲလဲ ပြုကျင့်အားထုတ်သော သူသည်လည်း အကျွန်ုပ်၏စိတ်ကို မနှစ်သိမ့်စေနိုင်ပါ။ အသျှင်ဥဒေန သူတပါးကို ပူပန်ဆင်းရဲစေတတ်၍ သူတပါးကို ပူပန်ဆင်းရဲစေမှုကို အဖန်တလဲလဲ ပြုကျင့်အားထုတ်သောသူသည်လည်း အကျွန်ုပ်၏စိတ်ကို မနှစ်သိမ့်စေနိုင်ပါ။ အသျှင်ဥဒေန မိမိကိုယ်ကို ပူပန်ဆင်းရဲစေတတ်၍ မိမိကိုယ်ကို ပူပန်ဆင်းရဲစေမှုကို အဖန်တလဲလဲ ပြုကျင့်အားထုတ်သူ ဖြစ်သည့်ပြင် သူတပါးကို ပူပန်ဆင်းရဲစေတတ်၍ သူတပါးကို ပူပန်ဆင်းရဲစေမှုကို အဖန်တလဲလဲ ပြုကျင့်အားထုတ်သောသူသည်လည်း အကျွန်ုပ်၏စိတ်ကို မနှစ်သိမ့်စေနိုင်ပါ။

အသျှင်ဥဒေန မိမိကိုယ်ကိုလည်း မပူပန် မဆင်းရဲစေတတ်ပဲ မိမိကိုယ်ကို ပူပန်ဆင်းရဲစေမှုကို အဖန်တလဲလဲ ပြုကျင့်အားထုတ်သူလည်း မဟုတ်သည့်ပြင် သူတပါးကိုလည်း မပူပန် မဆင်းရဲစေတတ်ပဲ သူတပါး ပူပန်ဆင်းရဲစေမှုကို အဖန်တလဲလဲ ပြုကျင့်အားထုတ်သူ မဟုတ်သော ပုဂ္ဂိုလ်သည်သာလျှင် မိမိကိုယ်ကိုလည်း မပူပန် မဆင်းရဲစေတတ်ပဲ သူတပါးကိုလည်း မပူပန်မဆင်းရဲစေတတ်သည်ဖြစ်၍ မျက်မှောက်သော ကိုယ်၏ အဖြစ်၌သာလျှင် ကိလေသာ ဆာလောင် မွတ်သိပ်မှုမရှိသည် ငြိမ်းချမ်းသည် အေးမြသည် ချမ်းသာသုခကို ခံစားရသည်ဖြစ်၍ မြတ်သောကိုယ်ဖြင့် နေထိုင်ရ၏၊ ဤပုဂ္ဂိုလ်သည်သာလျှင် အကျွန်ုပ်၏ စိတ်ကို နှစ်သိမ့်စေနိုင်ပါသည် ဟု (လျှောက်၏)။

ပုဏ္ဏား ဤပုဂ္ဂိုလ်သုံးယောက်တို့သည် အဘယ့်ကြောင့် သင့်စိတ်ကို မနှစ်သိမ့်စေနိုင်ဘိသနည်း ဟု (မေးတော်မူ၏)။ အသျှင်ဥဒေန မိမိကိုယ်ကို ပူပန်ဆင်းရဲစေတတ်၍ မိမိကိုယ်ကို ပူပန်ဆင်းရဲစေမှုကို အဖန်တလဲလဲ ပြုကျင့်အားထုတ်သော သူသည် ချမ်းသာကို အလိုရှိသော ဆင်းရဲကို စက်ဆုပ်သော မိမိကိုယ်ကို ပူပန်ဆင်းရဲစေပါ၏၊ အဖန်တလဲလဲ ပူပန်ဆင်းရဲစေပါ၏၊ ဤအကြောင်းကြောင့် ဤပုဂ္ဂိုလ်သည် အကျွန်ုပ်၏ စိတ်ကို မနှစ်သိမ့်စေနိုင်ပါ။

http://www.dhammadownload.com



အသျှင်ဥဒေန သူတပါးကို ပူပန်ဆင်းရဲစေတတ်၍ သူတပါးကို ပူပန်ဆင်းရဲစေမှုကို အဖန်တလဲလဲ ပြုကျင့်အားထုတ်သောသူသည်လည်း ချမ်းသာကို အလိုရှိသော ဆင်းရဲကို စက်ဆုပ်သော သူတပါးကို ပူပန်ဆင်းရဲစေပါ၏၊ အဖန်တလဲလဲ ပူပန်ဆင်းရဲစေပါ၏၊ ဤအကြောင်းကြောင့် ဤပုဂ္ဂိုလ်သည် အကျွန်ုပ်၏ စိတ်ကို မနှစ်သိမ့်စေနိုင်ပါ။

အသျှင်ဥဒေန မိမိကိုယ်ကိုလည်း ပူပန်ဆင်းရဲစေတတ်၍ မိမိကိုယ်ကို ပူပန်ဆင်းရဲစေမှုကို အဖန်တလဲလဲ ပြုကျင့်အားထုတ်သော သူတပါးကိုလည်း ပူပန်ဆင်းရဲစေတတ်၍ သူတပါးကို ပူပန်ဆင်းရဲစေမှုကို အဖန်တလဲလဲ ပြုကျင့်အားထုတ်သော သူသည်လည်း ချမ်းသာကို အလိုရှိသော ဆင်းရဲကို စက်ဆုပ်သော မိမိကိုယ်ကိုရင်း သူတပါးကိုရင်း ပူပန်ဆင်းရဲစေပါ၏၊ အဖန်တလဲလဲ ပူပန်ဆင်းရဲစေပါ၏၊ ဤအကြောင်းကြောင့် ဤပုဂ္ဂိုလ်သည် အကျွန်ုပ်၏စိတ်ကို မနှစ်သိမ့်စေနိုင်ပါ။

အသျှင်ဥဒေန မိမိကိုယ်ကိုလည်း မပူပန်မဆင်းရဲစေတတ်ပဲ မိမိကိုယ်ကို ပူပန်ဆင်းရဲစေမှုကို အဖန်တလဲလဲ ပြုကျင့်အားထုတ်သူလည်း မဟုတ်သည့်ပြင် သူတပါးကိုလည်း မပူပန် မဆင်းရဲစေတတ်ပဲ သူတပါး ပူပန်ဆင်းရဲစေမှုကို အဖန်တလဲလဲ ပြုကျင့်အားထုတ်သူ မဟုတ်သော ပုဂ္ဂိုလ်သည်ကား မိမိကိုယ်ကိုလည်း မပူပန် မဆင်းရဲစေတတ်၊ သူတပါးကိုလည်း မပူပန် မဆင်းရဲစေတတ်သည်ဖြစ်၍ မျက်မှောက်သော ကိုယ်၏အဖြစ်၌သာလျှင် ကိလေသာ ဆာလောင်မွတ်သိပ်ခြင်း မရှိသည် ငြိမ်းချမ်းသည် အေးမြသည် ချမ်းသာသုခကို ခံစားရသည်ဖြစ်၍ မြတ်သော ကိုယ်ဖြင့် နေထိုင်ရ၏၊ ထိုသူသည် ချမ်းသာကို လိုလားသော ဆင်းရဲကို စက်ဆုပ်သော မိမိကိုယ်ကိုရင်း သူတပါးကိုရင်း ပူပန်စေသူမဟုတ်၊ ဆင်းရဲစေသူမဟုတ်ပါ၊ ဤအကြောင်းကြောင့် ဤသို့သော ပုဂ္ဂိုလ်သည် အကျွန်ုပ်၏ စိတ်ကို နှစ်သိမ့်စေပါ၏ဟု (လျှောက်၏)။

၄၁၄။ ပုဏ္ဏား ပရိသတ်တို့သည် ဤနှစ်ပါးတို့တည်း။ အဘယ်နှစ်ပါးတို့နည်းဟူမူ—ပုဏ္ဏား ဤလောက၌ အချို့သော ပရိသတ်သည် ပတ္တမြားနားတောင်းတို့၌ ပြင်းစွာတပ်ခြင်းဖြင့် တပ်နှစ်သက်ကုန်သည်ဖြစ်၍ သားမယား ကျွန်မိန်းမ ကျွန်ယောကျ်ား လယ်ယာ ရွှေငွေတို့ကို ရှာမှီး၏။

ပုဏ္ဏား ဤလောက၌ အချို့သော ပရိသတ်သည် ပတ္တမြားနားတောင်းတို့၌ ပြင်းစွာ တပ်ခြင်းဖြင့် မတပ်မနှစ်သက်ကုန်သည်ဖြစ်၍ သားမယား ကျွန်မိန်းမ ကျွန်ယောကျ်ား လယ်ယာရွှေငွေတို့ကိုပယ်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၏။

ပုဏ္ဏား ထိုပုဂ္ဂိုလ်သည် မိမိကိုယ်ကို ပူပန်ဆင်းရဲစေတတ်သူလည်း မဟုတ်၊ မိမိကိုယ်ကို ပူပန်ဆင်းရဲစေမှုကို အဖန်တလဲလဲ ပြုကျင့်အားထုတ်သူလည်းမဟုတ်၊ သူတပါးကို ပူပန်ဆင်းရဲစေတတ်သူလည်း မဟုတ်၊ သူတပါးကို ပူပန်ဆင်းရဲစေမှုကို အဖန်တလဲလဲ ပြုကျင့်အားထုတ်သူလည်း မဟုတ်၊ ထိုသူသည် မိမိကိုယ်ကိုလည်း မပူပန် မဆင်းရဲစေတတ်၊ သူတပါးကိုလည်း မပူပန် မဆင်းရဲစေတတ်သည်ဖြစ်၍ မျက်မှောက်သော ကိုယ်၏အဖြစ်၌သာလျှင် ကိလေသာ မွတ်သိပ်မှုမရှိသည် ငြိမ်းချမ်းသည် အေးမြသည် ချမ်းသာသုခကို ခံစားရသည်ဖြစ်၍ မြတ်သောကိုယ်ဖြင့် နေထိုင်ရ၏။

ပုဏ္ဏား ပရိသတ်တမျိုးသည်ကား ပတ္တမြားနားတောင်းတို့၌ ပြင်းစွာတပ်ခြင်းဖြင့် တပ်နှစ်သက်သည်ဖြစ်၍ သားမယား ကျွန်မိန်းမ ကျွန်ယောကျ်ား လယ်ယာ ရွှေငွေတို့ကို ရှာမှီး၏၊ ပရိသတ်တမျိုးသည်ကား ပတ္တမြားနားတောင်းတို့၌ ပြင်းစွာ တပ်ခြင်းဖြင့် မတပ်မနှစ်သက်သည်ဖြစ်၍ သားမယား ကျွန်မိန်းမ ကျွန်ယောကျ်ား လယ်ယာ ရွှေငွေတို့ကို ပယ်စွန့်၍ လူ့ဘောင်မှ ရဟန်း

http://www.dhammadownload.com



ဘောင်၌ ရဟန်းပြု၏၊ ဤ ပရိသတ်နှစ်မျိုးတို့တွင် အဘယ်ပရိသတ်၌ သင်သည် အများဆုံး မြင်ပါသနည်း ဟု(မေး၏)။

အသျှင်ဥဒေန မိမိကိုယ်ကိုလည်း မပူပန် မဆင်းရဲစေတတ်ပဲ မိမိကိုယ်ကို ပူပန်ဆင်းရဲစေမှုကို အဖန်တလဲလဲ ပြုကျင့်အားထုတ်သူလည်း မဟုတ်သည့်ပြင် သူတပါးကိုလည်း မပူပန်မဆင်းရဲစေတတ်ပဲ သူတပါး ပူပန်ဆင်းရဲစေမှုကို အဖန်တလဲလဲ ပြုကျင့်အားထုတ်သူ မဟုတ်သော ပုဂ္ဂိုလ်သည် သာလျှင် မိမိကိုယ်ကိုလည်း မပူပန် မဆင်းရဲစေတတ်ပဲ သူတပါးကိုလည်း မပူပန် မဆင်းရဲစေတတ်သည်ဖြစ်၍ မျက်မှောက်သော ကိုယ်၏အဖြစ်၌သာလျှင် ကိလေသာ မွတ်သိပ်မှုမရှိသည် ငြိမ်းချမ်းသည် အေးမြသည် ချမ်းသာသုခကို ခံစားရသည်ဖြစ်၍ မြတ်သောကိုယ်ဖြင့် နေထိုင်ရ၏။ အကျွန်ုပ်သည် ပဏ္ဍမြားနားတောင်းတို့၌ ပြင်းစွာ တပ်ခြင်းဖြင့် တပ်နှစ်သက်ခြင်းမရှိ၊ သားမယား ကျွန်မိန်းမ ကျွန်ယောကျာ်း လယ်ယာရွှေငွေကိုပယ်၍. လူ့ဘောင်မှ ရဟန်းဘောင်၌ ရဟန်းပြုသော ဤပုဂ္ဂိုလ်ပရိသတ်၌ အများဆုံး မြင်ရပါ၏ဟု (လျှောက်၏)။

ပုဏ္ဏား ယခုအခါ၌သာလျှင် "အသျှင်ရဟန်း ရဟန်းတရားစောင့်သော ရဟန်းသည် မရှိ၊ ဤသို့အကျွန်ုပ်မှာ ဤအယူသည် ဖြစ်ပါ၏၊ ထိုသို့ဖြစ်ခြင်းသည် အသျှင်ကဲ့သို့သော သဘောရှိသော ရဟန်းတို့ကို မတွေ့မြင်ရသောကြောင့်ငှင်း တရားသဘောကို မမြင်သောကြောင့်ငှင်း ဖြစ်ပါ၏"ဟု သင်ပြောဆိုသော စကားကို ငါတို့ သိကြရကုန်၏ ဟု (ဆို၏)။ အသျှင်ဥဒေန ထိုစကားကို စင်စစ်အကြောင်းနှင့်တကွ ပြောဆိုခဲ့ပါ၏၊ တရားစောင့်သော ရဟန်းသည် ရှိ၏၊ အကျွန်ုပ်မှာ ဤသို့ အယူဖြစ်ပါ၏ဟူ၍သာလျှင် အကျွန်ုပ်တို့ကို အသျှင်ဥဒေနသည် မှတ်တော်မူပါလော့၊ အသျှင်ဥဒေနသည် အကျွန်ုပ်အား လေးယောက်သော ပုဂ္ဂိုလ်တို့ကို အကျယ်အားဖြင့် မဝေဖန်ပဲ အကျဉ်း ဟောထားပါ၏၊ အသျှင်ဥဒေနသည် အကျွန်ုပ်အား အစဉ်သနားသည်ကို အကြောင်းပြု၍ ဤ လေးယောက်သော ပုဂ္ဂိုလ်တို့ကို အကျယ်အားဖြင့် ဝေဖန်ပြပါလော့ ဟု (လျှောက်၏)။ ပုဏ္ဏား သို့ဖြစ်ပါမူ နားထောင်လော့၊ ကောင်းစွာ နှလုံးသွင်းလေလော့၊ ဟောပေအံ့ဟု (မိန့်ဆိုတော်မူ၏)။ အသျှင်ဘုရား ကောင်းပါပြီ ဟူ၍သာလျှင် ဃောဋမုခပုဏ္ဏားသည် အသျှင်ဥဒေနအား ပြန်ကြား လျှောက်ထား၏။ အသျှင်ဥဒေနသည် ဤစကားကို မိန့်ဆိုတော်မူ၏—

၄၁၅။ ပုဏ္ဏား မိမိကိုယ်ကို ပူပန်ဆင်းရဲစေတတ်သော မိမိကိုယ်ကို ပူပန်ဆင်းရဲစေမှုကို အဖန်တလဲလဲ ပြုကျင့်အားထုတ်သော ပုဂ္ဂိုလ်သည် အဘယ်နည်းဟူမူ—ပုဏ္ဏား ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် အဝတ်မဝတ်ပဲ နေ၏၊ လူ့အကျင့်ကို စွန့်၍ (ရပ်လျက် ကျင်ကြီး ကျင်ငယ် စွန့်ခြင်း စသည်ကို)ကျင့်၏၊ လက်ဖြင့် (မစင်ကို) သုတ်၏၊ အသျှင် လာလော့ဆိုသူ၏ဆွမ်းကို မခံ၊ အသျှင် ရပ်လော့ ဆိုသူ၏ဆွမ်းကို မခံ၊ ရှေးရှုဆောင်လာသော ဆွမ်းကို မခံ၊ ရည်စူး၍ ပြုသော ဆွမ်းကို မခံ၊ ပင့်ဖိတ်(ဆွမ်းကို) မခံ၊ အိုးဝမှ (ခူးဆွမ်းကို) မခံ၊ တောင်းဝမှ(ခူးဆွမ်းကို) မခံ၊ တံခါးခုံခြား၍ (လှူသောဆွမ်းကို) မခံ၊ တုတ်ခြား၍(လှူသောဆွမ်းကို) မခံ၊ ကျည်ပွေ့ခြား၍ (လှူသောဆွမ်းကို)မခံ၊ နှစ်ယောက်စားစဉ် (လှူသောဆွမ်းကို) မခံ၊ ကိုယ်ဝန်ဆောင် မိန်းမ (လှူသောဆွမ်းကို) မခံ၊ နို့တိုက်ဆဲ မိန်းမလှူသော (ဆွမ်းကို) မခံ၊ ယောကျာ်းနှင့် နှီးနှော နေသော မိန်းမ၏(ဆွမ်းကို) မခံ၊ ဆော်ဩ၍(လှူသောဆွမ်းကို) မခံ၊ခွေးမျှော်ရာ (ဆွမ်းကို) မခံ၊ ယင်အုံရာ(ဆွမ်းကို) မခံ၊ ငါးမစား၊ အမဲမစား၊ သေမသောက်၊ အရက်မသောက်၊ ဖွဲ့၍မြုပ်သော ဆေးရည်ကို မသောက်၊ တအိမ်၌သာ ဆွမ်းခံ၏၊တလုပ်သာ စား၏၊ နှစ်အိမ်၌သာ ဆွမ်းခံ၏၊ နှစ်လုပ်

http://www.dhammadownload.com



သာ စား၏။ပ။ခုနစ်အိမ်၌သာ ဆွမ်းခံ၏၊ ခုနစ်လုပ်သာ စား၏၊ ခွက်ငယ်တခုဖြင့်လည်း မျှောင့်ရဲ၏၊ ခွက်ငယ်နှစ်ခုဖြင့်လည်း မျှောင့်ရဲ၏။ပ။ ခွက်ငယ်ခုနစ်ခုဖြင့်လည်း မျှောင့်ရဲ၏၊ တရက်ခြားလည်း အစာစား၏၊ နှစ်ရက်ခြားလည်း အစာစား၏။ပ။ ခုနစ်ရက်ခြားလည်း အစာစား၏၊ ဤနည်းဖြင့် ဤသို့သဘောရှိသော လဝက်တကြိမ် အစာစာခြင်း အကျင့်ကို ကျင့်၍နေ၏။

ထိုပုဂ္ဂိုလ်သည် ဟင်းရွက်စိမ်းကိုသော်လည်း စား၏၊ဆန့်စိမ်းကိုသော်လည်း စား၏၊ မြက်သီးဆန်ကိုသော်လည်း စား၏၊ သားရေဖတ်ကိုသော်လည်း စား၏၊မှော်ကိုသော်လည်း စား၏၊ ဆန်ကွဲကိုသော်လည်း စား၏၊ ထမင်းချိုးကိုသော်လည်း စား၏၊ နှမ်းမှုန့်ညက်ကိုသော်လည်း စား၏၊ မြက်ကိုသော်လည်း စား၏၊ နွားချေးကိုသော်လည်း စား၏၊ တောသစ်မြစ် သစ်သီးလျှင် အစာရှိသည်ဖြစ်၍ ကြွေကျသော သစ်သီးကို စားလေ့ရှိ၏၊ ထိုပုဂ္ဂိုလ်သည် ပိုက်ဆံလျှော်၊ အဝတ်တို့ကိုသော်လည်း ဆောင်၏၊ ပိုက်ဆံလျှော်ဖြင့် ရောနှောရက်သော အဝတ်တို့ကိုသော်လည်း ဆောင်၏၊ သူသေကောင် အဝတ်တို့ကိုသော်လည်း ဆောင်၏၊ ပံသုကူအဝတ်တို့ကိုသော်လည်း ဆောင်၏၊ သစ်ခေါက်အဝတ်တို့ကိုသော်လည်း ဆောင်၏၊ သစ်နက်ရေကိုသော်လည်း ဆောင်၏၊ သစ်နက်ရေမျှင် အဝတ်ကိုသော်လည်း ဆောင်၏၊ သမန်းမြက်အဝတ်ကိုသော်လည်း ဆောင်၏၊ လျှော်တေအဝတ်ကိုသော်လည်း ဆောင်၏၊ ပျဉ်ချပ်အဝတ်ကိုသော်လည်း ဆောင်၏၊ ဆံခြည်ကမ္ဗလာကိုသော်လည်း ဆောင်၏၊ သားမြီးကမ္ဗလာကိုသော်လည်း ဆောင်၏၊ ခင်ပုပ်ငှက်တောင် အဝတ်ကိုသော်လည်း ဆောင်၏၊ ဆံမုတ်ဆိတ်ကိုသော်လည်း နုတ်၏၊ ဆံမုတ်ဆိတ် နုတ်ခြင်းအမှုကိုသော်လည်း ပြုနေ၏၊နေရာကိုပယ်၍ မတ်မတ်ရပ်၍သော်လည်း နေ၏၊ဆောင့်ကြောင့်သော်လည်း ထိုင်၏၊ ဆောင့်ကြောင့်ထိုင်ခြင်း အမှုကိုသော်လည်း ပြုနေ၏၊ ဆူးအခင်းပေါ်၌သော်လည်း နေ၏၊ ဆူးအခင်းပေါ်၌ အိပ်၏။ ညနေချမ်းလျှင် သုံးကြိမ်မြောက် ရေသို့ သက်ဆင်းခြင်း အမှုကိုသော်လည်း ပြုနေ၏။ ဤဆိုအပ်ပြီးသော နည်းဖြင့် ဤသို့သဘောရှိသော များစွာသော ကိုယ်ခန္ဓာကို ပူပန်စေမှု အဖန်ဖန် ဆင်းရဲစေမှုကို အားထုတ်သည်ဖြစ်၍ နေထိုင်၏။ ပုဏ္ဏား ဤပုဂ္ဂိုလ်ကို မိမိကိုယ်ကို ပူပန်ဆင်းရဲစေတတ်သော မိမိကိုယ်ကို ပူပန်ဆင်းရဲစေမှုကို အဖန်တလဲလဲ ပြုကျင့်အားထုတ်တတ်သော ပုဂ္ဂိုလ်ဟူ၍ ဆိုရ၏။

၄၁၆။ ပုဏ္ဏား သူတပါးကို ပူပန်ဆင်းရဲစေတတ်သော သူတပါးကို ပူပန်ဆင်းရဲစေမှုကို အဖန်တလဲလဲ ပြုကျင့်အားထုတ်သော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်းဟူမူ—ပုဏ္ဏား ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် သိုးသတ်သမားဖြစ်၏၊ ဝက်သတ်သမားဖြစ်၏၊ ငှက်သတ်သမားဖြစ်၏၊သားသတ်သမားဖြစ်၏၊ ကြမ်းကြုတ်၏၊ တံငါသည်ဖြစ်၏၊ ခိုးသူဖြစ်၏၊ ခိုးသူသတ်သမားဖြစ်၏၊ နွားသတ်သမားဖြစ်၏၊ ထောင်ပိုင် အာဏာမှူး အာဏာသားဖြစ်၏၊ ထိုမှတပါး ကြမ်းကြုတ်သောအမှုတို့ကို ပြုလုပ်သူအားလုံးတည်း။ ပုဏ္ဏား ဤပုဂ္ဂိုလ်မျိုးကို သူတပါးကို ပူပန်ဆင်းရဲစေတတ်သော သူတပါးကို ပူပန်ဆင်းရဲစေမှုကို၊ အဖန်တလဲလဲ ပြုကျင့်အားထုတ်သော ပုဂ္ဂိုလ်ဟူ၍ ဆိုရ၏။

၄၁၇။ ပုဏ္ဏား မိမိကိုယ်ကို ပူပန်ဆင်းရဲစေတတ်သည်ဖြစ်၍ မိမိကိုယ်ကို ပူပန်ဆင်းရဲစေမှုကို အဖန်တလဲလဲ ပြုကျင့်အားထုတ်သူ ဖြစ်သည့်ပြင် သူတပါးကိုလည်း ပူပန်ဆင်းရဲစေတတ်သည်ဖြစ်၍ သူတပါးကို ပူပန်ဆင်းရဲစေမှုကို အဖန်တလဲလဲ ပြုကျင့်အားထုတ်သော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်းဟူမူ—ပုဏ္ဏား ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ထိပ်ထက်၌ မင်းအဘိသိက် သွန်းလောင်းအပ်သော ဘုရင်မင်းမြတ်သော်လည်း ဖြစ်၏၊ များစွာသော ဥစ္စာနှစ်ရှိသော ပြဟ္မာမျိုး ပုဏ္ဏားသော်

http://www.dhammadownload.com



လည်း ဖြစ်၏၊ ထိုသို့သဘောရှိသော ပုဂ္ဂိုလ်မျိုးသည် မြို့၏အရှေ့မျက်နှာအရပ်၌ ယဇ်ပူဇော်ရာ အိမ်သစ်ကို ဆောက်လုပ်စေ၍ ဆံမုတ်ဆိတ်ကို ရိတ်ပယ်ပြီးလျှင် ခွါနှင့်တကွသော သစ်နက်ရေကို ဝတ်ရုံပြီးနောက် ထောပတ်ဆီတို့ဖြင့် ကိုယ်ကို သုတ်လိမ်း၍ သားကောင်ဦးချိုဖြင့် ကျောက်ကုန်းကို အယားဖျောက်လျက် မိဖုရားကြီး ပုရောဟိတ်ပုဏ္ဏားကြီးတို့နှင့် အတူ ထိုယဇ်ပူဇော်ရာ အိမ်သစ်သို့ ဝင်ကြ၏၊ ထိုမင်းသည် ထိုယဇ်ပူဇော်ရာ အိမ်သစ်၌ အခင်းမရှိသော စိုသော နွားချေးဖြင့် လိမ်းကျံထားသော မြေကြီး၌ အိပ်၏၊ အဆင်းအရောင်အားဖြင့် အမိနှင့်တူသော သားငယ်ရှိသော တကောင်သော နွားမ၏ နို့တတိုင်မှ ထွက်သော နို့ရည်ဖြင့် မင်းသည် မျှတ၏၊ ဒုတိယနို့တိုင်မှ ထွက်သော နို့ရည်ဖြင့် မိဖုရားကြီးသည် မျှတ၏၊ တတိယနို့တိုင်မှထွက်သော နို့ရည်ဖြင့် ပုရောဟိတ်ပုဏ္ဏားသည် မျှတ၏၊ စတုတ္ထနို့တိုင်မှ ထွက်သော နို့ရည်ဖြင့် မီးကို ပူဇော်၏၊ ကြွင်းကျန်သော နို့ရည်ဖြင့် နွားငယ်သည် မျှတရ၏။ ထိုမင်းသည် ဤသို့ မိန့်ဆို၏—

“ယဇ်ပူဇော်ခြင်း အကျိုးငှါ ဤမျှသော နွားလားတို့ကို သတ်ကြကုန်လော့၊ ယဇ်ပူဇော်ခြင်း အကျိုးငှါ ဤမျှလောက်ကုန်သော နွားပေါက်တို့ကို သတ်ကြကုန်လော့၊ ယဇ်ပူဇော်ခြင်းအကျိုးငှါ ဤမျှလောက်ကုန်သော နွားမတမ်းတို့ကို သတ်ကြကုန်လော့၊ ယဇ်ပူဇော်ခြင်းအကျိုးငှါ ဤမျှလောက်ကုန်သော ဆိတ်တို့ကို သတ်ကြကုန်လော့၊ ယဇ်ပူဇော်ခြင်း အကျိုးငှါ ဤမျှလောက်ကုန်သော သိုးတို့ကို သတ်ကြကုန်လော့၊ ယဇ်ပူဇော်ခြင်းအကျိုးငှါ ဤမျှလောက်ကုန်သော မြင်းတို့ကို သတ်ကြကုန်လော့၊ ယဇ်တိုင်အလို့ငှါ ဤမျှလောက်ကုန်သော သစ်ပင်တို့ကို ခုတ်ဖြတ်ကြကုန်လော့၊ အကာအရံ ပြုခြင်း ယဇ်မြေပြင်၌ ခင်းခြင်းအလို့ငှါ ဤမျှလောက်ကုန်သော မြေဇာမြက်တို့ကို ရိတ်ကြကုန်လော့” ဟု (မိန့်ဆို၏)။ ထိုမင်း၏ ကျေးကျွန် အစေအပါး အလုပ်သမားတို့သည်လည်း အပြစ်ဒဏ်ဖြင့် အခြိမ်းအချောက် ခံကြရကုန်သည်ဖြစ်၍ မျက်ရည်ဖြင့် ပြည့်သော မျက်နှာရှိကြကုန်လျက် ငိုကြွေးကြကုန်လျက် အမှုကြီးငယ်တို့ကို ပြုလုပ်ကြကုန်၏။ ပုဏ္ဏား ဤပုဂ္ဂိုလ်မျိုးကို မိမိကိုယ်ကို ပူပန်ဆင်းရဲစေတတ်သည်ဖြစ်၍ မိမိကိုယ်ကို ပူပန်ဆင်းရဲစေမှုကို အဖန်တလဲလဲ ပြုကျင့်အားထုတ်သူ ဖြစ်သည့်ပြင် သူတပါးကိုလည်း ပူပန်ဆင်းရဲစေတတ်သည်ဖြစ်၍ သူတပါးကို ပူပန်ဆင်းရဲစေမှုကို အဖန်တလဲလဲ ပြုကျင့်အားထုတ်သော ပုဂ္ဂိုလ်ဟူ၍ ဆိုရ၏။

၄၃၈။ ပုဏ္ဏား မိမိကိုယ်ကို ပူပန်ဆင်းရဲစေတတ်သူ မဟုတ်သည့်ပြင် မိမိကိုယ်ကို ပူပန်ဆင်းရဲစေမှုကို အဖန်တလဲလဲ ပြုကျင့်အားထုတ်သူ မဟုတ်သည်သာမက သူတပါးကို ပူပန်ဆင်းရဲစေတတ်သူ မဟုတ်သည့်ပြင် သူတပါးကို ပူပန်ဆင်းရဲစေမှုကို အဖန်တလဲလဲ ပြုကျင့်အားမထုတ်သော ပုဂ္ဂိုလ်မျိုး ဖြစ်သော မိမိကိုယ်ကိုလည်း မပူပန် မဆင်းရဲစေတတ် သူတပါးကိုလည်း မပူပန် မဆင်းရဲစေတတ်သော သူဖြစ်၍ မျက်မှောက်အတ္တဘော၌သာလျှင် ကိလေသာ ဆာလောင်မွတ်သိပ်မှု မရှိသည် ငြိမ်းချမ်းသည် အေးမြသည် ချမ်းသာသုခကို ခံစားရသည်ဖြစ်၍ မြတ်သောကိုယ်ဖြင့် နေထိုင်ရသော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်းဟူမူ—

ပုဏ္ဏား ဤလောက၌ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော အသိဉာဏ် ‘ဝိဇ္ဇာ’အကျင့်‘စရဏ’နှင့် ပြည့်စုံတော်မူသော ကောင်းသော စကားကို ဆိုတော်မူတတ်သော လောကကို သိတော်မူသော ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ လွန်မြတ်သော ပုဂ္ဂိုလ်ဖြစ်တော်မူသော နတ်လူတို့၏ ဆရာဖြစ်တော်မူသော(သစ္စာလေးပါး တရားတို့ကို)ကိုယ်တိုင်သိ၍ သူတပါးကို သိစေတော်မူသော ဘုန်းတန်ခိုး ကြီးတော်မူသော မြတ်စွာ

http://www.dhammadownload.com



ဘုရားသည် ပွင့်တော်မူ၏၊ ထိုမြတ်စွာဘုရားသည် နတ်နှင့်တကွသော မာရ်နတ်နှင့်တကွသော ဗြဟ္မာနှင့်တကွသော ဤဩကာသလောကကိုလည်းကောင်း သမဏဗြာဟ္မဏနှင့်တကွသော မင်းများ လူများနှင့်တကွသော ဤသတ္တလောကကိုလည်းကောင်း ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက် ပြုလျက် ဟောကြားတော်မူ၏၊ ထိုမြတ်စွာဘုရားသည် အစ၏ကောင်းခြင်း အလယ်၏ကောင်းခြင်း အဆုံး၏ကောင်းခြင်းရှိသော အနက်နှင့် ပြည့်စုံသော သဒ္ဒါနှင့် ပြည့်စုံသော တရားကို ဟောတော်မူ၏၊ အလုံးစုံ ပြည့်စုံသော စင်ကြယ်သော မြတ်သောအကျင့်ကို ပြတော်မူ၏။

ထိုတရားတော်ကို သူကြွယ်သည်လည်းကောင်း သူကြွယ်သားသည်လည်းကောင်း အခြားဇာတ်တမျိုးမျိုး၌ ဖြစ်သောသူသည်လည်းကောင်း ကြားနာရ၏၊ ထိုသူသည် ထိုတရားတော်ကို ကြားနာရ၍ မြတ်စွာဘုရား၌ ယုံကြည်မှုကို ရ၏၊ ထိုသူသည် ထိုယုံကြည်မှုကို ရသည်ဖြစ်၍ ဤသို့ ဆင်ခြင်၏— "လူ့ဘောင်၌ နေရခြင်းသည် ကျဉ်းမြောင်း၏၊ (ကိလေသာ) မြူထရာ လမ်းကြောင်းဖြစ်၏၊ ရဟန်းအဖြစ်သည် လွင်ပြင်နှင့်တူ၏၊ လူ့ဘောင်၌နေသူသည် ဤမြတ်သော အကျင့်ကို စင်စစ် ပြည့်စုံစွာ စင်စစ် စင်ကြယ်စွာ ခရုသင်းပွတ်သစ်နှင့်တူစွာ ကျင့်ခြင်းငှါ မလွယ်၊ ငါသည် ဆံမုတ်ဆိတ်ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုးသော အဝတ်တို့ကို ဝတ်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရမူ ကောင်းလေစွ"ဟု (ဆင်ခြင်၏)။

ထိုသူသည် နောင်အခါ၌ နည်းသော ဥစ္စာစုကို စွန့်၍ ဖြစ်စေ များသော ဥစ္စာစုကို စွန့်၍ဖြစ်စေ နည်းသော ဆွေမျိုးစုကို စွန့်၍ ဖြစ်စေ များသော ဆွေမျိုးစုကို စွန့်၍ဖြစ်စေ ဆံမုတ်ဆိတ်ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုးသော အဝတ်တို့ကို ဝတ်ရုံ၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၏။ ထိုသူသည် ဤသို့ ရဟန်းပြုပြီးသည်ရှိသော် ရဟန်းတို့၏ (ရဟန်းကျင့် ရဟန်းသက် ဟူသော) သိက္ခာသာဇီဝသို့ ရောက်သည်ဖြစ်၍ အသက်သတ်ခြင်းကိုပယ်၍ အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏၊ တုတ်ကို ချထားပြီး ဖြစ်၏၊ လက်နက်ကို ချထားပြီးဖြစ်၏၊ ရှက်ခြင်းရှိ၏၊ သနားတတ်၏၊ ခပ်သိမ်းသောသတ္တဝါတို့၏ အစီးအပွါးကို လိုလားလျက်နေ၏။

မပေးသည်ကို ယူခြင်းကို ပယ်၍ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်၏၊ ပေးသည်ကိုသာ ယူ၏။ ပေးသည်ကိုသာ အလိုရှိ၏၊ မခိုးမဝှက် စင်ကြယ်သောကိုယ်ဖြင့် နေ၏။

မမြတ်သော အကျင့်ကို ပယ်၍ မြတ်သောအကျင့်ကို ကျင့်၏၊ ယုတ်သောအကျင့်ကို ကျင့်လေ့မရှိ၊ ရွာသူတို့၏အလေ့ဖြစ်သော မေထုန်အကျင့်မှ ရှောင်ကြဉ်၏။

မဟုတ်မမှန် ပြောခြင်းကို ပယ်၍ မဟုတ်မမှန်ပြောခြင်းမှ ရှောင်ကြဉ်၏၊ အမှန်ကိုသာ ဆိုလေ့ရှိ၏၊ မှန်သောစကားချင်း ဆက်စပ်စေ၏၊ တည်သောစကားရှိ၏၊ ယုံကြည်ထိုက်သော စကားရှိ၏၊ လောကကို လှည့်စားတတ်သူမဟုတ်။

ကုန်းစကားကို ပယ်၍ ကုန်းစကားမှ ရှောင်ကြဉ်၏၊ ဤသူတို့ထံမှ နားထောင်၍ ထိုသူတို့နှင့် ဤသူတို့ ကွဲပြားခြင်းငှါ ထိုသူတို့ထံ၌ မပြောတတ်၊ ထိုသူတို့ထံမှ နားထောင်၍ ဤသူတို့နှင့် ထိုသူတို့ ကွဲပြားခြင်းငှါ ဤသူတို့ထံ၌ မပြောတတ်၊ ဤသို့ ကွဲပြားသူတို့ကိုလည်း စေ့စပ်တတ်၏၊ ညီညွတ်သူတို့ကိုလည်း အားပေးတတ်၏၊ ညီညွတ်ခြင်း၌ မွေ့လျော်၏၊ ညီညွတ်ခြင်း၌ ပျော်ပိုက်၏၊ ညီညွတ်ခြင်းကို နှစ်သက်၏၊ ညီညွတ်ခြင်းကို ပြုသော စကားကို ဆိုလေ့ရှိ၏။

http://www.dhammadownload.com



ကြမ်းထမ်းသောစကားကိုပယ်၍ ကြမ်းထမ်းသောစကားမှ ရှောင်ကြဉ်၏၊ အကြင်စကားသည် အပြစ်ကင်း၏၊ နားချမ်းသာ၏၊ နှစ်လိုဖွယ်ရှိ၏၊ နှလုံးသို့သက်၏၊ ယဉ်ကျေး၏၊ လူအများ နှစ်သက်၏၊ လူအများ နှစ်ခြိုက်၏၊ ထိုသို့သဘောရှိသော စကားကိုသာ ဆို၏။

ပြိန်ဖျင်းသော စကားကို ပယ်၍ ပြိန်ဖျင်းသောစကားမှ ရှောင်ကြဉ်၏၊ (သင့်သော)အခါ၌သာ ဆိုလေ့ရှိ၏၊ ဟုတ်သည်ကိုသာ ဆိုလေ့ရှိ၏၊ အကျိုးနှင့်စပ်သည်ကိုသာ ဆိုလေ့ရှိ၏၊ တရားနှင့်စပ်သည်ကိုသာ ဆိုလေ့ရှိ၏၊ အဆုံးအမနှင့် စပ်သည်ကိုသာ ဆိုလေ့ရှိ၏၊ (သင့်သော)အခါ၌ အကြောင်းနှင့် တကွသော အပိုင်းအခြားရှိသော အစီးအပွါးနှင့်စပ်သော မှတ်သားလောက်သော စကားကိုသာ ဆိုလေ့ရှိ၏။

ထိုပုဂ္ဂိုလ်သည် မျိုးစေ့အပေါင်း အပင်အပေါင်းကို ဖျက်ဆီးခြင်းမှ ရှောင်ကြဉ်၏၊ ဆွမ်းတနပ်သာ စားလေ့ရှိ၏၊ ညစာ စားခြင်းမှ ရှောင်ကြဉ်၏၊ နေလွဲစားခြင်းမှ ရှောင်ကြဉ်၏၊ ကခြင်း သီခြင်း တီးမှုတ်ခြင်း (သူတော်ကောင်းတရား၏)ဆူးငြောင့် ဖြစ်သော ပွဲကြည့်ခြင်းမှ ရှောင်ကြဉ်၏၊ ပန်းပန်ခြင်း နံ့သာခြယ်ခြင်း နံ့သာပျောင်း လိမ်းခြင်းမှ ရှောင်ကြဉ်၏၊ မြင့်သောနေရာ မြတ်သောနေရာမှ ရှောင်ကြဉ်၏၊ ရွှေငွေကို ခံယူခြင်းမှ ရှောင်ကြဉ်၏၊ ကောက်စိမ်းကို ခံယူခြင်းမှ ရှောင်ကြဉ်၏၊ အသားစိမ်းကို ခံယူခြင်းမှ ရှောင်ကြဉ်၏၊ မိန်းမအို မိန်းမပျိုကို ခံယူခြင်းမှ ရှောင်ကြဉ်၏၊ ကျွန်မိန်းမ ကျွန်ယောကျ်ားကို ခံယူခြင်းမှ ရှောင်ကြဉ်၏၊ ဆိတ်နှင့်သိုးကို ခံယူခြင်းမှ ရှောင်ကြဉ်၏၊ ကြက်ဝက်ကို ခံယူခြင်းမှ ရှောင်ကြဉ်၏၊ ဆင် နွား မြင်း မြည်းကို ခံယူခြင်းမှ ရှောင်ကြဉ်၏၊ လယ်နှင့်ယာကို ခံယူခြင်းမှ ရှောင်ကြဉ်၏၊ တမန်အမှု အစေအပါးအမှုကို ဆောင်ရွက်ခြင်းမှ ရှောင်ကြဉ်၏၊ ဝယ်မှု ရောင်းမှုမှ ရှောင်ကြဉ်၏၊ ချိန်စဉ်းလဲ အသပြာစဉ်းလဲ ခြင်တွယ်တိုင်းတာ စဉ်းလဲခြင်းမှ ရှောင်ကြဉ်၏၊ တံစိုးယူခြင်း လှည့်ဖြားခြင်း အတုပြုခြင်းတည်းဟူသော ကောက်ကျစ်ခြင်းမှ ရှောင်ကြဉ်၏၊ ဖြတ်ခြင်း သတ်ခြင်း နှောင်ဖွဲ့ခြင်း (ခရီးသွားတို့ကို)လုယက်ခြင်း (ရွာနိဂုံးတို့ကို)ဖျက်ဆီးခြင်း ဓားပြတိုက်ခြင်းမှ ရှောင်ကြဉ်၏။

ထိုရဟန်းသည် ကိုယ်ကို မျှတစေနိုင်ရုံသော သင်္ကန်းဖြင့် ဝမ်းကို မျှတစေနိုင်ရုံသော ဆွမ်းဖြင့် ရောင့်ရဲ၏၊ ထိုရဟန်းသည် သွားလေရာရာသို့ (ကိုယ်နှင့်အတူပါမြဲ ပရိက္ခရာများသာရှိသဖြင့်) တပါတည်းယူပြီး ဖြစ်၍သာလျှင် သွား၏၊ ဥပမာသော်ကား အတောင်ရှိသော ငှက်သည် ပျံလေရာရာသို့ မိမိအတောင်သာ ဝန်ရှိသည်ဖြစ်၍ ပျံသကဲ့သို့ ဤအတူ ရဟန်းသည် ကိုယ်ကိုမျှတစေနိုင်ရုံသော သင်္ကန်းဖြင့် ဝမ်းကိုမျှတစေနိုင်ရုံသော ဆွမ်းဖြင့် ရောင့်ရဲ၏၊ ထိုရဟန်းသည် သွားလေရာရာသို့ (ကိုယ်နှင့်အတူ ပါမြဲ ပရိက္ခရာများသာ ရှိသဖြင့်) တပါတည်း ယူပြီးဖြစ်၍သာလျှင် သွား၏၊ ထိုရဟန်းသည် ဤမြတ်သော သီလအစုနှင့် ပြည့်စုံသည်ဖြစ်၍ အတွင်းအဇ္ဈတ္တသန္တာန်၌ အပြစ်မရှိသော ချမ်းသာကို ခံစားရ၏။

၄၁၉။ ထိုရဟန်းသည် မျက်စိဖြင့် အဆင်း'ရူပါရုံ'ကိုမြင်သော်(မိန်းမ ယောကျ်ား စသော) သဏ္ဌာန်နိမိတ်ကို စွဲယူလေ့မရှိ၊(လက်ခြေစသော အင်္ဂါ ပြုံးဟန် ရယ်ဟန်စသော အမူအရာ)အမှတ်လက္ခဏာကို စွဲယူလေ့မရှိ၊ အကယ်၍ စက္ခုန္ဒြေကို မစောင့်စည်းပဲ နေလျှင် ယင်း(စက္ခုန္ဒြေဟူသော) အကြောင်းကြောင့် မက်မောခြင်း 'အဘိဇ္ဈာ'နှလုံးမသာခြင်း 'ဒေါမနဿ'ဟူသော ယုတ်မာသော အကုသိုလ်တရားတို့သည် ထိုမစောင့်စည်းသူကို လိုက်၍ နှိပ်စက်ကုန်ရာ၏၊ ထို့ကြောင့် ရဟန်းသည်

http://www.dhammadownload.com



ထိုစက္ခုန္ဒြေကို စောင့်စည်းခြင်းငှါ ကျင့်၏၊စက္ခုန္ဒြေကို စောင့်ရှောက်၏၊စက္ခုန္ဒြေ၌ စောင့်စည်းခြင်းသို့ ရောက်၏။

နားဖြင့် အသံ 'သဒ္ဒါရုံ'ကို ကြားသော်။ပ။နှာခေါင်းဖြင့် အနံ့ 'ဂန္ဓာရုံ'ကို နမ်းသော်။ဇ။လျှာဖြင့် အရသာ 'ရသာရုံ'ကို လျက်သော်။ပ။ ကိုယ်ဖြင့်အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ'ကို တွေ့ထိသော်။ပ။ စိတ်ဖြင့် သဘော 'ဓမ္မာရုံ'ကို သိသော် (မိန်းမ ယောကျ်ား စသော) သဏ္ဌာန်နိမိတ်ကို စွဲယူလေ့မရှိ၊(လက်ခြေစသော အင်္ဂါ ပြုံးဟန် ရယ်ဟန် စသော အမူအရာ)အမှတ်လက္ခဏာကို စွဲယူလေ့မရှိ၊ အကယ်၍ မနိန္ဒြေကို မစောင့်စည်းပဲ နေလျှင် ယင်းမနိန္ဒြေ ဟူသော အကြောင်းကြောင့် မက်မောခြင်း 'အဘိဇ္ဈာ'နှလုံးမသာခြင်း 'ဒေါမနဿ'ဟူသော ယုတ်မာသော အကုသိုလ်တရားတို့သည် ထိုမစောင့်စည်းသူကို လိုက်၍ နှိပ်စက်ကုန်ရာ၏၊ ထို့ကြောင့် ရဟန်းသည် ထိုမနိန္ဒြေကို စောင့်စည်းခြင်းငှါ ကျင့်၏။ မနိန္ဒြေကို စောင့်ရှောက်၏၊ မနိန္ဒြေ၌ စောင့်စည်းခြင်းသို့ ရောက်၏၊ ထို(ရဟန်း)သည် ဤမြတ်သော ဣန္ဒြေကို စောင့်စည်းခြင်းနှင့် ပြည့်စုံသည်ဖြစ်၍ မိမိသန္တာန်၌ (ကိလေသာနှင့် မရောသော) ချမ်းသာကို ခံစား၏။

ထိုရဟန်းသည် ရှေ့သို့တက်ရာ နောက်သို့ ဆုတ်ရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ တူရူကြည့်ရာ တစောင်းကြည့်ရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ ကွေးရာ ဆန့်ရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ ဒုကုဋ် သပိတ်သင်္ကန်းကို ဆောင်ရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏၊စားရာ သောက်ရာ ခဲရာ လျက်ရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ ကျင်ကြီး ကျင်ငယ် စွန့်ရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ သွားရာ ရပ်ရာ ထိုင်ရာ အိပ်ရာ နိုးရာ ပြောရာ ဆိတ်ဆိတ်နေရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏။

ထိုရဟန်းသည် ဤမြတ်သော သီလအစုနှင့်လည်း ပြည့်စုံသည်ဖြစ်၍ (ဤမြတ်သော ရောင့်ရဲခြင်းနှင့်လည်း ပြည့်စုံသည်ဖြစ်၍) ဤမြတ်သော ဣန္ဒြေစောင့်စည်းခြင်းနှင့်လည်း ပြည့်စုံသည်ဖြစ်၍ ဤမြတ်သော သတိသမ္ပဇဉ်နှင့်လည်း ပြည့်စုံသည်ဖြစ်၍ ဆိတ်ငြိမ်သော အိပ်ရာ နေရာကို မှီဝဲ၏၊ တောကို သစ်ပင်ရင်းကို တောင်ကို ချောက်ကို တောင်ခေါင်းကို သင်းချိုင်းကို တောအုပ်ကို လွင်ပြင်ကို ကောက်ရိုးပုံကို (မှီဝဲ၏)။

ထိုရဟန်းသည် ဆွမ်းခံရာမှ ပြန်ခဲ့၍ ဆွမ်းစားပြီးနောက် ထက်ဝယ်ဖွဲ့ခွေပြီးလျှင် ကိုယ်ကို ဖြောင့်မတ်စွာထား၍ ကမ္မဋ္ဌာန်းသို့ ရှေးရှုသတိကို ဖြစ်စေလျက် ထိုင်၏၊ ထိုရဟန်းသည်(ဥပါဒါနက္ခန္ဓာ ငါးပါး တည်းဟူသော) လောက၌ မက်မောခြင်း 'အဘိဇ္ဈာ'ကို ပယ်၍ မက်မောခြင်း 'အဘိဇ္ဈာ'မှ ကင်းသော စိတ်ဖြင့် နေ၏၊ မက်မောခြင်း 'အဘိဇ္ဈာ'မှ စိတ်ကို စင်ကြယ်စေ၏။ ပျက်စီးစေလိုသော ဒေါသကို ပယ်၍ မပျက်စီးစေလိုသော စိတ်ရှိသည်ဖြစ်၍ ခပ်သိမ်းသော သတ္တဝါတို့၏ အစီးအပွားကို လိုလားလျက်နေ၏၊ ပျက်စီးစေလိုသော ဖြစ်မှားမှုမှ စိတ်ကို စင်ကြယ်စေ၏။ လေးလံထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ'ကို ပယ်၍ လေးလံ ထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ'မှ ကင်းသည်ဖြစ်၍ အလင်းရောင်ကို မှတ်ခြင်းရှိသည်ဖြစ်၍ သတိရှိသည် ဖြစ်၍ ဆင်ခြင်ဥာဏ် ရှိသည်ဖြစ်၍ နေ၏၊ လေးလံထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ'မှ စိတ်ကို စင်ကြယ်စေ၏။ ပျံ့လွင့်ခြင်း 'ဥဒ္ဓစ္စ' နောင်တရခြင်း 'ကုက္ကုစ္စ'ကို ပယ်၍ အတွင်းသန္တာန်၌ ငြိမ်သက်သော စိတ်ရှိသည်ဖြစ်၍ မပျံ့လွင့်သည် ဖြစ်၍ နေ၏၊ ပျံ့လွင့်ခြင်း 'ဥဒ္ဓစ္စ'နောင်တရခြင်း 'ကုက္ကုစ္စ'မှ စိတ်ကို စင်ကြယ်စေ၏။ ယုံမှားခြင်း 'ဝိစိကိစ္ဆာ'ကို ပယ်၍ ယုံမှားခြင်း 'ဝိစိကိစ္ဆာ'ကို လွန်မြောက်သည်ဖြစ်၍ ကုသိုလ်တရားတို့၌ သို့လော သို့လော မရှိသည်ဖြစ်၍ နေ၏၊ ယုံမှားခြင်း 'ဝိစိကိစ္ဆာ'မှ စိတ်ကို စင်ကြယ်စေ၏။

http://www.dhammadownload.com



ထိုရဟန်းသည် စိတ်ညစ်ညူးခြင်းကို ဖြစ်စေတတ်ကုန်သော ပညာ၏ အားနည်းခြင်းကိုပြုတတ်ကုန်သော နီဝရဏတရားငါးပါးတို့ကို ပယ်ဖျောက်၍ နေ၏။ ထိုရဟန်းသည် ကာမဂုဏ်တို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်ခြင်း 'ဝိတက်'နှင့် တကွဖြစ်သော သုံးသပ်ဆင်ခြင်ခြင်း 'ဝိစာရ'နှင့်တကွဖြစ်သော နီဝရဏဆိတ်ခြင်းကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ'ရှိသော ပဌမစျာန်သို့ရောက်၍ နေ၏။ ဝိတက် ဝိစာရငြိမ်းခြင်းကြောင့် မိမိသန္တာန်၌ စိတ်ကို ကြည်လင်စေတတ်သော စိတ်၏ တည်ကြည်ခြင်း 'သမာဓိ' ကို ပွါးစေတတ်သော ကြံစည်ခြင်း'ဝိတက်'မရှိသော သုံးသပ်ဆင်ခြင်ခြင်း'ဝိစာရ'မရှိသော တည်ကြည်ခြင်း'သမာဓိ' ကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ'ချမ်းသာခြင်း 'သုခ'ရှိသော ဒုတိယစျာန်သို့ ရောက်၍နေ၏။ နှစ်သိမ့်ခြင်း'ပီတိ'ကိုလည်း မတပ်မက်ခြင်းကြောင့် အောက်မေ့ခြင်း 'သတိ' ဆင်ခြင်ခြင်း 'သမ္ပဇဉ်'နှင့် ပြည့်စုံသည်ဖြစ်၍ လျစ်လျူရှုလျက်နေ၏၊ ချမ်းသာခြင်း 'သုခ'ကိုလည်း ကိုယ်ဖြင့်ခံစား၏၊ အကြင်တတိယစျာန်ကြောင့် ထိုသူ့ကို "လျစ်လျူရှုသူ သတိရှိသူ ချမ်းသာစွာနေလေ့ရှိသူ" ဟု အရိယာပုဂ္ဂိုလ်တို့သည် ပြောကြားကုန်၏၊ ထိုတတိယစျာန်သို့ရောက်၍ နေ၏။ ချမ်းသာဆင်းရဲကို ပယ်ခြင်းကြောင့်၎င်း ရှေးဦးကပင်လျှင် ဝမ်းသာခြင်း နှလုံးမသာခြင်းတို့၏ ချုပ်နှင့်ခြင်းကြောင့်၎င်း ဆင်းရဲချမ်းသာ မရှိသော လျစ်လျူရှုမှု'ဥပေက္ခာ'ကြောင့် ဖြစ်သော သတိ၏စင်ကြယ်ခြင်း ရှိသော စတုတ္ထစျာန်သို့ ရောက်၍ နေ၏။

၄၂၀။ ဤသို့ တည်ကြည်သောစိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်းကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါ အသင့်ဖြစ်လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ထိုရဟန်းသည် ရှေး၌ ဖြစ်ဘူးသော ခန္ဓာအစဉ်ကို အောက်မေ့နိုင်သော 'ပုဗ္ဗေနိဝါသာနုဿတိ'ဉာဏ်အလို့ငှါ စိတ်ကို ရှေးရှုညွတ်စေ၏၊ ထိုရဟန်းသည် များပြားသော ရှေး၌ ဖြစ်ဘူးသော ခန္ဓာအစဉ်ကို အောက်မေ့နိုင်၏။ ဤသည်ကား အဘယ်နည်း၊ တဘဝကိုင်း နှစ်ဘဝတို့ကိုင်း သုံးဘဝတို့ကိုင်း လေးဘဝတို့ကိုင်း ငါးဘဝတို့ကိုင်း ဆယ်ဘဝတို့ကိုင်း ဘဝနှစ်ဆယ်တို့ကိုင်း ဘဝသုံးဆယ်တို့ကိုင်း ဘဝလေးဆယ်တို့ကိုင်း ဘဝငါးဆယ်တို့ကိုင်း ဘဝတရာကိုင်း ဘဝတထောင်ကိုင်း ဘဝတသိန်းကိုင်း များပြားသော ပျက်ကပ်တို့ကိုင်း များပြားသော ဖြစ်ကပ်တို့ကိုင်း များပြားသော ပျက်ကပ် ဖြစ်ကပ်တို့ကိုင်း "ဤမည်သော ဘဝ၌ (ငါသည်) ဤသို့သော အမည်ရှိခဲ့၏၊ ဤသို့သော အနွယ်ရှိခဲ့၏၊ ဤသို့သော အဆင်းရှိခဲ့၏၊ ဤသို့သော အစာရှိခဲ့၏၊ဤသို့သော ချမ်းသာ ဆင်းရဲကို ခံစားခဲ့၏၊ဤသို့သော အသက်အပိုင်းအခြားရှိခဲ့၏၊ ထိုငါသည် ထိုဘဝမှ သေခဲ့၍ ဤမည်သော ဘဝ၌ ဖြစ်ပြန်၏၊ ထိုဘဝ၌လည်း ဤသို့သော အမည်ရှိခဲ့၏၊ ဤသို့သော အနွယ်ရှိခဲ့၏၊ ဤသို့သော အဆင်းရှိခဲ့၏၊ ဤသို့သော အစာရှိခဲ့၏၊ ဤသို့သော ချမ်းသာဆင်းရဲကို ခံစားခဲ့၏၊ ဤသို့သော အသက်အပိုင်းအခြား ရှိခဲ့၏၊ထို(ငါ)သည် ထိုဘဝမှ သေခဲ့၍ ဤဘဝ၌ ဖြစ်ပြန်၏"ဟု ဤသို့ အခြင်းအရာနှင့်တကွ ညွှန်ပြဖွယ် အမည်အနွယ်နှင့်တကွ များပြားသော ရှေး၌ဖြစ်ဘူးသော ခန္ဓာအစဉ်ကို အောက်မေ့၏။

ဤသို့ တည်ကြည်သော စိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်းကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါ အသင့်ဖြစ်လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ထို(ရဟန်း)သည် သတ္တဝါတို့၏ သေခြင်း ဖြစ်ခြင်းကိုသိသော 'စုတူပပါတ' ဉာဏ်အလို့ငှါ စိတ်ကို ရှေးရှုညွတ်စေ၏၊ ထို(ရဟန်း)သည် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန်သော နတ်မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု

http://www.dhammadownload.com



ဉာဏ်ဖြင့် သေဆဲသတ္တဝါ ဖြစ်ပေါ်ဆဲသတ္တဝါ ယုတ်သောသတ္တဝါ မြတ်သောသတ္တဝါ အဆင်းလှသောသတ္တဝါ အဆင်းမလှသောသတ္တဝါ ကောင်းသောလားရာရှိသောသတ္တဝါ မကောင်းသောလားရာရှိသောသတ္တဝါတို့ကို မြင်၏၊ ကံအလျောက် ဖြစ်သော သတ္တဝါတို့ကို သိ၏။

"အချင်းတို့ ဤသတ္တဝါတို့သည် ကိုယ်ဖြင့် ပြုသော မကောင်းသော အကျင့်'ကာယဒုစရိုက်'နှင့် ပြည့်စုံကုန်၏၊ နှုတ်ဖြင့်ပြုသော မကောင်းသောအကျင့် 'ဝစီဒုစရိုက်'နှင့် ပြည့်စုံကုန်၏၊ စိတ်ဖြင့်ပြုသော မကောင်းသော အကျင့် 'မနောဒုစရိုက်'နှင့် ပြည့်စုံကုန်၏၊ အရိယာတို့ကို စွပ်စွဲကုန်၏၊ မှားသောအယူရှိကုန်၏၊ မှားသောအယူဖြင့် ပြုသော ကံရှိကုန်၏၊ ထို(သတ္တဝါ)တို့သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသောလားရာ ဖရိုဖရဲ ပျက်စီး၍ ကျရောက်ရာ ငရဲ၌ ဖြစ်ပေါ်ကုန်၏။ အချင်းတို့ ဤသတ္တဝါတို့သည်ကား ကိုယ်ဖြင့်ပြုသော ကောင်းသောအကျင့်'ကာယသုစရိုက်'နှင့် ပြည့်စုံကုန်၏၊နှုတ်ဖြင့် ပြုသော ကောင်းသောအကျင့် 'ဝစီသုစရိုက်'နှင့် ပြည့်စုံကုန်၏၊ စိတ်ဖြင့် ပြုသော ကောင်းသော အကျင့် 'မနောသုစရိုက်'နှင့် ပြည့်စုံကုန်၏၊ အရိယာတို့ကို စွပ်စွဲခြင်းမှ ကင်းကုန်၏၊မှန်သောအယူရှိကုန်၏၊မှန်သောအယူဖြင့်ပြုသော ကံရှိကုန်၏၊ ထို(သတ္တဝါ)တို့သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသောလားရာ လူ့ပြည် နတ်ပြည် သုဂတိ၌ ဖြစ်ပေါ်ကုန်၏"ဟု ဤသို့လျှင် အထူးသဖြင့် စင်ကြယ်သော လူတို့၏မျက်စိထက် သာလွန်သော နတ်မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု'ဉာဏ်ဖြင့် သေဆဲသတ္တဝါ ဖြစ်ပေါ်ဆဲသတ္တဝါ ယုတ်သောသတ္တဝါ မြတ်သောသတ္တဝါ အဆင်းလှသောသတ္တဝါ အဆင်းမလှသောသတ္တဝါ ကောင်းသောလားရာရှိသောသတ္တဝါ မကောင်းသောလားရာရှိသော သတ္တဝါတို့ကို မြင်၏၊ ကံအလျောက်ဖြစ်သော သတ္တဝါတို့ကို သိ၏။

ဤသို့ တည်ကြည်သောစိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်းကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါ အသင့်ဖြစ်လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ထို(ရဟန်း)သည် အာသဝေါတရားတို့ကို ကုန်စေသော 'အာသဝက္ခယ'ဉာဏ်အလို့ငှါ စိတ်ကို ရှေးရှုညွတ်စေ၏၊ ထို(ရဟန်း)သည် ဤကား ဆင်းရဲ'ဒုက္ခ'ဟု ဟုတ်မှန်သော အတိုင်းသိ၏၊ ဤကား ဆင်းရဲဖြစ်ပေါ်ခြင်း၏ အကြောင်း'သမုဒယ'ဟု ဟုတ်မှန်သော အတိုင်းသိ၏၊ဤကား ဆင်းရဲချုပ်ရာ(နိဗ္ဗာန်)'ဒုက္ခနိရောဓ'ဟု ဟုတ်မှန်သောအတိုင်း သိ၏၊ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်'ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ'ဟု ဟုတ်မှန်သော အတိုင်းသိ၏၊ ဤသည်တို့ကား ယိုစီးခြင်း 'အာသဝ'တို့ဟု ဟုတ်မှန်သော အတိုင်းသိ၏၊ ဤကား ယိုစီးခြင်း'အာသဝ'တို့ ဖြစ်ပေါ်ခြင်း၏ အကြောင်း 'အာသဝသမုဒယ'ဟု ဟုတ်မှန်သောအတိုင်းသိ၏၊ ဤကား ယိုစီးခြင်း'အာသဝ'တို့ ချုပ်ရာ (နိဗ္ဗာန်)'အာသဝနိရောဓ'ဟု ဟုတ်မှန်သောအတိုင်း သိ၏၊ ဤကား အာသဝတို့ ချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့် 'အာသဝနိရောဓဂါမိနီ ပဋိပဒါ'ဟု ဟုတ်မှန်သော အတိုင်းသိ၏၊ ဤသို့ သိသော ဤသို့မြင်သော ထိုရဟန်း၏ စိတ်သည် ကာမာသဝမှလည်း လွတ်မြောက်၏၊ ဘဝါသဝမှလည်း လွတ်မြောက်၏၊ အဝိဇ္ဇာသဝမှလည်း လွတ်မြောက်၏၊ လွတ်မြောက်ပြီးလတ်သော် လွတ်မြောက်ခဲ့လေပြီ ဟု အသိဉာဏ် ဖြစ်ပေါ်၏၊ "ပဋိသန္ဓေနေမှုကုန်ပြီ၊ မြတ်သော အကျင့်ကို ကျင့်သုံးပြီးပြီ၊ (မဂ်)ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ်)ကိစ္စအလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီ"ဟု သိ၏။

ပုဏ္ဏား ဤပုဂ္ဂိုလ်ကို မိမိကိုယ်ကို မပူပန် မဆင်းရဲစေတတ်ပဲ မိမိကိုယ်ကို ပူပန်ဆင်းရဲစေမှုကို အဖန်တလဲလဲ ပြုကျင့်အားထုတ်သူ မဟုတ်သည့်ပြင် သူတပါးကို မပူပန် မဆင်းရဲစေတတ်ပဲ

http://www.dhammadownload.com



သူတပါးကို ပူပန်ဆင်းရဲစေမှုကို အဖန်တလဲလဲ ပြုကျင့်အားထုတ်သူ မဟုတ်သောပုဂ္ဂိုလ်ဖြစ်သည့်ပြင် မိမိကိုယ်ကိုလည်း မပူပန် မဆင်းရဲစေတတ်၊ သူတပါးကိုလည်း မပူပန် မဆင်းရဲစေတတ်သည်ဖြစ်၍ မျက်မှောက်သော ကိုယ်၏ အဖြစ်၌သာလျှင် ကိလေသာ ဆာလောင်မွတ်သိပ်မှု မရှိသည် ငြိမ်းချမ်းသည် အေးမြသည် ချမ်းသာသုခကို ခံစားရသည်ဖြစ်၍ မြတ်သော ကိုယ်ဖြင့် နေထိုင်ရသူဟု ဆိုရ၏ဟု (မိန့်ဆိုတော်မူ၏)။

၄၂၁။ ဤသို့ အသျှင်ဥဒေနက မိန့်ပြုအပ်သည်ရှိသော် ဃောဋမုခပုဏ္ဏားသည် အသျှင်ဥဒေနအား ဤစကားကို လျှောက်၏—"အသျှင်ဥဒေန(တရားတော်သည်)အလွန်နှစ်သက်ဖွယ် ရှိပါပေစွ၊ အသျှင်ဥဒေန (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိပါပေစွ၊ အသျှင်ဥဒေန မှောက်ထားသည်ကို လှန်ဘိသကဲ့သို့ငြင်း ဖုံးလွှမ်းထားသည်ကို ဖွင့်လှစ်ဘိသကဲ့သို့ငြင်း မျက်စိလည်သောသူအားလမ်းမှန်ကို ပြောကြားဘိသကဲ့သို့ငြင်း 'မျက်စိအမြင်ရှိသော သူတို့သည် အဆင်းကို မြင်ကြလိမ့်မည်'ဟု အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ဆောင်ပြဘိသကဲ့သို့ငြင်း ဤအတူသာလျှင် အသျှင်ဥဒေနသည် အကြောင်းအမျိုးမျိုးဖြင့် တရားတော်ကို ပြတော်မူ၏၊ အကျွန်ုပ်တို့သည် အသျှင်ဥဒေနကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သံဃာတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ အသျှင်ဥဒေနသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်သော ဥပါသကာဟူ၍ မှတ်တော်မူပါ"ဟု (လျှောက်၏)။

ပုဏ္ဏား သင်သည် ငါ့ကို ကိုးကွယ်ဆည်းကပ်ခြင်းသို့ မရောက်လေလင့်၊ အကြင်အသျှင်ကို ငါသည် ကိုးကွယ်ဆည်းကပ်ခြင်းသို့ ရောက်၏၊ ထိုအသျှင် မြတ်စွာဘုရားကိုသာလျှင် ကိုးကွယ်ဆည်းကပ်လေလော့ ဟု (ဆို၏)။ အသျှင်ဥဒေန ယခုအခါ အဘယ်အရပ်၌ ပူဇော်အထူးကို ခံတော်မူထိုက်သော(အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုအသျှင်ဂေါတမသည် နေပါသနည်း ဟု (မေးလျှောက်၏)။ ပုဏ္ဏား အမှန်အားဖြင့် ယခုအခါ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် ပရိနိဗ္ဗာန် ပြုတော်မူပြီ ဟု (မိန့်ဆို၏)။

အသျှင်ဥဒေန အကယ်၍ အကျွန်ုပ်တို့သည် ဆယ်ယူဇနာတို့၌ အသျှင်ဂေါတမ မြတ်စွာဘုရား ရှိသည်ကို ကြားသိကုန်ငြားအံ့၊ဆယ်ယူဇနာတို့သို့လည်း အကျွန်ုပ်တို့သည် ပူဇော်အထူးကို ခံတော်မူထိုက်သော(အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုဂေါတမမြတ်စွာဘုရားကို ဖူးမြင်ခြင်းငှါ သွားကြပါကုန်အံ့။

အသျှင်ဥဒေန အကယ်၍မူလည်း အကျွန်ုပ်တို့သည် ယူဇနာ နှစ်ဆယ်တို့၌ ထိုအသျှင်ဂေါတမ မြတ်စွာဘုရား ရှိသည်ကို ကြားသိကုန်ငြားအံ့။ ယူဇနာသုံးဆယ်တို့၌။ယူဇနာလေးဆယ်တို့၌ ယူဇနာငါးဆယ်တို့၌ ထိုအသျှင်ဂေါတမ မြတ်စွာဘုရားရှိသည်ကို ကြားသိကုန်ငြားအံ့၊ (သို့ကြားရပါမူ) ယူဇနာငါးဆယ်တို့ကိုလည်း အကျွန်ုပ်တို့သည် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုအသျှင်ဂေါတမ မြတ်စွာဘုရားကို ဖူးမြင်ခြင်းငှါ သွားကြပါကုန်အံ့။ အသျှင်ဥဒေန ယူဇနာတရာ၌ အကျွန်ုပ်တို့သည် ထိုအသျှင်ဂေါတမ မြတ်စွာဘုရားရှိသည်ကို အကယ်၍ ကြားသိကုန်ငြားအံ့၊ အကျွန်ုပ်တို့သည် ယူဇနာတရာ ခရီးသို့လည်း ပူဇော်အထူးကို ခံတော်မူထိုက်သော(အလုံးစုံသော တရားတို့ကို)ကိုယ်တိုင် မှန်စွာ သိတော်မူသော ထိုအသျှင်ဂေါတမ မြတ်စွာဘုရားကို ဖူးမြင်ခြင်းငှါ သွားကြပါကုန်အံ့။

http://www.dhammadownload.com



အသျှင်ဥဒေန ထိုအသျှင်ဂေါတမ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံတော်မူသောကြောင့် အကျွန်ုပ်တို့သည် ပရိနိဗ္ဗာန်ပြုတော်မူပြီးသည်လည်း ဖြစ်သော ထိုအသျှင်ဂေါတမမြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါကုန်၏၊ တရားတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါကုန်၏၊ ရဟန်းသံဃာတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါကုန်၏၊ အသျှင်ဥဒေနသည် အကျွန်ုပ်ကို ယနေ့ကို အစပြု၍ အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်ခြင်းသို့ ရောက်သော ဥပါသကာ ဟူ၍ မှတ်တော်မူပါလော့။ အသျှင်ဥဒေန အကျွန်ုပ်အား အင်္ဂမင်းက နေ့တိုင်းအမြဲ ထောက်ပံ့ထားသော ရိက္ခာရှိပါ၏၊ ထိုရိက္ခာမှ အကျွန်ုပ်သည် အသျှင်ဥဒေနအား တရက်စာ အမြဲထောက်ပံ့ထားသော ရိက္ခာကို ပေးလှူပါအံ့ ဟု (လျှောက်၏)။

ပုဏ္ဏား သင့်အား အင်္ဂမင်းက နေ့တိုင်း အဘယ်မျှလောက် အမြဲထောက်ပံ့ထားသော ရိက္ခာကို ပေးပါသနည်း ဟု (မေး၏)။ အသျှင်ဥဒေန အသပြာငါးရာတို့ကို ပေးပါ၏ ဟု (လျှောက်၏)။ ပုဏ္ဏား ငါတို့မှာ ရွှေငွေကို ခံယူခြင်းငှါ မအပ် ဟု (မိန့်ဆို၏)။ အသျှင်ဥဒေနမှာ ထိုရွှေငွေသည် အကယ်၍ မအပ်သည်ဖြစ်အံ့၊ အသျှင်ဥဒေန၏အကျိုးငှါ ကျောင်းဆောက်ပါအံ့ဟု (လျှောက်၏)။ ပုဏ္ဏား အကယ်၍ သင်သည် ငါ၏ အကျိုးငှါ ကျောင်းဆောက်လုပ်လိုငြားအံ့၊ ပါဋလိပုတ်ပြည်၌ သံဃာများ၏ စည်းဝေးရာ စရပ်ကို ဆောက်လုပ်လေလော့ ဟု (မိန့်ဆို၏)။ အသျှင်ဥဒေနသည် အကျွန်ုပ်ကို သံဃာ၌ ဒါနကို ဆောက်တည်စေ၏၊ ဤအကြောင်းကြောင့်လည်း အကျွန်ုပ်သည် အသျှင်ဥဒေနအား အတိုင်းထက်အလွန် နှစ်သက်ဝမ်းမြောက်ပါ၏။ အသျှင်ဥဒေန ထိုအကျွန်ုပ်သည် ထိုတနေ့စာ အမြဲထောက်ပံ့ထားသော ရိက္ခာဖြင့်၎င်း တပါးသော အမြဲထောက်ပံ့ထားသော ရိက္ခာဖြင့်၎င်း ပါဋလိပုတ်ပြည်၌ သံဃာ၏စည်းဝေးရာ စရပ်ကို ဆောက်လုပ်စေပါအံ့ဟု (လျှောက်၏)။ ထိုအခါ ဃောဋမုခပုဏ္ဏားသည် ထိုတနေ့စာ အမြဲထောက်ပံ့ထားသော ရိက္ခာဖြင့်၎င်း တပါးသော အမြဲထောက်ပံ့ထားသော ရိက္ခာဖြင့်၎င်း ပါဋလိပုတ်ပြည်၌ သံဃာ၏ စည်းဝေးရန် စရပ်ကို ဆောက်လုပ်စေ၏။ ထိုစရပ်ကို ယခုအခါ ဃောဋမုခီစရပ်ဟူ၍ ဆိုရသတည်း။

လေးခုမြောက် ဃောဋမုခသုတ် ပြီး၏။

---

## ၅-စင်္ကီသုတ်

၄၂၂။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် များစွာသော ရဟန်းသံဃာနှင့်အတူ ကောသလတိုင်း၌ ဒေသစာရီ ကြွချီတော်မူသည်ရှိသော် ဩပါသာဒမည်သော ပုဏ္ဏားရွာဆီသို့ ရောက်လေ၏။ မြတ်စွာဘုရားသည် ထိုဩပါသာဒရွာ မြောက်ဖက်ရှိ နတ်တို့ကို ဗလိနတ်စာ ကျွေးရာ အင်ကြင်းတော၌ (သီတင်းသုံး)နေတော်မူ၏။ ထိုအခါ စင်္ကီမည်သော ပုဏ္ဏားသည် လူစည်ကား၍ ကျက်သရေရှိသည့် ပေါများသော မြက်ထင်းရေတို့နှင့် ပြည့်စုံသော ဆန်စပါးနှင့် ပြည့်စုံသော မင်းမှ ရသည့် စည်းစိမ်ဖြစ်သော ပသေနဒီကောသလမင်းသည် ဆုလာဘ်အဖြစ်ဖြင့် အပိုင်စားပေးထားသော ဩပါသာဒရွာကို အုပ်ချုပ်၍ နေ၏။ ဩပါသာဒရွာသား ပုဏ္ဏားနှင့် အမျိုးသားတို့သည် (ဤသို့) ကြားသိလေကုန်၏ "အချင်းတို့ သာကီဝင်မင်းမျိုးမှ ရဟန်းပြုသော သာကီဝင် မင်းသား ရဟန်းဂေါတမသည် များစွာသော ရဟန်းသံဃာနှင့်အတူ ကောသလတိုင်း၌ ဒေသစာရီ

http://www.dhammadownload.com



ကြွချီတော်မူရာ ဩပါသာဒရွာသို့ ရောက်တော်မူ၍ ဩပါသာဒရွာ၏ မြောက်ဖက်ရှိ နတ်တို့ကို ဗလိနတ်စာ ကျွေးရာ အင်ကြင်းတော၌ (သီတင်းသုံး) နေတော်မူ၏။ ထိုအသျှင်ဂေါတမ၏ ကောင်းသောကျော်စောသတင်းသည် ဤသို့ ပြန့်နှံ့၍ ထွက်၏—

'ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏၊ (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော အကြောင်းကြောင့် လည်း သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏၊ အသိဉာဏ်'ဝိဇ္ဇာ' အကျင့် 'စရဏ' နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏၊ ကောင်းသောစကားကို ဆိုတော်မူတတ် သော အကြောင်းကြောင့်လည်း သုဂတ မည်တော်မူ၏၊ လောကကို သိတော်မူသော အကြောင်း ကြောင့်လည်း လောကဝိဒူ မည်တော်မူ၏၊ ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ် ဖြစ်တော် မူသော အကြောင်းကြောင့်လည်း အနုတ္တရော ပုရိသဒမ္မသာရထိ မည်တော်မူ၏၊ နတ်လူတို့၏ဆရာ ဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါး တရားတို့ကို)သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓမည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော် မူသော အကြောင်းကြောင့်လည်း ဘဂဝါမည်တော်မူ၏' ဟု (ပြန့်နှံ့၍ ထွက်၏)။ ထိုမြတ်စွာဘုရား သည် နတ်နှင့်တကွသော မာရ်နတ်နှင့်တကွသော ဗြဟ္မာနှင့် တကွသော ဤလောကကိုင်း သမဏဗြာဟ္မဏတို့နှင့်တကွသော မင်းများ လူများနှင့်တကွသော သတ္တဝါအပေါင်းကိုင်း ကိုယ်တိုင် ထူးသောဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုလျက် ဟောကြားတော်မူ၏၊ ထိုမြတ်စွာဘုရားသည် အစ၏ ကောင်းခြင်း အလယ်၏ကောင်းခြင်း အဆုံး၏ကောင်းခြင်းရှိသော အနက်နှင့် ပြည့်စုံသော သဒ္ဒါ နှင့် ပြည့်စုံသော တရားကို ဟောတော်မူ၏၊ အလုံးစုံ ပြည့်စုံသော စင်ကြယ်သော မြတ်သော အကျင့် ကို ပြတော်မူ၏၊ ထိုသို့သဘောရှိသော ရဟန္တာ(ပုဂ္ဂိုလ်)တို့ကို ဖူးမြော်ရခြင်းသည် ကောင်းသည် သာတည်း"ဟု (ကြားသိလေကုန်၏)။

၄၂၃။ ထိုစဉ်အခါ၌ ဩပါသာဒရွာနေ ပုဏ္ဏားနှင့် အမျိုးသားတို့သည် ဩပါသာဒရွာမှ အစု လိုက် အအုပ်လိုက် ထွက်ကြပြီးလျှင် တပေါင်းတည်း ဖြစ်ကုန်လျက် မြောက်အရပ်သို့ရှေးရှု နတ်တို့ကို ဗလိနတ်စာ ကျွေးရာ အင်ကြင်းတောသို့ သွားကြကုန်၏။ ထိုစဉ်အခါ၌ စင်္ကီပုဏ္ဏားသည် ပြာသာဒ်ထက်၌ နေ့အချိန် လျောင်းလျက်ရှိ၏၊ ထိုစင်္ကီပုဏ္ဏားသည် ဩပါသာဒရွာမှ အစုလိုက် အအုပ်လိုက် ထွက်ကြပြီးလျှင် တပေါင်းတည်း ဖြစ်ကုန်လျက် မြောက်အရပ်သို့ ရှေးရှု နတ်တို့ကို ဗလိနတ်စာ ကျွေးရာ အင်ကြင်းတောဆီသို့ သွားကြသော ဩပါသာဒရွာနေ ပုဏ္ဏားနှင့် အမျိုး သားတို့ကို မြင်သော် အမတ်အား[၁] ဤသို့မေး၏—"အမတ် ဩပါသာဒရွာနေ ပုဏ္ဏားနှင့် အမျိုးသားတို့သည် ဩပါသာဒရွာမှ အစုလိုက် အအုပ်လိုက် ထွက်ကြပြီးလျှင် တပေါင်းတည်းဖြစ် ကုန်လျက် မြောက်အရပ်သို့ ရှေးရှု နတ်တို့ကို ဗလိနတ်စာကျွေးရာ အင်ကြင်းတောဆီသို့ အဘယ့် ကြောင့် သွားကြကုန်သနည်း"ဟု (မေး၏)။

အသျှင်စင်္ကီ သာကီဝင်မင်းမျိုးမှ ရဟန်းပြုသည့် သာကီဝင်မင်းသား ရဟန်းဂေါတမသည် များစွာသော ရဟန်းသံဃာနှင့်အတူ ကောသလတိုင်း၌ ဒေသစာရီ လှည့်လည်တော်မူရာ ဩပါ သာဒရွာသို့ ရောက်တော်မူ၍ ဩပါသာဒရွာ မြောက်ဖက်ရှိ နတ်တိုကို ဗလိနတ်စာ ကျွေးရာ

---

၁-အတိုင်ပင်ခံအမတ်။

http://www.dhammadownload.com



အင်ကြင်းတော၌ နေပါ၏၊ ထိုအသျှင်ဂေါတမ၏ ကောင်းသော ကျော်စောသတင်းသည် ဤသို့ ပြန့်နှံ့၍ ထွက်ပါ၏-- "ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏၊ (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော အကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓမည်တော်မူ၏၊ အသိဉာဏ်'ဝိဇ္ဇာ' အကျင့် 'စရဏ'နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော အကြောင်းကြောင့်လည်း သုဂတ မည်တော်မူ၏၊ လောကကို သိတော်မူသော အကြောင်းကြောင့်လည်း လောကဝိဒူ မည်တော်မူ၏၊ ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ ပုဂ္ဂိုလ် ဖြစ်တော်မူသော အကြောင်းကြောင့်လည်း အနုတ္တရော ပုရိသဒမ္မသာရထိ မည်တော်မူ၏၊ နတ်လူတို့၏ ဆရာ ဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါး တရားတို့ကို)သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏"ဟု (ပြန့်နှံ့၍ ထွက်၏)။ ထိုသူတို့သည် ထိုအသျှင်ဂေါတမကို ဖူးမြော်ရန် သွားကြပါကုန်၏ဟု (အမတ်က ပြန်ကြား၏)။

အမတ် သို့ဖြစ်လျှင် ဩပါသာဒရွာနေ ပုဏ္ဏားနှင့် အမျိုးသားတို့ထံသို့ ချဉ်းကပ်၍ "အချင်းတို့ ဆိုင်းငံ့ပါဦး၊ စင်္ကီပုဏ္ဏားသည်လည်း ရဟန်းဂေါတမကို ဖူးမြော်ရန် ချဉ်းကပ်ပါလိမ့်မည်ဟု စင်္ကီပုဏ္ဏားက မှာကြားလိုက်ပါသည်"ဟု ပြောကြားချေလော့ ဟု မိန့်ဆို၏။ "အသျှင် ကောင်းပါပြီ"ဟု ထိုအမတ်သည် စင်္ကီပုဏ္ဏားအား ဝန်ခံပြီးလျှင် ဩပါသာဒရွာနေ ပုဏ္ဏားနှင့် အမျိုးသားတို့ထံသို့ ချဉ်းကပ်၍ ဩပါသာဒရွာနေ ပုဏ္ဏားနှင့်အမျိုးသားတို့အား ဤစကားကို ပြောဆို၏-- "အသျှင်တို့ ဆိုင်းငံ့ကြပါဦး၊ စင်္ကီပုဏ္ဏားသည်လည်း ရဟန်းဂေါတမကို ဖူးမြော်ရန် ချဉ်းကပ်ပါလိမ့်မည်ဟု စင်္ကီ ပုဏ္ဏားက မှာကြားလိုက်ပါသည်" ဟူ၍ (ဆို၏)။

၄၂၄။ ထိုစဉ်အခါ၌ အတိုင်းတိုင်း အပြည်ပြည်မှ လာကုန်သော ငါးရာမျှသော ပုဏ္ဏားတို့သည် ကိစ္စတခုဖြင့် ဩပါသာဒရွာ၌ တည်းခိုနေကုန်၏၊ "စင်္ကီပုဏ္ဏားသည် ရဟန်းဂေါတမကို ဖူးမြော်ရန် ချဉ်းကပ်လတ္တံ့"ဟု ကြားကုန်၍ ထိုပုဏ္ဏားတို့သည် စင်္ကီပုဏ္ဏားထံသို့ ချဉ်းကပ်ကြပြီးလျှင် အသျှင်စင်္ကီသည် ရဟန်းဂေါတမကို ဖူးမြော်ရန် ချဉ်းကပ်လတ္တံ့ ဟူသည် မှန်ပါသလော ဟု မေးကုန်၏။ အချင်းတို့ "ငါသည်လည်း ရဟန်းဂေါတမကို ဖူးမြော်ရန် ချဉ်းကပ်အံ့"ဟု ကြံလျက် ရှိပါသည်ဟူ၍ ဆို၏။

အသျှင်စင်္ကီသည် ရဟန်းဂေါတမကို ဖူးမြော်ရန် မချဉ်းကပ်ပါလင့်၊ အသျှင်စင်္ကီသည် ရဟန်းဂေါတမကို ဖူးမြော်ရန် မချဉ်းကပ်ထိုက်ပါ၊ ရဟန်းဂေါတမသည်သာ အသျှင်စင်္ကီကို ဖူးမြော်ရန် ချဉ်းကပ်ထိုက်ပါ၏၊ အသျှင်စင်္ကီသည် အမိဖက် အဖဖက် နှစ်ဖက်လုံးမှ ကောင်းသောဇာတ်ရှိ၏၊ ဘိုးဘေးခုနစ်ဆက်တိုင်အောင် မျိုးရိုးသန့်သော အမိဝမ်းရှိ၏၊ ဇာတ်နှင့်စပ်သော စကားဖြင့် အပယ် မခံရ၊ အကဲ့ရဲ့ မခံရ၊ အကြင်အကြောင်းကြောင့် အသျှင်စင်္ကီသည် အမိဖက် အဖဖက် နှစ်ဖက်စုံ လုံးတို့မှ ကောင်းသောဇာတ်ရှိ၏၊ ဘိုးဘေး ခုနစ်ဆက်တိုင်အောင် မျိုးရိုးသန့်သော အမိဝမ်းရှိ၏၊ ဇာတ်နှင့်စပ်သောစကားဖြင့် အပယ်မခံရ၊ အကဲ့ရဲ့ မခံရ၊ အကြင်အကြောင်းကြောင့် အသျှင် စင်္ကီသည် အမိဖက် အဖဖက် နှစ်ဖက်လုံးတို့မှ ကောင်းသောဇာတ်ရှိ၏၊ ဘိုးဘေးခုနစ်ဆက်တိုင်အောင် မျိုးရိုးသန့်သော အမိဝမ်းရှိ၏၊ ဇာတ်နှင့်စပ်သောစကားဖြင့် အပယ် မခံခဲ့ရပါ၊ အကဲ့ရဲ့ မခံခဲ့ရပါ၊

http://www.dhammadownload.com



ဤအကြောင်းကြောင့်လည်း အသျှင်စင်္ကီသည် ရဟန်းဂေါတမကို ဖူးမြော်ရန် မချဉ်းကပ်ထိုက်ပါ၊ ရဟန်းဂေါတမသည်သာ အသျှင်စင်္ကီကို ဖူးမြော်ရန် ချဉ်းကပ်ထိုက်ပါ၏။

အသျှင်စင်္ကီသည် ကြွယ်ဝ၏၊ များသောဥစ္စာရှိ၏၊ များသော စည်းစိမ်ရှိ၏။ပ။ အသျှင်စင်္ကီသည် နိဃဏ္ဍု'အဘိဓာန်' ကျမ်း ကေဋုဘ'အလင်္ကာ'ကျမ်း အက္ခရပ္ပဘေဒ 'သဒ္ဒါ'ကျမ်း ငါးခုမြောက် ဣတိဟာသကျမ်းနှင့်တကွ ဗေဒင်သုံးပုံတို့၏ တဖက်ကမ်းသို့ ရောက်၏၊ ပဒကျမ်းကို တတ်၏၊ ဗျာကရဏ်းကျမ်းကို တတ်၏၊ လောကာယတကျမ်း မဟာပုရိသလက္ခဏာကျမ်းတို့၌ အကြွင်းမဲ့ တတ်မြောက်၏။ပ။ အသျှင်စင်္ကီသည် အဆင်းလှ၏၊ ရှုချင်ဖွယ်ရှိ၏၊ ကြည်ညိုဖွယ်ရှိ၏၊ မြတ်သော အဆင်းသဏ္ဌာန်နှင့် ပြည့်စုံ၏၊ ဗြဟ္မာနှင့် တူသော အဆင်းရှိ၏၊ ဗြဟ္မာနှင့်တူသော ကိုယ်ရှိ၏၊ ခံ့ညား၏၊ (မသေးသိမ်သော ရှုမြင်ဖွယ်ရှိ၏)။ပ။ အသျှင်စင်္ကီသည် သီလရှိ၏၊ ကြီးပွါးသော သီလရှိ၏၊ ကြီးပွါးသော သီလနှင့် ပြည့်စုံ၏ ပ။ အသျှင်စင်္ကီသည် ကောင်းသော စကားရှိ၏၊ ကောင်းသော မြွက်ဆိုသံရှိ၏၊ ယဉ်ကျေးသောစကားနှင့် ပြည့်စုံ၏၊ သန့်ရှင်းသော အပြစ်ကင်းသော အဓိပ္ပါယ်သိလွယ်သော စကားနှင့် ပြည့်စုံ၏။ပ။ အသျှင်စင်္ကီသည် များစွာသော သူတို့၏ ဆရာဖြစ်၏၊ ဆရာ့ဆရာ ဖြစ်၏၊ လုလင်သုံးရာတို့အား ဝေဒကျမ်းတို့ကို ပို့ချ၏။ပ။ အသျှင်စင်္ကီကို ပသေနဒီကောသလမင်းသည် အရိုအသေပြု၏၊ အလေးပြု၏၊ မြတ်နိုး၏၊ ပူဇော်၏၊ တုပ်ဝပ်၏။ပ။ အသျှင်စင်္ကီကို လူစည်ကား၍ ကျွဲနွားစသည် ပေါများသော မြက်ထင်းရေတို့နှင့် ပြည့်စုံသော ဆန်စပါးနှင့် ပြည့်စုံသော မင်းမှ ရသည့် စည်းစိမ်ဖြစ်သော ပသေနဒီကောသလမင်းသည် ဆုလာဘ်အဖြစ်ဖြင့် အပိုင်စားပေးထားသော ဩပါသာဒရွာကို အုပ်ချုပ်၍ နေ၏၊ အကြင်အကြောင်းကြောင့် အသျှင်စင်္ကီသည် လူစည်ကား၍ ကျွဲနွားစသည် ပေါများသော မြက်ထင်းရေတို့နှင့် ပြည့်စုံသော ဆန်စပါးနှင့် ပြည့်စုံသော မင်းမှ ရသည့် စည်းစိမ်ဖြစ်သော ပသေနဒီကောသလမင်းသည် ဆုလာဘ်အဖြစ်ဖြင့် အပိုင်စားပေးထားသော ဩပါသာဒရွာကို အုပ်ချုပ်၍ နေ၏၊ ဤအကြောင်းကြောင့်လည်း အသျှင်စင်္ကီသည် ရဟန်းဂေါတမကို ဖူးမြော်ရန် မချဉ်းကပ်ထိုက်ပါ၊ အသျှင်ဂေါတမသည်သာ အသျှင်စင်္ကီကို ဖူးမြော်ရန် ချဉ်းကပ်ထိုက်ပါ၏ ဟူ (ဆိုကုန်၏)။

၄၂၅။ ဤသို့ ဆိုကုန်သော် စင်္ကီပုဏ္ဏားသည် ထိုပုဏ္ဏားတို့အား ဤစကားကို ဆို၏—"အချင်းတို့ သို့ဖြစ်လျှင် ငါ၏စကားကိုလည်း နားထောင်ကြပါဦး၊ ငါတို့သည် ထိုအသျှင်ဂေါတမကို ဖူးမြော်ရန် ချဉ်းကပ်ထိုက်ပါကုန်၏၊ ထိုအသျှင်ဂေါတမကား ငါတို့ကို ဖူးမြော်ရန် မချဉ်းကပ်ထိုက်ပါ။ အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမသည် အမိဖက် အဖဖက် နှစ်ဖက်လုံးတို့မှ ကောင်းသောဇာတ်ရှိ၏၊ ဘိုးဘေးခုနစ်ဆက်တိုင်အောင် မျိုးရိုးသန့်သော အမိဝမ်းရှိ၏၊ ဇာတ်နှင့်စပ်သောစကားဖြင့် အပယ်မခံရ၊ အကဲ့ရဲ့ မခံရ၊ အကြင်အကြောင်းကြောင့် ရဟန်းဂေါတမသည် အမိဖက် အဖဖက် နှစ်ဖက်လုံးတို့မှ ကောင်းသော ဇာတ်ရှိ၏၊ ဘိုးဘေးခုနစ်ဆက်တိုင်အောင် မျိုးရိုးသန့်သော အမိဝမ်းရှိ၏၊ ဇာတ်နှင့်စပ်သောစကားဖြင့် အပယ်မခံရ၊ အကဲ့ရဲ့ မခံရ၊ ဤအကြောင်းကြောင့်လည်း ထိုအသျှင်ဂေါတမသည် ငါတို့ကို ဖူးမြော်ရန် မချဉ်းကပ်ထိုက်ပါ၊အမှန်အားဖြင့်ဆိုလျှင် ငါတို့သည်သာ ထိုအသျှင်ဂေါတမကို ဖူးမြော်ရန် ချဉ်းကပ်ထိုက်ပါကုန်၏။

အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမသည် မြေအောက်၌လည်း ထားသော မြေပေါ်၌လည်း ထားသော ရွှေငွေကို ပယ်စွန့်၍ ရဟန်းပြု၏။ပ။ အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမသည် ငယ်ရွယ်ပျိုမြစ်သည်ဖြစ်လျက် ကောင်းစွာ မည်းနက်သော ဆံပင်ရှိသည်ဖြစ်လျက် ပဌမအရွယ် ဟူသော ကောင်းသော အရွယ်နှင့် ပြည့်စုံသည်ဖြစ်လျက် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်

http://www.dhammadownload.com



၏။ပ။ အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမသည် အမိအဖတို့ သဘောမတူကြသဖြင့် မျက်ရည်ရှိရှိ ငိုယိုကုန်စဉ် ဆံမုတ်ဆိတ်ကို ပယ်ပြီး၍ ဖန်ရည်ဆိုးသောအဝတ်တို့ကို ဝတ်ရုံ၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၏။ပ။ အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမသည် အဆင်းလှ၏၊ ရှုချင်ဖွယ်ရှိ၏၊ ကြည်ညိုဖွယ်ရှိ၏၊ မြတ်သောအဆင်းသဏ္ဌာန်နှင့် ပြည့်စုံ၏၊ ဗြဟ္မာနှင့်တူသော အဆင်းရှိ၏၊ ဗြဟ္မာနှင့်တူသော ကိုယ်ရှိ၏၊ခံ့ငြား၏၊မသေးသိမ်သော ရှုခြင်းဖွယ်ရှိ၏ ။ပ။ အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမသည် သီလရှိ၏၊ မြတ်သောသီလရှိ၏၊ ကောင်းသောသီလရှိ၏၊ ကောင်းသောသီလနှင့် ပြည့်စုံ၏။ပ။ အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမသည် ကောင်းသောစကားရှိ၏၊ ကောင်းသောမြွက်ဆိုသံရှိ၏၊ ယဉ်ကျေးသောစကားနှင့် ပြည့်စုံ၏၊ သန့်ရှင်းသော အပြစ်ကင်းသော အဓိပ္ပါယ်သိလွယ်သော စကားနှင့် ပြည့်စုံ၏။ပ။ အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမသည် များစွာသောသူတို့၏ ဆရာဖြစ်၏၊ ဆရာ့ဆရာဖြစ်၏။ပ။ အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမသည် ကာမဂုဏ်၌ တပ်မက်ခြင်း ကုန်ခန်းပြီးဖြစ်၏၊ လျှပ်ပေါ်ခြင်းကင်း၏။ပ။ အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမသည် ကံကို ယုံကြည်သောဝါဒရှိ၏၊ အကြောင်းကို ယုံကြည်သောဝါဒရှိ၏၊ ပုဏ္ဏားပရိသတ်၌ ကောင်းကျိုးကိုသာလျှင် ရှေးရှု၏။ပ။ အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမသည် မင်းမျိုးစဉ်ဆက် မပျက်သော မြင့်မြတ်သော အမျိုးမှ ရဟန်းပြု၏။ပ။ အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမသည် များသောဥစ္စာရှိသော များသောစည်းစိမ်ရှိသော ကြွယ်ဝသော အမျိုးမှ ရဟန်းပြု၏။ပ။ အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမကို အမေးပြဿနာ မေးမြန်းခြင်းငှါ တိုင်းတပါး ဇနပုဒ်တပါးမှ လာကြကုန်၏။ပ။ အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမကို အထောင်မက များစွာကုန်သော နတ်တို့သည် အသက်ဖြင့် ကိုးကွယ်ဆည်းကပ်ခြင်းသို့ ရောက်ကုန်၏။ပ။ အချင်းတို့ ရဟန်းဂေါတမ၏ ဤသို့ ကောင်းမြတ်သော ကျော်စောသံသည် ပြန့်နှံ့၍ ထွက်၏—

"ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏၊ (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော အကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏၊ အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ'နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏၊ကောင်းသောစကားကို ဆိုတော်မူတတ်သော အကြောင်းကြောင့်လည်း သုဂတ မည်တော်မူ၏၊ လောကကို သိတော်မူသော အကြောင်းကြောင့်လည်း လောကဝိဒူ မည်တော်မူ၏၊ ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ် ဖြစ်တော်မူသော အကြောင်းကြောင့်လည်း အနုတ္တရော ပုရိသဒမ္မသာရထိ မည်တော်မူ၏၊ နတ်လူတို့၏ဆရာ ဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါး တရားတို့ကို)သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏"ဟု (ပြန့်နှံ့၍ ထွက်၏)။ပ။

အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမသည် သုံးဆယ့်နှစ်ပါးကုန်သော ယောကျ်ားမြတ် လက္ခဏာတော်တို့နှင့် ပြည့်စုံတော်မူ၏။ပ။ အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမကို မဂဓတိုင်းကို အစိုးရသော သေနိယမည်သော ဗိမ္ဗိသာရမင်းသည် သားမယားနှင့်တကွ အသက်နှင်း၍ ကိုးကွယ်၏။ပ။ အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမကို ပသေနဒီကောသလမင်းသည် သားမယားနှင့်တကွ အသက်နှင်း၍ ကိုးကွယ်၏။ပ။ အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမကို ပေါက္ခရသာတိ ပုဏ္ဏားသည် သားမယားနှင့်တကွ အသက်နှင်း၍ ကိုးကွယ်၏။ပ။ အချင်းတို့ စင်စစ်သော်ကား

http://www.dhammadownload.com



ရဟန်းဂေါတမသည် ဩပါသာဒရွာသို့ ရောက်တော်မူ၍ ဩပါသာဒရွာ၏ မြောက်ဖက်ရှိ နတ်တို့က ဗလိနတ်စာ ကျွေးရာ ဖြစ်သော အင်ကြင်းတော၌ သီတင်းသုံး နေတော်မူ၏၊ အချင်းတို့ အကြင် သမဏဗြာဟ္မဏတို့သည် ငါတို့၏ ရွာနယ်ပယ်သို့ လာကုန်၏၊ ထိုသမဏဗြာဟ္မဏတို့သည် ဧည့်သည်များ ဖြစ်ကုန်၏၊ ဧည့်သည်တို့ကို ငါတို့သည် အရိုအသေပြုသင့်ကုန်၏၊ အလေးပြုသင့်ကုန်၏၊ မြတ်နိုးသင့် ကုန်၏၊ ပူဇော်သင့်ကုန်၏။

အချင်းတို့ အကြင်အကြောင်းကြောင့် ရဟန်းဂေါတမသည် ဩပါသာဒရွာသို့ရောက်လာတော် မူ၍ ဩပါသာဒရွာ၏ မြောက်ဖက်ရှိ နတ်ဘို့ကို ဗလိနတ်စာ ကျွေးရာဖြစ်သော အင်ကြင်းတော၌ သီတင်းသုံးနေတော်မူ၏၊ ရဟန်းဂေါတမသည် ငါတို့၏ ဧည့်သည်တော် ဖြစ်ပေ၏၊ ဧည့်သည်တော်ကို ငါတို့သည် အရိုအသေပြုသင့်၏၊ အလေးပြုသင့်၏၊ မြတ်နိုးသင့်၏၊ ပူဇော်သင့်၏၊ ဤအကြောင်း ကြောင့်လည်း ထိုရဟန်းဂေါတမသည် ငါတို့ကို ဖူးမြော်ရန် မချဉ်းကပ်ထိုက်ပါ၊ အမှန်အားဖြင့်ဆိုလျှင် ငါတို့သည်သာ ထိုအသျှင်ဂေါတမကို ဖူးမြော်ရန် ချဉ်းကပ်ထိုက်ပါကုန်၏။

အချင်းတို့ ငါသည် ထိုအသျှင်ဂေါတမ၏ ဤမျှလောက်သော ဂုဏ်တို့ကိုသာ သိ၏၊ ထိုအသျှင် ဂေါတမသည်ကား ဤမျှလောက်သော ဂုဏ်တို့နှင့်သာ ပြည့်စုံသည် မဟုတ်ပေ၊ (အမှန်အားဖြင့် သော်ကား)ထိုအသျှင်ဂေါတမသည် အတိုင်းမသိသော ဂုဏ်တို့နှင့် ပြည့်စုံတော်မူပါပေ၏၊ ထိုအသျှင် ဂေါတမသည် ထိုဂုဏ်အင်္ဂါ တပါးပါးနှင့် ပြည့်သော်လည်း ထိုအသျှင်ဂေါတမသည် ငါတို့ကို ဖူးမြော် ရန် ချဉ်းကပ်ခြင်းငှါ မထိုက်၊ စင်စစ်သော်ကား ငါတို့သည်သာလျှင် ထိုအသျှင်ဂေါတမကို ဖူးမြော် ရန် ချဉ်းကပ်ထိုက်ကုန်၏ ဟု(ဆို၏)။အသျှင် သို့ဖြစ်လျှင် အကျွန်ုပ်တို့ အားလုံးပင် ရဟန်းဂေါတမ ကို ဖူးမြော်ရန် ချဉ်းကပ်ကြပါကုန်အံ့ ဟု (ပြန်ကြားပြောဆိုကြကုန်၏)။

၄၂၆။ ထိုအခါ စင်္ကီပုဏ္ဏားသည် များစွာသော ပုဏ္ဏားအပေါင်းနှင့်အတူ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်စကားကို ပြောဆိုပြီးဆုံးစေပြီး၍ တခုသောနေရာ၌ ထိုင်နေ၏။ ထိုအခါ မြတ်စွာ ဘုရားသည် ပုဏ္ဏားကြီးတို့နှင့်အတူ စိုးစဉ်း စိုးစဉ်းအောက်မေ့ဖွယ် စကားကို ပြီးဆုံးစေ၍ နေ၏။ ထိုအခါ ခေါင်းရိတ်ပြီးစလည်းဖြစ်သော ရက်ချုပ်အားဖြင့် တဆယ့်ခြောက်နှစ် အယွယ်ရှိသော ကာပဋိကမည်သော လုလင်ငယ်သည် ရှိ၏၊ ထိုလုလင်ငယ်သည် နိဃဏ္ဍု 'အဘိဓာန်'ကျမ်း ကေဋုဘ 'အလင်္ကာ'ကျမ်း အက္ခရပ္ပဘေဒ 'သဒ္ဒါ'ကျမ်း ငါးခုမြောက် ဣတိဟာသကျမ်းနှင့်တကွ ဗေဒင်သုံးပုံ တို့၏ ကမ်းတဖက်သို့ ရောက်၏၊ ပဒကျမ်းကိုတတ်၏၊ ဗျာကရဏ်းကျမ်းကို တတ်၏၊ လောကာ ယတကျမ်း မဟာပုရိသလက္ခဏာကျမ်းတို့၌ အကြွင်းမဲ့ တတ်မြောက်၏၊(ထိုလုလင်သည်) ထိုပရိသတ်၌ ထိုင်နေလျက် ရှိ၏၊ ထိုကာပဋိကသည် မြတ်စွာဘုရားနှင့်အတူ စကားပြောဆိုကုန်သော ပုဏ္ဏားကြီး တို့၏စကားကို ကြားဖြတ်၍ ကြားဖြတ်၍ ပြောဆို၏။

ထိုအခါ မြတ်စွာဘုရားသည် ကာပဋိကလုလင်ကို"ငါ့သျှင်ဘာရဒွါဇ တိုင်ပင်ပြောဆိုနေကြသော ပုဏ္ဏားကြီးတို့၏စကားကို ကြားဖြတ်၍ ကြားဖြတ်၍ မပြောဆိုပါလင့်၊ ငါ့သျှင်ဘာရဒွါဇသည် စကား ဆုံးသည့်တိုင်အောင် ဆိုင်းငံ့ပါလော့"ဟု မောင်းမဲမိန့်ဆို၏။ ဤသို့ မိန့်ဆိုတော်မူသော် စင်္ကီပုဏ္ဏား သည် မြတ်စွာဘုရားအား ဤသို့ လျှောက်၏— "အသျှင်ဂေါတမသည် ကာပဋိကလုလင်ကို မမောင်းမဲ ပါလင့်၊ ကာပဋိကလုလင်သည် အမျိုးကောင်းသားလည်း ဖြစ်ပါ၏၊ ကာပဋိကလုလင်သည် အကြားအမြင်လည်း များပါ၏၊ ကာပဋိကလုလင်သည် ပညာရှိလည်း ဖြစ်ပါ၏၊ ကာပဋိကလုလင်

http://www.dhammadownload.com



သည် ပီပီသသလည်း ပြောဆိုတတ်ပါ၏၊ ကာပဋိကလုလင်သည် ဤစကား၌ အသျှင်ဂေါတမနှင့် အတူ တုံ့ပြန်ပြောဆိုခြင်းငှါလည်း စွမ်းနိုင်ပါ၏" ဟု (လျှောက်၏)။

ထိုအခါ မြတ်စွာဘုရားအား "ကာပဋိကလုလင်သည် ဝိဇ္ဇာသုံးပါးစကားအရာ၌ စကားပြောဆိုလတ္တံ့၊ ထိုအကြောင်းကြောင့်သာလျှင် ပုဏ္ဏားတို့သည် ဤကာပဋိကလုလင်ကို ရှေ့ဆောင်ပြုလာကြကုန်၏"ဟု အကြံဖြစ်၏။ ထိုအခါ ကာပဋိကလုလင်အား "ရဟန်းဂေါတမသည် ငါ့ဘက်ကို မျက်စိစိုက်ကြည့်သောအခါ ငါသည် ရဟန်းဂေါတမကို ပြဿနာမေးအံ့"ဟု အကြံဖြစ်၏။ ထိုအခါ မြတ်စွာဘုရားသည် ကာပဋိကလုလင်၏ စိတ်အကြံကို(မိမိ)စိတ်တော်ဖြင့် သိ၍ ကာပဋိကလုလင်ရှိရာသို့ စိုက်ကြည့်တော်မူ၏။

၄၂၇။ ထိုအခါ ကာပဋိကလုလင်အား "ရဟန်းဂေါတမသည် ငါ့ကို စိတ်ဝင်စားလာ၏၊ ငါသည် ရဟန်းဂေါတမကို ပြဿနာမေးရမူ ကောင်းလေစွ"ဟု အကြံဖြစ်၏။ ထိုအခါ ကာပဋိကလုလင်သည် မြတ်စွာဘုရားအား ဤစကားကို မေးလျှောက်၏—"အသျှင်ဂေါတမ ပုဏ္ဏားတို့အား ဤသို့ ဖြစ်သတတ် ဤသို့ ဖြစ်သတတ် ဟု အဆက်ဆက် ဆောင်လာခြင်းဖြင့် ကျမ်းဂန်အခိုင်အမာရှိခြင်းဖြင့် ရှေးရှုဖြစ်သော ဗေဒင်၌ ပုဏ္ဏားတို့သည် 'ဤစကားသည်သာ မှန်၏၊ အခြားစကားသည် အချည်းနှီးသာတည်း'ဟု တဖက်သတ်အားဖြင့် ဆုံးဖြတ်ခြင်းသို့ ရောက်ကုန်၏၊ ဤအရာ၌ အသျှင်ဂေါတမသည် အဘယ်သို့ ဆိုလိုပါသနည်း"ဟု(မေးလျှောက်၏)။ဘာရဒွါဇ ပုဏ္ဏားတို့တွင် "ငါသည် ဤအကြောင်းကို သိ၏၊ ငါသည် ဤအကြောင်းကို မြင်၏၊ ဤအယူသည်သာ မှန်၏၊ အခြားအယူသည် အချည်းနှီးသာတည်း"ဟု ဤသို့ဆိုသော တယောက်တလေသော ပုဏ္ဏားသည်လည်း ရှိလေသလော ဟု (မေးတော်မူ၏)။ အသျှင်ဂေါတမ မရှိပါ ဟု (လျှောက်၏)။

ဘာရဒွါဇ ပုဏ္ဏားတို့တွင် "ငါသည် ဤအကြောင်းကို သိ၏၊ ငါသည် ဤအကြောင်းကို မြင်၏၊ ဤအယူသည်သာ မှန်၏၊ တပါးသောအယူသည် အချည်းနှီးသာတည်း"ဟု ဤသို့ ဆိုသော တယောက်သောဆရာ တယောက်တလေသော ဆရာ့ဆရာ ခုနစ်ဆက်မြောက်တိုင်အောင်ဖြစ်သော ဆရာ့ဆရာသည်လည်း ရှိလေသလောဟု (မေးတော်မူ၏)။အသျှင်ဂေါတမ မရှိပါဟု(လျှောက်၏)။ ဘာရဒွါဇ ထိုပုဏ္ဏားတို့၏လက်ဦးဆရာ ဖြစ်သော ဝေဒကျမ်းတို့ကို စီရင်ကုန်သော ဝေဒကျမ်းတို့ကို ပို့ချကုန်သော အကြွင်ရသေ့တို့သည် ရှိကုန်၏၊ ယခုအခါ ပုဏ္ဏားတို့သည် အကြွင်(ရသေ့)တို့ သီဆိုပို့ချ ပေါင်းစုထားသော ထိုရှေးဟောင်း ဝေဒကျမ်းတို့ကို လိုက်၍ သီဆိုကုန်၏၊လိုက်၍ ရွတ်ဖတ်ကုန်၏၊ ရွတ်ဖတ်နည်းအတိုင်း လိုက်၍ ရွတ်ဖတ်ကုန်၏၊ ပို့ချနည်းအတိုင်း လိုက်၍ ပို့ချကုန်၏၊ ဤရသေ့တို့သည်ကား အဘယ်နည်း။ အဋ္ဌကရသေ့ ဝါမကရသေ့ ဝါမဒေဝရသေ့ ဝေဿာမိတ္တရသေ့ ယမတဂ္ဂိရသေ့ အင်္ဂီရသရသေ့ ဘာရဒွါဇရသေ့ ဝါသေဋ္ဌရသေ့ ကဿပရသေ့ ဘဂုရသေ့တို့တည်း။ ထိုရသေ့တို့သည်လည်း "ငါတို့သည် ဤအကြောင်းကို သိကြကုန်၏၊ ငါတို့သည် ဤအကြောင်းကို မြင်ကြကုန်၏၊ ဤငါတို့အယူသည်သာ မှန်၏၊ အခြားအယူသည် အချည်းနှီးသာတည်း"ဟု ဤသို့ ဆိုကြကုန်သလော ဟု (မေးတော်မူ၏)။ အသျှင်ဂေါတမ ဤသို့လည်း မပြောဆိုကြပါကုန်ဟု (လျှောက်၏)။

ဘာရဒွါဇ ဤသို့လျှင် ပုဏ္ဏားတို့တွင် "ငါသည် ဤအကြောင်းကို သိ၏၊ ငါသည် ဤအကြောင်းကို မြင်၏၊ ဤအယူသည်သာ မှန်၏၊ အခြားအယူသည် အချည်းနှီးသာတည်း"ဟူ၍ ဤသို့ဆိုသော ပုဏ္ဏားတယောက်တလေမျှလည်း မရှိ၊ ပုဏ္ဏားတို့တွင် "ငါသည် ဤအကြောင်းကို သိ၏၊ ငါသည်

http://www.dhammadownload.com



ဤအကြောင်းကို မြင်၏၊ ဤအယူသည်သာ မှန်၏၊ တပါးသောအယူသည် အချည်းနှီးသာတည်း” ဟု ပြောဆိုသောဆရာ ဆရာ့ဆရာ ခုနစ်ဆက်မြောက်တိုင်အောင်ဖြစ်သော ဆရာ့ဆရာ တယောက် တလေမျှလည်း မရှိ။ ပုဏ္ဏားတို့၏ လက်ဦးဆရာ ဖြစ်သော ဝေဒကျမ်းတို့ကို စီရင်ကုန်သော ဝေဒကျမ်းတို့ကို ပို့ချကုန်သော အကြင်ရသေ့တို့သည် ရှိကုန်၏၊ ယခု အခါ ပုဏ္ဏားတို့သည် အကြင် (ရသေ့)တို့ သီဆိုပို့ချ ပေါင်းစုထားသော ထိုရှေးဟောင်း ဝေဒကျမ်းတို့ကို လိုက်၍ သီဆိုကုန်၏၊ လိုက်၍ ရွတ်ဖတ်ကုန်၏၊ ရွတ်ဖတ်နည်းအတိုင်း လိုက်၍ ရွတ်ဖတ်ကုန်၏၊ ပို့ချနည်းအတိုင်း လိုက်၍ ပို့ချကုန်၏၊ ဤရသေ့တို့ကား အဘယ်နည်း။ အဋ္ဌကရသေ့ ဝါမကရသေ့ ဝါမဒေဝရသေ့ ဝေဿာမိတ္တရသေ့ ယမတဂ္ဂိရသေ့ အင်္ဂီရသရသေ့ ဘာရဒွါဇရသေ့ ဝါသေဋ္ဌရသေ့ ကဿပရသေ့ ဘဂုရသေ့တို့တည်း။ ထိုရသေ့တို့သည် “ငါတို့သည် ဤအကြောင်းကို သိကြကုန်၏၊ ငါတို့သည် ဤအကြောင်းကို မြင်ကြကုန်၏၊ ဤအယူသည်သာ မှန်၏၊ အခြားအယူသည် အချည်းနှီးသာတည်း”ဟု ဤသို့ မပြောဆိုကြကုန်။

၄၂၈။ ဘာရဒွါဇ ဥပမာအားဖြင့် အဆက်ဆက် ကွယ်လျက်ရှိသော သူကန်းအစဉ်သည် ရှိ၏၊ ရှေ့ဆုံးသူလည်း မမြင်၊ အလယ်သူလည်း မမြင်၊ နောက်ဆုံးသူလည်း မမြင်။ ဘာရဒွါဇ ဤဥပမာ အတူသာလျှင် ပုဏ္ဏားတို့ပြောဆိုသော စကားသည် သူကန်းအစဉ်ကဲ့သို့ ဖြစ်ချေ၏၊ ရှေ့ဆုံးသူလည်း မမြင်၊ အလယ်သူလည်း မမြင်၊ နောက်ဆုံးသူလည်း မမြင်။ ဘာရဒွါဇ ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ ဤသို့ ဖြစ်သည်ရှိသော် ပုဏ္ဏားတို့၏ ယုံကြည်ခြင်းသည် အခြေအမြစ်မရှိသည် မဟုတ်လော ဟု (မေးတော်မူ၏)။ အသျှင်ဂေါတမ ဤအရာ၌ ပုဏ္ဏားတို့သည် ယုံကြည်ချက်ဖြင့်သာလျှင် ဆည်းကပ်ကြကုန်သည် မဟုတ်ပါကုန်၊ ထိုအရာ၌ ပုဏ္ဏားတို့သည် တဆင့်ကြားဖြင့်လည်း ဆည်းကပ်ကြပါကုန်၏ဟု (လျှောက်၏)။ ဘာရဒွါဇ သင်သည် ရှေးကယုံကြည်ချက်သို့ လိုက်၏၊ ယခုတဆင့်ကြားကို ပြောဆိုဘိ၏၊ ဘာရဒွါဇ ဤငါးပါးသော တရားတို့သည် မျက်မှောက်ဘဝ၌ပင် (ဟုတ်မဟုတ်)နှစ်ပါးသော အကျိုးဘို့သည် ရှိကုန်၏။ အဘယ်ငါးပါးတို့နည်းဟူမူ—ယုံကြည်ခြင်း ‘သဒ္ဓါ’ နှစ်သက်ခြင်း ‘ရုစိ’ အဆင့်ကြားခြင်း ‘အနုဿဝ’ အခြင်းအရာကို ကြံစည်ခြင်း ‘အာကာရပရိဝိတက္က’ အယူကို စူးစိုက်ကြည့်ရှု၍ ကျေနပ်ခြင်း ‘ဒိဋ္ဌိနိဇ္ဈာနက္ခန္တိ’တို့တည်း၊ ဘာရဒွါဇ ဤငါးပါးသောတရားတို့သည် မျက်မှောက်သော ကိုယ်အဖြစ်၌သာလျှင် နှစ်ပါးသော အကျိုးရှိကုန်၏။

ဘာရဒွါဇ ကောင်းစွာ ယုံကြည်ထားသော်လည်း အချည်းနှီး အလကား မမှန်ဖြစ်တတ်၏၊ ကောင်းစွာ ယုံကြည်မထားသော်လည်း ဟုတ်သည် မှန်သည် မချွတ်လွဲသည် ဖြစ်တတ်၏၊ ဘာရဒွါဇ ကောင်းစွာ နှစ်သက်ထားသော်လည်း။ပ။ ကောင်းစွာ တဆင့်ကြားထားသော်လည်း။ပ။ ကောင်းစွာ အပန်ဖန် ကြံဆထားသော်လည်း။ပ။ ကောင်းစွာ ရှုဆင်ခြင်ထားသော်လည်း အချည်းနှီးအလကား ဖြစ်တတ်၏၊ ကောင်းစွာ ရှုဆင်ခြင် မထားသော်လည်း ဟုတ်သည် မှန်သည် မချွတ်လွဲသည် ဖြစ်တတ်၏။ ဘာရဒွါဇ သစ္စာကို အစဉ်စောင့်သော သိကြားလိမ္မာသော ယောကျ်ားသည် ဤအရာ၌ “ငါ၏အယူသည်သာ မှန်၏။ အခြားအယူသည် အချည်းနှီးသာတည်း”ဟု စင်စစ် ဆုံးဖြတ်ခြင်းသို့ ရောက်ခြင်းငှါ မသင့် ဟု (မိန့်တော်မူ၏)။

၄၂၉။ အသျှင်ဂေါတမ အဘယ်မျှ အတိုင်းအရှည်ဖြင့် သစ္စာကို စောင့်ရှောက်ခြင်း ဖြစ်ပါသနည်း၊ အဘယ်မျှ အတိုင်းအရှည်ဖြင့် သစ္စာကို စောင့်သူ ဖြစ်ပါသနည်း၊ အကျွန်ုပ်တို့သည် အသျှင်ဂေါတမအား သစ္စာကို စောင့်ရှောက်ခြင်းကို မေးလျှောက်ကြပါကုန်၏ဟု (လျှောက်၏)။

http://www.dhammadownload.com



ဘာရဒွါဇ ဤသို့ ငါ့မှာ ယုံကြည်ခြင်းသည် ဖြစ်၏ဟု ယောကျ်ားမှာ ယုံကြည်ခြင်းသည် အကယ်၍ ဖြစ်စေကာမူ "ဤအယူသည်သာ မှန်၏၊ အခြားအယူသည် အချည်းနှီးသာတည်း"ဟု စင်စစ် ဆုံးဖြတ်ခြင်းသို့ကား မရောက်သေး၊ ဤသို့ ဆိုသူသည် သစ္စာကို စောင့်၏၊ ဘာရဒွါဇ ယောကျ်ားအား နှစ်သက်ခြင်းသည် အကယ်၍ ဖြစ်စေကာမူ။ပ။ ဘာရဒွါဇ ယောကျ်ားအား အဆင့်ကြားခြင်းသည် အကယ်၍ ဖြစ်စေကာမူ။ပ။ ဘာရဒွါဇ ယောကျ်ားအား အခြင်းအရာကို ကြံစည်ခြင်းသည် အကယ်၍ ဖြစ်စေကာမူ။ပ။ ဘာရဒွါဇ ဤသို့ ငါ့အား အယူကို စူးစိုက်ကြည့်ရှု၍ ကျေနပ်ခြင်းသည် ဖြစ်၏ဟု အယူကို စူးစိုက်ကြည့်ရှု၍ ကျေနပ်ခြင်းသည် ယောကျ်ားအား အကယ်၍ ဖြစ်စေကာမူ "ဤအယူသည်သာ မှန်၏၊ အခြားအယူသည် အချည်းနှီးသာတည်း"ဟု တဖက်သတ် ဆုံးဖြတ်ခြင်းသို့ကား မရောက်သေး၊ ဤသို့ ဆိုသူသည် သစ္စာကို စောင့်၏။ ဘာရဒွါဇ ဤမျှ အတိုင်းအရှည်ဖြင့် သစ္စာကို စောင့်ရှောက်ခြင်းသည် ဖြစ်၏၊ ဤမျှ အတိုင်းအရှည်ဖြင့် သစ္စာကို အစဉ်စောင့်သူဖြစ်၏၊ ဤမျှ အတိုင်းအရှည်ဖြင့်သာ ငါတို့သည် သစ္စာကို စောင့်ရှောက်ခြင်းကို ပညတ်ကုန်၏၊ ဤမျှ အတိုင်းအရှည်ဖြင့် သစ္စာကို ထိုးထွင်း၍ သိခြင်းသည် မဖြစ်နိုင်သေးဟု (မိန့်တော်မူ၏)။

၄၃၀။ အသျှင်ဂေါတမ ဤမျှအတိုင်းအရှည်ဖြင့် သစ္စာကို စောင့်ရှောက်ခြင်း ဖြစ်ပါ၏၊ ဤမျှ အတိုင်းအရှည်ဖြင့် သစ္စာကို စောင့်ရှောက်သူ ဖြစ်ပါ၏၊ အကျွန်ုပ်တို့သည်လည်း ဤမျှ အတိုင်းအရှည်ဖြင့် သစ္စာကို စောင့်ခြင်းကို ရှုမြင်ကြပါကုန်၏၊ အသျှင်ဂေါတမ အဘယ်မျှ အတိုင်းအရှည်ဖြင့် သစ္စာကို ထိုးထွင်း၍ သိခြင်းဖြစ်ပါသနည်း၊ အဘယ်မျှ အတိုင်းအရှည်ဖြင့် သစ္စာကို ထိုးထွင်း၍ သိသူ ဖြစ်ပါသနည်း၊ အကျွန်ုပ်တို့သည် သစ္စာကို ထိုးထွင်း၍ သိခြင်းကို အသျှင်ဂေါတမအား မေးလျှောက်ပါကုန်၏ဟု (လျှောက်၏)။

ဘာရဒွါဇ ဤသာသနာတော်၌ ရဟန်းသည် တခုခုသော ရွာကိုဖြစ်စေ နိဂုံးကိုဖြစ်စေ အမှီပြု၍နေ၏၊ ထိုရဟန်းကို သူကြွယ်သည်ဖြစ်စေ သူကြွယ်၏သားသည်ဖြစ်စေ ချဉ်းကပ်၍ လောဘတရား ဒေါသတရား မောဟတရားသုံးပါးတို့၌ စူးစမ်း၏ "လောဘတရား ယှဉ်မိုးခံရသော စိတ်ရှိသူသည် မသိပဲလျက် လည်း 'သိ၏'ဟု ဆိုလေရာ၏၊ မမြင်ပဲလျက် 'မြင်၏'ဟု ဆိုလေရာ၏၊ ရှည်မြင့်စွာ အကျိုးမဲ့စေမည့် ဆင်းရဲစေမည့် အရာကို သူတပါးတို့အား ဆောက်တည်စေရာ၏၊ ထိုသို့သော လောဘတရားမျိုးသည် ဤအသျှင်အား ရှိလေသလော"ဟု စူးစမ်း၏၊ ထိုအသျှင်ကို စူးစမ်းသည်ရှိသော် "လောဘတရားများ အလွှမ်းမိုးခံရသော စိတ်ရှိသူသည် မသိပဲလျက်လည်း 'သိ၏'ဟု ဆိုလေရာ၏၊ မမြင်ပဲလျက်လည်း 'မြင်၏'ဟု ဆိုလေရာ၏၊ ရှည်မြင့်စွာ အကျိုးမဲ့စေမည့် ဆင်းရဲစေမည့် အရာကို သူတပါးအား ဆောက်တည်စေရာ၏၊ ထိုသို့သော လောဘတရားမျိုးသည် ဤအသျှင်အား မရှိ၊ လိုချင်တပ်မက်မှု မရှိသော သူ၏ ကိုယ်နှုတ်အမူအရာတို့ကဲ့သို့ ဤအသျှင်၏ ကိုယ်အမူအရာ နှုတ်အမူအရာသည် ဖြစ်၏။ ဤအသျှင်ဟောကြားသည့် တရားသည် နက်နဲ၏၊ မြင်နိုင်ခဲ၏၊ ထိုးထွင်း၍ သိနိုင်ခဲ၏၊ ငြိမ်သက်၏၊ မွန်မြတ်၏၊ ကြံစည်၍ မရနိုင်၊ သိမ်မွေ့၏၊ ပညာရှိတို့သာ သိအပ်၏၊ ထိုတရားမျိုးကို တပ်နှစ်သက်မှု ရှိသောသူသည် ဟောကြားရန် မဖြစ်နိုင်"ဟု သိ၏။

၄၃၁။ စူးစမ်းသောသူသည် လောဘတရားတို့မှ စင်ကြယ်သော ထိုရဟန်းကို မြင်သောကြောင့် ထိုရဟန်းကို တဆင့်တက်၍ ဒေါသတရားတို့၌ စူးစမ်းပြန်၏—"ဒေါသတရား အလွှမ်းမိုးခံရသော စိတ်ရှိသူသည် မသိပဲလျက်လည်း 'သိ၏'ဟု ဆိုလေရာ၏၊ မမြင်ပဲလျက်လည်း 'မြင်၏'ဟု ဆိုလေရာ၏၊ ရှည်မြင့်စွာ အကျိုးမဲ့ခြင်းငှါ ဆင်းရဲခြင်းငှါ ဖြစ်စေမည့်အရာကို သူတပါးတို့အား ဆောက်

http://www.dhammadownload.com



တည်စေရာ၏၊ ထိုသို့သော ဒေါသတရားမျိုးသည် ဤအသျှင်အား ရှိလေသလော” ဟု စူးစမ်း၏။ ထိုအသျှင်ကို စူးစမ်းသည်ရှိသော် “ဒေါသတရားများ အလွှမ်းမိုးခံရသောစိတ် ရှိသူသည် မသိပဲလျက်လည်း ‘သိ၏’ဟု ဆိုလေရာ၏၊ မမြင်ပဲလျက်လည်း ‘မြင်၏’ဟု ဆိုလေရာ၏၊ ရှည်မြင့်စွာ အကျိုးမဲ့ခြင်းငှါ ဆင်းရဲခြင်းငှါ ဖြစ်စေမည့် အရာကို သူတပါးတို့အား ဆောက်တည်စေရာ၏၊ ထိုသို့သော ဒေါသတရားမျိုးသည် ဤအသျှင်အား မရှိ၊ ဒေါသကင်းသောသူ၏ ကိုယ်နှုတ်အမူအရာကဲ့သို့ ဤအသျှင်၏ ကိုယ်အမူအရာ နှုတ်အမူအရာသည် ဖြစ်၏၊ ဤအသျှင် ဟောကြားသည့်တရားသည် နက်နဲ၏၊ မြင်နိုင်ခဲ၏၊ သိနိုင်ခဲ၏၊ ငြိမ်သက်၏၊ မွန်မြတ်၏၊ ကြံဆ၍ မသိအပ်၊ သိမ်မွေ့၏၊ ပညာရှိတို့သာ သိအပ်၏၊ထိုတရားကို ဒေါသမကင်းသောသူသည် ဟောကြားရန် မဖြစ်နိုင်”ဟု သိ၏။

၄၃၂။ စူးစမ်းသူသည် ဒေါသတရားတို့မှ အထူးသဖြင့် စင်ကြယ်သော ထိုရဟန်းကို မြင်သောကြောင့် ထိုရဟန်းကို တဆင့်တက်၍ မောဟတရားတို့၌ စူးစမ်းပြန်၏—“မောဟတရား အလွှမ်းမိုးခံရသော စိတ်ရှိသူသည် မသိပဲလျက်လည်း ‘သိ၏’ဟု ဆိုလေရာ၏၊ မမြင်ပဲလျက်လည်း ‘မြင်၏’ဟု ဆိုလေရာ၏၊ ရှည်မြင့်စွာ အကျိုးမဲ့ခြင်းငှါ ဆင်းရဲခြင်းငှါ ဖြစ်စေမည့် အရာကို သူတပါးတို့အား ဆောက်တည်စေရာ၏၊ ထိုသို့သော မောဟတရားမျိုးသည် ဤအသျှင်အား ရှိလေသလော”ဟု စူးစမ်းပြန်၏။ ထိုအသျှင်ကို စူးစမ်းသည်ရှိသော် “မောဟတရား အလွှမ်းမိုးခံရသော စိတ်ရှိသူသည် မသိပဲလျက်လည်း ‘သိ၏’ဟု ဆိုလေရာ၏၊ မမြင်ပဲလျက်လည်း ‘မြင်၏’ဟု ဆိုလေရာ၏၊ ရှည်မြင့်စွာ အကျိုးမဲ့ခြင်းငှါ ဆင်းရဲခြင်းငှါ ဖြစ်စေမည့် အရာကို သူတပါးတို့အား ဆောက်တည်စေရာ၏၊ ထိုသို့သော မောဟတရားမျိုးသည် ဤအသျှင်အား မရှိ၊ မောဟကင်းသောသူ၏ ကိုယ်နှုတ်အမူအရာကဲ့သို့ ဤအသျှင်၏ ကိုယ်အမူအရာ နှုတ်အမူအရာသည် ဖြစ်၏၊ ဤအသျှင် ဟောကြားအပ်သောတရားသည် နက်နဲ၏၊ မြင်နိုင်ခဲ၏၊ သိနိုင်ခဲ၏၊ ငြိမ်သက်၏၊ မွန်မြတ်၏၊ ကြံဆ၍ မသိနိုင်၊ သိမ်မွေ့၏၊ ပညာရှိတို့သာ သိအပ်၏၊ မောဟမကင်းသောသူသည် ထိုတရားကို ဟောကြားရန် မဖြစ်နိုင်”ဟု သိ၏။

စူးစမ်းသောသူသည် မောဟတရားတို့မှ အထူးသဖြင့် စင်ကြယ်သော ထိုရဟန်းကို မြင်သောကြောင့် ထိုရဟန်း၌ ယုံကြည်မှုကို ဖြစ်ပွါးစေ၏၊ ယုံကြည်မှု ဖြစ်သည်ရှိသော် ချဉ်းကပ်၏၊ ချဉ်းကပ်သည်ရှိသော် ဆည်းကပ်၏၊ ဆည်းကပ်သည်ရှိသော် နားထောင်၏၊ နားထောင်သောသူသည် တရားကို နာယူ၏၊ ကြားနာရ၍ တရားကိုဆောင်၏၊ ဆောင်ထားသောတရားတို့၏ အနက်သဘောကို စူးစမ်းဆင်ခြင်၏၊အနက်သဘောကို စူးစမ်းဆင်ခြင်သည်ရှိသော် တရားတို့သည် ရှုဆင်ခြင်ခြင်းငှါ ခံ့ကုန်၏၊ တရားတို့သည် ရှုဆင်ခြင်ခြင်းငှါ ခံ့သည်ရှိသော် အလိုဆန္ဒသည်ဖြစ်၏၊ အလိုဆန္ဒဖြစ်သည်ရှိသော် အားထုတ်၏၊ အားထုတ်သည်ရှိသော် နှိုင်းချိန်၏၊ နှိုင်းချိန်ပြီးသော် ပြင်းစွာ အားထုတ်၏၊ စိတ်စိုက်နေသည်ရှိသော် ကိုယ်ဖြင့်လည်း မွန်မြတ်သော သစ္စာကို မျက်မှောက်ပြုနိုင်၏၊ ပညာဖြင့်လည်း ထိုးထွင်း၍ မြင်နိုင်၏။ ဘာရဒွါဇ ဤမျှ အတိုင်းအရှည်ဖြင့် မဂ်ကို လျော်စွာ သိခြင်းသည် ဖြစ်၏၊ ဤမျှ အတိုင်းအရှည်ဖြင့် မဂ်ကို လျော်စွာ သိတတ်သူ ဖြစ်၏၊ ဤမျှ အတိုင်းအရှည်ဖြင့်လည်း ငါတို့သည် သစ္စာကို လျော်စွာသိခြင်းကို ပညတ်ပြောဆိုကုန်၏၊ ဖိုလ်ကို မျက်မှောက်ပြုခြင်းသည်ကား မဖြစ်သေးသည်သာတည်း ဟု(မိန့်တော်မူ၏)။

၄၃၃။ အသျှင်ဂေါတမ ဤမျှ အတိုင်းအရှည်ဖြင့် မဂ်ကိုလျော်စွာ သိခြင်းသည် ဖြစ်ပါ၏၊ဤမျှ အတိုင်းအရှည်ဖြင့် မဂ်ကိုလျော်စွာ သိသူ ဖြစ်ပါ၏၊ ဤမျှ အတိုင်းအရှည်ဖြင့်လည်း အကျွန်ုပ်တို့သည် မဂ်ကို ထိုးထွင်း၍ သိခြင်းကို မြင်ကြပါကုန်၏။ အသျှင်ဂေါတမ အဘယ်မျှ အတိုင်းအရှည်ဖြင့်

http://www.dhammadownload.com



ဖိုလ်ကို မျက်မှောက်ပြုခြင်းသည် ဖြစ်ပါသနည်း၊ ဖိုလ်သို့ အစဉ်ရောက်ပါသနည်း၊ အကျွန်ုပ်တို့သည် အသျှင်ဂေါတမအား ဖိုလ်ကို မျက်မှောက်ပြုခြင်းကို မေးလျှောက်ပါကုန်၏ ဟု (လျှောက်၏)။

ဘာရဒွါဇ ထိုတရားတို့ကိုသာလျှင် ထုံခြင်းကြောင့် ပွါးများခြင်းကြောင့် ကြိမ်ဖန်များစွာ လေ့လာခြင်းကြောင့် ဖိုလ်ကို မျက်မှောက်ပြုခြင်းသည် ဖြစ်၏၊ ဘာရဒွါဇ ဤမျှ အတိုင်းအရှည်ဖြင့် ဖိုလ်ကို မျက်မှောက်ပြုခြင်းသည် ဖြစ်၏၊ ဤမျှအတိုင်းအရှည်ဖြင့် ဖိုလ်သို့လျော်စွာရောက်၏၊ ဤမျှ အတိုင်းအရှည်ဖြင့်လည်း ငါတို့သည် ဖိုလ်ကို မျက်မှောက်ပြုခြင်းကို ပညတ်ကုန်၏ဟု (မိန့်တော်မူ၏)။

၄၃၄၊ အသျှင်ဂေါတမ ဤမျှအတိုင်းအရှည်ဖြင့် ဖိုလ်ကို မျက်မှောက်ပြုခြင်းသည် ဖြစ်ပါ၏၊ ဤမျှ အတိုင်းအရှည်ဖြင့် ဖိုလ်သို့လျော်စွာ ရောက်ပါ၏၊ ဤမျှအတိုင်းအရှည်ဖြင့်လည်း အကျွန်ုပ်တို့သည် ဖိုလ်ကို မျက်မှောက်ပြုခြင်းကို မြင်ကြပါကုန်၏၊ အသျှင်ဂေါတမ အဘယ်တရားသည် ဖိုလ်ကို မျက်မှောက်ပြုခြင်းအား များစွာ ကျေးဇူးပြုပါသနည်း၊ အကျွန်ုပ်တို့သည် အသျှင်ဂေါတမအား ဖိုလ်ကို မျက်မှောက်ပြုခြင်းအား များစွာ ကျေးဇူးပြုတတ်သော တရားကို မေးလျှောက်ပါကုန်၏ ဟု (လျှောက်၏)။

ဘာရဒွါဇ (မဂ်ကို) အားထုတ်ခြင်းသည် ဖိုလ်ကို မျက်မှောက်ပြုခြင်းအား များစွာကျေးဇူး ပြု၏၊ အကယ်၍ ထိုမဂ်ကို အားမထုတ်ငြားအံ့၊ ဖိုလ်သို့ လျောက်ပတ်စွာ မရောက်နိုင်လေရာ၊ မဂ်ကို အားထုတ်ခြင်းကြောင့်သာ ဖိုလ်သို့ လျောက်ပတ်စွာ ရောက်နိုင်၏၊ ထို့ကြောင့် (မဂ်ကို)အားထုတ် ခြင်းသည် ဖိုလ်ကို မျက်မှောက်ပြုခြင်းအား များစွာ ကျေးဇူးပြု၏ဟု (မိန့်တော်မူ၏)။ အသျှင် ဂေါတမ မဂ်ကို အားထုတ်ခြင်းအား အဘယ်တရားသည် များစွာ ကျေးဇူးပြုတတ်ပါသနည်း၊ အကျွန်ုပ်တို့သည် အသျှင်ဂေါတမအား မဂ်ကို အားထုတ်ခြင်းအား ကျေးဇူးပြုတတ်သောတရားကို မေးလျှောက်ပါကုန်၏ ဟု (လျှောက်၏)။ ဘာရဒွါဇ နှိုင်းချိန်ခြင်းသည် မဂ်ကို အားထုတ်ခြင်းအား များစွာ ကျေးဇူးပြုတတ်၏၊ အကယ်၍ မနှိုင်းချိန်ငြားအံ့၊ ဤမဂ်ကို ပွါးများခြင်းကို အားမထုတ် လေရာ၊ နှိုင်းချိန်သောကြောင့်သာ (မဂ်ကို ရအောင်) အားထုတ်၏၊ ထို့ကြောင့် မဂ်ကို အားထုတ် ခြင်းအား နှိုင်းချိန်ခြင်းသည် များစွာ ကျေးဇူးပြုတတ်၏ ဟု (မိန့်တော်မူ၏)။

အသျှင်ဂေါတမ အဘယ်တရားသည် နှိုင်းချိန်ခြင်းအား များစွာ ကျေးဇူးပြုတတ်ပါသနည်း၊ အကျွန်ုပ်တို့သည် အသျှင်ဂေါတမအား နှိုင်းချိန်ခြင်းအား များစွာ ကျေးဇူးပြုတတ်သော တရားကို မေးလျှောက်ပါကုန်၏ ဟု (လျှောက်၏)။ ဘာရဒွါဇ အားထုတ်ခြင်းသည် နှိုင်းချိန်ခြင်းအား များစွာကျေးဇူးပြုတတ်၏၊အကယ်၍ အားမထုတ်ငြားအံ့၊ မနှိုင်းချိန်လေရာ၊ အားထုတ်သောကြောင့် သာ နှိုင်းချိန်၏၊ ထို့ကြောင့် အားထုတ်ခြင်းသည် နှိုင်းချိန်ခြင်းအား များစွာကျေးဇူးပြုတတ်၏ ဟု (မိန့်တော်မူ၏)။

အသျှင်ဂေါတမ အဘယ်တရားသည် အားထုတ်ခြင်းအား များစွာကျေးဇူးပြုတတ်ပါသနည်း အကျွန်ုပ်တို့သည် အသျှင်ဂေါတမအား အားထုတ်ခြင်းအား များစွာ ကျေးဇူးပြုတတ်သော တရားကို မေးလျှောက်ပါကုန်၏ ဟု (လျှောက်၏)။ ဘာရဒွါဇ ပြုလိုမှု 'ဆန္ဒ'သည် အားထုတ်ခြင်းအား များစွာကျေးဇူးပြုတတ်၏၊ အကယ်၍ ပြုလိုမှု 'ဆန္ဒ'မဖြစ်ငြားအံ့၊ အားမထုတ်လေရာ၊ ပြုလိုမှု 'ဆန္ဒ'ဖြစ်သောကြောင့်သာ အားထုတ်၏၊ ထို့ကြောင့် ပြုလိုမှု 'ဆန္ဒ'သည် အားထုတ်ခြင်းအား များစွာ ကျေးဇူးပြုတတ်၏ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



အသျှင်ဂေါတမ ပြုလိုမှု'ဆန္ဒ'အား အဘယ်တရားသည် များစွာကျေးဇူးပြုတတ်ပါသနည်း၊ အကျွန်ုပ်တို့သည် အသျှင်ဂေါတမအား ပြုလိုမှု 'ဆန္ဒ'အား များစွာကျေးဇူးပြုတတ်သော တရားကို မေးလျှောက်ပါကုန်၏ ဟု (လျှောက်၏)။ ဘာရဒွါဇ ပြုလိုမှု'ဆန္ဒ'အား တရားတို့ကို စူးစိုက်ကြည့်ရှု၍ ကျေနပ်ခြင်းသည် များစွာ ကျေးဇူးပြုတတ်၏၊ ထိုတရားတို့ကို အကယ်၍ စူးစိုက်ကြည့်ရှု၍ ကျေနပ်ခြင်း မဖြစ်ငြားအံ့၊ ပြုလိုမှု'ဆန္ဒ'သည် မဖြစ်လေရာ၊ တရားတို့ကို စူးစိုက်ကြည့်ရှု၍ ကျေနပ်သောကြောင့်သာ ပြုလိုမှု'ဆန္ဒ'သည် ဖြစ်၏၊ ထို့ကြောင့် ပြုလိုမှု'ဆန္ဒ'အား တရားတို့ကို စူးစိုက်ကြည့်ရှု၍ ကျေနပ်ခြင်းသည် များစွာကျေးဇူးပြုတတ်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဂေါတမ တရားတို့ကို စူးစိုက်ကြည့်ရှု၍ ကျေနပ်ခြင်းအား အဘယ်တရားသည် များစွာ ကျေးဇူးပြုတတ်ပါသနည်း၊ အကျွန်ုပ်တို့သည် အသျှင်ဂေါတမအား တရားတို့ကို စူးစိုက်ကြည့်ရှု၍ ကျေနပ်မှုအား များစွာ ကျေးဇူးပြုတတ်သော တရားတို့ကို မေးလျှောက် ပါကုန်၏ဟု(လျှောက်၏)။ ဘာရဒွါဇ တရားတို့ကို စူးစိုက်ကြည့်ရှု၍ ကျေနပ်ခြင်းအား အနက်သဘောကို စူးစမ်းခြင်းသည် များစွာကျေးဇူးပြုတတ်ကုန်၏၊ အကယ်၍ ထိုအနက်သဘောကို စူးစမ်းခြင်းသည် မဖြစ်ငြားအံ့၊ ဤတရားတို့ကို စူးစိုက်ကြည့်ရှု၍ ကျေနပ်မှု မရကုန်ရာ၊ အနက်သဘောကို စူးစမ်းသောကြောင့်သာ တရားတို့ကို စူးစိုက်ကြည့်ရှု၍ ကျေနပ်မှု ရကုန်၏၊ ထို့ကြောင့် အနက်သဘောကို စူးစမ်းခြင်းသည် တရားတို့ကို စူးစိုက်ကြည့်ရှုရာ၌ ကျေနပ်မှုအား များစွာကျေးဇူးပြုတတ်၏ ဟု (မိန့်တော်မူ၏)။

အသျှင်ဂေါတမ အနက်သဘောကို စူးစမ်းခြင်းအား အဘယ်တရားသည် များစွာကျေးဇူးပြုတတ်ပါသနည်း၊ အနက်သဘောကို စူးစမ်းခြင်းအား များစွာကျေးဇူးပြုတတ်သောတရားကို အကျွန်ုပ်တို့သည် အသျှင်ဂေါတမအား မေးလျှောက်ပါကုန်၏ ဟု (လျှောက်၏)။ ဘာရဒွါဇ အနက်သဘောကို စူးစမ်းခြင်းအား တရားကိုဆောင်ခြင်း မှတ်ခြင်းသည် များစွာကျေးဇူးပြုတတ်၏၊ အကယ်၍ ထိုတရားကို မဆောင်ငြား မမှတ်ငြားအံ့၊ ဤအနက်သဘောကို မစူးစမ်းနိုင်လေရာ၊ တရားကို ဆောင်ထားမှတ်ထားသောကြောင့်သာ အနက်သဘောကို စူးစမ်းနိုင်၏၊ ထို့ကြောင့် အနက်သဘောကို စူးစမ်းခြင်းအား တရားကို ဆောင်ထားခြင်း မှတ်ထားခြင်းသည် များစွာကျေးဇူးပြုတတ်၏ ဟု (မိန့်တော်မူ၏)။

အသျှင်ဂေါတမ တရားကို ဆောင်ထားခြင်း မှတ်ထားခြင်းအား အဘယ်တရားသည် များစွာ ကျေးဇူးပြုတတ်ပါသနည်း၊ အကျွန်ုပ်တို့သည် အသျှင်ဂေါတမအား တရားကို ဆောင်ထားခြင်း မှတ်ထားခြင်းအား များစွာ ကျေးဇူးပြုတတ်သော တရားကို မေးလျှောက်ပါကုန်၏ ဟု (လျှောက်၏)။ ဘာရဒွါဇ တရားကို ဆောင်ထားခြင်း မှတ်ထားခြင်းအား တရားကို ကြားနာခြင်းသည် များစွာ ကျေးဇူးပြုတတ်၏၊ အကယ်၍ ထိုတရားကို မကြားနာငြားအံ့၊ ဤတရားကို မဆောင်ထား မမှတ်ထား နိုင်လေရာ၊ တရားကို ကြားနာသောကြောင့်သာ တရားကို ဆောင်မှတ်နိုင်၏၊ ထို့ကြောင့် တရားကို ဆောင်ထားခြင်း မှတ်ထားခြင်းအား တရားတော်ကို ကြားနာခြင်းသည် များစွာကျေးဇူးပြုတတ်၏ ဟု (မိန့်တော်မူ၏)။

အသျှင်ဂေါတမ တရားနာခြင်းအား အဘယ်တရားသည် များစွာ ကျေးဇူးပြုတတ်ပါသနည်း၊ အကျွန်ုပ်တို့သည် အသျှင်ဂေါတမအား တရားနာခြင်းအား များစွာကျေးဇူးပြုတတ်သော တရားကို မေးလျှောက်ပါကုန်၏ ဟု (လျှောက်၏)။ ဘာရဒွါဇ တရားနာခြင်းအား နားစိုက်ခြင်းသည် များစွာကျေးဇူးပြုတတ်၏၊ အကယ်၍ နားမစိုက်ငြားအံ့၊ ဤတရားကို မနာလေရာ၊ နားစိုက်သော

http://www.dhammadownload.com



ကြောင့်သာ တရားကို နာ၏၊ ထို့ကြောင့် တရားနာခြင်းအား နားစိုက်ခြင်းသည် များစွာကျေးဇူး ပြုတတ်၏ ဟု (မိန့်တော်မူ၏)။

အသျှင်ဂေါတမ နားစိုက်ခြင်းအား အဘယ်တရားသည် များစွာကျေးဇူးပြုတတ်ပါသနည်း၊ အကျွန်ုပ်တို့သည် အသျှင်ဂေါတမအား နားစိုက်ခြင်းအား များစွာကျေးဇူးပြုတတ်သော တရားကို မေးလျှောက်ပါကုန်၏ ဟု (လျှောက်၏)။ ဘာရဒွါဇ နားစိုက်ခြင်းအား ဆည်းကပ်ခြင်းသည် များစွာကျေးဇူးပြုတတ်၏၊ အကယ်၍ မဆည်းကပ်ငြားအံ့၊ ဤသို့ နားမစိုက်လေရာ၊ ဆည်းကပ်သောကြောင့်သာ နားစိုက်၏၊ ထို့ကြောင့် နားစိုက်ခြင်းအား ဆည်းကပ်ခြင်းသည် များစွာကျေးဇူး ပြုတတ်၏ ဟု (မိန့်တော်မူ၏)။

အသျှင်ဂေါတမ ဆည်းကပ်ခြင်းအား အဘယ်တရားသည် များစွာ ကျေးဇူးပြုတတ်ပါသနည်း၊ အကျွန်ုပ်တို့သည် အသျှင်ဂေါတမအား ဆည်းကပ်ခြင်းအား များစွာ ကျေးဇူးပြုတတ်သောတရားကို မေးလျှောက်ပါကုန်၏ ဟု (လျှောက်၏)။ ဘာရဒွါဇ ဆည်းကပ်ခြင်းအား ချဉ်းကပ်ခြင်းသည် များစွာကျေးဇူးပြုတတ်၏၊ အကယ်၍ ထိုသို့ မချဉ်းကပ်ငြားအံ့၊ ဤသို့ ဆည်းကပ်ခြင်းသည် မဖြစ်နိုင်ရာ၊ ချဉ်းကပ်သောကြောင့်သာ ဆည်းကပ်ခြင်းသည် ဖြစ်၏၊ ထို့ကြောင့် ဆည်းကပ်ခြင်းအား ချဉ်းကပ်ခြင်းသည် များစွာ ကျေးဇူးပြုတတ်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဂေါတမ ချဉ်းကပ်ခြင်းအား အဘယ်တရားသည် များစွာကျေးဇူးပြုတတ်ပါသနည်း၊ အကျွန်ုပ်တို့သည် အသျှင်ဂေါတမအား ချဉ်းကပ်ခြင်းအား များစွာကျေးဇူးပြုတတ်သော တရားကို မေးလျှောက်ပါကုန်၏ ဟု (လျှောက်၏)။ ဘာရဒွါဇ ချဉ်းကပ်ခြင်းအား ယုံကြည်မှု 'သဒ္ဓါ'သည် များစွာကျေးဇူးပြုတတ်၏၊ အကယ်၍ ထိုသို့ ယုံကြည်မှု 'သဒ္ဓါ'မဖြစ်ငြားအံ့၊ ဤသို့ ချဉ်းကပ်ခြင်းသည် မဖြစ်နိုင်ရာ၊ ယုံကြည်မှု'သဒ္ဓါ'ဖြစ်သောကြောင့်သာ ချဉ်းကပ်၏၊ထို့ကြောင့် ချဉ်းကပ်ခြင်းအား ယုံကြည်မှု 'သဒ္ဓါ'သည် များစွာ ကျေးဇူးပြုတတ်၏ ဟု (မိန့်တော်မူ၏)။

၄၃၅။ အကျွန်ုပ်တို့သည် အသျှင်ဂေါတမအား သစ္စာကို အစဉ်စောင့်ရှောက်ခြင်းကို မေးပါကုန်ပြီ၊အသျှင်ဂေါတမသည် သစ္စာကို အစဉ်စောင့်ရှောက်ခြင်းကို ဖြေကြားခဲ့ပါပြီ၊ထိုဖြေကြားတော်မူချက်ကိုလည်း အကျွန်ုပ်တို့သည် သဘောလည်း ကျလှပါ၏၊ နှစ်သက်လည်း နှစ်သက်လှပါ၏၊ ထိုဖြေကြားချက်ဖြင့်လည်း အကျွန်ုပ်တို့သည် နှစ်သက်သောစိတ် ရှိကြပါကုန်၏။ အကျွန်ုပ်တို့သည် အသျှင်ဂေါတမအား သစ္စာကို လျော်စွာသိခြင်းကို မေးလျှောက်ပါကုန်ပြီ၊ အသျှင်ဂေါတမသည် သစ္စာကို လျော်စွာ သိခြင်းကို ဖြေကြားခဲ့ပါပြီ၊ ထိုဖြေကြားချက်ကိုလည်း အကျွန်ုပ်တို့သည် သဘောလည်း ကျလှပါ၏၊ နှစ်သက်လည်း နှစ်သက်လှပါ၏၊ ထိုဖြေကြား ချက်ဖြင့်လည်း အကျွန်ုပ်တို့သည် နှစ်သက်သောစိတ် ရှိကြပါကုန်၏။ အကျွန်ုပ်တို့သည် အသျှင်ဂေါတမအား ဖိုလ်ကို မျက်မှောက်ပြုခြင်းကို မေးပါကုန်၏၊ အသျှင်ဂေါတမသည် ဖိုလ်ကို မျက်မှောက်ပြုခြင်းကို ဖြေကြားတော်မူပါ၏၊ ထိုဖြေကြားချက်ကိုလည်း အကျွန်ုပ်တို့သည် သဘောလည်း ကျလှပါ၏၊ နှစ်သက်လည်း နှစ်သက်လှပါ၏၊ ထိုဖြေကြားချက်ဖြင့်လည်း နှစ်သက်သော စိတ်ရှိကြပါကုန်၏။ အကျွန်ုပ်တို့သည် အသျှင်ဂေါတမအား ဖိုလ်ကို မျက်မှောက်ပြုခြင်းအား များစွာကျေးဇူးပြုတတ်သော တရားကို မေးလျှောက်ပါကုန်၏၊ အသျှင်ဂေါတမသည် ဖိုလ်ကို မျက်မှောက်ပြုခြင်းအား များစွာ ကျေးဇူးပြုတတ်သော တရားကို ဖြေကြားတော်မူပါ၏၊ ထိုဖြေကြားချက်ကိုလည်း အကျွန်ုပ်

http://www.dhammadownload.com



တို့သည် သဘောလည်း ကျလှပါ၏၊ နှစ်သက်လည်း နှစ်သက်လှပါ၏၊ ထိုဖြေကြားတော်မူချက်ဖြင့်လည်း အကျွန်ုပ်တို့သည် နှစ်သက်သောစိတ်ရှိကြပါကုန်၏။

အကျွန်ုပ်တို့ မေးတိုင်း မေးတိုင်း ပြဿနာကိုပင် အသျှင်ဂေါတမသည် ဖြေကြားတော်မူ၏၊ ထိုဖြေကြားချက်ကိုလည်း အကျွန်ုပ်တို့သည် သဘောလည်း ကျလှပါ၏၊ နှစ်သက်လည်း နှစ်သက်ကြပါကုန်၏၊ ထိုဖြေကြားချက်ဖြင့်လည်း နှစ်သက်သော စိတ်ရှိကြပါကုန်၏။ အသျှင်ဂေါတမ အကျွန်ုပ်တို့သည် ရှေးအခါက အလကားဦးပြည်းရဟန်းယုတ်တို့သည် ကြွယ်ဝကုန်၏၊ မည်းညစ်ကုန်၏၊ ဗြဟ္မာမင်း၏ ခြေမှ မွေးဖွားကုန်၏၊ အဘယ်မှာ တရားသဘောကို သိကြကုန်အံ့နည်းဟု ဤသို့ အထင်မှားကြပါကုန်၏။ အသျှင်ဂေါတမသည် အကျွန်ုပ်တို့အား ရဟန်းတို့၌ ရဟန်းဟူသော ချစ်ခြင်းကို လွန်စွာဖြစ်စေဘိ၏တကား၊ ရဟန်းတို့၌ ရဟန်းဟူသော ကြည်ညိုခြင်းကို လွန်စွာဖြစ်စေဘိ၏တကား၊ ရဟန်းတို့၌ ရဟန်းဟူသော ရိုသေခြင်းကို လွန်စွာဖြစ်စေဘိ၏တကား၊ အသျှင်ဂေါတမ (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိပါပေစွ။ပ။ အသျှင်ဂေါတမသည် အကျွန်ုပ်အား ယနေ့ကို အစပြု၍ အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်တတ်သော ဥပါသကာဟူ၍ မှတ်တော်မူပါဟု (လျှောက်၏)။

ငါးခုမြောက် စင်္ကီသုတ် ပြီး၏။

---

## ၆-သေဂုကာရိသုတ်

၄၃၆။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ သေဂုကာရိပုဏ္ဏားသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်စကားကို ပြောဆိုပြီးဆုံးစေပြီးနောက် တခုသောနေရာ၌ ထိုင်က၁ မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—"အသျှင်ဂေါတမ ပုဏ္ဏားတို့သည် လေးပါးသော လုပ်ကျွေးခြင်းတို့ကို ပညတ်ကြပါကုန်၏၊ ပုဏ္ဏားအား လုပ်ကျွေးခြင်းကို ပညတ်ကြပါကုန်၏၊ မင်းအား လုပ်ကျွေးခြင်းကို ပညတ်ကြပါကုန်၏၊ ကုန်သည်အား လုပ်ကျွေးခြင်းကို ပညတ်ကြပါကုန်၏၊ သူဆင်းရဲအား လုပ်ကျွေးခြင်းကို ပညတ်ကြပါကုန်၏။ အသျှင်ဂေါတမ ထိုလေးပါးသော လုပ်ကျွေးခြင်းတို့တွင် ပုဏ္ဏားတို့သည် ဤသို့ ပုဏ္ဏားအား လုပ်ကျွေးခြင်းကို ပညတ်ကြပါကုန်၏၊ ပုဏ္ဏားသည်မူလည်း ပုဏ္ဏားကို လုပ်ကျွေးရပါ၏၊ မင်းသည်မူလည်း ပုဏ္ဏားကို လုပ်ကျွေးရပါ၏၊ ကုန်သည်သည်မူလည်း ပုဏ္ဏားကို လုပ်ကျွေးရပါ၏၊ သူဆင်းရဲသည်မူလည်း ပုဏ္ဏားကို လုပ်ကျွေးရပါ၏။ အသျှင်ဂေါတမ ပုဏ္ဏားတို့သည် ဤသို့လျှင် ပုဏ္ဏားအား လုပ်ကျွေးခြင်းကို ပညတ်ပါကုန်၏။ အသျှင်ဂေါတမ ထိုလေးပါးသော လုပ်ကျွေးခြင်းတို့တွင် ပုဏ္ဏားတို့သည် ဤသို့ မင်းအား လုပ်ကျွေးခြင်းကို ပညတ်ပါကုန်၏၊ မင်းသည်မူလည်း မင်းကို လုပ်ကျွေးရပါ၏၊ ကုန်သည်သည်မူလည်း မင်းကို လုပ်ကျွေးရပါ၏၊ သူဆင်းရဲသည်မူလည်း မင်းကို လုပ်ကျွေးရပါ၏၊ အသျှင်ဂေါတမ ပုဏ္ဏားတို့သည် ဤသို့လျှင် မင်းအား လုပ်ကျွေးခြင်းကို ပညတ်ပါကုန်၏။

http://www.dhammadownload.com



အသျှင်ဂေါတမ ထိုလုပ်ကျွေးခြင်းတို့တွင် ပုဏ္ဏားတို့သည် ဤသို့ ကုန်သည်အား လုပ်ကျွေးခြင်းကို ပညတ်ပါကုန်၏၊ ကုန်သည်သည်မူလည်း ကုန်သည်ကို လုပ်ကျွေးရပါ၏၊ သူဆင်းရဲသည်မူလည်း ကုန်သည်ကို လုပ်ကျွေးရပါ၏၊ အသျှင်ဂေါတမ ပုဏ္ဏားတို့သည် ဤသို့လျှင် ကုန်သည်အား လုပ်ကျွေးခြင်းကို ပညတ်ကြပါကုန်၏။ အသျှင်ဂေါတမ ထိုလေးပါးသော လုပ်ကျွေးခြင်းတို့တွင် ပုဏ္ဏားတို့သည် ဤသို့ သူဆင်းရဲအား လုပ်ကျွေးခြင်းကို ပညတ်ကြပါကုန်၏၊ သူဆင်းရဲသည်သာ သူဆင်းရဲအား လုပ်ကျွေးရပါ၏၊ တပါးသော အမျိုးသည် သူဆင်းရဲကို အဘယ်မှာ လုပ်ကျွေးပါလတ္တံ့နည်း၊ အသျှင်ဂေါတမ ပုဏ္ဏားတို့သည် သူဆင်းရဲအား ဤသို့သာလျှင် လုပ်ကျွေးခြင်းကို ပညတ်ကြပါကုန်၏။ အသျှင်ဂေါတမ ပုဏ္ဏားတို့သည် ဤလေးပါးသော လုပ်ကျွေးခြင်းတို့ကို ပညတ်ကြပါကုန်၏။ ဤသို့ ပညတ်ရာ၌ အသျှင်ဂေါတမသည် အဘယ်သို့ ဆိုလိုပါသနည်း" ဟု (လျှောက်၏)။

၄၃၇။ ပုဏ္ဏား အလုံးစုံသော သူအပေါင်းသည် ပုဏ္ဏားတို့၏ "ဤလေးပါးသော လုပ်ကျွေးခြင်းတို့ကို ပညတ်ကြပါကုန်၏လော" ဟူသော ဤပညတ်ချက်ကို ခွင့်ပြုပါ၏လော ဟု (မေးတော်မူ၏)။ အသျှင်ဂေါတမ ဤသို့ကား ခွင့်မပြုကြပါ ဟု (လျှောက်၏)။ ပုဏ္ဏား ဥပမာအားဖြင့် ကွမ်းစားမျှ ကိုယ်ပိုင်ဥစ္စာမရှိ ဆင်းရဲနွမ်းပါးသော ယောကျ်ားသည် ရှိရာ၏၊ ထိုယောကျ်ားသည် အလိုမရှိပဲလျက် "ယောကျ်ား သင်သည် ဤအသားကိုလည်း စားရမည်၊ အဖိုးကိုလည်း ပေးရမည်" ဟု အဖိုးအစုကို ဆွဲယူစေကုန်ရာသကဲ့သို့ ပုဏ္ဏား ဤအတူသာလျှင် ပုဏ္ဏားတို့သည် ထိုရဟန်းပုဏ္ဏားတို့က ဝန်မခံကြကုန်ပဲလျက် ဤလေးပါးသော လုပ်ကျွေးခြင်းတို့ကို ပညတ်ကြကုန်၏။ ပုဏ္ဏား ငါသည် အလုံးစုံသောသူကို လုပ်ကျွေးသင့်၏ဟု မဟောကြား၊ ပုဏ္ဏား ငါသည် အလုံးစုံသော သူကို မလုပ်ကျွေးသင့် ဟူ၍လည်း မဟောကြား။ ပုဏ္ဏား အကြောင်းမူကား ယင်းသို့ လုပ်ကျွေးသော သူအား လုပ်ကျွေးခြင်းဟူသော အကြောင်းကြောင့် ယုတ်မာသည် ဖြစ်ရာ၏၊ မြတ်သည် မဖြစ်ရာ၊ ထိုသို့သဘောရှိသော လုပ်ကျွေးခြင်းတို့ကို လုပ်ကျွေးသင့်၏ဟု ငါမဟောကြား။ ပုဏ္ဏား ယင်းသို့ လုပ်ကျွေးသောသူအား လုပ်ကျွေးခြင်းဟူသော အကြောင်းကြောင့် မြတ်သည်ဖြစ်ရာ၏၊ ယုတ်မာသည် မဖြစ်ရာ၊ ထိုသို့သဘောရှိသော လုပ်ကျွေးခြင်းကို လုပ်ကျွေးသင့်၏ဟု ငါဟောကြား၏။

ပုဏ္ဏား "ယင်းပုဂ္ဂိုလ်ကို လုပ်ကျွေးသောသင့်အား လုပ်ကျွေးခြင်းဟူသော အကြောင်းကြောင့် ယုတ်မာသည် ဖြစ်ရာ၏၊ မြတ်သည် မဖြစ်ရာ၊ ယင်းပုဂ္ဂိုလ်ကို လုပ်ကျွေးသော သင့်အား လုပ်ကျွေးခြင်းဟူသော အကြောင်းကြောင့် မြတ်သည် ဖြစ်ရာ၏၊ ယုတ်မာသည် မဖြစ်ရာ၊ ဤနှစ်မျိုးသော လုပ်ကျွေးခြင်းတို့တွင် အဘယ်လုပ်ကျွေးခြင်းကို လုပ်ကျွေးမည်နည်း" ဟု မင်းကိုမူလည်း အကယ်၍ မေးကုန်ငြားအံ့၊ ပုဏ္ဏား မင်းသည်လည်း ကောင်းစွာ ဖြေကြားပါမူ "ယင်းပုဂ္ဂိုလ်ကို လုပ်ကျွေးသော ငါ့အား လုပ်ကျွေးခြင်းဟူသော အကြောင်းကြောင့် ယုတ်မာသည် ဖြစ်ရာ၏၊ မြတ်သည် မဖြစ်ရာ၊ ငါသည် ထိုသို့သဘောရှိသော ပုဂ္ဂိုလ်ကို မလုပ်ကျွေး။ ထို့ပြင် ယင်းပုဂ္ဂိုလ်ကို လုပ်ကျွေးသော ငါ့အား လုပ်ကျွေးခြင်းဟူသော အကြောင်းကြောင့် မြတ်သည် ဖြစ်ရာ၏၊ ယုတ်မာသည် မဖြစ်ရာ၊ ထိုသို့သဘောရှိသော ပုဂ္ဂိုလ်ကို ငါသည် လုပ်ကျွေးအံ့" ဟု ဖြေကြားရာ၏။

ပုဏ္ဏား ပုဏ္ဏားကိုမူလည်း အကယ်၍။ပ။ ပုဏ္ဏား ကုန်သည်ကိုမူလည်း အကယ်၍။ပ။ ပုဏ္ဏား "ယင်းပုဂ္ဂိုလ်ကို လုပ်ကျွေးသော သင့်အား လုပ်ကျွေးခြင်းဟူသောအကြောင်းကြောင့် ယုတ်မာသည် ဖြစ်ရာ၏၊ မြတ်သည် မဖြစ်ရာ၊ ယင်းပုဂ္ဂိုလ်ကို လုပ်ကျွေးသော သင့်အား လုပ်ကျွေးခြင်း ဟူသော အကြောင်းကြောင့် မြတ်သည် ဖြစ်ရာ၏၊ ယုတ်မာသည် မဖြစ်ရာ၊ ဤနှစ်မျိုးသော လုပ်ကျွေးခြင်း

http://www.dhammadownload.com



ဟို့တွင် အဘယ်လုပ်ကျွေးခြင်းကို သင်သည် လုပ်ကျွေးမည်နည်း”ဟု သူဆင်းရဲကိုမူလည်း အကယ်၍ မေးကုန်ငြားအံ့။ ပုဏ္ဏားသူဆင်းရဲသည်လည်း ကောင်းစွာဖြေကြားပါမူ “ယင်းပုဂ္ဂိုလ်ကို လုပ်ကျွေးသော ငါ့အား လုပ်ကျွေးခြင်းဟူသော အကြောင်းကြောင့် ယုတ်မာသည် ဖြစ်ရာ၏၊ မြတ်သည် မဖြစ်ရာ၊ ငါသည် ထိုပုဂ္ဂိုလ်ကို မလုပ်ကျွေး။ ထို့ပြင် ယင်းပုဂ္ဂိုလ်ကို လုပ်ကျွေးသော ငါ့အား လုပ်ကျွေးခြင်းဟူသော အကြောင်းကြောင့် မြတ်သည် ဖြစ်ရာ၏၊ ယုတ်မာသည် မဖြစ်ရာ၊ ထိုပုဂ္ဂိုလ်ကို ငါသည် လုပ်ကျွေးပါအံ့”ဟု ဖြေကြားရာ၏။ ပုဏ္ဏား မြင့်သောအမျိုး၌ ဖြစ်ခြင်းကြောင့် မြတ်၏ဟု ငါမဟော၊ ပုဏ္ဏား မြင့်သောအမျိုး၌ ဖြစ်ခြင်းကြောင့် ယုတ်၏ဟု ငါမဟော။ ပုဏ္ဏား မွန်မြတ်သော အဆင်းရှိသည်၏ အဖြစ်ကြောင့် မြတ်၏ဟု ငါမဟော၊ ပုဏ္ဏား မွန်မြတ်သော အဆင်း ရှိသည်၏ အဖြစ်ကြောင့် ယုတ်၏ဟု ငါမဟော။ ပုဏ္ဏား မွန်မြတ်သော စည်းစိမ်ဥစ္စာ ရှိသည်၏ အဖြစ်ကြောင့် မြတ်၏ဟု ငါမဟော၊ ပုဏ္ဏား မွန်မြတ်သော စည်းစိမ်ဥစ္စာရှိသည်၏ အဖြစ်ကြောင့် ယုတ်၏ဟု ငါမဟော။

၄၃၈။ ပုဏ္ဏား အကြောင်းမူကား ဤလောက၌ အချို့သော သူသည် မြင့်မြတ်သော အမျိုး၌ ဖြစ်ပါလျက်လည်း သူ့အသက်ကို သတ်လေ့ရှိ၏၊ သူ့ဥစ္စာကို ခိုးယူလေ့ရှိ၏၊ ကာမတို့၌ မှားယွင်းစွာ ကျင့်လေ့ရှိ၏၊ မဟုတ်မမှန် ပြောဆိုတတ်၏၊ ကုန်းစကားကို ပြောဆိုတတ်၏၊ ကြမ်းထမ်းသော စကားကို ပြောဆိုတတ်၏၊ ပြိန်ဖျင်းသော စကားကို ပြောဆိုတတ်၏၊ သူတပါးပစ္စည်းကို မတရားရလိုခြင်း ရှိ၏၊ သူတပါးပျက်စီးမှုကို ရေးရွယ်ကြံစည်၏၊ မှားသောအယူဝါဒရှိ၏၊ ထို့ကြောင့် ထိုသူကို မြင့်မြတ်သောအမျိုး၌ ဖြစ်ခြင်းကြောင့် မြတ်၏ဟု ငါမဟော။ ပုဏ္ဏား ထို့ပြင် ဤလောက၌ အချို့သော သူသည် မြင့်မြတ်သော အမျိုး၌ ဖြစ်ပါလျက်လည်း သူ၏အသက်ကို သတ်ခြင်းမှ ကြဉ်ရှောင်၏၊ သူ့ဥစ္စာကို ခိုးယူခြင်းမှ ကြဉ်ရှောင်၏၊ ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ကြဉ်ရှောင်၏၊ မဟုတ်မမှန်ပြောဆိုခြင်းမှ ကြဉ်ရှောင်၏၊ ကုန်းစကားမှ ကြဉ်ရှောင်၏၊ ကြမ်းထမ်းသောစကားမှ ကြဉ်ရှောင်၏၊ ပြိန်ဖျင်းသောစကားကို ပြောခြင်းမှ ကြဉ်ရှောင်၏၊ သူတပါးပစ္စည်းကို မတရားရလိုခြင်း မရှိ၊ သူတပါးပျက်စီးစေလိုစိတ် မရှိ၊ ဖြောင့်မှန်သောအယူရှိ၏၊ ထို့ကြောင့် ထိုသူကို မြင့်မြတ်သော အမျိုး၌ ဖြစ်ခြင်းကြောင့် ယုတ်မာ၏ဟု ငါမဟော။

၄၃၉။ ပုဏ္ဏား အကြောင်းမူကား မွန်မြတ်သော အဆင်းရှိသော သူသည်လည်း။ပ။ ပုဏ္ဏား ဤလောက၌ အချို့သောသူသည် မွန်မြတ်သော စည်းစိမ်ရှိသူဖြစ်ပါလျက်လည်း သူ၏အသက်ကို သတ်လေ့ရှိ၏။ပ။ မှားသောအယူကို ယူ၏၊ ထို့ကြောင့် ထိုပုဂ္ဂိုလ်ကို မွန်မြတ်သော စည်းစိမ်ရှိသည်၏ အဖြစ်ကြောင့် မြတ်၏ဟု ငါမဟော၊ ပုဏ္ဏား ထို့ပြင် ဤလောက၌ အချို့သောသူသည် မွန်မြတ်သော စည်းစိမ်ရှိသော သူဖြစ်လျက်လည်း သူ့အသက်ကို သတ်ခြင်းမှ ကြဉ်ရှောင်၏။ပ။ ဖြောင့်မှန်သော အယူရှိ၏၊ ထို့ကြောင့် ထိုသူကို မွန်မြတ်သော စည်းစိမ်ဥစ္စာရှိသည်၏ အဖြစ်ကြောင့် ယုတ်၏ဟု ငါမဟော။ ပုဏ္ဏား အလုံးစုံသော ပုဂ္ဂိုလ်ကို လုပ်ကျွေးအပ်၏ဟု ငါမဟော၊ ပုဏ္ဏား အလုံးစုံသော သူကို မလုပ်ကျွေးအပ်ဟု ငါမဟော၊ ပုဏ္ဏား ယင်းသို့လုပ်ကျွေးသောသူအား လုပ်ကျွေးခြင်းဟူသော အကြောင်းကြောင့် သဒ္ဓါတရားသည် ပွါးများ၏၊ သီလသည် ပွါးများ၏၊ အကြားအမြင်သည် ပွါးများ၏၊ စွန့်ကြဲခြင်းသည် ပွါးများ၏၊ ပညာသည် ပွါးများ၏၊ ထိုသို့သဘောရှိသော လုပ်ကျွေးခြင်းကို လုပ်ကျွေးသင့်၏ဟု ငါဟော၏။ ပုဏ္ဏား ယင်းသို့ လုပ်ကျွေးသောသူအား လုပ်ကျွေးခြင်းဟူသော အကြောင်းကြောင့် သဒ္ဓါတရားသည် မတိုးပွါး၊ သီလသည် မတိုးပွါး၊ အကြားအမြင်သည်

http://www.dhammadownload.com



မတိုးပွါး၊ စွန့်ကြဲခြင်းသည် မတိုးပွါး၊ ပညာသည် မတိုးပွါး၊ ထိုသို့သော လုပ်ကျွေးခြင်းကို လုပ်ကျွေးသင့်၏ဟု ငါမဟော ဟု (မိန့်တော်မူ၏)။

၄၄၀။ ဤသို့မိန့် တော်မူသော် သေုကာရီပုဏ္ဏားသည် မြတ်စွာဘုရားအား ဤသို့လျှောက်၏— "အသျှင်ဂေါတမ ပုဏ္ဏားတို့သည် လေးပါးသော ကိုယ်ပိုင်ဥစ္စာတို့ကို ပညတ်ကြပါကုန်၏၊ ပုဏ္ဏား၏ ကိုယ်ပိုင်ဥစ္စာကို ပညတ်ကြပါကုန်၏၊မင်း၏ကိုယ်ပိုင်ဥစ္စာကို ပညတ်ကြပါကုန်၏၊ ကုန်သည်၏ ကိုယ်ပိုင်ဥစ္စာကို ပညတ်ကြပါကုန်၏၊ သူဆင်းရဲ၏ ကိုယ်ပိုင်ဥစ္စာကို ပညတ်ကြပါကုန်၏။ အသျှင်ဂေါတမ ထိုလေးပါးသော ကိုယ်ပိုင်ဥစ္စာတို့တွင် ဤသည့်ဆွမ်းခံခြင်းကို ပုဏ္ဏား၏ကိုယ်ပိုင်ဥစ္စာဟူ၍ ပုဏ္ဏားတို့သည် ပညတ်ကြပါကုန်၏။ ဆွမ်းခံလှည့်လည်ခြင်းဟူသော (ပုဏ္ဏားတို့၏) ကိုယ်ပိုင်ဥစ္စာကို မထေမဲ့မြင်ပြုသော ပုဏ္ဏားသည် အရှင်မပေးသော သူတပါးဥစ္စာကို ခိုးယူသော နွားကျောင်းသားကဲ့သို့ ကိုယ့်ကိစ္စမဟုတ်သည်ကို ပြုသည်မည်၏။ အသျှင်ဂေါတမ ဤသို့လျှင် ပုဏ္ဏား၏ ကိုယ်ပိုင်ဥစ္စာကို ပုဏ္ဏားတို့သည် ပညတ်ကြပါကုန်၏။ အသျှင်ဂေါတမ ထိုလေးပါးသော ကိုယ်ပိုင်ဥစ္စာတို့တွင် ဤသည့် လေးတောင့်ကို မင်း၏ ကိုယ်ပိုင်ဥစ္စာဟု ပုဏ္ဏားတို့သည် ပညတ်ကြပါကုန်၏၊ လေးတောင့်ဟူသော မင်း၏ ကိုယ်ပိုင်ဥစ္စာကို မထေမဲ့မြင် ပြုသောမင်းသည် အရှင်မပေးသော သူတပါးဥစ္စာကို ခိုးယူသော နွားကျောင်းသားကဲ့သို့ ကိုယ့်ကိစ္စမဟုတ်သည်ကို ပြုသည်မည်ပါ၏။ အသျှင်ဂေါတမ ဤသို့လျှင် မင်း၏ ဤကိုယ်ပိုင်ဥစ္စာကို ပုဏ္ဏားတို့သည် ပညတ်ကြပါကုန်၏။

အသျှင်ဂေါတမ ထိုလေးပါးသော ကိုယ်ပိုင်ဥစ္စာတို့တွင် ဤသည့် လယ်ထွန်ခြင်း နွားကျောင်းခြင်းကို ပုဏ္ဏားတို့သည် ကုန်သည်၏ ကိုယ်ပိုင်ဥစ္စာဟု ပညတ်ကြပါကုန်၏၊ လယ်ထွန်ခြင်း နွားကျောင်းခြင်းဟူသော ကိုယ်ပိုင်ဥစ္စာကို မထေမဲ့မြင်ပြုသော ကုန်သည်သည် အရှင်မပေးသော သူတပါးဥစ္စာကို ခိုးယူသော နွားကျောင်းသားကဲ့သို့ ကိုယ့်ကိစ္စမဟုတ်သည်ကို ပြုသည်မည်ပါ၏။ အသျှင်ဂေါတမ ဤသို့လျှင် ကုန်သည်၏ ဤကိုယ်ပိုင်ဥစ္စာကို ပုဏ္ဏားတို့သည် ပညတ်ကြပါကုန်၏။ အသျှင်ဂေါတမ ထိုလေးပါးသော ကိုယ်ပိုင်ဥစ္စာတို့တွင် ဤသည့် မြက်ရိတ်တံစဉ် ထမ်းပိုးကို သူဆင်းရဲ၏ ကိုယ်ပိုင်ဥစ္စာဟု ပုဏ္ဏားတို့သည် ပညတ်ကြပါကုန်၏၊ မြက်ရိတ် တံစဉ် ထမ်းပိုးဟူသော ကိုယ်ပိုင်ဥစ္စာကို မထေမဲ့မြင်ပြုသော သူဆင်းရဲသည် အရှင်မပေးသော သူတပါးဥစ္စာကို ခိုးယူသော နွားကျောင်းသားကဲ့သို့ ကိုယ့်ကိစ္စမဟုတ်သည်ကို ပြုသည်မည်ပါ၏။ အသျှင်ဂေါတမ ဤသို့လျှင် သူဆင်းရဲ၏ ဤကိုယ်ပိုင်ဥစ္စာကို ပုဏ္ဏားတို့သည် ပညတ်ကြပါကုန်၏၊ အသျှင်ဂေါတမ ပုဏ္ဏားတို့သည် ဤလေးပါးသော ကိုယ်ပိုင်ဥစ္စာတို့ကို ပညတ်ကြပါကုန်၏။ ဤအရာ၌ အသျှင်ဂေါတမသည် အဘယ်သို့ ဆိုလိုပါသနည်း" ဟု (လျှောက်၏)။

၄၄၁။ ပုဏ္ဏား အလုံးစုံသော လူအပေါင်းသည် ပုဏ္ဏားတို့၏ "ဤလေးပါးသော ကိုယ်ပိုင်ဥစ္စာတို့ကို ပညတ်ကြကုန်ဓလော" ဟူသော ဤပညတ်ချက်ကို ခွင့်ပြုပါ၏လော ဟု (မေးတော်မူ၏)။ အသျှင်ဂေါတမ ဤသို့ကား ခွင့်မပြုပါ ဟု (လျှောက်၏)။ ပုဏ္ဏား ဥပမာအားဖြင့် ကွမ်းစားမျှ ကိုယ်ပိုင်ဥစ္စာမရှိ ဆင်းရဲနွမ်းပါးသော ယောကျ်ားသည် ရှိရာ၏၊ ထိုယောကျ်ားသည် အလိုမရှိပဲလျက် "အို ယောကျ်ား သင်သည် ဤအသားကိုလည်း စားရမည်၊ အဖိုးကိုလည်း ပေးရမည်" ဟု အဖိုးအစုကို ဆွဲယူစေကုန်သကဲ့သို့ ပုဏ္ဏား ဤအတူသာလျှင် ပုဏ္ဏားတို့သည် ထိုရဟန်းပုဏ္ဏားတို့က ဝန်မခံကြကုန်ပဲလျက် ဤလေးပါးသော ကိုယ်ပိုင်ဥစ္စာတို့ကို ပညတ်ကြကုန်၏။

http://www.dhammadownload.com



ပုဏ္ဏား မြတ်သော လောကုတ္တရာတရားကို ယောကျ်ား၏ ကိုယ်ပိုင်ဥစ္စာ ဟူ၍ ငါပညတ်၏၊ ရှေး၌ဖြစ်သော မိဖမှ ဆင်းသက်လာသည့် အမျိုးအနွယ်ကို အောက်မေ့သောသူအား အတ္တဘော ဖြစ်ရာ အမျိုးဖြင့်သာလျှင် ခေါ်ဝေါ်ရေတွက်ခြင်းသို့ ရောက်၏၊ မင်းမျိုး၌ အကယ်၍ အတ္တဘော ဖြစ်သည်ဖြစ်အံ့၊ မင်းဟူ၍သာ ရေတွက်ခြင်းသို့ ရောက်၏။ ပုဏ္ဏားမျိုး၌ အကယ်၍ အတ္တဘော ဖြစ်သည်ဖြစ်အံ့၊ ပုဏ္ဏား ဟူ၍သာ ရေတွက်ခြင်းသို့ ရောက်၏။ ကုန်သည်မျိုး၌ အကယ်၍ အတ္တဘော ဖြစ်သည်ဖြစ်အံ့၊ ကုန်သည်ဟူ၍သာ ရေတွက်ခြင်းသို့ ရောက်၏။ သူဆင်းရဲမျိုး၌ အကယ်၍ အတ္တဘော ဖြစ်သည်ဖြစ်အံ့၊ သူဆင်းရဲဟူ၍သာ ရေတွက်ခြင်းသို့ ရောက်၏။

ပုဏ္ဏား ဥပမာအားဖြင့် မီးသည် ထိုထိုတောက်ပ ကြောင်းဖြင့်သာလျှင် ခေါ်ဝေါ်ရေတွက်ခြင်းသို့ ရောက်၏၊ အကယ်၍ မီးသည် ထင်းကိုအစွဲပြု၍ တောက်ပငြားအံ့၊ ထင်းမီးဟူ၍သာလျှင် ခေါ်ဝေါ် ရေတွက်ခြင်းသို့ရောက်၏။ အကယ်၍ မီးသည် ဝါးကိုစွဲ၍ တောက်ပငြားအံ့၊ ဝါးမီးဟူ၍သာလျှင် ခေါ်ဝေါ်ရေတွက်ခြင်းသို့ရောက်၏။ အကယ်၍ မီးသည် မြက်ကိုအစွဲပြု၍ တောက်ပငြားအံ့၊ မြက်မီး ဟူ၍သာလျှင် ခေါ်ဝေါ်ရေတွက်ခြင်းသို့ရောက်၏၊ အကယ်၍ မီးသည် နွားချေးကို အစွဲပြု၍ တောက်ပ ငြားအံ့၊ နွားချေးမီးဟူ၍သာလျှင် ခေါ်ဝေါ်ရေတွက်ခြင်းသို့ရောက်၏။ ပုဏ္ဏား ဤအတူသာလျှင် မြတ်သောလောကုတ္တရာတရားကို ယောကျ်ား၏ကိုယ်ပိုင်ဥစ္စာဟူ၍ ငါပညတ်၏။

ရှေး၌ဖြစ်သော မိဖမှ ဆင်းသက်လာသည့် အမျိုးအနွယ်ကို အစဉ်အောက်မေ့သောသူအား အတ္တဘောဖြစ်ရာရာ အမျိုးဖြင့်သာလျှင် ခေါ်ဝေါ်ရေတွက်ခြင်းသို့ ရောက်၏၊ မင်းမျိုး၌ အကယ်၍ အတ္တဘောဖြစ်သည်ဖြစ်အံ့၊ မင်းဟူ၍သာ ခေါ်ဝေါ်ရေတွက်ခြင်းသို့ ရောက်၏။ ပုဏ္ဏားမျိုး၌ အကယ် ၍ အတ္တဘောဖြစ်သည်ဖြစ်အံ့၊ ပုဏ္ဏားဟူ၍သာ ခေါ်ဝေါ်ရေတွက်ခြင်းသို့ ရောက်၏။ ကုန်သည်မျိုး၌ အကယ်၍ အတ္တဘော ဖြစ်သည်ဖြစ်အံ့၊ ကုန်သည်ဟူ၍သာ ခေါ်ဝေါ်ရေတွက်ခြင်းသို့ ရောက်၏။ သူဆင်းရဲမျိုး၌ အကယ်၍ အတ္တဘောဖြစ်သည်ဖြစ်အံ့၊ သူဆင်းရဲဟူ၍သာ ခေါ်ဝေါ် ရေတွက်ခြင်း သို့ ရောက်၏။

ပုဏ္ဏား အကယ်၍ မင်းမျိုးမှ ထွက်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ငြားအံ့၊ ထိုသူသည်လည်း မြတ်စွာဘုရားဟောတော်မူသော သုတ် အဘိဓမ္မာ ဝိနည်းကို အစွဲပြု၍ သူ့အသက်ကို သတ်ခြင်းမှ ကြဉ်ရှောင်အံ့၊ သူ့ဥစ္စာကို ခိုးယူခြင်းမှ ကြဉ်ရှောင်အံ့၊ မမြတ်သော မေထုန်အကျင့်မှ ကြဉ်ရှောင်အံ့၊ မဟုတ်မမှန်ပြောဆိုခြင်းမှ ကြဉ်ရှောင်အံ့၊ ကုန်းစကားမှ ကြဉ်ရှောင်အံ့၊ ကြမ်းထမ်းသောစကားမှ ကြဉ်ရှောင်အံ့၊ ပြိန်ဖျင်းသောစကားမှ ကြဉ်ရှောင်အံ့၊ သူ့ဥစ္စာ မတရားလိုချင်မှုကို ရှေးရှုမကြံစည်အံ့၊ သူတပါးပျက်စီးမှုကို ရှေးရှုမကြံစည်အံ့၊ မှန်သောအယူရှိငြားအံ့၊ နည်းလမ်းမှန်သော ကုသိုလ်တရားကို ပြည့်စုံစေသူ ဖြစ်၏။

ပုဏ္ဏား အကယ်၍လည်း ပုဏ္ဏားမျိုးမှ ထွက်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ငြားအံ့၊ ထိုသူသည်လည်း မြတ်စွာဘုရားဟောထားတော်မူသော သုတ် အဘိဓမ္မာ ဝိနည်းကို အစွဲပြု၍ သူ့အသက်ကို သတ်ခြင်းမှ ကြဉ်ရှောင်အံ့။ပ။ မှန်သောအယူရှိငြားအံ့၊ နည်းလမ်းမှန်သော ကုသိုလ်တရားကို ပြည့်စုံစေသူဖြစ်၏။

ပုဏ္ဏား အကယ်၍လည်း ကုန်သည်မျိုးမှထွက်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ငြားအံ့၊ ထိုသူသည်လည်း မြတ်စွာဘုရား ဟောတော်မူသော သုတ် အဘိဓမ္မာ ဝိနည်းကို အစွဲပြု၍ သူ့အသက်ကို သတ်ခြင်းမှ ကြဉ်ရှောင်အံ့။ပ။ မှန်သောအယူရှိငြားအံ့၊နည်းလမ်းမှန်သော ကုသိုလ်တရားကို ပြည့်စုံစေသူ ဖြစ်၏။

http://www.dhammadownload.com



ပုက္ကုသ အကယ်၍လည်း သူဆင်းရဲမျိုးမှ ထွက်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ငြားအံ့၊ ထိုသူသည်လည်း မြတ်စွာဘုရားဟောတော်မူသော သုတ် အဘိဓမ္မာ ဝိနည်းကို အစွဲပြု၍ သူ့အသက်ကို သတ်ခြင်းမှ ကြဉ်ရှောင်အံ့။ပ။ မှန်သောအယူရှိငြားအံ့၊ နည်းလမ်းမှန်သော ကုသိုလ်တရားကို ပြည့်စုံစေသူဖြစ်၏။

၄၄၂။ ပုက္ကုသ ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ ဤနေရာ၌ ပုက္ကုသသည်သာလျှင် ရန်ကင်းစေလို ဆင်းရဲကင်းစေလိုသော မေတ္တာစိတ်ကို ပွါးများခြင်းငှါ စွမ်းနိုင်သလော၊ မင်းသည် မစွမ်းနိုင်သလော၊ ကုန်သည်သည် မစွမ်းနိုင်သလော၊ သူဆင်းရဲသည် မစွမ်းနိုင်သလော ဟု (မေးတော်မူ၏)။

အသျှင်ဂေါတမ ဤသို့ကား မဖြစ်သင့်ပါ။ မင်းသည်လည်း ရန်ကင်းစေလို ဆင်းရဲကင်းစေလိုသော မေတ္တာစိတ်ကို ပွါးများခြင်းငှါ စွမ်းနိုင်ပါ၏၊ အသျှင်ဂေါတမ ပုက္ကုသသည်လည်း စွမ်းနိုင်ပါ၏၊ အသျှင်ဂေါတမ ကုန်သည်သည်လည်း စွမ်းနိုင်ပါ၏၊ အသျှင်ဂေါတမ သူဆင်းရဲသည်လည်း စွမ်းနိုင်ပါ၏၊ အသျှင်ဂေါတမ ဤနေရာ၌ အမျိုးလေးပါးလုံးတို့သည်လည်း ရန်ကင်းစေလို ဆင်းရဲကင်းစေလိုသော မေတ္တာစိတ်ကို ပွါးများခြင်းငှါ စွမ်းနိုင်ကြပါကုန်၏ ဟု (လျှောက်၏)။ ပုက္ကုသ ဤအတူသာလျှင် အကယ်၍ မင်းမျိုးမှလည်း ထွက်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ငြားအံ့၊ ထိုသူသည်လည်း မြတ်စွာဘုရားဟောတော်မူသော သုတ် အဘိဓမ္မာ ဝိနည်းကို အစွဲပြု၍ သူ့အသက်ကိုသတ်ခြင်းမှ ကြဉ်ရှောင်အံ့။ပ။ မှန်သော အယူရှိငြားအံ့၊နည်းလမ်းမှန်သော ကုသိုလ်တရားကို ပြည့်စုံစေသူ ဖြစ်၏။ပုက္ကုသ ပုက္ကုသမျိုးမှလည်း အကယ်၍။ ပုက္ကုသ ကုန်သည်မျိုးမှလည်း အကယ်၍။ ပုက္ကုသ သူဆင်းရဲမျိုးမှလည်း အကယ်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ငြားအံ့၊ ထိုသူသည်လည်း မြတ်စွာဘုရား ဟောတော်မူသော သုတ် အဘိဓမ္မာ ဝိနည်းကို အစွဲပြု၍ သူ့အသက်ကို သတ်ခြင်းမှ ကြဉ်ရှောင်အံ့။ပ။မှန်သောအယူရှိငြားအံ့၊ နည်းလမ်းမှန်သော ကုသိုလ်တရားကို ပြည့်စုံစေသူ ဖြစ်၏။

၄၄၃။ ပုက္ကုသ ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ ပုက္ကုသသည်သာ ချေးတွန်းဆပ်ပြာကို ယူ၍ မြစ်သို့သွားလျက် မြူအညစ်အကြေးကို မျှောခြင်းငှါ စွမ်းနိုင်သလော၊ မင်းမျိုးသည် မစွမ်းနိုင်သလော၊ ကုန်သည်မျိုးသည် မစွမ်းနိုင်သလော၊ သူဆင်းရဲမျိုးသည် မစွမ်းနိုင်သလော ဟု (မေးတော်မူ၏)။အသျှင်ဂေါတမ ဤသို့ကား မဖြစ်သင့်ပါ။အသျှင်ဂေါတမ မင်းမျိုးဖြစ်သူသည်လည်း ချေးတွန်းဆပ်ပြာကိုယူ၍ မြစ်သို့သွားလျက် မြူအညစ်အကြေးကို မျှောခြင်းငှါ စွမ်းနိုင်ပါ၏။ အသျှင်ဂေါတမ ပုက္ကုသသည်လည်း စွမ်းနိုင်ပါ၏၊ အသျှင်ဂေါတမ ကုန်သည်သည်လည်း စွမ်းနိုင်ပါ၏၊ အသျှင်ဂေါတမ သူဆင်းရဲသည်လည်း စွမ်းနိုင်ပါ၏။ အသျှင်ဂေါတမ အလုံးစုံလည်း ဖြစ်ကုန်သော အမျိုးလေးပါးတို့သည် ချေးတွန်းဆပ်ပြာကိုယူ၍ မြစ်ဆိပ်သို့သွားလျက် မြူအညစ်အကြေးကို မျှောခြင်းငှါ စွမ်းနိုင်ပါကုန်၏ဟု (လျှောက်၏)။

ပုက္ကုသ ဤအတူသာလျှင် အကယ်၍ မင်းမျိုးမှလည်း လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ငြားအံ့၊ထိုသူသည်လည်း မြတ်စွာဘုရားသည် ဟောတော်မူသော သုတ် အဘိဓမ္မာ ဝိနည်းကို အစွဲပြု၍ သူ့အသက်ကို သတ်ခြင်းမှ ကြဉ်ရှောင်အံ့။ပ။ မှန်သောအယူရှိငြားအံ့၊ နည်းလမ်းမှန်သော ကုသိုလ်တရားကို ပြည့်စုံစေနိုင်သူ ဖြစ်၏။

ပုက္ကုသ ပုက္ကုသမျိုးမှလည်း အကယ်၍။ ပုက္ကုသ ကုန်သည်မျိုးမှလည်း အကယ်၍။ ပုက္ကုသ သူဆင်းရဲမျိုးမှလည်း အကယ်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ငြားအံ့၊ ထိုသူသည်လည်း

http://www.dhammadownload.com



မြတ်စွာဘုရား ဟောတော်မူသော သုတ် အဘိဓမ္မာ ဝိနည်းကို အစဲွပြု၍ သူ့အသက်ကို သတ်ခြင်းမှ ကြဉ်ရှောင်အံ့။ပ။မှန်သောအယူရှိငြားအံ့၊ နည်းလမ်းမှန်သော ကုသိုလ်တရားကို ပြည့်စုံစေသူဖြစ်၏။

၄၄၄။ ပုဏ္ဏား ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ ဤလောက၌ ရေမြေကို အစိုးရသော ဦးထိပ်၌ အဘိသိက်သွန်းပြီးသော မင်းသည် အထူးထူးသော ဇာတ်အမျိုးရှိကုန်သော တရာသော ယောကျ်ားတို့ကို စည်းဝေးစေ၏၊ အချင်းတို့ လာကြကုန်လော့၊ မင်းမျိုး ပုဏ္ဏားမျိုး မြို့စားမျိုး ဖြစ်ကုန်သောသူတို့သည် မီးပွတ်ခုံကို ယူ၍ ကျွန်းသား အင်ကြင်းသား ထင်းရှူးသား စန္ဒကူးသား ကြာပဒုမာသား၏ မီးကို ဖြစ်စေကြကုန်လော့၊ တေဇောဓာတ်ကို ပြုကြကုန်လော့၊ ထိုမှတပါး အချင်းတို့ လာကြကုန်လော့၊ ဒွန်းစဏ္ဍားမျိုး မုဆိုးတံငါမျိုး နှီးသမားမျိုး ရထားလုပ်သမားမျိုး ပန်းမှိုက်သွန် (ဘင်ကျုံး)မျိုးဖြစ်ကုန်သော သူတို့သည် မီးပွတ်ခုံကို ယူ၍ ခွေးစားကျင်း ဝက်စားကျင်း ဆိုးရည်စားကျင်း ကြက်ဆူသားထင်း၏ မီးကို ဖြစ်စေကြကုန်လော့၊ တေဇောဓာတ်ကို ပြုကြကုန်လော့ ဟု (အမိန့်ချမှတ်ရာ၏)။

ပုဏ္ဏား ထိုအရာကို အဘယ်သို့ မှတ်ထင်ဘိသနည်း၊ မင်းမျိုး ပုဏ္ဏားမျိုး မြို့စားမျိုး ဖြစ်သော သူတို့သည် မီးပွတ်ခုံကို ယူ၍ ကျွန်းသား အင်ကြင်းသား ထင်းရှူးသား စန္ဒကူးသား ကြာပဒုမာသား၏ မီးကို ဖြစ်စေ၏၊ တေဇောဓာတ်ကို ပြုထား၏၊ ထိုမီး တေဇောဓာတ်သည်သာလျှင် အလျှံရှိသည် အဆင်းရှိသည် အရောင်ရှိသည် ဖြစ်ရာသလော၊ ထိုမီးဖြင့်သာလျှင်လည်း မီးနှင့်ဆိုင်ရာ ကိစ္စအရပ်ရပ်ကို ပြုစွမ်းနိုင်လေသလော။

ထိုမှတပါး ဒွန်းစဏ္ဍားမျိုး မုဆိုးတံငါမျိုး နှီးသမားမျိုး ရထားလုပ်သမားမျိုး ပန်းမှိုက်သွန် (ဘင်ကျုံး)မျိုးဖြစ်သော သူတို့သည် မီးပွတ်ခုံကိုယူ၍ ခွေးစားကျင်း ဝက်စားကျင်း ဆိုးရည်စားကျင်း ကြက်ဆူသားထင်းမီးကို ဖြစ်စေ၏၊ တေဇောဓာတ်ကို ပြုထား၏၊ ထိုမီးတေဇောဓာတ်သည် အလျှံမရှိသည် အဆင်းမရှိသည် အရောင်မရှိသည် ဖြစ်ရာသလော၊ ထိုမီးဖြင့်လည်း မီးနှင့်ဆိုင်ရာ ကိစ္စအရပ်ရပ်ကို ပြုခြင်းငှါလည်း မစွမ်းနိုင်လေသလောဟု (မေးတော်မူ၏)။

အသျှင်ဂေါတမ ဤသို့ကား မဖြစ်သင့်ပါ၊ အသျှင်ဂေါတမ မင်းမျိုး ပုဏ္ဏားမျိုး မြို့စားမျိုး ဖြစ်သော သူတို့သည် မီးပွတ်ခုံကို ယူ၍ ကျွန်းသား အင်ကြင်းသား ထင်းရှူးသား စန္ဒကူးသား ကြာပဒုမာသား မီးကို ဖြစ်စေ၍ တေဇောဓာတ်ကို ပြုထား၏၊ ထိုမီးတေဇောဓာတ်သည် အလျှံရှိသည် အဆင်းရှိသည် အရောင်ရှိသည်သာ ဖြစ်ရာပါ၏၊ ထိုမီးဖြင့်လည်း မီးနှင့်ဆိုင်ရာ ကိစ္စအရပ်ရပ်ကို ပြုခြင်းငှါ စွမ်းနိုင်ရာပါ၏။

ဒွန်းစဏ္ဍားမျိုး မုဆိုးတံငါမျိုး နှီးသမားမျိုး ရထားလုပ်သမားမျိုး ပန်းမှိုက်သွန် (ဘင်ကျုံး) မျိုးဖြစ်သော သူတို့သည် မီးပွတ်ပုံကိုယူ၍ ခွေးစားကျင်း ဝက်စားကျင်း ဆိုးရည်စားကျင်း ကြက်ဆူသားထင်းမီးကို ဖြစ်စေ၏၊ တေဇောဓာတ်ကို ပြုထား၏၊ ထိုမီးတေဇောဓာတ်သည် အလျှံရှိသည် အဆင်းရှိသည် အရောင်ရှိသည်သာ ဖြစ်ရာပါ၏၊ ထိုမီးဖြင့်လည်း မီးနှင့်ဆိုင်ရာ ကိစ္စအရပ်ရပ်ကို ပြုခြင်းငှါ စွမ်းနိုင်ပါ၏။ အသျှင်ဂေါတမ အလုံးစုံသော မီးသည်ပင် အလျှံရှိပါ၏၊ အဆင်းရှိပါ၏၊ အရောင်ရှိပါ၏၊အလုံးစုံသော မီးဖြင့်ပင် မီးနှင့်ဆိုင်ရာကိစ္စကို ပြုခြင်းငှါ စွမ်းနိုင်ပါ၏ဟု(လျှောက်၏)။

ပုဏ္ဏား ဤအတူသာလျှင် မင်းမျိုးမှလည်း အကယ်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ငြားအံ့၊ထိုသူသည်လည်း မြတ်စွာဘုရား ဟောတော်မူသောသုတ် အဘိဓမ္မာ ဝိနည်းကို အစွဲပြု၍ သူ

http://www.dhammadownload.com



အသက်ကို သတ်ခြင်းမှ ကြဉ်ရှောင်အံ့။ပ။ မှန်သောအယူရှိအံ့၊ နည်းလမ်းမှန်သော ကုသိုလ်တရားကို ပြည့်စုံစေသူဖြစ်၏။

ပုဏ္ဏား ပုဏ္ဏားမျိုးမှလည်း အကယ်၍။ ပုဏ္ဏား ကုန်သည်မျိုးမှလည်း အကယ်၍။ ပုဏ္ဏား သူဆင်းရဲမျိုးမှလည်း အကယ်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ငြားအံ့၊ ထိုသူသည်လည်း မြတ်စွာဘုရား ဟောတော်မူသော သုတ် အဘိဓမ္မာ ဝိနည်းကို အစွဲပြု၍ သူ့အသက်ကို သတ်ခြင်းမှ ကြဉ်ရှောင်အံ့၊ သူ့ဥစ္စာကို ခိုးယူခြင်းမှ ကြဉ်ရှောင်အံ့၊ မမြတ်သော မေထုန်အကျင့်မှ ကြဉ်ရှောင်အံ့၊ မဟုတ်မမှန် ပြောဆိုခြင်းမှ ကြဉ်ရှောင်အံ့၊ ကုန်းစကားမှ ကြဉ်ရှောင်အံ့၊ ကြမ်းထမ်းသော စကားမှ ကြဉ်ရှောင်အံ့၊ ပြိန်ဖျင်းသောစကားမှ ကြဉ်ရှောင်အံ့၊သူတပါးဥစ္စာကို မတရားရလိုမှု ရှေးရှုမကြံအံ့၊ သူတပါးပျက်စီးရန် မကြံအံ့၊မှန်သောအယူရှိသည် ဖြစ်အံ့၊ နည်းလမ်းမှန်သော ကုသိုလ်တရားကို ပြည့်စုံစေသူဖြစ်၏ ဟု (မိန့်တော်မူ၏)။

ဤသို့ မိန့်တော်မူသည်ရှိသော် သေုကာရီပုဏ္ဏားသည် မြတ်စွာဘုရားကို "အသျှင်ဂေါတမ (တရားတော်သည်)အလွန်နှစ်သက်ဖွယ်ရှိပါပေစွ၊အသျှင်ဂေါတမ (တရားတော်သည်)အလွန်နှစ်သက်ဖွယ်ရှိပါပေစွ ပ။ အသျှင်ဂေါတမသည် အကျွန်ုပ်ကို ယနေ့မှအစပြု၍ အသက်ထက်ဆုံး ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်တတ်သော ဥပါသကာဟူ၍ မှတ်တော်မူပါလော့"ဟု ဤစကားကို လျှောက်ထားလေသတည်း။

ခြောက်ခုမြောက် သေုကာရီသုတ် ပြီး၏။

---

## ၇-ဓနဉ္စာနိသုတ်

၄၄၅။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့ကို အစာကျွေးရာ ဖြစ်သော ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ အသျှင်သာရိပုတြာသည် များစွာသော ရဟန်းအပေါင်းနှင့်အတူ ဒက္ခိဏာဂိရိဇနပုဒ်သို့ ဒေသစာရီ ကြွတော်မူ၏။ ထိုအခါ တပါးသော ရဟန်းသည် ရာဇဂြိုဟ်ပြည်၌ ဝါကျွတ်ခဲ့၍ ဒက္ခိဏာဂိရိဇနပုဒ် အသျှင်သာရိပုတြာထံသို့ ချဉ်းကပ်ကာ အသျှင်သာရိပုတြာနှင့်အတူ ဝမ်းမြောက်ဝမ်းသာ စကားပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်စကားကို ပြောဆိုပြီးဆုံးစေပြီးနောက် တခုသောနေရာ၌ ထိုင်နေ၏၊ တခုသောနေရာ၌ ထိုင်နေသော ထိုရဟန်းကို အသျှင်သာရိပုတြာသည် ဤသို့သော စကားကို မေးမြန်း၏ "ငါ့သျှင် အသို့ပါနည်း၊ မြတ်စွာဘုရားသည် အနာကင်းပါ၏လော၊ အားရှိပါ၏လော"ဟု (မေးမြန်း၏)။ ငါ့သျှင် မြတ်စွာဘုရားသည် အနာကင်းပါ၏၊အားရှိပါ၏ဟု (လျှောက်၏)။ ငါ့သျှင် အသို့ပါနည်း၊ ရဟန်းအပေါင်းသည် အနာကင်းပါ၏လော၊ အားရှိပါ၏လောဟု (မေးမြန်း၏)။ ငါ့သျှင် ရဟန်းအပေါင်းလည်း အနာကင်းပါ၏၊ အားရှိပါ၏ဟု (လျှောက်၏)။ငါ့သျှင် တဏ္ဍုလပါလိ တံခါးအနီး၌ နေသော ဓနဉ္စာနိပုဏ္ဏားသည် အသို့ပါနည်း၊ အနာကင်းပါ၏လော၊ အားရှိပါ၏လော ဟု (မေးမြန်း၏)။ ငါ့သျှင် ဓနဉ္စာနိပုဏ္ဏားသည်လည်း အနာကင်းပါ၏၊ အားရှိပါ၏ဟု (လျှောက်၏)။ ငါ့သျှင် အသို့ပါနည်း၊ ဓနဉ္စာနိပုဏ္ဏားသည် မမေ့မလျော့ ရှိပါ၏လော ဟု (မေးမြန်း၏)။ ငါ့သျှင်

http://www.dhammadownload.com



ဓနဉ္စာနိပုဏ္ဏားအား မမေ့မလျော့ခြင်းသည် အဘယ်မှာရှိပါအံ့နည်း၊ ငါ့သျှင် ဓနဉ္စာနိပုဏ္ဏားသည် မင်းကို အမှီပြု၍ ပုဏ္ဏားသူကြွယ်တို့ကို လုယက်၏၊ ပုဏ္ဏားသူကြွယ်တို့ကို အမှီပြု၍ မင်းကို လုယက်၏၊ ထိုဓနဉ္စာနိပုဏ္ဏား၏ သဒ္ဓါတရားရှိသော အမျိုးမှ ဆောင်ယူထားသော မယားသည်လည်း သေခဲ့ပြီ။ ထိုဓနဉ္စာနိပုဏ္ဏားသည် တပါးသော သဒ္ဓါတရားမရှိသော သဒ္ဓါတရားမရှိသောအမျိုးမှ မယားကို ဆောင်ခဲ့၏။ ငါ့သျှင် ငါတို့သည် မကောင်းသဖြင့် ကြားရသည်ကို ကြားကြရပေကုန်၏၊ ငါ့သျှင် ငါတို့သည် မကောင်းသဖြင့် ကြားရသည်ကို ကြားကြရပေကုန်၏၊ ငါတို့သည် မေ့လျော့သော ဓနဉ္စာနိပုဏ္ဏားကို ကြားကြကုန်၏၊ အကယ်၍ ငါတို့သည် ဓနဉ္စာနိပုဏ္ဏားနှင့် တခါတရံ တွေ့ဆုံကြရမူ တစုံတခုသော စကားပြောဆိုမှု ဖြစ်ကောင်း ဖြစ်တန်ရာ၏ ဟု (ဆို၏)။

၄၄၆။ ထိုအခါ အသျှင်သာရိပုတြာမထေရ်သည် ဒက္ခိဏာဂိရိဇနပုဒ်၌ မွေ့လျော်သမျှ နေတော်မူ၍ ရာဇဂြိုဟ်ပြည်သို့ ဒေသစာရီ ကြွတော်မူ၏၊ အစဉ်အတိုင်း ဒေသစာရီ ကြွတော်မူသည်ရှိသော် ရာဇဂြိုဟ်ပြည်သို့ ရောက်လေ၏၊ အသျှင်သာရိပုတြာသည် ထိုရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့ကို အစာကျွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ နေတော်မူ၏။ ထိုအခါ အသျှင်သာရိပုတြာသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူပြီးလျှင် ရာဇဂြိုဟ်ပြည်သို့ ဆွမ်းအလို့ငှါ ဝင်လေ၏၊ ထိုအခါ ဓနဉ္စာနိပုဏ္ဏားသည် မြို့ပြင်နွားခြံ၌ နွားတို့ကို နို့ညှစ်စေ၏။ ထိုအခါ အသျှင်သာရိပုတြာသည် ရာဇဂြိုဟ်ပြည်၌ ဆွမ်းခံ၍ ဆွမ်းခံရာမှ ဖဲခဲ့ကာ ဆွမ်းစားပြီးနောက် ဓနဉ္စာနိပုဏ္ဏားထံသို့ ချဉ်းကပ်လေ၏။ ဓနဉ္စာနိပုဏ္ဏားသည် အဝေးကသာလျှင် ကြွလာသော အသျှင်သာရိပုတြာကို မြင်လေ၍ အသျှင်သာရိပုတြာထံသို့ ချဉ်းကပ်ကာ အသျှင်သာရိပုတြာကို "အသျှင်သာရိပုတြာ ဤနို့ ခွက်ထည်းမှ နွားနို့ သစ်ကို သောက်ပါလော့၊ ထိုသောက်စဉ်ပင် ဆွမ်းစားအံ့သော အချိန်အခါသည် ဖြစ်ပါလတ္တံ့" ဟု ဤစကားကို လျှောက်၏။ ပုဏ္ဏား တော်ပြီ၊ ငါသည် ယနေ့ ဆွမ်းစားခြင်းကိစ္စကို ပြုပြီးပြီ၊ ငါသည် ဤအမည်ရှိသော သစ်ပင်ရင်း၌ နေ့သန့်စင်နေအံ့၊ ထိုသစ်ပင်ရင်းသို့ သင်လာခဲ့လော့ဟု (ဆို၏)။ "အသျှင် ကောင်းပါပြီ"ဟူ၍သာလျှင် ဓနဉ္စာနိပုဏ္ဏားသည် အသျှင်သာရိပုတြာအား ပြန်၍လျှောက်ကြား၏။

ထိုအခါ ဓနဉ္စာနိပုဏ္ဏားသည် နံနက်စာ စားပြီးနောက် အသျှင်သာရိပုတြာထံသို့ ချဉ်းကပ်၍ အသျှင်သာရိပုတြာနှင့်အတူ ဝမ်းမြောက်ဝမ်းသာ ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်စကားကို ပြောဆိုပြီးဆုံးစေပြီးနောက် သင့်လျော်ရာ၌ ထိုင်နေ၏၊ သင့်လျော်ရာ၌ ထိုင်နေပြီးသော ဓနဉ္စာနိပုဏ္ဏားကို အသျှင်သာရိပုတြာသည် "ဓနဉ္စာနိပုဏ္ဏား သင်သည် မမေ့မလျော့ ရှိပါ၏လော"ဟု (မေး၏)။ အသျှင်သာရိပုတြာ အကျွန်ုပ်တို့အား မမေ့မလျော့ပဲ အဘယ်မှာရှိပါအံ့နည်း၊ အကျွန်ုပ်တို့သည် အမိအဖကို လုပ်ကျွေးရ၏၊ သားမယားကို လုပ်ကျွေးရ၏၊ ကျွန်အမှုလုပ်ဘို့ကို လုပ်ကျွေးရ၏၊ မိတ်ဆွေခင်ပွန်းတို့အား မိတ်ဆွေခင်ပွန်းကိစ္စကို ပြုရ၏၊ ဆွေမျိုးသားချင်းတို့အား ဆွေမျိုးသားချင်းကိစ္စကို ပြုရ၏၊ ဧည့်သည်ဘို့အား ဧည့်သည်ကို ပြုရသော ဝတ္တရားကို ပြုရ၏၊ ရှေးအခါက သေပြီးသူတို့အား ရှေးကသေပြီးသူ၌ ပြုရသော ဝတ်ကို ပြုရ၏၊ နတ်တို့အား နတ်အလျောက် ပြုဖွယ်ကိစ္စကို ပြုရ၏၊ မင်းအား မင်းအလျောက် ပြုဖွယ်ကိစ္စကို ပြုရ၏၊ ဤခန္ဓာကိုယ်ကိုလည်း ပြည့်ဖြိုးစေရ၏၊ ပွါးစေရ၏ဟု (လျှောက်၏)။

၄၄၇။ ဓနဉ္စာနိ ထိုအခဆကို အဘယ်သို့ မှတ်ထင်ဘိသနည်း၊ ဤလောက၌ အချို့သောသူသည် မိဖဘို့ကို အကြောင်းပြု၍ မတရားသောအကျင့် မမျှတသောအကျင့်ကို ကျင့်ငြားအံ့၊ ထိုသူကို

http://www.dhammadownload.com



မတရားသောအကျင့် မမျှတသောအကျင့် ကျင့်ခြင်းကို အကြောင်းပြု၍ ငရဲထိန်းတို့သည် ငရဲသို့ ဆွဲချကုန်ရာ၏။ ထိုသူသည် "ငါသည် မိဘတို့ကို အကြောင်းပြု၍ မတရားသောအကျင့် မမျှတသောအကျင့်ကို ကျင့်ခဲ့ပါ၏၊ ငရဲထိန်းတို့သည် ငါ့ကို ငရဲသို့ ဆွဲမချကြပါကုန်လင့်"ဟု (တောင်းပန်၍) ရကောင်းအံ့လော။ ထိုသို့မဟုတ် ထိုသူ၏ အမိအဖတို့ကသော်လည်း "ဤသူသည် ငါတို့ကို အကြောင်းပြု၍ မတရားသောအကျင့် မမျှတသောအကျင့်ကို ကျင့်ခဲ့ပါ၏၊ ငရဲထိန်းတို့သည် ထိုသူကို ငရဲသို့ ဆွဲမချကြပါကုန်လင့်ဟု(တောင်းပန်၍) ရကောင်းအံ့လောဟု (မေး၏)။အသျှင်သာရိပုတြာ ဤသို့ကား မရနိုင်ပါ၊ စင်စစ်မှာ ထိုသူကို ငိုကြွေးစဉ်သာလျှင် ငရဲထိန်းတို့သည် ငရဲ၌ ပစ်ချကုန်ရာပါ၏ ဟု (လျှောက်၏)။

ဓနဉ္စာနိ ထိုအရာကို အဘယ်သို့ မှတ်ထင်ဘိသနည်း၊ဤလောက၌ အချို့သောသူသည် သားမယားကို အကြောင်းပြု၍ မတရားသောအကျင့် မမျှတသောအကျင့်ကို ကျင့်ငြားအံ့၊ ထိုသူကို မတရားသောအကျင့် မမျှတသောအကျင့် ကျင့်ခြင်းကို အကြောင်းပြု၍ ငရဲထိန်းတို့သည် ငရဲသို့ ဆွဲချကုန်ရာ၏၊ ထိုသူသည် "ငါသည်ကား သားမယားကို အကြောင်းပြု၍ မတရားသော အကျင့် မမျှတသောအကျင့်ကို ကျင့်ခဲ့ပါ၏၊ ငရဲထိန်းတို့သည် ငါ့ကို ငရဲသို့ ဆွဲမချကြပါကုန်လင့်"ဟု (တောင်းပန်၍)ရကောင်းအံ့လော။ထိုသို့မဟုတ် သားမယားတို့ကသော်လည်း "ဤသူကား ငါတို့ကို အကြောင်းပြု၍ မတရားသောအကျင့် မမျှတသောအကျင့်ကို ကျင့်ခဲ့ပါ၏၊ ငရဲထိန်းတို့သည် ထိုသူကို ငရဲသို့ ဆွဲမချကြပါကုန်လင့်"ဟု တောင်းပန်၍ ရကောင်းအံ့လော ဟု (မေး၏)။အသျှင်သာရိပုတြာ ဤသို့ကား မရနိုင်ပါ၊ စင်စစ်မှာ ထိုသူကို ငိုကြွေးစဉ်သာလျှင် ငရဲထိန်းတို့သည် ငရဲ၌ ပစ်ချကုန်ရာပါ၏ ဟု (လျှောက်၏)။

ဓနဉ္စာနိ ထိုအရာကို အဘယ်သို့ မှတ်ထင်ဘိသနည်း၊ ဤလောက၌ အချို့သောသူသည် ကျွန်အမှုလုပ် ယောကျ်ားကို အကြောင်းပြု၍ မတရားသောအကျင့် မမျှတသောအကျင့်ကို ကျင့်ငြားအံ့၊ ထိုသူကို မတရားသောအကျင့် မမျှတသောအကျင့် ကျင့်ခြင်းကို အကြောင်းပြု၍ ငရဲထိန်းတို့သည် ငရဲသို့ ဆွဲချကုန်ရာ၏၊ ထိုသူသည် "ငါသည်ကား ကျွန်အမှုလုပ်ယောကျ်ားကို အကြောင်းပြု၍ မတရားသောအကျင့် မမျှတသောအကျင့်ကို ကျင့်ခဲ့ပါ၏၊ ငရဲထိန်းတို့သည် ငါ့ကို ငရဲသို့ ဆွဲမချကြပါကုန်လင့်"ဟု (တောင်းပန်၍) ရကောင်းအံ့လော။ ထိုသို့မဟုတ် ကျွန်အမှုလုပ် ယောကျ်ားတို့ကသော်လည်း "ဤသူကား ငါတို့ကို အကြောင်းပြု၍ မတရားသောအကျင့် မမျှတသောအကျင့်ကို ကျင့်ခဲ့ပါ၏၊ ငရဲထိန်းတို့သည် ထိုသူကို ငရဲသို့ ဆွဲမချကြပါကုန်လင့်" ဟု (တောင်းပန်၍)ရကောင်းအံ့လော ဟု (မေး၏)။ အသျှင်သာရိပုတြာ ဤသို့ကား မရနိုင်ပါ၊ စင်စစ်မှာ ထိုသူကို ငိုကြွေးစဉ်သာလျှင် ငရဲထိန်းတို့သည် ငရဲ၌ ပစ်ချကုန်ရာပါ၏ ဟု (လျှောက်၏)။

ဓနဉ္စာနိ ထိုအရာကို အဘယ် သို့ မှတ်ထင်ဘိသနည်း၊ဤလောက၌ အချို့သောသူသည် မိတ်ဆွေ ခင်ပွန်းတို့ကို အကြောင်းပြု၍ မတရားသောအကျင့် မမျှတသောအကျင့်ကို ကျင့်ငြားအံ့၊ ထိုသူကို မတရားသောအကျင့် မမျှတသောအကျင့် ကျင့်ခြင်းကို အကြောင်းပြု၍ ငရဲထိန်းတို့သည် ငရဲသို့ ဆွဲချကုန်ရာ၏၊ ထိုသူသည် "ငါသည်ကား မိတ်ဆွေ ခင်ပွန်းတို့ကို အကြောင်းပြု၍ မတရားသော အကျင့် မမျှတသောအကျင့်ကို ကျင့်ခဲ့ပါ၏၊ ငရဲထိန်းတို့သည် ငါ့ကို ငရဲသို့ ဆွဲမချကြပါကုန်လင့်"ဟု (တောင်းပန်၍)ရကောင်းအံ့လော။ ထိုသို့မဟုတ် မိတ်ဆွေခင်ပွန်းတို့ကသော်လည်း "ဤသူကား ငါတို့ကို အကြောင်းပြု၍ မတရားသောအကျင့် မမျှတသော ကျင့်ကို ကျင့်ခဲ့ပါ၏၊ ငရဲထိန်းတို့သည် ထိုသူကို ငရဲသို့ ဆွဲမချကြပါကုန်လင့်"ဟု (တောင်းပန်၍) ရကောင်းအံ့လော ဟု (မေး၏)။

http://www.dhammadownload.com



အသျှင်သာရိပုတြာ ဤသို့ကား မရနိုင်ပါ၊ စင်စစ်မှာ ထိုသူကို ငိုကြွေးစဉ်သာလျှင် ငရဲထိန်းတို့သည် ငရဲ၌ ပစ်ချကုန်ရာပါ၏ ဟု (လျှောက်၏)။

ဓနဉ္စာနိ ထိုအရာကို အဘယ်သို့ မှတ်ထင်ဘိသနည်း၊ ဤလောက၌ အချို့သောသူသည် ဆွေမျိုးသားချင်းတို့ကို အကြောင်းပြု၍ မတရားသောအကျင့် မမျှတသောအကျင့်ကို ကျင့်ငြားအံ့၊ ထိုသူကို မတရားသောအကျင့် မမျှတသောအကျင့် ကျင့်ခြင်းကို အကြောင်းပြု၍ ငရဲထိန်းတို့သည် ငရဲသို့ ဆွဲချကုန်ရာ၏၊ ထိုသူသည် "ငါသည်ကား ဆွေမျိုးသားချင်းတို့ကို အကြောင်းပြု၍ မတရားသော အကျင့် မမျှတသောအကျင့်ကို ကျင့်ခဲ့ပါ၏၊ ငရဲထိန်းတို့သည် ငါ့ကို ငရဲသို့ ဆွဲမချကြပါကုန်လင့်" ဟု (တောင်းပန်၍) ရကောင်းအံ့လော။ ထိုသို့မဟုတ် ဆွေမျိုးသားချင်းတို့ကသော်လည်း "ဤသူကား ငါတို့ကို အကြောင်းပြု၍ မတရားသောအကျင့် မမျှတသောအကျင့်ကို ကျင့်ခဲ့ပါ၏၊ ငရဲထိန်းတို့သည် ထိုသူကို ငရဲသို့ ဆွဲမချကြပါကုန်လင့်ဟု (တောင်းပန်၍) ရကောင်းအံ့လော ဟု (မေး၏)။ အသျှင်သာရိပုတြာ ဤသို့ကား မရနိုင်ပါ၊ စင်စစ်မှာ ထိုသူကို ငိုကြွေးစဉ်သာလျှင် ငရဲထိန်းတို့သည် ငရဲ၌ ပစ်ချကုန်ရာပါ၏ဟု (လျှောက်၏)။

ဓနဉ္စာနိ ထိုအရာကို အဘယ်သို့ မှတ်ထင်ဘိသနည်း၊ ဤလောက၌ အချို့သောသူသည် ဧည့်သည်တို့ကို အကြောင်းပြု၍ မတရားသောအကျင့် မမျှတသောအကျင့်ကို ကျင့်ငြားအံ့၊ ထိုသူကို မတရားသောအကျင့် မမျှတသောအကျင့်ကို အကြောင်းပြု၍ ငရဲထိန်းတို့သည် ငရဲသို့ ဆွဲချကုန်ရာ၏၊ ထိုသူသည် "ငါသည်ကား ဧည့်သည်တို့ကို အကြောင်းပြု၍ မတရားသောအကျင့် မမျှတသော အကျင့်ကို ကျင့်ခဲ့ပါ၏၊ ငရဲထိန်းတို့သည် ငါ့ကို ငရဲသို့ ဆွဲမချကြပါကုန်လင့်" ဟု (တောင်းပန်၍) ရကောင်းအံ့လော၊ ထိုသို့မဟုတ် ထိုသူ၏ဧည့်သည်တို့ကသော်လည်း "ဤသူကား ငါတို့ကို အကြောင်း ပြု၍ မတရားသောအကျင့် မမျှတသောအကျင့်ကို ကျင့်ခဲ့ပါ၏၊ ငရဲထိန်းတို့သည် ထိုသူကို ငရဲသို့ ဆွဲမချကြပါကုန်လင့်" ဟု (တောင်းပန်၍) ရကောင်းအံ့လော ဟု (မေး၏)။ အသျှင်သာရိပုတြာ ဤသို့ကား မရနိုင်ပါ၊ စင်စစ်မှာ ထိုသူကို ငိုကြွေးစဉ်သာလျှင် ငရဲထိန်းတို့သည် ငရဲ၌ ပစ်ချကုန်ရာပါ၏ ဟု (လျှောက်၏)။

ဓနဉ္စာနိ ထိုအရာကို အဘယ်သို့ မှတ်ထင်ဘိသနည်း၊ ဤလောက၌ အချို့သော သူသည် ရှေးက သေပြီးသူတို့ကို အကြောင်းပြု၍ မတရားသောအကျင့် မမျှတသောအကျင့်ကို ကျင့်ငြားအံ့၊ ထိုသူကို မတရားသောအကျင့် မမျှတသောအကျင့် ကျင့်ခြင်းကို အကြောင်းပြု၍ ငရဲထိန်းတို့သည် ငရဲသို့ ဆွဲချကုန်ရာ၏၊ ထိုသူသည် "ငါသည်ကား ရှေးက သေပြီးသူတို့ကို အကြောင်းပြု၍ မတရားသောအကျင့် မမျှတသော အကျင့်ကို ကျင့်ခဲ့ပါ၏၊ ငရဲထိန်းတို့သည် ငါ့ကို ငရဲသို့ ဆွဲမချကြပါကုန်လင့်" ဟု (တောင်းပန်၍) ရကောင်းအံ့လော။ ထိုသို့မဟုတ် ရှေးက သေပြီးသူတို့ကသော်လည်း 'ဤသူကား ငါတို့ကို အကြောင်းပြု၍ မတရားသောအကျင့် မမျှတသောအကျင့်ကို ကျင့်ခဲ့ပါ၏၊ ငရဲထိန်းတို့သည် ထိုသူကို ငရဲသို့ ဆွဲမချကြပါကုန်လင့်" ဟု (တောင်းပန်၍) ရကောင်းအံ့လော" ဟု (မေး၏)။ အသျှင်သာရိပုတြာ ဤသို့ကား မရနိုင်ပါ၊ စင်စစ်မှာ ထိုသူကို ငိုကြွေးစဉ်သာလျှင် ငရဲထိန်းတို့သည် ငရဲ၌ ပစ်ချကုန်ရာပါ၏ ဟု (လျှောက်၏)။

ဓနဉ္စာနိ ထိုအရာကို အဘယ်သို့ မှတ်ထင်ဘိသနည်း၊ ဤလောက၌ အချို့သောသူသည် နတ်တို့ကို အကြောင်းပြု၍ မတရားသော အကျင့် မမျှတသော အကျင့်ကို ကျင့်ငြားအံ့၊ ထိုသူကို မတရားသော အကျင့် မမျှတသောအကျင့် ကျင့်ခြင်းကို အကြောင်းပြု၍ ငရဲထိန်းတို့သည် ငရဲသို့ ဆွဲချကုန်ရာ၏၊

http://www.dhammadownload.com



ထိုသူသည် "ငါသည်ကား နတ်တို့ကို အကြောင်းပြု၍ မတရားသောအကျင့် မမျှတသောအကျင့်ကို ကျင့်ခဲ့ပါ၏၊ ငရဲထိန်းတို့သည် ငါ့ကို ငရဲသို့ ဆွဲမချကြပါကုန်လင့်"ဟု(တောင်းပန်၍) ရကောင်းအံ့လော။ ထိုသို့မဟုတ် နတ်တို့ကသော်လည်း "ဤသူကား ငါတို့ကို အကြောင်းပြု၍ မတရားသော အကျင့် မမျှတသောအကျင့်ကို ကျင့်ခဲ့ပါ၏၊ငရဲထိန်းတို့သည် ထိုသူကို ငရဲသို့ ဆွဲမချကြပါကုန်လင့်"ဟု (တောင်းပန်၍) ရကောင်းအံ့လော ဟု (မေး၏)။ အသျှင်သာရိပုတြာ ဤသို့ကား မရနိုင်ပါ၊ စင်စစ်မှာ ထိုသူကို ငိုကြွေးစဉ်သာလျှင် ငရဲထိန်းတို့သည် ငရဲ၌ ပစ်ချကုန်ရာပါ၏ ဟု(လျှောက်၏)။

ဓနဉ္စာနိ ထိုအရာကို အဘယ်သို့ မှတ်ထင်ဘိသနည်း၊ ဤလောက၌ အချို့သောသူသည် မင်းကို အကြောင်းပြု၍ မတရားသောအကျင့် မမျှတသောအကျင့်ကို ကျင့်ငြားအံ့၊ ထိုသူကို မတရားသောအကျင့် မမျှတသောအကျင့် ကျင့်ခြင်းကို အကြောင်းပြု၍ ငရဲထိန်းတို့သည် ငရဲသို့ ဆွဲချကုန်ရာ၏၊ ထိုသူသည်"ငါသည်ကား မင်းကို အကြောင်းပြု၍ မတရားသောအကျင့် မမျှတသောအကျင့်ကို ကျင့်ခဲ့ပါ၏၊ ငရဲထိန်းတို့သည် ငါ့ကို ငရဲသို့ ဆွဲမချကြပါကုန်လင့်ဟု (တောင်းပန်၍)ရကောင်းအံ့လော။ထိုသို့မဟုတ် ထိုသူ၏ မင်းကသော်လည်း "ဤသူကား ငါ့ကို အကြောင်းပြု၍ မတရားသော အကျင့် မမျှတသောအကျင့်ကို ကျင့်ခဲ့ပါ၏၊ ငရဲထိန်းတို့သည် ထိုသူကို ငရဲသို့ ဆွဲမချကြပါကုန်လင့်" ဟု (တောင်းပန်၍)ရကောင်းအံ့လော ဟု (မေး၏)။ အသျှင်သာရိပုတြာ ဤသို့ကား မရနိုင်ပါ၊ စင်စစ်မှာ ထိုသူကို ငိုကြွေးစဉ်သာလျှင် ငရဲထိန်းတို့သည် ငရဲ၌ ပစ်ချကုန်ရာပါ၏ဟု(လျှောက်၏)။

ဓနဉ္စာနိ ထိုအရာကို အဘယ်သို့ မှတ်ထင်ဘိသနည်း၊ ဤလောက၌ အချို့သောသူသည် ကိုယ်ပြည့်ဖြိုးရန် အကြောင်းပြု၍ ပွါးစီးရန် အကြောင်းပြု၍ မတရားသောအကျင့် မမျှတသောအကျင့်ကို ကျင့်ငြားအံ့၊ ထိုသူကို မတရားသောအကျင့် မမျှတသောအကျင့် ကျင့်ခြင်းကို အကြောင်းပြု၍ ငရဲထိန်းတို့သည် ငရဲသို့ ဆွဲချကုန်ရာ၏၊ ထိုသူသည်"ငါသည်ကား ကိုယ်ပြည့်ဖြိုးရန် အကြောင်းပြု၍ ပွါးစီးရန် အကြောင်းပြု၍ မတရားသောအကျင့် မမျှတသောအကျင့်ကို ကျင့်ခဲ့ပါ၏၊ ငရဲထိန်းတို့သည် ငါ့ကို ငရဲသို့ ဆွဲမချကြပါကုန်လင့်"ဟု (တောင်းပန်၍)ရကောင်းအံ့လော။ ထိုသို့မဟုတ် ထိုသူ၏ တပါးသောသူတို့က သော်လည်း"ဤသူကား ကိုယ်ပြည့်ဖြိုးရန် အကြောင်းပြု၍ ပွါးစီးရန်အကြောင်းပြု၍ မတရားသောအကျင့် မမျှတသောအကျင့်ကို ကျင့်ခဲ့ပါ၏၊ ငရဲထိန်းတို့သည် ထိုသူကို ငရဲသို့ ဆွဲမချကြပါကုန်လင့်" ဟု (တောင်းပန်၍) ရကောင်းအံ့လော ဟု (မေး၏)။ အသျှင်သာရိပုတြာ ဤသို့ကား မရနိုင်ပါ၊ စင်စစ်မှာ ထိုသူကို ငိုကြွေးစဉ်သာလျှင် ငရဲထိန်းတို့သည် ငရဲ၌ ပစ်ချကုန်ရာပါ၏ ဟု (လျှောက်၏)။

၄၄၇။ ဓနဉ္စာနိ ထိုအရာကို အဘယ်သို့ မှတ်ထင်ဘိသနည်း၊ အကြင်သူသည် မိဖတို့ကို အကြောင်းပြု၍ မတရားသောအကျင့် မမျှတသော အကျင့်ကို ကျင့်ရာ၏၊ အကြင်သူသည်ကား မိဖတို့ကို အကြောင်းပြု၍ တရားသော အကျင့် မျှတသောအကျင့်ကို ကျင့်ရာ၏၊ အဘယ်သူသည် မြတ်သနည်း ဟု (မေး၏)။အသျှင်သာရိပုတြာ အကြင်သူသည် မိဖတို့ကို အကြောင်းပြု၍ မတရားသောအကျင့် မမျှတသော အကျင့်ကို ကျင့်ရာ၏၊ ထိုသူသည် မမြတ်ပါ၊ အသျှင်သာရိပုတြာ အကြင်သူသည်ကား မိဖတို့ကို အကြောင်းပြု၍ တရားသောအကျင့် မျှတသောအကျင့်ကို ကျင့်ရာပါ၏၊ ထိုသူသည်သာလျှင် မြတ်ပါ၏။ အသျှင်သာရိပုတြာ မတရားသော အကျင့် မမျှတသော အကျင့်ကို ကျင့်ခြင်းထက် တရားသောအကျင့် မျှတသောအကျင့်ကို ကျင့်ခြင်းသည် မြတ်ပါ၏ ဟု (လျှောက်၏)။ ဓနဉ္စာနိ တပါးသော သူတို့အတွက် ပြုလုပ်ကုန်သော တရားနှင့် လျော်ကုန်သော အမှုတို့သည်

http://www.dhammadownload.com



ရှိကုန်၏၊ ယင်းအမှုတို့ဖြင့် အမိအဖတို့ကို လုပ်ကျွေးခြင်းငှါလည်း ယုတ်မာသော အကုသိုလ် အမှုကို မပြုခြင်းငှါလည်း ကုသိုလ်ကောင်းမှု အကျင့်ကို ကျင့်ခြင်းငှါလည်း စွမ်းနိုင်၏။

မနုဿာနီ ထိုအရာကို အဘယ်သို့ မှတ်ထင်ဘိသနည်း၊အကြင်သူသည် သားမယားကို အကြောင်းပြု၍ မတရားသောအကျင့် မမျှတသောအကျင့်ကို ကျင့်၏၊ အကြင်သူသည်ကား သားမယားကို အကြောင်းပြု၍ တရားသောအကျင့် မျှတသောအကျင့်ကို ကျင့်၏၊အဘယ်သူသည် မြတ်သနည်းဟု (မေး၏)။ အသျှင်သာရိပုတြာ အကြင်သူသည် သားမယားကို အကြောင်းပြု၍ မတရားသော အကျင့် မမျှတသော အကျင့်ကို ကျင့်၏၊ထိုသူသည် မမြတ်ရာ။ အသျှင်သာရိပုတြာ အကြင်သူသည်ကား သားမယားကို အကြောင်းပြု၍ တရားသောအကျင့် မျှတသောအကျင့်ကို ကျင့်ရာ၏၊ ထိုသူသည်သာ မြတ်ပါ၏။ အသျှင်သာရိပုတြာ မတရားသောအကျင့် မမျှတသော အကျင့်ထက် တရားသောအကျင့် မျှတသောအကျင့်သည် မြတ်ပါ၏ ဟု (လျှောက်၏)။ မနုဿာနီ သူတပါးတို့အတွက် ပြုလုပ်ရကုန်သော တရားနှင့် လျော်ကုန်သော အမှုတို့သည် ရှိကုန်၏။ ယင်းအမှုတို့ဖြင့် သားမယားကို လုပ်ကျွေးခြင်းငှါလည်း ယုတ်မာသော အကုသိုလ်မှုကို မပြုခြင်းငှါလည်း ကုသိုလ်ကောင်းမှု အကျင့်ကို ကျင့်ခြင်းငှါလည်း စွမ်းနိုင်၏။

မနုဿာနီ ထိုအရာကို အဘယ်သို့ မှတ်ထင်ဘိသနည်း၊ အကြင်သူသည် ကျွန်အမှုလုပ် ယောကျ်ားကို အကြောင်းပြု၍ မတရားသောအကျင့် မမျှတသောအကျင့်ကို ကျင့်၏၊ အကြင်သူသည်ကား ကျွန်အမှုလုပ်ယောကျ်ားကို အကြောင်းပြု၍ တရားသောအကျင့် မျှတသောအကျင့်ကို ကျင့်၏၊ အဘယ်သူသည် မြတ်သနည်း ဟု (မေး၏)။ အသျှင်သာရိပုတြာ အကြင်သူသည် ကျွန်အမှုလုပ် ယောကျ်ားကို အကြောင်းပြု၍ မတရားသောအကျင့် မမျှတသောအကျင့်ကို ကျင့်၏၊ ထိုသူသည် မြတ်သည် မဖြစ်ရာ။ အသျှင်သာရိပုတြာ အကြင်သူသည်ကား ကျွန်အမှုလုပ်ယောကျ်ားကို အကြောင်းပြု၍ တရားသောအကျင့် မျှတသောအကျင့်ကို ကျင့်၏၊ ထိုသူသည်သာ မြတ်ရာပါ၏။ အသျှင်သာရိပုတြာ မတရားသောအကျင့် မမျှတသောအကျင့်ထက် တရားသောအကျင့် မျှတသော အကျင့်သည် မြတ်ပါ၏ ဟု (လျှောက်၏)။မနုဿာနီ သူတပါးတို့အတွက် ပြုလုပ်ရကုန်သောတရားနှင့် လျော်ကုန်သော အမှုတို့သည် ရှိကုန်၏၊ ယင်းအမှုတို့ဖြင့် ကျွန်အမှုလုပ်ယောကျ်ားတို့ကို ကျွေးမွေးခြင်းငှါလည်း ယုတ်မာသော အကုသိုလ်မှုကို မပြုခြင်းငှါလည်း ကုသိုလ်ကောင်းမှုအကျင့်ကို ကျင့်ခြင်းငှါလည်း စွမ်းနိုင်၏။

မနုဿာနီ ထိုအရာကို အဘယ်သို့မှတ်ထင်ဘိသနည်း၊ အကြင်သူသည် ကား မိတ်ဆွေခင်ပွန်းတို့ကို အကြောင်းပြု၍ မတရားသောအကျင့် မမျှတသောအကျင့်ကို ကျင့်၏၊ အကြင်သူသည်ကား မိတ်ဆွေခင်ပွန်းတို့ကို အကြောင်းပြု၍ တရားသောအကျင့် မျှတသောအကျင့်ကို ကျင့်၏၊ အဘယ်သူသည် မြတ်သနည်းဟု (မေး၏)။ အသျှင်သာရိပုတြာ အကြင်သူသည်ကား မိတ်ဆွေခင်ပွန်းတို့ကို အကြောင်းပြု၍ မတရားသောအကျင့် မမျှတသောအကျင့်ကို ကျင့်၏၊ ထိုသူသည် မမြတ်ရာ။ အသျှင်သာရိပုတြာ အကြင်သူသည်ကား မိတ်ဆွေခင်ပွန်းတို့ကို အကြောင်းပြု၍ တရားသောအကျင့် မျှတသောအကျင့်ကို ကျင့်၏၊ ထိုသူသည်သာလျှင် မြတ်ရာပါ၏။ အသျှင်သာရိပုတြာ မတရားသောအကျင့် မမျှတသောအကျင့်ထက် တရားသောအကျင့် မျှတသောအကျင့်သည် မြတ်ပါ၏ ဟု (လျှောက်၏)။ မနုဿာနီ သူတပါးတို့အတွက် ပြုလုပ်ရကုန်သော တရားနှင့်လျော်ကုန်သော အမှုတို့သည် ရှိကုန်၏၊ ယင်းအမှုတို့ဖြင့် မိတ်ဆွေခင်ပွန်းတို့အားလည်း မိတ်ဆွေခင်ပွန်းကိစ္စကို ပြုခြင်းငှါလည်း၊

http://www.dhammadownload.com



ယုတ်မာသော အကုသိုလ်မှုကို မပြုခြင်းငှါလည်းကောင်း ကုသိုလ်ကောင်းမှု အကျင့်ကို ကျင့်ခြင်းငှါလည်း စွမ်းနိုင်ပါ၏။

မာဏဝ ထိုအရာကို အဘယ်သို့ မှတ်ထင်ဘိသနည်း၊ အကြင်သူသည်ကား ဆွေမျိုးသားချင်း တို့ကို အကြောင်းပြု၍ မတရားသောအကျင့် မမျှတသောအကျင့်ကို ကျင့်၏၊ အကြင်သူသည်ကား ဆွေမျိုးသားချင်းတို့ကို အကြောင်းပြု၍ တရားသောအကျင့် မျှတသောအကျင့်ကို ကျင့်၏၊အဘယ် သူသည် မြတ်သနည်း ဟု (မေး၏)။ အသျှင်သာရိပုတြာ အကြင်သူသည် ဆွေမျိုးသားချင်းတို့ကို အကြောင်းပြု၍ မတရားသောအကျင့် မမျှတသောအကျင့်ကို ကျင့်၏၊ ထိုသူသည် မမြတ်ရာ။ အသျှင်သာရိပုတြာ အကြင်သူသည်ကား ဆွေမျိုးသားချင်းတို့ကို အကြောင်းပြု၍ တရားသော အကျင့် မျှတသောအကျင့်ကို ကျင့်၏၊ ထိုသူသည်သာ မြတ်ပါ၏။အသျှင်သာရိပုတြာ မတရားသော အကျင့် မမျှတသောအကျင့်ထက် တရားသောအကျင့် မျှတသောအကျင့်သည် မြတ်ပါ၏ ဟု (လျှောက်၏)။ မာဏဝ သူတပါးတို့အတွက် ပြုလုပ်ရကုန်သော တရားနှင့် လျော်ကုန်သော အမှုတို့ သည် ရှိကုန်၏၊ ယင်းအမှုတို့ဖြင့် ဆွေမျိုးသားခြင်းတို့အားလည်း ဆွေမျိုးသားချင်းကိစ္စကိုပြုခြင်းငှါ လည်း ယုတ်မာသော အကုသိုလ်မှုကို မပြုခြင်းငှါလည်း ကုသိုလ်ကောင်းမှု အကျင့်ကို ကျင့်ခြင်းငှါလည်း စွမ်းနိုင်ပါ၏။

မာဏဝ ထိုအရာကို အဘယ်သို့ မှတ်ထင်ဘိသနည်း၊ အကြင်သူသည်ကား ညှဲ့သည်တို့ကို အကြောင်းပြု၍ မတရားသောအကျင့် မမျှတသောအကျင့်ကို ကျင့်၏၊ အကြင်သူသည်ကား ညှဲ့သည် တို့ကို အကြောင်းပြု၍ တရားသောအကျင့် မျှတသောအကျင့်ကို ကျင့်၏၊ အဘယ်သူသည် မြတ် သနည်း ဟု (မေး၏)။ အသျှင်သာရိပုတြာ အကြင်သူသည်ကား ညှဲ့သည်တို့ကို အကြောင်းပြု၍ မတရားသောအကျင့် မမျှတသောအကျင့်ကို ကျင့်၏၊ ထိုသူသည် မမြတ်ရာ။ အသျှင်သာရိပုတြာ အကြင်သူသည်ကား ညှဲ့သည်တို့ကို အကြောင်းပြု၍ တရားသောအကျင့် မျှတသောအကျင့်ကို ကျင့်၏၊ ထိုသူသည်သာ မြတ်ပါ၏။ အသျှင်သာရိပုတြာ မတရားသောအကျင့် မမျှတသော အကျင့်ထက် တရားသောအကျင့် မျှတသောအကျင့်သည် မြတ်ပါ၏ ဟု (လျှောက်၏)။ မာဏဝ သူတပါးတို့အတွက် ပြုလုပ်ရကုန်သော တရားနှင့်လျော်ကုန်သော အမှုတို့သည် ရှိကုန်၏၊ ယင်းအမှု တို့ဖြင့် ညှဲ့သည်တို့အားလည်း ညှဲ့သည်ကိစ္စကို ပြုခြင်းငှါလည်း ယုတ်မာသော အကုသိုလ်မှုကို မပြု ခြင်းငှါလည်း ကုသိုလ်ကောင်းမှု အကျင့်ကို ကျင့်ခြင်းငှါလည်း စွမ်းနိုင်ပါ၏။

မာဏဝ ထိုအရာကို အဘယ်သို့မှတ်ထင်ဘိသနည်း၊အကြင်သူသည်ကား ရှေးက သေပြီးသူတို့ကို အကြောင်းပြု၍ မတရားသောအကျင့် မမျှတသောအကျင့်ကို ကျင့်၏၊ အကြင်သူသည်ကား ရှေးက သေပြီးသူတို့ကို အကြောင်းပြု၍ တရားသောအကျင့် မျှတသောအကျင့်ကို ကျင့်၏၊ အဘယ်သူသည် မြတ်သနည်း ဟု (မေး၏)။ အသျှင်သာရိပုတြာ အကြင်သူသည်ကား ရှေးကသေပြီးသူတို့ကို အကြောင်းပြု၍ မတရားသောအကျင့် မမျှတသောအကျင့်ကို ကျင့်၏၊ ထိုသူသည် မမြတ်ရာ။ အသျှင်သာရိပုတြာ အကြင်သူသည်ကား ရှေးက သေပြီးသူတို့ကို အကြောင်းပြု၍ တရားသော အကျင့် မျှတသောအကျင့်ကို ကျင့်၏၊ ထိုသူသည်သာ မြတ်ပါ၏။ အသျှင်သာရိပုတြာ မတရားသော အကျင့် မမျှတသောအကျင့်ထက် တရားသောအကျင့် မျှတသောအကျင့်သည် မြတ်ပါ၏ ဟု (လျှောက်၏)။ မာဏဝ သူတပါးတို့အတွက် ပြုလုပ်ရကုန်သော တရားနှင့် လျော်ကုန်သော အမှု တို့သည် ရှိကုန်၏၊ ယင်းအမှုတို့ဖြင့် ရှေးက သေပြီးသူတို့အားလည်း ရှေးက သေပြီးသူတို့ ကိစ္စကို

http://www.dhammadownload.com



ပြုခြင်းငှါလည်း ယုတ်မာသော အကုသိုလ်မှုကို မပြုခြင်းငှါလည်း ကုသိုလ်ကောင်းမှုအကျင့်ကို ကျင့်ခြင်းငှါလည်း စွမ်းနိုင်ပါ၏။

ခနဥ္စာနိ ထိုအရာကို အဘယ်သို့ မှတ်ထင်ဘိသနည်း၊ အကြင်သူသည် နတ်တို့ကို အကြောင်းပြု၍ မတရားသောအကျင့် မမျှတသောအကျင့်ကို ကျင့်၏၊ အကြင်သူသည်ကား နတ်တို့ကို အကြောင်းပြု၍ တရားသောအကျင့် မျှတသောအကျင့်ကို ကျင့်၏၊ အဘယ်သူသည် မြတ်သနည်း ဟု (မေး၏)။ အသျှင်သာရိပုတြာ အကြင်သူသည် နတ်တို့ကို အကြောင်းပြု၍ မတရားသောအကျင့် မမျှတသောအကျင့်ကို ကျင့်၏၊ ထိုသူသည် မမြတ်ရာ။ အသျှင်သာရိပုတြာ အကြင်သူသည် နတ်တို့ကို အကြောင်းပြု၍ တရားသောအကျင့် မျှတသောအကျင့်ကို ကျင့်၏၊ ထိုသူသည်သာ မြတ်ပါ၏။ အသျှင်သာရိပုတြာ မတရားသောအကျင့် မမျှတသောအကျင့်ထက် တရားသောအကျင့် မျှတသောအကျင့်သည် မြတ်ပါ၏ဟု (လျှောက်၏)။ ခနဥ္စာနိ သူတပါးတို့အတွက် ပြုလုပ်ရကုန်သော တရားနှင့် လျော်ကုန်သော အမှုဘို့သည် ရှိကုန်၏၊ ယင်းအမှုဘို့ဖြင့် နတ်တို့အား နတ်ကိစ္စကို ပြုခြင်းငှါလည်း ယုတ်မာသော အကုသိုလ်မှုကို မပြုခြင်းငှါလည်း ကုသိုလ်ကောင်းမှု အကျင့်ကို ကျင့်ခြင်းငှါလည်း စွမ်းနိုင်ပါ၏။

ခနဥ္စာနိ ထိုအရာကို အဘယ်သို့ မှတ်ထင်ဘိသနည်း၊ အကြင်သူသည် မင်းကို အကြောင်းပြု၍ မတရားသောအကျင့် မမျှတသောအကျင့်ကို ကျင့်၏၊ အကြင်သူသည်ကား မင်းကို အကြောင်းပြု၍ တရားသောအကျင့် မျှတသောအကျင့်ကို ကျင့်၏၊ အဘယ်သူသည် မြတ်သနည်း ဟု (မေး၏)။ အသျှင်သာရိပုတြာ အကြင်သူသည် မင်းကို အကြောင်းပြု၍ မတရားသောအကျင့် မမျှတသော အကျင့်ကို ကျင့်၏၊ ထိုသူသည် မမြတ်ရာ။ အသျှင်သာရိပုတြာ အကြင်သူသည်ကား မင်းကို အကြောင်းပြု၍ တရားသောအကျင့် မျှတသောအကျင့်ကို ကျင့်၏၊ ထိုသူသည်သာ မြတ်ပါ၏။ အသျှင်သာရိပုတြာ မတရားသောအကျင့် မမျှတသောအကျင့်ထက် တရားသောအကျင့် မျှတသောအကျင့်သည် မြတ်ပါ၏ ဟု (လျှောက်၏)။

ခနဥ္စာနိ သူတပါးတို့အတွက် ပြုလုပ်ရကုန်သော တရားနှင့် လျော်ကုန်သော အမှုတို့သည် ရှိကုန်၏၊ ယင်းအမှုတို့ဖြင့် မင်းအား မင်းကိစ္စကိုပြုခြင်းငှါလည်း ယုတ်မာသော အကုသိုလ်မှုကို မပြုခြင်းငှါလည်း ကုသိုလ်ကောင်းမှု အကျင့်ကို ကျင့်ခြင်းငှါလည်း စွမ်းနိုင်ပါ၏။ ခနဥ္စာနိ ထိုအရာကို အဘယ်သို့ မှတ်ထင်ဘိသနည်း၊ အကြင်သူသည်ကား ခန္ဓာကိုယ် ပြည့်ဖြိုးရန် အကြောင်းပြု၍ ပွါးစီးရန် အကြောင်းပြု၍ မတရားသောအကျင့် မမျှတသောအကျင့်ကို ကျင့်၏၊ အကြင်သူသည်ကား ခန္ဓာကိုယ် ပြည့်ဖြိုးရန် အကြောင်းပြု၍ ပွါးစီးရန် အကြောင်းပြု၍ တရားသောအကျင့် မျှတသော အကျင့်ကို ကျင့်၏၊ အဘယ်သူသည် မြတ်သနည်း ဟု (မေး၏)။ အသျှင်သာရိပုတြာ အကြင်သူသည်ကား ခန္ဓာကိုယ်ပြည့်ဖြိုးရန် အကြောင်းပြု၍ ပွါးစီးရန် အကြောင်းပြု၍ မတရားသောအကျင့် မမျှတသောအကျင့်ကို ကျင့်၏၊ ထိုသူသည် မမြတ်ရာ။ အသျှင်သာရိပုတြာ အကြင်သူသည်ကား ခန္ဓာကိုယ် ပြည့်ဖြိုးရန် အကြောင်းပြု၍ ပွါးစီးရန် အကြောင်းပြု၍ တရားသောအကျင့် မျှတသော အကျင့်ကို ကျင့်၏၊ ထိုသူသည်သာ မြတ်ပါ၏။ အသျှင်သာရိပုတြာ မတရားသောအကျင့် မမျှတသောအကျင့်ထက် တရားသောအကျင့် မျှတသောအကျင့်သည်သာ မြတ်ပါ၏ ဟု (လျှောက်၏)။ ခနဥ္စာနိ သူတပါးတို့အတွက် ပြုလုပ်ရကုန်သော တရားနှင့်လျော်ကုန်သော အမှုတို့သည် ရှိကုန်၏၊ ယင်းအမှုတို့ဖြင့် ခန္ဓာကိုယ်ကို ပြည့်စေခြင်းငှါလည်း ပွါးစီးစေခြင်းငှါလည်း ယုတ်မာသော အကုသိုလ်မှုကို မပြုခြင်းငှါလည်း ကုသိုလ်ကောင်းမှု အကျင့်ကို ကျင့်ခြင်းငှါလည်း စွမ်းနိုင်ပါ၏ ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



၄၄၉။ ထိုအခါ နေဒ္ဓာနိပုဏ္ဏားသည် အသျှင်သာရိပုတြာ ဟောတော်မူသော တရားကို အလွန်နှစ်သက်ဝမ်းမြောက်သည် ဖြစ်၍ နေရာမှ ထကာ ဖဲသွား၏။ ထိုနောက် နေဒ္ဓာနိပုဏ္ဏားသည် တပါးသောအခါ၌ ဖျားနေ၏၊ ဒုက္ခရောက်နေ၏၊ အသည်းအသန် မမာနေ၏၊ ထိုအခါ နေဒ္ဓာနိပုဏ္ဏားသည် တယောက်သော ယောကျ်ားကို ခေါ်၍ "အမောင်ယောကျ်ား လာပါဦး၊ မြတ်စွာဘုရား ထံသို့ ချဉ်းကပ်၍ ငါ၏ စကားဖြင့် မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးတိုက်လေလော့၊ 'အသျှင်ဘုရား နေဒ္ဓာနိပုဏ္ဏားသည် ဖျားနာနေပါ၏၊ ဒုက္ခရောက်နေပါ၏၊ အသည်းအသန် မမာနေပါ၏၊ ထိုပုဏ္ဏားသည် မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးတိုက်ပါ၏' ဟု လျှောက်ပါလေ။ အသျှင်သာရိပုတြာထံသို့လည်း ချဉ်းကပ်၍ ငါ၏စကားဖြင့် အသျှင်သာရိပုတြာ၏ ခြေတော်တို့ကို ဦးတိုက်လေလော့၊ 'အသျှင်ဘုရား နေဒ္ဓာနိပုဏ္ဏားသည် ဖျားနေပါ၏၊ ဒုက္ခရောက်နေပါ၏၊ အသည်းအသန် မမာနေပါ၏၊ ထိုပုဏ္ဏားသည် အသျှင်သာရိပုတြာ၏ ခြေတော်တို့ကို ဦးတိုက်ပါ၏'၊ 'အသျှင်ဘုရား တောင်းပန်ပါ၏၊ အသျှင်ဘုရား အသျှင်သာရိပုတြာသည် နေဒ္ဓာနိပုဏ္ဏား၏ အိမ်ဆီသို့ အစဉ် သနားသဖြင့် ချဉ်းကပ်တော်မူပါလော့'ဟု ဤသို့လည်း လျှောက်ပါလေ"ဟု မှာထားပြောဆို၏။

"အသျှင် ကောင်းပါပြီ"ဟူ၍ ထိုယောကျ်ားသည် နေဒ္ဓာနိပုဏ္ဏားအား ပြန်ကြား၍ မြတ်စွာဘုရားထံတော်သို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို အလွန်ရိုသေစွာ ရှိခိုး၍ သင့်လျော်ရာ၌ ထိုင်၏၊ သင့်လျော်ရာ၌ ထိုင်ပြီးသော် ထိုယောကျ်ားသည် မြတ်စွာဘုရားကို "အသျှင်ဘုရား နေဒ္ဓာနိပုဏ္ဏားသည် ဖျားနာနေပါ၏၊ ဒုက္ခရောက်နေပါ၏၊ အသည်းအသန် မမာနေပါ၏၊ ထိုပုဏ္ဏားသည် မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးတိုက်လိုက်ပါ၏"ဟု ဤစကားကို လျှောက်၏။ အသျှင်သာရိပုတြာထံသို့လည်း ချဉ်းကပ်၍ အသျှင်သာရိပုတြာကို အလွန်ရိုသေစွာ ရှိခိုးပြီးလျှင် သင့်လျော်ရာ၌ ထိုင်ကာ "အသျှင်ဘုရား နေဒ္ဓာနိပုဏ္ဏားသည် ဖျားနာနေပါ၏၊ ဒုက္ခရောက်နေပါ၏၊ အသည်းအသန် မမာနေပါ၏၊ ထိုပုဏ္ဏားသည် အသျှင်သာရိပုတြာ၏ ခြေတော်တို့ကို ဦးတိုက်ပါ၏။ 'အသျှင်ဘုရား တောင်းပန်ပါ၏၊ အသျှင်သာရိပုတြာသည် အစဉ်သနားသဖြင့် နေဒ္ဓာနိပုဏ္ဏား၏ အိမ်ဆီသို့ ချဉ်းကပ်တော်မူပါ'ဟု ဤသို့လည်း လျှောက်လိုက်ပါ၏"ဟူ၍ လျှောက်၏။ အသျှင်သာရိပုတြာသည် ဆိတ်ဆိတ်နေသဖြင့် လက်ခံတော်မူ၏။

၄၅၀။ ထိုအခါ အသျှင်သာရိပုတြာသည် သင်းပိုင်ကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူပြီးလျှင် နေဒ္ဓာနိပုဏ္ဏား၏အိမ်သို့ ချဉ်းကပ်၍ ခင်းထားသောနေရာ၌ ထိုင်ကာ နေဒ္ဓာနိပုဏ္ဏားကို "နေဒ္ဓာနိ အသို့နည်း၊ သင့်အား ခံ့ကျန်းပါ၏လော၊ မျှတပါ၏လော၊ ဒုက္ခဝေဒနာတို့သည် ဆုတ်ယုတ်ပါကုန်၏လော၊ မတိုးတက်ပဲ ရှိပါကုန်၏လော၊ ဆုတ်ယုတ်သောအရာသည် ထင်ပါ၏လော၊ တိုးတက်သော အရာသည် မထင်ပဲ ရှိပါ၏လော"ဟု ဤစကားကို မေးမြန်းပြောဆို၏။ အသျှင်သာရိပုတြာ အကျွန်ုပ် မခံ့ကျန်းပါ၊ မမျှတပါ၊ အကျွန်ုပ်အား ပြင်းထန်သောဝေဒနာတို့သည် တိုးတက်ပါကုန်၏၊ မဆုတ်ယုတ်ပါကုန်၊ တိုးတက်သော အရာသည် ထင်ပါ၏၊ ဆုတ်ယုတ်သော အရာသည် မထင်ပါ။

အသျှင်သာရိပုတြာ ဥပမာအားဖြင့် အားရှိသော ယောကျ်ားသည် ထက်လှစွာသော ခက်ရင်းဖြင့် ထိပ်ကိုထိုး၍ နှိပ်ဘိသကဲ့သို့ အသျှင်သာရိပုတြာ ဤအတူသာလျှင် ပြင်းထန်သော လေတို့သည် ထိပ်၌ ထိုးကျင့်ပါကုန်၏၊ အသျှင်သာရိပုတြာ အကျွန်ုပ် မခံ့ကျန်းပါ၊ မမျှတပါ၊ အကျွန်ုပ်အား ပြင်းထန်ကုန်သော ဒုက္ခဝေဒနာတို့သည် ရှေ့သို့သာ တိုးတက်ပါကုန်၏၊ နောက်သို့ မဆုတ်ယုတ်ပါကုန်၊ တိုးတက်သောအရာသည်သာ ထင်ပါ၏၊ ဆုတ်ယုတ်သောအရာသည် မထင်ပါ။

http://www.dhammadownload.com



အသျှင်သာရိပုတြာ ဥပမာအားဖြင့် အားရှိသော ယောကျ်ားသည် မြမြခိုင်ခံ့သော ကြိုးပိုင်းဖြင့် ဦးခေါင်းကို ရစ်ပတ်ခြင်းကို ပေးရာသကဲ့သို့ အသျှင်သာရိပုတြာ ဤအတူသာလျှင် ဦးခေါင်း၌ အလွန် ပြင်းထန်ကုန်သော ဦးခေါင်းကိုက်ဝေဒနာတို့သည် ဖြစ်ပါကုန်၏၊ အသျှင်သာရိပုတြာ အကျွန်ုပ် မခံ့ကျန်းပါ၊ မမျှတပါ၊ အကျွန်ုပ်အား ပြင်းထန်ကုန်သော ဒုက္ခဝေဒနာတို့သည် ရှေ့သို့သာ တိုးတက်ပါကုန်၏၊ နောက်သို့ကား မဆုတ်ယုတ်ပါကုန်၊ ရှေ့သို့တိုးတက်သော အရာသည်သာ ထင်ပါ၏၊ နောက်သို့ဆုတ်ယုတ်သောအရာသည် မထင်ပါ။

အသျှင်သာရိပုတြာ ဥပမာအားဖြင့် လိမ္မာသော နွားသတ်ယောကျ်ားသည်၎င်း နွားသတ် ယောကျ်ား၏ တပည့်သည်၎င်း ထက်လှစွာသော သားလှီးဓားဖြင့် ဝမ်းကိုရစ်၍ လှီးဘိသကဲ့သို့ အသျှင်သာရိပုတြာ ဤအတူသာလျှင် ပြင်းထန်ကုန်သော လေတို့သည် ဝမ်းကိုရစ်ကုန်၏၊ အသျှင် သာရိပုတြာ အကျွန်ုပ် မခံ့ကျန်းပါ၊မမျှတပါ၊ အကျွန်ုပ်အား ပြင်းထန်ကုန်သော ဒုက္ခဝေဒနာတို့သည် ရှေ့သို့သာ တိုးတက်ပါကုန်၏၊နောက်သို့ကား မဆုတ်ယုတ်ပါကုန်၊ ရှေ့သို့ တိုးတက်သောအရာသည်သာ ထင်ပါ၏၊ နောက်သို့ ဆုတ်ယုတ်သောအရာသည် မထင်ပါ။

အသျှင်သာရိပုတြာ ဥပမာအားဖြင့် အားရှိသော ယောကျ်ားနှစ်ယောက်တို့သည် အားနည်း သော ယောကျ်ားတယောက်ကို အသီးအသီး လက်မောင်းတို့၌ ကိုင်တွယ်၍ မီးကျီးစဖို့၌ ကင်ကုန်ရာ သကဲ့သို့ အပြန်အလှန် ကင်ကုန်ရာသကဲ့သို့ အသျှင်သာရိပုတြာ ဤအတူသာလျှင် ခန္ဓာကိုယ်၌ ပြင်း ပြင်းထန်ထန် ပူလောင်ခြင်းသည် ဖြစ်ပါ၏၊ အသျှင်သာရိပုတြာ အကျွန်ုပ် မခံ့ကျန်းပါ၊ မမျှတပါ၊ အကျွန်ုပ်အား ပြင်းထန်ကုန်သော ဒုက္ခဝေဒနာတို့သည် ရှေ့သို့သာ တိုးတက်ပါကုန်၏၊နောက်သို့ကား မဆုတ်ယုတ်ပါကုန်။ ရှေ့သို့တိုးတက်သောအရာသည်သာ ထင်ပါ၏၊နောက်သို့ ဆုတ်ယုတ်သော အရာ သည် မထင်ပါ ဟု (လျှောက်၏)။

၄၅၁။ နေဥ္စာနီ ထိုအရာကို အဘယ်သို့ မှတ်ထင်ဘိသနည်း၊ငရဲသားသည်၎င်း တိရစ္ဆာန်သည် ၎င်း အဘယ်သည် မြတ်သနည်း ဟု (မေး၏)။ အသျှင်သာရိပုတြာ ငရဲသားထက် တိရစ္ဆာန်သည် မြတ်ပါ၏ ဟု (လျှောက်၏)။ နေဥ္စာနီ ထိုအရာကို အဘယ်သို့ မှတ်ထင်ဘိသနည်း၊ တိရစ္ဆာန် သည်၎င်း ပြိတ္တာသည်၎င်း အဘယ်သည် မြတ်သနည်း ဟု (မေး၏)။ အသျှင်သာရိပုတြာ တိရစ္ဆာန်ထက် ပြိတ္တာသည် မြတ်ပါ၏ဟု (လျှောက်၏)။ နေဥ္စာနီ ထိုအရာကို အဘယ်သို့ မှတ်ထင် ဘိသနည်း၊ ပြိတ္တာသည်၎င်း လူတို့သည်၎င်း အဘယ်သည် မြတ်သနည်း ဟု (မေး၏)။အသျှင်သာရိ ပုတြာ ပြိတ္တာထက် လူတို့သည် မြတ်ပါ၏ဟု (လျှောက်၏)။ နေဥ္စာနီ ထိုအရာကို အဘယ်သို့ မှတ် ထင်ဘိသနည်း၊ လူတို့သည်၎င်း စာတုမဟာရာဇ်နတ်တို့သည်၎င်း အဘယ်သူသည် မြတ်သနည်း ဟု (မေး၏)။ အသျှင်သာရိပုတြာ လူတို့ထက် စာတုမဟာရာဇ်နတ်တို့သည် မြတ်ပါကုန်၏ ဟု (လျှောက်၏)။ နေဥ္စာနီ ထိုအရာကို အဘယ်သို့ မှတ်ထင်ဘိသနည်း၊ စာတုမဟာရာဇ်နတ်တို့ သည်၎င်း တာဝတိံသာ နတ်တို့သည်၎င်း အဘယ်သည် မြတ်သနည်း ဟု (မေး၏)။ အသျှင်သာရိ ပုတြာ စာတုမဟာရာဇ်နတ်တို့ထက် တာဝတိံသာနတ်တို့သည် မြတ်ပါ၏ဟု (လျှောက်၏)။

နေဥ္စာနီ ထိုအရာကို အဘယ်သို့ မှတ်ထင်ဘိသနည်း၊တာဝတိံသာနတ်တို့သည်၎င်း ယာမာနတ် တို့သည်၎င်း အဘယ်သည် မြတ်သနည်း ဟု (မေး၏)။ အသျှင်သာရိပုတြာ တာဝတိံသာနတ်တို့ ထက် ယာမာနတ်တို့သည် မြတ်ပါ၏ဟု (လျှောက်၏)။ နေဥ္စာနီ ထိုအရာကို အဘယ်သို့ မှတ်ထင်ဘိ သနည်း၊ယာမာနတ်တို့သည်၎င်း တုသိတာနတ်တို့သည်၎င်း အဘယ်သည် မြတ်သနည်း ဟု(မေး၏)။

http://www.dhammadownload.com



အသျှင်သာရိပုတြာ ယာမာနတ်ဘို့ထက် တုသိတာနတ်တို့သည် မြတ်ပါ၏ဟု (လျှောက်၏)။ ဓနဉ္စာနိ ထိုအရာကို အဘယ်သို့ မှတ်ထင်ဘိသနည်း၊ တုသိတာနတ်တို့သည်ငှင်း နိမ္မာနရတိနတ်တို့သည်ငှင်း အဘယ်သည် မြတ်သနည်း ဟု (မေး၏)။ အသျှင်သာရိပုတြာ တုသိတာနတ်တို့ထက် နိမ္မာနရတိနတ်တို့သည် မြတ်ပါ၏ဟု (လျှောက်၏)။ ဓနဉ္စာနိ ထိုအရာကို အဘယ်သို့မှတ်ထင်ဘိသနည်း၊ နိမ္မာနရတိနတ်တို့သည်ငှင်း ပရနိမ္မိတဝသဝတ္တိနတ်တို့သည်ငှင်း အဘယ်သည် မြတ်သနည်း ဟု (မေး၏)။ အသျှင်သာရိပုတြာ နိမ္မာနရတိနတ်ဘို့ထက် ပရနိမ္မိတဝသဝတ္တိနတ်တို့သည် မြတ်ပါ၏ ဟု (လျှောက်၏)။ ဓနဉ္စာနိ ထိုအရာကို အဘယ်သို့ မှတ်ထင်ဘိသနည်း၊ ပရနိမ္မိတဝသဝတ္တိနတ်တို့သည်ငှင်း ဗြဟ္မာ့ပြည်လောကသည်ငှင်း အဘယ်သည် မြတ်သနည်း ဟု (မေး၏)။ အသျှင်သာရိပုတြာသည် ဗြဟ္မာ့ပြည်လောကဟူ၍ ဆိုပါသလော၊ အသျှင်သာရိပုတြာသည် ဗြဟ္မာ့ပြည်လောကဟူ၍ ဆိုပါသလော ဟု (လျှောက်၏)။

ထိုအခါ အသျှင်သာရိပုတြာအား "ဤပုဏ္ဏားတို့သည်ကား ဗြဟ္မာ့ပြည်သို့ ညွတ်သော စိတ်ရှိကုန်၏၊ အကယ်၍ ငါသည် ဓနဉ္စာနိပုဏ္ဏားအား ဗြဟ္မာတို့၏ အပေါင်းအဖော်ဖြစ်စေခြင်းငှါ ဗြဟ္မာ့ပြည်ရောက်ကြောင်း တရားကို ဟောကြားရမူ ကောင်းလေရာ၏" ဟု ဤသို့သော အကြံသည် ဖြစ်လေ၏။ ဓနဉ္စာနိ သင့်အား ငါသည် ဗြဟ္မာတို့၏ အပေါင်းအဖော် ဖြစ်စေခြင်းငှါ ဗြဟ္မာ့ပြည်ရောက်ကြောင်း တရားကို ဟောကြားပေအံ့၊ ထိုတရားကို သင်နာယူလော့၊ ကောင်းစွာ နှလုံးသွင်းလော့၊ ငါဟောပေအံ့ ဟု(ဆို၏)။ "အသျှင် ကောင်းပါပြီ"ဟူ၍သာလျှင် ဓနဉ္စာနိပုဏ္ဏားသည် အသျှင်သာရိပုတြာအား ပြန်ကြား၏၊ အသျှင်သာရိပုတြာသည် ဤသို့သောစကားကို ဟောကြား၏ "ဓနဉ္စာနိ ဗြဟ္မာတို့၏ အပေါင်းအဖော် ဖြစ်စေခြင်းငှါ ဗြဟ္မာ့ပြည်ရောက်ကြောင်း တရားကား အဘယ်နည်းဟူမူ — ဓနဉ္စာနိ ဤလောက၌ ရဟန်းသည် မေတ္တာနှင့်တကွဖြစ်သော စိတ်ဖြင့် တခုသောအရပ်ကို ပြန့်နှံ့စေ၍ နေ၏။ ထို့အတူ နှစ်ခုမြောက်သော အရပ်ကို။ ထို့အတူ သုံးခုမြောက်သောအရပ်ကို။ ထို့အတူ လေးခုမြောက်သောအရပ်ကို။ ဤနည်းအားဖြင့် အထက်အောက် ဖီလာအရပ်ကို ပြန့်နှံ့စေ၍ နေ၏၊ အလုံးစုံသော အရပ် အလုံးစုံသော သတ္တဝါတို့၌ မိမိနှင့်တူစွာ သတ္တဝါအားလုံးရှိသော သတ္တလောကကို ပြန့်ပြောသော မြတ်သော အပိုင်းအခြားမရှိသော ရန်မရှိသော ကြောင့်ကြမရှိသော ချစ်ခြင်းမေတ္တာနှင့်ယှဉ်သော စိတ်ဖြင့် ပြန့်နှံ့စေ၍ နေ၏။ ဓနဉ္စာနိ ဤတရားကား ဗြဟ္မာတို့၏ အပေါင်းအဖော် ဖြစ်စေခြင်းငှါ ဗြဟ္မာ့ပြည် ရောက်ကြောင်းခရီးတည်း။

၄၅၂။ ဓနဉ္စာနိ တဖန်လည်း ရဟန်းသည် ကရုဏာနှင့်တကွ ဖြစ်သောစိတ်ဖြင့်။ပ။ မုဒိတာနှင့်တကွ ဖြစ်သော စိတ်ဖြင့်။ ဥပေက္ခာနှင့်တကွ ဖြစ်သော စိတ်ဖြင့် တခုသော အရပ်ကို ပြန့်နှံ့စေ၍ နေ၏။ ထို့အတူ နှစ်ခုမြောက်အရပ်ကို၊ ထို့အတူ သုံးခုမြောက် အရပ်ကို။ ထို့အတူ လေးခုမြောက်အရပ်ကို။ ဤနည်းအားဖြင့် အထက်အောက်ဖီလာ အရပ်ကို ပြန့်နှံ့စေ၍ နေ၏၊ အလုံးစုံသောအရပ် အလုံးစုံသောသတ္တဝါတို့၌ မိမိနှင့်တူစွာ သတ္တဝါအားလုံးရှိသော သတ္တလောကကို ပြန့်ပြောသော မြတ်သော အပိုင်းအခြားမရှိသော ရန်မရှိသော ကြောင့်ကြမရှိသော လျစ်လျူရှုခြင်း ဥပေက္ခာနှင့်တကွဖြစ်သော စိတ်ဖြင့် ပြန့်နှံ့စေ၍ နေ၏။ဓနဉ္စာနိ ဤတရားသည်ကား ဗြဟ္မာတို့၏အပေါင်းအဖော် ဖြစ်စေခြင်းငှါ ဗြဟ္မာ့ပြည်ရောက်ကြောင်း ခရီးတည်း ဟု (မိန့်ဆို၏)။ အသျှင်သာရိပုတြာ သို့ဖြစ်ပါမူ အကျွန်ုပ်၏စကားဖြင့် မြတ်စွာဘုရား၏ခြေတော်တို့ကို ဦးတိုက်ပါလော့၊ "အသျှင်ဘုရား ဓနဉ္စာနိပုဏ္ဏားသည် ဖျားနာနေပါ၏၊ ဒုက္ခရောက်နေပါ၏၊ အသည်းအသန် မမာနေပါ၏၊ ထိုပုဏ္ဏားသည် မြတ်စွာဘုရား၏ ခြေတော်ဘို့ကို ဦးတိုက်ပါ၏"ဟု လျှောက်ထားပါ ဟူ၍ မှာကြားလိုက်၏။

http://www.dhammadownload.com



ထိုအခါ အသျှင်သာရိပုတြာသည် နေဋ္ဌာနီပုဏ္ဏားကို အထက်၌ ပြုဖွယ်ကိစ္စရှိပါလျက် ယုတ်ညံ့သော ဗြဟ္မာ့ပြည်လောကသို့ ရောက်ကြောင်းအကျင့်၌ တည်စေ၍ နေရာမှထကာ ဖဲသွား၏။ ထိုအခါ နေဋ္ဌာနီပုဏ္ဏားသည် အသျှင်သာရိပုတြာ ဖဲသွား၍ မကြာမြင့်မီ သေဆုံး၍ ဗြဟ္မာ့ပြည်သို့လည်း ကပ်ရောက်၏။

၄၅၃။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့ ဤသာရိပုတြာသည် နေဋ္ဌာနီပုဏ္ဏားကို အထက်၌ ပြုဖွယ်ကိစ္စရှိပါလျက် ယုတ်ညံ့သော ဗြဟ္မာ့ပြည်လောကသို့ ရောက်ကြောင်းအကျင့်၌ တည်စေ၍ နေရာမှထကာ ဖဲသွား၏" ဟု မိန့်ကြားတော်မူ၏။ ထိုအခါ အသျှင်သာရိပုတြာသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို အလွန်ရှိသေစွာ ရှိခိုးပြီးသျှင် သင့်လျော်ရာ၌ထိုင်ကာ မြတ်စွာဘုရားကို "အသျှင်ဘုရား နေဋ္ဌာနီပုဏ္ဏားသည် ဖျားနာနေပါ၏၊ ဒုက္ခရောက်နေပါ၏၊ အသည်းအသန် မမာနေပါ၏၊ ထိုပုဏ္ဏားသည် မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးတိုက်ပါ၏" ဟု ဤသို့ သော စကားကို လျှောက်၏။ သာရိပုတြာ အဘယ့်ကြောင့် သင်သည် နေဋ္ဌာနီပုဏ္ဏားကို အထက်၌ ပြုဖွယ်ကိစ္စရှိပါလျက် ယုတ်ညံ့သော ဗြဟ္မာ့ပြည်လောကသို့ ရောက်ကြောင်းအကျင့်၌ တည်စေ၍ နေရာမှထကာ ဖဲလာဘိသနည်းဟု မေးတော်မူ၏)။အသျှင်ဘုရား အကျွန်ုပ်မှာ "ဤပုဏ္ဏားတို့သည် ဗြဟ္မာ့ပြည်လောကသို့ ကိုင်းညွတ်သော စိတ်ရှိကြကုန်၏၊ အကယ်၍ ငါသည် နေဋ္ဌာနီပုဏ္ဏားအား ဗြဟ္မာတို့၏ အပေါင်းအဖော်ဖြစ်စေခြင်းငှါ ဗြဟ္မာ့ပြည်ရောက်ကြောင်း တရားကို ဟောကြားရမူ ကောင်းလေရာ၏" ဟု ဤသို့သော အကြံဖြစ်ခဲ့ပါ၏ ဟု (လျှောက်၏)။ သာရိပုတြာ နေဋ္ဌာနီပုဏ္ဏားသည် သေဆုံးလေပြီ၊ ဗြဟ္မာ့ပြည်လောကသို့လည်း ရောက်လေပြီဟု (မိန့်တော်မူ၏)။

ခုနစ်ခုမြောက် နေဋ္ဌာနိသုတ် ပြီး၏။

---

## ဂဝါသေဋ္ဌသုတ်

၄၅၄။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် ဣစ္ဆာနင်္ဂလနိဂုံး ဣစ္ဆာနင်္ဂလတောအုပ်၌ သီတင်းသုံးနေတော်မူ၏။ ထိုစဉ်အခါ၌ အလွန်ထင်ရှား ကျော်စောကုန်သော ပုဏ္ဏားသူဌေးများစွာတို့သည် ဣစ္ဆာနင်္ဂလနိဂုံး၌ တည်းခိုနေကုန်၏။ ဤသူတို့ကား အဘယ်နည်း။ စင်္ကီပုဏ္ဏား တာရုက္ခပုဏ္ဏား ပေါက္ခရသာတိပုဏ္ဏား ဇာဏုသောဏိပုဏ္ဏား တောဒေယျပုဏ္ဏားနှင့် အလွန်ထင်ရှား ကျော်စောကုန်သော အခြားပုဏ္ဏားသူဌေးတို့ပေတည်း။ ထိုအခါ အညောင်းပြေ လမ်းလျှောက်ခြင်းဖြင့် တယောက်နောက် တယောက်လိုက်ကာ စင်္ကြံသွားလျက် လှည့်လည်လျက် နေကြစဉ် ဝါသေဋ္ဌနှင့် ဘာရဒွါဇလုလင်တို့အား ဤစကားအထူးသည် ဖြစ်ပေါ်၏— "အချင်း အဘယ်သို့သော အခြင်းအရာဖြင့် ဗြာဟ္မဏမည်သနည်း" ဟု ဖြစ်ပေါ်၏။

ဘာရဒွါဇလုလင်သည် ဤသို့ ဆို၏ "အချင်း အကြင့်ကြောင့် အမိဖက် အဖဖက် နှစ်ဖက်လုံးတို့မှ ကောင်းသောဇာတ်ရှိ၏၊ ဘိုးဘေးခုနစ်ဆက်တိုင်အောင် မျိုးရိုးသန့်သော အမိဝမ်းရှိ၏၊ ဇာတ်နှင့်စပ်သော စကားဖြင့် အပယ်မခံရ၊ အကဲ့ရဲ့မခံရ၊ အချင်း ဤမျှသော အတိုင်းအရှည်ဖြင့် ဗြာဟ္မဏ မည်ပါ၏" ဟု (ဆို၏)။

မ မြန် ၂-၁၄–

http://www.dhammadownload.com



ဝါသေဋ္ဌလုလင်သည် ဤသို့ဆို၏ "အချင်း အကြင့်ကြောင့် သိလည်း ရှိ၏၊ ဝတ်အကျင့်နှင့်လည်း ပြည့်စုံ၏၊ အချင်း ဤမျှသော အတိုင်းအရှည်ဖြင့် ဗြာဟ္မဏမည်ပါ၏"ဟု (ဆို၏)။ ဘာရဒွါဇလုလင်သည် ဝါသေဋ္ဌလုလင်ကို သိနားလည်စေခြင်းငှါ မစွမ်းနိုင်၊ ဝါသေဋ္ဌလုလင်သည်လည်း ဘာရဒွါဇလုလင်ကို သိနားလည်စေခြင်းငှါ မစွမ်းနိုင်။

ထိုအခါ ဝါသေဋ္ဌလုလင်သည် ဘာရဒွါဇလုလင်အား ဤသို့ ပြော၏ "အချင်းဘာရဒွါဇ သာကီဝင်မင်းမျိုးမှ ရဟန်းပြုသော သာကီဝင်မင်းသား ရဟန်းဂေါတမသည် ဣစ္ဆာနင်္ဂလနိဂုံး ဣစ္ဆာနင်္ဂလတောအုပ်၌ သီတင်းသုံး နေတော်မူ၏။ ထိုအသျှင်ဂေါတမ၏ ကောင်းသော ကျော်စောသတင်းသည် ဤသို့ ပြန့်နှံ့၍ထွက်၏—'ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံမည်တော်မူ၏၊ (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော အကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓမည်တော်မူ၏၊ အသိဉာဏ်'ဝိဇ္ဇာ' အကျင့်'စရဏ'နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္နမည်တော်မူ၏၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော အကြောင်းကြောင့်လည်း သုဂတမည်တော်မူ၏၊ လောကကို သိတော်မူသော အကြောင်းကြောင့်လည်း လောကဝိဒူမည်တော်မူ၏၊ ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ်ဖြစ်တော်မူသော အကြောင်းကြောင့်လည်း အနုတ္တရော ပုရိသဒမ္မသာရထိမည်တော်မူ၏၊ နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံမည်တော်မူ၏၊ (သစ္စာလေးပါး တရားတို့ကို) သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓမည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏'ဟု (ပြန့်နှံ့၍ ထွက်၏)။

အချင်းဘာရဒွါဇ သွားကြစို့၊ ရဟန်းဂေါတမထံသို့ ချဉ်းကပ်၍ ဤအကြောင်းကို ရဟန်းဂေါတမအား မေးကုန်အံ့၊ ရဟန်းဂေါတမ ဖြေကြားသောအတိုင်း ထို(အကြောင်း)ကို ငါတို့မှတ်သားကုန်အံ့"ဟု(ပြောဆို၏)။ "အချင်း ကောင်းပြီ"ဟု ဘာရဒွါဇလုလင်သည် ဝါသေဋ္ဌလုလင်အား ပြန်ကြား၏။

၄၅၅။ ထိုအခါ ဝါသေဋ္ဌနှင့် ဘာရဒွါဇလုလင်တို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာ(နှုတ်ဆက်)ပြောဆိုကုန်၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်စကားကို ပြောဆို ပြီးဆုံးစေ၍ တခုသောနေရာ၌ ထိုင်ကုန်၏၊ တခုသောနေရာ၌ ထိုင်ပြီးသော ဝါသေဋ္ဌလုလင်သည် မြတ်စွာဘုရားအား ဂါထာတို့ဖြင့် ရွတ်ဆိုလျှောက်ကြား၏—

"အသျှင်ဂေါတမ အကျွန်ုပ်သည် ပေါက္ခရသာတိပုဏ္ဏား၏ တပည့်ကြီးပါတည်း၊ ဤလုလင်သည်ကား တာရုက္ခပုဏ္ဏား၏ တပည့်ကြီးပါတည်း၊ အကျွန်ုပ်တို့ နှစ်ဦးလုံးကိုပင် ဗေဒင်သုံးပုံကို တတ်မြောက်ပြီးသူများဟူ၍ ဆရာကလည်း ခွင့်ပြုပါ၏၊ အကျွန်ုပ်တို့ ကိုယ်တိုင်လည်း ဝန်ခံပါကုန်၏။

ဗေဒင်သုံးပုံတို့၏ အနက်သဘော၌ အလုံးစုံ အကြွင်းမဲ့ တတ်မြောက်ပါကုန်၏၊ အကျွန်ုပ်တို့သည် ပဒ်ဝါကျကို ဆောင်ကုန်သည်ရင်း သဒ္ဒါဗျာကရဏ်းကျမ်းကို ဆောင်ကုန်သည်ရင်း ဖြစ်ပါကုန်၏၊ ပြောဆိုသောအရာ၌လည်း ဆရာနှင့်တူသည် ဖြစ်ပါကုန်၏။ အသျှင်ဂေါတမ ထိုအကျွန်ုပ်တို့အား အမျိုးဇာတ်ဝါဒကို အကြောင်းပြု၍ ပြောဆိုရာ၌ ငြင်းခုံခြင်းသည် ရှိပါ၏။

http://www.dhammadownload.com



ဇာတ်အမျိုးကြောင့် ဗြာဟ္မဏမည်၏ဟု ဘာရဒွါဇသည် ဤသို့ ပြောဆိုပါ၏၊ အကျွန်ုပ်သည်ကား မိမိပြုသော အမှုကြောင့် ဗြာဟ္မဏမည်၏ဟု ပြောဆိုပါ၏၊ ငါးပါးသော စက္ခုရှိတော်မူသော မြတ်စွာဘုရား ဤသို့ အကျွန်ုပ်တို့ ငြင်းခုံကြပုံကို သိတော်မူပါလော့။

ထိုအကျွန်ုပ်တို့ နှစ်ယောက်တို့သည် အချင်းချင်း နားလည်မှု ရစေခြင်းငှါ မတတ်နိုင်ကြပါကုန်၊ ထိုအကျွန်ုပ်တို့သည် (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိ၏ဟု ထင်ရှားကျော်စောသော မြတ်စွာဘုရားကို မေးလျှောက်ခြင်းငှါ လာခဲ့ခြင်း ဖြစ်ပါကုန်၏။

ယုတ်လျော့ခြင်းကို လွန်သဖြင့် ပြည့်သောလပြည့်ဝန်း အတူ လောက၌ ဂေါတမနွယ်ဖွားအသျှင်ဘုရားကို လူအများတို့သည် ချဉ်းကပ်ကြ၍ လက်အုပ်ချီမိုး ရှိခိုးကြကုန်လျက် ရှိသေမြတ်နိုး ရှိခိုးကြပါကုန်၏။

လောက၌ မျက်စိသဖွယ် ဖြစ်ထွန်းပေါ်ပေါက်တော်မူသော အသျှင်ဂေါတမကို အကျွန်ုပ်တို့သည် မေးလျှောက်ကြပါကုန်၏၊ အမျိုးဇာတ်ကြောင့် ဗြာဟ္မဏမည်သည် ဖြစ်ပါသလော၊ ထိုသို့မဟုတ် ပြုလုပ်ပြောဆိုသောအမှုကြောင့် ဗြာဟ္မဏမည်သည် ဖြစ်ပါသလော၊ ဗြာဟ္မဏ၏အဖြစ်ကို မသိကြကုန်သော အကျွန်ုပ်တို့အား သိနိုင်လောက်အောင် ဟောကြားတော်မူပါဘုရား ဟု (လျှောက်၏)။

၄၅၆။ ဝါသေဋ္ဌ ငါသည် ထိုသင်တို့အား သတ္တဝါတို့၏ ဇာတ်(အမျိုး)အကျယ်ကို ဟုတ်မှန်သော အတိုင်း အစဉ်အားဖြင့် ဖြေကြားပေအံ့၊ မှန်၏၊ ဇာတ် (အမျိုး)တို့သည် အချင်းချင်း ကွဲပြားကြကုန်၏။

မြက်သစ်ပင်တို့ကိုလည်း သိကြကုန်လော့၊ မြက်သစ်ပင်တို့ကိုကား ပြန်၍ မသိနိုင်ကြကုန်၊ ထိုမြက်သစ်ပင်တို့၏ ပုံသဏ္ဌာန်သည် အမျိုးဇာတ်အတိုင်း ဖြစ်၏၊ မှန်၏၊ ဇာတ်(အမျိုး)တို့သည် အချင်းချင်း ကွဲပြားကြကုန်၏။

ထိုမှတပါး ပိုးပရန်တို့ကိုရင်း နံကောင်တို့ကိုရင်း ပိုးရွချပုံးတိုင်အောင်သော သတ္တဝါတို့ကိုရင်း သိကြကုန်လော့၊ ထိုသတ္တဝါတို့၏ ပုံသဏ္ဌာန်သည် အမျိုးဇာတ်အတိုင်းဖြစ်၏၊ မှန်၏၊ ဇာတ် (အမျိုး)တို့သည် အချင်းချင်း ကွဲပြားကြကုန်၏။

ငယ်သည်လည်း ဖြစ်ကုန်သော ကြီးသည်လည်း ဖြစ်ကုန်သော အခြေလေးချောင်းရှိသော သတ္တဝါတို့ကိုလည်း သိကြကုန်လော့၊ ထိုအခြေလေးချောင်းရှိသော သတ္တဝါတို့၏ ပုံသဏ္ဌာန်သည် အမျိုးဇာတ်အတိုင်း ဖြစ်၏၊ မှန်၏၊ ဇာတ်(အမျိုး) တို့သည် အချင်းချင်း ကွဲပြားကြကုန်၏။

ဝမ်းရေလျှင် ခြေရှိကုန်သော ရှည်သော ကျောက်ကုန်းရှိသော မြွေတို့ကိုလည်း သိကြကုန်လော့၊ ထိုမြွေတို့၏ ပုံသဏ္ဌာန်သည် အမျိုးဇာတ်အတိုင်း ဖြစ်၏၊ မှန်၏၊ ဇာတ်(အမျိုး) တို့သည် အချင်းချင်း ကွဲပြားကြကုန်၏။

ထိုမှတပါး ရေ၌ကျက်စားသော ငါးတို့ကိုလည်း သိကြကုန်လော့၊ ထိုငါးတို့၏ပုံသဏ္ဌာန်သည် အမျိုးဇာတ်အတိုင်း ဖြစ်၏၊ မှန်၏၊ ဇာတ်(အမျိုး)တို့သည် အချင်းချင်း ကွဲပြားကြကုန်၏။

ထိုမှတပါး အတောင်ယာဉ်ရှိ၍ ကောင်းကင်သွား ငှက်တို့ကိုလည်း သိကြကုန်လော့၊ ထိုငှက်တို့၏ ပုံသဏ္ဌာန်သည် အမျိုးဇာတ်အတိုင်းဖြစ်၏။ မှန်၏၊ ဇာတ်(အမျိုး)တို့သည် အချင်းချင်း ကွဲပြားကြကုန်၏။

http://www.dhammadownload.com



ဤသတ္တဝါဇာတ်တို့၌ ပုံသဏ္ဌာန်သည် အသီးသီး အမျိုးဇာတ်အတိုင်း ဖြစ်သကဲ့သို့ ဤအတူ လူတို့၌ ပုံသဏ္ဌာန်သည် အသီးသီး အမျိုးဇာတ်အတိုင်း ဖြစ်ခြင်းမရှိ။

ဆံပင်တို့ဖြင့်လည်း ကွဲပြားခြင်းမရှိ၊ ဦးခေါင်းတို့ဖြင့်လည်း ကွဲပြားခြင်းမရှိ၊ နားတို့ဖြင့်လည်း ကွဲပြားခြင်းမရှိ၊ မျက်စိတို့ဖြင့်လည်း ကွဲပြားခြင်းမရှိ၊ ခံတွင်းဖြင့်လည်း ကွဲပြားခြင်းမရှိ၊ နှာခေါင်းဖြင့်လည်း ကွဲပြားခြင်းမရှိ၊ နှုတ်ခမ်းတို့ဖြင့်လည်း ကွဲပြားခြင်းမရှိ၊ မျက်ခုံးတို့ဖြင့်လည်း ကွဲပြားခြင်းမရှိ။

လည်ပင်းဖြင့်လည်း ကွဲပြားခြင်းမရှိ၊ ပခုံးတို့ဖြင့်လည်း ကွဲပြားခြင်းမရှိ၊ ဝမ်းဖြင့်လည်း ကွဲပြားခြင်းမရှိ၊ ကျောက်ကုန်းဖြင့်လည်း ကွဲပြားခြင်းမရှိ၊ ခါးဖြင့်လည်း ကွဲပြားခြင်းမရှိ၊ ရင်ဖြင့်လည်း ကွဲပြားခြင်းမရှိ၊ ကျဉ်းမြောင်းသော အရပ် အင်္ဂါဇာတ်ဖြင့်လည်း ကွဲပြားခြင်းမရှိ၊ မေထုန်အကျင့်ဖြင့်လည်း ကွဲပြားခြင်းမရှိ။

လက်တို့ဖြင့်လည်း ကွဲပြားခြင်းမရှိ၊ ခြေတို့ဖြင့်လည်း ကွဲပြားခြင်းမရှိ၊ လက်ချောင်းတို့ဖြင့်ရင်း လက်သည်းတို့ဖြင့်ရင်း ကွဲပြားခြင်းမရှိ၊ မြင်းခေါင်းတို့ဖြင့်လည်း ကွဲပြားခြင်းမရှိ၊ ပေါင်တို့ဖြင့်လည်း ကွဲပြားခြင်းမရှိ၊ အဆင်းအားဖြင့် ကွဲပြားခြင်းမရှိ၊ အသံအားဖြင့် ကွဲပြားခြင်းမရှိ၊ တပါးသောသတ္တဝါ အမျိုးဇာတ်တို့၌ကဲ့သို့ ပုံသဏ္ဌာန်သည် အမျိုးဇာတ်အတိုင်း မဖြစ်သည်သာတည်း။

၄၅၇။ လူတို၏ ဥစ္စာဖြစ်သော ကိုယ်တို့၌ အသီးအခြား ထိုကွဲသွဲချက်သည် မရှိ၊ လူတို့၌ ကွဲလွဲချက်ကို အခေါ်ဝေါ်အားဖြင့်သာ ဆိုရ၏။

ဝါသေဋ္ဌ လူတို့တွင် တဦးတယောက်သောသူသည် လယ်လုပ်ခြင်းအမှုကို မှီ၍ အသက်မွေး၏၊ ထိုသူသည် လယ်သမားသာ မည်၏၊ ပုဏ္ဏား မမည်နိုင်ဟု ဤသို့ သိလော့။

ဝါသေဋ္ဌ လူတို့တွင် တဦးတယောက်သောသူသည် အထူးထူး အပြားပြား များစွာသော အတတ်ဖြင့် အသက်မွေး၏၊ ထိုသူသည် အတတ်ပညာသည်သာ မည်၏၊ ဗြာဟ္မဏ မမည်နိုင်ဟု ဤသို့ သိလော့။

ဝါသေဋ္ဌ လူတို့တွင် တဦးတယောက်သောသူသည် ကုန်သွယ်ခြင်းကို မှီ၍ အသက်မွေး၏၊ ထိုသူသည် ကုန်သည်သာ မည်၏၊ ဗြာဟ္မဏ မမည်နိုင်ဟု ဤသို့ သိလော့။

ဝါသေဋ္ဌ လူတို့တွင် တဦးတယောက်သောသူသည် သူတပါးတို့ အခိုင်းအစေအဖြစ်ဖြင့် အသက်မွေး၏၊ ထိုသူသည် အစေခံသာမည်၏၊ ဗြာဟ္မဏ မမည်နိုင်ဟု ဤသို့ သိလော့။

ဝါသေဋ္ဌ လူတို့တွင် တဦးတယောက်သောသူသည် ခိုးယူခြင်းကို မှီ၍ အသက်မွေး၏၊ ထိုသူသည် ခိုးသူသာမည်၏၊ ဗြာဟ္မဏ မမည်နိုင်ဟု ဤသို့ သိလော့။

ဝါသေဋ္ဌ လူတို့တွင် တဦးတယောက်သောသူသည် လက်နက်ကိုမှီ၍ အသက်မွေး၏၊ ထိုသူသည် စစ်သည်သာမည်၏၊ ဗြာဟ္မဏ မမည်နိုင်ဟု ဤသို့ သိလော့။

ဝါသေဋ္ဌ လူတို့တွင် တဦးတယောက်သောသူသည် ပုရောဟိတ်အမှုဖြင့် အသက်မွေး၏၊ ထိုသူသည် ယဇ်ပူဇော်သမားသာမည်၏၊ ဗြာဟ္မဏ မမည်နိုင်ဟု ဤသို့ သိလော့။

ဝါသေဋ္ဌ လူတို့တွင် တဦးတယောက်သောသူသည် ရွာကိုရင်း တိုင်းနိုင်ငံကိုရင်း အပိုင်စားရ၏၊ ထိုသူသည် မင်းသာမည်၏၊ ဗြာဟ္မဏ မမည်နိုင်ဟု ဤသို့ သိလော့။

http://www.dhammadownload.com



မျိုးရိုးအားဖြင့် ဖြစ်ကာမျှ အမိဝမ်းတိုက်၌ ဖြစ်ကာမျှကို ဗြာဟ္မဏမည်၏ဟူ၍ ငါမဆို၊ ထိုသူသည် ကြောင့်ကြမှု ရှိနေသေးမူ ဘောဝါဒီသာမည်၏၊ ကြောင့်ကြမှု မရှိသူ စွဲလမ်းမှုမရှိသူကို ဗြာဟ္မဏဟူ၍ ငါဆို၏။

၄၅၇။ အကြင်သူသည် အလုံးစုံသော သံယောဇဉ်ကို ဖြတ်တောက်၍ စင်စစ် တပ်မက်တွယ်တာမှု မရှိ၊ တပ်မက်မှုကို ကျော်လွန်သော ကိလေသာတို့မှ ကင်းသောထိုသူကို ဗြာဟ္မဏဟူ၍ ငါဆို၏။

ရန်ငြိုးဖွဲ့ခြင်းကိုရင်း (နှောင်ဖွဲ့တတ်သော ကြိုးသဖွယ်ဖြစ်သော) တဏှာကိုရင်း အစဉ်မပြတ်ကိန်းအောင်းတတ်သော အနုသယနှင့် တကွဖြစ်သော ခြောက်ဆယ့်နှစ်ပါးသော မိစ္ဆာဒိဋ္ဌိကိုရင်း ဖြတ်၍ ပယ်အပ်ပြီးသော အဝိဇ္ဇာတံခါးကျင်ရှိသော သိပြီးသော သစ္စာလေးပါးရှိသော ထိုသူကို ဗြာဟ္မဏဟူ၍ ငါဆို၏။

အကြင်သူသည် သူတပါးတို့ ဆဲရေးသည်ကိုရင်း ပုတ်ခတ်ခြင်း နှောင်ဖွဲ့ခြင်းကိုရင်း အမျက်မထွက်မူ၍ သည်းခံနိုင်၏၊ သည်းခံမှု အားရှိသော အကြိမ်ကြိမ် သည်းခံနိုင်သော ထိုသူကို ဗြာဟ္မဏဟူ၍ ငါဆို၏။

အမျက်မထွက်တတ်သော (ကိလေသာကို ခါတွက်တတ်သောဓုတင်)အကျင့်ရှိသော သီလဂုဏ်ရှိသော ရာဂစသည် ထူပြောခြင်း ကင်းသော ယဉ်ကျေးသော ဇာတ်မြေ့ရှိသော အဆုံးစွန်သော ကိုယ်ရှိသော ထိုသူကို ဗြာဟ္မဏ ဟူ၍ ငါဆို၏။

ကြာဖက်၌ ရေကဲ့သို့ရင်း ပွတ်ဆောက်ဖျား၌ မုန်ညင်းစေ့ကဲ့သို့ရင်း အကြင်သူသည် ကာမဂုဏ် တရားတို့၌ မလိမ်းကျံ မကပ်ငြိ၊ ထိုသို့သဘောရှိသောသူကို ဗြာဟ္မဏဟူ၍ ငါဆို၏။

အကြင်သူသည် ဤဘဝ၌ပင် မိမိ၏ ဒုက္ခကုန်ရာ အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၍ သိ၏၊ ချထားပြီးသော ဝန်ရှိသော ကိလေသာနှင့် မယှဉ်သော ထိုသူကို ဗြာဟ္မဏဟူ၍ ငါဆို၏။

နက်နဲသောအာရုံတို့၌ ဖြစ်သော ပညာဉာဏ်ရှိသော (မိုးကြိုးစက်ကဲ့သို့)ပြကတေ့ ထက်မြက်သော ပညာရှိသော နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်သော လမ်းကြောင်း ဟုတ် မဟုတ်၌ လိမ္မာသော မြတ်သောအကျိုးစီးပွါးသို့ အစဉ်ရောက်ပြီးသော ထိုသူကို ဗြာဟ္မဏဟူ၍ ငါဆို၏။

အိမ်ရာတည်ထောင်သော သူတို့နှင့်လည်းကောင်း အိမ်ရာမထောင်သော ရဟန်းတို့နှင့်လည်းကောင်း နှစ်ပါးစုံသော သူတို့နှင့် မရောမရှက်သော ဝတ္ထုကာမ ကိလေသာကာမတို့၌ မကပ်ငြိသော နည်းသော အလိုရှိသော ထိုသူကို ဗြာဟ္မဏဟူ၍ ငါဆို၏။

အကြင်သူသည် ထိတ်လန့်တတ်သောသတ္တဝါ (ပုထုဇဉ်) မထိတ်လန့်တတ်သောသတ္တဝါ (ရဟန္တာ)တို့၌ တုတ်လက်နက်ကို ချထားပြီးဖြစ်၍ မသတ်ဖြတ် မညှဉ်းဆဲ၊ထိုသို့သဘောရှိသောသူကို ဗြာဟ္မဏဟူ၍ ငါဆို၏။

ရန်ငြိုးဖွဲ့တတ်သောသူတို့၌ တုံ့ပြန်၍ ရန်ငြိုးမဖွဲ့တတ်သော သဘောရှိသော လက်နက်လှန်ကန်စွဲကိုင်သူတို့တွင် လက်နက်လှန်ကန်စွဲကိုင်တတ်သော သဘောမရှိသော ကိလေသာရန်ငြိမ်းအေးပြီးသော စွဲလန်းတတ်သူဘို့တွင် မစွဲလမ်းတတ်သော သဘောရှိသော ထိုသူကို ဗြာဟ္မဏဟူ၍ ငါဆို၏။

http://www.dhammadownload.com



အကြင်သူအား ရာဂသည်၎င်း ဒေါသသည်၎င်း မာနသည်၎င်း သူ့ကျေးဇူးကို ချေဖျက်ခြင်းသည်၎င်း ပွတ်ဆောက်ဖျားမှ မုံညင်းစေ့ကဲ့သို့ လျောကျ၏၊ ထိုသို့သဘောရှိသောသူကို ဗြာဟ္မဏဟူ၍ ငါဆို၏။

၄၅၉။ တစုံတယောက်သောသူကိုမျှ မငြိစွန်းစေတတ်သော မကြမ်းကြုတ်သော အနက်ကို သိစေတတ်သော မှန်ကန်သော စကားမျိုးကို အကြင်သူသည် မြွက်ဆိုတတ်၏၊ ထိုသူကို ဗြာဟ္မဏဟူ၍ ငါဆို၏။

အကြင်သူသည် လောက၌ ရှည်သည်လည်းဖြစ်သော တိုသည်လည်းဖြစ်သော ငယ်သည်လည်းဖြစ်သော ကြီးသည်လည်းဖြစ်သော ကောင်းမကောင်းလည်းဖြစ်သော အရှင်မပေးသော ဥစ္စာကို မခိုးယူတတ်၊ ထိုသူကို ဗြာဟ္မဏဟူ၍ ငါဆို၏။

အကြင်သူအား ဤလောက၌၎င်း တမလွန်လောက၌၎င်း တဏှာတောင့်တမှုမရှိ၊ အာသာတဏှာကင်းသော ကိလေသာနှင့် မယှဉ်သော ထိုသူကို ဗြာဟ္မဏဟူ၍ ငါဆို၏။

အကြင်သူအား သို့လော သို့လော တွေးတောမှုမရှိသော မှန်ကန်သော သဘောကို သိ၍ တဏှာအာလယဟုဆိုသည် မရှိကြကုန်၊ အမြိုက်နိဗ္ဗာန်အတွင်းသို့ အစဉ်ဝင်ရောက်ပြီးသော ထိုသူကို ဗြာဟ္မဏဟူ၍ ငါဆို၏။

ဤသာသနာတော်၌ အကြင်သူသည် ကုသိုလ်ဟူသော ကပ်ငြိခြင်းကို၎င်း အကုသိုလ်ဟူသော ကပ်ငြိခြင်းကို၎င်း နှစ်ပါးစုံသော ကပ်ငြိခြင်းကို လွန်မြောက်၏၊ ပူဆွေးခြင်း မရှိသော ကိလေသာ မြူကင်းသော စင်ကြယ်သော ထိုသူကို ဗြာဟ္မဏဟူ၍ ငါဆို၏။

လကဲ့သို့ အညစ်အကြေးကင်းသော စင်ကြယ်သော အထူးသဖြင့် ကြည်လင်သော မနောက်ကျုသော ကုန်ပြီးသောတဏှာ ဘဝရှိသော ထိုသူကို ဗြာဟ္မဏဟူ၍ ငါဆို၏။

အကြင်သူသည် လွန်မြောက်နိုင်ခဲသော ခရီးမှားဖြစ်သော အဖန်ဖန်ကျင်လည်တတ်သော တွေဝေတတ်သော မောဟကို လွန်မြောက်တတ်၏၊ သြဃလေးပါးကို ကူးမြောက်ပြီးသူ ဖြစ်၏၊ နိဗ္ဗာန်ကမ်းတဖက်သို့ ရောက်ပြီးသူ ဖြစ်၏၊ အာရုံလက္ခဏာယာဉ်ကို ရှုသောအားဖြင့် ကပ်၍ ရှုတတ်၏၊ တဏှာဟူသော ဧဇာမရှိ၊ သို့လော သို့လော တွေးတောယုံမှားမှု မရှိ၊ မစွဲလမ်းမူ၍ ငြိမ်းအေး၏၊ ထိုသို့သဘောရှိသော သူကို ဗြာဟ္မဏဟူ၍ ငါဆို၏။

ဤလောက၌ အကြင်သူသည် ဝတ္ထုကာမ ကိလေသာကာမ နှစ်ပါးစုံကို ပယ်ဖျောက်၍ အိမ်ရာမထောင်ပဲ ရဟန်းပြု၏၊ ကုန်ပြီးသောကာမ ကုန်ပြီးသောဘဝရှိသော ထိုသူကို ဗြာဟ္မဏဟူ၍ ငါဆို၏။

ဤလောက၌ အကြင်သူသည် တဏှာကို ပယ်ဖျောက်၍ အိမ်ရာမထောင်ပဲ ရဟန်းပြု၏၊ ကုန်ပြီးသောတဏှာ ကုန်ပြီးသောဘဝရှိသော ထိုသူကို ဗြာဟ္မဏဟူ၍ ငါဆို၏။

အကြင်သူသည် လူ၌ဖြစ်သော ကာမဂုဏ်နှင့်ယှဉ်ခြင်း နတ်၌ဖြစ်သော ကာမဂုဏ်နှင့်ယှဉ်ခြင်းကို ပယ်၍ လူ၌ဖြစ်သော ကာမဂုဏ်နှင့်ယှဉ်ခြင်း နတ်၌ဖြစ်သော ကာမဂုဏ်နှင့်ယှဉ်ခြင်းကို လွန်မြောက်၍ အလုံးစုံသော ကိလေသာယှဉ်ခြင်းဖြင့် မယှဉ်သော ထိုသူကို ဗြာဟ္မဏဟူ၍ ငါဆို၏။

http://www.dhammadownload.com



ကာမဂုဏ်တို့၌ မွေ့လျော်ခြင်းကိုရင်း ကုသိုလ်ပွါးများခြင်း၌ မမွေ့လျော်ခြင်းကိုရင်း ပယ်ဖျောက်၍ ငြိမ်းချမ်းပြီးသော ဥပဓိကင်းပြီးသော လောကအလုံးကို နှိမ်နင်း၍ တည်သော လုံ့လဝီရိယရှိသောသူကို ဗြာဟ္မဏဟူ၍ ငါဆို၏။

အကြင်သူသည် သတ္တဝါတို့၏ စုတိကိုရင်း ပဋိသန္ဓေကိုရင်း အချင်းခပ်သိမ်း သိ၏၊ ငြိကပ်တွယ်တာမှုမရှိသော ကောင်းမြတ်သော နိဗ္ဗာန်အရပ်သို့ ရောက်ပြီးသော သစ္စာလေးပါးကို သိသော ထိုသူကို ဗြာဟ္မဏဟူ၍ ငါဆို၏။

အကြင်သူ၏ လားရောက်ရမည့် ဂတိကို နတ်တို့သည်ရင်း ဂန္ဓဗ္ဗတို့သည်ရင်း လူတို့သည်ရင်း မသိနိုင်ကြကုန်၊ ကုန်ပြီသော အာသဝရှိသော ပူဇော်အထူးကို ခံတော်မူထိုက်သော ထိုသူကို ဗြာဟ္မဏဟူ၍ ငါဆို၏။

အကြင်သူအား ရှေးဖြစ်သော အတိတ်၌ရင်း နောက်ဖြစ်သော အနာဂတ်၌ရင်း အလယ်ဖြစ်သော ပစ္စုပ္ပန်၌ရင်း ကြောင့်ကြမှုမရှိ၊ ကြောင့်ကြမှုမရှိသော စွဲလမ်းမှု မရှိသော ထိုသူကို ဗြာဟ္မဏဟူ၍ ငါဆို၏။

နွားလားဥသဘနှင့်တူသော မြတ်သော ဝီရိယရှိသော မြတ်သော သီလက္ခန္ဓ စသည့် ကျေးဇူးဂုဏ်အသူးကို ဆည်းပူးရှာမှီးပြီးသော အောင်အပ်ပြီးသော အောင်ပွဲရှိသော ကင်းပြီးသော တဏှာဇောရှိသော ကိလေသာအညစ်အကြေးကို ဆေးလျော်ပြီးသော သစ္စာလေးပါးကို သိပြီးဖြစ်သော ထိုသူကို ဗြာဟ္မဏ ဟူ၍ ငါဆို၏။

အကြင်သူသည် ရှေးက နေခဲ့ဘူးသော ဘဝအဆက်ကို သိ၏၊ နတ်ရွာရောက်ကြောင်း ကောင်းမြတ်သော လမ်းခရီးကိုလည်း မြင်၏၊ ပဋိသန္ဓေနေမှုကုန်ရာ နိဗ္ဗာန်သို့လည်း ရောက်၏၊ ထိုသို့သဘောရှိသောသူကို ဗြာဟ္မဏဟူ၍ ငါဆို၏။

၄၆၀။ ဤဗြာဟ္မဏဟူသော အမည်သည် လောက၌ ခေါ်ဝေါ်ပြောဆိုရသော အမည်မျှသာတည်း၊ ဗြာဟ္မဏ ဝါသေဋ္ဌ ဘာရဒွါဇ စသော အမည်အနွယ်ကို လူတို့ကြံဆထား၏၊ အဆင့်ဆင့် ခေါ်ဝေါ်ပြောသော အမည်အားဖြင့် လာ၏၊ ထိုထိုမွေးဖွားရာ ကာလစသည်တို့၌ ဆွေမျိုးတို့သည် ကြံဆထား၏။

ဗြာဟ္မဏ ဟူသော အမည်သည် ခေါ်ဝေါ်ခြင်းငှါ သမုတ်ထားသော အမည်မျှသာတည်း ဟု မသိသောသူတို့၏ ရှည်မြင့်စွာသော ကာလပတ်လုံး အစဉ်ကိန်းနေသော မှားသောအယူအဆမျှသာတည်း၊ မသိသောသူတို့သည် ဗြာဟ္မဏဟူသည် ဇာတ်အားဖြင့် ဖြစ်၏ဟု အစဉ်အဆက် ပြောဆိုကြကုန်၏။

ဇာတ်ကြောင့် ဗြာဟ္မဏမဖြစ်နိုင်၊ ဇာတ်ကြောင့် ဗြာဟ္မဏ မဟုတ်သူ မဖြစ်နိုင်၊ မိမိပြုလုပ်သော အလုပ်ကြောင့် ဗြာဟ္မဏဖြစ်၏၊ မိမိပြုလုပ်သော အလုပ်ကြောင့် ဗြာဟ္မဏမဟုတ်သူ ဖြစ်၏။

မိမိပြုလုပ်သောအမှုကြောင့် လယ်သမားဖြစ်၏၊ မိမိပြုလုပ်သောအလုပ်ကြောင့် အတတ်ပညာသည်ဖြစ်၏၊ မိမိပြုလုပ်သော အလုပ်ကြောင့် ကုန်သည်ဖြစ်၏၊ မိမိပြုလုပ်သော အလုပ်ကြောင့် အစေခံဖြစ်၏။

http://www.dhammadownload.com



မိမိပြုလုပ်သော အလုပ်ကြောင့် ခိုးသူဖြစ်၏၊ မိမိပြုလုပ်သော အလုပ်ကြောင့် စစ်သားဖြစ်၏၊ မိမိပြုလုပ်သော အလုပ်ကြောင့် ယင်ပူဇော်သမားဖြစ်၏၊ မိမိပြုလုပ်သော အလုပ်ကြောင့် မင်းဖြစ်၏။

အကြောင်းကို စွဲ၍ အကျိုးဖြစ်၏ဟု ပဋိစ္စသမုပ္ပါဒ်ကို မြင်လေ့ရှိကုန်သော ကံကံ၏အကျိုး၌ လိမ္မာကုန်သော ပညာရှိတို့သည် ဤသို့ဟုတ်တိုင်းမှန်စွာ ဤကံတရားကို မြင်ကြကုန်၏။

လောကသည် ကံကြောင့်ဖြစ်၏၊ သတ္တဝါအပေါင်းသည် ကံကြောင့်ဖြစ်၏၊ သွားသော ရထား၏ နားပန်းစွန်းကဲ့သို့ သတ္တဝါတို့ကို ကံက ဖွဲ့စပ်ထား၏။

ကိလေသာကို ခါတွက်တတ်သော ဓုတင်အကျင့်ဖြင့်၎င်း မေထုန်အကျင့်ကို ရှောင်ကြဉ်ခြင်းဖြင့်၎င်း စောင့်စည်းအပ်သော သီလဖြင့်၎င်း ဣန္ဒြေခြောက်ပါးကို ဆုံးမခြင်းဖြင့်၎င်း ဤ ချီးမွမ်းအပ်သော အထူးစင်ကြယ်သော အကြောင်းကံကြောင့် ဗြာဟ္မဏမည်၏၊ ဤသို့သဘော ရှိသော ပုဂ္ဂိုလ်ကို မြတ်သောဗြာဟ္မဏဟူ၍ ငါဆို၏။

ဝါသေဋ္ဌ သုံးပါးသော ဝိဇ္ဇာဉာဏ်ဘို့နှင့် ပြည့်စုံသော ငြိမ်းအေးပြီးသော ကိလေသာရှိသော တဖန် ဘဝသစ်၌ ဖြစ်ခြင်း ကုန်ပြီးသောသူသည် သိကြား နားလည်သူတို့၏ ငြဟ္မာလည်း မည်၏၊ သိကြားလည်း မည်၏၊ ဤသို့ သင်သိလော့”ဟု (မိန့်တော်မူ၏)။

၄၆၁။ ဤသို့ မိန့်တော်မူသည်ရှိသော် ဝါသေဋ္ဌ ဘာရဒ္ဒါဇလုလင်တို့သည် မြတ်စွာဘုရားကို “အသျှင်ဂေါတမ (တရားတော်သည်)အလွန်နှစ်သက်ဖွယ်ရှိပါပေစွ၊ အသျှင်ဂေါတမ (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိပါပေစွ၊ အသျှင်ဂေါတမ ဥပမာသော်ကား မှောက်ထားသည်ကို လှန်ဘိသကဲ့သို့၎င်း ဖုံးလွှမ်းထားသည်ကို ဖွင့်လှစ်ဘိသကဲ့သို့၎င်း မျက်စိလည်သောသူအား လမ်းမှန်ကို ပြောကြားဘိသကဲ့သို့၎င်း ‘မျက်စိအမြင်ရှိသော သူတို့သည် အဆင်းတို့ကို မြင်ကြလိမ့်မည်’ဟု အမိုက် မှောင်၌ ဆီမီးတန်ဆောင်ကို ဆောင်ပြဘိသကဲ့သို့၎င်း အသျှင်ဂေါတမ ဤအတူသာလျှင် အသျှင် ဂေါတမသည် များစွာသောအကြောင်းဖြင့် တရားတော်ကို ပြတော်မူပါပေ၏၊ အသျှင်ဂေါတမ ထိုအကျွန်ုပ်တို့သည် အသျှင်ဂေါတမကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါကုန်၏၊ တရားတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါကုန်၏၊ သံဃာတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါကုန်၏၊ အသျှင်ဂေါတမသည် အကျွန်ုပ်တို့ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်သော ဥပါသကာတို့ ဟူ၍ မှတ်တော်မူပါ”ဟု (လျှောက်လေကုန်သတည်း)။

ရှစ်ခုမြောက် ဝါသေဋ္ဌသုတ် ပြီး၏။

---

## ၉-သုဘသုတ်

၄၆၂။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏အရံ ဖြစ်သော ဇေတဝန် ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ တောဒေယျ၏သားဖြစ်သော သုဘလုလင်သည် သာဝတ္ထိပြည် သူကြွယ်တယောက်၏အိမ်၌ တစုံတခုသော ပြုဖွယ်ကိစ္စဖြင့် နေ၏။ ထိုအခါ သူကြွယ် အိမ်၌ တည်းခိုနေသော တောဒေယျ၏သား သုဘလုလင်သည် ထိုသူကြွယ်ကို “သူကြွယ် သာဝတ္ထိ

http://www.dhammadownload.com



ပြည့်သည့် ပူဇော်အထူးကို ခံတော်မူထိုက်ကုန်သော ရဟန္တာအသျှင်တို့ဖြင့် မဆိတ်ဟု ဤသို့သော စကားကို အကျွန်ုပ်ကြားဘူးပါ၏၊ ယနေ့အဘယ်မည်သော သမဏဗြာဟ္မဏကို ဆည်းကပ်ရကုန်ပါအံ့ နည်း”ဟု ဤစကားကို ပြောဆို၏။ အသျှင် သာဝတ္ထိပြည်ဝယ် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသော ထိုမြတ်စွာဘုရားကို ချဉ်းကပ်လေလော့ ဟု (ပြောဆို၏)။

ထိုအခါ တောဒေယျ၏သားဖြစ်သော သုဘလုလင်သည် ထိုသူကြွယ်၏စကားကို နားထောင်ပြီးသော် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်မြွက်ဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်စကားကို ပြောဆိုပြီးဆုံးစေပြီးနောက် တခုသောအရပ်၌ ထိုင်၏။ တောဒေယျ၏သားဖြစ်သော သုဘလုလင်သည် မြတ်စွာဘုရားကို “အသျှင်ဂေါတမ ‘လူဝတ်ကြောင် သည်သာလျှင် နည်းလမ်းမှန်သော ကုသိုလ်တရားကို ပြည့်စုံစေနိုင်၏၊ ရဟန်းသည် နည်းလမ်းမှန်သော ကုသိုလ်တရားကို မပြည့်စုံစေနိုင်’ဟု ပုဏ္ဏားတို့သည် ဤသို့ ပြောဆိုကြပါကုန်၏၊ အသျှင်ဂေါတမသည် ဤအရာ၌ အဘယ်သို့ ဆိုလိုပါသနည်း”ဟု ဤစကားကို လျှောက်၏။

၄၆၃။ လုလင် ဤနေရာ၌ ငါသည် ခွဲခြားဝေဖန်၍ ဟောကြားလေ့ရှိ၏၊ ဤအရာ၌ ငါသည် တဖက်သတ်အားဖြင့် ဟောကြားလေ့မရှိ။ လုလင် ငါသည် လူဝတ်ကြောင်၏သော်၎င်း ရဟန်း၏ သော်၎င်း မှားသောအကျင့်ကို မချီးကျူး၊ လုလင် မှန်၏၊ လူဝတ်ကြောင်သည်သော်၎င်း ရဟန်း သည်သော်၎င်း မှားသော အကျင့်ကို ကျင့်သည်ဖြစ်အံ့၊ မှားသောအကျင့်ကို ကျင့်ခြင်းဟူသော အကြောင်းကြောင့် နည်းလမ်းမှန်သော ကုသိုလ်တရားကို မပြည့်စုံစေနိုင်။ လုလင် ငါသည် လူဝတ် ကြောင်၏သော်၎င်း ရဟန်း၏သော်၎င်း မှန်ကန်သော အကျင့်ကို ချီးကျူး၏၊ လုလင် မှန်၏၊ လူဝတ် ကြောင်သည်သော်၎င်း ရဟန်းသည်သော်၎င်း မှန်ကန်သော အကျင့်ကို ကျင့်သည်ဖြစ်အံ့၊ မှန်ကန် သောအကျင့်ကို ကျင့်ခြင်းဟူသော အကြောင်းကြောင့် နည်းလမ်းမှန်သော ကုသိုလ်တရားကို ပြည့်စုံ စေနိုင်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဂေါတမ ပုဏ္ဏားတို့သည် “ကြီးကျယ်များပြားသော ပြုဖွယ်ဝေယျာဝစ္စရှိသော များစွာ သော ပြုဖွယ်ကိစ္စရှိသော အလွန်ကြီးကျယ်သော ကြောင့်ကြပြုဖွယ်ရှိသော များစွာသော အားထုတ် ဖွယ်ရှိသော ဤအိမ်ရာတည်ထောင် လူ့ဘောင်၌ နေသော သူဘို့၏အလုပ်သည် ကြီးကျယ်သော အကျိုးရှိ၏၊ အနည်းငယ်သော ပြုဖွယ်ဝေယျာဝစ္စရှိသော အနည်းငယ်သော ပြုဖွယ်ကိစ္စရှိသော အနည်းငယ်သော ကြောင့်ကြဖွယ်ရှိသော အနည်းငယ်သော အားထုတ်ဖွယ်ရှိသော ဤရဟန်းဘောင် ၌ နေသော သူဘို့၏အလုပ်သည် နည်းသောအကျိုးရှိ၏” ဟု ဤသို့ ဆိုကြပါကုန်၏၊ ဤသို့ဆိုရာ၌ အသျှင်ဂေါတမသည် အဘယ်သို့ ဆိုလိုပါသနည်း ဟု (လျှောက်၏)။

လုလင် ဤအရာ၌လည်း ငါသည် ခွဲခြားဝေဖန်၍ ဟောကြားလေ့ရှိ၏၊ ဤအရာ၌ ငါသည် တဖက်သတ်အားဖြင့် ဟောကြားလေ့မရှိ။ လုလင် ကြီးကျယ်များပြားသော ပြုဖွယ်ဝေယျာဝစ္စ ရှိသော များစွာသော ပြုဖွယ်ကိစ္စရှိသော အလွန်ကြီးကျယ်သော ကြောင့်ကြဖွယ်ရှိသော များစွာ သော အားထုတ်ဖွယ်ရှိသော အလုပ်သည် ရှိ၏၊ ထိုအလုပ်သည် ချွတ်ယွင်းသည်ရှိသော် နည်းသော အကျိုးရှိ၏။ လုလင် ကြီးကျယ်များပြားသော ပြုဖွယ်ဝေယျာဝစ္စရှိသော များပြားသော ပြုဖွယ်ကိစ္စ ရှိသော အလွန်ကြီးကျယ်သော ကြောင့်ကြဖွယ်ရှိသော များစွာသော အားထုတ်ဖွယ်ရှိသော အလုပ် သည် ရှိ၏၊ ထိုအလုပ်သည် ပြည့်စုံသည်ရှိသော် ကြီးကျယ်သော အကျိုးရှိ၏။ လုလင် အနည်းငယ်သော

http://www.dhammadownload.com



ပူဖွယ်ဝေယျာဝစ္စရှိသော အနည်းငယ်သော ပူဖွယ်ကိစ္စရှိသော အနည်းငယ်သော ကြောင့်ကြဖွယ်ရှိသော အနည်းငယ်သော အားထုတ်ဖွယ်ရှိသော အလုပ်သည် ရှိ၏၊ ထိုအလုပ်သည် ချွတ်ယွင်းသည်ရှိသော် နည်းသောအကျိုးရှိ၏။ လုလင် အနည်းငယ်သော ပူဖွယ်ဝေယျာဝစ္စရှိသော အနည်းငယ်သော ပူဖွယ်ကိစ္စရှိသော အနည်းငယ်သော ကြောင့်ကြဖွယ်ရှိသော အနည်းငယ်သော အားထုတ်ဖွယ်ရှိသော အလုပ်သည် ရှိ၏၊ ထိုအလုပ်သည် ပြည့်စုံသည်ရှိသော် ကြီးကျယ်သော အကျိုးရှိ၏။

လုလင် ကြီးကျယ်များပြားသော ပူဖွယ်ဝေယျာဝစ္စရှိသော များစွာသော ပူဖွယ်ကိစ္စရှိသော အလွန်ကြီးကျယ်သော ကြောင့်ကြဖွယ်ရှိသော များစွာသော အားထုတ်ဖွယ်ရှိသော အလုပ်သည် အဘယ်နည်းဟူမူ — ထိုအလုပ်သည် ချွတ်ယွင်းသည်ရှိသော် နည်းသော အကျိုးရှိ၏ ဟူသည် အဘယ်နည်းဟူမူ — လုလင် လယ်လုပ်သောအလုပ်သည် ကြီးကျယ်များပြားသော ပူဖွယ်ဝေယျာဝစ္စရှိ၏၊ များစွာသော ပူဖွယ်ကိစ္စရှိ၏၊ အလွန်ကြီးကျယ်သော ကြောင့်ကြဖွယ်ရှိ၏၊ များစွာသော အားထုတ်ဖွယ်ရှိ၏၊ ထိုအလုပ်သည် ချွတ်ယွင်းသည်ရှိသော် နည်းသောအကျိုးရှိ၏။

လုလင် ကြီးကျယ်များပြားသော ပူဖွယ်ဝေယျာဝစ္စရှိသော များစွာသော ပူဖွယ်ကိစ္စရှိသော အလွန်ကြီးကျယ်များပြားသော ကြောင့်ကြဖွယ်ရှိသော များစွာသော အားထုတ်ဖွယ်ရှိသော အလုပ်ဟူသည် အဘယ်နည်းဟူမူ — ထိုအလုပ်သည် ပြည့်စုံသည်ရှိသော် ကြီးကျယ်သော အကျိုးရှိ၏ဟူသည် အဘယ်နည်းဟူမူ — လုလင် လယ်လုပ်သော အလုပ်သည်ပင်လျှင် ကြီးကျယ်များပြားသော ပူဖွယ်ဝေယျာဝစ္စရှိ၏၊ များစွာသော ပူဖွယ်ကိစ္စရှိ၏၊ အလွန်ကြီးကျယ်သော ကြောင့်ကြဖွယ်ရှိ၏၊ များစွာသော အားထုတ်ဖွယ်ရှိ၏၊ ထိုအလုပ်သည် ပြည့်စုံသည်ရှိသော် ကြီးကျယ်များပြားသောအကျိုးရှိ၏။

လုလင် အနည်းငယ်သော ပူဖွယ်ဝေယျာဝစ္စရှိသော အနည်းငယ်သော ပူဖွယ်ကိစ္စရှိသော အနည်းငယ်သော ကြောင့်ကြဖွယ်ရှိသော အနည်းငယ်သော အားထုတ်ဖွယ်ရှိသော အလုပ်သည် အဘယ်နည်းဟူမူ — ထိုအလုပ်သည် ချွတ်ယွင်းသည်ရှိသော် နည်းသောအကျိုးရှိ၏ဟူသည် အဘယ်နည်းဟူမူ — လုလင် ကုန်သည်အလုပ်သည် အနည်းငယ်သော ပူဖွယ်ဝေယျာဝစ္စရှိ၏၊ အနည်းငယ်သော ပူဖွယ်ကိစ္စရှိ၏၊ အနည်းငယ်သော ကြောင့်ကြဖွယ်ရှိ၏၊ အနည်းငယ်သော အားထုတ်ဖွယ်ရှိ၏၊ ထိုအလုပ်သည် ချွတ်ယွင်းသည်ရှိသော် နည်းသောအကျိုးရှိ၏။

လုလင် အနည်းငယ်သော ပူဖွယ်ဝေယျာဝစ္စရှိသော အနည်းငယ်သော ပူဖွယ်ကိစ္စရှိသော အနည်းငယ်သော ကြောင့်ကြဖွယ်ရှိသော အနည်းငယ်သော အားထုတ်ဖွယ်ရှိသော အလုပ်ဟူသည် အဘယ်နည်းဟူမူ — ထိုအလုပ်သည် ပြည့်စုံသည်ရှိသော် ကြီးကျယ်သော အကျိုးရှိ၏ ဟူသည် အဘယ်နည်းဟူမူ — လုလင် စင်စစ် ကုန်သည်အလုပ်သည်သာလျှင် အနည်းငယ်သော ပူဖွယ်ဝေယျာဝစ္စရှိ၏၊ အနည်းငယ်သော ပူဖွယ်ကိစ္စရှိ၏၊ အနည်းငယ်သော ကြောင့်ကြဖွယ်ရှိ၏၊ အနည်းငယ်သော အားထုတ်ဖွယ်ရှိ၏၊ ထိုအလုပ်သည် ပြည့်စုံသည်ရှိသော် ကြီးကျယ်သောအကျိုးရှိ၏။

၄၆၄။ လုလင် ဥပမာအားဖြင့် လယ်လုပ်သောအလုပ်သည် ကြီးကျယ်များပြားသော ပူဖွယ်ဝေယျာဝစ္စရှိ၏၊ များစွာသော ပူဖွယ်ကိစ္စရှိ၏၊ အလွန်ကြီးကျယ်သော ကြောင့်ကြဖွယ်ရှိ၏၊ များစွာသော အားထုတ်ဖွယ်ရှိ၏၊ ထိုအလုပ်သည် ချွတ်ယွင်းသည်ရှိသော် နည်းသောအကျိုးရှိ၏။ လုလင် ဤဥပမာအတူသာလျှင် လူ့ဘောင်၌ နေသောသူတို့၏ အလုပ်သည် ကြီးကျယ်များပြားသော ပူဖွယ်ဝေယျာဝစ္စရှိ၏၊ များစွာသောပူဖွယ်ကိစ္စရှိ၏၊ အလွန်ကြီးကျယ်သော ကြောင့်ကြဖွယ်ရှိ၏၊ များစွာသော အားထုတ်ဖွယ်ရှိ၏၊ ထိုအလုပ်သည် ချွတ်ယွင်းသည်ရှိသော် နည်းသောအကျိုးရှိ၏။

http://www.dhammadownload.com



လုလင် ဥပမာအားဖြင့် လယ်လုပ်သောအလုပ်သည်ပင်လျှင် ကြီးကျယ်များပြားသော ပြုဖွယ်ဝေယျာဝစ္စရှိ၏၊ များစွာသော ပြုဖွယ်ကိစ္စရှိ၏၊ အလွန်ကြီးကျယ်သော ကြောင့်ကြဖွယ်ရှိ၏၊ များစွာသော အားထုတ်ဖွယ်ရှိ၏၊ ထိုအလုပ်သည် ပြည့်စုံသည်ရှိသော် ကြီးကျယ်သောအကျိုးရှိ၏။ လုလင် ဤဥပမာအတူသာလျှင် လူ့ဘောင်၌နေသောသူ့ကို၏ အလုပ်သည် ကြီးကျယ်များပြားသော ပြုဖွယ်ဝေယျာဝစ္စရှိ၏၊ များစွာသော ပြုဖွယ်ကိစ္စရှိ၏၊ အလွန်ကြီးကျယ်သော ကြောင့်ကြဖွယ်ရှိ၏၊ များစွာသော အားထုတ်ဖွယ်ရှိ၏၊ ထိုအလုပ်သည် ပြည့်စုံသည်ရှိသော် ကြီးကျယ်သော အကျိုးရှိ၏။ လုလင် ဥပမာအားဖြင့် ကုန်သည်အလုပ်သည် အနည်းငယ်သော ပြုဖွယ်ဝေယျာဝစ္စရှိ၏၊ အနည်းငယ်သော ပြုဖွယ်ကိစ္စရှိ၏၊ အနည်းငယ်သော ကြောင့်ကြဖွယ်ရှိ၏၊ အနည်းငယ်သော အားထုတ်ဖွယ်ရှိ၏၊ ထိုအလုပ်သည် ချွတ်ယွင်းသည်ရှိသော် နည်းသော အကျိုးရှိ၏။

လုလင် ဤဥပမာအတူသာလျှင် ရဟန်းအလုပ်သည် အနည်းငယ်သော ပြုဖွယ်ဝေယျာဝစ္စရှိ၏၊ အနည်းငယ်သော ပြုဖွယ်ကိစ္စ ရှိ၏၊အနည်းငယ်သော ကြောင့်ကြဖွယ်ရှိ၏၊အနည်းငယ်သောအားထုတ်ဖွယ်ရှိ၏၊ ထိုအလုပ်သည် ချွတ်ယွင်းသည်ရှိသော် နည်းသောအကျိုးရှိ၏။ လုလင် ဥပမာအားဖြင့် ကုန်သည်အလုပ်သည်သာလျှင် အနည်းငယ်သော ပြုဖွယ် ဝေယျာဝစ္စရှိ၏၊ အနည်းငယ်သော ပြုဖွယ်ကိစ္စရှိ၏၊ အနည်းငယ်သော ကြောင့်ကြဖွယ်ရှိ၏၊ အနည်းငယ်သော အားထုတ်ဖွယ်ရှိ၏၊ ထိုအလုပ်သည် ပြည့်စုံသည်ရှိသော် ကြီးကျယ်များပြားသော အကျိုးရှိ၏။ လုလင် ဤဥပမာအတူသာလျှင် ရဟန်းအလုပ်သည် အနည်းငယ်သော ပြုဖွယ်ဝေယျာဝစ္စရှိ၏၊ အနည်းငယ်သော ပြုဖွယ်ကိစ္စရှိ၏၊ အနည်းငယ်သော ကြောင့်ကြဖွယ်ရှိ၏၊ အနည်းငယ်သော အားထုတ်ဖွယ်ရှိ၏၊ ထိုအလုပ်သည် ပြည့်စုံသည်ရှိသော် ကြီးကျယ်များပြားသော အကျိုးရှိ၏ ဟု (မိန့်တော်မူ၏)။

အသျှင်ဂေါတမ ပုဏ္ဏားတို့သည် ကောင်းမှုကိုပြုခြင်းငှါ ကုသိုလ်ကို ပြည့်စုံစေခြင်းငှါ ငါးပါးသော တရားတို့ကို ပညတ်ကြပါကုန်၏ ဟု(လျှောက်၏)။လုလင် အကယ်၍ သင်ဝန်မလေးပါမူ ကောင်းမှုကို ပြုခြင်းငှါ ကုသိုလ်ကို ပြည့်စုံစေခြင်းငှါ ပုဏ္ဏားတို့ပညတ်ထားသော ငါးပါးသောတရားတို့ကို ဤပရိသတ်၌ ပြောဆိုပါလော့ ဟု (မိန့်တော်မူ၏)။ အသျှင်ဂေါတမ အသျှင်ဘုရားဖြစ်စေ အသျှင်ဘုရားကဲ့သို့သော ပုဂ္ဂိုလ်ဖြစ်စေ ထိုင်နေသော ပရိသတ်မျိုး၌ ပြောကြားရန် အကျွန်ုပ်မှာ ဝန်မလေးပါ ဟု (လျှောက်၏)။ လုလင် သို့ဖြစ်မူ ပြောကြားပါလော့ ဟု (မိန့်တော်မူ၏)။

အသျှင်ဂေါတမ ကောင်းမှုကိုပြုခြင်းငှါ ကုသိုလ်ကို ပြည့်စုံစေခြင်းငှါ ပုဏ္ဏားတို့သည် အမှန်ဆိုခြင်းကို ပဌမတရားဟူ၍ ပညတ်ကြပါကုန်၏။ အသျှင်ဂေါတမ ကောင်းမှုကို ပြုခြင်းငှါ ကုသိုလ်ကို ပြည့်စုံစေခြင်းငှါ ပုဏ္ဏားတို့သည် မြိုးမြဲသောအကျင့်ကို ဒုတိယတရား ဟူ၍ ပညတ်ကြပါကုန်၏။ အသျှင်ဂေါတမ ကောင်းမှုကို ပြုခြင်းငှါ ကုသိုလ်ကို ပြည့်စုံစေခြင်းငှါ ပုဏ္ဏားတို့သည် မေထုန်မှုကြဉ်ခြင်းကို တတိယတရားဟူ၍ ပညတ်ကြပါကုန်၏။ အသျှင်ဂေါတမ ကောင်းမှုကိုပြုခြင်းငှါ ကုသိုလ်ကို ပြည့်စုံစေခြင်းငှါ ပုဏ္ဏားတို့သည် ဗေဒင်သင်ယူခြင်းကို စတုတ္ထတရားဟူ၍ ပညတ်ကြပါကုန်၏။ အသျှင်ဂေါတမ ထို့မှတပါး ကောင်းမှုကို ပြုခြင်းငှါ ကုသိုလ်ကို ပြည့်စုံစေခြင်းငှါ ပုဏ္ဏားတို့သည် စွန့်ကြဲခြင်းကို ပဉ္စမတရား ဟူ၍ ပညတ်ကြပါကုန်၏။ အသျှင်ဂေါတမ ပုဏ္ဏားတို့သည် ကောင်းမှုကိုပြုခြင်းငှါ ကုသိုလ်ကို ပြည့်စုံစေခြင်းငှါ ဤငါးပါးသော တရားတို့ကို ပညတ်ကြပါကုန်၏။ အသျှင်ဂေါတမသည် ဤအရာ၌ အဘယ်သို့ ဆိုလိုပါသနည်းဟု (လျှောက်၏)။

http://www.dhammadownload.com



၄၆၅။ လုလင် "ဤငါးပါးသော တရားတို့၏ အကျိုးကို ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုကာ ငါဟောကြား၏"ဟု ပုဏ္ဏားထည်းတွင် ဆိုစွမ်းနိုင်သော တစုံတယောက်သော ပုဏ္ဏားသည် ရှိသလော ဟု (မေးတော်မူ၏)။ အသျှင်ဂေါတမ မရှိပါ ဟု (လျှောက်၏)။ လုလင် "ဤငါးပါးကုန်သော တရားတို့၏ အကျိုးကို ကိုယ်တိုင်ထူးသောဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုကာ ငါဟောကြား၏"ဟု ပုဏ္ဏားထည်းတွင် ဆိုစွမ်းနိုင်သော တစုံတယောက်သောဆရာ တပုံတယောက်သောဆရာ့ဆရာ ခုနစ်ဆက်တိုင်အောင်ဖြစ်သော ဆရာ့ဆရာသည်လည်း ရှိသလော ဟု (မေးတော်မူ၏)။ အသျှင်ဂေါတမ မရှိပါ ဟု (လျှောက်၏)။

လုလင် ပုဏ္ဏားတို့၏ လက်ဦးဆရာ ဖြစ်ကုန်သော ဝေဒကျမ်းတို့ကို စီရင်ကုန်သော ဝေဒကျမ်းတို့ကို ပို့ချကုန်သော အကြင်ရသေ့တို့သည် ရှိကုန်၏၊ ယခုအခါ ပုဏ္ဏားတို့သည် အကြင်(ရသေ့)တို့ သီဆိုပို့ချပေါင်းစုထားသော ထိုရှေးဟောင်းဝေဒကျမ်းကို လိုက်၍ သီဆိုကုန်၏၊ လိုက်၍ ရွတ်ဆိုကုန်၏၊ ရွတ်ဆိုထားတိုင်း လိုက်၍ ရွတ်ဆိုကုန်၏၊ ပို့ချထားတိုင်း လိုက်၍ ပို့ချကုန်၏၊ ဤရသေ့တို့သည် အဘယ်နည်း။ အဋ္ဌကရသေ့ ဝါမကရသေ့ ဝါမဒေဝရသေ့ ဝေဿာမိတ္တရသေ့ ယမဒဂ္ဂိရသေ့ အင်္ဂီရသရသေ့ ဘာရဒွါဇရသေ့ ဝါသေဋ္ဌရသေ့ ကဿပရသေ့ ဘဂုရသေ့တို့တည်း။ ထိုရသေ့တို့သည်လည်း "ဤငါးပါးကုန်သော တရားတို့၏ အကျိုးကို ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုကာ ငါတို့ဟောကြားကုန်၏"ဟု ဤသို့ ဆိုကြကုန်သလော ဟု (မေးတော်မူ၏)။ အသျှင်ဂေါတမ ဤသို့လည်း မဆိုကြပါကုန် ဟု (လျှောက်၏)။

လုလင် ဤသို့လျှင် "ဤငါးပါးကုန်သော တရားတို့၏ အကျိုးကို ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုကာ ငါဟောကြား၏" ဟု ပုဏ္ဏားထည်းတွင် ဆိုစွမ်းနိုင်သော တစုံတယောက်သော ပုဏ္ဏားသည်လည်း မရှိခဲ့။ "ငါသည် ဤငါးပါးသော တရားတို့၏အကျိုးကို ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုကာ ငါဟောကြား၏" ဟု ပုဏ္ဏားထည်းတွင် ဆိုစွမ်းနိုင်သော တစုံတယောက်သောဆရာ တစုံတယောက်သောဆရာ့ဆရာ ခုနစ်ဆက်မြောက်တိုင်အောင်ဖြစ်သော ဆရာ့ဆရာ တစုံတယောက်မျှလည်း မရှိခဲ့။ ပုဏ္ဏားတို့၏လက်ဦးဆရာဖြစ်ကုန်သော ဝေဒကျမ်းတို့ကို စီရင်ကုန်သော ဝေဒကျမ်းတို့ကို ပို့ချကုန်သော အကြင်ရသေ့တို့သည် ရှိကုန်၏၊ ယခုအခါ ပုဏ္ဏားတို့သည် အကြင်(ရသေ့)တို့ သီဆို ပို့ချပေါင်းစုထားသော ထိုရှေးဟောင်းဝေဒကျမ်းကို လိုက်၍ သီဆိုကုန်၏၊ လိုက်၍ ရွတ်ဆိုကုန်၏၊ ရွတ်ဆိုထားတိုင်း လိုက်၍ ရွတ်ဆိုကုန်၏၊ ပို့ချထားတိုင်း လိုက်၍ ပို့ချကုန်၏၊ ဤရသေ့တို့ကား အဘယ်နည်း။ အဋ္ဌကရသေ့ ဝါမကရသေ့ ဝါမဒေဝရသေ့ ဝေဿာမိတ္တရသေ့ ယမတဂ္ဂိရသေ့ အင်္ဂီရသရသေ့ ဘာရဒွါဇရသေ့ ဝါသေဋ္ဌရသေ့ ကဿပရသေ့ ဘဂုရသေ့တို့တည်း။ ထိုရသေ့တို့သည်လည်း "ဤငါးပါးကုန်သော တရားတို့၏ အကျိုးကို ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုကာ ငါတို့ဟောကြားကုန်၏" ဟူ၍လည်း မဆိုခဲ့ကြကုန်။

လုလင် ဥပမာအားဖြင့် အဆက်ဆက် ကွယ်လျက်ရှိသော သူကန်းအစဉ်တွင် ရှေ့ဆုံးသူလည်း မမြင်၊ အလယ်သူလည်း မမြင်၊နောက်ဆုံးသူလည်း မမြင်၊လုလင် ဤဥပမာအတူသာလျှင် ပုဏ္ဏားတို့ ပြောဆိုသောစကားသည် သူကန်းအစဉ်ကဲ့သို့ ဖြစ်ချေ၏၊ ရှေ့ဆုံးသူလည်း မမြင်၊အလယ်သူလည်း မမြင်၊ နောက်ဆုံးသူလည်း မမြင် ဟု (မိန့်တော်မူ၏)။

၄၆၆။ ဤသို့မိန့်တော်မူသော် တောဒေယျ၏သားဖြစ်သော သုဘလုလင်သည် မြတ်စွာဘုရားက သူကန်းအစဉ် ဥပမာအားဖြင့် ဆိုသောကြောင့် စိတ်ဆိုးသည် အမျက်ထွက်သည်ဖြစ်၍ မြတ်စွာ

http://www.dhammadownload.com



ဘုရားကိုသာလျှင် အပြစ်ဘင်လို၍ မြတ်စွာဘုရားကိုသာလျှင် ရှုတ်ချလိုသည်ဖြစ်၍ မြတ်စွာဘုရားကိုသာလျှင် ဆိုလို၍ "ရဟန်းဂေါတမ အပေါ်သို့ ကျရောက်သည် ဖြစ်လတ္တံ့"ဟု (နှလုံးသွင်းကာ) မြတ်စွာဘုရားအား ဤသို့သောစကားကို ဆို၏— "အသျှင်ဂေါတမ ဩပမညအနွယ်ဖြစ်သော သုဘဂ တောကို အစိုးရသော ပေါက္ခရသာတိပုဏ္ဏားသည် 'ဤလောက၌ အချို့သော ရဟန်းပုဏ္ဏားတို့သည် လူတို့၏ တရားထက် လွန်မြတ်သော အရိယာဖြစ်စွမ်းနိုင်သော ဉာဏ်အမြင်ထူးကို ဤသို့ချည်းသာ ဝန်ခံပြောဆိုကြကုန်၏၊ ထိုရဟန်းပုဏ္ဏားတို့၏ စကားသည် ရယ်ဖွယ်သာလျှင် ဖြစ်၏၊ စကားမျှသာလျှင်ဖြစ်၏၊ အကျိုးမရှိသည်သာလျှင် ဖြစ်၏၊ အချည်းနှီးသာလျှင် ဖြစ်၏၊ လူသားဖြစ်သောသူသည် လူတို့၏တရားထက် လွန်မြတ်သော အရိယာဖြစ်စွမ်းနိုင်သော ဉာဏ်အမြင်ထူးကို အဘယ်မှာ သိနိုင် မြင်နိုင် မျက်မှောက်ပြုနိုင်ပါအံ့နည်း။ ဤသို့(သိနိုင် မြင်နိုင် မျက်မှောက်ပြုနိုင်သော)အကြောင်းမျိုး ကား မရှိနိုင်ချေ'"ဟု (ဆို၏)။

လုလင် ဩပမညအနွယ်ဖြစ်သော သုဘဂတောကို အစိုးရသော ပေါက္ခရသာတိပုဏ္ဏားသည် အလုံးစုံသာလျှင် ဖြစ်ကုန်သော ရဟန်းပုဏ္ဏားတို့၏ စိတ်ကို မိမိစိတ်ဖြင့် ပိုင်းခြား၍ သိပါသလော ဟု (မေးတော်မူ၏)။ အသျှင်ဂေါတမ ဩပမညအနွယ်ဖြစ်သော သုဘဂတောကို အစိုးရသော ပေါက္ခရသာတိပုဏ္ဏားသည် မိမိ၏ကျွန်မဖြစ်သော ပုဏ္ဏိကာ၏စိတ်ကိုသော်မှလည်း မိမိ၏ စိတ်ဖြင့် ပိုင်းခြား၍ မသိနိုင်ပါ၊ အလုံးစုံသာဖြစ်ကုန်သော ရဟန်းပုဏ္ဏားတို့၏ စိတ်ကို အဘယ်မှာ မိမိ၏စိတ်ဖြင့် ပိုင်းခြား၍ သိနိုင်ပါလတ္တံ့နည်း ဟု (လျှောက်၏)။

လုလင် ဥပမာအားဖြင့် ပဋိသန္ဓေအားဖြင့် ကန်းသောယောကျ်ားသည် အမည်းအဖြူဖြစ်သော အဆင်းတို့ကို မမြင်ရာ၊ ညိုသော အဆင်းတို့ကိုလည်း မမြင်ရာ၊ ရွှေသောအဆင်းတို့ကိုလည်း မမြင်ရာ၊ နီသောအဆင်းတို့ကိုလည်း မမြင်ရာ၊ မောင်းသော အဆင်းတို့ကိုလည်း မမြင်ရာ၊ ညီညွတ်သည် မညီညွတ်သည်ကိုလည်း မမြင်ရာ၊ ကြယ်တာရာတို့ကိုလည်း မမြင်ရာ၊ လနေတို့ကိုလည်း မမြင်ရာ၊ ထိုသူကန်းသည် "အမည်း အဖြူ အဆင်းတို့သည် မရှိကုန်၊ အမည်းအဖြူ အဆင်းတို့ကို မြင်လေ့ရှိသူတို့လည်း မရှိကုန်။ ညိုသော အဆင်းတို့သည် မရှိကုန်၊ ညိုသော အဆင်းတို့ကို မြင်လေ့ရှိသူတို့လည်း မရှိကုန်။ ရွှေသောအဆင်းတို့သည် မရှိကုန်၊ ရွှေသောအဆင်းတို့ကို မြင်လေ့ရှိသူတို့လည်း မရှိကုန်။ နီသောအဆင်းတို့သည် မရှိကုန်၊ နီသောအဆင်းတို့ကို မြင်လေ့ရှိသူတို့လည်း မရှိကုန်။ မောင်းသော အဆင်းတို့သည် မရှိကုန်၊ မောင်းသောအဆင်းတို့ကို မြင်လေ့ရှိသူတို့လည်း မရှိကုန်၊ ညီညွတ် မညီညွတ်သော အရာသည် မရှိ၊ ညီညွတ် မညီညွတ်သောအရာကို မြင်လေ့ရှိသူတို့လည်း မရှိကုန် ကြယ်တာရာတို့သည် မရှိကုန်၊ ကြယ်တာရာတို့ကို မြင်လေ့ရှိသူတို့လည်း မရှိကုန်။ လနေတို့သည် မရှိကုန်၊ လနေတို့ကို မြင်လေ့ရှိသူတို့လည်း မရှိကုန်။ ဤအလုံးစုံကို ငါမသိ၊ ငါမမြင်၊ ထို့ကြောင့် ထိုအလုံးစုံသည် မရှိ"ဟု ဤသို့ ဆိုရာ၏။ လုလင် ထိုသူကန်း၏ ဆိုခြင်းသည် ကောင်းစွာ ဆိုခြင်း ဖြစ်ကောင်းအံ့လော ဟု (မေးတော်မူ၏)။

အသျှင်ဂေါတမ မဖြစ်နိုင်ပါ၊ အမည်း အဖြူအဆင်းတို့သည် ရှိပါကုန်၏၊ အမည်းအဖြူအဆင်းကို မြင်လေ့ရှိသူတို့လည်း ရှိပါကုန်၏။ ညိုသောအဆင်းတို့သည် ရှိပါကုန်၏၊ ညိုသောအဆင်းကို မြင်လေ့ရှိသူတို့လည်း ရှိပါကုန်၏။ ရွှေသောအဆင်းတို့သည် ရှိပါကုန်၏၊ ရွှေသောအဆင်းကို မြင်လေ့ရှိသူတို့လည်း ရှိပါကုန်၏၊ နီသောအဆင်းတို့သည် ရှိပါကုန်၏၊ နီသောအဆင်းကို မြင်လေ့ရှိသူတို့လည်း

http://www.dhammadownload.com



ရှိပါကုန်၏။ မောင်းသော အဆင်းတို့သည် ရှိပါကုန်၏၊ မောင်းသောအဆင်းကို မြင်လေ့ရှိသူတို့လည်း ရှိပါကုန်၏၊ ညီညွတ် မညီညွတ်သောအရာသည် ရှိပါ၏၊ ညီညွတ် မညီညွတ်သော အရာကို မြင်လေ့ရှိသူတို့လည်း ရှိပါကုန်၏။ ကြယ်တာရာတို့သည် ရှိပါကုန်၏၊ ကြယ်တာရာတို့ကို မြင်လေ့ရှိသူတို့လည်း ရှိပါကုန်၏၊ လနေတို့သည် ရှိပါကုန်၏၊ လနေတို့ကို မြင်လေ့ရှိသူတို့လည်း ရှိပါကုန်၏။ အသျှင်ဂေါတမ "ငါသည် ဤအလုံးစုံကို မသိ၊ ငါသည် ဤအလုံးစုံကို မမြင်၊ ထို့ကြောင့် ထိုအလုံးစုံသည် မရှိ"ဟု ထိုသူသည် ပြောဆိုသည်ရှိသော် ကောင်းစွာ ပြောဆိုခြင်း မဖြစ်နိုင်ပါ ဟု (လျှောက်၏)။

လုလင် ဤဥပမာအတူသာလျှင် ဩပမညအနွယ်ဖြစ်သော သုဘဂတောကို အစိုးရသော ပေါက္ခရသာတိပုဏ္ဏားသည် ကန်း၏၊ မျက်စိအမြင် မရှိ၊ စင်စစ် ထိုသူသည် လူတို့၏ တရားထက် လွန်မြတ်သော အရိယာဖြစ်စွမ်းနိုင်သော ဉာဏ်အမြင်ထူးကို သိလတ္တံ့၊ မြင်လတ္တံ့၊ မျက်မှောက်ပြုလတ္တံ့ ဟူသောအကြောင်းသည် မရှိ။

၄၆၇။ လုလင် သင်အဘယ်သို့ မှတ်ထင်ဘိသနည်း၊ ကောသလတိုင်း၌ နေကြကုန်သော စင်္ကီပုဏ္ဏား တာရုက္ခပုဏ္ဏား ပေါက္ခရသာတိပုဏ္ဏား ဇာဏုဿောဏိပုဏ္ဏား သင်၏အဖဖြစ်သော တောဒေယျပုဏ္ဏားဟူသော ပုဏ္ဏားသူဌေးကြီးတို့သည် ရှိကုန်၏၊ ထိုပုဏ္ဏားကြီးတို့၏ လောကဝေါဟာရအားဖြင့် ပြောဆိုသောစကား လောကဝေါဟာရ မဟုတ်ပဲ ပြောဆိုသောစကားတို့တွင် အဘယ်စကားသည် ချီးမွမ်းအပ်သနည်း ဟု (မေးတော်မူ၏)။ အသျှင်ဂေါတမ လောကဝေါဟာရအားဖြင့် ပြောဆိုသောစကားသည် ချီးမွမ်းအပ်ပါ၏ (ဟုလျှောက်၏)။ ထိုပုဏ္ဏားကြီးတို့၏ နှိုင်းချိန်၍ပြောဆိုသောစကား မနှိုင်းချိန်ပဲ ပြောဆိုသောစကားတို့တွင် အဘယ်စကားသည် ချီးမွမ်းအပ်သနည်းဟု (မေးတော်မူ၏)။ အသျှင်ဂေါတမ နှိုင်းချိန်၍ ပြောဆိုသောစကားသည် ချီးမွမ်းအပ်ပါ၏ ဟု (လျှောက်၏)။

ထိုပုဏ္ဏားကြီးတို့၏ ဆင်ခြင်၍ပြောဆိုသောစကား မဆင်ခြင်ပဲ ပြောဆိုသောစကားတို့တွင် အဘယ်စကားသည် ချီးမွမ်းအပ်သနည်းဟု (မေးတော်မူ၏)။ အသျှင်ဂေါတမ ဆင်ခြင်၍ ပြောဆိုသောစကားသည် ချီးမွမ်းအပ်ပါ၏ဟု (လျှောက်၏)။

ထိုပုဏ္ဏားကြီးတို့၏ အကြောင်း ခိုင်လုံစွာပြောဆိုသောစကား အကြောင်းမခိုင်လုံပဲ ပြောဆိုသောစကားတို့တွင် အဘယ်စကားသည် ချီးမွမ်းအပ်သနည်း ဟု (မေးတော်မူ၏)။ အသျှင်ဂေါတမ အကြောင်းခိုင်လုံစွာ ပြောဆိုသောစကားသည် ချီးမွမ်းအပ်ပါ၏ဟု (လျှောက်၏)။

လုလင် သင်အဘယ်သို့ မှတ်ထင်ဘိသနည်း၊ အကယ်၍ ဤသို့ဖြစ်မူ ဩပမညအနွယ်ဖြစ်သော သုဘဂတောကို အစိုးရသော ပေါက္ခရသာတိပုဏ္ဏားသည် လောကဝေါဟာရအားဖြင့် စကားကို ပြောဆိုသလော၊ လောကဝေါဟာရမဟုတ်ပဲ စကားကို ပြောဆိုသလော ဟု (မေးတော်မူ၏)။ အသျှင်ဂေါတမ လောကဝေါဟာရမဟုတ်ပဲ ပြောဆိုပါ၏ဟု (လျှောက်၏)။

နှိုင်းချိန်၍ စကားကို ပြောဆိုသလော၊ မနှိုင်းချိန်ပဲ စကားကို ပြောဆိုသလော ဟု (မေးတော်မူ၏)။ အသျှင်ဂေါတမ မနှိုင်းချိန်ပဲ စကားကို ပြောဆိုပါ၏ဟု (လျှောက်၏)။

ဆင်ခြင်၍ ပြောဆိုသလော၊ မဆင်ခြင်ပဲ ပြောဆိုသလောဟု (မေးတော်မူ၏)။ အသျှင်ဂေါတမ မဆင်ခြင်ပဲ ပြောဆိုပါ၏ဟု (လျှောက်၏)။

http://www.dhammadownload.com



အကြောင်း ခိုင်လုံစွာ စကားကို ပြောဆိုသလော၊ အကြောင်းမခိုင်လုံပဲ စကားကို ပြောဆိုသလော ဟု (မေးတော်မူ၏)။ အသျှင်ဂေါတမ အကြောင်းမခိုင်လုံပဲ စကားကို ပြောဆိုပါ၏ ဟု (လျှောက်၏)။

လုလင် ပိတ်ပင်တတ်သော 'နီဝရဏ'တရားတို့သည် ငါးပါးတို့တည်း။ အဘယ်ငါးပါးတို့နည်းဟူမူ—ကာမဂုဏ်ငါးပါးတို့၌ လိုချင်တောင့်တမှု 'ကာမစ္ဆန္ဒနီဝရဏ' ၎င်း သူတပါးအား ပျက်စီးစေလိုမှု 'ဗျာပါဒနီဝရဏ' ၎င်း ထိုင်းမှိုင်းမှု 'ထိနမိဒ္ဓနီဝရဏ' ၎င်း ပျံ့လွင့်မှု နောင်တတတဖန် ပူပန်မှု ဟူသော 'ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ' ၎င်း သို့လော သို့လော တွေးတောယုံမှားမှု 'ဝိစိကိစ္ဆာနီဝရဏ' ၎င်း၊ လုလင် ပိတ်ပင်တတ်ကုန်သော တရားတို့သည် ငါးပါးတို့တည်း။

လုလင် ဗြဟ္မဏအနွယ်ဖြစ်သော သုဘဂတောက်ို အစိုးရသော ပေါက္ခရသာတိပုဏ္ဏားကို ငါးပါးကုန်သော ပိတ်ပင်တတ်သော 'နီဝရဏ'တရားတို့သည် ပိတ်ပင်ထား၏၊ ဖုံးလွှမ်းထား၏၊ တားမြစ်ထား၏၊ မြှေးယှက်ထား၏၊ ရစ်ပတ်ထား၏၊ စင်စစ် ထိုပေါက္ခရသာတိပုဏ္ဏားသည် လူတို့၏ တရားထက် လွန်မြတ်သော အရိယာဖြစ်စွမ်းနိုင်သော ဉာဏ်အမြင်ထူးကို သိလတ္တံ့ မြင်လတ္တံ့ မျက်မှောက်ပြုလတ္တံ့ ဟူသော ဤအကြောင်းသည် မရှိနိုင်သည်သာတည်း။

၄၆၇။ လုလင် ကာမဂုဏ်တို့သည် ငါးပါးတို့တည်း။ အဘယ်ငါးပါးတို့နည်းဟူမူ—စက္ခုဝိညာဏ်စိတ်ဖြင့် သိအပ်ကုန်သော အလိုရှိအပ် နှစ်သက်အပ် နှလုံးကိုပွါးစေတတ်ကုန်သော ချစ်ဖွယ်သောသဘောရှိသော ကာမနှင့် စပ်ယှဉ်ကုန်သော တပ်နှစ်သက်ဖွယ် ဖြစ်ကုန်သော ရူပါရုံတို့၎င်း။ သောတဝိညာဏ်စိတ်ဖြင့် သိအပ်ကုန်သော သဒ္ဒါရုံတို့၎င်း။ပ။ ဃာနဝိညာဏ်စိတ်ဖြင့် သိအပ်ကုန်သော ဂန္ဓာရုံတို့၎င်း။ ဇိဝှါဝိညာဏ်စိတ်ဖြင့် သိအပ်ကုန်သော ရသာရုံတို့၎င်း။ ကာယဝိညာဏ်စိတ်ဖြင့် သိအပ်ကုန်သော အလိုရှိအပ် နှစ်သက်အပ် နှလုံးကိုပွါးစေတတ်ကုန်သော ချစ်ဖွယ်သောသဘောရှိသော ကာမနှင့်စပ်ယှဉ်ကုန်သော တပ်နှစ်သက်ဖွယ်ဖြစ်ကုန်သော ဖောဋ္ဌဗ္ဗာရုံတို့၎င်း။ လုလင် ကာမဂုဏ်တို့သည် ငါးပါးတို့တည်း။ လုလင် ဗြဟ္မဏအနွယ် ဖြစ်သော သုဘဂတောက်ို အစိုးရသော ပေါက္ခရသာတိပုဏ္ဏားသည် ငါးပါးသော ကာမဂုဏ်တို့ဖြင့် တပ်မက်သည် တွေဝေသည် လွှမ်းမိုးခြင်းသို့ ရောက်သည် အပြစ်ကို မမြင်နိုင်သည် ထွက်မြောက်ကြောင်း ပညာမရှိသည် ဖြစ်၍ သုံးဆောင်ခံစား၏။ စင်စစ် ထိုပေါက္ခရသာတိပုဏ္ဏားသည် လူတို့၏ တရားထက် လွန်မြတ်သော အရိယာဖြစ်စွမ်းနိုင်သော ဉာဏ်အမြင်ထူးကို သိလတ္တံ့ မြင်လတ္တံ့ မျက်မှောက်ပြုလတ္တံ့ ဟူသော ဤအကြောင်းသည် မရှိသည်သာတည်း။

လုလင် သင်အဘယ်သို့ မှတ်ထင်ဘိသနည်း၊မြက်ထင်း ဟူသော လောင်စာကို အစွဲပြု၍ မီးကို တောက်ပစေရာ၏၊ မြက်ထင်းဟူသော လောင်စာမပါပဲ မီးကို တောက်ပစေရာ၏၊ (ထိုတွင်) အဘယ်မီးသည် အလျှံရှိသည်၎င်း အဆင်းရှိသည်၎င်း ပြိုးပြိုးပြက် တောက်ပသည်၎င်း ဖြစ်ရာသနည်းဟု (မေးတော်မူ၏)။ အသျှင်ဂေါတမ မြက်ထင်းဟူသော လောင်စာမပါပဲ မီးကို တောက်ပစေရန် အကြောင်းမျိုးသည် အကယ်၍ ရှိငြားအံ့၊ ထိုမီးသည် အလျှံရှိသည်၎င်း အဆင်းရှိသည်၎င်း ပြိုးပြိုးပြက် တောက်ပသည်၎င်း ဖြစ်ရာပါ၏ ဟု (လျှောက်၏)။ လုလင် တန်ခိုးရှိသူကို ကြဉ်၍ မြက်ထင်းဟူသော လောင်စာမပါပဲ မီးကို တောက်ပစေနိုင်ခြင်းသည် အကြောင်းမဟုတ် အရာမဟုတ်။ လုလင် ဥပမာအားဖြင့် မြက်ထင်းဟူသော လောင်စာကို အစွဲပြု၍ မီးသည် တောက်ပသကဲ့သို့ ထိုနှင့်တူစွာ ငါးပါးသော ကာမဂုဏ်တို့ကို အစွဲပြု၍ ဖြစ်သော ဤပီတိကို ငါဆို၏။ လုလင်

http://www.dhammadownload.com



ဥပမာအားဖြင့် မြက်ထင်းဟူသော လောင်စာမပါပဲ မီးသည် တောက်ပသကဲ့သို့ ထိုနှင့်တူစွာ ကာမတရားတို့ကို ကြဉ်၍သာလျှင် အကုသိုလ်တရားတို့ကို ကြဉ်၍သာလျှင် ဖြစ်သော ဤပီတိကို ငါဆို၏။

လုလင် ကာမတို့ကို ကြဉ်၍သာလျှင် အကုသိုလ်တို့မှ ကြဉ်၍သာလျှင် အဘယ်သို့သဘော ရှိသော ပီတိသည် ဖြစ်သနည်းဟူမူ— လုလင် ဤသာသနာတော်၌ ရဟန်းသည် ကာမတို့မှ ဆိတ်၍ သာလျှင်။ပ။ပဌမစျာန်ကို ပြည့်စုံစေ၍နေ၏။ လုလင် ဤပီတိသည်လည်း ကာမတရားတို့မှ ကြဉ်၍ သာလျှင် အကုသိုလ်တရားတို့မှ ကြဉ်၍သာလျှင် ဖြစ်သောပီတိပင်တည်း။ လုလင် တဖန်လည်း ဝိတက်ဝိစာရတို့ ငြိမ်းခြင်းကြောင့် ဒုတိယစျာန်ကို ပြည့်စုံစေ၍ နေ၏။ လုလင် အမှန်အားဖြင့် ဤပီတိသည်လည်း ကာမတရားတို့မှကြဉ်၍သာလျှင် အကုသိုလ်တရားတို့မှ ကြဉ်၍သာလျှင် ဖြစ်သောပီတိပင်တည်း။

၄၆၉။ လုလင် ပုဏ္ဏားတို့သည် ကောင်းမှုပြုခြင်း၌ ကုသိုလ်တရားကို ပြည့်စုံစေခြင်း၌ ငါးပါး သော တရားတို့ကို ပညတ်ကြကုန်၏၊ ဤသို့ ပညတ်ရာ၌ အဘယ်တရားကို ကောင်းမှုကို ပြုခြင်း၌ ကုသိုလ်တရားကို ပြည့်စုံစေခြင်း၌ အကျိုးအကြီးဆုံးဟူ၍ ပညတ်ကြကုန်သနည်း ဟု (မေးတော် မူ၏)။အသျှင်ဂေါတမ ပုဏ္ဏားတို့သည် ကောင်းမှုကို ပြုခြင်း၌ ကုသိုလ်တရားကို ပြည့်စုံစေခြင်း ၌ ငါးပါးသောတရားတို့ကို ပညတ်ကြကုန်၏၊ဤသို့ ပညတ်ရာ၌ စွန့်ကြဲခြင်းတရားကို ကောင်းမှုကို ပြုခြင်း၌ ကုသိုလ်ကို ပြည့်စုံစေခြင်း၌ အကျိုးအကြီးဆုံး ဟူ၍ ပညတ်ကြပါကုန်၏ဟု (လျှောက်၏)။

လုလင် သင်အဘယ်သို့ မှတ်ထင်ဘိသနည်း၊ ပုဏ္ဏားတယောက်သည် ကြီးစွာသော ယဇ်ပူဇော်ပွဲ ကို ခင်းကျင်းစီမံထားရာ၏၊ ထိုအခါ "ဤအမည်ရှိသော ပုဏ္ဏား၏ ယဇ်ကြီးကို ခံစားကုန်အံ့"ဟု နှစ်ယောက်သော ပုဏ္ဏားတို့သည် လာကုန်ရာ၏။ ထိုပုဏ္ဏားနှစ်ယောက်တို့တွင် တယောက်သော ပုဏ္ဏားအား "ငါသည်သာလျှင် ထမင်းစားရာ၌ မြတ်သောနေရာကို မြတ်သောရေကို မြတ်သော ထမင်းကို ရပါမူ ကောင်းလေရာ၏၊ ငါမှတပါးသောပုဏ္ဏားသည် ထမင်းစားရာ၌ မြတ်သောနေရာကို မြတ်သောရေကို မြတ်သောထမင်းကို မရပါမူ ကောင်းလေရာ၏"ဟု ဤသို့သော အကြံသည် ဖြစ်ရာ၏။ လုလင် မိမိမှတပါးသော ပုဏ္ဏားသည် ထမင်းစားရာ၌ မြတ်သောနေရာကို မြတ်သောရေကို မြတ်သောထမင်းကို ရ၍ ထိုကြံစည်သောပုဏ္ဏားသည် ထမင်းစားရာ၌ မြတ်သောနေရာကို မြတ် သောရေကို မြတ်သောထမင်းကို မရရာသော အကြောင်းသည် ရှိပေ၏။ "တပါးသော ပုဏ္ဏားသည် ထမင်းစားရာ၌ မြတ်သော နေရာကို မြတ်သောရေကို မြတ်သော ထမင်းကို ရ၏၊ ငါသည်ကား ထမင်းစားရာ၌ မြတ်သောနေရာကို မြတ်သောရေကို မြတ်သောထမင်းကို မရခဲ့"ဟု ထိုပုဏ္ဏားသည် စိတ်ဆိုး၏၊ နှလုံးမသာဖြစ်၏၊

လုလင် ဤယဇ်၏ အကျိုးကို ပုဏ္ဏားတို့သည် အဘယ်သို့ ပညတ်ကြကုန်သနည်းဟု (မေးတော် မူ၏)။ အသျှင်ဂေါတမ ဤအရာ၌ ပုဏ္ဏားတို့သည် "ဤအလှူဖြင့် တပါးသူသည် အမျက်ထွက်သည် နှလုံးမသာသည် ဖြစ်စေသတည်း"ဟု ဤသို့ကား အလှူကို မပေးလှူကြပါကုန်၊ ဤအရာ၌ ပုဏ္ဏားတို့ သည် အစဉ်သနားခြင်း သဘောရှိသည်ဖြစ်၍သာလျှင် အလှူဒါနကို ပေးလှူကြပါကုန်၏ ဟု (လျှောက်၏)။ လုလင် ဤသို့ဖြစ်သည်ရှိသော် ပုဏ္ဏားတို့မှာ ဤခြောက်ခုမြောက် ဖြစ်သော အစဉ် သနားခြင်းသဘောရှိမှု ဟူသော ပုညကိရိယဝတ္ထုရှိသေးသည် မဟုတ်လော ဟု (မေးတော်မူ၏)။

http://www.dhammadownload.com



အသျှင်ဂေါတမ ဤသို့ ဖြစ်သည်ရှိသော် ပုဏ္ဏားဘို့မှာ ဤခြောက်ခုမြောက် ဖြစ်သော အစဉ် သနားခြင်း သဘောရှိမှု ဟူသော ပုညကိရိယဝတ္ထုဖြစ်ပါ၏ဟု (လျှောက်၏)။

လုလင် ပုဏ္ဏားတို့သည် ကောင်းမှုပြုခြင်းငှါ ကုသိုလ်တရားကို ပြည့်စုံစေခြင်းငှါ ငါးပါးသော တရားတို့ကို ပညတ်ကြကုန်၏၊ သင်သည် ဤငါးပါးသောတရားတို့ကို လူ ရဟန်း နှစ်မျိုးတို့တွင် အဘယ်သူတို့၌ များစွာ ဖြစ်သည်ကို မြင်သနည်း ဟု (မေးတော်မူ၏)။ အသျှင်ဂေါတမ ပုဏ္ဏားတို့ သည် ကောင်းမှုကိုပြုခြင်းငှါ ကုသိုလ်တရားကို ပြည့်စုံစေခြင်းငှါ ငါးပါးသော တရားတို့ကို ပညတ်ကြပါ ကုန်၏၊ အကျွန်ုပ်သည် ဤငါးပါးသောတရားတို့ကို ရဟန်းတို့၌ များစွာဖြစ်သည်ကို မြင်ပါ၏၊ လူတို့၌ အနည်းငယ်သာ တွေ့မြင်ပါ၏။ အသျှင်ဂေါတမ လူသည် များစွာသော ပူဖွယ်ဝေယျာဝစ္စရှိပါ၏၊ များစွာသော ပူဖွယ်ကိစ္စရှိပါ၏၊ များစွာသော ကြောင့်ကြဖွယ် ရှိပါ၏၊ များစွာသော အားထုတ်ဖွယ် ရှိပါ၏၊အမြဲမပြတ် အမှန်ကိုဆိုလေ့ရှိသည် မဖြစ်နိုင်ပါ။ အသျှင်ဂေါတမ ထိုမှတပါး ရဟန်းသည်ကား နည်းသော ပူဖွယ်ဝေယျာဝစ္စရှိ၏၊ နည်းသောပူဖွယ် ကိစ္စရှိ၏၊ အလွန် နည်းသော ကြောင့်ကြဖွယ် ရှိ၏၊ နည်းသောအားထုတ်ဖွယ် ရှိ၏၊အမြဲမပြတ် အမှန်ကို ဆိုလေ့ရှိပါ၏၊ အသျှင်ဂေါတမ လူသည် များစွာသော ပူဖွယ်ဝေယျာဝစ္စရှိပါ၏။ များစွာသော ပူဖွယ်ကိစ္စရှိပါ၏၊ အလန်များသော ကြောင့်ကြဖွယ်ရှိပါ၏၊ များစွာသော အားထုတ်ဖွယ်ရှိပါ၏၊ အမြဲမပြတ် ခြိုးခြံသော အကျင့်မရှိပါ၊ မြတ်သောအကျင့်ကို ကျင့်လေ့မရှိပါ၊ ဗေဒင်ကို သရဇ္ဈာယ်ခြင်းများသည် မဖြစ်ပါ၊ စွန့်ကြဲခြင်းများသည် မဖြစ်ပါ။

အသျှင်ဂေါတမ ရဟန်းသည်ကား နည်းသောပူဖွယ်ဝေယျာဝစ္စရှိပါ၏၊ နည်းသောပူဖွယ်ကိစ္စ ရှိပါ၏၊ အနည်းငယ်မျှသော ကြောင့်ကြဖွယ်ရှိပါ၏၊ နည်းသောအားထုတ်ဖွယ် ရှိပါ၏၊ အမြဲမပြတ် ခြိုးခြံသော အကျင့်ရှိပါ၏၊ မြတ်သောအကျင့်ရှိပါ၏၊ ဗေဒင်ကို သရဇ္ဈာယ်ခြင်း များပါ၏၊ စွန့်ကြဲခြင်း များပါ၏။ အသျှင်ဂေါတမ ပုဏ္ဏားတို့သည် ကောင်းမှုကိုပြုခြင်းငှါ ကုသိုလ်တရားကို ပြည့်စုံစေခြင်း ငှါ ငါးပါးသော တရားတို့ကို ပညတ်ကြပါကုန်၏။ အကျွန်ုပ်သည် ဤငါးပါးသော တရားတို့ကို ရဟန်းတို့၌ များစွာ တွေ့မြင်ရပါ၏၊ လူတို့၌ အနည်းငယ်သာ မြင်ရပါ၏ဟု (လျှောက်၏)။ လုလင် ပုဏ္ဏားတို့သည် ကောင်းမှုကို ပြုခြင်းငှါ ကုသိုလ်တရားကို ပြည့်စုံစေခြင်းငှါ ငါးပါးသော တရားတို့ကို ပညတ်ကြကုန်၏။ ဤပုဏ္ဏားတို့ ပညတ်ပြောဆိုသော တရားငါးပါးတို့ကို ရန်ကင်းစေလိုသော ဆင်းရဲကင်းစေလိုသောစိတ်ကို ပွါးများခြင်းငှါ ထိုစိတ်၏ အခြံအရံတို့ ဟူ၍ ငါဟော၏။

လုလင် ဤသာသနာတော်၌ ရဟန်းသည် အမှန်ကို ဆိုလေ့ရှိ၏၊ ထိုရဟန်းသည် "ငါသည် အမှန်ဆိုခြင်း ရှိသည် ဖြစ်ခဲ့ပြီ" ဟု အနက်အဓိပ္ပါယ်နားလည်မှုကို ရ၏၊စကားနားလည်မှုကို ရ၏။ တရားနှင့်စပ်သော ဝမ်းမြောက်မှုကို ရ၏၊ ရန်ကင်းစေလိုသော ဆင်းရဲကင်းစေလိုသော စိတ်ကို ပွါး များခြင်းငှါ ထိုကုသိုလ်နှင့်စပ်သော ဝမ်းမြောက်ခြင်းကို စိတ်၏အခြံအရံ ဟူ၍ ငါဟော၏။

လုလင် ဤသာသနာတော်၌ ရဟန်းသည် ခြိုးခြံသောအကျင့် ရှိ၏။ပ။ မြတ်သောအကျင့်ကို ကျင့်လေ့ရှိ၏။ပ။ ဗေဒင်ကို သရဇ္ဈာယ်ခြင်း များ၏။ပ။ စွန့်ကြဲပေးကမ်းခြင်း များ၏။ ထိုရဟန်း သည် "ငါသည် စွန့်ကြဲပေးကမ်းခြင်း များသည် ဖြစ်ခဲ့ပြီ" ဟု စကားအနက်အဓိပ္ပါယ် နားလည်မှုကို ရ၏၊ စကားနားလည်မှုကို ရ၏၊ တရားနှင့်စပ်သော ဝမ်းမြောက်ခြင်းကို ရ၏၊ရန်ကင်းစေလိုသော ဆင်းရဲကင်းစေလိုသော စိတ်ကို ပွါးများခြင်းငှါ ထိုကုသိုလ်နှင့်စပ်သော ဝမ်းမြောက်ခြင်းကို စိတ်၏

http://www.dhammadownload.com



အခြံအရံ ဟူ၍ ငါဟော၏။ လုလင် ပုဏ္ဏားတို့သည် ကောင်းမှုကို ပြုခြင်းငှါ ကုသိုလ်တရားကိုပြည့်စုံစေခြင်းငှါ ငါးပါးသောတရားတို့ကို ပညတ်ကြကုန်၏။ ထိုတရားငါးပါးတို့ကို ရန်ကင်းစေလိုသော ဆင်းရဲကင်းစေလိုသော စိတ်ကို ပွါးများခြင်းငှါ စိတ်၏ အခြံအရံတို့ဟူ၍ ငါဟော၏ဟု (မိန့်တော်မူ၏)။

၄၇၀။ ဤသို့ မိန့်တော်မူသော် တောဒေယျ၏သားဖြစ်သော သုဘလုလင်သည် မြတ်စွာဘုရားကို "အသျှင်ဂေါတမ ရဟန်းဂေါတမသည် ဗြဟ္မာတို့၏အပေါင်းအဖော်အဖြစ်သို့ ကပ်ရောက်ခြင်းငှါ ခရီးသမ်းကြောင်း အကျင့်ကို သိ၏ဟု ဤသို့သော စကားကို ကြားဘူးပါ၏"ဟု ဤစကားကို လျှောက်၏။

လုလင် သင်အဘယ်သို့ မှတ်ထင်ဘိသနည်း၊ ကျူထရံသည့်ရွာသည် ဤအရပ်မှ အနီး၌ ရှိ၏၊ ဤအရပ်မှ ကျူထရံသည့်ရွာသည် မဝေးသည် မဟုတ်လော ဟု (မေးတော်မူ၏)။ အသျှင် ကျူထရံသည့်ရွာသည် ဤအရပ်မှ နီးပါး၏၊ ကျူထရံသည့်ရွာသည် ဤအရပ်မှမဝေးသည် မှန်လှပါ၏ဟု (လျှောက်၏)။ လုလင် သင်အဘယ်သို့ မှတ်ထင်ဘိသနည်း၊ ကျူထရံသည့်ရွာ၌ မွေးဖွားကြီးပြင်းသောယောကျ်ားတယောက် ရှိရာ၏၊ထိုရွာ၌ပင်လျှင် ကျူထရံသည့်ရွာမှ ဖဲထွက်လာသောထိုသူကို ကျူထရံသည့်ရွာသို့ သွားစရာခရီးကို မေးမြန်းရာ၏။ လုလင် ကျူထရံသည့်ရွာ၌ မွေးဖွားကြီးပြင်းသော ထိုယောကျ်ားအား ကျူထရံသည့်ရွာသို့ သွားရာခရီးကို မေးမြန်းသည်ရှိသော် နှံ့နှေး ဖင့်နွဲခြင်းသည် ဖြစ်ရာသလော ဟု (မေးတော်မူ၏)။ အသျှင်ဂေါတမ မဖြစ်ရာပါ။ အဘယ့်ကြောင့်နည်း ဟူမူ— အသျှင်ဂေါတမ ဤယောကျ်ားသည် ကျူထရံသည့်ရွာ၌ မွေးဖွားကြီးပြင်းပါ၏၊ ထိုသူသည် ကျူထရံသည့်ရွာသို့ သွားရာ လမ်းခရီးအားလုံးတို့ကို ကောင်းစွာ ခွဲခြား၍ သိထားသော ကြောင့်ပါတည်း ဟု (လျှောက်၏)။

လုလင် ကျူထရံသည့်ရွာ၌ မွေးဖွားကြီးပြင်းသော ယောကျ်ားမှာ ကျူထရံသည့်ရွာသို့ သွားရာလမ်းခရီးကို မေးမြန်းသည်ရှိသော် နှံ့နှေးဖင့်နွဲခြင်း ဖြစ်မည်ဆိုသော် ဖြစ်တန်ရာ၏၊ ငါဘုရားအား ဗြဟ္မာ့ပြည်ကိုရင်း ဗြဟ္မာ့ပြည်သို့သွားရာ ခရီးကိုရင်း အကျင့်ကိုရင်း မေးသည်ရှိသော် နှံ့နှေး ဖင့်နွဲခြင်းသည် မဖြစ်နိုင်သည်သာတည်း။ လုလင် ငါသည် ဗြဟ္မာကိုလည်း သိ၏၊ဗြဟ္မာ့ပြည်လောကကိုလည်း သိ၏၊ဗြဟ္မာ့ပြည်သို့ ရောက်ကြောင်းအကျင့်ကိုလည်း သိ၏၊ ဗြဟ္မာ့ပြည်လောကသို့ ရောက်ကြောင်းအကျင့်ကို ကျင့်ကြံပုံကိုလည်း သိ၏ ဟု (မိန့်တော်မူ၏)။ အသျှင်ဂေါတမ အကျွန်ုပ်သည် "ရဟန်းဂေါတမသည် ဗြဟ္မာတို့၏ အပေါင်းအဖော်အဖြစ်သို့ ရောက်ခြင်းငှါ ခရီးလမ်းကြောင်း အကျင့်ကို ဟောကြား၏" ဟု ဤစကားကို ကြားဘူးပါ၏။ အသျှင်ဂေါတမသည် ဗြဟ္မာတို့၏ အပေါင်းအဖော်အဖြစ်သို့ ရောက်ခြင်းငှါ ခရီးလမ်းကြောင်းအကျင့်ကို အကျွန်ုပ်အား ဟောကြားတော်မူပါလော့ ဟု (လျှောက်၏)။ လုလင် သို့ဖြစ်မူ နားထောင်လော့၊ ကောင်းစွာ နှလုံးသွင်းလော့၊ ဟောကြားပေအံ့ ဟု (မိန့်တော်မူ၏)။ "အသျှင် ကောင်းပါပြီ"ဟူ၍သာလျှင် တောဒေယျ၏သားဖြစ်သော သုဘလုလင်သည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထား၏။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

၄၇၁။ လုလင် ဗြဟ္မာတို့၏အပေါင်းအဖော်အဖြစ်သို့ ရောက်ခြင်းငှါ ခရီးလမ်းကြောင်း အကျင့်သည် အဘယ်နည်းဟူမူ —လုလင် ဤသာသနာတော်၌ ရဟန်းသည် ချစ်ခြင်း 'မေတ္တာ'နှင့်ယှဉ်သော

http://www.dhammadownload.com



စိတ်ဖြင့် တခုသောအရပ်ကို ပြန့်နှံ့စေ၍နေ၏။ ထို့အတူ နှစ်ခုမြောက် အရပ်ကို။ ထို့အတူ သုံးခုမြောက် အရပ်ကို၊ ထို့အတူ လေးခုမြောက် အရပ်ကို။ ဤနည်းအားဖြင့် အထက်အောက် ဖီလာ အရပ်ကို ပြန့်နှံ့စေ၍ နေ၏။အလုံးစုံသောအရပ် အလုံးစုံသော သတ္တဝါတို့၌ မိမိနှင့်တူစွာ သတ္တဝါ အားလုံးရှိသော သတ္တလောကကို ပြန့်ပြောသော မြတ်သော အပိုင်းအခြားမရှိသော ရန်မရှိသော ကြောင့်ကြမရှိသော မေတ္တာနှင့်ယှဉ်သော စိတ်ဖြင့် ပြန့်နှံ့စေ၍နေ၏။ လုလင် မေတ္တာချာန်စိတ်ကို ဤသို့ ပွါးများသည်ရှိသော် အန္တိုင်းယှဉ်ခံရသော ထိုကာမာဝစရကံသည် ထိုမေတ္တာချာန်၌ မကြွင်းကျန်၊ ထိုကာမာဝစရကံသည် ထိုမေတ္တာချာန်၌ မတည်။ လုလင် ဉပမာအားဖြင့် အားရှိသော ခရုသင်းမှုတ်သမားသည် အနည်းငယ် အပင်ပန်းခံ၍ မှုတ်ကာမျှဖြင့်သာလျှင် အရပ်လေးမျက်နှာတို့ကို သိစေရာသကဲ့သို့ လုလင် ဤဉပမာအတူသာလျှင် ။ပ။ လုလင် မေတ္တာချာန်စိတ်ကို ဤသို့ ပွါးများသည်ရှိသော် အန္တိုင်းယှဉ်ခံရသော ထိုကာမာဝစရကံသည် ထိုမေတ္တာချာန်၌ မကြွင်းကျန်၊ ထိုကာမာဝစရကံသည် ထိုမေတ္တာချာန်၌ မတည်၊ လုလင် ဤတရားသည်လည်း ဗြဟ္မာတို့၏ အပေါင်း အဖော်အဖြစ်သို့ ရောက်ခြင်းငှါ ခရီးလမ်းကြောင်း အကျင့်ပေတည်း။

လုလင် တဖန်လည်း ရဟန်းသည် သနားခြင်း 'ကရုဏာ'နှင့် ယှဉ်သောစိတ်ဖြင့်။ပ။ဝမ်းမြောက်ခြင်း'မုဒိတာ'နှင့် ယှဉ်သောစိတ်ဖြင့်။ပ။ လျစ်လျူရှုခြင်း 'ဉပေက္ခာ'နှင့် ယှဉ်သောစိတ်ဖြင့် တခုသော အရပ်ကို ပြန့်နှံ့စေ၍ နေ၏၊ ထို့အတူ နှစ်ခုမြောက် အရပ်ကို။ ထို့အတူ သုံးခုမြောက် အရပ်ကို။ ထို့အတူ လေးခုမြောက် အရပ်ကို။ ဤနည်းအားဖြင့် အထက်အောက် ဖီလာအရပ်ကို ပြန့်နှံ့စေ၍ နေ၏။ အလုံးစုံသောအရပ် အလုံးစုံသောသတ္တဝါတို့၌ မိမိနှင့်တူစွာ သတ္တဝါ အားလုံးရှိသော သတ္တလောကကို ပြန့်ပြောသော မြတ်သော အပိုင်းအခြားမရှိသော ရန်မရှိသော ကြောင့်ကြမရှိသော လျစ်လျူရှုခြင်း 'ဉပေက္ခာ'နှင့်ယှဉ်သောစိတ်ဖြင့် ပြန့်နှံ့စေ၍ နေ၏။ လုလင် ဉပေက္ခာချာန်စိတ်ကို ဤသို့ ပွါးများသည်ရှိသော် အန္တိုင်းယှဉ်ခံရသော ထိုကာမာဝစရကံသည် ထိုဉပေက္ခာချာန်၌ မကြွင်း ကျန်၊ ထိုကာမာဝစရကံသည် ထိုဉပေက္ခာချာန်၌ မတည်။ လုလင် ဉပမာအားဖြင့် အားရှိသောခရု သင်းမှုတ်သမားသည် အနည်းငယ် အပင်ပန်းခံ၍ မှုတ်ကာမျှဖြင့်သာလျှင် အရပ်လေးမျက်နှာတို့ကို သိစေနိုင်ရာသကဲ့သို့ လုလင် ဤဉပမာအတူသာလျှင် ။ပ။ လုလင် ဉပေက္ခာချာန်စိတ်ကို ဤသို့ ပွါးများသည်ရှိသော် အန္တိုင်းယှဉ်ခံရသော ထိုကာမာဝစရကံသည် ထိုဉပေက္ခာချာန်၌ မကြွင်းကျန်၊ ထိုကာမာဝစရကံသည် ထိုဉပေက္ခာချာန်၌ မတည်။လုလင် ဤတရားသည်လည်း ဗြဟ္မာတို့၏ အပေါင်း အဖော် အဖြစ်သို့ ရောက်ခြင်းငှါ ခရီးလမ်းကြောင်း အကျင့်တည်းဟု (မိန့်တော်မူ၏)။

၄၇၂။ ဤသို့ မိန့်တော်မူသော် တောဒေယျ၏သားဖြစ်သော သုဘလုလင်သည် မြတ်စွာဘုရားကို "အသျှင်ဂေါတမ (တရားတော်သည်)အလွန်နှစ်သက်ဖွယ် ရှိပါပေ၏၊ အသျှင်ဂေါတမ (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိပါပေ၏၊ အသျှင်ဂေါတမ ဉပမာသော်ကား မှောက်ထားသည်ကို လှန်ဘိသကဲ့သို့ရင်း ဖုံးလွှမ်းထားသည်ကို ဖွင့်လှစ်ဘိသကဲ့သို့ရင်း မျက်စိလည်သော သူ့အား လမ်းမှန်ကို ပြောကြားဘိသကဲ့သို့ရင်း 'မျက်စိအမြင်ရှိသောသူတို့သည် အဆင်းတို့ကို မြင်ကြလိမ့်မည်'ဟု အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ဆောင်ပြဘိသကဲ့သို့ရင်း အသျှင်ဂေါတမ ဤအတူသာလျှင် အသျှင်ဂေါတမသည် များစွာသောအကြောင်းဖြင့် တရားတော်ကို ပြတော်မူပါပေ၏၊ အသျှင်ဂေါတမ အကျွန်ုပ်သည် အသျှင်ဂေါတမကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သံဃာတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ အသျှင်ဂေါတမသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်သော ဉပါသကာဟု မှတ်တော်မူပါ။

http://www.dhammadownload.com



အသျှင်ဂေါတမ ယခုအခါ အကျွန်ုပ်တို့ သွားကြပါကုန်အံ့၊ အကျွန်ုပ်တို့သည် များစွာသောကိစ္စ များစွာသောပြုဖွယ် ရှိကြပါကုန်၏ ”ဟု လျှောက်၏။ လုလင် ယခု သွားရန်အချိန်ကို သင်သိ၏၊ (သွားရန်မှာ သင်၏အလိုအတိုင်းပင် ဖြစ်၏)ဟု(မိန့်တော်မူ၏)။ ထိုအခါ တောဒေယျ၏သား သုဘ လုလင်သည် မြတ်စွာဘုရား၏စကားတော်ကို အလွန်နှစ်သက်ဝမ်းမြောက်၍ နေရာမှထကာ မြတ်စွာ ဘုရားကို အလွန်ရိုသေစွာ ရှိခိုးပြီးလျှင် အရိုအသေပြု၍ ဖဲသွားလေ၏။ ထိုအခါ ဇာဏုဿောဏိ ပုဏ္ဏားသည် အလုံးစုံသော ဖြူသော အဆင်းရှိသော မြည်းကသောရထားဖြင့် နေ့လည်မွန်းတည့် အချိန်အခါ၌ သာဝတ္ထိပြည်မှ ထွက်လာ၏။ ဇာဏုဿောဏိပုဏ္ဏားသည် အဝေးမှလာသော တောဒေယျ၏သား သုဘလုလင်ကို မြင်လေသည်သာတည်း၊ မြင်လေ၍ တောဒေယျ၏သား သုဘလုလင်ကို ဤသို့သောစကားကို ဆို၏– “အသျှင်ဘာရဒွါဇသည် ယခု နေ့လယ် မွန်းတည့် ချိန် အခါ၌ အဘယ်အရပ်ဌာနမှ လာဘိသနည်း”ဟု (ဆို၏)။ ငါသည် အမှန်ပြောရလျှင် ဤရဟန်း ဂေါတမ၏အထံမှ လာခဲ့ပါ၏ဟု(ပြန်ကြားပြောဆို၏)။

အသျှင်ဘာရဒွါဇ ထိုငါမေးအံ့သောအကြောင်းကို သင်အသို့ အောက်မေ့မှတ်ထင်ဘိသနည်း၊ ရဟန်းဂေါတမ၏ ပညာဉာဏ် ပြန့်ပြောသော အဖြစ်သည် ပညာရှိလက္ခဏာနှင့် ညီညွတ်ပါ၏လော ဟု (မေးမြန်း၏)။ အသျှင် အကျွန်ုပ်သည် အဘယ်သို့သဘောရှိသော သူပါနည်း၊ အဘယ်မည်သော အကျွန်ုပ်သည် ရဟန်းဂေါတမ၏ ပညာရှိသော အဖြစ်ကို မသိပဲ ရှိပါအံ့နည်း။ အကြင်သူသည် ရဟန်းဂေါတမ၏ ပညာရှိသော အဖြစ်ကို သိ၏၊ထိုသူသည်လည်း ထိုအသျှင်ဂေါတမကဲ့သို့ သဘောရှိ သည်ဖြစ်ရာသည် မဟုတ်လောဟု(ဆို၏)။ စင်စစ် အမှန်အားဖြင့် အသျှင်ဘာရဒွါဇသည် ရဟန်း ဂေါတမကို လွန်ကဲသော ချီးမွမ်းခြင်းဖြင့် ချီးမွမ်းလေဘိ၏တကား ဟ(ဆို၏)။ အသျှင် အကျွန်ုပ် သည် အဘယ်သို့သဘောရှိသူ ဖြစ်ပါသနည်း၊ အဘယ်မည်သော အကျွန်ုပ်မှာမူကား ရဟန်းဂေါတမ ကို မချီးကျူးပဲ ရှိပါအံ့နည်း၊ ထိုအသျှင်ဂေါတမသည် ချီးကျူးအပ် ချီးကျူးသင့်သော သူတို့ထက် အထူးသဖြင့် ချီးကျူးအပ် ချီးကျူးထိုက်သူလည်း ဖြစ်၏၊ နတ်လူတို့ထက် ဆထက်လွန်ကျူး အထူးသဖြင့် မြတ်သူလည်း ဖြစ်၏။အသျှင် ဤပုဏ္ဏားတို့သည် ကောင်းမှုပြုခြင်းငှါ ကုသိုလ်တရားကို ပြည့်စုံစေခြင်းငှါ ငါးပါးသော တရားတို့ကို ပညတ်ကြကုန်၏။ ထိုငါးပါးသော တရားတို့ကို ရဟန်း ဂေါတမသည် ရန်ကင်းစေလိုသော ဆင်းရဲကင်းစေလိုသော မေတ္တာစိတ်ကို ပွါးများခြင်းငှါ ထိုမေတ္တာ စိတ်၏ အခြံအရံတို့ဟူ၍ ဟောကြား၏ဟု (ဆို၏)။

ဤသို့ သုဘလုလင်က ပြောကြားသည်ရှိသော် ဇာဏုဿောဏိပုဏ္ဏားသည် အလုံးစုံဖြူသော အဆင်းရှိသော မြည်းကသော ရထားမှ ဆင်းသက်၍ လက်ဝဲတဖက် ပခုံးထက်၌ ကိုယ်ဝတ်ကို စံပယ် တင်ရှုသည်ကိုပြု၍ မြတ်စွာဘုရားသျှင် ရှိရာဘက်သို့ လက်အုပ်ချီ၍ “ပသေနဒီ ကောသလမင်းကြီး အား အရတော်လေစွ၊ ပသေနဒီကောသလမင်းကြီးအား အလွန် အရတော်လေစွ၊ပသေနဒီကောသလ မင်းကြီး၏ တိုင်းနိုင်ငံ၌ (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော ဟုတ်မှန်သော အကျင့်ရှိသော ဘုရားသျှင်သည် သီတင်းသုံးတော်မူဘိ၏”ဟု ဥဒါန်းစကားမြွက်ဆိုကျူးရင့်လေ၏။

ကိုးခုမြောက် သုဘသုတ် ပြီး၏။

http://www.dhammadownload.com



## ၁၀-သင်္ဂါရဝသုတ်

၄၇၃။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် များစွာသော ရဟန်းအပေါင်းနှင့်အတူ ကောသလတိုင်း၌ ဒေသစာရီ လှည့်လည်တော်မူ၏။ ထိုအခါ ဓနဥ္စာနီပုဏ္ဏေးမသည် စဉ္စလိကပ္ပရွာ၌ နေ၏။ ဘုရားတရား သံဃာ၌ အလွန်ကြည်ညို၏။ ဓနဥ္စာနီပုဏ္ဏေးမသည် ချော်လည်းသည်ဖြစ်၍ "ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားကို ရှိခိုးပါ၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားကို ရှိခိုးပါ၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားကို ရှိခိုးပါ၏"ဟု သုံးကြိမ် ဥဒါန်း ကျူးရင့်၏။

ထိုအခါ သင်္ဂါရဝမည်သော လုလင်သည် စဉ္စလိကပ္ပရွာ၌နေ၏။ (ထိုသူသည်) နိဃဏ္ဍု 'အဘိဓာန်'ကျမ်း ကေဋုဘ 'အလင်္ကာ'ကျမ်း အက္ခရပ္ပဘေဒ သဒ္ဒါ'ကျမ်း ငါးခုမြောက် ဣတိဟာသ ကျမ်းနှင့် တကွ ဗေဒင်သုံးပုံတို့၏ တဖက်ကမ်းသို့ ရောက်၏၊ ဝေဒကျမ်းကိုတတ်၏၊ ဗျာကရုဏ်းကျမ်း ကို တတ်၏၊ လောကာယတကျမ်း မဟာပုရိသလက္ခဏာကျမ်းတို့၌ အကြွင်းမဲ့တတ်မြောက်၏။ သင်္ဂါရဝလုလင်သည် ဓနဥ္စာနီပုဏ္ဏေးမ၏ ဆိုသော စကားကို ကြားသည်သာတည်း၊ ကြား၍ ဓနဥ္စာနီပုဏ္ဏေးမကို "ဤဓနဥ္စာနီပုဏ္ဏေးမသည် မင်္ဂလာမရှိလေစွ၊ ဤဓနဥ္စာနီပုဏ္ဏေးမသည် ကျက်သရေ မရှိ လေစွ၊ ဗေဒင်သုံးပုံဆောင် ပုဏ္ဏားများရှိပါလျက် ထိုဦးပြည်းရဟန်းယုတ်၏ ဂုဏ်ကို ပြောဆိုဘိ ၏"ဟု ဤသို့ပြောဆို၏။

အမောင်လုလင် သင်သည် မြတ်စွာဘုရား၏ သီလဂုဏ် ပညာဂုဏ်ကို မသိလေစွတကား။ အမောင်လုလင် သင်သည် ထိုမြတ်စွာဘုရား၏ သီလဂုဏ် ပညာဂုဏ်ကို အကယ်၍ သိငြားအံ့၊ ထိုမြတ်စွာဘုရားကို ဆဲရေးထိုက်သူ ရေရွတ်ထိုက်သူဟု မအောက်မေ့တန်ရာဟု (ဆို၏)။ ရှင်မ သို့ဖြစ်မူ စဉ္စလိကပ္ပရွာသို့ ရဟန်းဂေါတမ ရောက်လာသောအခါ အကျွန်ုပ်အား ပြောကြားပါလော့ဟု (ဆို၏)။ "အမောင်လုလင် ကောင်းပါပြီ" ဟူ၍သာလျှင် ဓနဥ္စာနီပုဏ္ဏေးမသည် သင်္ဂါရဝလုလင် အား ပြန်ကြား၏။

ထိုအခါ မြတ်စွာဘုရားသည် ကောသလတိုင်း၌ အစဉ်အတိုင်း ဒေသစာရီလှည့်လည်တော်မူသည် ရှိသော် စဉ္စလိကပ္ပရွာသို့ ရောက်တော်မူလေ၏။ မြတ်စွာဘုရားသည် ထိုစဉ္စလိကပ္ပရွာ၌ တောဒေယျ ပုဏ္ဏားတို့၏ သရက်ဥယျာဉ်၌ နေတော်မူ၏။ ဓနဥ္စာနီပုဏ္ဏေးမသည် "မြတ်စွာဘုရားသည် စဉ္စလိကပ္ပ ရွာသို့ အစဉ်ရောက်လာပြီ၊ စဉ္စလိကပ္ပရွာ တောဒေယျပုဏ္ဏားတို့၏ သရက်ဥယျာဉ်၌ နေတော်မူ၏" ဟု ကြားသိလေသည်သာတည်း။ ထိုအခါ ဓနဥ္စာနီပုဏ္ဏေးမသည် သင်္ဂါရဝလုလင်ရှိရာသို့ ချဉ်းကပ်၍ သင်္ဂါရဝလုလင်ကို "အမောင်လုလင် မြတ်စွာဘုရားသည် စဉ္စလိကပ္ပရွာသို့ ရောက်လာပြီ၊ စဉ္စလိကပ္ပရွာ တောဒေယျပုဏ္ဏားတို့၏ သရက်ဥယျာဉ်၌ သီတင်းသုံးနေတော်မူ၏၊ အမောင်လုလင် ယခုသွားရန် အခါကို အောက်မေ့ပါလော့"ဟု ဤသို့သောစကားကို ပြောကြားလေ၏။

၄၇၄။ "ရှင်မ ကောင်းပါပြီ" ဟူ၍သာလျှင် သင်္ဂါရဝလုလင်သည် ဓနဥ္စာနီပုဏ္ဏေးမအား ပြန်ကြား၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာ

http://www.dhammadownload.com



ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆို ပြီးဆုံးစေပြီးနောက် သင့်လျော်ရာ၌ ထိုင်ကာ မြတ်စွာဘုရားကို ဤသို့လျှောက်ထား၏— "အသျှင်ဂေါတမ မျက်မှောက်ဘဝ၌ပင် အထူးသိ၍ အဆုံးကမ်းတဖက်သို့ ရောက်သူများဟုဆို၍ မြတ်သောအကျင့်ကို အစဆုံးတည်ထွင်သူများဟု ဝန်ခံကြကုန်သော အချို့သော ရဟန်းပုဏ္ဏားတို့သည် ရှိကြပါကုန်၏။ အသျှင်ဂေါတမ မျက်မှောက်ဘဝ၌ပင် အထူးသိ၍ အဆုံးကမ်းတဖက်သို့ ရောက်သူများဟုဆို၍ မြတ်သောအကျင့်ကို အစဆုံး တည်ထွင်သူများ ဖြစ်ကုန်၏ဟု ဝန်ခံကြကုန်သော ရဟန်းပုဏ္ဏားတို့တွင် အသျှင်ဂေါတမသည် အဘယ်သို့သော သူပါနည်း ဟု (လျှောက်၏)။

ဘာရဒွါဇ ငါသည် မျက်မှောက်ဘဝ၌ပင် အထူးသိ၍ အဆုံးကမ်းတဖက်သို့ ရောက်သူများဟု ဆို၍ မြတ်သောအကျင့်ကို အစဆုံး တည်ထွင်သူများဟု ဝန်ခံကြသော သူတို့၏သော်လည်း အထူးအကွဲအပြားကို ဆိုသေး၏။ ဘာရဒွါဇ ဗေဒင်သုံးပုံဆောင်ပုဏ္ဏားတို့ကဲ့သို့ တဆင့်ကြားနာ မှတ်သားတတ်ကုန်သော ထိုတဆင့်ကြားဖြင့် မျက်မှောက်ဘဝ၌ပင် အထူးသိ၍ အဆုံးကမ်း တဖက်သို့ ရောက်သူများဟု ဆို၍ မြတ်သောအကျင့်ကို အစဆုံးတည်ထွင်သူများဟု ဝန်ခံကြကုန်သော အချို့သော ရဟန်းပုဏ္ဏားတို့သည် ရှိကြကုန်၏။ ဘာရဒွါဇ ကြံစည်သူ စုံစမ်းသူများကဲ့သို့ သက်သက်ယုံကြည်ကာမျှဖြင့် မျက်မှောက်ဘဝ၌ပင် အထူးသိ၍ အဆုံးကမ်းတဖက်သို့ ရောက်သူများဟု ဆို၍ မြတ်သောအကျင့်ကို အစဆုံးတည်ထွင်သူများဟု ဝန်ခံကြကုန်သော အချို့သော ရဟန်းပုဏ္ဏားတို့သည် ရှိကုန်၏။

ဘာရဒွါဇ ရှေးအခါက မကြားဘူးသေးကုန်သော တရားတို့၌ ကိုယ်တိုင်သာလျှင် တရားသဘောကို ထိုးထွင်းသိ၍ မျက်မှောက်ဘဝ၌ပင် အထူးသိ၍ အဆုံးကမ်းတဖက်သို့ ရောက်သူများဟု ဆို၍ မြတ်သောအကျင့်ကို အစဆုံးတည်ထွင်သူများ ဟု ဝန်ခံကြကုန်သော အချို့သောရဟန်းပုဏ္ဏားတို့သည် ရှိကြကုန်၏။ ဘာရဒွါဇ ထိုရဟန်းပုဏ္ဏားတို့တွင် ရှေးအခါက မကြားဘူးသေးကုန်သော တရားတို့၌ ကိုယ်တိုင်သာလျှင် တရားသဘောကို ထိုးထွင်းသိ၍ မျက်မှောက်ဘဝ၌ပင် အထူးသိ၍ အဆုံးကမ်းတဖက်သို့ ရောက်သူများဟုဆို၍ မြတ်သောအကျင့်ကို အစဆုံး တည်ထွင်သူများဟု ဝန်ခံကြကုန်သော ရဟန်းပုဏ္ဏားတို့တွင် ငါသည် တယောက်အပါအဝင်ဖြစ်၏။ ဘာရဒွါဇ ရှေးအခါက မကြားဘူးသေးကုန်သော တရားတို့၌ ကိုယ်တိုင်သာလျှင် တရားသဘောကို ထိုးထွင်းသိ၍ မျက်မှောက်ဘဝ၌ပင် အဆုံးကမ်းတဖက်သို့ ရောက်သူများဟုဆို၍ မြတ်သောအကျင့်ကို အစဆုံးတည်ထွင်သူများဟု ဝန်ခံကုန်သော ရဟန်းပုဏ္ဏားတို့တွင် ငါသည် တယောက်အပါအဝင်ဖြစ်ပုံကို ဤဆိုလတ္တံ့သောအကြောင်းဖြင့် သိရမည်။

၄၇၅။ ဘာရဒွါဇ ငါသည် အရိယမဂ်ကို မရမီ သစ္စာလေးပါးကို ထိုးထွင်း၍ မသိသေးသော ဘုရားလောင်းမျှသာ ဖြစ်နေစဉ်က (လူ့ဘောင်၌ နေရခြင်းသည် ကျဉ်းမြောင်းစဉ်က) "လူ့ဘောင်၌ နေရခြင်းသည် ကျဉ်းမြောင်း၏၊ (ကိလေသာ) မြူထရာ လမ်းကြောင်းဖြစ်၏၊ ရဟန်းအဖြစ်သည် လွင်ပြင်နှင့် တူ၏၊ လူ့ဘောင်၌ နေသူသည် စင်စစ် ပြည့်စုံစွာ စင်စစ် စင်ကြယ်စွာ ခရုသင်းပွတ်သစ်နှင့် တူစွာ ဤမြတ်သောအကျင့်ကို ကျင့်ခြင်းငှါမလွယ်၊ ငါသည် ဆံမုတ်ဆိတ်ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုးသောအဝတ်တို့ကို ဝတ်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရမူ ကောင်းလေစွ" ဟု ဤသို့ အကြံအစည်သည် ဖြစ်ခဲ့၏။

http://www.dhammadownload.com



ဘာရဒွါဇ နောက်အခါ၌ ပျိုမြစ်သည်သာလျှင်ဖြစ်၍ ကောင်းစွာနက်သော ဆံပင်ရှိသော ကောင်းသော အရွယ်ဖြစ်သော ပဌမအရွယ်နှင့် ပြည့်စုံသော ထိုငါသည် အမိအဖများ မလိုလားသဖြင့် မျက်ရည်စက်လက် ငိုကြွေးကုန်စဉ် ဆံမုတ်ဆိတ်ကိုပယ်၍ ဖန်ရည်ဆိုးသော အဝတ်တို့ကိုဝတ်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၏၊ ထိုငါသည် ဤသို့ ရဟန်းပြုလျက် အဘယ်အရာသည် အကောင်းဆုံးနည်းဟု ရှာဖွေရင်း အဘယ်အရာသည် (အတုမရှိ) မြတ်သော ငြိမ်းအေးရာ နိဗ္ဗာန်နည်းဟု ရှာဖွေရင်း ကာလာမအနွယ်ဖြစ်သော အာဠာရထံသို့ ချဉ်းကပ်မိပြီ၊ ချဉ်းကပ်ပြီးနောက် ကာလာမအနွယ် အာဠာရကို "ငါ့သျှင်ကာလာမ ငါသည် ဤသာသနာ၌ မြတ်သော အကျင့်ကို ကျင့်လိုို၏"ဟု ဤစကားကို ပြောဆိုို၏။ ဘာရဒွါဇ ဤသို့ပြောဆိုသော် ကာလာမအနွယ်ဖြစ်သော အာဠာရသည် ငါ့ကို "အသျှင် နေပါလေ့၊ ဤတရားကား ပညာရှိယောကျ်ားသည် မကြာမီပင် မိမိ၏ ဆရာ့အယူကို ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုကာ ပြည့်စုံစေ၍ နေနိုင်ရာသော သဘောရှိပါ၏"ဟု ဤစကားကို ပြောဆိုို၏။

ဘာရဒွါဇ ထိုငါသည် မကြာမီပင် လျင်မြန်စွာသာလျှင် ထိုတရားကို သင်ယူ၏၊ ဘာရဒွါဇ ထိုငါသည် ထိုမျှလောက် နှုတ်ခမ်းလှုပ်ရုံမျှ ဆိုပြသည်ကို လိုက်ဆိုရုံမျှဖြင့်သာလျှင် သိပြီဟူသော စကားကိုရင်း ခိုင်မြဲပြီဟူသော စကားကိုရင်း ပြောဆိုနိုင်၏၊ "သိ၏၊ မြင်၏" ဟူ၍ ငါလည်း ဝန်ခံ၏၊ သူတပါးတို့ကလည်း ပြောဆို (ကြကုန်)၏။ ဘာရဒွါဇ ထိုငါ့အား ဤအကြံသည် ဖြစ်၏— "ကာလာမ အနွယ်ဖြစ်သော အာဠာရသည် ဤတရားကို 'ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြုကာ ပြည့်စုံစေ၍ နေရ၏'ဟု သက်သက်ယုံကြည်ချက်မျှဖြင့် ပြောကြားသည်မဟုတ်၊ စင်စစ် ကာလာမအနွယ်ဖြစ်သော အာဠာရသည် ဤတရားကို သိလျက် မြင်လျက် နေ၏" ဟု (အကြံဖြစ်၏)။

ဘာရဒွါဇ ထိုအခါ ငါသည် ကာလာမအနွယ်ဖြစ်သော အာဠာရထံသို့ ချဉ်းကပ်ပြီး၍ ကာလာမ အနွယ်ဖြစ်သော အာဠာရကို "ငါ့သျှင်ကာလာမ အဘယ်မျှလောက်ဖြင့် ဤတရားကို ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုကာ ပြည့်စုံစေ၍ နေ၏ ဟု ပြောကြားသနည်း"ဟု ဤစကားကို ပြောဆိုို၏။ ဘာရဒွါဇ ဤသို့ပြောဆိုသော် ကာလာမအနွယ်ဖြစ်သော အာဠာရသည် အာကိဉ္စညာယတနစျာန်သမာပတ်ကို ပြောကြား၏။ဘာရဒွါဇ ထိုငါ့အား ဤသို့သောအကြံသည် ဖြစ်၏— "ကာလာမအနွယ်ဖြစ်သော အာဠာရအားသာလျှင် ယုံကြည်ခြင်း 'သဒ္ဓါ'ရှိသည် မဟုတ်၊ ငါ့အားလည်း ယုံကြည်ခြင်း 'သဒ္ဓါ'ရှိ၏၊ ကာလာမအနွယ်ဖြစ်သော အာဠာရအားသာလျှင် လုံ့လဝီရိယ ရှိသည်မဟုတ်၊ ငါ့အားလည်း လုံ့လဝီရိယရှိ၏။ ကာလာမအနွယ်ဖြစ်သော အာဠာရအားသာလျှင် အောက်မေ့ခြင်း'သတိ'ရှိသည်မဟုတ်၊ ငါ့အားလည်း အောက်မေ့ခြင်း 'သတိ'ရှိ၏၊ ကာလာမအနွယ် ဖြစ်သော အာဠာရအား သာလျှင် တည်တံ့ခြင်း 'သမာဓိ'ရှိသည်မဟုတ်၊ ငါ့အားလည်း တည်တံ့ခြင်း 'သမာဓိ'ရှိ၏။ ကာလာမအနွယ်ဖြစ်သော အာဠာရအားသာလျှင် အသိဉာဏ်ရှိသည်မဟုတ်၊ ငါ့အား လည်း အသိဉာဏ်ရှိ၏။ 'ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုကာ ပြည့်စုံစေ၍ နေ၏' ဟု အာဠာရပြောကြားသောတရားကို မျက်မှောက်ပြုခြင်းငှါ ငါ့အားထုတ်ရမူ ကောင်းပေမည်" ဟု အကြံဖြစ်၏။ဘာရဒွါဇ ထိုငါသည် မကြာမီပင် လျင်မြန်စွာသာလျှင် ထိုတရားကို ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြုကာ ပြည့်စုံစေ၍ နေ၏။

ဘာရဒွါဇ ထိုအခါ ငါသည် ကာလာမအနွယ်ဖြစ်သော အာဠာရထံသို့ ချဉ်းကပ်၍ ကာလာမ အနွယ်ဖြစ်သော အာဠာရအား ဤစကားကို ပြောဆို၏ "ငါ့သျှင်ကာလာမ ကိုယ်တိုင် ထူးသော

http://www.dhammadownload.com



ဉာဏ်ဖြင့် မျက်မှောက်ပြုကာ ပြည့်စုံစေ၍နေ၏ဟု ပြောကြားသော ဤတရားကား ဤမျှသာ လော”ဟု (ပြောဆို၏)။ ငါ့သျှင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုကာ ပြည့်စုံစေ၍ ငါပြောကြားသော တရားကား ဤမျှသာတည်း ဟု (ပြောဆို၏)။ ငါ့သျှင် ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြုကာ ပြည့်စုံစေ၍ ငါနေသောတရားလည်း ဤမျှသာတည်းဟု (ပြောဆို၏)။ ငါ့သျှင် သင်ကဲ့သို့သော သီတင်းသုံးဖော် အသျှင်ကို ငါတို့ တွေ့မြင်ကြရခြင်းသည် ငါတို့အား အရ တော်လေစွ၊ ငါတို့သည် ကောင်းစွာ ရအပ်လေစွ၊ ဤသို့ ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့် မျက်မှောက် ပြုကာ ပြည့်စုံစေ၍ ငါပြောကြားသော တရားကို ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုကာ ပြည့်စုံစေ၍ သင်နေ၏၊ ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုကာ ပြည့်စုံစေ၍ သင်နေသော တရားကို ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုကာ ပြည့်စုံစေ၍ ငါပြောကြား၏။ ဤသို့ ငါသိသောတရားကို သင်သိ၏၊ သင်သိသော တရားကို ငါသိ၏၊ ဤသို့လျှင် ငါကဲ့သို့ပင် သင်လည်း ဖြစ်၏၊ သင်ကဲ့သို့ပင် ငါလည်းဖြစ်၏။ ငါ့သျှင် လာလော့၊ ယခုအခါ သူတော်ကောင်းဖြစ်သော ငါတို့နှစ်ဦးလုံးပင် ဤဂိုဏ်းကို (ရွေ့)ဆောင်ကြကုန်အံ့ဟု (ပြောဆို၏)။

ဘာရဒွါဇ ဤသို့လျှင် ကာလာမအနွယ်ဖြစ်သော အာဠာရသည် ငါ၏ဆရာဖြစ်လျက် မိမိ၏ တပည့်ဖြစ်သော ငါ့ကို မိမိနှင့်အညီအမျှ ထား၏၊ ငါ့ကို မွန်မြတ်သော ပူဇော်ခြင်းဖြင့်လည်း ပူဇော်၏၊ ဘာရဒွါဇ ထိုငါ့အား ဤသို့သော အကြံသည် ဖြစ်၏ “ဤတရားသည် ငြီးငွေ့ခြင်းငှါ မဖြစ်၊ တပ်မက်မှု ကင်းခြင်းငှါ မဖြစ်၊ ချုပ်ခြင်းငှါ မဖြစ်၊ ငြိမ်းအေးခြင်းငှါ မဖြစ်၊ ထူးသောဉာဏ်ဖြင့် သိခြင်းငှါ မဖြစ်၊ ကောင်းစွာသိခြင်း အကျိုးငှါ မဖြစ်၊ နိဗ္ဗာန်အကျိုးငှါ မဖြစ်၊ အာကိဉ္စညာယတနဘုံ၌ ဖြစ်ရုံမျှ အကျိုး ငှါသာလျှင် ဖြစ်၏”ဟု (အကြံဖြစ်၏)။ ဘာရဒွါဇ ထိုငါသည် ထိုတရားကို တန်ဆာမဆင်ပဲ ထို တရားမှ ငြီးငွေ့၍ ဖဲခွါခဲ့၏။

၄၇၆။ ဘာရဒွါဇ ထိုငါသည် အဘယ်အရာသည် အကောင်းဆုံးနည်း ဟု ရှာဖွေရင်း အဘယ် အရာသည် (အတုမရှိ) မြတ်သော ငြိမ်းအေးရာ နိဗ္ဗာန်နည်းဟု ရှာဖွေရင်း ရာမ၏သား ဥဒကထံသို့ ချဉ်းကပ်မိပြီ၊ ချဉ်းကပ်ပြီးနောက် ရာမ၏သား ဥဒကကို “ငါ့သျှင် ငါသည် ဤသာသနာ၌ မြတ်သော အကျင့်ကို ကျင့်လို၏”ဟု ဤစကားကို ပြောဆို၏။ ဘာရဒွါဇ ဤသို့ပြောဆိုသော် ရာမ၏သား ဥဒကသည် ငါ့ကို “အသျှင် နေပါလော့၊ ဤတရားကား ပညာရှိယောကျ်ားသည် မကြာမီပင် မိမိ၏ဆရာ့အယူကို ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုကာ ပြည့်စုံစေ၍ နေနိုင်ရာသော သဘောရှိပါ၏”ဟု ဤစကားကို ပြောဆို၏။ ဘာရဒွါဇ ထိုငါသည် မကြာမီပင် လျင်မြန်စွာသာလျှင် ထိုတရားကို သင်ယူ၏။ ဘာရဒွါဇ ထိုငါသည် ထိုမျှလောက် နှုတ်ခမ်းလှုပ်ရုံမျှ ဆိုပြသည်ကို လိုက်ဆို ရုံမျှဖြင့်သာလျှင် သိပြီဟူသော စကားကိုရင်း ခိုင်မြဲပြီ ဟူသော စကားကိုရင်း ပြောဆိုနိုင်၏၊ “သိ၏၊ မြင်၏”ဟူ၍ ငါလည်း ဝန်ခံ၏၊ သူတပါးတို့ကလည်း ပြောဆို(ကြကုန်)၏။

ဘာရဒွါဇ ထိုငါ့အား ဤသို့သောအကြံသည် ဖြစ်၏ “ရာမသည် ဤတရားကို ‘ကိုယ်တိုင် ထူး သောဉာဏ်ဖြင့် မျက်မှောက်ပြုကာ ပြည့်စုံစေ၍ နေရာ၏’ဟု သက်သက်ယုံကြည်ချက်မျှဖြင့် နေသည် မဟုတ်၊ စင်စစ် ရာမသည် ဤတရားကို သိလျက် မြင်လျက် နေ၏”ဟု (အကြံဖြစ်၏)။ ဘာရဒွါဇ ထိုအခါ ငါသည် ရာမ၏သား ဥဒကထံသို့ချဉ်းကပ်၍ ရာမ၏သား ဥဒကကို “ငါ့သျှင်ရာမ အဘယ်မျှလောက်ဖြင့် ဤတရားကို ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုကာ ပြည့်စုံစေ၍ နေ၏ဟု ပြောကြား သနည်း”ဟု ဤစကားကို ပြောဆို၏။ ဘာရဒွါဇ ဤသို့ပြောဆိုသော် ရာမ၏သား ဥဒကသည်

http://www.dhammadownload.com



နေဝသညာနာသညာယတနသမာပတ်ကို ပြောကြား၏။ ဘာရဒွါဇ ထိုငါ့အား ဤသို့သော အကြံသည်ဖြစ်၏—"ရာမအားသာလျှင် ယုံကြည်ခြင်း 'သဒ္ဓါ' ရှိသည်မဟုတ်၊ ငါ့အားလည်း ယုံကြည်ခြင်း 'သဒ္ဓါ'ရှိ၏။ ရာမအားသာလျှင် လုံ့လ 'ဝီရိယ' ရှိသည်မဟုတ်၊ ငါ့အားလည်း လုံ့လ 'ဝီရိယ'ရှိ၏။ ရာမအားသာလျှင် အောက်မေ့ခြင်း 'သတိ'ရှိသည်မဟုတ်၊ ငါ့အားလည်း အောက်မေ့ခြင်း 'သတိ' ရှိ၏။ရာမအားသာလျှင် တည်တံ့ခြင်း 'သမာဓိ' ရှိသည်မဟုတ်၊ ငါ့အားလည်း တည်တံ့ခြင်း 'သမာဓိ' ရှိ၏။ ရာမအားသာလျှင် အသိဉာဏ်ရှိသည်မဟုတ်၊ ငါ့အားလည်း အသိဉာဏ်ရှိ၏။ ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုကာ ပြည့်စုံစေ၍ နေ၏ဟု ရာမပြောကြားသောတရားကို မျက်မှောက်ပြုခြင်းငှါ ငါအားထုတ်ရမူ ကောင်းပေမည်"ဟု (အကြံဖြစ်၏)။ ဘာရဒွါဇ ထိုငါသည် မကြာမီပင် လျင်မြန်စွာသာလျှင် ထိုတရားကို ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုကာ ပြည့်စုံစေ၍ နေ၏။

ဘာရဒွါဇ ထိုအခါ ငါသည် ရာမ၏သား ဥဒကထံသို့ ချဉ်းကပ်၍ ရာမ၏သား ဥဒကအား ဤစကားကို ပြောဆို၏—"ငါ့သျှင်ရာမ ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုကာ ပြည့်စုံစေ၍ ပြောကြားသော ဤတရားကား ဤမျှသာလော ဟု (မေး၏)။ ငါ့သျှင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုကာ ပြည့်စုံစေ၍ ငါပြောကြားသောတရားကား ဤမျှသာတည်းဟု(ပြောဆို၏)။ ငါ့သျှင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုကာ ပြည့်စုံစေ၍ ငါနေသောတရားလည်း ဤမျှသာတည်း ဟု (ပြန်၍ ပြောဆို၏)။ ငါ့သျှင် သင်ကဲ့သို့သော သီတင်းသုံးဖော်အသျှင်ကို ငါတို့ တွေ့မြင်ကြရခြင်းသည် ငါတို့အား အရတော်လေစွ၊ ငါတို့အား အလွန်အရတော်လေစွ။ ဤသို့ ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုကာ ပြည့်စုံစေ၍ ငါပြောကြားသော တရားကို ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုကာ ပြည့်စုံစေ၍ သင်နေ၏။ ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုကာ ပြည့်စုံစေ၍ သင်နေသောတရားကို ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုကာ ပြည့်စုံစေ၍ (ငါ)ပြောကြား၏။ ဤသို့ (ငါ)သိသော တရားကို သင်သိ၏။ သင်သိသော တရားကို ငါသိ၏။ ဤသို့လျှင် ငါကဲ့သို့ပင် သင်လည်းဖြစ်၏။ သင်ကဲ့သို့ပင် (ငါလည်း) ဖြစ်၏။ ငါ့သျှင် လာလော့၊ ယခုအခါ သင်သည် ဤဂိုဏ်းကို (ရွေ့)ဆောင်ပါလော့ ဟု (ပြောဆို၏)။

ဘာရဒွါဇ ဤသို့လျှင် ရာမ၏သား ဥဒကသည် ငါ၏သီတင်းသုံးဖော်ဖြစ်လျက် ငါ့ကို ဆရာ့အရာ၌ ထား၏၊ ငါ့ကို မွန်မြတ်သော ပူဇော်ခြင်းဖြင့်လည်း ပူဇော်၏။ ဘာရဒွါဇ ထိုငါ့အား ဤသို့သော အကြံသည် ဖြစ်၏ "ဤတရားသည် ငြီးငွေ့ခြင်းငှါ မဖြစ်၊ တပ်မက်မှုကင်းခြင်းငှါ မဖြစ်၊ ချုပ်ခြင်းငှါ မဖြစ်၊ ငြိမ်းအေးခြင်းငှါ မဖြစ်၊ ထူးသောဉာဏ်ဖြင့်သိခြင်းငှါ မဖြစ်၊ ကောင်းစွာသိခြင်းအကျိုးငှါ မဖြစ်၊ နိဗ္ဗာန်အကျိုးငှါ မဖြစ်၊ နေဝသညာနာသညာယတနဘုံ၌ ဖြစ်ရုံမျှ အကျိုးငှါသာလျှင် ဖြစ်၏"ဟု အကြံဖြစ်၏။ ဘာရဒွါဇ ထိုငါသည် ထိုတရားကို တန်ဆာမဆင်ပဲ ထိုတရားမှ ငြီးငွေ့၍ ဖဲခွါခဲ့၏။

၄၇၇။ ဘာရဒွါဇ ထိုငါသည် အဘယ်အရာသည် အကောင်းဆုံးနည်းဟု ရှာဖွေရင်း အဘယ်အရာသည် အတုမရှိမြတ်သော ငြိမ်းအေးရာ နိဗ္ဗာန်နည်းဟု ရှာဖွေရင်း မဂဓတိုင်းတို့၌ အစဉ်အတိုင်း ဒေသစာရီ လှည့်လည်သော် ဥရုဝေလတော သေနာနိဂုံးဆီသို့ သက်ရောက်၏၊ထိုအရပ်၌ မွေ့လျော်ဖွယ်ရာ မြေအပိုင်းကိုလည်းကောင်း ကြည်နူးဖွယ်ကောင်းသော တောအုပ်ကိုလည်းကောင်း စီးဆင်းနေသော မြစ်ကိုလည်းကောင်း မွေ့လျော်ဖွယ်ကောင်းသော သန့်ရှင်းသောဆိပ်ကမ်းကိုလည်းကောင်း အနီးအနားမှ ဆွမ်းခံရွာကိုလည်းကောင်း မြင်၏၊

http://www.dhammadownload.com



ဘာရဒွါဇ ထိုငါ့အား ဤသို့သောအကြံသည် ဖြစ်၏ "အချင်းတို့ မြေအဖို့သည် မွေ့လျော်ဖွယ်ကောင်း လေစွတကား၊ တောအုပ်သည်လည်း ကြည်နူးဖွယ်ကောင်းလေစွတကား၊ မြစ်သည်လည်း စီးဆင်း နေ၏၊ ဆိပ်ကမ်းသည်လည်း သန့်ရှင်း၍ မွေ့လျော်ဖွယ်ကောင်း၏၊ ဆွမ်းခံရွာသည်လည်း နီးနား၏၊ ဤအရပ်၌ ကမ္မဋ္ဌာန်းအားထုတ်လိုသော အမျိုးသားအား ကမ္မဋ္ဌာန်းအားထုတ်ခြင်းငှါ သင့်လျော်ရာ၏ တကား" ဟု အကြံဖြစ်၏။ ဘာရဒွါဇ ထိုငါသည် ထိုအရပ်၌ပင်လျှင် "ဤအရပ်သည် ကမ္မဋ္ဌာန်း အားထုတ်ခြင်းငှါ သင့်လျော်၏" ဟု (နှလုံးသွင်း၍) ထိုင်နေ၏။

ဘာရဒွါဇ စင်စစ် ငါ့အား ရှေးက မကြားဘူးကုန်သော အံ့ဩဖွယ်ရာ ဥပမာသုံးရပ်တို့သည် ထင်လာကုန်၏၊ ဘာရဒွါဇ ရေ၌ချထားအပ်သည့် အစေးရှိသော ထင်းစိုသည် ရှိ၏၊ ထိုအခါ ယောကျ်ား သည် မီးပွတ်ခုံကို ယူ၍ "မီးကို ဖြစ်စေအံ့၊ တေဇောဓာတ်ကို ထင်ရှားပြုအံ့" ဟု လာရာ၏။ ဘာရဒွါဇ ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ စင်စစ် ထိုယောကျ်ားသည် ဤမည်သော ရေ၌ ချထားအပ် သည့် အစေးရှိသော ထင်းစိုကို မီးပွတ်ခုံသို့ ယှဉ်၍ ပွတ်တိုက်သော် မီးကို ဖြစ်စေနိုင်ရာသလော၊ တေဇောဓာတ်ကို ထင်ရှားပြုနိုင်ရာသလော ဟု (မေးတော်မူ၏)။ အသျှင်ဂေါတမ မဖြစ်နိုင်ပါ၊ အဘယ့်ကြောင့်နည်းဟူမူ — အသျှင်ဂေါတမ ဤမည်သောထင်းသည် စို၍ အစေးရှိသည့်ပြင် ရေ၌ လည်း ချထားသောကြောင့်ပါတည်း၊ ထိုယောကျ်ားသည် ကိုယ်ပင်ပန်းရုံ စိတ်ပင်ပန်းရုံသာ ဖြစ်ရာ ပါ၏ဟု (လျှောက်၏)။

ဘာရဒွါဇ ဤအတူပင်လျှင် အချို့သော သမဏဗြာဟ္မဏတို့သည် ကိုယ်ဖြင့်ရှင်း စိတ်ဖြင့်ရှင်း လိုချင်မှုတို့မှ မကင်းဆိတ်ပဲ နေကုန်၏။ ထိုသမဏဗြာဟ္မဏတို့သည် ကိုယ်တွင်းသန္တာန်ဝယ် လိုချင်ဖွယ် ဝတ္ထုတို့၌ လိုချင်တပ်မက်မှု လိုချင်မှု အစေး လိုချင်သောအားဖြင့် တွေဝေခြင်း လိုချင်မှုမှတ်သိပ်ခြင်း လိုချင်မှုပူဆာခြင်းကို ကောင်းစွာ မပယ်ရသေး၊ ကောင်းစွာ မငြိမ်းရသေး၊ အကယ်၍ ထိုအသျှင် သမဏဗြာဟ္မဏတို့သည် လုံ့လကြောင့် ဖြစ်ကုန်သော ကြီးမား ကြမ်းထမ်း စပ်ရှားကုန်သော ဆင်းရဲ ခံစားခြင်းတို့ကို ခံစားကုန်သော်လည်း ဉာဏ်အကျိုးငှါ အမြင်အကျိုးငှါ အတုမဲ့ထိုးထွင်း၍ သိခြင်းငှါ မထိုက်တန်ကုန်။ အကယ်၍ ထိုအသျှင်သမဏဗြာဟ္မဏတို့သည် လုံ့လကြောင့် ဖြစ်ကုန်သော ကြီးမား ကြမ်းထမ်း စပ်ရှားကုန်သော ဆင်းရဲခံစားခြင်းတို့ကို မခံစားကုန်သော်လည်း ဉာဏ်အကျိုးငှါ အမြင် အကျိုးငှါ အတုမဲ့ထိုးထွင်း၍ သိခြင်းငှါ မထိုက်တန်ကုန်။ ဘာရဒွါဇ ငါ့အား ရှေးကမကြားဘူးသော ဤရှေးဦးစွာ အံ့ဩဖွယ်ရာ ဥပမာသည် ထင်လာ၏။

၄၇၈။ ဘာရဒွါဇ ငါ့အား ရှေးကမကြားဘူးသော နှစ်ခုမြောက် အံ့ဩဖွယ်ရာ အခြားဥပမာ သည် ထင်လာပြန်၏။ ဘာရဒွါဇ ရေမှ ဝေးစွာ ကုန်း၌ချထားအပ်သည့် အစေးရှိသော ထင်းစိုသည် ရှိ၏၊ ထိုအခါ ယောကျ်ားသည် မီးပွတ်ခုံကို ယူ၍ "မီးကို ဖြစ်စေအံ့၊ တေဇောဓာတ်ကို ထင်ရှားပြုအံ့" ဟု လာရာ၏။ ဘာရဒွါဇ ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ စင်စစ် ထိုယောကျ်ားသည် ဤ မည်သော ရေမှ ဝေးစွာ ကုန်း၌ချထားအပ်သည့် အစေးရှိသောထင်းစိုကို မီးပွတ်ခုံသို့ ယှဉ်၍ ပွတ်တိုက် သော် မီးကို ဖြစ်စေနိုင်ရာသလော၊ တေဇောဓာတ်ကို ထင်ရှားပြုနိုင်ရာသလော ဟု (မေးတော်မူ၏)။ အသျှင်ဂေါတမ မဖြစ်နိုင်ပါ၊ အဘယ့်ကြောင့်နည်းဟူမူ — အသျှင်ဂေါတမ ဤမည်သော ထင်းစို သည် ရေမှ ဝေးစွာ ကုန်း၌ ချထားစေကာမူ အစေးရှိသေးသောကြောင့်ပါတည်း။ ထိုယောကျ်ား သည် ကိုယ်ပင်ပန်းရုံ စိတ်ပင်ပန်းရုံသာ ဖြစ်ရာပါ၏ ဟု (လျှောက်၏)။

http://www.dhammadownload.com



ဘာရဒွါဇ ဤအတူပင်လျှင် အချို့သော သမဏဗြာဟ္မဏတို့သည် ကိုယ်ဖြင့်ရင်း စိတ်ဖြင့်ရင်း လိုချင်မှုတို့မှ ကင်းဆိတ်လျက် နေကုန်၏။ ထိုသမဏဗြာဟ္မဏတို့သည် ကိုယ်တွင်းသန္တာန်ဝယ် လိုချင်ဖွယ် ဝတ္ထုတို့၌ လိုချင်တပ်မက်မှု လိုချင်မှုအစေး လိုချင်သောအားဖြင့်တွေဝေခြင်း လိုချင်မှုမွတ်သိပ်ခြင်း လိုချင်မှုပူဆာခြင်းကို ကောင်းစွာ မပယ်ရသေး၊ ကောင်းစွာ မငြိမ်းရသေး၊ အကယ်၍ ထိုအသျှင်သမဏဗြာဟ္မဏတို့သည် လုံ့လကြောင့် ဖြစ်ကုန်သော ကြီးမား ကြမ်းထမ်း စပ်ရှားကုန်သော ဆင်းရဲခံစားခြင်းတို့ကို ခံစားကုန်သော်လည်း ဉာဏ်အကျိုးငှါ အမြင်အကျိုးငှါ အတုမဲ့ ထိုးထွင်း၍ သိခြင်းငှါ မထိုက်တန်ကုန်။ အကယ်၍ ထိုအသျှင်သမဏဗြာဟ္မဏတို့သည် လုံ့လကြောင့် ဖြစ်ကုန်သော ကြီးမားကြမ်းထမ်းစပ်ရှားကုန်သော ဆင်းရဲခံစားခြင်းတို့ကို မခံစားကုန်သော်လည်း ဉာဏ်အကျိုးငှါ အမြင်အကျိုးငှါ အတုမဲ့ထိုးထွင်း၍ သိခြင်းငှါ မထိုက်ကုန်။ ဘာရဒွါဇ ငါ့အား ရှေးက မကြားဘူးသော အံ့ဩဖွယ်ရာ နှစ်ခုမြောက် ဤဥပမာသည် ထင်လာ၏။

၄၇၉။ ဘာရဒွါဇ ငါ့အား ရှေးကမကြားဘူးသော အံ့ဩဖွယ်ရာ သုံးခုမြောက်သော အခြားဥပမာသည်လည်း ထင်လာ၏။ ဘာရဒွါဇ ရေမှ ဝေးစွာ ကုန်း၌ ချထားအပ်သည့် ခြောက်သွေ့သော ထင်းသည် ရှိ၏၊ ထိုအခါ ယောကျ်ားသည် မီးပွတ်ခုံကို ယူ၍ "မီးကို ဖြစ်စေအံ့၊ တေဇောဓာတ်ကို ထင်ရှားပြုအံ့"ဟု လာရာ၏။ ဘာရဒွါဇ ထိုအရာကို အဘယ်သို့ မှတ်ထင်ဘိသနည်း။ စင်စစ် ထိုယောကျ်ားသည် ရေမှ ဝေးစွာ ကုန်း၌ ချထားအပ်သည့် ခြောက်သွေ့သော ထင်းကို မီးပွတ်ခုံသို့ ယှဉ်၍ ပွတ်သော် မီးကို ဖြစ်စေနိုင်ရာသလော၊ တေဇောဓာတ်ကို ထင်ရှားပြုနိုင်ရာသလော ဟု (မေးတော်မူ၏)။ အသျှင်ဂေါတမ ဖြစ်နိုင်ပါ၏၊ အဘယ့်ကြောင့်နည်းဟူမူ—အသျှင်ဂေါတမ ဤမည်သော ထင်းသည် ခြောက်သွေ့နေ၍ ရေမှ ဝေးစွာ ကုန်း၌ ချထားသောကြောင့်ပါတည်း ဟု(လျှောက်၏)။

ဘာရဒွါဇ ဤအတူပင်လျှင် အချို့သော သမဏဗြာဟ္မဏတို့သည် ကိုယ်ဖြင့်ရင်း စိတ်ဖြင့်ရင်း လိုချင်မှုတို့မှ ကင်းဆိတ်လျက် နေကုန်၏၊ ထိုသမဏဗြာဟ္မဏတို့သည် ကိုယ်တွင်းသန္တာန်ဝယ် လိုချင်ဖွယ် ဝတ္ထုတို့၌ လိုချင်တပ်မက်မှု လိုချင်မှုအစေး လိုချင်သောအားဖြင့် တွေဝေခြင်း လိုချင်မှုမွတ်သိပ်ခြင်း လိုချင်မှု ပူဆာခြင်းကို ကောင်းစွာ ပယ်ပြီးဖြစ်၏၊ ကောင်းစွာ ငြိမ်းပြီးဖြစ်၏။အကယ်၍ ထိုအသျှင်သမဏဗြာဟ္မဏတို့သည် လုံ့လကြောင့် ဖြစ်ကုန်သော ကြီးမားကြမ်းထမ်းစပ်ရှားကုန်သော ဆင်းရဲခံစားခြင်းတို့ကို ခံစားကုန်သော်လည်း ဉာဏ်အကျိုးငှါ အမြင်အကျိုးငှါ အတုမဲ့ထိုးထွင်း၍ သိခြင်းငှါ ထိုက်တန်ကုန်၏။ အကယ်၍ ထိုအသျှင်သမဏဗြာဟ္မဏတို့သည် လုံ့လကြောင့် ဖြစ်ကုန်သော ကြီးမား ကြမ်းထမ်း စပ်ရှားကုန်သော ဆင်းရဲခံစားခြင်းတို့ကို မခံစားကုန်သော်လည်း ဉာဏ်အကျိုးငှါ အမြင်အကျိုးငှါ အတုမဲ့ ထိုးထွင်း၍ သိခြင်းငှါ ထိုက်တန်ကုန်၏။ ဘာရဒွါဇ ငါ့အား ရှေးက မကြားဘူးသော အံ့ဩဖွယ်ရာ ဤသုံးခုမြောက် ဥပမာသည် ထင်လာ၏။ ဘာရဒွါဇ ငါ့အား ရှေးကမကြားဘူးကုန်သော ဤအံ့ဩဖွယ်ရာ ဥပမာသုံးရပ်တို့သည် ထင်လာကုန်၏။

၄၈၀။ ဘာရဒွါဇ ထိုငါ့အား "ငါသည် သွားတို့ဖြင့် သွားကို ကြိတ်၍ လျှာဖြင့် အာစောက်ကို ထိလျက် စိတ်ဖြင့် စိတ်ကို ဖိနှိပ်ရမှု ဖျစ်ညှစ်ရမှု ပင်ပန်းစေရမှု ကောင်းပေမည်"ဟု ဤအကြံသည် ဖြစ်၏။ဘာရဒွါဇ ထိုငါသည် သွားတို့ဖြင့် သွားကို ကြိတ်၍ လျှာဖြင့် အာစောက်ကို ထိလျက် စိတ်ဖြင့် စိတ်ကို ဖိနှိပ်၏၊ ဖျစ်ညှစ်၏၊ ပင်ပန်းစေ၏၊ ဘာရဒွါဇ ထိုငါသည် သွားတို့ဖြင့် သွားကို ကြိတ်၍ လျှာဖြင့်၊ အာစောက်ကို ထိလျက် စိတ်ဖြင့် စိတ်ကို ဖိနှိပ်ဖျစ်ညှစ်ပင်ပန်းစေသော် လက်ကတီးကြားတို့မှ ချွေးတို့သည် ယိုထွက်ကုန်၏၊ ဘာရဒွါဇ အားရှိသောယောကျ်ားသည် အားနည်းသောယောကျ်ားကို

http://www.dhammadownload.com



ဦးခေါင်း၌ ကိုင်၍ဖြစ်စေ ပခုံး၌ ကိုင်၍ ဖြစ်စေ ဖိနှိပ်ရာ ပျစ်ညှစ်ပင်ပန်းစေရာသကဲ့သို့ ဘာရဒွါဇ ဤအတူပင်လျှင် သွားတို့ဖြင့် သွားကို ကြိတ်၍ လျှာဖြင့် အာစောက်ကို ထိလျက် စိတ်ဖြင့် စိတ်ကို ဖိနှိပ်ဖျစ်ညှစ် ပင်ပန်းစေသော် ငါ၏လက်ကတီးကြားတို့မှ ချွေးတို့သည် ယိုထွက်ကုန်၏။ ဘာရဒွါဇ (ငါသည်)မတွန့်တိုသော လုံ့လကို အားထုတ်ပြီးပြီ၊ ငါ့အား မေ့လျော့ခြင်းမရှိသော သတိသည် ထင်ပြီ၊ အားထုတ်ခြင်း ထိုးကျင့်ထားသော ငါ၏ ကိုယ်သည် ထိုဆင်းရဲကို (ဖြစ်စေတတ်သော) အားထုတ်ခြင်းကြောင့်သာလျှင် ပူလောင်ခြင်း ရှိခဲ့၏၊ မငြိမ်းအေးခဲ့ပေ။

၄၇၁။ ဘာရဒွါဇ ထိုငါ့အား "ငါသည် ထွက်သက် ဝင်သက်မရှိအောင် ရှုဆင်ခြင်မှုကိုသာလျှင် ရှုဆင်ခြင်ရမှု 'ဈာန်ဝင်စားရမှု'ကောင်းပေမည်" ဟု ဤအကြံသည် ဖြစ်၏။ ဘာရဒွါဇ ထိုငါသည် ခံတွင်းမှရှင်း နှာခေါင်းမှရှင်း ထွက်သက်ဝင်သက်တို့ကို ချုပ်တည်း ပိတ်ပင်ထား၏၊ ဘာရဒွါဇ ထိုငါသည် ခံတွင်းမှရှင်း နှာခေါင်းမှရှင်း ထွက်သက်ဝင်သက်တို့ကို ချုပ်တည်းပိတ်ပင်ထားသော် နားတွင်းတို့မှ ထွက်သော လေတို့၏ အသံသည် လွန်ကဲပြင်းထန်စွာဖြစ်၏။ ဘာရဒွါဇ ပန်းပဲသမားတို့၏ ဖားဖို(ဆွဲ)မှုတ်သော် လွန်ကဲပြင်းထန်သော အသံသည် ဖြစ်သကဲ့သို့ ဤအတူပင်လျှင် ခံတွင်းမှရှင်း နှာခေါင်းမှရှင်း ထွက်သက်ဝင်သက်တို့ကို ချုပ်တည်းပိတ်ပင်ထားသော် ငါ၏နားတွင်းတို့မှ ထွက်သော လေ၏အသံသည် လွန်ကဲပြင်းထန်စွာ ဖြစ်၏။ ဘာရဒွါဇ ငါသည် မတွန့်တိုသော လုံ့လကို အားထုတ်ပြီးပြီ၊ ငါ့အား မေ့လျော့ခြင်းမရှိသော သတိသည် ထင်ပြီ၊ ငါသည် အားထုတ်ခြင်း ထိုးကျင့်ထားသော ငါ၏ကိုယ်သည် ထိုဆင်းရဲကို (ဖြစ်စေတတ်သော) အားထုတ်ခြင်းကြောင့် သာလျှင် ပူလောင်ခြင်း ရှိခဲ့၏၊ မငြိမ်းအေးခဲ့ပေ။

ဘာရဒွါဇ ထိုငါ့အား "ငါသည် ထွက်သက်ဝင်သက်မရှိအောင် ရှုဆင်ခြင်မှု 'ဈာန်'ကိုသာလျှင် ရှုဆင်ခြင်ရမှု 'ဈာန်ဝင်စားရမှု' ကောင်းပေမည်" ဟု ဤအကြံသည် ဖြစ်၏။ ဘာရဒွါဇ ထိုငါသည် ခံတွင်းမှရှင်း နှာခေါင်းမှရှင်း နားမှရှင်း ထွက်သက်ဝင်သက်တို့ကို ချုပ်တည်းပိတ်ပင်ထား၏။ ဘာရဒွါဇ ထိုငါသည် ခံတွင်းမှရှင်း နှာခေါင်းမှရှင်း နားမှရှင်း ထွက်သက်ဝင်သက်တို့ကို ချုပ်တည်း ပိတ်ပင်ထားသော် လွန်ကဲပြင်းထန်သော လေတို့သည် ဦးထိပ်၌ တိုးဝှေ့ကုန်၏။ ဘာရဒွါဇ အားရှိသော ယောကျ်ားသည် ထက်သောချွန်းဖြင့် ဦးထိပ်၌ ကြိတ်နှိပ်ရာသကဲ့သို့ ဤအတူပင်လျှင် ခံတွင်းမှရှင်း နှာခေါင်းမှရှင်း နားမှရှင်း ထွက်သက်ဝင်သက်တို့ကို ချုပ်တည်းပိတ်ပင်ထားသော် လွန်ကဲပြင်းထန်သော လေတို့သည် ငါ၏ဦးထိပ်၌ တိုးဝှေ့ကုန်၏။ ဘာရဒွါဇ ငါသည် မတွန့်တိုသောလုံ့လကို အားထုတ်ပြီးပြီ၊ ငါ့အား မေ့လျော့ခြင်းမရှိသော သတိသည် ထင်ပြီ၊ အားထုတ်ခြင်းဖြင့် ထိုးကျင့်ထားသော ငါ၏ကိုယ်သည် ထိုဆင်းရဲကို (ဖြစ်စေတတ်သော)အားထုတ်ခြင်းကြောင့် သာလျှင် ပူလောင်ခြင်း ရှိခဲ့၏၊ မငြိမ်းအေးခဲ့ပေ။

ဘာရဒွါဇ ထိုငါ့အား "ငါသည် ထွက်သက်ဝင်သက်မရှိအောင် ရှုဆင်ခြင်မှု 'ဈာန်'ကိုသာလျှင် ရှုဆင်ခြင်ရမှု 'ဈာန်ဝင်စားရမှု'ကောင်းပေမည်" ဟု ဤအကြံသည် ဖြစ်၏။ ဘာရဒွါဇ ထိုငါသည် ခံတွင်းမှရှင်း နှာခေါင်းမှရှင်း နားမှရှင်း ထွက်သက်ဝင်သက်တို့ကို ချုပ်တည်းပိတ်ပင်ထား၏။ ဘာရဒွါဇ ထိုငါသည် ခံတွင်းမှရှင်း နှာခေါင်းမှရှင်း နားမှရှင်း ထွက်သက်ဝင်သက်တို့ကို ချုပ်တည်းပိတ်ပင်ထားသော် လွန်ကဲပြင်းထန်သော ဦးခေါင်းကိုက်ခဲခြင်းတို့သည် ဖြစ်ကုန်၏။ ဘာရဒွါဇ အားရှိသော ယောကျ်ားသည် ခိုင်ခံ့သော သားရေလွန်ကြိုးဖြင့် ဦးခေါင်းကို ရစ်ပတ်ထားရာသကဲ့သို့ ဤအတူပင်လျှင် ခံတွင်းမှရှင်း နှာခေါင်းမှရှင်း နားမှရှင်း ထွက်သက်ဝင်သက်တို့ကို ချုပ်တည်းပိတ်ပင်ထားသော်

http://www.dhammadownload.com



လွန်ကဲပြင်းထန်သော ငါ၏ဦးခေါင်း ကိုက်ခဲခြင်းတို့သည် ဖြစ်ကုန်၏။ ဘာရဒွါဇ မတွန့်တိုသောလုံ့လကို အားထုတ်ပြီးပြီ၊ ငါ့အား မေ့လျော့ခြင်းမရှိသော သတိသည် ထင်ပြီ၊ အားထုတ်ခြင်းဖြင့် ထိုးကျင့်ထားသော ငါ၏ကိုယ်သည် ထိုဆင်းရဲခြင်းကို (ဖြစ်စေတတ်သော) အားထုတ်ခြင်းကြောင့်သာလျှင် ပူလောင်ခြင်း ရှိခဲ့၏၊ မငြိမ်းအေးခဲ့ပေ။

ဘာရဒွါဇ ထိုငါ့အား "ငါသည် ထွက်သက်ဝင်သက်မရှိအောင် ရှုဆင်ခြင်မှု 'ဈာန်'ကိုသာလျှင် ရှုဆင်ခြင်ရမှု 'ဈာန်ဝင်စားရမှု'ကောင်းပေမည်" ဟု ဤအကြံသည် ဖြစ်၏။ ဘာရဒွါဇ ထိုငါသည် ခံတွင်းမှုရင်း နှာခေါင်းမှုရင်း နားမှုရင်း ထွက်သက်ဝင်သက်တို့ကို ချုပ်တည်းပိတ်ပင်ထား၏။ ဘာရဒွါဇ ထိုငါသည် ခံတွင်းမှုရင်း နှာခေါင်းမှုရင်း နားမှုရင်း ထွက်သက်ဝင်သက်တို့ကို ချုပ်တည်းပိတ်ပင်ထားသော် လွန်ကဲပြင်းထန်သော လေတို့သည် ဝမ်းကို ထိုးဆွရစ်မွှေကုန်၏။ ဘာရဒွါဇ ကျွမ်းကျင်သော နွားသတ်သမားသည်ရင်း နွားသတ်သမား၏ တပည့်သည်ရင်း ထက်သော သားလှီးဓားငယ်ဖြင့် ဝမ်းကို ထိုးဆွရစ်မွှေရာသကဲ့သို့ ဤအတူပင်လျှင် ခံတွင်းမှုရင်း နှာခေါင်းမှုရင်း နားမှုရင်း ထွက်သက်ဝင်သက်တို့ကို ချုပ်တည်းပိတ်ပင်ထားသော် လွန်ကဲပြင်းထန်သော လေတို့သည် ငါ၏ ဝမ်းကို ထိုးဆွရစ်မွှေကုန်၏။ ဘာရဒွါဇ ငါသည် မတွန့်တိုသော လုံ့လကို အားထုတ်ပြီးပြီ၊ ငါ့အားမေ့လျော့ခြင်း မရှိသော သတိသည် ထင်ပြီ၊အားထုတ်ခြင်းဖြင့် ထိုးကျင့်ထားသော ငါ၏ကိုယ်သည် ထိုဆင်းရဲကို (ဖြစ်စေတတ်သော)အားထုတ်ခြင်းကြောင့်သာလျှင် ပူလောင်ခြင်း ရှိခဲ့၏၊ မငြိမ်းအေးခဲ့ပေ။

ဘာရဒွါဇ ထိုငါ့အား "ငါသည် ထွက်သက်ဝင်သက်မရှိအောင် ရှုဆင်ခြင်မှု 'ဈာန်'ကိုသာလျှင် ရှုဆင်ခြင်ရမှု 'ဈာန်ဝင်စားရမှု' ကောင်းပေမည်" ဟု ဤအကြံသည် ဖြစ်၏။ ဘာရဒွါဇ ထိုငါသည် ခံတွင်းမှုရင်း နှာခေါင်းမှုရင်း နားမှုရင်း ထွက်သက်ဝင်သက်တို့ကို ချုပ်တည်းပိတ်ပင်ထား၏၊ ဘာရဒွါဇ ထိုငါသည် ခံတွင်းမှုရင်း နှာခေါင်းမှုရင်း နားမှုရင်း ထွက်သက်ဝင်သက်တို့ကို ချုပ်တည်းပိတ်ပင်ထားသော် လွန်ကဲပြင်းထန်သော ကိုယ်၌ ပူလောင်ခြင်းသည် ဖြစ်၏။ ဘာရဒွါဇ အားရှိသော ယောကျ်ားနှစ်ယောက်တို့သည် အားနည်းသောယောကျ်ားကို အသီးအသီး လက်မောင်းတို့၌ ကိုင်၍ မီးကျီးတွင်း၌ ကင်ကုန်ရာသကဲ့သို့ အပြန်ပြန် ကင်ကုန်ရာသကဲ့သို့ ဤအတူပင်လျှင် ခံတွင်းမှုရင်း နှာခေါင်းမှုရင်း နားမှုရင်း ထွက်သက်ဝင်သက်တို့ကို ချုပ်တည်းပိတ်ပင်ထားသော် လွန်ကဲပြင်းထန်သော ငါ၏ကိုယ်၌ ပူလောင်ခြင်းသည် ဖြစ်၏။ ဘာရဒွါဇ ငါသည် မတွန့်တိုသော လုံ့လကို အားထုတ်ပြီးပြီ၊ ငါ့အား မေ့လျော့ခြင်း မရှိသော သတိသည် ထင်ပြီ၊ အားထုတ်ခြင်းဖြင့် ထိုးကျင့်ထားသော ငါ၏ကိုယ်သည် ထိုဆင်းရဲကို (ဖြစ်စေတတ်သော) အားထုတ်ခြင်းကြောင့်သာလျှင် ပူလောင်ခြင်း ရှိခဲ့၏၊ မငြိမ်းအေးခဲ့ပေ။ ဘာရဒွါဇ စင်စစ် ငါ့ကို နတ်တို့သည် မြင်၍ "ရဟန်းဂေါတမသည် သေပြီ" ဟု ဆိုကုန်၏။အချို့နတ်တို့သည် "ရဟန်းဂေါတမသည် မသေသေး၊ စင်စစ်ကား သေခါနီးနေ၏" ဟု ဆိုကုန်၏။ အချို့နတ်တို့သည် "ရဟန်းဂေါတမသည် မသေသေး၊ သေခါနီးလည်းမဟုတ်၊ ရဟန်းဂေါတမသည် ရဟန္တာဖြစ်၍ နေခြင်းသာဖြစ်၏၊ ရဟန္တာ၏နေခြင်းကား ဤသို့သဘောရှိ၏" ဟု ဆိုကုန်၏။

ဘာရဒွါဇ ထိုငါ့အား "ငါသည် လုံးဝအစာအာဟာရဖြတ်၍ ကျင့်ရမှု ကောင်းပေမည်" ဟု ဤအကြံသည် ဖြစ်၏။ ဘာရဒွါဇ ထိုအခါ ငါ့ထံသို့ နတ်တို့သည် ချဉ်းကပ်၍ "အသျှင် သင်သည် လုံးဝအစာအာဟာရကိုဖြတ်၍ မကျင့်ပါလင့်၊ အသျှင် အကယ်၍ သင်သည် လုံးဝအစာအာဟာရကိုဖြတ်၍ ကျင့်အံ့၊ သင့်အား ငါတို့သည် နတ်သြဇာကို အမွေးတွင်းတို့မှ တဆင့်သွင်းအံ့၊ ထိုနတ်သြဇာဖြင့် သင်သည် မျှတလတ္တံ့" ဟု ဤစကားကို ဆိုကုန်၏။ ဘာရဒွါဇ ထိုငါ့အား "ငါသည်လည်း လုံးဝ

http://www.dhammadownload.com



မစားဟု ဝန်ခံမူ ဤနတ်တို့သည်လည်း ငါ့အား နတ်ဩဇာကို အမွေးတွင်းတို့မှ တဆင့် သွင်းကုန်ငြားအံ့၊ ထိုနတ်ဩဇာဖြင့် လည်း ငါသည် မျှတငြားအံ့၊ ထိုဝန်ခံခြင်းသည် ငါ့အား မုသားသာတည်း" ဟု ဤအကြံသည် ဖြစ်၏။ ဘာရဒွါဇ ထိုငါသည် ထိုနတ်တို့ကို တားမြစ်၍ မသင့်ဟု ပြောဆို၏။

ဘာရဒွါဇ ထိုငါ့အား "ငါသည် တလက်ဖက် တလက်ဖက်မျှသော ပဲနောက်ရည်ကိုဖြစ်စေ ပဲဒိစပ်ရည်ကိုဖြစ်စေ ကုလားပဲရည်ကိုဖြစ်စေ စားတော်ပဲရည်ကိုဖြစ်စေ အနည်းငယ် အနည်းငယ်သော အစာအာဟာရကို မျိုရမူ ကောင်းပေမည်"ဟု ဤအကြံသည် ဖြစ်၏။ ဘာရဒွါဇ ထိုငါသည် တလက်ဖက် တလက်ဖက်မျှသော ပဲနောက်ရည်ကိုဖြစ်စေ ပဲပိစပ်ရည်ကိုဖြစ်စေ ကုလားပဲရည်ကိုဖြစ်စေ စားတော်ပဲရည်ကိုဖြစ်စေ အနည်းငယ် အနည်းငယ်သော အစာအာဟာရကို မျို၏၊ ဘာရဒွါဇ တလက်ဖက် တလက်ဖက်မျှသော ပဲနောက်ရည်ကို ဖြစ်စေ ပဲပိစပ်ရည်ကိုဖြစ်စေ ကုလားပဲရည်ကိုဖြစ်စေ စားတော်ပဲရည်ကိုဖြစ်စေ အနည်းငယ် အနည်းငယ်သော အစာအာဟာရကိုမျိုသော ထိုငါ၏ကိုယ်သည် အလွန်ပိန်ကြုံခြင်းသို့ ရောက်၏၊ ထိုအစာအာဟာရ နည်းပါးမှုကြောင့်ပင် ငါ၏ အင်္ဂါကြီးငယ်တို့သည် ကန်စွန်းနွယ်၏ အဆစ်တို့ကဲ့သို့ရင်း နွယ်ပုပ်နွယ်ငန်း၏ အဆစ်ကဲ့သို့ရင်း ဖြစ်ပေါ်ကုန်၏။ ထိုအစာအာဟာရနည်းပါးမှုကြောင့်ပင် ငါ၏ တင်ပါးဆုံသားသည် ကုလားအုပ်ခြေရာကဲ့သို့ ဖြစ်ပေါ်နေ၏။ ထိုအစာအာဟာရ နည်းပါးမှုကြောင့်ပင် ငါ၏ ကျောက်ကုန်းရိုးသည် ပုတီးကုံးကဲ့သို့ အနိမ့်အမြင့်ဖြစ်ပေါ်နေ၏။ ထိုအစာအာဟာရ နည်းပါးမှုကြောင့်ပင် ငါ၏နံရိုးတို့သည် ဖရိုဖရဲ အထက်တင်အောက်ကျ ပျက်စီး၍ ကျနေသော စရပ်ဆွေး၏ အခြင်တို့ကဲ့သို့ ဖရိုဖရဲ အထက်တင် အောက်ကျ ဖြစ်နေကုန်၏။ ထိုအစာအာဟာရ နည်းပါးမှုကြောင့်ပင် နက်သောရေတွင်း၌ ရေဝန်းသည် နက်ရှိုင်း၍ အောက်သို့ဝင်နေသည်ဟု ထင်ရသကဲ့သို့ ငါ၏မျက်တွင်းတို့၌ မျက်လုံးတို့သည် နက်ရှိုင်း၍ အောက်သို့ ဝင်နေသည်ဟု ထင်ရကုန်၏။ ထိုအစာအာဟာရ နည်းပါးမှုကြောင့်ပင် အနုဆွတ်ထားသော ဗူးခါးသီးသည် လေနေပူဖြင့် တွေ့ထိကာ ရှုံ့တွနေသကဲ့သို့ ငါ၏ ဦးခေါင်းရေသည် ရှုံ့တွနေ၏။

ဘာရဒွါဇ ထိုငါသည်"ဝမ်းရေကို သုံးသပ်အံ့"ဟု သုံးသပ်သော် ကျောက်ကုန်းရိုးကိုသာလျှင် ကိုင်မိ၏၊ "ကျောက်ကုန်းရိုးကို သုံးသပ်အံ့" ဟု သုံးသပ်သော် ဝမ်းရေကိုသာလျှင် ကိုင်မိ၏။ ဘာရဒွါဇ ထိုအစာအာဟာရ နည်းပါးမှုကြောင့်ပင် ငါ၏ဝမ်းရေသည် ကျောက်ကုန်းရိုးသို့ ကပ်သည်အထိ ဖြစ်ပေါ်နေ၏။ ဘာရဒွါဇ ထိုငါသည် ထိုအစာအာဟာရ နည်းပါးမှုကြောင့်ပင် "ကျင်ကြီးကိုရင်း ကျင်ငယ်ကိုရင်း စွန့်အံ့"ဟု သွားသော် ထိုနေရာ၌သာ မှောက်ခုံလဲကျ၏။ ဘာရဒွါဇ ထိုငါသည် ထိုအစာအာဟာရနည်းပါးမှုကြောင့်ပင် ဤကိုယ်ကိုသာလျှင် သက်သာစေလို၍ လက်ဖြင့် ကိုယ်တို့ကို ပွတ်သပ်၏၊ ဘာရဒွါဇ လက်ဖြင့် ကိုယ်တို့ကို ပွတ်သပ်သော် အမြစ်ဆွေးနေကုန်သော အမွေးတို့သည် ငါ၏ကိုယ်မှ ကျွတ်ကျကုန်၏။

ဘာရဒွါဇ စင်စစ် ငါ့ကို လူတို့သည် မြင်၍ "ရဟန်းဂေါတမသည် မည်းသောအဆင်းရှိ၏" ဟု ဆိုကုန်၏၊ အချို့လူတို့သည် "ရဟန်းဂေါတမသည် မည်းသောအဆင်းရှိသည်လည်း မဟုတ် ရဟန်းဂေါတမသည် ရွှေသောအဆင်းရှိ၏" ဟု ဆိုကုန်၏၊ အချို့လူတို့သည် "ရဟန်းဂေါတမသည် မည်းသော အဆင်းရှိသည်မဟုတ်၊ ရွှေသောအဆင်းရှိသည်လည်း မဟုတ်၊ ရဟန်းဂေါတမသည် ကြွက်မြီးပိုး ကျောက်ကုန်း အရေအဆင်းရှိ၏" ဟု ဆိုကုန်၏။ ဘာရဒွါဇ ထိုအစာအာဟာရ နည်းပါးမှုကြောင့်ပင် ထိုမျှလောက် စင်ကြယ်ဖြူဖွေးလျက်ရှိသော ငါ၏အရေအဆင်းသည် အလွန်ပျက်စီးနေ၏။

http://www.dhammadownload.com



၄၇၂။ ဘာရဒွါဇ ထိုငါ့အား "အတိတ်ကာလက အားထုတ်ခြင်းကြောင့် ဖြစ်ကုန်သော ကြီးမား ကြမ်းထမ်း စပ်ရှားကုန်သော ဆင်းရဲခံစားခြင်းတို့ကို ခံစားခဲ့ကုန်သော သမဏဗြာဟ္မဏ အားလုံးတို့သည် ဤခံစားခြင်းလောက်သာလျှင် ဖြစ်၏၊ ဤခံစားခြင်းထက် မပိုလွန်။ အနာဂတ်ကာလ၌လည်း အားထုတ်ခြင်း လုံ့လကြောင့် ဖြစ်ကုန်သော ကြီးမား ကြမ်းထမ်း စပ်ရှားကုန်သော ဆင်းရဲခံစားခြင်းတို့ကို ခံစားလတ္တံ့ကုန်သော သမဏဗြာဟ္မဏအားလုံးတို့သည် ဤခံစားခြင်း လောက်သာလျှင် ဖြစ်လတ္တံ့၊ ဤခံစားခြင်းထက် မပိုလွန်။ ဤယခုပစ္စုပ္ပန်ကာလ၌လည်း အားထုတ်ခြင်းလုံ့လကြောင့်ဖြစ်ကုန်သော ကြီးမား ကြမ်းထမ်း စပ်ရှားကုန်သော ဆင်းရဲခံစားခြင်းတို့ကို ခံစားနေကုန်သော သမဏဗြာဟ္မဏအားလုံးတို့သည် ဤခံစားခြင်းလောက်သာလျှင် ဖြစ်၏၊ ဤခံစားခြင်းထက် မပိုလွန်။ ငါသည် ဤစပ်ရှားသော ပြုနိုင်ခဲသော အမှုကို ပြုကျင့်ခြင်းဖြင့် လူတို့၏ ကုသိုလ်ကမ္မပထတရားထက် လွန်သော အရိယာဖြစ်ရန် စွမ်းနိုင်သော ဉာဏ်အမြင်ထူးကို မရခဲ့။ သစ္စာလေးပါးကို သိရန် အခြားလမ်းစဉ် ရှိသေးသလော" ဟု ဤအကြံသည် ဖြစ်၏။ ဘာရဒွါဇ ထိုငါ့အား "ငါသည် ခမည်းတော်သကျမင်း၏ (လယ်ထွန်မင်္ဂလာ) အမှု၌ အေးသော သပြေပင် အရိပ်ဝယ် ထိုင်လျက် ကာမဂုဏ်တို့မှ ကင်းဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ကင်းဆိတ်၍ သာလျှင် ကြံစည်ခြင်း 'ဝိတက်' သုံးသပ်ဆင်ခြင်ခြင်း 'ဝိစာရ'နှင့် တကွဖြစ်သော (နီဝရဏ) ဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ရှိသော ပဌမစျာန်ကို ပြည့်စုံစေ၍ နေဘူးသည်ကို အမှတ်ရ၏၊ ဤပဌမစျာန်သည် သစ္စာလေးပါးကို သိခြင်းငှါ လမ်းစဉ် ဖြစ်တန်ရာ၏" ဟု ဤအကြံသည် ဖြစ်၏။ ဘာရဒွါဇ ထိုငါ့အား "ဤသည်ပင်လျှင် သစ္စာလေးပါးတို့ကို သိခြင်းငှါ လမ်းစဉ်တည်း" ဟု အောက်မေ့ခြင်းသို့ အစဉ်လိုက်သောစိတ်သည် ဖြစ်၏။ ဘာရဒွါဇ ထိုငါ့အား "ကာမဂုဏ်တို့မှ ကြဉ်၍သာလျှင် အကုသိုလ်တရားတို့မှ ကြဉ်၍သာလျှင် ဖြစ်သော ပဌမစျာန်ချမ်းသာကို ငါသည် ကြောက်လေသလော" ဟု ဤအကြံသည် ဖြစ်၏။ ဘာရဒွါဇ ထိုငါ့အား "ကာမဂုဏ်တို့မှ ကြဉ်၍သာလျှင် အကုသိုလ်တရားတို့မှ ကြဉ်၍သာလျှင်ဖြစ်သော ပဌမစျာန်ချမ်းသာကို ငါမကြောက်" ဟု ဤအကြံသည် ဖြစ်၏။

၄၇၃။ ဘာရဒွါဇ ထိုငါ့အား "ဤသို့ အလွန်ပိန်ကြုံသော အဖြစ်သို့ရောက်သော ကိုယ်ဖြင့် ထို (ပဌမစျာန်) ချမ်းသာကို ရရန် မလွယ်၊ ငါသည် ကြမ်းထမ်းသော ထမင်း မုယောမှုံ့ အစာအာဟာရကို စားရမူ ကောင်းပေမည်" ဟု ဤအကြံသည် ဖြစ်၏။ ဘာရဒွါဇ ထိုငါသည် ကြမ်းထမ်းသော ထမင်း မုယောမှုံ့ အစာအာဟာရကို စား၏။ ဘာရဒွါဇ ထိုအခါ ငါ၏အထံ၌ "ရဟန်းဂေါတမသည် ရသောတရားကို ငါတို့အား ပြောကြားလတ္တံ့" ဟု ပဉ္စဝဂ္ဂီရဟန်းတို့သည် လုပ်ကျွေးကုန်၏။ ဘာရဒွါဇ ကြမ်းထမ်းသောထမင်း မုယောမှုံ့အစာအာဟာရကို ငါစားသောအခါ "ရဟန်းဂေါတမသည် ပစ္စည်းများပြားခြင်းငှါ ကျင့်၏၊ ကမ္မဋ္ဌာန်းအားထုတ်ခြင်းမှ ထွက်လာသူဖြစ်၏၊ ပစ္စည်းများပြားခြင်းငှါ လှည့်လည်၏" ဟု ငြီးငွေ့၍ ထိုပဉ္စဝဂ္ဂီရဟန်းတို့သည် ငါ၏ထံမှ ဖဲခွါကုန်၏။

ဘာရဒွါဇ ငါသည် ကြမ်းထမ်းသော အစာအာဟာရကို စား၍ အားကိုယူကာ ကာမဂုဏ်တို့မှ ဆိတ်၍သာလျှင်။ပ။ ပဌမစျာန်သို့ ရောက်၍နေ၏။ ဝိတက်ဝိစာရတို့ငြိမ်းခြင်းကြောင့် မိမိသန္တာန်၌ စိတ်ကို ကြည်လင်စေတတ်သော စိတ်၏ တည်ကြည်ခြင်း 'သမာဓိ' ကို ပွါးစေတတ်သော ကြံစည် ခြင်း 'ဝိတက်' မရှိသော သုံးသပ်ဆင်ခြင်ခြင်း 'ဝိစာရ' မရှိသော တည်ကြည်ခြင်း 'သမာဓိ' ကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ရှိသော ဒုတိယစျာန်သို့ ရောက်၍နေ၏။ တတိယစျာန်သို့။ စတုတ္ထစျာန်သို့ ရောက်၍နေ၏။

http://www.dhammadownload.com



ထိုငါ၏ တည်ကြည်သော စိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်းကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါ သင့်လျော်လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ထိုငါသည် ရှေး၌ဖြစ်ဘူးသော ခန္ဓာအစဉ်ကို အောက်မေ့နိုင်သော 'ပုဗ္ဗေနိဝါသာနုဿတိ' ဉာဏ်အလို့ငှါ စိတ်ကို ရှေးရှုဆောင်ခဲ့ပြီ၊ ရှေးရှုညွတ်စေခဲ့ပြီ။ ထိုငါသည် များပြားသော ရှေး၌ဖြစ်ဘူးသော ခန္ဓာအစဉ်ကို အောက်မေ့နိုင်၏။ ဤသည်ကား အဘယ်နည်း တဘဝကိုလည်း နှစ်ဘဝတို့ကိုလည်း။ပ။ ဤသို့အခြင်းအရာနှင့်တကွ အဖြစ်သနစ်နှင့်တကွ များပြားသော ရှေး၌ဖြစ်ဘူးသော ခန္ဓာအစဉ်ကို အောက်မေ့၏။ ဘာရဒွါဇ ငါသည် ညဉ့်၏ရှေးဦး'ပဌမ'ယံ၌ ရှေးဦးစွာသော ဤအသိဉာဏ်'ဝိဇ္ဇာ'ကိုရခဲ့ပြီ၊ မသိမှု'အဝိဇ္ဇာ'ပျောက်ခဲ့ပြီ၊ အသိဉာဏ်'ဝိဇ္ဇာ' ဖြစ်ပေါ်ခဲ့ပြီ၊ (အဝိဇ္ဇာ)အမှောင် ပျောက်ခဲ့ပြီ၊ (ဝိဇ္ဇာ)ဉာဏ်အလင်းရောင် ဖြစ်ပေါ်ခဲ့ပြီ၊ မမေ့မလျော့ပဲ ပြင်းစွာအားထုတ်လျက် တည်ကြည်သောစိတ်ရှိသည်ဖြစ်၍ နေသောသူအား အဝိဇ္ဇာမှောင်ကင်း၍ ပညာဉာဏ်အရောင်အလင်း ဖြစ်ပေါ်သကဲ့သို့တည်း။

၄၈၄။ ထိုငါသည် ဤသို့တည်ကြည်သောစိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်းကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါ သင့်လျော်လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် သတ္တဝါတို့၏သေခြင်း'စုတိ'ဖြစ်ခြင်း 'ပဋိသန္ဓေ'ကို သိသော ဉာဏ်အလို့ငှါ စိတ်ကို ရှေးရှုဆောင်ခဲ့ပြီ၊ ရှေးရှုညွတ်စေခဲ့ပြီ။ ထိုငါသည် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိအမြင်ကို လွန်သော နတ်မျက်စိနှင့်တူသော မျက်စိ 'ဒိဗ္ဗစက္ခု'ဖြင့် သေဆဲသတ္တဝါ ဖြစ်ပေါ်ဆဲသတ္တဝါ ယုတ်သောသတ္တဝါ မြတ်သောသတ္တဝါ အဆင်းလှသောသတ္တဝါ အဆင်းမလှသောသတ္တဝါ ကောင်းသောလားရာ 'ဂတိ'ရှိသောသတ္တဝါ မကောင်းသောလားရာ 'ဂတိ'ရှိသောသတ္တဝါတို့ကို မြင်၏၊ ကံအားလျော်စွာဖြစ်သော သတ္တဝါတို့ကို သိ၏။ပ။ဘာရဒွါဇ ငါသည် ညဉ့်၏အလယ်ဖြစ်သော သန်ကောင်ယံ၌ နှစ်ခုမြောက် အသိဉာဏ်'ဝိဇ္ဇာ' ကို ရခဲ့ပြီ၊ မသိမှု 'အဝိဇ္ဇာ'ပျောက်ခဲ့ပြီ၊ အသိဉာဏ်'ဝိဇ္ဇာ'ဖြစ်ပေါ်ခဲ့ပြီ၊ (အဝိဇ္ဇာ)အမှောင်ပျောက်ခဲ့ပြီ။ (ဝိဇ္ဇာ)ဉာဏ်အလင်းရောင် ဖြစ်ပေါ်ခဲ့ပြီ။ မမေ့မလျော့ပဲ ပြင်းစွာအားထုတ်လျက် တည်ကြည်သောစိတ်ရှိသည်ဖြစ်၍ နေသောသူအား အဝိဇ္ဇာမှောင်ကင်း၍ ပညာဉာဏ်အရောင်အလင်း ဖြစ်ပေါ်သကဲ့သို့တည်း။

ထိုငါသည် ဤသို့တည်ကြည်သောစိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်းကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါ သင့်လျော်လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် အာသဝေါတရားတို့ကို ကုန်ခန်းစေတတ်သော 'အာသဝက္ခယ' ဉာဏ်အလို့ငှါ စိတ်ကို ရှေးရှုဆောင်ခဲ့ပြီ၊ ရှေးရှုညွတ်စေခဲ့ပြီ။ ထိုငါသည် "ဤကား ဆင်းရဲ"ဟု ဟုတ်တိုင်းမှန်စွာ သိ၏။ "ဤကား ဆင်းရဲဖြစ်ပေါ်ခြင်း၏ အကြောင်း"ဟု ဟုတ်တိုင်းမှန်စွာ သိ၏၊ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)"ဟု ဟုတ်တိုင်းမှန်စွာ သိ၏၊ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်"ဟု ဟုတ်တိုင်းမှန်စွာ သိ၏။ "ဤသည်တို့ကား အာသဝေါတရားတို့"ဟု ဟုတ်တိုင်းမှန်စွာ သိ၏၊ "ဤကား အာသဝေါတရားတို့၏ ဖြစ်ပေါ်ခြင်း၏ အကြောင်း"ဟု ဟုတ်တိုင်းမှန်စွာ သိ၏၊ "ဤကား အာသဝေါတရားတို့၏ ချုပ်ရာ (နိဗ္ဗာန်)"ဟု ဟုတ်တိုင်းမှန်စွာ သိ၏၊ "ဤကား အာသဝေါတရားတို့၏ ချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်"ဟု ဟုတ်တိုင်းမှန်စွာ သိ၏။ ဤသို့ သိသော ဤသို့ မြင်သော ထိုငါ၏ စိတ်သည် ကာမာသဝမှလည်း လွတ်မြောက်ခဲ့ပြီ၊ ဘဝါသဝမှလည်း လွတ်မြောက်ခဲ့ပြီ၊ အဝိဇ္ဇာသဝမှလည်း လွတ်

http://www.dhammadownload.com



မြောက်ခဲ့ပြီ၊ လွတ်မြောက်ပြီးလတ်သော် "လွတ်မြောက်လေပြီ" ဟု အသိဉာဏ်ဖြစ်ပေါ်ခဲ့ပြီ၊ "ပဋိသန္ဓေနေမှုကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊ (မဂ်)ကိစ္စအလို့ငှါ ပြုပြီးပြီ၊ ဤ(မဂ်)ကိစ္စအလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီ"ဟု သိ၏။

ဘာရဒွါဇ ငါသည် ညဉ့်၏နောက်ဆုံးဖြစ်သော မိုးသောက်ယံ၌ ဤသုံးခုမြောက်အသိဉာဏ် 'ဝိဇ္ဇာ'ကို ရခဲ့ပြီ၊ မသိမှု 'အဝိဇ္ဇာ' ပျောက်ခဲ့ပြီ၊ အသိဉာဏ် 'ဝိဇ္ဇာ'ဖြစ်ပေါ်ခဲ့ပြီ၊ (အဝိဇ္ဇာ) အမှောင် ပျောက်ခဲ့ပြီ၊ (ဝိဇ္ဇာ) ဉာဏ်အလင်းရောင် ဖြစ်ပေါ်ခဲ့ပြီ၊ မမေ့မလျော့ပဲ ပြင်းစွာအားထုတ်လျက် တည်ကြည်သော စိတ်ရှိသည်ဖြစ်၍ နေသောသူအား အဝိဇ္ဇာမှောင်ကင်း၍ ပညာဉာဏ်အရောင် အလင်း ဖြစ်ပေါ်သကဲ့သို့တည်း။

၄၇၅။ ဤသို့ မိန့်တော်မူသော် သင်္ဂါရဝလုလင်သည် မြတ်စွာဘုရားကို ဤစကားကို လျှောက်၏— "အသျှင်ဂေါတမအား မည်သူအားမျှ မတည်နိုင်သော ကျင့်ဝတ်ဖြစ်သော အားထုတ်မှုမျိုး ဖြစ်ပေ၏၊ အသျှင်ဂေါတမအား သူတော်ကောင်းတို့၏ ကျင့်ဝတ်ဖြစ်သော အားထုတ်မှုသည် ဖြစ်၏၊ ပုဗ္ဗေဘ်အထူးကို ခံတော်မမူထိုက်သော(အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားအား ဖြစ်မြဲမမှတာပေတည်း။ "အသျှင်ဂေါတမ နတ်တို့သည် ရှိပါကုန်၏လော"ဟု (လျှောက်၏)။ ဘာရဒွါဇ လွန်ကဲမြင့်မြတ်သော နတ်တို့ကို အကြောင်းအားလျော်စွာ သိရ၏ဟု (မိန့်တော်မူ၏)။ "အသျှင်ဂေါတမ နတ်တို့သည် ရှိပါကုန်၏လော"ဟု မေးပါလျက် "ဘာရဒွါဇ လွန်ကဲမြင့်မြတ်သော နတ်တို့ကို အကြောင်းအားလျော်စွာ သိရ၏" ဟု ဆိုဘိ၏။ အသျှင်ဂေါတမ ဤသို့ဖြစ်သော် အချည်းနှီး ချွတ်ယွင်းသောစကားဖြစ်သည် မဟုတ်ပါလော ဟု (လျှောက်၏)။ ဘာရဒွါဇ နတ်တို့သည် ရှိပါကုန်၏လောဟု မေးသော် နတ်တို့သည် ရှိကုန်၏ဟုပင် ဆိုစေကာမူ အကြောင်းအားလျော်စွာ သိရ၏ဟုပင် ဆိုစေကာမူ သိကြားလိမ္မာသောယောကျ်ားသည် နတ်ရှိ၏ ဟု ကေန်အားဖြင့် ဆုံးဖြတ်ခြင်းသို့ရောက်ခြင်းငှါ တတ်ကောင်း၏။ အသျှင်ဂေါတမသည် အဘယ့်ကြောင့် အစကပင် မဖြေကြားဘိသနည်း ဟု (လျှောက်၏)။ ဘာရဒွါဇ လောက၌ အသံကျယ်ကျယ်ဖြင့်သာ မှတ်သားပေ၏ ဟု (မိန့်တော်မူ၏)။

၄၇၆။ ဤသို့မိန့်တော်မူသော် သင်္ဂါရဝလုလင်သည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏— "အသျှင်ဘုရား (တရားတော်သည်)အလွန်နှစ်သက်ဖွယ် ရှိပါပေ၏၊ အသျှင်ဘုရား(တရားတော်သည်)အလွန်နှစ်သက်ဖွယ် ရှိပါပေ၏၊ အသျှင်ဘုရား ဥပမာသော်ကား မှောက်ထားသည်ကို လှန်ဘိသကဲ့သို့ရင်း ဖုံးလွှမ်းထားသည်ကို ဖွင့်လှစ်ဘိသကဲ့သို့ရင်း မျက်စိလည်သောသူအား လမ်းမှန်ကို ပြောကြားဘိသကဲ့သို့ရင်း 'မျက်စိအမြင်ရှိသောသူတို့သည် အဆင်းတို့ကို မြင်ကြလိမ့်မည်'ဟု အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ပြဘိသကဲ့သို့ရင်း၊ အသျှင်ဘုရား ဤအတူသာလျှင် မြတ်စွာဘုရားသည် များစွာသောအကြောင်းဖြင့် တရားတော်ကို ပြတော်မူပါပေ၏။ အသျှင်ဘုရား အကျွန်ုပ်သည် မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သံဃာတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ မြတ်စွာဘုရားသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်သော ဥပါသကာဟူ၍ မှတ်တော်မူပါ"ဟု (လျှောက်၏)။

ဆယ်ခုမြောက် သင်္ဂါရဝသုတ် ပြီး၏။

ငါးခုမြောက် ဗြာဟ္မဏဝဂ် ပြီး၏။

## မဇ္ဈိမပဏ္ဏာသပါဠိတော် မြန်မာပြန် ပြီးပြီ။

http://www.dhammadownload.com

http://www.dhammadownload.com

## မဇ္ဈိမပဏ္ဏာသပါဠိတော် မြန်မာပြန်

# မှတ်သားဖွယ် အကြွေးချစင်


| အကြွေးချစင် | စာမျက်နှာ |
|---|---|
| [ အ ] | |
| အံ့ဩဖွယ်ဥပမာသုံးရပ် | ၂၉၀ |
| အကိရိယဝါဒရှိသောယောကျ်ား | ၇၄ |
| အကျင့်ကိုလိုက်၍ | ၃၆၅ |
| အကြောင်းကိုစွဲ၍အကျိုးဖြစ် | ၄၁၈ |
| အကြောင်းကိုမျှလည်း မသိနိုင် | ၁၀၉ |
| အကြောင်းလေးပါးဖြင့် အပြစ်ကင်းတော်မူသော | ၅၃ |
| အချင်းခပ်သိမ်း ဘဝတို့၏ချုပ်ငြိမ်းခြင်း | ၈၀ |
| အင်္ဂတိုင်း အာပဏနိဂုံး | ၂၅ |
| အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသောအသံ | ၃၄၄ |
| အင်္ဂုတ္တရာပတိုင်း | ၁၁၉၊၃၅၁ |
| အင်္ဂုလိမာလမည်သောခိုးသူ | ၃၀၇ |
| အစိရဝတီမြစ်ကမ်းပါး | ၃၂၀ |
| အစဉ်အတိုင်းသောတရားစကား | ၃၄၉ |
| အစဉ်သနားခြင်းသဘောရှိမှု | ၄၂၆ |
| အဆုံးစွန်သောယောကျ်ား | ၂၇၇ |
| အငှက်မွှိုသား ဒသမသူကြွယ် | ၁၄ |
| အတုမဲ့သောမြတ်သောအကျင့် | ၁၇၄ |
| အနှစ်ရှိသောသစ်ပင်ကြီး | ၁၀၅ |
| အနှောင်အဖွဲ့သံယောဇဉ် | ၂၉ |
| အပြစ်မရှိသောချမ်းသာကို ခံစားရ၏ | ၁၀ |
| အဘယမင်းသား | ၆၀ |
| အဘိညာဉ်၏အဆုံး | ၂၁၆ |
| အဘိဘာယတနရှစ်ပါး | ၂၁၇ |
| အမ္ဗလဋ္ဌိကကျောင်း | ၈၄ |
| အမှိုက်ပုံ၍နေကြောင်းဖြစ်သော ငါးပါးသောတရား | ၂၁၀ |
| အမျိုးကောင်းသောမင်းစီးဆင် | ၈၅ |
| [ အ ] | |
| အယူအားလုံးကို မနှစ်သက် | ၁၇၅ |
| အယူတပါးရှိကုန်သောပရိဗိုဇ် | ၁၈၈ |
| အရိယာပုဂ္ဂိုလ်တို့၏ပညာမျက်စိ | ၁၀၄ |
| အရိယာတို့၏ဆင်းရဲအမှန်တရား | ၂၁၄ |
| အရိယာတို့နှစ်သက်အပ်သောသီလ | ၂၅၃ |
| အရှက်မရှိသောရဟန်း | ၈၄ |
| အရိုးကိုအရေဖုံးသောရုပ်ပုံ | ၂၆၂ |
| အဝန္တိမင်း၏မြေး မဓုရာမင်း | ၂၇၉ |
| အဝိဇ္ဇာတည်းဟူသောဥခွံ | ၂၂ |
| အသက်နှင်း၍ကိုးကွယ်၏ | ၃၈၄ |
| အသက်သည်တခြား ကိုယ်ကောင်သည် တခြား | ၁၆၁ |
| အသားကို မသုံးဆောင်ကောင်း | ၃၇ |
| အဿဇိပုနဗ္ဗသုကရဟန်း | ၁၄၈ |
| အဿလာယနလုလင် | ၃၅၉ |
| အသျှင်ဥဒေန | ၃၆၉ |
| အသျှင်ကစ္စည်းမထေရ် | ၂၇၉ |
| အသျှင်ဘဒ္ဒါလိ | ၁၀၈ |
| အသျှင်ရာဟုလာ | ၉၀ |
| [ အာ ] | |
| အာဇာနည်မြင်းငယ်ပမာ | ၁၁၇ |
| အာဇာနည်မြင်းတထောင်ကသော ရထား | ၂၇၅ |
| အာနာပါနဿတိဘာဝနာ | ၉၁ |
| အာပတ်မှလွတ်မြောက်ကြောင်းအကျင့် | ၁၁၅ |
| အာသဝေါကုန်ခြင်းသို့ရောက်၏ | ၁၅ |
| အာသဝေါတရားတို့၏ကုန်ခြင်း | ၁၆၇ |
| အာဟာရနည်းပါးမှုရှိသောအကျင့် | ၂၁၁ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ဣ ]** | |
| ဣစ္ဆာနင်္ဂလတောအုပ် | ၄၁၁ |
| ဣဒ္ဓိပါဒ်လေးပါး | ၂၁၅ |
| ဣန္ဒြေတို့ကိုအညီအမျှထားကြကုန်သည် ရှိသော် | ၁၅၂ |
| ဣန္ဒြေရင့်ကျက်သူ | ၂၉၉ |
| **[ ဤ ]** | |
| ဤအမျိုးလေးပါး | ၂၈၃ |
| ဤခုနစ်ပါးသောအစု | ၁၉၇ |
| ဤဆယ်ပါးသောတရားတို့နှင့် ပြည့်စုံသောယောကျ်ား | ၂၃၂ |
| ဤတဆယ့်ရှစ်ပါးသောတရား | ၁၄၇ |
| ဤတရားရှစ်ပါးကိုအကျယ်ချဲ့ | ၂၇ |
| ဤတရားသည် ငြီးငွေ့ခြင်းငှါမဖြစ် | ၂၈၉ |
| **[ ဤ ]** | |
| ဤပုဂ္ဂိုလ်လေးမျိုး | ၈၁ |
| ဤပုဂ္ဂိုလ်လေးမျိုးတို့သည် ထင်ရှား ရှိကုန်၏ | ၃ |
| ဤလေးပါးသော လုပ်ကျွေးခြင်း | ၃၉၄ |
| **[ ဥ ]** | |
| ဥစ္စံကိုဖောက်ခွဲ၍ | ၂၃ |
| ဥဂ္ဂါဟမာနပရိဗိုဇ် | ၂၂၆ |
| ဥဏ္ဏလုံမွေးရှင် | ၃၄၂ |
| ဥတ္တရလုလင် | ၃၃၉ |
| ဥဒကရသေ့သည် ဆုံးရှုံးခြင်းကြီး ဆုံးရှုံးခဲ့ပြီ | ၃၀၀ |
| ဥဒါန်းကျူးရင့်လေ၏ | ၃၄၅ |
| ဥဒေါင်းတို့အား အစာကျွေးရာ | ၂၀၆ |
| ဥပကာတက္ကတွန်း | ၃၀၁ |
| ဥပဓိသည် ဒုက္ခ၏အကြောင်း | ၁၂၆ |
| ဥပမာတနည်း | ၃၃ |
| ဥပ္ပလကြာတော | ၂၂၀ |
| **[ ဥ ]** | |
| ဥပါလိသူကြွယ် | ၄၂ |
| ဥပေက္ခာနှင့်ယှဉ်သောစိတ် | ၁၆ |
| ဥဘတောဘာဂဝိမုတ္တပုဂ္ဂိုလ် | ၁၅၃ |
| **[ ဦး ]** | |
| ဦးခေါင်းကို ရစ်ပတ်ထားရာသကဲ့သို့ | ၄၃၈ |
| **[ ဧ ]** | |
| ဧကန်အကျိုးရှိသော အကျင့်တရား | ၆၉ |
| ဧကာရိပုဏ္ဏား | ၃၉၃ |
| **[ ဩ ]** | |
| ဩကာသလောကအလုံးစုံ | ၅၁ |
| ဩဃလေးပါးကို ကူးမြောက်ပြီးသူ | ၄၁၆ |
| ဩပမညအနွယ် | ၄၂၃ |
| ဩပါသာဒမည်သောပုဏ္ဏားရွာ | ၃၈၀ |
| အိုးစရည်းကြီးဖြစ်ပါလျက် | ၂၄၂ |
| အောက်တန်း၌ ဖြစ်စေတတ်သည့် သံယောဇဉ် | ၁၀၃ |
| **[ က ]** | |
| ကမ္မဋ္ဌာန်းအားထုတ်သူတို့၏အကြောင်း အင်္ဂါ | ၃၀၄ |
| ကမ္မာသဓမ္မအမည်ရှိသောနိဂုံး | ၁၇၉ |
| ကာပဋိကလုလင် | ၃၈၅ |
| ကာမဂုဏ်တို့သည် မီးကျီးတွင်းနှင့် တူကုန်၏ | ၃၃ |
| ကာမဂ္ဂသုခ(နိဗ္ဗာနသုခ) | ၂၄၅ |
| ကာမဂုဏ်တို့၏အပြစ် | ၃၂ |
| ကာမအပူကို မပယ်ဖျောက်မူ၍ | ၁၈၆ |
| ကာယဒဏ် ဝစီဒဏ် မနောဒဏ် | ၄၁ |
| ကိကီမည်သောကာသိမင်း | ၂၅၁ |
| ကိရိယာဝါဒရှိသောယောကျ်ား | ၇၆ |
| ကိလေသာဆာလောင်မှုပ်သိပ်မှုမရှိ | ၈ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| **[ က ]** | |
| ကိလေသာကိုစွန့်ရာနိဗ္ဗာန် | ၉၆ |
| ကိရွာဂိရိနိဂုံး | ၁၄၇ |
| ကုစားတတ်သောဆေးဆရာ | ၁၈၉ |
| ကုသိုလ်အကုသိုလ် | ၁၆၆ |
| ကေဏိယရသေ့ | ၃၅၁ |
| ကံတို့သည် ဤလေးမျိုးတို့တည်း | ၅၇ |
| ကံသာလျှင်အမွေဥစ္စာ | ၅၈ |
| ကျင့်ဆဲသေက္ခပုဂ္ဂိုလ်တို့၏ဉာဏ် | ၁၇၁ |
| ကျင့်သုံးမှုလေးမျိုး | ၁၉၃ |
| ကျွတ်တမ်းဝင်သူသုံးယောက် | ၂၀၅ |
| ကျွမ်းကျင်သော မြင်းဆရာ | ၁၁၈ |
| ကြေးမုံမှန်သည် ကြည့်ရှုရခြင်းအကျိုးရှိ၏ | ၈၅ |
| ကြမ်းထမ်းသောအစာအာဟာရကိုစား၍ | ၂၉၆ |
| ကောင်းကင်နှင့် တူစွာ ဘာဝနာကို ပွါးလော့ | ၉၅ |
| ကောင်းကင်လျှင် အမိုးရှိသည် | ၂၅၅ |
| ကောင်းစွာသွန်သင်ထားပေ၏ | ၁ |
| ကောင်းသောအလေ့အကျင့် | ၂၃၁ |
| ကိုယ်ပိုင်ဥစ္စာဟူ၍မရှိ | ၂၆၇ |
| **[ ခ ]** | |
| ခရိုးနှစ်မျိုးဖြင့်သာ ဆောင်ယူလော့ | ၂၇၅ |
| ခွေးကျင့်ကျင့်သောသေနိယ | ၅၅ |
| ခွဲခြားဝေဖန်၍ ဟောကြားလေ့ရှိ၏ | ၄၁၉ |
| ချီးကျူးအပ် ချီးကျူးထိုက်သူ | ၄၃၀ |
| ချစ်ခြင်းကြောင့်ဖြစ်ကုန်၏ | ၃၁၄ |
| ချမ်းသာစွာကြီးပြင်းလာရသူ | ၂၅၇ |
| ချမ်းသာသောလောကသည်ရှိ၏ | ၂၃၉ |
| ချိုမြိန်သောအသီး | ၃၅ |
| ချုပ်ခြင်းငှါမဖြစ် | ၂၈၉ |
| ခြိုးခြံသောအကျင့် | ၄၂၇ |
| ခြေတော်တို့ကို ခံတွင်းဖြင့်စုပ်၏ | ၃၂၆ |
| ခိုင်မြဲပြီဟူသောစကား | ၄၃၄ |
| **[ ဂ ]** | |
| ဂင်္ဂါမြစ်၏တောင်ဘက်ကမ်း | ၁၉၅ |
| ဂင်္ဂါမြစ်သည် ရေပြည့်၏ | ၁၀၆ |
| ဂေါလိယာနိမည်သော တောကျောင်း | ၁၄၂ |
| **[ ဃ ]** | |
| ဃဋိကာရ အိုးထိန်းသည် | ၂၄၈ |
| ဃောဋမုခပုဏ္ဏား | ၃၆၈ |
| ဃောသိတာရုံကျောင်း | ၁၉၁ |
| **[ င ]** | |
| ငါသည် ရပ်တည်သူ | ၃၀၈ |
| ငါးပါးသောအကြောင်း | ၃၉ |
| ငါးပါးသောအရာဌာန | ၂၀၄ |
| ငါးမာရ်းဘေး | ၁၃၅ |
| ငှါးရမ်းထားသောဥစ္စာ | ၃၄ |
| ငယ်ရွယ်သော အလှပြင်လေ့ရှိသော မိန်းမပျို | ၂၂၃ |
| ငြိမ်းအေးခြင်းငှါမဖြစ် | ၂၈၉ |
| ငြိမ်းအေးသွားသောမီး | ၁၆၄ |
| **[ စ ]** | |
| စကားခြောက်ခွန်း | ၆၂ |
| စကြဝတေးမင်းကြီးဖြစ်ရန် ထိုက်ပါ၏ | ၃၅၅ |
| စဥ္စလိကပဗ္ဗတ | ၄၃၁ |
| စာတုမဟာရာဇ်နတ်တွင်းတော | ၁၂၉ |
| ဝုတ္တပပါတဉာဏ်အလို့ငှါ | ၁၂ |
| စေတသိကဒုက္ခမရှိသောပြဟ္မာ | ၃၃၆ |
| စေတောဝိမုတ္တိ | ၁၀၇ |
| စည်းစိမ်ကင်းသော သူဆင်းရဲယောကျ်ား | ၁၂၃ |
| စိတ်ကျင့်တရားမျိုး | ၃၂၁ |
| စိတ်ညှို့၍လှည့်ပတ်ခြင်း | ၄၃ |
| စောင့်စည်းခြင်းလေးမျိုး | ၄၅ |
| **[ ဆ ]** | |
| ဆဲရေးခြင်းဖြင့် အဆဲခံရသောသူ | ၂၀၈ |
| ဆံပင်ကို ဆွဲကိုင်သင့်သည်ဟု | ၂၄၉ |

http://www.dhammadownload.com



အက္ခရာစဉ် — စာမျက်နှာ


[ ဆ ]

ဆံမွှေးပေါက်ရောက်ခြင်း ၂၇၁
ဆင်ခြင်၍ ပြောဆိုသောစကား ၄၂၄
ဆင်ခြင်၍ မှီဝဲ၏ ၁၃၇
ဆင်းရဲကုန်ဆုံးခြင်းကို ပြုလတ္တံ့ ၁၉၉
ဆန်းကြယ်သောပန်းကုံး ၅၅
ဆယ်ပါးသောတရား ၁၁၉
ဆောက်လုပ်ပြီးစ မင်းကွန်းသစ် ၁၈
ဆိတ်ငြိမ်ရာအရပ်သို့ ကပ်ရောက်သော အကျင့် ၂၁၃

[ ဇ ]

ဇနပဒကလျာဏီ ၂၃၆
ဇီဝက၏ သရက်ဥယျာဉ် ၃၇
ဇီဝိတိန္ဒြေသော်လည်း ဖောက်ပြန်ခြင်း ၃၁၈
ဇောတိပါလမည်သောလုလင် ၂၄၈
ဇာတ်အထူး ခြောက်မျိုး ၇၇
ဇာတ်ကြောင့် ဗြာဟ္မဏမဖြစ်နိုင် ၄၁၇

[ ဈ ]

ဈေးမှ မျောက်ရှပ်ငယ် ၅၂
ဈာန်စိတ်ဖြင့် ပြီးကုန်သောနတ်ဗြဟ္မာ ၇၉
ဈာန်လေးပါးတရားတို့ကို အလိုရှိတိုင်း ရသူ ၂၂

[ ည ]

ညဥ့်စာ စားခြင်းကို ကြဉ်ရှောင်၍ ၁၄၈

[ တ ]

တထပ်တည်းသော အစာကို စား၏ ၁၀၈
တမလွန်လောကသည် ရှိ၏ ၇၁
တယောက်သော အာဇီဝက ၁၅၉
တရားရှစ်ပါးသောခံစားမှု ၆၅
တရားလေးပါးနှင့်ပြည့်စုံသော ယောကျ်ား ၂၂၇
တရားနှင့်စပ်သည်ကိုသာ ဆိုလေ့ရှိ၏ ၉

[ တ ]

တရားနှင့်လျော်သော စောင့်ရှောက် ခြင်း ၂၀၄
တရား၌ အရိုအသေပြုမှု ၃၃၀
တကြိမ်စိတ်ဆိုးကာမျှ ၄၆
တက္ကီပုဂ္ဂိုလ်တို့၏ ကျက်စားရာမဟုတ် ၂၉၇
တောကျောင်းနေ ရဟန်း ၁၄၃
တံတားဖြစ်ရာသလော ၁၁၀
တပ်မက်မှုကင်းခြင်းငှါ မဖြစ် ၂၀၉
တောက်နေသောမီး ၁၆၄
(တောင်းပန်၍) ရကောင်းအံ့လော ၄၀၃
တိတ်တိတ်ဆိတ်ဆိတ်နေသော ရဟန်း အပေါင်း ၃

[ ထ ]

ထမင်းခုနစ်နပ်တို့ကိုလည်း မစား ၂၅၈
ထုလ္လကောဋ္ဌိကရွာသား ၂၅၅
ထူထူထဲထဲ လိမ်းကျံထားသော ဆိတ်လူးမြား ၉၉
ထူထပ်သော တောအုပ် ၃၄
ထူးသောဉာဏ်ဖြင့် သိခြင်းငှါ မဖြစ် ၂၀၉
ထင်ရှားကျော်စောသောသူ ၄၇
ထွက်သက်ဝင်သက်မရှိအောင် ဆင်ခြင်မှု ၂၉၃

[ ဒ ]

ဒက္ခိဏာဂိရိဇနပုဒ် ၄၀၀
ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ် ၁၅၃
ဒီဃကာရာယနစစ်သူကြီး ၃၂၄
ဒီဃတပဿီနိဂဏ္ဌ ၄၀
ဒီဃနခပရိဗိုဇ် ၁၅၅
ဒုက္ခတွင်း၌ နစ်မြုပ်နေရ၏ ၁၃၆
ဒေဝဒတ်သည် ရေသို့ကျမည့်သူ ၆၀

[ ဓ ]

ဓမ္မဓာတ်(သဗ္ဗညုတဉာဏ်) ၆၄
ဓမ္မာနုသာရီပုဂ္ဂိုလ် ၁၅၃

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ န ] | |
| နင္ဂလာပါနရွာပေါက်တော | ၁၃၅ |
| နာဠနမ္မို ပါဝါရိကသူဌေး | ၄၀ |
| နာဠိဇဃပုဏ္ဏား | ၃၁၅ |
| နိရောဓသမာပတ်ကို ဝင်စားနေနိုင်၏ | ၆၈ |
| နိဗ္ဗာန်ရောက်ကြောင်း စရဏ | ၂၄ |
| နိဗ္ဗာန်သို့ စေလွှတ်သောစိတ် | ၃၁၁ |
| နိဗ္ဗာန်သို့ ညွတ်၏ | ၁၇၁ |
| နိဗ္ဗာန်ဟူသည် ဤသည်ပင် | ၁၉၀ |
| နူနာမှကင်းပြီးသော ယောကျ်ား | ၁၈၄ |
| နေမိမင်းသည် တရားစောင့်၏ | ၂၇၄ |
| နေလွဲအခါ၌ စားကြကုန်၏ | ၁၄၉ |
| နွားကျင့် ကျင့်သောပုဏ္ဏ | ၅၆ |
| နွားငယ်ဥပမာ | ၁၃၂ |
| နွားမြေရင်းတော | ၂၇၈ |
| နက်နဲသောအာရုံ | ၄၁၅ |
| နတ်ဩဇာကို အမွှေးတွင်းတို့မှ တဆင့် | ၂၉၄ |
| နတ်ကာမဂုဏ်ငါးပါး | ၁၈၃ |
| နတ်တို့ကို အကြောင်းအားလျော်စွာ သိရ၏ | ၄၄၃ |
| နာမ်သမာပတ်ဖြစ်သော | ၁၄၆ |
| နှစ်ဖက်အစွန်းရှိသောပြဿနာ | ၆၂ |
| နှစ်သက်လောက်သော ဆရာသမား | ၆၉ |
| နောက်ကျကင်းသော ရေအိုင် | ၂၂၆ |
| နိုင်ငံခြားသားပုဏ္ဏား | ၃၅၈ |
| [ ပ ] | |
| ပရိယာယ်အားဖြင့် ဟောကြားထား၏ | ၆၅ |
| ပရိသတ်ကို ကောင်းစွာ ဆုံးမထားနိုင်လေစွ | ၃၂၈ |
| ပရိသတ်တို့သည် ဤနှစ်ပါးတို့တည်း | ၃၇၀ |
| ပဉ္စင်္ဂလက်သမားကြီး | ၆၄၊၂၂၆ |
| ပဉ္စဝဂ္ဂီရဟန်း | ၃၀၂ |
| ပညာတည်းဟူသောနားနှင့်ပြည့်စုံသူ | ၂၉၉ |
| ပညာရှိတို့သာ သိအပ်၏ | ၃၈၉ |
| ပညာ၏ အားနည်းခြင်းကို ပြုတတ်ကုန်သော | ၁၁ |
| ပညာဝိမုတ္တိ | ၁၀၇ |
| ပညာဝိမုတ္တပုဂ္ဂိုလ် | ၁၅၃ |
| ပုဏ္ဏားတို့ ပညတ်ထားသော ငါးပါးသောတရား | ၄၂၁ |
| ပုဏ္ဏားမျိုးရသော့ခုနစ်ယောက် | ၃၆၆ |
| ပဏ္ဍုပုဋကသလေးခဲဖွယ် | ၂၅၁ |
| ပုဆိုးခါးတောင်းကြိုက်ကိုဆွဲ၍ | ၂၄၉ |
| ပုဆိုးတို့ကို ရှုပ်သိမ်းလော့ | ၂၈၇ |
| ပေးလှူခြင်းသည် မရှိ | ၁၉၄ |
| ပေးလှူခြင်းသည် အကျိုးမရှိ | ၇၀ |
| ပေါတလိယသူကြွယ် | ၂၅ |
| ပက်လက်အိပ်အရှယ် | ၁၀၃ |
| ပျားရည်ကို ပေးဝေနေသည့်ယောကျ်ား | ၂၀၉ |
| ပျက်စီးခြင်းတို့သည် ဤလေးပါးတို့တည်း | ၂၆၃ |
| ပြင်းထန်သောဝေဒနာ | ၄၀၈ |
| ပြုံးတော်မူခြင်း၏အကြောင်း | ၂၄၇ |
| [ ဖ ] | |
| ဖွဲချည်အပ်သော တံခါးနှစ်ခုရှိသောအိမ် | ၂၂၅ |
| ဖန်ရည်ဆိုးသောအဝတ်တို့ကို ဝတ်ရုံ၍ | ၂၅၆ |
| ဖုံးကွယ်နေသော အင်္ဂါဇာတ် | ၃၄၇ |
| ဖိုလ်ကိုမျက်မှောက်ပြုခြင်း | ၃၉၀ |
| ဖြောင့်ဖြောင့်ဆန့်ကျင်ဖက်ဝါဒရှိသော | ၇၂ |
| [ ဗ ] | |
| ဗလိနတ်စာကျွေးရာ အင်ကြင်းတော | ၃၈၁ |
| ဗာဟိဘိကတိုင်းဖြစ် အဝတ်အထည် | ၃၂၃ |
| ဗောဓိမင်းသား၏အဆွမ်း | ၂၈၆ |
| ဗြဟ္မဝိဟာရတရားလေးပါး | ၂၇၂ |
| ဗြဟ္မာ၏အမွေခံ | ၂၉၉ |
| ဗြဟ္မာတို့၏ အပေါင်းအဖော်အဖြစ် | ၄၂၈ |
| ဗြဟ္မာ့ပြည်သို့ ညွတ်သောစိတ် | ၄၁၀ |
| ဗြဟ္မာယုပုဏ္ဏား | ၃၃၈ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ဘ ]** | |
| ဘီလုံးငှက်ငယ် | ၁၂၁ |
| ဘုရားအလောင်းမျှသာဖြစ်နေစဉ် | ၄၃၂ |
| ဘုရားဘုရားဟူသောအသံ | ၃၅၃ |
| **[ မ ]** | |
| မကုန်ခန်းသေးသော အာသဝေါ | ၁၄ |
| မကောင်းသော အလေ့အကျင့် | ၂၂၉ |
| မဃဒေဝမင်း၏ သရက်ဥယျာဉ် | ၂၇၀ |
| မထရားသော အကျင့် | ၄၀၁ |
| မမြတ်သော ကျင့်သုံးမှု | ၁၈၇ |
| မဟာနာမ်သာကီဝင်မင်းသား | ၂၀ |
| မာဂဏ္ဍိယပရိဗိုဇ် | ၁၇၉ |
| မာလုကျပုတ္တမထေရ် | ၉၇ |
| မိမိ၏ ဆရာ့ဝါဒ | ၂၂၅ |
| မီးနှင့်တူစွာ ဘာဝနာကို ပွါးလော့ | ၉၄ |
| မိကျောင်းသော | ၁၃၃ |
| မန္တာဏီ၏သားဖြစ်သော အသျှင် | ၃၁၀ |
| မလ္လိကာမိဖုရား | ၃၁၅ |
| မဂ်ပိုလ်အချင်းချင်း | ၃၃၅ |
| မဂ်ပိုလ်မှဖီလာဖြစ်သောစကား | ၁၈၂ |
| မည်းနက်သော ဒေဝလရသေ့ | ၃၆၆ |
| မှည့်ရင့်သော အိုင်းအမာ | ၁၈၅ |
| မျက်ကွင်းဆေး လိမ်းကျံထားသော မျက်စိ | ၂၆၃ |
| မျက်စိတလုံးသာ ရှိရာ၏ | ၁၁၆ |
| မျက်လုံးထုတ်သမားယောကျ်ား | ၅၀ |
| မြေကြီးနှင့်တူစွာ ဘာဝနာကို ပွါးလော့ | ၉၄ |
| မြေပြင်အလုံးကို စိုးအုပ်ရသူ | ၂၆၉ |
| မြတ်သော အကျင့်လေးမျိုး | ၂၀၀ |
| မြတ်သောကိုယ်ဖြင့် နေထိုင်ရသူ | ၃၇၉ |
| မြတ်သော ဉာဏ်အမြင်အထူး | ၁၁၁ |
| မြတ်သော ရုပ်ချုံစသည်တို့၏တည်ရာ | ၁၁၃ |
| မုတ်ဦးသို့ ဖြည်းညှင်းစွာဝင်၍ | ၃၂၅ |
| မျိုးသစ်ငယ်ဥပမာ | ၁၃၂ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ယ ]** | |
| ယောပြည် ကမ္ဗောဇပြည် | ၃၆၀ |
| ယင်ပူဇော်ရာအိမ်သစ် | ၇ |
| ယဉ်ကျေးပြီးသော ဆင်နှစ်ကောင် | ၃၃၄ |
| ယောကျ်ားမြတ်လက္ခဏာ | ၃၃၉ |
| ယုံမှားခြင်းကို လွန်မြောက်ပြီးသည်ဖြစ်၍ | ၁၆၉ |
| ယုတ်ညံ့သော ဗြဟ္မာ့ပြည်လောက | ၄၁၁ |
| ယုတ်သော အားရှိသော ဆင်ပြောင် | ၄၃ |
| **[ ရ ]** | |
| ရဟန်းအစစ် ဖြစ်ကြကုန်ပြီ | ၃၂၉ |
| ရဟန်းအဖြစ်သည်သာ မြတ်လှပေ၏ | ၂၇၀ |
| ရဟန်းဂေါတမသည် ဝိဇ္ဇာသုံးပါးရှိ၏ | ၁၅၈ |
| ရဟန်း တရားစောင့်သော ရဟန်း | ၃၇၁ |
| ရဟန်းပြု၍ မကြာသေး | ၁၃၁ |
| ရသမျှဆွမ်းဖြင့် ရောင့်ရဲသောအကျင့် | ၂၁၂ |
| ရာဂအစရှိသောအဆိပ် | ၅၃ |
| ရာဂ ဒေါသ မောဟတို့၏ ခေါင်းပါးခြင်း | ၁၃၉ |
| ရုပ်ချုံကြောင့်ဖြစ်သော ပူလောင်ခြင်း | ၁၈၁ |
| ရေနှင့်တူစွာ ဘာဝနာကို ပွါးလော့ | ၉၄ |
| ရေနွေးကိုသာ သုံးဆောင်လေ့ရှိ၏ | ၄၄ |
| ရေပြည့်အိုးကြီးကို တည်ထားခြင်း | ၁၉ |
| ရဋ္ဌပါလအမျိုးကောင်းသား | ၂၅၆ |
| ရဋ္ဌပါဏိမည်သော ပန်းဆိုးသမား | ၅၂ |
| ရှေးကဖြစ်ဘူးသည်မှာ | ၁၂၀ |
| ရှေးဦးစွာ မပန်ကြားပဲ | ၃၄၆ |
| ရှစ်ပါးသော ဤတရား | ၂၆ |
| ရှစ်ပါးသော ဝိမောက္ခ | ၂၁၇ |
| ရှစ်သောင်းလေးထောင်သောမင်း | ၂၇၃ |
| ရှုပ်ကိုသာလျှင် ရှုရပါမည်လော | ၉၁ |
| **[ လ ]** | |
| လခွဲမျှ လွန်လတ်သော် | ၂၆၀ |
| လူအပေါင်းသည် အလိုမပြည့် | ၂၆၉ |
| လူအများအံ့ဩစေခြင်းငှါ | ၁၃၈ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ လ ]** | |
| လှမယ်ဖြစ်သောကလေး | ၁၀၃ |
| လူ့အသုံးအနှုန်းဖြစ်ပုံ | ၂၆ |
| လူ့ကာမဂုဏ်ငါးပါး | ၁၈၃ |
| လေနှင့်တူစွာ ဘာဝနာကို ပွါးလော့ | ၉၄ |
| လေးခုမြောက် မမြတ်သောအကျင့် | ၁၉၉ |
| လေးပါးသော ကိုယ်ပိုင်ဉစ္စာ | ၃၉၆ |
| လေးပါးသော မဟာဘုတ် | ၁၇၇ |
| လေးလတို့ပတ်လုံး ပရိဝါသ်နေရ၏ | ၁၉၄ |
| လောကသည် အဆုံးရှိ၏ | ၁၆၀ |
| လောကသည် မြဲ၏ | ၉၇ |
| လကျာဒူးကို မြေ၌ထောက်လျက် | ၂၉၈ |
| လွန်ကဲသော ဉာဏ်အမြင် | ၂၁၃ |
| လွန်စွာ မာန်မူခြင်း | ၃၁ |
| လျှာဖြင့် အာစောက်ကို ထိလျက် | ၂၉၂ |
| လောင်စာကို အစွဲပြု၍ | ၄၂၅ |
| လွတ်သောစိတ်ရှိသောရဟန်း | ၁၆၃ |
| လှိုင်းတံပိုးဘေး | ၁၃၃ |
| **[ ဝ ]** | |
| ဝါဒကွဲပြားခြင်း စကားများခြင်း | ၁၇၇ |
| ဝါဒစစ်ထိုး၍ မရနိုင်သူ | ၂၂၉ |
| ဝါသဘခတ္တိယာမင်းသမီး | ၃၁၇ |
| ဝါသေဋ္ဌလုလင် | ၄၁၂ |
| ဝိဋ္ဋူဘစစ်သူကြီး | ၃၃၂ |
| ဝိပဿနာဉာဏ်ဖြင့် ရှု၍ | ၉၁ |
| ဝေခနသပရိဗိုဇ် | ၂၄၃ |
| ဝေဂဠိဂံမည်သောရွာ | ၂၄၇ |
| ဝေဠုရိယကျောက်မျက်ရွဲရတနာ | ၂၃၇ |
| ဝဲဘေးဟူသည် | ၁၃၄ |
| ဝစ္ဆအနွယ်ဖြစ်သော ပရိဗိုဇ် | ၁၅၇ |
| ဝမ်းတွင်းကဏ်းဖြစ်သော ယောကျ်ား | ၁၈၇ |
| ဝမ်းရေလျှင် ခြေရှိကုန်သော | ၃၁၃ |
| **[ သ ]** | |
| သက္ကုလုဒါယီပရိဗိုဇ် | ၂၀၆၊ ၂၃၃ |
| သတိတည်းဟူသောအကြောင်း | ၁၇၂ |
| သတိ၏ စင်ကြယ်ခြင်းရှိသော စတုတ္ထဈာန် | ၃၇၇ |
| သနင်္ကုမာရဗြဟ္မာ | ၂၅ |
| သပိတ်ကို မြှောက်တော်မမူ | ၃၄၄ |
| သာလာရွာသား ပုဏ္ဏားသူကြွယ် | ၆၈ |
| သာလွန်မွန်မြတ်သော အခြားတရား | ၂၄၀ |
| သာလွန်၍ နှစ်သက်ဖွယ် | ၆၆ |
| သာဝိတ္တိသည် ဆန်းကျမ်း၏ အဦးအစ | ၃၅၇ |
| သိရိဝဍ္ဎအမတ်ကြီး | ၃၁၉ |
| သိထိလဟနုကမည်သော ငှက်တောင် | ၁၀၀ |
| သိက္ခာစဉ် လုပ်ငန်းစဉ် ကျင့်စဉ် | ၁၅၅ |
| သူကရခတလိုဏ် | ၁၇၅ |
| သူကြွယ် သို့မဟုတ် သူကြွယ်၏သား | ၁၂၄ |
| သူကန်းအစဉ် | ၃၈၇ |
| သေလပုဏ္ဏား | ၃၅၄ |
| သားသမင်စိတ်ထားဖြင့် နေကြကုန်၏ | ၃၂၇ |
| သေက္ခတို့၏ အကျင့်ကို ထင်ရှား စေလော့ | ၁၉ |
| သုဘလုလင် | ၄၁၈ |
| သုသုမာရဂိရမြို့ | ၂၈၆ |
| သူတော်ကောင်းတရား ခုနစ်ပါး | ၂၁ |
| သေမင်းတမန် | ၂၇၂ |
| သောမာမည်သော နှစ်မတော် | ၃၃၁ |
| သစ္စာကို အစဉ်စောင့်ရှောက်ခြင်း | ၃၉၂ |
| သစ္စာလေးပါးကိုပြသော ဗျာကရဏ်း | ၁၅၆ |
| သင်္ကန်း၌ ရောင့်ရဲသောအကျင့် | ၂၁၁ |
| သင်သည် မရပ်တည်သူ | ၃၀၈ |
| သင်္ဂါရဝလုလင် | ၄၃၁ |
| သဒ္ဓါနုသာရီပုဂ္ဂိုလ် | ၁၅၃ |
| သဒ္ဓါဝိမုတ္တပုဂ္ဂိုလ် | ၁၅၃ |
| သဒ္ဓါ သီလ သုတ စာဂ ပညာ | ၁၄၁ |
| သံဃာ့ဘောင်၌ နေသော | ၁၄၃ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| [ သ ] | |
| သံဃာနှစ်သက်သောအမှု | ၁၁၄ |
| သံဃောဇဉ်ငါးပါးတို့ကုန်ခြင်းကြောင့် | ၁၇ |
| သဒ္ဓိကာ ပုတ္တလုလင် | ၃၀၆ |
| သန်လျက်ကို အအိမ်မှ ထုတ်ရာ၏ | ၂၂၁ |
| သန္ဓကာပရိုဗိုဇ် | ၁၉၁ |
| သွားတို့ဖြင့် သွားကို ကြိတ်၍ | ၂၉၂ |
| သွေးစွန်းသော လက်ရှိသော သူသတ်ယောကျ်ား | ၃၁၃ |
| [ သ ] | |
| သုတ်အဘိဓမ္မာဝိနည်းကို အစွဲပြု၍ | ၃၉၈ |
| ဘိုးလေပြီးသော မုယောမှုံ | ၂၆၁ |
| [ ဟ ] | |
| ဟာလိဒ္ဒဝသနမည်သောနိဂုံး | ၅၅ |
| ဟင်းရွက်စိမ်းကိုသော်လည်း စား၏ | ၃၇၂ |
| ဟန်မဆောင် မလှည့်ပတ် ဖြောင့်မတ်သော | ၂၄၆ |

http://www.dhammadownload.com

ဃ-မ-သာ-စ - ၁၀၃/၂၃. ၃. ၉၈ (၃၀၀၀၀) လင်ယို့

http://www.dhammadownload.com